အမရပူရမြို့မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ-မိုးထုတ်ဆရာတော်

ရန်ကုန်မြို့ ဦးသံဒိုင်နေအိမ်၌

ဟောကြားဆုံးမတော်မူသော

သစ္စာ လေးပါး တရားတော်

အမှတ်စဉ် (၂)



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

ဆမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊



အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန် ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်း၊ အလျှော်၊ ဗြဟ္မာ-သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်အပ်ဆင်။ အကြောင်းရင်းကြောင့်၊ လူနတ်များ၊ ငှာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှု၍မြင်။

(သင်္ကေတဆောင်ပုဒ်) မူလနှစ်ပြ၊ သင်္ဂဟနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝဋ်၊ ကာလသုံးပြ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ရန်ကုန်မြို့-ဦးသံဒိုင် နေအိမ်၌

၂ဟောကြား-ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

သစ္စာလေးပါး-တရားတော်

အမှတ်စဉ် (၂)

မိုးကုတ် ဆရာတော်ဘုရား၏

ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား – ထုတ်ဝေဖြန့်ချိသူ

ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင်အမှတ် (၀၁၂၅)
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၁၁၄)

ယောဂီပုံနှိပ်တိုက်၊ ဦးတင်- မှတ်ပုံတင် အမှတ် (၀၆၃၇) က
အမှတ် ၂၄၅-လွစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

စတုတ္ထနှိပ်ခြင်း အုပ်ရေ ၅၀၀၀
(၂၀ · ၁ - ၆၆)

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

စာရေးသူသည် ဆရာတော်ဘုရားအား ဤသို့လျှောက်ထားဘူးပါသည်။ ဆရာတော်ဘုရား ရန်ကုန်မြို့တွင် လူမျိုးကလည်း စုံပါသည်။ ဝါဒတွေလည်း မှိုပေါက်သလို အမျိုးမျိုးအဖုံဖုံ ပေါ်ပေါက်နေပါသည်။ နောင်လည်း ပေါ်ပေါက်ဆဲ ပေါ်ပေါက်လတံ့တွေလည်း ရှိပါသေးသည်။လူ့လောကတွင်မျှ မက ရဟန်းလောက၌ပင် ဓမ္မမဟုတ်တာကို ဓမ္မပြုလုပ်၍ ဝါဒတွေ အမျိုးမျိုးအဖုံဖုံ ပေါ်ပေါက်နေကြပါသည်။ သို့ပါ၍ သာသနာတော်ကြီး မှေးမှိန်ညစ်နွမ်းမည့် အကြောင်း။ သာသနာတော်၌ ကြည်ညိုလေးစားကြသော တကာတကာမများစိတ်၌ လွန်စွာပင် ကြောင့်ကြစိုးရိမ်လျက်ရှိပါသည်။သို့ဖြစ်ပါ၍ ရန်ကုန်မြို့သို့ တခါတခေါက် ကြွရောက်တော်မူပြီးလျှင် အတိမ်းအစောင်း အချွတ်အချော်များ ရှိနေသည်ကို ပြုပြင်တည့်မတ် ထိန်းသိမ်းပေးပါရန် နှစ်ကြိမ်သုံးကြိမ်မက တောင်းပန် လျှောက်ထားခဲ့ဘူးပါသည်။

ပျံလွန်တော်မမူမီ သုံးလလောက်က နောက်ဆုံးကြွလာခြင်း ဖြစ်သော ကြွလာခြင်းဖြင့် ၁၉၆၂-ခု၊ ဇူလိုင်လ ၆-ရက်နေ့၊ နေ့လယ် ၁၂-နာရီ၊ ၄၅-မိနစ် အချိန်၌ ရန်ကုန်မြို့သို့ ကြွရောက်တော်မူရာ ဆင်းဒွစ်လမ်း အမှတ် ၃၃-နေအိမ်၌ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါသည်။

မူလအစီအစဉ်အရ တက္ကသိုလ် ဓမ္မာရုံ၌ ဓမ္မသဘင်ကို ဆင်ယင် ကျင်းပရန် စီစဉ်သော်လည်း အကြောင်းမညီညွတ်ပါသဖြင့် စာရေးသူ နေအိမ်၌ပင် တရားပွဲ ကျင်းပရပါသည်။

ဆရာတော်ဘုရားသည် ခရီး ပန်းတော်မူခြင်းကိုပင် ပမာဏမထားတော်မူဘဲ ရောက်ပြီး နောက်တနေ့ကပင်၍ နံနက် ၇-ရီနာမှ

၈-နာရီတကြိမ်၊ ညဥ့် ၇-နာရီမှ ၈-နာရီ တကြိမ် တနေ့ နှစ်ကြိမ် ခန္ဓာ ဉာဏ်ရောက် တရားများကို ဟောကြားတော် မူပါသည်။ ဟောကြားတော်မူသည့် တရားများမှာလည်း စာတတ်ပုဂ္ဂိုလ်၊ စာချပုဂ္ဂိုလ်ကျော် ဖြစ်သော်လည်း စာကိုကြည့်၍ ဟောခြင်း မဟုတ်ဘဲ ခန္ဓာကိုကြည့်၍ ဟောတော်မူသည့်အတွက် များသော အားဖြင့် ကြားနာရသည့် ပရိသတ်များမှာ နားလည်လွယ်၍ သဘော ပေါက်လွယ်ကြသည်သာ များပါသည်။

ဆရာတော်ဘုရားသည် ဒါနကိုလည်း အားပေးတော်မူ၍ သီလကိုလည်း အားပေးတော်မူပါသည်။ သမထကိုလည်း ထို နည်းအတိုင်းပင် အားပေးတော်မူခဲ့ပါသည်။ သို့ရာတွင် ဒါန ထက် သီလ၊ သီလထက် ဘာဝနာ စသည်ဖြင့် တဆင့်ထက်တဆင့် တက်၍ အားကိုးအားထား ပြုနိုင်ပုံကို ရှေးဦးစွာသဘောပေါက် နားလည်ထားကြစေလိုသည့် ဆန္ဒ ရှိတော်မူသည့်အတိုင်း တရား ဟောရင်း မကြာခဏ နားကြီးကြီးနှင့် နာကြပါဟု သတိပေး တော်မူလေ့ရှိပါသည်။

ဖေါ်ပြခဲ့သည့် အတိုင်း ရန်ကုန်မြို့၌ ဟောတော်မူခဲ့သော တရားတော်များမှာ ပရိသတ် ၃-မျိုးရှိသည်တွင် ပျမ်းမျှလျက် ဟောတော်မူသော တရားတော်များ ဖြစ်၍ လက်ဦးစ ပြီးဟော ရသည့် အနေနှင့် ဆိုပါလျှင် အချို့ အချို့သော ပုဂ္ဂိုလ်များ အတွက် တဆင့် နှစ်ဆင့် စသဖြင့် မြင့်ချင် မြင့်နေပေလိမ့်မည်။ သို့ရာတွင် ဝါဆိုချိန်က ကပ်နေသဲဖြင့် ရက်ကို လုပြီး ဟောတော် မူရသည့်ပြင် တရားသားများလည်း စုံလင်စွာ ပါရှိအောင် ဟော တော်မူရခြင်း ဖြစ်၍ ဗုဒ္ဓဘာသာ၏ မူလအခြေခံ တရားများကို (၄)မသိရှိနားလည်ပြီး အခံကလေးပါရှိလျှင် ပို၍တရား၏တန်ဘိုး

တရားသရသာကို တင်းပြည့် ကျပ်ပြည့် ခံစားနိုင်ပါမည်။ အခြေခံတရားများ ဆိုသည်မှာလည်း ရုပ်နာမ် ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သစ္စာ ဤမျှသာ ဖြစ်ပါသည်၊ ဤမျှလောက်ကို ဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ထားထိုက်ပါသည်။ သို့မှသာလျှင်ကလျာဏပုထုဇန် အနွယ်ဝင်သူတော်စင် အခေါ်ခံထိုက်ပါသည်။ သိရှိ နားလည်ပြီးဖြစ်ပါက အလွန် ကျေးဇူးများပါသည်။ မသိ နားမလည်သေးက သိနားလည်အောင် ကြိုးစားတော်မူကြရန် တိုက်တွန်းအပ်ပါသည်။ သို့ရာတွင် မသိ နားမလည်သေးဘူးဆိုပြီး စိတ်မပျက်ကြစေလိုပါ၊ ဘတ်ရှုယင်း သိရှိနားလည်လာပါလိမ့်မည်။

ဆရာတော်ဟောသည့်တရားများမှာ သစ္စာလေးပါးကို အဓိကထား၍ ဟောကြားတော်မူရာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဉာဏ်သုံးဉာဏ်နှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ်အထိ ဆိုက်နိုင်ကြောင်း အပိုမပါ၊လိုရင်းတရားသားတွေသာ ပဋိစ္စသမုပ္ပါဒ်နှင့် ဟပ်၍ ပရိသတ်သုံးပါး နားလည်နိုင်လောက်သော ဥပမာ-ဥပမေယျ၊ မြန်မာစကားအသုံးအနှုန်းများနှင့်သာ အကွက်လည်အောင် ဟောကြားတော်မူခဲ့ပါသည်။

မြန်မာလူမျိုးများမှာ (ကံ)ကို အတော်ပင် အားကိုးကြပါသည်။ ဤသို့ အားကိုးလွန်းအားကြီးသဖြင့် "ငါလုပ်-ငါနေ-ငါပြု ငါခံ"စသဖြင့် သက္ကာယဒိဋ္ဌိစွဲများပြီး ကမ္မဝါဒီဘက်သို့ ယိမ်းယိုင်ကြသည်က များကြပါသည်၊ လူကြ၊ တန်းကြ၊ ပေးကြ၊ ကမ်းကြလျှင်လည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ဘုံဘဝကို လိုလားတောင့်တပြီး ပြုလုပ်ကြတာက များပါသည်၊ သို့အတွက် ဆရာတော်က ကမ္မဿကတာ သမ္မာဒိဋ္ဌိယောက်တော့ အားမကိုးထိုက်

သေးကြောင်း၊အလှူဒါန ပြုလုပ်သည့်အခါ မည်သို့စိတ်ထား၍ လှူရ·ဒါန်းရမည်ကိုလည်း သင်ကြား ပြသတော်မူခဲ့ပါသည်။

ထို့ပြင် အများအားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် နိဗ္ဗာန်ကို ရမ်းပြီးဆုတောင်းနေကြတာတွေ များသည့်အကြောင်း၊ နိဗ္ဗာန်ဆိုတာ ဆုတောင်းနှင့် မရနိုင်၊အားထုတ်မှ ရမည်ဖြစ်ကြောင်း၊ သစ္စာသိမှ နိဗ္ဗာန်ကို သဘောကျမည် ဖြစ်ကြောင်း၊သစ္စာမသိလျှင် နိဗ္ဗာန်ကို မသိနိုင်ကြောင်း၊ နိဗ္ဗာန်ကို သဘောပေါက်နားလည်လာအောင်အလွယ်ဆုံးနည်းဖြင့် အကြိမ်ကြိမ် ရှင်းရှင်းကြီး လူပြိန်းနားလည်မှုကို ရှေးရှု၍ ဟောကြားတော်မူပါသည်၊ ဤသို့ ဟောကြားသော်မူသည်ဆိုရာ၌ ဟောလည်းဟောတော်မူရသည်၊ ၎င်းအထဲတွင် ဆုံးမမှုလည်းပါသည်။ ရှင်းလင်းမှုလည်းပါသည်၊ သံဝေဂဉာဏ်ရမှုလည်း ပါသည်။ အလုပ်·လုပ်ချင်သည့် စိတ်တွေ တဖွားဖွားပေါ်ပေါက်အောင်တိုက်တွန်းအားပေးမှုလည်းပါသည်။ စကားလုံးတိုင်း- စကားလုံးတိုင်း အပုဒ်တိုင်း· အပုဒ်တိုင်း၊ ကဏ္ဍတိုင်း ကဏ္ဍတိုင်း တရားအရသာသိသော ပုဂ္ဂိုလ်များအတွက် တန်ဘိုးမဖြတ်နိုင်အောင် အဘိုးတန်သည်ဟု ဆိုရပါမည်။

ဥပမာပြုရသော် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဟောကြားတော်မူရာ၌ အလွတ်ကျက်၍ ရသည့်စာကို ရွတ်ပြသည့် သဘောဖြင့် ပြောဟောခြင်းမဟုတ်ဘဲ မိမိသန္တာန်မှာ ထိုပဋိစ္စသမုပ္ပါဒ်တရားတွေ တခုပြီး တခု ဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်ပြီးပျက်နေတာကို ခန္ဓာအရှိကို ဉာဏ်အသိဖြင့်ကိုက်ပေးခြင်းဖြစ်၍ ထင်လွယ်မြင်လွယ်သည်။ အကြောင်းကြောင့် အကျိုး ဖြစ်တယ်၊ အကြောင်းချုပ်တော့ အကျိုးချုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်၍

ခန္ဓာမှာဉာဏ်ပေါ်လွယ်သည်။ ထိုထက် တဆင့်တက်ပြီး ဝေဒနာကြောင့်တဏှာ,ဥပါဒါန်,ကမ္မဘဝဖြစ်ပုံ၊ကမ္မဘဝဖြစ်လျှင် ဇာတိရပုံ၊ ဇာတိရလျှင် ဇရာ မရဏ အစဉ်ဘန်း၍ ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ဖဿကြောင့် ဝေဒနာဖြစ်ပုံ၊ ၎င်းဝေဒနာကိုပင်လျှင် ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ရှုတော့ တဏှာ မကူးဘဲ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ၊ ဤသို့ ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံကို စက်ဝိုင်းနှင့်ချ၍ပြသ ဟောကြားတော်မူသည့်ပြင် တရား နောက်ပိုင်းများ၌ ဝိပဿနာအလုပ် သွင်းပေးတော်မူသည်။ ၎င်းအလုပ်တရားတွင်လည်း ထင်လွယ်, မြင်လွယ်ဆုံး ဖြစ်သော စိတ္တာနုပဿနာကို အဓိကထား၍ အောက်ပါအတိုင်းဟောကြားပြသတော်မူသည်။

အရှင်သာရိပုတ္တရာက ဟောကြားတော်မူသည်မှာ၊ သူတပါးစိတ်အကဲခတ်ရတာဟာမှားသော်ရှိမှန်သော်ရှိ ကိုယ့်စိတ်ကိုယ် အကဲခတ်ရတာအမှန်ဆုံးတဲ့၊ဒါ့ကြောင့်ကိုယ့်စိတ်ကိုယ်အကဲခတ်၊ အကဲခတ်ရမှာကလဲ အရိယာမဟုတ်ကြ၍ ပုထုဇန်မို့ ပုထုဇန်သန္တာန်မှာ ပုထုဇန်စိတ်ဘဲပေါ်မယ်၊ ပေါ်ချင်ရာပေါ် ရှေ့စိတ်ပေါ်ရာကို နောက်ဉာဏ်နှင့်ရှု၊ အဲဒီလိုရှုယင်း ရှေ့စိတ်က ပျက်ပျက်သွားတာတွေ့မယ်၊ ပျက်သွားတာက အနိစ္စ၊ နောက်ကိုမရှိမှန်းသိလိုက်တဲ့ဉာဏ်က မဂ္ဂ၊ ဤကဲ့သို့ ရှေ့စိတ်ကဖြစ်ပျက်, နောက်သိတဲ့ဉာဏ်က "မဂ်" ဖြစ်ပျက်နဲ့ မဂ် ကိုက်သွားအောင် ရှုပေးပါ၊ ဒီလိုချည်း ဆက်ရှုသွားလျှင် စိတ်ကိုမတွေ့တော့ဘဲ စိတ်၏မရှိမှုတွေဘဲ တွေ့ပါလိမ့်မည်၊ စမ်းသပ် အလုပ်လုပ်ကြည့်ပါက အထင်အမြင်အလွယ်ဆုံး အသိလွယ်ဆုံးဟု သူများပြောမဟုတ် ကိုယ်တိုင်သိဖြစ်ကြောင်း ဝန်ခံရပါလိမ့်မည်၊ ထို့ကြောင့် အတွင်းစာသားများကို ဆက်လက်ကြည့်ရှုတော်မူကြပါက သိကောင်းစရာ မှတ်

ကောင်းစရာတွေ တစတစ တွေ့ရှိ အသိဉာဏ်တွေ တိုးတက်မှုတွေ ထင်ရှားပြီး လာပါလိမ့်မည်။

သို့ပါ၍ သံသရာဘေးမှ လွတ်မြောက်ရေးကို ရှေးရှုကြသော ဓမ္မမိတ်ဆွေအပေါင်းတို့သည် ဤတရားစာအုပ်ကို နှစ်ခါ သုံးခါ ကြိုးစား၍ ဘတ်ရှုတော်မူကြစေလိုပါသည်။ ဝိပဿနာ လုပ်ကွက်တွေ အများကြီး ပါရှိပါသည်။

တောင်းပန်ချက်။ ။ဤစာအုပ်ကို မဘတ်ခင် ရှေးအဘို့၌ မိမိတို့ကိုယ်ကို မိမိတို့ လောကုတ္တရာ အဆင့်အတန်းအားဖြင့် မည်သည့်အခြေအနေ အဆင့်အတန်းသောက် ရှိပြီဆိုတာ သုံးသပ်ထားကြရန် လိုအပ်ပါသည်။ သို့မှသာ ဤဝိပဿနာတရားစာအုပ်ကို မဘတ်ခင်ကနှင့် ဘတ်ပြီးအခြေအနေကို နှိုင်းချိန်၍ မိမိသန္တာန်၌ မည်မျှ အသိဉာဏ် ရှင်းလင်း တိုးတက်နေသည်၊ တရား၌ မည်မျှ သက်ဝင်နေပြီဟု သိသာနိုင်ပေမည်။

ဤကဲ့သို့ မှာကြားရခြင်းမှာ ဤတရားစာအုပ်ကို နှစ်ခေါက် သုံးခေါက်ဆိုသလို စူးစူးစိုက်စိုက်ဉာဏ်ဖြင့်သက်ဝင်၍ ဘတ်ကြားပြီးလျှင် ခန္ဓာပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ဖြတ်ပုံကို နားလည်ပြီး နှလုံးသွင်း မှန်သွားလျှင် မိမိတို့သန္တာန်မှာရှိသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါး မုချအသိ(ဉာတပရိညာ)နှင့်တော့ ပြုတ်မှာသေချာပါသည်။ အပွား(အလုပ်နှင့်) ပြုတ်ရန်မှာ မိမိဘာသာ အလုပ်ဖြင့် လုပ်ယူမှပင် ရနိုင်ပါမည်။ ဤကဲ့သို့ အသိနှင့် ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်ပါက ဤသာသနာတော်၌ထောက်ရတည်ရာတော့ ရလေပြီ။ ထိုနောက် ဆက်အားထုတ်ပါကအပါယ်လေးပါးမှမုချလွတ်ပေတော့မည်ဟု အောက်မေ့ပြီးသကာလ မလျော့သော လုံ့လဖြင့် မနေမနားအားသစ် ကြိုးစားတော်မူကြပါဟု တိုက်တွန်းအပ်ပါကြောင်း။

မှာကြားချက်။ ။ဤစာအုပ်ကို ဘတ်ရှုရသည့်အခါ၌ စက်ဝိုင်းကိုလက်လွှတ်၍ မဖြစ်ပါ။ စက်ဝိုင်းကို ရှေ့မှာထား၍ ဘတ်တော်မူကြပါ၊ သို့မှ ထင်လွယ်-မြင်လွယ် သဘောပေါက် သက်ဝင်လွယ်ပါမည်။

ဦးသံဒိုင်- ဥက္ကဋ္ဌ
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

မာတိကာ

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၁။	သစ္စာလေးပါး	တရားတော်		၁
၂။	ပဋိစ္စသမုပ္ပါဒ်ဖြတ်ရေး	။		၄၄
၃။	ဉာဏ်စဉ်သုံးပါး	။	(၁)	၈၈
၄။	။	။	(၂)	၁၃၁
၅။	ပဋိစ္စသမုပ္ပါဒ်	။		၂၂၃
၆။	နိဗ္ဗာန်အကြောင်း	။		၂၂၃
၇။	လောင်စာသိမ်းရှိမီးငြိမ်းရာနိဗ္ဗာန်	။		၂၆၁
၈။	ဒုက္ခထွက်မြောက် နိဗ္ဗာန်ရောက်	။		၃၂၁
၉။	သစ္စာလေးပါး အလုပ်ပေး	။		၃၄၀
၁၀။	သစ္စာသိဘို့ အရေးအကြီးဆုံး	။		၃၆၉
၁၁။	အရှင်ကောဏ္ဍည သစ္စာသိပြီး.... သောတာပန်တည်ပုံ	။		၄၄၂
၁၁။	သစ္စာလေးပါး	။		၄၈၁
၁၃။	သစ္စာနှင့် ကံလေးပါး	။		၅၂၉
၁၄။	သစ္စာနှင့် ကံလေးပါးအဆက်	။		၅၆၉
၁၅။	ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး	။		၆၀၉

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

} အပြင်ညှော်သည် ၅ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောကြံစည်စိတ်

} အတွင်းညှော်သည် ၆ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ငါး (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ညှော်သည်၊အတွင်းညှော်သည်
ပေါ်ရာကို ရှုပါ၊
ညှော်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ၊

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

၆-၇-၆၂ ရက်နေ့ညဉ့်ကျေးဇူးရှင်အမရပူရမြို့မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

သစ္စာလေးပါး တရားတော်

အလုပ်တရားဆိုတာ ဘကာတကာမတွေ့ တခြားမှတ်မနေပါနဲ့၊ လိုရင်းကို ပြောလိမ့်မယ်လို့ အောက်မေ့ရမယ်၊ လိုရင်းဘယ်လိုပြောမလဲဆိုတော့ ဟကာတကာမတွေ့ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် သူတို့ စကားပြောကြတယ်၊ တရားဟောကြ၊ တရားဆွေးနွေးကြတယ်။

ဘယ်လို ဆွေးနွေးသလဲလို့ မေးတဲ့အခါကျတော့ အရှင်သာရိပုတ္တရာက ဖြေသမားဘက်က·အရှင်မောဂ္ဂလာန်က အမေးသမားဘက်ကလို့ မှတ်ထားကြပါနော်....(မှန်ပါ့ဘုရား)ကွာ-တဲ့ လောကကြီးထဲမှာ လူနှစ်မျိုးရှိတယ်ဟေ့...၊ လောကကြီးထဲမှာ လူနှစ်မျိုးရှိတယ်တဲ့။

ဘယ်သူပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့အညစ်အကြေးရှိလျက်နှင့် အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်တမျိုး၊ အညစ်အကြေးရှိလျက်နှင့် အညစ်အကြေး ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်တမျိုးဆိုတော့ နှစ်မျိုးရှိတယ်၊ သို့မဟုတ် ကိုယ်မှာ အညစ်အကြေးတွေက

တော့ ပြည့်နေတာ အဲဒီ အညစ်အကြေး ရှိလျက်နှင့် အညစ်အကြေးရှိမှန်းမသိတဲ့ပုဂ္ဂိုလ်က တယောက်၊ အညစ်အကြေးရှိတာကိုပင်လျှင် အညစ်အကြေးရှိတယ်လို့ သိတဲ့ပုဂ္ဂိုလ်က တယောက်ဆိုတော့ ဘယ်နှစ်ယောက်ရှိသတုံး...(နှစ်ယောက်ပါဘုရား)။

နှစ်ယောက်နော်၊ ကနေ့ညဉ့် နှစ်ယောက်ဘဲ ပြောပါ့မယ် ပြန်ပြောဦးမယ်၊ တကာတကာမတွေ နားထောင်ကြပါ၊ (၁) အညစ်အကြေးရှိနေတာကို အညစ်အကြေးရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်က တယောက်၊ (၂)အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ သိတဲ့ ပုဂ္ဂိုလ်က တယောက်ဆိုတော့ ဦးအောင်ဇေ၀ .... ဘယ်နှစ်ယောက် ရှိသတုံး.... (နှစ်ယောက်ရှိပါတယ်) နှစ်ယောက်ရှိတယ်ဆိုတာ ဒါ သေသေချာချာ မှတ်ကြရမယ်။ ဒါဟာ မူလပဏ္ဏာသပါဠိတော် အနင်္ဂဏသုတ်မှာ လာတယ်လို့ မှတ်ပါ၊ ဘုန်းကြီး တန်ဆာဆင်ပြောတယ်လို့ ဦးမြက မမှတ်နဲ့....(မှန်ပါ့)။

မူလ ပဏ္ဏာသပါဠိတော် အနင်္ဂဏသုတ်မှာ လာတယ်လို့-- ခိုင်လုံအောင်လို့ ပြောပါတယ်၊ (၁) နံပါတ်က အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တယောက်။ (၂)နံပါတ်က အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ သိတဲ့ ပုဂ္ဂိုလ်တယောက်၊ ဘယ်သူ မြတ်သတုံးလို့ မေးတော့ (၁)ပဌမပုဂ္ဂိုလ်က ယုတ်တဲ့ပုဂ္ဂိုလ်။ (၂)ဒုတိယပုဂ္ဂိုလ်က မြတ်တဲ့ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချပါ။ ပဌမပုဂ္ဂိုလ်က ဘယ်လိုပါလိမ့်- (ယုတ်တဲ့ပုဂ္ဂိုလ်) ဒုတိယပုဂ္ဂိုလ်က....(မြတ်တဲ့ပုဂ္ဂိုလ်)အဲဒီလို အားလုံး တကာတကာမတွေ မှတ်ထားကြပါ။

ကောင်းပြီ... ယုတ်တဲ့ ပုဂ္ဂိုလ်နဲ့ မြတ်တဲ့ပုဂ္ဂိုလ် နှစ်ယောက်တော့ လောကထဲမှာရှိတယ်။ လောကီ ဥပမာနှင့် အရှင်သာရိ

ပုတ္တရာက ဆုံးမပြန်တယ်။ အဲဒီ နှစ်ယောက်ဘုရား....တဲ့ ဘယ်လို မျှား ထူးခြားပါလိမ့်မတုံး ဆိုတော့ကွာ...တဲ့ ဈေးထဲက ကြေး ဖလားကြီးတခု ဝယ်လာခဲ့တယ်။

အဲဒီ ကြေးဖလားကြီးကို ဝယ်လာပြီး အိမ်ကျတဲ့အခါ မသုံး မစွဲဘဲနဲ့ ချောင်ထိုးထားလိုက်တယ်။ ချောင်ထိုးထားလိုက်တဲ့ အခါကျတော့ တကာတကာမတွေ နဂိုရ်ရက ဈေးထဲက ဝယ် လာတုံးကလဲ အညစ်အကြေးနဲ့။ အိမ်ကျတော့လဲ မသုံးမစွဲ ဘဲနဲ့ ထားလိုက်ပြန်တော့ အညစ်အကြေးနဲ့ ဆိုတော့ အညစ် အကြေးပေါ်မှာ အညစ်အကြေးတက်တယ်။ ဆေးကြောတဲ့ကိစ္စ သူ့မှာ ပါပါရဲ့လား....(မပါပါဘုရား)မပါတော့ ဒီပုဂ္ဂိုလ်ဟာ ယုတ်တဲ့ပုဂ္ဂိုလ်ဆိုတာလွဲသေးသလား(မလွဲပါဘုရား) မလွဲဘူးလို့ သေသေချာချာ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ....ဒါဖြင့် အညစ်အကြေးရှိတာကို ရှိမှန်းသိတဲ့... ပုဂ္ဂိုလ်က မြတ်တဲ့ပုဂ္ဂိုလ် ဆိုသောကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်ရမှာက သူ ဈေးထဲက ကြေးဖလားဘဲ ဝယ်လာခဲ့တာဘဲ အိမ်ကျတော့ ပွတ်တိုက်ပြီး သုံးစွဲနေပြန်တော့ ပြောင်.... အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်း သိသော ကြောင့် သူသည်ကားလို့ ဆိုလို့ရှိယင် မဆေးကြော သုတ်သင် မှုကို လုပ်တယ်။

ထိုကဲ့သို့ လုပ်တဲ့ ပုဂ္ဂိုလ်ကို ဦးမြ....မြတ်ဘယ်လို့ ဆိုလိုက် ပါတယ်....(မှန်ပါ့)သဘောကျပလား --(ကျပါပြီဘုရား)။

ဒါဖြင့်ဘုန်းကြီးတို့-တကာတကာမတွေမှာသားရေး,သမီးရေ စီးပွါးရေးတွေဟာ ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲလို့ မေးလို့

ရှိယင် ဒါ ကိလေသာခိုင်းတာ လုပ်နေတာ အညစ်အကြေး ရှိတဲ့ ပုဂ္ဂိုလ်ပေါ့.. (မှန်ပါ့)ကိလေသာခိုင်းတာ လုပ်နေတာ ဘယ့်နှယ် ဆိုကြမလဲ.... (အညစ်အကြေးရှိတဲ့ပုဂ္ဂိုလ်ပါ) အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်လို့ဘဲ ဆုံးဖြတ်ချက်ချရမယ်။ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ် ဟာ အညစ်အကြေးဆေးမှုဆိုတဲ့ ဝိပဿနာအလုပ်၊ မဂ်အလုပ်ကို တကာတကာမတွေ မလုပ်တော့ဘူးဗျာ၊ ချောင်ထိုးထားတာနှင့် မတူဘူးလား (တူပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့.... မသိသောကြောင့် သူကယုတ်တဲ့ပုဂ္ဂိုလ်ကွ၊သာဘောကျကြရဲ့လား (မှန်ပါ့-ကျပါတယ်ဘုရား) ယုတ်တဲ့ပုဂ္ဂိုလ်ကွ.... ဆိုတော့ကို ဒီ တကာတကာမတွေ.. တဲ့ အညစ်အကြေးရှိနေတဲ့ ဥစ္စာကို အညစ်အကြေးရှိမှန်းမှ မသိတော့ကို ဦးမြ . ယုတ်တဲ့ပုဂ္ဂိုလ် ဆို ရတာပဲ၊ အရှင်သာရိပုတ္တရာက ဟောတာကို တကာတကာမ တွေက နာစရာမလိုပါဘူး၊ လိုသေးသလား....(မလိုပါဘုရား)။

မလိုပါဘူးတဲ့။ အဲဒါကြောင့်အညစ်အကြေးရှိနေတယ်ဆိုတာ ကိုပင်လျှင် အညစ်အကြေးကိစ္စ ဆေးကြောသုတ်သင်ပြီး သကာ လ ရှင်းလင်းကြမယ်ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာ မတွေဟာ အခုမဘဲနဲ့မှ ကောင်းမြတ်မှာဘဲဆိုတာကို ရှေးဦးစွာ သတိပေးပါတယ်....(မှန်လှပါဘုရား)ဒီလိုမှ သတိပေးမည့်လူ မရှိလို့ရှိယင်ဖြင့် သြော်....မွေးတုံးကလဲ ချေးတွေ ညှော်တွေနဲ့ သေတော့လဲ ချေးတွေ ညှော်တွေနဲ့ဆိုလို့ရှိယင်ဖြင့် ကောင်းပါ ဦးမလား... (မကောင်းပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ စပြီး သကာလ ပြောပါရစေ။သြော်....ဒီတကာတကာမတွေ ကိုယ့်ဟာ

ကိုယ်တော့ဖြင့် လှတယ်,ပတယ်လို့ ထင်နေကြတာပေါ့။ ကိလေသာ အညစ်အကြေးကတော့ဖြင့် အင်မတန် ဆိုးဝါးနေတယ် ဒါကို မဆေးကြောတော့ဘူး ဆိုတော့ နံနက်လောဘနဲ့ ဈေးတို့ ဘာတို့ သွားကြ ရောင်းကြ ဝယ်ကြနဲ့။ လောဘ ဆိုတာ ဘာတုံး မေးတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ် ဦးမြ...ရှင်းလိုက်တော့ တဏှာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

တဏှာလသ်ို့ရှိယင် ဥပါဒါန်ဆိုတဲ့ ဥစ္စာကို ကျေးဇူးပြုတော့မယ်....(မှန်ပါ့)ဥပါဒါန်ကျေးဇူးပြုလို့ရှိယင်ဖြင့် ကာယကံ စေကိန်နှင့် တကားတကားမတွေက ပြောလိုက်,ဆိုလိုက် အမြတ်အစွန်းရအောင် ပြောလိုက်,ဆိုလိုက်။ နှုတ်ချိုပြီးသကာလ ပြောလိုက်,ဆိုလိုက်။ကိုယ့်ကုန် ကိုယ်စွန်တဲ့နည်းကို ရှေးရှုပြီးသကာလ ပြောလိုက်, ဆိုလိုက်ဆိုတော့ ဒါ ကာယကံ ဝစီကံပေါ့ဗျာ....(မှန်ပါ့)အထည် ဟိုလှန်ပြလိုက်, ဒီလှန်ပြလိုက် ဆိုလို့ရှိယင်ဖြင့် ဒါ ကာယကံ ဝစီကံဆိုလို့ရှိယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

ဒါဖြင့် တဏှာ ဥပါဒါန် ကံ ရိပ်မိပလား....(မှန်ပါ့ဘုရား) နောက်ကတကာတကာမတွေဘယ်လိုဆိုကြမလဲ(တဏှာဥပါဒါန်ကံပါဘုရား)တဏှာ ဥပါဒါန် ကံ နေဉ်-ဒါဖြင့် တဏှာဥပါဒါန်ကံ မြောက်ပြီးသကာလ နေတော့ ကဲ-စုတိမနေ့ သေလွန်တဲ့အခါကျတော့ ကမ္မဘဝပစ္စယာ ဇာတိ၊ ဘယ်သူက တွန်းလွန်ပေးလို့ ဘယ်သူက ဖြေဖျောက်ပေးလို့ ရကြသေးလား--(မရပါဘုရား)

ဟာ .. တပည့်တော်တို့ မသွားလဲ မသုံးပါဘုရား....၊ ကောင်းသော ရောင်းခြင်း၊ကောင်းသော ဝယ်ခြင်း၊ အဲဒါ သီလဘက်က ပြောတာဟော့... ဝိပဿနာက ဗွက်ပေါက်နေတယ်လို့ ပြောလိုက်

တယ်....(မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီ) သီလဘက်က တော့ ခင်ဗျားတို့ ပြောတာ ဟုတ်ပါတယ်။ အဲဒီ သီလကတော့ ကျေးဇူးမများလှသေးဘူး၊သဘောပါလား(ပါပါတယ်ဘုရား)

ဒီ သီလလောက်ဘော့ ဘာမှ ကျေးဇူးမများလှသေးပါဘူး။ ဒီ သီလက သာသနာတွင်းအလုပ်မှ မဟုတ်သေးဘဲ။သာသနာပ အလုပ်တွေ ရှိနေသေးတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒါကလေးနဲ့ ကျုပ်တို့ဖြင့် ကောင်းသော ရောင်းခြင်း, ဝယ်ခြင်း လုပ်တာပါဘဲ၊လိမ်ခြင်း,ကောက်ခြင်းဆိုတာ လုံးဝ မထားပါဘူး အဲဒါကြောင့် ကျုပ်တို့တော့ အပါယ်လဲ စိတ်ချရပါတယ်လို့ ကြွားလုံး ထုတ်မနေလိုက်ပါနဲ့....မနောကံ ဖွက်ပေါက်နေတယ် ဆိုတာ ဦးမြကြီး ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် မနောကံ ဖွက်ပေါက်တာကို သီလနှင့် ဆေးလို့လဲ မရဘူး...(မရပါဘုရား)သမထနှင့်ဆေးလို့လဲ တဒင်္ဂဘဲငြိမ်းမယ်၊ အပ္ပနာဆိုက်ယင် ဝိက္ခမ္ဘနဘဲ ငြိမ်းမယ်။

ဝိပဿနာမဂ်နှင့် ဆေးမှသာလျှင် စင်းလုံးချော လွတ်မယ်ဆို တာ တကာတကာမတွေ မှတ်ထားဘို့ အရေးကြီးတယ်... (မှန်ပါ ဘုရား)။

အဲဒါကြောင့် ယနေ့ ဒီမှာ အားလုံးတကာရင်း,ဆရာရင်းတွေ ဖြစ်ပြီး ပြောဆိုနေတာက ခင်ဗျားတို့ ကိလေသာအညစ်အကြေး ဗလပွေနှင့် နေတာကို ဆေးကြောတဲ့ အလုပ်ကို မလုပ်ဘူးဆိုလို့ ရှိယင်ဖြင့် ဘုန်းကြီးရှင်းရှင်းဘဲပြောပါတယ် တကာအရင်းအချာ တွေမို့။ ငါဟာ ဘာဖြစ်ဦးမှာတုံးဆိုတာ ယုံမှားသံသယမရှိပါနဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်အတိုင်း ကိုယ်သွားရမယ်ဆိုတာသာ ဆုံးဖြတ်

ချက်ချပါ....(မှန်ပါ့) တကာတကာမတွေ.... (မှန်ပါ့ဘုရား) ဘယ်သူ့ကို မေးစရာလိုသေးတုံးဗျ....(မလိုပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်အတိုင်း ကိုယ်သွားရမယ်ဆိုတာသာ ဆုံးဖြတ်ချက်ချပါလို့ တကာတကာမတွေကို သတိပေးလိုက်ပါတယ် (မှန်ပါ့ဘုရား) ခင်ဗျားတို့ တိုက်နဲ့တာနဲ့ စိန်နဲ့ ရွှေနဲ့ ငွေနဲ့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒါ-ဝမ်းမသာလို့ ပြောတာ မဟုတ်ပါဘူး၊ အကုန်လုံးဘုန်းကြီးတို့လဲ ကိုးကွယ်ဆည်းကပ်နေကြတဲ့ တကာတကာမတွေ ဒီပုဂ္ဂိုလ်တွေချည်းပါဘဲ သို့သော် ဝမ်းမသာလို့လားဆိုတော့ မဟုတ်ပါဘူး၊ လိုသေးလို့ ဖြည့်ပေးနေတယ် မှတ်ကြစမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်.... (လိုသေးလို့ ဖြည့်ပေးနေပါတယ်ဘုရား) လိုသေးလို့ ဖြည့်ပေးနေတယ်ဆိုတာကိုဖြင့် ယုံယုံကြည်ကြည်နဲ့ မှတ်ကြပါ.... (မှန်ပါ့) ခင်ဗျားတို့ မျက်လုံးကလေးဖွင့်လိုက်မှာကို ဘုန်းကြီးက သိပ်ကြောက်တယ်-(မှန်ပါ့) တကာတကာမတွေ လေးလေးနက်နက် ပြောနေတယ်....(မှန်ပါ့)။

မျက်လုံးကလေး ဖွင့်လိုက်မှာကို သိပ်ကြောက်နေတယ်....၊ အလွန်ဘဲ ကြောက်နေတယ်၊ တကာတကာမတွေ.... (ဘုရား) မျက်လုံးဖွင့်လိုက်မှာ သိပ်ကြောက်တယ်....(မှန်ပါ့) ဘာဖြစ်လို့ ကြောက်သတုံး....လို့ မေးတဲ့အခါ ဦးမြက.... မျက်လုံးဖွင့်ယင် ခင်ဗျားတို့ဟာက မျက်လုံးဖွင့်ယင် လိုချင်တာယင်လဲ လာလိမ့်မယ်....(လာပါတယ်) လိုချင်တာ လာလို့ရှိယင် တဏှာ ဥပါဒါန်ကံမြောက်သွားမယ် .. (မြောက်သွားပါမယ်ဘုရား)။

ဟာ ... မျက်လုံး ဖွင့်လိုက်လို့ အမြင်မဘော်ပါဘူးဆိုတော့ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရပြန်လှည့်တယ်၊ မလှည့်

ဘူးလား-(လှည့်ပါတယ်)အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဩော်....မျက်လုံးဖွင့်မှာ ကြောက်လိုက်တာ၊ ဘာကြောင့်တို့ဆရာဘုန်းကြီးက ဒီလောက်တောင် ယနေ့မှလာပြီး တကာတကာမတွေ မျက်လုံးဖွင့်မှာ ကြောက်နေရသတုံးလို့ ခင်ဗျားတို့မေးလိမ့်မယ်၊ မဖွင့်တတ်လို့ ကြောက်တာပေါ့ (မှန်ပါဘုရား)။

တကာတကာမတွေ ဘာဖြစ်လို့ ကြောက်သတုံး-(မဖွင့်တတ်လို့ကြောက်တာပါ) မဖွင့်တတ်လို့ ကြောက်တယ်၊ မဖွင့်တတ်လို့ သိပ်ကြောက်တာ မကြောက်သင့်ဘူးလား- (ကြောက်သင့်ပါတယ်) မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာမယ်....(မှန်ပါဘုရား) မြင်တယ်ဆိုလို့ရှိယင်ဖြင့် လိုချင်တယ်, စွဲလမ်းတယ်,အားထုတ်တယ်ဆိုတဲ့ သုံးချက်လာတယ်—(မှန်ပါဘုရား)။

မြင်တယ်ဆိုလို့ရှိယင်ဖြင့် အလိုမကျမှုဆိုတဲ့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရ ကျအောင် ဦးမြ....ပြန်မလှည့်ဘူးလား....(လှည့်ပါတယ်) မြင်တာကို ဩော်–ဒုက္ခသစ္စာမြင်တယ်လို့ မသိလိုက်လို့ ရှိယင်ဖြင့် မြင်တာလဲ ဒုက္ခသစ္စာ မြင်တာဘဲ . (မှန်ပါ) မြင်တယ်လို့ မသိလိုက်သည်နှင့်ဘပြိုင်နက်တည်း အဝိဇ္ဇာပစ္စယာ သင်္ခါရက လှည့်လာတယ်....(လှည့်ပါတယ်ဘုရား)။

အဲဒီတော့.... ဘကာတကာမတွေမှာ ဘုန်းကြီးများ စစ်စစ်မြစ်မြစ်နှင့် တကယ့် စေတနာရင်း စေတနာမှန်နှင့် ဦးမြ .. ပြောရတော့မယ် ဆိုလို့ရှိယင် မျက်လုံးဖွင့်မှာ ကြောက်တယ်- (မှန်ပါဘုရား) တကာ တကာမတွေ မျက်လုံးဖွင့်မှာ.... (ကြောက်တယ်)နောက်က တကာတကာမတွေကော....(ကြောက်ပါတယ်ဘုရား) ဒီဆရာသမားနှင့် အခုမှဘဲ တွေ့ကြရတော့ ဘုန်းကြီး

များက ရောက်လိုတဲ့စေတနာ, သိစေလိုတဲ့စေတနာ အင်မတန်များပါတယ်... (အင်မတန်များပါတယ်ဘုရား)။

အဲဒါကိုတပည့်တော်တို့ မျက်လုံး-ဖွင့်မှာ ဘာဖြစ်လို့ အရှင်ဘုရားကကြောက်ရတာတုံးဆိုယင်၊ ခင်ဗျားတို့ မျက်လုံးဖွင့်လိုက်ယင် ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာဘောမယ်(လာပါဘယ်) သုံးမျိုးတမျိုးမျိုး လာတော့မယ်၊ မလာပေဘူးလား.... (လာပါကယ်ဘုရား) ထိုကဲ့သို့ လာလို့ရှိယင်ဖြင့် မျက်လုံးဖွင့်လိုက်တာသည် ခင်ဗျားတို့ အပါယ်သွားဘို့ စီမံလိုက်တာ သေချာသွားတယ်.... (သေချာပါဘယ်ဘုရား) မျက်လုံးဖွင့်လိုက်မှာ ဆရာဘုန်းကြီးဘယ်နှယ်ကြောင့် ဒါလောက် အရေးတကြီး ကြောက်ပါလိမ့်မလဲလို့ မေးဘို့ မလိုဘူးလား.. (လိုပါတယ်ဘုရား)။

မဖွင့်တတ်လို့ကြောက်တာ. (မှန်ပါ့ဘုရား) ဘာဖြစ်လို့ကြောက်သတုံး-(မဖွင့်တတ်လို့ကြောက်ပါဘယ်) မဖွင့်တတ်လို့ကြောက်တယ်၊ အားလုံးဘဲ အခြေအနေ ကျပါ၊ ကာကတကာမတို့လိုရင်းကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား) လိုရင်းကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ ဒါဖြင့် ခင်ဗျားတို့ ဒါနက- ဒါနပယ်လို့ ဟောတာ မဟုတ်ပါဘူး.... (မှန်ပါ့) ကယ်နိုင်ပါ့မလား၊ ဦးမြ.... (မကယ်နိုင်ပါဘုရား) မကယ်နိုင်ယင် ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး...(မှန်ပါ့ဘုရား)။

မကယ်နိုင်ဘူးဆိုတာ သေချာပြီ၊ သီလကကော....(မကယ်နိုင်ပါဘုရား) မကယ်နိုင်ဘူး... တဲ့၊ ခင်ဗျားတို့ အရှင် ဘုရားရှိခိုးနေတာကလဲ ဗုဒ္ဓါနုဿတိပါဘဲ....(မှန်ပါ့) ဒါကလဲမကယ်နိုင်ဘူး၊ ဘာဖြစ်လို့တုံး၊ ၊သူက နံနက်တကြိမ်, ညဥ့်တကြိမ်မှန်တဲ့ပုဂ္ဂိုလ်ထားပါဦးတော့ ကိုယ်မျက်လုံးဖွင့်နေဘာ, ကိုယ်နားထောင်နေ

တာနှင့် စာလိုက်လို့ရှိယင် ဦးမြ... နှိုင်းယှဉ်လောက်ကဲ့လား.... (မယှဉ်လောက်ပါဘုရား)မယှဉ်လောက်တော့ ခင်ဗျားတို့ဟာက တဏှာ ဥပါဒါန် ကံ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာသင်္ခါရ၊ တနည်း....အဝိဇ္ဇာပစ္စယာသင်္ခါရာ ဒါဘဲ လှည့်နေတယ် (လှည့်ပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်ပါတယ်၊ လူတသိန်းသေလို့ သုဂတိ တယောက် မရောက်ပါဘူးကွာ... (မှန်ပါ့)တကာတကာမတွေ့ဟောပြီ....(မှန်ပါ့)လူတသိန်းသေလို့ (သုဂတိတယောက်မရောက်ပါဘုရား) သုဂတိတယောက်မရောက်ပါဘူးတဲ့(မှန်ပါ့)ဟောသင့်သလား(ဟောသင့်ပါတယ်) မျက်လုံးနှင့်ဘဲ ချိန်ပါတော့... (မှန်ပါ့) နားပေါက်ကလဲ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာဦးမယ် ...(လာပါတယ်ဘုရား)။

မလာပေဘူးလား....(လာပါတယ်ဘုရား)။

နှာခေါင်းပေါက်ကကော....(လာပါတယ်ဘုရား)။

လျှာပေါက်ကကော... (လာပါတယ်ဘုရား)။

ကိုယ်ပေါက်ကကော.... (လာပါတယ်ဘုရား) မနောပေါက်ကကောက(လာပါတယ်ဘုရား)ကဲ-ခြောက်သုံးလီ- (တဆယ့်ရှစ်) တဆယ့်ရှစ်ဆိုတော့ အဲဒီတဆယ့်ရှစ်လှည့်တယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဘုန်းကြီးလာလို့ ဆွမ်းကပ်ဘာ ဘုန်းကြီးက သာဓုမခေါ်နိုင်ဘူး၊ မခေါ်နိုင်ဘူး၊ ဘာဖြစ်လို့ မခေါ်နိုင်လဲ၊ ဘုန်းကြီးဟာ သူများပစ္စည်း သုံးဆောင်မိခဲ့ပြီး ဘယ့်နှယ့်ကြောင့်သာဓုမခေါ်နိုင်သတုံးလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) ခင်ဗျားတို့က အသေဆုတောင်းယူလိုက်လို့ရှိယင် ဒုက္ခရောက်သွားမှာ စိုးလို့မခေါ်ချင်ဘူး။

ဒီဆွမ်းဗီကွမ်းကြောင့် နောက်ဘဝပေါများရပါလို၏ ဆိုယင် ဘဝ,သူပါနေတယ်-(မှန်ပါ့ဘုရား)ဘဝပါနေတော့ ဘဝပစ္စယာ ဇာတိ....(ဇာတိပါဘုရား) ဇာတိပစ္စယာ ဇရာမရဏံ... ဆိုတော့ တကာတကာမတွေ ခင်ဗျားတို့ဆွမ်းကျွေးလိုက်တဲ့အတွက်အသေရှာတဲ့ အဓိပ္ပါယ်ရောက်ပါတယ်၊ မရောက်ဘူးလား၊ ဆွမ်းကျွေးတဲ့အတွက်.... (အသေရှာတဲ့ အဓိပ္ပါယ်ရောက်ပါတယ်ဘုရား)။

ဆွမ်းမကျွေးခင်က ဟောခဲ့တာနော် — နက်ဖြန် ကျယင် စားရဦးမယ်....(မှန်ပါ)နက်ဖြန်စားရမယ်....(မှန်ပါ) ဩ်-ဒို့ ဆရာသမား ကြွလာတယ်၊ ဂုဏ်ရှိသရေရှိပညာရှိ၊ ဒို့တော့ ဒီလို နေလို့ မဖြစ်သေးဘူး၊ သံသရာက အရှည်ကြီး၊ အထုပ်ကလေး ပါအောင် လုပ်ဦးမှဘဲလို့ နက်ဖြန်မလုပ်ပါနဲ့ တကာတကာမတွေ (မှန်ပါ) နက်ဖြန်မလုပ်ပါနဲ့ (မှန်ပါ) လုပ်လို့ရှိယင် ဒီအထုပ် ထမ်းပြီး ခင်ဗျားတို့ သံသရာထဲမှာ ပြေးမယ်လို့ စိတ်ကူးတယ်.... (မှန်လှပါဘုရား)။

ဦးမြ ဟုတ်မှ ဟုတ်ကဲ့လား .. (ဟုတ်ပါတယ်ဘုရား) ဒီအထုပ် ထမ်းပြေးမလို့ စိတ်ကူးတယ် (မှန်ပါ့ဘုရား) ဒါဖြင့် ဒီအထုပ် ထမ်းပြေးရတဲ့အတွက်ဘုန်းကြီးတို့တကာတကာမတွေမှာဒီအထုပ် ထမ်းပြေးရတယ်ဆိုကတည်းက နောက်ဘဝဆက်ဘို့ပါသွားတယ် (မှန်လှပါ) မပါဘူးလား ... (ပါ,ပါတယ်ဘုရား) နောက်ဘဝ ဆက်ဘို့ပါသွားလို့ရှိယင် ဘုန်းကြီးတို့တကာတကာမတွေ၌... တဲ့ ဆွမ်းလဲကျွေးရသေးရဲ့,သေလမ်းလဲလျှောက်ရသေးရဲ့(မှန်လှပါ ဘုရား) သဘောပါကြရဲ့လား... (ပါ,ပါတယ်ဘုရား)။

ဆွမ်းလဲ ကျွေးရသေးရဲ့.... (သေလမ်းလဲ လျှောက်ရပါသေး တယ်ဘုရား) သေလမ်းလဲ လျှောက်ရသေးရဲ့ ဆိုတော့ ဘုန်းကြီး

တော့ ဒီလိုဆွမ်းတော့ မစားချင်ဘူးဗျာ.... (မှန်လှပါဘုရား) ဘာ့ကြောင့်တုံးဆိုတော့ ခင်ဗျားတို့ ဆွမ်းစားပြီး သကာလ မင်းတို့ဘောင်းတဲ့ဆုတွေ ပြည့်စုံစေကွာဆိုယင် သေပွဲကြီးတွန်းချတာဘဲ....(မှန်လှပါဘုရား) ဒါ-ကြမ်းတာမဟုတ်ပါဘူးတဲ့-အမှန်ပြောတာပါ. (မှန်ပါ့) သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား) ကြမ်းတာမဟုတ်ဘူးနော်... (မှန်ပါ့ဘုရား)။

ကြမ်းတာမဟုတ်ပါဘူး၊ ဒါ-အမှန်ကိုပြောတာပါ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ... နောက်ဘဝ ကောင်းစားရေး လုပ်လိုက်တဲ့အခါကျတော့ကို ဇာတိမလာပေဘူးလား- (လာပါတယ်ဘုရား) ဇာတိက ဒုက္ခသစ္စာ-(တင်ပါ့ဒုက္ခသစ္စာပါ) ဒါဖြင့် ဒုက္ခသစ္စာကို ဆွမ်းကျွေးပြီးတောင်းယူတာ-(မှန်လှပါဘုရား) တောင်းကောင်း မတောင်းကောင်း... (မတောင်းကောင်းပါဘုရား) မတောင်းကောင်းဘူး...၊ ဆွမ်းကျွေးပြီး တောင်းယူတယ် ဆိုကဘည်းက ဘုန်းကြီးကလဲ တောင်းတဲ့ဆုအတိုင်း ပြည့်စုံပါစေဆိုတော့ မင်းတို့ စိန်စားသေလိုက်ကွာ... (မှန်လှပါဘုရား) ဒီအဓိပ္ပါယ်ရောက်တယ်... (ရောက်ပါတယ်ဘုရား)။

ဒီ အဓိပ္ပါယ် မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးများသည်....တဲ့။

တကာတကာမတွေကို အင်မတန်သိစေချင်ပါတယ်... (မှန်လှပါ) လိုရင်းကို အင်မတန်သိစေချင်တယ်၊ ရက်ကလဲ မရပါဘူး၊ အင်မတန်သိစေချင်တယ်၊ရက်မရတာကလဲ ခင်ဗျားတို့ဝမ်းမနည်းကြပါနှင့်၊ ဟိုကလဲ ဘုန်းကြီးကို လိုချင်တာ ရက်ကိုကုန်အောင်နှိုက်ယူတယ်-(မှန်ပါ့) တကာတကာမတွေ-(မှန်ပါ့)ကုန်အောင်

နှိုက်ယူတော့ ဒီမှာ တယ်မကျန်ဘူး....(မှန်ပါဘုရား)ဘာပြုလို့တုံး၊ အမှန်ပြောနေတာကိုး၊ အမှန်ပြောတော့ အမှန် သိချင်တဲ့စိတ်က သိပ်များနေတော့....(မှန်ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့ အတွက်မှာဖြင့်--တဲ့စုံလုံးကန်း လမ်းလျှောက်တာဖြင့် ဘုန်းကြီး ရှိတုန်းကို ဖျောက်စေချင်တယ်....(မှန်ပါဘုရား)စုံလုံးကန်းလမ်းလျှောက်နေတယ်-(မှန်ပါဘုရား) စုံလုံးကန်းလမ်းလျှောက်တာ ဖျောက်စေချင်တယ်- -(မှန်ပါဘုရား)။

ဘာဖြစ်လို့ ဖျောက်စေချင်လဲဆိုလို့ရှိယင်ဖြင့် မသိလို့လူတဲ့အဓိပ္ပါယ်· မသိလို့ လူလိုက်ပြီ။ မသိတာက ဘာတုံးလို့ မေးတဲ့အခါကျတော့ အဝိဇ္ဇာ....(မှန်ပါ) လူတာက သင်္ခါရ....(မှန်ပါ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ အလုပ် လုပ်နေတာ မလူနဲ့ဟေ့....(မှန်ပါ) တကာတကာမတွေ ဆိုထိုက်၊ မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတော့ ဇာတိမပေါ်သေးဘူးလား....(ပေါ်ပါတယ်) ဒါဖြင့် ဇာတိဆိုတာဒုက္ခသစ္စာ.. (မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာကို ဘုန်းကြီးတို့ တကာတကာမတွေကသစ္စာလို့ မသိတော့ စုံလုံးကန်း လမ်းသွားသလို ချော်လဲတာ-(မှန်ပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)ဘာတဲ့တုံး....(စုံလုံးကန် လမ်းသွားတော့ ချော်လဲတာပါ) စုံလုံးကန်းက....အဝိဇ္ဇာ....(မှန်ပါ) သွားတာက ခုတင်က ပုညာဘိသင်္ခါရ....(မှန်

လှုပါဘုရား) ချော်လဲတာက….ဒါကတော့ ဝိညာဏ် - ပဋိသန္ဓေ ဝိညာဏ်… (မှန်ပါ့)ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဒါဖြင့် စုံလုံးကန်း လမ်းသွားလို့ ချော်လဲတဲ့ အလုပ်ကို ဘုန်းကြီးတို့က အားမပေးနိုင်ဘူး…. (မှန်ပါ့) မျက်စိ ဖွင့်ပေး ရလို့ရှိယင် ဘုန်းကြီးကျေနပ်တယ်….(မှန်ပါ့)အခုမှ ဆရာတကာ တွေ့စနေဉ်…၊ နားကြီးကြီးနှင့်တော့ ထောင်မှ….(မှန်ပါ့ဘုရား) နားကြီးကြီးနှင့်ဘော့ ထောင်မှု၊ နားသေးယင်တော့ မရဘူး။ နားသေးလို့ ဘုန်းကြီးက နားသေးတဲ့ဘက်ကို လိုက်လို့ရှိယင် ဒီဘုန်းကြီး ထိုးချဘုန်းကြီးသာ မှတ်ပေတော့….(မှန်ပါ့ဘုရား) ထိုးချဘဲ။ သေသေချာချာ လွဲတာဘဲ၊ သဘောပါကြပလား…. (ပါပါဘယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မသိရတဲ့ အထဲမှာ အမှန်ပြောမည့် လူနှင့် လွဲနေလို့ရှိယင် ကိုယ်ကျိုးနည်းပြီသာ မှတ်ပေတော့ (မှန်ပါ့) အဲဒါကြောင့် ဘုန်းကြီးများကသဲ ပြောနေကြ…. ဆိုနေကြ ဖြစ်နေတော့ ခင်ဗျားတို့ကလဲ နားမလည့် လည် ငါတို့ မျက်လုံးဖွင့်နေတယ်ဆိုပြီး မှိတ်သာနာ…!(မှန်ပါ့ဘုရား) ရိပ်မိပလား-'ရိပ်မိပါပြီ)နောက် နားလည်လာလိမ့်မယ်·(မှန်ပါ့) မလည်ဘဲတော့မရှိရဘူး….(မှန်ပါ့)မလည်တော့ မရှိရပါဘူးတဲ့….။

ကိုင်း….ဒါဖြင့် စကားစပ်မိလို့ ခင်ဗျားတို့က ကံ, ကံ၏ အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍ဆိုတာ လူတိုင်း ကြားဘူး မှာဘဲ… (ကြားဘူးပါတယ်)မကြားဘူးဘူးလား….(ကြားဘူး ပါတယ်)ကြားဘူးတော့ အဲဒါကမ္မဿကတာဉာဏ်လို့ ခေါ်တယ်· (မှန်ပါ့) ဘာခေါ်ကြမလဲ…(ကမ္မဿကတာဉာဏ် ခေါ်ပါတယ် ဘုရား)။

အဲဒါက ဒိဋ္ဌိကို မပြုတ်ဘူး.... (မှန်ပါ) ရိပ်မိကြပသလား... (ရိပ်မိပါပြီ) ဒိဋ္ဌိမပြုတ်လို့ရှိယင် ငရဲမျိုးစေ့ ကျန်နေတယ်.... (မှန်ပါဘုရား) ဒိဋ္ဌိ မပြုတ်ယင်.... (ငရဲမျိုးစေ့ ကျန်ပါတယ်ဘုရား) ငရဲမျိုးစေ့ ကျန်နေတယ်....လို့ တကာတကာမတွေ မှတ်ပါ.... (မှန်ပါဘုရား)။

ဒါက နာနကြီးကြီးနှင့်ထောင်မှ ရတယ်ဆိုတာလဲ ထည့်ထည့် ပေးရသေးတယ်.... (မှန်ပါဘုရား) ထည့်ထည့် ပေးရသေးတယ်၊ မထည့်လို့ရှိယင် ဖြစ်ကို မဖြစ်လို့.... (မှန်ပါ) အဲဒါကြောင့် ကမ္မဿကတာဉာဏ်လောက်ကို ခင်ဗျားတို့ အားကိုးနေကြလို့ ရှိလို့ရှိယင်ဖြင့်....တဲ့၊ ဒိဋ္ဌိက မပြုတ်တဲ့အတွက် ဘုန်းကြီးဥပမာ.... ပြသွားမယ်၊ ခလေးတွေစန်လွတ်တယ်နော်.... ခလေးတွေစန်လွတ်တဲ့အခါ ကြိုးတဆုံးဘဲ တက်မှာဘဲ.... (မှန်ပါ) ပြန်ရစ်လိုက်ယင် အောက်ပြန်ကျမယ်.... (မှန်ပါဘုရား)။

အဲ .. ဒိဋ္ဌိနှင့် သွားတဲ့ ကုသိုလ်ဟူသရွေ့ ပြန်ကျတာချည်းဘဲ.... (မှန်ပါဘုရား) ဒိဋ္ဌိနှင့်သွားတဲ့ ကုသိုလ်ဟူသရွေ့.... (ပြန်ကျတာချည်းဘဲ) ပြန်ကျတာချည်းဘဲ ဆိုတော့ ဘုန်းကြီးတို့က ဒီလိုမလိုချင်ဘူး... (မှန်ပါ) ဒိဋ္ဌိပြုတ်တဲ့ကုသိုလ်ကို လုပ်စေချင်တယ် (မှန်ပါ) ကမ္မဿကတဉာဏ်ကိုဘဲ ဒိဋ္ဌိ ပြုတ်အောင် လုပ်လို့ရပါတယ်... (ရပါတယ်ဘုရား)။

ကမ္မဿကတဉာဏ် နေရာမှာ ဝိပဿနာဉာဏ်နှင့် သစ္စာမြင်တဲ့ ဉာဏ် ကူပေးရုံဘဲ.. (မှန်ပါ) ကူလိုက်လို့ရှိယင် ခင်ဗျားတို့ ရွှေတိဂုံ ဘုရားကြီးကို ရွှေအချပ်ပေါင်းဘယ်လောက်ချထားတုံး.... (မှန်ပါ) ဘုန်းကြီးများက သာဓုခေါ်ပါတယ်.... (မှန်ပါ)

အသေရှာယင်တော့ဖြင့်....ဦးမြှ မကြိုက်ဘူး.... (မှန်လှပါဘုရား)· သဘောကျပလား.. (ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စောစော က ပြောတယ်၊ ငါ...ကွာ....တဲ့၊ သစ္စာမသိခင်တုန်းက ဆိုလို့ရှိ ယင်ဖြင့်....တဲ့၊ အသေရှိလျက်နှင့် အသေရှာနေတယ်ကွာ။

အနာရှိလျက်နှင့်....(အနာရှာနေတယ်)။
အအိုရှိလျက်နှင့်... (အအိုရှာတယ်)။

သစ္စာ မသိခင်တုန်းက... (မှန်ပါ) နောက်ဘဝမှာ ဇာတိ ဇရာ မရဏနှင့်ဒုက္ခသစ္စာလို့ မသိခင်တုန်းကတော့ဖြင့် ငါလဲလွဲနေတယ် (မှန်ပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သစ္စာသိမှုလောက် အရေးကြီး တာ ရှိကိုမရှိဘူး (မှန်ပါ)။

တကာတကာမတွေနားလည်ကြရဲ့လား (နားလည်ပါတယ်) ဘာသိဘို့ အရေးကြီးသလဲ.... (သစ္စာသိဘို့ အရေးကြီးပါတယ်) သစ္စာသိဘို့ သိပ်အရေးကြီးတယ်.. (မှန်ပါ) ခန္ဓာထဲ ပေါ် လာတဲ့ ဓမ္မ၏ သစ္စာကို သိဘို့.... (မှန်ပါ) နားလည်ပလား... (နားလည်ပါပြီဘုရား) ခန္ဓာထဲမှာ ပေါ်လာတဲ့ ဓမ္မ၏သစ္စာ သိဘို့ အရေးကြီးပါတယ်....(မှန်ပါဘုရား)။

အချို့ဆရာတွေဟောနေတာကိုသွားပြီး အယုံအကြည်မရှိပါနှင့် (မှန်ပါ)သဘောကျပလား(ကျပါပြီ) အချို့စာအုပ်တွေထဲက ရေးထားတာကိုလဲ သွားပြီး အမှန်မယူလိုက်ပါနှင့်ဦး....(မှန်ပါ)· သဘောကျပလား.... (ကျပါပြီ) ကိုယ့်ဉာဏ်နှင့် ကိုယ့်သစ္စာနှင့် သွားတွေ့ရမယ်.... (မှန်ပါဘုရား) ကိုယ့်ခန္ဓာကပြတဲ့ သစ္စာနှင့်

ကိုယ့်ဥာဏ်နှင့် သွားတွေ့မှ သစ္စာသိတယ်....(မှန်ပါ) ဦးအောင်ဇေ မှတ်မိပြီလား....(မှတ်မိပါပြီဘုရား)။

ကိုယ့်ခန္ဓာက ဒုက္ခသစ္စာနှင့် ကိုယ့်ဥာဏ်နှင့် သွားတွေ့တော့မှ သစ္စဥာဏ် သွားဖြစ်တယ်... (မှန်ပါ)ခန္ဓာက ဒုက္ခသစ္စာ၊ ဥာဏ်က ဥာဏ်ပေါ့ဗျာ....(မှန်ပါ)သစ္စာနှင့် ဥာဏ်နှင့် ပေါင်းလိုက်တော့ (သစ္စဥာဏ်)သစ္စဥာဏ်သွားဖြစ်တယ်၊သဘောကျပလား-(ကျပါပြီ) ဦးမြ .. အဲဒီ သစ္စဥာဏ် မူဘည်ပြီးတော့မှ ဘုန်းကြီးက ကိစ္စဥာဏ်ကို ဟောရမယ်....(မှန်ပါဘုရား)။

ကိစ္စဥာဏ်ဟောပြီးတော့မှ ခင်ဗျားတို့ ကိစ္စပြီးတဲ့ ကတဥာဏ်ကို ယောမှ ကိုက်မယ်....(မှန်ပါဘုရား)ဦးမြ ဒါမနာရသေးဘူး (မှန်ပါ) မနာရသေးဘူးနော်၊ မိုးကုတ်မှာလဲ မနာခဲ့ရဘူး၊ အဲဒါကြောင့်ဘုန်းကြီးတို့ငကာတကာမတွေခင်ဗျားတို့စာထဲမှာ ရေးထားတာတွေဟာ ခန္ဓာမှတ်တမ်းလို့ မှတ်လိုက်စမ်းပါ-(မှန်ပါဘုရား) စာထဲမှာ ရေးထားတာ ဘာပါလိမ့်.... (ခန္ဓာမှတ်တမ်းပါဘုရား)။

အဲဒါ မှတ်တမ်းနှင့် လမ်းဆုံးတယ်၊ စာက ဘယ်လို ဆိုတယ်ဆိုယင်ဖြင့် ဒီလူ လူ့အလို့ မှတ်ပေတော့....(မှန်ပါ) ခန္ဓာက ဘယ်လိုဆိုတယ်ဆိုယင် ကြိုက်ပြီ .. (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)စာက ဘယ်လိုဆိုတယ်ဆိုယင်တော့ ... (လူအ့ပါဘုရား)လူအ့လူအ့နော်-ဘာမှ ဘယ်သူ့မှ ငဲ့နေစရာ မလိုဘူး....(မှန်ပါ)စာဟာ မှတ်တမ်းကိုး--(မှန်ပါဘုရား)ခန္ဓာ၏ မှတ်တမ်းကို ဘုရားဟောထားတယ်....(မှန်ပါ)ရှင်းကြပလား.... (ရှင်းပါပြီ)ဦးမြ....(ဘုရား) စာဆိုတာ ဘာပါလိမ့်... (ခန္ဓာ၏ မှတ်တမ်းပါဘုရား)။

အဲဒီဘော့ ခန္ဓာ၏မှတ်ဘမ်းနှင့် အကျင့်မှတ်တမ်း ခင်ဗျားတို့ ဘယ်ဟာ အတည်ပြုကြမလဲ-(အကျင့်မှတ်တမ်းအတည်ပြုရမယ်) အကျင့်ကို အတည်ပြုရမယ်--(မှန်ပါ့ဘုရား)အဲဒီဥာဏ် ရောက်စေချင်လို့ ဒီလောက် ရှင်းနေတာ....(မှန်ပါ့ဘုရား)သဘောကျကြပလား....(ကျပါပြီ) ဒါဖြင့် မှတ်တမ်းနှင့် အကျင့် ခင်ဗျားတို့ ဘယ်ဟာ အတည်ပြုကြမလဲ(အကျင့်အတည်ပြုရပါမယ်ဘုရား)။

အကျင့်ကိုအတည်ပြုရမယ်ဆိုတာတဏှာတကာမတွေသေသေချာချာ မှတ်ကြပါ၊ နားကြီးကြီးနှင့် ထောင်စေချင်တယ်၊ နားကြီးကြီးနှင့် ထောင်စေချင်တယ်ဆိုတာ မမှားရဘူးလား ...(မှားရပါတယ်ဘုရား) မှားရမယ်....(မှန်ပါ) မမှားလို့ရှိယင်ဖြင့် သစ္စာကွယ်မယ်၊ သစ္စာကွယ်ယင် နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူး.... (မှန်ပါ့ဘုရား) သစ္စာကွယ်ယင်... (နိဗ္ဗာန် မရောက်ပါ) တကာတကာမတွေ သေသေချာချာ မှတ်ကြပါ....(မှန်ပါ)။

သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ငါဘုရား ဘယ်တော့မှ မဟောဘူး.... (မှန်ပါ့ဘုရား) လောကီဥပမာ ငါပြောပါ့မယ်-ကွာတဲ့-ဒီမှာဇီးဖြူရွက်တွေရှိပါတယ်၊ဇီးဖြူရွက်ဆိုတာ သေးသေးကလေး၊ အဲ...ဇီးဖြူရွက်နှင့် မင်းမောနေလို့ သောက်ရအောင် ငါ ရေထုပ်လာခဲ့တယ်ဆိုယင် တကာတကာမတွေက ယုံနိုင်ပါ့မလား (မယုံနိုင်ပါဘုရား) ကြာဖက်နှင့် ရေထုပ်လာခဲ့တယ်လို့ ဆိုယင်ကော....(ယုံနိုင်ပါတယ်ဘုရား)။

အဲ... သစ္စာမသိဘဲနဲ့ ငါ သောတာပန် တည်ခဲ့တယ်၊ နိဗ္ဗာန် ရခဲ့ဘယ်ဆိုယင် ဘယ်တော့မှ မယုံနှင့်၊ ဇီးဖြူရွက်နှင့် ရေထုပ်တာကွ (မှန်ပါဘုရား) သဘောပါပလား...(ပါပါပြီ) ကြာဖက်နှင့် ရေထုပ်တယ်ဆိုတဲ့ ဥစ္စာက သစ္စာသိတဲ့ ပုဂ္ဂိုလ်မို့

ငါ နိမ္မာန်ရခဲ့တယ်ဆိုလို့ရှိယင် အဲဒါကျတော့ ယုံသာ ယုံပါတဲ့(မှန်ပါ)သဘောပါပလား....(ပါပါတယ်ဘုရား)။

ဒီ့ပြင် အကိုးအကား လုံလောက်အောင် ပြောကြပါဦးလို့ဆိုတော့ ခုတင်က သစ္စသံယုတ်ပါဠိတော်ကိုပြောပါတယ်ခင်ဗျား တို့ ရထားတဲ့ ဓမ္မစကြာ ဝတ်အသင်းတွေဘဲ၊ ငါသည် အကြွင်အခါ၌ ဒုက္ခသစ္စာ မသိသေး၊ ထိုအခါ ဘုရားဟူ၍ မကြော်ငြာသေးဟု ဆိုတယ်...(မှန်ပါ)။

ကဲ....ပါဠိတော်မှာ မရှိဘူးလား....(ရှိပါတယ်ဘုရား)အကြွင်အခါမှာသစ္စာကို ငါမသိသေး၊ထိုအခါ ဘုရားဟူ၍ မကြော်ငြာသေး၊ ဘုရားဆိုတော့ သောတာပန်က စ,တက်ရမှာ....(မှန်ပါ) ဘုရားမျိုးက တမျိုးမဟုတ်ဘူး၊ သောတာပန်က စ,တက်ရမှာ--(မှန်ပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အကြွင်အခါ သစ္စာကို မသိသေး၊ ထိုအခါ ဘုရားဟူ၍ လောကကြီး၌ ငါ မကြော်ငြာသေးဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပလား-(ရှင်းပါပြီ)ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အရေးအကြီးဆုံး တရားဟာ ဘယ်တရားပါလိမ့် .... (သစ္စာကို သိဘို့ အရေးကြီးပါတယ်ဘုရား)သစ္စာတရားလို့ ဆုံးဖြတ်ချက်ချပါ။

သစ္စာ မသိဘာ ဘယ်သူတုံးလို့ မေးလို့ရှိယင်ဖြင့် "ဒုက္ခေ အညာဏ" ဆိုတော့ပါဠိတော်ကကိုးချတယ်(မှန်ပါ)ဒုက္ခေ=ဒုက္ခသစ္စာ၌၊အညာဏ=မသိခြင်းသည်၊အဝိဇ္ဇာ=အဝိဇ္ဇာမည်၏ မှန်လှပါ) သစ္စာ မသိဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာနှင့် သေသွားတာ .. (မှန်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)

ဒါဖြင့် ဒီတကာတကာမတွေထဲမှာလဲ အားလုံးပါဘဲ ဘုန်းကြီးက သစ္စာ ဟောပါလိမ့်မယ်နော်....(မှန်ပါ့)။

အဲဒါ မသိဘဲနှင့် သေသွားလို့ရှိယင် မေးတုန်းက 'အကန်း' သေတော့လဲ အကန်း မသာ·သာ မှတ်ပေတော့....(မှန်လှပါ)

ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

မေးတုန်းကတော့....(အကန်းပါဘုရား)။

သေတော့ကော....(အကန်းပါဘုရား)။

အဲဒီလို အကန်းမသာဘိတ်ယင် အဲဒီလိုဘိတ်စမ်းပါ--(မှန်ပါ့ဘုရား) ဆိုးလွန်းလို့-ဆိုးလွန်းလို့နော်... (မှန်လှပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါက တကာရင်း ဆရာရင်းမို့ ပြောတဲ့တရားလို့ သေသေချာချာ မှတ်ပါ .... (မှန်ပါ့ဘုရား) အမှန်ဆုံးကိုလဲ ဟောနေတယ်လို့ ဆုံးဖြတ်ချက် ချပါ....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)တကာတကာမတွေ... (ဘုရား) ဒါမှ မဟောလို့ရှိယင် ခင်ဗျားတို့ ရကို မရဘူး....(မှန်ပါ့ဘုရား) သို့သော်-ဘုန်းကြီး အခု သစ္စာကို ဟောတော့မယ် ဆိုလို့ရှိယင် ခင်ဗျားတို့ ရှေ့ ပိုင်းက ခင်းရပါလိမ့်မယ်....(မှန်ပါ့)။

သစ္စာ ဘယ်အချိန် ဟောရတယ်ဆိုတဲ့ ဥစ္စာလဲ ခင်ဗျားတို့ သိထားနှင့်ဘို့ အရေးကြီးပါတယ်....(မှန်ပါ့)ဒါနကထာကို ရှေးဦးစွာဟောမယ်....(မှန်ပါ့ ပြီးတော့မှ သီလကထာကို ဟောမယ်... (မှန်ပါ့)ပြီးတော့မှ သဂ္ဂကထာ-နတ်ပြည် အကြောင်းကို ဟောမယ်... (မှန်ပါ့)ပြီးတော့ အဲဒါတွေ အပြစ်ချည်းဘဲလို့ ပြတဲ့ ကာမာနံ အာဒီနဝကထာကို ဟောမယ်....(မှန်ပါ့)။

အဲဒီလို ဟောလိုက်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ ဪ....ဒါနကြောင့် အကျိုးပေးတာတွေလဲ အလကားဘဲ၊ သီလကြောင့် အသက်ရှည်နေတာတွေလဲ ဒုက္ခရှည်နေတာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)ဒီကနေ့ သဂ္ဂကထာ ဟောလိုက်ပြန်တော့ နတ်ပြည် ကောင်းကြောင်းတွေ ဘုရား့က ပြောလို့ မဆုံးအောင်ဘဲ ဟောပါတယ်၊ ဟောတဲ့အခါကျတော့ သူတို့ တရားဘက်ကို သာယာလာကြတယ်၊ အဲဒီ သာယာလာတော့ တဏှာက ဝင်လာတယ်... (မှန်ပါ့ဘုရား)။

တကာတကာမတွေ တဏှာဝင်လာတော့မှ ထိုကာမဂုဏ်တို့၏ အပြစ်ကို အမဲရိုးပစ်လိုက်တဲ့အခါ ခွေးတကောင် အသားမပါဘဲနှင့် ပစ်လိုက်တဲ့အမဲရိုး လျှာနှင့် လျက်ရုံနှင့် ဝပါ့မလား....(မဝပါဘုရား)အေး....ကာမဂုဏ် ငါးပါးဆိုတာ မဝနိုင်တဲ့ အလုပ်၊ ဘာမှအသုံးမကျဘူးကွ-ဆိုပြီးတော့ ဖျက်ပစ်လိုက်ဘယ်(မှန်ပါ့) ဖျက်လို့ တကာတကာမတွေ စိတ်ထဲမှာ ဖြူစင်လာတဲ့အချိန်မှာ သစ္စာကောက်ဟောတယ်.... (မှန်ပါ့ဘုရား)။

အဲဒီအချိန်မှာ ဟောလိုက်လို့ ရှိယင်ဖြင့် ကိစ္စပြီးသွားတာဘဲ (မှန်ပါ့) ဒါ ဘုရားဟောစဉ် ...(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဒါဖြင့် ခင်ဗျားတို့ ရှေးက ဒါနကထာ ဟောလိုက်လို့ အင်မတန် ဝမ်းမြောက်သွားတယ် တရားကောင်းလိုက်တာဟော့ သိပ်ကောင်းတာဘဲ၊တကာတကာမတွေ သွားပြီ-(မှန်ပါ့)။

သီလကထာ ဟောလိုက်လို့ ကောင်းလိုက်တာ သွားပြီ.... (မှန်ပါ့)ဘယ့်နှယ် ကာမာနံ အာဒီနဝကထာတောင်မှ မထည့်ရသေးဘူး၊ထည့်ရပြီလား-(မထည့်ရသေးပါ)မထည့်ရသေးတော့ သူ့မှာ ကိလေသာ တန်းလန်းကြီး ဖြစ်မနေဘူးလား.... (ဖြစ်

ပါတယ်) ကိလေသာ အညစ်အကြေးတွေ သိပ်မထူဘူးလား.... (ထူပါတယ်)အဲဒီထူတဲ့အချိန် သစ္စာသွားမဟောနှင့်၊ အလကား ဘဲ....(မှန်ပါ)။

ဦးမြ ဒီလိုဆိုတော့ ဆင်တန်ဆာ ဆင်ပြီးမှ အစွယ်ချိုးတဲ့ သဘော လုပ်ရတယ်.... (မှန်ပါ) ပဌမ ဘာဖြစ်လို့ ဆွဲရတာ တုံးလို့ဆိုတော့ ဒါနကထာလောကမှ မဟောလို့ရှိယင်လဲ သူတို့ နားမလည်ဘူး .... (နားမလည်ပါဘုရား) တရားနား ကပ်ပါ့ မလား....(မကပ်ပါဘုရား)။

သီလကထာလောကမဟောလို့ရှိယင်လဲ...(တရားနားမကပ် ပါ) သဂ္ဂကထာလောကမှ မဟောယင်လဲ....(တရားနား မကပ် ပါ) မကပ်ဘူး၊ဒါတွေ ဟောပေးရတယ်....(မှန်ပါ) ပြီးတော့ မှ မင်းတို့ နတ်ပြည်ဆိုတဲ့ဥစ္စာကွာ-ခွေးအမဲရိုးကိုက်သလိုပါဘဲ။ ကျီးတကောင် အစာရလို့ ဝိုင်းဆိတ်သလိုပါဘဲ။ကြည့်ပါလား စီးပွါးရေးမှာ ဝိုင်းဆိတ်နေကြတယ် .(မှန်ပါ)။

ဥပမာ-လူတယောက်က ကုန်တမျိုးကို ထွင်လိုက်တယ်ဆိုယင် အတုလိုက်တာဘဲ ကြည့်ပါလား ဝိုင်းဆိတ်တာ။ ရိပ်မိပလား.... (ရိပ်မိပါပြီ) အဲဒီတော့ ကာမဂုဏ်ဟာ ကျီးတကောင် အစာရ တာနှင့် ထူးကြသေးရဲ့လား....(မထူးပါ)ဝိုင်းဆိတ်ကြတာဘဲ- (ဝိုင်းဆိတ်တာပါဘဲဘုရား)သဘောပါပလား-(ပါပါပြီ)အဲဒါ ကြောင့် ကာမဂုဏ်အပြစ်တွေ အဲဒီလိုပြောလို့ စင်လာတဲ့အချိန် ကျမှ သစ္စာကောက်ဟောတယ်(မှန်ပါ)ရိပ်မိကြပလား...(ရိပ်မိ ပါပြီဘုရား)။

အဲဒီတော့ သစ္စာဟာ သူ့အချိန်နဲ့သူ ဟောရတယ်ဆိုတာ တကာတကာမတွေ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ)သူ့အချိန်နဲ့

သူမဟောရပေဘူးလား....(ဟောရပါတယ်) အဲဒါကြောင့် ဒါ ဘုရားဟောစဉ်လို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့ဘုရား) ဘုရား ဟောစဉ်နော်.. ဥပါလိတို့ဟောတာလဲ ဒီအတိုင်းဟောနေတာဘဲ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သစ္စာဆိုတာ သစ္စာများ ဟာ ဒုက္ခသစ္စာတလုံး ပိုင်ပိုင်နိုင်နိုင်ဟောတတ်တဲ့ဆရာနှင့် မင်းတို့ နားထောင်ပြီး တွေ့ကြမယ်ဆိုလို့ရှိယင်ကွာ-တဲ့ ဟောတဲ့ဆရာက အင်းတန်ဈေးကိုင်နေလို့ မင်းကို နံနက်လှ အချက်သုံးရာထိုးမယ် (မှန်ပါ့)နေ့လယ် လှ အချက်သုံးရာ ထိုးမယ်....(မှန်ပါ့) ညနေ လှ အချက်သုံးရာထိုးမယ် အဲဒါ အသက်တရာတွင်း ထိုးမယ်.... (မှန်ပါ့) နောက်ဆုံးပိတ်ကျမှ မင်းကို သစ္စာ ဟောမယ်ဆိုယင် အဲဒါ ခံလိုက်ကွ....(မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီ) ဘာဖြစ်လို့တုံးဆို အရေးကြီးလို့....(အရေးကြီးလို့ပါ) ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိသေးလို့ရှိယင်ဖြင့် တကာတကာမတို့.... ဘာလုပ်လုပ် အဝိဇ္ဇာနှင့် လုပ်တာချည်းမှတ်....(မှန်ပါ့)သစ္စာ မသိသေးယင်....(အဝိဇ္ဇာနှင့်လုပ်တာ) အဝိဇ္ဇာနှင့် အလုပ် - လုပ် နေတယ် မှတ်ပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)သစ္စာ မသိသေးယင်....(အဝိဇ္ဇာနှင့် အလုပ်-လုပ်တာ)အဝိဇ္ဇာနှင့်အလုပ် လုပ်နေလို့ရှိယင်“အဝိဇ္ဇာပစ္စယာ သင်္ခါရာ”အပြင်ဘက်ထွက်နိုင် ကြပါ့မလား....(မထွက်နိုင်ပါဘုရား)။

မထွက်နိုင်လို့ရှိယင် နိဗ္ဗာန် မရပါဘူး....(မရပါ) မယုံလို့ ရှိယင် ဦးမြကာ ရွတ်ကြည့်လိုက်အဝိဇ္ဇာပစ္စယာ သင်္ခါရာတွင်ရပ်ပြီး သူ့ အဆုံးရွတ်ကြည့်လိုက် ရှည်နေမှာစိုးလို့၊ ဒုက္ခက္ခန္ဓဿ သမု

ဒယော ဟောတိ၊မလာဘူးလား....(လာပါတယ်)လာယင် ချုပ်လိုက်ပါတော့....(မှန်ပါ့ဘုရား)။

ဒီထဲက ခင်ဗျားတို့ ရပြီးသားဘဲ ထားပါတော့....(ရပြီးသားပါဘဲဘုရား)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာဘဲ မဟုတ်လား...(အဝိဇ္ဇာပါဘဲ)အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်ဟာ သခ်ါရလုပ်မယ်....(မှန်ပါ့)သခ်ါရလုပ်လို့ ရှိယင် ဟိုဘက် ဘာရမတုံးမေးလို့ ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(ဒုက္ခက္ခန္ဓသ)ဒုက္ခက္ခန္ဓသ....ဒုက္ခအစုကြီး ရမယ်လို့ ဘုရားက သေသေချာချာဟောပါတယ်(မှန်ပါ့) ဟုတ် မဟုတ်လဲ ကိုယ့်ကိုယ်တိုင် ခန္ဓာထဲမှာ စဉ်းစားကြည့်ကြ၊ဟုတ်ပါတယ်သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် သစ္စာကို ဘုန်းကြီးများက သိပ်အရေးတကြီး ပြောချင်တာဘဲ(မှန်ပါ့)ဒါမှမပြောရလို့ ရှိယင်လဲ တာ. ၁တကာမတွေဒီတရားပွဲဟာ အလကားပါဘဲကွ-(မှန်ပါ့) တကာတကာမတွေသစ္စာမဟောရလို့ ရှိယင်.... (အလကားပါဘဲဘုရား)မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သစ္စာ ခင်ဗျားတို့ကလဲ မနာရဘူး၊ဘုန်းကြီးကလဲဘဲ့ဟောတဲ့အထဲ သစ္စာမပါဘူးဆိုလို့ ရှိယင်ဖြင့် နဂိုရ်က အကန်းကို ဟုတ်လား....(မှန်ပါ့) ဆေးမှားပြီးသကာလ လိမ်းမိတာနှင့်တူဦးမှာဘဲ(မှန်ပါ့)ဆေးမှားလိမ်းတော့ ထပ်ကန်းတာပေါ့-(မှန်ပါ့ဘုရား)ကဲ....တကာတကာမတွေ ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား)ဒါကြောင့်ခင်ဗျားတို့ တကာရင်း ဆရာရင်းတွေကျတော့ဒါကို အရေးတကြီး လုပ်စမ်းပါဆိုတာ ပြောထိုက်-မပြောထိုက်(ပြောထိုက်ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် စ,ပါတော့မယ်၊ တကာတကာမတို့ အခုမှ တရား စ,မယ်၊ သစ္စဉာဏ်စ,မယ် ...နော်.... သစ္စဉာဏ် စ,မယ်၊ အားလုံးတကာတကာမတွေ ဘာဟောမယ်....(သစ္စဉာဏ်ဟောပါမယ်) စိတ်ချ၊ နားကြီးကြီးနဲ့ထောင်နော်.... တကာဘကာမတွေ ဘယ်လောက် သတိပေးနေတယ်ဆိုတာ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

နားကြီးကြီးနှင့် ထောင်ကြပါ တကာတကာမတို့ နော်.... သစ္စဉာဏ်ဆိုတဲ့ဥစ္စာ အားလုံးတကာတကာမတွေ မျက်လုံးထဲမှာ ခင်ဗျားတို့ အာရုံဒွါရ ဟိုက အဆင်းကလေးနဲ့ ဒီကမျက်လုံး အကြည်ရုပ်ကလေးနဲ့ သွားတိုက်တဲ့အခါ မြင်စိတ်တော့ ပေါ်မယ်....(ပေါ်ပါတယ်ဘုရား)။

" စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ- " ပါဠိရှိတ်နေယင် ကြားပါတယ်-(မှန်ပါ့ဘုရား) မဟုတ်ဘူးလား-(မှန်ပါ့) မြင်စိတ်ကလေးတခုတော့ မပေါ်ဘူးလား.... (ပေါ်ပါတယ်) အဲဒီမြင်စိတ်ကလေးဟာတကာတကာမတွေ မှတ်ထားလိုက်စမ်း၊ သူဟာမြင်ရုံပင်မြင်တတ်တယ်၊ ဒီ့ပြင် ဘာလုပ်တတ်သတုံး မေးလို့ရှိယင် ဘယ့်နှယ့်ဖြေကြမလဲ... (ဘာမှမလုပ်တတ်ပါဘုရား) ဘာမှ မလုပ်တတ်ဘူးနော်....။

ဒါဖြင့် သူ ဘာမှမလုပ်တတ်တဲ့ စိတ်ဘဲဆိုလို့ရှိယင်ဖြင့် သူ့နောက်က ဘာလုပ်တတ်တာတွေကဖြင့် သြော်... နောက်ပေါ်တဲ့ တရားတွေလို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့) မြင်လို့ လိုချင်တာ နောက်ပေါ်တဲ့တရား.... (မှန်ပါ့ဘုရား) မြင်လို့ ဒေါသဖြစ်တာ (နောက်ပေါ်တဲ့တရားပါဘုရား)။

ဒါဖြင့် ဒီမြင်စိတ် အခုမရှိတော့ဘူး.... (မရှိပါ) ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒါဖြင့် ဒီမြင်စိတ်ကလေးဟာ တကာတကာမတို့ အာရုံဒွါရတိုက်တဲ့အခါ ပေါ်လဲပေါ်တယ်၊ ပျောက်လဲပျောက်တယ်...(မှန်ပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ပေါ်လဲပေါ် ပျောက်လဲ ပျောက်သောကြောင့် ပေါ်တာက သေမလို့ ပေါ်သောကြောင့် ဒုက္ခသစ္စာ၊ ပျက်သွားတာတ သေပွဲဝင်လို့ ဒုက္ခသစ္စာ.... (မှန်ပါဘုရား) ပေါ်တာက သေဘို့ပေါ်သောကြောင့် ဘယ့်နှယ်ပြောမလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာနော်—(မှန်ပါဘုရား) သဘောကျပလား—(ကျပါပြီဘုရား) ပျက်သွားတာက သေပွဲဝင်သောကြောင့်.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဘာပေါ်ပေါ်ဒုက္ခသစ္စာသာ ပေါ်ရမယ်·(မှန်ပါဘုရား) ရှင်းကြပလား....(မှန်ပါ-ရှင်းပါပြီ) ခင်ဗျားတို့သန္တာန် ဘာပေါ်ပေါ် ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာဘဲပေါ်ရမယ်(မှန်ပါ) ဒါ့ကြောင့်"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" လို့ ဒုက္ခသစ္စာကို ဟောပတာပေါ့.... (မှန်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေမှာ အဲဒီ မြင်စိတ်ကလေးတခုဘဲ ပေါ်လာတယ်၊ ပေါ်လာတာကလဲ သေမလို့ ပေါ်လာတာ-(မှန်ပါဘုရား) သေမလို့ပေါ်လာတော့ တကာတကာမတွေက အကဲခတ်ကြည့်တာပေါ့၊ သေမလို့ပေါ်လာသောကြောင့် ဒုက္ခသစ္စာ....(မှန်ပါ) ရှင်းပြီနော်....(မှန်ပါ) ကောင်းပြီ- သေသွားတဲ့အခါကျလို့ရှိယင်လဲ ခင်ဗျားတို့ တတိုတစ တပိုင်းတစိတ်

တောင်မှ အစရှာတွေ့ရဲ့လား.... (မတွေ့ပါဘုရား) မတွေ့သော ကြောင့် သူလဲ အသေဆိုးသောကြောင့်ဒုက္ခသစ္စာ (ဒုက္ခသစ္စာပါ ဘုရား) ပေါ်လာတာကလဲ သေမလို့ပေါ်လာသောကြောင့်— (ဒုက္ခသစ္စာပါဘုရား) သေသွားတဲ့အခါ တတိုတစ တပိုင်း တစိတ် မကျန်ရစ်သောကြောင့် အသေဆိုးသောကြောင့် သူ့ကို ဘာဆိုမတုံး....(ဒုက္ခသစ္စာပါ)ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ သန္တာန်မှာ ဘယ်ဓမ္မ ပေါ်လာလာ ဘာသစ္စာခေါ်မလဲ(ဒုက္ခသစ္စာပါဘုရား) အဲဒီ ဒုက္ခသစ္စာလဲ... ဩော်....ဒါသည် ဒုက္ခသစ္စာဘဲ၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာကဲ မှန်တာ(မှန်ပါဘုရား)ဖြစ်ဆင်းရဲ,ပျက်ဆင်းရဲ (မှန်လှပါဘုရား) တကာတကာမတွေ ဘာတဲ့တုံး.... (ဖြစ်ဆင်းရဲ ပျက်ဆင်းရဲပါ ဘုရား)။

ဖြစ်ဆင်းရဲ ပျက်ဆင်းရဲဆိုတာ ဒါက သံယုတ်ပါဠိတော်မှာ လာပါတယ်၊ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" (မှန်ပါ)သောမာတို့ဘယ်သူတို့ ဟောတဲ့နေရာမှာ ဘယ် နေရာမှာဟောဟော ဒါဟောမှာဘဲ (မှန်ပါ) အေး-တကာတကာ မတို့ သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား) ခင်ဗျားတို့ သန္တာန်မှာ ဖြစ်ဆင်းရဲ, ပျက်ဆင်းရဲမှတပါး ချမ်းသာရှိပါသေး ရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဖြစ်ဆင်းရဲပျက်ဆင်းရဲက ဒုက္ခသစ္စာ-(မှန်ပါဘုရား) ဖြစ်ဆင်းရဲ ပျက်ဆင်းရဲ ပေါ်တိုင်း ပေါ်တိုင်း နောက် ဉာဏ် ကလေးလိုက်ပေးစမ်းပါ (မှန်ပါဘုရား) ဉာဏ်ကလေးလိုက်ပေး စမ်းပါ-(ဉာဏ်လိုက်ရမှာ) တကာတကာမတို့....(ဘုရား) ဘာ လိုက်မလဲ... (ဉာဏ်လိုက်ရမယ်) ဉာဏ်လိုက်ရမယ်—(မှန်ပါ)အဲဒီ

ဉာဏ်လိုက်လို့ ရှိယင်ဖြင့် ဒီဉာဏ်သည် ဆင်းရဲကို မြင်တဲ့ဉာဏ်.... (မှန်ပါ့ဘုရား)။

ဒီဉာဏ်သည် ဘာပါလိမ့်-(ဆင်းရဲကိုမြင်တဲ့ဉာဏ်ပါဘုရား) ဆင်းရဲကိုမြင်တဲ့ဉာဏ်၊ ဆင်းရဲတာက ဒုက္ခသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) မြင်တာက မဂ္ဂသစ္စာ(မှန်ပါ့) လောကီ မဂ္ဂသစ္စာဘဲ ရှိသေးတယ်၊ လောကုတ္တရာ နောက်မှ တက်ပေးရမယ် (မှန်လှပါဘုရား)သဘောကျပလား... (ကျပါပြီဘုရား)လောကီမဂ္ဂသစ္စာဘဲ ရှိပါသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ဒီတလုံးမြင်တာဟာ ကိုယ်အရှိကို ကိုယ်သိတာ....(မှန်ပါ့) ကိုယ့်အရှိကို- ကိုယ်သိပါတယ်ဘုရား)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)ကိုယ့်အရှိကို—(ကိုယ်သိပါတယ်ဘုရား)ကိုယ့်အရှိကို ကိုယ်သိတယ်ဆိုတော့ ဒါဖြင့် နဂိုရတုံးက တကာတကာမတွေမှာ ကိုယ့်အရှိဒုက္ခသစ္စာကို ကိုယ်အသိမလိုက်တုန်းက ကန်းနေသဟေ့—(မှန်ပါ့ဘုရား)ဘာကန်းတာတုန်းဆိုတော့သစ္စာမသိတဲ့အကန်း(မှန်ပါ့ဘုရား)သစ္စာမသိတဲ့ အကန်းဆိုတော့ဒုက္ခေအညာဏံ(မှန်ပါ့ဘုရား)ဒုက္ခေ=ဒုက္ခသစ္စာ၌ အညာဏံ=မသိတာဘဲ၊ မသိတာ ဘယ်သူတုံး....ဆိုတော့ ဒုက္ခေ အညာဏံ တရားကိုယ်ကောက်လိုက်ယင်အဝိဇ္ဇာဘဲ· (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲပေါ်တဲ့ ဖြစ်မှုပျက်မှုတွေမသိဘဲနဲ့ သေသွားတဲ့ တကာတကာမတွေဟာ မွေးတုန်းကလဲအကန်း....(အကန်းပါဘုရား) သေတော့ကော.... (အကန်းပါဘုရား) ဒါ့ကြောင့် ဘုန်းကြီးက မသာဘိတ်တဲ့အခါ အကန်းမသာလို့ ဘိတ်ပါလို့ ပြောတာ တကာတကာမတွေက နာသေးသလား.... (မနာပါ

ဘုရား)တကာတကာမတွေ နာသေးသလား.... (မနာပါဘုရား) ဩော်....ဒို့ဆရာ သိပ်ပြောပါလားလို ခင်ဗျားတို့က ဆိုချင်သလား၊ ကန်းတာကပိုသလား....(ကန်းတာကပိုပါတယ်)ကန်းတာက ပိုတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ မသိဘဲနဲ့ သေသွားမှာ အားလုံး ဒီအိမ်က တကာတကာမတွေရော့ အခုဆရာတကာဖြစ်ပြီး ကြုံကြဆုံကြတဲ့တကာတကာမတွေရော အကန်းလေးမွေးပြီး အကန်းသေသွားမှာလေ၊ စိုးရိမ်တာမရှိဘူး....(မှန်ပါဘုရား) မျက်စိနှစ်ကွင်းအလင်းမရဘူး-(မှန်ပါ) သိပ်ကြောက်စရာ မကောင်းဘူးလား.... (ကြောက်စရာကောင်းပါတယ်) အင်မတန် ကြောက်စရာကောင်းတယ်.... (မှန်ပါ)။

အဲဒီတော့ တကာတကာမတွေ မျက်လုံးထဲမှာ မြင်တဲ့စိတ်ဓာလေးဟာ ဖြစ်ပြီးပျက်သောကြောင့် .... ဒုက္ခသစ္စာ (ဒုက္ခသစ္စာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ) ဒါကလေးကို နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဩော်....မရှိဘူး၊ မြင်စိတ်ကလေးဟာမရှိတော့ဘူး၊ အခုအခါ လိုချင်တဲ့စိတ်သာ ရှိတော့တယ်၊ မြင်တဲ့စိတ်မရှိဘူးလို့ ကြားဖြတ်ကလေး သိလိုက်လို့ ရှိယင်ဖြင့် အဲဒါ မဂ္ဂသစ္စာခေါ်မယ်....(မှန်ပါ) မဖြစ်ဘူးလား....(ဖြစ်ပါတယ်)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလိုက်ကလေးကကော.... (မဂ္ဂသစ္စာ) အဲဒီတော့ ခုနကမြင်လို့ လိုချင်တယ်ဆိုတဲ့ လောဘကို မဂ်ကဝင်တားတယ် (မှန်ပါ) မတားဘူးလား....(တားပါတယ်ဘုရား) မြင်လို့ ဒေါသဖြစ်တယ်ဆိုတာကော လာသေးရဲ့လား.... (မလာပါဘုရား) မြင်တာကို ဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာကော လာသေးရဲ့လား.... (မလာပါဘုရား) ပဋိစ္စသမုပ္ပါဒ် သုံးချက်စလုံးဖြတ်တယ်(ပြတ်ပါတယ်ဘုရား) ရိပ်မိကြ

ပလား....(ရိုပ်မိပါပြီ) ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်ချက် ပြတ်သတုံး (သုံးချက်ပြတ်ပါတယ်ဘုရား)သုံးချက်ပြတ်တယ်ဆိုတော့တကာ တကာမတို့ ဒုက္ခက္ခန္ဓသဆိုတဲ့ ဒုက္ခအစုကြီးသုံးချက်စလုံး ပြတ်တယ်....(မှန်ပါ) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ ဒီထလုံးကြား ရတာနဲ့ ခင်ဗျားတို့ ဉာဏ်နားနှင့်သာ ထောင်မယ်ဆိုယင် သေပျော်တယ်....(မှန်လှပါဘုရား) ဘယ့်နှယ်ဖြေကြမလဲ.... (သေပျော်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အကန်းကမြင်လာတယ်.... (မှန်ပါ) အကန်းက ဘာဖြစ်တယ်.... (မြင်လာပါတယ်ဘုရား) မြင်လာတော့ကို တကာတကာမတို့ ရိုးရိုးမြင်တာလား - ဟုတ်လား ဟင်း....ဆရာသမားဆီမြင်တဲ့မြင်တာလား—လို့မေးယင် တကာတကာမတွေ ဘယ့်နှယ်ဖြေကြမယ်-(ဆရာသမားဆီမြင်တာပါဘုရား)။

ဒါ့ကြောင့် သောတာပန် တည်ချင်လို့ရှိယင် ကလျာဏမိတ္တ, သပ္ပုရိသူပသံသေဝ, မပါယင် ဘယ်တော့မှ မတည်ဘူးကွ၊ ဘုရားက ဟောချလိုက်တယ်.. (မှန်ပါ) သောတာပန် တည်ချင်တဲ့ အင်္ဂါဘာ်လေးပါးရှိတယ်.... (မှန်ပါဘုရား) သူက ရှေးဦးစွာ အရေးကြီးတယ်.... (မှန်ပါဘုရား) ဆရာသမား ကောင်းနှင့်တွေ့ဘို့ သိပ်အရေးကြီးတယ်-(မှန်ပါ) ရှင်းပလား- (ရှင်းပါပြီ ဘုရား)။

အဲသည်တော့ကို ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ မြင်စိတ်ကလေးဟာ စက္ခုဝိညာဏ်ဆိုတဲ့ ဥစ္စာဟာ ဦးသူတော်က ဗဟုသုတရှိတော့ ပြော်ဥဒပက္ခာပါလားဘုရား၊ မဆိုနိုင်ဘူးလား-(ဆိုနိုင်

ပါတယ်ဘုရား) ဥပေက္ခာကလေးပါလားတဲ့၊ ဥပေက္ခာဆိုတာ လိုချင်မှု၊ ရချင်မှု၊ ပြစ်မှားမှု ပါသေးသလား....(မပါပါဘုရား) မပါတော့ကို မြင်တာဘဲ..(မှန်ပါ) မြင်တာဘဲဆိုပြီး ဆောက်တယ်....(မှန်ပါ)မြင်ပြီးသကာလ သူ့နောက်က လိုက်တာတွေက သာ လောဘ၊ ဒေါသ၊ မောဟလိုက်တာဘဲ..(မှန်ပါဘုရား) သူ့နောက်ကလိုက်တာ သူရှိသေးသလား....(မရှိပါဘုရား) မြင်တာကလေးဟာ ဒုက္ခသစ္စာဘဲလို့ သိလိုက်တဲ့နောက် သိလိုက်သည်နှင့် တပြိုင်နက်တည်းတဲ့၊ တဏှာ ဘဏှာမတို့ မြင်တာက မဂ္ဂသစ္စာ..(မဂ္ဂသစ္စာပါ) မြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာ သွားတွေ့တော့ ဒါ မဂ်အစစ်လားဘုရားလို့ မေးတဲ့အခါကျတော့ ဒီမဂ်က တကာကြီးတွေ မဟောနိုင်သေးပါဘူး-(မှန်ပါဘုရား)သို့သော် ပုဗ္ဗဘာဂ မဂ်လို့တော့ ဟောရမယ်-(မှန်လှပါ ဘုရား) ရှေ့ပြေး မဂ်....(မှန်ပါ - ရှေ့ပြေးမဂ်ပါဘုရား) ရှေ့ပြေးမဂ်တော့ ဟောရတော့မယ်....(မှန်ပါ) ဘာကြောင့် ရှေ့ပြေးမဂ် အရှင်ဘုရားက ဟောနိုင်ရတုံး ဆြော်....ကိလေသာ တဒင်္ဂတော့ သတ်ပြီကွ..(မှန်ပါ)။

တဏှာဘဏှာမတွေ ဘယ့်နှယ်ဖြစ်မတုံး--(ကိလေသာ တဒင်္ဂသတ်ပါတယ်)ကိလေသာ တဒင်္ဂသတ်တယ်...(မှန်ပါဘုရား) အဲဒီတော့ ကိလေသာ တဒင်္ဂသတ်၊တဒင်္ဂမှ မသတ်လို့ရှိယင်ဖြင့် ခုနက သမုစ္ဆေဒဆိုတာ အမြစ်ပြတ်အောင် သတ်တဲ့ မဂ်ဉာဏ် လိုက်နိုင်ပါမလား.... (မလိုက်နိုင်ပါဘုရား) မလိုက်နိုင်တော့ ဒါဆရာသမားတာဝန်က ဒီမှာ .(မှန်ပါ)သဘာကျပလား....(ကျပါပြီ)ဟို·အမြစ်ပါဖြတ်ဘို့·သတ်ဘို့ရာ အလုပ်ကတော့ ပွါး

များတဲ့အပေါ် မှာမှီတယ်....(မှန်ပါ့) မမှီဘူးလား....(မှီပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီတကာတကာမတွေမှာ ခုနကမြင်တဲ့စိတ်က လေးကိုဘဲ မြင်ပြီးသည်နှင့် တပြိုင်နက်တည်း ဖြစ်ပြီး ပျက်တာကို ခင်ဗျားတို့က ဆင်ခြင်ပေးပါ....(မှန်ပါ့ဘုရား) ခင်ဗျားတို့က.... (ဆင်ခြင်ပေးရမယ်) သူကတော့ဖြင့်တဲ့၊ တကာတကာမတွေ မှတ်လိုက်စမ်းပါ၊ သူကတော့ဖြင့် ဦးမြကြီးတို့ ဟောဘူးပါတယ်၊ "ဟေ=လာခဲ့ပါ၊ ပဿ=ငါ့ကိုရှုပါ"လို့ သူက ခေါ်နေတယ်....(မှန်ပါ့ ခေါ်ပါတယ်ဘုရား)။

မြင်စိတ်ကလေးက....(မှန်ပါ့ဘုရား)။
ဟေ........ (လာခဲ့ပါ)။
ပဿ .. .... (ရှုလော့)။
ငါ့ကို ရှုပါ........ (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က မရှုမိဘူး၊ ရှောင်လွှဲနေတော့ အဝိဇ္ဇာဝင်တယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ ဟေပဿိကောဟာ၊ ဟေ-က လာခဲ့ပါ၊ ပဿ-က ရှုပါဆို၊ မြင်စိတ်က ပေါ်လာတယ်... (မှန်ပါ့) ကြားစိတ်ကကော...(ပေါ်ပါတယ်ဘုရား)။

နို့-ပေါ်တာ ခင်ဗျားတို့က ဘယ့်နှယ်ကြောင့် မသွားတာတုံးလို့ဆိုတော့ တပည့်တော် မသွားတတ်လို့ပေါ့....(မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်) မသွားတတ်တာလဲ သူ ခေါ်ရာကို မသွားတတ်တာသည် ခေါ်တာလဲ မကြားလို့ပေါ့....(မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား) ခေါ်တာ မကြားတာက အဝိဇ္ဇာ၊ ခေါ်တာ မကြားတာက

(အဝိဇ္ဇာ)ဒါဖြင့် တကာတကာမတို့....သွားပြီ....(မှန်ပါ) အဝိဇ္ဇာ ပစ္စယာ သင်္ခါရလှည့်သွားပြီ....(မှန်လှပါဘုရား)မလှည့်သေးဘူးလား....(လှည့်ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေမှာခင်ဗျားတို့ တရား ဒီနေ့ည ထူးထူးလည်လည် ဟောနေတယ်လို့ ခင်ဗျားတို့က....“(ဒို့မန္တလေးက ဆရာသမား ပင့်လာတာ ထူးထူးလည်လည် နာရလိမ့်မယ်”လို့) အောက်မေ့ မနေနှင့်၊ ဟေတုပဿိကော သဘောကျယင် တော်ပြီ....(မှန်လှပါဘုရား) သဘောပေါက်ကြလား....(ပါ-ပါပြီဘုရား)။

ဟေတု က ဘာတုံး....(လာလှည့်ပါဘုရား)။

ပဿ ကတော....(ရှုလှည့်ပါဘုရား)။

သူက လာပြီး ရှုပါလို့ ခေါ်နေတယ်....(မှန်ပါ)ဒီမြင်စိတ်ကလေးက ကျုပ်သဘောကို ကြည့်ကြစမ်းပါ (မှန်ပါ) ကျုပ်ကို ရှုကြစမ်းပါ၊ မပြောဘူးလား....(ပြောပါတယ်ဘုရား) ပြောမှ ခင်ဗျားတို့က ကျောခိုင်းနေတယ်.... (မှန်ပါဘုရား)သဘောပေါက်လား....(ပါ-ပါပြီဘုရား)ကျောခိုင်းနေတာ ဘယ်သူပါလိမ့်မတုံး လက်သည်ရှာ....အဝိဇ္ဇာ။

ဒါဖြင့် ‘‘အဝိဇ္ဇာ ပစ္စယာ သင်္ခါရ”ဘက် လှည့်သွားပြီ....(လှည့်သွားပါပြီ) ဒါဖြင့် ခင်ဗျားတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတာ ဘာဖြစ်လို့ ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ဟေတုပဿိကော- ခေါ်ရာ မလိုက်လို့ သဘောကျပလား....(ကျပါပြီဘုရား) ဘယ်သူခေါ်ရာ မလိုက်လို့လဲ .... (ဟေတု ပဿိကော-ခေါ်ရာ မလိုက်လို့)အဲဒီတော့ ဘုရားက ဟေတု ပဿိကော၊ ဟေတု လာခဲ့ပါ၊ ပဿ=ရှုပါလို့ ဒီ မြင်စိတ်ကလေးကလဲ ခေါ်တာဘဲ၊

ကြားစိတ်ကလေးကကော... (ခေါ်တာဘဲ)အကုန်ခေါ်တာဘဲ၊ ကျန်တဲ့ ရှုစိတ်ကကော...(ခေါ်ပါတယ်ဘုရား)။

ဪ....ခင်ဗျားတို့ ခေါ်ရာ မသွား မခေါ်ရာ သွားလို့ အပါယ်ရောက်နေတယ်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခေါ်ရာကိုတော့... (မသွားပါဘုရား)။

မခေါ်ရာတော့....(သွားပါတယ်ဘုရား)။

အံမာ....တယ် လောကွတ်များတဲ့ လူတွေပါကလား-(မှန်ပါ့ဘုရား)လောကွတ်များလို့ အပါယ်သွားနေတာ (မှန်ပါ့ဘုရား) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နာရီကလဲ သိပ်ပြီးတော့ပြာချိန် မရဘူး၊ တနာရီကလဲ ပြည့်တော့မယ်၊ ၁၀- မိနစ်လောက်ဘဲ လိုတော့တယ်....(မှန်ပါ့) ခင်ဗျားတို့ သေသေချာချာ မှတ်ပါ၊ ဧဟိ ပဿိကော- ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့် လိုက်ပါ....(မှန်ပါ့ဘုရား)ဘယ့်နှယ်လဲ....(သန္ဒိဋ္ဌိကောနှင့် လိုက်ပါ)။

သန္ဒိဋ္ဌိကော ဆိုတာကလေး နည်းနည်း ရှင်းပေးပါဦးမယ်၊ ၁၀ မိနစ် အတွင်းမှာ။

သန္ဒိဋ္ဌိကောတိ **သာမံ ပဿိတဗ္ဗော**။

သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော= မြင်အောင် ကြည့်ပါ... (မှန်ပါ့)မြင်အောင် ရှုပါ....(မှန်ပါ့ဘုရား)။

ခေါ်တာ ခေါ်တဲ့ဆီ မြင်အောင်ကြည့်ပါ၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)ခေါ်တဲ့ဆီကို....(မြင်အောင် ကြည့်ရပါမယ်ဘုရား) ဒါဖြင့် ပေါင်းကြစို့....(မှန်ပါ့ဘုရား)။

ဧဟိ ပဿိကောက ဘာပါလိမ့်.... (လာခဲ့လို့)လာခဲ့လို့ ခေါ်တာ၊ လာလှည့်၊ ရှုလှည့်ဆိုတော့ စာသံ ပေသံ ပါနေမှာ

စိုးလို့....(မှန်ပါ့ဘုရား)ဟုတ်လား....(မှန်ပါ့) ဟေ=လာခဲ့ပါ၊ ပဿ=ရှုပါ၊လာရှုစမ်းပါ....(မှန်ပါ့) သဘောကျပလား(ကျပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့က လာရှုပါ ဆိုတဲ့ဥစ္စာကို ဘာနဲ့ သွားရှုရမှာတုံး ဘုရား ဆိုတော့ သာမံ ပဿိတဗ္ဗာ၊ သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော=မြင်အောင် ရှုလိုက်စမ်းပါ.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား) သာမံ=ကိုယ်တိုင် ပဿိတဗ္ဗောက....(ရှုရမယ်)မြင်အောင် ရှုပေးပါ။

ဒါဖြင့် ဟေပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့်လိုက်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဟေ ပဿိကော= ခေါ်ရာကို....(သန္ဒိဋ္ဌိကောနှင့် လိုက်ရပါမယ်) အဲဒါ ခင်ဗျားတို့ ချတ်ယှဉ်းချက်က ဟေ ပဿိကော ကသာအာပေါက်အောင် ခေါ်တာ၊ သန္ဒိဋ္ဌိကောကလဲ ကျောချည်းခိုင်းတယ် .... (မှန်ပါ့ ဘုရား)ဩော်....ဒါဖြင့် နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးလိမ့်မယ် (နိဗ္ဗာန်မရောက်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်နည်းနှင့်မှ မရောက်ဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဗိဥစ္စာ "ဟေ ပဿိကော သန္ဒိဋ္ဌိကော အကာလိကော၊ ဟေ ပဿိကော" အလုပ်စဉ် ရယ် လို့ ကို မမှတ်ဘူး၊ တရားပူဇော်တာလို့ မှတ်တယ်(မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဘာလုပ်နေကြသလဲ....(တရားပူဇော်နေကြတယ်)။

ဩော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောထားတာက ပူဇော်ဘို့ ဟောတာလား....၊ ဟေ=လာခဲ့ပါ၊ ပဿ= ရှုပါလို့ ဟောတာလား....(လာပါ-ရှုပါသို့ဟောတာပါဘုရား)လာခဲ့-ရှုလာပြီး ရှုလို့... (မှန်ပါ့ဘုရား)မဟောဘူးလား....(ဟောပါတယ်

ဘုရား) အဲဒါကို ခင်ဗျားတို့က လစဉ်ရှုရမည့်ဥစ္စာ ကိုယ်တော်ကြီး ကျေးဇူးတင်လိုက်တာ ဆိုတော့ အလွဲသုံးနေတယ် .... (မှန်ပါ ဘုရား သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဘာသုံးနေကြတယ်... (အလွဲသုံးနေကြပါတယ်ဘုရား) အလွဲ သုံးလို့မှ အပါယ်မရောက်လို့ရှိယင်တော့ မတတ်နိုင်တော့ဘူး- (မှန်ပါဘုရား) အတော်ဆိုးဝါးသွားတယ်ဆိုတာပေါ်ကြပလား (ပေါ်ပါပြီဘုရား)အေး ဒါကြောင့် ဒီ တကာတကာမတွေကို သုံးလုံးတည်း ဟောပါတယ်လို့မှတ်ပါ....(မှန်ပါ)။

ဟေတုပစ္စယော- အစေ့သမား။

သန္နိဿယော- အရှုသမား ၊

ပြီးတော့မှ ငါသည် ဟေတုပစ္စယော ခေါ်ရာကို အဖြစ် အပျက်က ခေါ်ရာကို၊ သန္နိဿယော သာမံ ပစ္စယတမ္ပ္ပောနှင့် ကိုယ်တိုင်ဆိုတာ ဉာဏ်ကို ဆိုပါဘယ်.... (မှန်လှပါဘုရား) အဲဒီ ဉာဏ်နှင့်သာ ရှုပေးစမ်းပါ။

ဉာဏ်နှင့်ရှုသို့ရှိယင်ဖြင့် အကာလိကော အခါမလင့်အကျိုး ပေးမယ်က.... (မှန်ပါဘုရား) ဘာတဲ့တုံး....(အခါမလင့် အကျိုး ပေးပါမယ်ဘုရား)ပေး့မပေး ဘုန်းကြီး ရှင်းပြမယ် .... (မှန်ပါ ဘုရား)ခင်ဗျားတို့ ပေး့မပေး ချက်ခြင်း ရှင်းပြမယ်နော် ....၊ ဘယ်လို ရှင်းပြရတုံးလို့ မေးတဲ့ အခါကျတော့ ကဲ....တုံးစံ ဒီတိုင်းကတော့ မြင်တယ်,လိုချင်တယ်,စွဲသမ်းတယ်, အားထုတ် တယ်.... မှန်ပါ)။

ဒီသုံးခု မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား) အဲဒီတော့ သုံးခု လိုက်ယင်တော့ ကံမြောက်ပြီ (မြောက်ပါပြီ) သုံးခုလိုက် ယင် ကံမြောက်ပါပြီ။

ကဲ....ဒါဖြင့် မြင်တဲ့စိတ်ကလေးကို ဖြစ်ဒုက္ခ· ပျက်ဒုက္ခ ခင်ဗျားတို့က ဖြတ်ပြီး ဉာဏ်နှင့်လိုက်-လိုက်ပါ.... (မှန်ပါ့ဘုရား) အဲဒီတော့ကို ဗဟိ ပဿ ကော ခေါ်ရာကို ဉာဏ်နှင့်လိုက်·လိုက်တဲ့အတွက် သန္တိဋ္ဌိကော မဖြစ်ဘူးလား....(ဖြစ်ပါတယ်) အကာလိကောဆိုတော့ တဏှာ, ဥပါဒါန်, ကံလဲ ချက်ခြင်းသေတယ်၊ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် တဏှာ,ဥပါဒါန်, ကံ, သေတာ ငါဘယ်သွားဦးမှာလဲလို့ မေးဘို့လိုသေးသလား....(မလိုပါဘုရား) ဒါ ခင်ဗျားတို့ ဘယ်နှယ်ကြောင့် ဒီအသေ သေရပါလိမ့်မတုံး ဆိုတော့ အို....ဝိပဿနာမဂ်ကပယ်ချလိုက်ဘာ....(မှန်လှပါ) ဘယ်သူက ပယ်ချလိုက်တာတုံး (ဝိပဿနာမဂ်က ပယ်ချလိုက်တာပါဘုရား)ဝိပဿနာမဂ် နည်းတဲ့ သတ္တိမဟုတ်ဘူး.... (မှန်ပါ့ဘုရား) ဒါမလုပ်ဘဲနှင့် ခင်ဗျားတို့အပါယ် လွတ်လိမ့်မယ်လို့ ဘယ်ဘုရားမှမဟောဘူး....(မှန်ပါ့ဘုရား)ဟောနိုင်ပါ့မလား.... (မဟောနိုင်ပါဘုရား)။

ဒါနကလဲ မလွတ်ဘူး၊ဝမ်းမြောက်ပါတယ်၊ဘုန်းကြီးတို့ အလှူခံစားဘဲ၊ဒါနလုပ် ဝမ်းသာတာပေါ့၊မဟုတ်ဘူးလား- (မှန်ပါ့) သီလ ဆောက်တည်နေယင် ကြော်....သီလဆောက်တည်တယ်ဆိုယင်ဖြင့် ကျောင်းလာမှာဘဲ၊လာယင်ဖြင့် ဆွမ်းတို့ ကွမ်းတို့တော့ဖြင့် ကျောင်းမှာ ဒါနလဲ ပါလာမှာဘဲလို့ ဝမ်းသာရမှာပေါ့ (မှန်ပါ့)မဟုတ်သေးဘူး ...တဲ့၊ ဒါနှင့် မပြီးသေးဘူး၊ .... (မှန်ပါ့ဘုရား)ပြီးကြပါ့မလား....(မပြီးပါ) မပြီးသေးဘူးတဲ့၊ အများကြီး လိုနေတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို ယနေ့ပြောတာက ဟေပဿတော ခေါ်ရာကို ဘာနဲ့လိုက်ရမယ်....(သန္ဒိဋ္ဌိကောနဲ့) သန္ဒိဋ္ဌိကောနဲ့ လိုက်ယင် ဘယ်လို အကျိုးပေးမလဲ....(အကာလိကောပေးပါတယ်)အခါ မလင့် အကျိုးပေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီ အခါမလင့် အကျိုးပေးမှာကို ခင်ဗျားတို့ကို ဘုန်းကြီး က တန်းဆာဆင်ပြီး မန္တလေးက ထွင်လာတာလား၊ ခင်ဗျား တို့ရပြီးသားရှင်းပေးတာလား (ရပြီးသားရှင်းပေးတာပါဘုရား) ရပြီးသား ရှင်းပေးတယ်....(မှန်ပါ)သို့သော် ခင်ဗျားတို့နဂိုရက သောက်ဆေးကြီးတွေကို လိမ်းဆေးလုပ်နေတယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ဟာ နဂိုရက ဘာလုပ်နေသလဲ....လိမ်းဆေးလုပ်နေ တယ်၊ လိမ်းဆေးလုပ်နေတယ်ဆိုတာ ဓမ္မာနုဿတိ ပွားလုပ်နေ တာ....(မှန်ပါ့ဘုရား)ဘယ့်နှယ်လုပ်နေသတုံး .... (ဓမ္မာနုဿတိ ပွားလုပ်နေပါတယ်) ဓမ္မာနုဿတိဆိုတော့ သမထဘက် သွား ပေါ့....(မှန်ပါ)ခုလို လာတိုင်း လာတိုင်း ရှုပေးမယ်ဆိုတော့ ဝိပဿနာဘက် သွားလုပ်နေတယ်....(မှန်ပါ့ဘုရား)။

ကဲ....ဟောပုံသာ သေသေချာချာ စဉ်းစားကြည့်တော့ ဓမ္မာ နုဿတိ သာမန် ဟောတာလား ဘုရားပါဋ္ဌိကြည့်.... (မှန်ပါ) ဝိပဿနာလုပ်ပုံ သန့်သန့် ဟောတာလား .... (ဝိပဿနာလုပ်ပုံ သန့်သန့်ဟောတာပါဘုရား) ဝိပဿနာအလုပ် သန့်သန့် ဟော တာကို ခင်ဗျားတို့ ဘယ်ဆရာက ဘယ်လိုသင်ထားတယ် မပြော တတ်ဘူး အရေးရှိမှ မိုးကြိုးပစ်မှ ရွတ်တယ်.... (မှန်ပါ့ဘုရား) အတော်ဆိုးနေတယ်၊ မဆိုးဘူးလား-ဆိုးသလား (ဆိုးပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဦးသံဒိုင်ကလဲ သူ့ ကျေးဇူး တင်ပြီးသကာလ သူပင့်တယ်၊ ကျောင်းအမှတ် သီတင်းသုံးပါလို့ ဗိကတကာတကာမတွေကိုလဲအင်မတန်မှကျေးဇူးများစေချင်လို့ သာပင့်တာဘဲ(မှန်ပါဘုရား)သဘောပါကြရဲ့လား(ပါ-ပါပြီ ဘုရား)ကဲ...ဒီနေ့ သုံးလုံးတည်း ဟောတယ်.... (မှန်ပါ)ဧဟိ ပဿိကော တချက်ဟောတယ်.... (မှန်ပါ) သဘောကျရဲ့လား (ကျပါပြီ)။

အဲဒါ ဘာနဲ့လိုက်ရမလဲ.... (သန္ဒိဋ္ဌိကောနဲ့) သန္ဒိဋ္ဌိကောနဲ့ လိုက်-လိုက်လို့ရှိယင် ခင်ဗျားတို့ နက်ဖြန်မှ အကျိုးပေးမလား၊ ရှုရင်း အကျိုးပေးမလား.... (ရှုရင်း အကျိုးပေးပါတယ်ဘုရား) ဘာတဲ့တုံး— ပါဠိတော်က... (အကာလိကော)ပါ၊ အကာလိကော န ကာလန္တရေ ဝိပါကော .... (မှန်ပါဘုရား)နကာလန္တရေ=ကာလမခြားဘဲနဲ့၊ ဝိပါကော=အကျိုးကိုပေး၏၊ ဆိုတော့ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား)။

မဆက်နိုင်ယင် ဟိုဘက် ဒုက္ခက္ခန္ဓာ လာသလား- မလာဘူးလား.... (မလာပါဘုရား) ဟော- ခင်ဗျားတို့ဟာ တပည့်တော် ဒုက္ခခပ်သိမ်းကင်းငြိမ်းရပါလို၏ ဘုရား၊ဆွမ်းနဲ့ကွမ်းနဲ့ ဆုတောင်းလို့ရှိယင် တယ်ကြောက်စရာ ကောင်းပါလား- ဘာမှမဆိုင်ဘူး ဗိဥစ္စာ ဘာမှ မဆိုင်ဘူး။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းရပါလို၏ ဆိုပြီးသကာလ ခင်ဗျားတို့ ဆုတောင်းနေယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာ မသိလို့ရှိယင် ဒုက္ခကင်းငြိမ်းမယ်လို့ ငါလဲမဟောဘူး၊ ငါ

နောင်တော်ဘုရားတွေလဲ မဟောဘူး....(မှန်ပါဘုရား)ငါ့နောင်တော်တွေ ဟောရဲ့လား....(မဟောပါဘုရား)မဟောဘူး။

ဒါဖြင့် တကာတကာမတို့ .... ခင်ဗျားတို့ .... သန္တာန်ထဲမှာ နောက်တော့ အကွက်ချပြီးတော့ သင်မယ်၊ ကျေးဇူးများအောင်လို့ ရှက်ဆောင်မှာပေါ့လေ....(မှန်ပါ)ကျုပ်တို့ ခန္ဓာကိုယ်ကလဲ အနတ္တ၊ ခင်ဗျားတို့ကလဲ အနတ္တ....(အနတ္တပါဘုရား)အနတ္တ အနတ္တချင်း ထိန်းနေတယ်....(မှန်လှပါဘုရား) အနတ္တ- အနတ္တချင်းထိန်းနေတယ်တကာတကာမတွေသဘောကျရဲ့လား(ကျပါတယ်ဘုရား) သင်ပေးနိုင်လိမ့်မယ်လို့ ထင်သလား .... (ထင်ပါတယ်) မထင်ဘူး-မထင်ဘူး၊ ဒီအချိန် အကောင်းဆုံးမှတ်ပါ....(မှန်ပါဘုရား)။

ဒီနေ့ သုံးလုံးဟောသွားတယ်၊ ဩော်....ဒီသုံးလုံးနှင့် အလုပ်လုပ်ယင် နိဗ္ဗာန်ရောက်တယ်.... (မှန်ပါဘုရား) နိဗ္ဗာန်ဆိုတာ တခြားလား... ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို ဆိုတာလား.... (ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို ဆိုတာပါဘုရား) နိဗ္ဗာန် သေသေချာချာမှတ်.... (မှန်ပါ) နိဗ္ဗာန်ဆိုတာ မြို့ကြီးလား .... ပြကြီးလား.... ဒုက္ခတွေ မလာတာဆိုဘာလား- အဲဒါ .... (ဒုက္ခတွေ မလာတာ ဆိုတာပါ ဘုရား) ဒုက္ခတွေ မလာတာ ဆိုတာ .... (မှန်ပါ)ဒုက္ခ ဖြစ်ကြောင်းတွေ မလာဘူး၊ ဒုက္ခတွေကော....(မလာတာပါဘုရား)။

ကဲ.... ရှင်းဦးမယ်၊ အဲဒီဉစ္စာ တကာတကာမတို့ မြင်စိတ်ကလေးဟာ မြင်ပြီး တော့ ပျက်သွားတာကို ဟိုဏာ ဇဟိပဿိဓောနဲ့ ခေါ်ပြီး၊ ပျက်သွားတဲ့ဓမ္မကဲ....(မှန်ပါ)သဘောကျရဲ့လား.... (ကျပါတယ်ဘုရား) အဲဒါ ဘာနဲ့ လိုက်ရမတုံး

(သန္နိဋ္ဌာနကောနဲ့ပါ) သန္နိဋ္ဌာနကောနဲ့ လိုက်....(မှန်ပါ) သန္နိဋ္ဌာနကော ဆိုတော့၊ သာမံ ပဿိတဗ္ဗော ဉာဏ်နဲ့ လိုက်.... (မှန်ပါဘုရား) ဉာဏ်နဲ့ လိုက်-လိုက်တဲ့အခါကျတော့ကို...တဲ့ တဏှာ ဥပါဒါန်ကံ ချက်ခြင်းမချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါ အကာလိကော သဘောကျပလား.. (ကျပါပြီဘုရား) အခါမလင့် အကျိုးပေးဆိုနေတော့ ရက်ဆိုင်းသေးသလား.... (မဆိုင်းပါ) အခုရှု အခုအကျိုးပေးတာ....(မှန်ပါဘုရား) အဲဒီတော့ကို စဉ်းစားလိုက်တော့ တဏှာ ချုပ်တာက တဏှာ ဥပါဒါန် ချုပ်တာ ကိလေသဝဋ် ချုပ်တယ်.... (မှန်ပါဘုရား) ဟိုကံက လာသေးရဲ့လား....(မလာပါဘုရား)။

ဒါက ကမ္မဝဋ်ကျွတ်တယ်...(မှန်ပါ)နောက်ဘဝ ဇာတိဇရာ မရဏ လာသေးသလား....(မလာပါဘုရား)အဲဒါ ဝိပါက ဝဋ် ကျွတ်သွားတာပေါ့--(ဝိပါကဝဋ်ကျွတ်သွားတာပါ)ဝဋ် သုံးပါးမှ ကျွတ်ရပါလို၏ ဆုတောင်းရမှာလား၊ လုပ်ရမှာလား.... (လုပ်ရမှာပါဘုရား)။

အမယ်လေး—ခင်ဗျားတို့ပြောရတာ မလွယ်ဘူးနော်(မှန်ပါ) မလွယ်ဘူး၊ ခင်ဗျားတို့က ဘုရားရှေ့ ဝဋ်ဘဝတိုတိုနဲ့ ကိုယ့်ပါးစပ်က ရှည်နေတာတော့ သိတာမဟုတ်ဘူး၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)အင်မတန် ဆိုးဝါးတယ်ဆိုတာ ပေါ်ပြီနော်-(မှန်ပါဘုရား) မသိတာတွေ သိပ်များတာ ...(မှန်ပါ ဘုရား) မသိတာတွေက သိပ်များပါတယ်။

ပြီးတော့ ဘုန်းကြီးဆီမှာ တရားနာကြတယ်၊ ခင်ဗျားတို့ ကုသိုလ်ဖြစ်အောင် မနာနဲ့၊ ဦးမြ....(မှန်ပါဘုရား) ခင်ဗျားတို့ ရှေးထုံးကို ဖြတ်လိုက်ပါ....(မှန်ပါဘုရား) ကုသိုလ်ဖြစ်အောင်

တော့ မနာနဲ့....(မှန်ပါ့)သဘောကျရဲ့လား....(ကျပါပြီဘုရား) သစ္စာသိချင်ယင်တော့ နာ....(မှန်ပါ့ဘုရား)ကုသိုလ်ဖြစ်ချင်ယင် ရေအိုးစင် သွားတည်ဗျ ...(မှန်ပါ့) ကုသိုလ်ဖြစ်နေတာဘဲ.... (မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဟိုနားသွား တံမြက်စည်း လှဲတာပေါ့ဗျာ၊ အဝင်ပေါက် နံနက် ဘုန်းကြီးတွေ ထွက်ဦးမှာဘဲ....(မှန်ပါ့) အဲဒါ ကုသိုလ် ဖြစ်ပါတယ် မလိုချင်ဘူး....(မှန်ပါ့) နိဗ္ဗာန် မရောက်သေးဘူး ... (မှန်ပါ့) ကုသိုလ်ဖြစ်ချင်ယင် လှယ်တယ်....(မှန်ပါ့) သစ္စာ သိဘို့က ခက်တယ်... (မှန်ပါ့) ဟိုဟာက ကုသိုလ်ဖြစ်တာက ကံ ဆက်တာ....(မှန်ပါ့)သစ္စာသိတာက ကံဖြတ်တာ....(မှန်ပါ့)။

ဒါကို ခွဲရဦးမှာ....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) ကုသိုလ် ဖြစ်တာက ဘာတဲ့တုံး....(ကံဆက်တာပါဘုရား) ဟင်း....အင်....အခုပြောတဲ့ သစ္စာသိတာက ဘာတုံး(ကံဖြတ်တာ ပါ) ခင်ဗျားတို့ကို ရှင်းရှင်းကလေး ပြောပါမယ်၊ ဘုရားဟာ ဝေဿန္တရာမင်း လက်ထက်မှာ သိပ်လှူတယ်(မှန်ပါ့)တိုင်းပြည်ပါ လှူတယ်....(မှန်ပါ့) အဲဒီကံတွေ အကျိုးပေးမှာစိုးလို့ပေါ့....။ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မဂ်အလုပ် လုပ်ရတယ်....(မှန်လှပါ ဘုရား)အဲဒီတော့မှ ကံတွေပြတ်တယ်... (မှန်ပါ့)။

အဲဒီတော့ ကုသလာကုသလံဇဟံ(မှန်ပါ့)သူ လှူဆိုးကြီးဘဝ တုန်းက လုပ်ခဲ့တဲ့ အကုသိုလ်တွေလဲ အဲဒီမှာအကုန်ဖြတ်တယ်.... (မှန်လှပါ) သူလုပ်ထားတဲ့ ကုသိုလ်တွေကော....(ဖြတ်ပါတယ် ဘုရား)အဲဒီ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပြတ်တယ်....(မှန်ပါ့) ကံပြတ်လို့ ဘုရားဖြစ်တာ....(မှန်ပါ့ဘုရား) ရိပ်မိပလား(ရိပ်မိ ပါပြီ) ခင်ဗျားတို့က ငါးချည်း လှတ်နေ၊ ကံဆက်နေတယ်....

ပြတ်မှာမဟုတ်ပါဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီ) ကံဆက်ယင် ဒုက္ခရောက်မယ်နော်....(ရောက်ပါလိမ့်မယ်) မယုံ ရွတ်ကြည့် ကမ္ဘာ့ဝပစ္စယာ....(ဇာတိပါဘုရား)။

ကဲ....ဆက်သွားတာ မြင်လိုက်ပသား....(မှန်လှပါဘုရား) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား) ဆက်ချင်သေးသလား.... (မဆက်ချင်ပါဘုရား)ကဲ....ဒါဖြင့် မဂ်ကံကို ကြိုးစားပါ(မှန်ပါဘုရား)တကာတကာမတို့နော်....(မှန်ပါ) ဘာကြိုးစားရမတဲ့.... (မဂ်ကံကြိုးစားရမယ်) သူလဲ ကံဘဲ...(မှန်ပါ) သို့သော်....ကံပေမဲ့ သူများ ဖြတ်တဲ့ကံ....(မှန်ပါ) ဒီကံမျိုး လုပ်ကောင်းတယ် (လုပ်ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် မကွဲမှာသိပ်စိုးရိမ်တယ် (မှန်လှပါဘုရား) ခင်ဗျားတို့ ဆွမ်းကပ်တယ်၊ ဟောဒီ ခန္ဓာဝန်ထဲမှာရှိတဲ့ ဒုက္ခသစ္စာကို ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုယင် နက်ဖြန် ဘာနဲ့ကပ်ကပ် သိပ်အဘိုးတန်တယ်...(မှန်ပါ)။

ဒီလိုဘဲ ပေါများပါရစေ ဆိုလို့ရှိယင် သွားပြီ၊ အသေရှာဘာဘဲ.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) အင်မတန်ကြောက်စရာ မကောင်းဘူးလား .... (ကြောက်စရာ ကောင်းပါတယ်)ကိုင်း....နာရီကလဲ ဇစ့်သွားလို့ ဘော်ကြဦးစို့၊ နက်ဖြန်မှ ဟောမယ်....(မှန်ပါ)။

သာဓု....သာဓု....သာဓု

၇-၇-၆၂ ရက်နေ့ညဥ့် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမသော
ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြတ်ရေး အလုပ်ပေးတရားတော်

တေဝိဇ္ဇ ဝဏ္ဏဂေါတ္တသုတ်

အားလုံးတကာတကာမတွေ တရားနာကြတယ်ဆိုတာ အင်မတန်ကောင်းတဲ့ စကားပါဘဲ၊ တရားနာတယ် ဆိုကာဘည်းက တပည့်တော်တို့ ဒီအချိန်မှာ မတရားတာ မလုပ်ဘူးဆိုတဲ့ အချိန်ပိုကို တရားနာတယ်ဆိုတဲ့ စိတ်ကဘဲ ဆုံးဖြတ်ချက် ချပြီးပါပြီ။

တရားနာတယ် ဆိုဘာသည်ကားလို့ဆိုယင် မတရားအလုပ်ကို မလုပ်ပါဘူးဆိုတဲ့ အချိန်ဘဲလို့ ဆုံးဖြတ်ချက်ချပါ(မှန်ပါ့) တရားနာတယ်ဆိုဘာ ဘာပါလိမ့်....(မတရားတဲ့အလုပ်ကိုမလုပ်တော့ပါ)မတရားတဲ့အလုပ်ကို မလုပ်တော့ဘူးလို့ ဖြစ်ပေါ်တဲ့ အချိန်... (မှန်ပါ့) သဘောကျပလား.... (မှန်ပါ့) မတရားတဲ့ အလုပ်(မလုပ်တော့ပါ)မလုပ်တော့ဘူးလို့ ဖြစ်ပေါ်တဲ့ အချိန်လို့ ဆုံးဖြတ်ချက်ချပါ။

အဲဒီတော့ ဒီ တကာတကာမတွေမှာ ဒီအချိန်ကလေးမှာ ကိလေသာ ရပ်စဲနေတယ်လို့ဆိုရမယ်၊ဘာ ရပ်စဲနေကြသလဲ .... (ကိလေသာ ရပ်စဲနေကြပါတယ်ဘုရား)။

ဘာဖြစ်လို့ ကိလေသာ ရပ်စဲသလဲလို့ မေးတဲ့အခါကျတော့ တရားကို ယောနိသော မနသိကာရက နှလုံးသွင်း မှန်နေတဲ့အတွက် ကိလေသာ ရပ်စဲနေတယ်လို့ မှတ်ရမယ်(မှန်ပါ့ဘုရား)

နှလုံးသွင်း မှန်နေတဲ့အတွက် ဘယ့်နှယ်ဆိုကြမလဲ....(ကိလေသာ ရပ်စဲနေပါတယ်) နှလုံးသွင်းမှန်နေတဲ့အတွက် ကိလေသာ ရပ်စဲနေတယ်ဆိုတာ သဘောကျဖို့ အရေးကြီးပါတယ်။

အဲဒီတော့ ဒီ တကာ တကာမတွေမှာ နှလုံးသွင်း မှန်ဖို့ရာ ဘုန်းကြီးများက ကြုံကြိုက်တဲ့အခါမှာ ခင်ဗျားတို့ တောင်းပန်လို့ တရားမမှကို ဟောဆိုနေတာသည် ဘာပါလိမ့်မလဲလို့ မေးလို့ရှိယင် နှလုံးသွင်းမှန်ဖို့၊ ခင်ဗျားတို့ ခန္ဓာမှာ ရှိတဲ့.... ပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ ဒါကိုဘဲ ဟောပြောနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ....(တင်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေ မှတ်ဖို့ရာ ဝတ္ထုတခုထုတ်ပြီးပြပါမယ်၊ တေဝိဇ္ဇ-ဝစ္ဆဂေါတ္တဆိုတဲ့သုတ် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဝစ္ဆဂေါတ္တဆိုတဲ့ ပုဏ္ဏားကြီးက ကေပုဏ္ဍရိက ဆိုတဲ့ ကျောင်းမှာ သီတင်းသုံးပြီးသကာလ နေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ဆွမ်းခံကြွမလို့.... စောပါသေးတယ်လေ။ မဟာဝစ္ဆတို့ဆီဘဲ ငါ ဝင်ပြီးသကာလ အလ္လာပ-သလ္လာပ ပြောစရာရှိတာ ပြောပါဦးမယ်လို့ ဒီထဲမှာဘဲ ဝင်သွားတယ်။

အဲဒီလို ဝင်သွားတဲ့အချိန်မှာအလ္လာပ-- သလ္လာပ = အတုန့်အပြန်ဆိုတဲ့ အောက်မေ့ဘွယ် ဝမ်းမြောက်ဘွယ် စကားတွေပြောပြီးသည့်နောက် မေးလိမ့်မယ်နော်၊အရှင်ဘုရား... တဲ့၊ အရှင်ဘုရား နာမည်ဟာ တယ်ကြီးတယ်၊ တပည့်တော်တို့ ကြားနေရတာကအရှင်ဘုရားဟာထိုင်နေလဲသူတပါးအကြောင်းတွေအကုန်သိတာဘဲ၊အိပ်နေလဲ သူတပါးအကြောင်းတွေ အကုန်သိတာဘဲ၊ သွားနေလဲ သိတာဘဲ၊ စားနေလဲ သိတာဘဲ သူတပါးအကြောင်း

တွေကို၊ အကုန်သိတယ်ဆိုတဲ့ သတင်းဟာ သိပ်ပြီးတော့ မှေး ပါတယ်၊ သတင်း သိပ်မှေးပါတယ်တဲ့။

မှေးပင် မှေးငြားသော်လဲ သူတပါးက ဒါမှန်ရာပြောတာ လား၊ မတရားသဖြင့် စွပ်စွဲတာလားလို့ ပုဏ္ဏားက မေးတယ်၊ တကာတကာမတို့ မှန်ရာပြောတာလား၊ မတရားသဖြင့်ဘဲ ဂုဏ် မြှောက်ပြီးသကာလ ပြောကြဲတာလားလို့ မေးတယ်....(မှန်ပါ ဘုရား)။

မေးတဲ့အခါကျတော့... ကွာတဲ့ ဒါမတရားသဖြင့် ပြောတာ ပါ၊ ငါ့မှာ အိပ်နေလဲ အကုန်သိတယ်၊ထိုင်နေလဲ အကုန်သိတယ် သွားနေလဲ သူတပါးဟာတွေ အကုန်သိတယ်ဆိုတော့ မတရား သဖြင့် ငါ့ကို စွပ်စွဲတာပါ၊

တကာတကာမတွေ....(မှန်ပါ့) ဘုရား အကုန်သိတယ်ဆိုတာ အိပ်နေလဲ အကုန်သိတယ်၊ စားနေလဲ အကုန်သိတယ်၊ ထိုင်နေလဲ အကုန်သိတယ်ဆိုတာ ဘုရားက ဘယ်လို ဖြေလိုက်ပါသလဲ .... (မတရားသဖြင့် စွပ်စွဲတာပါ)မတရားသဖြင့် စွပ်စွဲတာ၊ ငါ မသိ ပါဘူးကွ ...။

ခင်ဗျားတို့က ဘုရားအကုန်သိတယ် အကုန်သိတယ်လို့ ထင် ပြီးနေကြတယ်၊ အိပ်နေလဲ သိတယ်၊စားနေလဲ သိတယ်၊ ထိုင်နေ လဲ သိတယ်ဆိုတော့ တကာတကာမတွေ သိပါ့မလား...(မသိ ပါဘုရား)အိပ်နေတာ ဘဝင်စိတ်နဲ့ အိပ်တယ်၊ ဘဝင်စိတ်ဆိုတာ ဘာတုံး တကာတကာမတို့ ဇောစိတ် ဟုတ်ကြရဲ့လား....(ဇော စိတ် မဟုတ်ပါဘုရား)ဘဝင်စိတ်ဟာ ဘဝင်စိတ်ဘဲလို့ မှတ်ကြ၊ အိပ်နေတဲ့စိတ် ဘာစိတ်ခေါ်ကြမလဲ....(ဘဝင်စိတ်)ဇောစိတ်က မှ သိတယ်... (မှန်ပါ့)။

အဲဒီတော့ကိုတဲ့ ဘဝင်စိတ်နဲ့ ငါ အိပ်နေတဲ့အခါ ငါအကုန် သိတယ်လို့ သွားနေလဲ အကုန်သိတယ်၊စားနေလဲအကုန်သိတယ် ဆိုတဲ့ ဥစ္စာဟာ ငါ့ကို မဘုရားသဖြင့် စွပ်စွဲကြတာပါကွာတဲ့....၊ ဒီဥစ္စာမသိလို့၊ ရှင်းကြပလား.... (တင်ပါဘုရား) စားနေလဲ အကုန်သိတယ်၊ အိပ်နေလဲ အကုန်သိတယ်ဆိုတာ ဘာတဲ့တုံး ဘုရားက....(မတရားသဖြင့် စွပ်စွဲတာပါဘုရား)။

မတရားသဖြင့် စွပ်စွဲတာ၊ မတရားသဖြင့် စွပ်စွဲတာပါကွာတဲ့၊ တကယ် ငါမသိပါဘူးတဲ့၊ ရိပ်မိကြပလား.... (မှန်ပါ့) တကယ် ငါ မသိပါဘူးတဲ့....မတရားသဖြင့် စွပ်စွဲတာပါတဲ့....။

သဗ္ဗညုတဉာဏ်သည် အိပ်နေတုန်းမှာ ကိန်းပါသလားလို့- မေးလို့ရှိယင်ဖြင့် ဉာဏ်ဟာ ဉာဏ်ဇောစောမှ ကိန်းတယ်၊ အိပ် နေတုန်း ဘာမှ မသိဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဆွမ်းဘုဉ်းပေးနေတယ်၊ ကိုယ်တော်မြတ်ကြီး သူ့ဟာသူ ပစ္စဝေက္ခဏာ ဆင်ခြင်နေတာ သူများဟာတွေ သိပါ့မလား.... (မသိပါဘုရား) အဲဒါကွာတဲ့....သွားလို့ရှိယင်လဲ ငါသည် ဝိပဿနာအလုပ်-လုပ်နေတယ်၊ သူများဟာတွေကို ဘယ် သိလိမ့် မတုံးကွတဲ့ ငါ့အကြောင်းသာ ငါ သိတာပေါ့။

ဒီလိုဆိုတော့ မဘုရားသဖြင့် စွပ်စွဲတယ်ဆိုတာ မပေါ် သေးဘူးလား....(ပေါ်ပါတယ်ဘုရား) မတရားသဖြင့် စွပ်စွဲတယ် ဆိုတာ တကာတကားမတွေ သိကြပလား....(သိပါပြီ)အိပ်နေယင် ဘုရား သိသလား... (မသိပါဘုရား)စားနေယင်ကော... (မသိပါ ဘုရား) သူတပါး စိတ်ကိုနော်....၊ သူတပါးတို့၏ အားလုံးကုန် ဖြစ်စဉ်ကို မသိပါဘူး။

အဲဒီလို မသိတာတွေ တကာတကာမတွေက မှတ်ထားလိုက်တော့မှ " ဩော်... ဘုရားသခင် ကိုယ်တော်မြတ်ကြီးပင်လျှင် သိတယ်ဆိုတာ ဆင်ခြင်မှ သိတာကိုးလို့ သာ မှတ်ပါ ...." (မှန်လှပါ) ဦးသူတော်ကြီး ဘယ်လို မှတ်မလဲ.... (ဆင်ခြင်မှ သိတာပါဘုရား) ဆင်ခြင်မှ သိတယ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ) မဆင်ခြင်ယင် ဘာမှ မသိဘူး.... (မသိပါဘုရား) မသိဘူးတဲ့၊ ဆင်ခြင်တယ်ဆိုတာ ပစ္စဝေက္ခဏာဇောလို့ မှတ်ကြစမ်းပါ....(မှန်ပါ)။

ဆင်ခြင်တယ်ဆိုတာ... (ပစ္စဝေက္ခဏာဇောပါ) ပစ္စဝေက္ခဏာဇောကျမှ သိတယ်၊ ဒါလဲ တဦး-တယောက်ကို စူးစူးစိုက်စိုက် ဆင်ခြင်မှ သိတာ၊ အားလုံးသိတာ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချပါ....(တင်ပါဘုရား)။

ကိုင်း....ဒါဖြင့် အရှင်ဘုရားနာမည် တပည့်တော်တို့ ဘယ်လိုပေးရမှာတုံးတဲ့၊ သိတဲ့ ကိုယ်တော်ကြီး၊ မသိတဲ့ ကိုယ်တော်ကြီး၊ ဒီလို နာမည်ပေးရမှာလား၊ ပုဏ္ဏားက ကပ်ကပ်သတ်သတ် မေးတယ်....(မှန်ပါ)။

မမေးသင့်ဘူးလား....သူမေးတာ....(တင်ပါ) ပုဏ္ဏားက ကပ်ကပ်သတ်သတ် မေးပြီးနေတော့ ငါ့ နာမည်ဟာကွာတဲ့... တေဝိဇ္ဇ ပုဂ္ဂိုလ်ကြီးလို့ ဆိုလို့ ရှိယင် အဲဒါ မှန်တယ်ကွ... ။

တေဝိဇ္ဇ ပုဂ္ဂိုလ်ကြီးဆိုယင် မှန်တယ်ကွတဲ့...၊ အိပ်နေလဲ သိတယ်၊ စားနေလဲ သိတယ်၊ ထိုင်နေလဲ သိတယ်၊ သွားနေလဲ သိတယ်ဆိုတာတော့ ငါဘုရားကို မတရားသဖြင့် စွပ်စွဲတာကွ...၊ ဒါတော့ မသိဘူးတဲ့၊ ရှင်းကြပလား....(ရှင်းသွားပါပြီဘုရား)။

ဘုရား အကုန် သိတာဘဲဆိုတာ ခင်ဗျားတို့က နှုတ်တက် ပြောနေတာ ဘယ်သိလိမ့်မတုံး၊ ခင်ဗျားတို့ကော အိပ်နေတော့ ဘာမျှားသိတုံး.... (မသိပါဘုရား) ဘဝင်စိတ်နှင့် အိပ်တာကိုးဗျ- (မှန်ပါ) ဘုရားသခင်လဲ ကျိန်းနေတော့ ဘယ်စိတ်နဲ့ ကျိန်းတာတုံး.... (ဘဝင်စိတ်နဲ့ ကျိန်းပါတယ်ဘုရား) ဘယ်သိလိမ့်မတုံး.... ဦးမာဒင်ရ....(မှန်လှပါဘုရား)။

ဒါဖြင့် အရှင်ဘုရားနာမည် တပည့်တော်တို့က ဘယ်လိုမျှား ပေးရမှာတုံး- ဘယ်လိုမျှား ကြည်ညိုရမှာတုံး- ဘယ်လိုမျှား ဆည်းကပ်ရမှာတုံးလို့ မေးတဲ့အခါကျတော့ " ငါ့ကို တေဝိဇ္ဇ ပုဂ္ဂိုလ်ကြီးဆိုလို့ရှိယင် မှန်တယ်ကွ...." ရှင်းပလား- (ရှင်းပါပြီ) ဘာပုဂ္ဂိုလ်မှ မှန်တယ်.... (တေဝိဇ္ဇပုဂ္ဂိုလ်မှ မှန်ပါတယ်) တေဝိဇ္ဇ ပုဂ္ဂိုလ်ကြီးလို့ ဆိုလို့ရှိယင် မှန်တယ်ကွ၊ တကာတကာမတွေ.... ရိပ်မိပြီ။

တေဝိဇ္ဇပုဂ္ဂိုလ်ကြီး ဆိုတာက ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် နှင့် ငါအောက်မေ့လိုက်လို့ရှိယင်ဖြင့် ဒီအဘိညာဏ်ကို ဝင်စား ပြီးကြည့်လိုက်လို့ရှိယင်ဖြင့် ရှေးတုန်းက ရှေးဘဝတွေက ဘာဖြစ် ခဲ့တယ်-ဘာဖြစ်ခဲ့တယ်ဆိုတာ အဲဒီလို အဘိညာဏ်ဝင်စားကြည့် လိုက်တဲ့အခါ သိပါတယ်၊ လူတယောက်ကို အစအဆုံးသိတယ်၊ ရှေးအတိတ်တွေကို အကုန်ပြန်တွေးယင် သိတယ်.... (တင်ပါ ဘုရား) အတိတ်တွေ ပြန်တွေးယင်ကော.... (သိပါတယ်ဘုရား)။

ဒါ....ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဆိုတဲ့ဥစ္စာကို သမထအလုပ် လုပ်ပါဦးမှ သိမယ်ကွ၊ မလုပ်ယင် မသိပါဘူး၊ မသိဘူးဆိုတော့ ဩော်....သူ့ကိစ္စနဲ့ သူသိတာကိုးလို့ တကာတကာမတွေက ဆုံး ဖြတ်ချက်ချပါ....(တင်ပါ) ဦးသံဒိုင်.... ရိပ်မိပလား....(မှန်ပါ)။

နောက်ကွာတဲ့၊ ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ဒီလူဟာ ဘယ်တော့ သေလိမ့်မယ်၊ ဘယ်တော့ နာလိမ့်မယ်၊ ဘယ်တော့အခါကျ တရားရလိမ့်မယ်၊ ဘယ်တော့အခါကျ ပျက်စီးလိမ့်မယ် ဆိုတာ ဒိဗ္ဗစက္ခု အဘိညာဉ်ဝင် ဝင်စားပြီး ကြည့်လိုက်ပြန်လဲ·သိပြန်တာ ဘဲကွ။

ဒါဖြင့် တကာတကာမတို့ ဆင်ခြင်မှသိတာ....(မှန်ပါ့)မဆင်ခြင်ယင်... (မသိပါ) မဆင်ခြင်ယင် မသိပါဘူးဆိုတာ တကာတကာမတွေ ဆုံးဖြတ်ချက်ချ- (မှန်ပါ့)အလုံးစုံသိတဲ့ ကိုယ်တော်မြတ်ကြီးဆိုပြီး ခင်ဗျားတို့က ရမ်းကြည်ညိုမနေနဲ့ ဆင်ခြင်မှ သိတယ်....(တင်ပါ့ဘုရား)။

ပြီးတော့ ငါသိတာ တမျိုး ရှိသေးတယ်ကွာ...တဲ့၊ အခုနှစ်ခု ပြီးသွားပြီတဲ့၊ သုံးခုရှိတယ်၊ သုံးခုတော့ ငါသိတယ်၊ အာသဝေါ တရားကုန်တဲ့ ဒီပုဂ္ဂိုလ်ကို အာသဝေါဘရားကုန်အောင် ငါ-ဘယ် လိုလုပ်ဟောရမယ်ဆိုတဲ့၊ ငါ့ကိုယ်ငါ အာသဝေါတရားကုန်ဘို့ သိတဲ့ဉာဏ်လဲ ငါ့မှာရှိဘယ်၊ သူတပါး အာသဝေါတရားကုန်ဘို့ ဟောနိုင်တဲ့ဉာဏ်လဲ ငါ့မှာရှိတယ်....၊ အာသဝက္ခယဉာဏ်လဲ ငါ့မှာရှိတယ်ပေါ့သေ။

ဒါဖြင့် ဘုရားမှာ ဉာဏ်ဘယ်နှစ်ဉာဏ်ရှိသတုံး....(သုံးဉာဏ်ရှိ ပါတယ်) ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်၊ ဒီဟာတွေတော့ ရှိပါတယ်ကွာ ဆိုပြီးသကာလ ဘုရားက အဖြေပေးလိုက်တယ်၊ သဘောကျရဲ့လား.... (ကျပါ တယ်ဘုရား)။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဘုရားမှာရှိတယ်-(တင်ပါ့)ဒါလဲ ဆင်ခြင်မှနေ၁်....(မှန်ပါ့)။

ဒိဗ္ဗစက္ခုဉာဏ်ကော... (ရှိပါတယ်ဘုရား) ဒါလဲ ဒီ-ဒိဗ္ဗစက္ခုဉာဏ် အမြဲရှိနေသလား(မရှိပါဘုရား)မရှိပါဘူး၊ သမထအလုပ်လုပ်မှ-(မှန်ပါ) ထပ်လုပ်ပြီး ကြည့်ရမယ်၊ သဘောပါကြသလား.... (မှန်ပါ) အာသဝက္ခယဉာဏ်ဆိုတာလဲ ပုဂ္ဂိုလ်ကို ရင့်တာနတာချိန်ပြီးတော့မှ ဟောနိုင်တဲ့ဉာဏ် ရှိပါတယ်၊ နနေလို့ရှိယင် ဟောကိုလဲ မဟောပါဘူး....(တင်ပါ့)တကာတကာမတို့ ဟောပါ့မလား....(မဟောပါဘုရား)။

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊အာသဝက္ခယဉာဏ်လို့ ဒီဉာဏ်သုံးခုတော့ရှိတယ်၊ အိပ်နေလဲ သိတယ်၊ စားနေလဲ သိတယ်၊ သွားနေလဲ သိတယ်ဆိုတာတော့ ငါ့ကိုကဲ့ရဲ့ကြတာကွ၊ ဒါ... ခင်ဗျားတို့လဲ ကဲ့ရဲ့တဲ့အထဲ မပါကြစေနဲ့။

အကုန်သိတာလား....ဒီဉာဏ်တွေနဲ့ဝင်စားမှ သိကာလား.... (ဒီ...ဉာဏ်တွေနဲ့ ဝင်စားမှသိတာပါ) ဒီဉာဏ်တွေနဲ့ ဝင်စားမှ သိတယ်ဆိုတာ တကာတကာမတွေက ဆုံးဖြတ်ချက်ချပါ။

ဒါတွေက ဗဟုသုတအတွက် ပြောတာပါ၊ လိုရင်းပြောချင်တာက ဒါ....မဟုတ်သေးပါဘူး ဆိုတာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ) လိုရင်းက အလုပ်တရားပြောချင်တာ၊ အလုပ်တရားက ဒီအထဲမှာ ပါနေတယ်....(မှန်ပါ)။

ဒါနဲ့ ဝစ္ဆဂေါတ္တ ပုဏ္ဏားက ဆက်မေးပြန်တယ်၊ အရှင်ဘုရား....တဲ့ တပည့်တော် အရှင်ဘုရားဉာဏ်နှင့်ဘဲ ချိန်းပြီးတော့ တပည့်တော်များ ဖြေကြားပေးပါ၊ "လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ ဒုက္ခ အဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ပါ့မလား.... " တဲ့

ဒါမှအချက်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါတယ်) ဒါကို သေသေချာချာမှတ်ရမယ်....(မှန်ပါ့)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရပါ့မလားလို့ မေးလိုက်တယ်....(မှန်ပါ့) မှတ်မိကြပလား (မှတ်မိပါပြီ) ဘာတဲ့တုံး.... (လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလားတဲ့) အာသဝေါတရား ကုန်တဲ့နိဗ္ဗာန် ရပါ့ မလားလို့ပုဏ္ဏားက မေးလိုက်တယ်၊ မှတ်မိကြပြီလား(မှန်ပါ့)။

ဒီဟာ အလုပ်နဲ့ ဒါမှကိုက်တယ်၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးလိုက်တယ်... ဦးမြရဲ့(မှန်ပါ့) မေးချက် မကောင်းဘူးလား- (ကောင်းပါတယ်ဘုရား) မေးချက် အင်မတန် ကောင်းတယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ။

သခင်ဝတင် ဒါတွေကအချက်၊ ခုနကဟာကတော့ ဘုရားကို မှန်ကြောင်း မှားကြောင်း သိအောင် ဘုန်းကြီးက ဟောနေ တာပါ။

အဲဒီတော့ ဘုရားက အဖြေပေးလိုက်တယ်.... မှတ်လိုက်စမ်းပါ " လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရားကုန်ရာ ဒုက္ခ၏ဆုံးရာ နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူးကွ...." ဖြေပြီး— (မှန်လှပါဘုရား)။

ဖြေပုံသဘောကျကြရဲ့လား.... (ကျပါတယ်ဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့.... (နိဗ္ဗာန်ဘယ်တော့မှမရောက်ဘူး) အာသဝေါတရားကုန်ရာ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဘယ် တော့မှ မရောက်ဘူးတဲ့....(တင်ပါ့ဘုရား) သဘောပါသလား....

(ပါပါတယ်ဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဘယ်နှယ်တုံး....(နိဗ္ဗာန် ဘယ်တော့မှ မရောက်ပါဘုရား)။

ဒါဖြင့် ဒီထဲမှာ ရောက်မည့်သူ ပါပါ့မလား.... ဆိုတဲ့ .... ဘုန်းကြီးကလဲ ထူးထူးခြားခြား ဟောနေတယ်၊ ဒီထဲမှာ တကာတကာမတွေကလဲ လူ့သံယောဇဉ်တွေနဲ့ ရောက်မည့်သူ တယောက်မှ မပါဘူးဆိုတဲ့ အဓိပ္ပါယ်တွေ ယူချင် ယူပစ်လိုက်မယ်....(မှန်ပါ့)မယူပေဘူးလား... (ယူရမှာဘဲဘုရား)။

ဟုတ်တယ်တဲ့၊ သံယောဇဉ် မစွန့်ဘဲနဲ့ မရတာကတော့ဖြင့် အမှန်ဘဲတဲ့....(မှန်ပါ့) တကာ တကာမတို့....(မှန်ပါ့)လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်ကို ရနိုင်ပါသလား (မရနိုင်ပါ) မရနိုင်ဘူးဆိုယင်ဖြင့် အခု တရားနာ ပရိသတ် မနည်းလှပါဘူး...(မှန်ပါ့) တယောက်မှ ရမည့်သူ မပါပါဘူး ဆိုတာ သေချာပလား....(သေချာပါတယ်) သေချာတယ်တဲ့....၊ အဲဒီတော့ ဘုန်းကြီးက ရှင်းပြပါမယ်၊ ခင်ဗျားတို့ ဘုန်းကြီး ပြောတဲ့စိတ္တာနုပဿနာကြိုက်ယင်စိတ္တာနုပဿနာလုပ်(တင်ပ့ါ)။

စိတ္တာနုပဿနာ ကြိုက်တော့ စိတ်ကို ရှုနေတယ်ဆိုလို့ရှိယင်ဖြင့် စိတ်က အနိစ္စ၊ စိတ်ဟာ ဖြစ်ပြီးပျက်တော့ အနိစ္စပေါ့ဗျာ.... (မှန်ပါ့) ရှုနေတဲ့ ဉာဏ်ကလေးက မဂ္ဂလာဖြစ်တော့ ဒီအချိန်မှာ သံယောဇဉ်အပြတ်....(မှန်ပါ့) ဒီအချိန်မှာ.... (သံယောဇဉ်အပြတ်) အဲဒီပြတ်တဲ့ အချိန်တော့ ရတယ်၊ သဘောကျရဲ့လား• (ကျပါတယ်ဘုရား)။

ဒါဖြင့် လုံးလုံးမရဘူးလားလို့ ဆိုမလားဆိုတော့ အို .... သံယောဇဉ်ပြတ်တဲ့အချိန်ကျတော့ ရတယ်....(မှန်ပါ့)ဒါကြောင့် ဦးသံဒိုင် အားရှိစရာ ပါပါသေးတယ် .... (မှန်ပါ့ဘုရား)

အားရှိစရာ ပါပါသေးတယ်၊ တကာတကာမတွေ ဘာမှ မလျှော့နဲ့ အလုပ်သဘောနှင့် ပြောလို့ ရှိယင် အင်မတန် ရှင်းပါလိမ့်မယ်.... (မှန်ပါ့)အလုပ်သဘောနှင့် ပြောတော့ ခင်ဗျားတို့ မြင်ရ-မမြင်ရ တော့ မပြောတတ်ဘူး၊ ဒီထဲမှာ သဒ္ဓါယတနဆိုတာခြောက်ခု.... (မှန်ပါ့) စိတ်မပါဘူးလား....(မှန်ပါ့-ပါပါတယ်ဘုရား)။

အဲဒီစိတ်ကို ဒီက-နေပြီးသကာလ စိတ် ဖြစ်တိုင်း ပျက်တိုင်း ဒီကနေ ဉာဏ်ကလေး ဆက်ပေး၊ ခြောင်... ဖြစ်ပြီး ပျက်နေပြီ၊ ဖြစ်ပြီး ပျက်နေပြီဆိုတော့ ဒီ သံယောဇဉ် လာသေးရဲ့လား .... (မလာပါဘုရား)တဏှာ ဥပါဒါန် ကံတွေ ဘယ်နှယ်နေသလဲ.... (မလာပါ)ဒီအချိန်မှာ ရမယ်... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သံယောဇဉ်ဆိုတာက အမြဲတမ်း နေတဲ့ တရားလား၊ ဟုတ်လား အကြောင်းတိုက်ဆိုင်မှ ပေါ်တဲ့ တရားလားဆိုတာလဲ မေးပါဦး....(မှန်ပါ့- တိုက်ဆိုင်မှ ပေါ်ပါ တယ်)တိုက်ဆိုင်မှ ပေါ်တယ်၊ အဲဒီတော့ ကျုပ်တို့က မတိုက် ဆိုင်အောင် လုပ်တော့မယ်--(မှန်ပါ့)ဒီခန္ဓာထဲမှာရှိတဲ့ စိတ်ကိုဘဲ စိတ်ကြိုက်စိတ်၊ ဖဿကြိုက်ဖဿ၊ ဝေဒနာကြိုက် ဝေဒနာ၊ ဒါ ကျုပ်တို့ ရှုမယ် ဟောဒီက-နေပြီးတော့ မရှုနိုင်ဘူးလား--(ရှုနိုင် ပါတယ်ဘုရား)။

ရှုနိုင်တဲ့အခါ ဒီဘက်က သံယောဇဉ် ဘယ့်နှယ်နေမတုံး.... တဏှာ ဥပါဒါန်၊ ဒီအချိန်အလုပ်သာ လုပ်ရမယ်....(မှန်လှပါ) သဘောပါသား....(မှန်ပါ့) ထောက်ပြတော့ တကာတကာမတွေ မရှင်းသေးဘူးလား....(ရှင်းပါတယ်)ဒါဖြင့် လူဟာ လူ့သံယော ဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလားလို့ ဆိုတော့ အလုပ်-မလုပ်တဲ့

ပုဂ္ဂိုလ် မရဘူးကွ...(မှန်ပါ့) ဒီအဖြေ ထွက်လာတယ်....(မှန်ပါ့) အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်ဖြစ်ယင်....(ရပါတယ်ဘုရား)။

ရနိုင်တယ်ဆိုတော့ တကာတကာမတွေ တရားနာတာကသိဘို့ နာတာပါ၊ အလုပ်-လုပ်မှ ခင်ဗျားတို့ သံယောဇဉ် ပြတ်မယ် .... (မှန်ပါ့) အလုပ်-လုပ်တော့ကို သံယောဇဉ် ရှိနေယင်လဲ မဂ် မလာဘူး၊ မဂ်လာနေယင်လဲ သံယောဇဉ်မရှိဘူး၊ သဘောပါကြ လား...(ပါပါတယ်ဘုရား) ဒီနေရာမှာ စိတ်ကလေးကို ဒီကနေ ဖြစ်ပျက်ရှုလိုက်တော့ ဒီဘက်သံယောဇဉ် ပြတ်, မပြတ် ခင်ဗျား တို့ဘဲ အကဲခတ်ပါ....(ပြတ်ပါတယ်ဘုရား)။

ဒီနေရာကနေပြီး မဂ်လာမှာကိုး...(မှန်လှပါ) မလာပေဘူး လား....(လာပါတယ်ဘုရား)မဂ်လာတော့ ဒီအဆက်ကလေး ဘယ့်နှယ်နေမလဲ....(ပြတ်ပါတယ်ဘုရား) ပြတ်သွားတော့ ဒါ သံယောဇဉ် ကင်း,မကင်း....(ကင်းပါတယ်) ထိုကဲ့သို့ ကင်းလို့ ရှိယင်ဖြင့် ဘယ်မှာ မရဘဲ ရှိရမလဲ....(မှန်ပါ့)။

ဒါဖြင့် ဒီနေရာ မဂ်သွင်းနိုင်တဲ့ ပုဂ္ဂိုလ် သခင်ဝတင်--(ရမယ်) ဒီနေရာမှာ မဂ်မသွင်းနိုင်တဲ့ ပုဂ္ဂိုလ်ဆိုယင်....(မရပါ) မောင် ထွန်းရင် ရပါ့မလား... (မရပါဘုရား)ဦးမြကြီး ရပါ့မလား(မရ ပါဘုရား) ရှင်းရဲ့လား ဦးညွန့်တို့ ရှင်းပလား....(ရှင်းပါတယ် ဘုရား)သံယောဇဉ် ပြတ်,ပြတ်ဆိုတဲ့ဥစ္စာက ခင်ဗျားတို့ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်မှာ အနုသယ သဘောနှင့် အမြဲကိန်းနေတယ်၊ သဘောကျသလား....(မှန်ပါ့ဘုရား) အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်ကျ တော့ သံယောဇဉ်အနုသယသဘောနှင့်ကိန်းတဲ့ဥစ္စာသည် အာရုံ ကြောင့် ပေါ်နိုင်သေးရဲ့လား မေးယင် ဘယ့်နှယ် ဖြေကြမလဲ

(မပေါ်နိုင်တော့ပါဘုရား)မဂ်ဝင်နေယင် ပေါ်နိုင်သေးရဲ့လား (မပေါ်နိုင်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်တဲ့နိဗ္ဗာန် ရပါ့မလားလို့ တကာတကာမတွေ မေးပြီ၊ ရပါ့မသွား....(မရပါဘုရား) အလုပ်လုပ်လိုက်ပြန်လို့ ရှိယင်တော့ (ရနိုင်ပါတယ်) ဒါဖြင့် နှစ်နည်းရှိနေတာဘဲ၊ တကာတကာမတွေ ဘာရှိနေသလဲ....(နှစ်နည်းရှိပါတယ်) အဲဒါ ခင်ဗျားတို့ ဒီ ဝစ္ဆဂေါတ္တပုဏ္ဏားကို အစော်ကျေးဇူးတင်ဘို့ ကောင်းတယ်၊ မေးချက် သိပ်ကောင်းတယ်၊ မေးချက်က လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရောက်ပါ့မလားလို့....သူက မေးလိုက်တယ်....(မှန်ပါ)။

ဘုရားက ဘယ့်နှယ်ဖြေတုံးဗျ....(မရောက်ပါ) မရောက်ဘူးကွ၊ ဘာရောက်မတုံး၊ စိတ္တပစ္စယာ တဏှာ၊ ဖဿပစ္စယာ.... (တဏှာ) ဝေဒနာပစ္စယာ....(တဏှာပါဘုရား) ဒီမှာ အလုပ်က မလုပ်ဘဲကိုး၊ဒီနေရာ အလုပ် လုပ်ရမည့်နေရာ အလုပ်မလုပ်ဘူး၊ သဘောပါလား....(ပါတယ်ဘုရား) အလုပ်လုပ်ရမည့် နေရာကို (အလုပ် မလုပ်ပါဘုရား) အလုပ် လုပ်လိုက်လို့ရှိယင် စိတ္တပစ္စယာ တဏှာ လာသေးသလား....၊ စိတ္တပစ္စယာ မဂ္ဂေါလို့ ဆိုသလား—(စိတ္တပစ္စယာ မဂ္ဂေါဆိုပါတယ်ဘုရား)။

မဂ်က လာမယ်၊ ဒါဖြင့် ရ,ရမယ်....(မှန်ပါ)မရပါနဲ့ဆိုလို့ (မရပါဘုရား) ဒီလိုဆိုလို့ရှိယင် ခုတင်က ဝစ္ဆဂေါတ္တ ပုဏ္ဏား မေးလိုက်တာ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရပါသလားဆိုတာ ဒီလို လည်နေယင် မရဘူး ပြောတာ၊ ဒီလို

ပြတ်သွားလို့ ရှိယင်....(ရပါ့မယ်) ဆိုတော့ ဒါက သက်သေခံ မလုံလောက်သေးဘူးလား—(လုံလောက်ပါတယ်ဘုရား)။

အဲဒါ တကာတကာမတွေက ဗြဲဗြဲ....ငါ့မှာ ပါရမီ မရှိဘူး ဆိုတာ ပါရမီစခန်းကို ရုပ်သိမ်းလိုက်တော့....(မှန်ပါ့) အလုပ် လုပ်ယင် ပြတ်တာဘဲ....(မှန်ပါ့) အလုပ်လုပ်ယင်(ပြတ်ပါတယ် ဘုရား) ဘုရားပစ္စေကဗုဒ္ဓါ လက်ဝဲရံ .. လက်ျာရံ အသီတိ ရှစ်ကျိပ်သာ ပါရမီလိုတယ်၊ ခင်ဗျားတို့က ဒါဖြင့်ယင် ရတယ် (မှန်ပါ့) သာဝကတွေက ဒါဖြင့်ယင် ရတယ်....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ) ပေါ်ကြပလား-(ပေါ်ပါပြီ)လုပ်စမ်း ပါလို့ တကာတကာမတို့ တွန်းပေးနေတယ်....(မှန်ပါ့) မတွန်း သင့်ဘူးလား....(တွန်းသင့်ပါတယ်ဘုရား)။

ခင်ဗျားတို့က တွန်းတယ်ဆိုယင် ရှေ့သွားမလား၊ နောက် ပြန်ဆုတ်မလား မေးရမယ် ဒီဥစ္စာ....(မှန်ပါ့ဘုရား) မမေးလို့ ရှိယင် ဒီ တကာရင်း့ဆရာရင်းတွေဟာ ပြော့တော့တော့ ဖြစ်နေ မှာပေါ့... (မှန်ပါ့) မဟုတ်ပါဘူးဆိုယင် ဒီဆက်....(တင်ပါ့) သဘောကျပလား....(ကျပါပြီ) ဝေဒနာပစ္စယာ...(တဏှာ) တဏှာပစ္စယာ....(ဥပါဒါန်) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ) ဟောဒီ ဆက်ပြီ၊ ကမ္မဘဝပစ္စယာ...(ဇာတိ) ဇာတိပစ္စယာ (ဇရာမရဏံပါဘုရား)။

ဒါဟာ ခင်ဗျားတို့ ဘုန်းကြီးတွန်းလို့မှ မလိမ့်လို့ရှိယင် အဝိုင်းကြီး ရစ်ကြပေတော့... (တင်ပါ့) တကာတကာမတို့.... ဘုန်းကြီးက ဒီနေရာ ဖြတ်ဆိုတဲ့နေရာ ခင်ဗျားတို့က မဖြတ်ဘူး ဒီနေရာကနေ သံယောဇဉ် စွန့်ရမှာကိုး၊ ပေါ်ကြပလား .... (ပေါ်ပါပြီ)ဒီနေရာ သံယောဇဉ်စွန့်ရမယ်.... (မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတွေက ငါတို့ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်-မဟုတ် ဘယ်သူ့မှ မေးမနေနဲ့၊ ဒီနေရာမှာ ဝိပဿနာမဂ် ဝင်လို့ရှိယင် ဝိပဿနာမဂ် ရင့်လာယင် သောတာပတ္တိမဂ် ဖြစ် ရတဲ့ နေရာ....(မှန်ပါ့) ခင်ဗျားတို့ သံသယရှိဘို့ မလိုဘူး၊ သဘောကျပလား....(ကျပါတယ်ဘုရား)အဲဒီတော့ကို ဝေဒနာနဲ့ တဏှာ မကူးဘို့၊ ဖဿနှင့် တဏှာ မဘူးဘို့၊ စိတ်နှင့် တဏှာ.... (မကူးဘို့ပါဘုရား)။

မကူးယင် ပြီးတာဘဲ၊ မကူးအောင် ဘာလုပ်ရမလဲဆိုတော့ စိတ်က ဖြစ်ပျက်ဆိုလို့ရှိယင် ဒီက ရှုမိတဲ့ မဂ်ကလေး လိုက်ပေး လိုက်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) ဖဿက ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်တယ်ဆိုယင် ရှုမိတဲ့မဂ်ကလေး ဒီကလိုက် (မှန်ပါ့) ဖဿ ကြိုက်တဲ့လူက ဖဿ ရှုလိုက်ပေါ့လေ၊ ဝေဒနာ ကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာရှုလိုက်လို့ ရှိယင်ဖြင့်တဲ့....ဒီက ရှုတဲ့ မဂ်ကလေး ဒီလိုက်၊လိုက်၊ သံယောဇဉ်တွေ ဘယ်နှယ်နေမလဲ-- (ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် လုပ်ယင်ပြတ်တယ်....(တင်ပါ့) မလုပ်ယင် ဦးမြ.... (မပြတ်ပါဘုရား) ဩြော်....သံယောဇဉ်တွေက များလွန်းလို့ ဘုရား၊ တပည့်တော်တို့ အတွက်တော့ ခက်ပါသေးရဲ့ ဆိုတာ သူ မလုပ်ဘူးပြောတာ ရိပ်မိပလား....(ရိပ်မိပါပြီ)လုပ်မယ် ပြော တာလား၊မလုပ်ဘူးပြောတာလား-(မလုပ်ဘူးပြောတာဘုရား)။

မလုပ်ယင် အဝိုင်းပြေး ပြေးပြီပေါ့ဗျ။ ဒီက တစ်လာတော့ နှစ် မရောက်ပေဘူးလာ....(ရောက်ပါတယ်ဘုရား) နှစ်က နေပြီး မလုပ်တော့ သုံးမရောက်ပေဘူးလား....(ရောက်ပါတယ်) သုံးက နေ လေး....(ရောက်ပါတယ်) လေးကနေ တစ်ပြန်မယ်။

ကဲ- တကာတကာမတို့ ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီလိုဘဲ အဝိုင်းပြေးတော့မလား၊အဝိုင်းခပြေးတာ ထွက်ပေါက် ပါသေးရဲ့လား (မပါပါဘုရား) ဒါ ဘယ်လိုပုဂ္ဂိုလ်ဟာ အဝိုင်းပြေးရတာ တုံးမေးယင် ဘယ့်နှယ်ပြောကြမလဲ....(အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်ဟာ အဝိုင်းကြီးပြေးရတယ်)။

ဒါဖြင့် အားလုံး တကာတကာမတွေ အလုပ်-လုပ်မှသာလျှင် ပဓာန....(မှန်ပါ့) ဆုတောင်းပဓာနမဟုတ် .... (မှန်လှပါဘုရား) ဆုတောင်းက ဒီကနေတောင်းလဲမရဘူး ပြတ်တာမှ မဟုတ်ဘဲကိုး ပြတ်ရပါလို၏သာဆုတောင်းတယ် ပြတ်တဲ့အလုပ်ကိုလုပ်ကဲ့လား (မလုပ်ပါ) ဒါဟာ ငှက်ပြောတုံးကြီးထား ပြတ်စေသာတည်း အလယ်က ပြတ်စေသတည်း ခါးနဲ့ မခုတ်နဲ့နော်....(မှန်ပါ့) အလယ်က ပြတ်စေသတည်း၊ အလယ်က ပြတ်စေသတည်း၊ ကဲ-တကာတကာမတွေဘဲ ဆုံးဖြတ်ချက်ချ.... (မပြတ်ပါဘုရား)။

မပြတ်ဘူး ဦးမြကော....(မပြတ်ပါဘုရား) ဘာဖြစ်လို့တုံး.... (လက်တွေ့မဖြတ်လို့)ဖြတ်တတ်တဲ့ ခါးနဲ့မဖြတ်လို့.... (မှန်ပါ့) ဒါကြောင့် မဂ်ခါးနဲ့ ဒီကနေဖြတ်လိုက်မယ်ဆိုယင် သခင်ဝတင် ဘယ့်နှယ်နေမလဲ(ပြတ်ပါတယ်ဘုရား) ပြတ်တယ်ဆိုကော့ ပါရမီလိုသလား၊ လုပ်တဲ့အလုပ်လိုသလား- (လုပ်တဲ့အလုပ်လိုပါတယ် ဘုရား)အဲဒါကြောင့် ဘုရားဆုပန်ယင် ပါရမီလိုတယ်၊ လက်ဝဲရံ လက်ျာရံဆုပန်ယင် ပါရမီလိုတယ်၊ အသီတိရှစ်ကျိပ် ဖြစ်ချင်ယင်....(ပါရမီလိုတယ်) ပစ္စေကဗုဒ္ဓါဖြစ်ချင်ယင်... (ပါရမီလိုပါတယ်)ယခနေ့ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်မှာ ပါရမီမလိုဘူး.... (မှန်လှပါဘုရား)ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)ယခနေ့ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်ဟာ .. (ပါရမီမလိုပါ)ပါရမီမလိုဘူး။

အဲဒီပါရမီပြောတာဟာ ခင်ဗျားတို့ ဆုတ်နစ်တဲ့စိတ်ပေါ်ဘို့ ပြောနေတာ၊ ဒီအထဲ ဘုရားအလောင်း တယောက်မှ မပါဘူး၊ ပါကြရဲ့လား... (မပါပါ) ဦးအောင်ဇံဝေကြီး ဘုရားဆုများ ပန်သေးသလား .... (မပန်ပါဘုရား) မပန်ပါဘူး၊ မပန်ဘူး တော်သေးတယ်၊ ကောင်းပြီတဲ့ ဒါဖြင့် တကာတကာမတို့ သေသေချာချာလဲ နားထောင်ပါဆိုတော့ ဪ .... လူဟာ လူ့သံယောဇဉ်မပြတ်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလားလို့ဆိုတော့· ဘုရားပြောတာနော်.... ဒီသံယောဇဉ်ဆက်သွားလို့ ရသေးရဲ့လား .... (မရပါဘုရား)သူ့ပဋိစ္စသမုပ္ပါဒ်နဲ့ သူမကိုက်ဘူးလား(ကိုက်ပါတယ်) ဆက်သွားယင်တော့.... (မရပါ) ဖြတ်လိုက်ယင်တော့ .... (ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဟာကို မှတ်ပြီးကြည့်ပါ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါတယ်)ဒီဟာကို မှတ်ကြည့်၊ဘယ်သူပြောတာမှ မယုံနဲ့ ဒါ- ခင်ဗျားတို့ဖြစ်စဉ်၊ သဘောကျပလား... (မှန်ပါ့) ခင်ဗျားတို့ဖြစ်စဉ်ကို ခင်ဗျားတို့ ဆရာဘုန်းကြီးပေးတဲ့ ဉာဏ်နှင့် နည်းပေးတဲ့ ဉာဏ်နှင့်သာဖြတ် မရမရှိဘူး .. (မှန်ပါ့) ကဲ....ဘယ်သူပြောတာ ယုံကြမတုံး....၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်-မပြတ်ကို အကဲခတ်ကြမလား ... (မှန်ပါ့အကဲခတ်ပါမယ်) ပြတ်-မပြတ်ကို အကဲခတ်ရမယ်၊ သဘောပါလား.... (ပါပါပြီဘုရား)။

သူများပြောတာ ယုံမလား၊ကိုယ့်ပဋိစ္စသမုပ္ပါဒ်ပြတ်-မပြတ် ဆုံးဖြတ်ချက်ချမလား .... (ကိုယ့်ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုယ်ဆုံးဖြတ်ချက်ချပါမယ်)ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ပြတ်လို့ရောက်ပြီ.... (မှန်ပါ့) မပြတ်ဘဲနဲ့....(မရောက်ပါဘူး) ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရားဖြစ်ချင်တဲ့

အတွက် ပါရမီတွေ ဖြည့်လိုက်တာကတော့ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပေါ့နော်.... (မှန်ပါ) ပြတ်တဲ့အလုပ်တော့ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အာရုံတက်မှ လုပ်ရတယ်.... (တင်ပါ့ဘုရား) အဲဒီတော့ ဘုရားဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

ဟိုဟာတွေက အကူအညီသာဖြစ်ဘယ်၊ တကယ်ပြတ်တာက သူ့မဂ်ကဖြတ်ပေးတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါတယ်) ဒါဖြင့် ဘုရားဘာကြောင့်ဖြစ်သတုံး၊ ပဋိစ္စသမုပ္ပါဒ် နှစ်က သုံးမကူးလို့ ဘုရားဖြစ်တယ်၊ ရိပ်မိပလား .... (ရိပ်မိပါတယ်) ဘုရား ဘာကြောင့်ဖြစ်တုံး.... (နှစ်က သုံးမကူးလို့ ဖြစ်တာ) နှစ်က သုံးမကူးလို့ ဘုရားဖြစ်တာ။

သောတာပန်ဖြစ်ချင်တော့ကော.... (နှစ်က-သုံးမကူးလို့ ဖြစ်တာ)သကဒါဂါမ်ဖြစ်ချင်ကော....(နှစ်က သုံးမကူးလို့ဖြစ်တာ) ကုန်ရောပေါ့ဗျာ၊ စကားကုန်နေပြီ မကုန်သေးဘူးလား.... (ကုန်ပါပြီ)။

အဲဒါ ဘုန်းကြီးတို့တကာတကာမတွေက သူများပြောတာကို မယုံနဲ့ ဒါ ခင်ဗျားတို့ခန္ဓာ....(မှန်လှပါ) ဘုန်းကြီးပြောတာ တောင် ချင့်ယုံ၊ ကိုယ့်ခန္ဓာက ဒါ ကိုယ့်ခန္ဓာသည် ပဋိသန္ဓေနေ တယ်၊ နာမ်ရုပ်ပေါ်တယ်၊သဠာယတနဆိုတဲ့မျက်စိနားနှာခေါင်း စိတ်ပေါ်တယ်....(မှန်ပါ) ဖဿပေါ်တယ်၊ ဝေဒနာပေါ်တယ်၊ တဏှာမကူးစေနဲ့(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

တဏှာကူးယင်တော့ဖြင့် မရဘူး၊ တဏှာမကူးဘဲနှင့် ဒီတိုင်း နေယင် မဂ်က ဝင်ပြီးသကာလ ဝိပဿနာမဂ်နှင့်ဘဲ ဝင်ဖြတ် ပါ၊ ရ·မရ....(ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့.... သူတပါးဟောတာ ယုံမလား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာကို အတည်ပြုမလား (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာကို အတည်ပြုရမှာပါဘုရား)။

ဘယ်သူ့မှမယုံနဲ့ဗျ၊ကိုယ့်ဝမ်းနာ ကိုယ်အသိဆုံး....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)တကာတကာမတွေ ဘယ်သူပြောတာတုံး၊ ကိုယ့်ဟာကိုယ်ပြောတာ ရှင်းပလား (ရှင်းပါပြီ) အားလုံးတကာတကာမတွေ ဉာဏ်ထဲမှာ ကွင်းကွင်းကွက်ကွက်ပေါ်ရဲ့လား....(ပေါ်ပါတယ်)ကိုယ့်အဖြစ်ဆိုးကို ကိုယ်အသိဆုံး။

တကာတကာမတို့ ဝေဒနာပစ္စယာ ဝေဒနာက ခင်ဗျားတို့က ဥပမာ ဝက်သား၊ကြက်သားစားလိုက်တယ်ဆိုတော့ သုခဝေဒနာပေါ်မှာပေါ့ဗျာ....(မှန်ပါ) နောက် ဝယ်ဦးဟေ့ ဆိုတဲ့ တဏှာ မလာဘူးလား... (လာပါတယ်ဘုရား) ဆက်ပေါ့၊ သံယောဇဉ်စွန့်သေးရဲ့လား၊ ဒါဖြင့် ဝေဒနာက္ခန္ဓာနောက်က သင်္ခါရက္ခန္ဓာဆိုတဲ့တဏှာ မလိုက်ဘူးလား (လိုက်ပါတယ်) တဏှာလိုက်တော့ တဏှာပစ္စယာ ဥပါဒါန် ဆိုတာက ခင်ဗျားတို့က တောင့်တရတာလား၊ဓမ္မနိယာမပေါ်တာလား....(ဓမ္မနိယာမကြောင့်ပေါ်တာပါ)ဓမ္မနိယာမကြောင့်ပေါ်တာ....(မှန်ပါ့)ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတဲ့ ကာယကံ၊ဝစီကံက နောက်ဝယ်ဦးကွယ်၊ ချက်ဦးကွယ်ဆိုတာက ဘာတုံး.... ကမ္မဘဝတဲ့၊ သဘောကျပလား....(ကျပါပြီ)နောက်ဝယ်ပါဦး၊ ချက်ပါဦးလို့ ကာယကံနဲ့ကော မသွားကြဘူးလား-(သွားပါတယ်ဘုရား) ဝစီကံနဲ့ကော မမှာကြဘူးလား.... (မှာပါတယ်ဘုရား) မှာတာကို ဘာဆိုကြမလဲ.... (ကမ္မဘာပါ)ကမ္မဘဝဆိုတာ သေချာပလား .... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝ လုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ သေသည်၏ အခြားမဲ့၌ ဇာတိရမှ-ရပါ့မလား.... (ရပါတယ်ဘုရား) ဟိုမှာ အစပ်ကပြတယ်၊ ဆက်သွားပြီ၊ ဒီ မြွားကလေးက နှစ်ဘက်ဆက်ပြီကွ၊ မြွားပြတ်သေးရဲ့လား....(မပြတ်ပါ) အဲဒီတော့ကို တကာတကာမတို့ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်မရဘူးဆိုတဲ့ အဖြေကိုလဲဟောဒီစပ်လို့ရှိယင် မရဘူးပြောတာ(မှန်ပါ့ဘုရား)။

ဦးမြ....ဝေဒနာနှင့် တဏှာစပ်ယင်.... (မရပါဘုရား) ဖဿနှင့် တဏှာစပ်ယင်(မရပါဘုရား) စိတ်နှင့် တဏှာစပ်ယင်ကော (မရပါဘုရား) မရဘူးတဲ့၊ ကဲ.... ဘုန်းကြီးကဘဲ တာဝန်ခံပါတယ်၊ တကာတကာမတို့ မစပ်အောင် ဟောဒီကနေပြီး သကာလ ဒါတွေ ပေါ်တိုင်းပေါ်တိုင်း အနိစ္စရှုပါ၊ ရှုလို့ရှိယင် ဒါနှင့် ဒါဟာ မစပ်ဘဲနဲ့ အဆက်ပြတ်တယ်၊ ပြတ်ခဲ့ယင် ဒီနေရာကနေပြီးတော့ မရဘူးလား... (ရပါတယ်) ပြတ်- မပြတ်သာ အကဲခတ်ထား....(ပြတ်ပါတယ်) ဒါဖြင့် နိဗ္ဗာန်ရမယ် (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် နိဗ္ဗာန်ရသတုံးဆိုတော့တဏှာ,ဥပါဒါန်က ကိလေသာဝဋ်၊ကံက ကမ္မဝဋ်....(မှန်ပါ့) ဗီဘက်က ဇာတိ ဇရာ မရဏက....(ဝိပါကဝဋ်) ဝဋ်သုံးပါး ကျွတ်သွားပြီ....(မှန်ပါ့) မရပေဘူးလား.... (ရပါတယ်) ဒါဖြင့် သူများပြော ယုံမလား၊ ခင်ဗျားတို့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာ ယုံမလား.... (ကိုယ်ဖြတ်တာ ကိုယ်ယုံပါတယ်) ဘာဆုမှ တောင်းမနေနဲ့၊ ဒါချည်းဖြတ်နေယင် ရတာဘဲ (မှန်ပါ့) ဘာဆုမှ မတောင်းနဲ့၊ တပည့်တော် မြန်မြန်ကြီး နိဗ္ဗာန်ရ,ရပါလို၏၊ တောင်း-မရဘူး။

မြန်မြန်ကြီး နိဗ္ဗာန် ရ,ရပါလို၏ဆိုပြီး တောင်းယင် .... (မရပါဘုရား)ဘာဖြစ်လို့လဲ ဖြတ်မှ မဖြတ်ဘဲနဲ့ ရနိုင်ပါ့မလား၊

(မရပါဘုရား)တကာ့ကကာမတို့.... ကျေနပ်ကြပလား(ကျေနပ်ပါပြီ) ဒါဖြင့် တကာတကာမတွေ — ဆုတောင်းနှင့် အလုပ်ဘယ်ဟာကို အဓိက ထားကြမလဲ (အလုပ်ကိုအဓိကထားရမယ်) အလုပ် အဓိကထားယင် ဒီနေရာမှာ မဆက်စေနဲ့.... (မှန်ပါ့)။

ဦးထွန်းအောင်ကြီး သဘောကျပလား....(ကျပါပြီဘုရား) သေသေချာချာ သဘောကျပြီနော် .... (မှန်ပါ့) ကောင်းပြီ.... တကာတကာမတို့....ဒါ သူများ ပြောလား့ကိုယ့်ခန္ဓာက ဒီလိုဖြစ်နေတာလား....(ကိုယ့်ခန္ဓာက ဒီလို ဖြစ်နေတာ) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တာက ငါ ပဋိစ္စသမုပ္ပါဒ် အစ သိလို့ ဘုရားဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ဆုံးအောင် ဖြတ်နိုင်လို့လဲ ငါဘုရားဖြစ်တယ်ကွ ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ် အစသိတော့ကို အဝိဇ္ဇာအကြောင်း သူ ကောင်းကောင်းသိတယ် (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်အဆုံးသိတော့အဝိဇ္ဇာဆုံးယင် ချုပ်တာဘဲဆိုတော့ ဖြစ်ပျက်ရှုတဲ့ မဂ်ဟာ အဝိဇ္ဇာချုပ်တယ်... (မှန်ပါ့)မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်တော့ အင်း....ပဋိစ္စသမုပ္ပါဒ် ငါ အစသိတယ်၊ ချုပ်တဲ့နေရာလဲသိတယ်၊ ဒါကြောင့် ငါသည်ကားလို့ ဆိုယင် "ဝိဇ္ဇုပယံ တိဋ္ဌတိ မာရသေနံ" ဆိုပြီး ဒီ ကိလေသာ မာရ်တွေ ငါအောင်လို့ ဟောဒီနေရာမှာ ငါဘုရားဆိုတာ ဒါဘဲကွလို့ ငါ့ခန္ဓာငါးပါးဟာ ဒါဘုရားဘဲ (မှန်လှပါဘုရား) ပေါ်ပလား (ပေါ်ပါပြီ) တကာတကာမတို့ ဒါ ဖြတ်လို့ ဘုရားဖြစ်သွားတာ....(တင်ပါ့)ဒီ အဝိဇ္ဇာကလဲ ဒီကနေ ရှုလိုက်တော့ ဝိဇ္ဇာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဝိဇ္ဇာဖြစ်တော့ ဒီဇာ တကျော ဥပါဒ့ါန် လာသေးရဲ့လား.... (မလာပါဘုရား) ဒါဖြင့်ဘုရား၊ ဘုရား....ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး၊လို့မေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြတ်လို့ဘုရား ဖြစ်တာ--(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပါရမီဆယ်ပါးအပြားသုံးဆယ်ကြောင့် ဘုရားဖြစ်တာလား- ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဘုရားဖြစ်တာလား- (ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ဘုရားဖြစ်တာပါဘုရား)။

ဩော်....ခင်ဗျားတို့ မှတ်ထားတာတွေနှင့် လွဲကုန်ပါပေါ့ လား၊ လွဲကုန်ပြီ မောင်ထွန်းရင်တို့....(တင်ပါ့ဘုရား) ဦးသူတော် ကြီး လွဲပြီ....(မှန်ပါ့) ခင်ဗျားတို့က ပါရမီဆယ်ပါး အပြားသုံး ဆယ်ကြောင့် ဘုရားဖြစ်တာ၊ လွယ်တယ်များ အောက်မေ့မနေ နှင့်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် မပြတ်လို့ရှိယင် မြတ်စွာဘုရားလဲ ကျုပ်တို့လို အဝိုင်းပြေးဘဲ သွားမယ်-(မှန်ပါ့)ဒီ့ပြင် သွားစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဦးမြ- ပါရမီဆယ်ပါးအပြားသုံးဆယ်က ဝေးသော အကြောင်း....(မှန်ပါ့) နီးသောအကြောင်းက ဒီနေရာက ဖြတ် တဲ့ မဂ်လို့ မှတ်လိုက်စမ်းပါ-(မှန်လှပါဘုရား) ရှင်းပလား-(ရှင်း ပါပြီ) ဒါဖြင့် မဂ်နှင့် ဝေးသောအကြောင်းဟာ ဘာ ်ဟာ ကို အဓိကထားကြမတုံး....(မဂ်ကို အဓိကထားရမယ်) မဂ်ကို အဓိကာ ထားဆိုတော့ ခင်ဗျားတို့ အခု သာသနာတွင်းရှိတုန်းကို ဘုန်း ကြီးပြောနေတာ၊ ဒီအဆက်ကို ဖြတ်နိုင်တယ်-(တင်ပါ့)နောက် ဘုန်းကြီးတို့လို ပုဂ္ဂိုလ်တွေ သေသွားလို့ရှိယင် ဒီအဆက် ဖြတ် ပေးမည့်သူ မရှိဘူး... (မှန်ပါ့ဘုရား)။

ဦးမြ....(မှန်ပါ့) ရှိပါ့မလား-(မရှိပါဘုရား) မရှိတော့ဘူး၊ မရှိတော့ ဘာကျန်နေမတုံး၊ဆုတောင်းသမား ကျန်နေရစ်မယ်၊ ဟောဒီ တဏှာနဲ့ တောင်းတဲ့ ဆုတောင်းသမား ကျန်နေရစ်မယ်....(မှန်ပါ့) တောင်းယင် ပြည့်တာဘဲဆိုတာက ခင်ဗျားတို့ လူ့ပြည်,နတ်ပြည်,ပြည့်တယ်- (မှန်ပါ့) သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

ဗြဟ္မာပြည် တောင်းယင် မရဘူး.... (မှန်ပါ့) သမထလုပ်မှ ဗြဟ္မာပြည်ကိုရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အာသဝေါကုန်တဲ့ နိဗ္ဗာန်ကို တကာတကာမတွေက သေသေချာချာ စဉ်းစားပါ၊ ဒီမဂ်မပါဘဲနှင့် ဒီအာသဝေါကုန်ပါ့မလား- (မကုန်ပါဘုရား)။

ဒီ-ပဋိစ္စသမုပ္ပါဒ်ကို မြင်ကြရဲ့လား ခင်ဗျားတို့-အဝေးက.... (မြင်ရပါတယ်)ကဲ-ဒါဖြင့် တကာတကာမတွေ အဖြေပေးကြပါ နိဗ္ဗာန်ဟာ ဆုတောင်းအလုပ်လား၊ ပဋိစ္စသမုပ္ပါဒ်ပြတ်မှ ရတာလား .. (ပဋိစ္စသမုပ္ပါဒ်ပြတ်မှ ရပါတယ်ဘုရား)ဒါကို ထိပ်သံမှိုနဲ့စွဲသလိုမှတ်ထား–(မှန်ပါ့) မပြတ်ယင် ဘယ်သူမှ မရဘူး (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မပြတ်ယင်....(ဘယ်သူမှ မရပါဘုရား)။

ဘယ်သူမှ မရဘူးဆိုတာ ဆင်ခြေလဲချင်လဲကြဦး.... (မလဲပါဘုရား) ကောင်းပြီတဲ့၊ ဒါဖြင့် တကာတကာမတို့ လိုရင်း အကြောင်းကိုဖြင့် ကောင်းကောင်းသိပြီ-ဒီနေ့ည(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကောင်းပြီ၊ ဒါဖြင့် လူဟာ လူ့သံယောဇဉ် မပြတ်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလား.... (မရောက်ပါဘုရား)။

လူဟာ လူ့ သံယောဇဉ်တွေ၊ သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေ၊ ရွှေပုံ၊ ငွေပုံ၊ စိန်ပုံတွေထဲမှာ ထိုင်နေပါ၊ ဒီအလုပ်သာ လုပ်ပါတဲ့၊ ထိုင်တာက တခြား၊ လုပ်ဘာကတဖုံ ဖြစ်ပါလိမ့်မယ်၊ (မှန်လှပါဘုရား) သဘောကျပလား-(ကျပါပြီဘုရား) ဇောတို့ကတို့ ရွှေပုံထဲက ရဘာပါ-(မှန်ပါဘုရား) မရဘူးလား ...(ရပါတယ်ဘုရား) ရွှေပုံထဲက ရတယ်။

သူဌေးသမီးတွေ ၇-နှစ်အရွယ် သောတာပန် တည်ကြတယ်ဆိုတော့ အိမ်ထောင်တောင် မကျသေးဘူး၊ ရွှေဘုံပေါ်မှာနေတုန်းမှာ....(မှန်ပါ) မနေဘူးလား....(နေပါဘယ်) အဲဒီပုဂ္ဂိုလ်တွေ မရဘူးလား၊ ရသလား-(ရပါတယ်)ဒါပြဘ်ဘာ-(သံယောဇဉ်) ဒါ-ပြတ်တာ၊ သံယောဇဉ် မဟုတ်ဘူးလား၊ ဒီနေရာ မဂ်ပေါ်လိုက်တာ-(တင်ပါဘုရား) ရိပ်မိပလား–(ရိပ်မိပါပြီဘုရား) ဒီနေရာ မဂ်ပေါ်ယင်တော့ဖြင့်–(ရပါဘယ်) ရမှာဘဲဆိုတာသေချာပလား-(သေချာပါတယ်ဘုရား) ဩော်...တပည့်တော်တို့က ခက်တယ်ဘုရား၊ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ အစဘ လွဲလာတော့ နိဗ္ဗာန်တော့ဖြင့် တပည့်တော်တို့ ဝေးပေါ့လို့ မျက်ရည်မကျနဲ့။

တကာတကာမတွေ မျက်ရည်ကျချင်ကြသေးသလား-(မကျပါဘုရား) မကျနဲ့၊ ဒါ-မလုပ်ဖြစ်ယင်တော့ မျက်ရည်ကျပါ၊ ရှင်းကြပလား-(မှန်ပါ) ဒီနေရာမှာ ဖြစ်ပျက်ကို ဒီကနေ ရှုတဲ့မဂ် မလာယင်တော့ မျည်ရည်ကျပါ၊ အိမ်လယ်မှာ သားနဲ့၊ သမီးနဲ့ ဆွေနဲ့၊ မျိုးနဲ့၊ ရွှေပုံ၊ ငွေပုံတွေနဲ့ နေသို့တော့ မျက်ရည်မကျပါနဲ့ ရပါဘယ်... (မှန်လှပါဘုရား) သဘောပါလှား ...(ပါ-ပါဘယ်ဘုရား)။

သံယောဇဉ်ပြတ်-မပြတ်ဆိုတာ ခင်ဗျားတို့အထင်ဆာ- တော ကျောင်း တောင်ကျောင်းနေမှ ဒီလို ထင်နေတယ်၊ ရှိတဲ့ပစ္စည်း အကုန်စွန့်မှ ဒါမှ သံယောဇဉ်က ပြတ်မှာကိုးဆိုတော့ ခင်ဗျား တို့ဟာက လွန်လွန်းနေတယ်၊ မလုပ်ချင်တဲ့အထဲမှာ မဖြတ်နိုင် တာကလေး ဆင်ခြေလဲ့နေတယ်၊ အင်မတန် ဆိုးဝါးမနေဘူး လား... (တင်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေသည် ခင်ဗျားတို့ ဘာတွေဝတ်ပြီး ဘာတွေစားနေနေနေ၊... သန္တတိအမတ်ကြီးတို့ ဗောင်း- နားဒွေးတွေထဲကနေပြီး ရဟန္တာ ဖြစ်ပါတယ်.... (မှန်ပါ့) သန္တတိအမတ်ကြီးဟာ ဘုရားကျောင်းတော်သွားတော့ ဝန်ကြီး အဆင်အဆောင်အရှက်တွေ အကုန်ပါတယ် (မှန်ပါ့) ဒီဟာ ဖြတ်ချလိုက်တာဘဲ၊ အဲဒီမှာ ဆာဝတ်တွေ ဆင်ပြီး ပြင်ပြီး စိန်တွေ ရွှေတွေနဲ့ နိဗ္ဗာန်ရောက်သွားတယ်-ရိပ်မိပလား- (ရိပ်မိ ပါပြီဘုရား)။

ဒါလျော့ချေးဟောတာလား၊ ဖြစ်စဉ်အတိုင်း ဟောတာ လား(ဖြစ်စဉ်အတိုင်း ဟောတာပါဘုရား)အဲဒီတော့ ခင်ဗျားတို့ က ဘာမှဆင်ခြေမလဲနဲ့ ဒီနေရာကလေး ဖြစ်ပျက် မရှုမိမှာတခု သာစိုးရိမ်၊ ငါမှာပေါ်တဲ့စိတ်တွေပေါ့ဗျာ....(မှန်ပါ့) ဖြစ်ပျက် မရှုမိမှာသာ... (စိုးရိမ်) စိုးရိမ်ရမယ်ဆိုတော့ ဦးမာဒင် ပေါ် လေား.. (ပေါ်ပါပြီဘုရား)။

တပည့်တော်က တည်ထောင်ထားတာ မနည်းပါဘူးဘုရား ကိုယ့်အရှင်က အင်မတန်ကြီးနေတယ်၊သူ့ဟာက ညည်းချင်ချင် လေ့လုပ်ချင်ခုင်၊ ဒီအထဲ ဘုန်းကြီးကို တခါတည်း ဆင်ခြေလဲ လိုက်တဲ့အခါကျတော့ ဟုတ်သွားဘဲ၊ တကားကြီးဟာ အစော

လွဲလာတာ ကျုပ်လဲ မတတ်နိုင်ဘူး၊ ဒီအသံ ကြားချင်တာ.... (မှန်ပါဘုရား) မဟုတ်ဘူး၊ ဒီတော့ တတ်နိုင်တာ ပြောချင်တာ၊ ရိပ်မိရဲ့လား....(ရိပ်မိပါပြီဘုရား)။

ဦးမြကလဲ အလုပ်တွေ ပြန့်နေလို့ ဘုရားလို့ ခင်ဗျားဆင်ခြေ မလဲနဲ့တော့၊ လဲဦးမလား.... (မလဲပါဘုရား) မလဲနဲ့၊ ဒီနေရာ သာ ဖြတ်ဘို့ အရေးကြီးနေတယ်၊ နှစ်က-သုံးကို ...(မကူးဘို့ပါ) ဟောဒီ နှစ်က- သုံးမကူးလို့ ရှိယင် ဘုရားလဲ ဖြစ်ပါတယ်၊ သောဘာပန်နဲ့ သကဒါဂါမ်ကော....(ဖြစ်ပါတယ်) အနာဂါမ်- ရဟန္တာကော....(ဖြစ်ပါတယ်) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့်.... သောတာပန် နှင့် သကဒါဂါမ်ဟာ တကာ- တကာမတွေ ဒါကလေး ပြတ်တာဘဲ ထူးကြတယ်....(မှန်ပါ ဘုရား) သဘောပါကြပလား....(ပါ ပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဆရာသမားကောင်းနဲ့လဲ တွေ့ နေတော့ ပြော်... ဒို့အရေးဟာက ဒီနေရာ မဂ်ဝင်ဘို့သာအရေး ဟာ အကြီးဆုံးဘဲ-(မှန်ပါ) ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဒီနေရာမှာ.... (မဂ်ဝင်ဘို့ အရေးကြီးတယ်) မဂ်ဝင်တော့ ဒီမြွှားကလေးဟာ အကုန် ပြတ်သွားပြီ၊ မပြတ်သေးဘူးလား.... (ပြတ်ပါပြီ) ပြတ်တော့ ဒီကြိုးကလေးကြည့်၊ ဒီကြိုးကလေးက ဒါနဲ့ပြတ်ပါ၌ဆိုပြီး ဒီဘက်လှည့်ပြတယ်၊ “ ဝေဒနာ နိရောဓာ တဏှာ နိရောဓော နိဗ္ဗာနံ ” ဘက် လှည့်ပြတယ်.... (မှန်လှပါ) မပြဘူးလား....(ပြပါတယ်ဘုရား)တကာတကာမတွေ ကျေနပ် ပလား....(ကျေနပ်ပါတယ်ဘုရား) ဦးမြကြီး ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ပြတ်တဲ့အခါကျတော့လဲ ဗီနေရာကနေပြီး နိဗ္ဗာန် ရောက်တာဘဲ၊ မပြတ်လို့ရှိယင် ဝေဒနာပစ္စယာ တဏှာဆိုပြီး ဗီပြန်ပတ်တာဘဲ.... (မှန်ပါ့) ဗီကြိုးကလေးဟာလေ၊ ပေါ်ကြ ပလား- (ပေါ်ပါပြီ) ဗီကြိုးကလေးကဲ သာမညကြိုးမဟုတ်ဘူး ဆက်ချင်ယင် ဗီဘက်သွားကွ၊ ပြတ်ချင်ယင် ဗီဘက်လှည့်ကွ....၊ ဒါပြောတာဘဲ တကာတကာမတွေ.... (တင်ပါ့ဘုရား)။

အေး.... ဦးသူတော်ကြီး ရိပ်မိရဲ့လား....(မှန်ပါ့) သဘော ပါရဲ့လား.... (ပါ-ပါတယ်) ခင်ဗျား ဘယ်လို လမ်းကလဲ.... ဆက်သမားလား၊ ဖြတ်သမားလား....(ဖြတ်သမားပါဘုရား) ဟုတ်ကဲ့လား၊ ဆက်သမားလား....ဖြတ်သမားလား... ဆိုတဲ့ဥစ္စာ အတော် မေးရတယ် နော်...၊ အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ ခင်ဗျားတို့အတွက်က တပည့်တော်ဘုရား အန္တရာယ် ကင်းရှဲဘေးကင်းတာ ကြုံရပါစေလို့ ခင်ဗျားတို့က အားလုံးဘဲ အလိုရှိကြတယ်။

ဗဟိဒ္ဓ အန္တရာယ်ကို မကြောက်ပါနဲ့နော်....၊ ခင်ဗျားတို့ သန္တာန်မှာ ဆက်သွားလို့ ရှိယင် တဏှာဟာ အကြီးဆုံး အန္တရာယ်ပါဘဲ၊ သဘောကျပလား.... (မှန်ပါ့) တဏှာဟာ ဘာတုံး.... (အကြီးဆုံး အန္တရာယ်ပါဘုရား) ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ။

ဒါ.... သမုဒယသစ္စာမို့ အဲ....သူမှ ဒုက္ခမျိုးစုံ ပေးတာ၊ ခင်ဗျားတို့ ဒီ့ပြင်ဟာတွေ ဘာမှ မကြောက်နဲ့.... (မှန်ပါ့) သူတလုံးသာ ကြောက်ရတယ်၊သဘောကျပလား- (ကျပါတယ်) သူလာမှာ ကြောက်ကြပါ၊ သူမလာယင်.... (မကြောက်ရပါ)

ဘာမှ ကြောက်စရာ မရှိဘူးဆိုတာ ပေါ်ကြပလား .... (မှန်ပါ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာ တဏှာမတို့ တဏှာ ရှိလို့ ရှိယင် တဏှာနဲ့ ပတ်သက်တဲ့ တဏှာဆိုတာသည် မည်းတဲ့ တရားလား.... ဖြူတဲ့ တရားလားလို့ ဆိုတာ ခင်ဗျားတို့ သိပြီးသားထားပါ· (မှန်ပါ) ဘယ်လိုဆိုမယ်....(မည်းတဲ့ တရားပါဘုရား) အို... မည်းတယ် ဆိုကတည်းက အမှိုက်ဘဲဗျ၊ အမှိုက်ရှိယင် ခွေးချေးလာတယ်.... (မှန်ပါဘုရား)။

ဒါ အမှိုက်တွေရှိနေလို့ ရှိယင် ခွေးချေးတွေအကုန်လာတယ် (မှန်ပါ) ဥပါဒါန်တွေ ကံတွေ၊ သဘောကျပလား....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒီအမှိုက်ကို မလာအောင် ဒီကနေပြီး ဖြတ်လိုက်မယ်ဆိုတော့ ရတနာရှိရာ ရတနာ လာတယ်၊ မဂ်ရှိရာကို ဖိုလ်လာတယ် .... (မှန်ပါ)ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

မဂ်ရှိရာကို....(ဖိုလ်လာတယ်) အဲဒါ ရတနာရှိရာတော့ (ရတနာလာတယ်) အမှိုက်ရှိရာတော့....(ခွေးချေးလာတယ် :) ကြိုက်တာယူကြပေတော့၊ ဘယ်ဟာ ကြိုက်သတုံး၊ မပြောပါရစေနဲ့ ဘုရားလား၊နောက်က တဏှာတဏှာမတွေ အမှိုက်ရှိရာ ခွေးချေး လာတာဘဲ ကြိုက်သလား၊ ရတနာ ရှိရာ ရတနာ လာတာဘဲ ကြိုက်သလား.... (ရတနာရှိရာ ရတနာ လာတာဘဲ ကြိုက်ပါတယ်)မလုပ်ဘဲနေယင် ဘာလာမယ် ထင်ကြသတုံး.... (ခွေးချေးလာပါလိမ့်မယ်)အင်း..... ခွေးချေး လာလို့ ရှိယင်ဖြင့် အောင့်အည်းသာ သည်းခံကြပေတော့၊ခင်ဗျားတို့ ကျေးဇူးများစရာ တကွက်မှ မမြင်ဘူး။

ရိပ်မိပလား.... (ရိပ်မိပါပြီ) အင်မတန် ဆိုးဝါးနေတယ် ဆိုတာကော ကိုယ့်အကြောင်း ကိုယ်သိပလား-(သိပါပြီဘုရား) ခင်ဗျားတို့ စိန်နဲ့, ရွှေနဲ့, မြနဲ့, တိုက်နဲ့, တာနဲ့ နေတာ ဘုန်းကြီး သိပ် ဝမ်းသာပါတယ်၊ သို့သော်လဲ- ခွေးချေးချည်း စုနေလို့ မကျေနပ်ဘူး....(မှန်ပါ့ဘုရား)။

ဦးမာဒင်....(ဘုရား)ကျေနပ်စရာရှိရဲ့လား.... (မရှိပါဘုရား) ကျေနပ်စရာ မရှိဘူးတဲ့၊ ဦးညွန့်ကော....(မကျေနပ်ပါဘုရား) ဦးမြ ကျေနပ်စရာရှိရဲ့လား.... (မရှိပါဘုရား) အဲဒါကြောင့် ခင်ဗျားတို့ဟာ ဒီအဝိုင်းခြေးအလုပ်ကိုဘဲ နေ့တိုင်းလုပ်နေတယ်၊ မလုပ်ဘူးလား-လုပ်သလား....(လုပ်ပါတယ်ဘုရား)။

ဩော်... ဘယ်လောက် ကြာခဲ့ပြီလဲလို့ ဆိုယင် ဘယ့်နှယ် ဖြေကြမလဲ... (မမှတ်မိပါဘုရား) တသံသရာလုံး ဟောဒီက သမုဒယသစ္စာ၊ဒါက ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်မှာ ထပ်မိုက်တော့ ဒါက ဘာသစ္စာလဲ... (သမုဒယ သစ္စာပါဘုရား)။

ထပ်မိုက်လို့ နောက်ထပ် အကျိုးပေးတာကကော .... (ဒုက္ခ သစ္စာပါဘုရား)။

တခါ ထပ်မိုက်ပြန်လို့ နောက်ထပ် .... (သမုဒယသစ္စာပါ ဘုရား)။

အင်း... မိုက်ခြင်းကြောင့် အကျိုးပေးရတာ....(ဒုက္ခသစ္စာပါ ဘုရား)။

တခါ ထပ်မိုက်ပြန်တယ်....(သမုဒယသစ္စာပါဘုရား) ဒါဘဲ ရှိတယ်....(ဒီ့ပြင်မရှိပါဘုရား)။

ဦးမြ- ကျေနပ်ပသလား.... (ကျေနပ်ပါတယ်ဘုရား)နောက်က တကာတကာမတွေ ကျေနပ်ကဲ့လား...(ကျေနပ်ပါတယ်ဘုရား) ကျေနပ်ပါတယ်ဆိုတော့ ငါသေလျှင် ဘယ်များ သွားမှာပါလိမ့် မတွေးဆိုတဲ့ တွေးလုံးဟာ လူတိုင်းမှာရှိတယ်(မှန်ပါ) ငါသေယင် ဘယ်များရောက်လို့ ဘယ်များ- ပေါက်ကြမှာတုံး ဆိုတဲ့ဥစ္စာ တကာတကာမတွေ လူတိုင်းမှာရှိတယ်....(ရှိပါတယ်ဘုရား)။

အဲဒါ သူများ သွားမေးမနဲ့ ရှက်စရာကြီး(မှန်ပါ)မေးယင် ဘယ့်နှယ်ထင်ကြသလဲ... (ရမ်းဖြေလိုက်လိမ့်မယ်ဘုရား)။

ဟိုသူတွေအာ ခံနိုင်မှာမဟုတ်ဘူး၊ သူတို့က သိတာမဟုတ်ဘူး အဘိညာဏ်မရဘူး၊ခင်ဗျားတို့ကကိုယ့်ဟာကိုယ်သိတယ်၊ငါဟာ ဝေဒနာက တဏှာဆက်သလား-မဆက်ဘူးလားဆိုတာ ခင်ဗျား တို့က သိတယ်....(မှန်ပါ)စိတ်က တဏှာဆက်သလား-မဆက်ဘူး လားဆိုယင်တော့ (ကိုယ့်ဟာကိုယ်သိပါတယ်) ကိုယ့်ဟာကိုယ် သိတာ ဒီမှာကြည့်ပါလား။

တကာတကာမတို့· ဒီ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့မသိတော့ သမုဒယသစ္စာ လာတယ်....(မှန်ပါ) မလာဘူးလား.... (လာပါ တယ်ဘုရား)သမုဒယသစ္စာ လာလို့ရှိယင် ဒုက္ခသစ္စာက နေပါ့ မလား.... (မနေပါဘုရား) ဒါဟာ အပါယ်ဒုက္ခတွေ ဒီထဲ အကုန်ပါတာဘဲ....(မှန်ပါ)အဲဒီတော့ ဆရာတော်သမားတော် တွေ မေးမလို့လား၊ ဟုတ်လား ယောဂီပုဂ္ဂိုလ်ကြီးတွေ မေးမ လား၊ကိုယ့်ဟာကိုယ်မေးမလား(ကိုယ့်ဟာကိုယ်မေးရမှာပါ)။

သဘောပါကြပြီ တကာတကာမတွေ သူများသွားမေးယင် ရမ်းဖြေမယ်....(မှန်ပါ) ကိုယ့်ဟာကိုယ်ကျတော့ ရမ်းဖြေစရာ ရှိသေးရဲ့လား...(မရှိပါ) သဘောပါပြီလား .... (ပါပါပြီ)

အဲဒီတော့ကို ဘုန်းကြီးတို့တကာတကာမတွေခင်ဗျားတို့အတွက် ဟာက အရေးကြီးပြီ၊ဩော်....သူတို့က ဗဟုသုတရှိတယ်၊ သူတို့ သွားမေးမှ တပည့်တော်က ကျောင်းလဲ ဆောက်ထားတယ်၊ ဘုရားလဲ တည်ထားတယ်၊ အဲဒီတော့ တပည့်တော်ဖြင့် အသေ စိတ်ချရပလား၊ ခင်ဗျားတို့က နှုတ်ချိုချိုနဲ့ သွားမေးလိမ့်မယ်။

သာမည ဆရာဆိုလို့ရှိယင် ဟာ-ခင်းလိုလူ ရှာမှ ရှားကွ ပြောချင်တာ ပြောချလိုက်မယ်၊ ဘာလုပ်နေနေ ဒါဆက်ယင် သွားရော ရိပ်မိပလား....(မှန်ပါ့ဘုရား)။

(ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ထောက်ပြသည်)။

ဘာလုပ်နေနေ ဒါထည့်ယင် .... (မှားသွားမှာပေါ့) အဲဒီတော့ သူများမေးကြမလားတဲ့၊ ကိုယ့်ကိုယ် မေးကြ မလား....(ကိုယ့်ကိုယ်မေးကြပါမယ်ဘုရား)အဲဒါကဘုန်းကြီးက ခင်ဗျားတို့ကို မှန်တချပ်ပေးခဲ့တာပါ၊ကိုယ့်အရုပ်ဆိုးတယ့်မဆိုး ဘူး၊ ဆက်တယ်·မဆက်ဘူးဆိုတာ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာဖြစ် စဉ်ကိုကြည့်လိုက်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကိုယ့်ဉာဏ်နဲ့....(ကိုယ့်ခန္ဓာ ဖြစ်စဉ်ကိုကြည့်ရမယ်) ကိုယ့် ဉာဏ်နဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်ကို တကာ တကာမတွေ ကြည့်လိုက် မယ်ဆိုလို့ရှိယင် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ — (မှန်ပါ့)။

ဦးမြကြီး....သူများ သာဓုခေါ်တာများ ဘဝင်မမြင့်လိုက်ပါ နဲ့....(မှန်ပါ့) သူများသာဓုခေါ်တာကို... (ဘဝင်မမြင့်ပါနဲ့) ဘဝင်မမြင့်ကြနဲ့နော်- တကာတကာမတွေ၊ကိုယ်က ပဋိစ္စသမုပ္ပါဒ် ဆက်ဘယ်၊ ဟိုက ရမ်းပြီးသကာလ ဂုဏ်ရှိတဲ့လူမို့ သာဓုခေါ် လိုက်တယ်(မှန်ပါ့)ခင်ဗျားတို့က ဖိုးကြိုင်းဒုတ် လုပ်နေယင်တော့ သွားပြီ၊ဒီအသွား မသွားသေးဘူ'လား .... (သွားပါပြီဘုရား)။

အဲဒီတော့ သူများသာဓုခေါ်မှာကို ခင်ဗျားတို့ ကြောက်စရာကောင်းတယ်....(မှန်ပါ) ကိုယ်က ဝေဒနာက ဘယ်သွားနေသလဲ....(တဏှာသွားနေတယ်)တဏှာသွားနေတော့ ခင်ဗျားက အင်း... ဒီလို ကောင်းကောင်း မွန်မွန်ကလေး စားရလို့ ဒီလို ကောင်းတဲ့ဆီ ရောက်ရပါလို၏ ဆိုတော့ တဏှာက မလာဘူးလား(လာပါတယ်) အဲဒါကို ဘေးက သာဓု ခေါ်လိုက်တော့ မှားပြီး သာဓုခေါ်တာကိုး... (မှန်ပါ)။

ဘယ်သူ့ သာဓုခေါ်သလဲ(တဏှာမှားသာဓုခေါ်ပါတယ်) သွားပြီပေါ့၊တဏှာ သာဓုခေါ်ရမှာလား၊ နှင်ထုတ်ရမှာလား....(နှင်ထုတ်ရမှာပါ) သို့သော်လဲ ခင်ဗျားတို့က အမျှ ယူကြပါ တောင် ပေးချင် ပေးလိုက်ဦးမယ်....(မှန်ပါ)သွားပြီ၊ နှစ်ချက် မှား(မှန်ပါဘုရား) မမှားသေးဘူးလား(မှားပါတယ်) သူက ဘာ အမျှပေးတာတုံးဆို တဏှာအမျှပေးတာတဲ့(တဏှာ အမျှ ပေးတာ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အတော်ဆိုးနေတယ်၊ ဒါက ဒီ ပဋိစ္စသမုပ္ပါဒ် မပြဘဲနဲ့ ဆိုယင် ဒီအပြော မရဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို သေသေချာချာ သိတော့မှ သူက(တဏှာက)ဘုံဘဝဆုတောင်းတာ၊ မတောင်းဘူးလား(တောင်းပါတယ်)တဘဝ ဆုတောင်းတော့ ခင်ဗျားက ကုသိုလ်ရှင်ကြီး ဖြစ်ပြီးသဘောလ နေတော့ ဆုတောင်းထားတာက ဒုက္ခတောင်းထားတာ မဟုတ်ဘူးလား...(မှန်ပါ) ကျုပ်တော့ဖြင့် ကုသိုလ်ပြုတာဘဲဗျာ၊ နောက်ဘဝတော့ဖြင့် ကျုပ်ကောင်းစားမှာဘဲ၊အဲဒီ တောင်းထားတဲ့အကြောင်းတွေ ခင်ဗျားတို့ အမျှယူကြပါဆိုတော့ ဒီ ဒုက္ခသစ္စာ ပေးထားတယ်(မှန်ပါဘုရား) ဘာပေးလိုက်တုံး(ဒုက္ခသစ္စာပေးလိုက်ပါတယ်ဘုရား)။

ဟော....တကာတကာမတို့ ခေါ်ဘူးလှူပြီ ထင်တယ်(တင်ပါ ဘုရား)သူများပေးတာတွေ ရမ်းယူနေတာဘဲ....(တင်ပါ) ရိပ်မိ ပလား (ရိပ်မိပါပြီ)ဘာယူတာပါလိမ့်....(ရမ်းယူတာပါဘုရား) ရမ်းယူတော့ အကောင်းရသလား အဆိုးရသလား .... (အဆိုး ရပါတယ်) အဆိုးရတုန်း ခင်ဗျားတို့ဟာ ပိုက်ပြန်တဲ့ လူတွေ အတော်ဆိုးတဲ့ လူတွေ၊ တကာတကာမတွေ မဟောသင့်ဘူးလား (ဟောသင့်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပါ၊ သေသေချာချာ စဉ်းစားပါ (ဒီအတိုင်း ပြောသင့်ပါတယ်) သေသေချာချာ စဉ်းစားပါ။ ဗိဥစ္စာ သိပ်ကြောက်စရာကောင်းလွန်းလို့ ပြောပါတယ်(မှန်ပါ) ခင်ဗျားတို့ သာမညဆရာဆိုယင် ပြောမယ်မဟုတ်ဘူး(မှန်ပါ) တကာတကာမတွေ ပြောပါမလား(မပြောပါ) ဟိုက ဘုံဘဝ တောင်းတဲ့ တကျော်ဗျ....(မှန်ပါ)။

ဒီအလှူ, လှူပြီးသကာလ ဒီ ဝေဒနာတွေကို လှူပြီးသကာလ ပေါ့ဗျာ၊ သူ့ဝေဒနာတွေ လှူတယ်ထားပါတော့....(မှန်ပါ) ကောင်းကောင်းကျွေးတယ်၊ ကောင်းကောင်း အဝတ်ပေးတယ်၊ ဟုတ်လား ကောင်းကောင်း မဏ္ဍပ်ကြီး ဆောက်တယ်၊ အဲဒီ ဆောက်ရတဲ့ အတွက်ဆိုပြီး တကျော်နဲ့ ဘုံဘဝ ဆုမတောင်းဘူး လား(တောင်းပါတယ်)တောင်းတော့ ဝေဒနာပစ္စယာ(တဏှာ) ဆက်သွားရော(မှန်ပါ)တကာတကာမတွေ....(ဘုရား)မဆက် ဘူးလား, ဆက်သလား....(ဆက်ပါတယ် ဘုရား)။

ဆက်တော့ ဒါ ပစ္စုပ္ပန် အကြောင်းတရားကွတဲ့-ထပ်မိုက်လာ တယ်၊ ဒီမှာ ဒုက္ခသစ္စာ ရပြီးသားကို သမုဒယသစ္စာ ပြန်လုပ် ပြန်တယ်....(မှန်ပါ) သဘောကျပလှာ....(ကျပါတယ်) ဒုက္ခ

ရောက်တဲ့လူက ထောင်ထဲမှာ ကျနေတဲ့ လူက ရိုက်ပွဲ ပြန်လုပ် ပြန်တယ်(တင်ပါ့) နှစ်ထပ်ကျတယ်၊ နှစ်ထပ်တိုး အလိုရှိလို့ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါတယ်) ဒီ ထောင်ထဲ ကျနေ တာက ဘာသစ္စာလဲ....(ဒုက္ခသစ္စာ)ထောင်ထဲ ပြန်မိုက်တာက ဘာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် နောက် ထောင်ကျမှ ကျပါ့မလား.... (ကျပါတယ် ဘုရား) ဒါဖြင့် နှစ်ထောင်စံပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါတယ်)ဦးမြ အတော်မဆိုးဘူးလား....(ဆိုးပါတယ်) နားကြီးကြီးနဲ့ ထောင်ပါ....(မှန်လှပါဘုရား) နားသေးယင် ဒီ တရားကရကိုမရဘူး၊မကြားဘူးတဲ့စကားလဲဖြစ်နေတယ်၊သဘော ပါရဲ့လား....(ပါပါတယ်)နှစ်ထောင်စံများ တွေ့ဘူးရဲ့လား..,. (တွေ့ဘူးပါတယ်ဘုရား) ကိုယ့်ကိုယ်တိုင် စံဘူးလှပါပြီဘုရား၊ ကိုယ့် ကိုယ်တိုင် စံဘူးလှပါပြီလို့ ဖြေရုံဘဲရှိတယ်....(မှန်ပါ့)။

အဲဒါ သစ္စာမသိတာ နိဂုံးချုပ်တယ်....(မှန်ပါ့) ဘာ မသိ တာပါလိမ့်....(သစ္စာမသိတာပါဘုရား) သစ္စာ မသိတာတဲ့၊ ငါ့ သန္တာန်ဖြစ်တာသည် တဏှာလာယင် သမုဒယသစ္စာဖြစ်ပြီဟဲ့လို့ သိရဲ့လား....(မသိပါဘုရား)မသိတော့ ဒီဘက် ဒုက္ခရလိမ့်မယ် ဆိုတာကော သိရဲ့လား...(မသိပါဘုရား) ဒီ သစ္စာနှစ်ခု မသိ လိုက်တာ ကိုယ်ကျိုးကို လှလှကြီးနည်းတာဘဲ(မှန်ပါ့)။

ကဲ... တကာတကာမတွေ့ အတော်မဆိုးဘူးလား....(ဆိုးပါ တယ်)ခင်ဗျားတို့ သေကာနီးမှာ ဒီ ဆရာသမားနှင့် လာတွေ့ တာ တော်တော်သေးကယ်၊ အသေများ စေယင် ခက်တယ် (မှန်လှပါ) ဦးမြကြီး ဘယ့်နှယ်ထင်တုံး(ခက်ပါတယ်ဘုရား)

အသေစောယင် ခက်တယ်၊ ဆရာကလဲ အသေမစောလို့ (မှန်ပါ့)
ခင်ဗျားတို့ကလဲ အသေမစောလို့....(မှန်ပါ့) တော်, တော်သေး
တာပေါ့....(မှန်ပါ့)သဘောပါရဲ့လား...(ပါပါတယ်ဘုရား)။

ဒါဖြင့် အသေကတော့ မစောဘူးတဲ့၊ ခန္ဓာကတော့ဖြင့်
မရပ်မနား သုသာန်သွားနေတယ်၊ မရောက်သေးတာ တမယ်
ကျန်တော့တယ်၊ အသွားကတော့ မရပ်တော့ဘူး....(မရပ်ပါ
ဘုရား) မောင်ကို ရပ်သေးရဲ့လား....(မရပ်ပါဘုရား)မရပ်
တော့ ထိုင်နေယင်းနဲ့လဲ.... (သွားနေတာဘဲ) ထိုင်နေတော့
အို, အိုတာကဲ နာ, နာတာကဲ သေကိုးဗျ....(မှန်ပါ့)။

ဒါဖြင့် တရားနာနေကြတာလား၊ သေရာသွားရင်း နာနေ
တာလား...(သေရာသွားရင်း နာနေတာပါဘုရား) ကောင်းပြီ
ဘုန်းကြီးရှေ့မို့ ပြောတာပါ၊ကျုပ်ဟာ အရင်နဲ့ မတူဘူး၊ မာ
လာပြီဗျ, ပြောချင်ပြောမှာ၊ အဘော်ဂ္ဂကျတဲ့ လူတွေပါ၊ ဟင်-
အပေါ်ဆိုးနေတယ်၊ အတော်ဆိုးနေပါတယ်ဆိုတာ ပေါ်ကြ
ပလား (ပေါ်ပါပြီဘုရား) အဲဒါ ဘဝတကျော ခေါ်ပါတယ်တဲ့
(မှန်ပါ့)။

ကျုပ်ဟာဖြင့် အခု ဆရာဝန်ကောင်းနဲ့ ဆေးကောင်းနဲ့
တွေ့ရတဲ့အတွက် နေရ ကောင်းပါသေးတယ်ဗျာ၊ ဘာတုံးဗျ
ဒီဥစ္စာ၊ ကိုယ့်ဘဝ ကိုယ်ခင်တွယ်တဲ့ တကျော(မှန်ပါ့)၊ကိုယ့်ဘဝ
ကိုပင် ဟောတာက ခင်ဗျားတို့ခန္ဓာ, ဘဝခန္ဓာကြီး.... (မှန်ပါ့)
တော်ပါသေးရဲ့ဗျာဆိုတာ ဒီတကျော....(မှန်ပါ့) ရိပ်မိပလား....
(ရိပ်မိပါပြီ) တော်ပါသေးရဲ့ဆိုတာ ဦးမြကြီး ဒါ ဘာတုံး....
(တကျောပါဘုရား)။

ဒါဖြင့် ဝေဒနာပစ္စယာ....(တဏှာ)သူက သုခဝေဒနာ ပေါ်တော့၊ ကျန်းမာလာတယ် ပြောတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နေရ တောင်းပါသေးရဲ့ ဆိုတော့ ဒါ ဘာတုံး....(တဏှာပါဘုရား)ကျုပ်နေရမှာ ကေန်ဘဲ၊ ကျုပ်တော့ ဒီဆရာနဲ့ အကျိုးပေးပြီဗျာ့ဆိုတာ ဥပါဒါန်....(တင်ပါ့ဥပါဒါန်ပါ)ဒါကြောင့် ကာယကံ့ဝစီကံ အချိန်ရှိခိုက် လုံ့လစိုက်ဆိုပြီး အရောင်းအဝယ် လုပ်ရဦးမှာဘဲ ဆိုတာက(ကမ္မဘဝ)ကမ္မဘဝပစ္စယာ သေသည်၏ အခြားမဲ့၌... (ဇာတိပါဘုရား)။

ဪ....ခင်ဗျားတို့ ဆရာကောင်းနဲ့ မတွေ့လိုက်လို့ရှိယင် ငါးပါးမှောက်ဘာဘဲ (မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)တကာ တကာမတွေ့ ခင်ဗျားတို့ ဆရာကောင်းနဲ့ မတွေ့လိုက်လို့ရှိယင် ဘယ့်နှယ်ဖြစ်သွားမတုံး... (ငါးပါးမှောက်ပါတယ်) ငါးပါးကို မှောက်တာဘဲ၊ ရိပ်မိကြပလား.... (တင်ပါ့ဘုရား ရိပ်မိပါပြီ) အဲဒါ့ သေသေချာချာ ပြောတဲ့ဆရာဆိုလို့ရှိယင်....(မှန်မှန် ကန်ကန် သစ္စာသိအောင် ပြောတဲ့ဆရာဆိုလို့ရှိယင်) တကာတကာမ တွေ့ ဒါဘဲ ပြောရမယ်၊ ဒီ့ပြင်ပြောစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကြီးဟာ ယခု ဘဝ ရ့ထားတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာထဲက ဘာတွေ ပေါက်ပွားလာပါသလဲ(သမုဒယသစ္စာပါဘုရား)ဗိ ကြည့်လေ တဏှာ ဥပါဒါန်တွေ ကံတွေ ပေါက်ပွားလာတယ်။ ညာဏ် ပေါက်ပွားတာလား... တဏှာ ဥပါဒါန် ပေါက်ပွားတာလား....(တဏှာ ဥပါဒါန်ပေါက်ပွားတာပါဘုရား)။

ဪ... ခင်ဗျားတို့ဥစ္စာလဲ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဒုက္ခရောက်နေတဲ့လူက နောက်ဒုက္ခပြန်ရှာတယ်၊ ဒုက္ခရောက်တဲ့လူ(နောက်ဒုက္ခပြန်ရှာပါတယ်ဘုရား) ဒါဖြင့် ဆေးချက် ကုန်နေပါပေါ့လား(ကုန်နေပါပြီ) ဒီဆရာနဲ့ သာ မတွေ့ယင် ဆေးချက်ကုန်ပြီ(တင်ပါ့)အင်မတန် ကြောက်စရာကောင်းပါတယ်(မှန်ပါ့)။

တကာတကာမတွေ မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်) ကိုင်း... ဒါဖြင့် တကာတကာမတို့ ခုနက ပုဏ္ဏားကို မေးကြဦးစို့၊ ပုဏ္ဏားက ဒုတိယ တချက် မေးခွန်း ထုတ်ပြန်တယ်၊ အရှင်ဘုရား လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည် ရောက်ပါ့မလားတဲ့၊ အို... တထောင်မကဘူး၊ တသိန်းမကဘူးကွ ရောက်တယ်၊ သုဂတိတော့ ရောက်ပါတယ်။

ခုနက အဖြေနဲ့ တူသေးရဲ့လား....(မတူပါဘုရား) တကာတကာမတွေ တူသေးရဲ့လား(မတူပါ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည် ရောက်ပါ့မလားလို့၊ ဦးမြဝဏ္ဏဂေါတ္တက မေးတယ်(မှန်ပါ့) ဘုရားက ဘယ့်နှယ်ဖြေသလဲ (ရောက်ပါတယ်) အို....သိန်းသန်း မကဘူးကွ ရောက်တယ်တဲ့၊ သုဂတိတော့ ရောက်တယ်....(မှန်ပါ့)။

နိဗ္ဗာန်ကျတော့... (မရောက်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါဖြင့် ခင်ဗျားတို့ လုပ်နေတဲ့ ကုသိုလ်တွေဟာ သုဂတိအကျိုး ပေးပါလိမ့်မယ်လို့ ဟောတယ်၊ ဒါ မပြတ်ဘဲကိုး။ တဏှာနဲ့ ဆုတောင်းတယ်(မှန်ပါ့) တောင်းတော့ကို နှစ်ကသုံးကို မကူးဘူးလား, ကူးသလား(ကူးပါတယ်) ကူးလို့ရှိယင်ဖြင့် သုဂတိတော့ ဟောဒါ ဇာတိ ဇရာ မရဏဟာ သုဂတိဘဲ။

(မှန်ပါ) မရောက်ပေဘူးလား....(ရောက်ပါတယ်) ရောက်ပေမဲ့ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ)။

ဦးမြ ပေါ်ပြီလား....(ပေါ်ပါပြီ) ဘာသစ္စာရကြတုံး (ဒုက္ခသစ္စာရပါတယ်) ဒုက္ခသစ္စာရတာ ခင်ဗျားတို့က ကြံဖန်ပြီး သကာလ ဝမ်းသာနေတာကိုး၊ သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာရသတုံး... (ဒုက္ခသစ္စာရပါတယ်)သစ္စာနဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာရတယ်၊ ဒီဒုက္ခသစ္စာရတဲ့သူက တော်သေးရဲ့ ဆိုတော့ ဝမ်းသာလို့ ပြောတဲ့အသံလား ဝမ်းနည်းလို့ ပြောတဲ့ အသံလား (ဝမ်းသာလို့ ပြောတာပါဘုရား)။

အံမာလေး ရတာက 'ဒုက္ခသစ္စာ' ခက်ပြီ၊ အကောင်း အဆိုး ကို မရွေးတတ်တော့ဘူး....(မရွေးတတ်ပါ) ဘယ့်နှယ်ဖြစ်နေ ကြလဲ (အကောင်းအဆိုး မရွေးတတ်ပါ) တကာတကာမတော့ ဘယ့်နှယ်တုံး၊ အကောင်းအဆိုး ရွေးတတ်သေးရဲ့လား .. (မရွေး တတ်ပါဘုရား) မရွေးတတ်လို့ ခင်ဗျားတို့ သုဂတိရောက်ချင် တာပေါ့ဗျ... (မှန်ပါ)။

အဲဒါ သစ္စာမသိလို့၊ ရှင်းပြီလား....(ရှင်းပါပြီဘုရား) ဒါဖြင့် တကာတကာမတို့ တရားဘာကော့ တရားထဲမှာ ဘယ်ဟာ သိဖို့ အရေးအကြီးဆုံးလဲ.... (သစ္စာသိဖို့ အရေးကြီးပါတယ်) သစ္စာသိဖို့ အရေးကြီးတယ်၊ သစ္စာဘယ်ကလာသတုံးလို့ မေး တော့မှ ဒီ ပဋိစ္စသမုပ္ပါဒ်ကလာတယ်၊ ကြည့်လေ ဒါ-သမုဒယ သစ္စာ(မှန်ပါ) ဒါကဘာတုံး (ဒုက္ခသစ္စာပါ)ဒါက- ဘာတုံး (သမုဒယသစ္စာပါ) ဒါကဘာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ဖြတ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒါကဘာတုံး....(မဂ္ဂသစ္စာပါ) ဒီဘက်က ချုပ်သွားတာတွေကကော....(နိရောဓသစ္စာပါဘုရား)

သစ္စာသိမှ ခင်ဗျားတို့ ရောက်မယ်.... (မှန်ပါ)သစ္စာမသိသေး လို့ရှိယင်....(မရောက်ပါ) စာတွေ ခေါင်းချဉ်းနေအောင် တတ် (မရောက်ပါဘုရား)ရောက်နိုင် ကြပါ့မလား.... (မရောက်နိုင်ပါ ဘုရား)မရောက်နိုင်ဘူးဆိုတာသေချာပလား....(သေချာပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ယခုအချိန်မှာ အချိန်မှီပါသေး တယ်....ဦးမြ....(မှန်ပါ) ရောက်နိုင်ပါသေးတယ်၊ ရနိုင်ပါသေး တယ်လို့ လေးလေးနက်နက် အားပေးတာ....(မှန်လှပါ) လုပ်မှ ရမှာ၊ မလုပ်ယင်တော့ .... (မရပါဘုရား) မရဘူးဆိုတာ သဘောပါပလား.... (ပါပါပြီ) ပြီးပြီ၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ ရောက်ပါ့မလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ....(ရောက်ပါတယ်) ရောက်တယ်၊ ဒါဖြင့် တကျော့ပို့တဲ့နေရာဘဲဗျ .... (မှန်လှပါ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။

သုဂတိတွေဟာ ဘယ်သူ ပြုပြင်ထားတာဘာလိမ့်.... (တဏှာ ပြုပြင်ထားတာ)ပုဏ္ဏား မေးတာကြည့်လေ၊ ဘုရားကလဲ အဖြေ ထွက်တယ်....(မှန်ပါ)လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ များ ရောက်ပါ့မလားဆိုတော့၊ အို.... တခေသာင်း, ကသိန်းမကာ ဘူးကွ ရောက်တယ်၊ ဒီကျတော့ သံယောဇဉ်က မကန့်ကွက်ဘူး (မှန်ပါ)ဘာဖြစ်လို့ မကန့်ကွက်သတုံးမေးတော့ သံယောဇဉ်က ဘာသစ္စာတုံး....(သမုဒယသစ္စာ) ဒီ- လူ့ပြည်နတ်ပြည်က ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါတော့ ဘယ်ကန့်ကွက်မလဲ၊ သစ္စာမသိတဲ့လူ ရမ်းပေးချ လိုက်တာပေါ့.. (မှန်ပါ) ပေါ်ပလား... (ပေါ်ပါပြီ)ဒါဖြင့် သစ္စာမသိသေးသ၍ ကာလပတ်လုံး မျက်လုံး စုံလုံးကန်းလို့သာ

မှတ်(မှန်ပါဘုရား) သစ္စာမသိသေးယင် (စုံလုံးအကန်းပါဘုရား) မွေးတုန်းကတော့....(အကန်းပါဘုရား) သေတော့ (အကန်းပါဘုရား)။

ဒါကြောင့် မနေ့ကပြောခဲ့တယ်၊ ခင်ဗျားတို့ မုသာဘိတ်ယင် အကန်းလို့ ဘိတ်ကြစမ်းပါလို့၊ သစ္စာမသိတဲ့လူ သေသွားယင် အကန်းမသာကြွတော်မူပါလို့ သာဘိတ်ပါလို့ ဆိုတာ ဘုန်းကြီး ပြောတာ စကားရိုင်းသလား....(မရိုင်းပါဘုရား) ဖြစ်စဉ်ကိုက်သလား.... (ဖြစ်စဉ်နှင့်ကိုက်ပါတယ် ဘုရား) ဖြစ်စဉ် ကိုက်ဘယ် ဆိုတော့ ဒါဟာ ပဋိစ္စသမုပ္ပါဒ်ဟာ ဒုက္ခနဲ့ သမုဒယချည်းဘဲ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ရှိယင် မဂ္ဂနှင့် နိရောဓချည်းမှတ်.... (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ် အဝိုင်းပြေးနေယင် ဘာပါလိမ့် .... (ဒုက္ခနှင့် သမုဒယပါ)အဲ....ဒါဖြင့်အခုနက တကာတကာမတွေ ဖြစ်ပျက် အလုပ်ကို လုပ်ပါပြီဆိုတော့ ဘာလာတုံး ...(မဂ္ဂနှင့် နိရောဓ လာပါတယ်) ဒါက သူများပြောနှင့် ရတာသား၊ ကိုယ်တိုင် ဖြတ်သို့ရတာလား....(ကိုယ်တိုင်ဖြတ်လို့ ရဘာပါဘုရား)။

မဂ္ဂနှင့်နိရောဓ.... (ကိုယ်တိုင် ဖြတ်လို့ရတာ) ကိုယ်တိုင် ဖြတ်လို့ရတာ(မှန်ပါ) ဒါဖြင့် သားကယ်နိုင်၊ သမီးကယ်နိုင်တဲ့ တရားလား၊ ကိုယ်တိုင်ဖြတ်ရမှာလား....(ကိုယ်တိုင်ဖြတ်ရမှာပါ) အဲဒီတော့ ခင်ဗျားတို့က အရေးရှိယင် သမီးကလေးက ချောချော လည်လည်ရှိတယ်ဆိုပြီး အားကိုးချင် အားကိုးနေဦးမယ်- အဲဒီ ချောချော လည်လည်ကြောင့်လဲ အပါယ်ကျချက် နာတာဘဲ ... (မှန်ပါ)သားကလေးက ချောချောလည်သည်ရှိတယ် ဆိုသို့ရှိယင်

လဲ ခင်ဗျားတို့က ပြုံးမျှားနေလိုက်သေးတယ်၊မနေပေဘူးလား (နေပါတယ်ဘုရား)။

အဲဒါ အပါယ်ကျဘို့ပြုံးတာ၊ ဘယ်ရောက်ဘို့ ပြုံးတာတုံး (အပါယ်ရောက်ဘို့ပြုံးတာ) အတော် မဆိုးဘူးလား .... (ဆိုးဝါးပါတယ်ဘုရား)ကိုင်း-ဒါဖြင့် ခင်ဗျားတို့ကို ပြုံးစေချင်လို့ သတိပေးလိုက်ပါတယ်၊ ဒါပြတ်တဲ့အချိန် ပြုံးပါ....(မှန်ပါ) ဒါမပြတ်လို့ရှိယင်ဖြင့် ငါ့ကိုယ်ကျိုးနည်းပြီလို့ မဲ့ချည်းနေရမယ်...(မှန်လှပါ) ဒါပြတ်အောင် လုပ်နေတော့ ဘယ့်နှယ် ဆိုကြမသဲ ..(ပြုံးရမယ်) ပြုံးရမယ်၊ သံသရာစခန်းသတ်ပြီကွ (မှန်ပါ)ဒါမပြတ်သေးယင်....(မဲ့ရမယ်)။

ဒါဖြင့် ခု....ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့မျိုးနဲ့ စိန်နဲ့ မြနဲ့ ပြုံးတာတွေကျတော့ ဘယ်လို ဆုံးဖြတ်ချက် ချမလဲ .... (မဲ့ပြုံးပြုံးတာပါ)မဲ့ရမည့်ကိစ္စ ပြုံးနေသောကြောင့် အရူးတွေပေ့... (မှန်ပါ) ဘယ့်နှယ်ဆိုကြမလဲ (အရူးဖြစ်ပါတယ်) မဲ့ရမည့်ကိစ္စမှာ .... (ပြုံးနေတယ်) ခက်ပြီပေါ့။ ငွေငင်းတဏှာ ခွေးသားစားပြီး ပြုံးနေတာ ဘယ့်နှယ်ဆိုကြမလဲ၊ ရိပ်မိပလား (တင်ပါ)ငွေင်းတ ခွေးသားစားတော့ ခင်ဗျားတို့က ဘေးကနေကြည့်ပါ(တင်ပါ)သြော်.... မသိရှာလိုက်တာ လွန်လို့ပါလား ပြုံးစရာ အချက်ပါရဲ့လား....(မပါပါဘုရား)။

ကိုယ်ကလဲ ငွေင်းတဆိုတော့ တိရစ္ဆာန်,ခွေးသားကလဲ အပုပ်အစပ်၊ ဒါစားပြီး ပြုံးနေတယ်ဆိုတော့ တကာတကာမတွေ့ရဲ့ ခင်ဗျားတို့ ပြုံးနေပုံကားကြောက်စရာကြီး....(မှန်ပါ ငွေင်းတပြုံးပြုံးတာကိုး၊ ရိပ်မိရဲ့လား....(ရိပ်မိပါတယ်) အတော် မဆိုး

ဘူးလား(ဆိုးပါတယ်)ဒါ....တကာရင်း ဆရာရင်းမို့လို့အမှန် ပြောပါဘယ်....(မှန်ပါ)။

ဒါကြောင့် .... ခင်ဗျားတို့ ပြုံးလိုက်မှာကို ဘုန်းကြီးက သိပ်ကြောက်တယ်၊ ဒီလူဟာ ပြုံးချိန်လဲ မဟုတ်သေးဘဲနဲ့ ဘာပြုံးတာပါလိမ့်မတုံး၊ အတော်မဆိုးဘူးလား .... (ဆိုးဝါး ပါတယ်)အဲဒါက နားကြီးကြီးနဲ့ ထောင်တော့မှ ကိုယ်ပြုံးတာ လွဲမှန်းသိတယ်(မှန်ပါ) နို့မို့ယင် သိပါ့မလား.... (မသိပါ)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ ပြုံးချိန်လား,မဲ့ချိန်လား (မဲ့ချိန် ပါဘုရား)အလုပ်လုပ်ပြီးယင်ဘော့ ဘယ့်နှယ်တုံး.... (ပြုံးချိန် ပါဘုရား)ဒါဖြင့် ခင်ဗျားတို့သည် ဘုရားသခင်ကို သိတော်မြတ် ကြီးက ပြုံးသေ – မဲ့သေ သေတဲ့အခါ နှစ်မျိုးရှိဘယ်ကွ .... (မှန်ပါ)သဘောကျလား....(ကျပါပြီ)။

အရှုံးလို ပြုံးနေဘာဏတော့ကိုတဲ့သေတော့မယ်ဆိုလို့ရှိယင် သေခါနီးမှာတကာတကာမဘို မှတ်လိုက်စမ်းပါ၊သွားရာလမ်းကို မမြင်ဘဲနဲ့သေဘဲ့လူ ဘယ်သူ့မှမရှိဘူး ..(မှန်ပါ)သေခါနီးမှာ မရဏာသန္နဇောကလေ ... (မှန်ပါ)။

အဲဒီကျတော့မှ ငါ-သားရေး,သမီးရေး,စီးပွားရေးနှင့်အချိန် တွေ ဖြုန်းခဲ့ဘာဖြင့် ငါမှာ ကိုယ်ကျိုးလှလှကြီး နည်းပြီဆိုပြီး မျက်ရည်တွေ ခေါင်းအုန်းပေါ် စီးကျဘယ်(မှန်လှပါဘုရား) တကာတကာမတွေ ကြောက်စရာနော်....(မှန်လှပါ)။

ဪ....သားရေး, သမီးရေး, စီးပွားရေးနှင့် ငါအချိန်တွေ ဖြုန်းခဲ့ဘာလဲ ခုတော့ဖြင့် သူတို့က ဘယ့်နှယ်နေတုံးသာ မေး ပေါ်ရတော့ဘာသ်၊ ငါသွားရမည့်လမ်းကအတော်ကြမ်းနေတယ် (မှန်ပါဘုရား)ကိုယ့်ဟာကိုယ်မျက်ရည်ကျဘယ်(မှန်ပါဘုရား)။

အကျယ်ကိုတော့ နက်ဖြန်မှ ဒီနေရာမှာ ဟောမယ်(မှန်ပါဘုရား) သဘောကျကြပလား....(ကျပါတယ်ဘုရား)ခင်ဗျားတို့ နက်ဖြန် နာရီကိုက်လာကြ.... (မှန်ပါ) နာရီမကိုက်ယင် ရကို မရဘူး.... (မှန်ပါ) ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

၈-၇-၆၂ ရက်နေ့ညဥ့် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမသော
သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်

ဉာဏ်စဉ်သုံးပါးတရားတော်

အားလုံး တကာ တကာမတွေ.... (ဘုရား) ဒီနေ့ ဟောမည့် တရားသည် သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ် သုံးချက်ကို ဟော လိမ့်မယ်လို့ မှတ်ထားကြစမ်းပါ....(မှန်ပါဘုရား) သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် သုံးချက်ကို ဟောမယ်၊ ဒီနေ့ ဘာဟော မှာပါလိမ့်....(သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်သုံးချက်ကို ဟော ပါလိမ့်မယ်) သုံးချက်ကို ဟောလိမ့်မယ်လို့ တကာတကာမတွေ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

ဒီသုံးချက် မပါသ၍ ကာလပတ်လုံး ဘယ်သူ နိဗ္ဗာန်ရောက် ပါတယ်ဆိုတာသည် ယုံတမ်းပြောတာလို့မှတ်ပါ၊ မယုံကြပါနဲ့ ဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ) ယုံတမ်းပြောတာလို့ မှတ်ပါ၊ သစ္စာဉာဏ်လဲမပါဘဲနဲ့နိဗ္ဗာန်ရောက်တယ်ဆိုယင် ယုံတမ်း ပြောတာ-(မှန်ပါ)ကိစ္စဉာဏ်မပါဘဲနဲ့ နိဗ္ဗာန်ရောက်တယ် ပြော ယင်....(ယုံတမ်းပြောတာပါဘုရား)ကတဉာဏ်မပါဘဲနဲ့ နိဗ္ဗာန် ရောက်တယ်လို့ ပြောတာကော....(ယုံတမ်းပြောတာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်တရားသည် သစ္စာမှာရောက်တယ်လို့ ဆုံး ဖြတ်ချက်ချ.... (မှန်လှပါဘုရား) နိဗ္ဗာန်ရောက် တရားသည်.... (သစ္စာမှ ရောက်ပါတယ်) သစ္စာမှ ရောက်ပါတယ်လို့ ဆုံးဖြတ် ချက်ချပါ၊မောင်ထွန်းရင် ဘယ်သူမှရောက်သလဲ(သစ္စာမှရောက် ပါတယ်) သစ္စာမှ ရောက်တယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ)။

သစ္စာမသိလို့ရှိယင်ဖြင့် ဘယ်နည်းနှင့်မှ မရောက်ဘူးဆိုတာ ကော ဆုံးဖြတ်ချက်ချပါ....(မှန်ပါ) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဦးဟောတဲ့အခါကျတော့ ပဉ္စဝဂ္ဂီ ငါးဦးကို ဟောပါတယ်.... (မှန်ပါ) အဲဒီ ပဉ္စဝဂ္ဂီ ငါးဦး ဟောတဲ့ အခါ ကျတော့ ပဌမရှေ့ဦးစွာ ဘာမှ မဟောဘဲနဲ့ သစ္စာသိအောင် ဟောလိုက်ပါတယ်....(မှန်ပါ) အဲဒါ .... သစ္စဉာဏ်လို့မှတ်ပါ နောက်ဆို ဝေဘန်လာပါလိမ့်မယ်၊ နောက်ကျတော့ ဒီသစ္စာမှာ ဘာ ကိစ္စရှိသလဲဆိုတဲ့ဉစ္စာ၊ ကိစ္စကို ထည့်ဟောပါလိမ့်မယ်၊ အဲဒီ ဉာဏ်က ကိစ္စဉာဏ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

အဲဒီ ကိစ္စဉာဏ်ဆိုးတဲ့အခါကျတော့ ကိုယ့်ဟာကိုယ်ဆိုးပြီလို့ သိတဲ့ဉာဏ်သည် ကတဉာဏ်လို့ အကျဉ်းချုပ်ကလေး မှတ်ထားစမ်းပါ....(မှန်ပါ)။

သစ္စာသိယင်-သစ္စဉာဏ်....(မှန်ပါ)။
ထိုသစ္စာ၏ ကိစ္စသိယင်....(ကိစ္စဉာဏ်)။
ကိုယ့်ကိစ္စကိုယ်ပြီးတာသိတဲ့ဉာဏ်ကိုဘာဉာဏ်ဆိုကြမလဲ (ကတဉာဏ် ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးရောက်ချင်လို့ ရှိယင်ဖြင့် ဒီသုံးဉာဏ်အရေး အကြီးဆုံးလို့ မှတ်ပါ(မှန်ပါဘုရား) ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ရောက်ချင်ယင် ဘယ်ဟာအရေးကြီးပါလိမ့်....(ဒီ သုံးဉာဏ်အရေးကြီးပါတယ်ဘုရား)။

သုံးဉာဏ်အရေးကြီးတယ်ဆိုတာ ဆရာသမားလာတုန်း ဒီက တကာတကာမတွေ ဝေးလဲနေကြတော့, ကွဲနေတာလဲကြာတော့ မသိကြတော့ဘူး၊ ဩော်... အရေးကြီးတာ ဒီသုံးချက်ပါလား လို့သာ မှတ်လိုက်ပါတော့.... (မှန်ပါဘုရား) အရေးကြီးတာ ဘယ်နှစ်ချက်ပါလိမ့်....(သုံးချက်ပါဘုရား) သုံးချက်မှတ်ပါဆို တာ သတိပေးလိုက်တယ်နော်....။

အားလုံး တကာတကာမတွေ နောက်က တကာတကာမတွေ ပါအဖြေပေးရမယ်၊ဒီနေ့ ဉာဏ် ဘယ်နှစ်ချက် ဟောမှာပါလိမ့်-(သုံးချက်ဟောမှာပါဘုရား)သုံးချက် ဟောလိမ့်မယ်ဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်ကြစမ်းပါ၊ကောင်းပြီ-ဒါဖြင့်တကာတကာမ တို့ ဒီကနည်းပြထားတော့ သစ္စဉာဏ် ဟောမယ်ဆိုတာ ဒီ ပဋိစ္စ သမုပ္ပါဒ်ဘဲပြရမယ်၊ ကိစ္စဉာဏ် ဟောမယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်

ဘဲ ပြမှာဘဲ၊ ကတဉာဏ် ဟောလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြည်ဖုံး ချရမယ်။

သစ္စဉာဏ်ဟောယင် ဘာပြရမယ်.... (ပဋိစ္စသမုပ္ပါဒ် ပြရပါမယ်) ပဋိစ္စသမုပ္ပါဒ်ဘဲ ပြရမယ်....(မှန်ပါ) ကိစ္စဉာဏ် ဟောပြန်တော့ကော.... (ပဋိစ္စသမုပ္ပါဒ်ဘဲပြရပါမယ်) သစ္စဉာဏ်၊ ကိစ္စဉာဏ်ဟောလို့ရှိယင်လဲ တကာတကာမတွေ မှတ်လိုက်ပါ၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာဘဲ ပြရမှာဘဲ၊ ကတဉာဏ် ဟောတဲ့ အခါကျတော့ ပဋိစ္စသမုပ္ပါဒ် ပြည်ဖုံးချရမယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားပြီ။

တကာတကာမတို့ နောက်က တကာတကာမတွေ အသံချိုစက်နဲ့ ကြားရရဲ့လားလို့ မေးလိုက်စမ်းပါ.... (ကြားရပါတယ် ဘုရား)အေး... ကြားရယင်တော့ ကျေနပ်ပြီ၊ မကြားရမှာသိပ်စိုးရိမ်ပါတယ်၊ ပင်ပန်းပြီးမကြားယင် အလကားပါဘဲ၊ အရေးကြီးတဲ့အချက်ကို ရက်တိုတိုနဲ့ တကာတကာမတွေ လုပ်လဲလုပ်ရစ်ကြပါဆိုတာမှာတယ်၊ ခင်ဗျားတို့ ဒုက္ခတွေသည်ကားလို့ ဆိုလို့ရှိယင် ပြောမဆုံးအောင်ဘဲ ဒုက္ခကြီးပါဘယ်။

အဲဒါကြောင့် ဉာဏ်သုံးဉာဏ်ကို လေသေချာချာ ဟောလိမ့်မယ်လို့ တကာတကာမတွေ မှတ်ပါလို့ သတိပေးလိုက်ပါတယ်၊ သဒ္ဓါတရားနဲ့ သကိပေးတာနော်၊ ကိုင်း.. အားလုံး တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ကိုတော့ အဝေးကလဲ နေကြည့်ပါ၊ စာရွက်နှင့် အဲဒီနားမှာ ကြည့်နိုင်လဲ ကြည့်ကြပါ၊ စာရွက်တွေ ဝေထားတာလဲ ရှိပါတယ်....နော်။

ဒီတကာတကာမတွေ ဘယ်ကများ လာကြပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့်တဲ့ ဒီမှာကြည့်ပါ၊မသိတဲ့အဝိဇ္ဇာကလာခဲ့တယ်၊

တကာတကာမတွေ ဘယ်ကလာခဲ့ကြသတုံး....(မသိတဲ့အဝိဇ္ဇာက လာပါတယ်ဘုရား)ဘာကို မသိတာတုံးလို့ မေးတဲ့အခါကျမှတဲ့ သစ္စာမသိတာ အဝိဇ္ဇာ။

တကာတကာမတွေ သစ္စာမသိဘာ.... (အဝိဇ္ဇာပါဘုရား) သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊သစ္စာမသိတာ (အဝိဇ္ဇာပါဘုရား) ကောင်းပြီ သစ္စာမသိတာ အဝိဇ္ဇာလို့ ဒီ တကာတကာမတွေက မှတ်ထားတော့ ဩြော်... သစ္စာမသိတာ အဝိဇ္ဇာဘဲ ဆိုတော့ဖြင့် မျက်လုံးထဲမှာ တကာတကာမတို့ တိမ် သလာဖုံးနေတာ အဝိဇ္ဇာလို့သာ မှတ်လိုက်ပါတော့။

ဘာဖြစ်လို့ တိမ်သလာ ဖုံးနေသတုံး....ဆိုတော့ အဝိဇ္ဇာ ဆိုတာဘည် မှန်ဘာကိုမသိ၊ မမှန်တာကိုသိဘာ ဘာခေါ်ကြ မလဲ... (အဝိဇ္ဇာပါဘုရား) မှန်ဘာကိုမသိ၊ မမှန်ဘာကိုသိတာ ဘာခေါ်ကြမလဲ.... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ၊ ဩြော်.... ဒါကြောင့် သစ္စာသိယင် နိဗ္ဗာန် ဝင်ပါလိမ့်မယ် ဆိုတော့ ခင်ဗျားတို့ ရှေးဘဝက သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်။ ဒါကြောင့် အတိတ်အကြောင်းလို့မှတ်လိုက်စမ်းပါ- (မှန်ပါ့)။

စာမှာ ဘယ့်နှယ်ပါကြတုံး.... (အတိတ် အကြောင်းပါ ဘုရား) အတိတ်အကြောင်း ပို့ ပါကြပါဘည်၊ အဲဒီ အတိတ် အကြောင်းလို့ ပါပြီးသကာလနေတော့ ဩြော်....ငါတို့အတိတ် ဘဝက လူကောင်နတ်ကောင် ပြဟ္မာကောင်ဖြစ်ခဲ့လေရောလား၊ အဝိဇ္ဇာနဲ့ နေခဲ့လေရော့လား....ဆိုတာကို အဖြေပေးကြစမ်းပါ ဆိုယင် ဘယ့်နှယ်ဖြေကြမလဲ....(အဝိဇ္ဇာနဲ့နေခဲ့တာပါဘုရား) အဝိဇ္ဇာနဲ့ နေခဲ့ရတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

အဝိဇ္ဇာဆိုတာ သစ္စာမသိတာ အဝိဇ္ဇာ....(မှန်ပါဘုရား) အဝိဇ္ဇာဆိုတာ(သစ္စာမသိတာ အဝိဇ္ဇာပါဘုရား)သစ္စာမသိတာ အဝိဇ္ဇာ၊ ဒါဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့တော့ ပါဠိတော်ကို ရွတ်နေယင် တကာတကာမတွေ ဘုန်းကြီး ပင်ပန်းရုံမှတပါး အမြတ်မထွက်ပါဘူး၊ ဒါကြောင့် ပါဠိတော်မရွတ်ဘူး၊ ပါဠိတော်၏သဘောကို ပြောနေတယ်လို့ မှတ်ရမယ်(မှန်ပါ)။

တကာ တကာမတွေ ဘာပြောနေတာတုံး....(ပါဠိတော်၏ သဘောကို ပြောနေပါတယ်) ခင်ဗျားတို့ နားလည်မှု ပါဠိတော်၏ သဘောကို ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ ဘုရား)ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဘယ်ဘဝပါလိမ့် လို့ထောက်၊ တကာတကာမတွေ ကြည့်ကြစမ်းပါ၊ ဘယ်ဘဝ ပါလိမ့်....(အတိတ်ဘဝပါဘုရား)။

အတိတ်ဘဝက ခင်ဗျားတို့ ဘာမသိခဲ့သလဲ-(သစ္စာမသိခဲ့ပါ ဘုရား) ကြောင့်....တကာတကာမတို့ အတိတ်ဘဝက သစ္စာ မသိခဲ့တာ၊ အတိတ်ဘဝက ဘာမသိခဲ့တာပါလိမ့်....(သစ္စာမသိ ခဲ့တာပါဘုရား) သစ္စာ မသိခဲ့ဘူးဆိုတာ သဘောကျပလား.... (ကျပါတယ်ဘုရား) သစ္စာ မသိတော့ တကာ တကာမတွေ မှတ်လိုက်စမ်းပါ၊ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်ကိုလဲ ပြုပါတယ်....(မှန်ပါ)။

တကာတ ကာမတို့ သစ္စာမသိတော့ ဘာတဲ့ .... (နိဗ္ဗာန် မရောက်တဲ့ ကုသိုလ်ကို ပြုပါတယ်)နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်ကို ပြုတယ်၊ သစ္စာမသိရှာဘူး....(မှန်ပါဘုရား) သစ္စာ မသိတော့ ဘယ်ကုသိုလ်တွေများ လုပ်လာကြပါလိမ့်....(နိဗ္ဗာန်မရောက်တဲ့

ကုသိုလ်ပါ)ဩော်....တကာတကာမတွေ ကုသိုလ်ဆိုယင် နိဗ္ဗာန် ချည်း ရောက်တယ် အောက်မေ့နေတယ်၊ ကုသိုလ်ကြောင့် ဒုက္ခ ရောက်တာ မသိသေးဘူး၊ရှေ့ပေါ်လာလိမ့်မယ်--(မှန်ပါ့)။

ရှေ့ ပေါ်ပါလိမ့်မယ်ဆိုတာ တကာတကာမတွေ လေးစား စွာဖြင့် မှတ်ပါ....(မှန်ပါ့) ကုသိုလ်တိုင်း နိဗ္ဗာန်ရောက်သလား လို့ မေးတော့ သစ္စာမသိဘဲနဲ့ လုပ်တဲ့ကုသိုလ်ဟာ နိဗ္ဗာန်မရောက် ဘူး၊နောက်က တကာတကာမတွေသစ္စာမသိဘဲနဲ့ လုပ်တဲ့ကုသိုလ် ဟာ ဘာတဲ့-(နိဗ္ဗာန်မရောက်ပါ)နိဗ္ဗာန်မရောက်ဘူး....(မှန်ပါ့)။

ဒါကို ဆရာသမား ရှင်းရှင်း ပြောနေတယ်လို့ မှတ်ပါ။ ကုသိုလ်ဆိုတာ ကောင်းတာချည်းဘဲလို့ ခင်ဗျားတို့ယူထားလို့ ရှိယင် လွဲပါလိမ့်မယ်....(မှန်ပါ့ဘုရား)ကုသိုလ်ဆိုယင် ကောင်း တာချည်းဘဲလို့ ယူထားကြပါတယ်၊ တကာတကာမတွေ မယူ ဘူးလား... (ယူပါတယ်ဘုရား)သေသေချာချာလွဲတယ် ကုသိုလ် ကောင်းယင် ဒုက္ခမဖြစ်ရဘူး... (မှန်ပါ့)။

ကောင်းတဲ့ကုသိုလ် ဖြစ်ခဲ့သော် ဒုက္ခမဖြစ်ရဘူး၊ မကောင်းတဲ့ ကုသိုလ်ဖြစ်ခဲ့သော်....(ဒုက္ခဖြစ်ရပါတယ်)ကိုင်း....ဒါဖြင့် ဒီထဲမှာ ကုသိုလ် ပြုပါတယ်တဲ့၊ မသိတဲ့ ပုဂ္ဂိုလ် ကုသိုလ် ပြုပါတယ်။ မသိတာ အဝိဇ္ဇာ၊ ကုသိုလ်ပြုတာက သင်္ခါရ... (မှန်ပါ့)ပေါ်ကြ ပလား .. (ပေါ်ပါပြီဘုရား)မသိတာက....(အဝိဇ္ဇာပါ) ကုသိုလ် ပြုတာက... (သင်္ခါရပါဘုရား) သင်္ခါရဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်ပြုလုပ်တဲ့ကုသိုလ်ဟာတဲ့သေသည့် အခြားမဲ့၌ တကာတကာမတို့ မသေခင်ဘဲ တကာတကာမတွေ

ရှင်းအောင် ပြပါတယ်၊ မသေခင် သူ ဘာသစ္စာ လုပ်သတုံး.... မေးတော့ ဒီကြည့်....(သမုဒယသစ္စာပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဘာသစ္စာ လုပ်ထားကြသလဲ....(သမုဒယ သစ္စာပါ)ဘယ်နိဗ္ဗာန် ရောက်မလဲ....။

ဒါ သူများပြောလား၊ ခင်ဗျားတို့ ကိုယ်တိုင်လား စဉ်းစား ကြည့်ပါ၊ အမြင် ပြောနေတာလား... (အမြင် ပြောနေတာပါ ဘုရား) ဘုန်းကြီး ရေးထားတာလား၊ ဘုရား ဟောထားတာ လား... (ဘုရားဟောထားတာပါဘုရား) မသိတာက....(အဝိဇ္ဇာ ပါ) ကုသိုလ်ပြုတာက....(သင်္ခါရပါ) ဘာသစ္စာ လုပ်သတုံး.... (သမုဒယသစ္စာပါ) ဟာ....သမုဒယသစ္စာဖြင့် နိဗ္ဗာန် အကျိုး မပေးပါဘူး၊ သမုဒယသစ္စာဟာ နိဗ္ဗာန်မပို့နိုင်ပါဘူး၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ထောက်မှ ပေါ်လာတယ်၊ တကာတကာမတွေ ဒါနဲ့ ကြည့်၊ တကာတကာမတွေ ဒါကြည့်မှ ပေါ်တယ်.... (မှန်ပါ) ဒီ တခဏ်းလုံးက သမုဒယသစ္စာကိုး၊ နံပါတ် ၁-အခဏ်းတွင်း မှာ ရှိတာဟူသ၍ သမုဒယသစ္စာ....(မှန်ပါ)တကာတကာမတွေ ပေါ်ပြီလား....(ပေါ်ပါပြီ) မပေါ်ကြသေးဘူးလား-(ပေါ်ပါ တယ်)ဒါဖြင့် ဒီ ကုသိုလ်ဟာ ဘာသစ္စာတုံး....(သမုဒယသစ္စာပါ ဘုရား) ဒါဖြင့် သမုဒယသစ္စာဖြင့် ဒုက္ခသစ္စာဘဲ ပေးရမယ်။ နိရောဓသစ္စာ မပေးနိုင်ဘူး....(မှန်ပါဘုရား) ရှင်းကြရဲ့လား.... (ရှင်းပါတယ်ဘုရား)။

အေး... ဦးသူတော်ကြီးတို့....(ဘုရား)ကြားထဲမှာ ငုံ့မနေနဲ့ ရှင်းပလား....(ရှင်းပါပြီဘုရား)သမုဒယသစ္စာလုပ်တဲ့ ပုဂ္ဂိုလ်ဟာ

ဘာသစ္စာသာ ရ,ရမလဲ....(ဒုက္ခသစ္စာပါဘုရား)ဟုတ်မှ ဟုတ်ကဲ့လားလို့ မေးမနေပါနဲ့၊ ဒါဘုရားဟောတဲ့ အစဉ်လို့လဲ မယူနဲ့၊ ခန္ဓာဖြစ်စဉ်လို့ ယူလိုက်ပါ....(မှန်ပါ့ဘုရား) ဘုရားဟောလား-- ခန္ဓာဖြစ်စဉ်လား...(ခန္ဓာဖြစ်စဉ်ပါဘုရား)ခန္ဓာဖြစ်စဉ် ဖြစ်ယင် ခန္ဓာလောကမှန်တာ ရှိသေးရဲ့လား... (မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်ပြုတာသည် သမုဒယသစ္စာလုပ်တာ(မှန်ပါ့)ဒီနေ့အထူးပြောပါတယ်(မှန်ပါ့) မသိတဲ့ ပုဂ္ဂိုလ် ကုသိုလ်လုပ်တာသည်....(သမုဒယသစ္စာ ဖြစ်ပါတယ်)ဟုတ်ပြီ၊ ဒီမှာ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ၊ နိဗ္ဗာန်ရောက်ပါ့မလား .... (မရောက်ပါဘုရား) မရောက်ဘူး၊အားလုံး ကျေနပ်ကြရဲ့လား....(ကျေနပ်ပါတယ်)။

မကျေနပ်လို့ရှိယင် ဘယ်အချိန်မဆို မေးနိုင်ပါတယ်၊ မကျေနပ်လို့ရှိယင် မေးနိုင်တာချည်းဘဲ- ဘာ့ကြောင့်တုံးလို့ ပြောတဲ့အခါကျတော့ မကျေမနပ်နဲ့ နေရလို့ရှိယင် ခင်ဗျားတို့မှာ ဝိစိကိစ္ဆာရှိပါလိမ့်မယ်(မှန်ပါ့ဘုရား)ဝိစိကိစ္ဆာရှိယင် ခင်ဗျားတို့ ဝိစိကိစ္ဆာက ခင်ဗျားတို့ကို အပါယ် ချပါလိမ့်မယ်....(မှန်ပါ့)။

ဘုန်းကြီးက သတ်ပေးပါ့မယ်၊ မကျေနပ်တာကို မေးပါ၊ မေးတဲ့အခါကျတော့ ဘုန်းကြီးက အဲဒီ ခင်ဗျားတို့ သံသယကို သတ်ပေးမယ်၊ သတ်ပေးတော့ ခင်ဗျားတို့ ဝိစိကိစ္ဆာကြောင့် သံသယကြောင့် အပါယ်ကျသေးရဲ့လား....(မကျပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဒါဖြင့် မသိတာ ဘာပါလိမ့် (အဝိဇ္ဇာပါ)ပြုလုပ်တာက....(သင်္ခါရပါဘုရား)။

ဒီထဲ ကုသိုလ်သင်္ခါရလဲ ပါတယ်၊ အကုသိုလ်သင်္ခါရလဲ ပါတယ်... (မှန်ပါ့) သို့သော်....အကုသိုလ်သင်္ခါရတော့ ဘုန်းကြီး

အထူးပြောဘို့ မလိုဘူး၊ ဒုက္ခသစ္စာလာလိမ့်မယ်၊ ကုသိုလ်သင်္ခါရကိုက ဒုက္ခသစ္စာ လာပါသေးတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)ကောင်းပြီ ဒါဖြင့် အတိတ်ဘဝက ခင်ဗျားတို့ ဘာသစ္စာ ကြိုးစားခဲ့ကြသလဲ.... (သမုဒယသစ္စာ ကြိုးစားခဲ့ပါတယ်ဘုရား)။

သမုဒယသစ္စာ ကြိုးစားခဲ့တယ်....(မှန်ပါ့) ဟုတ်မှ·ဟုတ်ကဲ့လား....လို့ 'မေးပြီးမနေပါနဲ့....၊ ရှေးဘဝက သစ္စာ သိယင်ရှေးဘဝက သောတာပန်ဖြစ်ပြီ....(မှန်ပါ့ဘုရား)ဟုတ်ပြီလား.... (ဟုတ်ပါတယ်) ဒီ သင်္ခါရကော လုပ်ပါဦးမလား.... (မလုပ်ပါဘုရား) မလုပ်တော့ဘူး.... (မှန်ပါ့) ဒါဖြင့် နောက်ဘဝတလဲ ခင်ဗျားတို့ စုံလုံးကန်း.... (မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာအုပ်ချုပ်နေတော့ ဘယ့်နှယ်ဆိုမလဲ.... (စုံလုံးကန်းပါဘုရား)။

စုံလုံးကန်းလမ်းသွားတာတဲ့ ထုကာဘကာမတို့သင်္ခါရက(မှန်ပါ့) ကုသိုလ်နဲ့လှမ်းလိုက်၊ အကုသိုလ်နဲ့ လှမ်းလိုက် စုံလုံးကန်းလမ်းသွားတာ·(မှန်ပါ့) ရိပ်မိကြပလား·(ရိပ်မိပါပြီ) ဘာတဲ့တုံး· (စုံလုံးကန်း လမ်းသွားတာပါ ဘုရား) လဲမှ လဲပါ့မလား.... (လဲပါတယ်ဘုရား) ခလုပ်ကဇင်းတွေ သူ့ပစ္စည်းမှ ဖြစ်ပါ့မလား....(ဖြစ်ပါတယ်ဘုရား)။

ချိုင့်, ကျင်းတွေဟာ သူကျရာမှ ဖြစ်ပါ့မလား-(ဖြစ်ပါဘယ်ဘုရား)ကဲ....တကာတကာမတွေ ခင်ဗျားတို့ သေခါနီးမှ ဒီတရားနာရလို့ တော်, တော်သေးတယ်.... (မှန်ပါ့) သေခါနီးမှ နာရတာကိုးဗျ၊အသေဦးနေယင်လဲ နာစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီ-ဦးသံဒိုင်တို့ ကျေးဇူးပြုပြီး သဏ္ဍာလ ဟောဒီက ဦးအောင်ဇေဝေတို့ ဦးမာဒင်တို့အားလုံးက ရောက်စေချင်လို့ ဘုန်းကြီးများလဲ သူတို့ တကဲ့တကာ မတွေ့ကို သစ္စာမှ သိပါစေတော့၊ သူတို့ကျေးဇူးပြုချက်ကြောင့် ဘုန်းကြီး ဒီမှာ ခဏရောက်လာတယ်....(မှန်ပါ့ဘုရား)။

ခဏ ရောက်လာတော့ ခင်ဗျားတို့ကို ယနေ့ မျက်လုံး ဖွင့်တော့မယ်၊ မိဘရိုးရာမျက်လုံးဖွင့်ပေးမယ်၊ မိဘရိုးရာက အကန်းလို့မှတ်ပါ၊ မိဘရိုးရာဏ.... (အကန်းပါဘုရား) သေချာကြပလား.. (သေချာပါပြီ)။

ဘယ့်နှယ်ဘုရား၊ ဘယ့်နှယ်ကြောင့် ကန်းပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ကိုယ်ခန္ဓာ ဒုက္ခသစ္စာ မသိသောကြောင့် အဝိဇ္ဇာသည် အကန်းဘဲ...(မှန်ပါ့) အကန်းသည် ယခုဘဝမှာ သူများပါး၅ပ် လမ်းဆုံးပြီးသကာတ လူ့ပြည်,နတ်ပြည် ရောက်ကြောင်း ကုသိုလ်တွေလုပ်လိုက်ခြင်းကြောင့် အကန်းလမ်းသွားတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)အကန်း ဘာလုပ်သတုံး (အကန်း လမ်းသွားပါတယ်ဘုရား)။

ဘာသစ္စာနဲ့ သွားသလဲ.... (သမုဒယသစ္စာနဲ့ သွားပါတယ်) ဒါ....သူများပြောလား၊ ခင်ဗျားတို့ ဖြစ်စဉ်လား....(ဖြစ်စဉ်ပါဘုရား) ဒါ... ယခုဘဝ ဖြစ်စဉ်လား၊ အတိတ်ဘဝက ဖြစ်ခဲ့တာလား... (အတိတ်ဘဝက ဖြစ်ခဲ့တာပါဘုရား) ဖြေကြပါ.... ဖြေကြပါ၊ နောက်က ဘကာတကာမတွေ့နော်....(မှန်ပါ့ဘုရား) ဖြေခြင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အရှင်နန္ဒက ဟောတဲ့ အခါအလုံးစုံ အကုန်ဖြေပေးရတယ်၊ကိုယ့်အဖြေကိုယ်ပေးတာမှ ကိုယ်အမှန် ဖြစ်နိုင်ပါတယ်ဆိုတာ သိသွားကြပါ။

ဒါဖြင့်.... လွန်ခဲ့တဲ့ ဘဝက မျက်စိကန်း လမ်းသွားတာ.... (မှန်ပါ) လွန်ခဲ့တဲ့ ဘဝက.... (မျက်စိကန်း လမ်းသွားတာပါ ဘုရား) မျက်စိကန်း လမ်းသွားတော့ကို....တဲ့၊ မျက်စိဆန်းတာ ဘယ်ဟာကန်းသတုံးဆိုတော့ "ဪ...ငါသည် သမုဒယသစ္စာ လုပ်ပါလား" လို့ သိရဲ့လား(မသိပါဘုရား) သဘောကျရဲ့လား (ကျပါတယ်ဘုရား)။

ဒါလဲ သမုဒယသစ္စာ, ဒါလဲသမုဒယသစ္စာ၊ ဇီသမုဒယသစ္စာ နှစ်ခုကို ငါလုပ်နေတယ်လို့ သိရဲ့လား....(မသိပါ) မသိသော ကြောင့်တဲ့၊ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ သူ့ဟာ သူ သစ္စာမသိလို့ သမုဒယသစ္စာကို ကြိုးစားတယ်....၊ ဒုက္ခ ရောက်မည့်သစ္စာကို ကြိုးစားတယ်(မှန်ပါ) ဘာကြိုးစားသလဲ.... (ဒုက္ခရောက်မည့်သစ္စာကို ကြိုးစားပါတယ်ဘုရား)။

ဒုက္ခရောက်မည့်သစ္စာကို ကြိုးစားနေကြတယ်၊တကာတကာမ တို့ ...ဘာကြိုးစားသလဲ... (ဒုက္ခရောက်မည့်သစ္စာကို ကြိုးစားပါ တယ်ဘုရား) ဪ....တကာတကာမတို့....သိပ်ခက်ပါကလား အင်မတန်ခက်နေပြီနော် တကာတကာမတို့....(မှန်ပါ)ဘုန်းကြီး ညည်းယင် မပေါ့ပါနဲ့ဘော ခင်ဗျားတို့ မသိချက် ပြင်းထန် လွန်းလို့ ညည်းတယ်လို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဘုန်းကြီး ညည်းပါလိမ့်.... (မသိချက် ပြင်းထန်လို့ပါဘုရား) မသိချက် ပြင်းထန်လွန်းလို့ တကာ တကာမတို့....နောက်က တကာတကာမတွေ ဘယ့်နှယ်ကြောင့် ဘုန်းကြီး ညည်းပါလိမ့်.... (မသိချက် ပြင်းထန်လို့ပါဘုရား) မသိတာက အဝိဇ္ဇာ....(မှန်ပါ) မသိလို့လုပ်တာက(သင်္ခါရပါ)

ဘာသစ္စာတုံး-(သမုဒယသစ္စာပါ) ဟော....သမုဒယသစ္စာလို့ကို မသိခဲ့ဘူး....(မှန်ပါ့)။

မသိလို့ လုပ်တာစပေါ့ဗျ.... အဝိဇ္ဇာသင်္ခါရကို.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် မသိတာက....(အဝိဇ္ဇာ) ပြုလုပ်တာက....(သင်္ခါရ)ဘာသစ္စာလို့ သူမသိတုံး-(သမုဒယသစ္စာလို့ မသိပါဘုရား) ဩော်....ဒါဖြင့် မသိတဲ့လူ လုပ်နေတာပါသား၊ ဒီ-အိမ်ကြီး၊ ဒီတိုက်ကြီး တည်ပါဆိုတော့ အိမ်၊ တိုက် မမြင်ဘူးတဲ့ လူက အင်္ဂတေမှ မစပ်တတ်တဲ့ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ် ခိုင်းမိရက် ကြုံနေတယ်၊ မသိတဲ့ပုဂ္ဂိုလ် လုပ်နေတာ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

တကာတကာမတို့ ဘယ်သူလုပ်တာပါလိမ့်.... (မသိတဲ့ပုဂ္ဂိုလ် လုပ်တာပါ) မသိတဲ့ပုဂ္ဂိုလ် လုပ်နေတယ်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား) တရားက ဘုန်းကြီးဟောတာများလို့ မယူနဲ့ နည်းနည်းနှင့် လိုရင်းပါလိမ့်မယ်လို့ အောက်မေ့ပါ.... (မှန်ပါ ဘုရား)။

တကာတကာမတွေ ဘယ်လိုအောက်မေ့ကြမလဲ(နည်းနည်းနှင့် လိုရင်းပါပါတယ်) နည်းနည်းနှင့် လိုရင်းပါလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပါ၊ ရက်ရှည်နာမှ အဆုံးရောက်မှာကိုး.... (မှန်ပါ ဘုရား) တကာတကာမတို့ ရှေးဘဝက မသိတာ ဘာပါလိမ့်.... (အဝိဇ္ဇာပါဘုရား) ရှေးဘဝက ကုသိုလ်၊ အကုသိုလ်ပြုခဲ့တာက- (သင်္ခါရပါဘုရား)။

ဩော်.... မသိတဲ့ပုဂ္ဂိုလ် ပြုတာသည် ဘာသစ္စာပြုပါလိမ့်.... (သမုဒယသစ္စာပါဘုရား)လုပ်ကောင်း၊ မလုပ်ကောင်း....(မလုပ်

ကောင်းပါဘုရား) ဟော....သူက သက်သေခံနေတယ်၊ သူက သက်သေခံနေတယ်၊ တကယ့်တကာမတို့-ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မသိတာက....(အဝိဇ္ဇာပါဘုရား)။
ပြုလုပ်တာက....(သင်္ခါရပါဘုရား)။
ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ကိုင်း.... သမုဒယသစ္စာ လုပ်ပါဘယ် ဆိုကတည်းက ဒုက္ခမှ ရောက်ပါ့မလား.... (ရောက်ပါတယ်ဘုရား) သေချာပလား.... (သေချာပါပြီဘုရား)။

ဒီတခါ မျက်လုံးဖွင့်ရတာ ဘုန်းကြီးများက အင်မတန်မှလဲ ခင်ဗျားတို့ကို ဩြော်.... နာဖော်ရပေဘယ်၊ စုံလုံးကန်းကလေး တွေကို ဖွင့်ပေးတာကြိုက်သေးတယ်ဆိုတဲ့အတွက်ကြောင့်ဝမ်းသာ တယ်.... (မှန်ပါ့) နဂိုရ်က စုံလုံးကန်းကိုး ခင်ဗျားတို့က ပြုတဲ့ ကုသိုလ်ဆိုပေမဲ့ ဘယ်သူကပြုပြု သာဓုသာခေါ်ချလိုက်တာဘဲ- (မှန်ပါ့)ဘယ်လိုခေါ်ကြမလဲ....(အကန်းသာဓုပါဘုရား) စုံလုံး ကန်းပြုတဲ့ကုသိုလ်ကို ခင်ဗျားတို့က ဘယ့်နှယ်ခေါ်သလဲ (သာဓု ခေါ်ပါတယ်ဘုရား)။

ဩြော်...သမုဒယသစ္စာဖြစ်တာ သာဓုခေါ်တယ်.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ) ဘာသစ္စာဖြစ်တာ သာဓုခေါ်သလဲ (သမုဒယသစ္စာဖြစ်တာ သာဓုခေါ်ပါတယ်) ခေါ်ကောင်း မခေါ်ကောင်း....(မခေါ်ကောင်းပါဘုရား) သွားပြီးပေါ့.... (မှန်ပါ့) မင်းလုပ်တာသဘောတူတယ်ကွာ မင်းဒုက္ခရောက်မှာဘဲ ဆိုတာ သေချာတယ်....(မှန်ပါ့)။

ဒုက္ခရောက်ကြောင်းကို လုပ်မိတဲ့အတွက် ဘာပြောကြသလဲ- (သာဓုခေါ်ပါတယ်) ခင်ဗျားတို့ တော်တော် အဆင်တွန်းတဲ့ လူတွေဘဲဟိုကဆင်းနေရတဲ့အထဲတွန်းချယင်ငါးပါးမှောက်တယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါ-စကားကြမ်းသလား ဖြစ်စဉ်ကိုက်သလား...(ဖြစ်စဉ်ကိုက်ပါတယ်ဘုရား)။

ဒါကြောင့် ဒီတရားမျိုးဟာ တကာတကာမတို့ ဘုန်းကြီးတို့ ကိုယ်ကို ချီးမြှောက် ပြောတယ်လို့ မယူနဲ့....တဲ့၊ အမှန်ပြော အင်မတန်ရှားတယ်(မှန်ပါ့)အသိကလဲရှားတယ်(မှန်ပါ့) အသိ ကတော့(ရှားပါတယ်ဘုရား) မှောင်ဘာအေး မရှားဘူးလား- (ရှားပါတယ်ဘုရား)အခု မင်းတို့က ဘယ်သူဟာ ကျောင်းကြီး ဆောက်တယ်ဘုရားကြီးတည်တယ်၊ သူနောတ်ဘဝ ကောင်းစား ချင်လို့-လို့ဆိုတော့ သူတကျာနဲ့လုပ်တာ.... (မှန်ပါ့) နောက် ဘဝ ကောင်းစားခြင်း တောင်းတတဲ့လူ....(မှန်ပါ့)။

ဘာသစ္စာနဲ့ လုပ်သလဲ.... (သမုဒယသစ္စာနဲ့ လုပ်ပါတယ် ဘုရား)ဒီသမုဒယသစ္စာဆိုတာ တဏှာပါ...(မှန်ပါ့ဘုရား) သူ- တဏှာအလုပ်လုပ်နေတာကို ခင်ဗျားတို့က ကောင်းပါပေရဲ့ဆို တော့ ဘယ့်နှယ်လုပ်မလဲ(အဆင်းတွန်းတာပါဘုရား) အဆင်း တွန်းတာ....(မှန်ပါ့)။

အဆင်းတွန်းတာက ဆင်းတဲ့လူကလဲ စုံလုံးကန်း၊ တွန်းတဲ့ လူကလဲ- ကိုယ်က နောက်ကနေ တွန်းတာကလဲ စုံလုံးကန်းမို့ တွန်းတာ... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဆင်းတဲ့ပုဂ္ဂိုလ်ကလဲ(စုံလုံးကန်းပါဘုရား) တွန်းတဲ့ ပုဂ္ဂိုလ်ကလဲ (စုံလုံးကန်းပါဘုရား) သေသေချာချာစဉ်းစားပါ၊ ဒီဥစ္စာမှားသလား-မှန်သလား....(မှန်ပါတယ်ဘုရား)။

ဘုန်းကြီးရှေ့မို့....ကွာ စာတတ်ပေတတ်မို့ နာမည်ကြီးမို့ မှတ်ခံလိုက်ရတယ်လို့ ဒီလို မရှိပါနဲ့တဲ့၊ ဒီမှာ သက်သေခံနေတယ်(မှန်ပါ)သမုဒယသစ္စာတဲ့၊ သဘောပါကြလား.... (ပါ-ပါတယ်ဘုရား) သူဖြစ်ကြောင်းကွ....၊ သမုဒယသစ္စာဆိုတာ ဖြစ်ကြောင်း၊ တကာတကာမတို့-သမုဒယသစ္စာဆိုတာ(ဖြစ်ကြောင်းပါဘုရား)ဖြစ်ကြောင်းဆိုလို့ရှိယင်ဖြင့် ဖြစ်ကျိုး ဒီကလာတော့မယ်....(မှန်ပါဘုရား) မလာပေဘူးလား-(လာပါတယ်ဘုရား)။

ကဲ....လာတော့၊ ကဲ...ဒီနေရာမှာ မသိတဲ့ပုဂ္ဂိုလ် လမ်းသွားတာသည် သမုဒယသစ္စာ ဖြစ်ပါသည်၊ ဖြစ်တော့ ဒီပုဂ္ဂိုလ်ဟာ ဒီနားမှာ အတိတ်ဘဝက စုတေလိုက်ပါတယ်၊ ဒီနားမှာ စုတေလိုက်တော့ သူ့သင်္ခါရက တကာတကာမတို့ “သင်္ခါရ ပစ္စယာ ဝိညာဏံ” ဆိုပြီး ဆက်လိမ့်မယ်... (မှန်လှပါ) ဒီကြားထဲတော့ သေလိုက်တယ်-(မှန်ပါ)။

သေပြီးတဲ့အခါမှ အကြောင်းနှင့် အကျိုး ဒီမှာ မဆက်ဘူးလား-(ဆက်ပါတယ်ဘုရား)ဆက်တော့ ခင်ဗျားတို့ ရွတ်ကြည့် သင်္ခါရပစ္စယာ.... (ဝိညာဏံပါဘုရား) ဟောဒီမှာဆက်တယ်၊ ဒီအဆက်ဟာ ပြတ်သေးသလား-ဆက်သွားသလား (ဆက်သွားပါတယ်ဘုရား)ဒါကြောင့် ဆက်-စပ်၊ မြွေးကဆက်စပ်၊သဘောကျပလား-(မှန်ပါဘုရား)တကာတကာမတွေ ကျေနပ်ပလား-(ကျေနပ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ မြင်ကြရဲ့လား-(မြင်ပါတယ်ဘုရား) မမြင်ရလို့ရှိယင် အဲဒီက စာရွက်ကလေး ခင်းကြည့်၊ ဝေထားတဲ့စာရွက်ကိုခင်းကြည့်ပါ၊ အားလုံးတကာတကာမတွေ ဒီဝိညာဏ်ဆိုတာပဋိသန္ဓေနေပါပြီတဲ့၊ ပဋိသန္ဓေနေတော့ပဋိသန္ဓေ

ဆိုတာ ဇာတိ၊ ဇာတိ-ဘာသစ္စာတုံးမေးတော့ ဇာတိသည် ဒုက္ခ သစ္စာကွ(မှန်လှပါဘုရား)ဘုရားကမဟောဘူးလား—(ဟောပါ တယ်ဘုရား)။

အဲဒါ မသိမှာစိုးလို့ ဘုရားက ဒီအခက်းထဲပါတာ ဘာ သစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဟာ....ဒါဖြင့် အကန်း လမ်းသွားလို့ ချော်လဲတာကွ....(မှန်ပါဘုရား)ပေါ်ကြပလား- (ပေါ်ပါပြီ) အကန်းလမ်းသွားလို့.... (ချော်လဲတာပါဘုရား) တကာတကာမတို့ ဘယ်လောက် နှစ်နာသတုံး၊ ခင်ဗျားတို့ပြုတဲ့ ကုသိုလ်, ခင်ဗျားတို့ပြုတဲ့ အကုသိုလ်တွေဟာ သစ္စာမသိဘဲနဲ့ ဒီဒုက္ခသစ္စာ ရောက်လိမ့်မယ်....လို့ သိကြရဲ့လား.... (မသိပါ ဘုရား)။

မသိတော့ ဒီအထဲတိုးမလာဘူးလား....(လာပါတယ်ဘုရား) သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား) ဟော-တိုးပြီ....(မှန်ပါ) ဘာသစ္စာနဲ့လာတိုးသလဲ- (ဒုက္ခသစ္စာနဲ့သာတိုးပါတယ်ဘုရား) အေး....တကာတကာမတို့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) နောက်က တကာတကာမတွေပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘုန်းကြီး ရမ်းဟောနေတာလား....ခင်ဗျားတို့ ဖြစ်စဉ်ကိုက် ပြောနေတာလား.... (ဖြစ်စဉ်ကိုက် ပြောနေတာပါဘုရား) ဖြစ်စဉ်ကိုက်ပြောနေတယ်ဆိုဟာ သခင်ဝတင်- သေသေချာချာ သာမှတ်တော့....(မှန်ပါ) မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလို့ ချော် လဲတော့ ဒါဒုက္ခသစ္စာ၊ ဒုက္ခမရောက်ဘူးလား-ရောက်မလား.... (ရောက်ပါတယ်ဘုရား) ကြည့်....ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ ဘုရား)။

ဒီဘက်ပိုင်းထဲ တစိုင်းလုံးဟာ ဒုက္ခသစ္စာချည်း မှတ်ပါ .... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဒါဖြင့် ခင်ဗျားတို့ ချော်လဲမည့် ပုဂ္ဂိုလ်ကို ခင်ဗျားတို့က မျက်လုံး မမြင်တဲ့ ပုဂ္ဂိုလ်က ချော်လဲတာကို ခင်ဗျားတို့က သာဓုခေါ်ပြီး ဝမ်းသာလိုက်တာ ရှေးဘဝက သင်္ခါရပြုတုန်းက ခြေချော်လဲမှာ သိတာနဲ့ ခင်ဗျားတို့က သာဓု·သာဓုများ ခေါ်လိုက်သေးတယ်(မှန်ပါဘုရား) ဘယ်လိုများ ခေါ်ကြသတုံး....(သာဓု· သာဓု ခေါ်ပါတယ်ဘုရား)။

ဘာပြုလို့ သူ ချော်လဲမှာ သိလို့လား....(မသိသေးပါဘုရား)ခင်ဗျားတို့ သိသေးရဲ့လား....(မသိပါဘုရား) ဒါဖြင့် သာဓုခေါ်တဲ့ လူကလဲ မသိလို့ စုံလုံးကန်း....(မှန်ပါ) လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ မသိလို့...(စုံလုံးကန်းပါဘုရား)ခုနက စကားပေါ်သွားပြီ၊ ခုနက(၂)ကွက် မကူးတော့ မပေါ်သေးဘူး.... (မှန်ပါ)အခု (၂) ကွက် ကူးပြလိုက်တော့ ဘယ့်နှယ်နေသလဲ (ပေါ်ပါတယ်ဘုရား)ပေါ်သွားပြီဆိုတာ သဘောကျကြလား- (ကျပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတို့ ဘုန်းကြီးသည် အင်မတန် အရေးတကြီး တရားကို ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ- (မှန်ပါဘုရား)တကာတကာမတွေ....(မှန်ပါ)တသက်နဲ့ တကိုယ် ဒီတခါ တွေ့ရတယ်လို့ အောက်မေ့ပါ....(မှန်ပါ) တွေ့ဘူးရဲ့လား....(မတွေ့ဘူးပါဘုရား(။

တကာတကာမတွေ ဒါ မခဲယဉ်းဘူးလား ....၊ ခင်ဗျားတို့ တက်နေတဲ့ သင်္ဂြိုဟ်ထဲ ဒါပါရဲ့လား၊သမုဒယသစ္စာလို့ သူနှစ်ခုကို မပါဘူး....(မပါပါဘုရား) ချော်လဲတယ်ရယ်လို့ကော

(မပါပါဘုရား) မပါဘူးတဲ့၊ စင်စစ် ချော်လဲတာ တွေ့ရမယ်၊ ဒီ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဆိုတဲ့ ညာခြေ, ဘယ်ခြေနဲ့ သွားလိုက်တဲ့အတွက် ဒီချော်လဲတာဘဲ(မှန်ပါ့) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ဘာဖြစ်တုံး.... (ချော်လဲတာပါဘုရား) ချော်လဲတာကို ခင်ဗျားတို့က မသိတော့ နောက်ဘဝ ကောင်းစားတယ်လို့ ယူလိုက်မယ်၊ ချော်လဲတာ မသိတော့—(နောက်ဘဝ ကောင်းစားတယ်လို့ ယူတယ်)နောက်ဘဝ ကောင်းစားတယ်လို့ ယူချလိုက်တော့ ဒါ နောက်ဘဝပါဘဲတဲ့၊ ပစ္စုပ္ပန်ဘဝ ကျပါလိမ့်မယ်၊ ဒါက အတိတ်ဘဝကိုးဗျ....(မှန်ပါ့)။

ဒီ ကြည့်ပါလား....၊ အတိတ်အကြောင်းလို့ ပြောတယ်၊ ဒီ ပစ္စုပ္ပန်လို့ မပြောဘူးလား....(ပြောပါတယ်)ဒါဖြင့် ခင်ဗျားတို့ အခု ဘာသစ္စာ ရ,ထားသလဲ....(ဒုက္ခသစ္စာရ,ထားပါတယ်) ဟြော်....ခင်ဗျားတို့ သူများ ပြောသံကြားကြောင့် ရတာလား ကိုယ့်ဟာ ကိုယ်မသိတဲ့ ပုဂ္ဂိုလ် စုံလုံးကန်း လမ်းသွားလို့ ရတာလား....(စုံလုံးကန်း လမ်းသွားလို့ ရတာပါဘုရား)။

အဲဒါ သာမည ပုဂ္ဂိုလ်က ဟောလို့ရှိယင် ခင်ဗျားတို့... "ဟြော်....မင်း လူ့ဘဝ တော်လေရဲ့ကွာ "ဆိုပြီး ဒါကလေး ကြည့်ဟောမှာဘဲ၊ ဒါ လူ့ဘဝ အစဘဲ....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ) ဒါ ဘာပါလိမ့်...(လူ့ဘဝ အစပါဘုရား) အစဆိုတာ ဇာတိမဟုတ်လား....(မှန်ပါဘုရား) ဇာတိကို ဘုရားက ဘာသစ္စာဟောသလဲ...(ဒုက္ခသစ္စာပါဘုရား)သစ္စာနဲ့ ကိုက်လိုက်တော့မှ သူတို့က တော်ပေရဲ့ဆိုပေမဲ့ ကိုယ်ရတာက ဒုက္ခသစ္စာ-(မှန်ပါဘုရား)။

ကိုယ်ရတာက–(ဒုက္ခသစ္စာပါဘုရား)သူများဆတော့ တော်ပါပေ့ကွာ၊ မင်းဟာ အကျိုးပေး သန့်သကွာ၊ ဘာသန့်နေတာလဲ....(ဒုက္ခသစ္စာ သန့်နေတာပါ)ဒုက္ခရောက် သန့်နေတာ၊ ရိပ်မိပလား(ရိပ်မိပါပြီ)ဘာသန့်နေတာတုံး-(ဒုက္ခရောက်သန့်နေတာ)ဒါကြောင့် ခင်ဗျားတို့လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ စုံလုံးကန်းလမ်းသွားတာဘဲ၊ ဟုတ်လား....(မှန်ပါ့)။

နောက်က သာဓုခေါ်တဲ့ ပုဂ္ဂိုလ်ကကော....(စုံလုံးကန်းပါဘဲဘုရား)စုံလုံးကန်း တွန်းချနေတာ....(မှန်ပါ့ဘုရား) ရိပ်မိပလား-(ရိပ်မိပါပြီ)ဒါဖြင့် မသိတဲ့လူ သာဓုခေါ်လိုက်မှာ သိပ်ကြောက်စရာကောင်းတယ်၊ မသိတဲ့လူ သာဓုခေါ်လိုက်တဲ့ ဥစ္စာသည် အဆင်းတွန်းတော့ ဖြစ်လိုက်သေးတယ်(မှန်ပါ့) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဘယ့်နှယ်ဆိုကြမလဲ အဲဒီအတိုင်း ကျနေတယ် ....(မှန်ပါ့)ကျ-မကျ(ကျပါတယ်ဘုရား) ဗုဒ္ဓဘာသာက ဒီအတိုင်း ကျ-မကျ(ကျပါတယ်)သစ္စာမသိတဲ့ ပုဂ္ဂိုလ်မှာ ဒီအတိုင်း မကျဘူးလား....၊ ကျသလား....(ကျပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) အဲဒီတော့ ခင်ဗျားတို့က ဗုဒ္ဓဘာသာမှ ဟုတ်ကြရဲ့လားလို့ မေးလို့ရှိယင် ဗုဒ္ဓဘာသာလို့ ဆိုင်းဘုတ်တော့ ဆွဲတာဘဲဘုရာ့....သစ္စာမသိတဲ့ ဗုဒ္ဓဘာသာ....(မှန်ပါ့ဘုရား)။

ရိပ်မိပလား(ရိပ်မိပါပြီ)ဘာဗုဒ္ဓဘာသာတဲ့(သစ္စာမသိတဲ့ဗုဒ္ဓဘာသာပါ)သစ္စာမသိတဲ့ ဗုဒ္ဓဘာသာဆိုတော့ ဘုရားက ငါလဲ သစ္စာမသိလို့ သံသရာရှည်ခဲ့တယ်ကွ–၊မင်းတို့လဲ သစ္စာမသိယင် ရှည်မည့် ဗုဒ္ဓဘာသာကွ....(မှန်ပါ့)ဒါဖြင့် ဗုဒ္ဓဘာသာဆိုတဲ့ဥစ္စာ

လဲ့ကုန်ပြီ....(မှန်ပါ)ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓက= သစ္စာလေးပါး သိတာ။

ဗုဒ္ဓဆိုတာ ဘာပါလိမ့်.... (သစ္စာလေးပါးသိတာပါ) ဘာ သာက သူပြောတာ လိုက်နာမယ်....! (မှန်ပါ) သစ္စာသိတာကို လိုက်နာမယ်ဆိုပြီး ခင်ဗျားတို့ အခု သစ္စာသိရဲ့လား.... (မသိပါ ဘုရား) သစ္စာမသိတော့ အရင်းကျကျကြီး ဗုဒ္ဓဘာသာလို့ဆို နိုင်ပါ့ပမလား....(မဆိုနိုင်ပါဘုရား)ဒါဖြင့် ဆိုင်းဘုတ် ဗုဒ္ဓဘာ သာ....(မှန်ပါ)အတွင်း ဗုဒ္ဓဘာသာမဟုတ်ဘူး....(မှန်ပါ)။

ရိပ်မိကြပလား....(ရိပ်မိပါပြီ)စကားကြမ်းသလားတဲ့၊ ဖြစ် စဉ်နဲ့ ကိုက်သလား အကဲခတ်(ဖြစ်စဉ်နဲ့ ကိုက်ပါတယ်) ပေါ် ကြပလား(ပေါ်ပါပြီ)ဒါကြောင့် ဒီတရားမျိုးကိုတကာတကာ မတွေ့ ချိုးမြှောက်ပြောတာ မဟုတ်ဘူး၊ခုအခါမှာ ရှားနေတယ်- (မှန်ပါဘုရား)မရှားဘူးလား....(ရှားပါတယ်) သေသေချာချာ ရှားနေတယ်....(မှန်ပါ)ကိုင်း တကာတကာမတို့ အတိတ်ဘဝက အကန်းလမ်းသွားလို့ ချော်လဲပါတယ်။

ချော်လဲတာသည် အကောင်းလား-အဆိုးလား....(အဆိုးပါ ဘုရား)ဆိုးတယ်–မဆိုးတယ်ဒီကြည့်လိုက်....(ဒုက္ခသစ္စာပါ)ဒုက္ခ ရောက်တာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ခင်ဗျားတို့ ယခုဘယ်ထဲမှာ ရောက်နေတုံးဆိုတော့ ပစ္စုပ္ပန်တဲ့၊ပစ္စုပ္ပန်ကဘာ သစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)ဩော်- ဒီတကာတကာမတွေဟာ ရှေးဘဝက အကန်းလမ်းသွားတဲ့ အတွက် သစ္စာမသိလို့ သစ္စာ မသိဘဲနဲ့ အကန်း လမ်းသွားတဲ့အတွက် ဒုက္ခရောက်နေကြပြီ.... (မှန်ပါဘုရား)။

တကာ တကာမတွေ....(မှန်ပါ) ပေါ်ကြပလား၊ နောက်က တကာတကာမတွေ (ပေါ်ပါတယ်ဘုရား)ခင်ဗျားတို့(၁)ထဲမှာ လား-အခု(၂)ထဲ ရောက်နေသလား....(၂-ထဲ ရောက်လာပါပြီ ဘုရား)။

(၂) ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။
(၂) ဟာ ဒုက္ခသစ္စာ....(မှန်ပါ)။

တကာတကာမတွေ သွားပြီ(မှန်ပါ) ဦးမာဒင်ကြီးတို့ဘေးက ပုဂ္ဂိုလ်တွေက ကိုယ်ကမှ မကျန်းမာမချမ်းသာတဲ့ ပုဂ္ဂိုလ်များ ခင်ဗျားအဖြစ်မျိုး ဖြစ်ချင်လိုက်တာလို့ တောင့်တတဲ့ လူတွေလို ရှိမှာဘဲ။

ရှိမှာဘဲ(မှန်ပါ) ဘာပြုလို့တုံးသူ့ဒုက္ခ- သူကလဲဒုက္ခသစ္စာမှ မသိဘဲဟာကိုး....(မှန်ပါ)အေးကွာ-မင်းလဲကြည့်ပြီး မင်းအရေး မင်းကြည့်ပြီး မင်းလဲ ဒီဘဝမှာ ဒွိလောကပင် အကြောင်းမညီ ညွတ်ငြားသော်လည်း နောက်ဘဝအကြောင်း ညီညွတ်အောင် ပေါ်အောင် များအောင် လုပ်တာပေါ့ကွာဆိုတော့ သူ့ပါးစပ် ကလဲ ထွက်ချင်ထွက်မှာဘဲ။

မထွက်ပေဘူးလား-ထွက်မလား....(ထွက်ပါတယ်ဘုရား) ထွက်မှာဘဲဗျ၊ အဆင်းတွန်းမှာ ဦးမြကြီး မပါဘူးထင်တယ်.... (ရှိပါတယ်ဘုရား)ကဲ....ဒါဖြင့် တကာတကာမတို့ အလွန်ဆိုးဝါး နေတဲ့အဖြစ်တွေကြုံပြီဆိုတာပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ဒါကတရားစစ်ကိုဟောတော့တကာတကာမတို့ကိုနည်းနည်းမှ မငဲ့နိုင်ဘူး....(မှန်ပါ) အမှန်ကိုဘဲ သိစေချင်တယ်....(မှန်ပါ) အမှန်ကိုဘဲပြောရမယ်....(မှန်ပါ)သဘောပါလား.... (ပါပါပြီ)

ဒီ အမှန်တရားကွယ်ယင် သံသရာရှည်တော့မယ်....(မှန်ပါ့ဘုရား) အမှန်တရားကွယ်ယင် ခင်ဗျားတို့ အကုန် ဒုက္ခရောက်တော့မယ်-(မှန်ပါ့ဘုရား)သဘောပါကြရဲ့လား .... (ပါ-ပါတယ်ဘုရား)။

အမှန်တရားကွယ်ယင်....(ဒုက္ခရောက်ပါလိမ့်မယ်) သဘောပါပလား...(ပါ-ပါပြီဘုရား)ပြောဆိုနေကြတာက ဒါနက ပစ္စည်းပေါတယ်၊ သီလက အသက်ရှည်တယ်၊ အခု ရှည်မှာလား....၊ နောက်ဘဝရှည်မှာလား....(နောက်ဘဝရှည်မှာပါဘုရား) ပစ္စည်းပေါမှာကော အခု ပေါမှာလား၊ နောက်ဘဝ ပေါမှာလား.... (နောက်ဘဝ ပေါမှာပါဘုရား)။

ဟာ....နောက်ဘဝဆိုတာ ဘာဆစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား)သွားပြီ(မှန်ပါ့)မသွားသေးဘူးလား (သွားပါပြီဘုရား) နောက်ဘဝ ဘာသစ္စာဖြစ်မှာတုံး....(ဒုက္ခသစ္စာဖြစ်မှာပါ)ကဲ.... ကျေနပ်ကြပလား(ကျေနပ်ပါတယ်) တကာ တကာမတို့ နောက်ဘဝဆိုတာ ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ ကျေနပ်ပြီနော်....(မှန်ပါ)။

ကဲ .... ဒါဖြင့် ဒီ ဒုက္ခသစ္စာကြီးဟာ ဘယ်သူပါလိမ့်မတုံး မေးတဲ့အခါကျတော့ခင်ဗျားတို့စနေခဲ့တဲ့ပဋိသန္ဓေဆိုတဲ့ ဝိညာဏ်လဲ ဒုက္ခသစ္စာ၊နာမ်ရုပ်ကလဲ.... (ဒုက္ခသစ္စာပါဘုရား) ဟင်း.... သဠာယတနဆိုတဲ့ မျက်စိ,နား, နှာခေါင်း,လျှာ,စိတ်ဏကော.... (ဒုက္ခသစ္စာပါဘုရား) ဒီထဲမှာ ခင်ဗျားတို့ ဟိုဟာနဲ့ တွေ့ချင်, ဒီဟာနဲ့ တွေ့ချင်ဆိုတဲ့ ဖဿကကော .... (ဒုက္ခသစ္စာပါဘုရား)။

ခင်ဗျားတို့ကလဲ ကောင်းတာကြိုက်တဲ့ ဝေဒနာကကော(ဒုက္ခသစ္စာပါဘုရား) ကောင်းတာ ကြိုက်လျက်သားနဲ့ မစားရတဲ့ ဒေါမနဿ ဖြစ်နေဟာလဲ ဝေဒနာဘဲ....(မှန်ပါ့ဘုရား) ဒါ

ဘာလဲ....(ဒုက္ခသစ္စာပါဘုရား) အလုံးစုံ ကမ္မဿကာဘဲလို့ ထား တာကော(ဒုက္ခသစ္စာပါဘုရား)ဝေဒနာဘဲ(မှန်ပါ)ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့မှာ ယခုဘဝမှာ ဘာ အလုပ်·လုပ်နေကြသတုံးမေးယင် ဘယ့်နှယ်ဖြေမလဲ (ဒုက္ခသစ္စာ လုပ်ပါတယ်)။

ဒါ လုပ်သာနေတာ ကျုပ်က ဒုက္ခကလေးခံလို့ ဒါလောက် စားရတာလို့ပြောချင်ပြောနေတာ(မှန်ပါ့ဘုရား) အမယ်လေး ကြောက်စရာ့ လူဟော့ပါလား .... ဒုက္ခကို သာယာနေတာ (မှန်လှပါ) ဦးညွန့်ကြီး ဒုက္ခကို မသာယာဘူးလား....(သာယာ ပါတယ်ဘုရား)သာယာတာပေါ့ဗျ ခင်ဗျားတို့ ယနေ့တသိန်းဘိုး ရောင်းလိုက်ရဘယ်ဆိုယင် ဒီနေ့မောရတာ အမောကောင်းလို့ ပြောတယ်၊ အမယ်လေး- ကြောက်စရာလူတွေ။

ဒုက္ခရောက်ယင် အကောင်းချည်း ပြောတာဘဲ သူတို့က.... (မှန်ပါ့)အမောကောင်းလို့ပြောတာ...(မှန်ပါ့ အမောကောင်း ပြောပါတယ်)။

ဒီလိုအမောမျိုးမောစမ်းချင်တယ်၊မသုံးဘူးလား-သုံးသလား (သုံးပါတယ်ဘုရား) ဘာသစ္စာတုံးတဲ့ မေးတာ....(ဒုက္ခသစ္စာပါ ဘုရား) ဒါဖြင့် ဒီ ခန္ဓာကြီးနဲ့ သွားလာနေရတာသည် ဘာ သစ္စာတုံး·(ဒုက္ခသစ္စာပါဘုရား) ဒီခန္ဓာကြီးနဲ့ ပြောဆိုနေရတာ (ဒုက္ခသစ္စာပါဘုရား) ဟင်....မဂ္ဂသစ္စာ ဝင်သေးရဲ့လား.... (မဝင် ပါဘုရား)။

မဝင်တော့ဘူး တကာတကာမတို့ခင်ဗျားတို့သန္တာန် မဂ်ဉာဏ် နိဗ္ဗာန်ကွယ်ပြီ .. (မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(မဂ်ဉာဏ် နိဗ္ဗာန် ကွယ်ပါပြီ)သစ္စာနှစ်ပါးကွယ်နေတယ်....(မှန်ပါ့ဘုရား) တကာ

တကာမတွေသန္တာန် သစ္စာဘယ်နှစ်ပါး ကွယ်နေသလဲ- (နှစ်ပါး ကွယ်နေပါတယ်ဘုရား) နှစ်ပါးက နိဗ္ဗာန် ရောက်ကြောင်းလဲ ကွယ်ပြီ....(မှန်လှပါ)နိဗ္ဗာန်လဲ ကွယ်တယ်- (မှန်ပါ) နောက်အ တကာတကာမတွေ သစ္စာဘယ်နှစ်ပါး ကွယ်သတုံး(နှစ်ပါးကွယ် ပါတယ်ဘုရား)။

တပါးက ဘာပါလိမ့်(နိဗ္ဗာန်ရောက်ကြောင်းကွယ်ပါတယ်) နိဗ္ဗာန်ရောက်ကြောင်းကွယ်တယ်—(မှန်ပါ) မဂ္ဂသစ္စာ ကွယ်နေ တယ်၊ မကွယ်ဘူးလား....(ကွယ်ပါတယ်ဘုရား) မဂ္ဂသစ္စာဆိုတာ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်လား....(မှန်ပါဘုရား) အဲဒါ ဘာ ဖြစ်နေတုံး-(ကွယ်နေပါတယ်ဘုရား) မဂ္ဂသစ္စာ ရောက်ကြောင်း ကွယ်တော့ ရောက်ကျိုး- နိဗ္ဗာန်ဆိုတာကော.... (ကွယ်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သစ္စာနှစ်ပါး လုံးလုံး သပိတ်မှောက်တဲ့ တကာတကာမတွေဘဲလို့ ဆိုရမယ်.... (မှန်လှပါဘုရား) ဘယ် သစ္စာ ဘယ်သစ္စာသပိတ်မှောက်ပါလိမ့်(မဂ္ဂနှင့် နိရောဓသစ္စာပါ ဘုရား)ဒါဖြင့် အကိုးတန် သစ္စာနှစ်ခု မလာခဲ့နဲ့-(မှန်ပါ) ရိပ်မိ ပလား....(ရိပ်မိပါပြီ) အကိုးတန် သစ္စာနှစ်ခုဖြင့်....(မလာခဲ့နဲ့) ဆင်းရဲနှင့် အမှဲဖြင့် လာခဲ့... (လာခဲ့ပါဘုရား)ရိပ်မိပလား-(ရိပ်မိ ပါပြီဘုရား)။

ဆင်းရဲနှင့်အမှဲဖြစ်ခဲ့ယင်ဖြင့်.... (လာခဲ့) လာခဲ့ဆိုတော့ သမု ဒယက-မီး၊ ဒုက္ခက-ထင်း၊ မီးနဲ့ ထင်းနဲ့သာ ခင်ဗျားတို့ လုပ်နေတယ်တဲ့၊ မီးငြိမ်းတာရယ်,မီးငြိမ်းလို့ အေးသွားတဲ့နေရာ

ရယ် ဘယ်ခေါ့မှ မတွေ့ဘူးဘူး....(မှန်ပါ့) မိးငြိမ်းတဲ့ နည်းလဲ မရဘူးဘူး.. (မှန်လှပါ) မိးငြိမ်းလို့ အေးတဲ့နေရာလဲ မရောက် ဘူးဘူး....(မှန်ပါ့)။

မိးငြိမ်းတဲ့ နည်းသည် မဂ္ဂသစ္စာ-(မှန်ပါ့)သဘောကျပလား (မှန်ပါ့)အေးသွားတာသည် နိရောဓသစ္စာ၊ဒီသစ္စာနှစ်ခု တကာ တကာ‌ဘေ့သန္တာန် ရှိပါခဲ့လား....(မရှိပါဘုရား) မရှိဘူး၊ ပေါ်ကြလား(ပေါ်ပါပြီ)ကောင်းပြီ-ဒါဖြင့်တဆာတကာမတို့ ဒီဘာမှာ ခင်ဗျားတို့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ စာဆို....(မှန်ပါ့)။

သဘောကျပလား .. (မှန်ပါ့သဘောကျပါတယ်) ဘာတဲ့တုံး (စာဆိုပါဘုရား)စာဆိုကို ဘုန်းကြီးတို့က မကြိုက်ဘူး၊ စာဆိုကို မကြိုက်ဘူးဆိုတော့ စာဘာတဲ့ ဘုန်းကြီးက စာဘာဖြစ်လို့ မကြိုက်ပါသိမ့်မလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား လိုပါတယ်)ရှိတဲ့နေရာ မသိလို့ မကြိုက်ဘူး .. (မှန်ပါ့) ရှိတာက ခန္ဓာထဲမှာ ရှိတာ....(မှန်ပါ့) စာက မှတ်ဘမ်းထဲမှာ သွားရှိနေ တာ (မှန်ပါ့)။

မှတ်ဘမ်းထဲမှာ သွားရှိနေတော့ ဘုန်းကြီးတို့က မကြိုက်ဘူး၊ ရှိတဲ့နေရာလိုက်ရှာပြီး သိစေချင်တယ်(မှန်ပါ့)သဘောကျပလား (ကျပါတယ်ဘုရား)မှတ်ဘမ်းထဲ ဘယ်စာက ဘယ်လိုဆိုနေတယ် ဆိုတာ မကြိုက်ဘူး(မှန်ပါ့)ကြိုက်လို့ တော်ပါ့မလား-(မတော် ပါဘုရား)ဘာပြုလို့တုံး မှတ်တမ်းမို့....(မှန်ပါ့) အဘည်ပြုလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

အရှိကို အတည်ပြုယင်တော့....(တော်ပါ့တယ် ဘုရား) တော်တယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျရဲ့လား(ကျပါ

တယ်ဘုရား) ဒါဖြင့် ခင်ဗျား ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းပြမယ်.... (မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီဘုရား) ခန္ဓာထဲမှာ တနေ့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်ခု ဖြစ်တယ်ဆိုတာ သိစေချင်တယ်....(မှန်ပါ့ဘုရား) အဲဒါကို ဖြတ်ပေးမယ်၊ အဲဒါ ဖြတ်မှ ဖြတ်တဲ့ ဉာဏ်လဲ လာပါရော၊ နိဗ္ဗာန်လဲ ရတာဘဲ.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဟာ မဝေးပါဘူး....(မှန်ပါ့)တကာတကာမတွေ နိဗ္ဗာန်ဝေးသလား....နီးသလား....(နီးပါတယ်ဘုရား) ယခု တကာတကာမတွေ ဘယ်သစ္စာထဲရောက်နေသတုံး(ဒုက္ခသစ္စာထဲ ရောက်နေပါတယ် ဘုရား) စိတ်ဆိုတာ တကာ တကာမတွေ သန္တာန် ရှိပါရဲ့လား (ရှိပါတယ်) ဒါဖြင့် သူလဲ ဒုက္ခသစ္စာဘဲ စိတ်ပေါ်တိုင်းပေါ်တိုင်း ဒုက္ခသစ္စာ... (မှန်ပါ့)။

ဘယ်အာရုံဖြစ်ဖြစ် တွေ့ချင်တိုင်း တွေ့ချင်တိုင်း ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒီ အချိန်ကို သိဘို့ အရေးကြီးတယ်.... (မှန်ပါ့) စိတ်ကလေး ပေါ်လာလို့ရှိယင်လဲ လိုချင်တဲ့ စိတ် ပေါ်လာတယ်၊ အိပ်ချင်တဲ့စိတ် ပေါ်လာတယ်၊ စားချင်တဲ့စိတ် ပေါ်လာတယ်၊ဟ....ဒုက္ခပေါ်တာလို့ ဒီအချိန် သိရမယ်(မှန်ပါ့ ဘုရား) ဒီ အချိန်မှာ သဠာယတန ပေါ်ပြီလို့ သိရမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သဠာယတန သိတဲ့ အခါကျတော့ ဟိုဟာနဲ့ ဒီဟာနဲ့ တွေ့ချင်တယ်ဆိုတာ မလာပေဘူးလား - (လာပါတယ် ဘုရား) တွေ့ချင်ယင်လဲ ဖဿပေါ်တယ်လို့ သိရမယ်၊ ဖဿ ဒုက္ခသစ္စာ ပေါ်တယ်လို့ ချက်ခြင်း သိရမယ်... (မှန်လှပါဘုရား) နောက် ကျတော့ အကောင်း-အဆိုး ရွေးသာတာက ဘာပါလိမ့် ....

(ဝေဒနာပါဘုရား) အဲဒီ ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း သိမှ ခင်ဗျားတို့ သစ္စာသိမယ်....(မှန်လှပါ)သဘောပါလား-(မှန်ပါ ပါပါတယ်ဘုရား)။

ဒီအတိုင်း စာထဲ သွားသိနေလို့တော့ အလကားပါဘဲ.... (မှန်ပါ့)ပိဋကတ်သုံးပုံဆောင်ကြီး ပေါင်ဒ္ဓသကြီး တကာတကာမ တို့ ကျောင်းသားငါးရာ စာချနေတဲ့ ပုဂ္ဂိုလ်ကြီး၊ ခုနစ်နှစ် အရွယ် အလုပ်သမားကလေး ကိုရင်ကလေးဆီ သွားသင်ရတယ်၊ ဒါတွေကို (မှန်ပါ့)ပိဋကတ်သုံးပုံဆောင်ဘဲ... (မှန်ပါ့)အလုပ် သမား ကိုရင်ကလေး ခုနစ်နှစ်အရွယ်ဆီမှာ သွားပြီး ဒါသင်ရ တယ်၊ သစ္စာ ခန္ဓာကိုယ်ထဲ ပေါ်တာ ပြောစမ်းပါ ကိုရင်ရဲ့၊ စာထဲမှာတော့ သူ သိရဲ့....(မှန်ပါ့)။

သူ့ခန္ဓာထဲ ပေါ်နေတာကြတော့....(မသိပါဘုရား) ဒါဖြင့် စာသိသည် တကာတကာမတို့ အရှိသိမဟုတ်သောကြောင့် နိဗ္ဗာန် မရောက်...(မှန်လှပါ) ကိုယ့်ခန္ဓာထဲ ပေါ်တိုင်းပေါ်တိုင်း သိမှ နိဗ္ဗာန်ရောက်မယ်....(မှန်ပါ့ဘုရား)ပေါ်ပလား(ပေါ်ပါပြီ ဘုရား)တကာတကာမတွေ ဒီဘုန်းကြီးနဲ့ တွေ့ရတာကလဲ ရက်က လဲတို၊ ခင်ဗျားတို့ကို သနားတဲ့ စိတ်လဲ ရှိပါတယ်၊ ရှိပင် ရှိငြား သော်လဲ ခင်ဗျားတို့ အကျိုးပေးကဲ ဒီလောက်ဘဲ ထိုက်တယ်.... (မှန်ပါ့)။

သနားစရာတော့ သိပ်ကောင်းပါတယ်-(မှန်ပါ့)သနားစရာ တော့ သိပ်ကောင်းပါတယ်၊ သနားစရာတော့ သိပ်ကောင်းဘာ အမှန်ဘဲဗျ .. (မှန်ပါ့)ဝါဆိုချိန်ကလဲ နီးပြီ....(မှန်ပါ့)ဟိုမှာ မှီခို နေတဲ့ ပုဂ္ဂိုလ်တွေကလဲ များတယ်....(မှန်လှပါ) ကိုင်း....ဒါဖြင့် ခင်ဗျားတို့ သန္တာန်ထဲမှာ ဝိညာဏ်ဆိုတာ ပါတ္တိဝိညာဏ်ကို

ဟောလိုက်ပါတယ်၊ ပဋိသန္ဓေ ဝိညာဏ်လဲ ဖြစ်တာပါဘဲ .... (မှန်ပါ့)။

မြင်တယ်ဆိုတော့ စက္ခုဝိညာဏ်လို့ မဆိုသင့်ဘူးလား(ဆိုသင့်ပါတယ်ဘုရား) အဲဒါ ဒုက္ခသစ္စာပေါ်တယ်....(မှန်ပါ့) ဒီအထဲမှာ သင္ခါယတနဆိုတဲ့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)ဒီကြည့်လိုက်၊ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ပေါ်တိုင်းပေါ်တိုင်း ဒုက္ခသစ္စာသိပေးရမယ်-(မှန်ပါ့) ပေါ်ယင် ဒီစက္ခုဝိညာဏ်ပေါ်ယင် ဒီကနေပြီး သိပေး၊သိတော့ ဒီအဆက်ပြတ်တယ်....(မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ဒီဘက် ကူးသေးရဲ့လား....(မကူးပါဘုရား) မကူးလို့ ရှိယင်ဖြင့် ဒီတဏှာ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့်" တဏှာနိရောဓော နိဗ္ဗာနံ "....(မှန်လှပါ) ဒီဘက်နောက်ခန္ဓာ လာသေးသလား....၊ အနာဂတ်ဘဝ....(မလာပါဘုရား)ဒါဖြင့်"ခန္ဓနိရောဓော နိဗ္ဗာနံ"ဆိုတော့ ဒီကမကူးဘို့ဘဲ အရေးကြီးတယ်...(မှန်လှပါဘုရား)နိဗ္ဗာန်ဝေးသလား....(မဝေးပါဘုရား) နီးတယ်ဆိုတာ ခင်ဗျားတို့ သူများ ပြောကို မယုံပါနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ယင် နီးတယ်....(မှန်ပါ့)။

သူများက စာတွေ့ ပေတွေနဲ့ ကူးပြီး ပြနေယင် မယုံနဲ့....(မှန်ပါ့)ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်ယင် ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခင်ဗျားတို့သန္တာန် မြင်စိတ် ပေါ်တာ ပဋိစ္စသမုပ္ပါဒ်ဘဲ...(မှန်ပါဘုရား)ကြားစိတ်ပေါ်တာ(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)နံစိတ်ပေါ်တာ....(ပဋိစ္စသမုပ္ပါဒ်ပါဘုရား) စားစိတ်

ပေါ်တာ…(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)ယားစိတ်,ယံစိတ်ပေါ်တာ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

အဲဒါ ပဋိစ္စသမုပ္ပါဒ် စ,တာ… (မှန်ပါ) သဘောကျပလား- (မှန်ပါ)အဲဒီ စ,တာကလေးကို ကျုပ်တို့က ဒီကနေပြီး သူဟာ အနိစ္စဘဲလို့ ရှုလိုက်၊ ဟောဒီ အနိစ္စပေါ်ကရှု….(မှန်ပါ)သဘော ကျပလား(ကျပါတယ်) ဘယ်ကနေ ရှုနေလဲ….(အနိစ္စပေါ်ကနေ ရှုရပါမယ်ဘုရား)။

အနိစ္စပေါ်ကနေ ရှုလိုက်တော့ အနိစ္စဟာ အနိစ္စပေါ်မှာ ပေါ်တာ မဂ်ပါဘဲ၊မဂ်သည် ဒီအဆက်ကို ဖြတ်တယ်၊ဝေဒနာနဲ့ တဏှာ မစပ်အောင် ဖြတ်ချလိုက်တယ်….(မှန်ပါ) မဖြတ် ဘူးလား….(ဖြတ်ပါတယ်)သူက ဖြစ်ပျက်ဆိုလို့ရှိသင် သူကမဂ် (မှန်ပါ) လုပ်ဖြစ်အောင် လုပ်ပါ.. (မှန်ပါ)ဒီဟာက ဖြစ်ပျက် ဆိုယင်….(ဒီမှာ မဂ်ပါဘုရား)။

ဒီကနေ ဘာလိုက်ရမလဲ…. (မဂ်လိုက်ရမယ်) မဂ်လိုက်တော့ ဒီဘက်က သမုဒယသစ္စာဆိုတာ လာသေးရဲ့လား….(မလာပါ ဘုရား) ဒီဘက်က ဒုက္ခသစ္စာဆိုတာကော….(မလာပါဘုရား) ဒါဖြင့် ပါဠိတော်ရွတ်လိုက်၊ တဏှာနိရောဓော…. နိဗ္ဗာနံ) ဒုက္ခနိရောဓော….(နိဗ္ဗာနံပါ) ကဲ.. ဝေးသေးသလား….(မဝေး ပါဘုရား) မောင်ဘအေး မလွယ်ဘူးလား …. (လွယ်ပါတယ် ဘုရား)။

ကဲ ဒါဖြင့် တကာတကာမတို့ ဒီမှာ ခင်ဗျားတို့ ပြောသံ ကြားနဲ့ ဟောနေတာလား၊ ခင်ဗျားတို့ သန္တာန် ဖြစ်ဘာကို ဖြတ်ပေးနေတာလား… (ဖြစ်တာကို ဖြတ်ပေးနေတာပါ ဘုရား) ဒါဖြင့် နိဗ္ဗာန်ရမှ-ရပါ့မလားဆိုတဲ့ သံသယ ဘယ်တော့မှမရှိနဲ့၊

ဒီနေရာမှာ မင်္ဂပေါ်အောင် လုပ်ရမယ်၊ ခင်ဗျားတို့ လုပ်ဘို့တော့ ဒီနည်း ဆရာဘုန်းကြီးက ပေးလိုက်ပါတယ်။

မြင်စိတ်ပေါ်လဲ ဒီနေရာက နေပြီးသကာလ ဖြစ်ပျက်ရှုပါ၊ ဒီနေရာကရှု(မှန်ပါ့)သဘောကျလား(မှန်ပါ့) ဒီနေရာဆိုတော့ ဟဒယဝတ္ထုကို ဆိုပါတယ်....(မှန်ပါ့)ဒီနေရာဆိုတာ ဘာပါလိမ့် (ဟဒယဝတ္ထုကို ဆိုပါတယ်)ဒါဖြင့် ဒီကဲ ဖြစ်ပျက်၊ ဒီက မဂ် သွားဖြစ်တယ်(မှန်ပါ့) ဒီကဖြစ်ပျက်၊ ဒီက ဘာတုံး....(မဂ်ပါ ဘုရား မဂ်ဟာ သံသရာ အဆက်အစပ်တွေကို ဖြတ်တယ်လို့ ခင်ဗျားတို့ စာထဲမှာလဲ ပါလိမ့်မယ်....(မှန်ပါ့)။

သံသရာ အဆက်အစပ်တွေကို....(ဖြတ်ပါတယ်) ဒီသံသရာနဲ့ ဒီသံသရာ ကူးသေးရဲ့လား.... (မကူးပါဘုရား) သံသရာ အဆက်ကို ဖြတ်ချတယ်၊ မဖြတ်ဘူးလားတကာတကာမတို့(ဖြတ် ပါတယ်ဘုရား) ဘာဖြတ်ပါလိမ့်... (သံသရာအဆက်ကို ဖြတ်ပါ တယ်) ကောင်းပြီ ပစ္စုပ္ပန်သံသရာနဲ့၊ ပစ္စုပ္ပန်အကျိုးနဲ့၊ ပစ္စုပ္ပန် အကြောင်းကို ဖြတ်ချတယ်... (မှန်ပါ့)ဒါက ပစ္စုပ္ပန်အကျိုးလို့ မပါဘူးလား....(ပါပါတယ်ဘုရား)။

အတိတ်အကြောင်းနဲ့ စပ်တော့ သူက ပစ္စုပ္ပန်အကျိုး မဖြစ် ဘူးလား.. (ဖြစ်ပါတယ်ဘုရား)အဲဒီအကျိုးနဲ့ နောက်ပေါ်မည့် အကြောင်းနဲ့ ဖြတ်ချလိုက်တယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)ပစ္စုပ္ပန်အကျိုးနဲ့ နောက်ပေါ်မည့် (အကြောင်းနဲ့ ဖြတ်ပါတယ်) အကြောင်းကို မဂ်က မဖြတ်ဘူးလား.. (ဖြတ်ပါ တယ်ဘုရား)ဖြတ်တော့ကို တဏှာနိရောဓော ဖြစ်-မဖြစ်(ဖြစ်ပါ တယ်ဘုရား)တဏှာနိရောဓောကို ဘာခေါ်ကြမယ်....(နိဗ္ဗာန်လို့ ခေါ်ပါတယ်) ဒုက္ခနိရောဓောကို....(နိဗ္ဗာန်လို့ ခေါ်ပါတယ်)။

ဒါဖြင့် နိဗ္ဗာန်ဟာ တကာတကာမှတို့ ဒီဟာကလေးတချက် သွင်းရုံဘဲ... (မှန်ပါ) မဂ်တချက်သွင်းရုံဘဲ - (မှန်ပါ) အေး.... တကာတကာမတွေ ဘာလုပ်ရမလဲ .. (မဂ်ဘချက်သွင်းရုံပါဘဲ) မဂ်ဘချက် သွင်းလိုက်ယင် ရတာဘဲ... (မှန်ပါ) ဆုတောင်းနေရတာလား၊ မဂ်သွင်းဘို့ အရေးကြီးတာလား.... (မဂ်သွင်းဘို့ အရေးကြီးပါတယ်ဘုရား) အဲဒါ ဘယ်တော့မှ တောင်းမနေနဲ့ နိဗ္ဗာန်ရချင်လို့ တောင်းတာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် လူသိရုံဘဲရှိမယ်....(မှန်ပါ) သဘောကျပလား....(ကျပါတယ်)။

ရနိုင်ပါမလား .. (မရနိုင်ပါ) သူ့အဆက်မှ မပြတ်ဘဲနဲ့ ဝေဒနာပစ္စယာတဏှာ ၊ ဆက်မှာဘဲ (မှန်ပါ) သူ့အဆက်ဖြတ်တဲ့ မဂ်လာလို့ရှိယင် စိတ်သည်ဖြစ်ပျက်၊ ဖဿသည်ဖြစ်ပျက်၊ ဝေဒနာသည်ဖြစ်ပျက်၊ အဲဒီ ဖြစ်ပျက်ကိုသိတာတာ မဂ်ကိုး.... (မှန်ပါ) သဘောကျလား—(ကျပါတယ်)ဒါဖြင့် ဖြစ်ပျက်-မဂ်၊ဖြစ်ပျက် မဂ်- ဖြစ်ပျက်မဂ် ဆိုတော့ ဒီဘက် သံသရာကြီး စပ်သေးရဲ့လား (မစပ်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ရထားတာခန္ဓာ၊ အာယတန၊ဓာတ်တွေ မပြတ်လည်ရာ သံသရာလို့ မဟောကြဘူးလား-(ဟောပါတယ်) ဒီလို လည်သွားတာ ဝေဒနာက တဏှာဆက်ယင် သံသရာကွ သဘောကျပလား....(ကျပါတယ်) တဏှာက ဥပါဒါန်ဆက်ယင် (သံသရာပါ) ဒါဖြင့် ဥပါဒါန်က ကမ္မဘဝဆက်ယင်....(သံသရာပါဘုရား) ကဲ...(ကမ္မဘဝက နောက်ဘဝဇာတိ ဆက်လိုက်ယင် (သံသရာပါဘုရား)။

ဩော်....သံသရာရှည်လိုက်တာဆိုတာ ခန္ဓာရှည်တာ မဟုတ်ပါဘူး၊ အတွင်းမှာ ဓမ္မရှည်နေတာဆိုတာ.... (မှန်လှပါဘုရား)

သဘောပါကြလား.... (ပါ-ပါတယ်) လူတွေ နတ်တွေရှည်တာ ဆိုတာလား.... (မမှုရှည်တာဆိုဘာပါဘုရား) ဒါဖြင့် မမှုမဖြတ်တဲ့ ပုဂ္ဂိုလ်ကိုဆိုတာ.... (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

မမှုဖြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ယင်.... (မရှည်တော့ပါ) မရှည်ဘူး ဆိုတာ သဘောကျပလား-(ကျပါတယ်)သဘောပါကြရဲ့လား နောက်က တကာတကာမတွေ.. (ပါ-ပါတယ်ဘုရား)ကောင်းပြီ ဒါဖြင့် တကာတကာမတို့ကိုတဲ့ ဟောဒါ နံပါတ်ဘယ်လောက်ပါလိမ့်... (နံပါတ် ၂-ပါဘုရား) နံပါတ် ၂-က ၃-မကူးစေနဲ့.... (မှန်ပါ) ဦးညွန့် ဘာတဲ့- (နံပါတ် ၂-က ၃-မကူးစေနဲ့) မကူး အောင် ဘယ်နှယ်လုပ်မတုံးဆိုတဲ့ မေးခွန်းဟာ ထွက်လာတယ်- (မှန်ပါ)မထွက်ဘူးလား ဦးသိန်းမောင်-(ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဟောဒီစိတ်ကလေး ပေါ်တိုင်းပေါ်တိုင်း ဒီကနေပြီး သကာလ မဂ်ပေါ်အောင်လုပ်ပါ၊ မဂ်ဆိုတာ တခြားမဟုတ်ပါ ဘူး၊ ဖြစ်ပျက်ကိုသိတာ ဖြစ်ပျက်က ဒုက္ခသစ္စာ.... (မှန်ပါ) ဖြစ် ပျက်က... (ဒုက္ခသစ္စာပါဘုရား)ဒီ-ကြည့်- (ဒုက္ခသစ္စာ) ဟော.... ဒီထဲမှာ ပေါ်ပြီးပျက်တဲ့ မမှုဟူသရွေ့ ဘာတုံး.... (ဒုက္ခသစ္စာပါ ဘုရား)ဒီက ပြောနေဘယ်.. (မှန်ပါ) ဟုတ်လား၊ အဲဒါသိလိုက် တာက ဘာဆိုကြမလဲ- (မဂ္ဂပါဘုရား) ဒါဖြင့် မဂ္ဂသစ္စာဆိုတော့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မြင်အောင်ကြည့်လို့ရှိယင် သမုဒယ သစ္စာဆုံးတယ်(မှန်ပါ)ကဲ-မရှင်းကြသေးဘူးလား-(ရှင်းပါပြီ)။

ဒီ-ဒုက္ခသစ္စာ ခု-ဒီကနေပြီးမဂ္ဂသစ္စာနဲ့ မြင်အောင်ကြည့်လို့ ရှိယင် စက္ခုံ ဥဒပါဒိဖြစ်တယ်....(မှန်လှပါ) သဘောကျပလား- (ကျပါတယ်) (စက္ခုံ ဥဒပါဒိပါဘုရား) စက္ခုံ =ပညာမျက်စိ သည်၊ ဥဒပါဒိ=ဒုက္ခသစ္စာကို သိမြင်ခြင်းဖြစ်၏၊ (ဝါ) ဒုက္ခ

သစ္စာကို ပေါ်လာအောင် မြင်ခြင်းဖြစ်၏....(မှန်လှပါ) ဒီလိုဆို တော့ တကာတကာမတွေ ဒုက္ခသစ္စာဆိုတာ ခါးကိုက် လည်နာ ရင်ကြပ်မှ မဟုတ်ပါဘူး၊ ခင်ဗျားတို့သန္တာန် ပေါ်တဲ့စိတ်ဟူသ၍ ဒုက္ခသစ္စာ·(မှန်ပါ့) ပေါ်တဲ့ဝေဒနာဟူသ၍...(ဒုက္ခသစ္စာပါ)။

ဒီ–ကြည့်လေ့၊ ဒီ တဝိုင်းလုံးပါတာတွေ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သစ္စာသိသွားပြီ....(မှန်ပါ့) ဒီ– တကာတကာမတွေ အခုတရားနာရတာ နာရိသုံးမတ်ရှိသွားပြီ၊ ဘာသိသွားတုံး—(သစ္စာသိသွားပါတယ်ဘုရား) သစ္စာသိတယ်၊ သိတာက ဒီကြားဝင်ရတယ်·(မှန်ပါ့) သစ္စာကဒါတွေ·(မှန်ပါ့) သိတာကဘာလဲ·(မဂ်ပါ) မဂ်၊ မဂ်ကမဖြတ်ဘူးလား.... (ဖြတ် ပါတယ်ဘုရား)။

ဒါဖြင့် သစ္စာသိမှ ဟောဒီ သံသရာတွေပြတ်တယ်—(မှန်ပါ့) ပေါ်ပြီဗျ....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဒီ သစ္စာကို ဒီကနေပြီးသိပေးစမ်း....(မှန်ပါ့)ဒို့ သံသရာ ဘယ့်နှယ် နေသလဲ(ပြတ်သွားပါတယ်)ဒီဘက်က သံသရာကော(ပြတ်သွား ပါတယ်ဘုရား) ဒါဖြင့် တကာ တကာမတို့....သစ္စာမသိဘဲနဲ့ သံသရာပြတ်တဲ့ပုဂ္ဂိုလ် ရှိသင့်- မရှိသင့်.... (မရှိသင့်ပါ ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) သစ္စာမသိဘဲနဲ့ သံသရာပြတ်တဲ့ ပုဂ္ဂိုလ်....(မရှိပါဘုရား)။

ရှိကို- မရှိဘူးဆိုတာ တကာတကာမတွေ ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ သစ္စာသိမှု အလုပ်ဟာ ဆုတောင်း အလုပ်လား...ဆရာ သမားတို့ဆီမှာ နည်းယူရမည့် အလုပ်လား.... (ဆရာသမားတို့ဆီမှာ နည်းယူ

ရမည့် အလုပ်ပါဘုရား) ဒါဖြင့် နည်းပေးတဲ့ ဆရာနဲ့ တွေ့တော့ ငါတို့ဖြင့် သေပျော်ပြီဟေ့....(မှန်ပါ) သိပြီးသေတာ-(မှန်ပါ) အယင်တုန်းက မသိလို့-မသိတာက အဝိဇ္ဇာ။

သိတာက ဒီနေရာ မဂ်ဆိုတာ ဝိဇ္ဇာ....(မှန်ပါ) ဒီတုန်းက ကန်းခဲ့တယ်၊ ဒီမှာ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့တဲ့အခါ ဝိဇ္ဇာမဂ် သွားဖြစ်တယ်၊ ဒီဘဝမှာ အမြင်ရတယ်-(မှန်ပါ) မြင်တဲ့ ပုဂ္ဂိုလ် လမ်းသွားယင် မှားပါဦးမလား.... (မမှားပါဘုရား) အယင်တုန်းက မမြင်တဲ့ပုဂ္ဂိုလ် လမ်းသွားလို့ ဒီမှာကြည့်စမ်း.... လဲတယ်-(မှန်ပါ) လဲလို့ အနာရတယ်၊ အနာရလို့ ငန်းမန်းတွေ ကြွတယ်....(မှန်ပါ)။

ငန်းမန်းတွေ ကြွနေတုန်း ဖဿဆိုတဲ့ ဆူးကထိုးတယ်-(မှန်ပါ) ထိုးတော့ အနာတွေကပြည်တွေဘာတွေကြွလာပြီး ဝေဒနာမျိုးစုံ ပေါ်လာတယ်(မှန်ပါ)ကဲ... ဒါကြောင့် သူ့ကိုဒိဋ္ဌိဒါးခုဘာသစ္စာ ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ) ဒုက္ခသစ္စာမှတပါး အခြားသစ္စာ ပါသေးရဲ့လား.... (မပါ-ပါ ဘုရား) အဲဒီတော့ ဒါအခုခင်ဗျားတို့ တရားနာနေတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၊ ခင်ဗျားတို့လှုပ်လဲ ဒုက္ခသစ္စာဘဲ၊ငြိမ်လဲ ဒုက္ခသစ္စာ ဘဲ... (မှန်လှပါ)။

ပူလဲ....(ဒုက္ခသစ္စာပါ) စားချင်လဲ.... (ဒုက္ခသစ္စာပါ) အိပ်ချင်လဲ.... (ဒုက္ခစ္စာပါ) ဪ.... အဲဒါကလေးတွေ သိတော့ ဒါကလေးတွေ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်ကို မြင်အောင် ကြည့်လိုက်တော့ ဖြစ်ပျက်က ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) သိဘာက-(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဟာ အဝိဇ္ဇာလား.... ဝိဇ္ဇာလား.... (ဝိဇ္ဇာပါဘုရား) ဒါဖြင့် ဝိဇ္ဇာ

ဥဒပါဒိ ဟာ ဒီဖြစ်ပျက်မြင်မှ ဝိဇ္ဇာ ဥဒပါဒိဖြစ်မှာ....(မှန်လှပါဘုရား)။

သဘောပါလား....(ပါပါပြီ ဘုရား) ဖြစ်ပျက် မြင်မှ....(ဝိဇ္ဇာဥဒပါဒိဖြစ်တယ်)ဝိဇ္ဇာဥဒပါဒိလဲဖြစ်ပါရော ကြောင့်....တဲ့ တကာဘကာမတို့ ဒီဘက်ကသမုဒယသစ္စာ နောက်ထပ်လာသေးသလား....(မလာပါဘုရား)ဒီဘက်က ဒုက္ခသစ္စာ.... (မလာပါ) နောက်ထပ် မလာတော့ဘူး(မှန်ပါ့) မလာတော့ "တဏှာသိမ်း နိဗ္ဗာန်၊ ဒုက္ခသိမ်း နိဗ္ဗာန်" ဆိုတာ သူများပြောလား .... ခင်ဗျားတို့ အမြင်လား အကဲခတ်စမ်းပါ....(အမြင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာ တကာမတို့ ဖြတ်တတ်သော ပုဂ္ဂိုလ်၏အလုပ် .. (မှန်ပါ့ဘုရား) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် ... (သစ္စာကိုသိသော ပုဂ္ဂိုလ်၏အလုပ်) ဒီခင်ဗျားတို့ သန္တာန်မှာ ပေါ်တဲ့ စိတ်ကလေးတွေက ဘာပါလိမ့်၊ ဒီ....ကြည့်....ဒီကြည့် (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ၊ သိတာက .... (မဂ္ဂသစ္စာပါဘုရား)ဒါဖြင့် ဒီဘက်သံသရာ လာသေးရဲ့လား .... (မလာပါဘုရား) ဒီဘက် သံသရာမလာတာက သမုဒယ ချုပ်တာ .... (မှန်လှပါ)။

ဒီသမုဒယသစ္စာသုံးခုအကုန်ချုပ်သွားတယ်(မှန်ပါ့)ဒီဘက်က ဇာတိ, ဇရာ, မရဏာနှင့်တကွ ချုပ်သွားတာက ဘာတွေပါလိမ့် (ဒုက္ခသစ္စာဖြစ်ပါတယ်) ဒါဖြင့် သမုဒယသစ္စာနဲ့ ဒုက္ခချုပ်တာသည် တကာတကာမတို့ ဒီမဂ္ဂသစ္စာ အမှန်မြင်ရလို့ချုပ်တာ (မှန်ပါ့၊ နို့မို့ယင် ချုပ်ပါ့မလား .... (မချုပ်ပါ ဘုရား) ဒါဖြင့် ဒီအတွင်းမှာ ပေါ်တာတွေဟာ ခင်ဗျားတို့ သတိပဋ္ဌာန် ချည်းမှတ်။

ဒါက သတိပဋ္ဌာန မဂ်ချည်းမှတ်ပါ....(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) ဒီမှာပေါ်လာတာတွေက ဘာတွေပါလိမ့် (သတိပဋ္ဌာန်ပါ ဘုရား) ဒီက ရှုနိုင်တာက .... (သတိပဋ္ဌာန မဂ်ပါဘုရား) သတိပဋ္ဌာနမဂ်၊ သဘောကျပလား ...(မှန်ပါ့) ဘာမဂ်တဲ့ဗျာ.... (သတိပဋ္ဌာနမဂ်ပါဘုရား) သတိပဋ္ဌာနမဂ်တဲ့၊တကာတကာမတို့ သူရင့်သွားယင် လောကုတ္တရာမဂ်....(မှန်ပါ့ဘုရား) မလာပေဘူးလား...(လာပါတယ်ဘုရား)ဒါဖြင့် တကာတကာမတို့ကို နဂိုကပြောထားခဲ့တဲ့ စကားနဲ့ ပြန်ပြီးသကာလ နိဂုံးချုပ်ကြစို့ နားရိကနည်းတယ်။

သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်ဟောမယ်၊ဒီနေ့ညဘာဟောမှာပါလိမ့်....(သစ္စဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ်ပါ) ရှင်းပြီနော် (မှန်ပါ့) ဘာဉာဏ်ဟောမှာပါလိမ့် .... (သစ္စဉာဏ်,ကိစ္စဉာဏ် ကတဉာဏ် ဟောမှာပါ) တော်တော် အရေးကြီးတဲ့စကားနော် တကာတကာမတို့ လွယ်ကူတဲ့ စကားလို့ မအောက်မေ့လိုက်ပါနဲ့ လွယ်တဲ့စကားလို့ တကာတကာမတို့ မအောက်မေ့ပါနဲ့....(မှန်ပါ့)။

လွယ်ကူတဲ့စကားလို့ (မအောက်မေ့ပါနဲ့) နောက်ကတကာတကာမတွေ မအောက်မေ့နဲ့နော်.... (မှန်ပါ့မအောက်မေ့ပါဘုရား)သေသေချာချာ နားထောင်ပါ၊ ဒါတွေဟာ ဘာသစ္စာတွေလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒီကနေပြီးသကာလ သိလိုက်တာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဉာဏ်မှသိမယ်၊ဝိဇ္ဇာဉာဏ်မှသိမယ်....(မှန်လှပါဘုရား)မသိဘူးလား .... (သိပါတယ်ဘုရား) ဒါဖြင့် ဒီစိတ်ကလေးတွေပေါ်လာတာကို ပေါ်တိုင်းပေါ်တိုင်း

တဲ့... ဖြစ်ပြီး ပျက်တာဘဲလို့ သိလိုက်တော့ ဘာသစ္စာတုံး- ဒါက (ဒုက္ခသစ္စ) သိတာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဟာ ဉာဏ်ဘဲမဟုတ်လား၊ (ဉာဏ်ပါဘုရား)ဒါဖြင့် သစ္စဉာဏ်(မှန်ပါ)သစ္စဉာဏ်ပေါ်လာပြီ၊ မပေါ်သေးဘူးလား (ပေါ်ပါပြီ)သစ္စဉာဏ်ပေါ်လာပြီ(ပေါ်ပါပြီဘုရား) ဒီအတွင်းမှာ ခင်ဗျားတို့ ဘာဘဲပေါ်ပေါ် မြင်စိတ်ပေါ်ပေါ်၊ ကြားစိတ်ပေါ်ပေါ်၊ ဘာသစ္စာပေါ်သတုံး.... (ဒုက္ခသစ္စာပေါ်ပါတယ်)။ ပေါ်တိုင်း ပေါ်တိုင်း ခင်ဗျားတို့က ဒုက္ခသစ္စာလို့ သိပေးတာက ဉာဏ် (ဉာဏ်ပါ)ဒါဖြင့် သစ္စ...(ဉာဏ်) ခလေးတွေမိုက်၏ စာရေးနေတာ ခင်ဗျားတို့မိုက်နှင့်၏နှင့်ပေါင်းတော့ ဘယ့်နှယ် (မိုက်၏)။

ဒီမှာလဲ သစ္စနှင့် ဉာဏ်နှင့် ပေါင်းတော့ .... (သစ္စဉာဏ်ပါဘုရား)ဪ.... ခင်ဗျားတို့ အရှယ်ကြီးမှဘဲ အပေါင်း- အနုတ် သင်နေရတယ်၊ ရိပ်မိပလား(ရိပ်မိပါပြီဘုရား) မသင်ယင်ဖြစ်ကို မဖြစ်ဘူး (မှန်ပါ-မဖြစ်ပါဘုရား) စုံလုံးကန်း မေးလာတာ.... (မှန်ပါ) ဘယ်လိုမေးလာတာလဲ.... (စုံလုံးကန်း မေးလာတာပါဘုရား)။

စုံလုံးကန်း မေးတဲ့ အထဲမှာ ခင်ဗျားတို့က တိမ်သာလာက ထူသေးတယ်(မှန်ပါ)တိမ်သလာက သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသောအညစ်အကြေးတွေက မျက်လုံးပေါ်အုပ်နေတယ်-(မှန်ပါ) မေးတုံးက အကန်း၊ နောက်-မျက်ချေးတွေက ပိတ်နေတယ်- (မှန်ပါဘုရား) ကောင်းသေးရဲ့လား .... (မကောင်းတော့ပါဘုရား) အဲဒီ

လောက်အရုပ်ဆိုးနေတယ်ဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဒါနာနာပြောတယ်လို့ တဏှာတကာမတွေက မှုယူပါနဲ့တဲ့ ခင်ဗျားတို့ ဒု-ထူဘာက ဘုန်းကြီးပြောတာထက် ထူတယ်....(မှန်ပါ)မထူဘူးလား....(ထူပါတယ်ဘုရား) ခန္ဓာထဲက ယားတာကလေးကလဲ အင်း.. ဒုက္ခသဟာဂုတ် ကာယဝိညာဏ်စိတ်၊ ဒုက္ခသစ္စာပါကလားလို့ သိရဲ့လား.... (မသိပါဘုရား) ယားတာဘဲ စိတ်ပျက်တယ်၊ ယားတာ စိတ်ပျက်တော့ကို ယားတာက တဏှာတကာမတို့ ဒုက္ခဝေဒနာ၊ စိတ်ပျက်တာက ဒေါမနဿ ဖြစ်တာ၊ ဒီဘက် ပြန်မလှည့်ဘူးလား.... (လှည့်ပါတယ်) ကဲ...ခင်ဗျားတို့ ယားမှာ သိပ်စိုးရိမ်တယ်....(မှန်ပါဘုရား)။

ယားယင်ဖြင့် သံသရာ လည်ချေရဲ့ သဘောကျပလား.... (ကျပါပြီ) ပြီးတော့ ခင်ဗျားတို့ ကောင်းစားမှာလဲ သိပ်စိုးရိမ်တယ်....(မှန်ပါ) ခင်ဗျားတို့က ဒီခန္ဓာကြီးထဲမှာ ကျန်းမာလို့ သွားလာနေနိုင်တဲ့ အခါကျတော့ ပစ္စည်းဏရတော့ ဝမ်းမသာဘူးလား....(သာပါတယ်ဘုရား)ဝမ်းသာတော့ ဒီပစ္စည်းက ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ၊ ဝမ်းသာတာက တဏှာကိုး-(မှန်ပါ)ဩော်.... ခင်ဗျားတို့ကလဲ ဒီတဏှာနဲ့ နေရတာဘဲ အတော်ပျော်နေတယ်....(မှန်ပါဘုရား)။

ပစ္စည်းကဲ ဘာသစ္စာ .... (ဒုက္ခသစ္စာပါဘုရား) အင်း... ဝမ်းသာတာက....(တဏှာပါဘုရား) ဘာသစ္စာတုံး.... (သမုဒယသစ္စာပါ) ဩော်... ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာများကြုံကြတော့ မယ်ဆိုလို့ ရှိယင်ဖြင့် ထိတောင် ထိုးလိုက်သေးတယ်၊ ပေါက်မှ ပေါက်ပါ့မလား၊ သမုဒယနဲ့ ထိုးလိုက်တယ်....(မှန်ပါ)မပေါက်

ဘူးလား'ပေါက်တဲ့ပုဂ္ဂိုလ် ပေါက်တယ် ဆိုကြပါတော့(မှန်ပါ) အဲဒါသည် ဒုက္ခသစ္စာ သိလို့ ထိုးတာလား .... တဲ့၊ ဒုက္ခသစ္စာ ရချင်လို့ ထိုးတာလား(ဒုက္ခသစ္စာရချင်လို့ ထိုးတာပါဘုရား)။

တကာတကာမတို့ ကြိုက်လှပေါ့ ဒုက္ခသစ္စာ ရချင်လို့ဆိုယင် သိပ်ကြိုက်တယ်၊ မာဖီးယားထိုးသလိုဖြစ်နေပြီ၊ အယားပျောက်နိုင်ယင် ကျေနပ်သလိုဖြစ်နေတယ်၊ အတော်ဆိုးတဲ့လူတွေဆိုတာ မှပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီထဲမှာ ခန္ဓာကိုယ်ထဲမှာ ပေါ်တဲ့ ယားတာဖြစ်စေ၊ နာတာဖြစ်စေ၊ ကောင်းတာဖြစ်စေ၊ ပေါ်ချင်တာပေါ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကို ပေါ်တိုင်း ပေါ်တိုင်း ဒါ ဒုက္ခသစ္စာပါလို့ သိတာက ဉာဏ်... (ဉာဏ်ပါဘုရား) ဒါဖြင့် ပေါ်တာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။

သိတာက....(ဉာဏ်ပါဘုရား)။

ပေါင်းလိုက်ရင်....(သစ္စဉာဏ်ပါ)။

သစ္စဉာဏ်....(မှန်ပါ)။

အံမာလေး....သစ္စဉာဏ်ကို မနည်းပေါင်းယူရတယ် (မှန်ပါ) ဒါဖြင့် ဒီလိုပြလိုက်တဲ့အခါကျမှ ဩော်.... ဒီအတွင်းဘာပေါ် ပေါ်ကွာ....(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာပေါ့ဆိုယင် ရှင်းမနေဘူးလား....(ရှင်းပါတယ်)။

ဒီအတွင်းမှာ မြင်စိတ်ကလေးပေါ်လဲ .... (ဒုက္ခသစ္စာပါ)။

ကြားစိတ်ပေါ်ရော ...(ဒုက္ခသစ္စာပါဘုရား)။

နံစိတ်ပေါ်ပေါ်....(ဒုက္ခသစ္စာပါဘုရား)။

စားစိတ်တွေပေါ်တယ်... (ဒုက္ခသစ္စာပါဘုရား)။

ယားစိတ် ယံစိတ်ပေါ်တယ်....(ဒုက္ခသစ္စာပါဘုရား)။

ဟင် ....သားသမီး ခင်ဗျားတို့စိတ် ပေါ်တယ် .... (ဒုက္ခသစ္စာပါ ဘုရား)။

ဟင် ... မုန်းတဲ့စိတ်ပေါ်တယ်....(ဒုက္ခသစ္စာပါဘုရား) ပေါ်ချင်တာပေါ်ခင်ဗျားတို့ ခန္ဓာကိုယ်ထဲကဒုက္ခရှိနေယင်နဂို ရှိရှိလို့ နဂိုဏ်းထွက်တာသာမှတ်၊ ဒုက္ခထွက်တာ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာမယ် ထင်သတုံး၊ (ဒုက္ခချည်းထွက်တာပါ) ဒုက္ခချည်းထွက်တော့ ခန္ဓာကိုယ်ထဲက ပေါ်သ၍ စိတ်ဖြင့် စိတ်မှတ်ရှု၊ ဝေဒနာဖြင့်....(ဝေဒနာမှတ်ရှု) ပေါ်ချင်တာပေါ် ဘယ်သစ္စာနဲ့ရှုမလဲ(ဒုက္ခသစ္စာနဲ့ရှုရမယ်) ဒါဖြင့် သူက ဖြစ်ပြီးပျက်နေသာကြောင့်(ဒုက္ခသစ္စာပါ)ဖြစ်ပျက်အမှုကို သိသောကြောင့် သူ့ကိုဘာခေါ်ကြမလဲ (မဂ္ဂသစ္စာပါ ဘုရား)။

မဂ္ဂဆိုတော့ သစ္စာဖွဲ့လိုက်တော့လဲ ဒါဘဲ ရတယ်.... (မှန်ပါ့) ဒါဖြင့် သစ္စဉာဏ်ဆိုယင်တော့ ကိုက်ပါရဲ့လား (ကိုက်ပါတယ် ဘုရား)တကာတကာမတို့ သစ္စဉာဏ်ဆိုတာ သူများပြောလား-ခင်ဗျားတို့အမြင်လား (အမြင်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီ) ဒီဘက်က ပေါ်သေးရဲ့၊ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ ဘုရား) နောက်က အမြဲတမ်း လိုက်ပေးနေတာက.... (ဉာဏ်ပါ ဘုရား) ဉာဏ်-ပေါင်းလိုက်တော့-(သစ္စဉာဏ်ပါဘုရား)။

သစ္စဉာဏ် ဆိုတော့ သြော်....မေ့မစကြာ ခက်လိုက်တာလို့ ခင်ဗျားတို့က မညည်းနဲ့၊ ဒီလို ဆရာနဲ့မတွေ့လို့ ခက်နေတာ (မှန်ပါ့ဘုရား)မေ့မစကြာသွားကြည့်တော့ သစ္စဉာဏ်, ကိစ္စဉာဏ်

ဏတဉာဏ်၊ အတော်ခက်ပါလားဟေ့၊ ဒို့ဒီဥစ္စာသိတို့ မလွယ်ဘူးဟေ့၊ အမြီးသတ်တော့ ဘယ်ဟုတ်မလဲဗျ၊ ဒီပဋိစ္စသမုပ္ပါဒ်တခုလုံးက ဒုက္ခသစ္စာပါ.. (မှန်ပါ့ဘုရား)ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်တာ သိတာက.. (မဂ္ဂသစ္စာ)မဂ္ဂသစ္စာမရဘူးလား.... (ရပါတယ်ဘုရား)။

ဒါဖြင့် ပေါ်တာက ဘာသစ္စာ .... (ဒုက္ခသစ္စာ) ကြည့်ဒီထဲကဘာပေါ်ပေါ် ခင်ဗျားတို့ဒါပေါ်လဲဒုက္ခသစ္စာ(မှန်ပါ့)။

နာမ်ရုပ်ပေါ်ကော....(ဒုက္ခသစ္စာပါ)။

သင်္ခါယတနပေါ်ယင်....(ဒုက္ခသစ္စာပါ)၊

ဖဿပေါ်ယင်....(ဒုက္ခသစ္စာပါ)။

ဝေဒနာပေါ်ယင်... (ဒုက္ခသစ္စာပါ)။

အဲဒါ ပေါ်တိုင်းပေါ်တိုင်း သိတဲ့ဉာဏ်သည် ဒီသစ္စာသိတဲ့ဉာဏ်မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာနှင့်ဉာဏ်နဲ့ ပေါင်းတော့ ဘယ့်နှယ်ဆိုကြမလဲ (သစ္စဉာဏ်ပါဘုရား) ဒီနေ့ည အပေါင်းတော့ နေရာကျသွားပြီ အတော် နေရာကျသွားပြီ တကာတကာမတို့၊ သစ္စဉာဏ်ရှင်းကြပလား....(ရှင်းပါပြီဘုရား) ကိစ္စဉာဏ်ကလေး နည်းနည်းပြောကြည့်မယ်၊ဆုံးတော့ ဆုံးမယ်မဟုတ်ဘူး၊ နာရီက တမိနစ်လောက်လိုတော့တယ်... (မှန်ပါ့ဘုရား) နာရီလဲ ပိုမဟောဘူးဗျ၊ ခန္ဓာက ကျန်းမာရေးလဲ ကြည့်ရသေးတယ်။

အေး.... စိတ်ကလေး၊မင်းမှာ ဘာကိစ္စရှိသလဲလို့ ခင်ဗျားတို့က မေးပါ၊ လောဘစိတ်ကလေး မင်းမှာ ဘာကိစ္စရှိသတုံးကျုပ်သည် ပေါ်ပြီးပျောက်တဲ့ကိစ္စရှိတယ် (မှန်ပါ့) ဒေါသစိတ်ကလေး မင်းမှာ ဘာကိစ္စရှိသတုံးမေးလို့ရှိယင် ....(ပေါ်ပြီ

ပျောက်တဲ့ကိစ္စ ရှိပါတယ်) ဘာဖြစ်လို့တုံး ကျုပ်က အနိစ္စမျိုး ဗျတဲ့....(မှန်ပါဘုရား) ပေါ်ပြီး ပျောက်ရမှာချည်းဘဲတဲ့၊ ကျုပ် ကိစ္စက ဒါဘဲတဲ့... (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါတယ်) သူ့ ကိစ္စက ဘာပါလိမ့်... (ပေါ်ပြီး ပျောက်ရမှာပါဘဲဘုရား)။

ဒါဖြင့် ဖြစ်ပြီးပျက်တဲ့ ကိစ္စဟာ သူ့ကိစ္စ... (မှန်ပါဘုရား) အဲဒီ ကိစ္စက၊ ဒီက ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်သွားတဲ့ ကိစ္စကို၊ သြော်....ဒါ ရုပ်နာမ်တို့၏ ကိစ္စလို့ ခင်ဗျားတို့ မှတ်လိုက်၊ သဘောကျပလား....(ကျပါတယ်) ရုပ်နာမ်တို့၏... (ကိစ္စပါ ဘုရား) ရုပ်နာမ်တို့၏ ကိစ္စဟာ ပေါ်ပြီး ပျောက်တာချည်းဘဲ၊ (မှန်ပါ)ရှင်းပလား...(မှန်ပါ)အဲဒီ ကိစ္စကို ဒီကနေပြီး သူ့ကိစ္စ ပေါ်တိုင်း-ပေါ်တိုင်း ဒီက သိသိပေး....(မှန်ပါဘုရား) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကိစ္စကို သိတဲ့ဉာဏ်(မှန်ပါ)ဘယ်နှယ်ဆိုကြမလဲ.... (သူ့ကိစ္စကို သိတဲ့ဉာဏ်)ကိစ္စဉာဏ် ရှင်းကြပလား (မှန်ပါ) ကိစ္စ....(ဉာဏ်)အဲဒီတော့ ကိစ္စဉာဏ်မှာဘော့ နက်ဖြန်မှ သေသေ ချာချာ ကျကျနန ရှင်းမယ်....(မှန်ပါ)ကိစ္စဉာဏ်ကတော့ နည်း နည်းကျယ်သကိုးဗျ.... (မှန်ပါ) ဒီနေ့တော့ နာရီက စေ့တော့ ဘုန်းကြီးတို့လဲ ကျန်းမာရေးကြည့်ပြီး ဒီနေ့တော့ ပြန်ကြပေဦး တော့....(မှန်ပါဘုရား)။

သာဓု... သာဓု... သာဓု....

၉-၇-၆၂-ရက်နေ့ညဥ့် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

ဉာဏ်စဉ်သုံးပါးတရားတော်

သစ္စာမသိသေးသ၍ ကာလပတ်လုံး နိဗ္ဗာန်မရောက်သေး ဟို တာ တထစ်ချ ဆုံးဖြတ်ချက်ချပါ၊ သစ္စာ မသိသေးယင်နိဗ္ဗာန်မ ရောက်သေးလို့ တထစ်ချ ဆုံးဖြတ်ချက်ချပါ၊ သစ္စာမသိသေး ယင် ဘာတဲ့...(နိဗ္ဗာန်မရောက်သေးပါဘုရား) နိဗ္ဗာန်မရောက် သေးဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ ဒါဖြင့် နိဗ္ဗာန် လိုချင်ယင် သစ္စာသိအောင်လုပ်ပါ၊နိဗ္ဗာန်လိုချင်ယင်ဘာလုပ်ကြမလဲ (သစ္စာ သိအောင်လုပ်ရပါမယ်ဘုရား)။

သစ္စာ သိအောင် လုပ်ရမယ်ဆိုတော့ ဟုတ်ပါပြီတဲ့ တကာ တကာမတို့၊နိဗ္ဗာန်လိုချင်ယင် သစ္စာသိအောင် လုပ်ရမယ်ဆိုတော့ "သစ္စာက ဘယ်မှာရှိသလဲဘုရား" လို့ မေးဘို့လိုတယ်၊ သစ္စာ ဘယ်မှာရှိသတုံးလို့ မေးဘို့လိုတော့ တကာ တကာမတွေ မှတ် လိုက်ကြဘို့ တကာတကာမတွေ၏ ခန္ဓာသည်သစ္စာဘဲလို့မှတ်ပါ တကာတကာမတွေ၏ခန္ဓာသည်.... (သစ္စာပါဘုရား)သစ္စာဘဲလို့ ဆုံးဖြတ်ချက်ချပါ။

တကာတကာမတွေ၏ ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်(သစ္စာ ပါဘုရား)သစ္စာဘဲဆိုတော့ ဩော် .... ဗိခန္ဓာရှိနေလို့ ရှိသင်ဖြင့် ဝို့ဟာ ဆရာဘုန်းကြီးကလဲ လမ်းညွှန်ပြယင် သိရမှာဘဲ ဆိုပြီး

သင်္ကာလ သစ္စာသိယင် နိဗ္ဗာန်ရတော့မယ် သစ္စာသိယင် (နိဗ္ဗာန် ရတော့မယ်) နိဗ္ဗာန်ရတော့မယ် ဆိုတာ ယုံမှားခြင်း သံသယ မရှိပါနဲ့ဆိုတာ လေးစားစွာနဲ့ သတိပေးလိုက်ပါတယ်။

သစ္စာမသိသေးယင် ဘာဒါနပြုပြု၊ ဘာသီလဆောက်တည် ဆောက်တည်၊ ဘာဘာဝနာခင်ဗျားတို့ သမထတွေလုပ်လုပ်၊ သစ္စာမသိ သေးသရွေ့ ကာလပတ်လုံး ငါတို့အလုပ်သည် နိဗ္ဗာန်မရောက်သေး ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ၊ သစ္စာမသိသေးယင် ဘာပါလိမ့် (နိဗ္ဗာန်မရောက်သေးပါ) နိဗ္ဗာန်မရောက်သေးဘူးလို့ တကာ တကာမတွေ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ) ဒါဖြင့်ဘုန်းကြီးတို့ ပဿာ တကာမတွေကို သစ္စာသိဘို့ ပြောရတော့မယ် ဆိုတာကို သေသေချာချာ နားထောင်ကြပါနော်....(မှန်ပါ)။

သစ္စာသိဘို့ဆိုတာ တကာတကာမတို့ ခန္ဓာရှိယင် သိရမယ်၊ သစ္စာ ဘုန်းကြီးက မန္တလေးက သယ်လာတယ် မအောက်မေ့ ပါနဲ့၊ ကိုယ့်ခန္ဓာအရှိကို သိရမယ်လို့ မှတ်ကြစမ်းပါ၊ သစ္စာ ဘယ်မှာရှိပ လိမ့်.... (ကိုယ့်ခန္ဓာမှာရှိပါတယ်ဘုရား) ကိုယ့် ခန္ဓာမှာရှိ၊ အဲဒီကိုယ့်ခန္ဓာရှိတာကို ကိုယ်သိလို့ရှိယင်ဖြင့်....တဲ့၊ သစ္စာသိတာပါဘဲ။

ကောင်းပြီ....ဒါဖြင့် အပေါင်းကြီးသိရမှာလား- အစိတ် အစိတ် သိရမှာလားဆိုတဲ့ မေးခွန်းထုတ်ဘို့ လိုလာတယ်၊ လိုလာ တယ်၊ လိုလာတဲ့အခါကျတော့ ခန္ဓာက ၅-ပါးလို့ ပြောထား ကတည်းက တကာတကာမတွေက မှတ်လိုက်တာပေါ့၊ ဒြော်.... ငါးပုံရှိတာကိုး၊ခန္ဓာငါးပါးဆိုတော့ ဘယ်နှစ်ပုံပါလိမ့် .... (ငါး ပုံပါဘုရား) ငါးပုံရှိတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)

ဘယ်အပိုင်း ကြည့်ကြည့် ဒုက္ခသစ္စာချည်း မှတ်လိုက်၊ ဘယ်အပိုင်း ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ရူပက္ခန္ဓာ ဆိုတဲ့ ဘောက်ပြန်မှုကလေးကို တပုံ-ပုံကြည့်လိုက်ပြန်တော့လဲ ဒုက္ခသစ္စာ၊ ဝေဒနာက္ခန္ဓာဆိုတဲ့ ခံစားမှုကလေးကို တပုံ-ပုံကြည့်လိုက်ပြန်တော့လဲ-(ဒုက္ခသစ္စာပါ) သညာက္ခန္ဓာဆိုတဲ့ မှတ်သားမှုကလေးကို တပုံ-ပုံကြည့်လိုက်ပြန်တော့လဲ.... (ဒုက္ခသစ္စာပါ)သင်္ခါရက္ခန္ဓာဆိုတဲ့ တကာတကာမပေါ့ လှုချင်, ဒါန်းချင်-ပေးချင် ကမ်းချင်သည့် စေ့ဆော်မှု စေတနာကလေးကို တပုံ-ပုံကြည့်လိုက်ပြန်တော့လဲ... (ဒုက္ခသစ္စာပါ) တကာတကာမတွေ့ သန္တာန်မှာ မရပ်မနားပေါ်နေသည့် ဝိညာဏက္ခန္ဓာဆိုတဲ့ သိမှုစိတ်ကလေးကို တပုံ ပုံကြည့်လိုက်ပြန်တော့လဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဩော် ..ဒါဖြင့် ဒီငါးပါးတွင်ဘပါးပါးကြည့်ယင် ပြီးတာဘဲဆိုတာ တဆားအစမှာ ဆုံးဖြတ်ချက်ချပါ၊ သဘောပါကြလား-(ပါပါတယ်ဘုရား)ဒါဖြင့် သစ္စာဆိုတာ ဘယ်မှာ ရှိသလဲ.... (ခန္ဓာမှာရှိပါတယ်ဘုရား) ခန္ဓာဘပါးဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါ)နောက်တပါးကကော....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ငါးပါးစလုံးဟာ ဒုက္ခသစ္စာချည်းဘဲရှိတယ်။

ဩော်....ဒုက္ခသစ္စာလို့ဆိုတော့ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်ဘာ၊ဒုက္ခက ဘာပါလိမ့်....(ဆင်းရဲဘာပါ) သစ္စာက ....(မှန်တာပါ) ဩော်.. ဒါဖြင့် ခင်ဗျားတို့ တကိုယ်လုံးထဲမှာ ဆင်းရဲတာ အမှန်သာရှိ၍ ချမ်းသာတာ အမှန်မရှိသေးပါဘူး....(မှန်ပါဘုရား)ဆင်းရဲတာ အမှန်သာရှိ၍ ချမ်းသာတာ အမှန်ကော (မပါသေးပါဘုရား) မပါသေးတော့ ဘုန်းကြီးက ဒီတကာ

တကာမတွေကို အကြောင်း တိုက်ဆိုင်လို့ တရားဟောတော့ ဆင်းရဲတာ အမှန်ပေးမှ ဝင်္ကျတ်တော့မယ်။

ဆင်းရဲတာ အမှန်ပေးမှသာလျှင် (ဝင်္ကျတ်ပါမယ်) ဒါဖြင့်တဲ့၊တကာတကာမတို့ ဆင်းရဲတာ သိတာကို အမှန်ပေးမှ ဝင်္ကျတ်မယ်ဆိုတော့ ဆင်းရဲတာမှ မသိသေးတဲ့ ပုဂ္ဂိုလ်ကိုရှေ့ပိုင်းက ဆင်းရဲတာ သိအောင် ဟောရမယ်....(မှန်လှပါ)ဒီတော့မှ တကာတကာမတွေက ဆင်းရဲ ကျွတ်ချင်တဲ့ ဉာဏ်လာလိမ့်မယ် (မှန်ပါ့)သဘောပါကြလား....(ပါပါတယ်)ကောင်းပြီ အားလုံး တကာတကာမတွေ ဖြေသာပေး၊ အဖြေပေးပြီး သကာလ မှန်တာကိုဘဲ ဟောမယ်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာမသိဘဲနဲ့ နိဗ္ဗာန် ရောက်တယ်ဆိုလို့ရှိယင်ကွာ....တဲ့၊တကာတကာမတွေ ဇီးဖြူရွက်နဲ့ ရေထုပ်လာတော့ မင်းမောနေတယ်ကွာ- ငါဇီးဖြူရွက်ဆိုတဲ့ သေးသေးကလေး အရွက်ကလေးတွေပေါ့ဗျာ၊ မင်းမောလို့ ဇီးဖြူရွက်တရွက်နဲ့ ရေထုပ်လာခဲ့တယ်ဆိုယင်ဖြင့် ယုံစရာရှိကြရဲ့လား....(မရှိပါဘုရား)ရေမှ ထုပ်လို့ မရဘဲကိုး....(မှန်ပါ့) ရေမှထုပ်လို့မရတော့ တကာတကာမတွေ ပနိုင်ပါ့မလား (မဝနိုင်ပါဘုရား) သောက်လို့ကော ဖြစ်ကဲ့လား .... (မဖြစ်ပါဘုရား)။

အဲ-ဇီးဖြူရွက်နဲ့ ရေထုပ်လာတယ် မင်းမောလို့၊မင်းသောက်ပေတော့လို့ ပြောလို့ရှိယင် မယုံရသလို၊ သစ္စာမသိဘဲနဲ့ ငါ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုယင် ဘယ်တော့မှ မယုံနဲ့ .... (မှန်ပါ့) အကိုးအကား သစ္စာယုတ်ပါဘဲ.... (မှန်ပါ့) သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား)။

သစ္စာမသိဘဲနဲ့ ငါနိဗ္ဗာန်ကိုရောက်ခဲ့တယ်ဆိုယင် ဇီးဖြူရွက်နဲ့ ရေထုပ်လာတယ်လို့ ပြောတာနဲ့ အတူတူဘဲ၊ လိမ်လည်မှုတခုလို့ မှတ်ပါ (မှန်ပါ)။

သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ဟောတဲ့ ပုဂ္ဂိုလ်က ဟောလို့ရှိယင်လဲ လိမ်လည်မှုလို့ မှတ်ပါ(မှန်ပါဘုရား) ဘယ်လို မှတ်ကြမလဲ....(လိမ်လည်မှုလို့ မှတ်ပါမယ်) သစ္စာ မသိဘဲနဲ့ ကျုပ်နိဗ္ဗာန်ရောက်အောင် ဟောပါမယ်လို့ ဟောလို့ရှိယင်ဟော တဲ့ ဘုန်းကြီးဟာလဲ လိမ်လည်မှု ဟောတဲ့ တကာ ဖြစ်ခဲ့ယင်လဲ (လိမ်လည်မှုပါဘဲ ဘုရား)။

လိမ်လည်မှုဘဲ ဇီးဖြူရွက်နဲ့ ရေထုပ်လာခဲ့တယ် မင်းအတွက် ဆိုလို့ရှိယင်လဲ တကာတကာမတို့ လိမ်တာ သက်သက်ဘဲဆိုတာ ခင်ဗျားတို့ ယုံကြမှာပါဘဲ....(မှန်ပါ ဒီမှာလဲ သစ္စာ မသိဘဲနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုယင်ဖြင့် နိဗ္ဗာန်ရောက်တဲ့တရားလို့ ဟော ကြပြောကြလို့ရှိယင်ဖြင့် ဒီတရားဟာ ဝေးသောအကြောင်းသာ ဟုတ်၍ နီးသော အကြောင်း မဟုတ်ဘူးလို့ မှတ်လိုက်ပါ၊ သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

ဘာတဲ့တုံး (ဝေးသော အကြောင်းသာဖြစ်တယ်၊ နီးသော အကြောင်းမဖြစ်ဘူး)ဝေးသော အကြောင်းတော့ ဟုတ်ပါရဲ့တဲ့၊ နီးသော အကြောင်းကျတော့... (မဟုတ်ပါ) မဟုတ်ဘူးဆိုတာ သေချာကြပလား .. (သေချာပါတယ်) အဲဒါကြောင့် ဘုန်းကြီး တို့ တကာတကာမတွေ သစ္စာသိဖို့ အရေးဟာဖြင့် နိဗ္ဗာန်ရောက် ချင်တယ်၊ ဒုက္ခချုပ်သိမ်း ငြိမ်းချင်တယ်၊ အပူသိမ်းချင်တယ် ဆို ယင် သစ္စာသိအောင် လုပ်ဖို့ကို ဘုန်းကြီးများ ဟောရမယ်၊ သဘောပါကြလား .. (ပါပါတယ်ဘုရား)။

တကာတကာမတွေ ဘာဟောရမယ်....(သစ္စာသိဘို့ ဟော ရမယ်)နောက်က တကာတကာမတွေ ဘုန်းကြီး ဘာဟောရမှာ ပါလိမ့် ....(သစ္စာပါဘုရား)သစ္စာသိအောင် ဟောရလိမ့်မယ်ဆို တာ ယုံကြည်ကြပလား....(ယုံကြည်ပါတယ်)သစ္စာမသိသေးဘဲနဲ့ တကာတကာမတွေ ဒါန အကြောင်းအကျိုးကို သိတယ်၊သီလအ ကြောင်းအကျိုးကိုသိတယ်၊သမထအကြောင်းအကျိုးကို သိတယ် ဝိပဿနာအကြောင်းအကျိုးကို သိရုံမျှနဲ့ သစ္စာမဆိုက်သေး၊ဘယ် တော့မှ နိဗ္ဗာန်မရသေးလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့)။

ဒါဖြင့် အင်မတန် အရေးကြီးပေါ့ဆိုတာ သိပြီလား(သိပါပြီ ဘုရား)ကြာဖက်နဲ့ ဟိုရေကန်ထဲမှာရှိတဲ့ ပဒုမ္မာ ကြာဖက်တွေနဲ့ ရေထုပ်လာခဲ့တယ်၊ မှင်းမောလို့ သောက်ဖို့လို့ တယောက်သော ပုဂ္ဂိုလ်က မေ့တဲ့ ပုဂ္ဂိုလ်အား ပေးခဲ့သော် ယုံပါ၊ ကြာဖက်နဲ့ တော့ ရေထုပ်လို့ရတယ်(မှန်ပါ့ရပါတယ်)ထို့ အတူဘဲတဲ့ သစ္စာ သိပြီး ကျုပ်ဒုက္ခဝဋ်ကျွတ်တဲ့ နိဗ္ဗာန် ရောက်ခဲ့ဘယ်ဆိုယင် ယုံသာ ယုံလိုက်ပါ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်ဘယ်ဆိုယင်ဖြင့် ခင် ဗျားတို့ ယုံကြမလား .. (မယုံပါဘုရား)ဘာယုံစရာရှိတော့တုံး.... ခင်ဗျားတို့ ရထားတဲ့ ဓမ္မစကြာမှာ စက္ခုံဥဒပါဒိ၊ စက္ခုံ=ဉာဏ် မျက်စိသည်၊ဥဒပါဒိ=နိဗ္ဗာန်နှင့် ဒုက္ခကို မြင်ခြင်းဖြစ်ပေါ်လာ၏ ဆိုကတည်းက ဒီကျမှ မျက်စိနှစ်ကွင်း အလင်းရတဲ့ဥစ္စာ၊ နဂိုရ်က အကန်းဘဲ၊ ဘယ်ကလာ နိဗ္ဗာန်ရမှာတုံး၊ သဘောပါကြလား.... (ပါပါတယ်ဘုရား)။

“စက္ခုံဥဒပါဒိ”ဆိုတာသစ္စာကို ဟောတာ....(မှန်ပါ့)သူမပါ ဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ပါကြရဲ့လား....(မပါပါဘုရား) မပါ

တော့ဘုန်းကြီးတို့ တကာတကာမတွေမနေ့ကသစ္စာဉာဏ်ဟောခဲ့ပါတယ်၊ ဒီနေ့ ဟောမှာက ကိစ္စဉာဏ်ဟောရပါလိမ့်မယ် ဒီနေ့ ဘယ်ဉာဏ်ဟောရမယ်(ကိစ္စဉာဏ်ဟောရမှာပါ)ကိစ္စဉာဏ် ဟောရမယ်ဆိုတော့ တကာတကာမတွေ သစ္စာဉာဏ် မနေ့က နာပြီးကြပါပြီ၊ မနာရသေးတဲ့ ပုဂ္ဂိုလ်များအတွက်တော့ နည်းနည်း ထည့်ပေးဦးမပေါ့ဗျာ၊ အရေးတကြီး ဟောရမှာကတော့ သစ္စာ၏ ကိစ္စကိုသိတဲ့ ဉာဏ်ကို အရေးတကြီး ဟောလိမ့်မယ်လို့ မှတ်ပါ၊ဒီတရားဘယ်က လာသတုံး မေးတဲ့အခါကျတော့မှ ဓမ္မစကြာက လာတယ်လို့ မှတ်ပါ၊ သဘောကျကြပြီလား(ကျပါပြီဘုရား)ဘယ်က လာတုံး...(ဓမ္မစကြာက လာပါတယ်) အဲဒီတော့ ဓမ္မစကြာဟာ ရွတ်ဘို့လား။

တကာတကာမတွေ မြင်အောင် ကြည့်ဘို့လား ဆိုတဲ့ဥစ္စာကို စက္ခုံဥဒပါဒိက ထောက်ခံချက် ပေးလိမ့်မယ်(မှန်ပါ) စက္ခုံ= ဉာဏ်မျက်စိသည်၊ ဥဒပါဒိ=ဖြစ်ပေါ်လာမလို့ကွဆိုတော့ ရွတ်ဘို့ ဖတ်ဘို့လား-တကာတကာမတို့ ကိုယ့်ခန္ဓာသစ္စာကိုမြင်အောင် ကြည့်ပါသို့ ပြောတာလား... (မြင်အောင် ကြည့်ပါလို့ ပြောတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အန္တရာယ်ကင်း သုံးနေတယ်၊ဓမ္မစကြာရွတ်ဟေ့-အန္တရာယ်ကင်းသဟာဆိုတော့ ခင်ဗျားတို့သည် မနေ့က ပြောသည့်အတိုင်း တဲ့၊ အားလုံး တကာတကာမတွေ လိမ်းဆေး လုပ်ခနေပြန်ပြီ၊ ဘာလုပ်နေကြတုံး....(လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

ဆေးက သောက်ဆေးပါလား တကာတကာမတို့....(မှန်ပါ) ဆေးက ဘာဆေးပါလိမ့်.... (သောက်ဆေးပါ) ခင်ဗျားတို့က

လမ်းလျှောက်ရှုတ်၊ ဘုရားရှေ့ သွားရှုတ်ရှုတ်တော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သစ္စာမြင်ပါရဲ့လား....(မမြင်ပါဘုရား)။

မမြင်တော့ ကုသိုလ်ရရုံဘဲဖြစ်နိုင်တယ်၊ နိဗ္ဗာန်မရဘူး(မှန်ပါ့) သဘောပါပလား....(ပါပါတယ်ဘုရား)။

ကုသိုလ်တော့....(ရပါတယ်ဘုရား)။
နိဗ္ဗာန်တော့ .... (မရပါဘုရား)။

တကာတကာ မတွေ ကျေနပ်ကြပလား...(ကျေနပ်ပါတယ်ဘုရား နောက်က တကာတကာမတွေမကျေနပ်တာရှိယင်လဲ မေးနိုင်ပါတယ်နော်....(မှန်ပါ့)သို့သော်-မေးချိန်က မရဘူး၊ လူတွေက များတဲ့အတွက် အားလုံး တကာတကာမတွေကိုမေတ္တာရှေ့ထား ပြီးပြောတာတွေကိုသာ ဂရုစိုက်မှုပြီး 'အမှန်ပြောနေသဟေ့'ဆို တာသာ ဆုံးဖြတ်ချက်ချပြီး နာပေတော့....(မှန်ပါ့)။

ကိုင်း...တကာတကာမတို့မနေ့ကမသိရတဲ့ပုဂ္ဂိုလ်များအတွက် ခင်ဗျားတို့၏ ဒါ အတိတ်ဘဝလို့ ခေါ်ပါတယ်၊ တကာတကာမတို့ အတိတ်ဘဝဆိုတာ ခင်ဗျားတို့ ဒီဘဝ မဖြစ်ခင်ဘဝက အတိတ် ဘဝ (မှန်ပါ့) ဒီဘဝ မဖြစ်ခင် ဖြစ်ခဲ့တဲ့အကြောင်းတွေ ဘာခေါ် ကြမလဲ (အတိတ်ဘဝလို့) အတိတ်ဘဝဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒီမှာ ကြည့်ပါ၊ အတိတ်အကြောင်းလို့....ဆိုသောကြောင့် ဒါအတိတ်ဘဝ၊ ရှေးဘဝက တကာတကာမတွေ "စက္ခုံဥဒပါဒိ" ဖြစ်ခဲ့ပါရဲ့လားလို့ မေးတဲ့အခါကျတော့ကို 'ဒုက္ခေအညာဏံ'တဲ့ ဒုက္ခမသိတဲ့ အဝိဇ္ဇာသာ ဖြစ်ခဲ့သကွ-တဲ့-မျက်လုံး ကန်းခဲ့သကွတဲ့

မျက်လုံး မပွင့်ခဲ့ဘူးတဲ့၊ အဝိဇ္ဇာဆိုတာ သစ္စာမသိတာ အဝိဇ္ဇာ (မှန်ပါ) အဝိဇ္ဇာဆိုတာ ဘာပါလိမ့်.... (သစ္စာမသိတာ အဝိဇ္ဇာ ပါဘုရား)၊

ဒါဟာ ခင်ဗျားတို့ယခုဘဝလား၊ အရင်ဘဝတွေကလား... (အရင်ဘဝတွေကပါဘုရား) ဒါဖြင့် အရင်ဘဝက "စက္ခုဉ္စဒ ပါဒိ"ဖြစ်ခဲ့ရဲ့လား-(မဖြစ်ခဲ့ပါဘုရား) မဖြစ်ခဲ့တော့ ရှေးဘဝက ရာကာတကာမတွေ အကန်းတွေလား...တဲ့ မျက်စိ နှစ်ကွင်း အလင်းမရတွေလား....မေးယင် ဘယ့်နှယ် ဖြေမယ်.... (အကန်း တွေပါဘုရား) ဩော်.... ကန်းမှန်း သိယင် ဆေးရှာလိမ့်မယ်၊ ကန်းမှန်းသိယင် ဆေးရှာလိမ့်မယ်။

တကာတကာမတို့ ကန်းမှန်းမှ မသိဘဲ့ ပုဂ္ဂိုလ်ဟာ ဆေးရှာ ပါ့မလား.... (မရှာပါဘုရား) အဲဒါကြောင့် ကိုယ့်အကန်း ကိုယ်သိလို့ရှိယင်ဖြင့် ဆရာသမားဆီ ဆေးရှာပြီး ဒီဆေးကို အမြဲစားသုံးလို့ရှိယင် ကိစ္စပြီးပါလိမ့်မယ် (မှန်ပါ)မြန်ဆောင် ဦးတင် ကိစ္စပြီးမယ်(မှန်ပါ) သဘောကျရဲ့လား... (ကျပါဘယ် ဘုရား) ရှေးဘဝက ခင်ဗျားတို့ အကန် လား.... မျက်စိနှစ်ကွင်း အလင်းရသလား... (မရပါဘုရား)မရဘူးဆိုဟာ သေချာပလား (သေချာပါပြီဘုရား)။

ဒါကြောင့် သူက"ဒုက္ခေ အညာဏံ"ဒုက္ခေ = ဒုက္ခသစ္စာ၌၊ အညာဏံ=မသိခြင်းသည်၊ အဝိဇ္ဇာ=အဝိဇ္ဇာဘဲ။

ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခသစ္စာမသိတာ....(အဝိဇ္ဇာပါဘုရား)။

ကောင်းပြီ- ဒီအဝိဇ္ဇာဟာ ဒုက္ခသစ္စာမသိလို့ သူ့ကို အဝိဇ္ဇာ ခေါ်တယ်နော် .... သမုဒယသစ္စာကော သူ- သိပါရဲ့လား.... (မသိပါဘုရား)။

ဒါ့ကြောင့် သမုဒယသစ္စာလဲ မသိဘူး ဆိုသောကြောင့်.... သူ့ကို ဘာခေါ်ကြမလဲ-(အဝိဇ္ဇာပါ) အဝိဇ္ဇာ-(မှန်ပါ)သဘော ကျပလား(ကျပါပြီ)မဂ္ဂသစ္စာပွားများရလိမ့်မယ်လို့ကော သိရဲ့ လား.... (မသိပါဘုရား) မသိသောကြောင့် သူ့ကို ဘာခေါ် မလဲ... (အဝိဇ္ဇာပါဘဲဘုရား) နိရောဓသစ္စာကို မြင်အောင်ကြည့် နိုင်တဲ့ စွမ်းရည်သတ္တိရှိပါရဲ့လား.... (မရှိပါဘုရား) မရှိသော ကြောင့် သူ့ကို ဘာခေါ်မလဲ... (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ရှေးဘာက အကန်းကလေး မွေးလာဘာ တကာ တကာမတွေ ရှေးဘဝက မျက်စိနှစ်ကွင်း အလင်းရသလား.... အကန်းဘဲလား....(အကန်းပါဘုရား) အကန်းဘဲဆိုတာ သေချာ ကြပလား....(သေချာပါတယ်) ဒီတခါ ဘုန်းကြီးနှင့် တွေ့လို့မှ မျက်စိနှစ်ကွင်း အလင်းရအောင် မယူဘူးဆိုလို့ ရှိယင်ဖြင့်.... ခင်ဗျားတို့ သေလို့ရှိယင် " အကန်းမသာ ကြွတော်မူပါ..." လို့သာ ဘိတ်ပါတော့....(မှန်ပါ)။

ဘယ်လောက်ဆိုးသွားမယ်ဆိုတာ မပေါ်ဘူးလား.... (ပေါ် ပါတယ်ဘုရား)။

ဘာမသာ ဖြစ်ကြမယ်ထင်သတုံး- (အကန်းမသာဖြစ်မယ်)။

မွေးတုန်းကကော... (အကန်းပါဘုရား)။

သေတော့ကော... (အကန်းပါဘုရား)။

ဘာကြောင့်တုံး.. (သစ္စာ သိမသွားလို့ပါဘုရား)။

ဒါကြောင့် မသာဘိတ်စာကို ကိုထွန်းအောင်ကြီး ဘယ်လို တပ်မယ် စိတ်ကူးသလဲ.... (အကန်းမသာ) အကန်းမသာ၊ ရိပ်မိကြပလား....(ရိပ်မိပါဘုရား)။

ဒီဘခါမှ ခင်ဗျားတို့ ကြုံကြုံကြိုက်ကြိုက်ရှိတုန်းကို မကြိုးစားတော့ပါဘူး ဆိုလို့ရှိယင်ဖြင့် ကိုယ်ကျိုး လှလှကြီး နည်းပေါ့၊ သဘောကျပလား.... (ကျပါပြီ) ဒီတခါ ကြုံကြိုက်တုန်းကို ခင်ဗျားတို့ ကျကျနန နားလည်း မလည်ဘူး၊ ဘုန်းကြီးပြောတဲ့ အတိုင်း အလုပ်စခန်းလဲ ပေးမှာကိုး....၊ ဒီ အလုပ်လဲ မလုပ်ဘူး ဆိုယင်ဖြင့် အကန်းကလေးမွေ့ ပြီး အကန်းကလေး သေပဟ...၊ ဒီလို ဆုံးဖြတ်ချက်ချယင် လွဲပါမလား....(မလွဲပါဘုရား)။

ဘာ့ကြောင်းတုံးဆိုတော့ အဝိဇ္ဇာဆိုတာသည်တဲ့၊ သိကောင်းတာမသိ၊ မသိကောင်းတာ သိတာ အဝိဇ္ဇာ၊ သဘောကျကြပလား....(ကျပါပြီ) အဝိဇ္ဇာဆိုတာ ဘာပါလိမ့်.... (သိကောင်းတာ မသိ၊ မသိကောင်းတာ သိဘာပါဘုရား) သိကောင်းတာက သစ္စာလေးပါး·(မှန်ပါ့)ဒါကျတော့ သူမသိဘူးတဲ့၊မသိကောင်းတဲ့ လူ့ပြည်, နတ်ပြည် ရောက်ကြောင်းတွေကျတော့ သူပါမှ လုပ်ဖြစ်တယ်။

လူ့ပြည်, နတ်ပြည် ရောက်ကြောင်းဆိုတော့ လူဖြစ်တော့ ဒုက္ခသစ္စာ မလာဘူးလား....(လာပါတယ်ဘုရား) အဲ လူ့ပြည် နတ်ပြည် ရောက်ကြောင်းတော့ လုပ်တဲ့၊ သူက တွန်းပေးတယ်၊ အပါယ် ရောက်ကြောင်းကျတော့ကော.... (တွန်းပေးပါတယ်) ဒါဖြင့် သိကောင်းတာကို သူသိရဲ့လား... (မသိပါဘုရား) မသိကောင်းတာကျတော့....(သိပါတယ်ဘုရား)။

ဒါဖြင့် သိကောင်းတာ မသိ၊ မသိကောင်းတာ သိသော ကြောင့် သူ့ကို ဘာခေါ်ကြမလဲ.... (အဝိဇ္ဇာပါဘုရား) အဲဒီတော့ တကာတကာမတွေ မှတ်ရမှာက အဝိဇ္ဇာ ဆိုတာ လုံးဝမသိတာကို ဆိုတာလား...၊ သိကောင်းတာကို မသိတာ၊ မသိကောင်းတာ သိတာ ဆိုတာလား...ဆိုတာကော ယနေ့ ရှင်းသလား (ရှင်းပါပြီဘုရား)။

သိကောင်းတာကျတော့...(မသိပါဘုရား)။

မသိကောင်းတာကျတော့....(သိပါတယ်ဘုရား)။

အို... ကြောက်စရာကြီးပါလား၊ ချောက်တွန်းပေးမည့်နေရာ ကျတော့ မိုလ်စွဲတယ်၊ ချောက်လွတ်ဘို့ နေရာကျတဲ့ အခါကျ တော့ သူမသိအောင်လို့ ပိတ်ပင်ထားတယ်၊ ဘယ်လောက် ဆိုးဝါးတဲ့ကောင်းလဲဆိုတာ တကာတကာမတွေ ပေါ်ကြပလား--- (ပေါ်ပါပြီဘုရား)။

အဲဒီအဝိဇ္ဇာကို ဘုန်းကြီးက ဝိဇ္ဇာဖြစ်အောင်လုပ်မပေးနိုင်လို့ ရှိယင်ဖြင့်.. တဲ့ ဘုန်းကြီးလဲ မကိုးကွယ်ကြနဲ့. အင်မတန်မှ ဆိုးပါသော်ကော၊ အကန်းကို ကုမပေးခဲ့ဘဲကိုး၊ သဘောကျ ရဲ့လား....(ကျပါတယ်ဘုရား) အကန်း ကုမပေးခဲ့လို့ ရှိယင်ဖြင့် ကျေးဇူးရှင်လို့ ဆိုလို့ရပါ့မလား....(မရပါဘုရား)။

ဒါဖြင့်.... ဘုန်းကြီးတို့ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဒီ....တကာတကာမတွေကို သေသေချာချာ ကုသမည့် ဆရာဘဲ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)ကုတော့မှဘဲ တကာ တကာမတို့ ကုပေးမည့်ဆရာ တွေ့ပြီမဟုတ်လား.... (တွေ့ပါပြီ ဘုရား) အဝိဇ္ဇာဆိုတာ သိကောင်းတာကျတော့.... (မသိပါ

ဘုရား)သိကောင်းတာက ဘာပါလိမ့်-(သစ္စာလေးပါးပါဘုရား) သစ္စာလေးပါး၊ အဲဒါကျတော့ ဘာတဲ့....(မသိပါဘုရား)။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်ကြောင်းကျတော့.... (သိပါတယ်ဘုရား)ဟာ....ဒုက္ခသစ္စာရမှာကျတော့ သူကသိတယ် ကိုး....၊ ဒုက္ခလွတ်မည့် နေရာကျတော့.... (မသိပါဘုရား) ဒါ မနေ့က မဟောဘူးဘူး၊ သေသေချာချာမှတ်၊ ဒါတိုးပေးတာ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိ တိုးပေးလိုက်တာ....(မှန်ပါဘုရား) သိကောင်းတာ မသိ့ မသိကောင်းတာ သိတာ ဘာပါလိမ့်-(အဝိဇ္ဇာပါဘုရား) ရှင်းကြပလား.... (တင်ပါ့-ရှင်းပါပြီဘုရား)။

သစ္စာလေးပါးကျတော့ သူက ဘာတဲ့.... (မသိပါဘုရား) လူ့ပြည်၊ နတ်ပြည်၊ အပါယ် ရောက်ကြောင်းတွေ ကျတော့.... (သိပါတယ်ဘုရား) ဒါကြောင့် မကောင်းတဲ့နေရာမှာ ဗိုလ်စွဲတယ်၊ ကောင်းတဲ့နေရာမှာ လမ်းပိတ်တာ သူဘဲ.... (မှန်ပါ) မကောင်းတဲ့နေရာဗိုလ်စွဲပြီး ခေါင်းဆောင်တာက ဘယ်သူပါလိမ့်.... (အဝိဇ္ဇာပါဘုရား) ကောင်းတဲ့နေရာ လမ်းဟူသရွေ့ ပိတ်ထားတာ ဘယ်သူပါလိမ့်... (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့်အဝိဇ္ဇာဟာ နှစ်ဘက်သွားရှိတဲ့ လွန်နဲ့တူတယ်၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ) နှစ်ဘက်သွားရှိတဲ့ လွန်နဲ့တူတယ်ဆိုတော့ တကာတကာမတွေ ကြည့်.... သိကောင်းတာတော့ အသိမပေးဘူး၊ မသိကောင်းတာကျတော့ အသိပေးတယ်၊သူ့နာမည် ဘယ့်နှယ်ခေါ်ကြမလဲ... (အဝိဇ္ဇာပါဘုရား) အဲဒီတော့ တကာတကာမတွေ မှတ်ထားတာက အဝိဇ္ဇာဆိုတာ ဘာမှ မသိတာ ဘုရား..၊ ဒီလိုယူကြတယ်....(မှန်ပါ)။

တကာတကာမတွေ ဒီလိုမယူဘူးလား.... (ယူပါတယ်ဘုရား) အဝိဇ္ဇာဆိုတာ ဘာမှမသိတာမဟုတ်ဘူးတဲ့၊ သိကောင်းတာသာ သူမသိတာ၊ မသိကောင်းတာကျတော့ ခေါင်းဆောင်ပါတယ်၊ ပေါ်ကြပလား... (မှန်ပါ့-ပေါ်ပါပြီ) သိကောင်းတာကျတော့ (မသိပါဘုရား) မသိကောင်းတာကျတော့... (သိပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာဟာ အင်မတန် မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား) ဒါဖြင့် ရှေးတုန်းက တကာ တကာမတွေ သိကောင်းတာ သိခဲ့သလား...၊ မသိကောင်းတာ သိခဲ့သလား....(မသိကောင်းတာ သိခဲ့ပါတယ်) မသိကောင်းတာသိလို့ ဗိ သင်္ခါရခင်ဗျားတို့လုပ်တာ... (မှန်ပါ့)။

နတ်ပြည်ရောက်ကြောင်း ကုသိုလ်တွေလဲ လုပ်တယ်။

ဗြဟ္မာပြည်ရောက်ကြောင်း သမထတွေကော... (လုပ်ပါတယ်ဘုရား)။

ကောင်းပြီနော် ၊ပြီးတော့ လူ့ပြည်မှာ စားဘို့ သောက်ဘို့ သွားဘို့ မယားဘို့ဆိုတဲ့ အကုသိုလ်တွေကော....(လုပ်ပါတယ်ဘုရား)ဒါဖြင့် မသိကောင်းတာကျတော့ကို တကာတကာမတို့ သိအောင်လုပ်တယ်၊ မင်းလုပ်မှုစားရမှာ သဘောကျလား.... (ကျပါတယ်) အဲဒီတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတာ မပေါ်သေးဘူးလား... (ပေါ်ပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ-(သင်္ခါရာ)ပေါ်ကြပြီနော်....(မှန်ပါ့ဘုရား)။

စာဆိုလား... ခင်ဗျားတို့ ခန္ဓာထဲဖြစ်တဲ့ တရားနှစ်ခု- တခုတခု ကျေးဇူးပြုနေတာလား....ဆိုတာ အကဲခတ်စမ်း... (ခန္ဓာထဲမှာ)ခန္ဓာထဲမှာတခုနှင့်တခုကျေးဇူးပြုနေတယ်၊ တကာတကာမတို့

အဝိဇ္ဇာက ဘာကို ကျေးဇူးပြုသတုံး....'(သင်္ခါရကိုပါ) သင်္ခါရ ကျေးဇူးပြုတယ်နော်....၊ ကောင်းပြီ ဒါဖြင့် ဒီ သင်္ခါရ ဟာ သိကောင်းတဲ့ ပုဂ္ဂိုလ်လုပ်တဲ့ အလုပ်လား....၊မသိကောင်းတဲ့ ပုဂ္ဂိုလ်က လုပ်တာလား မေးယင် ဘယ့်နှယ် ဖြေကြမလဲ ...., (မသိကောင်းတဲ့ ပုဂ္ဂိုလ်လုပ်တာပါဘုရား)။

ဝိဝဋ္ဋကို ခင်ဗျားတို့က မလုပ်ဘူး....(မှန်ပါ့)ဝဋ္ဋဆိုတဲ့ ဒီဘက် ကူးမှာတွေ့ သွားလုပ်တယ်၊ သဘောပါကြလား....(ပါပါတယ်) နွားကြီးကြီးနဲ့ ထောင်ပါဆိုတာလဲ သတိပေးလိုက်ပါတယ် .... (မှန်ပါ့)တကာတကာမတွေ့ ဘာနဲ့ နွားထောင်ရမယ်...(နွား ကြီးကြီးနဲ့ ထောင်ရမှာပါ) နွားကြီးကြီးနှင့် ထောင်ပါ၊ နွား သေးသေးနဲ့ ဆိုယင်ဖြင့် တွေ့ခဲ ကြုံခဲ ဖြစ်ခနေတော့ တရားဆန်း ဖြစ်နေလိမ့်မယ်။

တရားကတော့ အမှန်ဆုံးလို့ ဆုံးဖြတ်ချက်ချပါ၊ သစ္စာထက် မှန်တာ ရှိသေးရဲ့လား.... (မရှိပါဘုရား) ကောင်းပြီ ဒါဖြင့် ဘုန်းကြီးက ဟောတာလား ...တဲ့၊ ဘုရားဖြစ်စမှာ စ,ကိုင်တဲ့ တရားလား ... (ဘုရားဖြစ်စမှာ စ,ကိုင်တဲ့ တရားပါဘုရား) ဒီ့ပြင် ဆွမ်းတရား, ကွမ်းတရားတွေက ဒီအချိန်မှာ ပေါ်ကို မပေါ်သေးဘူး၊ ပေါ်ရဲ့လား....(မပေါ်သေးပါဘုရား)။

မပေါ်သေးတော့ တရားဦးလို့တော့ ခင်ဗျားတို့ သိပါရဲ့၊ သစ္စာကို ရှေးဦးစွာသိထားရမယ်ဆိုတာခင်ဗျားတို့ကဖယ်ထားတဲ့ အတွက် ဒါန, သီလ, တရားတွေက လွှမ်းမိုးပြီး သစ္စာက ကွယ်ထွက်သွားတယ်....(မှန်ပါ့) သဘောပါကြလား.... (ပါပါ တယ်) ဘာကွယ်သွားတာပါလိမ့် .... (သစ္စာတရား ကွယ် သွာ

ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)ကောင်းပြီ ဒါဖြင့် သိကောင်းတာ မသိ၊ မသိကောင်းတာ သိတာ ဘာပါလိမ့်.... (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် မသိကောင်းတာ သိတဲ့အတွက် လူ့ပြည် နတ်ပြည် ရောက်ကြောင်းကုသိုလ်၊ အပါယ်ရောက်ကြောင်း အကုသိုလ် တွေကို အလုပ်ခိုင်းတာ ဘယ်သူပါလိမ့်မတုံး ဆိုတာ ရိပ်မိကြ ပလား....(ရိပ်မိပါတယ်ဘုရား အဝိဇ္ဇာ)။

အဝိဇ္ဇာကြောင့် လုပ်ဖြစ်တာ။

အဝိဇ္ဇာကြောင့်....(သင်္ခါရပါဘုရား) သင်္ခါရ၊ မြန်မာလို ပြန်ကြစို့....၊ မသိလို့ လုပ်ဖြစ်တာ(မှန်ပါ့)မြန်မာလို ပြန်တော့ (မသိလို့ လုပ်ဖြစ်တာပါ) မသိလို့ လုပ်ဖြစ်တာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မြန်မာလိုပြန်တော့ သူက ဘာတုံး....(မသိလို့ အဝိဇ္ဇာ) သူက ဘာတုံး....(လုပ်ဖြစ်တာ)ဒါဖြင့် မသိလို့ လုပ်ဖြစ်တယ်။ သဘောကျပလား—(ကျပါပြီ) ဒါဖြင့် မသိလို့ လုပ်တဲ့ပုဂ္ဂိုလ် တဦးတယောက်မှာဖြင့် လမ်းကောင်း လမ်းမှန်ရောက်ပါ့မလား- ဆိုတဲ့ မေးခွန်းထွက်လာတယ်၊ လမ်းကောင်း လမ်းမှန်ရောက်ပါ့ မလား....(မရောက်ပါဘုရား) မရောက်တော့ကို ချော်လဲစရာနဲ့ သေပွဲဝင်ရမယ်၊ ချော်လဲပြီး သေပွဲဝင်ရမယ်....(မှန်ပါ့) သဘော ပါကြလား....(ပါပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါဟာ အတိတ်ဘဝက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတာ မပေါ်သေးဘူးလား... (ပေါ်ပါတယ်ဘုရား) ကောင်းပြီ သူတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘာသစ္စာတုံး-

မေးတော့ ဒီနားကပ်ကြည့်လိုက်၊ ဒီအပိုင်းအတွင်းထဲမှာ ဒီနား ကပ်ကြည့်တော့ ဘာသစ္စာလို့ တွေ့သတုံး....(ဒုက္ခသစ္စာ တွေ့ပါ တယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ လုပ်လာတာ သမုဒယသစ္စာ လုပ်လာတော့ ဒုက္ခဖြစ်ကြောင်း လုပ်လာတာ....(မှန်ပါ) ပေါ် ကြပလား....(မှန်ပါ ပေါ်ပါပြီဘုရား)။

ဘာသစ္စာ လုပ်လာသတုံး(သမုဒယသစ္စာ လုပ်လာပါတယ်) သမုဒယသစ္စာဆိုတာ ဘာဖြစ်ကြောင်းပါလိမ့်(ဒုက္ခဖြစ်ကြောင်း ပါဘုရား) ဪ .... သနားစရာ ကောင်းလိုက်တာ၊ တကာ တကာမတို့ သနားစရာ ကောင်းတယ်ဆိုတော့ ဘုန်းကြီးက ဝမ်းနည်းသံနဲ့ ပြောတာလား... ၊ခင်ဗျားတို့၏ ဖြစ်စဉ်က အရုပ် ဆိုးတာလား....(ဖြစ်စဉ်က အရုပ်ဆိုးတာပါဘုရား)။

ဖြစ်စဉ်က အရုပ်ဆိုးတာကို အခု မပေါ်သေးပါဘူး၊ တော် တော် ခဏနေ ပေါ်လာလိမ့်မယ်... (မှန်ပါ)ခဏတော့ ပေါ်ပါ လိမ့်မယ်ဆိုတာ တကာတကာမတို့ လေးစားစွာမှတ်ပါ(မှန်ပါ) ဒီဘဝမှာ ဒီနေရာ သင်္ခါရတွေ လုပ်ပြီး တကာတကာမတွေက သေလိုက်ပါတယ်၊ သေလိုက်တော့ သေပြီးသည်၏ အခြားမဲ့၌ ဒီသင်္ခါရကတော့ဖြင့်...တဲ့ ကမ္မသမင်္ဂီဖြစ်နေသောကြောင့် သတ္တိ က မသေဘဲ ဖြစ်နေတယ်၊ အထည်ကတော့ အနိစ္စရောက်တယ်၊ သတ္တိက မသေတော့ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုပြီး ပဋိသန္ဓေ ဘဝရောက်လာတယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

ဘယ်ဘဝရောက်လာသလဲ(ပဋိသန္ဓေဘဝ ရောက်လာပါတယ်) ဘာသစ္စာ ရမလဲ....(ဒုက္ခသစ္စာ ရပါတယ်) ကိုယ်ကျိုးနည်းပြီ၊ တကာတကာမတို့ ဘယ့်နှယ်ဆိုကြမယ်....(ကိုယ်ကျိုးနည်းပါပြီ)

ဘာသစ္စာရလို့တုံး... (ဒုက္ခသစ္စာရလို့) ကိုင်း... ဒါဖြင့် ခင်ဗျား တို့၏ မသိလို့လုပ်မှုသည် ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေ နေရပါတယ်၊ ပဋိသန္ဓေဝိညာဏ်(မှန်ပါ) သဘောကျပလား(ကျပါပြီဘုရား)။

ဒါ ဘာဝိညာဏ်ပါလိမ့်....(ပဋိသန္ဓေဝိညာဏ်ပါဘုရား) ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ) ဩော်.... ဘယ် ကာလများ ရနေပါလိမ့်မတုံး မေးတော့(ပစ္စုပ္ပန်ကာလပါ)ဟော....ပစ္စုပ္ပန် ကာလ ရနေပြီဆို၊ ဒါဖြင့် ဒီ တကာတကာမတွေ အခုဘာသစ္စာ ရနေပြန်တုံး .... (ဒုက္ခသစ္စာ ရနေပါတယ်) ဒုက္ခသစ္စာ ရတာကို ဘုန်းကြီးများက ရမှန်းသိတော့မှ ဒါတွေ အရှုခိုင်းရမှာကိုးဗျ.... (မှန်ပါ)။

အဲဒီတော့ ဒုက္ခသစ္စာ အထူးပြောစရာ လိုသေးသလား.... (မလိုပါဘုရား)ဒို့ ရပြီးသား ဒို့ ရှုရုံဘဲ...(မှန်ပါ) မပေါ် သေးဘူးလား....(ပေါ်ပါပြီ) ဒို့ ရပြီးသားဟာ ဘာသစ္စာမှ ဒို့မှာမရှိဘူး၊ဒို့ရပြီးသား ဒို့ရှုလို့ရှိယင် ဒို့သစ္စာဒို့မြင်တာဘဲ၊ ဘုန်းကြီးက မြင်ဘို့တခုဘဲ အားပေးဘို့လိုတယ်၊ တကာတကာမ တွေ ဘာလိုသတုံး.... (မြင်ဘို့တခုဘဲ အားပေးဘို့ လိုပါတယ်)။

နောက်က တကာတကာမတွေ ဘာလိုသတုံး(မြင်ဘို့တခုဘဲ အားပေးဘို့လိုပါတယ်) ခင်ဗျားတို့ ရပြီးသား ရှိပလား...(ရှိပါ တယ်ဘုရား) ဘာတွေများ ရသလဲ....(ဒုက္ခသစ္စာ ရပါတယ်) ဩော်... ဒါဖြင့် တရားနာကြတာ ယောကျ်ားတွေလား၊ မိန်းမ တွေလား၊ဒုက္ခသစ္စာတွေလား... (ဒုက္ခသစ္စာတွေပါဘုရား)ဒီကျမှ နည်းနည်း ပေါ်လာတယ်နော်....(တင်ပါဘုရား)။

ဒီဒုက္ခသစ္စာက မိုးပေါ်ကျလား၊ တကာတကာမတို့ ကိုယ်မသိလို့ လုပ်လို့ဖြစ်ရတာလား .... (ကိုယ်မသိလို့ လုပ်လို့ ဖြစ်ရတာပါဘုရား) မသိလို့ပြုလုပ်ကြတာ၊ ပြုလုပ်လို့ ဒီမှာ ဒုက္ခသစ္စာရပါတယ်....(မှန်ပါ့) မရဘူးလား .. (ရပါတယ်) ဒါဖြင့် မသိတာသည် တကာတကာမတို့... ကျုပ်- ဒုက္ခကြောက်ပါတယ်၊ ဒါ့ကြောင့် နောက်ဘဝများ အေးချမ်းမလားလို့ ကျုပ်=ဒါန, သီလတွေ အကြီးအကျယ် လုပ်ပါတယ် ဆိုပြီးသကာလ ခင်ဗျားတို့က လုပ်လို့ရှိယင်ဖြင့် မသိလို့ လုပ်သောကြောင့် ဟောဒီမှာ နတ်ပဋိသန္ဓေနေပါတယ်....(မှန်ပါ့)။

ဒါန, သီလကြောင့်... (မှန်ပါ့)နတ်ပဋိသန္ဓေမနေဘူးလား.... (နေပါတယ်ဘုရား) နေပင် နေငြားသော်လဲ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဘုန်းကြီးက ဟောတာလား၊ သူ့ ဇာတိလား....(ဇာတိပါဘုရား) ဇာတိပဲ ဒုက္ခသစ္စာ.... တဲ့....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

တကာတကာမတွေ သဘောကျပလား....(သဘောကျပါပြီ) နောက်က တကာတကာမတွေ ကျေနပ်ကဲ့လား(ကျေနပ်ပါတယ်ဘုရား) ဘုန်းကြီးက လိမ်ဟောနေတာလား၊ အမြင်ပြတာလား- (အမြင်ပြတာပါဘုရား) ဒါဖြင့် ဒီဥစ္စာ ဇာတိဗျာ .... (မှန်ပါ့) အစ,ရှိသေးတာကိုး၊ပစ္စုပ္ပန်ဘဝ အစ, သူကမဟုတ်လား(မှန်ပါ့) ကြည့်လေ- ဒါပစ္စုပ္ပန်အကျိုးလို့ မဆိုဘူးလား....(ဆိုပါတယ်)။

အစ,မှာလဲ သူမပါဘူးလား....(ပါ-ပါတယ်ဘုရား)ဒီ အစဆိုတာ ဇာတိဘဲ၊ ဇာတိ ပဋိသန္ဓေဝိညာဏ်ကို ဆိုပါတယ်၊ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီအကွက်နဲ့ ဒီအကွက်ထဲ

ပါတာ ဒုက္ခသစ္စာချည်း မှတ်လိုက်ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ယခုကျန်းမာကြရဲ့လား၊ချမ်းသာကြရဲ့လားလို့မေးယင် ခင်ဗျားတို့က ဘယ့်နှယ်ဖြေမယ်....(ကျန်းမာလို့ ချမ်းသာကြပါတယ်ဘုရား)။

ကျန်းမာတယ် ချမ်းသာတယ်လို့ ခင်ဗျားတို့ ဖြေလိမ့်မယ် (မှန်ပါ့)ဒါ ဒီဘဝ ထပ်ကန်းတာလို့မှတ်ပါ၊ရိပ်မိပလား .... (ရိပ်မိပါပြီ)ဘာတဲ့တုံး....(ဒီဘဝထပ်ကန်းတာပါ) ဩော်....ခက်လိုက်တာ၊ နောက်ဘဝက ကန်းခဲ့တာ အားမရသေးဘူး ထင်တယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေက ဘုန်းကြီးမှ မျက်လုံးဖွင့်မပေးလို့ရှိယင် ကျန်းမာချမ်းသာလို့ တရားနာနိုင်တယ်လို့ ခင်ဗျားတို့ အဖြေထွက်မယ်... (မှန်ပါ့ဘုရား)။

မောင်ဘအေးတို့ မထွက်မပေဘူးလား(ထွက်ပါတယ်ဘုရား) မင်းတို့တရားနာလာနိုင်ကြသကိုးကွ၊ အို- နေကောင်း ထိုင်သာရှိတုန်းလာရတာဆိုတော့ နေမကောင်းထိုင်မသာတာသိကို မသိဘူး သိရဲ့လား....(မသိပါဘုရား) သူက နေကောင်းလဲ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) နေမကောင်းလဲ....(ဒုက္ခသစ္စာပါဘုရား) ဩော် .... ဒုက္ခရောက်လျက်နဲ့ လာခဲ့ရတာဘုရား ဆိုယင်တော့ တော်သေးတယ်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အခုတော့ သုခနဲ့ လာခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ် ဖြစ်နေတော့ အားကြီးမလွဲဘူးလား(လွဲပါတယ်ဘုရား)ဒါဖြင့် တကာတကာမတွေ သစ္စာသိပလား။ မသိသေးလို့လား(မသိသေးလို့ပါ)မေးကြည့်ပါ၊ ကိုယ့်ကိုယ်ကို မေးကြည့်ပါ၊ တရားပွဲလာနိုင်ကြတာ တကာ တကာမတွေ နေကောင်းထိုင်သာ ရှိကြရဲ့လားဆို ဘယ့်နှယ်ဖြေကြမလဲ....(ရှိတယ်လို့ ဖြေမှာဘဲဘုရား)။

ရိုးရိုးဖြေပါ ရှိတယ်လို့ ဖြေမှာဘဲ.... (မှန်ပါဘုရား) ဒုက္ခသစ္စာသိလို့ ဖြေတာလား၊ မသိလို့ ဖြေတာလား(မသိလို့ဖြေတာပါတရား)ဒါဖြင့် ဒီဘဝလဲမသိပြန်ဘူး....(မသိပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)ဒီဘဝလဲ.... (မသိပါဘုရား) ကြည့်လေ.... ပစ္စုပ္ပန်ဆိုတော့ ဒီဘဝ မကျဘူးလား....(ကျပါတယ်) ပစ္စုပ္ပန်တဲ့ ဒိဝိညာဏ်ဟာ၊ ဒိဝိညာဏ်ဟာ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါ)။

ဒီမှာ ဒုက္ခသစ္စာလို့ ဘုရားက ဟောတယ်.... (မှန်ပါ) ခင်ဗျားတို့က ကျန်းမာပါတယ်၊ ချမ်းသာပါတယ်ဆို သုခသစ္စာဖြစ်နေတယ်.... (မှန်ပါ)ခင်ဗျားတို့က ဘာသစ္စာ ဖြစ်နေသလဲ.... (သုခသစ္စာဖြစ်နေပါတယ်)ရှိတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)သိတာက....(သုခသစ္စာပါဘုရား)။

သိတာက သုခသစ္စာ၊ခင်ဗျားတို့က ကျန်းမာလို့ လာနိုင်ကြတာကိုးဗျ၊သဘောပါပလား....(ပါ-ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်ချန်လုပ်ကွာ၊ အရိယာမျက်လုံးနဲ့ ကြည့်မယ်ဆိုယင် ဘယ်အချိန်မှ မကျန်းမာဘူးကွလို့ သေသေချာချာ ဟောတယ်၊ခန္ဓဝဂ္ဂသံယုတ်နကုလပိတုသုတ်မှာ သေသေချာချာ ဟောတယ်၊ မဟောဘူးလား....(ဟောပါတယ်)အဲဒီ ဟောထားတာတွေဟာ တကာတကာမတွေ့ အဲဒီတရားမျိုးကိုလဲ မကြားရတော့ အခုတရားနာလာကြတာ နေကောင်းထိုင်သာရှိကြရဲ့လားလို့မေးယင်တပြိုင်နက်တည်း သစ္စာမသိတဲ့ အသံထွက်မယ်(မှန်ပါ)တကာတကာမတွေ့ နေကောင်းကြရဲ့လား၊ဘယ့်နှယ် .... (နေကောင်းပါတယ်ဘုရား)။

အင်း....အကန်းတွေ ဖြေပြီ.... (မှန်ပါ)ရိပ်မိပလား (ရိပ်မိပါပြီ)ဘယ်သူတွေ ဖြေတာပါလိမ့် (အကန်းတွေဖြေတာပါဘုရား) ကြည့်လေ၊ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာဆိုတာ အခုတရားနာနေတဲ့ ခန္ဓာငါးပါး၊သဘောကျပလား (ကျပါပြီ) အခု တရားနာနေတာက ဝိညာဏ်နဲ့လဲ သိလဲ သိပါတယ်။

နာမ်ရုပ်ကော မရှိကြဘူးလား....(ရှိပါတယ်ဘုရား)။

မျက်စိ၊နား၊နှာခေါင်း၊စိတ်ကော....(ရှိပါတယ်ဘုရား) ဖဿကော(ရှိပါတယ်ဘုရား)တရားနာလို့ ကောင်းတဲ့ ဝေဒနာကော (ရှိပါတယ်ဘုရား)ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဒုက္ခသစ္စာနဲ့နာနေတာ ခင်ဗျားတို့က နေကောင်းထိုင်သာ ရှိတယ်ဆိုတော့ သုခသစ္စာကို လုပ်ပစ်လိုက်တယ်(မှန်ပါ) ဘယ်လောက် လွဲချက်သန်တုံး....(မှန်ပါ)မသန်ဘူးလား (သန်ပါတယ်ဘုရား)ကဲ နိဗ္ဗာန်ရပါ့မလား.... (မရနိုင်ပါဘုရား)ဘာဖြစ်လို့ မရသတုံးလို့မေးတဲ့အခါကျတော့မှ တကာတကာမတွေက ဒုက္ခသစ္စာကိုဘဲ မသိပါဘူး။

မသိတော့ ဒီဘဝ မသိတာကလဲ....တဲ့၊ ဘာနဲ့ မသိတာတုံးမေးတော့ အဝိဇ္ဇာနဲ့ မသိတာ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)ဒါဖြင့် ဒီဘဝလဲ ကန်းသလား၊ မြင်သလားမေးယင် (ကန်းပါတယ်ဘုရား)ရှေးဘဝကကော... (အကန်းပါဘဲဘုရား) ဒီဘဝကျတော့ကော(ကန်းတာပါဘဲဘုရား)နှစ်ချက်ဘဲ (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီ)တကာ တကာမတွေ ဘယ့်နှယ်တုံး ဒီဘဝကော မြင်ပလား၊ကြောင်တောင်ကန်းလက်စ မသတ်သေးဘူးလား....(မသတ်သေးပါဘုရား)။

အားကြီး စဉ်းစားကြပါ တကာတကာမတို့၊ တရားကို တွင်တွင် ဟောလို့ မရဘူး....၊ ခင်ဗျားတို့ နားလည်မှုကို ရှေ့ထား ဟောနေရပါတယ်၊ ဒီ တလုံး နားလည်ယင်လဲ ကိစ္စပြီးတာဘဲ၊ သဘောကျကြပလား.... (ကျပါပြီဘုရား) ဘုန်းကြီး ပြောတဲ့ တလုံးကို ကျကျနန နားလည်ယင် ကိစ္စပြီးတယ်လို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ...(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ မျက်စိနှစ်ကွင်း အလင်းရယင် လမ်း မှန်သွားတော့မယ်.... (မှန်ပါ့) မျက်စိနှစ်ကွင်း အလင်းမရသေး လို့ရှိယင်ဖြင့် အမှောင်ထဲဘဲ သွားမယ်... (မှန်ပါ့) မသွားကြပေ ဘူးလား-(သွားပါတယ်ဘုရား) သစ္စာမသိဘဲ ပုဂ္ဂိုလ်ဟာ ဘယ် တော့မှ မျက်စိနှစ်ကွင်း အလင်းမရသေးဘူးဆိုတာ ဆုံးဖြတ် ချက်ချလိုက်စမ်းပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သစ္စာမသိတော့ ခင်းဗျားတို့ရှေးဘဝက ကုသိုလ်ပြုခဲ့လို့ ဟော လူ့ဘဝဆိုတဲ့ ခန္ဓာငါးပါး မရဘူးလား.... (ရပါတယ်ဘုရား)။

သစ္စာသိပြီး လုပ်လို့ရှိယင်... ခန္ဓာဒုက္ခသစ္စာ ရပါ့မလား.... (မရပါ) ဒါဖြင့် သစ္စာမသိဘဲနဲ့ လုပ်ခဲ့တဲ့အတွက် အဝိဇ္ဇာက ဖုံးလွှမ်း၊ သင်္ခါရက ပြုလုပ်ဆိုတော့ ခင်ဗျားတို့ ရှေးဘဝ သင်္ခါရ ဆ သာမည သင်္ခါရတော့ မဟုတ်ပါဘူး၊ လူဖြစ်ဘို့ သင်္ခါရ၊ လူ ဖြစ်ဘို့ ကုသိုလ်စေတနာပေါ့ဗျာ....(မှန်ပါ့) မလုပ်ခဲ့ဘူးလား.... (လုပ်ခဲ့ပါတယ်ဘုရား) လုပ်ခဲ့တော့ ဘယ်သူက သက်သေခံတုံးဆို တော့ အခု-ဘကာတကာမတွေလူဘဲ မဟုတ်လား (မှန်ပါ့)။

အခု ၁-ကွက်ထဲမှာ နေသလား၊ ၂-ကွက်ထဲမှာ နေသလား၊ (၂-ကွက်ထဲမှာနေပါတယ်) ဘာသစ္စာထဲမှာ ရောက်နေသလဲ၊

(ဒုက္ခသစ္စာထဲမှာ ရောက်နေပါတယ်) ဒါကြောင့် ဘုန်းကြီးက တကာတကာမတွေကျန်းမာရဲ့လား၊ ချမ်းသာရဲ့လားမေးတော့ ဘယ့်နှယ်ဖြေကြမလဲ.... (ကျန်းမာပါတယ်၊ ချမ်းသာပါတယ်) ကျန်းမာတယ်၊ ချမ်းသာတယ်လို့ဖြေနေတော့ ဘုရားက မင်းတို့ မကျန်းမာဘူး၊ မချမ်းသာဘူး ဆိုတဲ့ ဒုက္ခသစ္စာက ဒီမှာပြတယ် မဟုတ်လား.. (မှန်ပါ) မပြဘူးလား... (ပြပါတယ်ဘုရား)။

ခင်ဗျားတို့က ဘယ့်နှယ်တုံး၊ ကျန်းမာတယ်၊ ချမ်းသာတယ် ဆိုတော့ သစ္စာသိပလား၊ မသိသေးဘူးလား.... (မသိသေးပါ ဘုရား) မသိသေးတော့ သစ္စာမသိတာသည် ဒီအဝိဇ္ဇာက ဒီဘဝ မှာ ပေါ်လာတဲ့အဝိဇ္ဇာလား.... (ဒီဘဝမှာ ပေါ်တဲ့ အဝိဇ္ဇာပါ ဘုရား) ဟာ....ဒီဘဝ ဆက်ကန်းတာပေါ့-(မှန်ပါဘုရား) ဘယ့် နှယ်ဆိုကြမလဲ.... (ဒီဘဝ ဆက်ကန်းတာပါဘုရား) ဒီဘဝ ဆက် ကန်းတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့....ဒီအကန်းပြဿနာ ဆုံးပါ့မလား- (မဆုံးပါဘုရား) အကန်း ပြဿနာ မဆုံးနိုင်တော့ ဘုန်းကြီး များက အကူအညီမှ မပေးလို့ရှိယင်ဖြင့် မရတော့ဘူး- (မှန်ပါ) ရပါဦးမလား.... (မရပါဘုရား) တကာတကာမတွေ တကယ့် သဘောတရားကို ဟောရတော့ မလွယ်ဘူးနော်....(မှန်ပါ)။

ခင်ဗျားတို့ကတော့ အဟံအဝေရော ဟောမိ အဗျာပဇ္ဈော ဟောမိ အနီဃောဟောမိ သုခီအတ္တာနံ ပရိဟရာမိ ဆိုပြီး နေ့ တိုင်းအိပ်ရာဝင်ယင် ကိုယ့်ကိုယ်ကိုယ်မေတ္တာပို့ကြတယ်၊ မပို့ကြ ဘူးလား....(ပို့ပါတယ်ဘုရား)။

ကိုယ့်ကိုယ် ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတာ မပို့ကြ ဘူးလား.... (ပို့ပါတယ်ဘုရား) ဟောဒီ သစ္စာကို မသိတော့

ပို့မြဲတိုင်း ပို့နေတာဘဲ၊ ကျန်းမာနိုင်တဲ့ ခန္ဓာကိုယ် ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား) မွေးကတည်းက ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) နောက် နာမ်ရုပ် ဖြစ်လာတော့ကော... (ဒုက္ခသစ္စာပါဘုရား)။

သဠာယတန ဖြစ်လာတော့ကော.... (ဒုက္ခသစ္စာပါဘုရား) ဖဿဖြစ်လာတော့ကော....(ဒုက္ခသစ္စာပါဘုရား)ဝေဒနာဖြစ်လာတော့ကော... (ဒုက္ခသစ္စာပါဘုရား) ကဲ....ဒါဖြင့် ကိုယ့်ကိုယ်ပို့ ပြောသော်လဲ ဒီသစ္စာကဖောက်ရမှာလား၊မဖောက်ရဘူးလား- (မဖောက်ရပါဘုရား) ဒီ သစ္စာဆိုတာ ဖောက်ပြန်သေးရဲ့လား (မဖောက်ပြန်ပါဘုရား) မဖောက်ပြန်တော့ သူ့ကို ဘာသစ္စာဆိုမတုံး...(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကို ခင်ဗျားတို့ ဒီခွေးတွေ ဒုတ်နဲ့ပစ်မှ အော်မှ ခွေးဒုက္ခရောက်ပြီ၊ မဟုတ်ဘူးလား....(မှန်ပါ) ငှက်တွေ လေးနဲ့ပစ်မှ လေးဒဏ်ချက်ကြောင့် ဒုက္ခရောက်ပြီလို့ သိတာက ငှက်သိကိုးဗျ၊ခွေးသိ၊တိရစ္ဆာန်သိရိပ်မိပလား(ရိပ်မိပါပြီ)ငှက်သိ·ခွေးသိ တိရစ္ဆာန်သိတာ ခင်ဗျားတို့က ဒုက္ခသိတာ၊ ဉာဏ်သိမပါသေးဘူး (မှန်ပါ) ပေါ်ကြပလား- (ပေါ်ပါပြီဘုရား) တိရစ္ဆာန်သိသာ သိပါသေးတယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

တိရစ္ဆာန်ဆိုတော့ အဟိတ်ပုဂ္ဂိုလ်၊ ဉာဏ်ပါရဲ့လား... (မပါပါဘုရား)အဲ-မပါတဲ့ပုဂ္ဂိုလ်သိတဲ့အသိသာ ဒီတကာတကာမတွေ သိတယ်(မှန်ပါ) ပါတဲ့ပုဂ္ဂိုလ်အသိကျတော့ ဒီဒုက္ခသစ္စာရယ်လို့ သိသေးရဲ့လား....(မသိပါဘုရား) မသိသေးလို့ရှိယင် ဒီတရားကို ဖိနှာဦး-(မှန်ပါ) နို့မို့ယင် ဒီဘဝလဲ အကန်းသေလိမ့်ဦးမယ် (မှန်ပါဘုရား)။

ဆက်ကန်းနေပြန်ပြီ-(မှန်ပါ့) ဘယ့်နှယ်တုံး-(ဆက်ကန်းနေပါတယ်ဘုရား) ယုံရဲ့လား ခင်ဗျားတို့.... (ယုံပါတယ်ဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ဒီအထဲမှာမရောက်ဘူးလား၊ရောက်သလား-(ရောက်ပါတယ်ဘုရား) ၂-နံပါတ်ထဲ မရောက်ဘူးလား-(ရောက်ပါတယ်ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲဒါ ခင်ဗျားက ကျန်းမာလို့ ချမ်းသာလို့ ကံကောင်းလို့ တပည့်တော် ဒီလောကအသက်ရှည်နေတာဘုရား၊ အို....သက်ဆိုးရှည်တာမှ သိမှ မသိဘဲ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာမသိဘာတုံး-:(သက်ဆိုးရှည်တာမသိတာပါ) ဒုက္ခသက်ရှည်နေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာရှည်နေတာတုံး.... (ဒုက္ခသက်ရှည်နေတာပါ) သူ သိရဲ့လား.... (မသိပါဘုရား) မသိလို့ ရှိယင်ဖြင့် မသိတာကသူ့မှာ ဒီဘဝမှာ မသိတာက အဝိဇ္ဇာက ပြန်လာတယ်· (မှန်ပါ့) မလာဘူးလား.... (လာပါတယ်) ဒါဖြင့် ဒီဘဝမှာ သခင်ဝတင်မြင်ပလား၊ ကန်းတုန်းဘဲလား-(ကန်းတုန်းပါဘဲဘုရား) မနာနဲ့ (မှန်ပါ့) သဘောပါရဲ့လား...(ပါ-ပါတယ်ဘုရား)။

ဒီဘဝ ဒီခန္ဓာကြီးဟာ ဘာသစ္စာတုန်း—(ဒုက္ခသစ္စာပါဘုရား) ဒါကို ခင်ဗျား ကျန်းမာလို့ ဆရာဘုန်းကြီးလာလို့ ရှိကော်ဒါ လာသွင်းတယ်ဘုရား....၊ တရားနာလာတယ်ဘုရား၊ ဘုန်းကြီးလာချိန်နဲ့ တပည့်တော်၏ အကြောင်းညီညွတ်မှု ကျန်းမာမှုချမ်းသာမှုနဲ့ တွေ့ရလို့ ဝမ်းသာတယ်ဘုရားများတောင် နှုတ်များဆက်လိုက်သေးတယ်:(မှန်ပါ့) ဘာမသိလို့နှုတ်ဆက်တာတုံး....(သစ္စာမသိလို့နှုတ်ဆက်တာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိလို့ရှိယင်ဖြင့် တကာတကာမတို့ ကိုယ့်ဒုက္ခ ကိုယ်မသိလို့ရှိယင်ဖြင့် ကိုယ့်ဒုက္ခကို သာယာမလား၊ မသာယာ ဘူးလား(သာယာပါတယ်ဘုရား) သာယာယင် တဏှာလာမယ် ဗီဘက်ကူးသွားမယ်(မှန်ပါ) ၂-က ၃-ကူးတယ်၊ မကူးသေးဘူး လား၊ ကူးပြီလား....(ကူးပါပြီဘုရား) "ဝေဒနာပစ္စယာ တဏှာ၊ ဖဿပစ္စယာ တဏှာ၊ ဝိညာဏပစ္စယာ တဏှာ" မကူးသေးဘူး လား... (ကူးပါတယ်ဘုရား)။

ခန္ဓာငါးပါးစလုံးကို မသာယာဘူးလား (သာယာပါတယ်) ကျန်းမာ ချမ်းသာနေလို့ဘုရား၊ ဘာက ကျန်းမာ ချမ်းသာ နေတာလဲ ဒုက္ခသစ္စာ၊ တော်၊ တော်သေးရဲ့ဆိုတာ တဏှာ၊ရိပ်မိ ပလား(ရိပ်မိပါပြီ) ကျန်းမာ ချမ်းတာတယ်ဆိုတာက ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါ) တော်၊တော်သေးရဲ့ဆိုတော့ ဒုက္ခသစ္စာကို သူက ရလို့ အင်မတန် ဝမ်းသာနေတာကိုး၊ ကြောက်စရာ ကောင်းလိုက်တာ၊ ပေါ်ကြပလား(ပေါ်ပါပြီ) ဒါက နားကြီး ကြီးနဲ့ ထောင်ဆိုတဲ့ စကားဟာ အခု မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ လွဲချက် ဘယ်လောက် ပြင်းထန်တယ်ဆိုတာဖြင့် ဘုန်းကြီးက ပြောဘို့ လိုသေးသလား....(မလိုပါ) ကြည့်လေ— အခု တကာတကာမတွေ (၁)ကွက်မှာ နေသလား (၂)ကွက်မှာ နေသလား(၂-ကွက်မှာ နေပါတယ်)ဘာသစ္စာတုံး....(ဒုက္ခသစ္စာ ပါဘုရား)ဒုက္ခသစ္စာနဲ့ အခု တရားနာနေကြတာ တကာတကာ မတွေ....(မှန်ပါ)။

ဒုက္ခသစ္စာနဲ့ တရားနာနေကြတာကို ဘုန်းကြီးက မေးလိုက်တဲ့အခါကျတော့ တကာတကာမတွေ ကျန်းမာ ချမ်းသာလို့ တရားနာနိုင်တာလား၊ ဒုက္ခရောက်ပြီးရောက်လျက်နဲ့ နာနေတာလား မေးလို့ရှိယင်ဖြင့် ဒုက္ခရောက်လျက်နဲ့ နာနေပါတယ်ဆိုတဲ့လူဟာ တယောက်မှ မထွက်စေ့ဘူး၊ ထွက်ပါ့မလား....(မထွက်ပါဘုရား)။

ဘာဖြစ်လို့ မထွက်သလဲ(သစ္စာမသိလို့ပါ) ဘစ္စာမသိလို့၊ သစ္စာမသိတော့ မကန်းဘူးလား....(ကန်းပါတယ်ဘုရား) ကန်းတဲ့ အဝိဇ္ဇာနဲ့ သူ အသက်ရှင်နေတာ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ဘာနဲ့ အသက်ရှင်နေတုံး....(အကန်းနဲ့ အသက်ရှင်နေပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့အသက်ရှင်နေတာ၊အဝိဇ္ဇာဆိုတာ ကန်းတာလား၊ မြင်တာလား....(ကန်းတာပါ ဘုရား) ဒါဖြင့် အကန်းကလေး အသက်ရှည်နေတာ၊ သခင်ဝဘင် အသက် ဘယ်လောက်ရပြီလဲ ငါးဆယ်ကျော်ပြီဘုရား(၅၃-နှစ်ပါ)ဒါဖြင့် အကန်းသက် ဘယ်လောက်တုံး....(၅၃ ပါ)၅၃-ရိပ်မိပလား။

နောက်က တကာတကာမတွေ ကိုယ့်အသက်နဲ့ကိုယ်တွက်ပြီး အင်း... ငါ့မှာ အကန်းသက်ကဖြင့် အတော်ရှည်ပြီလို့ အောက်မေ့ကြ၊ မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်) အဲဒါ မညာမတာ ပြောမှုသာလျှင် အမှန်ရောက်ပါတယ်။

ညာပြီး ခင်ဗျားတို့ဗျာ လူ့ဘဝရခဲ့တယ်ဆိုယင်လူဖြစ်ရတာ အဘိုးတန်လိုက်တာ၊ ဒီအထဲ ရန်ကုန်မြို့ကြီးမှာလာပြီး လူပုံ အ

လယ်မှာ ထည်ထည်ဝါဝါနေနိုင်တဲ့အတွက် ခင်ဗျားတို့ ပါရမီက ထူးပါပေတယ်များ မြောက်တဲ့ လူက လာချင်လာဦးမှာ၊ မလာ ပေဘူးလား....(လာပါဘယ်)အဲဒါ သူကလဲ အကန်း။

ကိုယ်ကလဲ ပြုံးလိုက်လို့ ရှိယင်ဖြင့် သူပြောတာ သဘောကျ တာနဲ့ ပြုံးလိုက်လို့ ရှိယင်ဖြင့် ကန်းပြုံး....(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘေးက ပုဂ္ဂိုလ်တွေက မြောက်တာကလဲ(အကန်းမြောက်ပါ) အကန်းမြောက်....(မှန်ပါ) အကန်းက မြောက်တဲ့ အခါကျ တော့ ဒီဘက်အကန်းက ဘာဖြစ်လာသလဲ....(ပြုံးတယ်) ပြုံး တယ်ဆိုတော့ အင်း.... ဒီ အကန်းနှစ်ယောက်သာ ပေါင်းမိပြီး အတူတကွလမ်းသွားကြလို့ ရှိရင်ဖြင့် နှစ်ယောက်စလုံးချောက်ကျ တော့မယ်....(မှန်ပါ)မသေချာဘူးလား....(သေချာပါတယ်)။

အဲဒါကြောင့် ဆိုးဝါးလှန်းလို့ ဒီမှာကြုံကြိုက်တုန်းကို ဘုန်း ကြီးတို့ ဝင်ပြောနေပါတယ်၊ တာရှည််နာရလိမ့်မယ်လို့၊ အမှန် ရလိမ့်မယ်လို့လဲ ဒီလိုအယူမရှိနဲ့၊ အရေးကြီးတာကလေး ပြော ပြီးသကာလ တကာတကာမတွေကို မျက်လုံး ဖွင့်ပေးခဲ့မှာဘဲ၊ ဒါဘဲရှိတယ်....(မှန်ပါ) သဘောပါပသား(ပါပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ယခု (၁)ကွက်မှာ နေသလား၊ (၂)ကွက်မှာ နေသလား(၂-ကွက်မှာ နေပါတယ်ဘုရား)၂-ကွက် မှာ အခု စိတ်ဝိညာဏ်ကော ရှိကြရဲ့လား....(ရှိပါတယ်ဘုရား) မသေမှ မသေသေးဘဲ၊စိတ်ရှိလို့ မသေတာပေါ့....(မှန်ပါ)။

နာမ်,ရုပ်ကလေးများကော ရှိကြရဲ့လား(ရှိပါတယ်ဘုရား) အင်း...မျက်စိ, နား, နှာခေါင်း, လျှာ,စိတ်ကော....(ရှိပါတယ် ဘုရား) ကောင်းပြီ၊ ဖဿကော....(ရှိပါတယ်) ဝေဒနာကော (ရှိပါတယ်ဘုရား) ဘာသစ္စာတွေ ရှိသလဲ...(ဒုက္ခသစ္စာတွေ ရှိပါတယ်) အဲဒါကို ခင်ဗျားတို့ ဉာဏ်မျက်လုံးတပ်ပြီး၊ ဪ... ဒါ ပေါ်တာလဲ ဒုက္ခသစ္စာ၊ ဒါ ပေါ်တာလဲ ဒုက္ခသစ္စာလို့.... သိပါမှ မျက်လုံးပွင့်မယ်၊ သဘောကျပလား... (ကျပါတယ် ဘုရား)။

နို့ မို့ယင် ဒါပေါ်လာတိုင်းပေါ်လာတိုင်းတော်-တော်သေး ရဲ့၊ တော်-တော်သေးရဲ့ ဆိုယင်ဖြင့် ဒီဘက်ချည်း ကူးတော့မယ် (မှန်ပါ) တော်-တော်သေးရဲ့ဆိုတာ ကိုယ့်ဟာ ကိုယ်သဘော ကျတာ၊ သဘောကျတာ ဘာခေါ်ကြမတုံး(တဏှာပါ) တဏှာ လာယင် ဥပါဒါန် သူ့အဖေါ်က နေရစ်ပါ့မလား(မနေရစ်ပါ ဘုရား) ဥပါဒါန်လာယင် ကာယကံ ဝစီကံတွေကော နေရစ် ပါ့မလား....(မနေရစ်ပါဘုရား)၊ ဟော....ကမ္မဘဝပစ္စယာ... (ဇာတိပါဘုရား)။

ဟောဒီက စပြီး လာလိုက်တာ ဒီရောက်ပြီ၊ဒီမှာ ပစ္စုပ္ပန်ဘဝ ထပ်ကန်းပြန်တယ်၊ ထပ်ကန်းပြီးသကာလ ဒီကံတွေ လုပ်ပြန် တယ်၊ မလုပ်ဘူးလား...(လုပ်ပါတယ်ဘုရား)လုပ်တော့ နောက် အနာဂတ် ဇာတိ ဇရာ မရဏ မလာဘူးလား.... (လာပါတယ် ဘုရား) ဇာတိ ဇရာ မရဏ လာတဲ့ပုဂ္ဂိုလ်ဟာ သေချင်လျက်နဲ့ သေရတာလား၊ မသေချင်ဘဲနဲ့ သေရတာလား....(မသေချင်ဘဲနဲ့ သေရတာပါ) မသေချင်ဘဲနဲ့ သေရတော့ စိတ်ထဲမှာ ချမ်းသာ ကြရဲ့လား၊ မချမ်းသာဘူးလား....(မချမ်းသာပါဘုရား)။

မချမ်းသာတာသည်တကာတကာမတို့ အာသာဝပေါ်လာတာ သဘောကျပလား-(ကျပါပြီ) မချမ်းသာတာ သောက ပရိဒေဝ ပေါ်လာတာ ဘာပါလိမ့်....(အာသဝပေါ်လာတာပါ) ဒါဖြင့် တကာတကာမတို့ မှတ်လိုက်၊ 'အာသဝသမုဒယာ- အဝိဇ္ဇာ သမုဒယော'ပြန်လှည့်တယ်....(မှန်ပါ)မလှည့်ဘူးလား(လှည့်ပါတယ်ဘုရား) ဒါဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့သတုံးဆိုတော့ ၁-က စတယ်ဗျာ၊ ၂-မှာလဲ ကန်းတယ်၊ ၃-မှာလဲ ကန်းတဲ့အလုပ် လုပ်ပြန်တယ်၊ မလုပ်ဘူးလား.... (လုပ်ပါတယ်) ၄-မှာ ဒုက္ခရောက်တယ်ဘုရာ့....(မှန်ပါ)မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒီတွင် ဒုက္ခရောက်တဲ့ အထဲက ပြန်ကန်းပြန်တော့ကို အကန်းအမေက အကန်းကလေးဘဲ မွေးပြန်တယ်၊ မမွေးသေးဘူးလား-(မွေးပါတယ်ဘုရား) ဒါဖြင့် ဒီလို ကြည့်ကြပေတော့ အတိတ်ဘဝက ဘာသစ္စာလုပ်ခဲ့သတုံး....(သမုဒယသစ္စာ) ယခုဘဝ ဘာသစ္စာနဲ့ နေရသတုံး.... (ဒုက္ခသစ္စာနဲ့) ယခုဘဝမှာဘဲ ပစ္စုပ္ပန်အကျိုးအတွက် ဘာသစ္စာတွေ ထပ်လုပ်ပြန်ပါလိမ့်.... (သမုဒယသစ္စာပါ) အင်း....ဒါဖြင့် သေတော့ ဘာသစ္စာရသတုံး.... (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဒီဒုက္ခသစ္စာထဲကပင် တကာတကာမတွေကဒုက္ခမသိပြန်တော့ ဒီအဝိဇ္ဇာ လာမလား.... (လာပါတယ်ဘုရား) လာပြန်တော့ ခင်ဗျားတို့ဟာ ဝိုင်းရှုံဘဲ၊ ဒီလို လှည့်ပြေးနေတယ်၊ ပေါ်ပလား.... (ပေါ်ပါပြီ) ခင်ဗျားတို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး.... မေးယင် ဘယ့်နှယ်ပြောမလဲ.... (အဝိုင်းပြေး ပြေးနေပါတယ်) အဝိုင်းပြေးဆိုတာ ဒါ့ကြောင့် အဝိုင်းကြီး ဝိုင်းထားတာ ၊ ရိပ်မိ

ပလား... (ရိပ်မိပါပြီ) ဒါဖြင့် ဒီ·အဝိုင်းစက်ကို ဖြတ်ပေးမည့်သူ မတွေ့သ၍ ကာလပတ်လုံး တကာတကာ့မတို့ ကိုယ်ကျိုးနည်း ပေါ့... (မှန်ပါ)။

တကာတကာမတွေ ဘယ့်နှယ်ဆိုကြမလဲ (ကိုယ်ကျိုးနည်းပါ ပြီ) ကိုယ်ကျိုးနည်းပြီဆိုတာ သေချာကျပလား.... (သေချာပါ တယ်) ဒီတခါဖြင့် ကိုယ်ကျိုးများအောင် လုပ်ကြစမ်းပါဆိုတာ တိုက်တွန်းရပြန်တယ်၊ မတိုက်တွန်းသင့်ဘူးလား·(တိုက်တွန်းသင့် ပါတယ်ဘုရား) ကိုင်း....ဒါဖြင့် တကာတကာမတွေ ဒီတရား ဟာတော့ဖြင့် အမှန်ကို ဟောရတဲ့အတွက် ခင်ဗျားတို့ အကြိုက် တော့ မပါဘူး၊ ဉာဏ်ကြိုက်တခုတည်း ဟောနေတာ· (မှန်ပါ)။

တဏှာကြိုက် လုံးလုံးမပါဘူး....(မှန်ပါဘုရား) ဉာဏ်ကြိုက် သက်သက် ဟောနေတာ၊ သဘောကျကြပလား.... (ကျပါပြီ) ဒီတရားသည် တဏှာကြိုက် တရားလား· ဉာဏ်ကြိုက်တရားလား· (ဉာဏ်ကြိုက်တရားပါဘုရား) သေသေချာချာမှတ်ထားပါနော် တရားဟာ နှစ်မျိုးရှိတယ်....၊ တဏှာကြိုက် တရားလဲ ရှိတယ်၊ ဉာဏ်ကြိုက်တရားလဲ ရှိတယ်... (မှန်ပါ)။

တကာတကာမတွေ·(မှန်ပါ) တရားဟာ ဘယ်နှစ်မျိုးရှိသလဲ (နှစ်မျိုးရှိပါတယ်ဘုရား) အေး...တခုသော တရားက ဘာပါ လိမ့်.... (တဏှာကြိုက် တရားပါဘုရား) တဏှာကြိုက် တရား.... (မှန်ပါ)။

တခုသောတရားက ဘာပါလိမ့်.... (ဉာဏ်ကြိုက်တရားပါ ဘုရား) နိဗ္ဗာန်ကို တဏှာနဲ့ သွားနိုင်သလား၊ ဉာဏ်နှင့်မှ သွား နိုင်သလား....(ဉာဏ်နဲ့မှ သွားနိုင်ပါတယ်) ဒါဖြင့် ဉာဏ်ကြိုက် တရား ဖိပြီးနာ(မှန်ပါ) တဏှာက နိဗ္ဗာန် မပို့နိုင်ဘူး· (မှန်ပါ)။

တဏှာက ယမုဒယသစ္စာက ဒုက္ခသစ္စာဘဲ ပို့တယ်၊ မပို့ဘူးလား.... (ပို့ပါတယ်) နောက်တခါ ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပွါးလာပြန်တော့ သူက ဒုက္ခသစ္စာဘဲ ပြန်မပို့ဘူးလား- (ပို့ပါတယ်ဘုရား) ဒါ....တဏှာကြိုက်တရား ဆိုလို့ရှိယင် ဒီအဝိုင်းပြေးရမယ်(မှန်ပါ့)ဉာဏ်ကြိုက်တရားဆိုလို့ရှိယင်တကာ တကာမတို့ သေသေချာချာ မှတ်ပါ၊ ဒီကနေပြီး နိဗ္ဗာန်ထွက်လိမ့်မယ်(မှန်ပါ့) 'ဝေဒနာနိရောဓာ တဏှာနိရောဓော နိဗ္ဗာနံ' ဆိုပြီး ထွက်သွားလိမ့်မယ်(မှန်ပါ့)သဘောပါကြပလား-(ပါ့ပါတယ်ဘုရား)။

ဒါဖြင့် ဉာဏ်ကြိုက်တရားနာမလား၊ တဏှာကြိုက်တရားကို ခင်ဗျားတို့ အဆင်း တွန်းပေးရမှာလား.... (ဉာဏ်ကြိုက်တရားကို နာပါမယ်ဘုရား) အသံတော့ အတော်ကောင်းလာပြီ....(မှန်ပါ့) အသံတော့ တာပွဲလုံး အတော်ကောင်းလာပြီ၊ ဒီ အသံရောက်အောင်ကို မနည်းပြောရတယ်၊ တကာတကာမတွေ မပြောရဘူးလား....(မှန်ပါဘုရား)။

ခင်ဗျားတို့ ကြိုက်နေတာက ပန်းတာပွင့်နဲ့ လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဘယ်တော့မှ မဆုံးနိုင်တဲ့အခါ နိဗ္ဗာန်ရ,ရပါလို၏၊ အဆုံးစွန်သော ဘဝဆိုယင် ဘယ်တော့မှ ဆုံးမှာမဟုတ်ဘဲကိုးဗျ၊ ဆုံးစရာကော ပါရဲ့လား.... (မပါပါဘုရား) ဘယ်တော့မှ မရ,ရပါလို၏ဆိုတာနဲ့ အတူတူ တောင်းထားတာ (မှန်ပါ့) အဲဒါဉာဏ်ပါကြရဲ့လား....(မပါပါ) အဲဒါကြောင့် တကာတကာမတို့ ဒီတရားကို ခင်ဗျားတို့ ပေါ်လဲပေါ်ခဲပါဘယ် တကာတကာမတွေ နားထဲမှာဆိုပါတော့၊ ဘုန်းကြီးမျှား လက်ထက်မှာဘဲ ပေါ်လာတာ၊ စာကတော့ နဂိုကရှိပါတယ်၊ သို့သော်

စာရှိကို ပြောတယ်လို့ တကာတကာမတွေမယူနဲ့၊ သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား)။

စာရှိ ဟောနေတာလား၊ ခန္ဓာအရှိကို ဟောနေတာလား...(ခန္ဓာအရှိကို ဟောနေတာပါ ဘုရား) အဲဒါ တရားစစ်မှတ်၊ စာရှိ ဟောလို့ ရှိယင်ဖြင့် မှတ်တမ်းရှောက်ဘတ်တာ၊ ခင်ဗျားတို့ အစည်းအဝေးကျတဲ့ အခါတော့ အရင်နှစ်က မှတ်တမ်းတွေ ဘတ်လိုက်မယ်ဆိုပြီး မှတ်တမ်း ဘတ်ကြတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲ....အဲဒီ မှတ်တမ်းတွေကို ဘတ်နေလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ခန္ဓာ မရောက်ပါဘူး၊ ရောက်ပါ့မလား(မရောက်ပါဘုရား) အဲဒီတော့ ခန္ဓာအသိနဲ့တဲ့ သေသေချာချာ ဟောမှသာလျှင် တကာတကာမတို့ ဉာဏ်ကမိမယ်၊ ခန္ဓာအရှိကို ဉာဏ်နဲ့ သိအောင်ဟောမှ ပဋိစ္စသမုပ္ပါဒ်ပြတ်မယ်၊ သဘောကျပလား- (ကျပါပြီ) ခန္ဓာအရှိကို ဉာဏ်နဲ့ သိအောင်ဟောမှ....(ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ်ဘုရား) ပြတ်ယင် နိဗ္ဗာန်ဘဲ... (မှန်ပါ့ဘုရား)။

ဘုရားဖြစ်ဘာသည် ပဋိစ္စသမုပ္ပါဒ် အစ ကိုသိဘယ်၊ နောက်အဆုံး သိတဲ့အချိန်မှာ ဘုရားဖြစ်သွားတယ်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့အချိန်မှာ ဘုရားဖြစ်ပါလိမ့်... (ဘုရားဖြစ်ပါတယ်) ဒါဖြင့် ဘုရားဖြစ်ခြင်း၏ အကြောင်းသည် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ဖြတ်နိုင်လို့ပေါ့ဘဲ...(ဘုရားဖြစ်တယ်)ခင်ဗျားတို့ သောတာပန်တည်ချင်ယင်လဲ ဘာလုပ်ရမလဲ-(ပဋိစ္စသမုပ္ပါဒ် ဖြတ်ရပါမယ်) ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရမယ်....(မှန်ပါ)။

သကဒါဂါမ်တည်ချင်ယင်တော့(ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရမယ်)အနာဂါမ်တည်ချင်ယင်တော့-(ကိုယ့်ပဋိစ္စသမုပ္ပါဒ်

ကိုဖြတ်ရပါမယ်) ရဟန္တာ ဖြစ်ချင်ယင်ကော.... (ကိုယ့် ပဋိစ္စ သမုပ္ပါဒ် ကိုယ်ဖြတ်ရပါမယ်) အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က ပုထုဇန် ပဋိစ္စသမုပ္ပါဒ် တမျိုး၊သောတာပန်၏ ပဋိစ္စသမုပ္ပါဒ်က တမျိုး၊ ဟာ....သောတာပန် ပဋိစ္စသမုပ္ပါဒ်တမျိုး ရှိသေးလား.... ဘုရား....ဆိုတော့ သူက ဒိဋ္ဌိပယ်တာ၊ တဏှာမှ မပယ်နိုင်သေး တော့ တဏှာပဋိစ္စသမုပ္ပါဒ်က ကျန်နေတယ်၊သဘောပါကြလား (ပါပါတယ်ဘုရား)။

သောတာပန် တည်တော့ သူ့ အဝိုင်း မပြေးရဘူးလို့ .... မအောက်မေ့လိုက်ပါနဲ့၊အပါယ်သာ လွတ်ပါတယ်....(မှန်ပါ) အဝိုင်းတော့ ပြေးလျက်ပါဘဲ ရှင်းလား....(မှန်ပါ) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခင်ဗျားတို့က တမျိုးတည်း အောက်မေ့ထား တယ်၊ ပုထုဇန် ပဋိစ္စသမုပ္ပါဒ်တမျိုး....(မှန်ပါ)။

သောတာပန်၏....(ပဋိစ္စသမုပ္ပါဒ်တမျိုး)။

သကဒါဂါမ်၏....(ပဋိစ္စသမုပ္ပါဒ်တမျိုး)။

အနာဂါမ်၏ ....(ပဋိစ္စသမုပ္ပါဒ်တမျိုး)။

အဲ....ရဟန္တာကျမှ ပြတ်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ်က အင်မတန် အရေးကြီးတယ်ဆိုတာ ကော သဘောကျပလား....(ကျပါပြီ)နို့....ဘုန်းကြီးက ဘုရား နဂိုရ်ကဲ တရားအစတုန်းက "သစ္စာသိမှ နိဗ္ဗာန် ရတယ်" လို့ ပြောတာ သစ္စာ မပါသေးဘူး ဆိုကြမလား၊ ဒီ ပဋိစ္စသမုပ္ပါဒ် ဟာ သစ္စာချည်းဘဲလို့ ဆိုကြမလား....(သစ္စာချည်းပါဘုရား)။

ဒါ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အခုဘဝ ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဟော .... သစ္စာသိပြီ၊ မသိသေးဘူးလား .... (သိပါပြီဘုရား) ခင်ဗျားတို့ထဲက ဝေဒနာလေးပေါ်လဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)အဲဒီတော့ ခင်ဗျားတို့က ဝေဒနာနုပဿနာ ဝေဒနာရှုကွလို့ ဟောရုံနဲ့ နိဗ္ဗာန်မရောက်ဘူး....(မရောက်ပါဘုရား)။

နိဗ္ဗာန်မရောက်နိုင်ဘူးတဲ့၊ ဝေဒနာကို ဒုက္ခသစ္စာလို့ သိမှ ရောက်မယ်....(မှန်ပါ) ဝေဒနာသိလို့ မရောက်ဘူး... (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီ) ဝေဒနာကို ဘာသစ္စာလို့ သိရမလဲ—(ဒုက္ခသစ္စာလို့ သိရပါမယ်)အဲ-ဖဿကိုလဲ ဖဿလို့ သိရုံနဲ့ဆိုယင် နာမပရိစ္ဆေဒဉာဏ်...(မှန်ပါ) ဒုက္ခသစ္စာလို့ သိမှ သစ္စာဉာဏ်ကိုးဗျ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) ကွာခြားသလား....(ကွာခြားပါတယ်ဘုရား) အဲသည်လို အသိကလဲ ဆရာကောင်း သမားကောင်းနဲ့ ပြင်မှသာလျှင် အမှန်ကိုရောက်နိုင်တယ်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ အခုဒီစိတ်ကလေးတွေ ပေါ်လာယင်လဲ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)ရှင်းပြီနော် (မှန်ပါ) နာမ်ကလေးပေါ်လာယင်(ဒုက္ခသစ္စာပါဘုရား) ရုပ်ကလေးကပူတာ၊အေးတာ၊တောင့်တာတင်းတာပေါ်လာယင်(ဒုက္ခသစ္စာပါဘုရား) ဟင်... မျက်လုံးကလေး ဖွင့်လိုက်ယင်-(ဒုက္ခသစ္စာပါဘုရား)သဠာယတနကိုးဗျ-နော်....(မှန်ပါ)။

ဟင်... စိတ်ကလေးတွေ ဘယ်စိတ်မဆို ပေါ်လာယင်ကော ဘာသစ္စာဆိုကြမလဲ(ဒုက္ခသစ္စာပါဘုရား) ဟင်... ဖဿကလေးနဲ့ တွေ့ချင်လိုက်တာ ဆိုယင်ကော....(ဒုက္ခသစ္စာပါဘုရား) ဝေဒနာ

ကလေးနဲ့ ကျောင်းဘာ စားချင်လိုက်တာ ဆိုယင်ကော...(ဒုက္ခသစ္စာပါဘုရား) ခင်ဗျားတို့ လုပ်သ၍ ဘာတွေပါလိမ့်....(ဒုက္ခသစ္စာတွေပါဘုရား) အဲဒီ ဒုက္ခသစ္စာ, ဒုက္ခသစ္စာလို့ အမှန်အကန် ဒီကနေ သိပေးရမယ်။

ဒီနေရာမှာ သိလုံးကလေး လိုက်လိုက်ယင် ဒီ အဆက်ဟာ ပြတ်-မပြတ်....(ပြတ်ပါတယ်ဘုရား)ဒါဖြင့် ဒီအဆက်ဟာ ခန္ဓာတို့၏ လည်ရာ သံသရာဆိုတော့ လည်နိုင်သေးရဲ့လား....(မလည်နိုင်ပါဘုရား) ဝေဒနာပစ္စယာ တဏှာ လာသလား.... (မလာပါဘုရား) ဝေဒနာပစ္စယာ ပညာလာတယ်၊ သေသေချာချာ မှတ်ပါ(မှန်ပါ) ဝေဒနာပစ္စယာ တဏှာက ပုထုဇန်စခန်း.... (မှန်ပါ)ဝေဒနာပစ္စယာ ပညာက သောတာပန်စခန်း--(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝေဒနာပစ္စယာတဏှာက....(ပုထုဇန်စခန်းပါဘုရား) ဒါ ခင်ဗျားတို့နေ့တိုင်းလုပ်တဲ့အလုပ်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) ဝေဒနာပစ္စယာ ပညာလာလို့ရှိယင်ဖြင့် ဒါ သစ္စာ သိတာဘဲ.... (မှန်ပါ)ပေါ်ကြပလား(ပေါ်ပါပြီ)ဘယ့်နှယ်ကြောင့်ဘုန်းကြီးကဒီလောက်ဟောပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ဝေဒနာဖြစ်ပျက်ဆိုတော့ ဝေဒနာ မချုပ်သေးဘူးလား....(မှန်ပါ)။

ဝေဒနာ ဖြစ်ပြီး ပျက်သွားတယ်ဆိုတော့ မချုပ်ဘူးလား--(ချုပ်ပါတယ်ဘုရား) ဒါဖြင့် ဝေဒနာနိရောဓ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) ဟောဒီ သိတာကလေးက တဏှာနိရောဓကို၊ဝေဒနာက နိရောဓောဖြစ်တော့ သိလုံးကလေးက ဘာပါလိမ့်....(တဏှာနိရောဓပါဘုရား)ဒါဖြင့် ဝေဒနာ

နိရောဓာ....(တဏှာနိရောဓော) "တဏှာနိရောဓောတိ မဂ္ဂေါ....(မှန်ပါ့)သေသေချာချာမှတ်ပါ။

ရှုတဲ့မဂ်ဟာဒီနေရာပေါ်ပါတယ်'တဏှာနိရောဓောတိမဂ္ဂေါ' ဆိုတော့ ဘုန်းကြီးတို့က စာသံ-ပေသံ ပါနေမှာစိုးတာနဲ့ ဒီ ဖြစ်ပျက်၊ ဝေဒနာက ဖြစ်ပျက်၊ သူက မဂ်လို့ ရေးထားလိုက်တယ်။ သဘောပါကြလား....(ပါပါတယ်ဘုရား)ဝေဒနာက ဘာတဲ့တုံး (ဖြစ်ပျက်ပါ)ဒီ ရှုတာကလေးကကော....(မဂ်ပါဘုရား) စာလို သုံးမယ်ဆိုဘော့"ဝေဒနာနိရောဓာ တဏှာနိရောဓောတိ မဂ္ဂေါ" စာဏာ ဒီလို ဖွင့်တယ်.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ) ဒီနေရာ မဂ်ပေါ်တော့ ဒီဘက်ဆက်သလားတဲ့၊ဒီဘက်ဆက်သွား သလား....(အပေါ်ဆက်သွားပါတယ်)အပေါ်ဆက်သွားတော့ တဏှာနိရောဓောနိဗ္ဗာနံပဋိစ္စသမုပ္ပါဒ်က ထွက်သွားပြီ၊လည်တဲ့သူ မဟုတ်တော့ဘူး....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)ဒါသောတာပန်တည်ယင်ဘဲ အောက်သံသရာ လည်သေး ရဲ့လား....(မလည်ပါဘုရား) အထက်သံသာရာတော့ ကျန်သေး သပေါ့ဗျာ....(မှန်ပါ့)အောက်သံသရာ လည်ကြသေးရဲ့လား.... (မလည်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒါကလေး မှတ်ထားပါ၊ဝေဒနာနိရောဓါ (တဏှာနိရောဓော) ပြန်ဆိုစမ်းဦး၊ ဝေဒနာနိရောဓာ....(တဏှာ နိရောဓောပါဘုရား) "ဝေဒနာနိရောဓာ တဏှာနိရောဓော" ဆိုတော့ ဩော်....တဏှာနိရောဓောဆိုတာ တဏှာ အလိုလိုချုပ် တာလားလို့ မေးတဲ့အခါကျတော့မှ တဏှာနိရောဓောတိမဂ္ဂေါ ဒီကနေ မဂ်ထားပါကွာ....၊ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့်

ဒါ လာယင် ဖြစ်ပျက်၊ ဒီစာ ဉာဏ်မဂ်နဲ့ ရှု၊ ဒီဖသ လာယင်လဲ ဖြစ်ပျက်၊ဒီနေရာကဉာဏ်မဂ်ထား၊သဘောကျပလား(ကျပါပြီ)၊

ဒီကစိတ်ကလေးတွေကဖြစ်ပြီးပျက်တာကလေးတွေဉာဏ်မဂ်နဲ့ ရှုပေး၊ ရှုတော့ ဒီဘက် သွားသေးရဲ့လား....(မသွားပါဘုရား) ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာ, မဂ္ဂသစ္စာ၊ ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ)သိတာက....(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတော့ မဂ်ဟာမဖြတ်ဘူးလား(ဖြတ်ပါတယ်) ဒါဖြင့် ဒီမြွားကလေး ဟိုဘက်ချွန် ဒီဘက်ချွန်ကလေး အလယ်က ဖြတ် လိုက်တော့ တကာတကာမတို့ ဆက်သေးရဲ့လား....(မဆက်ပါ ဘုရား)။

ဒီအစပ် မပြတ်သေးဘူးလား....(ပြတ်ပါတယ်) အဲဒီတော့ ဒါသည် ပဋိစ္စသမုပ္ပါဒ်ဆိုတာ... ပဋိစ္စသမုပ္ပန်မိုက်မှုကို တကာတကာမတွေ လိမ်မာအောင် လုပ်တာ ဒီမဂ်ဘဲ ရှိတယ်(မှန်ပါ) သဘောကျပလား(ကျပါပြီ) ဒါဖြင့် ဒီက မဂ်သည် ဝေဒနာသိတာလား၊ သစ္စာသိတာလား.... (သစ္စာ သိတာပါဘုရား)သဠာယတန သိတာလား....သစ္စာ သိတာလာ.... (သစ္စာသိတာပါဘုရား) ဒါဖြင့် သူက သစ္စာ၊ သူက သိတာ၊ သစ္စဉာဏ် ရပြီ....(မှန်ပါ)။

သူက ဘာပါလိမ့်....(သစ္စာ)။

သိတာက .... (ဉာဏ်ပါဘုရား)။

ပေါင်းလိုက်တော့ သစ္စာနဲ့ ဉာဏ်နဲ့ ပေါင်း....(သစ္စဉာဏ်) သစ္စဉာဏ် ရတယ်....(မှန်ပါ)။

ဒါ မနေ့က တရား ခုမှ ဆုံးတယ်(မှန်ပါဘုရား)ဒီနေ့ ထည့်ရမှာကတကာတကာမတွေဘာထည့်ရပါလိမ့်မယ်၊ ကိစ္စဉာဏ်ထည့်

မယ်(မှန်ပါ)မနေ့က သစ္စဉာဏ် သဘောကျပလား(ကျပါပြီ) ဒါဟာ လူသစ်တွေက တိုးလာလို့ တရားက နောက်ပြန်ဆုတ်ပြီး ဖြည့်စွက် ပြောနေရတယ်....(မှန်ပါဘုရား) တကာတကာမတို့ ဒါကလေးတွေ ဖြစ်ပျက်က ဘာသစ္စာတုံး....(သမုဒယသစ္စာပါ ဘုရား)။

ခင်ဗျားတို့က ရမ်းမပြောနဲ့လေ၊ ဒီကြည့်....(မှန်ပါ)ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)ဒီအတွင်းမှာ ဘာဘဲဖြစ်နေနေ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ပေါ်လာယင်လဲ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)ပျက်သွားယင်ကော....(ဒုက္ခသစ္စာပါ) ဒီအကွက်ထဲ ပါတာပေါ့လေ....(မှန်ပါ) ဒါဖြင့် ဒုက္ခသစ္စာကို ဒီက နေပြီး သကာလ သိလုံးကလေးနဲ့ သိလိုက်တဲ့အခါ အပျက်အစီး သိလဲ ဒုက္ခသိတာဘဲ။

အဖြစ်သိလဲ.... (ဒုက္ခ သိတာပါဘဲဘုရား)။

အပျက်သိလဲ....(ဒုက္ခသိတာပါဘဲဘုရား)။

ဒါဖြင့် ဥဒယဗ္ဗယဉာဏ်ဆိုတဲ့ဥစ္စာ သစ္စာသိတဲ့ဉာဏ်(မှန်ပါ) မပေါ်သေးဘူးလား — (ပေါ်ပါပြီ) သစ္စာသိတဲ့ဉာဏ်ဆိုတာ ရှင်းကြပလား....(ရှင်းပါပြီဘုရား) အဲဒီ ဉာဏ်သဲ ရပါရော.... တကာတကာမတို့ ဒီဘက်မှာ ဒိဋ္ဌိ လာသေးရဲ့လား....(မလာပါ ဘုရား) ဒိဋ္ဌုပါဒါန် လာသေးရဲ့လား.... (မလာပါဘုရား) ဒါဖြင့် သောတာပန်တည်မယ်.... (မှန်ပါ) သို့သော်....သစ္စဉာဏ် တခုတည်းနဲ့ မတည်နိုင်သေးဘူး၊သဘောကျပလား(ကျပါပြီ)။

ဒါဖြင့် သစ္စဉာဏ်ကျေနပ်ပလား(ကျေနပ်ပါပြီ)ဒီအတွင်းမှာ ဘာဘဲပေါ်ပေါ် ခင်ဗျားတို့ ဘယ်စိတ်ပေါ်ပေါ် ရူပါ၊ စိတ္တာ

နှံ့ပြသနာ ပေးနေတယ်၊ ခင်ဗျားတို့ သန္တာန်မှာ အခု တရားနာကြတဲ့ အထဲမှာ အရိယာ တယောက်မှ မပါဘူး၊ ပုထုဇန်သာ ပါတယ်၊သဘောကျပလား(ကျပါတယ်)ပုထုဇန်ဖြစ်ခဲ့လို့ ရှိယင် ခင်ဗျားတို့ သန္တာန်မှာ ပေါ်ကောင်းတဲ့စိတ် တကာတကာမတို့ မှတ်လိုက်စမ်းပါတဲ့၊၄၅-ဘဲရှိတယ်၊သဘောကျပလား(မှန်ပါ့)။

အကုသိုလ်စိတ်က ၁၂-ခု၊အကုန်ပေါ်နိုင်တယ် ခင်ဗျားတို့မှာ (မှန်ပါ့)။

စာသမားတွေအတွက် နည်းနည်း ထည့်ပြောမယ်၊ အဟိတ်စိတ်က ဟသိတုပ္ပါဒ်ကြဉ် ကျန်တဲ့ ၁၇-ခု အကုန်ပေါ် နိုင်တယ်-(မှန်ပါ့) မဟာကုသိုလ် စိတ်က ၈ ခု၊ မဟာဝိပါက်စိတ် ၈-ခု ထည့်လိုက် တကာတကာမတို့ ၁၂-နဲ့ ၁၇-ပေါင်း၊ ဘယ်လောက်ပါလိမ့်....(၂၉-ပါဘုရား)။

၂၉-ထဲမှာ မဟာကုသိုလ်စိတ် ၈—ခု၊မဟာဝိပါက်စိတ် ၈—ခု ထည့်၊ ဘယ်လောက်ရသွားတုံး....(၄၅-ပါဘုရား) ၄၅-(မှန်ပါ့) ဒါမှတပါး ခင်ဗျားတို့သန္တာန်ပေါ်မည့်စိတ် မရှိဘူး။

အဲဒီစိတ်တွေထဲက ပေါ်ချင်တာပေါ် ဖြစ်ပျက်ရှုပါ၊ ပေါ်ချင်တာပေါ်၊ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုပေးရမယ်)ဒါဖြင့် ပေါ်တာက ဘာသစ္စာလဲ(ဒုက္ခသစ္စာပါ) ရှုတာက (မဂ္ဂသစ္စာပါဘုရား)ဒါဖြင့် ပြတ်တာက သမုဒယသစ္စာ.... (မှန်ပါ့) သဘောကျရဲ့လား...(မှန်ပါ့) ပြတ်တာက.... (သမုဒယသစ္စာပါဘုရား) နောက်ထပ်မလာမှာက ...(ဒုက္ခသစ္စာပါဘုရား)။

ဒါက နိဗ္ဗာန်။

ဒါက သမုဒယ ချုပ်တာ၊

ဒါက ခန္ဓာပါ ချုပ်သွားတာ....(မှန်ပါ့)၊

ဒါက တဏှာသိမ်း၍နိဗ္ဗာန်(မှန်ပါ့) ဒီဘက်က ခန္ဓာသိမ်းတဲ့ နိဗ္ဗာန်ရှုတဲ့ပုဂ္ဂိုလ်မှာ .... (မှန်ပါ့) ဒီဘက်က တဏှာသိမ်းတော့ ဘာဖြစ်တုံး....(နိဗ္ဗာန်ပါ)ဒီဘက်ကခန္ဓာသိမ်းလို့ (နိဗ္ဗာန်ပါ့)။

တဏှာနဲ့ခန္ဓာဟာ တဏှာချုပ်လဲ ဒီခန္ဓာ၅လာသေးရဲ့လား.... (မလာပါဘုရား)။

ဒါကြောင့် တဏှာသိမ်းနိဗ္ဗာန်၊ ခန္ဓာသိမ်း နိဗ္ဗာန် ဆိုတာ ကော ပေါ်ပလား...(ပေါ်ပါပြီ)ရှင်းပလား(ရှင်းပါပြီ) ဒါဟာ သစ္စာဉာဏ်နဲ့ ပြောပြတာ၊တကာတကာမတို့ ကိစ္စဉာဏ်ပြောမယ် နာရီကလဲ နည်းနည်းဘဲ ကျန်တယ်....(မှန်ပါ့) ကိစ္စဉာဏ်ဆိုတာ တကာတကာမတို့သောတာပန်တည်လုကာနီးဉာဏ်လို့ မှတ်လိုက် စမ်းပါ... (မှန်ပါ့) ယခု ပြောမည့်ဉာဏ်ဟာ ဘာပါလိမ့်(သော တာပန် တည်လုကာနီး ဉာဏ်ပါဘုရား) သောတာပန် တည်လု ကာနီးဉာဏ်လို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့) ဒီနေရာမှာ စိတ်တပါးကို တခြားကိုမသွားပါနဲ့၊ တရားသိမ်းတော့မှာဘဲ၊ မြန်မြန်ထမှ ဘိနပ်လုရလိမ့်မယ်လို့ မလုပ်ပါနဲ့(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ကားမြန်မြန် ပြေးဝင်ရလိမ့်မယ်လို့ ဒီစိတ်တွေ မသာစေနဲ့၊ အလွန်အရေးကြီးတာကို ပြောတော့မယ်... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)ဘာဉာဏ်ပြောမှာပါလိမ့် .... (ကိစ္စဉာဏ်ကို ပြောမှာပါဘုရား)ကိစ္စဉာဏ်ကိုပြောမယ်-(မှန်ပါ့)တကာတကာ မတို့...နောက်က တကာတကာမတွေ ဘယ်ဉာဏ် ပြောမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ပြီးယင်သောတာပန်တည်လိမ့်မယ်၊သဘောကျလား (ကျပါတယ်)ကိစ္စဉာဏ်ပြီးယင် ခန္ဓာထဲမှာ အိမ်မှာ ပွားယင်လဲ

တည်နိုင်တယ်၊ဒီမှာတွင်လဲ ကိုလေသာစင်ပြီး ပွားလိုက်လို့ရှိယင် ဒီမှာလဲ တည်နိုင်တယ်....(မှန်ပါ) သဘောကျပလား.... (ကျပါတယ်)ဒါက ခင်ဗျားတို့ ဥဒယဗ္ဗယ ဘင်္ဂ ဘယတွေနဲ့တက်နေတဲ့ ဉာဏ်မဟုတ်ဘူးတဲ့၊အရှင်ကောဏ္ဍည တက်တဲ့ဉာဏ်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) အရှင်ကောဏ္ဍညဆိုတာ ကြားဘူးကြရဲ့မဟုတ်လား... (ကြားဘူးပါတယ်ဘုရား) အဲ....အရှင်ကောဏ္ဍည ဘယ်နှစ်ဉာဏ်နဲ့ တက်သွားတုံးမေးယင် သစ္စဉာဏ်တချက်၊ကိစ္စဉာဏ်တချက်၊ကတဉာဏ်တချက်၊ ဒီသုံးချက်ပြီးယင် သောတာပန် တည်သွားတာဘဲ၊ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဉာဏ်အရှည်ကြီး လိုက်နေလို့ ခက်နေတာ သဘောကျပလား(ကျပါပြီ)အရှင်ကောဏ္ဍည ဘယ်နှစ်ဉာဏ်နဲ့ သောတာပန်တည်ပါလိမ့်.... (သုံးဉာဏ်နဲ့ တည်ပါတယ်ဘုရား) ၁-နံပါတ်ဘာဉာဏ်တဲ့(သစ္စဉာဏ်) ခင်ဗျားတို့ ရပြီးပလား... (ရပြီးပါပြီ) ရပြီးယင် ဒါ ဘာသစ္စာတုံး၊ဒီထဲက ပေါ်သ၍.... (ဒုက္ခသစ္စာပါဘုရား)။

သိတာကလေးက ဘာပါလိမ့်(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတာ ဉာဏ်ဘဲ မဟုတ်လား....(မှန်ပါ) ဒါဖြင့်သစ္စာနဲ့ဉာဏ်နဲ့ပေါင်း(သစ္စဉာဏ်ပါဘုရား)ရပြီးပြီလား (ရပြီးပါပြီ) ရပြီးပြီ၊ ကိစ္စဉာဏ် ဘာလိုတယ်....(မှန်ပါ)တကာတကာမတို့ ဘာလိုနေပါလိမ့်.... (ကိစ္စဉာဏ်လိုပါတယ်ဘုရား) အဲဒါ မျက်လုံးမှေးပြီးတော့ သမာဓိကြီးကြီးနဲ့နားကောင်းကောင်းနဲ့ ထောင်စမ်းပါ၊ အလွန် အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ။

တကာတကာမတို့ငြိမ်ဝပ်ပိပြားအောင်ပြောတဲ့စကားမဟုတ်ဘူး၊အရေးကြီးလို့ကြီးတယ်လို့ပြောလိုက်တဲ့ စကားလို့မှတ်ပါ၊

အားလုံးတကာတကာမတွေ ကျေနပ်ကဲ့လား (ကျေနပ်ပါတယ် ဘုရား) သာမညနားနဲ့ ထောင်ရမှာလား- ကြီးကြီးကျယ်ကျယ် နားနဲ့ထောင်ရမှာလား....(ကြီးကြီးကျယ်ကျယ်နားနဲ့ ထောင်ရ မှာပါဘုရား)တသက်မှတခါတွေ့တဲ့ ဉာဏ်ကိုဟောမှာ သဘော ကျရဲ့လာ·(ကျပါတယ်ဘုရား) တသက်မှ တခါတွေ့တဲ့ဉာဏ်။

တခါတွေ့ပီလဲ နောက်ထပ် အပါယ် ရောက်ဦးမှာလား .... မရောက်တော့ဘူးလား.... (မရောက်တော့ပါ) အဲဒါကြောင့် အရေးကြီးလို့ ခင်ဗျားတို့ကို အရေးကြီးတဲ့ အကြောင်းဟောနေ ပါတယ်၊ရှင်းပလား....(ရှင်းပါပြီ) ကိုင်း-ဒါဖြင့် နားကြီးကြီးနဲ့ ထောင်ပါနည်းနည်းကလေးကျန်တဲ့ အချိန်မှာပြောလိုက်ပါမယ်၊ ပြီးတော့တကာတကာမတွေကို သတိပေးလိုက်ပါတယ်၊ဒီနေ့ကိစ္စ ဉာဏ်ကိုဟောပြီး ကတဉာဏ်ဆိုတာ နက်ဖြန်ဟောနိုင်မလား မဟောနိုင်ဘူးသား—မသိဘူးဗျာ....(မှန်ပါ)။

လူစိမ်းပါလာယင် သစ္စာကဲ ပြန်စ စနေရတယ်၊ အဲဒီတော့ ကတဉာဏ် ဟောတဲ့အချိန်မှာလဲ သိပ်အရေးကြီးတယ်(မှန်ပါ) ဒီနေ့သစ္စဉာဏ်ကိုဖွယ်ဖွယ်ရာရာနဲ့ ခင်ဗျားတို့ကို ဟောလိမ့်မယ်.... (မှန်ပါ) ဟောပြီးသကာလ ခင်ဗျားတို့က အလုပ်—လုပ်ပါ၊ သဘောကျပလား....(ကျပါတယ်) အိမ်မှာ အလုပ်-လုပ်ပြီးတဲ့ အခါကျတော့ ဩော်...ဝါဖြင့် သစ္စာတော့ ကိစ္စသဘောတော့ သိပြီးဆိုပြီးနက်ဖြန်လာတော့ကတဉာဏ်ကို ဟောလိုက်လို့ရှိယင် သဘောတာပန် တည်နိုင်ပါတယ်....(မှန်ပါ)သဘောကျပလား .... (ကျပါတယ်ဘုရား)။

အဲဒီတော့ပါရမီအလိုက် တည်လိမ့်မယ်လို့ ရှေးဆရာတော် တွေက ဟောလိမ့်မယ်(မှန်ပါ) ပါရမီအလိုက် နက်ဖြန်ကျတော့

သောတာပန်တည်တဲ့ပုဂ္ဂိုလ် တည်ကြမှာဘဲလို့ ဟောလိမ့်မယ် (မှန်ပါ့) ဘုန်းကြီးတို့က ဒီလို မဟောပါဘူး၊ ပါရမီအလိုက် မဖြစ်နိုင်ဘူးဟေ့၊ ဉာဏ်ထက်မြက်တဲ့အလိုက်ကွ၊ သဘောကျ ပလား(ကျပါတယ်) ဘာ့ကြောင့်တုံးဆိုတော့ ပါရမီဆိုတာက ဘုရားမှာ ပါရမီလိုတယ်။

လက်ဝဲရံ-လက်ျာရံမှာ....(ပါရမီလိုတယ်)။

အသီတိရှစ်ကျိပ်မှာ... (ပါရမီလိုပါဘယ်)။

သာဝကမှာ ပါရမီ မလိုပါဘူး....(မှန်ပါ့)။

ဆရာက သစ္စာဟောလို့ ခင်ဗျားတို့ကဒီသစ္စာကိုကိစ္စဉာဏ်နဲ့ သိလိုက်ယင် ပြီးတာဘဲ....(မှန်ပါ့) ပါရမီမပါလို့ ပြောနေတာ၊ သဘောကျပလား.... (ကျပါတယ်) ပါရမီလိုသေးသလား(မလို ပါဘုရား) ဉာဏ်ဘဲလိုတယ်၊ ရှင်းပလား.... (ရှင်းပါပြီ) ဟော တတ်တဲ့ ဆရာက သစ္စာဟောရမယ်၊ ခင်ဗျားတို့က ဟောတဲ့ ဉာဏ်နဲ့ သွားပြီးသကာလ တိုက်လို့ရှိယင် ဒီခနရာတည်တာဘဲ (မှန်ပါ့)။

သာဝကမှာ ပါရမီမလိုလို့ ပေဌကော ပဒေသမှာ သေသေ ချာချာ လာတယ်၊ ဥပရိပဏ္ဏာသ ပါဠိတော်မှာ သေသေ ချာချာလာတယ်၊ သာဝကမှာ ပါရမီမှလို၊ ရှင်းကြပလား.... (ရှင်းပါတယ်ဘုရား)သာဝကမှာ....(ပါရမီမလိုပါ) သာဝကဆို တာ မသိဘဲနေမှာစိုးတယ်၊ စာလိုပြောနေရတယ်၊ အခုနိဗ္ဗာန် ရယင် ယခုယူမည့်ပုဂ္ဂိုလ်မှာပါရမီမှလို(မှန်ပါ့) ယခုနိဗ္ဗာန်ရယင် (ယခုယူမည့်ပုဂ္ဂိုလ်မှာ ပါရမီ မလိုပါဘုရား)။

ယခုယူမည်လို့ စိယ်ထဲရှိတဲ့ပုဂ္ဂိုလ်မှာ ပါရမီမလိုဘူး၊ဘာလို သတုံးမေးဘို့ မလိုဘူးလား.... (လိုပါတယ်) သစ္စာဟောတတ်တဲ့

ဆရာတွေဘို့လိုတယ်.... (မှန်ပါ့) ကိုယ်ဏာ ဒီသစ္စာအတိုင်းအမှန် နှလုံးသွင်းတတ်ဘို့ လိုတယ်၊ ဒီနှစ်ချက် ပြည့်စုံယင် ပြီးတာဘဲ၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) အဲဒါ ဥပရိပဏ္ဏာသပါဠိ တော်မှာလဲ ဘုရားကိုယ်တော်တိုင်ဟောတယ်၊ ပေဋကောပဒေသ မှာလဲ သေသေချာချာဟောတယ်၊သဘောကျပလား (မှန်ပါ့)။

အဲဒီတော့ ကျမတို့–ကျနော်တို့မှာ ပါရမီက လိုလို့ ဘုန်း ကြီးကတော့ သေသေချာချာ ပြရှာတာလို့ဆိုယင် ခင်ဗျားတို့ ကိုယ်ကျိုးနည်းမယ်၊ ပါရမီမလိုတဲ့ပုဂ္ဂိုလ်တွေက ပါရမီသူများ ပြောသံကြားနဲ့ ပြောနေလို့ တော်ပါ့မလား .... (မတော်ပါ ဘုရား)ဒါဖြင့် ဒီတကာတကာမတွေဟာ ဘုရားဆုပန်များ ပါ သေးသလား.... (မပါပါဘုရား) မပါဘူး၊ လက်ဝဲရံ-လကျာရံ (မပါပါဘုရား)မပါတော့ ယခု နိဗ္ဗာန်ရယင် ယခုယူမည်မဟုတ် လား....(ယူမှာပါဘုရား)။

ဒါဖြင့် ယခုနိဗ္ဗာန်ရယင် ယခုယူမည့်ပုဂ္ဂိုလ်ဖြစ်ယင် ဟောတဲ့ ပုဂ္ဂိုလ်က သစ္စာလည်လည် ဟောမယ်၊ ခင်ဗျားတို့က ဟောတဲ့ အတိုင်း ဉာဏ်ရအောင်သာလုပ် (မှန်ပါ့) ဘာပါရမီမှမလိုလို့ ဆုံးဖြတ်ချက်ချ၊ရှင်းပလား....(ရှင်းပါပြီ)ဒါ ရှေးက အင်မတန် လွဲခဲ့တယ်၊ ရှေးကလွဲတော့ တကာတကာမတွေ နှုတ်ဖျားမှာ ဘယ်တက်မနေသတုံးဆိုတော့ ဘုန်းကြီးလဲ အပြောကမည့်ပါဘူး ကျမတို့က ပါရမီလိုလို့ ထင်ပါရဲ့။

ပါရမီနဲ့ ဆည်းပူးရမည့်ပုဂ္ဂိုလ် မဟုတ်ဘဲနဲ့ ပါရမီလို့ ထင် ပါရဲ့ဆိုတော့ ပြောသံကြားနဲ့ပြောနေတယ်(မှန်ပါ့) ရိပ်မိကြ ပလား(ရိပ်မိပါပြီဘုရား)ဘာနဲ့ ပြောနေသလဲ (ပြောသံကြားနဲ့

ပြောနေပါတယ်) ဒါဖြင့် "သက်ကြီးစကား သက်ငယ်ကြား" ဆိုတော့ ဒီအတိုင်း ဖြစ်နေတယ်ဆိုတာ ယုံကြည်ကြပလား.... (ယုံကြည်ပါတယ်ဘုရား) ဒါဖြင့် ရှေးကလူကလဲ အကန်း နောက်ကလူကလဲ ဒုတ်ဆွဲသလို ဒုတ်ဆွဲသလောက်လိုက်နေကဲ့ အဓိပ္ပါယ် ရောက်နေတယ်၊ ယခု သေသေချာချာ သိပလား.... (သိပါပြီ ဘုရား)။

ယခု သစ္စာတရားနာရ၍ ယခုသစ္စာတရားကို တကာတကာမ တွေ့က နှလုံးသွင်းလို့ ရှိယင်ဖြင့် ယခုဘဝရမယ်၊ တိဟိတ်သာဖြစ် ပေစေ ရမယ်၊ သဘောပါလား....(ပါပါပြီ) ခင်ဗျားတို့မှာ ဘယ့် နှယ်ကြောင့် ဘုန်းကြီးကရဲရဲတင်းတင်းတာဝန်ခံရသတုံးမေးတော့ ကံကြီးငါးပါးလွတ်ပါတယ်၊ သဘောကျပသား....(ကျပါတယ်) အမိသတ်ဘူးတဲ့လူ ဒီအထဲ တယောက်မှ မပါဘူး....(မပါပါ) အဖသတ်ဘူးတဲ့လူ....(မပါ-ပါဘုရား)။

ဘုရားမရှိလို့ ဘုရားကို သွေးစိမ်းတည်အောင် လုပ်ဘူးတဲ့ လူကော.... (မပါ ပါဘုရား) မပါပါဘူး၊ သံဃာသင်း ခွဲတဲ့ ပုဂ္ဂိုလ်ကော (မပါပါဘုရား) မပါတော့ကိုတဲ့ ရဟန္တာ သတ်ဘူး တဲ့ ပုဂ္ဂိုလ်ကော....(မပါပါ) ဟ....ဒါဖြင့် ကံကြီးငါးပါးလွတ် နေတဲ့ပုဂ္ဂိုလ်၊ မဂ်ဖိုလ်တားတဲ့ကံမှ သူတို့မှာမရှိဘဲ (မှန်ပါ) နိယတ မိစ္ဆာဒိဋ္ဌိအယူကော ယူကြသလားဆိုတော့ မိစ္ဆာဒိဋ္ဌိအယူလဲ မယူ ပါဘုရား၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီခဏမှာ ရနိုင်တယ်လို့ အားတက်လိုက်....(မှန်ပါ) သဘောကျပလား (ကျပါတယ်ဘုရား) ဒါဖြင့် ဒီနေ့ ဘယ်ဥာဏ် ဟောရမှာပါလိမ့်.... (ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ် အရေး တကြီး ပြောရမယ်မဟုတ်လား....(မှန်ပါ) ကောင်းပြီ တကာ

တကာမတို့ ကိစ္စဆိုတာသည် ခင်ဗျားတို့ သေသေချာချာမှတ်ပါ၊ ကိစ္စဆိုတာသည် တကာတကာမတို့၏ သန္တာန်မှာ ဟော့....ဘယ်သွားမလို့လဲလို့ မေးလိုက်တယ်၊ ကိစ္စကလေးရှိလို့၊ မပြောကြဘူးလား... (ပြောကြပါတယ်ဘုရား)။

သခင်ဝတင် ခင်ဗျားအိမ်ဇာ အဝတ်အစားလေး လဲပြီး သကာလနေတော့ ခင်ဗျားခင်ပွန်းမကဖြစ်စေ၊ သားသမီးကဖြစ်စေ သခင်ဝတင် ဘယ်သွားမလို့တုံး၊ အို....ကိစ္စကလေးရှိလို့ ပေါ့ကွ၊ အရင်က ပေါ်လာတာလား၊ ခုမှ ပေါ်လာတာလား-(ခုမှပေါ်လာတာပါ)အဲ-ခုမှပေါ်တဲ့ ကိစ္စကို သိရမယ်(မှန်ပါ့) သဘောကျကြပလား... (ကျပါပြီ)ဘယ်ကိစ္စကို သိရမလဲ-(ခုမှ ပေါ်လာတဲ့ကိစ္စကို သိရပါမယ်) အဲ....ခန္ဓာမှာလဲ ခုမှပေါ်တဲ့ကိစ္စကို သိရမယ် သေသေချာချာ မှတ်ပါ၊ ဒီစကား မသေးဘူး၊ သေးပါ့မလား....(မသေးပါဘုရား)။

ဒါဖြင့် ဒီခန္ဓာထဲမှာ ခုမှပေါ်တဲ့ ကိစ္စကိုသိယင် ကိစ္စဉာဏ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ဒီခန္ဓာထဲမှာ ခုမှ ဝေဒနာကလေးက ပေါ်ပြီးသကာလ လာတယ်၊ ၎င်းဝေဒနာကလေးဟာ ပျောက်သွားတယ်၊ဩြ....ခုမှပေါ်ပြီး ခုမှပျောက်တာ သူ့ကိစ္စ သူ့သိမ်းသွားဘာ၊ သူ့ကိစ္စ သူမလုပ်ဘူးလား(လုပ်ပါတယ်ဘုရား) ခံလဲ ခံစားတယ်....(မှန်ပါ့)။

ဝေဒနာသည် ခံစားခြင်းကိစ္စမရှိဘူးလား-(ရှိပါတယ်ဘုရား) ခံစားခြင်းကိစ္စကို နောက်ဆုံးပိဘ်ကျတော့ သူမသိမ်းရဘူးလား (သိမ်းရပါတယ်ဘုရား) ဒါဖြင့်.... ခံစားခြင်းကိစ္စကို သိမ်းတဲ့ ခံစားတဲ့ကိစ္စကို တကာတကာမတို့ သိမ်းတဲ့ကိစ္စကျအောင် ကြည့်ပေးပါ(မှန်ပါ့)ခံစားတဲ့အလုပ်ကို သိမ်းတဲ့ကိစ္စကျအောင် ကြည့်

ပါ၊ သဘောကျပလား... (ကျပါတယ်ဘုရား) ဒါဖြင့် ဝေဒနာ ကိစ္စကို တကာတကာမတွေက ဉာဏ်ထဲသိတဲ့အခါကျတော့ ဝေဒနာမှာ ဘာကိစ္စရှိသတုံး၊ စိတ်မှာ ဘာကိစ္စရှိသတုံး၊ မေးဘို့မလိုဘူးလား...(လိုပါတယ်ဘုရား)။

အဲဒီတော့ နာရီကလဲ စေ့နေလို့ တကာတကာမတွေ စေဘ် နာတော့ ကောင်းပါတယ်နော်.... (မှန်ပါ) စိတ်မှာတဲ့ တကာတကာမတို့ ဝေဒနာမှာဖြစ်စေ၊ စိတ်မှာဖြစ်စေ၊ ရုပ်မှာဖြစ်စေ တခုသောတရား ပေါ်လာတယ်ဆိုလို့ ရှိယင်ဖြင့်... တဲ့ အိုမှု့သေမှု ပါတာချည်းဘဲမှတ်၊ ဝေဒနာပေါ်လာလဲ သူ့မှာ ဘာပါလာ တုံး.... (အိုမှု့သေမှုပါလာပါတယ်) စိတ်ပေါ်လာယင်ကော.... (အိုမှု့သေမှု ပါလာပါတယ်ဘုရား) ရုပ်ပေါ်လာယင်ကော.... (အိုမှု့သေမှု ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် သူဟာ ဝေဒနာဟာ အလိုလို ပျက်သွားတာလား၊ စိတ်ဟာ အလိုလိုပျက်သွားတာလား၊ သူယူလာတဲ့ အိုမှု့နာမှုက နှိပ်စက်တဲ့ ကိစ္စကြောင့် ပျက်ရတာလား .. (အိုမှု့နာမှုနှိပ်စက်တဲ့ ကိစ္စကြောင့် ပျက်ရတာပါ)တော်ဘော်ကလေး မိလာပြီ၊ မဘော် တော်မိလာတဲ့စကား၊တကာကြီးတွေ သဘောကျရဲ့လား(ကျပါ တယ်)အလိုလိုပျက်သွားတာလား၊ ဇရာ့မရဏ နှိပ်စက်လို့ ပျက် သွားတာလား(ဇရာ့မရဏနှိပ်စက်လို့ပျက်သွားတာပါဘုရား)။

ဒါဖြင့် ဟော့....ဝေဒနာ မင်းမှာ ဘာကိစ္စရှိသတုံး၊ ကျုပ် မှာ နှိပ်စက်ခံရခြင်းကိစ္စရှိတယ်၊ မပြောပေဘူးလား.... (ပြောပါ တယ်) အဲဒီကိစ္စကို ဒီကနေ ဉာဏ်နဲ့ မြင်အောင်ကြည့် (မှန်ပါ) သဘောကျပလား....(ကျပါပြီ)ဒါဖြင့်စိတ်၏ ကိစ္စကို ဉာဏ်နဲ့ မြင်အောင်ကြည့်၊ စိတ်မှာ ဘာကိစ္စရှိသတုံး၊ ပျက်စီးခြင်းကိစ္စ

ရှိတယ်၊ ဇရာ မရဏတို့၏ နှိပ်စက်ခြင်းကိုစ္စ၊ မရှိဘူးလား....(ရှိပါ တယ်ဘုရား) စိတ်မှာ ဘာကိစ္စရှိသတုံး-(ဇရာ မရဏတို့၏ နှိပ်စက် ခြင်းကိစ္စရှိပါတယ်ဘုရား) ဩော်... သူ့ နှိပ်စက်ခြင်းကိစ္စကြောင့် သူပျောက်ပျက်တာဘဲလို့ ခင်ဗျားတို့က ဒီကနေ ဉာဏ်ကလေး နဲ့ သိပေးပါ။

ဒါဖြင့် သူ့မှာက ကိစ္စ၊ သူ့ကိစ္စ သိတာက ဉာဏ်၊ သူ့မှာက ဘာပါလိမ့်....(ကိစ္စပါဘုရား) သူ့သိတာက-(ဉာဏ်ပါ) ကိစ္စနဲ့ ဉာဏ်နဲ့ပေါင်းပါ.... (ကိစ္စဉာဏ်ပါဘုရား) ဒါဖြင့် ကိစ္စဉာဏ်ဆို တာ တကာတကာမတိုဘယ် နှယ်ကြောင့်ပျက်သွားပါလိမ့်မတုံး လို့ ဒီလိုမယူနဲ့.... (မှန်ပါ) သူယူသာတဲ့ ဇရာ မရဏကြောင့် သူ ပျက်စီးရတဲ့ကိစ္စဘဲ ဆုံးဖြတ်ချက်ချ-(မှန်ပါ) သဘောကျပလား (ကျပါပြီ)။

သူယူလာတဲ့ ဇရာ မရဏကြောင့်(သူပျက်စီးရတယ်)သူပျက် စီးတဲ့ကိစ္စ မကြုံရဘူးလား....(ကြုံရပါတယ်ဘုရား) အဲဒီလိုသိလို့ ရှိယင်ဖြင့် အဲဒီလိုသိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ(ကိစ္စဉာဏ် ခေါ်ပါတယ်ဘုရား) ရှင်းပလား .. (ရှင်းပါပြီ) အစ ကလေးဘဲ ဟောနိုင်ကသေး၊ မနေ့ကလဲ ဒီလောက်ဘဲ ဟောနိုင်တယ်၊ ယနေ့ တော်ကြဦးစို့၊ နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု....သာဓု....သာဓု....

၁၀-၇-၆၂ ရက်နေ့ညဦး ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

ပဋိစ္စသမုပ္ပါဒ်တရားတော်

အားလုံး တကာတကာမတွေ ဒီကိုယ့်ခန္ဓာစက်ဝိုင်းကြီးကိုယ်တိုင်ပင် မြင်ကြရဲ့မဟုတ်လား.... (မှန်ပါ့ဘုရား မြင်ပါတယ်)။

ဒါပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းလား၊ ခန္ဓာစက်ဝိုင်းလားဆိုတာကို သေသေချာချာကြည့်ပါတဲ့၊ စာကို ဝိုင်းထားတယ်လို့ မယူကြပါနဲ့၊ ခန္ဓာအဝိုင်းပြေး.... ပြေးနေတာယ်လို့ သိပါလို့ သတိပေးလိုက်တယ်နော်....(မှန်ပါ)။

စာမှာ ဒီလိုရှိတာလား၊ ခန္ဓာမှာ ဒီလိုရှိတာလား.... (ခန္ဓာမှာ ဒီလိုရှိပါတယ်ဘုရား) ဩော်. ခန္ဓာမှာ ဒီလိုရှိတာကိုသိမှသာလျှင် ဩော်... သံသရာ့ခရီးသည်ဟာ အဝိုင်းပြေး....ပြေးနေပါကလားဆိုတာ ပေါ်လာတယ်· (မှန်ပါ) နို့မို့လို့ရှိယင်ဖြင့် စာက အဝိုင်းရေးထားတယ်လို့ ဖြစ်နေလို့ရှိယင်ဖြင့် ခန္ဓာစက်လည်တာ မသိဘဲ ဖြစ်ပါလိမ့်မယ်....(မှန်ပါ)။

ဒါ့ကြောင့်.... ခန္ဓာစက်လည်မှုကို အဓိကထားပြီးသကာလ ခန္ဓာကို ဉာဏ်နဲ့မမြင်တော့ကို ခန္ဓာထဲမှာ ဖြစ်စဉ်ကို ဒီကနေ ရေးပြတော့ ဩော်... ခန္ဓာဖြစ်တဲ့အခါမှာ ဒီအတိုင်း သိမှသာလျှင် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့ ကိုယ့်ဒုက္ခသစ္စာကိုယ်သိရာ ရောက်တယ်လို့ မှတ်ထားကြစမ်းပါနော်....(မှန်ပါ)။

ဒါ·တရားကို အဆန်းဟောနေတာလား၊ ခန္ဓာဖြစ်စဉ် မသိမှာစိုးလို့ ဒီအဝိုင်းကြီး ပြနေတာလား ဆိုတာလဲ အကဲခတ်ကြစမ်းပါဦး၊ တကာတကာမတွေ… ခန္ဓာဖြစ်စဉ်မသိမှာစိုးလို့ ဒီအဝိုင်းကြီးနဲ့ ပြပြီးသကာလ ဟောနေရတယ်ဆိုတာသည် တကာတကာမတို့ ခန္ဓာဖြစ်စဉ်မသိမှာစိုးလို့ဆိုတာ ပေါ်လာကြပလား (ပေါ်ပါတယ်ဘုရား)ကောင်းပြီ ဒါဖြင့်မနေ့က တကာတကာမတို့ အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိတာလို့ ပြောခဲ့ပြီးနော်။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်…. (သစ္စာလေးပါးမသိတာပါ) သစ္စာလေးပါး မသိတာ၊ သူ့ဟာသူ သမုဒယသစ္စာလို့ကော အဝိဇ္ဇာက သိရဲ့လား .. (မသိပါဘုရား) သူ့ဟာသူ သမုဒယသစ္စာလို့လဲ အဝိဇ္ဇာကမသိဘူး၊သူရှိနေလို့ရှိယင်ဖြင့် သင်္ခါရတွေ ပြုလုပ်ပြီး ဒုက္ခသစ္စာရလိမ့်မယ်လို့ကော… (မသိပါဘုရား) ဘယ်သူက မသိတာပါလိမ့်…. (အဝိဇ္ဇာကမသိတာပါဘုရား)။

အဝိဇ္ဇာက သူကိုယ်တိုင် သမုဒယသစ္စာလို့လဲသူ့ဟာသူမသိဘူး-(မှန်ပါ) ရှင်းကြပလား….(ရှင်းပါပြီ)ခင်ဗျားတို့ သန္တာန် ဒီ·အဝိဇ္ဇာသာ ဝမ်းထဲမှာ ကိန်းအောင်းနေလို့ရှိယင်ဖြင့် ငါဟာ သမုဒယသစ္စာလို့ အဝိဇ္ဇာက သိရဲ့လား….(မသိပါဘုရား) ကြည့်….အဝိဇ္ဇာဆိုတာ သမုဒယသစ္စာကို မသိတာကို ဆိုပါတယ် ရှင်းကြပလား .. (ရှင်းပါပြီ)။

ငါသာ ကြီးစိုးနေရလို့ရှိယင်ဖြင့် အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ် သင်္ခါရ… ကုသိုလ်အကုသိုလ်လုပ်မယ်၊လုပ်လို့ရှိယင် ဒီဘက်ဒုက္ခသစ္စာ ရလိမ့်မယ်လို့ကော ဒီအဝိဇ္ဇာက သိရဲ့လား . (မသိပါဘုရား) ဒါဖြင့် သူဘယ်နှစ်ချက်ရှိပြီလဲ မသိတာ(နှစ်ချက်ပါ) နှစ်ချက်ရှိတယ်၊ သူကိုယ်တိုင်သမုဒယသစ္စာမသိတာကတချက် (မှန်ပါ)။

သူရှိနေလို့ရှိယင် ဒုက္ခဖြစ်လိမ့်မယ်၊ သူကျေးဇူးပြုတဲ့တရားတွေက ဒုက္ခဖြစ်လိမ့်မယ် ဆိုတာကော သိရဲ့လား ....(မသိပါဘုရား)မသိတော့ ဘယ်နှစ်ချက် ရှိသွားပြီတုံး....(နှစ်ချက်ပါဘုရား)ပြော်....ဒီ ဒုက္ခငြိမ်းအောင် လုပ်မှာဲ ဆိုတာကိုကော အဝိဇ္ဇာကသိရဲ့လား....(မသိပါဘုရား)ဒါဖြင့် မဂ္ဂသစ္စာလဲ သူမသိဘူး....(မသိပါဘုရား) ဒုက္ခငြိမ်းရာ ငြိမ်းကြောင်း အလုပ်လုပ်ချင်တဲ့စိတ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဒါဖြင့် ဘာသစ္စာ မသိပါလိမ့်....(မဂ္ဂသစ္စာမသိပါ)မဂ္ဂသစ္စာလဲမသိဘူး(မှန်ပါ့)ဒါဖြင့် ဒီအဝိဇ္ဇာသည် မဂ္ဂသစ္စာမှ မသိတော့ မဂ္ဂသစ္စာရမှ-သန္တိလက္ခဏာရှိတဲ့ နိရောဓသစ္စာကို ရောက်လိမ့်မယ်လို့ကော သူသိရဲ့လား.... (မသိပါ)မသိတော့ သူမသိတာ ဘယ်နှစ်ချက်ပါလိမ့်....(လေးချက်ပါဘုရား) လေးချက်လို့မှတ်လိုက်တော့ စာကရေးတော့ သစ္စာလေးပါး မသိတာ အဝိဇ္ဇာလို့ရေးကြပါတယ်၊ရေးပင်ရေးငြားသော်လဲ ဦးမာဒင်တို့ သူကိုယ်တိုင် သူ့ဟာသူ သမုဒယသစ္စာလို့ မသိတာကလဲ ထင်ရှားတယ်....(ထင်ရှားပါတယ်ဘုရား)။

သူသာရှိနေယင် သင်္ခါရတွေလုပ်ပြီး ဒုတိယဘဝ ဒုက္ခသစ္စာရလိမ့်မယ်လို့ကော သူသိရဲ့လား....(မသိပါဘုရား)ဘယ်နှစ်ပါးရှိသွားတုံး....(လေးပါးပါဘုရား) ဒုက္ခချုပ်ကြောင်းလုပ်မှာဲလို့ကော သူသိရဲ့လား.... (မသိပါဘုရား)ဒါဖြင့် မဂ္ဂသစ္စာကော သိသေးရဲ့လား.... (မသိပါဘုရား) ဒုက္ခချုပ်ကြောင်းကျင့်ကြံမှသာလျှင် “ဒုက္ခနိရောဓော နိဗ္ဗာန်”ဆိုတာ ရှိတယ်လို့ကော သူသိရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် ဒီအဝိဇ္ဇာသည် ဘယ်နှစ်ပါးမသိပါလိမ့် .... (လေးပါး မသိပါဘုရား)ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ အဝိဇ္ဇာ၏ မသိချက်က လေးပါးတောင်ဖြစ်နေတော့အတော်ပြင်းထန်တယ်၊ မပြင်းထန်ဘူးလား....(ပြင်းထန်ပါတယ်ဘုရား) ဘယ်နှစ်ချက် မသိပါလိမ့်....(လေးချက်မသိပါဘုရား) လေးချက်မသိတာလဲ မှတ်ထားပါတဲ့၊ ကောင်းပြီ ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်ဟာ ပြုချင်သလိုပြု- လုပ်ချင်သလိုလုပ်လိမ့်မယ် ဆိုပြီးသကာလ လုပ်လိုက်တော့ ကုသိုလ်ပြုပြန်လဲ ဘုံဘဝဆုတောင်းပြန်တယ်၊ နှစ်ချက်မလာဘူးလား....(လာပါတယ်ဘုရား)။

ကုသိုလ်လဲ သူမပြုဘူးလား....(ပြုပါတယ်ဘုရား) ဘုံဘဝလဲ ဆုမတောင်းဘူးလား(တောင်းပါတယ်ဘုရား) ဒါဖြင့် ပုညာဘိသင်္ခါရတော့ သူလုပ်တယ်...(မှန်ပါ့)အပုညာဘိသင်္ခါရလဲ ဒီအထဲ ရောစွက်လိုက်တယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား) မလွဲတော့ တကာတကာမတွေဒီနေ့အထူးပြုရမှာက တကာတကာမတွေ အဝိဇ္ဇာဒီမြွားကလေးကပြတော့ ဘာဝဋ်ရှိတဲ့တုံး(ကိလေသဝဋ်ပါဘုရား) ဩြ်....ခင်ဗျားတို့ အဝိဇ္ဇာဟာ ကိလေသဝဋ်ဘဲ ဆိုတာတော့ ပေါ်-မပေါ်....(ပေါ်ပါတယ်)သူက ကိလေသာ မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် သစ္စာတွေမသိလို့- သစ္စာမသိလို့ ကိလေသဝဋ်ကို ဖန်တီးတာလဲ အဝိဇ္ဇာဘဲ....(မှန်ပါ) သဘောကျလား....(ကျပါတယ်) ကိလေသဝဋ် ဖြစ်နေတာလဲ ဘယ်သူပါလိမ့်(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာဘဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) မသိတဲ့ ပုဂ္ဂိုလ် အလှူအဒါန်း ပေးတမ်းပြီးသကာလ ဆုတောင်းနေလို့

ရှိယင်လဲ... တဲ့ သင်္ခါရဖြစ်တယ်ဆိုတာအဝိဇ္ဇာပစ္စယာ သင်္ခါရာက လုံလောက်အောင် ပြနေတယ်·မပြဘူးလား (ပြပါတယ်ဘုရား)။

ထိုကဲ့သို့ ပြလာတော့ ဒီသင်္ခါရကဘာဝဋ်တုံးလို့ မေးတော့ ကမ္မဝဋ်ကွ....(မှန်ပါ့)ပေါ်ကြပလား(ပေါ်ပါပြီဘုရား)သင်္ခါရဟာ ဘာပါလိမ့်....(ကမ္မဝဋ်ပါဘုရား)ကမ္မဝဋ်၊ အဝိဇ္ဇာက ဘာတဲ့လဲ....(ကိလေသဝဋ်ပါဘုရား) သင်္ခါရက (ကမ္မဝဋ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသိသောပုဂ္ဂိုလ်အလှူပေးပြီး ဆုတောင်းတာသည် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဖြစ်တယ်(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) တကာ၊တကာမတွေ မသိသောပုဂ္ဂိုလ် လှူဒါန်းပေးကမ်းပြီး ဘုံဘဝလိုချင်တဲ့ တဏှာလာလို့ရှိယင်ဖြင့် ဘာဝဋ်၊ဘာဝဋ်ဖြစ်ပါလိမ့် ....(ကိလေသဝဋ်နဲ့ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား) ဩော် .... ဒါဖြင့် ဘုန်းကြီးက မသိသလိုဒီ တကာတကာမတွေ ပစ်ထားခဲ့လို့ ရှိယင်ဖြင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဘဲ လုပ်နေမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါက မနေ့က အဓိပ္ပါယ်မဟုတ်ပါဘူး၊ဒါက ဒီနေ့ဖြည့်ပေးတဲ့ အဓိပ္ပါယ်ဆိုတာကော ရှင်းကြပလား(ရှင်းပါပြီ)မသိတာက ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား)ဘာကို မသိတာတုံး.... (သစ္စာလေးပါးကိုမသိတာပါဘုရား) သစ္စာလေးပါးမသိသောကြောင့် သူ့ကို ဘာဝဋ်သို့ခေါ်ကြမလဲ....(ကိလေသဝဋ်ပါဘုရား) ပေါ်နေပြီ....(မှန်ပါ့)မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) မသိတဲ့ပုဂ္ဂိုလ်ဟာ လှူမယ် ဒါန်းမယ် ဘုံဘဝတွေ ဆုတောင်းမယ်တဲ့၊ မတောင်းပေဘူးလား....(တောင်းပါတယ်ဘုရား)။

တောင်းတော့ကုသိုလ်နဲ့ ဆုတောင်းတော့မပြည့်သေးဘူးလား ပြည့်မလား....(ပြည့်ပါတယ်)ပြည့်တာတော့ ဘုန်းကြီးက မပြည့်

ဘူးလို့ မပြောဘူးတဲ့၊ သူ့ ပင်ကိုယ်သဘောဘာရင်းက ဘာဝင်ရှိပါလိမ့် (ကမ္မဝဋ်ပါဘုရား)ကဲ... ကောင်းသေးရဲ့လား .... (မကောင်းပါဘုရား)နောက်က တကာတကာမတွေ့သေးသချာချာ မြင်ကြရဲ့ မဟုတ်သား....(မြင်ပါတယ်ဘုရား)။

ခင်ဗျားတို့ လှူဒါန်း ပေးကမ်းပြီး သဏ္ဍာလ ဒီဘဝတွေလို ချင်လို့နတ်ဘဝ ဗြဟ္မာ့ဘဝ လိုချင်လို့ လှူဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်များမှာဖြင့် ဝဋ်ကျွတ်ချင်လို့ လှူတာ မဟုတ်ခဲ့သော်.... ကိလေသဝဋ်နဲ့ကမ္မဝဋ်လုပ်တယ်....(မှန်ပါ့)ပေါ်ပလား(ပေါ်ပါပြီ)ဘာတဲ့တုံး.... (ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ပါတယ်ဘုရား) တယ်လဲ ဆိုးဝါးနေပါကလား (ဆိုးဝါးပါတယ်) တကာတကာ မတွေ့....ဘယ့်နှယ်ဖြေမတုံး....(ဆိုးပါတယ်ဘုရား) နောက်က တကာတကာမတွေ့ ဘယ့်နှယ်ဖြေကြမတုံး.... (ဆိုးဝါးပါတယ် ဘုရား)ခင်ဗျားတို့ကတော့ အလှူပေးတယ်၊နောက်ဘဝ ကောင်း စားအောင်၊ သဘောပါကြပသား....(မှန်ပါ့ဘုရား)။

သာဓုများ ခေါ်လိုက်ရတော့မလားလို့ မေးတဲ့အခါကျ တော့မှ ဒါကြည့်လိုက်၊ဘာဝဋ်တဲ့တုံး(ကိလေသဝဋ်ပါဘုရား) ဒီဘက်ကြည့်လိုက်တော့ အလှူပေးတာက ဘာတဲ့... (ကမ္မဝဋ်ပါ ဘုရား)ဒါဖြင့် သခါရဆိုတာ ဘာဝဋ်ထဲကတုံး .... (ကမ္မဝဋ်ထဲ ကပါ)ကမ္မဝဋ်ထဲက ဖြစ်နေတော့ ခင်ဗျားတို့ကလဲမသိတဲ့ပုဂ္ဂိုလ် အလှူပေးတော့ကို အမျှအမျှဆိုတော့ ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်တာကိုသာဓုခေါ်တာ၊ဘယ့်နှယ်မှတ်ကြမယ်(ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်လိုက်တာကို သာဓုခေါ်တာပါဘုရား)။

ကိလေသဝဋ်ဆိုတာလဲ ကိလေသာဆိုတာ ပင်ပန်းအောင် လုပ်တတ်တာ ကိလေသာ၊သဘောကျပလား (မှန်ပါ့ကျပါပြီ)။

ဆာမ္မဝဋ္ဋဆိုတာသည် 'ကမ္မ ဝိပါကဇဿ' ဆိုတော့ ဒုက္ခသစ္စာကို ကျေးဇူးပြုတဲ့တရား(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဒုက္ခသစ္စာကို....(ကျေးဇူးပြုတဲ့တရား)အဲဒါ ကမ္မဝဋ္ဋ မဖြစ်နိုင်ဘူးလား(ဖြစ်နိုင်ပါတယ်ဘုရား)အဲဒီတော့ ကိလေသဝဋ္ဋ,ကမ္မဝဋ္ဋ သမားကို ခင်ဗျားတို့က ခြေဉ်.... တော်လိုက်တာလို့ ဆိုမလားတဲ့ တကာ့တကာမတို့ တော်တယ်·တော်တယ်၊ သူသည် မသိဘဲနဲ့ သစ္စာမသိဘဲနဲ့ အလှူပေးလိုက်တာ တော်သဟော့လို့ ဆိုမလား၊ ဝဋ္ဋနှစ်ပါးကို တည်ထောင်တာလားလို့ မေးယင် ဘယ့်နှယ် ဖြေမလဲ....(ဝဋ္ဋနှစ်ပါးကို တည်ထောင်တာပါဘုရား)။

အဲ....နောက်တော့ ရှင်းလာမယ်နော်.... (မှန်ပါ့) အခုတော့ မသိတာကို ဖေါ်ပြောနေလို့....(မှန်ပါ့) သဘောပါကြလား.... (ပါပါတယ်ဘုရား)အလှူပေးတာလား....၊ ဝဋ္ဋနှစ်ပါးတည် ထောင်တာလား(ဝဋ္ဋနှစ်ပါးတည်ထောင်တာပါဘုရား) ငြင်းဘို့ များလိုသေးသလား(မလိုပါဘုရား) မလိုတော့ပါဘူး၊ ဒါဖြင့် တကာ တကာမတွေက ခြေဉ်....မသိတဲ့ပုဂ္ဂိုလ် အလှူပေးမိမှာ ဘုန်းကြီးက ကြောက်တယ်လို့ ဆိုတော့ ဒီဘုန်းကြီး ဘယ်လို ဘုန်းကြီးပါလိမ့်မလဲလို့ ခင်ဗျားတို့ ပြောချင်လဲ ပြောကြမယ် (မှန်ပါ့)မပြောပေဘူးလား....(မပြောပါဘုရား)။

မသိတဲ့ ပုဂ္ဂိုလ်အလှူပေးမှုကိုကြောက်တယ်(မှန်ပါ့)တကာ တကာမတွေ ဘာတဲ့တုံ၊ မသိတဲ့ပုဂ္ဂိုလ်အလှူပေးမှာကို(ကြောက် တယ်) ဘုန်းကြီး ဘယ့်နှယ်ကြောင့် ကြောက်ပါလိမ့်မတုံး.... ဆိုတော့ ဒီနှစ်ခု ကြည့်လိုက်၊ဒီနှစ်ခုကြည့်လိုက်တော့ ပေါ်ရော ပေါ့၊မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါက ဘာတဲ့တုံး....(ကိလေသဝဋ်ပါဘုရား) ဒါက ဘာတုံး (ကမ္မဝဋ်ပါဘုရား)ဝဋ်ဆိုပါလားဗျ.... (မှန်ပါ့ဘုရား)တကာ တကာမတို့ ဘာဆိုသလဲ....(ဝဋ်ပါဘုရား)ကိလေသဝဋ်နဲ့ ကမ္မဝဋ် တည်ထောင်တော့ကို ဝိပါကဝဋ် ပြေးလို့ လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

ဒါဖြင့် ကြောက်တယ်လို့ ပြောတဲ့ စကား မှားတယ်လား.... ကြောက်ရမှာဘဲလား (ကြောက်ရမှာပါဘုရား)ကြောက်ရမှာဘဲ ဆိုတာ သေချာပလား....(သေချာပါတယ်) ဒါဖြင့် ခင်ဗျားတို့ ဆရာသမားကမှ ပြင်မပေးလို့ ရှိယင် ဒီကိစ္စဟာဖြင့် ဒီအတိုင်း သွားနေမှာဘဲ....(မှန်ပါ့ဘုရား)။

ဒီတိုင်းသွားရမယ်၊နို့ သွားနေတဲ့ပုဂ္ဂိုလ်ပေါင်းဘယ်လောက် ရှိသတုံးမေးလို့ ရှိယင် ခင်ဗျားတို့ အဖြေထွက်ပါ့မလား၊ ဘယ့် နှယ်လဲ....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး၊ လုပ်သရဲ ဒါချည်းဘဲ၊သဘောကျပလား....(မှန်ပါ့)ဘာဖြစ်လို့ ကိလေသ ဝဋ်နဲ့ ကမ္မဝဋ် လုပ်ဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ဟောဒီ ဝိပါကဝဋ် ဒုက္ခသစ္စာမသိလို့ လုပ်တာ(မှန်ပါ့)ဝိပါက ဝဋ်က ဘာပါလိမ့်... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခရောက်မှာ သူသိ သေးရဲ့လား....(မသိပါဘုရား)။

မသိသောကြောင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ခင်ဗျားတို့.... တည်ထောင်တယ်၊သဘောကျပလား....(ကျပါတယ်) ကိလေသ ဝဋ်နဲ့ကမ္မဝဋ် တည်ထောင်လို့ ဝိပါကဝဋ်ဒုက္ခသစ္စာဆိုတဲ့ အခု ခန္ဓာငါးပါးကြီးမရဘူးလား....(ရပါတယ်ဘုရား) ဒါဘာသစ္စာ တဲ့တုံး....(ဒုက္ခသစ္စာပါဘုရား) ဟာ.... ဒီ တကာ တကာမတွေ ကံကောင်းလို့ လူဖြစ်လာတယ်လို့ သူများကတော့ ပြောကြတယ်

ကံကောင်းလို့ လူဖြစ်လာတယ်ဆိုတော့ ဒီ သင်္ခါရဆိုတာ ဟောဒီ မြွားကလေး ထောက်ကြည့် သူ့အတိုင်း ဆက်လာခဲ့တယ်၊ ဟော-ကမ္မဘဝနဲ့ အတူတူပါဘဲတဲ့၊ မတူဘူးလား....(တူပါတယ်ဘုရား) သင်္ခါရနဲ့ ကမ္မဘဝကို ကြိုးနှင့် တွဲမပြဘူးလား....(ပြပါတယ် ဘုရား)။

အတူတူဘဲလို့ ပြောတာ၊ သဘောကျပလား.... (ကျပါပြီ) အဲဒီတော့ အတူတူဆိုလို့ ရှိယင် "သင်္ခါရပစ္စယာ ဝိညာဏံ" နဲ့ ကမ္မဘဝပစ္စယာ ဇာတိနဲ့ အတူကူဘဲ....(မှန်ပါ့)ပေါ်ကြပလား-(ပေါ်ပါပြီ) သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတာလဲ ဇာတိဘဲ...(မှန်ပါ့) ကမ္မဘဝပစ္စယာ ဇာတိဆိုတာကော.... (ဇာတိပါဘဲ ဘုရား)ဒါဖြင့် ခင်ဗျားတို့ ဇာတိရောက်အောင် လုပ်နေတယ်.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)ဇာတိ ဘာသစ္စာ တုံး...(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြတယ်....(မှန်ပါ့) တကာတကာမတွေ ဘာတဲ့တုံး....(ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာပါ ဘုရား) အသာ အေးအေးနေတာက တော်သေးတယ်၊ ဒုက္ခရှာ တာတော့ မတော်ပါဘူး....(မှန်ပါ့) အေးအေး နေတာက ဘာတုံး....(တော်ပါသေးတယ်) ဒုက္ခရှာတာကတော့....(မတော် ပါဘုရား)ဘယ့်နှယ်ကြောင့် ဒုက္ခရှာဖြစ်ပါလိမ့်မလဲ မေးတော့ သူက ဒုက္ခသစ္စာလို့လဲ မသိဘူး၊ သူ့ကိုလဲ ဒုက္ခသစ္စာလို့ သိရဲ့ လား....(မသိပါဘုရား)။

ဒါတွေလဲ ဒုက္ခသစ္စာလို့ကော...(မသိပါဘုရား) မသိတော့ သူသည် လှူဒါန်း ပေးကမ်းပြီးသကာလ ဆုတောင်းလိုက်တယ်တဲ့ လူ့ဘဝ နတ်ဘဝရ-ရပါလို၏ တောင်းလိုက်တော့တကာတကာမ

တွေ့ ဒီဘက်ကို စုတိမနေသေလွန်တော့ ဒီဘက် ကူးမလာဘူးလား (လာပါတယ်ဘုရား)ကူးလာတော့ ဘာသစ္စာရတုံး....(ဒုက္ခသစ္စာ ရပါတယ်ဘုရား) ဒုက္ခသစ္စာရတော့ ဒုက္ခသစ္စာဆိုတာ အကျိုး ပေးဘဲ....(မှန်ပါ) သူတို့နှစ်ခုက အကြောင်း၊ ဒီဟာက ဘာပါ လိမ့်....(အကျိုးပါဘုရား)။

အကျိုးကို မပြဘူးလား....(ပြပါတယ်ဘုရား)ဒါဖြင့် အကျိုး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)အဲဒါ သစ္စာမသိဘဲနဲ့ လုပ် ယင် ဒုက္ခသစ္စာရမယ် . (မှန်ပါ)သစ္စာသိပြီး လုပ်လို့ရှိယင် ဒီဒုက္ခ လွတ်မယ်....(မှန်ပါ)လူကြပါ....(မှန်ပါ) သဘောပါပလား.... (ပါပါပြီ)သစ္စာကို သိပြီး လုပ်ခဲ့လို့ရှိယင် ဒီဒုက္ခ ဘယ့်နှယ်နေ မလဲ... (လွတ်ပါမယ်ဘုရား) ဒီလိုကျတော့ ခင်ဗျားတို့ ခန္ဓာကိုယ် ပေါင်လူ၊လူကောင်းတယ်၊ သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

သစ္စာမသိဘဲနဲ့ လုပ်ခဲ့သော် ဒုက္ခရောက်မယ်....(မှန်ပါ) ရှင်း ကြပလား .... (ရှင်းပါပြီ) သစ္စာမသိဘဲနဲ့ လုပ်ခဲ့သော် .... (ဒုက္ခရောက်ပါမယ်ဘုရား) ဘုန်းကြီးက ပြောတာလား၊ သင်္ခါရ ပစ္စယာ ဝိညာဏံကပြောတာလား(သင်္ခါရပစ္စယာ ဝိညာဏံက ပြောတာပါဘုရား) တနည်း ကမ္မဘဝပစ္စယာ ဇာတိကော(ပြော ပါတယ်ဘုရား)ကဲ....ဘုန်းကြီးနဲ့ ဘာဆိုင်သေးသတုံး....(မဆိုင်ပါ ဘုရား)ဘုန်းကြီးနဲ့ ဘာမှ မဆိုင်ဘူး၊ ဘုန်းကြီးက ဒါနပယ်တာလဲ မဟုတ်ဘူး၊ သီလပယ်တာလဲ မဟုတ်ဘူး၊ သူ့အကြောင်းနဲ့ သူ့ အကျိုးဆက်ပုံပြတာ....(မှန်ပါ)။

ဘုန်းကြီးနဲ့ ဘာမှမဆိုင်ဘူး၊ ဒီ ဘုန်းကြီးဆီသွား တရားနာ ရတာဟေ့ကုသိုလ်ပေမဲ့ သူကပယ်နေတယ်ဆိုမလား၊ကိုယ်ကပယ်

နေတယ်ဆိုမလား....(ကိုယ်ဖောပယ်နေတာပါဘုရား)ကိုယ်က ပယ် နေတာ ဘုန်းကြီးက ပြောပြတာဘဲ ရှိတယ်၊ ရိပ်မိပလား-(ရိပ်မိ ပါပြီ) အဲဒီတော့ တဏှာတဏှာမတို့ သင်္ခါရပစ္စယာ ဝိညာဏံ မလုပ်ကောင်းဘူး၊ဟုတ်လား(မှန်ပါ) သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော လုပ်ကောင်းတယ် (မှန်ပါ ဘုရားလုပ် ကောင်းပါတယ် ဘုရား)။

သင်္ခါရနိရောဓာ.... (ဝိညာဏနိရောဓော) မလုပ်ကောင်း ဘူးလား....(လုပ်ကောင်းပါတယ် ဘုရား) သင်္ခါရ နိရောဓာ ဆိုတော့ ကမ္မဝဋ်ကျွတ်တယ်....(မှန်ပါ) မကျွတ်ဘူးလား-(ကျွတ် ပါတယ်ဘုရား) ဝိညာဏ နိရောဓောဆိုတော့ အကျိုးဝိပါက တွေကော မကျွတ်ဘူးလား....(ကျွတ်ပါတယ်ဘုရား) ဝဋ်ကျွတ် ချင်တော့ လုပ်ပါ၊ ပေါ်ပလား....(ပေါ်ပါပြီ ဘုရား) အေး.... မြန်အောင် ဦးတင် ပေါ်ပလား....(ပေါ်ပါပြီဘုရား) အဲ.... ပေါ်ယင် သေသေချာချာ မှတ်ပါ၊ ပေါ်ယင် သေသေချာချာ မှတ်ပါ။

ဩော်....ဒါဖြင့်လုပ်နည်းကွာခြားနေလို့ပါလားဆိုတာပေါ် သွားတယ်....(မှန်ပါ)သစ္စာမသိဘဲနဲ့လုပ်ယင်သံသရာရှည်သကွ.... ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)သစ္စာသိပြီး လုပ်ယင် သံသရာပြတ်သကွ....၊တဏှာတဏှာမတွေ ငြင်းဘို့ လိုသေးသလား (မလိုပါဘုရား) သဘောပါကြပလား....(ပါပါပြီဘုရား) အေး....တဏှာတဏှာမတွေ အိပ်နေလို့ မရဘူး၊ သေသေချာချာ မှတ်မှ... (မှန်ပါဘုရား)သေသေချာချာ မှတ်ပါနော်....၊ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတော့ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်တယ်၊ သဘောကျပလား .. (မှန်ပါ ကျပါပြီဘုရား)။

သမုဒယသစ္စာကြောင့်-(ဒုက္ခဖြစ်ပါတယ်ဘုရား) ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ၊သင်္ခါရနိရောဓါ ဝိညာဏနိရောဓော" ဆိုတော့ တကာ့ဘတကာမတို့ သင်္ခါရချုပ်လို့ ဝိညာဏ်ချုပ်တယ် ဆိုတော့ ဒီက မဂ္ဂသစ္စာ၊ ဒီက မဂ္ဂသစ္စာသွားဖြစ်တယ်(မှန်ပါ) ပေါ်ပလား(ပေါ်ပါပြီဘုရား)ဒါက စာထဲမှာ မပါဘူး၊ ဘုန်း ကြီးက ဖြည့်ရတာ(မှန်ပါ)စာထဲ အကုန်ရေးမယ်ဆိုယင် တထပ် ကြီး ဖြစ်နေမှာဘဲ စာလုံးကို ပီတော့မှာ မဟုတ်ပါဘူး-(မှန်ပါ) ဖြတ်လမ်းပါ ရေးမယ်ဆိုယင်နော်....(မှန်ပါ)။

ကဲ....ဒါ သဘောပါကြပလား(ပါပါတယ်ဘုရား)ကောင်းပြီ ဒါဖြင့် တကာတကာမတို့ မသိတဲ့ပုဂ္ဂိုလ် အလှူပေးခြင်းကြောင့် ဒုက္ခရောက်တယ်၊ ပေါ်ပလား-(ပေါ်ပါပြီ)ဒါဘယ်နှယ်ဆိုမယ် (မသိတဲ့ပုဂ္ဂိုလ်ပါ)အလှူပေးခြင်းကြောင့်-(ဒုက္ခရောက်ပါတယ်) ဒုက္ခရောက်သည်၊ ဒီသစ္စာ ပြန်ရတာဘဲ....(မှန်ပါ) ဘာတွေတုံး- မေးတော့ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက(သင်္ခါရပါ) ရတာ က....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း-မသိတဲ့ပုဂ္ဂိုလ် အလှူပေးလိုက်တာ ဘာသစ္စာရသတုံး- (ဒုက္ခသစ္စာရပါတယ်)သိတဲ့ ပုဂ္ဂိုလ် ဟောဒီဒုက္ခသစ္စာကို လှမ်းသိ ထားတယ်-(မှန်ပါ) သိတဲ့ပုဂ္ဂိုလ် အလှူပေးလို့ ရှိယင်ဖြင့် ဒုက္ခ ချုပ်တယ်(မှန်ပါ)ပေါ်ပလား(ပေါ်ပါပြီ)သိတဲ့ ပုဂ္ဂိုလ်အလှူ ပေးယင်....(ဒုက္ခချုပ်ပါတယ်)ဒုက္ခချုပ်တယ်၊ ဒီ သစ္စာ လှမ်းသိ ထားတာကိုး(မှန်ပါ)လက်ရှိကိုလဲ သိထားတယ်၊ လက်မဲ့ကော (သိထားပါတယ်) သိထားကော့ သိတဲ့ ပုဂ္ဂိုလ် အလှူပေးယင် ဒုက္ခ ဘယ်နှယ်တုံး....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး၊ ခင်ဗျားတို့သိပြီး အလှူပေးယင် ဒုက္ခချုပ်တယ်....(မှန်ပါ)မှသိဘဲ အလှူပေးယင် ဒုက္ခရမယ် ဆိုတော့ ဝဋ္ဋ-ဝိဝဋ္ဋစာလို ခွဲထားတာပါဘဲ သို့သော် ဒါကအမြင်ခွဲ ပြောသံကြား ခွဲတာလား အမြင်ခွဲတာလား (အမြင်နဲ့ ခွဲတာပါ ဘုရား)ဒါဖြင့် ဘယ်ဟာကို အတည်ပြုကြမတုံး၊ ပြောသံကြားနဲ့ ခွဲတာကို ခင်ဗျားတို့ မယုံနဲ့။

ကိုယ့်သန္တာန်မှာ လူစည်းစိမ်နတ်စည်းစိမ်ကို ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ၊ မသိတော့ လူမိ, တန်းမိ, ပေးမိ, ကမ်းမိပြီး ဆုမတောင်းဘူးသား....(တောင်းပါတယ်ဘုရား)။

တောင်းလိုက်တဲ့အခါ စုတိမနေ သေလွန်တော့ မပြည့်ဘူး လား....(ပြည့်ပါတယ်ဘုရား)။

ခန္ဓာငါးပါး မရဘူးလား....(ရပါတယ်ဘုရား)။

ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ဒါမသိတဲ့ပုဂ္ဂိုလ် အလှူပေးလို့ ဒုက္ခရောက်သည်၊ ရှင်းပလား (ရှင်းပါပြီ) ကဲ....လက်ရှိခန္ဓာကြီးကို ဝိဇ္ဇာနဲ့ သိပေးစမ်းတဲ့၊ ဘာ သစ္စာတုံး ...(မဂ္ဂသစ္စာပါ) ဟိုဘက်က ဒါဝိဇ္ဇာ ဖြစ်မသွားသေး ဘူးလား....(ဖြစ်ပါတယ်) ဒီ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာလို့ သိတော့ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဒုက္ခကျွတ်ရာ လုပ်ဦးမှာဘဲဆိုတာကသင်္ခါရ-(မှန်ပါ) သဘောကျပလား.... (မှန်ပါ) အဲဒီသင်္ခါရ လုပ်လိုက်တော့ကို တကာတကာမတို့....တဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတာ သိတဲ့ပုဂ္ဂိုလ်လုပ်သောကြောင့် ဒုက္ခသစ္စာပေါ်ဦး မလား ....(မပေါ်ပါဘုရား) ဒါဖြင့်....သိတဲ့ပုဂ္ဂိုလ် အလုပ် လုပ်ယင် ဒုက္ခလွတ်တယ်....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီ)

သိတဲ့ပုဂ္ဂိုလ် အလုပ်လုပ်ယင်.... (ဒုက္ခလွတ်ပါတယ်) ဒုက္ခလွတ်တယ်၊ ရှင်းပြီနော်.... (ရှင်းပါပြီ)နောက် သမုဒယ လာသေးရဲ့လား.... (မလာပါဘုရား) နောက် ဒုက္ခ.... (မလာပါဘုရား)။

ဒါဖြင့် အဝိုင်းကြီး လည်နိုင်သေးရဲ့လား.... (မလည်နိုင်ပါဘုရား)ရှင်းပလား(မှန်ပါ) ဒါဖြင့် တကာတကာမတို့ သေသေချာချာ ဆရာဘုန်းကြီးက ဆုံးမသွန်သင်ပြီးသကာလ ခန္ဓာထဲက ဖြစ်စဉ်ကို ပြနေတယ်၊ စက်ဝိုင်းဆိုတာကော ယုံကြည်ကြပလား-(ယုံကြည်ပါတယ်ဘုရား) အဲဒါတရားမဆုံးဘဲ နေမှာစိုးသောကြောင့် တကာတကာမတို့ မသိတဲ့ပုဂ္ဂိုလ် အလုပ်ပေးယင် ဘာရသလဲ....(ဒုက္ခသစ္စာရပါတယ်) သိတဲ့ပုဂ္ဂိုလ် ကျင့်ကြံကြိုးကုတ်လှူဒါန်းခြင်း အလုပ်လုပ်ခဲ့သော် ဒုက္ခ ဘာတုံး....(ဒုက္ခလွတ်ပါတယ်ဘုရား)။

ဒုက္ခလွတ်တယ်ဆိုတာ သိတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာလိုချင်လို့ လုပ်သလား၊ ခန္ဓာကို မလိုချင်လို့ လုပ်သလား.... (မလိုချင်လို့ လုပ်တာပါဘုရား) ဒါဖြင့် သိတာက ဝိဇ္ဇာ၊ မလိုချင်တာက အလောဘ မဖြစ်သေးဘူးလား(ဖြစ်ပါတယ်) ဖြစ်တော့ ဒါကြီး လည်နေဘာ ဒီဝဋ်ရိုးဘဲ....(မှန်ပါ)အဝိဇ္ဇာနဲ့ တဏှာဝဋ်ကျောလည်နေဘာ ဒါကြီးဘဲ အဝိုင်းလည်နေတာက ဒီမှာ မပါသေးဘူးလား.... (ပေါ်ပါတယ်) အဝိဇ္ဇာနဲ့ ဘဝဘကျောဟာ ဒါမှာ ဘာထင်ကြသတုံး....(ဝဋ်ရိုး) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ သိတဲ့ပုဂ္ဂိုလ် အလုပ်လုပ်တဲ့အခါကျတော့ ဝဋ်ရိုးဖြစ်သေးရဲ့လား... (မဖြစ်ပါ) ဝဋ်ရိုးမဖြစ်လို့ရှိယင် လည်လို့ (မရပါ) ဪ....ဒါဖြင့် ဒီနေ့တရားသည် ဝဋ်ရိုးချိုးတဲ့တရားဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ) ဘာတရားပါလိမ့်... (ဝဋ်ရိုး

ချိုးတဲ့တရားပါဘုရား) ခင်ဗျားတို့ သံသရာ လည်နေမှာစိုးလို့ ဝင်ရိုးချိုးပစ်တာ၊ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ခင်ဗျားတို့ သံသရာလည်မှာစိုးလို့ ဘာတဲ့.... (ဝင်ရိုးချိုးပစ်တာပါဘုရား)။

ဝင်ရိုးချိုးတာဆိုတော့ သိတာက ဝိဇ္ဇာဆိုတော့ အဝိဇ္ဇာ ရှိသေးရဲ့လား....(မရှိပါဘုရား) သင်္ခါရက သူ ပြုလုပ်တတ်တဲ့ တရားတဲ့၊ လိုချင်လို့ ပြုလုပ်တာ၊ မလိုချင်ဘောကို အသင်္ခါရ ဆိုတဲ့ ပြောင်းပြန်ဖြစ်မသွားဘူးလား-(ဖြစ်သွားပါတယ်ဘုရား) ခန္ဓာ မလိုချင်တာပေါ့ဗျာ.... (မှန်ပါ) မလိုချင်တာကတော့ အလောဘဆိုတော့ တဏှာက ဘာဖြစ်သွားသလဲ.... (အလောဘ ဖြစ်သွားပါတယ်)အဝိဇ္ဇာက ဘာဖြစ်သွားသလဲ-(ဝိဇ္ဇာဖြစ်သွား ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့တသံသရာလုံး သံသရာလည်နေတဲ့ ဝင်ရိုးကြီး ယနေ့ ကျိုးပြီ....(မှန်ပါ)မကျိုးဘူးလား....(ကျိုးပါတယ်) သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)ကောင်းပြီ ဒါဖြင့် ဝင်ရိုးတော့ကျိုးပြီဘုရား၊ဝင်ရိုးကျိုးလို့ ရှိယင်ဖြင့် ဒီဘီးကြီးမှာ တကာတကာမတို့ ဒေါက်တွေက တစ်၊နှစ်၊သုံး၊လေး ဆိုတော့ ဒေါက်တွေ မပါဘူးလား....(ပါပါတယ်ဘုရား) ဝင်ရိုးပေါ် ဆိုတာ ဒေါက်စိုက်ရတယ်၊ လှည်းဘီးသွားကြည့်ပါ၊ ဝင်ရိုး ပေါ်မှာ ဘာစိုက်ရသလဲ....(ဒေါက်စိုက်ရပါတယ်ဘုရား)။

ဝင်ရိုးပေါ်မှာ ဒေါက်မစိုက်ခင် ဟောဒီ အနီရစ်ကလေးက ပဒေါင်းလို့ မှတ်လိုက်စမ်းပါ၊ ဝင်ရိုးထည့်တဲ့ အပေါက်အရာ ကြီးပေါ့ဗျာ....(မှန်ပါ)သဘောကျပလား .. (ကျပါပြီ) ဒီ အနီ ရစ်ဟာ ဘာပါလိမ့်.... (ပဒေါင်းပါဘုရား) ပဒေါင်း၊ပဒေါင်း၊ မော်တော်မှာလဲဗျာ ခင်ဗျားတို့ ဘေးကနေပြီးသကာလ ဘောလ်

ဘယ်ယားရင် ဆိုပြီးသကာလ လှည့်တဲ့နေရာပေါ့ဗျာ—(မှန်ပါ့) ရိပ်မိပြီ မဟုတ်လား....(မှန်ပါ့) ကောင်းပြီ ဒါဖြင့် ဝင်ရိုးကြီး ဒီပဒေါင်း၊ ပဒေါင်းပေါ်မှ ဒေါက်စိုက်ရတယ်၊ သဘောကျ ပလား... (ကျပါပြီဘုရား)။

ဒေါက်ပေါ်မှ တခါဒီကနေပြီးသကာလ တာယာကွပ်တွေနဲ့ မကွပ်ရဘူးလား... (ကွပ်ရပါတယ်)ဒါမှ လိမ့်လို့ ဖြစ်မှာကိုးဗျ၊ နို့ မို့ယင် ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါ) ဒါကြီးက ဒါဖြင့် ဒါက ဘာခေါ်ကြမယ်.... (ဝင်ရိုး) ဒီဘက်က ဘာပါလိမ့်.... (ပဒေါင်း)ဒီလေးခုက ဘာပါလိမ့်....(ဒေါက်တွေပါ) ဒီအပြာ ပတ်ကြီးက ဘာပါလိမ့်.... (သံပတ်ခွေ)သံပတ်ခွေကြီး၊ တနည်း မော်တော်ကား တာယာကြီးပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)ဒါဖြင့် ဘီးဖြစ်ပြီလား-မဖြစ်သေးဘူးလား.... (ဖြစ် ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ နဂိုရ်က ဒီ ဘီးကြီးဖြစ်နေတာ....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ နဂိုရ်က ဘာဖြစ်နေကြပါလိမ့်- (ဒီဘီးကြီး ဖြစ်နေပါတယ်) ဘီးကြီးဖြစ်နေတယ်ဆိုတာ ရှင်းကြ ပလား(ရှင်းပါပြီ) ကိုင်း—ဒါဖြင့် ဝင်ရိုးတော့ဖြင့် သိတဲ့ပုဂ္ဂိုလ် ပြုလုပ်သောကြောင့် သိတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာကို မလိုချင်လို့ ပြုလုပ်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သိတော့ ဒါက ဘာဖြစ်သွားသတုံး(ဝိဇ္ဇာဖြစ်ပါတယ်) မလို ချင်တော့ ဒါက ဘာဖြစ်သွားတုံး....(အလောဘဖြစ်ပါတယ်) အလောဘ ဖြစ်သွားတော့ တကာတကာမတို့ အဝိဇ္ဇာနဲ့ တဏှာ မချုပ်ဘူးလား(ချုပ်ပါတယ်ဘုရား) ဒါဖြင့် ဒါ အလုပ်လုပ်တဲ့ နေရာ မဟောသေးပါဘူး၊ လူပုံဒါန်းပုံ ဟောတုန်းရှိသေးတယ်၊

သဘောကျပလား....(ကျပါပြီ) အလုပ်-လုပ်ပုံကို ဟောပလား၊ လူ့ပုံ-ဒါန်းပုံကို ပြင်ပေးတုန်းဘဲလား(လူ့ပုံ-ဒါန်းပုံ ပြင်ပေးတုန်းပါဘုရား)ပြင်ပေးတုန်းဘဲ ရှိသေးတယ်။

ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာနဲ့ တဏှာ မချုပ်သေးဘူးလား....ချုပ်သလား (ချုပ်ပါတယ်) ချုပ်တော့ ဝင်ရိုးကြီးဖြင့် ပျက်ပဟာ ...၊မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)ဒါကို စာလိုသုံးတော့ အာသဝဝင်ရိုးလို့ ခေါ်ပါတယ်....(မှန်ပါ့) စာလိုသုံးတော့...(အာသဝ ဝင်ရိုးပါ)အဝိဇ္ဇာ ပဒေါင်းဆိုတာ ရှိသေးတယ်....(မှန်ပါ့) အဝိဇ္ဇာက ပဒေါင်းတဲ့၊ အာသဝက ဘာတဲ့....(ဝင်ရိုးပါဘုရား) အဝိဇ္ဇာက....(ပဒေါင်းပါဘုရား) ဒီ ပဒေါင်းကြီးက တကာတကာမတို့ ဝင်ရိုးကျိုးသွားငြားသော်လဲ ပဒေါင်းပေါ်မှာ ဒေါက်စိုက်လို့ ရသေးတယ် ...(မှန်ပါ့) မရဘူးလား ...(ရပါတယ်ဘုရား)။

ပဒေါင်းပေါ်မှာ ဒေါက်စိုက်လို့ ရသေးတယ် ဆိုတော့ ပဒေါင်းမဖျက်လို့ ရှိယင်လဲ တော်ပါ့မလား....(မတော်ပါ) မတော်တော့ ဒီလိုလုပ်လိုက် တကာတကာမတို့ ဒါတွေဟာ ဘာသစ္စာတွေပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာတွေဆိုတာ ဒီကနေပြီး ဉာဏ်နဲ့ ဝေဒနာပေါ်လဲ ဒုက္ခသစ္စာပေါ်တယ်လို့ သိပေးပါ(မှန်ပါ့)ဖဿ ပေါ်ယင်ကော--(ဒုက္ခသစ္စာလို့ သိပေးပါ) ဒုက္ခသစ္စာ ပေါ်တယ်လို့ မသိရပေဘူးလား....(သိရပါတယ်) သညာယာနာ ပေါ်ယင်ကော....(ဒုက္ခသစ္စာလို့ သိရပါမယ်)။

ဒါဖြင့် တကာတကာမတို့ မသိတာက သိတာ ဖြစ်မသွားဘူးလား ... (ဖြစ်သွားပါတယ်) ဒါဖြင့် အဝိဇ္ဇာတည်းဟူသော ပဒေါင်းကြီးက တကာတကာမတို့ သိသွားကတည်းကဒီပဒေါင်း

ရှိသေးရဲ့လား…(မရှိပါ) အာသဝ ဝင်ရိုးလဲ ကျိုးပြီ သိခြင်း ကြောင့် ပဒေါင်းကြီးကော ရှိသေးရဲ့လား….(မရှိပါ) ဒါဖြင့် အဝိဇ္ဇာမရှိတဲ့ ပုဂ္ဂိုလ်သည် သင်္ခါရဆိုတဲ့ ဒီဒေါက်တွေ လုပ်ပါဦး မလား….(မလုပ်ပါဘုရား)။

မလုပ်လို့ရှိယင်ဖြင့် သင်္ခါရဒေါက်တွေဟာ ဘယ့်နှယ်နေသ တုံး၊ မကျိုးဘူးလား၊ ကျိုးသလား …. (ကျိုးပါတယ်)သင်္ခါရ ဒေါက်တွေကျိုးလို့ရှိယင် ဗီအကွပ်ကြီးဟာ ဘယ်သွားကွပ်မလဲ- (မကွပ်နိုင်ပါဘုရား) မကွပ်နိုင်လို့ရှိယင် ဇရာ မရဏ အကွပ်ကြီး ဟာ… အလိုလိုပြုတ်ကျတယ်….(မှန်ပါ) မကျဘူးလား….(ကျပါ တယ်ဘုရား) ဒါဖြင့် တရားကို သေသေချာချာ မှတ်ကြဦးစို့…. (မှန်ပါ)စောစောစီးစီး ပြောတာကိုလဲ မှတ်ပါ၊ အာသဝ ဝင်ရိုး မှတ်မိပြီနော်… (မှတ်မိပါပြီဘုရား)။

အာသဝ ဝင်ရိုး၊ အဝိဇ္ဇာ ပဒေါင်း….(မှန်ပါ)သင်္ခါရ ဒေါက် တွေ(မှန်ပါ)ရှင်းပလား…. (ရှင်းပါပြီ) ဇရာ မရဏ အကွပ်တွေ (မှန်ပါ) ပေါ်ပလား… (ပေါ်ပါပြီ)ပြန်ပြောဦးမယ် တခေါက် အာသဝက ဘာတဲ့-(ဝင်ရိုးပါဘုရား)အဝိဇ္ဇာက… (ပဒေါင်းပါ) သင်္ခါရတွေ ကမ္မဘဝတွေက ဘာတွေပါလိမ့်….(ဒေါက်တွေပါ ဘုရား)ဒီက အပြာပတ်ကြီးက ဘာပါလိမ့်မတုံးဆိုတော့ ဇရာ မရဏအကွပ် (မှန်ပါ)။

ရှင်းပလား… (ရှင်းပါပြီဘုရား) ဘာတဲ့တုံး….(ဇရာ မရဏ အကွပ်ပါ)ဒါဖြင့် ခင်ဗျားတို့ ကုသိုလ်လုပ်တဲ့ ဇရာမရဏအကွပ်နဲ့ သွားတွေ့မှာဘဲ(မှန်ပါ) အကုသိုလ်လုပ်တဲ့ ဇရာ မရဏအကွပ်နဲ့ သွားတွေ့မှာဘဲ၊ ဘာကြောင့်တုံး ဆိုလို့ရှိယင်ဖြင့်တဲ့….အဝိဇ္ဇာ ပဒေါင်းပေါ်မှာ စိုက်ထားတာကိုး….(မှန်ပါ)အာသဝ ဝင်ရိုးက

လှည့်လိုက်တော့ အောက်ရောက်,အထက်ရောက်၊ရောက်-မ ရောက် (ရောက်ပါတယ်ဘုရား) စဉ်းစားမိကြပလား....(မှန်ပါ့ စဉ်းစားမိပါတယ်ဘုရား)။

ထိုကဲ့သို့ စဉ်းစားမိတဲ့အခါကျတော့ တကာတကာမတွေသည် အရေးအကြီးဆုံးဟာ ဒီဝင်ရိုးလဲ ကျိုးရမယ်၊ ဒီပဒေါင်းလဲ မရှိမှ အလည်ရပ်မယ်....(မှန်ပါ့)သံသရာ အလည်ရပ်မယ်....(မှန်ပါ့) သဘောပါကြပလား(ပါပါပြီဘုရား)ဝင်ရိုးလဲ မရှိမှ ပဒေါင်းလဲ မရှိမှ ဘာပါလိမ့်.... (သံသရာအလည် ရပ်ပါမယ်) ဒေါက်တော ချည်၊ လည်နိုင်သေးရဲ့လား .. (မလည်နိုင်ပါဘုရား)အငတ် ကြီးကော သူ့ဟာသူ လည်နိုင်သေးရဲ့လား .... (မလည်နိုင်ပါ ဘုရား) မြေပေါ် ပုံကျသွားပြီ၊ သဘောပါကြလား....(ပါပါ ပြီဘုရား)။

ဒါဖြင့် ဒီအရေးဟာ တကာတကာမတို့ သာမှုညကြီးတဲ့အရေး လား၊ တသံသရာလုံးမှာ ဒီဝင်ရိုး မကျိုးခဲ့လို့ ပဒေါင်းကြီး မပြုတ်ခဲ့လို့ ကျုပ်တို့မှာ လည်နေရတာကို ယနေ့သည် တကာ တကာမတို့ ဝင်ရိုးချိုးပြီးသကာလ ပဒေါင်းဟာ ဖျက်ရတော့မယ် (မှန်ပါ့)သဘောပါကြလား....(ပါပါတယ်ဘုရား)ဝင်ရိုးချိုးပြီး ဘာလုပ်ရမယ်.... (ပဒေါင်းဖျက်ရပါမယ်ဘုရား)။

ပဒေါင်းဖျက်ရမယ်ဆိုတော့ တရားကတော့ အင်မတန် နက် သပေါ့ဗျာ၊နက်ပင်နက်ငြားသော်လည်း နားထောင်ပါ တရား စစ် ဒါမှ နိဗ္ဗာန်ရောက်မယ်....(မှန်ပါ့ဘုရား) သဘောပါပလား (ပါပါပြီ)နက်တော့ မနက်ဘူးလား....(နက်ပါတယ်) သို့သော် ဒီတရားမှ မနာရလို့ရှိယင် သံသရာ အလည်ရပ်ပါမလား-(မရပ် ပါဘုရား) ဒါဖြင့် ပဒေါင်းကျိုးအောင်လဲ လုပ်၊ ဝင်ရိုး ကျိုး

အောင်လဲလုပ်မှ ပဒေါ်ငါးယင်လဲ ပြုတ်ကျအောင်လုပ်ပါမှ နေရာကျမယ်၊ သဘောပါကြလား....(ပါပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ အလုပ်ပြတော့မယ်နော် အလုပ်ပြတော့မယ်ဆိုတော့ တကာဘကာမတို့ကိုတဲ့ ဒီ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ဥစ္စာသည် လွန်ခဲ့ပြီးသော ကာလ ဖြစ်သောကြောင့် ဝိပဿနာ မရှုပါနဲ့ (မှန်ပါ့) ပဋိသန္ဓေစိတ်....(မှန်ပါ့)ပဋိသန္ဓေစိတ်ဟာ ပဋိသန္ဓေနေပြီး ချုပ်ခဲ့တာကိုး...(မှန်ပါ့ဘုရား) ဝိပဿနာ ရှုတော့ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

ဒါဖြင့် သူ့လဲ ဝိပဿနာမရှုနဲ့....(မှန်ပါ့)ပေါ်လား(ပေါ်ပါပြီ)ဒီအခါက ဝိပဿနာရှုရမဲ့ အခါကိုးဗျ(မှန်ပါ့) နာမ်ရုပ်လဲ ရှိနိုင်ပါတယ်၊ သဋ္ဌာယတနကော....(ရှိနိုင်ပါတယ်) ဖဿ (ရှိနိုင်ပါတယ်)ဝေဒနာ ...(ရှိနိုင်ပါတယ်)ရှိနိုင်ပါတယ်ဆိုတော့ နို့-ဒီဝိညာဏ် ဘယ်နှယ်တုံးဘုရာ့၊ ဒီဝိညာဏ်က သဋ္ဌာယတနထဲ ပါသွားပြီ....(မှန်ပါ့) မပါဘူးလား....(ပါပါတယ်ဘုရား)။

မနာယတနဆိုတာ ဒီထဲ မပါဘူးလား....(ပါပါတယ်ဘုရား) စက္ခာယတန,သောတာယတန, ဃာနာယတန, ဇိဝှါယတန,ကာယာယတန, မနာယတနဆိုပြီး ခြောက်ခုကိုးဗျ၊ ဒီအထဲ စိတ်က ပါပြီးသား ဖြစ်နေတယ်....(မှန်ပါ့)သူက ပဋိသန္ဓေစိတ်မို့ ဘုန်းကြီးက ဖြုတ်ခဲ့တယ်...(မှန်ပါ့)အဲဒီတော့ ဒီလေးခုကို ပေါင်းလိုက်လို့ရှိယင် ခန္ဓာငါးပါး မစုံဘူးလား....(စုံပါတယ်ဘုရား) နာမ်က နာမက္ခန္ဓာ၊ ရုပ်က ရူပက္ခန္ဓာ၊ သဘောကျပလား .... (မှန်ပါ့)။

သဋ္ဌာယတနမှာလဲ ငါးခုက ရူပက္ခန္ဓာ၊တခုက ဝိညာဏက္ခန္ဓာ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) ဖဿက သင်္ခါရ

ကန္ဒာ၊ ဝေဒနာက ဝေဒနာကန္ဒာ၊ မရှင်းသေးဘူးလား....(ရှင်းပါပြီ)ပေါင်းလိုက်တော့ ဒီလေးခုပေါင်းယင် ခန္ဓာဘယ်နှစ်ပါး ရသတုံး....(ငါးပါး ရပါတယ်ဘုရား) ပေါ်ကြပြီ....(ပေါ်ပါပြီဘုရား)ခန္ဓာငါးပါးဘဲ ရတယ်၊ခန္ဓာငါးပါးကို တကာတကာမတို့ သတိပဋ္ဌာန်ထဲ သွင်းလိုက်တဲ့ အခါကျတော့ သတိပဋ္ဌာန်လေးပါးသွားဖြစ်တယ်။

ခန္ဓာငါးပါး သတိပဋ္ဌာန်ထဲ သွင်းလိုက်တော့ ဘယ်နှစ်ပါး ဖြစ်သွားတုံး....(လေးပါးဖြစ်ပါတယ်) ရှင်းသွားပြီ၊ သတိပဋ္ဌာန်လေးပါးကို ချုံးလိုက်ပြန်တော့ သတိပဋ္ဌာန်ကလဲ လေးပါး ရှိငြားသော်လဲ နာမ်နဲ့ ရုပ်ဖြစ်တယ်၊ လေးပါး ချုံးလိုက်တော့ ဘာရ သွားတုံး ..(နာမ်ရုပ် ဖြစ်သွားပါတယ်)ပေါ်ကြပလား-(မှန်ပါ)အဲဒီ နာမ်ရုပ်ကလဲ တခါချုံးလိုက်ပါဦးတဲ့။

တကာတကာမတို့နာမ်ရုပ်ကို ချုံးလိုက်ပါဦး၊နာမ်မှာရှိတော့လဲ ဖြစ်ပျက်ဘဲရှိတယ်(မှန်ပါ)ရုပ်မှာရှိတော့ကော-(ဖြစ်ပျက်ဘဲ ရှိပါတယ်)ဒါဖြင့် ဖြစ်ပျက်တလုံးတည်း ရှု....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီ) ချုံးလိုက်တော့ ဘာတလုံးတည်းတုံး....(ဖြစ်ပျက်တလုံးတည်းရှိပါတယ်)ဖြစ်ပျက်တလုံးတည်းရှုဆိုတော့ ခင်ဗျားတို့ မြင်မှာ ဒီဖြစ်ပျက်ဘဲ မြင်မယ်....(မှန်ပါ)။

နာမ်ကြည့်လဲ ဖြစ်ပျက်တွေ့မှာဘဲ....(မှန်ပါ) ရုပ်ကြည့်ကော (ဖြစ်ပျက်ဘဲမြင်ပါတယ်)ဝေဒနာကြည့်ကော....(ဖြစ်ပျက်ဘဲမြင်ပါတယ်)ဖဿကြည့်ကော....(ဖြစ်ပျက်ဘဲ မြင်ပါတယ်) ဒါဖြင့် တကာတကာမတို့ တပည့်တော်တို့ နိဗ္ဗာန်သွားမည့်တရား ဘယ်တရားပါလိမ့်မတုံး ဆိုတော့ ဖြစ်ပျက် မြင်အောင်ရှုတဲ့ တရား-(မှန်ပါ)။

ဟော့... ဆရာထွန်းကြီးကို ခုမှ မြင်တယ်၊ရိပ်မိပလား—(တင်ပါ့ လာပါတယ်ဘုရား) အေး....(မနေ့ကလဲလာပါတယ်ဘုရား) မနေ့ကလဲ လာတယ်....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့်တကာတကာမတို့ချုံးလိုက်တော့ဖြစ်ပျက်ဘဲကျန်တော့တယ်၊ သဘောကျပလား(ကျပါပြီ)ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်ကျန်တော့ဘယ်ဆိုဘာ သိတော့ ဒို့ဟာ ဖြစ်ပျက် ရှုဘို့ဘဲ....(မှန်ပါ့)ပေါ်ကြပလား(ပေါ်ပါပြီ)ဘာရှုကြမလဲ....(ဖြစ်ပျက်ရှုရမှာပါ) ရုပ်ရှုရမှာလား....၊ ဖြစ်ပျက် ရှုရမှာလား....(ဖြစ်ပျက်ရှုရမှာပါဘုရား)။

နာမ်ရှုရမှာလား၊ ဖြစ်ပျက် ရှုရမှာလား(ဖြစ်ပျက်ရှုရမှာပါ) ဝေဒနာရှုရမှာလား၊ ဖြစ်ပျက်ရှုရမှာလား(ဖြစ်ပျက်ရှုရမှာပါ)။

ဒါက ဘယ်မှာ ဟောပါလိမ့်မတုံး မေးတော့ ခင်ဗျားတို့ သတိပဋ္ဌာန်သာ သွားကြည့်၊ သမုဒယဓမ္မာ နုပဿီဝါ=ဖြစ်တာရှုကွ၊ ဝယဓမ္မာနုပဿီဝါ=ပျက်တာရှုကွ(မှန်ပါ့) ကဲ....ဝေဒနာ နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်တော့ ဒါဘဲလာတယ်-(မှန်ပါ့) စိတ္တာနုပဿနာ နိဂုံးချုပ်လိုက်တော့ သမုဒယဓမ္မာနုပဿီဝါ= ဖြစ်တာရှုကွ၊မလာဘူးလား(လာပါတယ်)ဝယဓမ္မာနုပဿီဝါ= ပျက်တာရှုကွ၊မလာဘူးလား....(လာပါတယ်ဘုရား)။

ဘာအရှုခိုင်းသတုံး....(ဖြစ်ပျက် အရှုခိုင်းပါတယ်ဘုရား) ဒါဖြင့် ဝေဒနာမရှုနဲ့၊ ဖြစ်ပျက်ရှု....(မှန်ပါ့) စိတ်မရှုနဲ့....(ဖြစ်ပျက်ရှု)ရုပ်မရှုနဲ့....(ဖြစ်ပျက် ရှုရပါမယ်) သဘောပါကြပလား (ပါပါပြီ) ဒါဖြင့် ရုပ်တွေနေသေးလို့ရှုယင်၊ ဝေဒနာ တွေနေသေးလို့ရှုယင် နာမပရိစ္ဆေဒဉာဏ်၊ ရူပပရိစ္ဆေဒဉာဏ် သွားဖြစ်တယ်....(မှန်ပါ့)။

ဖြစ်ပျက်တွေ့မှသာလျှင် သမ္မသန့၊ ဥဒယဗ္ဗယ ဖြစ်ပါတယ်-(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီ) ကြပ်ကြပ်နားကြီးကြီးနဲ့ ထောင်ပါ၊ရုပ်တွေနေယင်ရုပပရိစ္ဆေဒဉာဏ်- (မှန်ပါ့) နာမ်တွေ နေယင်....(နာမပရိစ္ဆေဒဉာဏ်)ဖြစ်ပျက်တွေနေယင်သမ္မသန့, ဥဒယဗ္ဗယ.... (မှန်ပါ့) မကွာဘူးလား....(ကွာပါတယ်ဘုရား) ဖြစ်ပျက်တွေ့ယင်(သမ္မသနနှင့် ဥဒယဗ္ဗယပါဘုရား) သမ္မသန နှင့် ဥဒယဗ္ဗယဉာဏ်ဆိုယင် လွဲပါ့မလား... (မလွဲပါဘုရား)။

ဒါဖြင့် အဲဒီဉာဏ်ကမှ ဝိပဿနာဉာဏ် အစ, မဟုတ်လား-(မှန်ပါ့ဘုရား) ဒါဖြင့် ဝိပဿနာ စ,ကြစို့.... ဝိပဿနာစတော့ မယ် တကာတကာမတို့ ... ဝိပဿနာကို ဘယ်နေရာမှာ ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောခဲ့ပါလိမ့်မလဲလို့ မေးတော့ မနေ့က ရှင်းပြီးခဲ့ပြီနော်....(မှန်ပါ့) ဝိပဿနာဆိုတာ ဟေိပဿိ ကောခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်၊ မနေ့က မသင်ခဲ့ဘူးလား (သင်ခဲ့ပါတယ်ဘုရား) ဘာတဲ့တုံး (ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)။

ဆရာထွန်းကြီး ပေါ်ပလား....(မှန်ပါ့ဘုရား) ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်၊ဟေိပဿိကောဆိုတာဖြစ်, ပျက် တရားကို ခေါ်ပါတယ်.. (မှန်ပါ့) သန္ဒိဋ္ဌိကော ဆိုတော့ သာမံပဿိတဗ္ဗော ဆိုသောကြောင့် ဉာဏ်နဲ့လိုက်ပါ.... (မှန်ပါ့) မလာဘူးလား(လာပါတယ်ဘုရား)ဟောင်းပြီ၊ ဒါဖြင့် ဖြစ်ပြီး ပျက်တဲ့တရားက ဟေိ = လာခဲ့ပါ၊ ပဿ = ကျုပ်ဟာ ဘာဖြစ် နေတယ် ကြည့်စမ်းပါ၊မှခေါ်ဘူးလား-(ခေါ်ပါတယ်ဘုရား)။

အဲဒါ တကာတကာမတွေက သန္ဒိဋ္ဌိကောနဲ့ လိုက်.... လိုက် သာမံပဿိတဗ္ဗော=ကိုယ်တိုင် မြင်အောင်ကြည့်မဟေ့ (မှန်ပါ့)

သဘောကျပလား.... (ကျပါပြီ) သန္ဒိဋ္ဌိကောဆိုတာ ဘာလဲ (ကိုယ်တိုင် မြင်အောင်ကြည့်ရမှာပါ) ဘယ်နေရာကြည့်ရမှာတုံး ဆိုတော့ ခေါ်ရာကြည့်(မှန်ပါ့) တကာတကာမတို့ ဘာတဲ့တုံး.... (ခေါ်ရာကြည့်ပါဘုရား) ဘယ်သူကခေါ်ပါလိမ့်ဗျာ .... (ဧဟိပဿိကောကပါ)ဧဟိပဿိကောဆိုတော့ရုပ်မှာလဲဧဟိပဿိကော ရှိတာဘဲ(မှန်ပါ့)နာမ်မှာကော....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဧဟိ=လာခဲ့ပါ၊ ပဿ=ရှုပါလို့ဆိုတာ ရုပ်နာမ်က ခေါ်နေတာ....(မှန်ပါ့)သဘောကျပလား(ကျပါပြီ) ဧဟိပဿိကောဆိုတာ ဘယ်သူက ခေါ်တာပါလိမ့်.... (ရုပ်နာမ်က ခေါ်ပါတယ်ဘုရား)ရုပ်နာမ်ကခေါ်တော့ ခေါ်တာဘဲဘဲ၊ သူခေါ်ပုံကကျုပ်ဘယ်လိုဖြစ်နေတယ်၊ကျုပ်ဘယ်လိုပျက်နေတယ်ဆိုတာ လာကြည့်ပါလို့ ခေါ်တာ၊ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ကျုပ်ဘယ်လိုဖြစ်နေတယ်၊ ကျုပ် ဘယ်လိုပျက်နေတယ်ဆိုတာ လာကြည့်ပါဆိုတော့ ခင်ဗျားတို့က ဘာနဲ့ သွားကြည့်ရမလဲ (သန္ဒိဋ္ဌိကောနဲ့ သွားကြည့်ရပါမယ်ဘုရား)။

နောက်က တကာ တကာမတွေ(သန္ဒိဋ္ဌိကောနဲ့ သွားကြည့်ရပါမယ်)ဒါဖြင့်သန္ဒိဋ္ဌိကောကို တကာတကာမတွေက ဒီအကွက်ကြားမှာထားပါ၊ ဧဟိပဿိကောက ဒီ အကွက်မှာထားပါ၊ ရှင်းပလား....(ရှင်းပါပြီ) သန္ဒိဋ္ဌိကောက ဟောဒီမြားကလေး အပေါ်မှာထားပါ(မှန်ပါ့) ဧဟိပဿိကောက တစ်၊ နှစ်၊ သုံး လေးမှာ ကြိုက်တဲ့နေရာရှုပါ၊ ပေါ်ကြပလား....(ပေါ်ပါပြီ) စိတ်ကြိုက် စိတ်ရှု(မှန်ပါ့)ဝေဒနာကြိုက်ယင်.... (ဝေဒနာရှုပါ)။

ရှုယင် သူတို့က ဘယ်လိုခေါ်မယ်ထင်သတုံး(ဟေိပဿိကောပါဘုရား) ဟေိ=လာခဲ့ပါ၊ ပဿ = ရှုပါ၊ မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) ခေါ်တော့ ဒီအပေါ်ကနေပြီး သန္ဒိဋ္ဌိကော သာမံပဿိတမွာ= ကိုယ်တိုင် မြင်အောင် လိုက်- လိုက်စမ်းပါ....(မှန်ပါ့)ခေါ်ရာလိုက်၊ သဘောကျပလား(ကျပါပြီ) ခေါ်တာက ကျုပ် ဒုက္ခရောက်နေတယ်၊ လာကြည့်ပါဦးလို့ ခေါ်တာ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သူတို့ ဖြစ်ပျက်က ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) ကျုပ်ဒုက္ခရောက်နေတယ်၊ လာကြည့်ပါဦးဆိုတော့ ခင်ဗျားတို့ ဉာဏ်နဲ့ သွားကြည့်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဒုက္ခရောက်လို့ ခေါ်တာကို ဉာဏ်နဲ့ သွားကြည့်စမ်းပါ (မှန်ပါ့) ကြည့်တော့ ဘာသစ္စာ မြင်ရမတုံး.... (ဒုက္ခသစ္စာမြင်ရလိမ့်မယ်) ကြည့်တတ်တဲ့ဉာဏ်က ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါဘုရား)။

ဩော်... ဒုက္ခ မဂ္ဂနဲ့၊ ဒုက္ခက ခေါ်ရာကို မဂ္ဂက လိုက်ပါပြောတာ....(မှန်ပါ့)သဘောပေါ်ကြပလား....(ပေါ်ပါပြီ) ဒုက္ခက ခေါ်တာကို....(မဂ္ဂက လိုက်ပါ)ဒါဖြင့် ဒုက္ခသစ္စာက မဂ္ဂသစ္စာဖြစ်သွားတယ်....(မှန်ပါ့)မဖြစ်သေးဘူးလား .... (ဖြစ်ပါတယ်) ခေါ်တာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)လိုက်တာက... (မဂ္ဂသစ္စာပါဘုရား)။

ကဲ....ဒါဖြင့် မဂ်ဟာ ဆုတောင်းအလုပ်လား၊ လိုက်ရမည့်အလုပ်လား....(လိုက်ရမည့် အလုပ်ပါဘုရား)အဲဒါကို စာလိုသုံးတော့ ပွားများရမည့် အလုပ်ဆိုပြီး ခေါ်လိုက်ပါတယ် .... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)ဒါဖြင့် တကာ တကာမတို့ ဟေိပဿိကော သဘောကျပလား....(ကျပါပြီ) တနေ့ ဘယ်နှစ်

ကြိမ်ခေါ်မလဲ .... (အကြိမ်ပေါင်း မရေတွက်နိုင်ပါဘုရား) အကြိမ်များစွာ ခေါ်မယ်နော်....(မှန်ပါ)လိုက်တော့ ဘာနဲ့ လိုက်ရမယ်.... (မင်္ဂနဲ့ လိုက်ရပါမယ်)သန္တိဋ္ဌိကောဆိုတဲ့ မဂ်နဲ့ လိုက်ပါ....(မှန်ပါဘုရား)။

ဘယ်နှစ်ကြိမ် လိုက်ရမှာပါလိမ့်....(မရေမတွက်နိုင်အောင် လိုက်ရမှာပါ)ခေါ်တိုင်းလိုက်ပါ၊ ခေါ်တာလိုက်တာ ဝိပဿနာ (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)ခေါ်တိုင်းလိုက်တာ (ဝိပဿနာပါ)ရှင်းပလား....(မှန်ပါ) ဝိပဿနာဆိုတာ ဘာပါလိမ့်....(ခေါ်တိုင်းလိုက်တာပါ) ဟေဟိ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်နေယင် ဒါ ဝိပဿနာဘဲ.... (မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဟ....ဘုန်းကြီးက ဆန်းလှချည့်ကလားလို့ တကာ တကာမတွေက ဆိုချင်သလား ပါဠိတော်ဘဲလား (ပါဠိတော်ပါဘုရား) မဆန်းပါဘူး၊ တကာ တကာမတို့ ဆန်းဟောယင် ဘုန်းကြီး အပါယ်ရောက်မှာပေါ့(မှန်ပါ)မသိတာ ဖေါ်ပြောနေတယ်လို့ မှတ်ပါ... (မှန်ပါဘုရား)ဘယ်လိုမှတ်ကြမလဲ .... (မသိတာဖေါ် ပြောနေပါတယ်ဘုရား) မသိဘာ ဖေါ်ပြောနေတော့ ခင်ဗျားတို့က ဟေဟိပဿိကော ဆိုပြီးသကာလ ဘယ်နေရာမှာ သွားပြီး အသုံးချပါလိမ့်မလဲ မေးတယ်နော်....သန္ဒိဋ္ဌိကောလို့လဲ ခင်ဗျားတို့ ပါးစပ်က မရွတ်ဘူးလား .... (ရွတ်ပါတယ်ဘုရား)။

ဘယ်နေရာမှာ သွားရွတ်ပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား (လိုပါတယ်ဘုရား) ဘုရားရှေ့မှာ သွားရွတ်တယ်၊ ခန္ဓာကိုယ် ခေါ်ရာကို လိုက်ပါလို့ ဆိုတဲ့ဥစ္စာ ဘုရားဆီ သွားနေတယ်.... (မှန်ပါ)မလွဲဘူးလား-လွဲသလား(လွဲပါတယ်) ဟေဟိပဿိကော

ဟေ်ာ=လာခဲ့ပါ၊ ပဿ=ရှုပါဆိုတာ ခန္ဓာအေ ခေါ်တာမဟုတ်လား.... (မှန်ပါ့ဘုရား)ခန္ဓာခေါ်ရာကို ကိုယ့်ဉာဏ်က မလိုက်ပေဘူးလား....(လိုက်ရပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာခေါ်ရာကို ကိုယ့်ဉာဏ်နဲ့ လိုက်ရမှာ ဘုရားရှေ့သွားပြီး ခင်ဗျားတို့က ဘုရားရှိခိုးတယ်၊ ဘုရားရှိခိုးလုပ်နေတယ်၊ မလုပ်ကြဘူးလား.... (လုပ်ပါတယ်ဘုရား) ရှိခိုးရမှာတဲ့လား.... သူ့အမိပ္ပါယ်ကိုကြည့်ပါ၊ ဟေ်ာ=လာလှည့်ပါ၊ ပဿ–ရှုပါလို့ သူ့အမိပ္ပါယ်က မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ဆရာထွန်း (မှန်ပါ့)ဘုရားရှိခိုးခုမှာတဲ့လား၊ ဟေ်ာ=လာခဲ့ပါ၊ ပဿ=ရှုပါလို့ခေါ်သလား ... (လာပါ- ရှုပါလို့ခေါ်ပါတယ်) ငါ့... ရှိခိုးလို့ဆိုသလား .... မင်းတို့ခန္ဓာ မင်းတို့ရှုလို့ ပြောသလား....(မင်းတို့ခန္ဓာမင်းတို့ရှုလို့ ပြောတာပါဘုရား)။

နို့ဘာဖြစ်လို့ ခင်ဗျားတို့က ဘုရားရှိခိုးနေတုံး၊ အို-လူကြီးတွေက ဒီလိုဘဲဘုရာ့၊ လူကြီးတွေ ကိုင်ပေါက်မှာဘဲ၊ ခင်ဗျားတို့ မပေါက်ပေဘူးလား၊ ပေါက်မယ်လား.... (ပေါက်ပါမယ်ဘုရား) အဲဒီတော့ တကာတကာမတွေ ဘုန်းကြီးက ဘုရားပယ်တယ်လို့ မယူလိုက်နဲ့နော်၊ ဘုရားရှိခိုးယင် သမထ၊ ခေါ်ရာလိုက်ယင် ဝိပဿနာ....(မှန်ပါ့)ကွဲပြာပလား.... (ကွဲပါပြီဘုရား)။

ဘုရားရှိခိုးယင်....(သမထပါဘုရား) ဒါတွေရွတ်ပြီးရှိခိုးနေယင်(သမထပါဘုရား)သမထ- ဘာ့တုံး၊ ဓမ္မာနုဿတိ၊ ဘာပါလိမ့်....(ဓမ္မာနုဿတိပါဘုရား) ကဲ.... အနုဿတိဆိုကဲတည်းကဲ သမထလား၊ ဝိပဿနာသား....(သမထပါဘုရား)။

ဟော့....ဆရာထွန်းကြီး.... (သမထပါဘုရား) သမထဆိုတာ သေချာပလား....(သေချာပါပြီ)ဒါဖြင့် ဘုရားရှေ့သွားပြီး

ခင်ဗျားတို့မှာ တောင်းတော့ နိဗ္ဗာန်ဟုတ်လား၊ ရတော့သမထ ဆိုတော့ ကိုက်ပါဦးမလား.... (မကိုက်ပါဘုရား) လိုချင်တာက ဘာတုံး... (နိဗ္ဗာန်ပါဘုရား)။

အင်း....အလုပ်နဲ့ပြပြီးသကာလ အလုပ်လုပ်နေတာက ဘာပါလိမ့်(သမထပါ) အလုပ်ကသမထ၊ ရချင်တာကဝိပဿနာ၏ အကျိုးကျေးဇူးနိဗ္ဗာန် (နိဗ္ဗာန်ပါ)ကိုက်ပါ့မလား.... (မကိုက်ပါဘုရား)ဒါဖြင့် ခင်ဗျားတို့ ဘုရားမရှိ့ ကန့်လန့်သွားလုပ်နေတာ၊ ကဲ— တကာတကာမတို့ ရိပ်မိကြပလား... (မှန်ပါ) ကန့်လန့်လုပ်တာလို့ဆိုတာ သဘောပါရဲ့လား .... (ပါပါတယ်ဘုရား)။

အခု ဘုရားရှိခိုး အဆုံးသွားကြည့်၊ နိဗ္ဗာန် ရ-ချပါလို၏၊ မပါဘူးလား... (ပါ-ပါတယ်ဘုရား) သူတို့လုပ်နေတာကနိဗ္ဗာန်ဘဲလား-သမထဘဲလား....(သမထပါ)သမထက နိဗ္ဗာန်ရောက်ပါရဲ့လား....(မရောက်ပါဘုရား) ဝေးသော အကြောင်းသာဖြစ်တယ် ဆရာထွန်း၊နီးသောအကြောင်းဖြစ်ပါ့မလား .... (မဖြစ်ပါဘုရား)သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားရှိခိုးပြီးသကာလအချိန်ကုန်ရတာနဲ့၊ ပေါ်ပယ်သိကော ခေါ်ရာကို သန္နိဋ္ဌာနကောနဲ့ လိုက်ရတာနဲ့ ဘယ်ဟာကမြတ်သတုံး .... (သန္နိဋ္ဌာနကောနဲ့ လိုက်ရတာကမြတ်ပါတယ်)ခေါ်ရာလိုက်ရတာကမြတ်တယ်နော်(မှန်ပါ)ကိုင်း ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ခေါ်ရာလိုက်နေ (မှန်ပါ) ရှင်းပလား ....(ရှင်းပါပြီ) လောဘစိတ်က ခေါ်လို့ရှိယင်လဲ လောဘစိတ်နောက် သန္နိဋ္ဌာနကောနဲ့လိုက်၊ ဉာဏ်နဲ့လိုက်ပေး.... (မှန်ပါ) ဉာဏ်နဲ့လိုက်တော့ လောဘတွေ့သလား၊ အနိစ္စတွေ့သလား....(အနိစ္စတွေ့ပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တွေ့တာက အနိစ္စဖြစ်လို့ ရှိယင်ဖြင့် တွေ့တဲ့ဉာဏ်က မဂ္ဂသွားဖြစ်တယ်(မှန်ပါ့)မဖြစ်ဘူးလား(ဖြစ်ပါတယ်) လောကီမဂ္ဂင်ပေါ့ဗျာ....(မှန်ပါ့) မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ခေါ်ရာက အနိစ္စ, လိုက်တာက မဂ္ဂ....(မဂ္ဂပါဘုရား)။

ခေါ်တာက....(အနိစ္စပါဘုရား)။

လိုက်တာက... (မဂ္ဂပါဘုရား)။

ဒါဖြင့် ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ (မှန်ပါ့ဘုရား)။

ရှတ်ပါ-ရှေ့ကိုခင်ဗျားတို့ ရ,ထားတဲ့ပါဠိ ဘုရားရှေ့ရှတ်တဲ့ ပါဠိရှတ်ပါဦး.... (အကာလိကောပါဘုရား) အကာလိကော အခါမလင့် အကျိုးပေးပြီ၊ မပေးဘူးလား-(ပေးပါတယ်ဘုရား) ကိုင်း-ဒီကစိတ်ကလေးကခေါ်ပြီ၊ကျုပ်လာကြည့်ပါဦးလို့ ခေါ် တော့ ဒီက ဉာဏ်ကလေးနဲ့လိုက်-လိုက်၊ လိုက်-လိုက်တော့ 'ဝေဒနာပစ္စယာ တဏှာ' လာသေးရဲ့လား....(မလာပါဘုရား)။

ဉာဏ်က ဒီကျတော့ ဖြတ်ပစ်လိုက်တယ်၊ ဉာဏ်က ဒီနေရာက နေလိုက်ဘာကိုး၊ မဖြတ်ဘူးလား- ဒီအဆက်ကို....(ဖြတ်ပါတယ်ဘုရား)သဘောပါရဲ့လား....(ပါပါဘယ်) မလိုက်ယင် စပ်မယ်၊ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ မလိုက်ယင် 'ဝေဒနာပစ္စယာတဏှာ'ပေါ်ကြပလား(ပေါ်ပါပြီ) ခေါ်ရာကိုလိုက်မယ် ဆိုယင် ဝေဒနာပစ္စယာ ပညာသွားဖြစ်တယ်(ပေါ်ပါပြီဘုရား) ဝေဒနာပစ္စယာ....(ပညာပါ) ခေါ်ရာပါယင် ဝေဒနာ ပစ္စယာ ပညာ၊ ဖဿ ပစ္စယာ ပညာ၊ ဝိညာဏ ပစ္စယာ.... (ပညာပါ) သဘောပါလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခေါ်ရာလိုက်မှ အကာလိကော အခါမလင့် အကျိုး ပေးမယ်ကွ-ဆိုတော့ တဏှာ ဥပါဒါန် ကံမချုပ်ဘူးလား-(ချုပ် ပါတယ်ဘုရား)မဂ်က ဒီနေရာကနေ လိုက်တယ်ပေါ့ဗျာ၊ မဂ်က ဒီနေရာကနေ လိုက်-လိုက်တော့ တဏှာ ဥပါဒါန်ကံတွေဟာ ယခု မလာတာလားဆိုလို့ ရှိယင် အခု ရှု၊ အခု မလာတာ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ) အခု ရှုယင်....(အခု မလာတာ) ဒါဖြင့် အခါမလင့် အကျိုးပေးတယ်ဆိုတာ မပေါ်သေးဘူး လား....(ပေါ်ပါတယ်ဘုရား)။

ပေါင်းကြစို့ ဟေဟိ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ယင် အကာလိကော ဖြစ်၏.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) ဟေဟိပဿိကောခေါ်ရာကို(သန္ဒိဋ္ဌိကောနဲ့လိုက်ယင် အကာလိကော ဖြစ်တယ်) အကာလိကော ဖြစ်၏၊ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အကာလိကောတော့ ဖြစ်တာသေချာပြီဘုရား၊အရှင် ဘုရား ဒါ-သေသေချာချာ အကွက်ချပြောတာဘဲ၊ သဘောပါ ပလား....(မှန်ပါ့)ဒီတရားတွေက ဘာလုပ်တတ်တဲ့ တရားတွေတုံး ဆိုတော့ဟေဟိပဿိကောတရားတွေ၊သဘောပါပလား(မှန်ပါ့)။

ခေါ်တတ်တဲ့ တရားတွေ။

ဘာ့ကြောင့်တုံး၊ သူတို့က အနိစ္စတရားတွေ....(မှန်ပါ့) ဒုက္ခ သစ္စာတရားတွေ၊ မခေါ်တတ်ဘူးလား ..၊ ခေါ်တတ်သလား.... (ခေါ်တတ်ပါတယ်) ဒါဖြင့် ဘာနဲ့ လိုက်ရမတုံးတဲ့.... (သန္ဒိဋ္ဌိ ကောနဲ့)သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော= ကိုယ်တိုင်မြင်အောင် လိုက် (မှန်ပါ့) ဘာတဲ့တုံး—(ကိုယ်တိုင်မြင်အောင်လိုက်ရပါမယ်)

ကိုယ်တိုင်မြင်အောင်လိုက်ဆိုတော့ တဏှာနဲ့ လိုက်လို့ ရပါ့မလား ဉာဏ်နဲ့ လိုက်မှ ရမလား.... (ဉာဏ်နဲ့ လိုက်မှ ရပါမယ်ဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကောကို သာမံပဿိတဗ္ဗောလို့ ဆရာထွန်း-မဖွင့်ဘူးလားဗျာ...(မှန်ပါ့-ဖွင့်ပါတယ်) သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော= ဉာဏ်နဲ့ မြင်အောင်ရှုကွ...လို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား)ဒါဖြင့် ဟော် ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်လို့ ရှိယင် အကာလိကောဆိုတော့ တဏှာ ဥပါဒါန်တွေ ရန်သူတွေဟာ အကုန်ချုပ်ပါတယ်၊မချုပ်ဘူးလား၊ ချုပ်သလား (ချုပ်ပါတယ်ဘုရား) ရန်သူချုပ်တော့ ဒီဘက်က အနာဂတ်ဒုက္ခတွေ လာပါဦးမလား...(မလာပါဘုရား)။

ဆရာထွန်း-ကြည့်စမ်း ဒီအနာဂတ်ဒုက္ခတွေ ဘယ့်နှယ်တုံး၊လာပါဦးမလား.... (မလာပါဘုရား) ဘာဖြစ်လို့ မလာတာတုံး.... ဆိုတော့ အကာလိကော အကျိုးပေးပြီးပြီဗျ၊ တဏှာ ဥပါဒါန်မချုပ်သေးဘူးလား(ချုပ်ပါတယ်)ချုပ်ကတည်းက ဇာတိ ဇရာ မရဏ ဘယ့်နှယ်နေသလဲ(မလာပါဘုရား) ဒါ အကာလိကော ဟုတ်- မဟုတ်.... (ဟုတ်ပါတယ်ဘုရား) ပေါ်ကြပလား.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာတရား ရှုနည်း နိဿယည်း ဘယ်လိုများ ဟောခဲ့ပါလိမ့်။

ကိုင်း-ဒါဖြင့် တကာတကာမတို့ ဟော်ပဿိကောဆိုတာက ၂ နံပါတ်အကွက်ထဲရှိတဲ့ တရားဟာ ဟော်ပဿိကော ချည်းမှတ်ပါ (မှန်ပါ)ရှုရမည့် တရားချည်းဘဲ....(မှန်ပါ) သဘောပါလား.... (ပါ-ပါပြီ) အဲဒါ ခင်ဗျားတို့က ဝေဒနာပစ္စယာ တဏှာနဲ့ လိုက်နေလို့ ခက်နေတာ(မှန်ပါ)သဘောကျပလား၊-(ကျပါပြီ)

ပညာနဲ့သန္တိဋ္ဌိကောနဲ့ လိုက်မယ်ဆိုယင်ဖြင့် ဖြစ်ပျက်မဂ်၊ မကိုက်ဘူးလား....(ကိုက်ပါတယ်) ဖြစ်ပျက်....(မဂ်)။

မဂ်ဆိုတော့ မဂ်က သန္တိဋ္ဌိက၊သဘောကျပလား....(မှန်ပါ) ခေါ်တာက ဟေိပဿိက၊ မဂ်က ဘာပါလိမ့်....(သန္တိဋ္ဌိကပါ) ခေါ်တာက....(ဟေိပဿိကပါဘုရား) လိုက်တာက....(သန္တိဋ္ဌိကပါ) သူလိုက်လိုက်တဲ့အတွက် တကျော့ဥပါဒါန်, ကံချုပ်-မချုပ် (ချုပ်ပါတယ်ဘုရား) အဲဒါက ဘာဆိုကြမတုံး....' (အကာလိကပါဘုရား)။

ဩြဘ်-နေရာကျလိုက်တာ၊ဩြဘ်-အလုပ်စဉ် ဘုရားကဟောခဲ့သလား၊ဒို့က အလုပ်စဉ်မလုပ်ဘဲနဲ့ ဘုရားရှိခိုးနေလို့ ခက်တာလား... (မှန်ပါ)ဘုရားရှိခိုးနေလို့(ခက်တာပါ) တကာတကာမတွေ ဘယ်နှယ်ဆိုကြမယ်... (မှန်ပါ)မမှန်နဲ့၊ ရမ်းမှန်လို့ မရဘူး ခင်ဗျားတို့....ခင်ဗျားတို့ အမှားတော်ကြီးက အတော်ကြီးတယ် (မှန်ပါ) မကြီးဘူးလား... ကြီးသလား... (ကြီးပါတယ်ဘုရား) သေသေချာချာစဉ်းစားပါတကာတကာမတို့ ဘုန်းကြီးပြောနေကျအတိုင်း ပြောရလို့ရှိယင်ဖြင့် "ဟေိပဿိကော, သန္တိဋ္ဌိကော အကာလိကော"ဆိုတာ အလုပ်ကို ဟောခဲ့တယ်(မှန်ပါဘုရား)။

ခင်ဗျားတို့က ပူဇော်မှုနဲ့ လမ်းဆုံးနေတယ်.... (မှန်ပါ)ဘယ်နှယ် ဘာနဲ့ လမ်းဆုံးနေကြသလဲ.... (ပူဇော်မှုနဲ့ လမ်းဆုံးနေပါတယ်ဘုရား)အေး... တကာတကာမတို့ ဘာနဲ့ဆုံးသလဲ (ပူဇော်မှုနဲ့လမ်းဆုံးနေပါတယ်) ပူဇော်မှုနဲ့ လမ်းဆုံးနေတယ်ဆိုတော့ တကာတကာမတို့ ဆေးအသုံးလွဲပေါ့(မှန်ပါ) ဘယ်နှယ်ဆိုကြမလဲ....(ဆေးအသုံးလွဲနေပါတယ်ဘုရား)သောက်ဆေးကို လိမ်းဆေးလုပ်ပဟာ... (မှန်ပါဘုရား)။

တဏှာတဏှာမတို့ ဘယ်နှယ်ဆိုကြမလဲ.... (သောက်ဆေးကို လိမ်းဆေး လုပ်နေပါတယ်) ဘယ်တော့ ရောဂါပျောက်မလဲ.... (မပျောက်ပါဘုရား) တဏှာတဏှာမတော့ (မပျောက်ပါဘုရား) ဘယ်နည်းနဲ့ ပျောက်မတုံး....(မပျောက်နိုင်ပါ) သောက်ဆေးကို သောက်ဆေးလုပ်ယင် ပျောက်မယ်နော်.... (မှန်ပါ့ဘုရား) သောက်ဆေးကို လိမ်းဆေးအဖြစ်နဲ့ သုံးယင်ကော...(မပျောက် နိုင်ပါဘုရား) ပျောက်ပါ့မလား....(မပျောက်ပါဘုရား) ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်.... ဓာတ်ရှင် ဘယ်လိုသုံးကြမလဲ....(သောက်ဆေးကို သောက်ဆေးအဖြစ် သုံးရမယ်) သောက်ဆေး၊ သောက်ဆေးဘဲ လုပ်ပါ.... (မှန်ပါ့) လိမ်းချင်လို့ရှိယင် ခဏဘဲ ဘုရားရှေ့သွား ပူဇော်လိုက်တာပေါ့....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီ ဘုရား) လိမ်းဆေးကို ပဓာနမထားပါနဲ့၊ ဘာ ပဓာနထားရ မတုံး... (သောက်ဆေးကို ပဓာနထားရပါမယ်) သောက်ဆေး ပဓာနထားရမယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သခင်ဝတင်တို့ ဘယ်လို အသုံးချကြမလဲ.... (သောက်ဆေး အသုံးချရပါမယ်) သောက်ဆေးဘဲ လုပ်ပါဆိုတာဖြင့် တဏှာ တဏှာမတွေ သေသေချာချာမှတ်ပါနော်.... (မှန်ပါ့) သောက် ဆေးဟုတ်တယ် မဟုတ်တယ်ကိုလဲ ဘုန်းကြီးက အထူးပြောစရာ မလိုပါဘူး၊ ခင်ဗျားတို့က ပါဠိနားလည်လို့ ဟေဝ=လာခဲ့ပါ၊ ပဿ=ရှုပါဆိုတော့ ရှိခိုးပါခိုင်းသလား....(ရှုပါလို့ခိုင်းတယ်) ကဲ .. သောက်ဆေး ဟုတ်၊ မဟုတ် မဟုတ်ဘူးလား(ဟုတ်ပါတယ် ဘုရား)။

ဖြစ်ပျက်တရားက ဒုက္ခသစ္စာက- ဟေ့=လာခဲ့ပါ၊ ပဿ= ကျုပ်ကိုရှုပါ၊ မပြောဘူးလား.... (ပြောပါတယ်ဘုရား) ဘာ ဆေးလို့ သူက ပြောသလဲ.... (သောက်ဆေးလို့ ပြောပါတယ် ဘုရား)ခင်ဗျားတို့က ဘာလုပ်သတုံး.... (လိမ်းဆေးလုပ်ပါတယ် ဘုရား) ဟာ... သွားပြီ... သွားပြီ၊ သေသေချာချာ နာတာဘဲ ဒီဥစ္စာ၊ သေသေချာချာ နာတယ်ဆိုတာ တကာတကာမတွေ့ ရှင်းပလား....(ရှင်းပါပြီ)အဲဒီတော့ လိမ်းဆေးဟာ ကျေးဇူးမရှိ ဘူးလားလို့ မေးတော့ ဟော... အနာ ငြိမ်ရုံဘဲရတယ်၊ အနာ မပျောက်ဘူး၊ သမထကိုးဗျ....(မှန်လှပါ)။

ဆရာထွန်း... အနာငြိမ်ရုံဘဲရတယ်... (မှန်ပါ) ပျောက်သွား ရဲ့လား.... (မပျောက်ပါဘုရား) သောက်ဆေး လုပ်လိုက်ယင် တော့(ပျောက်သွားပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့က ငြိမ်ရုံ ကြိုက်တယ်၊ ပျောက်တာမကြိုက်ဘူး.... (ဟုတ်ပါတယ်ဘုရား) အဓိပ္ပါယ် ဒီမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) အနာ ငြိမ်သွားတာတော့-(ကြိုက်ပါတယ်) ပျောက်သွားယင်တော့.... (မကြိုက်ပါဘုရား) တကယ်ရူးတဲ့ လူတွေပါလား။

ပျောက်တာကိုမကြိုက်ဘူးဆိုတော့ ဒီထက်ရူးရှိသေးရဲ့လား (မရှိပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) အင်မတန် ဆိုးဝါးနေတာကို ဖော်ပြောနေပါတယ်(မှန်ပါ) မပြောသင့်ဘူး လား(ပြောသင့်ပါတယ်ဘုရား) ပြောသင့်လို့ ပြောတယ်လို့ ဒီတကာတကာမတွေ့ထဲမှာ မရင်းတာ မပါဘူး(မှန်ပါ) အကုန် ဆရာ တကာတွေ ဖြစ်နေကြတယ်ဆိုတာ သိပြီးသားတွေ အဲဒါ အမှန်ကိုဖြင့်ပြောပေါ့ဆိုတာ ဆုံးဖြတ်ချက်ချပါ(မှန်ပါ) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ-(အမှန်ကိုပြောတယ်လို့ ဆုံးဖြတ်ချက်ချပါ

တယ်ဘုရား) လျှော့စျေးလား၊ အမှန် အတိုင်းလား .... (အမှန် အတိုင်းပါဘုရား)။

တင်းစျေးလား.... အမှန်အတိုင်းလားဆိုတော့ (တင်းစျေးပါ ဘုရား)တင်းစျေးဆိုတော့လဲ ဒိဋ္ဌိဘက်လွန်သွားတယ်၊လျှော့စျေး ဆိုတော့လဲ ခင်ဗျားတို့က အတ္တကိလမထနုယောဂဘက် သက် တယ်၊ဒါကြောင့်သစ္စာကိုင်ဟောတဲ့အတွက် မဇ္ဈိမပဋိပဒါလမ်း အမှန်ဆေးလို့ မှတ်ပါ(မှန်လှပါဘုရား) ပေါ်ကြပလား(ပေါ် ပါပြီဘုရား)။

ဆရာထွန်း- နားကြီးကြီးနဲ့ထောင်တော့ ရှင်းမသွားသေး ဘူးလား(မှန်ပါ၊ရှင်းသွားပါတယ်) ရှင်းတယ်နော်-ဆရာထွန်း၏ ညွှတာမဟုတ်ဘူး၊ဒီစာတွေကို (ဘုရားဟောထားတဲ့စာတွေကို) မှားယင် ပြင်မယ်ဆိုတဲ့ ဗုဒ္ဓဝင်အယ်ဒီတာတောင် လုပ်နေသေး တာ ညွှတာမဟုတ်ဘူး သူက၊ကိုင်း.... ဒါဖြင့် တကာတကာမတို့ ချို့ယွင်းချက်များ ရှိလို့ရှိယင် ကူညီမယ် ဆိုတဲ့ သဘောဟာ ဆရာထွန်းကြီးပါဘဲ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဟေိပဿိကောခေါ်ရာကို (သန္ဒိဋ္ဌိကောနဲ့လိုက်ရပါမယ်) ဘယ်လိုများ အကျိုးပေးမတုံး- (အကာလိကော အကျိုးပေးပါမယ်ဘုရား) အကာလိကော၏ အဓိပ္ပါယ်ကဘာပါလိမ့်.... (အခါမလင့်အကျိုးပေးတယ်) ဒါဖြင့် မြန်မြန် အကျိုးပေးတာကြိုက်ယင် ဝိပဿနာလုပ်(မှန်ပါ့)နှေး နှေးမှ အကျိုးပေးတာ လုပ်ချင်လို့ရှိယင်ဖြင့် တရားကိုပူဇော်ကြ (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘုရားရှေ့သွားပြီး ဟေိ ပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော – လို့ သွားရွတ်၊နှေးနှေးတော့ပျောက်ပါ

လိမ့်မယ်....(မှန်ပါ) သဘောကျပလား .... (ကျပါပြီ) ဟာ.... တပည့်တော်ဟာဝိပဿနာဘဲ အသုံးချမယ်ဆိုယင်မြန်မြန်ပျောက် မယ်....(မှန်ပါ) တကာတကာမတွေ မြန်မြန်ပျောက်နဲ့ အနှေး ပျောက် ဘယ်ဟာကြိုက်သတုံး .... (အမြန်ပျောက်တာကြိုက်ပါ တယ်ဘုရား) ဒါတော့ ခင်ဗျားတို့က ကြိုက်တယ်သာပြောတာ ကုတော့ နှေးနှေးမှ ပျောက်ချင်ကြတယ်။

ဒီ-အဓိပ္ပါယ်မရောက်ကြဘူးလား.... (ရောက်ပါတယ်ဘုရား) အဲဒါကြောင့် ပြင်ကြပါဦး — ဆင်ကြပါဦးဆိုပြီး ဆရာဘုန်းကြီး လာပြီးတော့ ဦးသံဒိုင်တို့, ဦးထွန်းရင်တို့, ဦးသန်းမောင်တို့, ဦးမာဒင်တို့, ဦးအောင်ဇံဝေတို့ ဒီလူတွေကြောင့် ဘုန်းကြီး ရောက်လာတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ကောင်းပြီ၊ တကာ တကာမတို့ ဒါဖြင့် ဝိပဿနာ လုပ်တတ်ပလား(လုပ်တတ်ပါပြီ) ဝိပဿနာလုပ်စဉ်ဘယ်မှာဟောခဲ့သတုံး တရားဂုဏ်တော်ခြောက် ပါးမှာ ဟောခဲ့တယ် .... (မှန်ပါ) ဝိပဿနာလုပ်စဉ် ဘယ်မှာ ဟောပါလိမ့်(တရားဂုဏ်တော်ခြောက်ပါးမှာဟောပါတယ်)။

အလုပ်စဉ်များ ရကြရဲ့လားလို့ ဆိုလို့ရှိယင် ဒီအထဲမှာ "သွာက္ခာတော ဘဂဝတာ ဓမ္မော"ကစပြီးသကာလပစ္စတ္တံဝေဒိ တဗ္ဗော ဝိညူဟိ-ကျအောင် မရတဲ့ပုဂ္ဂိုလ်ရှာမှ ရှား (မှန်လှပါ ဘုရား)သဘောကျပလား(ကျပါပြီဘုရား) ရတဲ့ပုဂ္ဂိုလ်များကြ ရဲ့လား(များပါတယ်ဘုရား) လုပ်တဲ့ပုဂ္ဂိုလ် ပါရဲ့လားမေးယင် (မပါပါဘုရား) ဟာ .... ဂွကျတာပေါ့ဗျ၊ ဒါဖြင့် သမထ တော့ သူတို့သန်တယ်... (မှန်ပါဘုရား)။

ဝိပဿနာလုံးဝမလုပ်ဘူး....(မှန်ပါ) ဟောတာက သမထကို ဟောသလား၊ဝိပဿနာကို ဟောသလား .... (ဝိပဿနာကိုဟော

ပါတယ်ဘုရား)ကိုင်း-တကာတကာမတို့သွာက္ခာတော ဘဂဝတာ ဓမ္မော၊ဘဂဝတာ=မြတ်စွာဘုရားသည်၊ သွာက္ခာတော=မင်းတို့ ကောင်းအောင် ဟောထားတာ၊နိဗ္ဗာန်ရောက်အောင်ဟောထား တာ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ရောက်မည့်တရားကို ခင်ဗျားတို့က ဗြဟ္မာ့ပြည်ရောက် ကြောင်းလုပ်ပြီး သုံးတယ်(မှန်လှပါဘုရား) သဘောပါရဲ့လား (ပါ- ပါတယ်ဘုရား) နိဗ္ဗာန်ရောက်ကြောင်း ဟောထားတဲ့ သွာက္ခာတော ဘဂဝတာ ဓမ္မောလို့ သူ့ဟာ အစမပါဘူးလား (ပါပါတယ်ဘုရား)ဘဂဝတာ=မြတ်စွာဘုရားသည်၊သွာက္ခာတော သုအက္ခာတော=နိဗ္ဗာန်ရောက်အောင် ကောင်းစွာ ဟောထား ခဲ့၏၊မပါဘူးလား....(ပါပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘုရားရှေ့သွားပြီး ပူဇော်ကြတယ်၊ ပူဇော်ကြတဲ့အတွက် ဘုန်းကြီးများက တကာတကာမတို့ ဆေး အသုံးမတတ်သေးဘူးဆိုပြီး လာပြင်တာဘဲ(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) မောင်ဆွေတင် ဟုတ်တဲ့ကွ.... (လာပြင်တာပါ) ဆေး အသုံးမတတ်လို့ လာပြီးပြင်ပေးနေရတယ်၊ အနောက် နိုင်ငံဆေးတွေတော့ ဒါရိုက်ရှင်းတွေ ဘာတွေနဲ့ အကုန်ပြပါ တယ်၊ခင်ဗျားတို့ ဆရာဝန်တွေက ကောင်းကောင်း နားမလည် တော့ ဟိုက ကွန်ပေါင်းလာလုပ်ပေးရတယ်.... (မှန်ပါ့ဘုရား)။

အတော်ကြပ်နေသားဗျ... (မှန်ပါ့)အင်မတန် မဆိုးဝါးဘူး လား....(ဆိုးဝါးပါတယ်) အဲဒီလောက်ဘောင် ခင်ဗျားတို့ အရုပ် ဆိုးနေလို့ ဘုန်းကြီးများကလဲ ပါရမီနဲ့မို့ ကဲ... သိပါစေတော့ ကျင့်ပါစေတော့၊ကြံပါစေတော့ဆိုပြီး ဒါ အလုပ်တရားကွ၊ရှိခိုး ရမည့်တရားမဟုတ်ဘူးလို့ လာပြောတာ၊ သဘောပါ့ကြရဲ့လား

(ပါ-ပါတယ်)အလုပ်တရားလား၊ရှုခိုးရမည့်တရားလား(အလုပ်တရားပါဘုရား)သို့သော် ခင်ဗျားတို့ကဘယ်နေရာအသုံးချသလဲ(ရှုခိုးနေပါတယ်ဘုရား)။

ကြော်....ခက်နေပြီ၊အဲဒီတော့ ဘုရားက ဟောရှာတယ်၊ငါဘုရားရှုခိုးယင် သုဂတိရောက်မယ်ကွ၊သဘောကျပလား (ကျပါပြီ)ငါဘုရား ဟောတဲ့အတိုင်း အလုပ်-လုပ်ယင် နိဗ္ဗာန်ရောက်မယ်ကွ၊ဘုရားက နှစ်ခွန်း သုံးတယ်...(မှန်ပါ) မှတ်မိရဲ့လား....(မှန်ပါ)ငါဘုရားကို ရှိသေ ကိုင်းညွတ် ရှုခိုးယင် ဘယ်ရောက်မတဲ့တုံး...(သုဂတိရောက်ပါတယ်)ဆရာထွန်း.... တွေ့ဘူးတယ်နော်....(မှန်ပါ)တွေ့ဘူးတယ်တဲ့ ခင်ဗျားတို့။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ငါဘုရား ပြောတဲ့အတိုင်း ကျင့်ကြံယင် ဘယ်ရောက်မတဲ့တုံး... (နိဗ္ဗာန်ရောက်ပါတယ်) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုက နှစ်စားမဟောခဲ့ဘူးလား(ဟောခဲ့ပါတယ်)ဟရားဂုဏ်တော်ရှိခိုးယင် သုဂတိ....(မှန်ပါ)ဘုရားဂုဏ်တော်ရှိခိုးယင်း....(သုဂတိ) သုဂတိ ကုသိုလ်ရမယ်၊ နိဗ္ဗာန်ရ၂ါ့မလား .... (မရပါဘုရား) နိဗ္ဗာန်ရချင်ယင် သူဟောတဲ့အတိုင်းကျင့်မှ ဟေိပဿိကော ခေါ်ဆိုကို သန္ဒိဋ္ဌိကောနဲ့လိုက်မှ အကာလိကော ဖြစ်မယ်.... (မှန်လှပါဘုရား) မပေါ်ကြသေးဘူးလား(ပေါ်ပါပြီ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ အလုပ်တရားသည်ဘယ်နေရာမှာများ ဟောခဲ့ပါလိမ့်မတုံး၊မြန်အောင်ဦးတင်ပြောစမ်း.... (တရားဂုဏ်တော်ခြောက်ပါးမှာပါဘုရား)တရားဂုဏ်တော်ခြောက်ပါးမှာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဘယ်နေရာမှာဟောခဲ့သလဲ(တရားဂုဏ်တော်ခြောက်ပါးမှာပါဘုရား)တရားဂုဏ်တော်

တရား၏ အလုပ်စဉ်ခြောက်ပါးသည် တကာတကာမတို့ ရပြီးနေပြီးသော်လဲ ကျုပ်တို့ ရသားဘဲ ဒီဥစ္စာ၊ရတဲ့အတိုင်း မလုပ်လို့ နိဗ္ဗာန်မရောက်တာလို့ မှတ်လိုက်....(မှန်ပါဘုရား) ရတဲ့အတိုင်း (မလုပ်လို့ နိဗ္ဗာန်မရောက်တာပါဘုရား)။

မလုပ်လို့ နိဗ္ဗာန်မရောက်တာဆိုတာကော သေချာကြပလား (သေချာပါတယ်)ရတဲ့အတိုင်း ပုဇော်နေလို့ နိဗ္ဗာန်မရောက်တာ (မှန်ပါ)ရတဲ့အတိုင်းလုပ်ယင်....(နိဗ္ဗာန်ရောက်ပါမယ်)ကြည့်လေ ဟေ့ပသိကော ခေါ်ရာကို သဒ္ဒိဋ္ဌိကောနဲ့ လိုက်ယင် အကာလိကောဆိုတဲ့ ဟကျာ,ဥပါဒါန်,ကံ ချုပ်မချုပ် .... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာငြိမ်း နိဗ္ဗာန်၊ ဥပါဒါန်ငြိမ်း နိဗ္ဗာန်၊ ကံပြတ်ယင်လဲ နိဗ္ဗာန်ဘဲ(မှန်ပါ)မပေါ်သေးဘူးလား....(ပေါ်ပါတယ်) ရှင်းကြပလား....(ရှင်းပါတယ်) အင်မတန်မှ တကာတကာမတွေ ရှင်းလင်းအောင် ပြောနေတယ်ဆိုတာ သဘောပါကြပလား.... (ပါပါပြီ) ကိုင်း... ရှေ့ဆက် ရှုတ်ပါဦး၊ အကာလိကောပြီးတော့ ဘာလာသတုံး... (ဩပါနေယျိကော လာပါတယ်ဘုရား)။

ဟော.. ခင်ဗျားတို့စိတ်ကို ဖြစ်ပျက်က ဆွဲဆောင်နေပါတယ်တဲ့(မှန်ပါ) ဖြစ်ပြီး ပျက်တဲ့တရားက ခင်ဗျားတို့ စိတ်ကို မလာလာအောင် ဆွဲဆောင်နေတယ်... (မှန်ပါ)သူက ဆွဲဆောင်မှသာလျှင် နိဗ္ဗာန်ရောက်မှာကိုးဗျ(မှန်ပါ)ဆရာထွန်း·ရှေးဦးစွာ သူက မဆွဲဆောင်ရပေဘူးလား.... (မှန်ပါဘုရား ဆွဲဆောင်ရပါတယ်) နောက်ဆုံးပိတ်ကျတော့ နိဗ္ဗာန်က ဆွဲဆောင်တာပေါ့-(မှန်ပါ) ကိုင်း....ဒါဖြင့် တကာတကာမတို့ ကျုပ်မှာ အနာပေါက်နေပါ

တယ်၊ ခင်ဗျား လာကြည့်စမ်းပါဆိုတဲ့ ဥစ္စာ "အတ္တနော စိတ္တံ ဥပနေတဗ္ဗာ"တဲ့....။

ခင်ဗျားတို့၏ ဉာဏ်စိတ်ကို ဒီကနေ ဖြစ်ပျက်က ဆွဲဆွဲနေတယ် လာခဲ့စမ်းပါ ကျုပ်ဆီ မရောက်—ရောက်အောင် လာစမ်းပါ၊ ကျုပ် ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျား သိရအောင်ဆိုတော့ ဒုက္ခ သစ္စာအဖြစ်ကို ပြောပြောနေတယ်.... (မှန်ပါ) ခင်ဗျားတို့က ဉာဏ်နဲ့ မလိုက်တော့ ခက်နေတယ်၊ သဘောကျပလား—(ကျပါ တယ်)သူ့ဆီ လိုက်-လိုက်လို့ ရှိယင် သူဆုံးယင် နိဗ္ဗာန်က မခေါ် ပေဘူးလား(ခေါ်ပါတယ်)နိဗ္ဗာန်က ရှေးဦးစွာ ခေါ်နိုင်သလား သူဆုံးပြီးမှ ခေါ်နိုင်သလား(ဆုံးပြီးမှ ခေါ်နိုင်ပါတယ်ဘုရား)။

"ဒုက္ခသ အန္တံ ကရိဿတိ"ကိုး၊ ဒုက္ခဆုံးမှနိဗ္ဗာန်ကပေါ်မှာ (မှန်ပါ) ဒုက္ခမဆုံးယင်....(မပေါ်နိုင်ပါဘုရား) ဒါဖြင့် ဒုက္ခ ခေါ်ရာကို ခင်ဗျားတို့က လိုက်ပါ၊ နောက်ကျတော့ လိုက်တဲ့ အခါကျတော့ ဒုက္ခခေါ်ရာ မလိုက်ချင်ဘူးဆိုတဲ့ ဉာဏ်တွေ လာ မလာ၊ မလာဘူးလား(လာပါတယ်) အဲဒီ လာတဲ့အခါကျတော့ ဒုက္ခတွေ ချုပ်ပြီးတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်က ခေါ်လိမ့်မယ်.... (မှန်ပါ)။

ပဌမတော့ ဒုက္ခခေါ်ရာ လိုက်နော်....(မှန်ပါ) ကြာတော့ လိုက်ဖန်များတော့ ဒုက္ခကို မမုန်းပေဘူးလား....(မုန်းပါတယ်) ဒုက္ခလိုချင်သေးရဲ့လား.... (မလိုချင်ပါ)မလိုချင်တော့ ဒီဒုက္ခတွေ အကုန်ချုပ်မယ်၊ ချုပ်တဲ့အခါကျတော့ ဒီနေရာမှာ ဘယ်သူ ပေါ်မလဲ မေးကြည့်ပါ၊ နိဗ္ဗာန် ပေါ်လာလိမ့်မယ်....(မှန်ပါ) မပေါ်ပေဘူးလား (ပေါ်ပါတယ်) အဲဒီကျတော့"အတ္တနော စိတ္တံ ဥပနေတဗ္ဗာ"မိမိစိတ်ကိုနိဗ္ဗာန်ကဆွဲဆောင်ပြီလို့မှတ်ပါ၊

ပဌမ ဒုက္ခခေါ်ရာသာလိုက်၊ တော်တော်ကြာ နိဗ္ဗာန်နဲ့သွားတွေ့မယ်၊ မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

အဲဒီတော့ 'ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' တကာတကာမတွေ့ ရွတ်စမ်း ဒါဘာလဲ....(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဝိညူဟိ=ပညာရှိတို့သည်၊ ပစ္စတ္တံ=အသီးအသီး၊ ဝေဒိတဗ္ဗော=ရအပ်၏၊ ပညာရှိမှမဂ်ရမယ် ပြောတာ....(မှန်ပါ့) တကာတကာမတို့ ဘာတဲ့တုံး.... ဆရာထွန်း-(ပညာရှိမှမဂ်ရမယ်)ပဌမပညာရှိလို့ရှိယင် သောတာပတ္တိမဂ် ရမယ်။

ဒီထက် ထက်တဲ့ ပညာရှိလို့ရှိယင် သကဒါဂါမိမဂ် မရပေဘူးလား....(မှန်ပါ့ ရပါတယ်) ဒီထက် ထက်တဲ့ ပညာရှိယင်....(အနာဂါမိမဂ် ရမယ်)ဒီထက် ထက်တဲ့ ပညာရှိယင်....(အရဟတ္တမဂ် ရပါတယ်ဘုရား)ဒါဖြင့် အသီးအသီး ရ-ရမယ်ကွတဲ့-၊ ရိုပ်မိပလား(မှန်ပါ့)ဒါဖြင့် မဂ်ရချင်လို့ရှိယင်ဖြင့် တကာတကာမတို့ ခေါ်ရာလိုက်မှ ရမယ်(မှန်ပါ့)ခေါ်ရာမလိုက်ယင်(မရပါ) ရှ,စရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

ဒါဖြင့် ဆရာထွန်းက သောတာပတ္တိမဂ် ရပြီ၊ဖြစ်ပျက်မြင်လို့မဂ်ဝင်ပြီ၊ မဂ်ဝင်လို့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ သေပြီဆိုပါတော့ဗျာ....(မှန်ပါ့)မသေနိုင်ဘူးလား-(သေနိုင်ပါတယ်) ပဌမ ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား....(ပြတ်ပါတယ်)ပြတ်တော့ ဆရာထွန်းကို သောတာပန်ပုဂ္ဂိုလ်လို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်)သောတာပတ္တိမဂ်၏ ပုဂ္ဂိုလ်လို့ကော.... (ဆိုနိုင်ပါတယ်) အဲဒီမဂ်ဘေးကို ခင်ဗျာ့ သားသမီးတွေ ရှိတယ်၊ ရော့ဟော့....လို့ ပေးလို့ရရဲ့လား... (မရပါဘုရား)။

ဒါကြောင့် ပစ္စတ္တံ=အသီးအသီး၊ ဝေဒိတဗ္ဗော= ခံစား
အပ်၏၊သူရတာ သူသာပိုင်တယ်၊အမျှပေးလို့ မရဘူးကွ(မှန်ပါ)
ရိပ်မိပလား....(ရိပ်မိပါပြီ) အမျှပေးလို့ ရရဲ့လား....(မရပါ)
ဒါဖြင့် ခင်ဗျားတို့ အမျှပေးလို့ မရတဲ့ ကုသိုလ်ဟာ မဂ်ကုသိုလ်
ပေါ်ပလား....(ပေါ်ပါပြီ)အမျှပေးလို့ မရတဲ့ကုသိုလ်ဟာ(မဂ်
ကုသိုလ်ပါဘုရား)။

အမျှပေးလို့ရတဲ့ ကုသိုလ်က မခိုင်တဲ့ ကုသိုလ်မို့ ခင်ဗျားတို့
အလှူပေးတဲ့ကုသိုလ်- သီလ ဆောက်တည်လို့ရတဲ့ ကုသိုလ် အမျှ
ပေးလို့ ရတယ်... (ရပါတယ်) သဘောကျပလား....(ကျပါပြီ
ဘုရား)အလှူပေးတဲ့ ကုသိုလ် အမျှပေးယင် ရတယ်(မှန်ပါ)သီလ
ဆောက်တည်တဲ့ ကုသိုလ်(ရပါသည်)မဂ်ကုသိုလ် ခန္ဓာထဲ ရောက်
တယ်၊ အမျှပေးလို့....(မရပါဘုရား)။

ဒါဖြင့် မရတဲ့ ကုသိုလ်နဲ့ ရတဲ့ ကုသိုလ် ဘယ်သူက ခိုင်မြဲ၊
ဘယ်သူကခိုင်မြဲလို့ မရတာတုံးဆိုတာ အကဲခတ်စမ်း(မဂ်ကုသိုလ်
ဘက်က ခိုင်မြဲပါတယ်ဘုရား)ဒါကြောင့် မဂ်ကခိုင်မြဲလို့ "သမ္မတ္တ
နိယတာမဂ္ဂ"လို့ ဟောလိုက်တယ်(မှန်ပါ) တကာတကာမတွေ
နားလည်သွားပလား....(မှန်ပါ)မဖေါက်မပြန်ဘဲနဲ့ မြဲတယ်လို့
မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

အဲဒီ မြဲတဲ့ ကုသိုလ်ရမှ ခင်ဗျားတို့ အပါယ်လေးပါး တံခါး
ပိတ်မယ်၊ မမြဲတဲ့ ကုသိုလ်ဟာ....

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။

ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ–ဆိုတဲ့ အတိုင်း
ပြန်ကျမယ်....(မှန်ပါ)မကျပေဘူးလား ...(ကျပါတယ်) ဒါဖြင့်

မြဲတဲ့ ကုသိုလ်နဲ့ မမြဲတဲ့ ကုသိုလ် ဘယ်ဟာကို ကိုယ်ပိုင် လုပ်ဘို့ အရေးကြီးပါလိမ့်....(မြဲတဲ့ ကုသိုလ်ကို ကိုယ်ပိုင်လုပ်ဘို့ အရေးကြီးပါတယ်) ဒါဖြင့် ဝိပဿနာလုပ်၊ ဝိပဿနာမဂ် အဆုံးမှာ လောကုတ္တရာမဂ် လာမယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

၁၀-၇-၆၂-ရက်နေ့ညကျေးဇူးရှင်အမရပူရမြို့မဂ်လာတိုက်ဟောင်း

မိုးကုတ် ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

နိဗ္ဗာန်အကြောင်းတရားတော်

နိဗ္ဗာန်သည် ဆရာတွေ သမားတွေက ဟောပြန်ပါတယ်။ နိဗ္ဗာန်ဆိုတာကွာ....ခန္ဓာသိမ်း နိဗ္ဗာန်၊ တဏှာသိမ်း နိဗ္ဗာန် ဆိုတော့ တဏှာရော ခန္ဓာရော မရှိတာ နိဗ္ဗာန်လို့ ယူလိုက်ပြန်တော့ တကာဘကာမတွေက ဘာမှမရှိတဲ့ဘက်ရောက်သွားတယ်၊ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဘာမှ မရှိတဲ့ဘက် ရောက်သွားပြန်တော့တဲ့ နိဗ္ဗာန်ဆိုတာ ဘာမှ မရှိဘူးဟေ့....ဆိုတော့လဲ ဘာဒိဋ္ဌိဘက်ပြေးသလဲ(ဥစ္ဆေဒဒိဋ္ဌိ) ဥစ္ဆေဒဒိဋ္ဌိဘက် မပြေးဘူးလား....(ပြေးပါတယ်) ဒါဖြင့်

ခင်ဗျားတို့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ အရမ်းလိုချင်နေတာ ဖြစ်ပါလိမ့်မယ်... (မှန်ပါ့ဘုရား) သဿတလဲ နားမလည်၊ သဿတ ကြိုက်တဲ့ ပုဂ္ဂိုလ်ကလဲ သဿတဘက် အမှန်ယူသွားလိမ့်မယ်၊ ဥစ္ဆေဒကြိုက်တဲ့ ပုဂ္ဂိုလ်ကလဲ ဘာမှ မရှိတာဖြင့် ဘာမှ မဖြစ်ချင်ဘူးဆိုတဲ့ တဏှာသမားကလဲ ကန့်ကွက်ချင် ကန့်ကွက်မှာ၊ မကန့်ကွက်ပေဘူးလား....(ကန့်ကွက်ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ နိဗ္ဗာန်ကိုဖြင့် ဘုရားဟောတဲ့ နိဗ္ဗာန် ရှင်းရှင်းလင်းလင်း သိရတော့မယ်ဆိုတဲ့ဥစ္စာ၊ ရှိတဲ့နိဗ္ဗာန်ကို သိရလိမ့်မယ်လို့ မှတ်ပါ၊ ဘာသိရမလဲ....(ရှိတဲ့နိဗ္ဗာန် သိရပါမယ်) ရှိတဲ့နိဗ္ဗာန် သိရလိမ့်မယ်လို့ မှတ်လိုက်စမ်းပါ၊ရှိတဲ့ နိဗ္ဗာန် သိရလိမ့်မယ်ဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ကြပါနော်....(မှန်ပါ့)။

တကာတကာမတွေ အဟောတော့ အတော်ခက်နေပြီ- (မှန်ပါ့ဘုရား) သေသေချာချာခက်တာဘဲ၊ အပြောသာ မလည်လို့ ဘုရားဟောလဲ မစုံဘူးဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ မေးချင်တာ မေးကြ၊သဿတနှင့် ဥစ္ဆေဒ တခုခုဘက်သွားတာဘဲ မသွားပေဘူးလား ...(သွားပါတယ်ဘုရား)သဿတဘက်ယင်လဲ သွားလိမ့်မယ်နော်.... ဥစ္ဆေဒဘက်ယင်ကော... (သွားပါတယ်ဘုရား) ဥစ္ဆေဒဆိုတာ ပြတ်သွားတယ်လို့ ယူလိုက်တော့ ဘာမှမရှိဘူးဆိုတော့ ဘာဒိဋ္ဌိဘက် သွားသလဲ-(ဥစ္ဆေဒဘက်သွားပါတယ်)။

မြို့ကြီး ပြကြီးဒို့ သွားစံရလိမ့်မကွ ဆိုတော့လဲ ဘယ်ဒိဋ္ဌိဘက် သွားသလဲ(သဿတဒိဋ္ဌိဘက် သွားပါတယ်ဘုရား) အဲဒီ အလယ်ကြား သွားမှလဲ အမှန်ရောက်မယ်(မှန်ပါ့) သဘောပါကြလား-

(ပါ-ပါတယ်ဘုရား) ဒီနှစ်ခုကြား သွားမှုလဲ နိဗ္ဗာန်တွေ့မှာဘဲ ဆိုတာ သဘောပါပဲလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဩော်-ဒီနှစ်ခုကြားကိုဆရာဘုန်းကြီးက ဟောရတော့မယ်ဆိုတော့ ခုနကပြောခဲ့တဲ့ရင်လေးတယ်ဆိုတာတကာတကာမတွေ့ရိပ်မိကြပလား(ရိပ်မိပါပြီ)တကာတကာမတွေ့ရင်လေးဘယ် (မှန်ပါ)မဟောလဲမဖြစ်ဘူး၊ မဟောယင် ဒီတကာဘကာမတွေ့ အချို့က သဿတဒိဋ္ဌိဘဲ(မှန်ပါ) တချို့က ဘာတုံး... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) ဒါဖြင့် ဒိဋ္ဌိရှိလျက်နဲ့ဖြင့် နိဗ္ဗာန်ရောက်ပါ့မလား-(မရောက်ပါဘုရား) အဲဒီတော့.... ဘာလူလူ ဘာတန်းတန်း ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လူတာဖြင့် နိဗ္ဗာန်မရပါဘူး၊ရနိုင်ပါ့မလား.... (မရနိုင်ပါဘုရား)။

နားကြီးကြီးနဲ့ထောင်ပါတကာတကာမတို့ဒါနပယ်၊ သီလပယ်တဲ့ဘုန်းကြီးတော့မဟုတ်ဘူးနော်၊ သို့သော်ခင်ဗျားတို့မှာသဿတဥစ္ဆေဒ ရှိနေယင်တော့ဖြင့် နိဗ္ဗာန်ရောက်လိမ့်မယ်လို့ နောက်မတွေ့ယျဘုရားသခင်လဲဟောမယ်မဟုတ်ပါဘူး၊ပေါတမဘုရားသခင်လဲသဿတဥစ္ဆေဒတခုခုငြိနေလို့ရှိယင် နိဗ္ဗာန်မရောက်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာ ဟောပါတယ်၊ မဟောဘူးလား... (ဟောပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့သဿတဥစ္ဆေဒလွတ်အောင်ပြောကြစို့နော်.... (မှန်ပါ) မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာဘုရားနဲ့ အဂ္ဂိဝစ္ဆပုဏ္ဏားမေးတာကို ရှေ့ပိုင်းက နားထောင်ပါ၊ နောက်ပိုင်းနိဗ္ဗာန်ပေါ်လိမ့်မယ်လို့မှတ်လိုက်ပါ(မှန်ပါ) ဘုရားတာ အမေး- အဂ္ဂိဝစ္ဆပုဏ္ဏားက အမေးသမား၊ ရှင်းပလား....(ရှင်း

ပါပြီ) ဘုရား။ ဘယ်ကနေသလဲ....(အဖြေဘက်က နေပါတယ် ဘုရား) အဂ္ဂိဝစ္ဆပုဏ္ဏားက....(အမေးဘက်ကနေပါတယ်)။

ကိုင်း-အဲဒီဝတ္ထုကို နိဗ္ဗာန်ဟောတဲ့ဝတ္ထုလို့ မှတ်လိုက်စမ်းပါ၊ တကာတကာမတွေ ဒီဝတ္ထုဟာ ဘာဟောတဲ့ဝတ္ထုပါလိမ့်(နိဗ္ဗာန် ဟောတဲ့ဝတ္ထုပါဘုရား) နိဗ္ဗာန်ဟောတဲ့ ဝတ္ထုကို ဘုန်းကြီးက ကြံဖန် ဟောတာလား၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဘုရားနဲ့ ပုဏ္ဏားတို့ အခြေအတင် လုပ်လို့ နိဗ္ဗာန် ပေါ်လာတာလား-- ဆိုတာလဲစဉ်းစား၊ ဘုရားနဲ့ပုဏ္ဏားနဲ့ အခြေအတင် ပြောဆိုလို့ နိဗ္ဗာန်ပေါ်လာတာလို့ သေသေချာချာမှတ်ပါ၊ ခိုင်လုံပလား.... (ခိုင်လုံပါပြီဘုရား)။

ခိုင်လုံပြီတဲ့၊ ကဲဒါဖြင့်သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးပြီး သကာလနေတုံး ဝစ္ဆ အနွယ်ဖြစ်တဲ့ ပုဏ္ဏားတယောက် လာတယ်၊ အဂ္ဂိဝစ္ဆဆိုတဲ့ ဥစ္စာက တကာတကာမတို့ ပုဏ္ဏားနာမည်လို့ မှတ်လိုက်တာပေါ့ ဗျာ၊ ဘုရားနဲ့တွေ့တဲ့အခါ သူကောက်ပြီးသကာလ အာလာပ သလ္လာပ အတုန့် အပြန်ဆိုတဲ့ အောက်မေ့ဖွယ် ဝမ်းမြောက် ဖွယ်တွေပြောပြီးသည်၏အခြားမဲ့၌မသိတာမေးပါရစေဘုရားလို့ လျှောက်တယ်၊မသိတာ မေးပါရစေဘုရားလို့ လျှောက်တဲ့အခါ ကျတော့ အေးကွာ....မေးတာပေါ့ဆိုတော့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးကို မေးလိုက်တယ်။

ဒီ ဒုတိယအကွက်ဟာ ရုပ်နာမ်တွေ တကာတကာမတို့နော် (မှန်ပါ့) ဒုတိယအကွက်ဟာ ဘာတွေပါလိမ့်.... (ရုပ်နာမ်တွေ ပါဘုရား) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဘဲ မဟုတ်လား.... (မှန်ပါ့) ခန္ဓာငါးပါး ရုပ်နာမ်တရားတွေလို့ဆိုယင် လွဲပါ့

မလား-(မလွဲပါ)ဒါကို တကာတကာမတို့ ဒီတရားဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါင်းယင် ရုပ်နာမ်ဘဲ ရှိတယ်....(မှန်ပါ) အဲဒါကို ရှေးအခါတုံးကတော့ လောကလို့ သုံးတယ်၊ ရုပ်နာမ်ကို ဘယ်လိုသုံးပါသိမ့် ...(လောကလို့ သုံးပါတယ်ဘုရား)။

တကာတကာမတွေကော လောကထဲမှာကော မသုံးကြဘူးလား(သုံးပါတယ်) ဒါခေါ်တာဘဲ ခင်ဗျားတို့လောကကာ၊ သဘောကျပလား....(ကျပါပြီဘုရား) အဲဒီလို ဒါတကာတကာမတွေက မှတ်ယူဘို့ကတော့ ဝိညာဏ်ဆိုတာစိတ်၊ ပဋိသန္ဓေစိတ်၊ နာမ်ရုပ်ဆိုတာ သူနဲ့ သဟဇာတဖြစ်တဲ့နာမ်ရုပ်၊ သဠာယတနကား မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ စိတ်၊ ပဋိသန္ဓေစိတ်မှတပါး ပဝတ္တိစိတ်ကို ဆိုပါတယ်။

ဖဿတွေ့ထိတာ၊ ဝေဒနာကခံစားတာ၊ အဘူတကွ ဖြစ်တာတွေလို့မှတ်၊အခုတရားနာနေတာ ဒီငါးခု အပေါင်းတွေ နာနေကြတာ သဘောကျသလား(ကျပါပြီ) အခု တရားနာနေကြတာ ဒီငါးခုအပေါင်းတွေ နာနေကြတာ....(မှန်ပါ) သဘောပါကြပလား.... (ပါ,ပါပြီဘုရား) တရားနာနေတာ ဘယ်သူဘုံးမေးလို့ ရှိယင်ဖြင့် နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာလို့ ပြောကြပါတော့၊ တရားနာနေတာ ဘယ်သူပါသိမ့်-(နာမ်ရုပ်,သဠာယတန ဖဿ,ဝေဒနာပါဘုရား)။

ဝိညာဏ်တာလို့မထည့်သတုံးမေးတော့ ဝိညာဏ်တပဋိသန္ဓေဝိညာဏ်မို့ ပဋိသန္ဓေစိတ်က ပြီးခဲ့ပြီ ချုပ်ပြီ၊ သဠာယတနထဲက ဝိညာဏ်ကိုသာယူ'မနာယတနကိုသာ ယူတော့မယ်လို့မှတ်ပိုက်တာပေါ့ဗျနော် ...(မှန်ပါ) တကာတကာမတို့ တောခေတော့နယ်

ဆိုတော့ သရုပ်ကလဲ ထည့်ရသေးတယ်...၊ တရား ပြန်းကန် ကောက်ဟောလို့ မရဘဲဖြစ်နေတယ်၊ ဒါဖြင့် တကာတကာမတွေ မှာ နာမ်နဲ့ရုပ်တွေ ရှိရဲ့လား....(ရှိပါတယ်ဘုရား)။

မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်၊ စိတ်ကော .. (ရှိပါတယ် ဘုရား)ဖဿဆိုတဲ့ တွေ့ထိတတ်တဲ့ သဘောကော .. (ရှိပါတယ် ဘုရား)ခံစားတတ်တဲ့ဝေဒနာသုံးမျိုးကော....(ရှိပါတယ်ဘုရား) အဲဒါကိုတဲ့ ရုပ်နာမ်လောကလို့ မှတ်လိုက်စမ်းပါ (မှန်ပါ) အခု တရားနာနေကြတာသည် ဘယ်သူတွေတုံး မေးတော့(နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာတွေပါဘုရား)ရှင်းကြပလား....(ရှင်း ပါပြီ) တရားနာနေတာ ဘယ်သူပါလိမ့် (နာမ်ရုပ်၊သဠာယတန ဖဿ၊ဝေဒနာပါဘုရား)အဲ... နာမ်ရုပ်လဲ ပါတယ်နော်....(ပါပါ တယ်ဘုရား)။

သဠာယတနဆိုတဲ့ မျက်စိရုပ်၊နားရုပ်၊နှာခေါင်းရုပ်၊ လျှာရုပ် ကိုယ်ရုပ်တွေကော (ပါပါတယ်) မနာယတနဆိုတဲ့ စိတ်ကော.... (ပါပါတယ်)သူနဲ့ သဟဇာတဖြစ်တဲ့ဖဿကော....(ပါပါတယ်) တရားနဲ့ နားနဲ့လဲ တွေ့သေးတာကိုးဗျ- (မှန်ပါ) ဝေဒနာကော ဆရာဘုန်းကြီးဟောတာ ကောင်းတယ်ဆိုးတယ်ဆိုတာဝေဘန်တဲ့ ဝေဒနာကော မပါဘူးလား...(ပါ-ပါတယ်ဘုရား)ဒါဖြင့် အခု တရားနာနေတာ ဘယ်သူပါလိမ့်မတုံးမေးတော့(နာမ်ရုပ်၊သဠာ ယတန၊ဖဿ၊ဝေဒနာပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကဲဘာဟောတာတုံးလို့ မေးလိုက်တဲ့အခါကျတော့တကာ တကာမတွေ မှတ်လိုက်တာပေါ့၊တရားနာနေတာယောကျ်ားမပါ မိန်းမမပါသိအောင်လို့ ဟောလိုက်ပါတယ်(မှန်ပါ)ယောကျ်ား မိန်းမပါသေးလား... (မပါပါဘုရား)ဘယ်သူပါလိမ့်ဗျာ (နာမ်

ရုပ် သင္ခါယတန ဖဿဝေဒနာပါ)ရှင်းကြပြီလား(ရှင်းပါပြီ)ဒါက ဒိဋ္ဌိဖြုတ်ပေးတာပါတဲ့၊ အဂ္ဂဝဍ္ဍမဟာခေါင်ဒီနာမ်ရုပ်သင္ခါယတန ဖဿ ဝေဒနာဟာ တကာဘကာမတို့ ဒါတွေနဲ့ တရားနာနေတယ်ဆိုတာ သိကြပလား....(သိပါပြီဘုရား)။

ယောကျ်ားတွေ့ မိန်းမတွေများ ဒီအထဲမှာအခေါ် သာပါ၍အရှိက ဒါဘဲ မှတ်လိုက်ကြတာပေါ့....(မှန်ပါ့) အခေါ်တော့ယောကျ်ားတွေလဲ ပါတယ်၊တရားနာတာ မိန်းမတွေကော(ပါပါတယ်ဘုရား)အရှိကတော့ဖြင့် ဘာပါလိမ့်.... (နာမ်ရုပ် သင္ခါယတန ဖဿ ဝေဒနာပါဘုရား)ခြောက်.... ဒါက ဆရာဘုန်းကြီးက တရားမဟာမိ ရှေ့အတို့ အဂ္ဂဝဍ္ဍ မဟာမိ ရှေ့အတို့ ကာလဍ္ဍ ဘုန်းကြီးတို့ တကာတကာမတွေ ဘာလုပ်လိုက်တာတုံးဆိုတော့ ဒိဋ္ဌိခွါပေးလိုက်တာ (မှန်ပါ့) ရှင်းပလား(ရှင်းပါပြီ)။

ယောကျ်ားကော ပါသေးသလား....(မပါပါဘုရား)။

မိန်းမတွေကော .. (မပါပါဘုရား)။

ပုဂ္ဂိုလ်တွေကော....(မပါပါဘုရား)။

သတ္တဝါတွေကော....(မပါပါဘုရား)။

ဒါဖြင့် ဘာတွေပါလိမ့်(နာမ်ရုပ် သင္ခါယတန ဖဿ ဝေဒနာတွေပါဘုရား)ခြောက်....ဒါတွေက တရားနာနေတာ (မှန်ပါ့) ဒါတွေက တရားနာနေတာသိတော့ ဘုန်းကြီးတို့တကာတကာမတွေ၌... တဲ့ ဒိဋ္ဌိပြုတ်ပါတယ်၊ ငါတရားနာတာ မဟုတ်တော့ဘူး၊နာမ်ရုပ်-အလုပ်၊သင္ခါယတန၏(အလုပ်)ဖဿ၏(အလုပ်) ဝေဒနာ၏(အလုပ်ပါ)သေချာကြပလား-(သေချာပါပြီ) တရားနာနေတာသည်ယောကျ်ားတွေလား၊မိန်းမတွေလား၊ ပုဂ္ဂိုလ်တွေလား၊ သတ္တဝါတွေလား မေးယင် ဘယ့်နှယ်ဖြေကြမလဲ (မဟုတ်

ပါဘုရား) ဘယ်သူပါလိမ့်ဗျာ .... (နာမ်ရုပ်, သင်္ခါယတန, ဖဿ, ဝေဒနာတွေပါဘုရား)။

ဪ... ဒါဖြင့် ဘာသတ္တာတုံး .... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာက တရားနာနေတာ....(မှန်ပါ့) ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ဒုက္ခသစ္စာတွေ တရားနာနေကြတာဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ပြုတ်-မပြုတ်....(ပြုတ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါကသက်သက်တကာတကာမတွေ့ကိုပြောဆိုနေတာ တရားနာရင်း မတ်တတ်နဲ့ ဒိဋ္ဌိပါမှာစိုးလို့ ခွာပေးနေတာလို့သာ မှတ်လိုက်ကြပါတော့....နော်....(မှန်ပါ့) ကွာကြပလားဒိဋ္ဌိ....(ကွာပါတယ်ဘုရား) ယောကျ်ားတွေ, မိန်းမတွေတရားနာနေတာလား... ၊နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာတွေ အလုပ်လုပ်နေတာလား... (နာမ်ရုပ်, သင်္ခါယတန, ဖဿ, ဝေဒနာတွေအလုပ်လုပ်နေတာပါဘုရား) ရှင်းကြပြီလား....(ရှင်းပါပြီ)။

နာမ်မပါယင်လဲ ခင်ဗျားတို့ဒီကိုမလာနိုင်ဘူး(မှန်ပါ့)ရုပ်မပါလို့ရှိယင်လဲ ဒီအထည်တွေဒီမရောက်ဘူး(မှန်ပါ့)ဒါဖြင့် နာမ်က အလှမ်းခိုင်း၍ ရုပ်က လှမ်းပြီးသကာလ ဒီရောက်လာကြတယ်.... (မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား) မျက်စိကော လမ်းကြည့်ခဲ့ကြသေးသလား....(ကြည့်ခဲ့ပါတယ်ဘုရား)ဟော-ဒါဖြင့် သင်္ခါယတနကြောင့်လဲ ရောက်တယ် ခင်ဗျားတို့မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ဖဿကလဲ ကတ္တရာစေးလမ်းပေါ်မှာ ခြေထောက်ကလေးနဲ့ ထိမှန်း သိကြရဲ့လား(သိပါတယ်ဘုရား)ဟာ.... ဒါဖြင့် ဖဿလဲ ပါတယ်....(မှန်ပါ့)ဒီလမ်းက ချောတယ်၊ဒီလမ်းဟာ မချောဘူး လို့ကော လမ်းမှာ မဝေဘန်ကြဘူးလား... (ဝေဘန်ပါတယ်)

ဒါဖြင့် ဝေဒနာလဲ ပါတယ်(မှန်ပါ့)မပါဘူးလား (ပါပါတယ် ဘုရား)ဒါဖြင့် တရားနာလာကြတာ ဘယ်သူတွေတုံး မေးယင် ဘယ့်နှယ်ဖြေကြမယ်....(နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါ ဘုရား) ဖဿ ဝေဒနာ ရှင်းပေါ့....(မှန်ပါ့ဘုရား)။

ဒါ စာဆို အစဉ်ပြတာလား၊ခင်ဗျားတို့ခန္ဓာမှာ လာတုန်းက ဒါတွေ အကုန်ပါတယ်ဆိုတာ သိရအောင်လို့ ဟောလိုက်ခြင်း ဖြစ်ပါတယ်....(မှန်ပါ့)သဘောပါကြလား....(ပါပါတယ်) နို့- ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက နိဗ္ဗာန်ဟောမယ် ဆိုပြီး သကာလ အခု သူ့ပဋိစ္စသမုပ္ပါဒ်ကြီး ပြန်ကိုင်နေပြန်ပြီလို့ ထင် ချင်လဲ ထင်လိမ့်မယ်နော် ...၊ မထင်ကြပါနဲ့ .... တဲ့၊ ဒီဟာကို မူတည်ပြီးသကာလ နိဗ္ဗာန်ဟောရမှာသဘောပါကြလား(ပါပါ တယ်ဘုရား) နောက်က တကာတကာမတွေ မြင်ကြရဲ့လား၊ မမြင်ကြယင် ခင်ဗျားတို့ကို ဝေထားတဲ့ စက္ကူစာရွက်ကို ပြန် ကြည့်ကြပါ။

ဒါဖြင့် ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ သည် တရားနာနေတယ်ဆိုတာ သူတို့ အလုပ်ဘဲဆိုတာ ပေါ်ကြ ပလား....(ပေါ်ပါပြီ) ဩော်... ဒီ တကာတကာမတွေ ဘယ်က လာပြီး တရားနာကြသတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ အမြင်ကတော့ ပြောမှာဘဲ၊ ဒီနားတဝိုက်ကပါဘဲဘုရား၊ မပြော ကြဘူးလား(ပြောကြပါတယ်ဘုရား)မဟုတ်ပါဘူး ဒီနားတဝိုက် က လာတာ မဟုတ်ပါဘူး၊ တကာ တကာမတို့ ရှေးဘဝက မသိတဲ့ အဝိဇ္ဇာ၊ ရှေးဘဝက ပြုပြင်တဲ့ ပုညာဘိ သင်္ခါရကြောင့် ဒီဘဝမှာ ခုနက ပြောခဲ့တဲ့ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ

ပေါ်တာပါ၊ဒီက လာခဲ့ကြတာပါ၊အတိုတ်ဘဝကလာခဲ့ကြတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်က လာခဲ့ကြတာတုံး....(အတိတ်ဘဝကလာခဲ့တာပါ) အတိတ်ဘဝကအဝိဇ္ဇာသင်္ခါရပြုလုပ်ချက်ကြောင့် တပည့်တော်တို့ ဒီဘဝ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်ပါတယ်ဘုရား၊ မရှင်းသေးဘူးလား....(ရှင်းပါပြီ)ရှင်းတော့ ခင်ဗျားတို့ ဘယ်က လာခဲ့သတုံးဆိုတော့ အဝိဇ္ဇာသင်္ခါရက လာခဲ့တယ်ဘုရား၊ ဖြေ လိုက်ပေါ့။

တကာတကာမတွေဘယ်ကလာခဲ့ကြသတုံး(အဝိဇ္ဇာသင်္ခါရက လာခဲ့ပါတယ်ဘုရား) ကိုယ့်အိမ် ကိုယ့်ရာက လာတယ်ဆိုတာ ရောက်ပြီးသား ပြောတာ၊ တကယ်လာရင်း စင်စစ်ကို မေးတော့ အဝိဇ္ဇာ သင်္ခါရက လာခဲ့တာ(မှန်ပါ့ဘုရား) ရိပ်မိပလား(ရိပ်မိ ပါပြီ)ဘယ်က လာခဲ့ကြသတုံး(အဝိဇ္ဇာသင်္ခါရက လာခဲ့တာပါ) ဦးညွန့် ကျေနပ်ပလား(ကျေနပ်ပါပြီဘုရား)တကာတကာမတွေ မသိတာက အဝိဇ္ဇာ၊ပြုလုပ်တာက သင်္ခါရ၊သဘောကျပလား.... (ကျပါပြီဘုရား)။

မသိတာက....(အဝိဇ္ဇာပါဘုရား)။

ပြုလုပ်တာက....(သင်္ခါရပါဘုရား)။

ဩော်....သင်္ခါရကြောင့် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ်ဆိုတာ မသေချာဘူးလား⋯(သေချာပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတွေအတိတ်ဘဝက ငါဘာများဖြစ်ခဲ့ပါလိမ့်မတုံး....ဆိုတဲ့ယုံမှားသံသယရှိသေးရဲ့လား(မရှိပါဘုရား) ခန္ဓာထဲမှာ သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရဖြစ်ခဲ့ကြတာ ပေါ်ကြပလား(ပေါ်ပါပြီ) ဘာဖြစ်ခဲ့သတုံး(သစ္စာမသိတဲ့အဝိဇ္ဇာနဲ့ သင်္ခါရဖြစ်ခဲ့ပါတယ်ဘုရား)။

ဒါဖြင့် တိုတိုပြောကြစို့ အဝိဇ္ဇာသင်္ခါရကြောင့် တပည့်တော်တို့ ဒီဘဝ၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဖြစ်ပါတယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျပလား (ကျပါပြီ) ခင်ဗျား ဒီဘဝမှာ သိကြား, ဗြဟ္မာ, ဘုရားလာပြီး ဖန်ဆင်းလို့ တပည့်တော်တို့ အခုတရားနာတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တာလား,အဝိဇ္ဇာသင်္ခါရကြောင့်ဖြစ်တာလား (အဝိဇ္ဇာ သင်္ခါရကြောင့်ဖြစ်တာပါဘုရား) ဒါဖြင့် ဒါဘာကို ဟောလိုက်ပါလိမ့်မတုံးလို့ မေးတော့ ယုံမှားခြင်းပျောက်လိုက်တာ....(မှန်ပါ) ဝိစိကိစ္ဆာ သတ်လိုက်တာ....(မှန်ပါဘုရား)။

ဪ....ငါဘယ်ကများ လာလို့ ဒီရောက်လာပါလိမ့်မတုံးလို့ ကိုယ့်ဟာကိုယ်သံသယဖြစ်မှာစိုးလို့ မသိတဲ့အဝိဇ္ဇာကြောင့် ပြုချင်တဲ့ ကုသိုလ်တွေပြုလို့ ရောက်ချင်သလို ရောက်လာတဲ့ဒုက္ခသစ္စာခန္ဓာကြီးပေါ်လာတယ်(မှန်ပါ) ရှင်းသွားကြပလား(ရှင်းသွားပါပြီ) ဒါဖြင့် ရှေးဘဝက လာပုံချင်းမှာ တကာတကာမတွေ ဒီအထဲမှာ မတူကြဘူးလား....(တူပါတယ်ဘုရား)ဘယ်က လာကြသတုံး....(အဝိဇ္ဇာ သင်္ခါရက လာပါတယ်) ယခုဘာနဲ့ နေကြသတုံး....(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာနဲ့ နေပါတယ်ဘုရား)။

ဒါက ဘာဟောလိုက်တာတုံးဆိုတာကေစရိပ်မိလား(ရိပ်မိပါပြီ) ဝိစိကိစ္ဆာ သတ်လိုက်တာ၊ရှင်းပလား(ရှင်းပါပြီ)သူများ ပြောသလား၊ခင်ဗျားတို့လာရင်းနဲ့ အကြောင်းအကျိုးဆက်ပြတာလား....(လာရင်းအကြောင်းအကျိုး ဆက်ပြတာပါဘုရား) လာရင်း အကြောင်းနဲ့ ယခု ရထားတဲ့အကျိုး ဆက်ပြတယ်.... (မှန်ပါ့ သဘောပါသလား... ပါပါတယ်) ကောင်းပြီ ဒါဖြင့် သံခင်ဝတင် ရှင်းပလား....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့်တကာတကာမတို့ ခင်ဗျားတို့ ပြောဘ်... ငါတို့ ဘယ်ကများလာခဲ့ပါသိမ့်မတုံးဆိုတာသိပလား(သိပါပြီဘုရား) အတိတ်ဘဝက ဘာနဲ့လာခဲ့ကြသတုံး (အဝိဇ္ဇာနဲ့လာခဲ့ပါတယ်) ပြောဘ်....ယခုရောက်တော့ လူအဖြစ်နဲ့ ရောက်လာသလား၊ နတ်အဖြစ်နဲ့ ရောက်လာသလား၊ ဗြဟ္မာအဖြစ်နဲ့ ရောက်လာသလား (လူအဖြစ်နဲ့ ရောက်လာပါတယ်ဘုရား)။

မဆိုနဲ့တဲ့ လူ့ပုံပေါင်းကြည့်(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါ) ပါရဲ့လား....(မပါပါဘုရား)ဒါက ခင်ဗျားတို့ချင်း သမုတိသစ္စာကွာ လူနဲ့တူအောင် ပုံသဏ္ဌာန်ဖန်ဆင်းပြီး ဒို့....လူခေါ်ကြစို့ဆိုပြီး လူဖြစ်ရတာ၊ ချိုပေါက်တာကျတော့ နွားမို့ နွားခေါ်ကြတယ်(မှန်ပါ့) စင်စစ်ဘော့သူတို့လဲ ဒါက လာတာဘဲ၊ခင်ဗျားတို့ ဒါက လာလို့ ဒါဖြစ်ဘာဘဲ၊ သဘော ကျပလား... (ကျပါပြီ)သို့သော် သမုတိသစ္စာမို့ ပုံသဏ္ဌာန်ခဲ့ပြီး လူရယ် နွားရယ် ကျွဲရယ်လို့ ခဲ့ဘာ၊ လာပုံချင်းကတော့ ဘယ့် နှယ်နေသလဲ... (အတူတူပါဘုရား)။

ရပုံချင်းကကော....(အတူတူပါ) အတူတူဘဲဆိုတာ သေချာပလား....(သေချာပါပြီ) ဒါဖြင့် တကာတကာမတို့ဒီအကြောင်း

နှစ်ခုကြောင့် ဒီ အကျိုး ငါးခု ဖြစ်တာတဲ့၊ သဘောကျကြပလား….(သဘောကျပါပြီ) ဒီ အကြောင်းနှစ်ခုကြောင့်….(ဒီ အကျိုးငါးခု ပေါ်လာပါတယ်) အတိတ်အကြောင်း နှစ်ခုကြောင့် ပစ္စုပ္ပန် အကျိုး(ငါးခုဖြစ်ပါတယ်ဘုရား) ငါးခုဖြစ်တယ်ဆိုတာ သဘောကျပလား…(သဘောကျပါတယ်ဘုရား)။

ဒါဖြင့် ရှေးဘဝက ငါ ဘာဖြစ်ခဲ့ပါလိမ့်မတုံးဆိုတာ ရှိသေးရဲ့လား…(မရှိပါဘုရား) ရှေးဘဝက ငါ မသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရလုပ်ခဲ့တယ်၊ ရှင်းပလား…(ရှင်းပါပြီ) ယခုဘဝ ငါ ယောကျ်ားလား… မိန်းမလား….ဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ (မဟုတ်ပါဘုရား)ဘယ်သူပါလိမ့်ဗျာ…(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘုရား)ရှင်းပလား….(ရှင်းပါပြီ)ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးကော ဆက်ပလား… (ဆက်ပါတယ်ဘုရား)ဆက်တယ်ဆိုတော့ သူများ ဖန်ဆင်းတယ်ဆိုတာ ဟုတ်သေးရဲ့လား….(မဟုတ်ပါဘုရား) အဝိဇ္ဇာ သင်္ခါရတို့၏ အလုပ်ကြောင့် ဒါ ပေါ်တာ (မှန်ပါ) ရှင်းပလား….(ရှင်းပါပြီ)။

ဒါက ဘာသတ်လိုက်တယ်ကောင်ကြသလဲ(ယုံမှားခြင်းဝိစိကိစ္ဆာ သတ်လိုက်တယ်)ဟောဒီအကြောင်းနဲ့ ဒီအကျိုးဒီအဆက်ကလေး ကိုပြလိုက်သဖြင့် ဒီအဆက်ကလေးဟာ သာမညအဆက်လို့ မမှတ်ပါနဲ့၊ ဒီအကြောင်းနဲ့ ဒီ အကျိုး ဆက်တယ်လို့ ပြောတာ၊ ပေါ်ကြပလား….(ပေါ်ပါပြီ) ဒီမြွားကလေးက ဘာတဲ့ တကာ တကာမတို့(အကြောင်းအကျိုးဆက်ကြောင်းပါဘုရား) အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး ဆက်တယ်၊ ဘယ်သူမှဖန်ဆင်းတာ မဟုတ်ဘူး၊ ရိပ်မိပလား….(ရိပ်မိပါပြီ) အကြောင်းကြောင့် အကျိုးပေါ်တယ်၊ သဘောပါကြလား….(ပါပါပြီဘုရား)။

အကြောင်း၊ကြောင့်-(အကျိုးပေါ်တယ်)၊အကျိုးပေါ်တယ်၊ ရှင်းပြီနော်....(ရှင်းပါပြီ) ဒါဖြင့် အတိတ်ဘဝကလဲ ငါ ဘာပါ လိမ့်မတုံးဆိုတော့ အကြောင်း၊ ယခု ပစ္စုပ္ပန်ဘဝ ဘာပါလိမ့် မတုံးမေးတော့....(အကျိုးပါ) အကျိုးကို ၊ဝေဘန်လိုက်တော့ ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာဘဲ(မှန်ပါ)အကြောင်း ဝေဘန်လိုက်တော့ အဝိဇ္ဇာ သင်္ခါရဘဲ ရှိတယ်၊ သဘောပါကြ ပလား(ပါပါပြီ)ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိလဲ သေသွားပြီ၊ မသေသေးဘူးလား....(သေသွားပါပြီဘုရား)။

ယခု တရားနာနေတာ ဘယ်သူတုံး....မေးလိုက်တယ်၊ပြန်မေး တယ်(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေပါ)ဟာ ဒါဖြင့် ယောကျ်ား-မိန်းမ တရားနာနေတာမဟုတ်ဘူး သူတို့ဘဲ၊ ရိပ်မိပလား(ရိပ်မိပါပြီ)ဒါက ဒိဋ္ဌိခွါလိုက်တာ ဒီတရားတွေဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလိုလိုပေါ်တာ လား....ဒီ အကြောင်းနှစ်ခု ပြုပြင်တာလား....(ဒီအကြောင်းနှစ်ခု ပြုပြင်တာပါဘုရား)ရှင်းပြီနော်....(မှန်ပါ)။

ဒါဖြင့် အကြောင်းကြောင့် အကျိုး၊ သဘောပါကြလား.... (ပါပါတယ်ဘုရား)အကြောင်းကြောင့်-(အကျိုးပေါ်ပါတယ်) အကြောင်းကြောင့် အကျိုးဆိုသဖြင့်တဲ့ .... တကာ တကာမတို့ ဒါ သိကြားလဲ ဖန်ဆင်းတာမဟုတ်ဘူး၊ဒါ ဗြဟ္မာလဲ ဖန်ဆင်းတာ မဟုတ်ဘူး၊ ဒါ ထာဝရလဲ ဖန်ဆင်းတာမဟုတ်ဘူး၊ ဒါ-ဂေါ့ဒ်လဲ ဖန်ဆင်းတာမဟုတ်ဘူး၊သဘောကျပလား...(မှန်ပါ) ဟုတ်ကြ ရဲ့လား.... (မဟုတ်ပါဘုရား) အဝိဇ္ဇာ သင်္ခါရဘဲ....(မှန်ပါ) အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တာဘဲ ရှိတယ်....(မှန်ပါ)။

ဒါတွေ ပစ္စုပ္ပန်ဘဝက မဟုတ်လား... (ဟုတ်ပါတယ်ဘုရား) ဒါတွေအတိတ်ဘဝကမဟုတ်လား(ဟုတ်ပါတယ်ဘုရား)အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်တယ်....(မှန်ပါ့) သဘော ပါကြပလား....(ပါပါပြီ)အတိတ်အကြောင်းကြောင့်..(ပစ္စုပ္ပန် အကျိုး ဖြစ်ပါတယ်ဘုရား) ပစ္စုပ္ပန်အကျိုး ဖြစ်လာတော့.... ယောကျ်ားတွေလား-၊ မိန်းမတွေလား.... မေးလိုက်တယ် .... (ယောကျ်ား၊ မိန်းမတွေ မဟုတ်ပါဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေပါ) ဒါဖြင့် ယောကျ်ား မိန်းမ ပါသေးလား....(မပါပါဘုရား)။

ဩြော်....ဒီဘဝမှာ ယောကျ်ား၊မိန်းမ မပါဘူး၊ဒါတွေဘဲလို့ သိယင်ဒိဋ္ဌိကွာတယ်(မှန်ပါ့)ငါဘယ်ကလာပါလိမ့်မလဲလို့ ယုံမှား သံသယ ရှိသေးရဲ့လား....(မရှိပါဘုရား) အဝိဇ္ဇာ သင်္ခါရ ပြုလုပ် တာဆိုတာ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား) ပေါ်သဖြင့် ဝိစိကိစ္ဆာ မသေသေးဘူးလား... (သေပါပြီဘုရား) ငါဘယ်က လာပါလိမ့်မတုံးလို့ဆိုတဲ့ သံသယဟာ ရှိသေးရဲ့လား....(မရှိပါ ဘုရား)ဒါဖြင့် ယုံမှားသံသယ မရှိတော့ကို ဝိစိကိစ္ဆာသေတယ်၊ ဖြစ်ပေါ်နေတာတွေ သိပြန်တော့ ဒိဋ္ဌိ သေတယ်၊ ဒိဋ္ဌိဝိစိကိစ္ဆာ သေပြီ....(မှန်ပါ့)။

တရားနာတာ မကြာသေးပါဘူး၊ တကာတကာမတို့ အခု နာရီဝက် မရှိသေးပါဘူး၊ ဘာသေသွားသတုံး(ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေပါတယ်) ဒိဋ္ဌိ ဝိစိကိစ္ဆာ သေပြီနော်....(မှန်ပါ့) အဲဒါကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာကတော့ဖြင့် တကာတကာမတို့ သော တာပန်အငယ်စား ဖြစ်ပြီလို့ ရေးလိုက်တယ်....(မှန်ပါ့)သဘော ကျပလား-(ကျပါပြီဘုရား)အခု တရားနာတာ နာရီဝက် မပြည့်

သေးဘူး ခင်ဗျားတို့ ဘာဖြစ်တယ်ထင်တုံး(သောတာပန်အငယ်စား ဖြစ်ပါတယ်ဘုရား)ဒါနကြောင့် ဖြစ်တာလား....(မဟုတ်ပါဘုရား)။

သိမှုကြောင့် ဖြစ်တယ်....(မှန်ပါ့- သိမှုကြောင့် ဖြစ်တာပါ) သီလကြောင့် ဖြစ်တာလား....(မဟုတ်ပါဘုရား) ဘာကြောင့် ဖြစ်ပါလိမ့်... (သိမှုကြောင့် ဖြစ်ပါတယ်ဘုရား)ပေါ်ကြပလား-(ပေါ်ပါပြီ)ဒါနကြောင့် ဖြစ်တယ်လို့ မဆိုပါနဲ့ သိမှုကြောင့် ဖြစ်တယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီ)သီလကြောင့် ဖြစ်တာလား မေးယင်.... (မဟုတ်ပါဘုရား) ဘာကြောင့် ဖြစ်ပါလိမ့်....(သိမှုကြောင့် ဖြစ်တာပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သိမှုဆိုတာ ဉာဏ်ဘဲ၊ ရှင်းကြပလား(ရှင်းပါပြီ) သိမှုဆိုတာ ဘာပါလိမ့်(ဉာဏ်ပါဘုရား) ဉာဏ်ဘဲဆိုတာ သေချာပလား(သေချာပါပြီ)အဲဒါ သောတာပန်ကလေး၏ ဉာဏ်လို့ မှတ်လိုက်(မှန်ပါ့) ဒီနေ့ သောတာပန်ကလေး၏ ဉာဏ် မရသေးဘူးလား....(ရပါပြီဘုရား) ရှင်းသွားပလား(ရှင်းသွားပါပြီ)ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ သေပါသလား....မေးယင် တကာတကာမတွေ ဘယ့်နှယ်ဖြေကြမလဲ(သေပါတယ်ဘုရား)။

အသိဉာဏ်နဲ့ သေတာ၊ အပွားဉာဏ်နဲ့ သေတာမဟုတ်သောကြောင့် မဟာသောတာပန် မဖြစ်သေးဘူး၊ သောတာပန်တို့၏ သိပုံချင်း နည်းနည်း အလားတူ ဖြစ်တာနဲ့ စူဠသောတာပန်လို့ ဟောလိုက်ပါတယ်(မှန်ပါ့)ဒါနဲ့ လဲ ဘဝင် မမြောက်လိုက်ပါနဲ့လို့ ပြန်ကန့်ကွက်တယ်(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) စူဠသောတာပန်တော့ မဖြစ်သေးဘူးလား....(ဖြစ်ပါပြီ) ဒီ...

အကြောင်းနဲ့ ဒီအကျိုးဆက်တာ သိယင် ဝိစိကိစ္ဆာ သေတယ်၊ အကျိုးထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါတာ သိယင် ဒိဋ္ဌိ သေတယ်.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ မသေသေးဘူးလား....(သေပါတယ် ဘုရား) ဘာသောတာပန်ဖြစ်သလဲ... (စူဠသောတာပန် ဖြစ်ပါ တယ်) ဒါက တရားနာနေရင်း ဖြစ်ဘာလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ) ဒီ စူဠသောတာပန်သည် သေသည်၏ အခြားမဲ့၌ ဂတိ မြဲသလားလို့ မေးတဲ့အခါကျတော့ ဝေဒနာသာယာယင်တဏှာ လာလိမ့်မယ်၊ တဏှာလာယင် ဥပါဒါန် မလာပေဘူးလား.... (လာပါတယ်ဘုရား)ဥပါဒါန်လာယင်(ကမ္မဘဝ လာပါမယ်)။

ကမ္မဘဝလာလို့ရှိယင်ဖြင့် ဇာတိဆိုတဲ့ အပါယ်လေးပါး ဖြစ် နိုင်သေးတယ်....(မှန်ပါ)မဖြစ်နိုင်ဘူးလား....(ဖြစ်နိုင်ပါတယ် ဘုရား)ဒါကြောင့် ဒါလောက်ကလေးနဲ့ သူများပြောနဲ့ ခင်ဗျား တို့က ကျုပ်တို့ တတွေဖြင့် အပါယ်တံခါးပိတ်ပြီ၊ တဘဝတော့ စူဠသောတာပန် ဖြစ်ပြီလို့ ပြန်မသွားနဲ့ဦး မဟာသောတာပန် ဖြစ်အောင် ဟောလိမ့်မယ်၊ရိပ်မိပလား(ရိပ်မိပါပြီ)စူဠသောတာ ပန်နဲ့ ကျေနပ်ကြပလား....(မကျေနပ်သေးပါဘုရား)။

ကိုင်း....ဒါဖြင့် ဟကာတကာမတို့ ဒါက အင်မတန်အရေးကြီး ပြီး နေလို့ ဒီနှစ်ခု ထည့်လိုက်ပါတယ်၊ ဒိဋ္ဌိသေပုံ ဝိစိကိစ္ဆာသေပုံ ပြောပါတယ်နော်... (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား) ကိုင်း....အဂ္ဂဝစ္ဆ ဇာတ်ထုပ်ကို ခင်ဗျားတို့ကို သေသေချာချာ ဟောပါတော့မယ် နိဗ္ဗာန်ကိုဟောတဲ့ ဝတ္ထုလို့ မှတ်လိုက်စမ်း ပါ၊ ဘာဟောတဲ့ ဝတ္ထုပါလိမ့် .... (နိဗ္ဗာန်ကိုဟောတဲ့ ဝတ္ထုပါ ဘုရား) နိဗ္ဗာန်ကိုဟောတဲ့ ဝတ္ထုလို့ သေသေချာချာ မှတ်ပါ၊

ဘယ်သူ ဟောတာတုံးမေးယင် ဘယ့်နှယ် ဖြေမယ်(ဘုရားဟော ပါဘုရား)ဘုရားက အလိုလို ဟောတာလား၊အမေးရှိလို့ ဟော တာလား....(အမေးရှိလို့ ဟောတာပါဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်ကဟောနေတာလား-နိဗ္ဗာန်မြင်ပြီးသား ပုဂ္ဂိုလ်က ဟောတာလား... (မြင်ပြီးသားပုဂ္ဂိုလ်က ဟောတာပါ ဘုရား) ဒါဖြင့် စိတ်ချတော့ စိတ်ချတော့ နိဗ္ဗာန်အကြောင်း ရှင်းတော့မှာဘဲ၊ သဘောပါပလား... (ပါပါတယ် ဘုရား) နိဗ္ဗာန်မြင်ပြီးသား ပုဂ္ဂိုလ်က ဟောတာနော်·(မှန်ပါ့)ရောက်ပြီး သား ပုဂ္ဂိုလ်က မဟောနိုင်ဘူး··(မှန်ပါ့) ရိပ်မိကြရဲ့လား·(ရိပ်မိ ပါတယ်) မြင်ပြီးသား ပုဂ္ဂိုလ်ကတော့....(ဟောနိုင်ပါတယ်) ရောက်ပြီးသား ပုဂ္ဂိုလ်က....(မဟောနိုင်ပါဘုရား)။

အဲဒါလဲ ခွဲထားရသေးတယ်(မှန်ပါ့)ဒါလဲ ခွဲထားဦးမှဖြစ်မှာ နို့ မို့ လို့ ရှိယင် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်က ပြန်လာတဲ့ အဓိပ္ပါယ် ဖြစ်ဦးမှာ ခင်ဗျားတို့ဟာက သဘောပါရဲ့လား... (ပါပါတယ် ဘုရား)ဒါက ခုဟောတဲ့ ဂေါတမမြတ်စွာဘုရားသည် တကာ တကာမတို့နိဗ္ဗာန်ရောက်သွားပလားတဲ့၊မြင်တုံးဟောနေတာလား (မြင်တုံး ဟောနေတာပါဘုရား) ရောက်သွားယင် ဟောနိုင်ပါ့ မလား(မဟောနိုင်ပါဘုရား)ရောက်သွားလို့ ရှိယင်တကာတကာ မတို့ ရုပ်နာမ်ပါ ချုပ်ငြိမ်းသွားတဲ့အတွက် ဟောနိုင်သေးရဲ့လား (မဟောနိုင်ပါဘုရား)။

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးသည် ဘယ်အချိန် နိဗ္ဗာန် ဟောသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမ တို့ ပရိနိဗ္ဗာန်မစံခင် ဟောသွားတာ၊ ရှင်းပလား... (ရှင်းပါပြီ) နိဗ္ဗာန် ဘယ်အချိန်များ ဟောပါလိမ့်(ပရိနိဗ္ဗာန်မစံမီဟောသွား

ပါတယ်) စံတဲ့ပုဂ္ဂိုလ်က ခင်ဗျားတို့ကို လာဟောသေးသလား.... (မဟောပါဘုရား) ဒါဖြင့်....တဲ့၊ နိဗ္ဗာန်မြင်ရတဲ့ ပုဂ္ဂိုလ်က ဟောတာလို့မှတ်လိုက်စမ်းပါ-(မှန်ပါ့ဘုရား) ရောက်ဘဲ့ ပုဂ္ဂိုလ်က ဟောတယ်လို့မယူနဲ့။

သခင်စတင် ဒါဟာ ဒီအတိုင်းမှ မှန်မယ် (မှန်ပါ့) သဘောပါကြပလား.... (ပါပါတယ်ဘုရား) နိဗ္ဗာန်ဟာ ရောက်ပြီးသား ပုဂ္ဂိုလ်က ဟောနိုင်သလား (မဟောနိုင်ပါဘုရား) မြင်တဲ့ ပုဂ္ဂိုလ်ကသာ ဟောနိုင်တယ်.. (မှန်ပါ့) ပေါ်ကြပလား-(ပေါ်ပါပြီ) နိဗ္ဗာန် ဘယ်ပုဂ္ဂိုလ်က ဟောပြပါလိမ့် (မြင်တဲ့ပုဂ္ဂိုလ်ကဟောပါတယ်ဘုရား) ရောက်တဲ့ပုဂ္ဂိုလ်က(မဟောနိုင်ပါဘုရား) ဟာ-ဘယ့်နှယ်ကြောင့် မဟောနိုင်တုံးဆိုတော့ နာမ်ရုပ် သိမ်းသွားလို့.... (မှန်ပါ့)အသံသဲ ကကာ ဘ ကာခတို့သိဘဲ့အဘိုင်းရုပ်ဘဲ၊ ဟောချင်တာကစိတ်၊ စိတ်ကလဲ မရှိတော့ဘူး၊ အသံရုပ်ကကော ဖြစ်ပါဦးမလား . (မဖြစ်ပါဘုရား)။

ဒါဖြင့် ရောက်ပြီးသားပုဂ္ဂိုလ်က(မဟောနိုင်ပါဘုရား)နိဗ္ဗာန် မဟောနိုင်ဘူး၊ မြင်ထားတဲ့ ပုဂ္ဂိုလ်က....(ဟောနိုင်ပါတယ်) သဘောပါကြလား(ပါပါပြီ)ဒါဖြင့် ဒီဥစ္စာဟာ ဘုရားကိုယ်တော်မြတ်ကြီး ခံစားရင်း ဟောတာလားဟုတ်လား၊ ဘုရားကိုယ်တော်မြတ်ကြီးသည်ကားဆိုယင် နိဗ္ဗာန်အရသာကိုသူသည်ကား မြင်ပြီးသကာလ ဟောတာ....လို့ သေသေချာချာ မှတ်ပါ၊ ရောက်ပြီးသလာက ဟောတယ်လို့ မယူပါနဲ့....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) နိဗ္ဗာန်ကို.... (မြင်ပြီးသကာလ ဟောတာ)။-

မြင်ပင်မြင်ငြားသော်လဲ ဟိုနားမှာမီးနှစ်ပွင့် ထွန်းထားတယ် တကာတကာမတို့ ဩော်....ဒါမီးနှစ်ပွင့်လို့တော့ မသိဘူးလား

(သိပါတယ်)ဒီလိုမြင်တာ သူ့ဟာက....(မှန်ပါ့) ရိုပ်မိပလား.... (ရိပ်မိပါပြီ)ဒီလို ဟိုနားမှာ မီးနှစ်ပွင့်မီးကလေး အခိုင်းကလေး လုပ်ထားတယ်၊ ဒီအိမ်က တကာတကာမတွေကဆိုတော့ ဩြော်-သူသည်ကားလို့ဆိုယင်ဖြင့် သေသေချာချာ မြင်ပြီးပြောတာဘဲ သဘောကျပလား....(ကျပါပြီဘုရား)သေသေချာချာ(မြင်ပြီးမှ ဟောတာပါ) ရောက်ယင်တော့လဲ ခန္ဓာ နာမ်ရုပ် ချုပ်လို့ မဟောနိုင်ဘူး၊ ဟောနိုင်ပါ့မလား.... (မဟောနိုင်ပါဘုရား)။

ဒါဖြင့် ဒီကိုယ်တော်ကြီး သတ္တဝါခင်ဗျားတို့ သိကြပလား (သိပါပြီ) မြင်ပြီးပြတဲ့ဟောတဲ့ ကိုယ်တော်ကြီးဟော့....သဘော ပါပလား(ပါပါပြီဘုရား)မြင်ပြီးဟောတဲ့ ကိုယ်တော်ကြီးဟော့-ဆိုတာကော သဘောပါပြီနော်.... (ပါ-ပါပြီဘုရား) ကိုင်း.... ဒါဖြင့် အဂ္ဂိဝစ္ဆမေးတာကို ဘုန်းကြီးက စ့ရှင်းမယ်၊ အဂ္ဂိဝစ္ဆ ပုဏ္ဏားက မေးတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိ ပြည် ဇေတဝန်ကျောင်း သီတင်းသုံးနေတုန်း အရှင်ဘုရား... ရုပ် နာမ် လောကကြီးဟာ-ဆိုတော့ ဒါ အကုန်ပေါ့ဗျာ၊ ဒီငါးခု စလုံးဟာ ရုပ်နာမ်လောကဘဲ.... (မှန်ပါ့) ပေါင်းလိုက်ယင် ရုပ်နာမ်ဘဲ ရှိတယ်မဟုတ်လား....(မှန်ပါ့)။

ရုပ်နာမ်လောကကြီးဟာ ရှင်ကြီးဂေါဘမ မြဲသလားလို့ မေးလိုက်တယ်၊ စ့မေးတဲ့စကား ဘာတဲ့တုံး တကာတကာမတို့-(ရုပ်နာမ်လောကကြီးဟာ မြဲသလားတဲ့) အဂ္ဂိဝစ္ဆက မေးလိုက် တော့ ဒီလိုမမေးပါနဲ့ကွာလို့ဘုရားက ဖြေလိုက်ပါတယ်၊ မြဲတယ် လို့ ယူလိုက်လို့ရှိယင် သူ့ သဿတဘက် ပုဏ္ဏားသွားတော့မယ်၊ သဘောကျပလား(မှန်ပါဘုရား)ဒါဖြင့် ဘုရားက ဒီလို မြဲတယ်

လို့ ငါ အယူမရှိဘူးလို့ ပယ်ချလိုက်တာ.... (မှန်လှပါဘုရား) ပယ်ချလိုက်တယ်....(မှန်ပါဘုရား)။

ဒီလိုမြဲတယ်လို့ ငါ- အယူမရှိဘူးလို့ ပယ်ချလိုက်တယ်.... (မှန်ပါ)သဘောပေါ်ပလား....(ပေါ်ပါတယ်ဘုရား) ပြန်မေးမယ်၊ ပြန်မေးမယ် တကာတကာမတို့....နော်၊ ခင်ဗျားတို့ အကုန်ခဲဖြ ပါ၊ခင်ဗျားတို့ရှင်းသွားအောင်ခဲဖြပါ၊တကာတကာမတို့ ဟောဒီ ရုပ်နာမ်လောကကြီးကို အဂ္ဂိဝစ္ဆက မြဲသလား....လို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ....၊ မြဲသလား....လို့ အဂ္ဂိဝစ္ဆက မေးတဲ့အခါကျလို့ရှိယင်ဖြင့်“သဿတော လောကော....”ကုံးဗျ ပါဠိလိုသုံးတော့ နော်....(မှန်ပါ)။

ဒီအယူ ငါ မယူပါဘူးကွတဲ့၊ပေါ်ကြလား....(ပေါ်ပါပြီ) ဒီအယူကို....(ငါ-မယူပါဘူး....ကွ)ဒီအယူ ငါ မယူဘူးလို့ အခဲဖြ ထုတ်လိုက်တယ်၊ ပုစ္ဆာဘာခု မခြေသေးဘူးလား.... (ဖြေပါတယ် ဘုရား)ဒါဘုရားဖြေတာနဲ့ ပုဏ္ဏားမေးတာတင် တကာတကာမ တွေ မှတ်ပါ၊ နောက်ဆုံးပိတ် နိဗ္ဗာန်ရောက်လာလိမ့်မယ်၊ သူ မေးတဲ့ အဆုံး နိဗ္ဗာန် သေသေချာချာ ရောက်မယ်....(မှန်ပါ)။

ဒါနဲ့ ပုဏ္ဏားက မကျေနပ်ဘူး၊ ဒါဖြင့် အရှင်ဘုရား- ရုပ်နာမ် လောကကြီးဟာ မမြဲဘူးလားလို့ မေးလိုက်တယ်.... (မှန်ပါ) ဒီအယူလဲ ငါ-မယူဘူးကွ....တဲ့၊ သဘောပေါ်လား....(ပေါ်ပါတယ် ဘုရား) ဟောတော့ ဟောဘ့ိုဘဲ....တဲ့၊ နာမ်ရုပ် လောကဟာ ခင်ဗျားတို့သိထားတာက မမြဲဘူးဆိုတာသိတယ်,မသိဘူးလား.... (သိပါတယ်ဘုရား) နာမ်ရုပ်လောကဟာ မြဲသလား.... (မမြဲပါ ဘုရား) ဒါနဲ့ ပုဏ္ဏားက မေးတယ်၊ရုပ်နာမ်လောကဟာ မမြဲဘူး လားလို့ ဒုတိယပုစ္ဆာနဲ့ မေးလိုက်တယ်၊ ဒီအယူ ငါမယူဘူးကွ၊

တဲ့....၊ ရိပ်မိပလား....(ရိပ်မိပါပြီ) မမြဲတဲ့ အယူလဲ.... (မယူပါဘုရား)။

မမြဲဘူးလို့ ဟောလိုက်ယင်တော့ကြည့်တော့- တည့်နေတယ်၊ မမြဲယင် အရှင်ဘုရား....ဒါတွေက ရုပ်နာမ်လောကဆိုးယင် ဘာမှ မရှိဘူးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ယူသွားလိမ့်မယ်၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား) ကိုင်း.... ဘယ်အယူ ပြေးသွားမယ် ထင်သတုံး.... (ဥစ္ဆေဒဒိဋ္ဌိဘက်)ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွားမှာစိုးလို့ ဘုရားက ဟောသင့်တာကိုရှောင်ပစ်လိုက်တယ်၊ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဟောသင့်တာကို...(ရှောင်ပစ်လိုက်ပါတယ်) ပြန်ပြောမယ်၊ နှစ်ခွန်းတည်း ရှိသေးဘယ်နေ့်.... (မှန်ပါ့) ရုပ်နာမ် လောကကြီးဟာ မြဲသလားဆိုတော့ ဘုရားက ဒီအယူကို-(ငါမယူပါဘူးတဲ့)ဒါဖြင့် ရှင်ကြီးပေါ်တမ ရုပ်နာမ်လောကကြီးဟာ မမြဲတော့ဘူးလားလို့ မေးလိုက်တယ်၊ ဘုရားက ဘယ့်နှယ် ဖြေတုံး.... (ဒီအယူ ငါ မယူဘူးတဲ့) အကယ်၍ မမြဲဘူးလို့ ဟောလိုက်လို့ရှိယင် ပုထုဇဉ်တွေ ဒါတွေ ပျောက်သွားလို့ရှိယင် ဘာမှ မရှိတဲ့ ဥစ္ဆေဒဘက် သူယူသွားမယ်,မယူဘူးလား-ယူမလား(ယူပါတယ်ဘုရား)။

မြဲဘယ်ဆိုယင် သူ သဿတဘက်ယူမယ်....(မှန်ပါ့) သဘောကျပလား(ကျပါပြီ) မမြဲဘူးလို့ ဘုရားက ပြောလိုက်လို့ရှိယင် သူ ဘယ်ဘက်သွားမယ် ထင်သတုံး.... (ဥစ္ဆေဒဘက် သွားပါလိမ့်မယ်) ကြည့်- ဒီ ဒိဋ္ဌိနှစ်ခု ခံနေယင် နိဗ္ဗာန်ရပါ့မလား.... (မရပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါဖြင့် တကာတကာမတို့ အခု ပုစ္ဆာ ဘယ်နှစ်ချက် ပြီးသွားပလဲ.... (နှစ်ချက်ပြီးသွားပါပြီဘုရား)။

တခါ မေးပြန်တယ်၊ ပုဏ္ဏား လျှာရှည်တယ်လို့ မယူနဲ့....၊ နိဗ္ဗာန်ကို ပေါ်စေချင်လို့ မေးနေတာ....(မှန်ပါ့ဘုရား) ရုပ်နာမ်လောကဟာ အဆုံးရှိသလားလို့ မေးတော့၊ ဒီလိုလဲ ငါ အယူမရှိဘူးကွ၊ သဘောကျပလား(မှန်ပါ့ကျပါပြီ) ရုပ်နာမ်လောကဟာ အဆုံးရှိသလားလို့ ပုဏ္ဏားကမေးတော့ ဒီအယူ ငါမယူဘူးတဲ့၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ရုပ်နာမ်လောကဟာ မဆုံးဘော့ဘူးလား....လို့ မေးပြန်တယ် ပုဏ္ဏားက၊ မေးခွင့်က ကြုံတယ်၊ မကြုံဘူးလွား....(ကြုံပါတယ်ဘုရား)။

အဲဒီတော့ဒီအယူလဲငါမယူဘူးလို့ ဆိုတာတကာတကာမတွေ့ ဘုရားက အဖြေပေးလိုက်တယ်....(မှန်ပါ့)သဘောပါကြလား....(ပါ့ပါတယ်ဘုရား) ဒါ မမေးဘဲ ထားလို့ရှိယင် ဒီအယူ ငါ ယူတယ်ဆိုယင် သဿတနဲ့ဥစ္ဆေဒတခုခုတော့ ပုဏ္ဏားယူတော့မယ် (မှန်ပါ့)မယူပေဘူးလား....(ယူပါတယ်ဘုရား) အဲဒါကြောင့် အကုန်ပယ်ချနေတယ်၊ ကိုင်း....ဒါနဲ့ဘဲ ဒါတွေက တလုံးချင်း ပြောမယ်ဆို မဆုံးနိုင်တဲ့အတွက် တကာတကာမတွေ့နားလည်တဲ့ အမေးကို သူ ဆယ့်နှစ်ချက်မေးတာ အခု လေးချက်ပြီးသွားပြီ (ပြီးသွားပါပြီဘုရား)။

နောက် လေးချက်ဘဲ ပြောတော့မယ် နော်.... (မှန်ပါ့) ကျန်တဲ့ဥစ္စာတွေ ခင်ဗျားတို့မှာလဲ ဒီအယူမရှိလို့ ဘုန်းကြီး မဟောတော့ပါဘူး၊ နာရီတွေ အလကား စားသွားမှာစိုးလို့ နော်(မှန်ပါ့) သတ္တဝါသေယင်ဖြစ်သေးသလားလို့ မေးပြန်တယ် ဟာ....ဒီအယူ ငါမယူဘူးတဲ့ (မှန်ပါ့)တကာတကာမတွေ့အခုမေး လိုက်တာ ဘာတဲ့(သတ္တဝါသေယင်ဖြစ်သေးသလားတဲ့)ဘုရားက ဘယ့်နှယ်ဖြေသလဲ....(ဒီအယူ ငါမယူဘူးကွာ....တဲ့)။

ဒီအယူငါမယူဘူးတဲ့၊ ဒီအထဲ သတ္တဝါပါရဲ့လား....(မပါပါဘုရား) ဒါကြောင့် ခင်ဗျားတို့ စောစောက ရှင်းထားတာ....(မှန်ပါ့)ပေါ်ပလား(ပေါ်ပါပြီဘုရား)စောစောက မရှင်းယင် ခင်ဗျားတို့တောင်ရှုပ်တယ်၊ ခင်ဗျားတို့တောင် အဂ္ဂိဝစ္ဆဖြစ်တယ်၊ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)ဒါကြောင့်စောစောက သိမ်းထားရသေးတယ်၊ ငါ့တကာတကာမတွေနဲ့ ငါနဲ့ လုံးပြီး ရန်ဖြစ်နေချိရဲ့လို့၊ အခုတော့ ဖြစ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

သတ္တဝါသေယင် ဖြစ်သေးသလားလို့မေးတော့ နောက်ထပ်ဖြစ်သေးသလားလို့မေးတော့ ဘုရားကဘာတဲ့....(ဒီအယူငါမယူပါဘူးတဲ့) သတ္တဝါမှ မရှိဘဲနဲ့ ဖြစ်သေးသလားဆိုတဲ့ စကားမေးဘို့လိုသေးသလား....(မလိုပါဘုရား) ဒါကြောင့် ဒီအယူငါမယူဘူးဆိုတာ အဖြေအင်မတန်မှန်သွားတယ်၊ မမှန်ဘူးလား(မှန်ပါတယ်ဘုရား)ဒါဖြင့် ပုဏ္ဏားက ဆက်မေးတယ်၊ သတ္တဝါသေယင် မဖြစ်တော့ဘူးလားတဲ့၊မေးပြန်တယ်(မှန်ပါ့)ဒီအထဲမှာ သတ္တဝါပါရဲ့လား....(မပါပါဘုရား)။

ဒါဖြင့် မဖြစ်တော့ဘူးလား... မေးတဲ့ စကားဟာ ဒီအယူ ဘုရားက ယူတယ်လို့ဆိုရမှာလား... မယူဘူးလို့ ဆိုရမှာလား....(မယူဘူးလို့ဆိုရမှာပါ) ဒါဖြင့် ပြေသွားပြီနော်.... (မှန်ပါ့) တခါ တကာ:တကာမတွေ မေးပြန်တယ်၊ သတ္တဝါသေလို့ရှိယင် ဘုရား... တဲ့- ကပ်တယ်လဲ မအောက်မေ့ပါနဲ့၊ ဖြစ်ချိတလည့်- မဖြစ်ချိတလည့်လားလို့မေးပြန်တယ်၊ရိပ်မိပလား -(ရိပ်မိပါပြီ) ကေစ္စသဿတဒိဋ္ဌိကို သူမေးပြန်တယ်....(မှန်ပါ့) ဒီအယူငါမယူဘူးကွ....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)၊

တခါ မေးပြန်တယ် ဆက်ပြီး၊ သတ္တဝါသေလို့ ရှိယင် မဖြစ် သည်မဟုတ်၊ ဖြစ်သယောင်ယောင်များ ရှိသေးသလား.... တဲ့၊ ဒီအယူလဲ ငါမယူဘူးကွ(မှန်ပါ) အမရာဝိက္ခေပ အယူ မေးထား တယ်၊ ဒီသဘောကို နားလည်ထား၊ ခင်ဗျားတို့ ရှုပ်နေမှာစိုးလို့ နော်၊အဲဒါနဲ့ မေးလိုက်တော့ ဒီအယူ မယူဘူးလို့ဘဲ ဘုရားက ဖြေလိုက်တယ်၊ သဘောကျပလား....(ကျပါပြီ)ဒါဖြင့် တကဲ့ တကာမတွေ သတ္တဝါသေယင် ဖြစ်သေးသလား .... (မဖြစ်ပါ ဘုရား)။

ဒီအယူ မယူဘူးလို့ လုပ်ပါ....(ဒီအယူ မယူပါ) မဖြစ်ဘူး ဆိုယင် ခင်ဗျားတို့ ဥစ္ဆေဒ ဖြစ်သွားလိမ့်မယ်၊အတော် ကြပ်သွား လိမ့်ဦးမယ်၊ဒီအယူကို မယူနဲ့....(မှန်ပါဘုရား)အတော်ခက်တာ၊ သတ္တဝါသေယင် ဖြစ်သေးသလား....(ဒီအယူ မယူပါဘုရား) ဒီအယူ မယူဘူး ဘုန်းကြီးပြောလို့ လိုက်နေတာနော်....(မှန်ပါ) ဒီသတ္တဝါတွေ ဘယ်များ သွားဖြစ်ပါလိမ့်မတုံးလို့ ခင်ဗျားတို့ မှာကို ဒီအယူရှိတယ်(မှန်ပါ) ရှိတယ် သူတို့မှာ(ရှိပါတယ်ဘုရား) သတ္တဝါတယောက်တော့ သေသွားပဟော....၊ ဘယ်များ လား လေသတုံး၊မလားပေဘူးလား....(လားပါတယ်ဘုရား)။

သတ္တဝါကော ပါရဲ့လား....(မပါပါဘုရား) ဘယ်များ လားစရာကော ရှိသေးရဲ့လား .... (မရှိပါ ဘုရား) အဲဒါ ခင်ဗျားတို့မှာ ဒိဋ္ဌိရှိနေလို့ ဒါစောစောကြီးရှင်းပေးနေရတယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဒါကြောင့် ဘုန်းကြီး တရားကို ဘုန်းကြီးတို့က သုံးလေးလ ဟောရမှ ခင်ဗျားတို့မှာ လိုရင်းဆိုက်မယ်....(မှန်ပါဘုရား) ရှင်းပေးစရာတွေက နည်းတာ

တွေ့မယ်ဆိုတော့ ဒါနိဗ္ဗာန်မဟော်ရသေးဘူး၊ မရောက်သေးဘူး ပုဏ္ဏားမှာ အတော်ရင်လေးနေတယ်....(မှန်ပါ့) မလေးသင့်ဘူးလား....(လေးသင့်ပါတယ်ဘုရား) ဒါဖြင့် ရှင်ကြီးဂေါတမတဲ့- ကျုပ်မေးတာ ဒီအယူ မယူဘူးလို့ ပြောတယ်၊ ဒီအယူ ယူယင် ဘာဖြစ်တတ်သတုံး သူ မေးလာတဲ့ အယူတွေ ယူယာင် ဘာဖြစ်တတ်သတုံး....။

တကာတကာမတို့ မေးခွင့်ကော မကြုံဘူးလား....(ကြုံပါတယ်ဘုရား) ကြုံတဲ့အခါကျတော့ ဘုရားက ဒီအယူ ယူလို့ရှိယင်ကွာ....တဲ့ ဒိဋ္ဌိတည်းဟူသော ခရီးခဲရောက်တယ်တဲ့-(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား) ဒီအယူ ယူယင်.... (ဒိဋ္ဌိတည်းဟူသော ခရီးခဲရောက်ပါတယ်) စာလိုသုံးယင် ကြာတယ်ဗျာ၊ ဒီအယူ ယူယင် ဒိဋ္ဌိသာမှတ်လိုက်(မှန်ပါ)ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)ဒီအယူ ယူယင်...(ဒိဋ္ဌိသာ မှတ်လိုက်ပါ) ဒိဋ္ဌိဖြစ်သွားတယ်ကွာလို့ ဟောလိုက်တယ်၊ ဒိဋ္ဌိအယူ ဖြစ်သွားတယ် သဘောပါပလား....(ပါပါပြီဘုရား)။

ပုဏ္ဏားက မကျေနပ်ဘူး၊ ဒီအယူ ယူယင် ဒိဋ္ဌိဖြစ်သည်လို့ ဘုရားက ပြောလိုက်တယ်၊ ပုဏ္ဏားက မကျေနပ်ဘူး၊ ဒါဖြင့် ရှင်ကြီးဂေါတမ အယူ ပြောစမ်းပါ....(မှန်ပါဘုရား) သူ့အယူ တလုံးမှ မဟုတ်ဘူးလို့ ပြောတာကိုး-(မှန်ပါ့) ရှင်ကြီးဂေါတမ အယူ ပြောစမ်းပါတဲ့-၊ ရှင်ကြီးဂေါတမ ဘယ်ဒိဋ္ဌိအယူ ယူသလဲ-ငါ ဒိဋ္ဌိအယူကိုတဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကတည်းက ပယ်ခဲ့ပြီကွ....၊ ငါ့မှာ ဒိဋ္ဌိအယူ မရှိဘူးတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပုဏ္ဏားယူတဲ့ အယူတွေ ယူအေးရဲ့လား.... (မယူပါဘုရား) ဗောဓိပင်နဲ့ ရွှေပလ္လင်ကဘည်းက ပယ်ခဲ့ပါပြီတဲ့ ....၊ ဒါဖြင့် ဘုရားတဲ့ .... အရှင်ဘုရားက ဒိဋ္ဌိအယူ မယူဘူးဆိုလို့ရှိယင်ဖြင့် အရှင်ဘုရားယူတဲ့ အယူတခုကို တပည့်တော် သိပါရစေ၊ တခုခု တော့ ယူရမှာဘဲ၊ ကကာတဏှာမတို့ အင်မတန် အဘိုးတန်တဲ့ စကားနော်-(မှန်ပါ့)ပျင်းပျင်းနဲ့ မနာကြနဲ့၊ သေသေချာချာ နားကြီးကြီးနဲ့နာမှ ဇီဥစ္စာ ပေါ်လာမယ်...(မှန်ပါ့) အရေး မကြီးဘူးလား...၊ အခု သုံးနေတဲ့ စကားတွေ....(ကြီးပါတယ် ဘုရား)တကာတကာမတွေ(ဘုရား) သိပ် အရေးကြီးတယ်ဆိုတာ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

ဘာသန္တရက လာလို့ရှိယင် ခုပြောတဲ့ တရားမျိုး ဘုန်းကြီး ဟောတဲ့ တရားမျိုးကို ခင်ဗျားတို့ လည်လည်မပြောနိုင်လို့ရှိယင် ခင်ဗျားတို့ ကိုယ်တိုင် မိစ္ဆာဒိဋ္ဌိဖြစ်တယ်၊ မဖြစ်ဘူးလား—ဖြစ် မလား--(ဖြစ်ပါတယ်ဘုရား) ကဲ--ဒါဖြင့် ရှင်ကြီးဂေါတမ .... သူယူတဲ့ အယူတွေတော့ မယူဘူးဆိုတော့ ရှင်ကြီးဂေါတမအယူ ပြောစမ်းပါ၊ ကျုန်ုပ်တို့ယူတဲ့ အယူတွေတော့ ဒိဋ္ဌိအယူလို့ အရှင် ဘုရားက ပြောထားတယ်၊အရှင်ဘုရား၏ အယူဝါဒ ပြောစမ်းပါ။

ဒါဟာတဲ့ ဟောစိတ်ကလေးဖြစ်တယ်၊ စိတ်ကလေးကချုပ် တယ်၊ဒီလိုယူတယ်ကွတဲ့(မှန်ပါ့)တကာတကာမတွေရိပ်မိပလား-- (ရိပ်မိပါပြီ) ဝေဒနာကလေးကျတော့လဲ ဖြစ်တယ်, ချုပ်တယ်၊ ဒီလိုယူတယ်၊ စိတ်ကလေးကျပြန်တော့....(ဖြစ်တယ်,ချုပ်တယ်) နာမ်ကလေးကျပြန်တော့.... (ဖြစ်တယ်,ချုပ်တယ်) ရုပ်ကလေး ကျပြန်တော့(ဖြစ်တယ်,ချုပ်တယ်)ငါ့ဇာ ဒီလိုယူတာကွ၊သဘော ကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဖြစ်ပျက်ရှုခိုင်းတာဟာ ဘယ်သူ့အယူ ပါလိမ့်....(ဘုရားအယူပါဘုရား) ဗြော်....တော်သေးတယ်၊ တော်သေးတယ်၊ ဒီတလုံးက အတော်မိတာဗျ၊ ဒီတလုံးက အတော်မိဘာ၊ ဒီတလုံးက အတော်မိတယ်ဆိုတာ တကာတကာ မှတ့် ခင်ဗျားတို့ ဗုဒ္ဓဘာသာ စစ်သွားပြီတဲ့၊ ဗြော်....ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်လို့ တလုံးဘည်းယူလိုက်တာ သိပ်တည့်သွား တယ်....(မှန်ပါ့ဘုရား)ဖြစ်တာ ဘာသစ္စာတုံး ကြည့်လိုက်(ဒုက္ခ သစ္စာပါဘုရား)သိတာ ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါဘုရား)။

ဗြော်....ခင်ဗျားတို့အယူက ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ အမှန် သိတဲ့ အယူဟာ ခင်ဗျားတို့ ဗုဒ္ဓဘာသာ၏အယူ....(မှန်ပါ) ဒီကျမှ ပေါ်လာတယ်....(မှန်ပါ) ကဲ....ဘယ်လောက်လေးနက် သတုံး....(မှန်ပါ) တကာတကာမတွေ့ တရားပွဲ ငြိမ်ခံနေလို့ မဖြစ်ဘူး၊ လေးနက်တာသိပလား(သိပါပြီဘုရား) ဒီတရားမျိုး ကို မနာရတော့ဘူးဆိုယင် ခင်ဗျားတို့ ဒိဋ္ဌိဟာ မှတ်ပေတော့ (မှန်ပါ) သခင်ဝတင် ယုံရဲ့လား...(ယုံပါတယ်ဘုရား) ဒီတရား မျိုးသာ မနာရတော့ဘူးဆိုယင် အကုန်ဘာဖြစ်မယ်ထင်သတုံး.... (ဒိဋ္ဌိဖြစ်မှာပါဘုရား)။

ဗြော်....သတ္တဝါသေလို့ရှိယင်ဖြင့်ဘာများသွားဖြစ်ပါလိမ့် မတုံးဆိုတော့ သတ္တဝါလဲမရှိဘူး၊ ဘာသွားဖြစ်ပါလိမ့်မလဲ တခု ခုတော့ ဖြစ်မှာဘဲလေ၊မလာဘူးလား ... (လာပါတယ်ဘုရား) အဲဒီတော့ သတ္တဝါလဲမရှိဘူး၊ တခုခုဖြစ်စရာလဲမရှိဘူး၊ အဲဒါ ခင်ဗျားတို့က စွဲပြီးသကာလ ဆောက်လေရာ အမျှဟော... ဆိုတော့ သွားရော၊ ရိပ်မိလာ-.... (ရိပ်မိပါပြီ) ဆောက်လေရာ အမျှတဲ့ သဘောကျပလား.... (ကျပါပြီဘုရား)ဒါ ဘာဒိဋ္ဌိတွေပါလိမ့်

သဿတ ဒိဋ္ဌိပါဘုရား)ဟင်း.... ကိုယ့်မောင် ကိုယ့်ဖွားကလေး ဖြင့် လူ့ပြည် လူ့အကြောင်းမှ ကောင်းကောင်းမသိခင် သေ သွားရှာတယ်၊ဘယ်များ ရောက်ပါလိမ့်မလဲ .... ဘယ့်နှယ်တုံး မယူကြဘူးလား....(ယူကြပါတယ်ဘုရား)။

ကိုယ့်မောင် ကိုယ့်ဖွားဆိုတာ ယဉ်ကျေးအောင် သုံးတာ (မှန်ပါ) ဘေးကလူကသုံးတော့ ဒီသတ္တဝါကလေး ဘယ်များ သွားပါလိမ့်၊ မမေးဘူးလား-မေးမလား...(မေးပါတယ်ဘုရား) အဲဒါ ဘာအယူပါလိမ့်....(မိစ္ဆာဒိဋ္ဌိအယူပါဘုရား) ဒိဋ္ဌိအယူ၊ ဒိဋ္ဌိအယူ မိစ္ဆာတောင် မထည့်ပါနဲ့တော့ တော်ပြီ– ဒိဋ္ဌိအယူ၊ မိစ္ဆာဆိုတော့ ပြင်းထန်လွန်းလှတယ်။

ဒိဋ္ဌိအယူဆိုကတည်းက နိဗ္ဗာန်မရောက်တော့ဘူး၊ သဘောကျ ပလား(ကျပါပြီ)ဒီအယူကိုခင်ဗျားတို့က ဒီအတိုင်းဘဲရှေးလူကြီး တွေကလဲ သတ္တဝါတယောက် သေလို့ရှိယင် ရောက်ချင်သလို ရောက်တာဘဲဟော့ - လို့ဟောထားတဲ့ ဒီအယူကို မစွန့်တော့ဘူး ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်ကို ခင်ဗျားတို့ တခါတည်း ရွှေစေတီ, ရွှေဘုရား, ရွှေတိဂုံကြီးကို တပေပတ်လည်ရွှေတွေခတ်, ငါးကျပ် သား-ငါးကျပ်သားကပ်၊ ကုန်အောင်ကပ် နိဗ္ဗာန်မရဘူး၊ ဒီ- ဒိဋ္ဌိ အယူခံနေယင်....(မှန်ပါ)ရပါ့မလား.... (မရပါဘုရား) ဒိဋ္ဌိက နိဗ္ဗာန် ကန့်ကွက်တာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒိဋ္ဌိက ဘာကန့်ကွက်သလဲ....(နိဗ္ဗာန် ကန့်ကွက်ပါတယ်) ကဲ ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (မှန်ပါ) ဒါဖြင့် ခင်ဗျားတို့အလှူကိုနောက်ထား၊ ဒိဋ္ဌိခွာတာရှေ့လုပ်ပါ၊ သဘော ပါကြလား(ပါပါတယ်ဘုရား) အလှူအဒါန်းကို (နောက်ထား) ဒိဋ္ဌိကို(အရင်ခွာ)ဒိဋ္ဌိခွာပြီးမှလှူပါ....(မှန်ပါ) ကျုပ်တို့ဗမာတွေ

ဗုဒ္ဓဘာသာတွေမှာ ကဲ....ဆရာကောင်း မတွေ့တော့ ခင်ဗျားတို့ ဘယ်လောက်နာတယ်ဆိုတာ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ဘယ့်နှယ်ဖြစ်နေသလဲ၊ အလှူကိုရှေ့ထား(မှန်ပါ့ ရှေ့ထား)ဒီဥစ္စာမခွါဘူး(မှန်ပါ့) ဒါဖြင့် ဒီဥစ္စာရှိလျက်နဲ့ လှူတော့ ဘယ်သူ့အလှူလို့ ဆိုမတုံး....(ဒီဥစ္စာအလှူ) တိုးတိုးမပြောနဲ့ဗျာ၊ ကျယ်ကျယ်ပြောကြ....(ဒီဥစ္စာအလှူပါဘုရား)ဒီဥစ္စာအလှူ.... (မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီ)ဘာအလှူပါလိမ့်.... (ဒီဥစ္စာအလှူပါဘုရား) သွားပြီ၊ဒီဥစ္စာအလှူဆိုယင် နိဗ္ဗာန်မရဘူး၊ရိပ်မိပလား (မှန်ပါ့ ရိပ်မိပါပြီဘုရား)။

ဒါ ဘုန်းကြီးက အကွက် လည်လာလို့သာ ပြောရဲတာ၊ ဒီစကားသုံးဘို့ အတော်ခဲယဉ်းတယ်(မှန်ပါ့)အခုတော့ အကွက် မလည်သေးဘူးလား(လည်ပါပြီဘုရား)သတ္တဝါ ဒီအထဲ ပါရဲ့လား....(မပါပါဘုရား) သတ္တဝါကလေး ရည်မှန်းပြီး လှူလိုက် ရဦးမယ်ဆိုတော့ ဂွကျတယ်(မှန်ပါ့)ဘာအယူနဲ့ လှူလိုက်တာတုံး (ဒီဥစ္စာအယူနဲ့ လှူလိုက်တာပါ) နိဗ္ဗာန်မရဘူး စိတ်ချ၊ နတ်ရွာ သုဂတိတော့ ရောက်တယ်၊ နိဗ္ဗာန်တော့.... (မရောက်ပါဘုရား) ဘာကြောင့်တုံး....(ဒီဥစ္စာမခွါလို့ပါဘုရား)။

ဒီဥစ္စာက နိဗ္ဗာန်ကန့်ကွက်တာ(မှန်ပါ့) သုဂတိ မကန့်ကွက်ဘူး-(မှန်ပါ့)သဘောပါကြရဲ့လား .... (ပါ-ပါတယ်ဘုရား) ဒီဥစ္စာက ဘာတော့ ကန့်ကွက်သတုံး.... (နိဗ္ဗာန် ကန့်ကွက်ပါတယ်ဘုရား) နတ်ရွာသုဂတိတော့....(မကန့်ကွက်ပါဘုရား) အဲ .... နတ်ရွာ သုဂတိ ရောက်တဲ့ ကုသိုလ်တော့ ဖြစ်ပါရဲ့တဲ့၊ နိဗ္ဗာန်ရောက်တဲ့ ကုသိုလ် မဖြစ်ဘူး၊ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ရှင်းရှင်း ပြောတာဘဲ....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီတရားမျိုးကို တကာ့တကာမတို့မနာရတော့ဘူး ဆိုလို့ရှိယင်ဖြင့်တဲ့ ဒိဋ္ဌိအလူ သာခု ခေါ်ဘို့ဘဲ ရှိတော့တယ်.... (မှန်ပါ)ဘယ်နှယ်ဆိုကြမလဲ (ဒိဋ္ဌိအလုျသာခု ခေါ်ဘို့ဘဲ) ကြောက်စရာကြီးပါလား၊ ဒါကြောင့် ခင်ဗျားတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ"....တဲ့၊၁၇၉၂-ကြိမ်မှာတယ် (မှန်ပါ) ဟုတ်တိုင်း မှန်စွာ ဒိဋ္ဌိခွါတတ်တဲ့ ဆရာကို ရှာကြစမ်းပါဆိုတာ ဘုရားက ၄၅ ဝါအသက်ရှည်တယ်၊မှာတာက ထောင့်ခုနစ်ရာ့ ကိုယ်းဆဲ့နှစ်ကြိမ် မှာတယ်၊ ဒိဋ္ဌိခွါတတ်တဲ့ ဆရာ ရှာစမ်းပါဦး၊ ရှာပြီးမှ လုပ်စမ်းပါ။

ကဲ....ဘယ်နှယ်တုံး ထောင့်ခုနစ်ရာ့ကိုးဆဲ့နှစ်ကြိမ် (၁၇၉၂) တဲ့ တကာ့တကာမတို့....(မှန်ပါ)ဒိဋ္ဌိခွါတတ်တဲ့ဆရာ ရှာစမ်းပါ ဆိုတာ ဘယ်နှစ်ကြိမ်တဲ့တုံး(၁၇၉၂-ကြိမ်ပါ) ဘုရားက အသက် သယ်လောက်ရှည်သွားသတုံး(၄၅-ဝါပါ)ကဲ....၄၅- ဝါအတွင်း မှာ ၁၇၉၂-ကြိမ်မှာဘယ်ဆိုတာ အရေးကြီး-မကြီး.... (ကြီးပါ တယ်ဘုရား)ဘုရားက ငါဟာတဲ့ မင်းတို့ မသိလို့သာ ငါပြော ရမှာငါနှစ်ခွန်းမပြောချင်ဘူးကွ-သူ့ထုံးစံက (မှန်ပါ)တခွန်းနဲ့ အမှန်ပြောလေ့ရှိတာ ငါဘုရား၏ ဝတ္တရားတဲ့....(မှန်ပါ)။

အဲဒီ ဘုရားကိုယ်တော်ကြီးက အခု ဘယ်လောက် ပြောသွား သတုံး(၁၇၉၂ ကြိမ်ပြောသွားပါတယ်) ဒိဋ္ဌိခွါတတ်တဲ့ဆရာရှာ စမ်းပါကွာ ငါမရှိသည့်နောက် ကဲ-ဘယ်လောက်အရေးကြီးလို့ (ကြီးပါတယ်ဘုရား)အလွန်ကြီတာ ပေါ်ပလား (ပေါ်ပါပြီ) ခင်ဗျားတို့ကိုချောက်တာလားသွားကြည့်၊ ပါဠိတော်ထဲ ထောင့် ခုနစ်ရာ့ကိုးဆဲ့နှစ်ကြိမ် ရှိတယ် မှာထားတာ....(မှန်ပါ) 'ယထာ

ဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ” ဆိုပြီး တိုက်ရိုက်က သုံးဆဲ့နှစ်ကြိမ် (၃၂) .... (မှန်ပါ့) အလားတူတွေက ထောင့်ခုနစ်ရာ့ကိုးဆဲ့နှစ်ကြိမ် မှာတယ်၊ ဘယ်လောက်မှာတယ်ဆိုတာ သခင်ဝတင် ရိပ်မိပလား....(မှန်ပါ့)။

ဒါဖြင့် သတ္တဝါသေယင် ဘာဖြစ်သိမ့်မတုံးဆိုယင် ဘယ်သူ့အယူတုံး.... (ဒိဋ္ဌိအယူပါဘုရား)အဲဒီသတ္တဝါကလေး ရည်မှန်းပြီး အမျှဝေ....မှင်းသေတာ ၃-နှစ်ရှိပြီ ဒို့ မမေ့ဘူး ဆိုတာလဲ ဘာပါလိမ့်....(ဒိဋ္ဌိအယူပါဘုရား) ဒါဖြင့် သတင်းစာတွေ ငုတ်ကုန်မှာ စိုးရသေးတယ်၊ တစောင် ၂၀ တောင် ပေးရတယ်၊နည်းတာမဟုတ်ဘူး၊ ဒီအကွက်ကလေး ၂၀ ပေးရတာ ရိပ်မိပသား.... (ရိပ်မိပါပြီဘုရား)နို့သော် ခင်ဗျားတို့ အမှန်သိအောင်ပြောပါတယ်တဲ့၊ ခင်ဗျားတို့ ကြော်ငြာတာတွေ မကန့်ကွက်ပါဘူး၊ မသိလို့ ကြော်ငြာတာကိုး၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့ ဒါနဲ့ ဘုရားသခင်ကိုတော်မြတ်ကြီးကို အရှင်ဘုရားတဲ့....ပုဏ္ဏားက ဟပည့်တော် မေးလာတာတွေ အင်မတန်များပါပြီတဲ့ အရှင်ဘုရား အယူသာပြောပါတော့ ငါ့အယူကတော့ကွာတဲ့...ဟော ရုပ်တရား ဖြစ်ပျက်၊ ဝေဒနာတရား....(ဖြစ်ပျက်)စိတ်- တရား(ဖြစ်ပျက်)အင်း....ဖဿတရား....(ဖြစ်ပျက်ပါဘုရား)ငါကဖြစ်ပျက်အယူရှိသကွ၊ အကုန်ဖြစ်ပြီး ပျက်ဘာချည်းဘဲ(မှန်ပါ့) ကောင်းပြီ ဒါဖြင့် ရှင်ကြီး ဂေါတမ အားလုံးသတ္တဝါရုပ်နာမ်တွေဟာဖြစ်ပျက်ဖြစ်ပျက်လို့ အရှင်ဘုရားက ဒီအယူကိုယူတယ်၊ဒီလိုပွားများလေ့ရှိတာ ငါ့အယူသို့ အရှင်ဘုရားပြောတာ သဘောကျပါတယ်တဲ့၊ဒီအယူ-ယူတော့ကို ဘာဖြစ်သတုံး၊ တခါသူဘက်လာတယ်။

မမေးသင့်ဘူးလင်း....(မေးသင့်ပါတယ်ဘုရား)ရှေ့နေလိုဘဲ ဆစ်ပြီးထွက်လာတာဘဲ၊ဒီအထဲရှေ့နေများပါနေသလားမပြော တတ်ပါဘူး၊တကာတကာမတို့ရှေ့နေလိုဘဲကပ်ပြီးထွက်လာတာ ဘဲ၊သဘောပါပလား.... (ပါ-ပါတယ်) ဒီအယူ- ယူတော့ ဖြစ် ပျက်အယူ-ယူတော့ ဘာများကျေးဇူးရှိသတုံး၊ တကာတကာမ တို့ ရှင်းပြတယ်၊ ဥပမာစိတ်ကလေးကဖြစ်ပျက်ဆိုတော့ခင်ဗျား တို့က သိဘာကဘာတုံး....(မဂ်ဖြင့်သိတာပါဘုရား)။

မဂ်ဆိုတော့ကို တဏှာ,မာန,ဒိဋ္ဌိ လာသေးရဲ့လား(မလာပါ ဘုရား)ဟော....ဒီဖြစ်ပျက်ကိုတဲ့ သိတဲ့အယူ- ယူလိုက်လို့ရှိယင် တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ အယူဟာ ငါ့အယူကွ၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)ဒါကဖြစ်ပျက်ဆိုလို့ရှိယင် ရှုတာက ဘာဖြစ် ကြသလဲ....(မဂ်ပါဘုရား) ဒါဘုရားအယူဟာ မဂ်နဲ့ ရှုရတဲ့ အယူပေါ့ဗျာ....(မှန်ပါ့) အဲဒီတော့ အရှင်ဘုရား....တဲ့၊ အရှင် ဘုရားက ဖြစ်ပျက်ကို သိတဲ့အယူဟာ အရှင်ဘုရား အယူလို့ဆို တော့ ဘာကျေးဇူးရှိသတုံး ဆိုတော့ တဏှာ,မာန, ဒိဋ္ဌိ ချုပ် သကွ။

ပေါ်ကြပလား....(ပေါ်ပါပြီ)ဘာတဲ့တုံး....(တဏှာ, မာန ဒိဋ္ဌိချုပ်ပါတယ်)ကြည့်.... တဏှာ - တဏှာစွဲ တဏှာဦးစီးတဲ့ ကံကော....မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား) ဒိဋ္ဌိ ဒိဋ္ဌိစွဲ ဒိဋ္ဌိ ဦးစီးတဲ့ကံကော.... မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား) မာန မာနစွဲ မာနဦးစီးတဲ့ကံကော မချုပ်ဘူးလား.... (ချုပ်ပါ တယ်ဘုရား)ဒါဖြင့် ပပဉ္စချုပ်တယ်၊ မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား)။

ဘာချုပ်သတဲ့တုံး....(ပဗ္ဗချုပ်ပါတယ်) သိသရာချဲ့တဲ့ ပဗ္ဗတရား ရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါ ငါ့အယူ၊ မြတ်စွာဘုရားဝါဒ ခုမှ ပေါ်လာတယ်၊ မပေါ်သေးဘူးလား.... တကာတကာမတို့.... (ပေါ်ပါတယ်ဘုရား)။

ဘုရားဝါဒသည်ရုပ်နာမ်ကိုဖြစ်ပျက်လို့ယူတဲ့အယူ၊ ဒီအယူဟာ ဘယ်သူ့အယူပါလိမ့်....(ဘုရားအယူပါဘုရား) ဒါဖြင့် ခင်ဗျားတို့ကို ဘုန်းကြီးက အလုပ်ပေးတော့ ဖြစ်ပျက်ရှုကြဟေ့-ဆိုတာ မှားသေးသလား.... (မမှားပါဘုရား) ကဲ....တကာတကာမတွေ ကောင်းကောင်းကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား)ဝတ္ထုသက်သေနှင့်တကွ လာပြီ၊ တကာတကာမတို့ အရင်ဟာတွေက တော့ ခင်ဗျားတို့က ကြမ်းလွန်းလို့ ထော်နေလို့ရှင်းပြနေရတာ ခုမှ ဘုရားအယူ ပေါ်လာတယ်၊ ရိုင်မိပလား.... (ရိပ်မိပါပြီ) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ဪ....ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားဘာဖြစ်လို့ ဖြစ်ပါလိမ့်မတုံးဆိုတော့ ရုပ်နာမ်ဖြစ်ပျက်ရှုလို့မဂ်ဖြစ်တယ်၊ မဂ်ဖြစ်လို့ ပဗ္ဗသေတယ်၊ ပဗ္ဗသေလို့ ဘုရားမှာ နိဗ္ဗာန်ပေါက်သွားတယ်၊ အဲဒါ အကြမ်းပြောတာ သဘောကျပလား- (ကျပါပြီဘုရား) ဘုရားအယူ ဘာအယူပါလိမ့် တကာတကာမတွေ (ဖြစ်ပျက်သိတာပါ) ဖြစ်ပျက်သိတဲ့ အယူဟာ....(ဘုရားအယူပါဘုရား) ဘာကျေးဇူး ရှိသတုံး....ဆိုတော့ ဘယ့်နှယ်ဖြကြမလဲ....(တဏှာ,မာန,ဒိဋ္ဌိချုပ်ပါတယ်) တဏှာ,တဏှာစွဲ တဏှာဦးစီးတဲ့ ကံကော မသေဘူးလား.... (သေပါတယ်) ဒိဋ္ဌိ ဒိဋ္ဌိစွဲ ဒိဋ္ဌိဦးစီးတဲ့ ကံကော မသေဘူးလား....(သေပါတယ်ဘုရား)

မာန် မာနစွဲ မာနဦးစီးတဲ့ ကံကော မသေဘူးလား.... (သေပါတယ်ဘုရား)။

ဒါဖြင့် ဒီသုံးခု ရောခေါ်လိုက်တော့ ပပဉ္စ.... (မှန်ပါ့·ပပဉ္စ) ပပဉ္စချုပ်တဲ့ ဝါဒကွ- ငါ့ဝါဒ၊ သဘောပေါ်လား... (ပါ-ပါပြီဘုရား) ဘာဝါဒတဲ့.... (ပပဉ္စချုပ်တဲ့ ဝါဒပါဘုရား) ဒါဖြင့် တဏှာ မာန ဒိဋ္ဌိတွေ ပပဉ္စဆိုတာ သံသရာမှာဒီဘက်ကူးအောင်လုပ်တာ၊ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဒီအကွက်ကမှ ဒီအကွက်ကူးအောင် လုပ်တာ ဘာခေါ်ကြမလဲ....(ပပဉ္စပါဘုရား)။

ဒီအကွက်က ဒီအကွက် ကူးအောင်လုပ်ယင်.... (ပပဉ္စပါ)။

ဒါဖြင့် အဝိုင်းပြေး-ပြေးအောင် လုပ်တာ ပပဉ္စ၊ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)ဒီနေ့ တရားက ခါတိုင်း တရားထက် အသားပါတယ်လို့ မှတ်ပါ....(မှန်ပါ့ဘုရား)မပါဘူးလား (ပါပါတယ်ဘုရား) ပဌမတုန်းကတော့ ကကြီး ခခွေး စ သင်ရတာကိုးဗျ.. (မှန်ပါ့) ခုတော့ ကကြီး ခခွေး မဟုတ်ဘူး၊ သင်ပုန်းကြီးတော်တော်ရောက်ပြီး မင်္ဂလသုတ်နားနီးလာပြီ၊ သို့သော် ဧတံမင်္ဂလမုတ္တမံ-တော့ မရောက်သေးဘူး၊ သဘောကျပလား.... (ကျပါပြီ)။

ခုတော့ ဝိဝဋ္ဋာနုပဿနာလောက်တော့ရောက်ပြီ၊ ရိပ်မိလား(ရိပ်မိပါပြီ)'ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ ယဿနကမ္ပတိ' မရောက်သေးဘူးနော်၊ ဖုဋ္ဌဿ လောကဓမ္မေဟိဆိုယင် ရဟန္တာဖြစ်ပြီ၊ မဖြစ်သေးဘူးလား.... (ဖြစ်ပါပြီ) ခုတော့ အသေဝနာစ ဗာလာနံကလေးအရင်တနေ့ကဟောခဲ့တယ်၊ ခုတော့ပဋ္ဋိဘာနုပဿနာကလေးဟောတယ်၊နောက်ရက်တွေကျမှဖုဋ္ဌဿလောက

မမြဲဟိ ရဟန္တာဖြစ်မယ်၊ ဖြူနီးကနဲဟောလို့ ရပါ့မလား...(မရပါဘုရား) သဘောကျကြပလား...(ကျပါပြီ)။

ကိုင်း ဒါဖြင့် နိဗ္ဗာန်ဟောမယ်ဆိုပြီး အရှင်ဘုရား နိဗ္ဗာန်ကို မပါသေးဘူး၊ ခင်ဗျားတို့က လဲမှာဘဲဆင်ခြေ မလဲပေဘူးလား (လဲပါမယ်ဘုရား) နိဗ္ဗာန်မပါသေးဘူးလို့ ခင်ဗျားတို့ အကုန် လဲမှာဘဲ မဟုတ်သလား....(မှန်ပါ့ လဲနေပါတယ်ဘုရား) သို့သော်- ပါတာ မသိသေးဘူး၊ပါနေလျက်နဲ့ မသိဘူး....(မှန်ပါ့) တကာ တကာမတို့ ခလေးအနာပေါက်သလို ဖြစ်နေပြီ၊မင်းဟာ ဘာဖြစ် တာတုံး၊ မသိပါဘူး(မှန်ပါ့)ဒီလိုဖြစ်နေတယ်၊တကာတကာမတို့ ဖြစ်ပျက်ကို ဉာဏ်နဲ့သိတဲ့အယူဟာ ဘယ်သူ့အယူပါလိမ့် (ဘုရား အယူပါဘုရား)။

အရှင်ဘုရား....ဒီလိုယူတော့ ဘာကျေးဇူးရှိသလဲ၊ ပုဏ္ဏားက မေးလိုက်တယ်၊ ပပဉ္စ ချုပ်တယ်ကွ-ဆိုတော့ နိဗ္ဗာန် မပါသေး ဘူးလား.... (ပါပါတယ်)အဲဒါ ခင်ဗျားတို့က မသိဘူး၊ နိဗ္ဗာန် မပါသေးဘူး၊ဘုန်းကြီးကနိဗ္ဗာန်ကိုအစကဟောမယ်လို့ ပြောနေ တယ် ခုထက်ထိမရောက်သေးဘူး၊လျှာရှည်လိုက်တဲ့ဘုန်းကြီးလို့ ဆိုချင် ဆိုနေမှာဗျ။

ပါတော့ ပါနေပါပြီ ...(ပါနေပါပြီ)၊သို့သော်....အကွက်ကျ အစေ့မပါသေးဘူး၊ သဘောကျပလား....(ကျပါပြီ) အစေ့ မပါသေးဘူး....တဲ့ တကာတကာမတို့ အကွက်ကျ အစေ့က နက်ဖြန်ညမှ သေသေချာချာ ပါမယ်....(မှန်ပါ့ဘုရား)။

အခုဟာကဘုရားအယူကိုပေါ်ရုံဘဲဟောနေသေးတယ်၊ဘုရား အယူဟာ ဘာပါသိမ့် တကာတကာမတို့ ...(ဖြစ်ပျက်သိတာပါ) ဖြစ်ပျက်သိတဲ့ အယူဟာ.... (ဘုရားအယူပါဘုရား) ဒါဖြင့် ဘာ

ကျေးဇူးရှိသဝုံး၊ အရှင်ဘုရား ဒီအယူ-ယူတော့ ဖြစ်ပျက်သိတဲ့ အယူ-ယူတော့ ဘာကျေးဇူး ရှိသတုံး.... (ပပဉ္စဘုရား ချုပ်ပါ တယ်) ဒါဖြင့် နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ကိုခေါ်တာ....(မှန်ပါ) ပပဉ္စ ဆိုတာက ချဲ့တာကို ဆိုတာ၊ နိပ္ပပဉ္စ ဆိုတာက ပပဉ္စ မရှိတာ ဆိုတာ။

နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ကိုဟောတာ၊သဘောပေါ်ပလား (ပေါ်ပါ ပြီ) သို့သော်... နိဗ္ဗာန်သဘော ပေါ်လောကြီး ပေါ်ပလား.... ဆိုတော့ ခြောင်... ပပဉ္စမရှိတာ နိဗ္ဗာန်လောက်သာ မှတ်ထားရ မယ်၊ ဒီ့ပြင် ဘာမှ မပါနိုင်သေးဘူး (မှန်ပါ) နက်ဖြန်ဟောမည့် အသွားက ဒီပုဏ္ဏားကိုကဆက်မေးဦးမယ်၊တပည့်တော်ဒီလောက် ပြောလို့တော့ နိဗ္ဗာန်ကို နားမလည်သေးပါဘုရား.... (မှန်ပါ)။

ပုဏ္ဏားက လဲလိမ့်မယ်၊နက်ဖြန်ကျလို့ ရှိယင် မလဲပေးဘူးလား (လဲပါဘယ်) အဲဒီလဲမှ ခင်ဗျားတို့ နိဗ္ဗာန်ကို ခင်ဗျားတို့ ကျကျ နနရှင်းမယ်၊ အခုတော့ ပပဉ္စချုပ်တာ နိဗ္ဗာန်မှတ်ပြီး ပြန်ကြဦး တော့ နားရှိစေသွားပြီ.... ။

သာဓု... သာဓု....သာဓု ...

၁၂-၇-၆၂ ရက်နေ့ညဉ့် ကျေးဇူးရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်

တရားတော်

အားလုံး တရားနာလာကြတဲ့ တကာတကာမတွေ အဆင်းရဲ ခံပြီး မိုးထဲမှာလာကြတယ်ဆိုတာလဲဘုန်းကြီးများကအင်မတန်မှ ဝမ်းသာပါတယ်၊ သို့သော်လဲ ဘုန်းကြီးဝမ်းသာတာကို ခင်ဗျား တို့က မကျေနပ်ပါနဲ့၊ ကိုယ်အရေးကြီးလို့ ကိုယ်လာတယ်လို့ သာ ဆုံးဖြတ်ချက်ချပါ၊ ဘယ်လို ဆုံးဖြတ်ချက် ချကြမလဲ.... (ကိုယ် အရေးကြီးလို့ ကိုယ်လာတယ်....လို့ ဆုံးဖြတ်ချက်ချရပါမယ် ဘုရား)။

အေး....ကိုယ်အရေးကြီးလို့ကိုယ်လာတယ်လို့ ဆုံးဖြတ်ချက် ချကြပါ၊ ကိုယ့်အရေးက ဘာကြီးပါလိမ့်မတုံးဆိုတော့ ခန္ဓာ ကိုယ်ကြီးက ယခု အိုဘေးတွေကလဲ သင့်နေကြတယ်၊ ထနေ့ တခြား အိုတာကိုးဗျ၊ အိုဘေးသင့်တော့ နာဘေးကလဲ သင့် လျက်ဘဲဖြစ်နေတယ်၊ သေဘေးကလဲ တကာတကာမတို့ ခန္ဓာ ကိုယ်ကြီးဟာ သေနည်းဌာနသာပြေးနေတော့၊ ဒြဲ....ဒို့-မအိုရာ မနာရာ မသေရာ အရှာလာကြတာပါကလား ဆိုပြီး အဲဒီရှာတဲ့ အရေးဟာ ကိုယ့်အရေးလို့မှတ်ပါ၊ သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)မအိုရာ,မနာရာ,မသေရာ,အရှာလာကြတာ ပေါ်ကြပြီနော်.... (မှန်လှပါဘုရား)။

တကာတကာမတို့... ဘာလုပ်လာကြတာပါလိမ့်.... (မအိုရာ, မနာရာ, မသေရာ အရှာလာကြပါတယ်ဘုရား) မအိုရာ, မနာရာ မသေရာကို အရှာလာကြတယ်ဆိုတော့....ဘုန်းကြီး ဝမ်းသာစရာလား၊ကိုယ့်အရေး ကိုယ်ရှာလို့ ကိုယ်ဝမ်းသာစရာလား ဆိုတာ မေးကြည့်ပါ.... (ကိုယ့်အရေး ကိုယ်ဝမ်းသာစရာပါဘုရား) ကိုယ့်အရေး ကိုယ်ဝမ်းသာစရာဆိုတာ အားလုံး တကာတကာမ တွေ... စိတ်ထား သဘောသွား အမှန်ထားပါဆိုတာ ဆရာဘုန်း ကြီးက တိုက်တွန်းတယ်နော်....(မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့.... မနေ့က ပြောခဲ့တယ်၊ နိဗ္ဗာန်အကြောင်း ဟောမယ်လို့ဆိုပြီး မနေ့က တဝက်ဟောခဲ့ တယ်နော်-နိဗ္ဗာန် မပါသေးပါဘူး၊ ဒိဋ္ဌိခွါနေတာရှိသေးတာဘဲ၊ ယနေ့တော့ဖြင့် တကာတကာမတွေ....နိဗ္ဗာန် ရုပ်လုံးပေါ်တော့ မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ နားကြီးကြီးနဲ့ သေသေချာချာ ထောင်ကြပါ ဆိုတာလဲ ဘုရားကိုယ်တော်တိုင် ဟောလို့ ဘုန်းကြီးများလဲ ရဲရဲတင်းတင်း ပြောရတယ်ဆိုတာ မှတ်ထား ကြပါနော်....။

နိဗ္ဗာန်ကို တကာတကာမတွေ....အားလုံးဘဲ ယုံမှားသံသယ ရှိကြတယ်၊နိဗ္ဗာန်ဆိုတာဟော့-ရုပ်နာမ် သိမ်းသွားတယ်၊ ကိလေ သာသိမ်းသွားတယ်၊ ဘာမှမရှိတာနိဗ္ဗာန်လို့ယူလိုက်ယင် ဥစ္ဆေဒ ဒိဋ္ဌိလို့မှတ်လိုက်ကြစမ်းပါ(မှန်လှပါဘုရား)နိဗ္ဗာန်သည် တကာ တကာမတို့....ရုပ်နာမ်တွေလဲမရှိဘူး၊ ကိလေသာလဲမရှိဘူး၊ ဘာမှ မရှိတာဟာ နိဗ္ဗာန်လို့ ယူလိုက်ယင် ဘာဒိဋ္ဌိဖြစ်မယ်.... (ဥစ္ဆေဒ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်နော်၊ ဒါဖြင့် တကာ

တကာမတို့ နိဗ္ဗာန်ကို မြို့ကြီး-ပြုကြီးယူထားပြန်လို့ ရှိယင်လဲနိဗ္ဗာန်
ဟာ ခိုင်မြဲတဲ့မြို့ကြီး,ပြုကြီးလို့ ယူလိုက်ပြန်တော့လဲသဿတဒိဋ္ဌိဖြစ်
ပါတယ်(မှန်ပါ့ဘုရား)သဘောပါကြလား-(ပါပါတယ်ဘုရား)
သေသေချာချာစဉ်းစားပြီး နားထောင်ကြပါ တကာတကာမတို့
ဗုဒ္ဓဘာသာမှာ ဒီအရေးဟာ အကြီးဆုံး အရေးဆိုတာ သေသေ
ချာချာ မှတ်ကြပါ။

ဗုဒ္ဓဘာသာမှာ ဒီအရေးဟာ အကြီးဆုံးအရေးဆိုတာသေသေ
ချာချာ မှတ်ကြပါ၊ နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဆိုယင် ဘာဒိဋ္ဌိ
(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)နိဗ္ဗာန်သည်ကားလို့ဆိုယင် မြို့ကြီး,ပြုကြီး
ဘဲ ခိုင်မြဲတယ်လို့ ထင်နေပြန်လို့-မြို့ပြလို့ ခိုင်မြဲတယ် ထင်ပြန်
တော့ မြို့ပြရှိတယ်လို့ ယူပြန်တော့လဲ ဘာဒိဋ္ဌိပါလိမ့်-(သဿတ
ဒိဋ္ဌိပါဘုရား)။

ဪ....ဒါဖြင့် တကာတကာမတို့ အရေးရှိ ခင်ဗျားတို့ကလဲ
ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ် ရ,ရပါလို၏-ဆိုတော့ သိလဲ မသိ
ဘူး၊မသိဘဲနဲ့လဲ ရမ်းတောင်းနေတာ၊ ရမ်းတောင်းထားတော့
အို....အချို့ဆရာသမားတွေ ဟောထားတာ ရှိသားဘဲ၊ နိဗ္ဗာန်
ဆိုတာ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့လို့ ဟောထားတာဘဲ၊ နိဗ္ဗာန်
ရွှေပြည်မြတ်ကြီးသို့လို့ ဟောထားတော့ တကယ်ရွှေဘုံ-ရွှေနန်း
တွေနဲ့ နေတဲ့ အဓိပ္ပါယ်ရောက်ပါတယ်၊ဒီလို ယူလိုက်ပြန်တော့လဲ
ဘာဒိဋ္ဌိတဲ့....(သဿတဒိဋ္ဌိပါဘုရား)။

တခါ နားလည်,ပါးလည် တဝက်လောက် နားလည်တဲ့ပုဂ္ဂိုလ်
က ညှိနှိုင်းဆွေးနွေးပြီး ပြောလိုက်ပြန်တော့ နိဗ္ဗာန်ဆိုတာကွာ-
ကိုလေသာသိမ်း နိဗ္ဗာန်, ခန္ဓာသိမ်း နိဗ္ဗာန်ပါဘဲလို့ ဟောလိုက်
တော့ တကာတကာမတွေ ဉာဏ်ထဲမှာ ဘယ်လို ဖြစ်နေသတုံး-

မေးတဲ့အခါကျတော့၊ ဩော်...နိဗ္ဗာန်ဆိုတာ ဘာမှ မရှိတာ ဆိုတာကို။ဒီလိုကော မယူပေဘူးလား....(ယူကြပါတယ်ဘုရား) ဒီလိုယူတော့လဲ ဘာဒိဋ္ဌိထဲ ပြေးသွားပါလိမ့်.... (ဥစ္ဆေဒဒိဋ္ဌိထဲ ပြေးသွားပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟောနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သဿတလွတ်အောင် ဟောတို့လဲ မလွယ်လှဘူး၊ ဥစ္ဆေဒလွတ်အောင် ဟောတို့ကော (မလွယ်ပါဘုရား)မလွယ်တော့ကိုမြန်မာလူမျိုးတို့၏ထုံးစံကလဲ နိဗ္ဗာန်ကို အကြိုက်ဆုံးတရား ဆိုတာလဲ လင်းပါးစရာ မလိုပါဘူး၊နိဗ္ဗာန်အကြိုက်ဆုံးတရားဘဲမင်းတို့ဟာ သဿတသဘောနဲ့ လိုချင်တာလား၊ဥစ္ဆေဒသဘောနဲ့ လိုချင်တာလားလို့ မေးတော့ တဖက်ဖက်တော့စောင်းမှာဘဲ မစောင်းပေဘူးလား(စောင်းတတ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ စောင်းနေလို့ ရှိယင်လဲ တကာတကာမတို့ ဒိဋ္ဌိခံနေလို့ ဘယ်လိုဝိပဿနာ အားထုတ်ငြားသော်လဲ မရပါဘူးတဲ့၊ နိဗ္ဗာန်သဘောမကျဘဲနဲ့ ဝိပဿနာ အားထုတ်ယင် မရဘူးလို့ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါဘုရား) ဒါ တော်တော် ဒီနေ့ စကားမျိုးဘဲလို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါဘုရား)နိဗ္ဗာန်ကို သဿတ, ဥစ္ဆေဒလွတ်ပြီး သဘောမကျဘဲနဲ့ သဿတ, ဥစ္ဆေဒ တခုခုငြိပြီး အားတုတ်မယ်ဆိုယင် အာပေါက်အောင် အားထုတ် မရပါဘူး၊ သဘောကျပလား... (ကျပါပြီ) သဿတ, ဥစ္ဆေဒ လွတ်ပြီး အားထုတ်ယင်ဖြင့် ရပါလိမ့်မယ်၊ သဿတ,ဥစ္ဆေဒရှိနေယင်ဖြင့်....(မရပါဘုရား)။

မရဘူးဆိုတော့ ဒါဖြင့် ကိုယ်တိုင် သဘောကျပြီးသကာလ နိဗ္ဗာန်ဆိုတာဟော့ ကိုယ်ပင် မရောက်ငြားသော်လဲ ဒီလိုသဘော

ဆတ္တိရှိတယ်ဆိုတဲ့ သဿတလွတ် ဥစ္ဆေဒလွတ်မှုကို သဘောကျပါမှ နိဗ္ဗာန်ရမယ်လို့ မှတ်ကြပါ၊ ပေါ်ကြပသား(မှန်ပါ့ဘုရား) ဒါကြောင့် နိဗ္ဗာန်ဟောရတော့မယ်ဆိုတော့ အားလုံးတရားနာတဲ့ တကာတကာမတို့ အတော်ရင်လေးပါတယ်ဆိုတာများ ပြောထိုက်-မပြောထိုက်... (ပြောထိုက်ပါတယ်ဘုရား) ပြောထိုက်တယ်ဆိုတာ သေချာကြပလား... (မှန်လှပါ သေချာပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ဟာ ခင်ဗျားတို့စဉ်းစား၊ နိဗ္ဗာန်ကို မြို့ကြီး-ပြကြီးလို့ ယူယင် ဘာဒိဋ္ဌိလဲ ... (သဿတဒိဋ္ဌိပါဘုရား) နိဗ္ဗာန်ဟာ ဘာမှမရှိပါဘူးကွာ....လို့ ယူလိုက်ယင် ဘာဒိဋ္ဌိလဲ....(ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား) ဒီ ဒိဋ္ဌိ နှစ်ခုခန္ဓာထဲမှာ တခုခု ရှိနေယင် ဘယ်လို ဉာဏ်စဉ် တက်ပြောသော်လဲ မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရနိုင်ဘူး၊ ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

အဲသည်တော့ ဆရာကောင်း-သမားကောင်း သိပ်အရေးကြီးတော့တယ်ဆိုတာဖြင့် ယနေ့ ပေါ်လာကြီး ပေါ်လာတော့တယ်၊ အင်မတန်အရေးကြီးတဲ့ စကားဆိုတာကော ကျေနပ်ကြရဲ့လား(ကျေနပ်ပါတယ်ဘုရား)နိဗ္ဗာန် မရခြင်း၏ အကြောင်းဟာ တကာတကာမတို့ ဒီ ဒိဋ္ဌိနှစ်ခု ခံနေလို့ ရှိယင်ဖြင့်တဲ့ .... ဘယ်နည်းနဲ့မှ မရဘူးဆိုတာ ဆုံးဖြတ်ချက် ချကြပါ၊ တကာတကာမတွေ မလွယ်ဘူးနော်....(မှန်ပါ့) မလွယ်ဘူး တကာတကာမတွေ လွယ်တယ်များထင်ကြသလား....(မလွယ်ပါဘုရား) မလွယ်ဘူးဆိုတာ သေသေချာချာ မှတ်ကြပါတဲ့။

ကိုင်း....ဒါဖြင့် နိဗ္ဗာန်ကို ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့လဲ မရဘူး၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့လဲ နိဗ္ဗာန်ကို .... (မရပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်ခဲ့သော် နိဗ္ဗာန်ကိုလဲ သဘောမကျဘူး၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ခဲ့သော်...(နိဗ္ဗာန်ကို သဘောမကျပါဘုရား) နိဗ္ဗာန် သဘော မကျဘော့....(ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားလည်မှ သာလျှင် နိဗ္ဗာန်၏ အကြောင်းကိုလဲ သဘောကျမယ်။

ဒါ့ကြောင့် ဘုန်းကြီး တို့ တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် လုပ်ပါဆိုတာ ဘုန်းကြီးများက များစွာဘဲ တိုက်တွန်းတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်၊တကာ တကာမတို့ အဂ္ဂဝစ္ဆပုဏ္ဏားက မေးတယ်၊ ရုပ်နာမ် လောကကြီး ဟာ မြဲသလားလို့ မေးတော့၊ ဘုရားက ငါ ဒီအယူ· မယူဘူး လို့ ဖြေလိုက်ပါတယ်၊ ရုပ်နာမ် လောကကြီးဟာ မြဲသလားလို့ အဂ္ဂဝစ္ဆပုဏ္ဏားက မေးလိုက်တယ်၊ မနေ့က နာပြီးသား ပုဂ္ဂိုလ် များ မှတ်ထားပါ၊ ဘယ်လို ဖြေပါလိမ့်...(ငါ ဒီအယူကို မယူ ဘူးတဲ့....)။

ရုပ်နာမ် လောကကြီးဟာ မြဲသလားလို့ အဂ္ဂဝစ္ဆပုဏ္ဏားက မေးလိုက်တယ်၊ ဘုရားက ဘယ်လိုဖြေပါလိမ့်.... (ငါ ဒီအယူကို မယူဘူး) ဒီအယူ ငါ မယူဘူးလို့ ဖြေလိုက်တယ်.... နော်.... (မှန်ပါ) အကယ်၍ ဒီရုပ်နာမ်လောကကြီး၊ မြဲတယ်လို့ ယူလိုက်ယင် ပုဏ္ဏားဟာ သဿတဒိဋ္ဌိဘက် သွားတော့မယ်.... (မှန်ပါ) ဒါကြောင့် ငါဒီအယူ-မယူဘူးလို့ ဖြေလိုက်ပါတယ်၊သဘောပါ

ကြလား....(ပါပါတယ်ဘုရား) ဒါဖြင့် အဂ္ဂိဝစ္ဆပုဏ္ဏားက ဆက်မေးတယ်၊ နာမ်ရုပ် လောကကြီးဟာ ဒါဖြင့် မမြဲဘူးလား-လို့ မေးလိုက်တော့ ဘုရားက ငါ ဒီအယူ မယူဘူးဘဲ ဖြေပါတယ်။

ဒီလိုဆိုတော့ တကာတကာမတွေ နားထဲ ကန့်လန့် ဖြစ်တယ်၊ ရုပ်နာမ် လောကကြီးဟာ မမြဲတာဘဲလို့ သိပြီးသားကို ဘုရားက ဒီအယူ-မယူဘူးလို့ ဖြေလိုက်တော့ တကာတကာမတွေ နားထဲ ကန့်လန့် နည်းနည်းဖြစ်တယ်၊ ဖြစ်ပင်ဖြစ်ငြားသော်လဲ ပုဏ္ဏားမှာ ရုပ်နာမ်လောက မမြဲဘူးလို့ ဟောလိုက်လို့ရှိယင် သူသည်ဥစ္ဆေဒ ဒိဋ္ဌိဘက် သွားတော့မယ်၊ ဒါကြောင့် ဘုရားက ဒီအယူ-ငါမယူ ဘူးကွလို့ ဖြေလိုက်တယ်၊ သဘောပါကြလား....(ပါပါတယ် ဘုရား)။

ဒါဖြင့် ပုဏ္ဏားက ဆက်မေးပြန်တယ်၊ ရုပ်နာမ် လောကဟာ မြဲသည်တလှည့် မမြဲသည်တလှည့်လားလို့ မေးပြန်တော့ ဘုရားက ငါ ဒီအယူ မယူဘူးဘဲ ဖြေလိုက်တယ်၊ ဧကစ္စသဿတ ဒိဋ္ဌိနဲ့ မေးတာကိုး.. (မှန်ပါ) ဖြေနိုင်ပါမလား....ငါ ဒီအယူ-မယူဘူး ဆိုတာမှတပါး ဒီ့ပြင် ဖြေစရာရှိရဲ့လား..(မရှိပါဘုရား) ဧကစ္စသဿတဒိဋ္ဌိနဲ့ မေးတယ်၊ဒါဖြင့် ရုပ်နာမ်လောကသည် မမြဲသည်မဟုတ်၊ မြဲသယောင်ယောင်လားလို့ အမရာဝိက္ခေပဒိဋ္ဌိနဲ့ မေးပြန်တယ်။

ငါ-ဒီအယူ မယူဘူးကွဆိုတော့ ဘယ်နှစ်ချက် ရှိသွားသတုံး-(၄-ချက်ပါဘုရား) ၄-ချက်ရှိသွားပြီ၊အလယ်လေးချက်ကို ဖြုတ်လိုက်တယ်လို့ တကာတကာမတွေ မှတ်ကြပါ၊ တရားက နိဗ္ဗာန် ရောက် ဟောချင်လို့ အလယ်ဟာတွေကို သိမ်းပြီးသကာလလဲ

သဿတ, ဥစ္ဆေဒ, ဧကစ္စသဿတ, အမရာဝိက္ခေပ ဒီ ၄-ချက် မေး နေတယ်ဆိုတာလဲ မှတ်လိုက်တာပေါ့....နော်.... (မှန်ပါ့)။

တကာတကာမတွေ နားလည်မှုကို တခါ နောက်ဆုံးပိတ်၄-ချက်နဲ့ မေးပြန်တယ်.... (မှန်ပါ့) သတ္တဝါသေယင် ဖြစ်သေး သလားလို့ .... မေးတယ်၊ တကာ တကာမတို့ ဘာတဲ့တုံး .... (သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးပါတယ်) ဘယ် သူက မေးတာပါလိမ့်....(အဂ္ဂိဝစ္ဆပုဏ္ဏားက မေးတာပါဘုရား) ပုဏ္ဏားကဘဲ မေးတယ် ဆိုလိုက်ပါတော့....(မှန်ပါ့)ငါ ဒီအယူ မယူဘူးတဲ့....ဆိုတော့ တကာတကာမတို့....ဒီအထဲမှာ သတ္တဝါ ပါရဲ့လား... (မပါပါ ဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ရှင်းပလား....(မှန်ပါ့-ရှင်းပါပြီ) သတ္တဝါ ပါ သေးသလား....(မပါပါဘုရား)။

ဒါဖြင့် သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးတော့ သတ္တဝါမှ မပါဘဲနဲ့ သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေး တဲ့ အမေးကို အဖြေထွက်စရာ ရှိရဲ့လား... (မရှိပါ ဘုရား) ဒါဖြင့် ငါ ဒီအယူ မယူဘူးဆိုတာတော ကျေနပ်ပလား....(ကျေ နပ်ပါတယ်ဘုရား) ဒါနဲ့ ပုဏ္ဏားက ဆက်မေးတယ်၊ သတ္တဝါ သေယင် မဖြစ်တော့ဘူးလားလို့ မေးတယ်၊ စဉ်စားကြစမ်း....၊ ဘယ်လိုများ မေးပါလိမ့်....(သတ္တဝါသေယင် မဖြစ်တော့ဘူး လားလို့ မေးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ပဋိစ္စသမုပ္ပါဒ် နားလည်ထားတော့ အို... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာငါးပါး သာ ရှိတာဘဲ ဘယ်သတ္တဝါမှ မပါဘဲ၊ သဘောပါပလား .... (ပါပါတယ်ဘုရား) သတ္တဝါ ပါသေးသလား .... (မပါ-ပါ

ဘုရား)မပါတော့ သတ္တဝါသေယင် မဖြစ်တော့ဘူးလားဆိုတော့ ဘုရားက သတ္တဝါနဲ့ဖြေလို့ ရပါ့မလား(မရပါဘုရား) အဲဒီတော့ ငါဒီအယူမယူဘူး၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ရှင်းပလား(ရှင်းပါပြီဘုရား)မနေ့ကဟာ ထပ်ပြောတာပါ၊ရှေ့တက်မယ်လို့ စကားခင်းတာ။

ဒါဖြင့် သူကမေးပြန်တယ်၊ သတ္တဝါသေယင် ဖြစ်ချီတလှည့် မဖြစ်ချည်တလှည့်လားလို့ မေးပြန်တယ်၊ဘုရားကငါ-ဒီအယူမယူဘူး၊ ပေါ်ကြပလား....(ပေါ်ပါပြီ) သူ့ဟာက အချို့မြဲတယ်၊ အချို့မမြဲဘူးဆိုတဲ့ တပိုင်းမြဲ တပိုင်းမမြဲဆိုတဲ့ ဧကစ္စသဿတဒိဋ္ဌိ ယူပြန်တယ်၊ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ၃ ချက်ပြီးသွားပြီနော်... သတ္တဝါသေယင် မဖြစ်သည်မဟုတ်၊ ဖြစ်သယောင်ယောင် ရှိသေးသလား .... ဆိုတဲ့ အမရာဝိက္ခေပဒိဋ္ဌိနဲ့ မေးတော့ ဘုရားက ငါဒီအယူလဲ မယူပါဘူးကွာလို့ ဖြေတယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သတ္တဝါနဲ့ မေးကတည်းက ဖြေစရာရှိရဲ့လား (မရှိပါဘုရား) ပရမတ္ထဉာဏ်မှာ သတ္တဝါများရှိရဲ့လား....(မရှိပါဘုရား) အဲဒါ စောစောစီးစီး ရှင်းထားကြပါ... (မှန်ပါ့)ဒါ ဘယ်နှယ်ကြောင့် မရှိသတုံးလို့ ဒီတကာတကာမတွေ့ အဖြေတပ္ပိုင်နက် ထွက်ပါလိမ့်မတုံးဆိုတော့ အတိတ်က အဝိဇ္ဇာ သင်္ခါရကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာတွေ သာ ယခုတရားနာနေတာ၊ သတ္တဝါ တယောက်မှ မပါဘူး.... (မှန်လှပါဘုရား)ပါသေးရဲ့လား....(မပါပါဘုရား)။

ဘာတွေ တရားနာနေသလဲ(ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေပါဘုရား)အေး.... ဝိညာဏ် နာမ်ရုပ် သဠာ

ယတန ဖဿ ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး တွေ တရားနာနေကြတာ၊ သတ္တဝါပါရဲ့လား (မပါ-ပါဘုရား) ရှင်းပလား....(ရှင်းပါတယ်) အဲဒီတော့ တကာတကာမတွေက အဖြေတည့်သွားပြီတဲ့၊ ဘာ့ကြောင့် တည့်သတုံးဆိုတော့ ပဋိစ္စ သမုပ္ပါဒ်နားလည်သောကြောင့် သဿတဒိဋ္ဌိကောရှိသေးရဲ့လား (မရှိပါဘုရား) သတ္တဝါဆိုတာ ရှိသေးရဲ့လား .... (မရှိပါ ဘုရား)။

သတ္တဝါသေယင် ဖြစ်သေးသလားဆိုတော့ သတ္တဝါမှမရှိဘဲနဲ့ ခင်ဗျားတို့က ဖြေရုံဘဲရှိတယ်.... (မှန်ပါ) သဘောပါပလား.... (ပါပါတယ်)ဘာနားလည်ထားလို့လဲ(ပဋိစ္စသမုပ္ပါဒ် နားလည် ထားလို့ပါဘုရား) ဩော်.... ပဋိစ္စသမုပ္ပါဒ် နားလည်ထားတဲ့ စွမ်းရည်သတ္တိဟာ သတ္တဝါ ပျောက်ပါလားဆိုတာ ပေါ်လာ တယ်(မှန်ပါ)မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အင်မတန် ရှင်းသွားပြီနော်... (ရှင်းပါတယ်ဘုရား) အင်မတန်ရှင်းသွားပြီ၊

ကိုင်း–ဒါဖြင့် ဒီထဲ ဘာတ္တဝါ မပါဘူးလို့ဆိုဘာ ခင်ဗျားတို့ ဒီကအကြောင်း ဒီကအကျိုးဆိုတော့ ၊အကျိုးဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတနဖဿ ဝေဒနာသာရှိတယ်ဆိုတာသဘောကျ ပလား .. (ကျပါပြီ)ဒါဖြင့် အခုတရားနာနေတာယောကျ်ားတွေ လား၊ မိန်းမတွေလား၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေသား(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တွေပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား ....(မပါ-ပါ ဘုရား)။

ဒါဖြင့် ပုဏ္ဏားမေးတာက သတ္တဝါသေယင် ဖြစ်သေးသလား ဆိုတာလဲ ဘုရားက ဒီအယူ-ယူလို့ တော်ပါ့မသား (မတော်ပါ

ဘုရား)သတ္တဝါသေယင် မဖြစ်တော့ဘူးလား .... ဆိုတာကော သတ္တဝါပါရဲ့လား....(မပါပါဘုရား) သတ္တဝါသေယင်ဖြစ်ချီတလှည့်, မဖြစ်ချီတလှည့်လားလို့ မေးတာကော ဖြေစရာလိုသေးသလား(မလိုပါဘုရား) သတ္တဝါ သေယင် မဖြစ်သည် မဟုတ်ဖြစ်သယောင်ယောင် ရှိသေးသလားလို့ မေးတာကော....(မပါပါဘုရား)ဖြေစရာ ပါ·ပါရဲ့လား....(မပါပါဘုရား)။

ဒီထဲ သတ္တဝါရှာစမ်း .... (မရှိပါဘုရား) သတ္တဝါမှ မရှိဘဲနဲ့ သတ္တဝါသေစရာကော .. (မရှိပါဘုရား) အဲဒါကြောင့် ဘုရားက ဒီအဘိုင်းဘဲ ငါဒီအယူ မယူဘူးဆိုတဲ့ ဒိဋ္ဌိလေးချက် ပယ်ချလိုက်တယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

(၁) နံပါတ်က သတ္တဝါသေယင် ဖြစ်သေးသလား ဆိုတာ သဿတဒိဋ္ဌိ မေးပါတယ်....(မှန်ပါ)၊

(၂) နံပါတ်က သတ္တဝါသေယင် မဖြစ်တော့ဘူးလားဆိုတာ ဥစ္ဆေဒဒိဋ္ဌိကို မေးပါတယ်....(မှန်ပါ)။

(၃) နံပါတ်က သတ္တဝါသေယင် ဖြစ်ချီတလှည့် မဖြစ်ချီတလှည့်လားဆိုတာ ကေစ္စသဿတဒိဋ္ဌိ မေးပါတယ်....(မှန်ပါ)။

(၄) နံပါတ်က သတ္တဝါသေယင် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင်များ ရှိနေသေးသလား.... ဆိုတာ အမရာဝိက္ခေပဒိဋ္ဌိမေးတယ်....(မှန်ပါ)။

ခင်ဗျားတို့ကသဠာယတနဲ့ပေါင်းကိုဘုန်းကြီးကရက်များစွာပြထားတော့ ဒီထဲသတ္တဝါမှပါသို့ သေစရာလဲမရှိဘူး၊ ဖြစ်စရာလဲမရှိဘူး ဆိုတာရှင်းသွားတယ်(ရှင်းပါတယ်ဘုရား) အဲဒီတော့ ခင်ဗျား

တို့ ပဋိစ္စသမုပ္ပါဒ်ကို ဘုန်းကြီးက အပင်ပန်းခံပြီး ပြထားတာ ဒိဋ္ဌိ ၄-ချက်မရှိတော့ဘူး(မှန်လှပါ)သဘောကျပလား....(ကျပါ တယ်ဘုရား) ဒိဋ္ဌိ ဘယ်နှစ်ချက်မရှိသတုံး....(၄—ချက်မရှိတာပါ ဘုရား)။

သဿတဒိဋ္ဌိကော....(မရှိပါဘုရား)။
ဉစ္ဆေဒဒိဋ္ဌိ....(မရှိပါဘုရား)။
ဧကစ္စသဿတဒိဋ္ဌိ....(မရှိပါဘုရား)။
အမရာဝိက္ခေပဒိဋ္ဌိ....(မရှိပါဘုရား)။

ဒါဖြင့်ဒိဋ္ဌိမရှိလို့ ရှိယင် ဘုန်းကြီးက ခင်ဗျားတို့ကို နိဗ္ဗာန် ဟောနိုင်ပြီ၊ဒိဋ္ဌိမကင်းသေးယင် ဟောကို-မဟောနိုင်ဘူး (မှန်လှ ပါဘုရား)ဒိဋ္ဌိရှင်းပေးရဦးမယ်(မှန်ပါ့)ကဲ.... တကာခဲ့တကာမတွေ နိဗ္ဗာန်ဟောမယ်ကြံလို့ ဒိဋ္ဌိရှင်းနေရတယ်၊ နောက်က တကာခ တကာမတွေ နိဗ္ဗာန်ဟောမယ်ကြံတော့ ဘာတွေလုပ်နေရသလဲ (ဒိဋ္ဌိရှင်းနေရပါတယ်ဘုရား)ဒိဋ္ဌိရှင်းနေရတယ်၊ သဘောပါကြ ရဲ့လား....(ပါပါတယ်ဘုရား)။

ဒါနဲ့ ပုဏ္ဏားက ဆက်ပြီးသတာလ အရှင်ဘုရားတဲ့ တပည့် တော်မေးတာတွေလဲ များလှပါပြီတဲ့၊ အရှင်ဘုရားက ဒီအယူ မယူဘူးဆိုတော့ကိုတဲ့ ဒီအယူကို ဘယ့်နှယ်ကြောင့် အရှင်ဘုရား မယူသတုံး၊နိဂုံးချုပ်မေးတယ်၊ဒီ- ဒိဋ္ဌိလေးမျိုးကို အရှင်ဘုရား ဘယ့်နှယ်ကြောင့် ဒီအယူ မယူပါသတုံးလို့ မေးလိုက်တယ်– ပုဏ္ဏားက၊ဒီအယူဟာကွာ....တဲ့ ဒိဋ္ဌိတည်းဟူသောခရီးခဲကွ၊ ဒိဋ္ဌိ တည်းဟူသောဆူးငြောင့်ကွ၊မင်္ဂဖိုလ်တားတယ်ပေါ့ဗျာ၊ သဘော ပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါကြောင့် ဒိဋ္ဌိတည်းဟူသော ခရီးခဲ၊ ဒိဋ္ဌိတည်းဟူသော ဆူးငြောင့်၊ ဒိဋ္ဌိတည်းဟူသော ကန္တာရခရီးကြီး၊ ဒိဋ္ဌိတည်းဟူသော ဥပါဒါန်တရား၊ ဒိဋ္ဌိတည်းဟူသော ငြောင့်တံသင်းတရားမို့ ငါသည် ဒီအယူ မယူဘူး၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘုရားဟာ ဒိဋ္ဌိလေးမျိုး ယူသေးလား-(မယူပါဘုရား)ရှင်းကြပြီ (ရှင်းပါပြီဘုရား) ရှင်းသွားပြီနော်....(မှန်ပါ့) တော်သေးတယ် မိုးကလဲတိတ်သွားလို့ တကာတကာမတွေကောင်းကောင်းမွန်မွန် ကြားရဦးမယ်၊ အင်မတန် အရေးကြီးတဲ့နေ့၊ ယနေ့ည သာမည အရေးကြီးတာ မဟုတ်ဘူး။

တကာတကာမတို့ ယနေ့ဟောမဲ့ တရား သာမည အရေးလို့ များ အောက်မေ့မနေနဲ့ ကိုယ် နားမလည်သေးလို့ ရှိယင်လဲ နားလည်တဲ့ပုဂ္ဂိုလ်မြန်မေး၊ဒီဒိဋ္ဌိလေးမျိုး တခုခု ရှိနေတတ်တယ်-ဗုဒ္ဓဘာသာဝင်တွေမှာပင် မရှိတတ်ဘူးလား.... (ရှိတတ်ပါတယ်ဘုရား) ငါသေယင် ဘာဖြစ်မှာပါလိမ့်မတုံးဆိုတော့ သဿတဒိဋ္ဌိဘဲ(မှန်ပါ့)ငါသေယင် ဘာမှ ဖြစ်စရာ မရှိဘူးဆိုယင် ဥစ္ဆေဒဒိဋ္ဌိ၊ သဘောပေါ်ပလား....(ပေါ်ပါတယ်ဘုရား)ငါသေယင်တော့ တခုခုတော့ ဖြစ်ဦးမှာဘဲ ဆိုယင်တော့ ဘာဒိဋ္ဌိတုံး .... သဿတဒိဋ္ဌိ၊ ငါသေယင် တခုခု ဖြစ်ဦးမှာဘဲဆိုတော့ ငါကော ရှိရဲ့လား.... (မရှိပါဘုရား)။

သေစရာကောရှိရဲ့လား ...(မရှိပါဘုရား)တခုခု ဖြစ်ဦးမှာဘဲ ဆိုလို့ရှိယင်ဖြင့်တဲ့.... တကာတကာမတွေ ဒါဘာဒိဋ္ဌိပါလိမ့် ... (သဿတဒိဋ္ဌိပါဘုရား)ငါသေယင်တော့ ဘာမှ ဖြစ်စရာမရှိဘူး ဆိုယင်တော့....(ဥစ္ဆေဒဒိဋ္ဌိပါဘုရား) ဥစ္ဆေဒဒိဋ္ဌိဟာ နိဗ္ဗာန်လဲ

နားလည်လို့ မဟုတ်ဘူး၊ သူ့ဟာက ဘာမှမဖြစ်တာ သိထားတာ ရှိတာဘဲ သဘောပါပလား....(ပါပါပြီ ဘုရား)။

ကဲ-ဒီတော့ တကာတကာမတို့ ပုဏ္ဏားက ဆက်ပြီးသကာလ တကာတကာမတွေဒိဋ္ဌိကိုရှင်းအောင်လို့ ပုဏ္ဏားဝတ္ထုကိုထုတ်ပြီးလာခြင်း ဖြစ်ပါတယ်၊ မြတ်စွာဘုရားဟောခဲ့တဲ့ နိဗ္ဗာန်ကို ဟောလိမ့်မယ်ဆိုတာ ယနေ့မှတ်ပါ၊သဘောကျပလား(ကျပါတယ်ဘုရား) ယနေ့ ဘယ်သူ ဟောတဲ့နိဗ္ဗာန် ဟောမှာပါလိမ့်... (ဘုရားဟောတဲ့ နိဗ္ဗာန်ဟောမှာပါဘုရား)နိဗ္ဗာန်ဟောပါဆို ရှေ့ပိုင်းက ဘာတွေ ဟောနေရသတုံးဆိုတော့ ဒိဋ္ဌိခွါပြီးမှ နိဗ္ဗာန်က ဟောလို့ ဖြစ်တာ၊ သဘောပါပလား....(ပါပါတယ်ဘုရား)။

ဒိဋ္ဌိမခွါဘဲနဲ့ နိဗ္ဗာန်ဟောခဲ့သည်ရှိသော် တကာတကာမတို့ ဘယ်နည်းနှင့်မှ နိဗ္ဗာန်မရဘူးတဲ့၊ ဒိဋ္ဌိကို မခွါဘဲနဲ့ နိဗ္ဗာန်ချည်း ဟောနေယင် နိဗ္ဗာန်ရပါ့မလား....(မရပါဘုရား) သူ့ဝမ်းထဲက ဘာခံနေတုံး....(ဒိဋ္ဌိခံနေပါတယ်ဘုရား)။

ဒိဋ္ဌိနဲ့ နိဗ္ဗာန်နဲ့ တွဲရဲ့လား(မတွဲပါဘုရား)မတွဲတော့ ဒိဋ္ဌိက မဂ်ဉာဏ် ဖိုလ်ဉာဏ်တားမြစ်ပါတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တား မြစ်တော့နိဗ္ဗာန်မြင်နိုင်သေးရဲ့လား(မမြင်နိုင်ပါဘုရား)မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့မှ နိဗ္ဗာန် မြင်မှာကိုးဗျ၊ သဘောပါကြလား-(ပါပါ တယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိကို ရှေ့ပိုင်းက ပုဏ္ဏားမေးနေလို့ မြတ်စွာဘုရား က ခွါနေတာကော ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား) ဒီပုဏ္ဏားကို ဒီအဖြေတွေမှ ငါမပေးသို့ရှိယင်ဖြင့် ဘယ်နည်းနဲ့မှ ဒီပုဏ္ဏား နိဗ္ဗာန်ရောက်တော့မှာမဟုတ်ဘူး၊ဒိဋ္ဌိတွေ ခံနေတော့မှာဘဲ၊ဒါမြင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိတွေ ရှင်းပေး

တာ၊သဘောပါပလား(ပါပါတယ်ဘုရား)ကိုင်း-ဒါဖြင့် တကာ တကာမတို့အင်မတန်ကံကောင်းတဲ့တကာတကာမတွေမိုးကုတ်တိတ် ပေးတော့ သိပ်ကျေးဇူးများတော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချ။

ဒါဖြင့် ရှင်ကြီးဂေါတမတဲ့-ရှင်ကြီးဂေါတမဟာ ဒီအယူတွေ မယူတာက ယခုပြောခဲ့တဲ့ ဒိဋ္ဌိလေးမျိုးအယူ မယူဘာ႒ာ ရှင်ကြီး ဂေါတမ ဘာဖြစ်လို့ မယူတာတုံး၊ ဇကာက်မေးတယ်၊ ဒီအယူ လေးမျိုး ရှင်ကြီးဂေါတမ ဘယ့်နှယ်ကြောင့် မယူပါလိမ့်မလဲ လို့ အဂ္ဂိဝစ္ဆက မေးလိုက်တယ်-ကဲ့တဲ့-၊အဲဒါ ဒိဋ္ဌိတည်းဟူသော ခရီးခဲ၊ ဒိဋ္ဌိတည်းဟူသော ခြောင့်တံသင်းကွ-၊သဘောကျပလား- (သဘောကျပါတယ်ဘုရား) ဒိဋ္ဌိတည်းဟူသော ဥပါဒါန် တရားကွ၊ ဒိဋ္ဌိတည်းဟူသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားတဲ့.... တရားကွ၊ ဒါကြောင့် ငါ ဒီအယူ မယူဘူး၊ ကဲ....ဒိဋ္ဌိကို ဘယ် လောက် ပယ်ရသလဲ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘုရားက ဒိဋ္ဌိဘယ်နှစ်မျိုး ပယ်လိုက်သတုံး .... (လေးမျိုး ပယ်လိုက်ပါတယ် ဘုရား) လေးမျိုး ပယ်လိုက်တယ် ဆိုတာ အားလုံး တရားနာတဲ့ ပုဂ္ဂိုလ်တွေ မှတ်လိုက်ကြစမ်းပါ-(မှန်ပါ) ဒိဋ္ဌိပယ်ပြီးမှ နိဗ္ဗာန်ဟောလို့ ရမှာကိုး...(မှန်ပါ)ကြားထဲမှာ အဂ္ဂိဝစ္ဆ မဟောမိ နိဗ္ဗာန် နားမလည်ဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တာ မြင်အောင် အားထုတ်တဲ့ လူဘယောက် ရှိတယ်၊ နိဗ္ဗာန်တော့ သူ နားမလည်ဘူး(မှန်ပါ)နိဗ္ဗာန်နဲ့ ပဋိစ္စသမုပ္ပါဒ် သူ နားမလည် ဘူး၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှ နိဗ္ဗာန်က နားသည်မှာကိုး၊ အဲဒီ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တာတွေ နင်းပြီး ကြိုးစား ရကို မရဘူး။

တကာတကာမတို့ အဲဒါ ဘာတုံးမေးတဲ့အခါ မောင်ဆန်။ ရိပ်မိကြပလား၊မြင်းမီးဆဲ့မောင်ဆန်ဆိုတာသဘောကျကြပလား-(ကျပါပြီဘုရား)အဲဒီ ပုဂ္ဂိုလ်ဟာ ဘုရားရှိတုန်းကတည်းက အားထုတ်တာ တကာတကာမတို့ ဘုရား....ပရိနိဗ္ဗာန် စံတောင် မရဘူး၊ဘာနားမလည်လို့တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည် တော့ နိဗ္ဗာန် နားလည်သေးရဲ့လား... (နားမလည်ပါ ဘုရား) အဲဒီတော့ ခင်ဗျားတို့က အနိစ္စ ဒုက္ခ အနတ္တအားထုတ်ယင်နိဗ္ဗာန် ရောက်တာဘဲ ဒအောက်မေ့တယ်တဲ့.. ဒိဋ္ဌိမကွာယင်ရကို-မရဘူး၊ ဘယ်လိုအနိစ္စမြင်မြင် မရဘူး၊ သဘောကျကြပလား....(ကျပါ ပြီဘုရား)။

အနိစ္စမြင်လဲ နိဗ္ဗာန်မရဘူး၊ ဒုက္ခမြင်ကော....(မရပါဘုရား) အနတ္တ မြင်ကော....(မရပါဘုရား) ပြောတော့ ပြောကြ လိမ့်မယ်၊ တကာတကာမတွေက အို... အနတ္တမြင် နိဗ္ဗာန်ပေါက် တာဘဲလို့ ဒီလိုပြောချင် ပြောကြမယ်၊ဟုတ်ကို မဟုတ်ပါဘူးတဲ့ သူ့ငတ္ထုကို သွားကြည့်ပါ၊ သံယုတ်ပါဠိတော်မှာနော်....။

သံယုတ်ပါဠိတော် သွားကြည့်တဲ့ အခါမှာ ဒီအတိုင်း အရှင် အာနန္ဒာဆီ သွားတော့ အရှင်အာနန္ဒာက ဘုရား ပရိနိဗ္ဗာန် စံသွားတော့ အရှင်အာနန္ဒာဘဲ အားကိုးရာရှိတော့ အရှင်ဆန္နက အရှင်အာနန္ဒာဆီသွားတော့ ဒီမထေရ် ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ အနိစ္စ ဒုက္ခ အနတ္တတွေ မြင်လျက်နဲ့ မရတာဘဲဆိုတာ သူကိုယ် တိုင်က ဖွင့်ပြောတယ်၊ ရိပ်မိပလား(ရိပ်မိပါပြီ) ဒါဖြင့် နိဗ္ဗာန် လိုချင်ယင် ပဋိစ္စသမုပ္ပါဒ် နားလည်အောင်လုပ်၊ ဖြတ်ပုံ-ဆက်ပုံ နားလည်အောင်လုပ်ပါ၊ရှင်းပလား(ရှင်းပါပြီ)နိဗ္ဗာန်လိုချင်ယင်

ဆုတောင်းရမှာလား....ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံ-ဆက်ပုံ သိရမှာလား (ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ-ဆက်ပုံ သိရမှာပါဘုရား)။

အဲ....ပဋိစ္စသမုပ္ပါဒ်ဆက်ပုံနဲ့ဖြတ်ပုံကို သိမှ နိဗ္ဗာန်ရမယ်၊နို့ မို့ ဘယ်နည်းနဲ့မှ မရဘူးဆိုတာ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့) ကဲ....ဒီအရေးဟာ တကာတကာမတို့ နားကြီးကြီးနဲ့ ထောင်ပါ ဆိုတာ ခင်ဗျားတို့ကို ပြောတာ မှားသလား....(မမှားပါဘုရား) အရှင်အာနန္ဒာ ဆုံးဖြတ်ချက် ချတယ်၊ ဒီ မထေရ် ပဋိစ္စသမုပ္ပါဒ် နားမလည်ဘူးတဲ့၊ သူ အနိစ္စ ဒုက္ခ အနတ္တတွေမြင်သားဘဲ၊မြင်ပင် မြင်ငြားသော်လည်း နိဗ္ဗာန်မရဘူးတဲ့၊ဒီဆန္နမထေရ် အပြစ်တင်တာ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါက ကြားညှပ်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ နိဗ္ဗာန်မရတာ၊ အနိစ္စ ဒုက္ခ အနတ္တ မြင်လျက်နဲ့ မရတာဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဒါဖြင့် တကာဘကာမတို့ နိဗ္ဗာန်ရချင်ယင် ဘာနားသည်ရမလဲ.... (ပဋိစ္စ သမုပ္ပါဒ်နားလည်ရမှာပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားသည်မှ — ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ နားလည်လို့ရှိယင် ဒုက္ခသစ္စာနားလည်ဘယ်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကို နားလည်လို့ရှိယင် မဂ္ဂသစ္စာ နားလည် တယ်၊ သဘောပါကြသလား....(ပါပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို နားလည်ယင် ဘာတုံး....(ဒုက္ခသစ္စာ နားလည်ပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို နားလည်ယင် (မဂ္ဂသစ္စာကို နားလည်ပါတယ်ဘုရား)မဂ္ဂသစ္စာ နားလည်တော့ နိရောဓ အလိုလိုဝင်လာတယ်....(မှန်ပါ့) သဘောကျပသလား.... (ကျပါပြီဘုရား) ဒုက္ခသစ္စာ နားလည်ဘော့ ဒုက္ခသစ္စာနဲ့ မဂ္ဂ သစ္စာဖြစ်တယ်(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်ယင် ပဋိစ္စသမုပ္ပါဒ် ဆက်ပုံနဲ့ ပြတ်ပုံ နားလည်အောင်လုပ်ပါ....(မှန်ပါ) ရှင်းကြပလား ...(မှန်ပါ ရှင်းပါပြီ) ကဲ....နိဗ္ဗာန်ဟောမယ် ကြံလို့ ရှိယင် ဘာနားလည်ဘို့ အရေးကြီးပါလိမ့်....(ပဋိစ္စသမုပ္ပါဒ် နားလည်ဘို့ အရေးကြီးပါ တယ်ဘုရား) ဆက်လိုက်ပါဦး၊ ဘယ်လိုနားလည်ရမှာတုံး....(ပဋိစ္စ သမုပ္ပါဒ် ဆက်ပုံနဲ့ ပြတ်ပုံ နားလည်ရပါမယ်) ဆက်နေယင် ဒုက္ခသစ္စာ၊ ပြတ်သွားယင်....(မဂ္ဂသစ္စာပါဘုရား)) မဂ္ဂသစ္စာ လာယင် နိရောဓသစ္စာ မလာသေးဘူးလား(လာပါတယ်ဘုရား) သဘောကျပလား(မှန်ပါ)ဆက်နေလို့ ရှိယင်ဖြင့် ဒုက္ခသစ္စာချင်း ဆက်သွားတော့ သမုဒယကြောင့် ဆက်တာဘဲ ဆိုတာကော မသိဘူးလား... (သိပါတယ်ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်လိုချင်ကြယင် ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ-ဆက်ပုံကိုနားလည်အောင်လုပ်ပါ၊ဒါနားမလည်ယင်ဘယ်တော့မှ မရဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ ပေါ်ကြပလား....(ပေါ်ပါပြီ) ပဋိစ္စသမုပ္ပါဒ်ဆက်ပုံနဲ့ ဖြတ်ပုံ နားမလည်ယင်(နိဗ္ဗာန်မရနိုင်ပါ) နိဗ္ဗာန်မရနိုင်ဘူးဆိုတာ တကာ တကာမတို့ ကောင်းကောင်း ကျေနပ်ပါ....(မှန်ပါ-ကျေနပ်ပါတယ်ဘုရား) ကျေနပ်ရဲ့လား.... (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဩော်....နိဗ္ဗာန်ကို အသာထားပြီးတော့ နိဗ္ဗာန်က ဒီထဲဝင်နေဘာ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့အထဲဝင်နေတာ၊ ရိပ်မိပလား(မှန်ပါ)ဒုက္ခသစ္စာကလဲ ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့အထဲ ဝင်နေတာ၊ ပေါ်ကြပလား....(ပေါ်ပါပြီ) ဒုက္ခသစ္စာက ဘယ် အထဲ ဝင်နေသတုံး....(ပဋိစ္စသမုပ္ပါဒ်ဆက်တဲ့အထဲ ဝင်နေပါတယ်

ဘုရား)နိဗ္ဗာန်က ဘယ်အထဲဝင်နေသလဲ....(ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ အထဲ ဝင်နေပါတယ်ဘုရား)။

ပြတ်တဲ့အထဲ ဝင်နေတော့ နိဗ္ဗာန်က ဒီအထဲ ဒီအတွင်းဝင်နေတာ၊ သူ့ကို နားမလည်ဘဲနဲ့ ခင်ဗျားတို့ အနိစ္စ ဒုက္ခ အနတ္တ အားထုတ်ယင် ရပါ့မလား....(မရပါဘုရား) မရနိုင်ဘူးတဲ့ အရှင်အာနန္ဒာက ထောက်ခံချက် ပေးတယ်၊သဘောပါလား....(ပါပါတယ်) မောင်ဆန်လေ-(ရှင်ဆန္ဒ)တကာတကာမတို့၊ လေးဆယ်နဲ့ ငါးနှစ်လောက် အားထုတ်တယ်၊ ဘုရားသွားပင့်ရင်း ရဟန်းဝတ်နေတာဘဲ၊ ရဟန်းဝတ်ပြီး အားထုတ်လိုက်တာ ဘုရားပရိနိဗ္ဗာန်စံတောင်မရဘူး၊ အနိစ္စ ဒုက္ခ အနတ္တတော့ သေသေချာချာလုပ်တဲ့ ပုဂ္ဂိုလ်ဘဲ၊လုပ်ကြောင်းသူ့ဟာသူ တာဝန်ခံပါတယ်၊ သူဟာ အနိစ္စ ဒုက္ခ အနတ္တ လုပ်ပါတယ်တဲ့-၊ လုပ်ပင် လုပ်ငြားသော်လဲ ဘယ်တော့မှ နိဗ္ဗာန်မတွေ့ဘူးတဲ့၊သူကိုယ်တိုင် ပြောတာ တကာတကာမတို့ ပါဠိတော်မှာ ဒီအတိုင်းလာတယ်၊ သဘောပါလား....(ပါပါပြီဘုရား)။

အဲဒီမှာ အရှင်အာနန္ဒာဆီပြေးတော့ အရှင်အာနန္ဒာက အကဲခတ်တယ်၊ဒီမထေရ် ဘယ့်နှယ်ကြောင့် မရပါလိမ့်၊သြော်....ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ-ဆက်ပုံ နားမလည်လို့၊အရမ်းအားထုတ်နေလို့ မရဘူး၊ ဒါနဲ့ ပဋိစ္စသမုပ္ပါဒ် ဟောရရှာတယ်၊ ရိပ်မိပလား .... (ရိပ်မိပါပြီ)ဟောလို့ ဖြတ်ပုံ-ဆက်ပုံပြလိုက်တော့လဲ မကြာဘူး သူ ရဟန္တာဖြစ်တယ်၊ သဘောပါလား....(ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အနိစ္စ ဒုက္ခ အနတ္တကို ရှေ့ထားမလား-ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ-ဆက်ပုံကို ရှေ့ထားမလား-(ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ-ဆက်ပုံကို ရှေ့ထားရမှာပါဘုရား) ဟာ.... ဘုန်းကြီးတာ

ဆန်းလိုက်တာလို့ ခင်ဗျားတို့တာ မဆိုနဲ့၊ ပါဠိတော်က ဒီအတိုင်း ရှိတယ်...(မှန်ပါ့)ဘုန်းကြီးက ဆန်းလိုက်တာလို့ မဆိုကြပါနဲ့ တကာ တကာမတို့နော်....၊ သူ့ကို နားမလည်လို့ ရှိယင်ဖြင့် သဿတဒိဋ္ဌိ ကောက်ခံမယ်(မှန်ပါ့)နိဗ္ဗာန်လဲ နားလည်သေးရဲ့လား (မလည်ပါဘုရား) မလည်လို့ရှိယင် နိဗ္ဗာန်ကို သဿတနဲ့ ဥစ္ဆေဒ တခုခုခံတော့မယ်၊ ခံနေယင် ရပါ့မလား....(မရပါဘုရား) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ဒါကြောင့် ယနေ့က-စပြီး ဘုန်းကြီးတို့ တကာတကာမတွေ သိပြီးသားပုဂ္ဂိုလ်လဲ မြဲကြရော....၊ မသိသေးတဲ့ ပုဂ္ဂိုလ်မှာလဲ ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံ-ဆက်ပုံ အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ...(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဒါနဲ့ ပုဏ္ဏားက အရှင်ဘုရား ဒီအယူတွေ(ဒိဋ္ဌိလေးမျိုး)ကို ဘယ့်နှယ် ကြောင့် မယူပါသတုံးလို့ ဆက်မေးတယ်နော်၊တကာတကာမတို့ ဘယ်လို မေးပါလိမ့်...(ဒီအယူတွေကို ဘယ့်နှယ်ကြောင့် မယူပါ သလဲလို့ မေးတယ်) ဒီ ဒိဋ္ဌိလေးမျိုးကို အရှင်ဘုရား ဘယ့်နှယ် ကြောင့် မယူသတုံး၊အို .. ဒါ မဂ်ဖိုလ်တားတဲ့ ခရီးခဲကွ....၊သဘော ပါပလား....(ပါပါတယ်ဘုရား)။

မဂ်ဖိုလ်တားတဲ့....(ခရီးခဲပါဘုရား)။

ဒါကြောင့် ငါ ဒီအယူ မယူဘူးတဲ့....။

တကာတကာမတို့ ဒိဋ္ဌိဟာ ခရီးခဲနော်....၊ မဂ်ဖိုလ် သွားဘို့ ခရီးကို အကန့်အကွက်၊ ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး(မဂ်ဖိုလ်သွားဘို့ခရီးကိုအကန့်အကွက်ပါ)ကန့်ကွက်တဲ့ တရား၊ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား) ပဋိစ္စသမုပ္ပါဒ်

နားမလည်ယင် ဘာတဲ့....(နိဗ္ဗာန်မရပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ ဒိဋ္ဌိက ပြုတ်သေးရဲ့လား (မပြုတ်ပါဘုရား)။

ဒါတွေဟာအကုန်ပုဂ္ဂိုလ်သတ္တဝါဖြစ်မယ်၊ဒါတွေငါဖြစ်မယ်၊ မဖြစ်ပေဘူးသား....(ဖြစ်ပါတယ်ဘုရား) ဖြစ်လို့ရှိယင် ဒိဋ္ဌိမလာဘူးလား....၊လာမလား .... (လာပါမယ် ဘုရား) ဒါကြောင့် ဘုရားက ဒီအယူ-မယူဘူးကွ၊ ဒိဋ္ဌိဟည်းဟူသော ခရီးခဲကွ၊ ဒိဋ္ဌိတည်းဟူသော ခြောင့်တံသင်းတွေကွ၊ ဒါကြောင့် ဒီ အယူ-မယူဘူးလို့ ဖြေလိုက်တယ်နော်....(မှန်ပါဘုရား)။

ဒါနဲ့ ပုဏ္ဏားက ဆက်မေးတယ်၊ တကာတကာမတို့.... အရှင်ဘုရား ဒီအယူ-မယူလို့ရှိယင် ဘယ်ဒိဋ္ဌိအယူ အရှင်ဘုရား ယူသလဲ မေးပြန်တယ်၊ ဒီလေးခုတော့ မယူဘူး ဘယ်ဒိဋ္ဌိကို ယူသလဲလို့ ဆက်မေးပြန်တယ်၊ နားသည်ကြသလား.... (နားလည်ပါတယ် ဘုရား)ဒီအယူ မယူလို့ရှိယင် ဘယ်ဒိဋ္ဌိအယူ-ယူ ပါလိမ့်မလဲလို့ ဆိုတော့ ငါ-ဒိဋ္ဌိ ပယ်ပြီးပြီကွတဲ့၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ဏာ တည်းက ပယ်ပြီးပြီ၊ဒီ ဒိဋ္ဌိအယူ ငါ မယူတော့ဘူး၊ရိပ်မိပလား.... (မှန်ပါ ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဗောဓိပင်နဲ့ရွှေပလ္လင်ကျမှ ဒိဋ္ဌိပယ်တယ်ဆိုတာကော သေချာကြပလား-(သေချာပါတယ်ဘုရား)၊ဒါဖြင့် အရှင်ဘုရား ဒီ ဒိဋ္ဌိအယူ-မယူလို့ရှိယင်ဖြင့် အရှင်ဘုရား သီးသန့် ယူတဲ့ အယူ ရှိလိမ့်မယ်၊ အဲဒီအယူပြောစမ်းပါ၊ကဲ... တကာတကာမတို့လိုရင်း ပေါ်လာပြီ...(မှန်ပါဘုရား) အရှင်ဘုရား ဒီ ဒိဋ္ဌိအယူကိုမယူဘူး၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာဘဲ ပယ်ခဲ့တယ်လို့ အရှင်ဘုရား ပြောတော့ အရှင်ဘုရားယူတဲ့ သီးသန့်အယူ ရှိလိမ့်မယ်၊ အဲဒီ သီးသန့်

အယူ သိပါရစေ၊တကာတကာမတို့ဘာအယူ·တောင်းပန်ပါလိမ့် (သီးသန့်အယူ တောင်းပန်ပါဘယ်ဘုရား)။

ဒါဖြင့် သီးသန့်အယူဟာ ဘုရားအယူဘဲ၊ရှင်းပလား....(ရှင်းပါပြီ)သီးသန့်အယူ ပြောစမ်းပါဆိုတော့ အေး....မင်း သေသေချာချာနား ငါ အခု·ငါ့အယူကို သေသေချာချာ ဟောပြမယ်၊ တကာတကာမတို့ ဘုရားသီးသန့်ယူတဲ့ အယူကို ယနေ့ဟောလိမ့်မယ်၊ဘယ်တရားဟောမှာပါလိမ့်.... (ဘုရားသီးသန့်ယူတဲ့အယူကို ဟောမှာပါဘုရား)တိတ္ထိတွေ အယူကို ဘုရားက မယူဘူးတဲ့၊ ဗောဓိပင်နဲ့ ရွှေပုလ္လင်ကတည်းက ပယ်ခဲ့ပြီတဲ့၊ သီးသန့် အယူကို အရှင်ဘုရား ယူပါလိမ့်မယ်၊ အဲဒီ အယူကို တပည့်တော်တို့အား ပြောစမ်းပါ။

ဘယ်သူက မေးပါလိမ့် (ပုဏ္ဏားက မေးပါတယ်) ပုဏ္ဏားက မေးတယ်၊ တကာတကာမကို ဝတ္ထုနဲ့ ပြောရတော့ ပိုရှင်းတယ် နော်....(မှန်ပါ)ပိုရှင်းတယ်... (မှန်ပါ) အမေးနဲ့ အဖြေကိုးဗျ၊ ကိုင်း....ဒါဖြင့် အရှင်ဘုရားအယူ ပြောစမ်းပါ ဆိုတော့ ငါ့အယူဟာကွာတဲ့ ဟောဒီ ၂·နံပါတ်ကြည့်ပါ၊ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿ ဝေဒနာတွေဟာ·စုလိုက်ယင် ခန္ဓာငါးပါးပါဘဲတဲ့ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ ခန္ဓာငါးပါးဟာလဲဘဲ ဘယ်ခန္ဓာ ကြည့်ကြည့် ရုပ်ဟာလဲ ဖြစ်ပျက်ဘဲ။

နာမ်ဟာလဲ.... (ဖြစ်ပျက်ပါဘဲ)။
ဖဿကကော.... (ဖြစ်ပျက်ပါဘဲ)။
စိတ်တွေကော.... (ဖြစ်ပျက်ပါဘဲ)။
ဝေဒနာတွေကော...(ဖြစ်ပျက်ပါဘဲ)။

ဩော်....ဖြစ်ပျက်ကိုသိတဲ့အယူဟာ ငါ့-အယူဟော့၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာတဲ့တုံး....(ဖြစ်ပျက်သိတဲ့အယူဟာ ငါ့-အယူပါဘုရား) ဘုရားအယူက ဘာပါလိမ့် တကာတကာမတို့... (ဖြစ်ပျက်ကို သိတဲ့အယူပါဘုရား)။

ပါဠိမရွတ်ပါဘူး၊ပါဠိရွတ်ယင် ခင်ဗျားတို့ နားမလည်ဘူး၊ ဒါဟာ-ပါဠိကို မြန်မာပြန်ထားဘာတွေလို့မှတ်ပါ၊ ဖြစ်ပျက်ကို သိတဲ့အယူဟာ ငါ့အယူတဲ့-(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)ဖြစ်ပျက်ကိုသိတဲ့အယူဟာ....(ငါ့အယူပါဘုရား) ဖြစ်ပျက်ဆိုတော့- ဖြစ်ပြီးပျက်တဲ့ တရားဘဲ စိတ်ကြည့်လိုက်လဲ ဖြစ်ပျက်၊ ရုပ်ကြည့်လိုက်ကော.... (ဖြစ်ပျက်ပါဘုရား) ပင်ကိုယ်သဘောက ဒီအတိုင်းဘဲ မဟုတ်လား....(မှန်လှပါဘုရား)။

အဲဒီလို သိသွားတော့ ဖြစ်ပျက်လို့ သိသဖြင့် ရုပ်လဲဖြစ်ပြီးပျက်တာ၊ ဝေဒနာကော.... (ဖြစ်ပြီး ပျက်ပါဘုရား) ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိကပ်သေးရဲ့လား-(မကပ်ပါဘုရား (ဖြစ်ပြီးပျက်တဲ့ တရားဆိုတော့ ခိုင်တယ်လို့ရော ယူသေးရဲ့လား(မယူပါဘုရား)ခိုင်တယ်လို့မယူတော့ကို တကာတကာမတို့ သဿတဒိဋ္ဌိ မလွတ်ဘူးလား(လွတ်ပါတယ်ဘုရား) ဒီဖြစ်ပျက်ပြီးနောက်တခါပေါ်လာတာလဲဖြစ်ပျက်ဘဲရှိပါ၊မဟုတ်ဘူးလား(မှန်ပါ့)။

အရင်တရားကလဲ ဖြစ်ပျက်၊ နောက်ပေါ်လာတာကကော.... (ဖြစ်ပျက်ပါဘုရား)ဖြစ်ပျက် ဆိုတော့ ဖြစ်ပျက်ခြင်းဟာ ဆက်မသွားဘူးလား(ဆက်သွားပါတယ်ဘုရား အင်း... ဆက်သွားပြန်တော့လဲ ဩော်.... ဒါသည် ဥစ္ဆေဒ ဒိဋ္ဌိကော ဆိုလို့ရရဲ့လား(မရပါဘုရား)ကဲ... ဒါဖြင့် သဿတ, ဥစ္ဆေဒ စင်လို့ရှိယင်ကျန်တဲ့ ဒိဋ္ဌိစင်ပြီးသားလို့ ယူကြပေတော့....(မှန်ပါ့)မှတ်မိကြ

ပလား....(မှန်ပါ့မှတ်မိပါပြီ)သဿတ, ဥစ္ဆေဒစင်ယင်(ကျန်တဲ့ ဒိဋ္ဌိစင်ပါတယ်) စင်ပြီးသွားဘဲ၊ သူတို့ မှုတည်ကိုးဗျ၊ပေါ်ကြပြီ ညာဏ်ထဲပေါ်ကြပလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားအယူကို ယနေ့တကာတကာမတွေ့သိပလား (သိပါပြီဘုရား) ဖြစ်ပျက်ကို သိတဲ့အယူသည် ဘယ်သူ့ အယူ ပါလိမ့်....(ဘုရားအယူပါဘုရား) ဒါဖြင့် ဖြစ်ပျက် သိတာက မဂ် ရှင်းပလား....(ရှင်းပါပြီ) ရုပ်ရှုလဲ ရုပ်ကဘာတုံး (ဖြစ်ပျက်ပါ) သိတာက....(မဂ်ပါ)ဝေဒနာရှုပြန်တော့လဲ ဝေဒနာက ဘာတုံး (ဖြစ်ပျက်ပါဘုရား)သိတာက....(မဂ်ပါဘုရား)။

အဲဒါငါ့အယူကွ....ဆိုတော့ ဒိဋ္ဌိမကွာသေးဘူးလား....(ကွာ ပါတယ်ဘုရား)ဖြစ်တာနဲ့ ပျက်တာမြင်သဖြင့် သဿတဒိဋ္ဌိကော မကွာသေးဘူးလား... (ကွာပါတယ်ဘုရား)စင်သွားပြီ (မှန်ပါ့) ဖြစ်ပျက်ပြီးသကာလ ဖြစ်တဲ့ ပျက်တဲ့ နေရာဘဲ နာမ်ပျက်ယင် နာမ်အစားထိုးတာဘဲ၊ ရုပ်ပျက်ယင်ကော .... (ရုပ်အစားထိုးပါ တယ်ဘုရား)ဒီလို သိနေတော့ ဥစ္ဆေဒအယူကော ယူလို့ ရသေး ရဲ့လား....(မရပါဘုရား)။

ဒါဖြင့် သဿတ ဥစ္ဆေဒမလွတ်သေးဘူးလား (လွတ်ပါတယ် ဘုရား)အဲဒီအယူဟာ ဘယ်သူ့အယူပါလိမ့် .... (ဘုရားအယူပါ ဘုရား)ဒါဖြင့် ခင်ဗျားတို့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပျက်ရှု၊ စိတ်ရှုသဲ့ပုဂ္ဂိုလ်ကော(ဖြစ်ပျက်ရှုရမှာပါဘုရား) ရုပ်ရှုတဲ့ပုဂ္ဂိုလ် ကော(ဖြစ်ပျက်ရှုရမှာပါဘုရား)ဖဿရှုတဲ့ပုဂ္ဂိုလ်ကော.... (ဖြစ် ပျက်ရှုရမှာပါဘုရား)ကြိုက်ရာရှု၊ သတိပဋ္ဌာန်လေးပါး တည်းဇ ဖြစ်ပျက်တွေ့ယင်ပိုင်ပြီ၊ဘုရားအယူဖြစ်ပြီ၊ သဘောပါကြပလား

ပါပါပြီဘုရား) ဘုရားအယူသည် ဖြစ်ပျက်သိဘဲ့ အယူ၊ ပေါ်ပြီနေ၁်....(မှန်ပါ့ဘုရား)။

ဒါနဲ့ ပုဏ္ဏားက မေးတယ်၊ ဖြစ်ပျက်သိတာက မဂ်လို့ အရှင်ဘုရားက ပြောထားတော့ ဒီအယူ-ယူတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုများ ကျေးဇူးရှိသတုံး၊ တကာ တကာမတို့ မေးထိုက်... မမေးထိုက်.... (မေးထိုက်ပါတယ်ဘုရား) အရှင်ဘုရားကဲ ဖြစ်ပျက်မဂ်၊ ဒီအယူ ယူတယ်လို့ ပြောတယ် ဖြစ်ပျက်မဂ်ဆိုတဲ့ ဒီအယူ- ယူတော့ကို ဘာကျေးဇူးရှိသတုံးမမေးထိုက်ဘူးလားဗျာ(မေးထိုက်ပါတယ်) ဒီအယူ ယူတော့ ဘာတဲ့....(ဘာကျေးဇူးရှိသတုံး)။

ဟာ-ပုဏ္ဏား ငါသေသေချာချာပြမယ်၊ မင်းနားထောင်ဆိုတော့ တကာတကာမတို့ သေသေချာချာပြမယ်၊ဒီ့ထက်တာကြည့်ပါဦးမှာ... စိတ်ကလေးတခု ရှုလိုက်တယ်၊ မြင်စိတ်ကလေးတခု ရှုလိုက်တယ်၊ ရှုလိုက်တော့ မြင်စိတ်ဟာ ဖြစ်ပြီး မပျက်ဘူးလား.... (ပျက်ပါတယ်ဘုရား)ဖြစ်ပျက်ကို တခါ ဒီကနေ ရှုလိုက်တော့ကို မမြင်ဘူးလား၊ဒါဖြစ်ပျက်....(မြင်ပါတယ်ဘုရား)။

မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်တော့ မဂ်ဖြစ်မသွားဘူးလား.... (ဖြစ်သွားပါတယ်)ဒီအယူ ယူလိုက်တဲ့အတွက်ကွတဲ့၊တဏှာ မာန ဒိဋ္ဌိ သေတယ်၊ဒီအယူရဲ့ သတ္တိက ဒါဘဲ၊ သဘောပါပလား(ပါပါပြီဘုရား) ဖြစ်ပျက် ရှုလိုက်တော့ တဏှာ လာသေးရဲ့လား.... (မလာပါဘုရား)ဒီနေရာ မာနကော....(မလာပါဘုရား) ဒီနေရာ ဒိဋ္ဌိကော....(မလာပါဘုရား)လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

တကာတကာမတွေ သေသေချာချာ ကြည့် ပဋိစ္စသမုပ္ပါဒ်နားလည်မှ နိဗ္ဗာန်သိမယ်ဆိုတာ ဒီမှာပေါ်ပါလိမ့်မယ်၊မပေါ်ပေ

ဘူးလား (ပေါ်ပါတယ်ဘုရား)ကြပ်ကြပ် နား၊ကြီး၊ကြီးနဲ့ ထောင်မှနေ၊ ကျက်ထားတဲ့ တရားမဟုတ်ဘူး၊ သဘော ပြောနေရတာ (မှန်ပါ့) တကာတကာမတို့ ကျက်ထားတဲ့ တရားဟောတာလား၊ ခင်ဗျားတို့ နားလည်မှုကို အမိကထားပြီး ဟောတာလား (နားလည်မှုကို အမိကထားဟောပါတယ်ဘုရား)ကျက်ထားတဲ့ တရားက ဒိဋ္ဌိကိုစင်အောင် မဟောနိုင်ဘူး၊ စိတ်သာချ။

ခင်ဗျားတို့ ခန္ဓာဖြစ်စဉ်ကြည့်ဟောမှ ဒိဋ္ဌိကစင်တာ၊ သဘောပါလား(ပါပါတယ်ဘုရား)ကျက်ထားတဲ့ တရားကဲဖြင့် ဒိဋ္ဌိစင်နိုင်ပါ့မလား....(မစင်နိုင်ပါဘုရား) သူရအောင် ကျက်ထားတာကိုးဗျ....၊ဒါ့ကြောင့် စာအုပ်ကြည့်ရုံနဲ့လဲ မပြီးဘူး၊ ခန္ဓာကြည့် (မှန်ပါ့)သဘောပါကြလား.... (ပါပါတယ်ဘုရား) ခန္ဓာကြည့်လိုက်တော့ ကြားစိတ်ကလေးတခုဟာ ကြားပြီးဘာဖြစ်သွားတုံး (ပျက်သွားပါတယ်ဘုရား) အဲ.... ပျက်တာကို သိအောင် လုပ်လိုတ်တာက ဘယ်နှယ်ဆိုမလဲ....(မဂ်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုသိဘာသာ မဂ်ဆိုတော့ အရှင်ဘုရားအယူက ဖြစ်ပျက်ကို သိတဲ့အယူကိုး၊ ဒီအယူ ဘာကျေးဇူးရှိသတုံးဆိုတော့ ဆက်မမေးထိုက်ဘူးလား....(မေးထိုက်ပါတယ်ဘုရား)ဟာပပဥ္စသေတယ်ကွ၊ တကာတကာမတို့ ၃-နံပါတ်သေသာတဲ့။

ဘာသေတဲ့တုံး... (ပပဥ္စသေတယ်)။

ဘယ်နံပါတ်ပါလိမ့် (၃-နံပါတ်ပါဘုရား)တကာ တကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဥ္စတရား ၃-ပါး၊ စာလိုဆိုတော့ တဏှာ ဥပါဒါန် ကမ္မဘဝ၊ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ကမ္မဘဝ မဖြစ်နိုင်ဘူးလား... (ဖြစ်နိုင်ပါတယ်)မာနရယ်၊မာနနဲ့ စပ်သွယ်

တဲ့တရားရယ်၊ မာနကြောင့်ဖြစ်တဲ့ ကံရယ်ကော မရှိဘူးလား ....
(ရှိပါတယ်ဘုရား) ရှိတော့ တဏှာ မာန ဒိဋ္ဌိ မချုပ်ဘူးလား....
(ချုပ်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)
ဒါဖြင့် ၂-က ၃-ကူးသေးရဲ့လား....(မကူးပါဘုရား) ဟော
မဂ်က ဖြတ်ချလိုက်ဘယ်၊ဘယ်သူက ဖြတ်ချသလဲ (မဂ်ကဖြတ်ချ
ပါတယ်) ဖြစ်ပျက်ရှုတာက မဂ်ကိုး....(မှန်ပါဘုရား)။

ဒီအဆက်ကလေးဟာတဏှာတကာမတို့ပြတ်သလား၊ဆက်သ
လား(ပြတ်ပါတယ်ဘုရား) မရှုတဲ့ပုဂ္ဂိုလ်မှာ ဝိညာဏ ပစ္စယာ
တဏှာ၊ ဖဿ ပစ္စယာ....(တဏှာ) ဝေဒနာပစ္စယာ....(တဏှာ)
ဆက်မသွားဘူးလား (ဆက်သွားပါတယ်) ရှုတဲ့ပုဂ္ဂိုလ်မှာကြည့်
ဝိညာဏ နိရောဓာ—တကာတကာမတို့ မဟုတ်ဘူးလား (မှန်ပါ)
တဏှာ နိရောဓော မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖဿနိရောဓာ....(တဏှာ နိရောဓောပါဘုရား)။

ဝေဒနာ နိရောဓာ....(တဏှာ နိရောဓောပါဘုရား)။

တဏှာနိရောဓော နိဗ္ဗာနံပေါ့....(မှန်ပါ)။

နိဗ္ဗာန်နည်းနည်းပေါ်လာတယ်....(မှန်ပါ)။

သို့သော် အစစ်မပေါ်သေးဘူး၊ဩော်-တဏှာတော့ ချုပ်ပြီ
တဏှာသိမ်း နိဗ္ဗာန်ဆိုတာတော့ဖြင့် ဒီအကွက်ဓာဒီအကွက်မကူး
တာ နိဗ္ဗာန်ဘဲ၊သဘောကလေး ပေါ်မလာသေးဘူးလား(ပေါ်
လာပါတယ်ဘုရား)။

နိဗ္ဗာန်သဘောကောတကာတကာမတို့နည်းနည်းမပေါ်သေး
ဘူးလား(ပေါ်ပါဘယ်ဘုရား)ရှင်းပလား(ရှင်းပါပြီ) ကြည့် ၂-
နံပါတ်က ၃-နံပါတ်မကူးအောင်ဘယ်သူနဲ့ ဖြတ်ရသလဲ....(မဂ်နဲ့
ဖြတ်ရပါတယ်ဘုရား)မဂ်နဲ့ ဖြတ်လိုက်တော့ ယခုပစ္စုပ္ပန်ကာလ

ဆိုတဲ့ ယခုပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်အကြောင်းတွေ ပေါ်သေးရဲ့လား(မပေါ်တော့ပါဘုရား)မပေါ်ယင် အနာဂတ်အကျိုးတွေ လာဦးမလား(မလာပါဘုရား)ဒါ-ခင်ဗျားတို့ သူများပြောလား ကိုယ့်မျက်မြင်သား....(ကိုယ့်မျက်မြင်ပါဘုရား)။

အဲ-ကိုယ့်သန္တာန်ဖြတ်လို့ ရှိယင်လဲ ဒြော်....ဟုတ်ပြီလို့ ဆုံးဖြတ်ချက်မချနိုင်သေးဘူးလား....(ချနိုင်ပါတယ်)ကိုယ့်ဝမ်းထဲမှာ ဖြတ်ကြယင်လေ (မှန်ပါ့)ဒီက ကြားစိတ်ကလေး ပေါ်လဲ ဒီကနေပြီးဖြစ်ပျက်ရှုလိုက်၊မဂ်နဲ့ရှုချလိုက်(မှန်ပါ့) နံစိတ်ကလေး ပေါ်ယင်ကော(မဂ်နဲ့ရှုချလိုက်)ရှုချလိုက်....(မှန်ပါ့) ဖြစ်ပြီး ပျက်ပြီလို့သိအောင် လုပ်လိုက်ပါ၊ သဘောပါကြလား.... (ပါ ပါပြီဘုရား)။

ဒါဖြင့် အနိစ္စ, အနိစ္စဉာဏ်၊ဒုက္ခ, ဒုက္ခဉာဏ် မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)အနတ္တ,အနတ္တဉာဏ်ကော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)အဲဒါတွေ ရှုနေမှာစိုးလို့ ဥဒယဗ္ဗယနဲ့ ဟောနေတာ။

"သဗ္ဗေ သင်္ခါရာအနိစ္စာ၊ ယဒါ ပညာယ ပဿတိ။

အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"နဲ့ဟောလို့ ရတယ်၊'အနိစ္စာဝတ သင်္ခါရာ'ကျတော့ ဖြစ်ပျက် တခုတည်းနဲ့ ဟောတယ်၊ရိပ်မိကြပလား.... (ရိပ်မိပါတယ်ဘုရား)။

ရှုတ်ကြည့်...."အနိစ္စာဝတ သင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော" တဲ့ ဖြစ်ပျက်ဘဲရှိတယ်၊ မပြောဘူးလား....(ပြောပါတယ်) ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်ကွ၊ မပေါ်သေးဘူးလား (ပေါ်ပါပြီ) 'ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ'တဲ့၊ဖြစ်ပြီး ဘာဖြစ်သတဲ့တုံး....(ပျက်ပါတယ်ဘုရား) ချုပ်သွားတာဘဲ 'တေသံဝူပသမော သုခေါ'တဲ့၊ ဒီဖြစ်ပျက်တွေ

အကုန် မလာလို့ ရှိယင် နိဗ္ဗာန်ဘဲကွ၊ တေသံ= ထိုသို့ရှုနေတော့ ဖြစ်ပျက်နှစ်ခုတို့၏ ဝူပသမော၊ ငြိမ်းတဲ့နိဗ္ဗာန်သည်၊ ဝါ- ဒုက္ခ မပေါ်လာတဲ့နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏။

ဒါကြောင့် ဖြစ်ပျက်ဆုံးအောင်လိုက်လို့ စာအုပ်မှာ ရေးထားတယ်၊ပေါ်ကြပလား(ပေါ်ပါပြီ) ဘယ်ဆုံးအောင် လိုက်ရမှာယ်….(ဖြစ်ပျက်ဆုံးအောင် လိုက်ရပါမယ်)ဒါကြောင့် ဖြစ်ပျက်မြင်အောင်ကြည့် ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းအောင်ကြည့် နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ဆုံးအောင်ကြည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ပေါ်ကြပလား….(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့်တော်တော်ကလေးနေရာကျလာပြီတဲ့အကြောင်း အကျိုးတွေဖြင့် ပြတ်သွားပြီ၊မပြတ်သေးဘူးလား-(ပြတ်ပါပြီ) ဒီဘက်က နေပြီးသကာလ ၃-နံပါတ် ကူးသေးရဲ့လား …. (မကူးပါဘုရား) ဒါဖြင့် ပစ္စုပ္ပန် အကြောင်းတွေ ချုပ် …. မချုပ်…. (ချုပ်ပါတယ်ဘုရား) ဒါဖြင့် အနာဂတ်အကျိုး လာ….မလာ (မလာပါဘုရား)ဒါဖြင့် သူက သမုဒယသစ္စာ ချုပ်တယ်၊ ဒီဘက်က ဒုက္ခသစ္စာ…(ချုပ်သွားပါဘယ်ဘုရား)။

ဒါဖြင့် သမုဒယနဲ့ ဒုက္ခချုပ်တာ ဘာခေါ်ကြမလဲ…. (နိဗ္ဗာန်ခေါ်ပါတယ်)ခင်ဗျားတို့ တသံသရာလုံးကတော့ သမုဒယော ဒုက္ခော”သမုဒယနဲ့ ဒုက္ခ ဒါလှည့်တယ်၊ သဘောပေါ်ရဲ့လား…. (ပေါ်ပါတယ်ဘုရား) နောက်တုန်းက တပည့်တော်တို့ ဘယ်လိုနေခဲ့ရတုံး၊အို… သမုဒယ,ဒုက္ခ….(မှန်ပါ) နောက်တခါ ဘာလာပြန်တုံး….(သမုဒယ ဒုက္ခပါဘဲဘုရား) နောက်တခါ ဘာလာပြန်တုံး (သမုဒယနဲ့ ဒုက္ခပါဘဲဘုရား)ကဲ….နိရောဓ,မဂ္ဂပေါ်ရဲ့လား(မပေါ်ပါဘုရား)။

ကဲ-ဒါဖြင့်ရှုကြည့်၊နံ့စိတ်ကလေးတကာတကာမတို့နှာခေါင်းထဲမှာ ပေါ်တယ်၊အဲဒါကလေးဟာ ဖြစ်ပြီး မပျက်ဘူးလား.... (ပျက်ပါတယ်ဘုရား) ဒါဖြင့် မဂ်နဲ့ မသိလိုက်ဘူးလား (သိလိုက်ပါတယ်ဘုရား)။

သိတဲ့အခါကျလို့ရှိယင်ဖြင့် ဒီသမုဒယ ဘယ့်နှယ်နေသတုံး (ချုပ်သွားပါတယ်)။

ဒီ ဒုက္ခတော့....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာနိရောဓော နိဗ္ဗာနံ....(နိဗ္ဗာန်)။

ခန္ဓနိရောဓော နိဗ္ဗာနံ....(နိဗ္ဗာန်)။

ဒီမှာ နိဗ္ဗာန်ပေါ်လာတယ် မပေါ်သေးဘူးလား.... (ပေါ်ပါတယ်)တဏှာနဲ့ ခန္ဓာချုပ်ယင်ဘာပေါ်ကြမလဲ.... (နိဗ္ဗာန်ပါဘုရား) ပေါ်ကြပြီနော် .... (မှန်ပါ့) ဒါ ပုဏ္ဏားမေးတာ မကုန်သေးပါဘူး တကာတကာမတို့နော်....၊ကိုင်းဒါက ပဋိစ္စသမုပ္ပါဒ်နားလည်မှ နိဗ္ဗာန်သဘောကျတယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ခင်ဗျားတို့အားထုတ်နေယင် နိဗ္ဗာန်သဘောကျပါ့မလား(မကျပါဘုရား)။

နိဗ္ဗာန်သဘောမကျဘဲနဲ့ အနိစ္စ၊ဒုက္ခ၊အနတ္တသုပ်ယင်မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပါ့မလား....(မရပါဘုရား)သဿတ၊ဥစ္ဆေဒ တခုခုခံတယ် နိဗ္ဗာန်အပေါ်မှာ၊ မခံဘူးလား ...(ခံပါတယ် ဘုရား) ဒါဖြင့် အတော်အရေးကြီးတဲ့ စကားပါလား .... (အရေးကြီးပါတယ်ဘုရား) တကာ တကာမတွေ သာမည အရေးကြီးတာလား....။ အလွန့်အလွန် အရေးကြီးတာလား.... (အလွန့်အလွန်အရေးကြီးပါတယ် ဘုရား) နားကြီးမှ အဘိုးတန်တယ်နော် ...။

တကာတကာမတွေ ဘာမှ အဘိုးတန်သလဲ.... (နားကြီးမှအဘိုးတန်ပါတယ်ဘုရား)။

ရိုးရာတရားနဲ့ နားမထောင်နဲ့တဲ့၊ ရိုးရာနဲ့ နားထောင်ယင် ရောသွားမယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ) ထူးထူးခြားခြားဒို့ကို ဆုကြီး လာဘ်ကြီး ပေးနေတယ်ဆိုတာကို သေသေ ချာချာ သဘောကျမှ နိဗ္ဗာန်သဘောကျမယ်၊ တဏှာသိမ်း နိဗ္ဗာန်ဆိုဘာ မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား) ခန္ဓာသိမ်း နိဗ္ဗာန် ဆိုတာကော မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဒါက ပဋိစ္စသမုပ္ပါဒ်သိလို့ ပေါ်တာနော်၊ ဖြတ်တတ်လို့ ပေါ်တာ၊ မဖြတ်တတ်ယင် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

မဖြတ်တတ်တော့ သမုဒယနဲ့ ဒုက္ခသစ္စာပေါ်တယ်(မှန်ပါ့) ဖြတ်တတ်တော့ကိုတဲ့ တဏှာဆိုဘဲ့ သမုဒယသစ္စာလဲ ချုပ်တယ်၊ ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာကော .... (ချုပ်ပါတယ်ဘုရား)ရိပ်မိကြ ပလား....(ရိပ်မိပါပြီ)ဘော်တော် အရေးမကြီးဘူးလား.... (ကြီး ပါတယ်ဘုရား)ဒါဘယ်သူ့ကိုနားသည်လို့ ဒီနိဗ္ဗာန်သဘောကျ သွားပါလိမ့် ..(ပဋိစ္စသမုပ္ပါဒ် နားလည်လို့ နိဗ္ဗာန်သဘောကျ သွားပါတယ်)ပဋိစ္စသမုပ္ပါဒ် အဖြတ်ကို နားလည်သို့၊ ဖြတ်သိုက် ပါဦး။

တကာတကာမတွေ ဘယ်လို နားလည်လို့လဲ(ပဋိစ္စသမုပ္ပါဒ် အဖြတ်ကိုနားလည်လို့) ဒီ အဖြတ်ကိုမှ နားမလည်တဲ့ ပုဂ္ဂိုလ် ဟူသ၍ နိဗ္ဗာန်ရပါ့မလား(မရပါဘုရား)ဒါဖြင့် နိဗ္ဗာန်ရချင်ယင် ပဋိစ္စသမုပ္ပါဒ်ဖြတ်တာကိုလဲ သိအောင်လုပ်ပါ(မှန်ပါ့)မလုပ်ယင် သမုဒယချုပ်တာ နိဗ္ဗာန်၊ဒုက္ခချုပ်တာ နိဗ္ဗာန်လို့သဘောကျပါ့ မလား(မကျနိုင်ပါဘုရား) အဖြတ်ကို နားလည်မှ နိဗ္ဗာန် နှစ်ခု

ပေါ်လာတယ်၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) ခန္ဓာသိမ်းနိဗ္ဗာန်၊ တဏှာငြိမ်းနိဗ္ဗာန်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)ဒါ ဘယ်သူက ပြောတာပါလိမ့်....(ပဋိစ္စသမုပ္ပါဒ်က ပြောတာပါ)။

ပဋိစ္စသမုပ္ပါဒ်မှာလဲ အဖြတ် နားလည်တာလား...၊ အဖြစ်နားလည်တာလား....(အဖြတ်နားလည်တာပါဘုရား) ကဲ... သူ့နားမလည်ယင်ဘယ်ကလာနိဗ္ဗာန်ပေါ်မလဲ၊ ပေါ်ကြပါ့မလား.... (မပေါ်ပါဘုရား) ပေါ်စရာ မြင်သေးရဲ့လား (မမြင်ပါဘုရား) ဘုရားရှိခိုးနေလို့ ပေါ်ပါ့မလား(မပေါ်ပါဘုရား) မပေါ်ဘူး၊ ဆုတောင်းနေလို့ကော....(မပေါ်ပါဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ကိုဖြတ်မှ တဏှာတဏှာမုတ္တိသမုဒယသစ္စာ ချုပ်၍ ဒုက္ခသစ္စာ မလာတာ ပေါ်ပါသိမ့်မယ်၊ ရှင်းကြသလား (ရှင်းပါပြီဘုရား) သာမည အရေးကြီးသလား....၊ အလွန့်အလွန့် အရေးကြီးသလား....(အလွန့်အလွန့် အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီလိုပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာကို ခင်ဗျားတို့ မမှီဝဲ မဆည်းကပ်ကြဘူး ဆိုယင်ဖြင့် ဘယ်တော့မှ နိဗ္ဗာန်မရဘူး၊ စိတ်သာချတော့၊ ရပါ့မလား.... (မရပါဘုရား) ဖြတ်သံဖြတ်ဘတ်မှာမဟုတ်ဘူး၊သဘောကျပါ့မလား(ကျပါပြီ) ဖြတ်တတ်သေးရဲ့လား... (မဖြတ်တတ်ပါ) ဘုရားက သူ့အယူဝါဒကဖြစ်ပျက်သိတဲ့မဂ် ဒါငါ့အယူဝါဒ၊သဘောကျပလား.... (ကျပါပြီဘုရား)။

သူ့အယူဝါဒက ကြည့်လေ ဖြစ်ပျက်၊ ဒီက ဖြစ်ပြီး မပျက်ဘူးလား၊စိတ်ကလေးတွေက (ပျက်ပါတယ်ဘုရား) ရှုရမှာစာ....

(မဂ်ပါဘုရား)ဖြစ်ပျက်မဂ်၊မဟုတ်ဘူးလား… (မှန်ပါ) ဖြစ်ပျက်မဂ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်(၃) နံပါတ်နဲ့ (၄) နံပါတ်ပြတ်၊ မပြတ် (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရ-မရ… (ရပါတယ်ဘုရား)တဏှာသိမ်းတာဘာခေါ်မယ်….(နိဗ္ဗာန်ပါဘုရား) ခန္ဓာသိမ်းတာ ဘာခေါ်မယ် (နိဗ္ဗာန်ပါဘုရား) သဘောကျပလား…. (ကျပါပြီ) သမုဒယသစ္စာလဲရှိသေးရဲ့လား….(မရှိပါဘုရား) နောက် ဒုက္ခလာသေးရဲ့လား….(မလာပါဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းတာသည် ဒုက္ခ၏အဆုံးရောက်ပြီ၊ တဏှာ၏အဆုံးရော….(ရောက်ပါပြီ)ဒုက္ခ၏အဆုံးကော (ရောက်ပါပြီ) တဏှာ၏အဆုံး, ဒုက္ခ၏အဆုံးကို ဘာခေါ်ကြမလဲ …. (နိဗ္ဗာန်ခေါ်ပါတယ်)ဩော်….နိဗ္ဗာန်သည် ဘယ်သူက ပြောပါလိမ့်…. (ပဋိစ္စသမုပ္ပါဒ်ကပြောပါတယ်)။

ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဉာဏ်နဲ့ ဖြတ်တောက်တဲ့ဉာဏ်နဲ့ အားထုတ်လို့ နိဗ္ဗာန်ပေါ်လာတာ၊နို့မို့ ပေါ်ပါ့မလား …. (မပေါ်ပါဘုရား) ဒါက နိဗ္ဗာန်ဘမျိုး၊ အကြောင်း အကျိုးဆက်ပြီးသိတဲ့နိဗ္ဗာန်၊ နောက်ပြောမည့်နိဗ္ဗာန်က တကာတကာမတို့ သေသေချာချာ နားထောင်ပေါ့၊ အတော်အရေးကြီးတယ်၊ ဒါနဲ့ ပုဏ္ဏားကမေးတယ်၊ အရှင်ဘုရားတဲ့….ဒီလို ရှုလိုက်တော့ ဒီ ၃- နံပါတ်နဲ့ ၄- နံပါတ် မလာဘူး၊ တနည်းအားဖြင့်လဲ ပပဉ္စတွေမလာဘူး။

တပည့်တော် ကျေနပ်ပါတယ်တဲ့၊ အရှင်ဘုရားက ဖြစ်ပျက်အယူရှိတဲ့ ပုဂ္ဂိုလ်ကိုး၊ ဖြစ်ပျက်ဆိုတော့ မဂ်က လိုက်တယ်၊ လိုက်တော့ ပပဉ္စ လာသေးရဲ့လား…. (မလာပါ) မလာတော့

ဒီဘက်ကဒုက္ခသစ္စာကော....(မလာပါဘုရား) အဲဒါတပည့်တော် ကျေနပ်ပြီတဲ့၊ ပုဏ္ဏား ကျေနပ်သွားပြီ၊ သို့သော် တပည့်တော် မေးစရာရှိသေးတယ်၊ သိပ်ကောင်းတဲ့ပုဏ္ဏား တကာတကာမတို့ သိပ်အဘိုးတန်တဲ့ပုဏ္ဏား၊ ကျုပ်တို့အတွက်ကို ထားခဲ့တာကိုးဗျ (မှန်ပါ့ဘုရား)။

ဒီအမေးဟာ ကျုပ်တို့အတွက် ရှင်းထားခဲ့တာ....(မှန်ပါ့) တကာ တကာမတို့ သေသေချာချာ နားထောင်ပါ၊ ဒါဖြင့် ပဋိပဉ္စချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး မေးတယ် .... (မှန်ပါ့) ကိုင်း....တကာ တကာမတို့.. ပဋိပဉ္စချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး တဲ့၊ နိဗ္ဗာန်မေးတယ်... (မှန်ပါ့)မမေးသင့်ဘူးလား.... (မေးသင့် ပါတယ်ဘုရား)မေးပြီ တကာတကာမတို့.... နိဗ္ဗာန်ကလဲ ပေါ် နေပြီနော်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ နိဗ္ဗာန်ကမပေါ်သေးဘူးလား.... (ပေါ်နေပါပြီ ဘုရား) ရှေ့ပိုင်းက ပြထားလို့ တော်တော် ပေါ်နေပြီ၊ သို့သော်လဲ သူမေးတဲ့အချက်ကို နားထောင်ပါ၊ အရှင်ဘုရားက ဖြစ်ပျက်ကို ရှုလိုက်တဲ့အတွက် တဏှာ,မာန, ဒိဋ္ဌိ မလာဘူးလို့ ဟောတာ တပည့်တော် ကျေနပ်ပါတယ်တဲ့။ အဲဒီတဏှာ မာန ဒိဋ္ဌိ ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့၊ တကာ တကာမတို့.... ကဲ... မေးပြီ၊ မမေးသင့်ဘူးလား....(မေးသင့်ပါတယ်)ဟာ...ဘယ် သွားတယ်လို့ ငါမပြောဘူးကွ တဲ့ .... ဘုရားက၊ ဘုရားက ဘယ့်နှယ်ဖြေသတုံး.... (ဘယ်သွားတယ်လို့ ငါမပြောပါတဲ့) ဘယ်သွားဘယ်လို့ ငါမဟောဘူး-ငါမပြောဘူးတဲ့။

ဒါဖြင့် ရှင်ကြီးဂေါတမ လျှာရှည်တယ် မအောက်မေ့နဲ့ ဆက်မေးဦးမယ်တဲ့ တကာတကာမတို့ ဒါဖြင့် မသွားတော့ဘူး

လား၊ တဏှာ မာန ဒိဋ္ဌိ ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်မှ မသွားတော့ ဘူးလားတဲ့၊ ဒီလိုဆိုတော့ ဥစ္စေဒနဲ့ သူမေးပြန်တယ်...(မှန်ပါ့) သဘောကျရဲ့လား (ကျပါတယ်) သွားတယ်ဆိုယင် သူ့သဿတ နဲ့ မေးပြန်တယ်၊ နိဗ္ဗာန်ကို သဿတဘက် လှည့်မေးတယ်.... (မှန်ပါ့)။

တကာတကာမတို့.... ဒါကြောင့် နားကြီးကြီးနဲ့ ထောင်ဆို တာ ခင်ဗျားတို့ လွှဲပါ့မလား....(မလွှဲပါဘုရား) သေသေချာချာ ဆရာသမားက အင်မတန် အပြောလှည်လွန်းလို့ နည်းနည်း လော်တာနော်၊ နို့မို့ စာကြည့်ယင် ဘာမှကို မသိဘူး၊ သိနိုင်ပါ့ မလား....(မသိနိုင်ပါဘုရား)မသိဘူး၊ မသိဘူး တကာဘကာမတို့ အင်မတန် အရေးကြီးဘယ်ဆိုတာ သေသေချာချာ မှတ်ကြစမ်း ပါ-ဦးအောင်ဇေဝတို့....(မှန်ပါဘုရား)သေသေချာချာ အရေး ကြီးတယ်၊မေးပုံလဲ သိပ်အကွက်ကျတယ်၊ခင်ဗျားတို့လဲဒီအတိုင်း မေးမှာဘဲ။

ကိုင်း....တကာဘကာမတို့.... ခင်ဗျားတို့ မေးယင်လဲ တဏှာ မာန ဒိဋ္ဌိ ဇီကမင်နဲ့ဖြတ်လိုက်တော့ တဏှာ မာန ဒိဋ္ဌိ လှာသေး ရဲ့လား....(မလာပါဘုရား) အဲဒီ တဏှာ မာန ဒိဋ္ဌိချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သွားသတုံးတဲ့.... (အဲဒီအမေး မဖြေပါဘုရား) တကာတကာမတို့စဉ်းစားမိပလား....(စဉ်းစားမိပါတယ်ဘုရား) တဏှာ,မာန,ဒိဋ္ဌိ ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားသတုံးဆိုတော့ ခင်ဗျား တို့လဲ မေးရမယ်၊မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

ဒါဖြင့် ပုဏ္ဏားမေးတာ မှားသလား....(မမှားပါဘုရား)အဲဒီ တော့ ဘုရားက ဖြေလိုက်တယ်၊ အဲဒီ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားတယ်လို့ ငါမဖြေဘူးကွ။

သွားယင် သဿဒိဋ္ဌိဖြစ်မယ်.... (မှန်ပါ) မသွားယင် ဘာဒိဋ္ဌိ ဖြစ်မလဲ.... (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) ဖြေလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

အဲဒါ နိဗ္ဗာန်ကိုဖြေနေတာ၊ တကာတကာမတို့ လွယ်သလား ကဲ— (မလွယ်ပါဘုရား) တခါ စဉ်းစားဦး၊ ဒါဖြင့် ရှင်ကြီး ဂေါတမ တဏှာ မာန ဒိဋ္ဌိ ချုပ်တဲ့ပုဂ္ဂိုလ် သွားချီ တလှည့်· မသွားချီတလှည့် ပုဂ္ဂိုလ်ဖြစ်သလား၊ကေစ္စသဿတနဲ့ မေးတယ်၊ ဒီလိုလဲ မဟုတ်ဘူးကွ၊ သဘောကျပလား.... (ကျပါပြီ) ဒီလိုလဲ မဟုတ်ဘူးတဲ့၊ ဘုရားက ဖြေပြီနေ‌ော်....။

တကာတကာမတို့ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် သွားချီ တလှည့်· မသွားချီတလှည့်လား.... (ဒီလိုလဲမဟုတ်ပါ) ဒီလိုလဲ မဟုတ်ဘူးကွတဲ့၊ ဘာနဲ့ မေးလို့တုံး ဒိဋ္ဌိနဲ့ မေးလို့ မဖြေတာ— (မှန်ပါ) ရိပ်မိပလား·(ရိပ်မိပါပြီ) ဒါ့ကြောင့် ဒိဋ္ဌိနဲ့ နိဗ္ဗာန်ဟာ သိပ်ရှုပ်ဘာဗျ၊မရှုပ်ဘူးလား -(ရှုပ်ပါတယ်) ဘာနဲ့ဘာ ရောရော နေတုံး....(ဒိဋ္ဌိနဲ့ ရောရောနေပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ရတယ်ဆိုတာ ခင်ဗျားတို့ သေချာ ရောပေါ့ဗျာ....(သေချာပါတယ်ဘုရား) ဒိဋ္ဌိချည်းဝင်ရှုပ်နေတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)ဗီတရားမျိုးဟာ ဘုန်းကြီး မန္တလေးမှာ အမရပူရမှာ မိုးကုတ်မှာ ဆိုလို့ရှိယင် (၁၀)ရက် ●လာက် ဟောရတယ်။

ဒီမှာတော့ ပြန်မည့်ရက်နဲ့ ဒီတကာ-တကာမတွေ တန်းလန်း ကြီး ဖြစ်ပြီးသကာလ အလကား ဝိစိကိစ္ဆာနဲ့ ကျန်နေရစ်မယ် ဆိုပြီးတော့ သိမ်းပိုက်ပြီး ဟောနေရတာ၊ သိမ်းကြုံးပြီး ဟော

နေရတာ မလွယ်ဘူးဗျ၊ ဒိဋ္ဌိရှင်းနိုင်သ၍ ရှင်းပြီးဟောမှ နိဗ္ဗာန်က ပေါ်မှာ....(မှန်ပါ) ရှင်းပသွား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့်တကာတကာမတို့ ရှင်ကြီးဂေါတမတဲ့ဒီတကျာ မာန ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး....ဆိုတော့ ဘယ်သွား တယ်လို့ ငါမဆိုဘူး၊ ဒါဖြင့် မသွားဘဲနေသလားလို့ မေးတော့ ကော.... (မဆိုပါ) မသွားဘူးလို့လဲ ငါမဆိုဘူး၊ သွားချီ တလှည့်- မသွားချီတလှည့်လားလို့မေးပြန်တော့ကော- (ဒီလိုလဲ ငါမဆိုဘူး) ဒီလိုလဲ ငါမဆိုဘူးတဲ့၊ မသွားသည်မဟုတ် သွား သယောင်ယောင်လားလို့ မေးတယ်.... (ဒီလိုလဲ ငါမဆိုနိုင်ဘူး) ဒီလိုလဲ ငါမဆိုနိုင်ဘူးတဲ့၊ ရိပ်မိသလား....(ရိပ်မိပါပြီ) ဒိဋ္ဌိလေး မျိုးနဲ့ ပြန်မေးတာ- နိဗ္ဗာန်ကို ဒိဋ္ဌိလေးမျိုးနဲ့ ပြန်မေးတာ....။

တကာတကာမတို့ ဘာမေးတာပါသိမ့် (နိဗ္ဗာန်ကို ဒိဋ္ဌိလေး မျိုးနဲ့ပြန်မေးတာပါ) နိဗ္ဗာန်ကို ဒိဋ္ဌိလေးမျိုးနဲ့ လှည့်မေးတယ်၊ တကာတကာမတို့ ဒီဘုရားမျိုး နာရလို့ရှိယင်ဖြင့်....တဲ့ နိဗ္ဗာန် ကောင်းကောင်း သဘောကျမယ်၊ ကိုင်း.... ဒါနဲ့ ရှင်ကြီးဂေါ တမတဲ့ အခု တကျာ မာန ဒိဋ္ဌိ ချုပ်တာတော့လဲ သဘောကျ ပါတယ်၊အလုပ်နဲ့ ချုပ်သွားတယ်ဆိုတာ ကျေနပ်ပါတယ်တဲ့၊ဖြစ် ပျက် မဂ်-ဆိုတော့ ဒီဘက်ကချုပ်တယ်ဆိုတာ ကောင်းကောင်း သဘောကျတယ်၊ သို့သော် ချုပ်ဘဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး-လို့ မေးတဲ့အခါ ဘယ်သွားတယ်လို့ ငါမဟောဘူး ပြောပါတယ်။

အဲဒီနောက် မေးလိုက်တဲ့ လေးချက်ကျတော့ ကျုပ်ဥာဏ် တိုးသွားပြီတဲ့၊ အဲဒါမဖြေလို့မကျေနပ်ဘူးတဲ့၊တကာတကာမတို့ ဒီလေးချက်မဖြေလို့ ဘာတဲ့တုံး....(မကျေနပ်ပါ) မကျေနပ်တဲ့ ပြင် ကျုပ်မှာလဲ မေးစရာကုန်လို့ ဉာဏ်တိုးသွားပြီတဲ့ ပုဏ္ဏားက၊

ပုဏ္ဏားက တကာ တကာမတို့ မေးစရာကုန်လို့ ဘာတဲ့တုံး...
(ဉာဏ်တုံးပြီတဲ့)။

ဟော့ ပုဏ္ဏားတဲ့၊ ဉာဏ်တုံးရမယ်ကွတဲ့၊ ဒီဥစ္စာ မင်း.... ပဋိစ္စ သမုပ္ပါဒ်နားလည်တဲ့ဆရာ ရှာပါဦးတဲ့၊ကိုင်း... တကာတကာမတို့ ဘုရားဘယ့်နှယ်ဖြေသလဲ.... (ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ ရှာဦးတဲ့) သာမညဆရာနဲ့ ဒီ-မင်းမေးတဲ့ ဒေလးချက်ကို ဘယ်သူမှ မဖြေနိုင်ဘူးတဲ့ ၊ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ မင်းရှာလို့ ရှိယင် ဒီအဖြေတွေထွက်မယ်။

ကဲ....ဒီပြင်ဟာထက် ဘာအရေးကြီးနေတယ်ဆိုတာ တကာ တကာမတွေပေါ်ကြပလား(ပေါ်ပါပြီဘုရား) ဘာနားလည်ဘို့ အရေးကြီးသလဲ(ပဋိစ္စသမုပ္ပါဒ် နားလည်ဘို့အရေးကြီးပါတယ် ဘုရား) ဒါဘယ်သူကပြောတာတုံး.... (ဘုရားက ပြောပါတယ် ဘုရား) ကိုင်း.... တကာတကာမတို့က ဘာမှ မသိတော့ ပဋိစ္စ သမုပ္ပါဒ်ဆိုတာကွာ အဝိုင်းကြီးတဲ၊ ဒီလိုသုံးချင်လို့ သုံးနေတာ၊ ဒါနားမလည်ယင် နိဗ္ဗာန်ကိုနားမသည်ဘူးတဲ့၊တကာတကာမတို့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ နားမလည်ယင်....(နိဗ္ဗာန် နားမလည်ပါ) နိဗ္ဗာန်ကို နားမလည်ဘူးဆိုတာ ရှင်းပလား....(ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ ရှာပါဦး... ကွတဲ့၊ သာမည ဆရာသမားနဲ့ ဆိုလို့ ရှိယင်ဖြင့် တဲ့....ဒီပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ပုဂ္ဂိုလ်ဖြင့် ပြောနိုင် လိမ့်မယ်....တဲ့။

ကိုင်း.... တကာတကာမတို့.... နိဗ္ဗာန်ကို ဘယ်သူမှ ပြောနိုင် သတဲ့တုံး-(ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ပုဂ္ဂိုလ်မှ ပြောနိုင်ပါတယ်

ဘုရား)အဲဒီတော့ ခင်ဗျားတို့ ဒါနားလည်မှုနိဗ္ဗာန်ရမှာ(မှန်ပါ့) ဒါ နားမလည်ယင်.... (မရသေးပါဘုရား) နိဗ္ဗာန် ရနိုင်ကြပါ့ မလား.. (မရနိုင်ပါဘုရား) ဒါကြောင့် တကာ့တကာမတွေ့.... အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ် ပါပြီဘုရား)။

အားလုံးတကာတကာမတွေ့ မပေါ်သေးဘူးလား...(ပေါ် ပါပြီဘုရား)ပေါ်ပြီနော်၊ ကိုင်း... ဒါနဲ့ ပုဏ္ဏားက အရှင်ဘုရားတဲ့ တပည့်တော်ဘော့ ဉာဏ်တုံးသွားပြီတဲ့၊ နားမလည်တော့ဘူး၊ မေးစရာလဲ ကုန်ပြီတဲ့၊ လက်မှိုင်ချပြီ၊ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားတုံးဆိုဘော့ ဘယ်သွားတယ်လို့လဲ ငါမပြော လိုဘူးကွ၊ နိဗ္ဗာန်ဟောရမှာကိုးဗျ(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ဘာဟောရမှာတုံး....(နိဗ္ဗာန်ကို ဟောရမှာပါ)။

တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး....လို့ မေးတော့လဲ အရှင်ဘုရားက ဘယ်သွားတယ်လို့ ငါမဖြေဘူး၊ နို့-မသွားဘဲနေသလား....၊ ဒီလိုလဲ ငါ မဖြေလိုဘူး၊ သွားချီ တလှည့်၊ မသွားချီတလှည့်လား ဒီလိုလဲမဖြေလိုဘူး၊ မသွားသည် မဟုတ်၊ သွားသယောင်ယောင်လားလို့ မေးလိုက်တော့ ဒီလိုလဲ ငါမဖြေလိုဘူးဆိုတော့မေးစရာကုန်ပြီ....(ဉာဏ်တုံးပြီတဲ့(မှန်ပါ့) ဘယ်သူ ဉာဏ်တုံးသွားသတုံး- (ပုဏ္ဏားဉာဏ်တုံးသွားပါတယ်)။

အဲဒီတော့ ဘုရားကပြောလိုက်တယ်၊ မင်းဉာဏ်တုံးသွားမှာဘဲ ကွတဲ့၊ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာရှာပြီး မင်းသင်မှသာလျှင် တဏှာ မာန ဒိဋ္ဌိ ချုပ်တဲ့ ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်တယ် ဆိုတာ မင်းသဘောကျမယ်၊ ရှင်းပလား....(ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်

နားမလည်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှ နိဗ္ဗာန် မရောက်ဘူးဆိုတာ ခင်းသေသေချာချာမှတ်၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တရားတွေက တရားထဲ ဘယ်တရားအရေးကြီးတယ် ဆိုတာ ခင်ဗျားတို့ သေချာပလား....(သေချာပါပြီဘုရား)ဒါနဲ့ တရား အရေးကြီးသလား၊သီလတရားအရေးကြီးသလား၊ ပဋိစ္စ သမုပ္ပါဒ် ဖြတ်မှု ဆက်မှု နားလည်တဲ့တရား အရေးကြီးသလား- (ပဋိစ္စသမုပ္ပါဒ် ဖြတ်မှု ဆက်မှု နားလည်တဲ့တရား အရေးကြီး ပါတယ်ဘုရား) သူ့နားလည်တော့ ဒါက သမုဒယသစ္စာ၊ ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်လို့ သမုဒယသစ္စာ သိတာ.... (မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်) ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ အတွက် ဒါကဘာတဲ့တုံး... (ဒုက္ခသစ္စာ) ဪ....ဒါတွေက ဒုက္ခ သစ္စာ။

(ဤနေရာ၌ဆရာတော်ဘုရား စက်ဝိုင်းကို ထောက်ပြသည်)။

ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့အတွက် ဟောလာခဲ့တဲ့ တဏှာ ဥပါဒါန် ကံတွေ ဘာတဲ့တုံး....(သမုဒယသစ္စာပါဘုရား)။

ဪ.... ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့အတွက် ဇာတိ ဇရာ မရဏကဘာဘဲ (ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား(ပေါ်ပါပြီ) ဒါဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေ ဖြတ်ရမှာတုံး....ဆိုတော့ ဒီ....အတိတ်ကို ဖြတ်ရမှာလား၊ ပစ္စုပ္ပန်ကနေပြီး ဒီ... ပစ္စုပ္ပန် အကြောင်းကိုမပေါ်အောင် လုပ်ရမှာလားဆိုတာ ပေါ်မလာ ဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပစ္စုပ္ပန် အကျိုးတရားနဲ့ နောင် တဖန် ပစ္စုပ္ပန် အကြောင်း တရား မဆက်မိအောင် ဒီနေရာ မဂ်စင်ရမယ်(မှန်ပါ့) သဘော

ပါပလား-(ပါပါပြီ)ဒါဖြင့် တိုတိုဂဏန်းနဲ့ ပြောကြစို့၊ ၂-က ၃-မကူးဘူး...(မှန်ပါ) တကာတကာမတို့ ဘာတဲ့တုံး....(၂-ရာ ၃-မကူးပါဘုရား)၊

မကူးအောင် ဘယ့်နှယ်လုပ်မတုံးဆိုတော့ ၁-ထဲမှာ ရှိတာကို ဟောဒီ အကွက်ကနေပြီး မှင်နဲ့ ရှူ၊ ဒီမှင်သည် ဒီ အဆက်ကို မဖြတ်ဘူးလား...၊ဖြတ်သလား....(ဖြတ်ပါတယ်ဘုရား) ရိပ်မိကြ ပလား....(ရိပ်မိပါပြီဘုရား) အဲဒီတော့ ဩော်...ဒါဖြင့် ပဋိစ္စ သမုပ္ပါဒ် မင်း နားမလည်ဘူးဆိုတဲ့ ဥစ္စာကော မပေါ်သေးဘူး လား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားမလည်ယင် ဒိဋ္ဌိသေးမျိုးဖြစ်-မဖြစ် (ဖြစ်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒိဋ္ဌိရှိနေလဲ နိဗ္ဗာန် ရပါ့မလား....(မရပါဘုရား)ကဲ....ယခုနည ဟော်တော် မပေါ် သေးဘူးလား-(ပေါ်ပါပြီ) သို့သော်... နိဗ္ဗာန် ပြောရဦးမယ်တဲ့၊ နားရှိနည်းနည်းတော့ လွန်လိမ့်မယ် တကာတကာမတို့၊ မပြောလဲ မဖြစ်တော့ဘူး။

ရှင်ကြီးဂေါတမ ကျုပ် ဥာဏ်တုံးပြီဗျာ ဆိုတော့ မင်း ပဋိစ္စ သမုပ္ပါဒ် နားလည်တဲ့ ဆရာ ရှာဦး၊ ဒါမှ မင်း နိဗ္ဗာန် သဘော ကျမယ်၊ ပေါ်ပြီနော်....(မှန်ပါ) သို့သော်လဲ ငါ ဥပမာပြမယ် ကွာတဲ့၊ပုဏ္ဏား မင်း သေသေချာချာ နားထောင်ဆိုတော့ ဒီဥစ္စာ နိဗ္ဗာန်ကို ပြောတော့မယ် တကာတကာမတို့ ဘုရားကနော်....။

ပုဏ္ဏား အရှေ့ဘက်မှာ မီးတောက်နေတယ် မြင်ရဲ့လားလို့ မေးလိုက်တယ်၊ မြင်ပါတယ်ဘုရား၊ ဥပမာပေါ့ဗျာ....၊ အရှေ့ ဘက်မှာ မီးပုံကြီးက ဟုန်းဟုန်း,ဟုန်းဟုန်း တောက်နေတယ်၊ ဘယ့်နှယ်ကြောင့် တောက်သတုံးကွ-ပုဏ္ဏားရလို့ မေးလိုက်တယ်

အရှင်ဘုရား....တဲ့၊ မီးစာရှိလို့ တောက်တာပေါ့တဲ့...၊ တကာ တကာမတို့ ဘယ်လိုတဲ့တုံး....(မီးစာရှိလို့ တောက်တာပါ)။

လောင်စာရှိလို့ တောက်တာပေါ့၊ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဘယ့်နှယ်ကြောင့် တောက်တာပါလိမ့် .... (လောင်စာရှိလို့ တောက်တာပါ) လောင်စာရှိလို့ တောက် တယ်တဲ့၊ဒါဖြင့် လောင်စာရှိလို့ တောက်ယင်ဖြင့်တဲ့....၊မင်းသည် ကားလို့ ဆိုယင် မြင်ပြီတဲ့၊ ဒီမီးဟာတဲ့ လောင်စာ မကုန်ယင် ငြိမ်းပါ့မလား... (မငြိမ်းပါဘုရား) လောင်စာကုန်ယင်တော့ဖြင့် (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာဟာ လောင်စာ၊ သမုဒယသစ္စာဆိုတဲ့ လောဘ ဒေါသ မောဟတွေက မီးတွေ(မီးပါ)သဘောပါလား(ပါပါပြီ ဘုရား) ခန္ဓာက ထင်း၊ ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာက.... (လောင်စာ ထင်းပါဘုရား) ကိလေသာ ဆိုတဲ့ သမုဒယသစ္စာ တွေက....(လောင်မီးပါဘုရား) ပေါ်ပြီနော်....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အခု ဘာဖြစ်နေသတုံး.... ကိုယ့်ကို ပြန်ကြည့်၊ လောင်စာနဲ့မီး လောင်နေတယ်.... (မှန်ပါ) တကာ တကာမတို့ ခင်ဗျားတို့ ခန္ဓာကြီးဟာ ဘာဖြစ်နေတာတုံး .... (လောင်စာနဲ့မီး လောင်နေပါတယ်ဘုရား)။

သူက ကိလေသာမီးက ချုပ်ပလား-(မချုပ်သေးပါဘုရား) မချုပ်သေးတော့ မီးက ကျန်ခန္ဓာတွေ မလောင်ဘူးလား(လောင် ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ဟာ အခု မီးပုံကြီးတွေမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)ဒါဖြင့် လောင်စာနဲ့ မီး တောက်တုံးဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) တော်တော်တလေး

နိဗ္ဗာန်ပေါ်လာပြီ တရားတကာမတို့(မှန်ပါ့)တော်တော်မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဩော်....ဒို့ ခန္ဓာကြီးဟာ ဘာပါလိမ့်မတုံးဆိုတော့ လောင်စာနဲ့မီး တဟုန်းဟုန်း တောက်တုန်းပါလား....(မှန်ပါ့)တကာတကာမတွေ ဘာတဲ့တုံး-(လောင်စာနဲ့မီး တဟုန်းဟုန်းတောက်တုန်းပါဘုရား) ဒီကို အခု တရားနာ လာကြတဲ့ တကာတကာမတွေဟာ လောင်စာနဲ့မီး သိမ်းပလား၊ တောက်တုန်းဘဲလား-(တောက်တုန်းပါဘုရား) ကိလေသာမီးကလဲ လောင်လျက်ဘဲနော်....(မှန်ပါ့) ခန္ဓာကြီးကလဲ အလောင်ခံရလျက်ဘဲ(မှန်ပါ့)လွဲပါ့မလား....(မလွဲပါဘုရား)။

ခန္ဓာက လောင်စာ၊ ကိလေသာက မီး....(မှန်ပါ့ဘုရား)။
ခန္ဓာက....(လောင်စာပါဘုရား)။
ကိလေသာက....(မီးပါဘုရား)။

ခင်ဗျားတို့ လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်တုန်းဘဲ ....(မှန်ပါ့) အခု တရားနာနေကြတာသည် တကာတကာမတို့ယောကျ်ားတွေသား၊ မိန်းမတွေလား၊ လောင်စာနဲ့ မီးတောက်နေတာလား....(လောင်စာနဲ့မီး တောက်နေတာပါဘုရား)ဒီကျတော့မှ တကာတကာမတွေ ဩော်....ဒို့အလုပ်ဟာ တယ်ဆိုးပါလားလို့ နည်းနည်းရိပ်မိတယ်။

ဘယ်သူ လူချမ်းသာ ပါသေးတုံး....၊ ဒီအထဲမှာ....(မပါပါဘုရား) မီးတောက်နေတာသာ တွေ့ကြတယ် .... (မှန်ပါ့ဘုရား) ကိလေသာမီးတော ကုန်ကြပလား....(မကုန်ပါဘုရား) လောင်စာ ခန္ဓာကြီးကော ရှိသေးသလား—မရှိဘူးလား .... (ရှိပါတယ်

ဘုရား)လောင်စာနဲ့ မီးဟာ ခွဲနေသလား-တွဲနေသလား--(တွဲနေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ကြည့်စမ်းတဲ့၊ ရှပ်ကလေးတွေလဲ ဖျတ်ဆို ပျောက်ပြန်ပြီ၊ ဇာတိ ဇရာ မရဏ မီးက လောင်ပြန်ပြီကိုးဗျ....(မှန်ပါ့) ရှပ်ကလေးပေါ်လာလိုက် ဇာတိ ဇရာ မရဏမီးက မလောင်ဘူးလား....(လောင်ပါတယ်ဘုရား) ဝေဒနာပေါ်လာရင်ကော... (လောင်ပါတယ်ဘုရား) ဟုင်....သညာပေါ်လာကော(လောင်ပါတယ်ဘုရား)ဟင်-နောက်တခါ ထင်းပြန်ထည့်ပြန်တော့ကော... (လောင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လောင်လက်စ သတ်ပလား-(မသတ်ပါဘုရား)ဒါဖြင့် လောင်ဆဲပေါ့....(လောင်ဆဲပါဘုရား) ဘယ်သူတွေပါလိမ့် တကာတကာမတို့....(ဇာတိ ဇရာ မရဏပါ ဘုရား) ဒီ တကာတကာမတွေဘဲလို့ ဆိုလိုက်ပါတော့....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)ဒီတကာတကာမတွေ အခုဘာဖြစ်နေသတုံး....(မီးလောင်နေပါတယ်)မီးလောင်နေတုန်းဘဲဘုရား။ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါပုဏ္ဏားကိုဘုရားက မေးတာ၊ပုဏ္ဏားအရှေ့ဘက်ကမီးပုံကြီးတောက်နေတယ်ကွ.. ကြည့်စမ်း၊ ဘာမီးတုံးဆိုတော့ ပုဏ္ဏားက ဒါ ဘုရား....တဲ့ နောက်ချေးလောင်နေယင် နောက်ချေးမီးပေါ့ (မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

ဝါးလောင်နေယင်....(ဝါးမီးပါဘုရား)။

မြက်လောင်နေယင်....(မြက်မီးပါဘုရား)။

ဒီမှာလဲ သူ့ဘဝနဲ့သူ လောင်နေတယ်၊ တိရစ္ဆာန်ဆိုလို့ ရှိယင် တိရစ္ဆာန်မီးက လောင်နေတယ်၊ သဘောကျပလား....

(ကျပါပြီ) နောက်ချေးမီးပေါ့ဗျာ....(မှန်ပါ) လူဆိုတော့လဲ တကာတကာမတို့ လူကိုလေသာမီးက မလောင်ဘူးလား(လောင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ လောင်စာသိမ်း၍ မီးငြိမ်းပလားလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ.... (မငြိမ်းသေးပါဘုရား)လောင်လျက်ဘဲဗျာ....(မှန်ပါ)ရှင်းပလား(ရှင်းပါပြီ) ဒါဖြင့် နောက်ဘဝ ဆုတောင်းတဲ့ ပုဂ္ဂိုလ်လဲ လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်ရပါလို၏၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီဘဝဘာဖြစ်နေတုံး....(လောင်နေပါတယ်ဘုရား)ဒီဘဝမှာလဲ လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်နေကြတာဘဲ...(မှန်ပါ) နောက်ဘဝ ဆုတောင်းပြန်တော့လဲ လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်ရပါလို၏၊ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါနိဗ္ဗာန်ကို ပဋိစ္စသမုပ္ပါဒ် သဘောမကျတော့ တောင်းချင်သလို တောင်းနေတယ်၊ လောင်စာနဲ့မီးကို သဘောမကျတော့ တောင်းချင်သလို မတောင်းပေဘူးလား.... (တောင်းပါတယ်ဘုရား) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) တကာတကာမတို့ ကိုယ့်ဖြစ်စဉ် ကိုယ်သိပလား.... (သိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့၏ခန္ဓာသည်မီးလောင်ခံနေရသောကြောင့် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

မီးက ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။
မီးစာကြီးက....(ဒုက္ခသစ္စာပါဘုရား)။
မီးက ဘာသစ္စာ....(သမုဒယသစ္စာပါဘုရား)
လောင်စာကြီးက...(ဒုက္ခသစ္စာပါဘုရား)။

ခင်ဗျားတို့ ဒီသစ္စာနှစ်ခု ရှိပါတယ်ဆိုတာမသေချာဘူးလား-(သေချာပါတယ်ဘုရား) နိရောဓ မဂ္ဂ ရပလား.... (မရသေးပါဘုရား)ဒြေဘ်....အတော် ကံဆိုးနေကြတယ်၊ လောင်စာသိမ်း၍မီးကို မငြိမ်းသေးဘူး....(မှန်ပါ့) တကာတကာမတို့ ဘယ့်နှယ်ဆိုကြမလဲ(လောင်စာနဲ့မီး)လောင်စာသိမ်း၍ မီးငြိမ်းကြပလား(မငြိမ်းသေးပါဘုရား)။

မငြိမ်းအောင် ဘယ်သူလုပ်သတုံးလို့ မေးဘို့ကော မလိုဘူးလား....(လိုပါတယ်ဘုရား) ခင်ဗျားတို့ ဆုတောင်းဆိုတဲ့ တဏှာတွေက လုပ်နေတာ၊ ဒီဘက်မှာ လောင်စာတွေ ပေါ်တယ်....(မှန်ပါ့)ဒီဘက်မီးတွေကော....(ပေါ်ပါတယ်)ဒါဖြင့်တသံတရာလုံးဟာ ဘယ်လိုလှည့်သတုံးဆိုတော့ လောင်စာနဲ့မီး လှည့်တယ်၊ တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်လိုများ လှည့်နေသလဲ... (လောင်စာနဲ့မီး လှည့်နေပါတယ်ဘုရား) နိဗ္ဗာန်ဟာ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ အဖြစ်ရောက်ပလား....(မရောက်သေးပါဘုရား)ကဲ....ပေါ်ကြပလား....(ပေါ်ပါပြီ)ကိုယ့်ခန္ဓာကြီးဟာ လူ့ဘဝ အရသော်လေစ္စလား၊ လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်တုန်းဘဲလား(လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်တုန်းပါဘုရား) သိပ်ကြောက်စရာ ကောင်းပါလား၊ ဒါကြောင့် သစ္စာဉာဏ်ဂရုစိုက်စမ်းပါဆိုအာကော တကာတကာမတို့လေး စားစွာနဲ့ မတိုက်တွန်းထိုက်ဘူးလား(တိုက်တွန်းထိုက်ပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ကိုင်း....ဒါဖြင့် ပုဏ္ဏားကို မေးလိုက်တယ်။

ဟေ့....အရှေ့ဘက်က မီး ကြည့်စမ်းကွ၊ ဟုန်းဟုန်းတောက်နေတယ်၊ ပုဏ္ဏား ဘာမီးတုံးကွ။

အို....မြက်လောင် မြက်မီးပေါ့ဘုရာ။

နောက်ချေးလောင်ယင်.... (နောက်ချေးမီးပေါ့ဘုရား)။

ဝါးလောင်ယင်....(ဝါးမီးပေါ့ဘုရား)။

ကဲ....ကွာ ဒါဖြင့် ဘယ်အချိန် သေမှာတုံးကွ·ပုဏ္ဏားရ၊ ပြောစမ်းပါဦးလို့ ဘုရားက မေးတယ်၊ လောင်စာကုန်တော့ ပြောင်အောင် ငြိမ်းမှာပေါ့ဘုရား၊မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)မီးဘယ်အချိန် သေကြတုံး တကာတကာမတို့(လောင်စာကုန်မှ သေမှာပါဘုရား)။

ခင်ဗျားတို့ကတော့ တခါတည်း နောက် လူဖြစ်ရပါလို၏ဆိုတော့ လောင်စာထပ်တောင်းနေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ဗြဟ္မာဖြစ်ရပါလို၏ ဆိုတော့ကော(လောင်စာထပ်တောင်းနေတာပါ)ပေါ်ကြပလား(ပေါ်ပါပြီ) ဒြေဒ်-ဒါကြောင့် တကာတကာမတွေ သံသရာရှည်တယ်ဆိုတာ မပေါ်သေးဘူးလား-(ပေါ်ပါတယ်ဘုရား)ဟောဒီ-တကာတကာမတို့သိတဲ့အတိုင်းတဲ့ ဒါဘွဲ့ဟာ ဒီဆက်သို့ရှိယင်ဖြင့် တဲ့၊ ဒီတဏှာနဲ့ ဆုတောင်းယင် ဒီခန္ဓာဆိုတဲ့ လောင်စာ ရ-မရ ...(ရပါတယ်ဘုရား) သဘောပါပလား.... (ပါ·ပါပြီဘုရာ·)။

ဒီ တဏှာနဲ့ ဆုတောင်း ဒီဥပါဒါန်နဲ့ စွဲလမ်း ဒီကံကို အားထုတ်ယင် ဒီလောင်စာ ရ·မရ....(ရပါတယ်ဘုရား)ပေါ်ပလား-(ပေါ်ပါပြီ) ဒီ လောင်စာ ရှိနေလို့ရှိယင် ဒီ လောင်စာထဲမှာ ကိလေသာတွေက လာမလား....မလာဘူးလား.... (လာပါတယ်ဘုရား)လာယင် လောင်ဦးမှာဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ပုဏ္ဏားကို ဘုရားသခင်ကိုယ်တော် မြတ်ကြီးက မေးတယ်၊ ဟေ့....ဒီမိုးဟာဘယ်တော့ငြိမ်းမှာတုံးကွ ဆိုတော့ ပုဏ္ဏားက ဖြေတယ်၊ လောင်စာကုန်တော့ ငြိမ်းပါလိမ့် မယ်ဘုရား၊တကာ တကာမတို့ ဘယ်လိုဖြေပါလိမ့်.... (လောင်စာ ကုန်တော့ မီးငြိမ်းပါလိမ့်မယ်တဲ့)လောင်စာကုန်တော့ ငြိမ်းလိမ့် မယ်ဘုရားလို့ ဆိုတော့ ဩော်... ဟုတ်သွားဘဲ၊ လောင်စာကုန် ယင် ဘာဖြစ်မယ်ထင်ကြသလဲ...(မီးငြိမ်းပါမယ်)မီးငြိမ်းမယ်ဆို တာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ဟာ ခန္ဓာရချင်လို့ တော်ပါ့မလား....(မတော်ပါဘုရား) ဘာကြောင့်တုံး လောင် စာဖြစ်နေဘယ်၊ လောင်စာဖြစ်ခဲ့လို့ ရှိယင် ခန္ဓာထဲမှာ လောင်မီး က ပါနေတာ့မှာဘဲ....(မှန်ပါ) မပါပေဘူးလား.... (ပါပါတယ် ဘုရား)။

အိမ်ထောင်ကျ သားတွေ့သမီးတွေကျွေးဘို့ဆိုတဲ့ ကိလေသာ မီးတွေက လာမလား....မလာဘူးလား(လာပါတယ်ဘုရာ) လာ ယင်လဲ လောင်စာနဲ့မီး ပြန်မတွဲပေဘူးလား(တွဲပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းတာသည် လူ့ပြည်, နတ်ပြည် အကြိမ်ကြိမ် ခံစားရပါလို၏၊ တောင်းတဲ့ တကာတကာမများ လောင်စာနဲ့မီး တွဲလျက်ကြီး အကြိမ်ကြိမ် ဖြစ်ရပါလို၏၊ ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

လောင်စာနဲ့မီး တွဲလျက်ကြီး.... (အကြိမ်ကြိမ်ဖြစ်ရပါလို၏) အကြိမ်ကြိမ် လောင်ရပါလို၏၊ မိတ္တဝိန္ဒက ဆုတောင်းတယ်၊ ရိပ်မိပလား(ရိပ်မိပါပြီ)ဘာ့ဆုတောင်းတုံး....(မိတ္တဝိန္ဒကဆုပါ) မိတ္တဝိန္ဒက-က သူများကို သင်္ဘောစက်ကဲ လည်ပင်းဖြတ်နေတာ

သူ့မှာ ပန်းတွေဆင်ပြီး ဒီအဖြစ် ငါရချင်လိုက်တာ ဆိုတာနဲ့ ထူးသေးရဲ့လား(မထူးပါဘုရား)ပေါ်ကြပလား (ပေါ်ပါပြီ)။

ကိုင်း-ဒါဖြင့်ကိုယ်ခန္ဓာကြီးမှာ သေသေချာချာကြည့်တော့မှ ဩဘ်-လောင်စာနဲ့မီး တွဲနေပါလား၊ ဒီဝဋ်ဘယ်တော့ကျွတ်ပါ မတုံးဆိုတာဟာ သစ္စာဉာဏ်နဲ့ကြည့်လိုက်တော့မှ ပေါ်လာတယ်၊ မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)မီးက သမုဒယသစ္စာ၊ ခန္ဓာကြီးက(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာတွဲနေတယ်(မှန်ပါ့)စာလိုသုံးလိုက်တဲ့အခါကျတော့ဒုက္ခနဲ့ သမုဒယ မတွဲဘူးလား(တွဲပါဘယ်ဘုရား) ပညတ်နဲ့ သုံးလိုက်တဲ့ အခါကျတော့ လောင်စာနဲ့မီး ဘယ့်နှယ်နေသတုံး....(တွဲနေပါ တယ်ဘုရား)။

ဒါဖြင့်ဒီနှစ်ခုမျှားသိမ်းရယင်ခင်ဗျားတို့ကြိုက်မကြိုက်(ကြိုက် ပါဘယ်ဘုရား)ဟုတ်ကဲ့လားစဉ်းစားပါဦး စဉ်းစားပါဦးအမြတ် တော်ကြေ ရုံးရောက်သလိုဘဲအမွှဲချည်းလုပ်မနေနဲ့ စဉ်းစားပါဦး ရိပ်မိပလား(မှန်ပါ့)ကဲ-ဒါဖြင့်တကာတကာမတို့အခုခန္ဓာကြီးကို ဝိပဿနာအရှုခိုင်းတာ လောင်စာနဲ့ မီးလောင်နေတာ အကြည့် ခိုင်းတာ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝိပဿနာရှုပါရှုပါဆိုတာဘာပါလိမ့်(လောင်စာနဲ့မီးလောင် နေတာ အကြည့်ခိုင်းတာပါ)အဲ-ဖြစ်တယ် ပျက်တယ်ဆိုတာ မီး လောင်သလို ဖြစ်ပျက်နေတာ၊သဘောကျပလား....(ကျပါပြီ) မီးလောင်တာနဲ့ မပျက်စီးဘူးလား(ပျက်စီးပါတယ်)ဇရာမရဏ မီးနဲ့ ပျက်စီးတာ စိတ်ကလေးမှာလဲ ဇရာမရဏ မီးလောင်တာနဲ့ မပြောင်ဘူးလား....(ပြောင်ပါတယ်ဘုရား)။

ဝေဒနာကလေးကော(ပြောင်းပါတယ်)ဒါဖြင့် တကာတကာ မတို့သိတဲ့အတိုင်း မီးနဲ့လောင်စာကို အကြည့်ခိုင်းတာ(မှန်ပါ)။

ကိုယ့်ဉာဏ်နဲ့ကိုယ်ကြည့်၊ဘာတွေတွေ့ရသလဲ...(မီးနဲ့လောင်စာတွေ့ရပါတယ်)မီးနဲ့လောင်စာတွေ့ရတော့ ဩော်-ကိုယ့်အဖြစ်ဟာ အဖြစ်ကောင်းလား၊ အဖြစ်ဆိုးလား.... (အဖြစ်ဆိုး)။

အဖြစ်ဆိုးမှန်းခုမှသိဘာဘဲနို့ မို့ယင်ယောကျ်ားဖြစ်ရတာကျူပ်ယောကျ်ားဖြစ်ချင်တယ်လို့ မိန်းမက ညည်းချင် ညည်းနေတာ အဖြစ်ဆိုးမှန်းမသိတော့(မှန်ပါ) မိန်းမတွေကလဲ ကျုပ်တို့အဖြစ်နဲ့ကျုပ်တို့ချွန်ပ်ပါတယ်ဆိုတာကောအဖြစ်ဆိုးမှန်းသိလို့လား အဖြစ်ဆိုးမှန်းမသိလို့လား (အဖြစ်ဆိုးမှန်း မသိလို့ပါဘုရား)။

ဒါဖြင့် လောင်စာနဲ့ မီးပြင်ကိုမြင်သေးရဲ့လား....(မမြင်ပါဘုရား)ဒါဖြင့်တကာတကာမတို့ပုဏ္ဏားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်၊ဟေ့....အဂ္ဂိဝစ္ဆပုဏ္ဏား.... လောင်စာတွေမရှိတော့ ဒီမီးဘာဖြစ်မတုံးကွ၊ ခင်ဗျားတို့ ဖြေကြစမ်း(ငြိမ်းပါတယ်ဘုရား)။

ဩော်....လောင်စာ မရှိတော့ ဘာဖြစ်သွားမယ် .... (ငြိမ်းသွားပါတယ်ဘုရား)ငြိမ်းတော့ ဒီကကြည့်တဲ့ပုဂ္ဂိုလ်မှာ နဂိုရ်ကမျက်စိထဲမှာ အစ်မတန်ဆိုးဝါးနေတယ်၊ သစ္စာမျက်လုံးနဲ့ကြည့်လိုက်တော့ လောင်စာနဲ့မီးကိုယ့်ခန္ဓာမှာမမြင်ဘူးလား(မြင်ပါတယ်)အဲဒီသစ္စာနဲ့ ကြည့်တဲ့ပုဂ္ဂိုလ်က သူ့စိတ်ထဲ ဘယ်လိုပေါ်မယ်ထင်ကြသလဲ .... ဒီမီးနဲ့ ဒီလောင်စာတွေ သိမ်းမှဘဲဟေ့လာမလား၊မလာဘူးလား.... (လာပါတယ်) ဉာဏ်က တဘက်ထား၊လောင်စာနဲ့မီးနဲ့ကို တဘက်ထား။

တကာ၊တကာမတို့-နိဗ္ဗာန်ဟောနေတယ်၊ဉာဏ်က တဘက်က ထားပါနော်....(မှန်ပါ့) လောင်စာနဲ့မီးကို .... (တဘက်ကထားပါ) ကဲ....တကာ၊တကာမတွေက ကြည့်စမ်း၊ ကိုယ့်ခန္ဓာကြီးနဲ့ ဉာဏ်နဲ့ကြည့်လိုက်တော့ ဉာဏ်က ဘေးကနေကြည့်၊ ခန္ဓာကြီးက လောင်မီးလောင်နေတယ်၊ပေါ်ကြပါသလား....(ပေါ်ပါပြီ) ခန္ဓာကြီးကဘယ့်နှယ်ဖြစ်နေတုံး....(လောင်မီးလောင်နေပါတယ်) အဲဒီတော့ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီးသကာလ ဒီအဖြစ် ကြိုက် မကြိုက်.... (မကြိုက်ပါဘုရား) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ဒီဖြစ် ကြိုက်သေးရဲ့လား....(မကြိုက်ပါဘုရား)။

သေသေချာချာ ဒီ-မဂ်ဉာဏ်နဲ့ ကြည့်လိုက်တော့ပေါ့ဗျာ.... ဝိပဿနာ မဂ်နဲ့ဘဲ ကြည့်ကြည့်၊ သစ္စာဉာဏ်နဲ့ဘဲ ကြည့်ကြည့်၊ ကြိုက်သေးရဲ့လား....(မကြိုက်ပါဘုရား))

ဘာကြောင့် မကြိုက်တာပါလိမ့်.... (မီးလောင်နေတာ မြင်လို့)သဘောပါလား....(ပါပါပြီ)ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ မီးငြိမ်းတာ ကြိုက်မလား၊ မကြိုက်ဘူးလား....(ကြိုက်ပါတယ်ဘုရား) ဒီမှာ နိဗ္ဗာန်လေ နည်းနည်းပေါ်တယ်၊ ဩော်.... မီးငြိမ်းယင်ဖြင့် ကောင်းတော့မှာဘဲ - မလာသေးဘူးလား .... (လာပါတယ်ဘုရား)။

ထင်းသိမ်းယင်ကော-(မီးငြိမ်းမှာဘဲ) အင်း -ထင်းသိမ်းလို့ရှိယင်လဲကောင်းမှာဘဲ၊မီးငြိမ်းယင်ကော ... (ကောင်းမှာဘဲ)အဲဒါဘာ သဘောကျတာတုံးဆိုတော့ ထင်းရော-မီးရောမကြိုက်တော့ တကာ၊တကာမတို့-အေးချမ်းမှုကို သူကြိုက်တယ်၊ ဘာကြိုက်တုံး (အေးချမ်းမှုကိုကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် သူကြိုက်တဲ့ အေးချမ်းမှုက နိဗ္ဗာန်၊ သဘောကျပါ လား....(ကျပါပြီ) သူကြိုက်နေတဲ့ဉာဏ်က မဂ်ဉာဏ် မဖြစ်ပေ ဘူးလား-(ဖြစ်ပါတယ်ဘုရား)ဖိုလ်ဉာဏ်ကော(ဖြစ်ပါတယ်)ပစ္စ ဝေက္ခဏာဉာဏ်ကော (ဖြစ်ပါဘယ်) ဘယ်နှယ်ကြောင့်ဖြစ်ပါ လိမ့်မတုံးဆိုတော့ မီးမတွေ့သေးတဲ့ ပုဂ္ဂိုလ် လောင်စာနဲ့မီး တွဲလျက်ကြီးကို မသိသေးတဲ့ပုဂ္ဂိုလ်က တကာတကာမတို့သစ္စာ မသိသေးလို့ကြိုက်နေတာ၊ သစ္စာသိတော့ ဒီဥစ္စာကြီးဟာ စွန့် ပစ်ချင်တဲ့ဉာဏ်လာမလား.... (လာပါတယ်) လောင်စာနဲ့မီးတွဲ လျက်ကြီး မြင်တဲ့အခါကျတော့မလာပေဘူးလား-လာမလား.... (လာပါတယ်ဘုရား)။

စွန့်ပစ်ချင်တာလေ-(မှန်ပါ)လာမယ်မဟုတ်လား....(လာပါ တယ်ဘုရား) အဲဒီတော့ ခန္ဓာထဲမှာ စွန့်ပစ်ချင်တဲ့ သဘောလာ တော့ တကာတကာမတို့ဘဏ္ဍာလား-ဉာဏ်အမြင်လား....(ဉာဏ် အမြင်ပါဘုရား)။

အဲ-ဉာဏ်အမြင်မြင်လိုက်တဲ့အခါကျတော့ တကာတကာမတို့ ခုနက ပြောတဲ့ လောင်စာနဲ့မီး၊ မလိုချင်တော့ဘူး ရှေ့တွင်ဘဲ ပျောက်သွားတယ်....(မှန်ပါ)ရှေ့တွင်ပျောက်ရမယ်၊ မလိုချင်တဲ့ ဉာဏ်အသစ်လာရင် ဘာတုံး....(ရှေ့တွင်ပျောက်ပါတယ်)။

လောင်စာနဲ့မီး ဘာဖြစ်ရမလဲ-(ပျောက်ရပါမယ်)ရှေ့တွင် ပျောက်သွားတော့၊ ဩော်....ခုမှနေရာကျပေတယ်ဆိုတာ လာ-မလာ၊မလာဘူးလား...(လာပါတယ်) ဘာကို သူဉာဏ်နဲ့ မြင် လို့ပါလိမ့်....လောင်စာသိမ်း၍ မီးငြိမ်းတာ မြင်သောကြောင့် သဘောကျသွားတယ်.... (ကျသွားပါတယ်) လောင်စာသိမ်း၍ မီးငြိမ်းတာက နိဗ္ဗာန်....(မှန်ပါဘုရား)။

သဘောကျတာက မဂ်ဉာဏ်ဖိုလ်ဉာဏ်....(မှန်ပါ့ဘုရား) သဘောပါကြပလား(ပါပါပြီဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတာက (နိဗ္ဗာန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီ)ကဲ... မြင်တာက ဘာတုံး (မဂ်ဉာဏ်, ဖိုလ်ဉာဏ်ပါ) မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဆိုတော့ နိဗ္ဗာန်သည် ရှိသလား....မရှိဘူးလားမေးတော့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သဘောရှိတယ်၊ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)၊

နိဗ္ဗာန်သည်.... (လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘော ရှိပါတယ်) လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘောရှိတာ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်လို့ခေါ်ပါတယ်) အဲဒါကို ရှုနေတဲ့ဉာဏ် မြင်တဲ့ဉာဏ် ဘာခေါ်ကြမယ် .... (မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ်ပါတယ်) မဂ်ဉာဏ် ဖိုလ်ဉာဏ်....(မှန်ပါ့) သဘောပါပလား–(ပါပါပြီ)ဒါဖြင့် နိဗ္ဗာန်လိုချင်လို့ရှိယင် လောင်စာနဲ့မီး တွဲလျက်ကြီးကို မြင်အောင်ကြည့်ပြီး သူ့ကိုမလိုချင်မှရှေ့ပိုင်းက လောင်စာနဲ့မီး သိမ်းသွားမယ်။

သိမ်းတော့မှ ဒီနေရာမှာ အေးချမ်းတာ ပေါ်မလာသေးဘူးလား....(ပေါ်လာပါတယ်) ပေါ်လာတော့ အေးချမ်းတာ ဟာ ဘာသစ္စာ(နိရောဓသစ္စာပါ)အေးချမ်းမှန်းကိုသိတာက (မဂ္ဂသစ္စာပါ) အဲဒီလို အားထုတ်ရမယ်၊ သဘောကျပလား —(ကျပါပြီ)ကဲ... တခါ ပုဏ္ဏားဘဲ ပြန်ဆက်လိုက်ပါဦး .... တဲ့၊ ဘာယ်နှယ် ဒီနေ့ည တရားက ဒီမှာ .... ဒီတွင် စခန်းသတ်ရမှာဖြစ်နေလို့။

ဟော့....ပုဏ္ဏား....(ဘုရား)လောင်စာကုန်တဲ့ အခါကျတော့ မီးရှိသေးရဲ့လား....ကွ....(မရှိပါ)ဒါဖြင့် ဘုရားက အဲဒီမီး

ဘယ်သွားတုံးကွ....၊မေးပြန်တယ်၊ တကာတကာမတို့ .... ဒီမိုး ဘယ်သွားတယ်လို့ ခင်ဗျားတို့ဖြေကြမတုံး....(လောင်စာမရှိလို့ ငြိမ်းသွားပါတယ်) လောင်စာသိမ်း၍ မီးငြိမ်းတာဘဲရှိတယ်.... (မှန်ပါ) ဘယ်သွားသေးတုံး....(ဘယ်မှမသွားပါဘုရား)။

ဒါဖြင့် တကာတကာမတို့ .... ကိလေသာသိမ်း ခန္ဓာသိမ်းတဲ့ ပုဂ္ဂိုလ်သည် ငြိမ်းတဲ့ သဘောသာ ရောက်သွားတယ်၊ ဘယ်မှ မသွားဘူး (မှန်ပါ)ရိပ်မိပသား(ရိပ်မိပါပြီ) ငြိမ်းတဲ့သဘောသာ (ရောက်သွားပါတယ်ဘုရား) ဘယ်သွားသေတုံး .... (ဘယ်မှ မသွားပါ) ဒါဖြင့် ပုဏ္ဏားက ဘယ်သွားသတုံး .... မသွားဘဲ နေသလားဆိုတော့ ဖြေဘို့လိုလေးသလား....(မလိုပါဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတာဘာခေါ်ကြမလဲ.... (နိဗ္ဗာန်ခေါ် ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ခန္ဓာကြီးက ဘာနဲ့တွဲနေ သတုံး.... (လောင်စာနဲ့မီး တွဲနေပါတယ်ဘုရား) အဲဒါတွေကို ကျုပ်တို့က မလိုချင်တဲ့ဉာဏ်နဲ့ ရှုလိုက်စမ်း .... ဒါတွေ ပျောက် မသွားပေဘူးလား(ပျောက်သွားပါတယ်ဘုရား) ပျောက်သွား တော့၊သြော် .... ကိုယ့်အတွက်ဖြင့် အေးပေပေါ့ဆိုတာ လာမ လား-မလာဘူးလား .. (လာပါတယ်ဘုရား)အဲ-ဘုရား-ဖြစ်စမှာ သူ နိဗ္ဗာန်မရောက်ခင် သြော် .... ငါ့မှာဖြင့် လောင်စာသိမ်း၍ မီးငြိမ်းလို့ အေးပေပြီဆိုတဲ့ဉစ္စာ သူ့ဟာသူ မမြင်ရဘူးလား.... (မြင်ရပါတယ်ဘုရား)။

အဲ....သူ မြင်ရတာကနိဗ္ဗာန်၊ မြင်တာက ဉာဏ်၊ လောင်စာ သိမ်း၍ မီးငြိမ်းတဲ့နေရာက ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား) သူမြင်တာက (ဉာဏ်ပါ) ဒီလိုဆိုတော့ နိဗ္ဗာန်ရှိသလား....မရှိ

ဘူးလား(ရှိပါတယ်ဘုရား)ခုနက လောင်စာသိမ်း၍ မီးငြိမ်းတဲ့-နေရာ ရှိတာပေါ့....(မှန်ပါ့) သဘောပါလား....(ပါပါပြီ)။

လောင်စာနဲ့ မီးတောက် ဒီနေရာမှာ ရှိသေးတာကိုးဗျ၊ ဒီနေရာမှာဘဲ သိမ်းရမယ်....(မှန်ပါ့) သဘောပါလား....(ပါပါပြီ) ဒီနေရာလောင်စာသိမ်း၍ မီးငြိမ်းတော့ ဒီနေရာဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) မြင်တာက ...(ဉာဏ်ပါဘုရား) မဂ်ဉာဏ်လို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်)ဖိုလ်ဉာဏ်လို့ကော....(ဆိုနိုင်ပါတယ်) ပစ္စဝေက္ခဏာဉာဏ်လို့ကော(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် တကာတကာတွေ ဘာကို မြင်သတုံး-မေးတော့....(မီးငြိမ်းတာမြင်တာပါဘုရား) သဘောပါလား... (ပါပါပြီ)ဒါဖြင့် သူ အေးချမ်းတာ မြင်တာ ဟုတ်ပါရဲ့လား-(ဟုတ်ပါတယ်ဘုရား)ဒါဖြင့်အေးချမ်းတာသည်သန္တိလက္ခဏာ ရှိတဲ့ နိဗ္ဗာန်၊ ပေါ်ပလား... (မှန်ပါ့ ပေါ်ပါပြီဘုရား)။

မြင်တာက မဂ်ဉာဏ်....(မှန်ပါ့မဂ်ဉာဏ်ပါဘုရား)။

အေးချမ်းတဲ့ နေရာက... (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်....နော်။

အေးချမ်းတဲ့ နေရာက.. (နိဗ္ဗာန်) သေသေချာချာ ဖြေပါ။

အေးချမ်းတဲ့ နေရာက....(နိဗ္ဗာန်ပါဘုရား)။

အေးချမ်းတာကို သိနေတာက....(မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် အေးချမ်းတဲ့နေရာ ရှိ-မရှိ(ရှိပါတယ်ဘုရား) ဒါဖြင့် အဲဒါနိဗ္ဗာန်(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ) ဒါဖြင့် သန္တိလက္ခဏာ 'နိဿရဏသစ္စ 'နိရောဓသစ္စ' =အေးချမ်းတဲ့ နေရာကလေးသည်၊ သန္တိလက္ခဏာ' =ငြိမ်ငြိမ်သက်သက် သဘောသတ္တိ ရှိ၏။

အစွဲတိရသံ—တဲ့၊ သူသည်ကားလို့ဆိုယင် တကာ့တကာမတို့.... ဖွေ့ပြောင်းတဲ့ သဘော ရှိသေးရဲ့လား....(မရှိပါ ဘုရား) အနိမိတ္တပစ္စုပဋ္ဌာန်.... တဲ့—လုံးရပ် သဏ္ဌာန်တော့ မြင်သေးရဲ့ လား....(မမြင်ရပါဘုရား) လုံးရပ်သဏ္ဌာန်ရှိယင်ကွဲဦးမှာကိုးဗျ.... (မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိသေးရဲ့လား... မရှိဘူးလား မေးတော့ ဘယ့်နှယ်ဖြေမယ်....(ရှိပါတယ်ဘုရား) ရှိလို့ပေါ့ဗျ၊ သြော်.... ကိုယ့်အတွက်ဖြင့် အေးပေပေါ့(မှန်ပါ)သူမြင်လို့ပြောတာလား· မမြင်လို့ပြောတာလား....(မြင်လို့ပြောတာပါ ဘုရား) ဒါဖြင့် မြင်စရာရှိလို့မြင်တယ်....(မှန်ပါ) လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နေရာ ဘာခေါ်မယ်....(နိဗ္ဗာန်ပါ) ကိုယ့်အတွက် အေးပေပေါ့ ဆိုတာ ဘာပါလိမ့်....(မဂ်ဉာဏ်ပါဘုရား)။

မဂ်ဉာဏ်ဆိုတော့ တကာ တကာမတို့ မသေချာသေးဘူး လား(သေချာပါတယ်ဘုရား)ဒါဖြင့် နိဗ္ဗာန်ဟာ ဘာပါလိမ့်- မလဲလို့ မေးတော့ လောင်စာသိမ်း၍ မီးငြိမ်းရာဌာနကို နိဗ္ဗာန် လို့ ခေါ်ပါသည်၊ ရှင်းပလား.... (မှန်ပါ) လောင်စာသိမ်း၍ မီးငြိမ်းရာဌာနကို ဘာခေါ်မယ်....(နိဗ္ဗာန်လို့ ခေါ်ပါတယ်) ရှိသလား-မရှိဘူးလား....(ရှိပါတယ်ဘုရား)။

မီးရှိယင် အေးတဲ့နေရာ ရှိတာဘဲ၊သဘောကျပလား-(ကျပါ ပြီ)မီးလောင်နေတဲ့နေရာ ရှိလို့ရှိယင် မီးငြိမ်းတဲ့ နေရာကတော့- (ရှိပါတယ်ဘုရား) ဒါဖြင့် မီးလောင်နေတဲ့နေရာက ဒုက္ခသမုဒယ (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မီးငြိမ်းတဲ့ နေရာက နိရောဓ။

မြင်တာက မဂ္ဂ(မှန်ပါ)သဘောပါပလား...(ပါပါပြီ)။

အဲဒီလို ဘုရားက ဖြေပြီးတော့ ဟေ့...ပုဏ္ဏား မီးလဲကုန်ပြီ ကွာ၊ လောင်စာကုန်သွားပြီကွ။

လောင်စာကုန်တော့ မီးမငြိမ်းဘူးလား....ငြိမ်းတယ်၊ အဲဒီ ငြိမ်းတဲ့မီး ဘယ်သွားတုံး မင်းပြောစမ်း၊ဘုရားကမေးပြီ(မှန်ပါ့) အဲဒီတော့ တပည့်တော် ဖြေစရာ မရှိဘူးတဲ့၊ လောင်စာသိမ်း၍ မီးငြိမ်းလို့ အေးချမ်းသွားတယ်လို့ဘဲ ဆိုရမှာဘဲ သဘောပါ လား... (ပါပါပြီ) ဘယ်လိုပါကြပါလိမ့်....(လောင်စာသိမ်း၍ မီးငြိမ်းလို့ အေးချမ်းသော သဘောရှိပါတယ်) အေးချမ်းသွား တဲ့ သဘောလဲ သူ မတွေ့ရဘူးလား -(တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် အေးချမ်းတာက နိဗ္ဗာန်၊ ရှင်းပလား....(ရှင်းပါပြီ) အေးချမ်းတာ သိတာက မဂ်ဉာဏ်၊ဖိုလ်ဉာဏ်....(မှန်ပါ့)ဒါဖြင့် နိဗ္ဗာန် ရှိ-မရှိ(ရှိပါတယ်ဘုရား)ဒါဖြင့် "နိဗ္ဗာနံ အတ္ထိ ဘိက္ခဝေ" ဘုရားက၊ ဘိက္ခဝေ=ရဟန်းတို့၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ အတ္ထိ= ရှိ၏၊ ဘယ်လိုရှိသတုံးဆိုတော့ ရုပ်သဘော၊နာမ်သဘောရှိသလား ဆိုတော့ ငြိမ်းအေးတဲ့သဘောရှိတယ်၊ ပေါ်ကြပလား....(ပေါ် ပါပြီ)ဘယ်သဘောရှိပါလိမ့်(ငြိမ်းအေးတဲ့သဘော ရှိပါတယ်)။

နဂိုရ်က ဘာသဘောရှိနေလို့ ဒီ စကား ထွက်လာပါလိမ့် နဂိုရ်က ပူလောင်တဲ့ သဘောသတ္တိရှိတယ်၊အဲဒါတွေ အခု ရှိသေး ရဲ့လား....(မရှိပါဘုရား) မလိုချင်တဲ့ ပုဂ္ဂိုလ်မှာ ဘာတွေ တွေ့ရ သလဲ (ပူလောင်တဲ့သဘော) ပူလောင်တာတွေ ရှိသေးရဲ့လား- (မရှိပါဘုရား) ဘာတွေ တွေ့ရသထဲ....(အေးချမ်းတဲ့ သဘော တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် အေးချမ်းတဲ့ သဘောက နိဗ္ဗာန်....(မှန်ပါ့) ကိုယ့် အကြိုက်က မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ မပေါ်သေးဘူးလား-(ပေါ်

ပါပြီ)ဒါဖြင့် မီးရှိလို့ရှိယင် မီးငြိမ်းရာ ရှိတယ်၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

မီးရှိလို့ရှိယင်....(မီးငြိမ်းရာရှိပါတယ်ဘုရား)။

ဒါဖြင့် မီးရှိတာက ဒုက္ခသစ္စာ။

မီးငြိမ်းတာက....(နိရောဓသစ္စာပါ)။

ဒါဖြင့် ရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ခင်ဗျားတို့ဘဲ ရှုကြည့်စမ်းပါ၊ဒီနေရာ မီးပုံကလေးတပုံ ရှုကြည့်၊မီးရှိနေတာကဘာပါလိမ့်(ဒုက္ခသစ္စာပါဘုရား)ဟာ·ဒီနေရာ မီးမရှိတော့ဘူးလို့ တကာတကာမတွေဒီအိမ်သားတွေကမြင်လိုက်လို့ရှိယင် ခုမှ စိတ်အေးသွားတယ်....(မှန်ပါ)။

နဂိုရိက ဒီ လှေကားရင်း မီးလောင်နေတာကိုး၊ ဘာဘော့ာကျပသား....(ကျပါပြီ) ဒီမီးကလေး ကဗျာကရာ ရုတ်တရက်နဲ့ငြိမ်းသွားတယ်...(မှန်ပါ)။

ငြိမ်းသွားတော့ အိမ်သားတွေက ဒီနေရာကလေး သွားကြည့်ပြီးတော့ ဘယ့်နှယ်ဆိုမတုံး(ခုမှငြိမ်းအေးသွားတယ်)ခုမှဘဲကျုပ်ဖြင့် စိတ်အေးသွားတယ်ဆိုတော့ ဒီနေရာကော ရှိ-မရှိ(ရှိပါတယ်ဘုရား)မီးလောင်တာလဲ(ဒီနေရာ) မီးသိမ်းတာကော(ဒီနေရာ)။

ဒါဖြင့် နိဗ္ဗာန်သည်ရှိသလား·မရှိဘူးလား(ရှိပါတယ်ဘုရား) ဒါကြောင့် "အတ္ထိဘိက္ခဝေ တဒါယတနံ"လို့ သေသေချာချာ ဟောတာ၊ နိဗ္ဗာန် သေသေချာချာ ရှိတယ်ကွ၊ သဘောပါကြလား....(ပါပါတယ်ဘုရား)။

အကောင်အထည် ဒြပ်သဘောနဲ့ ရှိသလား၊ ငြိမ်းအေးတဲ့ သဘောဘဲ ရှိသလား....(ငြိမ်းအေးတဲ့သဘောရှိပါတယ်ဘုရား)။

ဒါဖြင့် ငြိမ်းအေးတဲ့ သဘောက နိဗ္ဗာန်၊ သိတဲ့စိတ်က မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဆိုတာ ကျေနပ်ပလား....(ကျေနပ် ပါတယ်ဘုရား) အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ပဋ္ဌာနက လျှောက်တယ်၊ အရှင်ဘုရားတို့ ဤမြို့နားမှာ အင် ကြင်းပင်ကြီးတပင်ရှိတယ် ဘုရား၊ အင်ကြင်းပင်ကြီး တပင် ရှိပြီး ဆကာလ အင်ကြင်းပင်ကြီးက လဲသွားတယ်၊ သုံးနှစ်လောက် နေတော့ အခွံတွေရော၊ အကာတွေရော ပျောက်ပြီး ကျောက် ချည်း ကျန်နေရစ်တာကိုဘုရား၊ အင်ကြင်းပင်က ကျောက်ဖြစ် တယ်။

အရှင်ဘုရား ဟောတော်မူတဲ့ တရားဟာ နောက်ဆုံးပိတ်ကျ တော့ အနှစ်ချည်း ကျန်ရစ်နေတာကိုးလို့ သူက သေသေချာချာ ချီးမွမ်းတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဒါဖြင့် ခင်ဗျားတို့ကော နိဗ္ဗာန်သဘောကျပလား(ကျပါပြီ)မီးလောင် တာ သိမ်းလို့ရှိယင် ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

မီးလောင်တာလဲ ရှိတာဘဲ၊ မီးငြိမ်းတာလဲ ရှိတာဘဲ(မှန်ပါ့) ဒီနှစ်ခုကိုသခင်ဝဘင်-ဘယ်ဟာမရှိဘူးလို့ ဆိုလို့ရရဲ့လား(မရပါ သူရား)။

မီးလောင်တာရှိလို့ရှိယင် မီးသိမ်းတာကော....(ရှိပါတယ်) မီးသိမ်းတာက ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါ) မီးလောင်နေ တာကို ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)မီးလောင် သိမ်းသွားတာကို (နိရောဓသစ္စာပါဘုရား)။

အဲဒါ ခန္ဓာကိုယ်ကြီးကို မီးလောင် သိမ်းအောင် လုပ်ပစ် လိုက်ပါ၊ ရှင်းပလား....(ရှင်းပါပြီ)ဒီတော့ ဒီနေရာမှာဘဲ နိဗ္ဗာန်

မလာပေဘူးလား... (လာပါတယ်)ဘယ်သွားသေးတုံး-(ဘယ်မှ မသွားပါဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားတုံး မေးတော့ တက်ာတကာမတို့ မီးသေတာဘဲ၊ဒီလောင်စာကောရှိသေးရဲ့လား... (မရှိပါဘုရား)လောင်စာမရှိယင် မီးငြိမ်းတာကို ဘာခေါ်ကြမယ်....(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယသိမ်း၍ ဒုက္ခ မလာတာ ဘာခေါ်မယ်.... (နိဗ္ဗာန်ခေါ်ပါတယ်) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်နားလည်မှ နိဗ္ဗာန် နားလည်မယ်....(မှန်ပါ) သို့မဟုတ်ယင် နားလည်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

၁၃-၇-၆၂ ရက်နေ့ညဥ့် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့ ခြောက်ထပ်ကြီး၌ ဟောကြားဆုံးမအပ်သော
ဒုက္ခထွက်မြောက်

နိဗ္ဗာန်ရောက်တရားတော်

တကာတကာမတွေ ဗုဒ္ဓဘာသာမှန်က ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရချင်ပါတယ်ဘုရား-ဆိုတဲ့ဥစ္စာ လူတိုင်းအလုပ်လို့ သေသေချာချာ မှတ်ကြပါ၊ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီး ရချင်ပါတယ် ဆိုလို့ရှိယင်ဖြင့် ဒုက္ခသိမှ တကာတကာမတို့ ဒုက္ခငြိမ်းရာကို ရောက်မယ်... (မှန်လှပါ) ဒုက္ခသိမှ ဒုက္ခငြိမ်းရာ ရောက်မယ်။

တကာတကာမတွေ ဒုက္ခသိမှ ဘာရောက်ပါလိမ့်....(ဒုက္ခငြိမ်းရာ ရောက်ပါမယ်ဘုရား)ဒုက္ခမသိဘဲနဲ့ ဒုက္ခငြိမ်းရာကို-(မရောက်ပါဘုရား) မရောက်နိုင်ဘူးဆိုတာ သေချာပလား .... (သေချာပါတယ်ဘုရား)။

ဘုန်းကြီးတို့ တကာတကာမတွေ ဘုံဘဝရောက်စေတတ်တဲ့ ကုသိုလ်တွေ မပြုဘူးလား(ပြုပါတယ်ဘုရား)ဆုကော မတောင်းဘူးလား....(တောင်းပါတယ်ဘုရား)ဒါဖြင့် ဒီထဲမှာ ကုသိုလ်လဲပါတယ်၊ ဆုတောင်းတဲ့ တဏှာလဲ ပါတယ်။

အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပ)ဒါဖြင့် အကန်း လမ်းသွားပြီ၊တကာတကာမတို့(မှန်ပါ)မသွားသေးဘူးလား–(သွားနေပါ

တယ်ဘုရား) ညာခြေဆိုတဲ့ ကုသိုလ်နဲ့ ဘယ်ခြေဆိုတဲ့ ကုသိုလ်နဲ့ လမ်းသွားနေတယ်၊ မသွားသေးဘူးလား...(သွားပါတယ်ဘုရား)။

စုတေမနေ သေလွန်တဲ့ အခါကျတော့ တကာ တကာမတို့ ဒီအကြောင်းနဲ့ ဒီအကျိုး မြွားကလေး မပြဘူးလား....(ပြပါတယ်)ပေါ့....မင်းတို့ဖြင့် စုတေယင် ဒီဘက် ဆက်တော့မှာဘဲ၊ မဆက်ပေဘူးလား(ဆက်ပါတယ်ဘုရား)ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ပြုလုပ်ခဲ့တာ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)ကြော်... ဒါဖြင့် တကာတကာမတွေ ကိုယ်ကျိုးနဲ့ပြီ၊သမုဒယသစ္စာ လုပ်တာကိုး(မှန်ပါ့)ကုသိုလ်လဲ သမုဒယဘဲ၊ ဘုံဘဝတောင့်တ လုပ်တာကိုး....(မှန်ပါ့)။

အဲဒီတော့ ကုသိုလ်ကို ဘာသစ္စာဆိုမယ်...(သမုဒယသစ္စာပါဘုရား)ဘုံဘဝ ဆုတောင်းတဲ့ တဏှာကော--(သမုဒယသစ္စာပါဘုရား)အဝိဇ္ဇာကော...(သမုဒယသစ္စာပါဘုရား)ဒါဖြင့် အဝိဇ္ဇာ သင်္ခါရသည် သမုဒယသစ္စာ....(မှန်ပါ့)ဘယ်တုံးက လုပ်ခဲ့ပါလိမ့် (အတိတ်တုန်းကပါ ဘုရား) ကြော်....အတိတ်က ခင်ဗျားတို့ အတော်ဆိုးတဲ့ လူတွေပါလား၊မျက်စိကန်း လမ်းသွားနေကြတာပါလား... (မှန်ပါ့)။

တကာတကာမတို့ အတိတ်က ခင်ဗျားတို့ ဘယ်လိုနေခဲ့ကြပါလိမ့်.... (မျက်စိကန်း လမ်းသွားနေပါတယ်ဘုရား) မျက်စိကန်း လမ်းသွားယင် ချော်မှ လဲပါ့မလား....(လဲပါတယ်ဘုရား)မျက်စိကန်း လမ်းသွားတော့ တကာတကာမတို့ ချိုင့်ဟာလဲ သူလဲရာချိုင့်ဘဲ၊ကျင်းဟာလဲ သူကျစရာကျင်းဘဲ၊ ခလုပ်ဟာလဲ သူ တိုက်ရာ ခလုပ်ဘဲဆိုယင် လွဲပါ့မလား.. (မလွဲပါဘုရား)။

အဲဒါ ယနေ့ည မျက်စိ ဖွင့်ပေးပြီးသကာလ တကာတကာမ တွေ ပေးရမည့်ဥစ္စာ ဒါတရားဟောတယ် ခေါ်တာဘဲ (မှန်ပါ့) ယနေ့ည ဆရာဘုန်းကြီးက ဒီ တကာတကာမတွေ ဘာလုပ်ပေး မှာတုံး....(မျက်စိဖွင့်ပေးမှာပါဘုရား)။

မျက်စိဖွင့်ပြီး သွားရလို့ ရှိယင်ဖြင့် လဲစရာ လိုသေးရဲ့လား (မလိုပါဘုရား)သြော်....ဒါဖြင့် ဆရာသမား အရေးဟာက တယ်ကြီးပါကလား၊ မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီ ဘုရား)ကိုင်း....ဒါဖြင့် အတိတ်က အဝိဇ္ဇာ၊သစ္စာမသိတဲ့ အဝိဇ္ဇာ ကြောင့် ပြုချင်သလိုပြုတဲ့ ကုသိုလ်သင်္ခါရနဲ့ အကုသိုလ်သင်္ခါရ လုပ်ခဲ့ကြတယ်၊မလုပ်ဘူးလား--(လုပ်ခဲ့ပါတယ်ဘုရား) လုပ်တော့ စုတေ-မနေ အတိတ်ဘဝက သေတဲ့အခါကျတော့ ဒီဘက် အ ကြောင်း အကျိုး မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဟောဒီ မြားကလေးက တကာတကာမတို့ သင်္ခါရနဲ့ဝိညာဏ် ဆက်ပေါ့လို့ ပြောတာ၊ မပြောသေးဘူးလား... (ပြောပါတယ် ဘုရား)ဒါဖြင့် အတိတ်ဘဝက ဘာသစ္စာလုပ်ခဲ့သတုံး-(သမုဒယ သစ္စာ လုပ်ခဲ့ပါတယ်ဘုရား) ဒီဘက် ဆက်လိုက်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မလာ ဘူးလား....(လာပါတယ်ဘုရား)သြော်....ဒါဖြင့် ဘယ်အချိန်က များ ခန္ဓာငါးပါး ပေါ်နေပါလိမ့်မတုံးလို့ မသိဘဲနေမှာစိုးလို့ ဒါအလေး ဘတ်လိုက်တော့ ပစ္စုပ္ပန်၊ ပေါ်ကြပလား-(ပေါ်ပါ ပြီဘုရား)။

အခု ဘယ်ကာလထဲမှာ တကာတကာမတွေ ရောက်နေသတုံး (ပစ္စုပ္ပန်ကာလထဲမှာ ရောက်နေပါတယ်) ဘာသစ္စာတုံး....(ဒုက္ခ

သစ္စာပါဘုရား) ဒါဖြင့် ဒီတရား လာနာကြတာဟာ တကယ့် ဒုက္ခသယ်တွေ လာနာနေကြတာပါလား... (မှန်ပါ့ဘုရား)။

တကာတကာမတွေဘယ်သူတွေလာနာသတုံး (ဒုက္ခသယ်တွေ လာနာကြပါတယ်ဘုရား) သိပလား (သိပါတယ်ဘုရား) ကျန်းမာ လို့ နာနိုင်တာလား၊ ဒုက္ခရောက်လျက်နဲ့ လာကြတာလား... (ဒုက္ခရောက်လျက်နဲ့ လာကြတာပါဘုရား) တော်လာပြီ--တော် လာပြီ၊ ကိုယ့်အကြောင်း ကိုယ်သိလာကြပြီနော်။

တကာတကာမတို့ ဘာတဲ့တုံး... (ကိုယ့်အကြောင်း ကိုယ်သိ လာပါပြီဘုရား) ကျန်းမာလို့ လာနိုင်တာလား-ဒုက္ခသစ္စာကြီး နဲ့ လာကြတာလား.... (ဒုက္ခသစ္စာကြီးနဲ့ လာကြတာပါဘုရား) ဒုက္ခသယ်တွေဘဲတဲ့၊ ဒီတာဝမှာ ချော်သရမယ်၊ ဒါ ဇာတိပါဘဲ တကာတကာမတို့ (ဝါ) ပဋိသန္ဓေ ဝိညာဏ်ပါဘဲ၊ သံဃာတွေ အတွက်ဆိုလို့ရှိယင်နော်....(မှန်ပါ)။

ဒီပဋိသန္ဓေဝိညာဏ်ဟာ တကာတကာမတို့ ဒီအကွက်ရောက် လာတော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီ ပဋိသန္ဓေ ဝိညာဏ်ဟာ တကာတကာမတို့ ဒီအကွက်ရောက်လာတော့ ဘာ သစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) အဲဒါ ဇာတိပိ ဒုက္ခသစ္စာ၊ သဘောကျပလား....(ကျပါပြီ)ဒါ ဘာသစ္စာပါလိမ့်(ဒုက္ခသစ္စာ ပါဘုရား)။

ဒုက္ခရောက်ပြီ တကာတကာမတို့ ဒါကြောင့် အကန်းလမ်း သွားလို့ ချော်လဲတယ်၊ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) အကန်းလမ်းသွားတာနဲ့ ဒါက ဘာတဲ့ (ချော်လဲတာပါဘုရား) အကန်းလမ်းသွားတာက ဘာသစ္စာ....(သမုဒယသစ္စာပါဘုရား) ချော်လဲတာက (ဒုက္ခသစ္စာပါဘုရား)။

ကြောင့်....တကာတကာမတွေ ယခု ဘယ်ထဲရောက်နေပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ ချော်လဲတယ်ဘုရား၊ ချော်လဲလို့ အနာရတယ်၊ မရဘူးလား....(ရပါတယ် ဘုရား) ဝိညာဏ ပစ္စယာ နာမရူပံ ဆိုတော့ နာမ်ရုပ်တည်းဟူသော တကာတကာမတို့ အနာတွေ မပေါ်လာဘူးလား .... (ပေါ်လာပါတယ် ဘုရား)။

ဒါကြောင့် ဘုရားက နာမ်ရုပ်ကို ရောဂတော=အနာတွေကွလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား) ဒါဖြင့် အနာရပလား....(ရပါတယ်ဘုရား) ချော်လဲလို့ ဘာဖြစ်တုံး..(အနာရပါတယ် ဘုရား) အနာရတော့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ဆိုတဲ့ ပြည်တွေထည့်လာတယ်၊ မထည့်သေးဘူးလား (ထည့်ပါပြီဘုရား)။

ပြည်ထည့်တော့ အနာပြည်ထည့်နေတုန်းမှာ ဖဿဆိုတာသည် တွေ့ထိဘတ်တဲ့ သဘောသတ္တိရှိသောကြောင့် အားရုံခြာက်ပါး တည်းဟူသော ဖဿခြောက်မျိုးကနေထို လိုက်ဘာ ပြည်ထည့်နေတဲ့အနာ ဆူးနဲ့ထိုးတာ၊ ရိပ်မိလား (ရိပ်မိပါပြီ ဘုရား) ပြည်ထည့်နေတဲ့ အနာ ဆူးနဲ့ထိုးတာ ဖဿ ဘဲ... (မှန်ပါ) ဒီဖဿကို တကာတကာမတွေကဆူးနဲ့ထိုးတာသိတော့မှဆူးထိုးတဲ့ပုဂ္ဂိုလ်အနာမှ ရပါ့မလား-(ရပါတယ်ဘုရား)ဒါဖြင့် ဖဿပစ္စယာ-(ဝေဒနာပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ ချော်လဲတာရယ်- အနာရတာရယ်-ပြည်ထည့်တာရယ်-ဆူးထိုးမိတာရယ်-ဝေဒနာ ပြင်းထန်လာတာရယ် - မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)ဒါဖြင့် ဒီငါးခု ဘာသစ္စာတုံး....(ဒုက္ခ

သစ္စာပါဘုရား) အခု တရားနာ လာကြတာ ဒီ ငါးခုမှ တပါး အခြားပါသေးရဲ့လား....(မပါပါဘုရား)ပေါ်ကြပလား(ပေါ် ပါပြီဘုရား) ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာ ရပါတယ်ဘုရား) ဘယ်ကာလများရပါလိမ့်....(ပစ္စုပ္ပန်ကာလ ရပါတယ်) ပစ္စုပ္ပန် ကာလမှာရတယ်-(မှန်ပါ)တကာတကာမတို့ ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ဒါကြောင့် ပစ္စုပ္ပန်အကျိုးလို့ဆိုပြီး ငါးပါးပြတာ မှားများ မှားသေးသလား....(မမှားပါဘုရား)ဒါဖြင့် တကာတကာမ တွေ ယခု ဒုက္ခသစ္စာကို ခင်ဗျားတို့ဖြင့် တရားနာနေကဲ့ တကာ တကာမတွေ ကိုယ်ပိုင် ရပေါ့ဆိုတာ မသေချာသေးဘူးလား.... (သေချာပါတယ်ဘုရား)။

အင်း....ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ ဒီဒုက္ခကြီးနဲ့ ဒုက္ခခန္ဓာတွေ သည်ပိုးရွက်ဆောင်ပြီးသကာလ နေရပါလိမ့်မလဲ လို့ အမေးထုတ်လို့ရှိယင်ဖြင့် အကန်းလမ်းသွားလို့ ချော်လဲတဲ့ အနာတွေရပြီး ဝေဒနာပေါ်တာဘုရာ့၊ ပေါ်ကြပလား-(ပေါ် ပါပြီဘုရား) ဒါတာ အတိတ်ဘဝက ဘာသစ္စာတုံး....(သမုဒယ သစ္စာပါဘုရား)ယခုဘဝ ဘာနဲ့နေရသတုံး....(ဒုက္ခသစ္စာနဲ့နေရ ပါတယ်ဘုရား) ဒါဖြင့် ခန္ဓာငါးပါးဘဲ၊ ခင်ဗျားတို့ သိမှုနဲ့ပြော ယင် ခန္ဓာငါးပါး၊ ပဋိစ္စသမုပ္ပါဒ်အလိုဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါင်းလိုက်ယင် ခန္ဓာငါးပါးမဖြစ် ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သမုဒယသစ္စာကြောင့် ဘာသစ္စာ ဖြစ်သတုံး(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)ရှင်းပလား(ရှင်းပါပြီ) ယခု တရားနာနေတာ ဒီထဲမှာလား၊ ဒီထဲမှာဘဲလား... (ပစ္စုပ္ပန်

ကာလထဲမှာပါဘုရား) ဘာသစ္စာနဲ့ တရားနာနေတုံး-(ဒုက္ခသစ္စာနဲ့ တရားနာနေပါတယ်ဘုရား)။

ဒုက္ခသစ္စာနဲ့ တရားနာနေကြတယ်ဆိုတာ ဩြော-ယောကျ်ားတွေ မိန်းမတွေ ဆရာဘုန်းကြီးလာလို့ ဝိုင်းလာကြတာလား၊ ဒုက္ခသစ္စာတွေ စုနေကြတာလား-(ဒုက္ခသစ္စာတွေစုနေကြတာပါဘုရား)ဒုက္ခသစ္စာတွေ စုနေကြတာဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီ) ဒါဖြင့် တကာတကာမတို့ ကံကောင်းလို့ လူဖြစ်တာလားတဲ့၊ တကာတကာမတို့ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် လုပ်ချင်သလိုလုပ်လို့ ဒုက္ခရောက်တာလား(မျက်စိမမြင်တဲ့ပုဂ္ဂိုလ်လုပ်ချင်သလိုလုပ်လို့ ဒုက္ခရောက်တာပါဘုရား) သို့သော် ခင်ဗျားတို့ကရန်ကုန်မြို့ကြီးမှာလာပြီးလူဖြစ်ရတာဘုရား တော်-တော်သေးရဲ့။

သစ္စာမှ မသိတော့ တော်သေးရဲ့ဖြစ်နေတယ်၊ သဘောပါကြပလား....(ပါပါတယ်ဘုရား)သစ္စာမသိတော့ (တော်သေးရဲ့ဖြစ်နေပါတယ်ဘုရား) ခု သစ္စာသိတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ထော်ကြသလား.... (မတော်ပါဘုရား) အတော်ဆိုးသွားဘယ်.... (မှန်ပါ အတော်ဆိုးသွားပါဘယ်)

အေး....တကာတကာမတွေအတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်ပါ တကာတကာမတို့.... ဉာဏ်နားနဲ့ ထောင်ကြည့်တော့ လူ့ဘဝ အရတော်နေတာလား၊ ဒုက္ခသိမ်းပိုက်နေရတာလား- (ဒုက္ခသိမ်းပိုက်နေရတာပါဘုရား) ကောင်းပြီ....ဒါဖြင့်ဒီမှာ အနာတွေရတယ်၊ အနာရတဲ့ တကာတကာမတွေက ဘာရှာကြပါသတုံးလို့ မေးတဲ့အခါ ဆေးရှာတယ်၊ အနာပျောက်ချင်တာနဲ့ ဆေးမရှာ

ဘူးလား....(ဆေးရှာပါတယ်ဘုရား)ဆေးရှာတာသည် တဏှာဘဲ (မှန်ပါ့) ဒီဘက် မကူးဘူးလား....(ကူးပါတယ်ဘုရား)။

တကာတကာမတို့ဒီနဲ့ဒီစပ်မသွားသေးဘူးလား-(စပ်ပါတယ်ဘုရား) ဒါဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) ဟင်.... အနာရတဲ့ပုဂ္ဂိုလ်ဟာ ဘာလုပ်တာပါလိမ့်.... (ဆေးရှာတာပါဘုရား)ဆေးရှာတာ တဏှာဘဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဆေးရှာပြီးသကာလ တကာတကာမတို့ မရ-ရအောင်သိမ်းပိုက်တာက ဥပါဒါန်၊ သဘောကျပလား (ကျပါပြီဘုရား)မရ-ရအောင် သိမ်းပိုက်တာက....(ဥပါဒါန်ပါဘုရား)။

ဆေးကို မရ-ရအောင် သိမ်းပိုက်ဘာ ဥပါဒါန်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား) နောက်တခါ ခင်ဗျားတို့က ဝင္ဍဘဝ ဆောက်စေတတ်တဲ့ ဒါနကံ သီလကံ အကုသိုလ်ကံတွေ လုပ်ပြန်တော့ကိုတဲ့ ဆေးလိမ်းမှားပြန်တယ်၊ တကာတကာမတို့ ဘာဖြစ်ပြန်သလဲ....(ဆေးလိမ်းမှားပြန်တယ်)ဆေးလိမ်းမှားပြန်လို့ ရှိယင် နောက် အနာပြန်ရမလား ဇာတိ ဇရာ မရဏ....(ပြန်ရပါမယ်ဘုရား)။

ဒါဖြင့် ဇာတိ,ဇရာ,မရဏဟာဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)ဆေးရှာဘာက ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား) သွားပြီ ခင်ဗျားတို့ ၄-ကွက် မပြည့်သေးဘူးလား.... (ပြည့်ပါပြီဘုရား) တစ်, နှစ်, သုံး, လေး၊ တကာတကာမတို့ စာဖတ်မရသေးဘူးလား(ရပါပြီဘုရား)ဒါဖြင့် တကာတကာမတို့....ဒီမှာလဲ ဒုက္ခသစ္စာရပြန်တော့ ဒုက္ခဆောက်တဲ့ ပုဂ္ဂိုလ် ဆေးရှာဦးမှာဘဲ ဆိုပြီး သမုဒယသစ္စာ မလုပ်ဘူးလား၊ လုပ်မလား-(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပတ်မိသွားပြီ....(ပတ်မိသွားပါပြီ) (ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကိုထောက်ပြသည်) တကာ တကာမတို့ ပတ်မိပလား... (ပတ်မိပါပြီဘုရား) ပတ်မိတော့ တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး၊ ယခု ဘယ်လို နေရသတုံး လို့ မေးတဲ့အခါကျတော့ နောက်တုန်းကသမုဒယသစ္စာ၊သဘောကျပလား....(မှန်ပါ) ယခုဘာ ဘာသစ္စာနဲ့တုံး....(ဒုက္ခသစ္စာနဲ့ပါဘုရား) ဒုက္ခသစ္စာထဲမှာ ဆေးရှာတော့ ဘာသစ္စာဖြစ်တုံး.... (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် အနာဂတ်ဘဝ ဘာသစ္စာရမှာတုံး (ဒုက္ခသစ္စာရပါမယ်ဘုရား) ပြော်.. ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒုက္ခနဲ့ သမုဒယသာလှည့်နေတာဘဲ၊ အကောင်းပါသေးရဲ့လား (မပါပါဘုရား) သမုဒယသစ္စာက မီး....၊ ဒုက္ခသစ္စာက ထင်း၊ ထင်းနဲ့မီးအဖြစ် လှည့်နေရတယ်၊တကာတကာမတွေအကောင်းပါရဲ့လား... (မပါပါဘုရား)။

ဒါဖြင့် တပည့်တော်တို့ဘုရား နောက်သာဝမျှားစွာမှာ စကြဝဠေး, မန္တာတ်, သူဌေး,သူကြွယ်တွေ,သိကြား,ဗြဟ္မာတွေ ဖြစ်ခဲ့သလားဆိုတော့ တကာတကာမတို့ အဲဒါမပြောတတ်ဘူး၊ ဒီ.... သစ္စာနှစ်မျိုး လှည့်နေတာ-(မှန်ပါ) သဘောကျပလား-(ကျပါပြီဘုရား)သစ္စာဘယ်နှစ်မျိုး လှည့်နေ သတုံး-(နှစ်မျိုးလှည့်နေပါတယ်ဘုရား) ဘာသစ္စာ.... ဘာသစ္စာတုံး.... (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)။

အတိတ်ဘဝက သမုဒယသစ္စာ.... (မှန်ပါ)။

ပစ္စုပ္ပန်ဘဝမှာ....(ဒုက္ခသစ္စာပါဘုရား)။

ခန္ဓာငါးပါးပေါ်လျှာ....(မှန်ပါ)။

ဒုက္ခသစ္စာထဲက နေပြီးသင်္ခါရလို့ပြန်မိုက်ပြန်တော့ဘာသစ္စာဖြစ်သလဲ.... (သမုဒယသစ္စာပါဘုရား) မိုက်လို့ အကျိုးပေးပြန်တော့... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခရောက်တာ မသိပြန်တော့.... (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ အားထုတ်ပြန်တော့ အကျိုး ဘာသစ္စာ ရသတုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား) ဒုက္ခသစ္စာ မရဘူးလား... (ရပါတယ်ဘုရား) တကာတကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ သံသရာထဲမှာခင်ဗျားတို့ဘယ်လို နေခဲ့ရသတုံးဆိုတော့ သစ္စာနှစ်ပါး လှည့်နေခဲ့ရတယ်....(မှန်ပါ့) ပေါ်ပြီလား.... (ပေါ်ပါပြီဘုရား) ဘာလှည့်နေရသတုံး.... (သစ္စာနှစ်ပါးလှည့်နေရတယ်) မိုက်ကြောင်းရယ်-မိုက်ကျိုးရယ် (မှန်ပါ့)။

ဒါက ဘာပါလိမ့်...(မိုက်ကြောင်းပါဘုရား)။

ဒါက ဘာပါလိမ့်....(မိုက်ကျိုးပါဘုရား)။

တကာတကာမတို့ ဘုရားနဲ့ မတွေ့ခဲ့တာသိပလား–(သိပါပြီဘုရား) ဘုရားနဲ့ မတွေ့ခဲ့တာ ဘာတွေလုပ်သတုံး-(မိုက်ကြောင်းတွေ လုပ်ခဲ့ပါတယ်ဘုရား) ယခုရပြန်တော့ ခန္ဓာက– (မိုက်ကျိုးတွေ ရနေပါတယ်ဘုရား) မိုက်ကျိုးထဲက ပြန်မိုက် ပြန်တော့ (မိုက်ကြောင်း ဖြစ်ပါတယ်ဘုရား) သမုဒယသစ္စာ မလာဘူးလား- (လာပါတယ်ဘုရား) မိုက်ကျိုး ပြန်ရပြန်တော့ ဘာတဲ့- (မိုက်ကျိုးပြန်ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တပည့်တော် သိကြားပြဟ္မာဖြစ်ခဲ့ရသသား၊ မိုက်ကြောင်းနဲ့ မိုက်ကျိုး လှည့်နေသလား....မေးယင် ဘယ့်နှယ်ပြောမလဲ (မိုက်ကြောင်းနဲ့ မိုက်ကျိုး လှည့်နေပါတယ်

ဘုရား) ဒါဖြင့် ဒီထဲမှာ ခင်ဗျားတို့ အတိတ်ဘဝကရော ယခု ပစ္စုပ္ပန်ဘဝကရော ဆရာကောင်းသမားကောင်း မတွေ့လို့ ရှိယင် ဖြင့် မိုက်ကြောင်း မိုက်ကျိုး၊ မိုက်ကြောင်း မိုက်ကျိုး၊ ဒါဘဲ လှည့်မယ်၊ ဘယ်တော့မှ မလိမ်မာတော့ဘူး....(မှန်ပါ) လိမ်မာ စရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီ တကာတကာမတွေ သံသရာရှည်ပါ သလဲဆိုတာ ကိုယ့်အကြောင်း ကိုယ်သိကြပါတော့... တဲ့၊ မိုက် ကြောင်း မိုက်ကျိုးလှည့်နေလို့၊ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား) ဘယ်လိုပေါ်ပါသိမ့်.... (မိုက်ကြောင်း မိုက်ကျိုးလှည့် နေပါတယ်ဘုရား) မိုက်ကြောင်း မိုက်ကျိုး လှည့်နေတာနဲ့ သံသရာရှည်တယ်ဆိုတာ သေသေချာချာ ပေါ်ကြပလား-(ပေါ် ပါပြီဘုရား)ထွက်ပေါက်များ တွေ့ကြပလား(မတွေ့ရပါဘုရား) မတွေ့တော့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား) ဒီနေ့ည ပြတော့ ပြပေးမယ်၊ ထွက်လျှင်ထွက် မထွက်လျှင် ဒီအ ဝိုင်းတိုင်း ပြေးကြပေတော့၊ သဘောပါပလား.... (ပါပါပြီ ဘုရား)ထွက်လျှင်ထွက်ပါ၊ မထွက်လျှင်ဘာစိတ်ချရမလဲ(အဝိုင်း အတိုင်း ပြေးနေရမှာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သံသရာကြီးထဲမှာခင်ဗျားတို့ နေမှု ထိုင်မှုကဖြင့် ငါသည် ရှေးဘဝက ကောင်းခဲ့လေလား-ဆိုးခဲ့ လေလားဆိုတာ သံသယမရှိနဲ့နော်....(မှန်ပါ) အတိတ်က ဘာ သစ္စာ....(သမုဒယသစ္စာပါဘုရား) ယခု ရထားတာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)ခန္ဓာငါးပါးကလေ ...(မှန်ပါ) ဒီခန္ဓာငါး ပါးကို သစ္စာရယ်လို့ မသိပြန်တော့ တဏှာ ဥပါဒါန် ကံနဲ့ မနေ ဘူးလား.... (နေပါတယ်ဘုရား) ။

ကိုယ့်ခန္ဓာခင်တယ်၊ ကိုယ့်ခန္ဓာ စွဲလမ်းတယ်၊ နောက်ဘဝ ကောင်းစားရေး ဖြစ်စေ၊ မကောင်းစားရေး ဖြစ်စေ ကမ္မဘဝ မလုပ်ဘူးလား... (လုပ်ပါတယ်ဘုရား) လုပ်တော့ ပစ္စုပ္ပန်ကာလ ဆိုပြီး ထပ်မိုက်တာသူဘဲ ...(မှန်ပါ့) ထပ်မိုက်တော့ကို မိုက်ကျိုး မရဘူးလား (ရပါတယ်ဘုရား) အနာဂတ်ဘာသစ္စာရမလဲ (ဒုက္ခ သစ္စာရပါတယ်ဘုရား) ဒါဖြင့် အတိတ်က မိုက်လို့ ပစ္စုပ္ပန်ဒုက္ခ ရောက်တယ်၊ သဘောကျပလား (ကျပါပြီဘုရား) အတိတ်က မိုက်လို့(ပစ္စုပ္ပန်ဒုက္ခရောက်ပါတယ်) ပစ္စုပ္ပန်ဒုက္ခရတယ်၊ ရှင်း ကြပလား-(ရှင်းပါပြီဘုရား)။

ဒုက္ခရောက်တာကို ဒုက္ခမှန်း မသိလို့ ပြန်မိုက်ခြင်းကြောင့် ဘာသစ္စာရသလဲ... (သမုဒယသစ္စာရပါတယ်) သမုဒယသစ္စာ တည်းဟူသော အကြောင်းသစ္စာ ရထားတော့ ဒါဘာသစ္စာ ပြန်ဖြစ်မလဲ (ဒုက္ခသစ္စာ ပြန်ရပါတယ်ဘုရား) အနာဂတ်ဘဝမှာ ဒုက္ခသစ္စာပြန်မရဘူးလား....(ရပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့... ဒီလို စက်ကို လှည့်လိုက်မယ်နော် စက်ကို လှည့်လိုက်တဲ့အခါကျတော့ တကာ တကာမတွေဟာ ဒီအတိုင်း လည်နေတယ်ဆိုတာ မပေါ်သေးဘူးလား-(ပေါ်ပါ တယ်ဘုရား)ဒါဖြင့် ဒီအလယ်စက်ကိုဘယ်သူဖြတ်ပေးမလဲ တကာ တကာမတို့ ဖြတ်မည့်ပုဂ္ဂိုလ် သံသရာ အကန့်အကွက်တွေကို ဖြတ် မည့်ပုဂ္ဂိုလ်ရှာဘို့အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား) ခင်ဗျားတို့ ရှာကြပါလားလို့မေးတော့ ဘယ့်နှယ်ဖြေပါ့မလဲ (ရှာပါတယ်ဘုရား)။

တရားနာ လာတာလား ကိုယ့်အဝိုင်းပြေး ဇာတ်သိမ်းချင်လို့ လာကြတာလား....(အဝိုင်းပြေးဇာတ်သိမ်းချင်လို့ လာတာပါဘုရား)ဘုန်းကြီးရှေ့မို့သာ ပြောကြတယ်၊ ပြေးလို့ကောင်းတုန်းများ ဖြစ်နေယင်တော့ ခက်ပါသေးရဲ့တကာတကာမတို့.... သေသေချာချာစဉ်းစားကြစမ်းပါနော်-(မှန်ပါဘုရား) စဉ်းစားမိကြပလား....(စဉ်းစားမိပါတယ်ဘုရား)။

သံသရာမှာ ဘယ်လိုနေခဲ့ကြသလဲ အဝိုင်းပြေးနေခဲ့ကြတယ်၊ (အဝိုင်းပြေးပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား) ဖြတ်ပေးမည့်ပုဂ္ဂိုလ် တွေ့ကြပလား....(တွေ့ပါပြီဘုရား)ဘယ်တွေ့တုံး ခင်ဗျားတို့....(အရှင်ဘုရားပါဘုရား)ဟင်....သိပ်လဲ မမြှောက်ကြပါနဲ့တကာတကာမတို့တဲ့၊သေသေချာချာ ရှင်းပြပါတော့မယ်၊ သတိထားပါနော်၊ ရှေးဘဝများစွာ သံသရာက ဘယ်သစ္စာနှစ်ပါးနဲ့ အချိန်ကုန်ခဲ့ကြသလဲ-(သမုဒယသစ္စာ ဒုက္ခသစ္စာနှစ်ပါးနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

သမုဒယသစ္စာဆိုတာ မီး၊ ဒုက္ခသစ္စာဆိုတာ ထင်း၊ ထင်းနဲ့မီးနဲ့လောင်ပြီးသကာလ လှည့်နေတယ်၊ရိပ်မိကြပလား.... (ရိပ်မိပါတယ်ဘုရား) သမုဒယသစ္စာဆိုတာ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ မီးပါ၊ကိလေသာမီး.... (မှန်ပါ) မပေါ်ကြသေးဘူးလား(ပေါ်ကြပါတယ်ဘုရား)ဒါက ခန္ဓာငါးပါးရနေတော့ ထင်းမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) မီးနဲ့ ထင်းနဲ့ လောင်ပြီးလှည့်နေတာ ခင်ဗျားတို့ ဖြစ်စဉ် ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

မီးနဲ့ထင်းနဲ့ လောင်ပြီးလှည့်နေတာ တကာတကာမတွေ၏ ဖြစ်စဉ်ဆိုတာ သဘောကျပလား(ကျပါပြီဘုရား)ဒါဖြင့်တကာ

တကာမတို့....ဒီအထဲမှာ မီးငြိမ်းရာ နိရောဓသစ္စာပါပလား(မပါ သေးပါဘုရား)မီးငြိမ်းတဲ့ မဂ္ဂသစ္စာကော (မပါသေးပါဘုရား) ဒါဖြင့် ခင်ဗျားတို့... တသံသရာလုံး မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ သပိတ်မှောက်ထားတာ ဒီတကာတကာမတွေဘဲ၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ သပိတ်မှောက်ထားတာ ဘယ်သူ ပါလိမ့်....(တပည့်တော်တို့ပါဘုရား)အားမငယ်နဲ့ အားမငယ်နဲ့ ခင်ဗျားတို့ ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေစ တာ ဘဲရှိပါသေးတယ် ကိုယ့်အကြောင်း ကိုယ်သိကြပလား.... (သိပါ ပြီဘုရား) အကြောင်းကောင်းဘဲလား၊ အကြောင်းဆိုးဘဲလား (အကြောင်းဆိုးပါဘုရား) ဆိုးတော့ ဆိုးဆိုးနဲ့ ဖပနေတော့ မလားတဲ့-ထွက်ပေါက် ရှာကြမလား....(ထွက်ပေါက်ရှာပါမယ် ဘုရား)။

ထွက်ပေါက်ရှာရမယ်နော်....(မှန်ပါ့)ထွက်ပေါက်မပြလို့ ရှိယင်တော့ တကာတကာမတွေ-ခက်ပြီဗျ....(မှန်ပါ့ဘုရား)မခက် ပေဘူးလား....(ခက်ပါတယ်ဘုရား) သေသေချာချာ ခက်မယ်ဆို တာ တကာတကာမတွေ ယုံကြည်ကြပလား....(ယုံကြည်ပါတယ် ဘုရား) သေသေချာချာ မှတ်ကြပါတဲ့၊ ဘုရားကလဲ အချိန်မရ ခင်ဗျားတို့အပေါ်လဲ စေတနာကတော့ ရောက်ပါတယ်(မှန်ပါ့) ရောက်ပင် ရောက်ငြားသော်သည်း ဝါဆိုခါနီး ဆိုတော့ကို တန်သလောက်ဘဲ ပေးနိုင်တယ်ဆိုတာကိုတော့ အောက်မေ့ကြ ရမယ်နော်....(မှန်လှပါဘုရား)။

ဒါဟာ ရက်ပေါင်းသုံးလလောက်ဟောလဲ မကုန်ဘူး၊တကာ တကာမတို့ အလုပ်ပါပြမှ ပြတ်မှာကိုးဗျ၊သို့သော် အလုပ်ပြတန်

သလောက် ပြသွားမယ်နော်....(မှန်ပါ) မပူကြပါနဲ့တဲ့ ဒါဖြင့် လည်ပုံတော့ဖြင့် ဒီစာထဲ သဘောကျတာလား၊ ကိုယ့်ကိုယ်တိုင် လည်တတ်တာလား....(ကိုယ့်ကိုယ်တိုင် လည်တတ်တာပါ)။

သာဓုပါဘဲဗျာ- စာထဲတောင် သဘောကျတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်တိုင် လည်တတ်ပါတယ်ဆိုတော့ တကယ့် ဒုက္ခသယ် တွေဆိုတာ မပေါ်သေးဘူးလား-(ပေါ်ပါပြီဘုရား) ကောင်းပြီ ဒါဖြင့်တကာတကာမတို့ ကိုယ့်ဒုက္ခကိုယ်သိပါသလား ....(သိပါ တယ်ဘုရား)သမုဒယသစ္စာကြောင့် ဘာသစ္စာဖြစ်သတုံး- (ဒုက္ခ သစ္စာဖြစ်ပါတယ်ဘုရား) ဒုက္ခသစ္စာထဲက သမုဒယသစ္စာတည်း ဟူသော မျိုးစေ့တွေ ကျပြန်ပြီ....(မှန်ပါ) မျိုးစေ့ကျတာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)ဟောဒီ ဒုက္ခသစ္စာ အပင် ပေါက်ပြန်ပြီ၊ မပေါက်ဘူးလား....(ပေါက်ပါတယ်ဘုရား)။

ဒီအပင်ကနေ မျိုးစေ့ကျပြန်ပြီ ရှင်းပလား.... (ရှင်းပါပြီ) ဟောဒီအပင်ပေါက်ပြန်ပြီဗျ (ဒုက္ခသစ္စာပါဘုရား)ဒီအပင်ကြီးက တခါ မျိုးစေ့ပြန်ကျပြန်ပြီ သီးပွင့်ပြီးတော့ (မှန်ပါဘုရား) ဘာ သစ္စာတုံး....(သမုဒယသစ္စာပါဘုရား)ဒါဖြင့် ဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက်ပြန်ပြီ.... (မှန်ပါဘုရား)ဒုက္ခသစ္စာ မပေါက်သေး ဘူးသလား....(ပေါက်ပါတယ်ဘုရား) အဲ- ဒုက္ခသစ္စာ အပင်ကြီးက မျိုးစေ့ပြန်ကျတာ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဥစ္စာက အဆိတ်မျိုးစေ့ကြောင့် အဆိတ် ပင်ဖြစ်၊ အဆိပ်ပင်ကြောင့် အဆိပ်မျိုးစေ့ပြန်ကျ၊ ပြန်ကျပြီး သကာလ ပြန်ပေါက်ဆိုတော့ ခင်ဗျားတို့ အန္တရာယ် ကင်းတဲ့ ဘေးရှင်းတဲ့ဘဝပြောကြစမ်းပါ.. (မရှိပါဘုရား)ရှေးက -ရှေးက ရှိကြရဲ့လား (မရှိပါဘုရား) ကောင်းကောင်းသဘောကျပလား၊

(ကျပါပြီ) ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေသည်တဲ့ ခုလို ဆရာကောင်း သမားကောင်း သာသနာတွင်း ဒီပရိယတ် အား ထုတ်နေတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ဒါတွေက ဆောင်တော့မှ သူတို့ ဆောင်လာတဲ့သဘောနဲ့ ဘုန်းကြီးတို့ကလဲ ပရိယတ်သမားဖြစ် နေတော့၊ဟ… ဒါဖြင့် ဒို့တကာတကာမတွေဖြတ်သမ်းပြမှတော် မယ်၊ဒါ ပရိယတ်ကလာတာရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဘယ်က လာတာတုံး…. (ပရိယတ်က လာတာပါဘုရား) သင်မထားလို့ရှိယင် ဒါ ပြောနိုင်ပါမလား …. (မပြောနိုင်ပါ ဘုရား)ရှင်းပလား(ရှင်းပါပြီဘုရား)ဒါကြောင့် ရန်ကုန် တကာ တကာမတွေ ဘုန်းကြီးတို့လဲ အရင်းတွေပေါ့ဗျာ၊ဒါတွေ သိပြီး သားတွေ ပရိယတ်ကိုဖြင့် အားပေးမလျော့ပါနဲ့-(မှန်ပါ)အား ပေး လျော့လိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ကျင့်စရာ လမ်းပေါက် ကို ပြောမည့်ပုဂ္ဂိုလ် ရှိသေးရဲ့လား….(မရှိပါဘုရား)။

အဲဒီကဲ့သို့ မရှိလို့ရှိယင်ဖြင့် ခင်ဗျားတို့မှာဖြင့် စုံလုံးကန်း မွေးပြီး စုံလုံးကန်းသေမယ်လို့သာ စိတ်ကူး၊ရိပ်မိ၂လား၊ (ရိပ်မိ ပါပြီဘုရား)မွေးတုန်းက ဘာမွေးမယ်…. (စုံလုံးကန်းပါဘုရား) သေသွားတော့…. (စုံလုံးကန်းသေပါတယ်ဘုရား) ဒါဖြင့်အကန်း လေးမွေး အကန်းလေးသေတော့ ခင်ဗျားတို့ မသာဘိတ်စာ အကန်းမသာ ကြွတော်မူပါ ဘိတ်။

ဒီ ပရိယတ်သာ ကွယ်သွားယင် ဒီ အတိုင်း လာမှာဘဲ' (မှန်ပါ)မလာဘူးလား၊လာမလား…. (လာပါမယ် ဘုရား) သဘောပါကြပလား….(ပါ–ပါပြီဘုရား) ဒါဖြင့် အခြေဟာ ဘယ်သူတုံးဆိုတာ ပေါ်ကြပလား…. (ပေါ်ပါပြီ) ပရိယတ်က

အခြေခံ ပဋိပတ်က အညွှန့်ခူးပြီး စကားပြောတာ ရိပ်မိကြ ပလား....(ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ဒီက ဆရာတော်တွေ သမားတော်တွေကော ဘုန်းကြီးထက် ငယ်တဲ့ ပုဂ္ဂိုလ်တွေကော ဒါကို မလျှော့ကြပါနဲ့၊ ကိုယ့်ကန်ပေါင်ကြီး ကိုယ်မချိုးကြပါနဲ့လို့ ခုနက ဆရာတော်တွေကို ချီးမြှောက်ရသေးတယ်....နော်....(မှန်ပါ့ဘုရား) တကာ တကာမတို့ ဒါဖြင့်... ထွက်ပေါက်ကို ပြပါတော့မယ်နော်.... (မှန်ပါ့ဘုရား) ဒါ-ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အခု ရ,ထားတဲ့ ခန္ဓာငါးပါးဟာ.... (ဒုက္ခသစ္စာပါဘုရား) ဘယ် ကာလပါလိမ့်....(ပစ္စုပ္ပန်ကာလပါဘုရား)။

ဒါဖြင့် အခု တရားနာနေတာဟာ ဒီအကွက်ထဲ ရောက်နေ တယ်၊မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) တရားနာနေ တာသည် ၁-အကွက်မှာလား၊ ၂-အကွက်မှာလား....(၂-အကွက် မှာပါဘုရား)၁-အကွက်က မိုက်လို့ပြီးခဲ့ပြီ၊ ယခု မိုက်ကျိုးခံစား နေရတာ၊ သဘောပါပလား... (ပါပါပြီဘုရား) ယခုဘာခံစား နေရတာလဲ(မိုက်ကျိုးခံစားနေရပါတယ်ဘုရား) မိုက်ကျိုး ခံစား နေရတော့ မိုက်တာမှ မိုက်မှန်း မသိလို့ရှိယင်ဖြင့် လူလိမ်မာ ဆိုလို့ ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

မိုက်တာ မိုက်မှန်းသိယင် လူလိမ်မာ၊ မိုက်တာကို လူလိမ်မာ ထင်နေယင် မိုက်သထက် မိုက်တယ်လို့ ဓမ္မပဒ ပါဠိတော်မှာ သေသေချာချာ လာတယ်(မှန်ပါ့) မလာဘူးလား(လာပါတယ် ဘုရား) ကဲ....ဒါဖြင့် တကာတကာမတို့ ထွက်ပေါက်ကို ပြယင် ကောင်းပြီ ထင်တယ်၊ လည်တာတော့ ခင်ဗျားတို့ စာထဲမှာ

လည်တတ်တာလား....၊ ကိုယ့်ကိုယ်တိုင် လည်တတ်တာလား.... (ကိုယ့်ကိုယ်တိုင် လည်တတ်တာပါဘုရား)။

ဒါဖြင့် ဘုန်းကြီး သင်စရာမလိုဘူး၊ဒါတွေတော့ တပည့်တော်တို့က ဝ,ခဲ့ပြီ၊ရိပ်မိပလား...(ရိပ်မိပါပြီ)ကဲ... ဒါတွေဝ,လို့ ရှိယင်ဖြင့် ကိုယ်ဝ,တဲ့ ဥစ္စာဟာလဲ ဒုက္ခနဲ့ သမုဒယ လည်တော့ ကောင်းသေးရဲ့လား....(မကောင်းပါ ဘုရား) သမုဒယက မီး၊ ဒုက္ခက ထင်း၊ ထင်းနဲ့ မီးနဲ့ လောင်ပြီး လည်နေတာ၊ သဘော ပါကြပလား....(ပါပါတယ်ဘုရား)။

ထင်းနဲ့ မီးနဲ့-(လောင်ပြီး လည်နေပါတယ်ဘုရား)စဉ်းစား ကြည့်ပါ....တဲ့ ခင်ဗျားတို့၊ ခန္ဓာကိုယ်ထဲက နက်ဖြန် သိမ်ကြီး ဈေး သွားမယ် ဆိုတော့ ဘာလုပ်ဘို့ သွားမှာတုံး....မေးလိုက် တော့ ငွေရချင်လို့ပေါ့ဘုရား-ဆိုတော့ ငွေရချင်တာက တဏှာ၊ သမုဒယသစ္စာ ဟုတ်လား.... (မှန်ပါ့) ခန္ဓာကိုယ်ကြီး တဏှာ ခိုင်းတဲ့ဆီ မသွားရဘူးလား....သွားရမလား.... (သွားရပါမယ် ဘုရား) သွားရတော့ ကိလေသာမီး လောင်လို့ အပြေးအလွှား သွားကြတာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်သွားဦးမယ်....၊ သမီးဆီ သွားဦးမယ်၊ သားဆီ သွားဦးမယ်ဆိုတာလဲ တဏှာတကာမတို့ ဘာဖြစ်လို့ သွားတာ ပါလိမ့်....(ကိလေသာမီး လောင်လို့ပါဘုရား) လောင်ရင်း သွားတာ(မှန်ပါ့)လောင်လို့သွားတာ(မှန်ပါ့) အိမ်စိတ်မချလို့ ပြန်လာတော့ ရိုးရိုးပြန်တာလား...လောင်ပြီး ပြန်တာလား.... (လောင်ပြီး ပြန်တာပါဘုရား) အို....စိတ်မချလို့ ပြန်ပါတယ် ဆိုတော့ ဒေါသမီး လောင်ပြန်တာ(မှန်လှပါ) ဟိုလူနဲ့တွေ့ချင်

တယ်လို့ သွားတာကဖြင့် လောဘမီး လောင်ပြီး သွားတာ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကိုတဲ့ မီးမပါလို့ ရှိယင်လဲ ဇီအကြောင်းအကျိုးဟာ မလည်လို့ခဏဓာရးရပ်ထားတယ်နော်(မှန်ပါ့)ယခုအကာတကာ မတို့ ၁-ကွက်မှာနေသလား၊ ၂-ကွက်မှာ နေသလား (၂-ကွက်မှာ နေပါတယ်ဘုရား) ဘာသစ္စာနဲ့နေကြပါလိမ့်.... (ဒုက္ခသစ္စာနဲ့ နေပါတယ်ဘုရား)ဒါဖြင့် ခင်ဗျားတို့ ခန္ဓာထဲက ဘာပေါ်ပေါ် ခန္ဓာထဲက ရုပ်ပေါ်လဲဒုက္ခသစ္စာပေါ်မှာဘဲ၊နာမ်ပေါ်ယင်ကော (ဒုက္ခသစ္စာပေါ်ပါတယ်)ဝေဒနာပေါ်ယင်ကော....(ဒုက္ခသစ္စာ ပေါ်ပါတယ်)ဖဿပေါ်ယင်ကော.... (ဒုက္ခသစ္စာပေါ်ပါတယ်) စိတ်ကလေး ပေါ်နေကော....(ဒုက္ခသစ္စာ ပေါ်ပါတယ်)။

ဩော်....ဒါဖြင့် ပေါ်ရာကို သိအောင်လုပ်ရလိမ့်မယ်၊ တကာ တကာမတို့ ပေါ်တာကို.... (သိအောင် လုပ်ရမှာပါဘုရား) သိအောင်လုပ်ရတော့မယ်ဆိုတော့ တကာတကာမတို့ သောတာ ပန်တည်ချင်ကြတဲ့ တကာတကာမတွေ ဒီထဲမပါဘူးလား (ပါပါ တယ်ဘုရား) သောတာပန်တည်မှု အပါယ်လေးပါး တံခါးပိတ် မယ်.... (မှန်ပါ့) သောတာပန် မတည်ဘဲနဲ့လဲ သကဒါဂါမ် အနာဂါမ် ဖြစ်နိုင်ကြပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် သောတာပန် တည်ချင်ယင် စိတ္တာနုပဿနာ ရှုပါ- (မှန်ပါ့ဘုရား) တကာတကာမတို့ ဆိုးမ့လိုက်ပြီ၊ သောတာပန် တည်ချင်ယင် ဘာလုပ်ရမယ်....(စိတ္တာနုပဿနာရှုရမှာပါဘုရား) ရှင်းပြီနော် (မှန်ပါ့) သောတာပန်ဆိုတာ ဒိဋ္ဌိသတ်တာ(မှန်ပါ့) ဒိဋ္ဌိသတ်မှ သောတာပန် ဖြစ်နိုင်တယ်ဆိုတာ ပေါ်ကြပသား....

(ပေါ်ပါပြီဘုရား) ဒိဋ္ဌိကို သတ်ရမယ်၊ တဏှာကို သတ်ဖို့ မလိုသေးပါဘူး....(မှန်ပါ့)။

သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဒီအတိုင်း လာပါတယ်၊

ဒါဖြင့် တကာတကာမတို့ စိတ်ပေါ်မှာ ဒိဋ္ဌိ အများဆုံး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒိဋ္ဌိက ဘယ်ပေါ်မှာ အများဆုံးလဲ ... (စိတ်ပေါ်မှာ အများဆုံးပါဘုရား) စိတ်ပေါ်မှာ အများဆုံးဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား) စဉ်းစားကြည့်ပါ၊ ငါ ကြားတယ်ဆိုတော့ ကြားစိတ်ကို ငါလို့ မစွဲဘူးလား....(စွဲပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဘဲ(မှန်ပါ့) ငါစားနေတယ်ဆိုတော့ စားစိတ်ကို ငါမထင်ဘူးလား (ထင်ပါတယ်ဘုရား) ဒါဖြင့် စားတဲ့စိတ်ကို ငါထင်သောကြောင့် စိတ်ပေါ်မှာ ဒိဋ္ဌိများတယ်၊ ငါမြင်တယ်ဆိုတော့ မြင်စိတ်ပေါ်မှာ ငါ မပါဘူးလား.... (ပါပါတယ်ဘုရား)။

မြင်စိတ်ကို ဘာစွဲသတုံး.... (ငါစွဲပါတယ်ဘုရား) ငါ စွဲယင် ဒိဋ္ဌိဘဲဆိုတာ သေချာပလား(သေချာပါတယ်ဘုရား) ငါ့ အကြံအစည် ဆိုပြန်တော့ကော ကြံစည်တဲ့စိတ်တွေကို ဝိတက်စိတ်တွေကို ဝိတက်နဲ့တကွ သဟဇာတဖြစ်တဲ့ စိတ်တွေကို ငါ မစွဲကြဘူးလား(စွဲပါတယ်ဘုရား)ဒါဖြင့် သောတာပန် ဖြစ်ခြင်းအကြောင်းမှာ ဒိဋ္ဌိချုပ်မှ ဖြစ်ပါတယ်(မှန်ပါ့)။

ဒါဖြင့် စိတ်ကြောင့် ဒိဋ္ဌိဖြစ်တော့ စိတ်ကိုဝိပဿနာ ရှုရလိမ့်မယ် (မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ်ဟာ ဝိပဿနာ ရှုရမယ်... (စိတ်ကို ဝိပဿနာရှုရပါမယ်ဘုရား) ဘယ်စိတ်ကို တပည့်တော်တို့ ရှုရမှာတုံးလို့ တကာတကာမတွေက မေးလို့ရှိယင်ဖြင့်

ခင်ဗျားတို့ ပုထုဇန်တွေ ဖြစ်သောကြောင့် ခင်ဗျားတို့ သန္တာန်မှာ လောဘ, ဒေါသ, မောဟဆိုတဲ့ စိတ်သုံးခုဟာ မရှိဘူးလား (ရှိပါတယ်ဘုရား) မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ယားစိတ် နာစိတ်တွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား ။

အလောဘဆိုတဲ့ ပေးချင်မှု ကမ်းချင်မှုကော... (ရှိပါတယ်ဘုရား)အဒေါသဆိုတဲ့ မေတ္တာစိတ်တွေကော (ရှိပါတယ်ဘုရား) အမောဟဆိုတဲ့ ပါခါဘလေသိတဲ့ ပညာကလေးကော... (ရှိပါတယ်ဘုရား)ရှုတဲ့စိတ်, ရှုက်တဲ့စိတ်ကော- (ရှိပါတယ်ဘုရား)အဲဒီ စိတ်တွေကိုရှုတော့၊ ဒီ့ပြင်ဟာ ဘာမှ မရှုနဲ့။

ဘာ့ကြောင့် ဒါကလေး ပြောရပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့ ဟိုစိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဘုရားဟောထားတာက အရိယာတွေပါ ဟောထားတာ(မှန်ပါ့)ဒီအထဲ အရိယာ များ ပါသလား.... (မပါ-ပါဘုရား) ရိုးရိုးပြောပါ ခင်ဗျား တို့က လေပြော့နေတာ အရိယာပါသလိုလိုဘာလိုလိုနဲ့ ပါကြရဲ့ လား....(မပါ-ပါဘုရား) မပါဘော့ ပုထုဇန်တွေပေါ့ဗျာ.... (မှန်လှပါဘုရား) အဲ....ပုထုဇန်ဖြင့် ပုထုဇန်စိတ်ဘဲ ရှုရမယ်၊ သောတာပန်သန္တာန် ဖြစ်တဲ့စိတ် မရှုနဲ့၊ သကဒါဂါမ် သန္တာန် ဖြစ်တဲ့စိတ်ကော....(မရှုရပါဘုရား)ရဟန္တာ သန္တာန်ဖြစ်တဲ့ စိတ် ကော....(မရှုရပါဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကိုယ်ရှု ...(မှန်ပါ့ဘုရား) ပေါ်ကြလား (ပေါ်ပါပြီဘုရား)ဘာတဲ့တုံး(ကိုယ့်စိတ်ကိုယ်ရှုရမှာပါဘုရား) ကိုယ့်စိတ်တော့ ကိုယ်မရှုတတ်တဲ့ပုဂ္ဂိုလ်များ ပါသေးသလား.... (မပါပါဘုရား) ဟုတ်ကဲ့သား ခင်ဗျားတို့က သေသေချာချာ စဉ်းစားလဲ ပြောကြပါ....၊ ကိုယ့်စိတ်ကို ကိုယ်မရှုလို့ နိဗ္ဗာန်

မရောက်တာ(မှန်လှပါဘုရား)ကိုယ့်စိတ် ကိုယ်ရှုယင်.... (နိဗ္ဗာန် ရောက်မှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့သန္တာန်ဖြစ်တဲ့ စိတ်ကလဲ ပုဂ္ဂိုလ်စိတ်ရ ဆိုလို့ရှိယင်ဖြင့် ၄၅-ပါးထက် ပိုမဖြစ်ပါဘူး....(မှန်ပါ့) ၄၅-ဆို တော့ ခင်ဗျားတို့ ဒီအရွယ် ခေါင်းဖြူစွယ်ကျိုးမှ သင်္ဂြိုဟ်လာ တက်နေရဦးမယ် ဟုတ်ပါလား(မှန်ပါ့ဘုရား) အဲဒီတော့ တပည့် တော်တို့ဘုရား.... မြန်မြန်သာ ပို့ပါတော့ဆိုတော့ ကိုယ့်စိတ် ကိုယ်ရှု(မှန်ပါ့)သဘောပါကြပလား(ပါ-ပါပြီဘုရား) ဘာတဲ့ တုံး....(ကိုယ့်စိတ်ကိုယ်ရှုရမှာပါဘုရား)။

လောဘလာလို့ရှိယင်လဲ လောဘကို ဖြစ်ပျက်ရှု၊ ဒေါသ သာယင်ကော.... (ဒေါသကိုဖြစ်ပျက်ရှုရမယ်) မောဟလာယင် ကော.... (မောဟကိုဖြစ်ပျက်ရှုရမယ်) လှူချင့်တန်းချင်တဲ့စိတ် ကလေးလာယင်ကော(ဖြစ်ပျက်ရှုရပါမယ်) မေတ္တာထားတဲ့စိတ် ကလေးလာယင်ကော... (ဖြစ်ပျက်ရှုရပါမယ်)။

ခင်ဗျားတို့ မေတ္တာထားပါတယ်တော့ ပြောတတ်တယ်...၊ မေတ္တာစိတ်ကလေး ဖြစ်ပျက် ရှုပါဆိုတော့ အို....မေတ္တာပျက် သွားမှာစိုးလို့မရှုတော့ဘူးလား၊ အတော်ဆိုးတဲ့ တကာတကာမ တွေနော်....၊ ကိုင်း....ဒါဖြင့် တကာတကာမတို့ ဟောတာမနာ ယတနဆိုတာ စိတ်ပါဘဲနော်....(မှန်ပါ့) ဒါ-ခင်ဗျားတို့သန္တာန် မှာ ဖြစ်တဲ့ မြင်စိတ်ပေါ်ယင်လဲ ဒီကနေကြည့်၊မြင်စိတ်ကိုဖြစ်ပြီး ပျက်တယ်လို့ ဉာဏ်ကလေးနဲ့သိပေးစမ်း၊ သဘောကျပလား (မှန်ပါ့-ကျပါတယ်ဘုရား)။

မြင်စိတ်ကဖြစ်ပျက်ဆိုတော့ သိတာကမဂ်(မှန်ပါ့)ရှင်းပလား (မှန်ပါ့)မြင်စိတ်က ခင်ဗျားတို့မြင်ပြီး မပျက်ဘူးလား (ပျက်ပါ

တယ်ဘုရား)အဲဒါကလေး သိအောင် လုပ်တာက ဘာဆိုမယ် (မဂ်ပါဘုရား)ဒါဖြင့် ဖြစ်ပျက်မဂ်၊ သဘောပါပလား (ပါ-ပါ တယ်ဘုရား)ဒီနေရာ မဂ်ဖြစ်တော့ ဒီအနိစ္စကြောင်းကလေး ဘာ ဖြစ်သွားသလဲ....(ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် ပြတ်သွားလို့ရှိယင် ဒီတဏှာနဲ့ ဒီစိတ်နဲ့ ဆက်မိ သေးရဲ့လား....(မဆက်မိပါ) ဝိညာဏပစ္စယာ တဏှာ ဖြစ်သေး ရဲ့လား....(မဖြစ်ပါဘုရား) ဖဿပစ္စယာ တဏှာ ဖြစ်သေးရဲ့ လား....(မဖြစ်ပါဘုရား)ဝေဒနာပစ္စယာတဏှာ ဖြစ်သေးရဲ့လား (မဖြစ်ပါ) ဒါ စာမို့ ရေးထားတာ သူတို့က ဝေဒနာရယ် ဖဿရယ် စိတ်ရယ် တပြိုင်နက်ဖြစ်တာ၊ သဟဇာတတွေနော်.... (မှန်ပါ) စိတ်ကို ဖဿကလဲ စိတ်တခုယုတ် ကိုးဆယ်ယှဉ်တယ်၊ ဝေဒနာကော....(စိတ်တခုယုတ် ကိုးဆယ်ယှဉ်ပါတယ်) ယှဉ်နေ တော့ ဒီတွင်ရောလျက်ကြီး မနေဘူးလား (နေပါတယ်ဘုရား)။

ဒါဖြင့် သူ့ကိုအထူးပြုစရာ လိုသေးသလား .... (မလိုပါ) သူ့ကော....(မလိုပါဘုရား) မလိုတော့ ပေါ်တဲ့စိတ် မြင်စိတ် လာယင် မြင်စိတ်ယူ၊ဖြစ်ပြီး ပျက်သည်လို့ ဒီလိုနေ ဉာဏ်က ရှုပေး၊သဘောပါပလား(ပါ-ပါတယ်ဘုရား)ဒါဖြင့် မြင်စိတ်က ဖြစ်ပျက်၊ရှုတာက(မဂ်ပါဘုရား)သေတာက သမုဒယ၊ဒီသမုဒယ သစ္စာ လာသေးရဲ့လား....(မလာပါ) ဒီ သမုဒယသစ္စာ မလာ လို့ရှိယင် ဒီဒုက္ခသစ္စာကော....(မလာပါဘုရား)။

ဒါဖြင့် ဒီဘက်မှာ တကာထကာမတို့ တဏှာနိရောဓာနိဗ္ဗာန် သမုဒယသစ္စာချုပ်တာလဲ နိဗ္ဗာန်ဘဲရှင်းပလား(ရှင်းပါပြီဘုရား) ဒုက္ခသစ္စာ ချုပ်တာကော....(နိဗ္ဗာန်ပါဘုရား)ဟာ.... ဘယ့်နှယ် ကြောင့်ရပါလိမ့်မတုံးဆိုတော့ ဒီမှာ မဂ်ဝင်လိုက်လို့ဘဲ (မဂ်ဝင်

လို့ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဒါဏ နည်းကို မြန်မြန် လွယ်လွယ်ပြတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

တကယ် မဂ်စစ်လားလို့ မေးတော့ ပွားတဲ့ ဝိပဿနာမဂ်ဘဲ ရှိသေးတယ်၊နောက်ကျတော့"မဂ္ဂါဘိညာ သကိံမတာ"ဆိုတာ က သူရင့်လာလို့ရှိယင် လောကုတ္တရာမဂ် လာမယ်၊ မလာပေ ဘူးလား....(လာပါတယ်ဘုရား) ဒါဏ ပွားတဲ့မဂ်၊ နောက်ကျ တော့ တကာဏကာမတွေ ဒိဋ္ဌိဝိစိကိစ္ဆာ သတ်တဲ့မဂ်ဏ လာလိမ့် ဦးမယ်၊မလာပေဘူးလား .... (လာပါတယ်ဘုရား) လာယင် ဘယ်နေရာ လာမယ်၊ ဒီအစပ်ကို ဖြတ်မှာဘဲ၊ ရှင်းပလား .... (မှန်ပါ့ဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကို ထောက်၍ပြသည်)။

မပွားလို့ရှိယင် ဝေဒနာပစ္စယာ တဏှာဆိုပြီး စပ်ပါတယ်လို့ ပြောလိုက်တယ်၊မစပ်ဘူးလား....(စပ်ပါတယ်ဘုရား)။

တဏှာပစ္စယာ....(ဥပါဒါန်ပါဘုရား)။

ဥပါဒါနပစ္စယာ....(ကမ္မဘဝပါဘုရား)။

ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဇာတိပစ္စယာ.... (ဇရာမရဏပါဘုရား)။

ဇရာမရဏရှိတဲ့ပုဂ္ဂိုလ်ဟာတဲ့ သေဏာနီးမှာသောကပရိဒေဝ မလာဘူးလား....(လာပါတယ်ဘုရား) အဲဒီ သောက ပရိဒေဝ ဆိုတာ အာသဝတွေကိုဆိုပါတယ်၊ အာသဝသမုဒယာ—အဝိဇ္ဇာ သမုဒယာဆိုတော့ ပတ်မသွားသေးဘူးလား(ပတ်သွားပါတယ် ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မပတ်ချင် ဘာလုပ်ရမတုံး၊ဒီစိတ်ကို (ဖြစ်ပျက်မှုရပါ မယ်ဘုရား)ဒါဖြင့် စိတ်က ဖြစ်ပျက်၊ ရှုတာကဲ....(မဂ်ပါဘုရား)

ပေါ်ပလား(ပေါ်ပါပြီဘုရား) ဒါဖြင့် သူက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)မဂ်ကလေးက ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)အဲ... ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ကြည့်၊ သဘောပါပလား (ပါပါပြီဘုရား) ဒုက္ခသစ္စာကို .... (မဂ္ဂသစ္စာနဲ့ ကြည့်ရပါမယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာဖြစ်ရမတုံး ဆိုတော့ ဒီကြည့်၊ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား) (စက်ဝိုင်းကို ထောက်၍ပြသည်)ဒီထဲပေါ်သ၍ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား) အင်မတန်ရှင်းသွားပြီဆိုတာ တကာတကာမတွေ့ သေချာပလား....(သေချာပါတယ်ဘုရား)ကောင်းပြီ-ဒါဖြင့် ဒီစိတ်က ဖြစ်ပျက်၊ရှုတာက (မဂ်ပါဘုရား)။

သေတာက သမုဒယ၊ သဘောကျပလား(ကျပါပြီ) နောက်ထပ်မလာတာက(ဒုက္ခသိမ်းတာ) ဒုက္ခသိမ်းတာ မဟုတ်လား.... (မှန်ပါ)ဒါဖြင့်တကျာသိမ်းနိဗ္ဗာန်၊ ဒုက္ခငြိမ်းကော (နိဗ္ဗာန်ပါ) ဩော်....နိဗ္ဗာန်က ဒီနှစ်ကွက်ပြတ်သွားယင် ပြီးတာဘဲ၊ သဘောပါကြပလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီ တကာတအာမတွေ့မှာထွက်လမ်း တွေ့ပလားလို့ မေးယင်(တွေ့ပါပြီဘုရား) ဩော်.... ခင်ဗျားတို့ကသာ တွေ့နေတယ်၊ဒီမှာကြည့်ဦး၊ ဒီအစပ်ပြတ်မှ တွေ့တယ်(မှန်ပါ) (စက်ဝိုင်းကို ထောက်ပြသည်)ဒီအစပ်မပြတ်ယင်.... (မတွေ့ပါဘုရား) ဟောဒီ အနီကြောင်းကလေး မတွေ့ဘူးလား .... (တွေ့ပါတယ်ဘုရား) အဲဒီတော့ အနီကြောင်းကလေးက ဒီဘက်ကို မစပ်ဘူးတဲ့....။

တကာ တကာမတို့ 'စိတ္တာနုပဿနာ ဓမ္မာနုပဿနာ' ဖြစ်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ထွက်လမ်း၊ စိတ်ချုပ်တာ မြင်ရင် ထွက်လမ်းဘဲ၊ သဘောကျပလား....(သဘောကျပါပြီ ဘုရား) စိတ်ချုပ်တာမြင်ရင်.... (ထွက်လမ်းပါဘုရား) စိတ်ချုပ်တာက ဘာသစ္စာ....ဒုက္ခသစ္စာ....(မှန်ပါ့) မြင်တာက .... (မဂ္ဂသစ္စာပါ ဘုရား)ဒါဖြင့် ဒီနေရာ မဂ်ပေါ်တော့ ဒီမဂ်က သည်တကာ တကာမတို့ ဒီဘက် ထွက်မသွားဘူးလား.... (ထွက်သွားပါတယ် ဘုရား)။

ဒီဘက် ဆက်ပေးသေးသလား....(မဆက်ပါဘုရား) ဖြတ်ပေးတယ်(မှန်ပါ့) သဘောကျပလား(ကျပါပြီ) ဖြတ်တော့ ဒီဘက် မထွက်ဘူးလား.... (ထွက်ပါတယ် ဘုရား) ထွက်တော့ကို 'စိတ္တာနုပဿနာ ဓမ္မာနုပဿနာ' ပဋိစ္စသမုပ္ပါဒ် ထွက်လမ်း၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဩော်.... ဒါဖြင့် ဇဝိုင်းပြေးသေးသလား... ထွက်သွားပလား....(ထွက်သွားပါပြီဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မြင်စိတ်ကလေးလာရင် ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုပေးနော်(မှန်ပါ့) ဥဒယဗ္ဗယကို မိအောင်ရှုပါ၊ မြင်စိတ်ကလေးလာရင်· (ဖြစ်ပျက်ရှုရပါမယ်)။

ဘာနဲ့ရှုမယ် .... (မဂ်ကလေးနဲ့ရှုရပါမယ်) လောကီ မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်စမ်းပါ၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ သမ္မာသတိ၊သမ္မာသမာဓိ....ဆိုတဲ့စာမှာ လာတဲ့အ တိုင်းပေါ့ဗျာ သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်နှစ်ခုပေါင်းပြီးရှုလိုက်စမ်းပါ၊ သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ကြားစိတ်ကလေးလာယင်လဲ ဘာလုပ်မယ်(ဖြစ်ပျက်ရှုရမှာပါ)ဒါဖြင့် ဖြစ်ပျက်....မင်္ဂ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ) နံစိတ်ကလေးလာယင်ကော (ဖြစ်ပျက် ရှုရမှာပါဘုရား)ဖြစ်ပျက် မဂ် မဖြစ်ပေဘူးလား..... (ဖြစ်ပါတယ်ဘုရား)ကဲ....ဒါဖြင့် စားစိတ်ကလေး လျှာပေါ်မှာပေါ် ပြီ ....(ဖြစ်ပျက်ရှုရပါမယ်) မဂ်....မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)သဘောပါ လား ... (ပါပါတယ်) မလွယ်ဘူးလား....(လွယ်ပါတယ်ဘုရား)မလုပ်ဖြစ်မှာဘဲ စိုးရိမ်တယ်။

တကာတကာမတို့ တရားကတော့ ကေန်လွယ်တယ်၊သဘောပါ လား....(ပါပါပြီ ဘုရား) မလုပ်ဖြစ်မှာသာ စိုးရိမ်တယ်၊ မလုပ်ဖြစ်တဲ့ပုဂ္ဂိုလ်ကိုဘယ့်နှယ်ကြောင့်မလုပ်ဖြစ်ပါသိမ့်မလဲလို့ မေးလို့ရှိယင် အဝိုင်းပြေးချင်လို့သာ မှတ်ပေတော့၊ သဘောကျပလား....(ကျပါပြီ) မလုပ်ဖြစ်တဲ့ပုဂ္ဂိုလ် ဘယ့်နှယ်ကြောင့်ပါလိမ့်...(အဝိုင်းပြေးချင်လို့ပါဘုရား)။

အဝိုင်းပြေးချင်လို့ဆိုတော့ ခင်ဗျားတို့က ပုရွက်ဆိတ်ကလေးတကောင်သည် လင်ပန်းပေါ် အဝိုင်းပြေးနေတဲ့အခါကျတော့ ခင်ဗျားတို့က မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါ၊ ဩော်... တိရစ္ဆာန်များ တယ်မိုက်ပါကလား၊ အဝိုင်းသာ လှည့်ပြေးနေတာဘဲ၊ ဆင်းတာမှမဟုတ်ဘဲ၊ ထွက်တာမှ မဟုတ်ဘဲဆိုပြီး မသနားကြဘူးလား(သနားပါတယ်ဘုရား)ကဲ့ရဲ့ကော မကဲ့ရဲ့ဘူးလား....(ကဲ့ရဲ့ပါတယ်ဘုရား) တိရစ္ဆာန်ကိုး မသိရှာဘူး၊ သဘောပါပလား....(ပါပါတယ်)ခင်ဗျားတို့က ဘယ်လိုနေကြပါလိမ့် ....(အဝိုင်းပြေး- ပြေးနေပါတယ်ဘုရား) အဝိုင်းကော မပြေးဘူးလား....(ပြေးပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဘယ်လိုညည်းရမလဲ ပြော-ပြောပါဦး၊ခင်ဗျားတို့ ဒီအဓိပ္ပါယ် မရဘူးလား .... (ရပါတယ် ဘုရား) သို့သော် မပြောပါဘူး အားနာဘယ်၊ရှင်းပလား....(ရှင်းပါပြီ) ကိုင်း....ဒါဖြင့် တကာတကာမတို့ ငါသည် လူ့ တိရစ္ဆာန်တော့ မဖြစ်ပါရစေနဲ့ဆိုတဲ့ဥစ္စာကိုထွက်ရပ်လမ်းရှာပါဒီကနေထွက်ပါ။

ဝေဒနာဇာ တဏှာစပ်လို့ ရှိယင် ဟော....ဒီဘက်မှာတဲ့ ပဋိစ္စသမုပ္ပါဒ်လည်လမ်း၊ ဒီဘက်လည်လိမ့်မယ် (မှန်ပါ) သဘောကျပလား(ကျပါပြီ) ဝေဒနာပစ္စယာ တဏှာဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဘာတဲ့တုံး(လည်လမ်းပါဘုရား) အဲ....ဒီကိုဆက်ယင် လည်လိမ့်မယ်တဲ့၊ ဒီကနေ ဒီပြန်ဆက်လို့ ရှိယင်ဆက်လမ်း၊တကာတကာမတို့ ဘုရားသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဖြစ်သလား ဝေဒနာနဲ့ တဏှာကြားမှာဖြစ်သလား (ဝေဒနာနဲ့တဏှာကြားမှာ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အိန္ဒိယသွားတို့ မလိုပါဘူး၊ ဒီနေရာတွင်ဖူး၊ ရိပ်မိပလား(ရိပ်မိပါပြီ)ဟိုဟာက ပညတ်ပြောနေတာ ပရမတ်က ဒီနေရာမှာဖြစ်တာ၊ ဒီနေရာမှာမဂ်ဉာဏ်ရဘာယ်(မှန်ပါ)သဘော ပါပလား.... (ပါပါတယ်ဘုရား) ဒီ- ပစ္စုပ္ပန် ခန္ဓာနဲ့ အနာဂတ် အကြောင်းနဲ့ မဆက်တဲ့နေရာမှာ ဘုရားဖြစ်ရပါတယ် -(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရား ဘယ်နေရာဖြစ်သတုံး.... (ဝေဒနာနဲ့ တဏှာကြားမှာ) သောတာပန် ဘယ်နေရာမှာဖြစ်သတုံး (ဝေဒနာနဲ့တဏှာကြားမှာပါ)သကဒါဂါမ် ဘယ်နေရာမှာဖြစ်သတုံး (ဝေဒနာနဲ့တဏှာကြားမှာပါ)ဒီကြားမဂ်ပေါ်ရမှာဘဲ၊ သဘောပါပလား... (ပါပါတယ်)ဒါဖြင့် တကာတကာမတို့ ဘုရားဖြစ်တဲ့ နေရာလဲသိပြီ

နော် မသိကြသေးဘူးလား....(သိပါပြီဘုရား) အိန္ဒိယမှာ ဖြစ်သလားတဲ့၊ သူ့ဝမ်းထဲမှာ ဖြစ်သလား...(သူ့ဝမ်းထဲမှာ ဖြစ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အိန္ဒိယသွားပြီး ဘုရားဖူးနေလို့ ခက်နေတယ်-(မှန်ပါ့)ကိုယ့်ဝမ်းထဲမှာလဲ ကိုယ့်သန္တာန် သောတာပန် ဖြစ်ချင်ယင် ဒီနေရာမှာ မဂ်ပေါ်ရမယ်၊ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား) မဂ်ဟာ တခြားနေရာမှာ ပေါ်ရမှာသား၊ ဝေဒနာနဲ့ တဏှာကြား ပေါ်ရမှာလား....(ဝေဒနာနဲ့ တဏှာကြား ပေါ်ရမှာပါဘုရား) အဲ... ဝေဒနာနဲ့ တဏှာ မဆက်လို့ရှိယင် မဂ်၊ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာတကာမတွေ ယားစိတ်ကလေးလာယင်လဲ ဘာလုပ်ကြမယ်(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုတော့ ဒီကနေရှုရမှာ... (မှန်ပါ့)ဒီကနေ ရှုတော့ ဒီဘက်အဆက် မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား) သဘောပါပလား....(ပါပါပြီ) ဒါဖြင့် မဆက်တော့ဘူးဆိုတော့ ဒီဘက် မထွက်ဘူးလား....၊ထွက်သလား (ထွက်ပါတယ်ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း၊သဘောပါပလား(ပါပါတယ်) ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းဆိုတာ နိဗ္ဗာန်ရောက်တာ ပြောပါတယ်၊ အားလုံး သဘောပါကြပလား-(ပါပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာဘကာမတို့ ကိုယ်ပေါ်မှာ လေကလေးတိုက်တယ်၊အနုလုဗ္ဗကမျိုးတဲ့အထဲမှာ အိုက်တဲ့ဝေဒနာကလေးချုပ်ပြီးသတာလ ချမ်းသာတဲ့ ဝေဒနာကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒါ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါ

မယ်)အဲ....ချမ်းသာတဲ့ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ကလေး လဲ ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊

ဒါဖြင့် ဖြစ်ပျက်၊ဒီက ဘာဖြစ်မလဲ(မဂ်ပါဘုရား)ဒီကဟဒယ ဝတ္ထုပေါ်ကနေပြီး မဂ်နဲ့ရှုပါ၊သူက ကိုယ်ပေါ်မှာဖြစ်တာ၊သူက ဟဒယဝတ္ထုပေါ်မှာ ဖြစ်တာ၊ရှင်းပလား(ရှင်းပါပြီဘုရား)သူက ဘယ်ပေါ်မှာ ဖြစ်သတုံး(ကိုယ်ပေါ်မှာဖြစ်ပါတယ်ဘုရား)မဂ်က ဘယ်ပေါ်မှာဖြစ်သတုံး .. (ဟဒယဝတ္ထုပေါ်မှာဖြစ်ပါတယ်) ဒါ ဖြင့် ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဒီပဋိစ္စသမုပ္ပဒ် ဆက်သေးရဲ့လား-(မဆက် တော့ပါဘုရား) သူက ပဋိစ္စသမုပ္ပါဒ်၊ သူက ပဋိစ္စသမုပ္ပန္န၊ဆက် သေးရဲ့လား....(မဆက်တော့ပါဘုရား)။

မဆက်ယင် ဒီနေရာမှာ ပွါးများပါ၊ သောတာပန်တည်တဲ့ နေရာ၊ တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား) သကဒါဂါမ်ကော....(ဒီနေရာမှာပါဘဲဘုရား)အနာဂါမ်ကော.... (ဒီနေရာမှာပါဘဲဘုရား) ရဟန္တာကော(ဒီနေရာမှာပါဘဲဘုရား) ဘုရားကော... (ဒီနေရာမှာပါဘဲဘုရား) ဒီနေရာ အရေးကြီးပါ သလား တကာဘကာမတို့.... (မှန်ပါ) မကြီးဘူးလား....(ကြီးပါ တယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကို ကြုံတဲ့ အခါမှာ သတိပေးပါတယ်၊ ခင်ဗျားတို့ကို တာရှည် ချီးမြှောက် ချင်ငြားသော်လဲ မရလို့၊ ဪ... ဒီနေရာမှာ ဒို့ သောတာပန် တည်ချင်ယင် ဒီနေရာ မဂ်ပေါ်ဘို့ အရေးကြီးတယ်၊ မဂ်ဆိုတာ တကာတကာမတို့ ဆုတောင်းယူရတာလား၊ဖြစ်ပျက်ကို သိတာ မဂ်ခေါ်မလား....(ဖြစ်ပျက်သိတာ မဂ်ခေါ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့က ဝဋ္ဋဘဝ တိုတိုနဲ့ မဂ်ဖိုလ် ရ-ရပါလို၏

ဘုရားလို့ ဘုရားရှေ့ လက်အုပ်ကလေး ချီကာ အာသနားခံနေကြတယ်....(မှန်ပါ) အာသနားမခံကြဘူးလား....(ခံပါတယ်ဘုရား)။

ကိုယ့်ဟာ ကိုယ်ရှုရမှာလား.... ဘုရားက ပေးမှာလား ....(ကိုယ့်ဟာ ကိုယ်ရှုရမှာပါဘုရား)နို့-ဘာပြုလို့ သွားတောင်းနေသလဲ၊ ကိုယ့်ဟာ ကိုယ်ရှုရမှာ သွားတောင်းနေတယ်၊ တကာတကာမတို့ တပည့်တော်တို့ အမျိုးအရိုးကိုက တောင်းတတ်တဲ့ အမျိုးဘုရား၊ ဒီလိုမျှား ဆိုချင်သေးသလား.... (ဆိုရမှာပါဘုရား)ဆိုတော့ ကိုယ့်ပါးစပ်ကတော့ဆိုနေတာပေါ့ဗျာ၊ ကိုယ့်ပါးစပ်က ဆိုလို့တော့ ရမှာမဟုတ်ဘူး....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုယ့်ပါးစပ်ကတော့ဖြင့် ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ,ရပါလို၏ ဘုရားဆိုပြီး ဆုတောင်းပြည့်ဘုရား မသွားဘူးလား....(သွားပါတယ်ဘုရား)ဘုရားက ယူတော့လို့ ပေးလို့ နိဗ္ဗာန်ရပါရဲ့လား....(မရပါဘုရား) ကိုယ့်ဟာ ကိုယ်ပဋိစ္စသမုပ္ပါဒ်ပြတ်မှ မဂ်ဉာဏ်ပေါ်မှ နိဗ္ဗာန်မြင်တယ်၊ ဒါမှ နိဗ္ဗာန်မဂ္ဂသဖြစ်တယ်၊ နို့မို့ယင်ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) ဒါဖြင့် တောင်းယူရမှာလား....၊ လုပ်ယူရမှာလား....(လုပ်ယူရမှာပါဘုရား) ဒီကရှေ့ပြင်ကြပါဦး၊တကာတကာမတို့၊ဘုရားတွေတိုင်းခင်ဗျားတို့ကနိဗ္ဗာန်သနားတော်မူပါ၊ နိဗ္ဗာန်ပေးတော်မူပါ ပြောဆိုတောင်းကြတဲ့အတွက် ပေးနိုင်ရဲ့လား....(မပေးနိုင်ပါဘုရား)။

ပေးနိုင်ယင် ရာဟုလာကို ထမ်းခေါ်သွားတယ် နိဗ္ဗာန်ကို၊ ရာဟုလာဝါဒသုတ်လို့ ဟောဘို့မလိုဘူး၊ လိုသေးရဲ့လား(မလို

ပါဘုရား)ရဟုလာ ကျင့်ရမည့်သုတ် ဟောဘို့ လိုသေးသလား....
(မလိုပါဘုရား)။

ဒါဖြင့် ဘုရားက နိဗ္ဗာန် ပေးနိုင်သလား၊ နည်းသာ ပေးနိုင်သလား။(နည်းသာပေးနိုင်ပါတယ်ဘုရား)ဒါဖြင့် ဘုန်းကြီးတို့က ဘုရားအမွေခံပြီး နည်းပေးနေပြီ၊ခင်ဗျားတို့က ဒီအတိုင်းလုပ်ရုံဘဲ ရှင်းပလား....(မှန်ပါ့) ကဲ... ဝမ်းထဲ လောဘစိတ်ကလေး ပေါ်မယ်၊ ဘာလုပ်မလဲ....(ဖြစ်ပျက် ရှုရပါမယ်) ဒီက ဖြစ်ပျက်ဆိုတော့ ဒီက မဂ်ဖြစ်မယ်၊ သဘောကျပလား...(ကျပါပြီဘုရား) ကောင်းပြီ--ဒေါသစိတ်ကလေး ဒီမှာပေါ်မယ်....(ဖြစ်ပျက်ပါ) ဒီတော့ ဘာနဲ့ရှုမယ်....(မဂ်နဲ့ ရှုရမှာပါ) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားလို့ရှိယင် နိဗ္ဗာန် မရ-မရှိ....(မှန်ပါ့)သဘောကျလား-(ကျပါပြီ)ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားယင်....(နိဗ္ဗာန် မရ-မရှိပါဘုရား)။

ဒီကြားထဲ ကိလေသာ,သာ မခြားစေနဲ့ ညနေအားတုတ်ယင် နံနက်ရတယ်၊ ပဏ္ဏာသမှာ ဒီအတိုင်း လာပါတယ် တကာတကာမတို့၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ညနေ အားထုတ်ယင် နံနက်ရတယ်၊ နံနက်အားထုတ်ယင် ညနေရတယ်၊ ဗောဓိရာဇကုမာရ မင်းသားကို ဟောတယ်၊ သဘောကျပလား....(ကျပါပြီဘုရား) အဲဒီတော့ နိဗ္ဗာန်ဝေးသလား....နီးသလား....(နီးပါတယ်ဘုရား) ဘာဖြစ်လို့ မရောက်ပါလိမ့်မတုံး ဆိုတော့ တပည့်တော်တို့က ဆက်ဆက်ပစ်လိုက်တာဘုရား၊ သဘောကျပလား....(မှန်ပါ့) ဝေဒနာနဲ့ တဏှာနဲ့ကော.... (ဆက်ပစ်ပါတယ်ဘုရား) ဖဿနဲ့ တဏှာနဲ့ကော(ဆက်ပစ်ပါတယ်ဘုရား)စိတ်နဲ့တဏှာနဲ့ကော.... (ဆက်ပစ်ပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ကတော့ အဆက်ဝါသနာ ပါလိုက်တာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ဒါကြောင့် နိဗ္ဗာန် မရတာ၊ ဒီကရှေ့ အဖြတ်ဝါသနာပါမှ ရမယ်...(မှန်ပါ) သဘောပါကြပလား.... (ပါပါပြီဘုရား) ဘာဝါသနာပါမှ ရမလဲ....(အဖြတ်ဝါသနာ ပါမှ ရမယ်)ဖြတ်တတ်တဲ့ ဝါသနာ ပါမှ ရမယ်ဆိုတာ သဘော ကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝမ်းထဲမှာရှုစိတ်ကလေး ပေါ်လာယင်လဲ ရှုစိတ်ကလေးရှုပြီးပျက်တာဘဲလို့ ဓမ္မာရုံမို့ မနေဘဲဒွါရနဲ့ ရှုသဘောကျပလား... (ကျပါပြီ)အဲဒီတော့ ဖြစ် ပျက်ရှုတာက(မင်္ဂပါဘုရား)ရှုက်စိတ်ကလေး လာယင်လဲ ရှုက် စိတ်ကလေး ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရမယ်) ရှုတာက ဘာ ဖြစ်မယ်....(မဂ်ဖြစ်ပါတယ်ဘုရား)မပြတ်ဘူးလား....(ပြတ်ပါ တယ်ဘုရား)ပြတ်တော့ ၃-က ၄-ကူးသွားသေးရဲ့လား-(မသွား ပါဘုရား)(ဤနေရာ၌ စက်ဝိုင်းကို ပြသည်)။

ဒါဖြင့် ၃-သည် သမုဒယသစ္စာ ချုပ်တယ်၊ ၄-သည် ဒုက္ခ သစ္စာချုပ်တယ်၊ ဟုတ်လား(မှန်ပါဘုရား)ဒါဖြင့် တဏှာနိရောဓ နိဗ္ဗာန်၊ ဒုက္ခနိရောဓ နိဗ္ဗာန် ဟုတ်-မဟုတ်...(ဟုတ်ပါ တယ်ဘုရား)သဘောပါကြလား....(ပါပါပြီဘုရား)။

တဏှာနိရောဓ....(နိဗ္ဗာန်ပါဘုရား)။

ဒုက္ခနိရောဓ .... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်က ဒီ ၂-ကွက် ရှိတာဘဲ(မှန်ပါ)ခင်ဗျားတို့က ဒီကနေ ဖြတ်လိုက်လို့ရှိယင် ဒီ ၂-ကွက် ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)(

ချုပ်တာသာ လာတော့တယ်၊ပေါ်တာ လာသေးရဲ့လား-(မလာပါဘုရား)ဒါဖြင့် နိဗ္ဗာန် ရ-မရ(ရပါတယ်ဘုရား)ဒါဖြင့် နိဗ္ဗာန်သည် တကာတကာမတို့ဖြစ်မှုရမယ်(မှန်ပါ့)သံသရာသည် ဆက်မှ ရတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ ဘုရား) နိဗ္ဗာန်ကတော့....(ဖြတ်မှ ရပါမယ်ဘုရား)သံသရာ ခရီးသည်ကတော့....(ဆက်မှ ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဆက်ကြိုက်သလား....၊ အဖြတ် ကြိုက်သလား-(အဖြတ် ကြိုက်ပါတယ်ဘုရား) အို....ပြောသာ ပြောနေတာ၊ခင်ဗျားတို့က ဖြတ်ပါဆိုလို့ရှိယင်ဖြင့် ကြိုက်ကိုမကြိုက်ဘူး၊ ဒီခေါ်နဲ့ ဒီမျဉ်းနဲ့ ဖြတ်ကြပါလားဆိုလို့ရှိယင် ကြိုက်ကြရဲ့လား (မကြိုက်ပါ) ဘာပြုလို့ မကြိုက်တာလဲ အဆက်ကြိုက်လို့ မကြိုက်တာ၊ ဒါကြောင့် နိဗ္ဗာန်မရတာ ပေါ်ပလား(ပေါ်ပါပြီ ဘုရား) သူများပြောသလား၊ ကိုယ့်အကြိုက်နဲ့ နိဗ္ဗာန်နဲ့ ကိုက်ကဲ့လား.... (ကိုယ့်အကြိုက်နဲ့ နိဗ္ဗာန်နဲ့ မကိုက်ပါ ဘုရား) ဒါ့ကြောင့် မရတာ၊ဘုရားတော့က ဒို့များ မေ့လို့ထင်ပါရဲ့လို့ အောက်မေ့မနေနဲ့၊ သဘောပါပလား....(ပါပါတယ် ဘုရား)။

ကောင်းပြီ--ဒါဖြင့် တနည်းပြောပါဦး မယ်၊လူတယောက်မှာ စိတ်တခုနဲ့ အသက်ရှင်နေတာ၊တခုနဲ့အသက်ရှင်သလား၊ နှစ်ခုနဲ့ အသက်ရှင်သလား(တခုနဲ့ အသက်ရှင်ပါတယ်) "ဧကစိတ္တသမာယုတ္တာ" တခုသောစိတ်နဲ့ အသက်ရှင်တယ်၊ဒီစိတ်ကလေးက ဖြစ်ပြီးပျက်သွားတဲ့အခါကျတော့-မသေသေးဘူးလားလူတယောက် (သေပါတယ်ဘုရား)ဥပမာ--မောင်ကို တယောက်ဖြင့် မောင်ကို တယောက် သေတယ်၊ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား) ဦးညွန့်တယောက်ဖြင့်....(ဦးညွန့်တယောက်သေပါတယ်ဘုရား)။

စိတ်တခုနဲ့ အသက်ရှင်တာကိုး-(မှန်ပါဘုရား)အဲဒီ အသေကို ဒီကနေပြီးသကာလ နောက် စိတ်ဆိုတာလဲ မပေါ်ဘဲ နေလို့ မရဘူး....(မှန်ပါ)အဲဒီတော့ နောက်စိတ်နဲ့ အသေကို အရှင်နဲ့ ကြည့်ပါ....(မှန်ပါ) တကာတကာမတို့ ဘာတဲ့တုံး....(အသေကို အရှင်နဲ့ ကြည့်ရမှာပါဘုရား)အသေကို အရှင်နဲ့ (ကြည့်ရမှာပါ) အရှင်နဲ့ကြည့်တဲ့၊ နောက်စိတ်နဲ့ကြည့်(မှန်ပါ၊ သဘောပါပလား-(ပါပါပြီ)နောက်စိတ်မှာ မဂ္ဂင်ပါပါတယ်၊အသေကို....(အရှင်နဲ့ ကြည့်ရပါမယ်)အသေက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အရှင်က....(မဂ္ဂသစ္စာပါဘုရား)ပြန်ကိုက်တာကိုး၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ပြန်မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် အသေကို....(အရှင်နဲ့ ကြည့်ရပါမယ်ဘုရား)ဒါဖြင့် စိတ်သေတိုင်း, သေတိုင်း အရှင်နဲ့ ကြည့်ရမယ်ဆိုလို့ ရှိယင် ဒီ သံသရာ ပြတ်-မပြတ်(ပြတ်ပါတယ်ဘုရား)ဒါဖြင့် တကာတကာ မတို့ ဒီစိတ်နဲ့ အသက်ရှင်တယ်၊ နောက် ဒီစိတ်အသေး သေသွား တော့နော်....နောက်စိတ် မလာယင် တကာတကာမတို့ သုသာန် ပို့ရမယ်-(မှန်ပါ) မပို့ရဘူးလား ပို့ရမလား....(ပို့ရပါမယ်)။

ဒါဖြင့် သုသာန်မပို့ပါနဲ့တဲ့၊နောက်စိတ်က ပေါ်လာတော့ကို နောက်စိတ်နဲ့ အသက်မရှင်ရဘူးလား....(ရှင်ရပါတယ်) ဒါဖြင့် အရှင်စိတ်နဲ့ အသက်ရှင်နေတဲ့ တကာ တယောက်၊ တကာမ တယောက် မသေသေးဘူးလား....(သေပါတယ်ဘုရား) ဒါဖြင့် အသေကို ဘာနဲ့ ကြည့်ရမလဲ(အရှင်နဲ့ကြည့်ရမှာပါ)အသေကို (အရှင်နဲ့ ကြည့်ရမှာပါဘုရား)။

ဒါဖြင့် အသေကို အရှင်နဲ့ကြည့်တော့ အသေဟာ ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား) မရဏမ္ပိ ဒုက္ခံ လို့ ဘုရားက ဟော

ထားတယ်၊ ရုပ်၏ မရဏ၊ နာမ်၏ မရဏ၊ သဘောကျပလား.... (ကျပါပြီ) မရဏမှု... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)ဒါဖြင့် အသေက ဒုက္ခသစ္စာ၊ အရှင်က ဘာသစ္စာလဲ... (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် မဂ်ရဘို့ တကာတကာမတို့ ဘယ်လိုရအောင် လုပ်ကြမတုံးဆို အသေကို အရှင်နဲ့ကြည့်ယင် မဂ်ရတယ်....(မှန်ပါ) အသေကို....(အရှင်နဲ့ ကြည့်ယင် မဂ်ရပါတယ်ဘုရား)။

သူများပြောလား-ခင်ဗျားတို့ အတွေလား(အတွေ့ပါဘုရား) သူများပြောသကြားဆိုယင် ခင်ဗျားတို့မယုံပါနဲ့ ဒါဖြင့် ကိုယ့် အသေကိုယ်မြင်တာလား၊ သူများအသေ မြင်တာလား(ကိုယ့် အသေ ကိုယ်မြင်တာပါဘုရား) ကိုယ့်အသေက ဒုက္ခသစ္စာ၊ ရှင်းလား၊ကိုယ်မြင်တာက(မဂ္ဂသစ္စာပါဘုရား) ကိုယ့်အသေက (ဒုက္ခသစ္စာပါဘုရား)အသေထက် ဒုက္ခရောက်တာများ ရှိသေးသလား (မရှိပါဘုရား) ဒါဖြင့် ကိုယ့်အသေက(ဒုက္ခသစ္စာပါ) ကိုယ်မြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်ဟာဖြင့်တဲ့ နောက် လူ့ဘဝ၊ နတ်ဘဝ ဆုတောင်းပါဦးမလား...(မတောင်းပါ ဘုရား)ဒီလိုချည့် သေနေမှာဘဲဆိုတာ မသိဘူးလား...(သိပါ တယ်ဘုရား) အဲဒီတော့ ငြီးငွေ့မလာပေဘူးလား(လာပါတယ် ဘုရား)ကိုယ့်အသေ ကိုယ်မြင်တာက ယထာဘူတဉာဏ်၊မြင်ဖန် များလို့ ငြီးငွေ့လာတာက နိဗ္ဗိန္ဒဉာဏ်(မှန်ပါ)နောက် ရှုဖန် များတော့ ကိုယ့်အသေကြီး ကိုယ် လိုချင်သေးရဲ့လား-(မလို ချင်ပါဘုရား) မလိုချင်တာက ဘာလဲ....(မဂ်ဉာဏ်ပါဘုရား)။

အဲဒီအချိန်ကျတော့ ဒီ ခန္ဓာငါးပါး အကုန် ပျောက်ဘယ်-(မှန်ပါ့)သဘောကျပလား....(ကျပါတယ်)အသေဇာတ်မသိမ်းဘူးလား....(သိမ်းပါတယ်ဘုရား)အသေဇာတ်သိမ်းတာက ဘာခေါ်မယ်....(နိဗ္ဗာန်)မြင်တာက....(မဂ်ဉာဏ်)မဂ်ဉာဏ်ဆိုတာ တဏှာတကာမတို့ ဒါဖြင့်နိဗ္ဗာန်ဝေးသလား၊ နီးသလား-(နီးပါတယ်ဘုရား) ဒီက နိဗ္ဗာန်၊ ဒီက မဂ်ဉာဏ်၊ ပြော့ ရှုတုန်းကတော့ ဒီက ဒုက္ခသစ္စာ၊ ဒီက မဂ္ဂသစ္စာ။

နောက် မဂ်ရင့်လာတဲ့အခါ သီလမဂ္ဂင်ပါ တိုးလာတဲ့ အခါ ဒီက နိရောဓသစ္စာ၊ ဒီက ဘာတုံး(မဂ္ဂသစ္စာပါဘုရား)ရှင်းပလား(ရှင်းပါပြီ) ဒီလိုဆိုယင် တဏှာတကာမတို့ နိဗ္ဗာန်ဝေးသလား-နီးသလား(နီးပါတယ်ဘုရား)ဒါကြောင့် ဘုရားက'နိဗ္ဗာနဿေဝ သန္တိကေ'လို့.... သံယုတ်ပါဠိတော်ကြီးမှာ ဟောထားတယ်၊ နိဗ္ဗာန် အနီးကလေးကွ၊ တဏှာတကာမတို့ ဘုရားက နိဗ္ဗာန် ဘာတဲ့(အနီးကလေးပါဘုရား)အနီးကလေးလို့ မဟောဘူးလား(ဟောပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုံး၊ ကွေ့သွားနေလို့၊ ရိပ်မိပလား(ရိပ်မိပါပြီ)ဘယ့်နှယ်ကြောင့်မရောက်ပါလိမ့်မတုံး မေးယင်(ကွေ့သွားနေလို့ပါ)ဘယ်ဘက်ကွေ့နေသတုံးဆိုတော့ ဒီပတ်နေတာကိုးဘဲ့ သူ့ဟာက ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်ပတ်နေသတုံး....(အဝိုင်းကြီး ပတ်နေပါတယ်) အဝိုင်းပြေး ပြေးနေလို့ရှိယင် ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား) ဒါဖြင့် ယနေ့ ဖြတ်သမ်း ရပလား....(ရပါပြီဘုရား) ဒါဖြင့် လောဘစိတ်လာလဲ ဖြစ်ပျက်ရှု၊ ဒေါသစိတ် လာတော....(ဖြစ်ပျက်ရှု)မောဟစိတ် လာတော....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဒါဖြင့် မြင်တဲ့စိတ်လာယင်....(ဖြစ်ပျက်ရှုရပါမယ်)ကြားတဲ့ စိတ်လာယင်...(ဖြစ်ပျက်ရှုရပါမယ်)နံစိတ်လာယင်....(ဖြစ်ပျက် ရှုရပါမယ်) စားစိတ်ကလေး လာယင်... (ဖြစ်ပျက်ရှုရပါမယ်) ယားတဲ့စိတ် လာယင်... (ဖြစ်ပျက် ရှုရပါမယ်) ကောင်းတဲ့စိတ် လာယင်... (ဖြစ်ပျက်ရှုရပါမယ်) ကုသိုလ်ပြုချင်ကော··(ဖြစ်ပျက် ရှုရပါမယ်) ကုသိုလ်စိတ်လဲ ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား)။

နို့မို့ ကိုယ့်ကုသိုလ်ကလေး ကိုယ်သာယာနေလို့ ရှိယင်ဖြင့် တဏှာဖြစ်သွားဦးမယ်(မှန်ပါ့)မဖြစ်ပေဘူးလား... (ဖြစ်ပါတယ် ဘုရား)ဒါဖြင့် တကာတကာမတို့ မေတ္တာစိတ်ကလေးကော... (ဖြစ်ပျက်ရှုရမှာပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ရှုစိတ်ကလေးကော... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှိုက်စိတ်ကလေးကော....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုရမှာ ဆယ့်နှစ်ချက်ဆိုပြီး ခင်ဗျားတို့.... ဦးသံဒိုင်အိမ်မှာ အကုန်စာနဲ့ ရေးပေးထားတယ်နော်-- ဝေပါ လိမ့်မယ်....(မှန်ပါ့)။

အဲဒီအတိုင်း ရှုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ညနေ အားထုတ် နံနက်ရမယ်၊ သဘောကျပလား....(ကျပါပြီ)မြန်လှချည့်လား.... ဘုရားဆိုတော့ ကိလေသာတော့ ကြားမှာ မခြားစေနဲ့(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ကိလေသာ ကြား - မခြားယင် ညနေအားထုတ်ယင်....(နံနက်ရပါတယ် ဘုရား) ကိလေသာ ကြား-ခြားယင် ဒီဘဝ အားထုတ်လဲ မရ၊နောက်ဘဝ အားထုတ် ကော(မရပါဘုရား)ဘယ်တော့မှမရလို့မှတ်၊ဒါဖြင့် ကိလေသာ ကြား-မခြားဘို့ရာ အင်မတန် အရေးမကြီးဘူးလား(ကြီးပါတယ် ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်၊ ဘုန်းကြီး သတိပေးလိုက်မယ်၊ ကိလေသာ ကလေးဝင်လာတယ်၊ ထမင်းစားချင်တဲ့ စိတ်ကလေး ပေါ်လာ တယ်၊ဒါ ကိလေသာစိတ် ဝင်တာဘဲ မဟုတ်လား.... (မှန်ပါ) အဲဒီစားချင်တဲ့စိတ်ကိုဖြစ်ပျက်ရှုပါ(မှန်ပါ)သဘောကျပလား.... (ကျပါပြီဘုရား) ဒီပြင်စိတ် ဝင်နိုင်သေးရဲ့လား.... (မဝင်နိုင်ပါ ဘုရား)ဟင်... သူများကို နှုတ်ခမ်းစူချင်တဲ့ ဒေါသစိတ်ကလေး ကော မလာတတ်ဘူးလား.... (လာတတ်ပါတယ်ဘုရား) အဲဒီလို ဒေါသဖြစ်လာယင် ဘာလုပ်မလဲ- (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် လောဘလာလဲ ဖြစ်ပျက်ရှု၊ဒေါသလာလဲ ဖြစ်ပျက်ရှု သဘောပါပလား(ပါ-ပါပြီ) ဒါဖြင့်ဖြစ်ပျက်- မဂ်- မကိုက်သေး ဘူးလား(ကိုက်ပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။

အင်း-ရှုတာက(မဂ်ပါဘုရား)သေတာက (သမုဒယသစ္စာပါ ဘုရား)နောက်ဒုက္ခ မပေါ်တာက နိရောဓသစ္စာ(မှန်ပါ၊နိရောဓ သစ္စာပါ)ဒုက္ခနိရောဓ နိဗ္ဗာန်ကိုး(မှန်ပါ) သဘောပါပလား (ပါ-ပါတယ်ဘုရား) ဟောဘို့တော့ အချိန်တော်တာဘဲ၊ နာရီ စေ့ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ဤတွင် ညွှန့်တရားတော် ပြီးဆုံးပါပြီ။

၇-၇-၆၂ ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ကျောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော
သစ္စာလေးပါး အလုပ်ပေး

တရားတော်

ကဲ....တရားမှတ်ကြ၊ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊သစ္စာမသိလို့ရှိယင်ဖြင့် အိုဘေး, နာဘေး, သေဘေးဆိုတဲ့ သံသရာကြီးဟာ ဘယ်တော့မှ မပြတ်တော့ဘူး ဆိုတာ တကာ တကာမတို့ မှတ်ထားကြပါ၊ သစ္စာ မသိသရွေ့ ကာလပတ်လုံး ဘာဘဲလုပ် လုပ်- ဘာဘဲ လှူဒါန်း ပေးကမ်းပြီး သကာလ နေစေတာမှု သစ္စာမသိသေးလို့ရှိယင်ဖြင့် ဒုက္ခခပ်သိမ်း မငြိမ်း သေးဘူးဆိုတာ သေသေချာချာမှတ်ကြပါ၊ သစ္စာမသိသေးယင် ဒုက္ခခပ်သိမ်း မငြိမ်းသေးဘူးဆိုတာ သေသေချာချာ မှတ်ကြပါ၊ နားလည်ကြပလား....(မှန်ပါ့ဘုရား)။

သစ္စာမသိယင် ဘာဖြစ်မလဲဘုရားလို့ မေးတဲ့အခါကျတော့ သစ္စာမသိလို့ရှိယင်ဒုက္ခရှာပါလိမ့်မယ်ဆိုတာကိုဆုံးဖြတ်ချက်ချပါ၊သစ္စာမသိယင် ဘာရှာမယ် ထင်ကြသတုံး-(ဒုက္ခရှာပါလိမ့်မယ်) ဒုက္ခရှာမယ်ဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ပါ၊ဒီမှာစကြည့်ပါ။

အဝိဇ္ဇာဆိုတာ သစ္စာကိုမသိတာ၊အဝိဇ္ဇာဆိုတော့.... "ဒုက္ခေ အညာဏံ၊ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ" ....လို့ ဆိုတော့ သူက

သစ္စာလေးပါးလုံး မသိတဲ့တရား၊ အဝိဇ္ဇာ ဘာခေါ်ကြမယ်-(သစ္စာလေးပါးလုံး မသိတဲ့တရား) သစ္စာလေးပါးလုံး မသိတဲ့တရားလို့ သေသေချာချာမှတ်ပါ၊

အဲဒီတော့ သစ္စာလေးပါး မသိတဲ့တရားဆိုတော့ တကာတကာမတွေက ဘာကြောင့် သစ္စာလေးပါး မသိဘူး၊ မသိတဲ့ပုဂ္ဂိုလ်ဟာတဲ့ လမ်းသွားချင်သလိုသွားပါလိမ့်မယ်၊ လမ်းသွားချင်သလိုသွားတဲ့အခါကျတော့ ဒီသင်္ခါရဆိုတာ လုပ်ပါလိမ့်မယ်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာ တကာတကာမတို့ သင်္ခါရက ခင်ဗျားတို့ လူ့ဘဝ၊ နတ်ဘဝလိုချင်လို့ လုပ်တဲ့ကုသိုလ်၊ ပစ္စုပ္ပန် ချမ်းသာချင်လို့ လုပ်တဲ့ကုသိုလ်၊ ဒါသင်္ခါရအလုပ်....(မှန်ပါ့ဘုရား)။

လူ့ဘဝ၊ နတ်ဘဝ လိုချင်လို့ လုပ်တဲ့ ကုသိုလ်ဟာ ဘာတုံး....(သင်္ခါရပါဘုရား) သင်္ခါရတဲ့၊ ယခုဘဝ ချမ်းသာချင်လို့ လုပ်တဲ့ ကုသိုလ်တွေကော.... သင်္ခါရပါဘုရား၊ ဘာကြောင့် ဒါဖြင့် ဒီသင်္ခါရသည် တကာတကာမတို့.... မသိတဲ့ပုဂ္ဂိုလ် လုပ်တာ....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်သူလုပ်တာဘာလဲမို့....(မသိတဲ့ပုဂ္ဂိုလ် လုပ်တာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် လုပ်တာတဲ့ကြောင့်.... ဒါဖြင့်တကာတကာမတို့ မသိတဲ့ပုဂ္ဂိုလ် လုပ်တာဖြင့် မှန်လိမ့်မယ်.. မှားလိမ့်မယ် ဆိုတာ ဘုန်းကြီးတို့တကာတကာမတွေကဘာမှစစ်ဆေးနေစရာမလိုတော့ပါဘူး၊ အမှားချည်းဘဲ- အမှားချည့်ဘဲလို့သာ ဆုံးဖြတ်ချက်ချပါ၊ မသိတဲ့ပုဂ္ဂိုလ် လုပ်တာဟူသ၍ ဘယ့်နှယ် ဆိုကြမယ်....(အမှားချည်းပါဘုရား)။

ဒါကြောင့် မှုသိတာက....သူ၊ မှားတာကဒီအလုပ်၊ မသိလို့ လုပ်ပါတယ်၊မြန်မာလိုပြန်တော့ မသိတာက.... အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ သင်္ခါရဆိုတာ ပြုလုပ်တာ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)ဦးမြကြီး .. ရှင်းပြီလား....(မှန်ပါဘုရား)။

ဒါဖြင့် သူဘာတွေလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အဝိဇ္ဇာနှင့် သင်္ခါရလုပ်တယ်လို့ တကာဘကာမတွေက ယူတော့ ကိုဒီလိုရှိတယ်၊ သမုဒယသစ္စာသူလုပ်တယ်၊ ပေါ်ကြပလား(ပေါ်ပါတယ်)ဘာသစ္စာလုပ်တာတုံး.... (သမုဒယသစ္စာလုပ်တာပါ) သမုဒယသစ္စာလုပ်ယင်တော့ ဒုက္ခသစ္စာလာရတော့မယ် (မှန်ပါ) မလာပါနဲ့ဆိုလို့ ရသေးရဲ့လား(မရပါ) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာသစ္စာမသိဘဲနဲ့ လုပ်တဲ့ပုဂ္ဂိုလ် ဟူသ၍သည် ဒီသစ္စာ ရလိမ့်မယ်ဆိုတာကို မသိတော့ ဒီသမုဒယသစ္စာဟာ အဝိဇ္ဇာသင်္ခါရကိုး....သေသေချာချာလုပ်တယ်(မှန်ပါ) လွဲလိုက်တာမှ ချော်ကုန်တာဘဲ၊မချော်ဘူးလား (ချော်ပါတယ်ဘုရား)။

သေသေချာချာချော်နေပြီတဲ့၊အဲဒါကို ဆရာရင်း သမားရင်းမို့ ပြောဆိုနေတယ်လို့ သာအောက်မေ့ပါ၊ အစစ်တရားဆိုလို့ ရှိယင်ခင်ဗျားတို့ အားကိုးထားတာတွေကို အကုန်အသားယူပြီး မပြောနိုင်ဘူး၊ အစစ်တရားကိုသာ ပြောရမယ်(မှန်ပါ) အစစ်တရားကို ပြောရမှာဖြစ်တော့ တကာတကာမတွေ ငဲ့ဟောလို့ မရတော့ဘူး....(မှန်ပါဘုရား)။

ငဲ့တရားဆိုယင် အမှားချည်းဘဲလို့ ဆုံးဖြတ်ချက်ချပါ၊ကဲ- ဒါဖြင့် သစ္စာမသိတာက အဝိဇ္ဇာ၊မသိလို့ လုပ်တာက ဘာဆို ကြမတုံး(သင်္ခါရပါ)သင်္ခါရဆိုတော့ သူ ဘာသစ္စာလဲ(သမုဒယ

သစ္စာ)သမုဒယသစ္စာ၊ရှင်းကြပလား....(မှန်ပါ့) ဘာသစ္စာလဲ.... (သမုဒယသစ္စာပါဘုရား)။

ဪ....ခင်ဗျားတို့မို့ လုပ်ရပါပေတယ်လို့ သမုဒယသစ္စာ ဆိုတာ အကြောင်းတရား ဖြစ်သောကြောင့် ဟောဒီ ပစ္စုပ္ပန် အကျိုးဖြစ်တဲ့ ဒုက္ခသစ္စာ အသေအချာရမယ်....(မှန်ပါ့) ဘယ်သူ လုပ်တာတုံးကွ၊ ဒီဒုက္ခသစ္စာကြီးဆိုတော့ မသိတဲ့ပုဂ္ဂိုလ်လုပ်လို့ ရတဲ့ဒုက္ခသစ္စာ....(မှန်ပါ့) ဘယ်လို ဆိုကြမလဲ.... (မသိတဲ့ပုဂ္ဂိုလ် လုပ်လို့ ရတဲ့ဒုက္ခသစ္စာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် လုပ်လို့ရတဲ့ ဒုက္ခသစ္စာဆိုသဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာမသိဘာက...(အဝိဇ္ဇာ)အဝိဇ္ဇာ မြန်မာလို တော့ အကန်းပေါ့(မှန်ပါ့) အကန်းလမ်းသွားတာကွ၊ ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရဆိုတဲ့ ဘဝကောင်းတောင်ဘလုပ်တဲ့ ကုသိုလ်နဲ့ သားရေး,သမီးရေး,စီးပွားရေး-လုပ်နေတဲ့ အကုသိုလ်၊ အဲဒီတော့ သားရေး,သမီးရေး,စီးပွားရေး– လုပ်နေတာက ဒို့ ဝဋ္ဋတရားဘဲလိုများ အောက်မေ့ မနေပါနဲ့ "ကိုယ့်သက်တန်း အလကားဖြုန်းပြီး အမိုက်ခံရနေတာလို့" ဆုံးဖြတ်ချက်ချပ (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ အမိုက်ခံရနေတာလို့ ဆုံးဖြတ် ချက်ချပါ၊နာလဲမနာကြနဲ့နော် တကာတကာမတွေ....(မနာပါ ဘုရား) အမှန်ကိုပြောနေတာ....(မှန်ပါ့) ခင်ဗျားတို့ အမှန်ကို မတွေ့ရသေးသ၍ ကာလပတ်လုံးဟာဖြင့် အမြောက်ဘုရားနဲ့ အချောက်တရားဆိုယင် သွားပြီ၊ အချောက်တရားက အပါယ်နဲ့ ချောက်တာ ကယ်လွှဲပေးတာမှုတ်ဘူး၊ အလကားချောက်နေ

တာ၊ အမြောက်တရားက နတ်ရွာသုဂတိနဲ့မြောက်တာ သစ္စာ မသိလို့မြောက်တာ။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ ရှေးဘဝက မိုက်ခဲ့ဘယ်လား၊ လိမ်မာခဲ့တယ်လားဆိုတော့ မေးဘို့ မလိုတော့ဘူး....(မလိုတော့ ပါဘုရား) အကန်းလမ်းသွားခဲ့တယ်ကွ၊ တကာ တကာမတွေ.... ဘယ့်နှယ်တုံး....(အကန်းလမ်းသွားခဲ့ပါတယ်ဘုရား)။

အကန်း လမ်းသွားတဲ့အခါကျတော့ ဟောဒီဝိညာဏ်ဆိုတဲ့ ဥစ္စာရပါသတဲ့ ဟောဒီစပ်ဘို့ရာ မြွားကနလေးက ပြုနေတယ်၊ မြွား ကနလေးက ပြုသွားတဲ့ဥစ္စာ ဒီမှာစပ်ပါပြီတဲ့၊ ဝိညာဏ်ဆိုတာ ပဋိသန္ဓေကိုဆိုပါတယ်၊ ပဋိသန္ဓေဝိညာဏ်ကိုဆိုပါတယ်၊ နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာပေါင်းလိုက်တဲ့အခါကျတော့ခန္ဓာ ငါးပါးလို့သာမှတ်ကြစမ်းပါ။

ဒါဖြင့်အကန်းလမ်းသွားလို့ ချော်လဲတာကွ၊ ရိပ်မိကြပလား (မှန်ပါ့ဘုရား) အကန်းလမ်းသွားလို့ (ချော်လဲတာပါဘုရား) နည်းနည်းလဲတာလားလို့ မေးတဲ့အခါကျတော့ ဒုက္ခသစ္စာကွ- ဒုက္ခဘဲလာတာ၊ ဦးမာဒင်ကြီး—ဘာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခနဲ့ လဲတယ်ဆိုကာတည်းက ခင်ဗျားတို့ ကယ်မည့် ယူမည့်သူ မပါတော့ဘူး....(မပါ-ပါဘုရား)။

ဘယ်အခါမှာ လာလဲသတုံးမေးတော့ ဥပါဒါန်က ပစ္စုပ္ပန် အကျိုးကွတဲ့၊ပစ္စုပ္ပန်ဘဝမှာ လာလဲတာ၊ ခင်ဗျားတို့က လူ့ဘဝ တော်လှပြီ ဆိုနေတယ်၊သစ္စာနှင့်ဖွဲ့လိုက်တော့ ဘာသစ္စာလဲ .... (ဒုက္ခသစ္စာပါဘုရား)။

ဘယ်တော်ရမလဲ၊ တော်ပါ့မလား.... (မတော်ပါ ဘုရား) ဟာ....တပည့်တော်တို့ဘုရာ့ အင်မတန် အကြောင်း ညီညွတ်

ခနတာဘုရား၊ စီးပွားရေးရော-သားရေး, မယားရေးရော၊ အို.... ဒုက္ခတွေ ဝိုင်းနေတာ အကြောင်း ညီညွတ် နေတယ် ဆိုတာ ဒီအဝိဇ္ဇာဘက်က မမြင်လို့ပြောနေတာ၊ ဒီအဝိဇ္ဇာက ပစ္စုပ္ပန် ဘဝပါ-လိုက်လာလို့မမြင်လို့ ပြောနေတာ၊သဘောကျပလား- (ကျပါတယ်ဘုရား)။

အဲဒါ ဒီမှာ တကာ တကာမတို့.... အကန်း လမ်းသွားတယ်၊ ဟောဒီမှာ လဲတယ်၊ လဲတယ်ဆိုတာ ပဋိသန္ဓေ နေရတာပါ၊ ဇာတိပို-ဒုက္ခာ.... (ဒုက္ခသစ္စာပါဘုရား) ဇာတိပိ ဒုက္ခသစ္စာ ဆိုကတည်းကိုက တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ငါတို့သည် ပဋိသန္ဓေဝိညာဏ်တော့ ကျော်ခဲ့ပြီ၊ယခု နာမ်ရုပ်နှင့် နေကြတယ်၊ နာမ်ရုပ်ဆိုတာက လဲလို့ တကာတကာမတို့အနာရတာ၊ အနာ ရတော့ ဟောဒီ သဠာယတနဆိုတာ နင်းဖမ်းပြီး ပြည်တွေထည့် လာတယ်....၊ ဖဿ ဆိုတာက အနာရှိတဲ့ ပုဂ္ဂိုလ်ဆူးထိုးမိတာ၊ ဝေဒနာဆိုတာက တကာတကာမတွေမှာ ဆရာဝန်ခေါ်ရတဲ့နေ ရာ ရောက်ပါပြီ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလိုက်တာ ချော်လဲတယ်၊ အနာရတယ်, ပြည်ထည့်တယ်,ဆူးတွေ ထိုးမိတယ်, ဝေဒနာမျိုးစုံ ခံစားရတယ်၊ ပေါ်ကြပလား(ပေါ်ပါပြီ)ပေါ်ကြပြီတဲ့၊ ဒါဖြင့် ဩော်....ဘာသစ္စာတွေထဲမှာ ဒို့ယခု ရောက်နေပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဒီသစ္စာထဲ ရောက်နေတယ်လို့ ဒီအထဲမှာ ညွှန်ပြတယ်....(တင်ပါ့)။

(ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ထောက်ပြသည်)။

သဘောပါလား....(တင်ပါ့) ဘယ်သစ္စာထဲ ရောက်နေသတုံး (ဒုက္ခသစ္စာထဲ ရောက်နေပါတယ် ဘုရား) အဲဒါ မင်းတို့သည်

တားလို့ ဆိုလို့ရှိယင်ဖြင့် သူ့ဟာသူ ရောက်လာတာလား.... မသိလို့ပြုချင်တဲ့ ကုသိုလ်တွေကိုပြု၊ မလုပ်ကောင်းတဲ့ အကုသိုလ်တွေ လုပ်လို့ရတာလားလို့ မေးကြည့်ပါ.... (မလုပ်ကောင်းတာတွေ လုပ်လို့ပါဘုရား)။

တကာတကာမတွေ ကုသိုလ်ပေမဲ့ လုပ်ကောင်းတာ, မလုပ်ကောင်းတာ ရှိသေးတယ်....(တင်ပါ) နိဗ္ဗာန်ရောက်တဲ့ ကုသိုလ်ရှိတယ်(မှန်ပါဘုရား) မရောက်တဲ့ကုသိုလ်က-(ရှိပါတယ်ဘုရား) ရှိသေးတယ်ဆိုတာ သဘောပါသလား....(ပါ-ပါပြီဘုရား) ကဲ.... သဘောပါလို့ ရှိယင်ဖြင့် တကာတကာမတို့.... ဒါတွေ မသိတဲ့ ပုဂ္ဂိုလ် ပြုလုပ်ကြသည်။ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ သင်္ခါရကို မသိမှာစိုးတဲ့အတွက်တဲ့ မင်းတို့ဟောဒီ အနီကြောင်းကလေး ကြည့်လိုက်တော့ ဘာပေါ်လာသလဲ-(ကမ္မဝဋ်နှစ်ပါး)။

ဝဋ်လို့ ခေါ်ပါတယ်၊ ကမ္မဝဋ်တဲ့...ဦးမြကြီး... ဘာတဲ့တုံး (ကမ္မဝဋ်)ခင်ဗျားတို့ကလဲ ကံကောင်းချင်လိုက်တာ လွန်နေတာဘဲ၊ ဝဋ်သိပ်ကြိုက်တာကိုး၊တကာတကာမတွေ.... ကံများကောင်းချင်သေးသလား—(မကောင်းချင်တော့ပါ) မကောင်းချင်တော့ဘူး၊ တကာတကာမတို့ကအကြောင်းတိုက်ဆိုင်လို့ ရှိယင်ခင်ဗျားတို့ လူစုက တပည့်တော် ကံဇာတာ ကလေးများ ဘယ့်နှယ်နေသေးသတုံး....လို့မမေးနဲ့၊ ဒီထဲနေတာ ဒုက္ခသစ္စာထဲ နေတာ၊ ကံဇာတာ မေးမနေနဲ့....(တင်ပါဘုရား) ဘယ်ဗေဒင်က ဟောဟောမယုံနဲ့၊ဘုရားဟောတာသာယုံ(တင်ပါ, ကိုယ့်ခန္ဓာကပြောတာယုံပါ၊ ဘာသစ္စာထဲ ရောက်နေသလဲ....(ဒုက္ခသစ္စာထဲ ရောက်နေပါတယ်ဘုရား)။

ဒါကို ခင်ဗျားတို့က ဗေဒင်ဆရာ ပိုက်ဆံကုန်ခံမေးနေတာက အတော်ဆိုးနေတယ်၊ ရောက်တာက မြင်တဲ့အတိုင်းဘဲ၊ ဝိပါကဲ ဝဋ်ထဲ ရောက်မနေဘူးလား၊ ဒါကဝိပါကဝဋ် သဘောကျပလား (ကျပါပြီဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တွေဟာ....တဲ့ ခင်ဗျားတို့ ဒီက ရှေးဘဝက မသိလို့ လုပ်ခဲ့လို့ ဟောဒီ အကျိုးပေးတာ၊ ပေးမှပေးပါမလားဆိုတော့ ဟောဒါနဲ့ ဟောဒါ မင်းတို့ စပ်တယ်ကွတဲ့... (တင်ပါ့) ဒီအစပ်ကလေးက မပြဘူးလား-(ပြပါတယ်)သဘောပါကြရဲ့လား...(ပါပါပြီ)။

(ဤနေရာ၌ စက်ဝိုင်းကို ပြ၍ ဟောတော်မူသည်)။

ကောင်းပြီ၊ ဒါဖြင့် အခုသခင်ဝဘင်ကြီး.... ဘယ်အထဲမှာလိမ့် မတုံးမေးတော့ "တပည့်တော်ဟာ ဘုရား ဒီအထဲမှာ ရောက်နေ ပါတယ်"လို့ ပြောဘို့၊ ဘာသစ္စာထဲ ရောက်နေသတုံး.... (ဒုက္ခ သစ္စာ) ဘယ်ကာလပါလိမ့်မတုံး မေးတော့.... (ပစ္စုပ္ပန်ကာလ) ပစ္စုပ္ပန်ကာလ၊ အလကားမိုက်ပြီး နေပေမဲ့ ဒုက္ခရောက်နေတယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာမျှ အသုံးမကျဘူး၊ ခင်ဗျားတို့ ဒုက္ခရောက်နေတာမှတပါး ဘာမျှမရှိဘူး၊ ရှင်းပလား။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ပစ္စုပ္ပန် ဘဝကို ဒီနေရာမှာ မိုက်သက်စ သိမ်းရမယ်၊ ကိုယ့်အကျိုးပေးက ဆိုးဝါးနေလို့၊ ဒီနေရာမှာ မိုက်လက်စ သိမ်းရမယ်၊ ဒီနေရာမှာ မသိမ်းတော့ပါဘူးဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဟောဒီ သမုဒယ သစ္စာ ပြန်လုပ်မယ်၊ ဒါပြန်လုပ်မယ်၊ ၃-နံပါတ် ပြန်လုပ်မယ်၊ ဒါ ၁၊ ဒါ ၂၊ ဒါ ၃ ပြန်လုပ်မယ်၊ မလုပ်ပေဘူးလား။

ဘယ်လိုလုပ်မတုံးဆိုတော့ ဝေဒနာက၊ ဥပမာ- သုခဝေဒနာ ဆိုပါတော့ တိုက်နဲ့၊ တာနဲ့၊ စိန်နဲ့၊ ရွှေနဲ့၊ ငွေနဲ့၊ မြနဲ့ သုခဝေဒနာ

ဆိုပါတော့၊ သုခဝေဒနာ ကိုယ့်ဝေဒနာကလေး၊ ဩ်—
ဒီလိုဖြစ်ရတာ ဒီလိုစီးပွားနဲ့ ဒီလို သားမယားနဲ့ ဒီလို အနေ
အထိုင်နဲ့ဆိုယင် တော်သေးရဲ့ဆိုတာ စဉ်းစားလာဦးမယ်....၊
တဏှာလာပစ်လိုက်တာ မလာဘူးလား....(လာပါတယ်ဘုရား)။

တဏှာလာလို့ရှိယင် ဥပါဒါန်က နေရစ်ပါဦးမလား (မနေ
ရစ်ပါဘုရား)မနေရစ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ကာယကံ၊ စိတ်ကံနဲ့
သတ္တုတွင်းတူးပေါ့ဗျာ၊လှစက်တွေတည်၊ပြုတ်ဆန့်ငွေပြုတ်ပေါ့၊
ဒါတွေ လုပ်တော့ကို ဒီမှာ ဝေဒနာကို ခင်ဗျားတို့က မနိုင်တဲ့
အတွက် ဒီမှာ တဏှာ ဥပါဒါန် ကမ္မဘဝ လာပြန်တယ်။

ဒါက ဒီမှာ မိုက်လို့ အကျိုးပေးထားတဲ့ ဥစ္စာ.... မသိ
သောကြောင့် ဒါတွေ ပြန်လုပ်ပြန်တယ်၊ မလုပ်ဘူးလား....
(လုပ်ပါတယ်ဘုရား)ဒါဖြင့် ဒီမှာ အကျိုးပေးက တကာတကာမ
တွေ မိုက်ချက်တခု သန်ခဲ့တာကို မိုက်မှန်းမသိလို့ ထပ်မိုက်တာ၊
(မှန်ပါ့)ရိပ်မိပလား(မှန်ပါ့) ဒီတဏှာ ဥပါဒါန် ကမ္မဘဝဟာ
ဘာပါလိမ့်(မိုက်မှန်းမသိလို့ထပ်မိုက်တာ) မိုက်မှန်းမသိလို့
တကာတကာမတွေ ထပ်မိုက်နေတာ၊ ရိပ်မိပလား...., (မှန်ပါ့)။

ဒါဖြင့် မိုက်တာ ဘာနဲ့မိုက်သတုံးလို့ မေးတဲ့အခါကျတော့
မိုက်တဲ့ဟာ တခြား မဟုတ်ပါဘူးကွာတဲ့... သမုဒယ သစ္စာပါ၊
သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ခင်တွယ်လို့ ရှောက်လုပ်
နေကျတာ၊ ဘာသစ္စာလာမလဲ....(သမုဒယသစ္စာလာမယ်) ဟာ....
သမုဒယသစ္စာက ဘယ်ကာလမှာ လာပါလိမ့်မတုံး ဆိုတော့
ပစ္စုပ္ပန်မှာ ထပ်မိုက်တာကွတဲ့၊ ရိပ်မိပလား.... (တင်ပါ့ဘုရား)
ဦးအောင်ဇေဝေ....ဘယ့်နှယ်တုံး.... (ထပ်မိုက်တာပါဘုရား)။

ထပ်မိုက်တာ၊ ဩော် .... ဒါဖြင့် ဒီထဲမှာ ၁-တုန်းကလဲ မလိမ်မာခဲ့၊ ၂-တုန်းက ဒုက္ခရောက်ခဲ့ဘာလဲ မသိဘူး၊ ၃-ထပ်မိုက်ပါတယ်ဆိုတော့ သွားပြီ၊ မသွားသေးဘူးလား....(သွားပါပြီ) တကာ တကာမတွေ မသွားသေးဘူးလား-(သွားပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမှာမြွားကလေးပြမယ်၊ဒီကမြွားကလေးကလဲ ဒီဘက်ပြမယ်၊ဒီက မြွားကလေးကလဲဒီဘက်ပြမယ်၊ ခင်ဗျားတို့ ဒီ အစပ်ကလေးကို မဖြတ်နိုင်လို့ ရှိယင် မိုက်မှာဘဲ၊ ဒီအစပ်ကို ဖြတ်နိုင်ယင်...(မမိုက်ပါ) (ဤနေရာ၌ စက်ဝိုင်းကိုပြ၍ ဟောတော်မူသည်) ဒီအစပ် ဖြတ်ဆိုတာကလဲ တော်တော့ ဆရာသမားနဲ့ တွေ့လို့ မဖြတ်တတ်ပါဘူး....(မှန်ပါ) တကာ တကာမတွေ ဖြတ်ဘတ်ပါ့မလား....(မဖြတ်တတ်ပါဘုရား)။

တော်တော့ဆရာသမားနဲ့ တွေ့လို့ မဖြတ်တတ်ပါဘူးဆိုတော့ တကာ တကာမတို့ ဒီဝေဒနာယင်လဲ အနိစ္စရှုရမှာဘဲ၊ ဖဿယင်လဲ (အနိစ္စရှုရမှာဘဲ) သဠာယတနသော်ငင်း.... (အနိစ္စရှုရမှာဘဲ) နာမ်ရုပ်သော်ငင်း....(အနိစ္စရှုရမှာဘဲ) ဝိညာဏ်သော်ငင်း-(အနိစ္စရှုရမှာဘဲ) ဝိညာဏ်ဆိုတာ ပဝတ္တိဝိညာဏ်ပါ ထည့်လိုက် ခုန ပဋိသန္ဓေဝိညာဏ် ရေးထားတယ်....(မှန်ပါ)ဒါက ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်းမို့၊ ပဝတ္တိဝိညာဏ်ကိုပါ ရှုရမယ် (မှန်ပါဘုရား)။

အဲဒီ ရှုလိုက်တဲ့အခါ ဂျတော့ ဒီအစပ်ကလေးက ပြတ်ထွက်သွားတယ်..(တင်ပါ) ပြတ်ထွက်သွားတော့ ဒီမြွားက ဒီဘက်ပြတယ်၊ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းလို့၊ ဘာ့ကြောင့်တုံးဆိုတော့ ဝေဒနာနိရောဓာ တဏှာနိရောဓာတဲ့....၊ ဝေဒနာနိရောဓာ.... (တဏှာနိရောဓာ) တဏှာနိရောဓာ နိဗ္ဗာန်လို့ ခင်ဗျားတို့က

ဒီကဘဲ ထွက်လိမ့်မယ်၊ တကျော့ချုပ်ယင် နိဗ္ဗာန်ဘဲ ဆိုတော့... ဝေးသလား....(မဝေးပါဘုရား)။

နို့-ဘယ့်နှယ်ကြောင့် တပည့်တော်တို့ ဒီလို ဖြစ်နေရပါတုံး ဆိုတော့ ဟောဒီနေရာက နေပြီး မင်းတို့ဟာ ဒီဘက်ချည်း အရှိန်ကောင်းနေလို့....(တင်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)ဒီနေရာ တကျော့ ဥပါဒါန် ကံ,တကျော့ ဥပါဒါန် ကံ တနေ့,တနေ့မှာလေ၊ ဥပမာ—ဒီနေ့ သောင်းကိုးထောင် ရလိုက်တယ် ဆိုလို့ရှိယင်ဖြင့် တကျော့ကလဲ သာယာတာဘဲ၊ ဥပါဒါန်ကလဲ စွဲလမ်းတာဘဲ၊ နောက် ဒီအလုပ်လုပ်ဦးမယ်....(မှန်ပါ့) ကံကယည်း ငါ ဒီဘဝ လုံ့လဝီရိယ နည်းသေးလို့ ဒီထက်များယင် ဒီထက် ရမယ်ဆိုပြီး တော့ ကာယကံ ဝစီကံက သိပ်ပြင်းထန်သာတယ်၊ မပြင်းထန်ဘူးလား....(ပြင်းထန်ပါတယ်ဘုရား) ဒါဖြင့် ကံမှဘဝပစ္စယာ (ဇာတိ)ဘဝပြန်ပြီးတော့ သွားရပ်ဘယ်၊ ဇာတိ ဘာသစ္စာလဲ-(ဒုက္ခသစ္စာပါဘုရား)။

နို့... ခင်ဗျားတို့ဟာက တပတ်သာ ရှိသွားတယ်၊ ဟောဒီမှာ ပဌမ သမုဒယသစ္စာ၊ယခုပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာ၊ ပစ္စုပ္ပန်ဘဝ ပြန်မိုက်ပြန်တော့(သမုဒယသစ္စာ) ဟင်....နောက်ထပ် အနာဂတ် သေလို့ အကျိုးပေးမှာက(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဥစ္စာဘယ်မှာတုံး မဂ္ဂနှင့်နိရောဓ၊ဒီအထဲ ရောကို မရောတော့ဘူး (မပါပါ)ရောသေးလား....(မရောပါဘုရား)။

အဲဒါ တပည့်တော်တို့ နောက်တုန်းက ဘယ်သိုများ နေခဲ့ထိုင်ခဲ့ရသတုံးလို့ ဦးသံဒိုင်က မေးမေး-ဦးမာဒင်က မေးမေး-၊ ဒါဘဲကွ... အဝိုင်းကြီး ပြေးနေတာ....(မှန်လှပါဘုရား) သဘောကျပလား... (တင်ပါ့ဘုရား)ဒီတခါ အခု ဆရာကောင်း,သမား

ကောင်းနဲ့ တွေ့လို့မှ အဝိုင်းကြီး မပြတ်တော့ဘူး ဆိုလို့ရှိယင် ကယ်မည့်သူ မရှိဘူးလို့ အောက်မေ့ပါ၊ သဘောကျရဲ့လား.... (မှန်ပါ့ဘုရား)ကယ်မည့်သူ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ခင်ဗျားတို့က ကုသိုလ်ဆိုလို့ရှိယင် အကောင်းချည်းဘဲ...၊ ပုညာဘိသင်္ခါရဆိုတာ အကောင်းချည်းဘဲဆိုယင် ကောင်းယင် ဒီ ဇာတိဒုက္ခ ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)ဒါကြောင့် ကုသိုလ်မှာလဲ ဒုက္ခရောက်တဲ့ ကုသိုလ်-ဒုက္ခလွတ်တဲ့ကုသိုလ် ရှိသေးတယ်၊ ဦးသန်းမောင်-(မှန်ပါ့ဘုရား) ကုသိုလ်မှာ ဘယ် နှစ်မျိုး ရှိသတုံး (နှစ်မျိုးရှိပါတယ်ဘုရား)ဒုက္ခရောက်တဲ့(ကုသိုလ်) ဒုက္ခလွတ်တဲ့ (ကုသိုလ်ပါဘုရား)။

နှစ်မျိုးရှိတာ မဝေဘန်ဘူး၊နည်းရောင်း များရောင်းတောင်း ပြည့် ပြီးရောပေါ့၊ ကုသိုလ်ဆိုဘာ အကောင်းချည်းပေါ့ကွ....၊ ခင်ဗျားတို့ ပါးစပ်က နှုတ်တက်နေဘယ်(တင်ပါ့)ကုသိုလ်ဆိုယင် (အကောင်းချည်းဘဲ)သွားပြီ၊ မကောင်းမှုဆိုလို့ရှိယင် လွဲကုန်ပြီ (မှန်ပါ့)ကောင်းတာ-မကောင်းတာ ဘုန်းကြီးက စကားစပ်လို့ ပြောတယ်လို့ မယူပါနဲ့၊ သူ အုပ်ချုပ်နေတာ၊ သူ အုပ်ချုပ်ယင် ကောင်းပါ့မလား....(မကောင်းပါဘုရား) မသိလို့ လုပ်တဲ့ ကုသိုလ်၊ ဒါ ပါနေတယ်....(မှန်ပါ့ဘုရား)။

(ဤနေရာ၌ အဝိဇ္ဇာကို ထောက်ပြသည်)။

ဒီပါဠိတော်ရင်း ကြည့်ပါလား၊အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ သူ့အကြောင်း မကင်းဘူးကွ....တဲ့၊ ပစ္စယာဆိုတာ အကြောင်း မကင်းဘူး ပြောတာ....(မှန်ပါ့)ကင်းကြရဲ့လား....(မကင်းပါ) မကင်းတော့ ဒီသင်္ခါရမလုပ်ပေဘူးလား(လုပ်ပါတယ်)လုပ်တော့ ဒါတွေ ရဘို့ ဘယ့်နှယ်လဲ မသေချာဘူးလား- (သေချာပါတယ်

ဘုရား)သေချာတော့ ဘာသစ္စာတုံး မေးတော့....(ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်တဲ့ ကုသိုလ်ဟာ ရတယ် မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ခင်ဗျားတို့ပြုတဲ့ ကုသိုလ်ဟာ ဘာသစ္စာ ရသတုံး(ဒုက္ခသစ္စာ ရပါတယ်)ဒုက္ခသစ္စာ ရဘယ်ဆိုတာ သေချာသလား....(သေချာပါပြီ)ဒါဖြင့် ဒုက္ခရောက်မည့်ကုသိုလ်ဟာလဲ ခင်ဗျားတို့ ဒုက္ခရောက်မည့် ကုသိုလ်ကို ရဲရဲကြီးလုပ်လေ့ရှိတယ်၊ ဒုက္ခ မရောက်မည့် ကုသိုလ်ကို ခင်ဗျားတို့က အချိန်ဆွဲတယ်၊ အတော်ဆိုးတယ်၊ အတော်ဆိုးတယ်။

နောက်က ဟာကတကာမဟော့ ဒီမှာ သေသေချာချာ ပြနေတယ်၊နားသည်ကြ,မြင်ကြရဲ့လား....(တင်ပါဘုရား)အေးအေး-ကိုင်း....ဒါဖြင့် ခင်ဗျားတို့သည် တသံသရာလုံးမှာ ဟောဒါက အတိတ်ဘဝတဲ့၊ အတိတ်အကြောင်း ဆိုတော့ သမုဒယသစ္စာ လုပ်ခဲ့တယ်၊ယခုဘဝ ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာရပါတယ်) ယခုဘဝတွင်ပြန်မိုက်တော့ ဘာသစ္စာလုပ်မယ်....(သမုဒယသစ္စာ ပါဘုရား)ဒါဖြင့် အနာဂတ် ဘာသစ္စာ ရမလဲ....(ဒုက္ခသစ္စာဘဲ ရပါမယ်ဘုရား)။

အဲဒီ ဒုက္ခသစ္စာ ရတော့ ဒုက္ခမှန်း မသိပြန်တော့ ဟောဒီမှာ သမုဒယသစ္စာပြန်လုပ်ပြန်တယ်(မှန်ပါ)မလုပ်ပေဘူးလား-(လုပ်ပါတယ်) လုပ်လို့ရှိယင် ဒီအတိုင်း မလှည့်နေပေဘူးလား၊လှည့်မလား-(လှည့်ပါတယ်)ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ်၊ ခင်ဗျားတို့က လင်ပန်းပေါ်မှာ လျှောက်နေတဲ့ ပရွက်ဆိတ်လို ဖြစ်နေတယ်၊ လမ်းရှာနေတယ်၊

အဝိုင်းကြီး လမ်းရှာနေတော့ အပိုပေါ့၊ ထွက်လမ်း တွေ့နိုင်သေး ရဲ့လား...(မတွေ့ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေအခုသနားလို့ ပြောပေးနေတယ်၊ ခင်ဗျားတို့ဆီက ဘာမှ မျှော်လင့်ချက်မရှိဘူး၊ သိဘို့ရာဘဲ အရေးကြီးတယ်....(မှန်ပါဘုရား)မှန်တဲ့အတိုင်း သိဘို့ ရာဘဲ အရေးကြီးတယ်(မှန်ပါ)သဘောပါကြပြီလား-(ပါပါပြီ ဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ ဘယ်ကနေ လမ်းခွဲကြ မှတုံးဆိုတော့ ဟောဒါ မစပ်မိမှု၊ ဒီအစပ်ကလေး ကြည့်ပါ။ ဒါအစပ်ကိုပြောတာ သူနှင့်သူ စပ်သွားပြီကွ၊ဝေဒနာနှင့် တဏှာ စပ်ပြီ၊ရှင်းပလား(ရှင်းပါပြီ)မစပ်ဘို့အရေးကြီးတယ်....(မှန်ပါ) မစပ်မိဘို့ အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား(ပေါ်ပါပြီ)။

ကောင်းပြီ၊ဒါဖြင့် အခုတကာတကာမတွေဟာ မနေ့ညကဘဲ ပြောပါတယ်၊ တကာတကာမတို့ မျက်လုံးဖွင့်မှာ သိပ်ကြောက် တယ်၊ တကာတကာမတွေ မျက်လုံးဖွင့်မှာ ဆရာဘုန်းကြီးက သိပ်ကြောက်တယ်....(မှန်ပါ) ဟာ... မျက်လုံးပါ ဖွင့်မှာပေါ့၊ အို....ဖွင့်တာက ခင်ဗျား ဒယ်အိုး မျက်စောင်းထိုးတာ၊အပယ် ဒယ်အိုးတွေ မျက်စောင်းထိုးနေတာ .. (မှန်ပါဘုရား)မကြောက် သင့်ဘူးလား... (ကြောက်သင့်ပါတယ်ဘုရား) ဘယ်မျက်စောင်း ထိုးပြီး ဖွင့်ပါလိမ့်-(အပါယ်မျက်စောင်းထိုးတယ်)မဖွင့်ဘဲကော နေနိုင်ရဲ့လား... (မနေနိုင်ပါဘုရား)။

ဩော် .. တယ်လဲ ပါရမီကြီးပါကလား၊အတော်ဆိုးနေတယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ တပည့်တော် ရှေးဘဝက

ဘာဖြစ်ခဲ့သတုံး၊ ဟောဒီ အဝိဇ္ဇာ သခ်ါရနှင့် နေခဲ့တယ်ကွ၊ ယခု ဘဝ တပည့်တော် ရောင်းဝယ် ဖေါက်ကား စားသောက်နေတာ ဟောဒီ ငါးပါးနဲ့ ဘုရား၊ ရောင်းဝယ် ဖေါက်ကားရင်း မိုက်နေတာက ဘယ်သူတုံးဆိုတော့ ဟောဒီ သုံးပါးနဲ့ဟေ့....(မှန်ပါ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) တကျော ဥပါဒါန် ကမ္မဘဝနဲ့....(တင်ပါဘုရား)။

စုတေမနေ သေလွန်တော့ ဇာတိ ဇရာ မရဏဘဲ ပြန်ရမယ် ဟေ့... (မှန်ပါ) ဒီ ဇာတိ ဇရာ မရဏရဲ့ ပုဂ္ဂိုလ်ကလဲ ဇရာ မရဏနဲ့ ကြုံလာတဲ့အခါကျတော့ အိုလာတယ်၊ သေရမည့် ကိစ္စ ကြုံလာတယ်ဆိုတဲ့အခါကျတော့သောက ပရိဒေဝတွေမလာပေဘူးလား....(လာပါတယ်ဘုရား)သောက ပရိဒေဝလာလို့ရှိယင် သိတဲ့ပုဂ္ဂိုလ်လာတာလား .. (မသိတဲ့ပုဂ္ဂိုလ်လာတာပါ) မသိတဲ့ ပုဂ္ဂိုလ် လာတယ်ဆိုလို့ရှိယင် "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယာ"ဒီပြန်လှည့်မယ်(မှန်ပါ)ဒီကာအာစသဝဖြစ်သွားပြီ(မှန်ပါ) ဒီအာသဝကြောင့် ဒီမှာ ဘာလာဖြစ်မတုံး(အဝိဇ္ဇာပါဘုရား)ဒါကြောင့် အဝိဇ္ဇာပစ္စယာ သခ်ါရာ ပြန်လှည်ပြန်ပြီ(မှန်ပါဘုရား) တကာ့တကာမတွေ့ မလှည့်သေးဘူးလား....(လှည့်ပါပြီဘုရား)။

ကိုင်... တကာ့တကာမဘို အဝိုင်းမြေးမှုတပါး ခင်ဗျားတို့မှာ အလုပ်ရှိသေးရဲ့လား ...(မရှိပါဘုရား) တပည့်တော်တို့ ထွက်ရပ်လမ်း နိုးပြီလို့များ ဆိုချင်သေးသလား....(မဆိုနိုင်ပါဘုရား) မဆိုနိုင်သေးပါဘူး အများကြီးလိုပါသေးတယ်၊ဒီ ဆရာသမားဆီကို ခင်ဗျားတို့ အမျိုးမျိုးဘဲ နည်းတွေ ဝိပဿနာဉာဏ်တွေ ယူပါဦး....(မှန်ပါဘုရား)။

ဒီအတိုင်းသာ ရန်ကုန်စရိတ်နှင့် ရန်ကုန်အလုပ်နှင့် ခေါင်းထဲ ဝင်ကြမယ်ဆိုယင်ဖြင့် ဒီထက်ကိုယ်ကျိုးနည်းရှာမယ်လို့ (မှန်ပါ) ဒီထက် ကိုယ်ကျိုးနည်းဘို့ ရှိပါဦးမလား....(မရှိပါ) အင်မတန် ဆိုးဝါးနေလို့ သတိပေးပါတယ်ဆိုတာကိုနော်....(မှန်ပါ)။

အဲဒီတော့ တကာတကာမတွေဘုန်းကြီးကရှင်းပြပါတယ်တဲ့၊ တပည့်တော်တို့ ရှေးဘဝက ဘယ်လို နေခဲ့ပါလိမ့်မတုံး ဘုရား ဆိုတော့....သမုဒယသစ္စာနဲ့ ယခုဘဝ ဘယ်လိုနေပါလိမ့်မတုံး ဆို တော့....(ဒုက္ခသစ္စာပါ)ယခုဘဝတခါ တပည့်တော်တို့ သွားရေး သမီးရေး စီးပွားရေး လုပ်နေပြန်တော့ ဘာသစ္စာတုံး (သမုဒယ သစ္စာပါ)ပြော်....သေတော့ သုဂတိလားမှာလား ဘာတုံး မေး တဲ့အခါကျတော့....(ဒုက္ခသစ္စာပါ)သုဂတိလားလဲ ဒုက္ခသစ္စာဘဲ (မှန်ပါ) ဒုဂ္ဂတိလားလဲ....(ဒုက္ခသစ္စာဘဲဘုရား)။

ဒီ.... ဒုက္ခသစ္စာနဲ့ ကြုံတွေ့တဲ့ ပုဂ္ဂိုလ်ဟာ သေခါက ပရိဒေဝ လာမလား....(လာပါတယ်)လာတာဟာ သိလို့ လာတာလား၊ မသိလို့ လာတာလား....(မသိလို့ လာတာပါ)မသိလို့ လာလို့ရှိ ယင် မသိတာက အာသဝ(မှန်ပါ) အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော-မလာပေဘူးလား (လာပါတယ်ဘုရား) ဆိုကတည်း က သွားပြီ...(မှန်ပါ)။

ဘယ်နှယ်လုပ်မလဲ ဒီအတိုင်းဘဲ ခင်ဗျားတို့လှည့်နေမှာလား၊ မလှည့်ပေဘူးလား-(လှည့်ပါတယ်ဘုရား)ထွက်ပေါက် ပါကြရဲ့ လား....(မပါပါ) ထွက်ပေါက် မပါတော့ဘူးဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကမသိပေမဲ့ လဲခင်ဗျားတို့တရားတပွဲလုံးက လျှောက်ဘို့အချိန်ရောက်ပါပြီ 'ထွက်ပေါက်ပြတော်မူပါဘုရား'

လို့(မှန်ပါ) မလျှောက်သင့်ဘူးလား....(လျှောက်သင့်ပါတယ်) ထွက်ပေါက်ကိုဘဲပြတော်မူပါတော့ တပည့်တော်တို့လမ်းစဉ်အာဖြင့် မျက်ရည်ကျလို့ ဆုံးစရာမမြင်တော့ဘူး(မှန်ပါ)မြင်သေးရဲ့လား....(မမြင်ပါ) ထွက်ပေါက် ပြတော့မယ်ဆိုတော့ လွယ်ပါတယ်တဲ့ တကာတကာမတို့ ခင်ဗျားတို့ကလဲ အဝိုင်းလေးသိမှလဲ ထွက်ချင်တယ်(မှန်လှပါဘုရား) အဝိုင်းကလေး မသိယင်တော့ (မထွက်ချင်ပါဘုရား) မထွက်ချင်ဘူးဆိုတာက သေချာပလား (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဘုန်းကြီးများက ခုဘဲရှင်းရှင်းလင်းလင်း ပြောပါတယ်....တဲ့၊ ဒီကတော့ မိုက်လုံးက သန်ခဲ့တဲ့အတွက် ဒီပစ္စုပ္ပန်ဘဝမှာတော့ ဘယ်နှယ်မှ ဒီမိုက်လုံးသန်ခြင်းကြောင့် ပစ္စုပ္ပန်ဘဝ အကျိုးပေးနေတာတော့ ရှိပါစေတော့ ဘုန်းကြီးမတတ်နိုင်ဘူး....(မှန်ပါ) ဒီပစ္စုပ္ပန်ဘဝကို ခင်ဗျားတို့ဖြတ်လမ်း ဒီကနေဘုန်းကြီးကပေးမှသာလျှင် ၃-နံပါတ်ကိုမကူးဘဲနဲ့ ၄-နံပါတ်မရောက်မှာကိုး (မှန်ပါ) နို့မို့ယင် ဘယ်နှယ်နေသတုံး(ရောက်မှာပါဘုရား) ၃-ကူးယင် ၄-တော့ သေချာပြီ (မှန်လှပါဘုရား)။

တကာတကာမတို့ ၃-အနေ ၄-ကူးချင်သေးသလား(မကူးချင်ပါဘုရား) ဟုတ်ကဲ့လား.... သေသေချာချာ လုပ်ကြစမ်းပါ....နော်.... (မှန်ပါ) အင်မတန် သဒ္ဓါတရားနဲ့ ပြောနေတာနော်....(မှန်ပါ) အင်မတန် သဒ္ဓါတရားနဲ့ ပြောနေတာ။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့၊ အဲဒါ....ဝေဒနာ ဖဿ သဠာယတနဆိုတော့....(စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မနဆိုတော့)စိတ်ပါနေတယ်(မှန်ပါ) မပါဘူးလား(ပါ—ပါတယ်)

ပါတော့ ခင်ဗျားတို့ ဝေဒနာနုပဿနာ ပေးတော့ ဒုက္ခတလုံးတည်း တွေ့နေတာများသောကြောင့် စိတ္တာနုပဿနာပေးမယ်၊ ဦးသံဒိုင် ဘာပေးရမလဲ....(စိတ္တာနုပဿနာပေးရပါမယ်ဘုရား)။

စိတ္တာနုပဿနာပေးရမယ်ဆိုတော့ ဘုန်းကြီးတို့လူစု သေသေချာချာမှတ်၊မြို့သူတွေလုပ်မနေနဲ့ ဇီဥစ္စာ(မှန်ပါ) မြို့သူလုပ်ယင်ငါးပါးမှောက်မယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် တကာတကာမတို့ တရားရှာလို့ရှိယင် ခန္ဓာထဲမှာ တွေ့မှသာလျှင် အမှန်ရောက်မယ်နော်....(မှန်ပါ)အဲဒီတော့ တကာတကာမတွေ စိတ္တာနုပဿနာကို ဝိပဿနာ ပေးပါမယ်၊ ဘယ့်နှယ်ကြောင့် ဆရာသမားက စိတ္တာနုပဿနာကို ဝိပဿနာ ပေးရပါလိမ့်မလဲ....လို့ ဦးမာဒင်က မေးလို့ရှိယင်ဖြင့် ငါ့စိတ်မင်းမသိဘူးသွားဆိုတော့ စိတ်ပေါ်မှာ ငါများနေတယ်-(မှန်ပါ) စိတ်ပေါ်မှာ ငါကောင်းဟစ္စဲလမ်းတဲ့ ဒိဋ္ဌိများနေတယ်....(မှန်ပါ) ဘယ်ပေါ်မှာ ဒိဋ္ဌိများနေသလဲ.... (စိတ်ပေါ်မှာ ဒိဋ္ဌိများနေပါတယ်) စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးဖြစ်နေတယ်။

အဲဒီတော့.... ပဌမတရားမှာ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သောတာပန်ဘယ်သူမှမတည်နိုင်ဘူး.... (မတည်နိုင်ပါဘုရား) အဲဒါကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာကဆို “ကွဲတဲ့သတ္တဝါတွေ သနားလို့ရှိယင် စိတ္တာနုပဿနာပေးပါ၊ ပြီးတော့မှ ဝေဒနာနုပဿနာကို အထက်မဂ်ကျမှ ပေးပါတဲ့” သဘောကျပလား.... (မှန်ပါဘုရား)။

အောက်မဂ်ရချင် ဘာပေးရမတုံး....(စိတ္တာနုပဿနာ)စိတ္တာနုပဿနာ ပေးရမယ်ဆိုတာ သဘောပါရဲ့လား(မှန်ပါ) စိတ္တာနုပဿနာဆိုတာက ခင်ဗျားတို့ ခုတရားနာလာကြတဲ့ ဘုန်းကြီးတို့

တဏှာတကာမတွေသည် ပုထုဇန်တွေလား၊ အရိယာတွေလား လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ပုထုဇန်တွေပါလို့ လူတိုင်းဖြေရမယ်.. (မှန်လှပါဘုရား) ကာမပုထုဇန်ဟာ စိတ်ပေါင်း ဘယ်လောက်ရမတုံး....လို့ မေးတဲ့အခါကျတော့ ပုထုဇန်မှာ စိတ်ဘာရမတုံးကွ၊ အကုသိုလ်က ၁၂-ခုရတယ်၊ ဟသိတုပ္ပါဒ်ကြဉ်အဟိတ်က ၁၇-ခုရတယ်၊ မဟာကုသိုလ်က ၈-ခုရတယ်၊ မဟာဝိပါက်က ၈-ခုရတယ်၊ မဟုတ်ဘူးလား(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ရူပကုသိုလ်ကလဲမရ၊ အရူပကုသိုလ်ကလဲမရတော့ ကာမစိတ်လောက်ဘဲရတယ်(မှန်လှပါ)ရိပ်မိပလား (ရိပ်မိပါပြီ) ကာမစိတ်လောက်ဘဲရပါတယ်၊ ကာမစိတ်၅၄-ထဲမှာသဲ ကြိယာဇောစိတ်က နုတ်ပစ်ပါဦး၊ ကြိယာဇောစိတ်က ၉-ခုတောင် နုတ်ပစ်လိုက်၊ ၅၄-ထဲ ၉-နုတ်(၄၅) ဟုတ်လား....ဒါလောက်ဘဲ ကျန်ပါလိမ့်မယ်ဆိုတော့ စိတ်ကလေး ၄၅- ခုဟာဖြင့်လှည့်ပေါ် နေလိမ့်မယ်၊ ခင်ဗျားတို့ ခန္ဓာထဲမှာ(မှန်ပါ)စိတ်ကလေး ၄၅-ခု ဟာ....(လှည့်ပေါ်နေပါတယ်ဘုရား)။

လှည့်ပေါ်နေဘာ ၄၅-ခုဟာဘုရား၊ အရှင်ဘုရားတို့ကစာသံပေသံ ပါလှတယ်၊ တပည့်တော်တို့မှာ လူတွေပါဆိုတော့ ဘုန်းကြီးက ရှင်းပြမယ်....တဲ့၊ အေး... စာသံ ပေသံပါတာ မကောင်းဘူးကွ၊ ဘာ့ကြောင့်တုံးဆိုတော့ ကိုယ့်ဘာသာ မဟုတ်ဘူး၊ နိုင်ငံခြားဘာသာဖြစ်နေတယ်၊ ပါဠိဘာသာကိုး... (မှန်ပါ)။

ကိုင်း... ဒါဖြင့် တဏှာတကာမတွေ ဒီလိုလုပ်ကြပါ၊ ခင်ဗျားတို့မှာ မြင်တတ်တဲ့စိတ်ကလေး မရှိဘူးလား... (ရှိပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့ သန္တာန်မှာ အမြဲပေါ်တဲ့စိတ်၊ အာရုံ ဒွါရ တိုက်တိုင်း-တိုက်တိုင်း ပေါ်တဲ့စိတ်....(မှန်ပါ)။

ကြားတတ်တဲ့ စိတ်ကလေးကော မရှိဘူးလား.... (ရှိပါတယ် ဘုရား) အဲဒါ အာရုံ ဒွါရ တိုက်တိုင်း တိုက်တိုင်းဘာတုံး(ပေါ် တဲ့စိတ်ပါ) ပေါ်တဲ့စိတ်။

နှာခေါင်းထဲ နံတယ်, ပုပ်တယ်, ညှီတယ်လို့ ရှူတဲ့ရှိုက် လိုက်တဲ့ စိတ်ကလေးကော မရှိဘူးလား.... (ရှိပါတယ်ဘုရား) အဲဒါလဲ ခင်ဗျားတို့ ပေါ်ယင် မသိပေဘူးလား.... (သိပါတယ် ဘုရား) သိယင် မှတ်ထားပါ၊ သုံးစိတ်ရှိသွားပြီ....(တင်ပါ့)။

လျှာပေါ်မှာ ချိုတယ်-ချဉ်တယ်-ဖန်တယ်-ငန်တယ်-စပ်တယ် ခါးတယ်ကိုသိတဲ့စိတ်ကလေးကော(ရှိပါတယ်ဘုရား)ဒါလဲသူလဲ အမြဲပေါ်တာမဟုတ်ပါဘူး....(မှန်ပါ့)။

ကိုယ်ပေါ်မှာ ယားတယ် ကောင်းတယ်ဆိုတဲ့ စိတ်ကလေး များကော....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အဲဒီစိတ် ၅-ခုကို အပြင်ဉ္စသည် ၅-ခုလို့ မှတ်လိုက် စမ်းပါ၊ ဒီ ၅-ခုဘယ်နှယ်ဆိုပါ့မယ်.... (အပြင်ဉ္စသည်၅-ခုပါ ဘုရား) စာလိုမသုံးနဲ့တဲ့- စာကတော့ အဇ္ဈတ္တိကာယတနလို့ သုံးတယ်.... (မှန်ပါ့ဘုရား) ဘုန်းကြီးကတော့ ဒီလိုမသုံးပါဘူး၊ တကာတကာမတွေ... နားလည်ဘို့ ရှုတတ်ဘို့ ဝိပဿနာဉာဏ်ရဘို့ အဆိုပေးထားတာ အပြင်ဉ္စသည် ၅-ယောက်လို့.... (မှန်ပါ့) အပြင်မှာ ပေါ်နေတယ်....(မှန်ပါ့ ။

မြင်စိတ်- ကြားစိတ်-နံစိတ်- စားစိတ်-ယားစိတ်- ကောင်းစိတ် ကိုဘာဆိုကြမလဲ (အပြင်ဉ္စသည် ၅-ဦး)အပြင်ဉ္စသည် ၅-ခု (မှန်လှပါ) အပြင်ဉ္စသည် ၅-ခုလို့ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့်ဒီ၅-ခုလာတိုင်းလာတိုင်း ဒါ သင္ခာယတန ခေါ်တာဘဲ၊ သင္ခာယတနလဲက မနာယတန ခေါ်တယ်.... (မှန်ပါ့) အဲဒီဟာ လာလို့ရှိယင် ဟောဒီနေရာမှာ ခင်ဗျားတို့က မြင်စိတ်ပေါ်လဲဒီကနေပြီးသကာလ ဉာဏ်ကလေးထားပြီးတော့ "ဩော်... ဖြစ်ပြီးပျက်တဲ့ အနိစ္စဘဲ" လို့ ဒီနေရာကရှုပေးရတယ်၊ (မှန်ပါ့)ရှုယင် ဒီအဆက်ပြတ်ထွက်သွားမယ်-(မှန်ပါ့) မပြတ်ပါနဲ့ဆိုလို့... (မရပါဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကို ပြတော်မူသည်)။

မရတော့ သူကဖြစ်ပျက်၊ သူကမဂ် သွားဖြစ်တယ်၊ တကာ တကာမတွေ ငေးမနေနဲ့.... (မငေးပါ) တကာတကာမတွေ.... ရိပ်မိကြပလား.... (ရိပ်မိပါတယ်)ဒီက ဒီကူးသေးသလား-(မကူး ပါ) မကူးယင် ပစ္စုပ္ပန် ထပ်မိုက်သေးသလား၊ သမုဒယသစ္စာ ထပ်လုပ်သေးသလား....(မလုပ်ပါ) မလုပ်လို့ရှိယင် ဒီဘက်ကို ထွက်သွားပါလိမ့်မယ်တဲ့၊ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်း....(မှန်ပါ့) မထွက်ပေဘူးလား ...(ထွက်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ "စိတ္တာနိုရောဓာ တဏှာနိရောဓော" စိတ်ချုပ်လို့ရှိယင် တဏှာချုပ်တာဘဲ၊ ဝေဒနာချုပ်လဲ-(တဏှာ ချုပ်တာဘဲ) စိတ်ချုပ်ယင်ကော-(တဏှာချုပ်တာဘဲ) ဒီစိတ်နဲ့ ဝေဒနာက သဟဇာတကိုး.... (တင်ပါ့) ပဋ္ဌာန်းနည်းနှင့် ပြော တော့....။

ဒါဖြင့် ဒီဘက်မှာ အထူးထပ်မိုက်သေးသလား... (မမိုက်ပါ) ဒါဖြင့်အပြင်ညွှန်သည်ဘယ်နှစ်ယောက်ရှိသတုံး (၅-ယောက်ပါ) သေသေချာချာ မှတ်ကြပါ- တကာတကာမတို့... ခင်ဗျားတို့က အရေးတကြီးပြောနေတဲ့ဥစ္စာကိုခင်ဗျားတို့ထွက်လမ်း၊ခင်ဗျားတို့

ဒုက္ခကျွတ်လမ်းကို ပြောနေတာ(မှန်ပါ) ဘုန်းကြီးတို့ အကျိုးက မဂ္ဂဒေသနာ ကုသိုလ်ဘဲ ရပါတယ်... (မှန်ပါ) ခင်ဗျားတို့က ဝင့်ပြတ်ပါတယ်.... (မှန်လှပါဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ အပြင်ညှော်သည် ၅-ယောက် တော့ရှင်းပြီဘုရား၊ပေါ်တိုင်းပေါ်တိုင်း တပည့်တော်တို့ သူ့ကို အနိစ္စ မြင်အောင်ရှုမယ်၊အတွင်း ညှော်သည်ကလဲ ရှိသေးတယ် (မှန်ပါ) တကာတကာမတို့ အတွင်း ညှော်သည် ပြောဦးမယ်၊ အတွင်းညှော်သည်ကတော့ ခင်ဗျားတို့ မိုးလင်းလာယင်ရှေးဦးစွာ ဆွမ်းခံမလာခင်- လာတဲ့စိတ်ကိုမှတ်ပါ၊ လောဘစိတ်.... (မှန်ပါ) ဆွမ်းတော်တက် စောတယ်လို့ အောက်မေ့ပါ(မှန်ပါဘုရား) မစောဘူးလား....(စောပါတယ်)စောပါတယ် စောပါတယ်၊ အိပ်ရာက ထ,လို့ရှိယင် ဒီစိတ်က အရင်လာတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်သည် လောဘစိတ်ယင်လဲ လာမယ်၊ ခလေးကဲ ဆူနေလို့ရှိယင်လဲ"အို... အိပ်ရာက ထ-ထချင်းစိတ်ကို ပျက်ပါပြီ၊ ဆူလိုက်တာ"ဆိုတော့ ဒေါသစိတ်ယင်လဲ အရင် လာမယ် .... (မှန်ပါ)အတွင်းညှော်သည်နော်....၊အဲဒါက ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် လောဘ,ဒေါသက အတွင်း ညှော်သည်လို့ မှတ်လိုက်ပါ၊အိပ်နေတုန်းက မရှိဘူး၊ခုမှပေါ်တာ....(တင်ပါ) ဒါကြောင့် သူ့ကိုညှော်သည်လို့ဘဲ မှတ်ပါ၊ အတွင်း ညှော်သည် နှစ်ယောက်ရသွား၊ပြီ...(တင်ပါဘုရား)။

ကြည့်လိုက်တဲ့ အခါကျတော့ ကိုယ့်အိပ်ရာက ကိုယ်နိုးပြီး ထကြည့်လိုက်တဲ့အခါကျတော့ခြင်ထောင်သိမ်းဘို့ ကုဋ္ဌိအိမ်သာ သွားဘို့ ဒါတွေကို ဒုက္ခပါလားလို့ မသိတော့ အဝိဇ္ဇာကလဲ

လာပြန်တယ်(တင်ပါ့)မသိတာကအဝိဇ္ဇာမောဟပေါ့၊ဘယ်နှစ်ခု ရှိသွားပြီလဲ....(သုံးခု)သုံးခုရှိသွားပြီ။

ကောင်းပြီဒါကအတွင်းမှာသူဆွေ့သည်အဖြစ်နှင့်ပေါ်သလား၊ အိမ်သည်အဖြစ်နှင့်ပေါ်သလား ဆိုတာတော့ ရိပ်မိကြပလား· (ရိပ်မိပါပြီ)နိုးမှလာတာ ဆွေ့သည်ပေါ့....(တင်ပါ့ဘုရား)။

ဆွေ့သည်က တော်တော်ကြာ ခင်ဗျားတို့ကို အပါယ်ပို့မှာ စိုးလို့ ဆွေ့သည်ကိုလဲ သိအောင်လုပ်နေရသေးတယ်.... (မှန်ပါ့) ကဲ ဒါတလေကြပြန်တော့လဲ ခင်ဗျားတို့က အလောဘ ဆိုတဲ့ မိုးလင်းလာပြီလေ၊ ဆွမ်းတော်ကလေး ဘာကလေး တင်ဦးမှ ဘုရားရှေ့ပန်းကလေး ဘာကလေးလဲ တင်ဦးမှဆိုတဲ့အလောဘ ဆိုတဲ့ ကုသိုလ်စိတ်ကလေးလဲ လာတတ်ပါတယ်....(တင်ပါ့)ဒါလဲ ဆွေ့သည်ဘဲ(တင်ပါ့) အဒေါသဆိုတဲ့ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" ဆိုပြီးသကာလ မေတ္တာကဲသေး ပို့တဲ့ ဆွေ့သည်လဲ လာတတ်ပါတယ်၊သဘောကျပလား... (တင်ပါ့ဘုရား)။

ဒါဖြင့်အတွင်း ဆွေ့သည်က လောဘ, ဒေါသ, မောဟ အလောဘ,အဒေါသ ၅-ခုဘဲ ထားလိုက်ပါတော့....(မှန်ပါ့) အတွင်းဆွေ့သည်က ဘယ်နှစ်ယောက်ပါလိမ့်... (၅-ယောက်ပါ ဘုရား)၅-ယောက်ဆိုတော့ အပြင် ဆွေ့သည်က(၅-ယောက်) အတွင်းဆွေ့သည်က... (၅-ယောက်) အိမ်သည် ၂-ယောက်ထည့် လိုက်ပါတော့တဲ့ ဒါ ကုန်ပါပြီတဲ့စိတ်....(မှန်လှပါ)အိမ်သည် ၂-ယောက်က လေကိုထုတ်တဲ့စိတ်၊ လေကိုပြန်ရှိုက်တဲ့စိတ်၊ သူက တော့ သက်စောင့်ဖြစ်သောကြောင့် အိမ်သည်စိတ်တဲ့၊ ရှင်းကြ ပလား... (ရှင်းပါပြီဘုရား)။

တကာ့တကာမတွေ့သက်စောင့်ဖြစ်သောကြောင့်....(မှန်ပါ့) သူမရှိ သေမှာကိုး....(တင်ပါ့) မသေဘူးလား....(သေပါတယ် ဘုရား)အဲဒီစိတ် ၂-ခုကို ခင်ဗျားတို့က အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ ၅-နှစ်လီရယ် ၂-ရယ် ပေါင်းတော့ ၁၂-မနေ ဘူးလား။

အဲဒီ ၁၂-မှာ အမြဲတမ်း ရှုရမှာက ထွက်တဲ့စိတ်နှင့် ဝင်တဲ့ စိတ်ကို အမြဲတမ်းရှု၊ ညှော်သည်ကပေါ်မှသာရှု၊ အိမ်သည်ပေါ် ယင်အိမ်သည်လိုက်ပါ၊ညှော်သည်ပေါ်ယင် (ညှော်သည်လိုက်ပါ)။

ညှော်သည်လိုက်တော့ကို ဟောဒီနေရာကနေပြီး သူ့လိုက်တာ ဘဲ၊သူ့ဟဒယဝတ္ထုဘဲဟဒယဝတ္ထုပေါ်ကနေပြီးသကာလ တကာ့ တကာ့မတို့ အနိစ္စသိတဲ့ ပညာကလေးနှင့်မြင်စိတ်ပေါ်လဲမြင်စိတ် က ဖြစ်ပျက်၊ရှုတာကမင်္ဂ၊ မဟုတ်ဘူးလား.... (တင်ပါ့ဘုရား)။

ကြားစိတ်ပေါ်လဲကြားစိတ်ကဖြစ်ပြီး ပျက်တာဘဲ၊ရှုတာက (မင်္ဂပါဘုရား)ကူးသေးရဲ့လား....(မကူးတော့ပါဘုရား)။

နံစိတ်ပေါ်လို့ရှိယင်လဲ အရှုခံရတာက ဖြစ်ပျက်၊ ရှုတာက (မင်္ဂ)ဒီလိုဆိုတော့ သခင်ဝတင်-စဉ်းစားရမယ်၊ ကူးသေးရဲ့လား (မကူးပါဘုရား) မကူးတော့ သမုဒယသစ္စာ နောက်ထပ် ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား) မဖြစ်ယင် ဒီဒုက္ခသစ္စာက (မဖြစ်ပါဘုရား)ဒါဖြင့် သူမဖြစ်ကတည်းက နိဗ္ဗာန်ရောက် နေပြီ....(မှန်လှပါဘုရား) နိဗ္ဗာန်က ဒီဘက်မကူးမှ ရောက်တာ (မှန်ပါ့)ဒီဘက်ကူးယင် မရောက်ပါဘူး.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) နိဗ္ဗာန်ဟာနီးသသား- ဝေးသလား....(နီးပါတယ် ဘုရား))

နို့ဘာဖြစ်လို့ နိဗ္ဗာန်ကို ဝေးတယ်လို့ ဟောနေကြသတုံး ဆိုတော့ ဒီကူးတို့စပ်တဲ့နေရာကလေးက ခင်ဗျားတို့ကိုဖြတ်ပေမဲ့ လူမရှိလို့ ဝေးနေတာ....(မှန်လှပါဘုရား)ကြည့် "တဏှာနိရောဓော နိဗ္ဗာန်" သံယုတ်ပါဠိတော်မှာ မဟောဘူးလား.... (ဟောပါတယ်ဘုရား) တဏှာနိရောဓောဖြစ်တော့ကို ဒီဇာတိဆိုတဲ့ ခန္ဓာကြီးက လာသေးရဲ့လား....(မလာပါဘုရား) ဒါဖြင့် " ခန္ဓနိရောဓော နိဗ္ဗာန်" ဆိုတာကော မှားသလား... (မမှားပါဘုရား)ဒါဖြင့် တဏှာချုပ်, ခန္ဓာချုပ်ပေါ့ဗျာ ဇာတိချုပ်၊ သဘောပါလား....(တင်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့....ဒီနေရာ ကလေးက ခင်ဗျားတို့ နှစ်သမ်းခဲ့တဲ့-(မှန်ပါ့)ရှုတဲ့ဘက်ကို သွားလိုက်လို့ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း၊ မရှုတဲ့ဘက်သွားလို့ရှိယင် ဝေဒနာပစ္စယာ တဏှာ စိတ္တပစ္စယာတဏှာနဲ့ ပဋိစ္စသမုပ္ပါဒ် လည်လမ်း (မှန်ပါ့) လည်တဲ့လမ်းပါဘဲ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ဘယ်လမ်းလိုက်မတုံးတဲ့ (ထွက်လမ်းလိုက်ပါမယ်ဘုရား)ထွက်လမ်းလိုက်မယ် (မှန်ပါ့ဘုရား) အပြောကတော့ သာဓုခေါ်စရာနော် .... အပြောကတော့ သာဓုခေါ်စရာဘဲလေ· ဒီ တကာတကာမတွေ အပြောကတော့ မခေါ်ဘူး၊ ဘုန်းကြီး တကာတကာမတွေဖြစ်နေတော့ ခင်ဗျားတို့ ဘုန်းကြီးပြုံးတဲ့အချိန်ပြုံးကြပါ၊ဘုန်းကြီးမပြုံးသေးလို့ရှိယင် ခင်ဗျားတို့က မပြုံးပါနဲ့ဦး(မှန်ပါ့) ငါ-ဝဋ်မကျွတ်သေးဘူး ဆုံးဖြတ်ချက်ချပါ။

ဝဋ်ဆိုတာ ဘာတုံးလို့ မေးဘို့မလိုပါဘူး တကာတကာမတို့ ဒီဟာသည်ကားလို့ ဆိုလို့ရှိယင်ဘာတုံးလို့ မေးတဲ့အခါကျလို့

ရှိယင် တကျော ဥပါဒါန်က-ကိလေသဝဋ်၊ဒါကော ကမ္မဝဋ်၊ဒီဘက် ကြည့်ပါလားဝိပါကဝဋ်၊ ဇာတိ ဇရာ မရဏတွေ မပါဘူးလား (ပါ-ပါတယ်ဘုရား)ဒါကြောင့် ဝိပါကဝဋ်ရှစ်ပါး။

ဒါဖြင့်ဒီကနေပြီးဖြစ်တဲ့ဒီမှာရှိတဲ့စိတ်ကိုခုနပြောတဲ့ ဆယ့်နှစ်ခု စိတ်ကို ဖြစ်ပျက်ရှုလိုက်တဲ့အခါ ကျုလို့ရှိယင်ဖြင့် ကိလေသာဝဋ် ကော မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ကမ္မဝဋ်....(ချုပ်ပါ တယ်) ဒီဘက်ပေါ်တော့ ဝိပါကဝဋ်....(ချုပ်ပါတယ်)ဒါဖြင့် ဒါ ဝဋ်ကျွတ်တာ ဆုတောင်းယူရမှာလား ရှုရမှာလား-ဒီကနေပြီး တော့.... (ရှုရမှာပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဘုရားရှေ့ လက်အုပ်ချီပြီး ဝဋ်ဘာ တိုတိုနဲ့ မဂ်ဖိုလ်ရ-ရပါလို့ဆိုလို့ လုပ်မနေနဲ့....(မှန်ပါ) ဘုရား က ဖြတ်မပေးနိုင်ဘူး၊ မင်းတို့ဟာ မင်းတို့ဆက်တာ ငါမဖြတ်နိုင်ဘူး ခင်ဗျားတို့ကို ပြောလိုက်ပါလိမ့်မယ်၊သေးဘာကျရဲ့လား (ကျပါ ပြီဘုရား)ဒါဖြင့် ဒီမဂ္ဂသစ္စာဟာ အဖြစ်အပျက်ရှုတဲ့ မဂ်ကို မဂ္ဂ သစ္စာလို့မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)မဂ္ဂသစ္စာ မပါဘဲနဲ့ ဦးသံဒိုင် နိဗ္ဗာန်ရောက်ပါ့မလား... (မရောက်ပါဘုရား)။

သူက"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"ကိုး....(မှန်ပါ) တကြောင်းတည်းနဲ့ ငါနိဗ္ဗာန်ပို့မယ်ဆိုတာ သူဘဲရှိတယ်၊ ဒီ့ပြင် ရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါကြောင့် အခု ခဏဘဲ နာရတယ်ဆိုတာ တကာတကာမတွေ့မှာ ဒီဝဋ်ကျွတ်-မကျွတ်ရှုတဲ့ ပုဂ္ဂိုလ်မှာ ဒီဝဋ် ကျွတ်-မကျွတ် (ကျွတ်ပါတယ်ဘုရား) ဒီဝဋ် ကျွတ်ယင် ကိလေသဝဋ်ကျွတ်ပြီ၊ကိလေသဝဋ်ကျွတ်ယင်ကမ္မဝဋ်က ငါချည်းလုပ်မယ်ဆိုလို့ ရသလား....(မရပါဘုရား) ကိလေသာ

အုပ်ချုပ်နေမှု ဣမ္မဝင်္ဂကဖြစ်တာ၊ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ကမ္မဝဋ္ဋ်မရှိတဲ့ပုဂ္ဂိုလ်-ကံဘဲမရှိတဲ့ပုဂ္ဂိုလ် ဝိပါကဝဋ္ဋ်ဆိုတဲ့ သူတို့ ရှစ်ပါးလာပါဦးမလား....(မလာပါဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏလာပါ့မလား.... (မလာပါဘုရား) ဒါဖြင့် ဝဋ္ဋ်ကျွတ်ချင်လို့ရှိယင် ခင်ဗျားတို့ ၂-က ၃-ကို မကူးစေနဲ့.... (မှန်ပါ) ၂-က....(၃-ကို မကူးရပါ) ကူးတဲ့ပုဂ္ဂိုလ်ရှိယင် ကိုယ့်ဟာကိုယ်မိုက်လို့သာ အောက်မေ့ပေတော့(မှန်ပါ)ကူးယင်၊ ကူးယင်ဘယ့်နှယ်ဆိုကြမလဲ(မိုက်လို့)။

မိုက်တာဟာ အရွယ်ကြီးမှ မိုက်တာလား....၊ ငယ်ငယ်တုန်းက မိုက်တာလားဆိုတာလဲ ကိုယ့်အသက်နဲ့ကိုယ် ချိန်ယင် သိမယ်၊ ဦးမာဒင် .... စောင်းပြောတယ်လို့လဲ အောက်မေ့မနေပါနဲ့၊ စောင်းမြောင်းနေတယ်လို့လဲ အောက်မေ့ မနေပါနဲ့၊ အရွယ်ကြီးမှ မိုက်တာလားဟေ့ဆိုတော့ မိုးလင်းလာလို့ ရှိယင်ဖြင့်တဲ့ ကိလေသဝဋ္ဋ်က အရင် ပေါက်ပြေးလာတတ်တယ်.. (မှန်ပါ) ကိလေသဝဋ္ဋ်လာလို့ရှိယင် ကာယကံ ဝစီကံနဲ့ ဦးသံဒိုင် တို့က ဘယ်ဈေးက ဘယ်သွားကွ၊ ဘယ်သူက ဘယ်ဆိုင် သွားကွ ဒါ-ဘာတုံးဦးသံဒိုင်၊ဝစီကံ၊ ဝစီကံဆိုတော့ ကမ္မဝဋ္ဋ်မကျဘူးလား (ကျပါတယ်)။

ဒါဖြင့် ဘာဖြစ်လို့ ဒီကမ္မဝဋ္ဋ်က လာတာတုံး မေးတော့.... ဟောဒီ ငွေလိုချင်တဲ့ ကိလေသဝဋ္ဋ်ကရှိတယ်....(မှန်ပါ)ကိလေသ ဝဋ္ဋ် ရှိသောကြောင့် ခင်ဗျားတို့ဟာ ဘာတွေ ပြောလေ့ဆိုလေ့ ရှိသတုံး...(ကမ္မဝဋ္ဋ်) ကမ္မဝဋ္ဋ်က လုံလောက်ပလားတဲ့၊ ကာယကံ ဝစီကံနဲ့ ပြောလိုက်တော့ လုံလောက်နေပြီ၊ မသေသေးလို့၊

သေယင် ဝိပါကဝဋ်လာမယ် (မှန်ပါ့) သဘောကျပလား.... (တင်ပါ့)။

ဒါဖြင့် တနေ့ကို တကာတကာမတွေ့ဒီကံပေါင်းဘယ်လောက်ရှိမတုံး....(မရေတွက်နိုင်ပါ) ဟင်....(အများကြီး) အများကြီးလှည့်နေတယ်၊ ဒါဖြင့် တကာတကာမတွေ့....သွားပြီ၊ မျှော်လင့်ချက်မရှိဘူး....(မှန်ပါ့) ခင်ဗျားတို့ လူ့ပြည် အလည်လာတာ၊ အလည်လာတာ သက်သက်ပေါ့....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးများက ပြောလိုပါတယ်တဲ့၊ ဒီ တကာတကာမတွေ့ကို ခင်ဗျားတို့ အခုဘဝ မိုက်ထားတာတွေလဲ မနည်းပါဘူး၊ သဘောကျပလား(ကျပါပြီ)အခုဘဝ မိုက်ထားတာတွေ (မနည်းပါ) ဟို- စက်ရှင်မှုတွေ မပြောပါဘူး၊ ဒီလောက်မိုက်တာ ရူးတာ မူးတာကို မပြောပါဘူး၊ မနေ့ကမိုက်ထားတာတွေ ပြောနေတာ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။ အဲဒီလောက် မိုက်ထားတဲ့ တကာ ကကာမတို့ ဦးမြတို့ လူစုက တပည့်တော်တို့ ကောင်းမှု ပြုထားတယ်၊ ကျောင်းလဲ ဆောက်ထားတယ်၊ ဘုရားလဲ တည်တယ်၊ အို... မင်း ကျောင်းဆောက် ဘုရားတည်ဘာကကွာ တနေ့ဖြစ်တဲ့ အကုသိုလ်တွေနဲ့ စာစမ်းပါ (မှန်ပါ့)ဘယ်နှယ်တုံး.... (မယှဉ်သာပါဘုရား) ဟင်....ယှဉ်သာရဲ့လား....(မယှဉ်သာပါ) မကယ်ဘူးကွ၊ ပြီးရော - သွားရော၊ မကယ်ဘူးကွ... (မှန်ပါ့)။

ဘာကြောင့် မကယ်ဘူးကွတုံးလို့ဆိုတော့ - ဟို ဒွါရခြောက်ပေါက်က ဒီက ခုဒင်က အတွင်းညှော်သည်လာလဲ မရှုမိ၊ အပြင်ညှော်သည်လာတော....(မရှုမိ)အိမ်သည် ၂-ခုလာကော...(မရှုမိ)

မရှုမိတော့ မဂ်က ဘယ်တော့ ပေါ်သေးတုံး.... (မပေါ်ပါ) ဒါဖြင့် ကံဖြတ်မဂ်က လာသေးရဲ့လား... (မလာပါဘုရား)။

မလာခတော့ခင်ဗျားတို့တဏှာ,ဥပါဒါန်,ကံ- တဏှာ,ဥပါဒါန် ကံ- တဏှာဥပါဒါန် ကံ ဒါတွေချည်းလုပ်နေတယ်၊ဒါချည်းလုပ် နေတော့ တပည့်တော်တို့ ရှေ့မျှားဘာဖြစ်မယ်လို့ အရှင်ဘုရား မြင်ပါသတုံး၊အရှင်ဘုရားကတော့တပည့်တော်တို့နှင့်စာလို့ရှိယင် ပညာလဲ နည်းနည်းကြီးပါတယ်။ "အို....ဒါက ဆုံးဖြတ်ချက်ချ လိမ့်မယ်ဟေ့"ရိပ်မိပလား...(မှန်လှပါ)။

ဘယ်သူကဆုံးဖြတ်ချက်ချမတုံး....(တဏှာ ဥပါဒါန်,ကံ,က) တဏှာ,ဥပါဒါန်,ကံက ကိုယ့်အထဲဖြစ်တာ....(မှန်ပါ) ဘုရားက တဏှာ,ဥပါဒါန်,ကံဖယ်ပြီး သားတော်ရဟုလာကို ဆွဲတင်လို့ မရဘူး....(မှန်ပါ) ပဋိစ္စသမုပ္ပါဒ်က ဘုရားမပွင့်ခင် ကတည်းက ရှိတာကိုးဗျ၊ဘုရားပွင့်တော့....(ရှိပါတယ်ဘုရား)။

ဘုရားပွင့်တော့ နည်းပေးဖေါ်ရတယ်၊ ဘုရားမပွင့်ခင်က သူ့ မြဲအမ်းရှိတယ်.. (မှန်ပါ)သဘောကျပလား—(ကျပါတယ် ဘုရား)ဒါဖြင့် တပည့်တော်သေယင် ဘယ်သွားမှာတုံး ဆိုတော့ ဒါ စဉ်းစားဘာပေါ်ကွာ သူတို့စိမ်ရာပေါ်၊ သူတို့မသာလို့ရှိ ယင်လဲ ဒီဘက်သွားမဟေ့ နိဗ္ဗာန်သွားမယ်(မှန်ပါ)ဒီမှာ ရှုတဲ့ ပုဂ္ဂိုလ်က၊ မရှုတဲ့ ပုဂ္ဂိုလ်ကတော့ ဒီ ပဋိစ္စတော်အတိုင်း ဒီဘဲ သွားမယ်ဟေ့ မဆိုထိုက်ဘူးလား- ဆိုထိုက်သလား....(ဆိုထိုက် ပါတယ်ဘုရား)။

ဒါဖြင့် ဒီကနေ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချပြီးပလား.... (မှန်ပါဘုရား) ဘယ့်နှယ်ချထားသလဲ တလမ်းသွားပါဘဲလား၊ တလမ်းသွားပါဘဲ၊အဲဒါကြောင့်အားလုံး တကာ တကာမတွေ့

ခင်ဗျားတို့ အခု သေသေချာချာ လာပြီးသကာလ အကြောင်း တိုက်ဆိုင်နေလို့ ပြောနေတာ ခင်ဗျားတို့လုပ်တာ အလွဲချည်းမို့ ပြောနေတာ....(မှန်ပါ့)ဦးမြ နာသလား ခင်ဗျား .... (မနာပါ ဘုရား)။

မနာကြနဲ့နော်....(မှန်ပါ့)မနာကြနဲ့ အလွဲချည်း လုပ်နေတာ အလွဲက ဒီဖြတ်လမ်းကို ဘယ်တော့မှ မလုပ်ဘူး၊ လုပ်ကဲ့လား.... (မလုပ်ပါ)ဖြတ်လမ်းက လုံးဝ မပါဘူးဆိုတော့ ဒီဘက် လည် လမ်းချည်း လုပ်နေတယ်...(မှန်ပါ့)ဒါဖြင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်မယ်....(မှန်ပါ့)ကမ္မဝဋ်ကြောင့် သေသည်၏အခြား မဲ့၌(ဝိပါကဝဋ်)ဝိပါကဝဋ်ဖြစ်မယ်၊ ဝိပါကဝဋ်ထဲက ကိလေသ ဝဋ် ပြန်ပေါက်ပွားဦးမယ်(မှန်ပါ့)ဒါ ကိလေသဝဋ် ... (မှန်ပါ့) ဒီ ကြည့်လေ ကိလေသဝဋ်တွေ ဒီဥစ္စာ ဟောဒီ ပါသွားတဲ၊ မပါဘူးလား ...(ပါ-ပါတယ်) ရှင်းကြသလား .... (ရှင်းပါပြီ)။

ဒါဖြင့် ကိလေသဝဋ် လုပ်ပြန်တော့ ဒီကမ္မဝဋ်က မလာပေ ဘူးလား(လာပါတယ်ဘုရား)ဒီဝိပါကဝဋ်ကလာ(လာပါတယ် ဘုရား)ဒါဖြင့် ဝိပါကဝဋ်ထဲက ကိလေသဝဋ် ပေါက်ပွားမလား။ မပေါက်ပွားဘူးလား .... (မှန်ပါ့) ပေါက်ပွားယင် ကမ္မဝဋ်က မလာဘူးလား....(လာပါတယ်) ကမ္မဝဋ်လာယင် ဝိပါကဝဋ်က မလာပေဘူးလား....(လာပါတယ်)ဝိပါကဝဋ်ထဲက ဘာပေါက် ပွားမလဲ....(ကိလေသဝဋ်)ဟော- ကိလေသဝဋ် ပေါက်ပွားပြီ။

ကဲ....တကာတကာမတို့ ခင်ဗျားတို့ဟာ ဘယ်မှာ ထွက်လမ်း ပါသေးသလဲ....(မပါပါဘုရား) တကာတကာမတွေ ပါသေး ရဲ့လား(မပါပါဘုရား)အချိန်ကလေး မီလိုက်ရုံကလေး ရှိတယ် နော်....ဦးမြ မြန်မြန်လုပ်ကြပါ....(မှန်ပါ့ဘုရား)။

စကာတကာမတွေ.... (မှန်ပါဘုရား) ရက်ရွေ့ယင် မှားပြီ၊ တဂ:ာတကာမတွေရက်ရွေ့ယင်.... (မှားတယ်)ရက်ရွေ့ယင်မှား တယ်ဆိုတာခင်ဗျားတို့ကမျက်လုံးမဖွင့်ဘဲ,နားမထောင်ဘဲနေနိုင် ရဲ့လား-(မနေနိုင်ပါ)မနေနိုင်ယင် ဒါတွေဘဲ ထပ်လာတာဘဲ (မှန်လှပါ)ကဲ....ရက်ရွှေ့သလောက် မနာဘူးလား၊ ငွေရက်ရွေ့ ပြီး တွက်တာက အတိုးတက်ရုံဘဲ ရှိမယ်.... (မှန်ပါ) ပစ္စုပ္ပန်မှာ တောင်းပန်ယင် ရသေးတယ်၊ ဒါက တောင်းပန်လို့ ရ-မရ.... (မရပါ)ရနိုင်ပါ့မလား....(မရနိုင်ပါ) ကမ္ဘာဝပစ္စယာ ဇာတိ ဘယ်သူ တောင်းပန်လို့ရမလဲ....(မရပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ အင် မတန်မှအကျိုးတွေနစ်နာပြီးသကာလ,သာမည ကုသိုလ်ကိုအကြီး အကျယ် ကုသိုလ်ထင်ပြီးသကာလ အားကိုးလုံးထုတ်နေမှာ အင် မတန် စိုးရိမ်တယ်... (မှန်လှပါ)ဝဋ်ကျွတ် မပြတ်ဘူး၊သဘောပါကြ ရဲ့လား....(ပါပါတယ်ဘုရား)။

သာမညကုသိုလ်ကိုခင်ဗျားတို့က ရွှေတိဂုံ ရွှေအပြည့်ချနိုင် တာနဲ့ တော်လောက်ပြီလို့အောက်မေ့ချင်အောက်မေ့နေမှာ (မှန်ပါ) မဟုတ်သေးပါဘူးတဲ့၊ ဒါ ခင်ဗျားတို့ သစ္စာမသိလို့ ရှိယင် သင်္ခါရပစ္စယာ ဝိညာဏ်ဘဲ လာမယ်၊ ကမ္ဘာဝပစ္စယာ ဇာတိဘဲ လာမယ်(မှန်ပါဘုရား)သို့သော် ဇာတိမှာ ခင်ဗျားတို့ အထင်ကတော့ အထက်တန်းကျတယ်လို့ထင်လိမ့်မယ်၊ဩော်.... တပည့်တော် သုဂတိ ဇာတိဘဲလို့ထင်ချင်ထင်ကြလိမ့်မပေါ့ဗျာ (မှန်ပါဘုရား)။

သုဂတိ ဇာတိကို သစ္စာဖွဲ့ကြည့်တော့ ဟောဒီက သက်သေခံ တယ်....(မှန်လှပါဘုရား)ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား)

သဘောကျပလား....(ကျပါပြီ) ဒုက္ခတို ဇာတိကို သစ္စာဖွဲ့တော့ ကော... (ဒုက္ခသစ္စာပါဘဲဘုရား)အင်း....ဘာထူးသေးသတုံးဗျ.... (မှန်ပါ) သစ္စာဖွဲ့တော့ ဒုက္ခသစ္စာချည်းဘဲ.... (မှန်ပါ) ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်လုပ်တာဟာသ၍အမှန်ဘဲလို့ ဆိုကြမလားအလွဲဘဲလို့ ဆိုကြမလား(အလွဲပါဘုရား)အလွဲလို့ သေသေချာချာ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အေး-အေး ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ အတွက်မှာ အမြင်ကျယ်လေ စိတ်ညစ်စရာကောင်းလေ (မှန်ပါ) အမြင်ကျယ်လေလေ . (စိတ်ညစ်စရာကောင်းလေလေ) စိတ်ညစ်စရာ ကောင်းလေလေဆိုဘာ ပေါ်ကြပလား....(ပေါ်ပါပြီ) ကဲ .... ဒါဖြင့် တကာတကာမတို့ ဘုန်းကြီးကလဲ စေတနာ ကောင်းကောင်း၊ ခင်ဗျားတို့ကလဲ ဆရာသမား ရောက်တယ် ဆိုတော့ ဝိုင်းလာကြ၊ အင်မတန်မှလဲ သိချင်တော့ တကာတကာမတို့ ဒီကနေ့ မပြတ်သ၍ ကာလပတ်လုံး ကိစ္စမပြီးသေး ပါဘူးဆိုတာ ဘယ်သူ ပြောတာမှမယုံနဲ့ .... (မှန်လှပါဘုရား) သဘောကျကြပလား....(ကျပါတယ်ဘုရား)။

ဒီနေရာမှာ မဂ်မဝင်နိုင်သေးသ၍ကာလပတ်လုံးဝိပဿနာမဂ် မဝင်နိုင်သေးသ၍ ကာလပတ်လုံး ခင်ဗျားတို့ ငါ တော်ပြီဆိုတဲ့ စကားကို ဘယ်သူမှမသုံးပါနဲ့(မှန်လှပါ)ရှင်းပလား (ရှင်းပါပြီ) ငါ တော်ပြီဆိုတဲ့ စကား-(မသုံးပါနဲ့)သုံးယင် (မှားသွားမယ်) မှားတယ်ဆိုတာ သဘောပါကြလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သေသေချာချာ ပြောပါမယ်တဲ့- ဒီကြည့်၊ခင်ဗျားတို့ အတိတ်အကြောင်းက အဝိဇ္ဇာသင်္ခါရဆိုပါ တယ်တဲ့- ဆိုပင်ဆိုငြားသော်လဲ အဝိဇ္ဇာရယ်,သင်္ခါရရယ်,တဏှာ

ရယ်,ဥပါဒါန်ရယ် ဘဝ ပါပါနေတယ်နော်....(မှန်လှပါ) မပါဘူးလား .. (ပါပါတယ်)အဲဒါ အတိတ်အကြောင်းက ငါးပါး၊ ဟောဒီ ပစ္စုပ္ပန်အကျိုးကလဲ ငါးပါးဘဲလာတယ်၊ မလာဘူးလား (လာပါတယ်ဘုရား) ပစ္စုပ္ပန် အကျိုးကလဲ ငါးပါးဘဲ မနေဘူးလား။

ဟောဒီ ပစ္စုပ္ပန်အကြောင်း ထပ်လုပ်ပြန်တာကလဲ တဏှာ ဥပါဒါန် ဘဝတဲ့၊အဝိဇ္ဇာ သင်္ခါရနဲ့ ဘဲ ခင်ဗျားတို့ပြန်လုပ်တယ်၊ မလုပ်ဘူးလား(လုပ်ပါတယ်ဘုရား)အဲဒီတော့ အနာဂတ်အကျိုး မှာလဲ ရှစ်ပါးမလာပေဘူးလား(လာပါတယ်ဘုရား)ဒီ သုံးခုနှင့် ရောလိုက်ဗျာ၊ဒီ အပေါ်က ငါးခုနှင့်....(တင်ပါ့)။

အဲဒီတော့ တကာတကာမတွေ ရှေးဘဝက တပည့်တော် ဘာများ ဖြစ်ခဲ့ပါလိမ့်မလဲ ဘုရားလို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)ဒီသစ္စာ....ဒီသစ္စာ... ဒီသစ္စာ....ဒီသစ္စာ ဒါဘဲ လုပ်ခဲ့တယ်(တင်ပါ့)မဂ္ဂသစ္စာ ပါဘူးကြရဲ့လား ...(မပါဘူးပါ ဘုရား)နိရောဓသစ္စာ....(မပါဘူးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာဏ မီးဘဲ၊ သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ခန္ဓာဖြစ်သောကြောင့် ထင်း....(တင်ပါ့) ထင်းနှင့် မီးချည်းဘဲ လုပ်ခဲ့တယ်၊သဘောကျရဲ့လား(ကျပါတယ်ဘုရား) မီးငြိမ်းကြောင်းနှင့် မီးသေတဲ့ နေရာဌာန လုပ်ဘူးကြရဲ့လား (မလုပ်ဘူးပါဘုရား) ဒါဖြင့် လွှဲလိုက်တာကို လွန်နေပြီဆိုတာ ဇကာမပေါ်ကြသေးဘူးလား(ပေါ်ပါပြီဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ထင်းနှင့်မီးကလဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့ ခန္ဓာကိုယ်ကြီးထဲမှာလဲ ဒုက္ခသစ္စာ ဒါ ထင်း... (မှန်ပါ့) ဒီထဲမှာ

ဒါတွေ ပေါက်ပွါးတော့၊ ကဲ....သခင်ဝတင်.... ဘာသစ္စာလို့....ဆိုမလဲ...(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆို သမုဒယသစ္စာနဲ့ ပေါင်းလိုက်တော့ မလောင်ဘူးလား(လောင်ပါတယ်) သမုဒယက မီး၊ ဒုက္ခာ ထင်း (မှန်ပါ)။

ဦးမြကြီး....တိုင်းပြည် လှည့်ပြေးနေတာ ဘာပြုလို့ပြေးနေတယ် ထင်သတုံး၊ဦးမြကြီး ပြေးနေတာ ဘယ့်နှယ်ထင်ကြသလဲ မီးလောင်လို့ ပြေးနေတာ၊ ဟိုလဲ စိတ်မချ၊ ဒီလဲ စိတ်မချနဲ့၊ လောဘမီး၊ ဒေါသမီး လောင်တော့ ခန္ဓာကြီးကတော့ အသက် ၇၀-ပြည့်နေပြီ၊ ပြေးနေလို့ ကောင်းတုန်းဘဲ သူက၊ပြေးလောင်နေတာ၊ အတော်မဆိုးဘူးလား....(တင်ပါ)။

ဦးသံဒိုင်တို့လို လူတွေက ဒီအတိုင်း မဟုတ်ဘူး....၊ဆွေးပြီး လောင်တယ်၊ ပြေးလောင်မဟုတ်ဘူး၊ ဆွေးလောင်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)အင်မတန် ဆိုးဝါးနေဘယ်၊ဦးသန်းမောင်ကြီးက ဘယ်အလောင်ထဲကတုံး၊ ပြေးလောင်တာလား... ဆွေးလောင်တာလား....(ပြေးလောင်တာပါ) ပြေးလောင်မို့ ၆-မိုင်ပြေးလိုက်, ၈-မိုင်ပြေးလိုက်ပေါ့ .. (တင်ပါဘုရား)။

ကဲ....ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ အခုခန္ဓာထဲမှာ အခုအချိန်ဘဲ တရားကိုသိနေတဲ့ ဉာဏ်ကလေး ပါတယ်၊ ကျန်တဲ့ အချိန်မှာ မီးနှင့် သူနှင့် တွဲလောင်နေတယ်၊ ဦးသန်းမောင်....(မှန်ပါ)ကားနှင့် သွားတာတောင် နွေးတယ် ထင်ပြီးတော့ လောင်ချက် ဘယ်လောက်ပြင်းတယ် ထင်သလဲ၊ မပြင်းဘူးလား (ပြင်းပါတယ်ဘုရား) လေယာဉ်ပျံနှင့် သွားရော....(တင်ပါ) ဟ....ဘယ့်နှယ်ကြောင့်တုံးဆိုတော့ လောင်ချက် ပြင်းလွန်းလို့ အပြေးမြန်တာ၊ သဘောပါပလား....(ပါပါတယ်)ခု ဟသ်ာဇ

လာစောင့်နေတာ တဲ့အာကြီးဟာ အတော်ကြာသွားပြီ၊အတော်များ လောင်နေရော့လား၊မလောင်ဘူးလား-(လောင်ပါတယ်) ဟော့....မောင်ထွန်းအောင်တို့ သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လွန်လေပြီးသော အတိတ်ကာလက ဘာသစ္စာ လုပ်ခဲ့သတုံး-(သမုဒယသစ္စာလုပ်ပါတယ်) ယခုဘဝမှာဘာသစ္စာတွေပေါ်နေသတုံး(ဒုက္ခသစ္စာတွေပေါ်နေတယ်)ဟော ပစ္စုပ္ပန်အကျိုးတဲ့၊ ဒုက္ခသစ္စာတွေပေါ်နေတယ်၊ ဘုန်းကြီးတရားကို မလိုက်နာတော့ဘူး၊ သူ့အတိုင်း ထားလိုက်ယင်တော့ ခင်ဗျားတို့ဘဝဟာဖြင့် ဒီ ဆရာသမားနဲ့ မတွေ့ယင်ရှုံးပြီ၊အားလုံးတကာတကာမတွေဆရာကောင်း သမားကောင်းမတွေ့ယင် ဘယ့်နှယ် ဆိုကြမလဲ....(ရှုံးပြီ)အချိန်မှီ မေးသနော်ဦးမြ....(မှန်ပါ့)တကာတကာမတွေ အခု ဘုန်းကြီးဘာဆုံးမသလဲ (အချိန်မှီတယ်) အချိန်မှီသေးတယ်လို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့)။

အချိန်တော့ မှီပါရဲ့ဘုရား၊ တပည့်တော်တို့စာ ကိစ္စတွေစာ သိပ်များတယ်ဆိုပြီးကိုယ့်ကိုယ်ကို လှ နဲ့မထိုးလိုက်ပါနဲ့၊ ကိစ္စတွေသိပ်များတယ်ဆိုတာ တပည့်တော် မလုပ်နိုင်ဘူး ပြောတာ....(မှန်လှပါ)မလုပ်နိုင်ဘူးပြောတော့ ဒါဘဲ လုပ်နိုင်တယ် ပြောတယ်၊ တကာတကာမတွေ ၃-နံပါတ်ဘဲလုပ်နိုင်တယ်ပြောတယ်-ဒီနေရာမလုပ်နိုင်ဘူးဆိုတော့ ဒီဟာတော့လုပ်နိုင်တယ်ပြောတယ်၊ (မှန်လှပါ) မဂ္ဂသစ္စာတော့ မလုပ်နိုင်ဘူး၊ သမုဒယသစ္စာတော့ (လုပ်နိုင်ပါတယ်) ဟ....မောင်ကိုတို့... ဦးမြတို့....ဘယ်လောက်မနာဘူးလား....(နာပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဦးမြတို့....အသက် ၇၀-လဲပြည့်နေပြီ၊ ဦးသံဒိုင်လဲ ကြီးပြီ၊ ဦးမာဒင်လဲ ကြီးပြီ၊ အခုအချိန်မှာ ဖြတ်လမ်းဘဲ လုပ်ဘို့လိုတော့တယ်....(မှန်ပါ့)တကာတကာမတွေ ဘာလိုကြသလဲ... (ဖြတ်လမ်းလုပ်ဘို့လိုပါတယ်)ဖြတ်လမ်းဘဲ လုပ်ဘို့လိုတော့တယ်၊ ဖြေးဖြေးမှ ဖြတ်ချင်သလား၊ မြန်မြန် ဖြတ်ချင်သလား....(မြန်မြန်ဖြတ်ချင်ပါတယ်) အပြောကဖြင့် ဒီလိုမလုပ်ကြပါနဲ့တဲ့ ဒီလို မလုပ်ကြပါနဲ့ တကာ တကာမတို့ ဟော့.... ဆန်းဦးညွန့်ကြီး မြန်မြန်လုပ်မှ ရမယ်-(မှန်ပါ့ဘုရား)မြန်မြန်လုပ် ရှုပ်မနေနဲ့ မြန်မြန်လုပ်ကြစမ်းပါ။

နို့မို့လို့ရှိယင် ဟောဒီ အဝိဇ္ဇာနဲ့ တဏှာဟာ ပဋိဒါင်း (မှန်ပါ့)ပဋိဒါင်းဆိုဘာ အခုအခါတော့ စက်သည်တဲ့ဘောကြီးဘဲ၊ သူက လှည့်ပေးနေတာ၊သူကလှည့်ပေးလိုက်တဲ့အခါကျတော့ ဒီလူဒီအတိုင်းမလည်ပေဘူးလား(လည်ပါတယ်ဘုရား) ဟောဒီ သင်္ခါရတွေက မမြင်ဘူးလား ဒီမှာပြထားဘာဒေါက်တွေပေါ့ ဒါတွ ဒေါက်တွေဘဲ သူတို့က ဒေါက်တွေမှာ ဘယ်သူ အုပ်ချုပ်ထားတုံးဆိုတော့ ဇရာ မရဏအကွပ်ကြီးက ဒီမှာနေ ကွပ်ထားတော့ ခင်ဗျားတို့မှာ ပဋိဒါင်းရယ်, ဒေါက်ရယ်, အအိုရယ် အသေရယ် အကွပ်ကြီးနှင့် လည်နေကြတယ်၊ အကောင်းပါ သေးရဲ့လား....(မပါပါဘုရား)။

အဲဒီထဲမှာ ဒါကြီးနဲ့လည်နေရဝဋ်အထဲမှာသားဝန်,သမီးဝန် ဆွေဝန်,မျိုးဝန်, မင်းဝန်, စိုးဝန်တွေကလဲ ထမ်းနေရသေးတယ်၊ လမ်းကလဲ ၉၆-ပါးလမ်းကြမ်းထဲမှာ တကာတကာမတွေသွားနေတယ်(တင်ပါ့ဘုရား)ဘယ်လမ်းလဲ...(၉၆-ပါးလမ်းကြမ်းကြီးမှာ သွားနေတယ်)၉၆-ပါး လမ်းကြမ်းထဲမှာ သားဝန်-သမီးဝန်....

ဆော့ဝန်-မျိုးဝန် စိတ်မချ လက်မချ ထမ်းပြီး သွားနေတယ်....(မှန်ပါ)။

လမ်းကလဲ လမ်းကြမ်း ဝန်ကကော ဝန်လေး၊လမ်းက(လမ်းကြမ်း)ဝန်ကကော(ဝန်လေး) ဖြေးဖြေးသွားရသလား-နှေးနှေးသွားသလား....(ဖြေးဖြေးသွား)ဖြေးဖြေးသွား မရောက်ဘူး....(မှန်ပါ)အသွားမြန်မြန်(မှန်ပါ) မင်းတို့ ဒါကြောင့် ဖျင်းနေတာ စီးပွါးရေး ဒါကြောင့် မင်းတို့ ချို့တဲ့နေတာ အသွားသုတ်သုတ်၊ အပြန်သုတ်သုတ်ဆိုတာ မကြားဘူးဘူးလား...(တင်ပါ) အောင်မာ တကာတကာမတို့ကို ဆုံးမနေဘာ(မှန်ပါ)ဒီလိုဆုံးမပြီးသကာလ ဦးမြတို့ကျတော့ မဆုံးမရဘူး၊ ကိုယ်ဟာကို ကိုယ်ပြေးနေတာဘဲ။

အဲဒီတော့ ၉၆-ပါးလမ်းကြမ်းမှာ သားဝန်၊သမီးဝန်၊ဆွေဝန်မျိုးဝန်၊မင်းဝန်၊စိုးဝန်တွေထမ်းပြီးပြေးတော့ တကာတကာမတွေပြေးတော့ လမ်းမှာ ဟတ်ထိုးလဲသေကြတယ်....(မှန်ပါ) ဘယ်လောက်ကြောက်စရာကောင်းသလဲ(တင်ပါ)နောက်ဘဝထလာပြန်တော့လဲ ဒီ ဟတ်ထိုးလဲနှင့်ဘဲ သေတာဘဲ....(မှန်ပါ)နောက်ဘဝ ထလာပြန်တော့ကော....(ဟတ်ထိုးလဲနှင့်ဘဲ သေတာဘဲ) ဘယ်သူကမျှား ခင်ဗျားတို့ ထူပေးမည့်သူ-မ့ပေးမည့်သူရှိသတုံး (မရှိပါဘုရား)အဲဒီမဂ်ဘဲ အကူအညီကိုရတယ်တကာတကာမတို့ ဒီ့ပြင်ဖြင့် ဘုန်းကြီးတို့ ဘာမျှမဘတ်နိုင်ဘူး။

ဘုရားဟာ ရာဟုလာ သူ့သား မဟုတ်ဘူးလား-(မှန်ပါ) သူ့ဟာသူ ထမ်းခေါ်နိုင်ရဲ့လား...နိဗ္ဗာန်ကို....(မခေါ်နိုင်ပါဘုရား) ရာဟုလာဝါဒသုတ်....ရာဟုလာဆုံးမတဲ့ သုတ်ဆိုပြီး

ဟောရပြန်တယ်၊ မင်းဒီသုတ်ကို ဒီအတိုင်း နှလုံးသွင်းပါ ဆိုပြီး သွင်းလိုက်တော့မှ သူ့ဟာသူ လိုက်ရတာကိုး။

ဒီမှာလဲ ဘုန်းကြီးက နည်းသာ ပေးတတ်တယ်၊ ခင်ဗျားတို့ အားလုံးသောပုဂ္ဂိုလ်တွေကို နိဗ္ဗာန်ရောက်အောင်ထမ်းမခေါ်နိုင်ဘူး....(မှန်လှပါဘုရား) ကြည်ညိုကြပါတယ်၊ ခင်ဗျားတို့ ဆရာသမားလဲ အားကိုးပါတယ်၊ အားကိုးပေမယ်လို့ ထမ်းခေါ်နိုင်တဲ့ ဆရာသမားမဟုတ်ဘူး(မှန်ပါ)ဘုရားမှမခေါ်နိုင်ဘဲနဲ့ ဘုန်းကြီးတို့က ဘယ်ခေါ်နိုင်ပါ့မလဲ... (မခေါ်နိုင်ပါဘုရား)။

မခေါ်နိုင်တော့ ခင်ဗျားတို့ ဉာဏ်နှင့် ခင်ဗျားတို့ လိုက်ရမယ် (မှန်ပါ)ဉာဏ်တော့ပေးမယ်၊ မရ-မရှိရဘူး၊ဉာဏ်တော့ သေသေချာချာရမယ်၊ တကာတကာမတို့ စွဲစွဲမြဲမြဲ ကလေးသာ မှတ်ပါ၊ ဉာဏ်သေသေချာချာရမယ်(မှန်ပါ) ရှင်းကြပလား(ရှင်းပါပြီ) ဒါဖြင့် တကာတကာမတို့ ယနေ့ပြတာကဖြင့် အတိတ်ဘဝက ဘာသစ္စာနဲ့ သေခဲ့ကြသတုံး-(သမုဒယသစ္စာနဲ့ပါဘုရား) ဒါ-အတိတ် ပေါ်ပြီနော်... (မှန်ပါ)။

ယခုဘဝဘာသစ္စာရထားသတုံး(ဒုက္ခသစ္စာရထားပါတယ်)။

အင်း... ယခု သွားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ဘာသစ္စာလုပ်ပြန်သတုံး(သမုဒယသစ္စာလုပ်ပါတယ်ဘုရား)အင်း....ဆေးသည်၏ အခြားမဲ့၌ ဘာဖြစ်မှာတုံး.... (ဒုက္ခသစ္စာဖြစ်မှာပါ) ဒီဒုက္ခနဲ့ သေရတဲ့ လူဟာတဲ့ မသိတဲ့အဝိဇ္ဇာ လာမလာ.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်ပြန်ပတ်မယ်၊ ၁-နံပါတ်ပြန်ရောက်မယ်(ရောက်ပါတယ်ဘုရား)မရောက်ပေဘူးသား(ရောက်ပါတယ်)၁-နံပါတ်ပြန်ရောက်တယ်ဆိုယင် ၂-ကူးမှ ကူးပါ့မလား.... (ကူးပါတယ်

ဘုရား)ဇီအဆက်ကပြနေတယ်၊ သဘောကျပလေား(ကျပါတယ်ဘုရား)။

ဒါဖြင့် တကာ့ဘကာမတို့....ဒီလိုဘဲအဝိုင်းပြေး-ပြေးနေတော့မလွှား၊ဖြတ်မလား(ဖြတ်ပါမယ်ဘုရား)ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)အဟုတ်ဖြတ်မှာလားခင်ဗျားတို့(အဟုတ်ဖြတ်မှာပါဘုရား)အဟုတ်ဖြတ်ယင်တော့ နည်းပေးရမှယ်- (တင်ပါ့ဘုရား) အဟုတ်ဖြတ်ယင်တော့ နည်းပေးရမယ်၊ နို့မို့ယင်တော့ နည်းကိုမပေးနိုင်ဘူး၊ သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား)။

ကဲ... ယနေ့ ဇီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

၈-၇-၆၂ ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော
သစ္စာသိသို့အရေးအကြီးဆုံး

တရားတော်

တကာတကာမတွေ၏ အရေးအကြီးဆုံး အချက်က ဘယ်ဟာ ပါလိမ့်မလဲလို့ ခင်ဗျားတို့ အကဲခတ်ဘို့လိုပါတယ်၊ အရေးအကြီးဆုံးအချက်က ဘယ်ဟာတုံးဆိုတာအကဲခတ်ဘို့လိုပါတယ်၊ အရေးအကြီးဆုံးအချက်က အားလုံးမှတ်စရာက သစ္စာသိဘို့ အရေးကြီးပါတယ်၊ အရေးအကြီးဆုံးအချက်က ဘာပါလိမ့် (သစ္စာသိဘို့ပါဘုရား) သစ္စာသိဘို့ အရေးကြီးတယ်ဆိုတာ တကာတကာမတွေ အကုန်မှတ်ပါ။

သစ္စာ မသိသေးလို့ ရှိယင် ဘုရားကလဲ ဘုရား မဖြစ်နိုင်ဘူး၊ သောတာပန်ကလဲ သောတာပန်မတည်နိုင် သကဒါဂါမ်, အနာဂါမ်, ရဟန္တာလဲ မတည်နိုင်ဆိုတော့ နိဗ္ဗာန်မျက်မှောက် မပြုနိုင်ဘူးဆိုတာ အားလုံးတကာတကာမတွေမှတ်ရမယ်(မှန်ပါ့ဘုရား) သစ္စာမသိသေးသ၍ ကာလပတ်လုံး လိုရင်း ဘာမှ မပါဘူးလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ဦးမြကြီး....ဘယ်လိုမှတ်မယ်-(ဩဝါဒ အတိုင်းပါဘုရား)။

သစ္စာမသိသေးသ၍ ကာလပတ်လုံး လိုရင်း ဘာမှ မပါသေး ဘူးဆိုတာ သေသေချာချာမှတ်....(မှန်ပါ့) သစ္စာမသိသေးယင်

(လိုရင်းဘာမှမပါသေးပါ) လိုရင်း မပါသေးပါဘူး ဆိုတာ ဆုံးဖြတ်ချက်ချကြပါလို့ ကောင်းစွာဘဲ တိုက်တွန်းလိုက်တယ်၊ ဆရာသမား ရောက်လာတဲ့အခါမှာ ဘာဖြစ်လို့လဲလို့ မေးလို့ ရှိယင်ဖြင့် တကာတကာမတွေ သိတဲ့အတိုင်း ဒီပဋိစ္စသမုပ္ပါဒ်မှာ ပြပါတယ်၊ ဇာတိဟာ ဘာပါလိမ့်မလဲလို့ တကာတကာမတွေ မေးလို့ရှိယင် ဘာသစ္စာခေါ်ကြမလဲ.... (ဒုက္ခသစ္စာပါဘုရား)

ဒီမှာ ပြထားတယ်(မှန်ပါ့) ဒုက္ခသစ္စာလို့ ဇာတိကိုပြတယ်၊ ဇာတိက ဒုက္ခသစ္စာလို့ပြထားတော့ ဒီဒုက္ခသစ္စာ မသိလို့ရှိယင်ဖြင့် ဒီဘုံဘဝလိုချင်တဲ့ကံတွေဟာ ခင်ဗျားတို့အားထုတ်ကြမှာဘဲ. (မှန်လှပါဘုရား) ဘုံဘဝ လိုချင်တဲ့ ကံတွေကို.... (အားထုတ်ကြမှာပါဘဲ ဘုရား)။

ဒါဖြင့် ကမ္မဘဝပစ္စယာ ဇာတိဆိုတော့ကို သူက ဒုက္ခသစ္စာ၊ သူက သမုဒယသစ္စာဖြစ်နေတော့ ခင်ဗျားတို့ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာသာ လုပ်လေ့ကိုင်လေ့ရှိနေတော့ ဘယ်မှာသာလျှင်တဲ့-တကာတကာမတို့ ၁-နံပါတ်ဆိုတဲ့ အဝိဇ္ဇာသင်္ခါရပြန်မလှည့်ဘဲ ခံနိုင်ကြပါ့မလား... (မခံနိုင်ပါဘုရား) မခံနိုင်တော့ ဦးညွန့်ကြီးတို့... ဒုက္ခရောက်ဘို့ရာ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်....(မှန်လှပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ...(ကိုယ့်ဒုက္ခကိုယ်ရှာပါတယ်) ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ အလုပ်ဟာ ခင်ဗျားတို့က ဘယ့်နှယ်ကြောင့် ရှာကြပါလိမ့်မလဲလို့ ဆရာသမားက မေးလို့ရှိယင်ဖြင့် သစ္စာမသိလို့ပါဘုရားလို့ဖြေရုံဘဲ... (မှန်ပါ့ဘုရား) ဇာတိ ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား) စက်ဝိုင်းက ပြထားတယ်၊ ဇာတိက ဒုက္ခသစ္စာလို့ပြတယ်။

ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေက ဒါနကံ သီလကံတွေ ပြုပြီးသကာလ လူဇာတိ နတ်ဇာတိ လိုချင်ပါလိမ့်မလဲ ဆိုတော့ ဟောဒီဒုက္ခသစ္စာ၊ ဇာတိက-ဒုက္ခသစ္စာပါဘဲဆိုတာ တကာ တကာမတွေက မသိတော့ ဒါနကံ သီလကံတွေ ပြုပြီးသကာလ ဒုက္ခဆုတောင်းယူတာ၊ ဒုက္ခအားထုတ်ယူတာ...(မှန်ပါ)သတော ပါကြလား....(ပါပါဘယ်ဘုရား ဒီနေရာ တာအားထုတ်ယူတယ် (ဒုက္ခအားထုတ်ယူတာပါဘုရား) ဒုက္ခဆိုတာ အားထုတ်ယူရမှာလား၊ ရှိပြီးသားလားလို့မေးရမယ် (ရှိပြီးသားပါဘုရား)။

ရှိပြီးသားက ဒီမှာ ၂၈ နံပါတ်ကိုကြည့်ပါ(မှန်ပါ) ၂၈ နံပါတ် ကြည့်လိုက်တဲ့အခါ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာဆိုတာ ခန္ဓာငါးပါး (မှန်ပါ) သခင်ဝဘင် ဒါတာ သစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာနော်... (မှန်ပါ) အဲဒီတော့ ကိုယ့်ဒုက္ခသစ္စာ ရှိလျက်နဲ့ ဒုက္ခဖြစ်ကြောင်းကို ကြိုးစား၊ တကျော ဥပါဒါန်ကံတွေ ကြိုးစားတော့ကို တကာ တကာမတွေ နောက် ဇာတိ ပြန်မရဘူးလား ... (ရပါဘယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်ဟာ တကျော ဥပါဒါန် ကံတွေ ကြိုးစားပါလိမ့်မလဲလို့ အမေးထုတ်တဲ့ အခါကျတော့မှ ဒီဟာကို(လာလတံ့ကို)ဒုက္ခသစ္စာလို့ မသိလို့(မှန်ပါ)သတော ကျကြပလား(ကျပါပြီဘုရား) လာလတံ့ကို(ဒုက္ခသစ္စာလို့ မသိလို့)ဒုက္ခသစ္စာလို့မသိတော့ကို သူကတော့ဖြင့် လူ့ချမ်းသာနတ် ချမ်းသာ ထင်တာဘဲတဲ့၊ သစ္စဉာဏ်ကို မရတော့ ဒုက္ခသစ္စာဘဲ ပြန်ရတယ်....(မှန်ပါဘုရား) မျက်စိသည်ချက် ပြင်းထန်လိုက်တာ ဆိုယင် လဲပါမလား....(မလွဲပါဘုရား)။

မျက်စိလည်ချက်ပြင်းထန်လိုက်တာဆိုလို့ ရှိယင် ဆရာသမား ပြောတာကို တကာ တကာမတွေက သေသေချာချာ မှတ်ကြ၊ ခင်ဗျားတို့ မျက်စိလည်တာဟာ ဘယ်လောက်များကြာပြီတုံးလို့ မေးတဲ့အခါကျတော့ ၁-က စ,လည်လိုက်တာ ၁ ပြန်ရောက်လာတယ်... (မှန်ပါ) ဒုက္ခသစ္စာထဲ ရောက်လာတယ်....(မှန်ပါ) ဒုက္ခသစ္စာထဲကမှ တခါ ဝေဒနာပစ္စယာ တဏှာ၊ စိတ္တပစ္စယာ တဏှာ ဆိုပြီးသကာလ တဏှာ ဥပါဒါန် ကံတွေကြိုးစားလိုက်ပြန်တော့ အနာဂတ်ဘဝဆိုတဲ့ ဇာတိ ဇရာ မရဏ ပြန်ရတယ်....(မှန်လှပါ) မရဘူးလား.... (ရပါတယ်ဘုရား)။

အဲဒီ ဇာတိ ဇရာ မရဏရတဲ့ ပုဂ္ဂိုလ်ဟာ သေကာနီးကျတော့ သောက ပရိဒေဝ မလာဘူးလား.... (လာပါတယ်ဘုရား)လာလို့ ရှိယင် အဝိဇ္ဇာ ပါပြန်တယ်တဲ့.... (မှန်ပါ) အဝိဇ္ဇာ ပါပြန်တော့ ဒီ အဝိဇ္ဇာကိုတော့ ဘုရားက သံယုတ်ပါဠိတော်မှာ အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော- ဒီလှည့်တယ်ကွတဲ့ (မှန်ပါ) ၄-ကနေ ၁-ပြန်ကူးတယ်၊ တကာတကာမတွေ(တင်ပါ) ၄-ကနေ ဘယ်ပြန်ကူးတယ်....(၁ ပြန်ကူးပါတယ်ဘုရား)။

၁-ပြန်ကူးတော့ ခင်ဗျားတို့ နဂိုရ်က ၁-က စ,ခဲ့တယ်(မှန်ပါ) ၁-က ၂-ကူးခဲ့တယ်၊ ၂-က ၃-ကူးခဲ့တယ်၊ ၃-က ၄၊ ၄-ကနေ ၁-ပြန်ကူးတော့ ခင်ဗျားတို့မှာ အဝိုင်းပြေး-ပြေးနေတယ် (မှန်လှပါ) တကာ တကာမတွေ ဘာပြေး ပြေးနေလဲ....(အဝိုင်းပြေး ပြေးနေပါတယ်ဘုရား)။

အဝိုင်းပြေး-ပြေးနေတာ မသိတော့ တကာ တကာမတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကောင်းကင်ပေါ်က-နေ လေယာဉ်ပျံနှင့် ချိန်သလို ပုထုဇန်သတ္တဝါတွေဟာ အဝိုင်းပြေး

ပြေးနေပါကလားဆိုတာကို သေသေချာချာ သိတော့ကို ဖြတ်လမ်းကို ငါပြမှာဘဲဆိုပြီး ဘုရားအဖြစ်ယူတစကဖြတ်လမ်းပြချင်လို့ ဘုရားအဖြစ် ယူတာ....(မှန်ပါ)။

ရှင်းပလား(ရှင်းပါပြီ)ဘုရားဟာ ဘာဖြစ်လို့ ဘုရားဖြစ်ချင်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် သတ္တဝါဘေ့သနားလို့ 'ဗုဒ္ဓတ္တစရိယံ ဉာဘတ္တစရိယံ လောကတ္တစရိယံ'ဆိုတဲ့ စရိယသုံးပါး ပြုကျင့်ကာ ကိုယ်တော်မြတ်ကြီး ည ဘုရားအဖြစ်ကို ယူတယ်၊ ဗုဒ္ဓတ္တစရိယံ ဆိုတာလဲ သူ့ ပဋိစ္စသမုပ္ပါဒ် သူဖြတ်ချင်တဲ့ အလုပ်ဟာ ဗုဒ္ဓတ္တစရိယံလို့ မှတ်သိုက်စမ်းပါ (မှန်ပါ)။

သူ့ ပဋိစ္စသမုပ္ပါဒ် သူဖြတ်ချင်တာ ဘာခေါ်ကြမယ်(ဗုဒ္ဓတ္တစရိယံပါ) သူ့ ဆွေမျိုးတွေ၏ ကယ်တင်မှုကို အရေးတကြီး လုပ်တာသည် ဉာတတ္တစရိယံ (မှန်ပါဘုရား)သဘောကျပလား (ကျပါပြီဘုရား)ကျုပ်တို့ ခင်ဗျားတို့ လောကအတွက်က ဘုရားအဖြစ် ယူလာတာလဲ ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့နည်းကို သူပြချင်လို့ လောကတ္တစရိယံဆိုပြီး စရိယသုံးပါးနဲ့ရည်ရွယ်ချက်နှင့်လာတယ် (မှန်လှပါဘုရား)။

ခင်ဗျားတို့က ယောင်ချာချာ လုပ်မနေပါနဲ့ဆိုတာ သတိပေးလိုက်ပါဘယ်.... (မှန်ပါဘုရား) စရိယသုံးပါးဆိုတာ သူ့ အတွက်လဲ ပဋိစ္စသမုပ္ပါဒ်ဖြတ်ချင်တဲ့ ဉာဏ်ရဘို့ (မှန်လှပါ) သူ့ ဆွေမျိုး ဉာတကာတွေကော....(ဖြတ်ချင်တဲ့ဉာဏ်ရဘို့၊ဖြတ်ချင်တဲ့ဉာဏ်ရဘို့ဘဲ....(မှန်ပါ) သတ္တဝါ ဝေနေယျတွေကော (ဖြတ်ချင်တဲ့ဉာဏ်ရဘို့)၊

ဒါဖြင့် ခင်ဗျားတို့ကျုပ်တို့က သူက ဖြတ်ချင်တဲ့ဉာဏ်ရဘို့ကို အလွန်ကြိုးစားနေတဲ့ ကိုယ်တော်ကြီး ဖြစ်နေတော့ ကျုပ်တို့စာ

ဖြစ်လမ်း ကြိုးစားနေမှယ် ဆိုလို့ရှိယင် ဘုရားကို ရှိမခိုးနဲ့၊ ခင်ဗျားတို့ အလကားဘဲ.... (မှန်ပါ့ဘုရား)သူ့ဝါဒ မလိုက်လို့ (မှန်ပါ့)တကာ တကာမတွေ သဘောပါကြရဲ့လား–(တင်ပါ့) သူ့ဝါဒမလိုက်တာလောက် သူ့ကို ကန့်လန့်လုပ်တာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ သတိထားပြီး နား ထောင်ပါ၊ ခင်ဗျားတို့ လှူယ်ကူတဲ့တရားလဲမဟုတ်တော့ တကာ တကာမတွေ အတော်ခဲယဉ်းတယ်ဆိုတာတော့ရိပ်မိပလား(ရိပ်မိ ပါတယ်) ရိပ်မိပြီ ကိုင်းဒါဖြင့် တကာတကာမတွေက ဒီခန္ဓာကြီး ဟာ ယခု ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟာ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား) ယခု ရ-ထားတာမှ ဟုတ်ကဲ့ လားဆိုတော့ ပစ္စုပ္ပန်(မှန်လှပါဘုရား) ယခု ရ-ထားတော့ ဘာ သစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဒီဒုက္ခသစ္စာထဲမှာ နေရတာကို မသိတာက အဝိဇ္ဇာ၊ မသိ တာက... (အဝိဇ္ဇာပါဘုရား) မသိတာကို သိအောင် ဘယ်လို ပြောရမလဲလို့ဆိုတော့ပြောရုံနဲ့တော့အပိုဘဲတဲ့၊ ခန္ဓာဉာဏ်စိုက်မှ ဘာလျှင် ခန္ဓာက ပြောပါလိမ့်မယ်... (မှန်ပါ့ဘုရား) ခန္ဓာဉာဏ် စိုက်နည်းတော့ ဘုန်းကြီးက သင်ရမှာပေါ့ဗျာ... (မှန်ပါ့ဘုရား) အဲဒီတော့ ခန္ဓာဉာဏ် မစိုက်လို့ရှိယင်ဖြင့် တကာ တကာမတို့ သွားပြီ... (မှန်ပါ့)။

ဒုက္ခသစ္စာက ဘယ်မှာရှိသတုံး(ခန္ဓာမှာ) ခန္ဓာမှာ ရှိတယ်.... (မှန်ပါ့) ဒါ တကာတကာမတို့က ခန္ဓာဉာဏ် မစိုက်တော့ဘူး ဆိုလို့ရှိယင် သစ္စာနှင့် ကိုယ်နှင့် ဉာဏ်နှင့် တွေ့ပါဦးမလား... (မတွေ့ပါဘုရား) သစ္စာနှင့် ဉာဏ်နှင့် မတွေ့လို့ ရှိယင်ဖြင့်

မိဘရိုးရာ တဏှာနှင့်ဘဲ အချိန်ကုန်ကြမှာဘဲ-(မှန်ပါ့)တဏှာနှင့် အချိန်ကုန်လို့ ရှိယင် တဏှာဟာ သူ့အဖေါ်နှင့်လာတယ်ဆိုဘာ သိပါ၊ တဏှာဟာ ဥပါဒါန်ကံနှင့်တွဲလာတယ်· (မှန်ပါ့ဘုရား)။

ခင်ဗျားတို့- ဒါဖြင့် သူ့ကို ဉာဏ်မစိုက်ပါဘူးလို့ ဆိုလို့ရှိယင် သမုဒယသစ္စာကို ခင်ဗျားတို့က အားပေးနေမယ်.... (မှန်ပါ့) မပေးကြဘူးလား.... (ပေးပါတယ် ဘုရား) သမုဒယ သစ္စာ အားပေးတော့ ဘာသစ္စာပြန်ရမလဲ....(ဒုက္ခသစ္စာပြန်ရပါတယ်) ဟာ....ဒါဖြင့် ခင်ဗျားတို့သည် ဒကာဒကာမတို့ အတိတ် ဘဝက ဘာသစ္စာနှင့် လာခဲ့ကြသတုံးလို့ (သမုဒယသစ္စာနှင့် လာပါတယ် ဘုရား)။

ယခု ဘာနှင့်နေသတုံး... (ဒုက္ခသစ္စာနှင့် နေပါတယ်ဘုရား) ရောင်းရေး ဝယ်ရေး သွားရေး သမီးရေးနှဲ့ ယခု အချိန်ကုန်ကြပြန်တော့ ဘာသစ္စာ ကြိုးစားသတုံး.... (သမုဒယသစ္စာ ကြိုးစားပါတယ်)ဒါဖြင့် သေသည်၏အခြားမဲ့၌ ငါသုဂတိရောက်မလား၊ နိဗ္ဗာန်ရောက်မလားလို့ဆိုတော့ သူ့ဟာတို၊ နိဗ္ဗာန်တော့· ဘုန်းကြီးမပြောတတ်ဘူး၊ သစ္စာသာ ကြည့်တော့ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒီဒုက္ခသစ္စာ ကြိုးစားပြန်တော့ သေခါနီး ဇာတိဇရာ မရဏ လာတော့- သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ လာပြန်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာတဲ့၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော-ဆိုပြီး၊ ဒီလာပြန်တယ် ...(မှန်ပါ့) ဒီက- အာသဝ၊ ဒီက· အဝိဇ္ဇာ၊ လှည့်မသွားသေးဘူးလား.... (သွားပါတယ်ဘုရား) ဒါဖြင့် ဒီဒကာဒကာမတွေဟာ အဝိုင်းပြေး-ပြေးနေသလား၊ ထွက်ပေါက်ရှာနေသလားလို့ မေးယင်

ဘယ်နှယ်ဖြေမယ်....(အဝိုင်းပြေး- ပြေးနေပါတယ် ဘုရား) ဒါဘုရားက သေသေချာချာမြင်လို့ ဒီအမိပ္ပါယ်ဟောပါတယ်။

ဒါသူများဟောနေကဲ့ တရားသား၊ တကာ တကာမတွေက အကဲခတ်၊ ကိုယ့်ခန္ဓာ ဖြစ်စဉ်လား.... (ကိုယ့်ခန္ဓာ ဖြစ်စဉ်ပါဘုရား) ကိုယ့်ခန္ဓာဖြစ်စဉ်ဆိုတာ သေချာကြပလား....(သေချာပါတယ်) ဒါဖြင့် အခုလို ဆရာကောင်း သမားကောင်းနဲ့ အင်မတန်ဘဲ ကြုံကြိုက်ခဲ့ဘယ်၊ ခင်ဗျားတို့ကို ပြောဆိုချင်တဲ့ ဆန္ဒ အသင့် အဘင့်လဲ ရှိပါတယ်။

အဲဒိကိစ္စနဲ့ အခု ဆရာသမားကကြွလာတော့ ဒီတကာတကာမတွေလဲ အရင်းအချာတွေချည်းဆိုဘာလာနေကြ၊သွားနေကြတွေ ဖြစ်နေတော့၊ ဒီအခါ ဖြတ်လမ်း မယူတော့ပါဘူး ဆိုယင် ဘယ်အချိန် ယူချိန်ရှိသေးတုံး.... (မရှိပါဘုရား) မရှိလို့ရှိယင် အဝိုင်းပြေးနဲ့ဘဲ နေရစ်ခဲ့ကြပေတော့.. (မှန်ပါ) ဦးညွန့်....မဆိုးဘူးလား.... (ဆိုးပါတယ်) ဟော့... ဦးသန်းမောင်ကြီး.... မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) ဆိုးဆိုးနဲ့ဘဲ သေတော့မလား.... (မသေချင်သေးပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ မှတ်ရမှာက နိဗ္ဗာန်ဆိုတဲ့ ဥစ္စာကို မသိလို့ရှိယင်၊ နိဗ္ဗာန်ကို မသိလို့ရှိယင်လဲ တရားအားထုတ်ဘဲ့အခါကျသို့ရှိယင် မပေါက်ရောက်ဘူး ဆိုတာကလေး မှတ်ထားစမ်းပါ၊ နိဗ္ဗာန်ကိုလဲ သိထားရမယ်၊ နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုသို့ရှိယင်....နိဗ္ဗာနသဒ္ဒါက ငြိမ်းအေးခြင်း အနက်ကို ဟောပါတယ်....(မှန်ပါ)။

ဘာ့ာတွေ ငြိမ်းအေးပါသတုံးလို့ မေးတဲ့အခါ ကျလို့ရှိယင် ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းအေးတယ်လို့ မှတ်ပါ.... (မှန်ပါ)။

တကာတကာမတွေ ဘယ့်နှယ်မှတ်ပါမလဲ၊ ဒုက္ခခပ်သိမ်းငြိမ်း အေးတယ်လို့ ဒုက္ခခပ်သိမ်း ငြိမ်းအေးတယ်လို့ တကာ တကာမ တွေ မှတ်လိုက်စမ်းပါ။ ဒုက္ခခပ်သိမ်း ငြိမ်း အေး တယ် ဆို တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခမသိဘဲနဲ့ ငြိမ်းအေးချင်တဲ့ဘက်ကို ဥာဏ်လှည့်ပါ့ မလားလို့မေးယင် ဘယ့်နှယ်ပြောမယ်.... (မလှည့်ပါဘုရား) မလှည့်နိုင်ဘူးဆိုတာ သေချာပလား... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဒုက္ခကိုအရေးတကြီး ဟောမှ နိရောဓဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ် (မှန်ပါ) ဒုက္ခကို မဟောလို့ရှိယင် နိရောဓကို မျက်မှောက်ပြုဘို့.... ဘယ့် နှယ် နေသတုံး.... (မပြုနိုင်ပါဘုရား) မပြုနိုင်ဘူးဆိုတာ သေချာ ပလား....(သေချာပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် အခုလှည့်ပတ်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ကြီး ကို စက်ရဟတ်ပုံသဏ္ဌာန်ကြီးနဲ့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ပြနေတာသည် ဒြေ ဒီဥစ္စာက ကြည်ညိုဘို့ပြတာလား၊ ငါတို့ အဖြစ်ဆိုး သိအောင်လို့ပြတာလား.... (အဖြစ်ဆိုး သိအောင်လို့ ပြတာ ပါ ဘု ရား) အဖြစ်ဆို သိအောင် ပြတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးလိုက်ပါတယ်။

ဘုန်းကြီးတို့ ဒီက တကာကြီး ဦးမာဒင်ဏ လှူဒါန်းတာတွေ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွေက၊ ဒါတွေဟာ အိမ်မှာ မှန် ဘောင်သွင်းဘို့မဟုတ်ပါဘူး၊ အိမ်မှာ မှန်ဘောင်သွင်းဘို့ ချိတ် ထားဘို့ ကြက်သရေ မင်္ဂလာရှိဘို့ မဟုတ်ပါဘူး၊ နဂိုရ်ကမှ

ကြွက်သရေမင်္ဂလာမရှိဘဲ၊ သမုဒယနှင့် ဒုက္ခချည်းဘဲ၊ ဘယ်ဇာ ကြွက်သရေပါတုံး ခင်ဗျားတို့ ပါကြရဲ့လား....(မပါပါဘုရား)။

အဲဒါတွေ တကာတကာမတွေ့ကမသိတော့၊ ဒို့ဆရာဘုန်းကြီး က ဒီလိုစိစဉ်လိုက်တယ်၊ ဒါတော့ ဒို့ကိုးကွယ်မှုဘဲ ဆိုတော့ ဒုက္ခနှင့် သမုဒယ ကိုးကွယ်တာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား (မှန်ပါ့)ဘာကိုးကွယ်တာလဲ (ဒုက္ခနှင့်-သမုဒယ ကိုးကွယ်တာ) ကိုးကွယ်ရမှာက မဂ္ဂနှင့် နိရောဓကိုးကွယ်ရမှာ.... (မှန်ပါ့ဘုရား) မဂ္ဂကို ပွားများပြီး နိရောဓကို လက်အုပ်ချီရမှာ.... (မှန်ပါ့)။

အခုတော့တကာဘကာမတွေက ဘာမဆိုမှန်ဘောင်သွင်းပြီး အိမ်ချိတ်၊ ချိတ်ပြီးထားလိုက်တဲ့ အခါကျတော့ ကိုးကွယ်ရမည့် တရားလား၊ ဒီဥစ္စာသူ့ကိုကြည့်ပြီး ယံဝေဂယူရမည့် တရားလား ဆိုတာ မဝေဘန်ကြဘူး (မှန်ပါ့ဘုရား) မဝေဘန်တော့ ခက်ကုန် တာပေါ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ကိုးကွယ်ရမှာလား၊ သံဝေဂယူနေရမှာလား(သံဝေဂယူနေရမှာ ပါဘုရား) သံဝေဂ ယူနေရမှာကို ခင်ဗျားတို့ ဦးချလို့ရှိယင် လွဲပါလိမ့်မယ်။

ဦးချလို့ရှိယင်ဖြင့် စိတ်ဝိုင်းသာ ဦးချနေကြမယ် ဆိုလို့ရှိ ယင်ဖြင့် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာကို ဦးချတာ... (မှန်ပါ့ ဘုရား) ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား) ဦးချချင် လို့ရှိယင် ချနည်းကလေးတော့ နည်းနည်း ပြောလိုက်ပါတယ် (တင်ပါ့) ဩော်.... ကိုယ်တော်မြတ်ကြီး ဟော၍လို့ သိရပေ တယ်လို့၊ သူ့ကျေးဇူ်ပြီး ဟိုဘက်က ကိုယ်တော်မြတ်ကြီး ရောက် အောင်သွားလိုက်(မှန်ပါ့ဘုရား)သဘောကျပလား=(ကျပါပြီ)

သူ့ ကျော်လွန်ပြီး သကာလ ဘယ်သွားရမတုံး.... (ကိုယ်တော် မြတ်ကြီးထိအောင်သွားရပါမယ်)။

အင်း....သူပြောလို့ သိရပေတယ်၊ သဘောကျပလား....(ကျ ပါပြီ) သူပြောလို့ သိရပေတယ်ဆိုတော့....သူကရှေးဦးစွာသိတဲ့ ပုဂ္ဂိုလ်မို့ ကျေးဇူးရှင်တော့ ရှိခိုးတာပေါ့....(မှန်ပါ) ဒါကိုရှိခိုး နေဘို့တော့ မလိုဘူး၊ သဘော ပါပလား.... (ပါပါပြီ ဘုရား) ရှိခိုးနည်းကို ခင်ဗျားတို့ မနည်း သင်ရသေးတယ်.... (မှန်လှပါ ဘုရား) လွယ်တာမဟုတ်ဘူး....လွယ်တာမဟုတ်ဘူး....(တင်ပါ)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့....မနေ့ညက စကားကလေး က မကုန်ဘဲဖြစ်နေတော့ အားလုံးနားထောင်ပါ၊ လူဟာ လူ့ သံသယာဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား.... (မရနိုင်ပါ) လူဟာ လူ့သံသယာဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား....(မရပါ)မရဘူး၊ နို့-ခင်ဗျားတို့ကအခုဘာတွေနဲ့ပျော်ပိုက်နေကြသလဲ၊မွေ့လျော် နေကြသလဲလို့ အမေးထုတ်လို့ရှိယင်ဖြင့် သံသယာဇဉ် မရှိယင် နေမဖြစ်ဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့အဖေါ်က အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်မှာ လာပါတယ်၊ တဏှာဒုတိယော ပုရိသော တဏှာအဖေါ်လုပ်နေ တာ၊ ဘာအဖေါ်လုပ်နေတာလဲ.... (တဏှာအဖေါ်လုပ်နေတာ) မရပါဘူး၊ နိဗ္ဗာန်တော့ ဝေးပါသေးတယ်.... (မှန်ပါ့ဘုရား) မရနိုင်ဘူး၊ တဏှာအဖေါ်လုပ်နေတာကိုး။

မြတ်စွာဘုရားရှင်က အဖေါ် လုပ်စေချင်တာက.... "သဒ္ဓါ ဒုတိယာ ပုရိသဿ ဟောတိ ပညာ စေတံ ပသာသတိ" ဆိုပြီး သဒ္ဓါနှင့်ပညာ အဖေါ်လုပ်ပါကွာ၊ ခင်ဗျားတို့ကလဲ တဏှာအ ဖေါ်လုပ်တယ်.... (မှန်ပါ) ဘုရားက ဘာတုံး....(သဒ္ဓါနှင့်ပညာ

ကို) သဒ္ဓါနှင့် ပညာ အဖေါ်လုပ်ပါလို့ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာဟောတယ် ဦးညွန့်ကြီးရဲ့.... (မှန်လှပါ ဘုရား) ဦးမြကြီး ဘာနှင့် အဖေါ်လုပ်နေသတုံး....(တဏှာနှင့် အဖေါ် လုပ်နေပါတယ်) တဏှာနှင့် အဖေါ်လုပ်နေတော့ နိဗ္ဗာန်ရပါ့ မလား....(မရပါဘုရား)။

မရနိုင်တော့ဘူးဆိုတော့ တကာတကာမတို့ကိုယ့်အဖေါ်နှင့် ကိုယ်ခွဲဘို့ရာလဲ ငယ်ပေါင်းမို့ ခင်ဗျားတို့က အတော်ခက်နေ တယ်.. (မှန်လှပါဘုရား)အတော်ခက်နေတယ်....(ခက်ပါတယ်) ဘာဖြစ်လို့ခက်နေတုံး(ငယ်ပေါင်းမို့ခက်ပါတယ်) ငယ်ပေါင်း မို့ခက်တယ်ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာအလုပ် ဇာလေးကို လုပ်လို့ရှိယင်ဖြင့် ငယ်ပေါင်းဟာလဲ ယာယီပြတ်- ပြတ်သွားမယ်၊ ယာယီပြတ်ကနေပြီးသကာလ တကာတကာမ တို့ နောက်ကျတော့ သမုစ္ဆေဒဆိုတဲ့ အကြွင်းမဲ့ဖြတ်တာလဲရမယ် (မှန်ပါ့)။

ဒါဖြင့် အလုပ်-လုပ်မှ ပြတ်မယ်ဆိုတာတရားတပွဲလုံးဆုံးဖြတ် ချက်ချပါ... (မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမတုံး....(အလုပ်-လုပ်မှပြတ်မယ်) ဆု တောင်းနဲ့ကော....(မပြတ်ပါဘုရား)။

ထမင်းစားတာ ခြိုးခြံရုံနဲ့.. (မရပါဘုရား)။

သက်သတ်စားရုံနဲ့....(မရပါဘုရား)။

မရပါဘူး၊ ဒါတွေ အပိုတွေပါ.... (မှန်ပါ့) ဒါတွေ အပို တွေပါ၊ ဒါတွေက ဖြစ်ကို မဖြစ်ပါဘူး၊ ရိပ်မိပလား....(ရိပ်မိ ပါပြီ)။

ဒီခန္ဓာငါးပါးကို ဥပမာဘုန်းကြီးက သင်္ချာယတနကို ပြော နေတယ်၊ မနာယတန စိတ္တာနုပဿနာကိုရှုပါလို့ ဆိုတော့၊ ဒီနေ ရာမှာ စိတ်ကလေး၏ ဖြစ်မှုပျက်မှုလာတိုင်း လာတိုင်း ဉာဏ်က လေးက ရှုပေးပါ....နော်.... (မှန်ပါ) စိတ်လာတိုင်း လာတိုင်း ခင်ဗျားတို့က ဉာဏ်နှင့်ရှုပေးပါ၊ ဉာဏ်နှင့်ရှုတဲ့အခါကျတော့ စိတ်သေတာမမြင်ပေဘူးလား.... (မြင်ပါတယ် ဘုရား) စိတ်သေ တာလား၊ တကာတကာမတွေ၏ ခန္ဓာ၊ ဝိညာဏက္ခန္ဓာ သေတာ လား....(ဝိညာဏက္ခန္ဓာသေတာပါဘုရား)။

ဒါဖြင့် ကိုယ်သေတာပေါ့ဗျ.... (မှန်လှပါ ဘုရား) တကာ တကာမတွေ ဘာတုံး (ကိုယ်သေတာပါဘုရား)ကိုယ်သေတာ ကို ကိုယ့်ဉာဏ်နှင့် ကိုယ်မြင်အောင်ရှုပါ(မှန်ပါ့ဘုရား) ကိုယ် ဒုက္ခရောက်တာကို (ကိုယ့်ဉာဏ်နှင့် မြင်အောင်ရှုရမယ်) ကိုယ် သေတာကို... (ကိုယ့်ဉာဏ်နှင့် မြင်အောင် ကြည့်ရမယ်)။

ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တဲ့တရားဟာ ဝိပဿနာတရား (မှန်ပါ့ဘုရား) ဝိပဿနာတရားဆိုတာ ရှုရမည့် တရားလား.... ကိုယ့်အသေ ကိုယ်ကြည့်တဲ့တရားသား.... (ကိုယ့်အသေကိုယ် ကြည့်တဲ့တရားပါဘုရား) တော်တော် အရေးကြီး ပါတယ်၊ ဒါ- ဝိပဿနာပင်ရင်းကိုပြောနေတာ....(မှန်ပါ့ဘုရား)ဝိပဿနာ ပင် ရင်းကို ပြောနေတယ်ဆိုတာ တကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါတယ်ဘုရား)။

ဩော်..ကျုပ်တော့ ကုသိုလ်ရအောင် ဝိပဿနာရှုအုံးမယ် ဆိုယင် ရှုကို မရှုနဲ့.... (မှန်ပါ) ကုသိုလ် ရချင်လို့ရှုယင် ရေအိုး စင်တည်လို့ ပြောထားဘယ်....(မှန်ပါ)ကိုယ့်အသေ ကိုယ်မြင်မှ သာလျှင် ဒီအသေကြီးကို နောက်ထပ်မလိုချင်တဲ့ ဉာဏ်လာမယ်၊

(မှန်ပါဘုရား)ကိုယ့်အသေမှ ကိုယ်မမြင်သေးယင်.... (မလာပါဘုရား)။

ဒါကြောင့် ဘုရားက ကေစိတ္တသမာယုတ္တာ၊ မင်းတို့အသက်ဟာကွာ.... စိတ်ကလေးဘခုဘဲရှိပါတယ်တဲ့၊ ပဋ္ဌစိတ် ဖြစ်ပေါ်နေတုန်း နောက်စိတ်မလာယင် ဘယ့်နှယ်ဆိုကြမလဲ....(သေမှာပါဘုရား)သေပြီဆိုတာ ဆုံးဖြတ်ချက် မချရဘူးလား....(ချရပါတယ်) အဲဒီတော့ ခင်ဗျားတို့ အသက်တမ်းဟာက အင်မတန်ချွန်လှစွာသော အပ်ကလေးပေါ်မှာ မုန်ညင်းစေ့ဖြစ်စေ-နှမ်းစေ့ဖြစ်စေ တင်လိုက်တာပေါ့၊ နည်းနည်းအလှုပ်အရှားခံပါသလား....(မခံပါဘုရား) မခံ ပြုတ်ကျတာပေါ့။

နောက်တခါ ဒီအပေါ်မှာ ဒီအစေ့မျိုးမရောက်ယင်သေပြီ၊ သုသာန်သာ ပို့တော့.... (မှန်လှပါဘုရား) ခင်ဗျားတို့ သက်တမ်း ရှည်သလား.... တိုသလား.... (တိုပါတယ် ဘုရား) ဘယ်လောက် အသက်ရှည်သတုံးလို့မေးလို့ရှိယင် ဘယ်သူပြောတာမှ မယုံနှင့် ခင်ဗျားတို့.... လက်ဖျစ် တတွက် မရှည်ဘူး၊ သက်တမ်းက....(မှန်ပါဘုရား)ဒီအထဲမှာ ခင်ဗျားတို့က ကပ်ကပ်သတ်သတ် ဩဇာသီးဝါစရာမရှိလို့ ဘုတွေ ဒစ်မတွေကြားထဲက ဝါသလိုဖြစ်ပြီး ခင်ဗျားတို့ကပျော်နေတာကိုး.... (မှန်လှပါ) မဆိုးကြဘူးလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒီ-တကာတကာမတွေကို ဘုန်းကြီးများသည် အရင်းတွေလဲဖြစ်နေတော့ ခင်ဗျားတို့အသက်တမ်းတိုတဲ့အထဲမှာဖြင့်ခင်ဗျားတို့ကဘကျာအရေးနှင့်မတော့မနုတ်လိုက်ပါနှင့်(မှန်ပါဘုရား) အသက်တမ်းက တိုရတဲ့အထည်း တကျာ ကိစ္စတွေနဲ့

နှုတ်လိုက်မယ်ဆိုယင် ကျန်စရာ မြင်သေးရဲ့လား ... (မမြင်ပါ ဘုရား)။

ဒါဖြင့် နေ့တိုင်း ဘာလုပ်နေကြသတုံး၊ အသက်တမ်းကို တဏှာနှင့် နှုတ်နေကြသလားလို့ မေးယင် ဘယ်နှယ်ပြောမယ် (နှုတ်နေပါတယ်ဘုရား) ဘုရားရှင်က လူ့ဘဝ ရခဲတယ်လို့လဲ ဟောတော်မူသေးတယ်၊ ခင်ဗျားတို့ကလဲ ရတဲ့အထဲက အကုန် နှုတ်ပစ်တော့ ဘာကျန်သေးသလဲ.... (ဘာမှမကျန်ပါ) ဥာဏ် စခန်းကျန်သေးရဲ့လား...(မကျန်ပါဘုရား)။

ဒီလောက် ဆိုးဝါးနေတယ်ဆိုတာလဲ ပေါ်ပြီ....(မှန်ပါ)။

ဦးမာဒင်တို့... မပေါ်သေးဘူးလား....(ပေါ်ပါပြီ) ခင်ဗျား တို့မို့ နှုတ်ရပါပေတယ်ဗျာ၊ သမုဒ္ဒရာပင်လယ်ထဲ ထွန်တုံးကြီး တပေါက်တည်း ထွင်းပြီးသကာလ လွတ်လိုက်၊ ထွန်သံနှင့်လွတ် လိုက်၊ ကြုံမိစရာအကြောင်း ရှိပါရဲ့လား.... (မရှိနိုင်ပါဘုရား) လိပ် ကန်းကြီးကလဲ ဒီအထဲမှာ အနှစ်တရာမှတခါပေါ်တာကြီးကလဲ ဒီထွန်တုံးပေါက်ထဲမှာလည်ပင်းလျှိုပြီး အမောဖြေနိုင်ပါ့မလား (မဖြေနိုင်ပါဘုရား)။

အဲဒါ ဖြစ်စရာအကြောင်းမြင်သေးတယ်ကွ၊ မင်းတို့လူ့ဘဝ ရဘို့ ငါမမြင်ဘူးတဲ့.... (မှန်ပါဘုရား) သေသေချာချာ ဟော တယ် သစ္စာသံယုတ်မှာ....(မှန်ပါဘုရား) မဟောဘူးလား (ဟော ပါတယ်ဘုရား)ဒီထဲကနေ ဦးမြကြီးတို့ လမ်းသွားရင်း ဆုံးရှုံး လိုက်တာများ မြင်လိုက်ကဲ့ မဟုတ်လား .... (မှန်ပါ မြင်ဘူးပါ တယ်) ဦးမြ·ခင်ဗျား....စောင်းဟောနေတယ်လို့ ပြောမနေနဲ့ နော်။

ဒါဖြင့် ခင်ဗျားတို့အသက်တမ်းသည် အလွန် ဆိုးဝါးနေတဲ့

အထဲက အင်မတန်ရခဲတဲ့ပစ္စည်းကို ခင်ဗျားတို့အလွဲသုံးစားလုပ်နေတာကဒီတကာတကာမအရင်းတွေဘဲလို့ ဆိုယင် ဦးမာဒင် မငြင်းနဲ့တော့....(မငြင်းပါဘုရား) မှန်တယ်လို့ဘဲ တာဝန်ခံရမယ်.... (မှန်ပါဘုရား) သဘောပါကြပလား(ပါ·ပါပြီ) ဒါဖြင့် တကာတကာမတွေ ဒီအချိန် သစ္စာသိအောင်ပြဘို့ရန် အရေးတာ ဘုန်းကြီးအရေး.... (မှန်ပါ)။

ခင်ဗျားတို့က ကိုယ့်သစ္စာကို ကိုယ်မြင်ဘို့၊ ကိုယ် ဒုက္ခရောက်တာ ကိုယ်မြင်ဘို့အရေးဟာ ခင်ဗျားတို့အရေး....(မှန်ပါဘုရား) ဘုရားသခင်ကြွလာယင်လဲ ဒီလိုဘဲ လမ်းညွှန်မှာဘဲ.... (မှန် ပါဘုရား)ခင်ဗျားတို့ နိဗ္ဗာန်ကိုထမ်းခေါ်သွားနိုင်လိမ့်မယ်လို့ မယူပါနဲ့.... (မှန်လှပါဘုရား)သဘောပါလား....(ပါ·ပါတယ်) ရဟုလာသည် သူ့သားအရင်းဖြစ်ပါတယ်၊ ရဟုလောဝါဒသုတ်ဆိုပြီးသကာလ သူ့ကိုကျင့်ဘို့ သုတ်မပေးရဘူးလား.... (ပေးရပါတယ် ဘုရား)။

အဲဒီသုတ်ကျင့်ပြီးတော့လိုက် ခဲ့ရတယ်မဟုတ်လား.... (မှန်ပါ) နိဗ္ဗာန် ထမ်းခေါ်နိုင်ရဲ့လား... (မခေါ်နိုင်ပါ ဘုရား) အဲဒါကြောင့် မင်းတို့ အကြင်လင်မယားတွေ သားတွေ သမီးတွေ ချစ်ပါတယ်၊ ခင်ပါတယ်ဆိုတာ လိုရင်း ဒုက္ခသိမ်းတဲ့ဆီကျတော့ ပို့နိုင် ကြရဲ့လား .... (မပို့ နိုင်ပါဘုရား) ဒါဖြင့် မင်းတို့ဟာ တယောက် တယောက် လွှမ်းအောင်ပြောနေတာ အပိုတွေပေါ့ကွ(မှန်ပါတယ်ဘုရားမှန်ပါတယ်)ရိပ်မိပလား....(ရိပ်မိပါတယ်) တယောက် တယောက် လွှမ်းအောင် ပြောနေတာ ဘာပါလိမ့် (အပိုတွေပါဘုရား)။

အဲဒီ အပိုတွေကိုပင်လျှင် တကာတကာမတွေက သွားရည်ကျ

နေတာ ခက်တယ်(မှန်ပါ့) အခုတော်ဆိုးနေတာဘဲ၊ အပိုကို ဘာ ဖြစ်နေကြသလဲ....(သွားရည်ကျနေပါတယ်ဘုရား) တကာတကာ မှတွေ ကျဘူးကြသလား ..(မှန်ပါ့) မသိတုန်းကတော့ ကျတာ ပေါ့ဗျာ၊ အခုတော့ဖြင့် ကျစရာ မလိုပါဘူး။ လောကွတ်ဟာ လောကွတ်သာမှတ်ပါ....(မှန်ပါ့ဘုရား)။

တခါတည်း တကာမပြောတာနဲ့ မင်းတို့ဘာပူစရာရှိသလဲကွ ဆိုတာ အပါယ်စကား ပြောတာမဟုတ်ဘူး။ ထမင်းကျွေးမယ် ပြောတာ... (မှန်ပါ့ဘုရား) အပါယ်ကျတာ လွတ်အောင် ပြော နိုင်တာ ဟုတ်ကဲ့လား.... (မဟုတ်ပါ ဘုရား) ထမင်းလဲ ဝဝ ကျွေးမယ်၊ အဝတ်များများဆင်မယ်၊ ဒါဘဲ ပြောတယ်(မှန်ပါ့) ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်တွေ ရှင်မလုပ်ချင်နေပါ၊ ကျမတို့လဲ ခြေနဲ့ လက်နဲ့ဘဲ ကျွေးနိုင်ပါတယ် မွေးနိုင်ပါတယ် ပြောတာ ခင်ဗျားတို့ကလဲ ဘော်လိုက်တာ ဘဝများ အရထူးလိုက်တာလို့ များ ထင်ချင် ထင်နေဦးမယ်....(မှန်ပါ့)။

စင်စစ်အားဖြင့် သေသေချာချာ စဉ်းစားကြည့်တော့ လော ကွတ်တွေ....(မှန်ပါ့ဘုရား)ခေါင်းကိုက်တာတခု ပျောက်အောင် လုပ်နိုင်ရဲ့လား....(မလုပ်နိုင်ပါဘုရား)။

အိုတာကော....(မလုပ်နိုင်ပါဘုရား)။

နာတာကော....(မလုပ်နိုင်ပါဘုရား)။

သေတာကော ..(မလုပ်နိုင်ပါဘုရား)။

ဒါများ ယုံနေတာ အဲ့သေး ကျုပ်က.... (မှန်ပါ့ဘုရား) အတော် ဆိုးဝါးနေတယ် ဆိုတာကော မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့လူတွေ ပြောနေတယ် တယောက်

တယောက်၊ သားသမီးက-အမေ မိဘဘဲပြောပြော၊ခင်ပွန်းမ,အ ခင်ပွန်းသည်ဘဲ ပြောပြော၊ ခင်ပွန်းသည်က ခင်ပွန်းမ,ဘဲ ပြော ပြော တကာတကာမတွေ အပိုအလုပ်တွေဘဲ (မှန်ပါ)သဘောကျ ရဲ့လား(ကျပါတယ်) အိုမှု,နာမှု,သေမှု တားနိုင်ကြရဲ့လား.... (မတားနိုင်ပါဘုရား) အဲဒီတော့ မတားနိုင်တော့ သစ္စာမြင်မှ၊ သစ္စာမြင်တဲ့ ဉာဏ်ကမှ တားနိုင်တယ်.... (မှန်လှပါ) ပေါ်ကြ ပလား(ပေါ်ပါပြီဘုရား) ဘာကမှ တားနိုင်သလဲ....(သစ္စာမြင် တဲ့ ဉာဏ်ကမှ တားနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အားကိုးရာအစစ် ဘာပါလိမ့်မလဲ(သစ္စာ မြင်တဲ့ဉာဏ်ပါဘုရား)သစ္စာမြင်တဲ့ဉာဏ်....(မှန်ပါ့-သစ္စာမြင်တဲ့ ဉာဏ်ပါဘုရား) ဒါက အရေးကြီးတယ်နော်...(မှန်ပါ့) တကာ တကာမတွေ ဘာအရေးကြီးတယ်....(သစ္စာမြင်တဲ့ဉာဏ် အရေး ကြီးပါတယ်ဘုရား)။

သစ္စာမြင်တဲ့ဉာဏ် အရေးကြီးတယ်ဆိုတော့ ဘုရားက သူ ကိုယ်တိုင် ဟောတော်မူခဲ့တာကိုး၊ တခြားသော ဆရာတော်တွေ လဲ ဟောလို့ ဘုန်းကြီးက ဖြည့်စွက်ရုံဘဲ ပြောပါတယ်၊ ငါလဲ သစ္စာမသိလို့ သံသရာထဲ ရှည်ခဲ့တယ်ကွ၊ မင်းတို့လဲမသိယင် ရှည် ဦးမှာဘဲကွာ-ဆိုတာ လိုရင်းစကားမှတ်ပါ(မှန်ပါ့ဘုရား) သူလဲ သစ္စာမသိလို့ ဘာဖြစ်ခဲ့တယ်.... (သံသရာ ရှည်ခဲ့ပါတယ်ဘုရား) မင်းတို့လဲ မသိယင်....(သံသရာရှည်ဦးမှာပါဘုရား)

သံသရာရှည်တယ်ဆိုတော့၊ ခင်ဗျားတို့က သံသာရာ ရှည်တယ် ဆိုတော့ စာသံ ပေသံ ပါနေတယ်၊ ခင်ဗျားတို့ အိုဘေး, နာ ဘေး, သေဘေး မဆုံးတော့ဘူး ပြောတာ.... (မှန်လှပါဘုရား) သံသရာရှည်ဆိုတာ ဘာပါလိမ့်.... (အိုဘေး,နာဘေး,သေဘေး,

မဆိုးတာပါ ဘုရား) အိုဘေး, နာဘေး, သေဘေး မဆိုးတော့ဘူးလို့ တကာ တကာမတို့ ပြောရဘယ်...(မှန်ပါ)။

တကာ တကာမတို့ ရိပ်မိပလား.... (ရိပ်မိပါတယ် ဘုရား) ကောင်းပြီ ဒါဖြင့် သံသရာရှည်ဘာသည်ဘားလို့ ဆိုလို့ရှိယင် ဖြင့် အိုဘေး, နာဘေး, သေဘေး မဆိုးတာကို ဆိုတယ် ဆိုတော့ အိုပြီးရင်း အိုရင်းပေါ့ဗျာ... (မှန်ပါ)။

နာပြီးရင်း....(နာရင်း)။

အိုပြီးရင်း....(အိုရင်း)။

အဲဒီအလုပ်တွေကို ခင်ဗျားတို့ ဘယ်သူကပေးသတုံးလို့ မေးလို့ရှိယင်ဖြင့် ခင်ဗျားတို့သားတွေ့သမီးတွေ့ဆွေတွေမျိုးတွေက ပေးတယ်.... (မှန်ပါဘုရား) အိုဘေး, နာဘေး, သေဘေးကို (မှန်လှပါဘုရား) ဒါတွေ ခင်နေတော့ မဂ္ဂသစ္စာက လာသေးရဲ့လား.... (မလာပါဘုရား) မလာတော့ ခင်ဗျားတို့က သမုဒယသစ္စာနဲ့ လက်ခံနေတယ်.... (မှန်ပါဘုရား)။

လက်ခံလိုက်တဲ့အခါကျတော့ ဒါက သမုဒယသစ္စာဆိုတော့ ဒီဘက်က ဒုက္ခသစ္စာ၊ သူက ဆက်ပေးလိုက်တယ်.... (မှန်လှပါဘုရား)သဘောကျပလား(ကျပါပြီ)ဒါဖြင့် တကာတကာမတွေ အင်မတန်အရေးကြီးတဲ့တရားကို ယနေ့ ဆုံးမ တော့မယ်ဆိုတာကို သေသေချာချာ နားကြီးကြီးနဲ့ ထောင်ပါ....(မှန်ပါ) ဘာနဲ့ ထောင်ရမလဲ....(နားကြီးကြီးနဲ့ ထောင်ရမှာပါဘုရား)။

နားသေးသေးနဲ့ ဘယ်သူဘာလုပ်လုပ် နိဗ္ဗာန်ရောက်တယ်ဆိုတဲ့ တရားကို မယုံနဲ့.... (မှန်လှပါ)မယုံနဲ့၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ပြတ်မှရောက်တယ်ဆိုတာသာ ယုံ...(မှန်လှပါဘုရား)ဘယ်သူဟာ ပန်းတပွင့်နဲ့တခါတည်း လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်

ခံစား၍ နောက်ဆုံးပိတ် နိဗ္ဗာန်ဝင်တယ်ဆိုတဲ့ စကားဟာ မယုံနဲ့ (မှန်လှပါ) သစ္စာမမြင်ဘဲနဲ့ ဝင်ကိုမဝင်ဘူး၊ ရှင်းပလား(ရှင်းပါပြီဘုရား) သစ္စာမမြင်ဘဲနဲ့....(နိဗ္ဗာန်မဝင်ပါဘုရား)။

နိဗ္ဗာန်မဝင်ဘူးဆိုတာ တကာ တကာမတွေ သေချာပလား- (သေချာပါပြီဘုရား) ဒါဖြင့် ဟိုဟာက သစ္စာမြင်မှ နိဗ္ဗာန်ဝင်တယ် ဆိုတာကိုသာလျှင် ဘုန်းကြီးတို့ တကာ တကာမတွေက အမှန်ထားပါ....(မှန်ပါ)။

ဒီပြင်ဟာတွေဟာ သစ္စာမြင်တဲ့ ဇာတ်ထုပ်ကို (လ) ထိုးထားတယ်၊ ဘုရက်ဇာက် ညှပ်ပစ်တယ်....(မှန်ပါ) အဲဒါ မထည့်ဘဲ ပြောသွားတယ်၊ တရားပြောတာတည်းက လွဲနေပြီ၊ သူ့ကို (လ) ထိုးပစ်ခဲ့တယ်ဆိုတော့ ဦးမြ သစ္စာမမြင်ဘဲနဲ့ ဘုရားကော ဖြစ်ကဲ့လား.... (မဖြစ်ပါဘုရား) သောတာပန်, သကဒါဂါမ်....(မဖြစ်ပါဘုရား)နို့-ဘယ့်နှယ်ကြောင့် သူတို့က ပန်းတပွင့်နဲ့ နိဗ္ဗာန်ဝင်တယ်လို့ ပြောရသတုံးဆိုတော့ အို ...သစ္စာမပြောမိလို့....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်သစ္စာမှတပါး ကျုပ်တို့မှာ ကိုးကွယ်စရာ ဆည်းကပ်စရာမရှိဘူး(မရှိပါဘုရား) ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ညီတော် အာနန္ဒာကိုမှာတယ်၊ မင်း ဆွေမျိုး, ဥပါသကာတွေ,မင်း တကာတကာမတွေ သနားလို့ ရှိယင်ဖြင့် သစ္စာသိအောင် လုပ်ပေးပါကွာ....(မှန်ပါ) ငါ ဒါကို အရေးတကြီးမှာပါတယ် ဆိုတော့ လိုရင်းစကားပြောတော့ ဒါ ပြောသွားတယ်... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နို့... ပန်းတပွင့်နဲ့ နိဗ္ဗာန်ရောက်တာတွေ ဘုရားမဟောခဲ့ဘူးလားဆိုတော့ ဟောခဲ့တာပေါ့တဲ့ တကာ တကာမတို့ မဟောဘဲ

တော့ ဘယ်ရှိမတုံး၊ ငါ့ရှေ့တွင်တော့ အပါယ်မသွားစေနဲ့ ရော့....ပန်းတပွင့် လှူလိုက်ကွာ၊ သုဂတိတော့ ပို့လိုက်တယ်.... (မှန်ပါဘုရား) ကိုယ့်ရှေ့တွင် သေချင်းဆိုးသေတာ မကြည့်ချင်လို့....(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့က တရားနာတယ် ဆိုပေမဲ့ မချိန်တတ်တော့ဘူး၊ ချိန်ခွင်ကလေး မပါတော့ သိပ်ခက်ထယ်၊ ဪ.... ဒီတရားကတော့ဖြင့် သစ္စာမှဝင်တာအမှန်ဘဲ၊ ဒီ့ပြင်ဟာတွေကတော့ သစ္စာကိုသိဘို့ အခြံအရံတွေဘဲဆိုတာ ဝေဘန်သိရမယ် (မှန်ပါ)ပေါ်ကြလား-(ပေါ်ပါပြီ)ဒီ့ပြင် ဒါနတရား၊ သီလတရားတွေက ဘာတွေပါလိမ့်....(အခြံအရံတရားတွေပါဘုရား) တကယ် နိဗ္ဗာန်ပန်းတိုင်ဝင်ရမှာကတော့ ဘယ်သူပါလိမ့်-(သစ္စာပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးကတော့ ဒီအခြံအရံတွေတော့ ခင်ဗျားတို့နာဘူးကြပြီ၊ သိဘူးကြပြီ၊ ဘုန်းကြီးပြောဘို့ မလိုပါဘူး.... (မှန်ပါ)လိုရင်းဘဲပြောပါမယ်၊ တကာ တကာမတို့ ဘာပြောလိမ့်မယ် ထင်သတုံး-(လိုရင်းဘဲ ပြောလိမ့်မယ်)လိုရင်းဘဲ ပြောလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ) အဲဒီတော့ လိုရင်းဟာ ဘာပါလိမ့်မလဲလို့ တကာတကာမတွေက မေးသို့ ရှိယင်ဖြင့် မနေ့က ဝစ္ဆဂေါတ္တ မေးတာကို ပဓာန ထားလိုက်.... (မှန်ပါ)။

အရှင်ဘုရား....လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါမလားလို့ ဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ(မရပါဘူးတဲ့) မရဘူးတဲ့(မှန်ပါ) ကဲ....သံယောဇဉ်ဟာ ဘယ်လောက်ဆိုးသလဲ- (မှန်ပါဘုရား) ကျုပ် ဒီ သံယောဇဉ်ကြောင့် ခက်နေတယ်လို့

ခင်ဗျားတို့က ငြင်းလုံးထုတ်နေတာဟာ နည်းပါသေးတယ်၊နည်းပါသေးတယ်။

စင်စစ်တော့ နိဗ္ဗာန်ကိုမရတော့ဘူးဆိုတော့ သူ့ကန့်ကွက်ချလိုက်တယ်....(မှန်ပါ) ပလိဗောဓ ပစ္စုပဋ္ဌာနာ ဦးမြ....(မှန်ပါ) မဂ်ဖိုလ်ကို တားမြစ်ခြင်းကိစ္စဟာ သမုဒယ... (မှန်ပါ) မဂ်ဖိုလ်ကို တားတာဟာ ဘယ်သူပါလိမ့်.... (သမုဒယပါဘုရား) သမုဒယဘဲဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တဏှာ တဏှာမတွေကလဲ ကျုပ်လူလာတိုင်းညွှေ့ခံနေရဘာ၊ကျုပ်ဟာ ကျောင်း ကန် ဘုရားတရားနဲ့ နေချိန်ရောက်ပေမဲ့ ဟောဒါကလေးတွေကြောင့် ခက်တယ်လို့ လုပ်မနေနဲ့၊ ဒီသမုဒယကို လက်ညှိုးညွှန်ပြီး ဂုဏ်ယူမနေနဲ့-(မှန်လှပါ)မဟုတ်ဘူးလား....(မှန်ပါ) ခက်ချင်လို့ရှိယင် ကိုယ့်ကြောင့် ခက်နေတယ်လို့ပြောလိုက်စမ်းပါ....(မှန်ပါဘုရား)။

ဦးညွန့်ကြီး ဘယ့်နှယ်ပြောမယ်.... (ကိုယ့်ကြောင့် ခက်နေတာပါဘုရား) ကိုယ့်ကြောင့် ခက်နေတာ ခင်ဗျားတို့က ဟိုလွှဲချ ဒီလွှဲချနဲ့....(တင်ပါ) အတော်ဆိုးတဲ့လူတွေလို့ ဆိုယင်မောင်ဘအေး လွဲပါ့မလား.... (မလွဲပါဘုရား)။

မလွဲဘူးကွ....၊ အဲဒါကြောင့် ခလေးကသာ သစ္စာသိမယ်ဆိုယင်ဖြင့်ကျွန်တော်တို့ကြောင့်မခက်ပါနဲ့၊အမေအဖေမှာခင်တတ်တဲ့စိတ် မဖြုတ်နိုင်လို့ ခက်တယ်လို့ ညည်းပါလို့ ပြောလိုက်ယင် မိုးကြိုးပစ်တာထက် နာသေးတယ်(မှန်ပါဘုရား) မနာဘူးလား....(နာပါတယ်ဘုရား) သေသေချာချာ နာတယ်ဆိုတာသဘောပါပလား....(ပါပါပြီဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေမှာ ကိုယ့်ကိုယ်-ကိုယ် မိုက်မှန်း မသိတာဟာ အတော်ဆိုးတယ်.... (မှန်ပါ့ဘုရား) ကိုယ့် ကိုယ်-ကိုယ်မိုက်မှန်းသိယင် တကာတကာမတွေလူလိမ်မာတဲ့....(မှန်ပါ့ဘုရား) မိုက်မှန်းမှ မသိတဲ့ ပုဂ္ဂိုလ်ဟာ မိုက်သထက် မိုက်တဲ့ ပုဂ္ဂိုလ်လို့ ဓမ္မပဒက သေသေ ချာချာ ဟောတယ်....(မှန်ပါ့)။

မိုက်မှန်းသိယင် ဘာတုံး.... (လူလိမ်မာပါဘုရား) မိုက်တာကိုမှ ကိုယ်က လူလိမ်မာထင်နေယင်.... (မိုက်သထက် မိုက်ပါတယ်) မိုက်သထက် မိုက်တဲ့အထဲမှာ ဒီထဲက ဘယ်သူများ ပါပါလိမ့်မတုံး၊ အကဲခတ်ကြည့်ပါဦး.... (မှန်ပါ့ အကုန်လုံးပါတဲ့ဘုရား) အားလုံးဘဲလား (အားလုံးပါဘုရား) အားလုံး ဆိုလို့ရှိယင်ဖြင့် ဦးမြရေ.... အတော် ဆိုးဝါးသွားပြီ၊ အတော် ဆိုးဝါးသွားပြီ။ သို့သော်လဲတဲ့ ဆေးကြောပေးမည့်သူ မရှိယင်တော့ အညစ်အကြေး ရှိမြဲဘဲ... (မှန်ပါ့) ဆေးကြောတဲ့နည်းကို ပေးလိုက်လို့ရှိယင်ဖြင့် အညစ် အကြေးရှိစရာ လိုသေးသလား... (မလိုပါဘုရား)။

ကဲ....ဒါဖြင့် လူဟာ လူ့သံယောဇဉ်ကို ဖြတ်နိုင်ယင် အိမ်မှာနေတုန်း မတ်တတ်နဲ့ သမုဒယ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)ဒီနေ့ ဒီတရားကို ဟောလိမ့်မယ် (မှန်ပါ့ဘုရား)လူဟာ လူ့သံယောဇဉ် ကြားထဲမှာဘဲ သမုဒယချုပ်တဲ့ နိဗ္ဗာန်ကို ရပါလိမ့်မယ်လို့ ဘုန်းကြီး ပြောတာကိုသာခင်ဗျားတို့က လိုက်နာလုပ်ကြမယ် ဆိုလို့ရှိယင်ဖြင့် အိမ့်ပြင်လဲ မထွက်ပါနဲ့၊ ဘယ်ယောဂီကျောင်းမှလဲ မသွားပါနဲ့.... (မှန်ပါ့ဘုရား)သေသေချာချာရမယ်။

လိုရင်းတော့ နိဗ္ဗာန်က တကာ့တကာ့မတွေ့ သိတဲ့အတိုင်း ဒီဦးသံဒိုင် တိုက်မှာလဲ နိဗ္ဗာန်ရှိတယ်... (မှန်ပါ့ဘုရား) ရှိတာဘဲ၊ နိဗ္ဗာန်ဘယ်နေရာ ရှိသတုံးဆိုတော့ အို.. သမုဒယ, ဒုက္ခချုပ်တဲ့ နေရာ နိဗ္ဗာန်ပေါ့.... (မှန်ပါ့ဘုရား) ဒါဖြင့် နိဗ္ဗာန်သည် အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာမှာရှိတယ်.... (ရှိပါတယ် ဘုရား) နိဗ္ဗာန်ဟာ ဝေးသလား....(မဝေးပါဘုရား)။

ဘယ့်နှယ်ကြောင့် ဝေးတယ် ပြောနေကြပါလိမ့်မတုံး မေးလို့ရှိယင် ဦးမြကြီးရေ... မသွားတတ်လို့ ဝေးနေတာ....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)ဘယ့်နှယ်ကြောင့် ဝေးမါလိမ့်....(မသွားတတ်လို့ ဝေးနေတာပါဘုရား)သွားတတ်တော့ ဒီ-ဦးသံဒိုင် တိုက်မှာဘဲရှိတယ်....(မှန်လှပါဘုရား) ဒီနေရာမှာ သမုဒယချုပ်မယ်၊ ဒီနေရာမှာ ဒီဒုက္ခနောက် ဆက်မလာဘူးဆိုလို့ရှိယင် ဒီနေရာ နိဗ္ဗာန်ဘဲ.... (မှန်ပါ့ ဘုရား) အဲဒီတော့ နိဗ္ဗာန်ဆိုတာ တကာ့တကာ့မတို့ မသိဘဲလဲမရှိပါနဲ့ သိအောင်လဲ လုပ်ထားရမယ်... နော်၊ ဘယ်နေရာမဆို ရှိတယ်ဆိုတဲ့ ဉာဏ်ကိုလဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

သမုဒယ စွန့်တဲ့နေရာ လူ့သံယောဇဉ် စွန့်တဲ့အချိန် အခိုက်အတန့်မှာ နိဗ္ဗာန်ရှိတယ်....(မှန်ပါ့)အဲဒီတော့ တကာ့တကာ့မတို့ ဒီမှာကြည့်ပါ၊ မနေ့က စိတ်ဘယ်နှစ်မျိုး ဟောထားတုံး (ဆယ့်နှစ်မျိုး ဟောထားပါတယ်) ဆယ့်နှစ်မျိုး ဟောထားတယ်.... (မှန်ပါ့) စိတ်ဘယ်နှစ်မျိုး ဟောထားသတုံး.... (ဆယ့်နှစ်မျိုး ဟောထားပါတယ်ဘုရား)။

အဲ... ဆယ့်နှစ်မျိုးဟာ ခင်ဗျားတို့ လှည့်ပြီး မပေါ်ပေဘူးလား.... (ပေါ်ပါတယ်ဘုရား) ပေါ်တော့ အဲဒါကလေးတွေ

ဟာ တကာတကာမတွေက ဩော်....ဒါကလေးတွေဟာ ဖြစ်မှု ပျက်မှု သဘောပါကလားလို့ ဒီကနေ ဉာဏ်နဲ့ကြည့်ပါ(မှန်ပါ့) တကာ တကာမတွေ .... ဒီနားကနေ မင်္ဂ ဆိုက်အောင်ကြည့်၊ ဝိပဿနာ မင်္ဂကလေးက ဒီကနေကြည့်ပါ....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ဒီစိတ်တွေ၏ ဖြစ်မှုပျက်မှု မမြင် ပေဘူးလား... (မြင်ပါတယ်ဘုရား)မြင်တဲ့အခါကျလို့ရှိယင် မင်္ဂ သည် ဒီ....ကိလေသာ ဖြတ်တယ်ဆိုယင်ကော မဟုတ်ဘူးလား.... (ဟုတ်ပါတယ်) ဆက်နိုင်သေးသလား .... ဒီမြား ကလေးက ပျောက်မသွားဘူးလား .. (ပျောက်သွားပါတယ်) ပျောက်သွား တဲ့ အခါကျလို့ရှိယင် တဏှာဥပါဒါန် မချုပ်ဘူးလား.... (ချုပ် ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာမှာ နိဗ္ဗာန်ရှိတယ်.... (မှန်ပါ့ဘုရား) မရှိဘူး လား(ရှိပါတယ်) ဒီပြတ်တဲ့နေရာမှာ မင်္ဂဉာဏ်....(မှန်ပါ့) ဒီဘက် က နိဗ္ဗာန်(မှန်ပါ့) ပြတ်နေတဲ့နေရာက (မင်္ဂဉာဏ်)ဒီဘက်က မ လာတာတွေက.... (နိဗ္ဗာန်ပါ ဘုရား) အနီးကလေး ပါလား— တကာတကာမတို့....ဝေးသလား-နီးသလား(နီးပါတယ်ဘုရား)။

နီးလျက်နဲ့ မရောက်တာ ဘာဖြစ်လို့တုံးဆိုတော့ မဖြတ်လို့ (မှန်ပါ့) ကဲ....ဆွဲခင်ဝတ်တို့ ဦးမြတို့ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ အလုပ်နဲ့၊ အကိုင်နဲ့နေတာပေါ့ဗျာ.... (မှန်ပါ့) နေပေမဲ့ ဉာဏ်က ကိုယ့်စိတ်ကလေးကို ကိုယ်ဝိပဿနာရှုပေး.... (မှန်ပါ့ ဘုရား)ကိုယ့်စိတ်ကိုယ်ဝိပဿနာရှုလိုက်တဲ့အခါကျတော့ တကာ တကာမတို့ ၂-က ၃-ကူးသေးသလား.... (မကူးပါ ဘုရား) မကူး တော့ကို ဘာကြောင့် မကူးသတုံးဆိုတော့ ဒီနေရာမှ ဝိပဿနာ

မဂ်ပေါ်နေတယ်....(မှန်ပါ) မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်သည် တကာ တကာမတို့.... ဒီဘက်က သမုဒယသစ္စာ သေ-မသေ၊ မသေဘူးလား (သေပါတယ်ဘုရား) ဒီဘက်က ဒုက္ခသစ္စာ လာသေးသလား-မလာဘူးလား (မလာပါ ဘုရား)ဒါဖြင့် တကာတကာမတို့ လုပ်တဲ့အချိန်မှာ လိုရင်းပါ.... (မှန်လှပါဘုရား) တောကျောင်း တောင်ကျောင်း အောင်းမှ ရမယ်လို့....ဒီလိုအယူ-မယူလိုက်ပါနဲ့.... (မှန်ပါ)။

ကိုယ့်ဝမ်းထဲကနေပြီးသဘောလ ကိလေသာတောကို ဒီနေရာ က ဖြတ်ယူ ဒီနေရာကရတယ်.... (မှန်ပါ) ဟိုနေရာသွားဖြတ်ယင် (ဟိုနေရာမှာ ရပါတယ်) ဟိုဟာက သမထတွေအတွက် တောကျောင်း တောင်ကျောင်းက သေသေချာချာ ဟောရပါတယ် (မှန်ပါ)။

ဝိပဿနာဟာ နေရာမရွေးရဘူး၊သဘောပါကြပလား(ပါပါ တယ်ဘုရား)ဝိပဿနာဟာ (နေရာမရွေးရပါဘုရား) နေရာမရွေး ရဘူး၊ ခင်ဗျားတို့က လုပ်လဲမလုပ်ချင်ဘူး၊ နေရာ ရွေးနေတာနဲ့ သေပွဲသာ ဝင်သွားတာဘဲ (မှန်ပါဘုရား)လုပ်လဲမလုပ်ချင်ဘဲကိုး (မှန်ပါ) နေရာစာ မဟုတ်ဘူး.... ရန်ကုန်မြို့ဆိုတာ သိပ်ဆူတာ သိပ်သာဆူတယ်ဆို ညကျတော့ အိပ်ဖြစ်သား-သူ့ဟာ.... (မှန်ပါ ဘုရား)။

ဝိပဿနာသာ လုမ်မဖြစ်တာကိုးဗျ.... (မှန်ပါ) ညတော့လဲ အိပ်ဖြစ်သား အတော်ခက်နေတာ အဲဒီမှာ ကိလေသာက ဝင်ပြီး ဆင်ခြေလဲနေတယ်....(မှန်ပါ) ဘယ်သူကဝင်ပြီး ဆင်ခြေလဲသလဲ (ကိလေသာက ဆင်ခြေလဲပါတယ်) အဲဒီ ကိလေသာ ရှေ့နေ

လက်ခံကတည်းက ငါးပါးမှောက်နေတယ်(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)ဘယ်သူ့ကိုလက်ခံမိလို့....(ကိလေသာရှေ့နေပါ) ကိလေသာရှေ့နေလက်ခံမိလို့ဆိုတာ မောင်ကို....ရိပ်မိပြီလား... (ရိပ်မိပါတယ်ဘုရား)။

ရိပ်မိပြီ....နော်....၊ကိုင်း....ဒါဖြင့် တကာ တကာမတို့... လူဟာလူ့သံယောဇဉ်မစွန့်တဲ့နိဗ္ဗာန်ရပ့ါမလား....(မရနိုင်ပါဘုရား) ကဲ... အလုပ်-လုပ်လိုက်ပြီ ကျုပ်တို့က စိတ်ကို ဖြစ်ပျက် ရှုလိုက်ပြီ ဓိဋ္ဌာန်နေပြီးတော့(မှန်ပါ့)ရ-မရ....(ရပါတယ်ဘုရား) ဒီဘက် သံယောဇဉ်တွေ လာသေးသလား... (မလာပါဘုရား) သံယောဇဉ်ဆိုတာတဏှာဥပါဒါန်ကံသမုဒယသစ္စာ ဒါသံယောဇဉ်တွေပေါ့ (မှန်ပါ့) ဦးညွန့်ကြီး လာသေးရဲ့ လား....(မလာပါဘုရား)။

ကဲ-ဒီနေရာတွင် ခင်ဗျား-အဲဒီလို မှီပြီးလုပ်လိုက် ဒါလာသေးရဲ့လား....(မလာပါဘုရား) မလာလို့ရှိယင် ဒီနေရာမှာ နိဗ္ဗာန်ရှိတယ်....(မှန်ပါ့) တဏှာသိမ်းနိဗ္ဗာန်, ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတော့ ထခင်ဝတင်....သေချာပလား....(သေချာပါပြီ) ဒီဘက်က တဏှာမလာတာလဲ နိဗ္ဗာန်ဘဲ (မှန်ပါ့) ဒီဘက်က ဒုက္ခ မလာတာက ကော....(နိဗ္ဗာန်ဘဲ)။

ဒါဖြင့် နေရာရွေ့ဘို့ လိုသလား....၊ မလိုဘူးလား.... (မလိုပါဘုရား) သဘောပေါ်ပလား .... (ပါပါပြီ) သို့သော် နည်းမသိသေးယင် နည်းပေးမည့်ဆရာတော့ ရှာရလိမ့်မယ်....(မှန်လှပါ ဘုရား)မရှာရပေဘူးလား....(ရှာရပါမယ်) ရှာရမယ်ဆိုတာတော့ မောင်ထွန်းရင်တို့... သေသေချာချာမှတ်ပါ။

အဲဒီတော့-ဘုန်းကြီးတို့တကာတကာမတွေ နောက်မှ နောင်တရတဲ့ အဖြစ်ကိုဖြင့် အင်မတန် သနားတယ်... နော်.... (မှန်ပါ့)

အခု နောင်တ ရတာတောင် နောက်ပိုင်းအတော်ကျသွားပြီ (မှန်လှပါ) အခု နောင်တ-ရတာတောင်... (နောက်ပိုင်း အတော်ကျသွားပါပြီဘုရား)။

နောက်ပိုင်း ကျသွားပြီးတဲ့၊ ရှေ့ပိုင်းက ခင်ဗျားတို့ ကိလေသာ ခိုင်းတာနဲ့ ကံကောင်း ဉာဏ်ကောင်းတွေ ကုန်ခဲ့ပြီ (မှန်လှပါဘုရား) ကံမဲ့ ဉာဏ်မဲ့မှ ဆရာဘုန်းကြီးဆီ ရောက် လာတယ်.... (မှန်လှပါဘုရား) အတော်ဆည်ရမယ်....(မှန်လှပါ) ကံကောင်း ဉာဏ်ကောင်းတွေက ဘယ်သူက ဖြုန်းပစ်ခဲ့သလဲ.... (ကိလေသာ ခိုင်းတာပါဘုရား) ကိလေသာ ခိုင်းတာနဲ့ ကုန်ခဲ့ကြရတယ်.... (မှန်ပါဘုရား)။

ကံမဲ့ ဉာဏ်မဲ့ကျတော့ ကယ်ပါဦး ဘုရား၊ ယူပါဦးဘုရား အရှင်ဘုရားမှတပါး ကယ်မည့်သူ မရှိဘူးဘုရားဆိုတော့ တကာ တကာမတို့.... အတော် ခက်နေတယ်.... (မှန်ပါ) ဦးမြကြီးလဲ ရောက်လာတော့ အသက် ခုနစ်ဆယ်ဗျ.... (မှန်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီတော့ ဘယ်အချိန်ရောက်လာသတုံးလို့ မေးလို့ရှိယင် တကာတကာမတွေဖြေကြစမ်းပါ (ကံမဲ့ဉာဏ်မဲ့မှ ရောက်လာတာပါဘုရား)။

ကံကောင်း ဉာဏ်ကောင်းတွေ ဘယ်မျှား ထားခဲ့ပါလိမ့်.... (ကိလေသာ ခိုင်းလို့ပါဘုရား) ပြော်.... စားရေး သမီးရေး စီးပွားရေး ကျွန်နယ်ထဲ ဖြုန်းပစ်ခဲ့တယ်....(မှန်လှပါ) သခင်ဖြစ်မည့် အလုပ် ကျလာတဲ့ အခါကျတော့ ကံမဲ့ ဉာဏ်မဲ့နှင့် လာတော့ အတော် လုပ်ရမယ်.... (မှန်ပါ) မလုပ်ရပေဘူးလား (လုပ်ရပါမယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အဖြစ်ဆိုးကြီးနဲ့တော့ သေသေ ချာချာကြုံပြီဆိုတာတော့ဖြင့် တကာတကာမတွေ-သံသယမရှိနဲ့ (မှန်လှပါဘုရား) ကိုင်း.... ဒါဖြင့် အချိန်ရှိတဲ့ အချိန်ကလေး ဘုရားကယ်တော်မူပါ၊ ယူတော်မူပါဆိုတာ ဦးမြတို့ တောင်းပန် ရုံဘဲ ရှိတော့တယ်၊ ဒီ့ပြင် ဘာမှမရှိတော့ဘူး... (မှန်ပါ့)။

တပည့်တော်တို့မှာဘုရာ့ သွားကလဲ အရင်သွား မဟုတ်ဘူး၊ ဆံပင်ကလဲ အရင်ဆံပင် မဟုတ်ဘူးဘုရာ့၊ ဉာဏ်ကလဲ အရင် ဉာဏ် မဟုတ်တော့ဘူး ဘုရာ့၊ ကံမှဲ့ ဉာဏ်မှဲ့ဆိုတာတော့ သေ ချာပြီဘုရာ့၊ ဒီအထဲက ကယ်ယူရမယ်ဆိုတဲ့ အဓိပ္ပါယ်လဲရောက် နေတယ်... (မှန်ပါ့)မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)

ကဲ-ဒါဖြင့် ခင်ဗျားတို့ကို သေသေချာချာပြပါမယ်တဲ့။

တကာတကာမတို့... စိတ္တာနုပဿနာ ရှုပါ။

ဦးမြ ဘာတဲ့တုံး.... (စိတ္တာနုပဿနာရှုပါ)။

နောက်က တကာတကာမတွေ ဘာရှုရမလဲ....(စိတ္တာနုပဿ နာ ရှုရမယ်)။

စိတ္တာနုပဿနာရှုရမယ်၊ စိတ္တာနုပဿနာကို ဘယ်သူဟောခဲ့ သတုံး....(ဘုရားဟောတယ်) ဘုရားဟောတယ်၊ နောက် အရှင် သာရိပုတ္တရာ ဆက်ဟောတယ်.... (မှန်ပါ့)။

ကာတဲ့.... သူတပါးစိတ် အကဲခတ်ရတာ မှားသည်ရှိ၊ မှန် သည်ရှိ-တဲ့ (မှန်ပါ့) သူတပါးစိတ်အကဲခတ်ရတာ....(မှားသည် ရှိ၊မှန်သည်ရှိပါဘုရား) ကိုယ့်စိတ်ကိုကိုယ့်ဉာဏ်နဲ့ အကဲခတ်ယင် မှားပါ့မလား.... (မမှားပါဘုရား) ကိုယ်လိမ်တာလဲ လိမ်ခဲ့ တယ်လို့ ကိုယ်သိတယ်....(မှန်ပါ့) ကိုယ် ကောင်းကဲ့ တာကော

(ကိုယ်သိပါတယ်ဘုရား) သိတော့ ဒါဖြင့် တကာတကာမတို့ ကိုယ့်အရှိကို ကိုယ်သိဖို့ အရေးကြီးတယ်.... (မှန်လှပါဘုရား)။

တကာတကာမတို့....ဘာတဲ့တုံး.... (ကိုယ်အရှိကို ကိုယ်သိဖို့ အရေးကြီးပါတယ်ဘုရား) မသိစရာကော ရှိရဲ့လား.... (မရှိပါဘုရား) ဝေဒနာဆိုယင် စောင့်နေရသေးတယ်.... (မှန်ပါ) စိတ်ကတော့ စောင့်ရသေးရဲ့လား .... (မစောင့်ရပါဘုရား) ဥပမာ... ရှုနေတယ်ဆိုရှုစိတ်သိတယ်၊ရိုက်ဘယ်ဆိုယင်ကော.... (ရိုက်တဲ့စိတ် သိပါတယ် ဘုရား) လိမ် တယ် ဆိုယင်ကော.... (လိမ်တဲ့စိတ်သိပါတယ်ဘုရား) ဒေါသဖြစ်တယ်ဆိုယင်ကော.... (ဒေါသစိတ် သိပါတယ်ဘုရား)။

ဒါဖြင့် ဗိဥစ္စာက ကမ္မဋ္ဌာန်းတွေဘဲတဲ့၊ တကာ တကာမတွေ အထူးရှာစရာ လိုသေးသလား.... (မလိုပါဘုရား) ဒါဖြင့် အရှင်ဘုရားပြောလို့ အရှင်သာရိပုတ္တာရာကလဲ၊ ကွာတဲ့....“သူတပါး စိတ်အကဲခတ်တာ မှားသည်ရှိ, မှန်သည်ရှိတယ်၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာနဲ့ နိဗ္ဗာန် ရောက်ပါတယ်” တဲ့.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ကိုယ့်စိတ်ကို.... (ကိုယ်အကဲခတ်တာနဲ့နိဗ္ဗာန်ရောက်ပါတယ်)တကာတကာမတွေ ဘာတဲ့တုံး.... (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာနဲ့ နိဗ္ဗာန်ရောက် ပါတယ်တဲ့) ကိုယ့်စိတ်ကိုအကဲခတ်ဖို့ရာသည် သူ့ဘပါးတိုင်ပင် စရာလိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် နေရာကျပြီ....(မှန်ပါ)နေရာကျပြီ တကာတကာမတို့ ဓာတ်ရားတော့ မိလွယ်ပါတယ်၊ တရား သေသေချာချာဖမ်းမိတော့ မယ်ဆိုတာ တရားဟာ အရှာခက်လိုက်တာဘုရား၊ တပည့်တော် တို့က အနိစ္စကလေးဟာ သိပ်အရှာခက်တာဘဲလို့ ခင်ဗျားတို့က

ညည်းလုံးထုတ်တယ်၊ မထုတ်ပါနဲ့....(မှန်ပါ့) တကာ တကာမ တွေ ညည်းလုံးမထုတ်ပါနဲ့၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်နိုင်လို့ ရှိယင် ဝိပဿနာ.... (မှန်ပါ့)ကိုယ့်စိတ်ကို.... (အကဲခတ်နိုင်လို့ ရှိယင် ဝိပဿနာပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ နံနက်အိမ်က လာတဲ့အခါ ကော်ဖီကလေး ဘာကလေး သောက်ပြီးခဲ့ပလားလို့ မေးလိမ့်မယ်....(မှန်ပါ့ သောက်ပြီးခဲ့ပါပြီ) အဲဒီသောက်တဲ့ စိတ်ကလေးဟာ တကာတကာမတို့ အကဲခတ်ပါ၊ ဒီကနေပြီးတော့ အကဲခတ်ကြည့် ရှိသေးသလား၊ မရှိတော့ဘူးလား....(မရှိပါဘုရား)။

ဟာ....ဒါဖြင့် မရှိတာ သိတာဘဲဗျ....(မှန်ပါ့ဘုရား) မရှိတာသည် တကာတကာမတို့ ဒီမှာ အနိစ္စ.... (မှန်ပါဘုရား) သိတာသည် ဒီအစပ်ကလေးဖြစ်တဲ့ မဂ္ဂ....(မှန်ပါ့ဘုရား)။

မရှိတာက...(အနိစ္စပါဘုရား)။

သိတာက....(မဂ္ဂပါဘုရား)။

အစပ်ဖြတ်တဲ့ မဂ္ဂ.... (မှန်ပါ့ဘုရား) ရိုးရိုးမဂ် မဟုတ်ဘူး.... (မှန်ပါ့ဘုရား) ဒီဘက်ဆက်သေးရဲ့လား... (မဆက်ပါဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တော့ ရှိတာလဲသိတယ်၊ မရှိတာလဲ သိတယ်....(မှန်ပါ့ဘုရား)။

ရှိတာသိယင် ဥဒယ....(မှန်ပါ့)။

မရှိတာသိယင် ဝယ....(ဝယပါဘုရား)။

သဘောပါပလား....(ပါပါပြီဘုရား)။

ရှိတာ သိယင်....(ဥဒယပါဘုရား)။

မရှိတာ သိယင်....(ဝယပါဘုရား)။

အဲဒီတော့ သူများဆီ ရှာရမှာလား၊ အရှင်ဘုရား.... တပည့်တော် တရားပေးစမ်းပါဦးလို့ တောင်းရမှာလား၊ ဒီ-ဥဒယဗ္ဗယ ကြည့်ရမှာလား... (ဥဒယဗ္ဗယ ကြည့်ရမှာပါဘုရား) ဩော်.... ဒါ-ခင်ဗျားတို့က ဘုန်းကြီးတပါး လာတယ်ဆို.... နည်းကလေး ပေးစမ်းပါဦး ဘုရား၊ ဟင်း.... မင်းမှာ ရှိပြီးသားကြီး၊ နည်းတောင်းနေတော့ ခက်တယ်၊ မခက်ဘူးလား.... (ခက်ပါတယ် ဘုရား) သို့သော်လဲ တဲ့ နည်းတွေ ဘယ်လိုဘဲ ရှိငြားသော်လဲ တကာတကာမတွေက မယူတတ်တော့လဲ နည်းရှိမှန်းမသိဘူးပေါ့ဗျာ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာ ဘာဝိပဿနာတဲ့တုံး.... (စိတ္တာနုပဿနာပါ ဘုရား) မှတ်ပါ.... မှတ်ပါ၊ မောင်ဘအေး သေသေချာချာမှတ်ပါ (မှန်ပါ့) ဒါ-မင်းကုလားထိုင်ပေါ် ထိုင်နေယင်းရတယ်၊သေသေချာချာရတယ်၊စာကလေးတလုံးရေးပြီးယင် တလုံးရေးပြီးတဲ့စိတ်ဟာ ရှိသေးရဲ့လား (မရှိပါဘုရား) အဲ....မရှိတာ ဘာခေါ်ကြမလဲ.... (အနိစ္စပါ ဘုရား) သိတာကကော (မဂ္ဂပါဘုရား) စာရေးယင်း မဂ် ဆိုက်နိုင်တယ် (မှန်ပါ့) မဆိုက်နိုင်ဘူးလား.... (ဆိုက်နိုင်ပါတယ်) ထမင်းစားယင်းကော....(မဂ်ဆိုက်နိုင်ပါတယ်)။

ဩော်... လွယ်လွန်းလို့ နိဗ္ဗာန်မသွားချင်ဘူးလား ခင်ဗျားတို့က.... (မှန်လှပါ သွားချင်ပါတယ်ဘုရား) သွားချင်တယ် ဆိုတဲ့ အမိပ္ပါယ် ဦးမြ-သေသေချာချာမှတ်ပါ(မှန်ပါ့ဘုရား) ကောင်းပြီ ဒါဖြင့် မနာယတနဆိုတာ ခြောက်ခုမြောက်တဲ့စိတ်(မှန်ပါ့) စိတ်ကိုလဲခင်ဗျားတို့ကဘယ်စိတ်ရှုရမှာတုံးလို့ ဘုန်းကြီးကိုလာမမေးနဲ့

ခင်ဗျားတို့ ပုထုဇန်တွေ ပုထုဇန်စိတ်ဘဲ ပေါ်မယ်.... (မှန်လှပါ ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ပုထုဇန်ဟာ ဘာစိတ် ပေါ်မလဲ.... (ပုထုဇန်စိတ် ပေါ်ပါတယ်)ဒီ့ပြင် အရိယာစိတ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား) ဒါဖြင့် ကိုယ့်စိတ်ကို နောက်က အကဲခတ်မှာလေ၊ တလုံးကို ဆရာဘုန်းကြီးက တိုးပေးလိုက်မယ်.... (မှန်ပါ့ ဘုရား) ရှိ-မရှိ အကဲခတ်ပါ....(မှန်ပါ့) တကာ့ဘကာ့မတို့ ဘာကိုအကဲခတ်မလဲ (ရှိ-မရှိ အကဲခတ်ရမှာပါဘုရား) ရှိ-မရှိ အကဲခတ်ရမယ်ဆိုတာ သေချာသလား....(သေချာပါပြီဘုရား)၊

ဒါဖြင့် မရှိဘာသည် ဘုရားဟောတော်မူတဲ့ အနိစ္စ... (မှန်ပါ့ ဘုရား)သိတာသည်.... (မဂ္ဂပါဘုရား)မဂ္ဂဘဲဆိုတော့ မဂ်ဟာ ဆု တောင်းယူရတာလား....မရှိဘာ သိမှ ရတာလား၊ (မရှိတာ သိမှ ရပါတယ်ဘုရား)၊

ဒါဖြင့် ခင်ဗျားတို့ ရွှေတိဂုံစေတီတော်သွားပြီး မဂ်ဖိုလ်ရက် တိုတိုနှင့် ရ-ရပါလို၏ ဘုရားဆိုတော့ စေတီကြီးမို့လို့ မပေး နိုင်ဘူး....(မှန်ပါ့) ခင်ဗျားတို့ လိုချင်တာ လူသိရှိဘဲရှိတယ် (မှန် ပါ့ဘုရား)ရလဲ ရမှာလဲ မဟုတ်ဘူး။ ရိပ်မိပလား....(ရိပ်မိပါပြီ) ရကော ရပါ့မလား.... (မရပါဘုရား) မရဘူးဆိုတာ သေချာ ကြပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တတ်ပလား.... (ခတ်တတ်ပါပြီဘုရား)စားချင်တဲ့ စိတ်ပေါ်ယင်လဲ အကဲခတ်တာနောက်ကလိုက်ပါ(မှန်ပါ့ဘုရား) ရှိသေးသလား-မရှိဘူးလား.... (မရှိပါဘုရား)မရှိတာ ဘာခေါ် မတုံး (အနိစ္စပါဘုရား)သိတာသည်....(မဂ္ဂပါဘုရား)။

ကြောင့်....ဒါဖြင့် ထမင်းစားယင်းလဲ ခင်ဗျားတို့ ဒီ ၂-နံပါတ် တကျော့ ဥပါဒါန် မပြတ်ဘူးလား.... (ပြတ်ပါတယ် ဘုရား) ၄-နံပါတ်ဆိုတဲ့ ဇာတိ ဇရာ မရဏ လာသေးသလား.... (မလာပါ) ဒါ-ဘာဖြစ်လို့ တုံးလို့ မေးတော့ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်လို့.... (မှန်လှပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာသည် ဝိပဿနာ (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ) ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာသည်.... (ဝိပဿနာပါ ဘုရား) ကြောင့် ဝိပဿနာ ဆိုတာ တကာဘကာမတို့ ဘယ်သွားရှာကြမတုံး.... (ကိုယ့်စိတ် ကို ကိုယ်ပြန်ရှာရပါမယ်ဘုရား) ကိုယ့်စိတ်ကို ကိုယ်အကဲခတ်၊ ခန္ဓာလို သုံးမယ်ကြံတော့ စာသံပါနေမှာစိုးလို့ ကြားထည်းက စကားမှတ်လိုက်စမ်းတဲ့။

လူတယောက်ဟာ စိတ်တခုနဲ့ အသက်ရှည်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) စိတ်ဟာ ဝိညာဏက္ခန္ဓာပေါ့ဗျာ (မှန်ပါ့)။

အဲဒါကလေးဟာ ဖြစ်ပျက် ပြီးသွားတော့ သူ့မျှသေဘာ လား-၊ ကိုယ့်ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာသမား သေဘာလား.... (ခန္ဓာသမား သေဘာပါဘုရား) ဒါဖြင့် အကဲခတ်တဲ့ ဥစ္စာက ကိုယ်သေတာ ကိုယ်သိတယ်.... (မှန်ပါ့ဘုရား) အကဲခတ်တာဟာ (ကိုယ်သေတာ ကိုယ်သိတယ်)ဒါဖြင့် ဗီခန္ဓာကြီးဟာ အမြဲသေ နေတယ်လို့ ဦးညွန့်တို့-ဦးမာဒင်တို့ ပြောလိုက်ပြီ.... (မှန်လှပါ ဘုရား)အမြဲသေနေတာ သိတဲ့အခါကျလို့ရှိယင် တကာတကာမ တို့ ကြောင့်....ကိုယ့်အသေကို ကိုယ်သိတာသည် ဝိပဿနာ....(မှန် လှပါဘုရား) ကိုယ့်အသေ ကိုယ်သိတာ....(ဝိပဿနာပါဘုရား)

ရှင်းကြပလား (ရှင်းပါပြီ)ကိုယ့်အသေ ကိုယ်သိတာ(ဝိပဿနာ ပါဘုရား)။

ဝိပဿနာဘဲဆိုတာ သဘောပါပလား....(ပါပါပြီ) ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ပုထုဇန်စိတ်သာရှိသောကြောင့် ဘယ်စိတ် ပေါ်ပေါ် ရှု၊ ဘဝင်စိတ်ချုန်ပြီး အကုန်ရှု (မှန်လှပါဘုရား)ရှင်း ကြပလား...(ရှင်းပါပြီ) ဘဝင်စိတ်ချုန်ပြီးတော့...(အကုန်ရှုပါ) ဘဝင်စိတ်ဆိုတာ အိပ်စိတ်ပေါ့.... (မှန်ပါ ဘုရား) တစီထိနှင့် တစီထိကြား ခြားတဲ့စိတ်ကို ဆိုပါတယ်...(မှန်ပါ)။

အဲဒါက ပုထုဇန်ဉာဏ်နဲ့လဲ မမြင်ပါဘူး-(မှန်ပါ့ဘုရား)မှန်း ရှုနေရဘယ်(မှန်ပါ)သဘောပါပလား....(ပါပါပြီ) ဒါ့ကြောင့် တကာ တကာမတွေ ဝိပဿနာ ရှု ဝိပဿနာ ရှုဆိုတဲ့ ဥစ္စာသည် တခြားလားအောက်မေ့နေတယ် ကိုယ့်စိတ်ကို ရှိ-မရှိ အကဲခတ် တာ ဝိပဿနာ... (မှန်လှပါဘုရား)ကိုယ့်စိတ်ကို....(ရှိ-မရှိ အကဲ ခတ်တာ ဝိပဿနာ)ဒါဖြင့် မရှိတာသည် ဘာခေါ်တယ်-(အနိစ္စ ပါ)ရှုတာသည်....(မဂ္ဂပါ) သေတာသည် သမုဒယ....(မှန်လှပါ ဘုရား)။

ဒီဟာ ဒီစိတ်ကလေးက မရှိတာ သူက အနိစ္စ၊ ဒီက သိတာ တ....(မဂ္ဂပါဘုရား) ဒီဘက်က သေတာတွေက....(သမုဒယပါ) ဟင်... ဒီဘက်က နောက်ထပ် မလာတာက နိရောဓ.... (နိရောဓ ပါဘုရား)ဒုက္ခနိရောဓ....(မှန်ပါ)ဒါနိဗ္ဗာန်ဘဲ(မှန်ပါ) သဘော ပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဒီ အဝိုင်းကြီးနှင့် ပြောရတော့ ပိုရှင်းတယ်....(မှန်ပါ့ဘုရား)မရှင်းဘူးလား(ရှင်းပါကယ်ဘုရား) ဟိုအထဲမှာတော့ဖြင့် ဒီ တကာတကာမတွေ စိတ်တွေဟာ ဒီလိုဘဲ

လည်နေတာဘဲဆိုတာကို သတိထားကြပါနော်....(မှန်ပါ) ကိုင်း ဒါဖြင့် တကာတကာမတို့ သစ္စာမသိယင် အင်မတန် ခက်ပါတယ် ဘုရားလဲ-ဘုရားမဖြစ်ပါဘူး၊ ဘယ်သောတာပန် သကဒါဂါမ်လဲ မတည်နိုင်ပါဘူးဆိုတာ ခုနက အစက ပြောခဲ့ပြီ(မှန်ပါဘုရား)။

ဖြစ်ပြီး ပျက်တဲ့ဥစ္စာသည် ဖြစ်တာဟာ ကိုယ်မွေးတာ မှတ်လိုက်ပါ(မှန်ပါ)ပျက်တာဟာကိုယ်သေတာမှတ်လိုက်စမ်းပါ(မှန်ပါဘုရား) ဖြစ်တာသည် ဘာပါလိမ့်....(ကိုယ်မွေးတာပါ)ပျက်တာသည် (ကိုယ်သေတာပါ)။

ဒါဖြင့် ကိုယ်မွေးသေကို ကိုယ်မြင်ဘို့ အရေးကြီးတယ်-(မှန်ပါဘုရား)ရှင်းပလား...(ရှင်းပါပြီ)ကိုယ်မွေးသေကို–(ကိုယ်မြင်ဘို့ အရေးကြီးပါတယ်) ကိုယ့်မွေးသေက တခါ စဉ်းစားလိုက်ပါ၊ ဖြစ်တာသည် သေမလို့ဖြစ်တာ....(မှန်ပါဘုရား) ပျက်တာသည် သေပွဲဝင်တာ... (မှန်ပါ)။

ဖြစ်တာသည်....(သေမလို့ဖြစ်တာ)။

ပျက်တာသည်....(သေပွဲဝင်တာ)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ သေမှာနှင့် သေတာဘဲရှိတယ် (မှန်လှပါ)သေမှာဆိုတာက ဖြစ်ပေါ်လာတာ... (မှန်ပါဘုရား) သေတာ ဆိုတာက ပျောက်ပျက်သွားတာ.... (မှန်ပါ) ခင်ဗျားတို့ တကိုယ်လုံးထဲမှာ ဘယ်စိတ်လာလာ သေမှာ့သေတာ နှစ်ခုမှ တပါး ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့်သေမှုကလဲ သေကာနီးဖြစ်သောကြောင့် ဒုက္ခသစ္စာ (မှန်ပါ) သဘောပါပြီ.... (မှန်ပါဘုရား)သေသွားတာလဲ သေခြင်းဆိုး သေသွားသောကြောင့် ရှာတောင်-ရှာမတွေ့အောင်သေသောကြောင့် ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ...(မှန်ပါ)။
သိတာက....(မဂ္ဂသစ္စာပါဘုရား)။
ဖြစ်ပျက်က....(ဒုက္ခသစ္စာပါဘုရား)။
ဒါဖြင့် သစ္စာသိပြီ....(မှန်ပါ) သူများသစ္စာ သိတာလား-၊ ကိုယ့်ဒုက္ခ ကိုယ်သိတာလား (ကိုယ့်ဒုက္ခကိုယ်သိတာပါဘုရား)။
ဟာ....အဘိုးတန်ပြီ တကတကာမတို့-အဘိုးတန်ပြီတဲ့၊သစ္စာ သိမှ နိဗ္ဗာန်ရောက်မယ်ဆိုတာကိုး-(မှန်ပါဘုရား)သူများသေတာ လား၊ မိမိ ဝိညာဏက္ခန္ဓာ သေတာလား(မိမိ ဝိညာဏက္ခန္ဓာ သေ တာပါဘုရား)။
ဒါဖြင့် ဝိညာဏက္ခန္ဓာသေတော့ သူနှင့်ဖဿလဲ တွဲနေတယ်၊ ဝေဒနာလဲတွဲနေတယ်၊နာမ်ရုပ်လည်း ဝိညာဏ်နှင့် တွဲလျက်ဆို တော့ တကိုယ်လုံးတွေ့တာ....(မှန်ပါဘုရား)သဘောပါကြလား (ပါပါပြီဘုရား) စိတ်တင် သေတာလား၊ တကိုယ်လုံး သေတာ လား....(တကိုယ်လုံးသေတာပါဘုရား)။
ဒါဖြင့် ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လက် ဖျစ်တတွက်မှာ ရုပ်ပေါင်းကုဋေငါးထောင်ကျော်၊ စိတ်ပေါင်းကု ဋေ တသိန်းဆိုတာကို မလိုက်နဲ့တော့-မလိုက်နဲ့၊ လိုက်ယင် မောရုံ ဘဲ ရှိမယ်၊ ဘုရားဖြစ်ပြီးမှ ဟောတဲ့တရား....(မှန်ပါ) ဘုရားဖြစ် ပြီးမှဟောတဲ့တရား(မှန်ပါ)ဘုရားဖြစ်အောင်လုပ်တဲ့တရားမဟုတ် ဘူး(မှန်ပါ)ဒါကလေးခွဲမှတ်စမ်းပါ(မှန်ပါဘုရား)ဘုရားဖြစ်ပြီး မှ ဟောတဲ့တရားက သူ့အသိဉာဏ်ကျယ်တာကို လူကြည်ညိုဘို့ ရှိအောင် ပြောတာ....(မှန်လှပါဘုရား)။
ဒါကြောင့် ဝိထိတွေမလိုက်ပါနဲ့(မှန်လှပါဘုရား)ဘုရားဖြစ် တုန်းက သူ့အသေ သူမြင်လို့ ဘုရားဖြစ်လာတာ.... (မှန်ပါ)

နောက်ဘုရားဖြစ်ပြီးမှသိတာက သူ့[illegible]ဒသပေါင်း၊ မျက်စိတမှိတ် ကုဋေငါးထောင်ကျော်ဆိုတာ ဘုရားဖြစ်ပြီးမှ သိတာ....(မှန်ပါ့ ဘုရား)အဲဒါကို ခင်ဗျားတို့က ဒါကလေးနှင့်ကိုင်ပေါက်ပြီးငြင်း မနေနှင့်၊ဘုရားဖြစ်ပြီးမှသိတာ ဘာမှမဆိုင်ဘူး(မှန်လှပါဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဘုရားမဖြစ်ခင်က ဘုရားဖြစ်အောင် အသိကိုသာ ကျုပ်တို့က ရဘို့ အရေးကြီးတယ်(မှန်ပါ့ဘုရား) သဘောပါလား....(ပါပါ ပြီဘုရား) ပြီးတော့ ဒါက ရှေ့နောက်မှားမှာ အလွန်စိုးရိမ်တယ် ဆရာဘုန်းကြီးက...(မှန်ပါ့) တချို့ပုဂ္ဂိုလ်တွေက မင်းတို့ဆရာ တော် ဦးဝိမလကဟောနေတာ စာတော့ တတ်ပါရဲ့ကွာ၊ ဒို့လဲ ဘဲ သူ့ဆီဘဲ မှီခိုရတာဘဲ၊ အခုတော့ စိထိမပါဘူးလို့ ပြောချင် ပြောမယ်၊ စိထိက ဘုရားမှ မြင်တာ....(မှန်လှပါ)။

ပုထုဇန်က... (မမြင်ပါဘုရား) သူ မဖြစ်ခင်က မြင်တာလား၊ ဖြစ်ပြီးမှ မြင်တာလား....(ဖြစ်ပြီးမှမြင်တာပါဘုရား) အို-အာသ ဝေါ ကုန်ပြီးမှမြင်တာဖြင့် ခင်ဗျားတို့လဲ အာသဝေါကုန်ပြီး မြင် မှာဘဲ၊ အဲဒါကို...(မှန်ပါ့ဘုရား)အခု ကုန်ဘို့အရေးကြီးတယ်- (မှန်ပါ့ဘုရား)သဘောပါပလား(ပါပါပြီ)စာနှင့် မညီဘူးဆိုပြီး တချို့ကလဲ ဆင်ခြေလဲချင် လဲကြလိမ့်မယ်.... (မှန်ပါ့)။

စာနှင့်မညီဘူးဆိုတာစာသည်တကာတကာမတို့မှတ်ပါ၊ခန္ဓာ မှတ်တမ်းကိုရေးထားတာ(မှန်ပါ့) ခန္ဓာကို အမှန်ယူပါ(မှန်ပါ့) စာက ရေးတဲ့ဆရာက လွဲချင်လွဲသွားလိမ့်မယ်....(မှန်ပါ့) ခန္ဓာက ပြောတာကတော့....(မလွဲပါဘုရား)။

ဒါဖြင့် စာနှင့်ခန္ဓာ ဘယ်ဟာအမှန်ယူကြမတုံး(ခန္ဓာအမှန်ယူ ရမှာပါဘုရား)ဒါဖြင့် ခင်ဗျားတို့မှာ အခုတရားနာကြတာ ဘာ

တွေ့နှင့် နာနေသတုံးမေးလို့ ရှိယင် ခန္ဓာနှင့်နာတယ်(မှန်ပါ)အဲ-ဒီခန္ဓာကိုဉာဏ်နှင့်ကြည့်ပေးပါ(မှန်ပါ)ခန္ဓာကိုလည်း အများမကြည့်နှင့် စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ တလုံးတည်းကြည့် အကုန်ပါသွားတာဘဲ....(မှန်ပါ)။

လောကီဥမာ သံယုတ် ပါဠိတော်က ဘယ်လို လာသတုံးမေးတဲ့အခါကျတော့-ကွာတဲ့ ဝါးချင်းအဖျားချင်း ထိပြီးထောင်ထားပါတဲ့ ဝါးနှစ်လုံး အဖျားချင်းထိပြီး ထောင်ထားပါတဲ့၊ တကာတကာမတို့ တချောင်းဆွဲလိုက်ယင် ဟိုဘက်တချောင်းကော.... (လဲပါတယ်ဘုရား)။

ဒီမှာသဲတခန္ဓာပျက်ယင် လေးခန္ဓာရောပျက်တယ်ကွ(မှန်ပါ) တခန္ဓာပျက်ယင် (လေးခန္ဓာရောပျက်ပါတယ်ဘုရား) ဒါ့ကြောင့်ဘုရားက စိတ္တာနုပဿနာ တလုံးတည်းရှုလဲ ပြီးပါတယ်လို့ ဟောတာ၊ ဝေဒနာနုပဿနာ တလုံးတည်းရှုလဲ....(ပြီးပါတယ်ဘုရား) ကျန်တဲ့လေးပါးဟာ ပါပြီးသား ဖြစ်-ဖြစ်သွားတယ်–(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ကိုင်း ဒါဖြင့် တကာ တကာမတို့ စိတ်သည် ပုထုဇန်သန္တာန်၌ ဘဝင်စိတ်ကိုချန်ပါ(မှန်ပါ) လေးဆယ့်ငါးစိတ်သာ ပိုမိုမရှိဘူး၊ ဒါကလေးပေါ်လာတိုင်းပေါ်လာတိုင်းတကာတကာမတို့လှည့်ရှုပါ(မှန်လှပါဘုရား)လှည့်ရှုလိုက် ဘဲ့အခါကျလို့ ရှိယင်ဖြင့် ကိုယ့်အသေ ကိုယ်မမြင်ပေဘူးလား.... (မြင်ပါတယ်) ဘာပြုလို့တုံးကေစိတ္တသမာယုတ္တာ စိတ်ဘခုဘည်းနှင့် အသက်ရှင်တယ်(မှန်ပါဘုရား)။

နောက် စိတ်မလာယင် သေတယ်၊ အရင်စိတ်နှင့် အသက်ရှင်တယ်....(မှန်ပါ) နောက်စိတ် မလာယင်.... (သေပါတယ်)။

လူသေတွေသွားကြည့်ပါ တကာတကာမတို့ ဘယ့်နှယ်ကြောင့် သေသွားပါလိမ့်မတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ.... (နောက်စိတ် မလာလို့ သေပါတယ်ဘုရား) ခင်ဗျားတို့ကို နောက်စိတ်လာမယ်လို့ နောက်စိတ်တွေက တာဝန်ခံထားသလား....(မခံပါဘုရား) မြန်မြန်လုပ် သေလိမ့်မယ်....(မှန်ပါ) မြန်မြန် လုပ်သေသွားမှာ စိုးရိမ်ရတယ်.... (မှန်လှပါ) သဘောကျပလား(ကျပါတယ်)။

တပည့်တော်အလုပ်ကလေးက မပြတ်သေးလို့ ဦးသန်းမောင်ကြီးက ပြောချင်သေးသလား၊မပြောနဲ့၊ပြောတာသည်ကားလို့ဆိုလို့ရှိယင်ဖြင့်တဲ့ ကိုယ့်အကျိုး ကိုယ်ယုတ်အောင် ပြောတဲ့စကား....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒါ ဆရာရင်းတကာရင်းတွေမို့ ပြောတာနော်၊ ကိုယ့်အကျိုးကိုယ် ယုတ်အောင်ဆင်ခြေလဲနေတဲ့ စကားကို နားကို မထောင်ကြနဲ့.... (မှန်ပါဘုရား) ခင်ဗျားတို့မှာ အတွင်းရန်သူက သိပ်ကြီးတယ်-(မှန်ပါ) မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် တကာတကာမတို့ သစ္စာမသိယင် နိဗ္ဗာန်မမြင်ဘူးဆိုတော့ ဖြစ်ပျက်ဆိုတဲ့ဥစ္စာက ဖြစ်ဒုက္ခ-ပျက်ဒုက္ခ....(မှန်ပါဘုရား)ဖြစ်ပျက်ဆိုတာဘာတုံး....(ဖြစ်ဒုက္ခ,ပျက်ဒုက္ခပါဘုရား)။

ဖြစ်တာလဲ ဒုက္ခဘဲ....(ဒုက္ခပါဘုရား)။

ပျက်တာကော .... (ဒုက္ခပါဘုရား)။

သူ့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

အဲဒီ ဖြစ်မှုပျက်မှုကို မြင်တာက ဘာသစ္စာတုံး.... (မဂ္ဂသစ္စာပါဘုရား) ကဲ.... သခင်ဝတင် မမြင်သေးဘူးလား.... (မြင်ပါပြီဘုရား)ဒုက္ခသစ္စာ ဓာခြားရှာရတာလား၊ ကိုယ့်စိတ်ကိုကိုယ်ကြည့်

လိုက်တာနဲ့ သိတာလား....(ကိုယ့်စိတ် ကိုယ် ကြည့်တာနဲ့ သိပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်က....ဒုက္ခာသစ္စာ(မှန်ပါ့ဘုရား)။

ကိုယ်သိတာက.... (မဂ္ဂသစ္စာပါဘုရား)။

သေတာက....(သမုဒယသစ္စာပါဘုရား)။

နောက်ခန္ဓာ မလာတာက.... (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတော့ တကာ တကာမတို့ သစ္စာကိုဆိုက်ပြီ.... (မှန်ပါ့)သစ္စာဆိုက်ယင် ခင်ဗျားတို့ ဘာမှမပူနဲ့....(မှန်လှပါ)။

ဒါဖြင့် ဝိပဿနာအလုပ်၊ ဝိပဿနာအလုပ်ဆိုတာ သေသေချာချာမှတ်ပါ၊ သစ္စာမြင်အောင် ကြည့်တဲ့အလုပ်.... (မှန်လှပါဘုရား) အနိစ္စလဲ သစ္စာမြင်အောင် ကြည့်တာဘဲ.... (မှန်ပါ့)။

ဒုက္ခကော.... (သစ္စာမြင်အောင်ကြည့်တာပါ)။

အနတ္တကော....(သစ္စာမြင်အောင်ကြည့်တာပါ)။

အသုဘကော....(သစ္စာမြင်အောင်ကြည့်တာပါ)။

သစ္စာမြင်အောင်ကြည့်တော့ ခု-ဘုန်းကြီးကတော့ အဲဒါတွေ ရှည်လှတယ်ကွာ၊သစ္စာဘဲအဓိကထားပါတော့မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်ပေါ်တဲ့ စိတ်ကလေး....ရှုချင်တဲ့စိတ်ကလေး ပေါ်လာပြီ၊ ဘာသစ္စာပေါ်လာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ပေါ်လာတယ်.... (မှန်ပါ့) အဲဒီ ရှုချင်တဲ့စိတ်ကလေး ရှိ-မရှိ အကဲခတ်စမ်းပဟေ့....မောင်ထွန်းရင်....(မရှိပါဘုရား) မရှိတာကိုသိတယ်၊ မရှိတာက ဒုက္ခသစ္စာ....(ဒုက္ခသစ္စာပါဘုရား) သိတာက.... (မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာ) နောင် ခန္ဓာမလာတာက.... (နိရောဓသစ္စာ)။

ဒီ-ခန္ဓာ လာသေးရဲ့လား.... နံပါတ် ၄-လာသေးရဲ့လား.... (မလာပါဘုရား) (ဤနေရာ၌ စက်ဝိုင်းကို ပြ၍ မေးသည်) ဇီသမုဒယ သေခဲ့ပြီဘဲ....(မှန်ပါ့) ၄-နံပါတ် လာနိုင်သေးရဲ့လား (မလာတော့ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)သြော်-ဒို့ ဆရာဘုန်းကြီးလာပြီး ဘာတွေ ဆုံးမနေပါလိမ့်မတုံးမေးတော့ သစ္စာလေးချက် တပြိုင်နက်ထင်တဲ့နည်း လာပြီး ဆုံးမနေတယ်၊ (မှန်လှပါ ဘုရား) သစ္စာလေးချက်.... (တပြိုင်နက် ထင်တဲ့နည်း ပါ ဘုရား)။

သစ္စာလေးချက်ကို တပြိုင်နက်ထင်မှ နိဗ္ဗာန်ရမယ်....(မှန်ပါ့) တပြိုင်တည်းဆိုတော့ တကာ တကာမတို့.... တပြိုင်နက်ဆိုတာ အလွယ်ကလေးပါ.... (မှန်ပါ့) မီးတခုကို ထွန်းပါ.... (မှန်ပါ့) ထွန်းလိုက်တဲ့အခါကျတော့ နဂိုရ်က မှောင်နေတာ၊ အမှောင် ဖြောက်တာလဲမီးဘဲ.... (မှန်ပါ့)။

အလင်းပေးတာကော.... (မီးပါဘဲ) ဒီအထဲက ပစ္စည်းတွေ မြင်အောင် ပြတာကော.... (မီးပါဘဲ ဘုရား) မီးဘဲဆိုတော့ မီးသည်ကားလို့ဆိုယင် တကာတကာမတို့အမှောင်ကိုလဲဖြောက် တယ်.... (မှန်ပါ့) အလင်းကိုလဲ....(ပေးပါတယ်)ပစ္စည်းနှင့်တူတဲ့ နိဗ္ဗာန်ပြတာလဲ ဒီဟာဘဲ၊ ဒီမီးဘဲ....(မှန်လှပါ)။

ဒါဖြင့် ဒီမီးသည် တကာ တကာမတို့ အမှောင်ကို ဖြောက် တယ်၊ အလင်းကိုပေးတယ်၊ ပစ္စည်းကိုပြတယ်၊ ဆီကိုကုန်စေတယ် (မှန်ပါ့)သမုဒယသစ္စာလဲ ကုန်စေတယ်....(ကုန်ပါတယ်) အဝိဇ္ဇာ မှောင်ကြီးလဲ ပျောက်စေတယ် (မှန်လှပါဘုရား) မဂ္ဂင် အလင်း ကြီးကိုလဲ ပေးတယ်....(ပေးပါတယ်)နိရောဓသစ္စာဆိုတဲ့ ဟိုနေရာ

ဘာအထုပ် ရှိတယ်ဆိုတာလဲ မဂ္ဂင်ကဘဲပြတယ်.... (မှန်ပါ) မပြဘူးလား....(ပြပါတယ်ဘုရား)။

ဒါဖြင့် ဒီလေးချက်ဟာ တပြိုင်နက်မဟုတ်လား.... (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့.... ဥပမာ.... စားချင်တဲ့ စိတ်ကလေးဟာ တကာတကာမတို့ ပေါ်လာပြီးယင် အကဲခတ်၊ ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတာကဘာတုံး....(အနိစ္စပါဘုရား)။

သိတာက....(မဂ္ဂပါဘုရား)၊

သေတာက....(သမုဒယပါဘုရား)။

အင်း....နောက်ဒုက္ခ မလာတာက (နိရောဓပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက် ရှုလိုက်တာနှင့် လေးချက်ပေါ်တာဘဲ.... (မှန်ပါ) ဖြစ်ပျက် ရှုလိုက်တာနဲ့.... (လေးချက်ပေါ်တာပါ)။

ဒုက္ခသစ္စာသိတာလဲ မဂ်ဘဲ....(မှန်ပါ)။

သမုဒယသစ္စာ သတ်တာလဲ....(မဂ်ပါဘုရား)။

နောက် ဒုက္ခမလာအောင် တားမြစ်တာလဲ....(မဂ်ပါ)။

ဒါဖြင့် ပွားများတာကော.... (မဂ်ပါ) သူတခုတည်းလုပ်လို့ပေါ်တယ်.... (မှန်လှပါ ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) အများက အလုပ် လုပ်တာလား၊ မဂ် - တကြိမ်တည်းက အလုပ်လုပ်တာလား.... (မဂ်တကြိမ်တည်းက အလုပ်လုပ်တာပါဘုရား) သဘော ပါကျပလား.... (ပါ-ပါတယ်ဘုရား) ကိုင်း.... နာရီကစေ့သွားပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

၉-၇-၆၂ ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော
အရှင်ကောဏ္ဍည သစ္စာသိပြီး

သောတာပန်တည်ပုံတရားတော်

အားလုံး တကာတကာမတွေ ကြားဘူးကြပါလိမ့်မယ်နော် "အညာသိ ကောဏ္ဍညော"ဆိုတဲ့ ပါဠိဟာ ကိုယ်တိုင်ယင်လဲရတဲ့ ပုဂ္ဂိုလ်လဲ အသင့်အတင့်ပါလိမ့်မယ်၊ သူများရွတ်သံကြားဘူးတာလဲ ပါလိမ့်မယ်၊ ကောဏ္ဍညော=ကောဏ္ဍညသည်၊ အညာသိ=သိသွားပြီ(မှန်ပါ့)ကောဏ္ဍညသည် သိသွားပြီ၊ကောဏ္ဍညသိသွားပြီ ဆိုတဲ့ဥစ္စာ တကာတကာမတွေ ဘာသိသွားတာတုံးလို့ မေးဘို့ မလိုဘူးလား...(လိုပါတယ်ဘုရား-လိုပါတယ်)လိုတယ်။

"ကောဏ္ဍညော=ကောဏ္ဍညသည်၊ အညာသိ=သိသွားပြီ"ဆိုတဲ့ ဥစ္စာဟာ လူ့ပြည်မှာလဲ ကျော်ကြားတယ်၊ နတ်ပြည်မှာလဲ ကျော်ကြားတယ်၊ ဗြဟ္မာပြည်လဲ ကျော်ကြားတယ် အကုန်ဘဲ "ကောဏ္ဍည သိသွားပြီ-ကောဏ္ဍည သိသွားပြီ"ဆိုတဲ့ ဥစ္စာ အားလုံးဘဲ ကျော်ကြားတယ်.... (မှန်ပါ့) သိသွားတယ်ဆိုတာ သည် ဘာသိပါလိမ့်မလဲလို့ မေးတော့မှ တကာတကာမတို့ သစ္စာ သိသွားတယ်၊ တကာတကာမတွေ ဘာသိသွားသလဲ....(သစ္စာသိ သွားပါတယ်ဘုရား)။

သစ္စာသိသွားပါတယ်လို့ မှတ်လိုက်စမ်းပါ၊ ကောင်းပြီ ဒါဖြင့် သစ္စာသိသွားတော့ကို ဘာဖြစ်ပါလိမ့်မလဲလို့ အမေးထုတ်ဘို့ လိုလာတယ် သောတာပန်ဖြစ်သွားပြီလို့ ပြောတာ၊ ဘာဖြစ်သွားတာပါလိမ့်... (သောတာပန် ဖြစ်သွားပြီလို့ ပြောတာပါ) သောတာပန် ဖြစ်သွားပြီလို့ ပြောတော့ ကောဏ္ဍညမှာ အဲဒီအချိန်မှာ စဉ်းစားဘို့ အရေးကြီးပါတယ်။

သူ့လက်ထဲမှာလဲ ဘာမှမပါလာဘူး၊ ဒါနလဲမပါဘူး၊ သီလကလဲ မပါဘူး သီလကခေါင်းပါးအောင်ကျင့်တဲ့ အကျင့်ကိုသူကျင့်နေတဲ့အတွက် ပဥ္စာတပခပ်ဆန်ဆန်ဘဲ ဖြစ်ပြီးသကာလ နေတယ်ဆိုတာ မှတ်ရလိမ့်မယ်။ အဲဒါကြောင့် တကာတကာမတွေ သူသိသွားတဲ့အချိန်မှာ သောတာပန် တည်တာဆိုတဲ့ဥစ္စာက ဒီနေရာမှာ ဒါနကလဲ သူမပါ-ပါဘူး၊ တရားနာနေတာ သီလကလဲ မပေါ်သေးပါဘူးတဲ့၊ သီလဆောက်တည်ဘို့လို့ မပေါ်သေးပါဘူး။

သစ္စာသိတာနဲ့ဘဲ... ကဲ၊ သိတဲ့အထဲမှာ သီလဝင်ပြီးသကာလ သောတာပန် တည်သွားတာဘဲ(မှန်ပါ့)ရှင်းကြပလား... (မှန်ပါ့ဘုရား)ကောင်းပြီ ဒါဖြင့် ဒီတကာ တကာမတွေလဲ ယနေ့ သိအောင်ဘဲပြောပေးပါ့မယ်...(မှန်ပါ့) သိယင် ကိစ္စပြီးတယ်ဆိုတဲ့ဥစ္စာ နောက်တော့ ရှင်းလာပါလိမ့်မယ်... နော်၊ ကောင်းပြီ ဒါဖြင့် တကာတကာမတို့ "ဘာသိရမှာတုံးဘုရား"ဆိုပြီး တကာတကာမတွေက မေးတဲ့အခါကျတော့ မနေ့ညကလဲ ပြောထားလို့ တကာမတွေ ရိပ်မိပါပြီ၊ ဩော်....ဒုက္ခသစ္စာသိသွားတာ။

ဘာသိသွားတာပါလိမ့်.... (ဒုက္ခသစ္စာသိသွားတာပါဘုရား) ဒုက္ခသစ္စာဘဲ သိသွားတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ဒုက္ခသစ္စာသိသွားတော့ ဒုက္ခသစ္စာက-ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေ

တာက သမုဒယသစ္စာ၊ နောက်ခန္ဓာမလာတာက နိရောဓသစ္စာဆို တာ တပြိုင်နက်တည်း သိသွားတာ သစ္စာလေးပါးဘပြိုင်နက် သိသွားတယ် ရိပ်မိကြပလား....(မှန်ပါ)ကောဏ္ဍည သိသွားတယ်ဆိုတာ သစ္စာလေးပါး ဘယ်လိုပါလိမ့်.... (တပြိုင်နက် သိသွားပါတယ်ဘုရား) တပြိုင်နက် သိသွားတာလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ) ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေမှာ တပြိုင်တည်း သိလို့ ခန္ဓာထဲမှာ ကိုယ့်ဖြစ်စဉ်ကို ကိုယ်တပြိုင်တည်းသိသွားယင် ကိစ္စပြီးမယ်လို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ) ကိုယ့်ခန္ဓာထဲမှာ သစ္စာလေးပါး တပြိုင်နက်ဖြစ်တာသိယင် ကိစ္စပြီးမယ်လို့မှတ်ကြပါ၊ ဦးမြ....(မှန်ပါ)သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ဝင်တဲ့ပုဂ္ဂိုလ်ရှိရဲ့လား (မရှိပါဘုရား)မရှိတော့ကို ဘုန်းကြီးတို့ တကာတကာမတွေမှာ သိမှုဟာ အရေးကြီးပါတယ်.. (မှန်ပါ)သိပြီးတော့ သိရုံနဲ့ ပြီးရောလားလို့ မေးတဲ့အခါကျတော့ ပွားသိ·သိမှုလို့ မှတ်လိုက်ပါဦး....(မှန်ပါဘုရား)၊

ဘယ်လိုသိမှုပါလိမ့်.... (ပွားသိ·သိမှု) ပွားသိ· သိရလိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ပွားသိ-သိသွားလို့ရှိယင်ဖြင့် ခင်ဗျားတို့၏ အပါယ်လေးပါး သူများပါးစပ်ထဲမှာ ခန္ဓာကိုယ် ထိုးအပ်ရမည့် သေပွဲတွေ အပါယ်ငရဲမှာ မချိမဆန့်ခံရမည့် နာပွဲကြီးတွေ နောက်ကပြုခဲ့တဲ့ အမိုက်အမဲအကုသိုလ်ကံတွေ,ယခုဘဝမသိမလိမ္မာလို့ မိုက်ထားတဲ့ အပါယ်သွားမည့်ကံတွေဟာ အဲဒီ ပွားပြီးသိတဲ့ဟာလုံးကအကုန်ပယ်ချလိုက်ပါတယ်၊သိပ်အဘိုးတန်ပါတယ် (မှန်ပါ)။

အဲဒီတော့ ဒီတကာတကာမတွေ ဘုန်းကြီးတို့က ပြောလိုတာက အကုသိုလ်ကြွေးတွေဟာ လူတိုင်း အများရှိတယ်၊ ဝါ-အနန္တ

ရှိတယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ) ကြွေးရှိနေတဲ့ ပုဂ္ဂိုလ်သည် ကြွေးမဆပ်လို့ ရှိယင် အတိုးသာတက်စရာရှိတယ်.... (မှန်ပါဘုရား) ကြွေးရှိတဲ့ ပုဂ္ဂိုလ်ဟာ ကြွေးကို မဆပ်လို့ ရှိယင် အတိုးသာတက်စရာရှိတယ် ဦးညွန့်တို့-ဦးမြတို့... (မှန်ပါ) ဘယ်နည်းနှင့်ခင်ဗျားတို့ ကြွေးအေးတဲ့သဘော ဖြစ်နိုင်ပါမလဲ။

အခု ဘုန်းကြီးဟောမည့်တရားက ကိုထွန်းအောင်ကြီးမှတ်ပါ (မှန်ပါ) ဆားတလျက်နှင့် အကုန်ပြေပါလိမ့်မယ်၊ ပွားပြီးသိတဲ့ တလုံးနဲ့ အကုန်ပျောက်ပါလိမ့်မယ်၊ ပျက်ပါလိမ့်မယ် ဆိုတော့ ကြည့်... ဒို့ကြားလဲရှိတယ်၊ ဆားတလျက်ဆိုတဲ့ မဂ်ကလေးပေါ် လိုက်ယင် ကိစ္စပြီးတယ်လို့ ဒီလိုဆုံးဖြတ်ချက်ချထားတော့၊ ကြည့် ဒီဆားတလျက်ဖြင့် လျက်မှတော့မယ်ဆိုတဲ့စိတ်ကို ယနေ့ သန်သန် ထွားထွားမွေးပါလို့ သတိပေးလိုက်တယ်(မှန်ပါ)ဆားတလျက် ကို ဆားတလျက်ကို သိန်းပေါင်းများစွာ တင်နေတာ သူ့ဟာ လာပြီး ဆားတလျက်နဲ့ ကျေပါဆိုယင်.... ကျုပ်ကျေပါမယ်ဆိုယင် ခင်ဗျားတို့ ဒီဆားကလေး သွားပြီး ကောလှ ကိုယ့်ကိုယ်တိုင် လျက်ပြီး သကာလဖြစ်စေ၊ ကြွေးရှင်ဟာ ဒါလျက်လို့ ကျေအေး သည်ဖြစ်စေ ခင်ဗျားတို့ လုပ်ထိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်မှတ်ပါ (မှန်ပါဘုရား)။

မမှတ်ထိုက်ဘူးလား(မှတ်ထိုက်ပါတယ်ဘုရား) အဲဒါကြောင့် ဆားတလျက်နဲ့ဘဲ ကျေတဲ့ဆေးကို တကာတကာမတွေကို ပေးပါမယ်.... (မှန်ပါဘုရား) ခင်ဗျားတို့က ဆားလျက်တာ မပျင်းပါနဲ့ဆိုတာ သတိပေးရပါတယ်.... (မှန်ပါ) မပေးသင့်ဘူးလား (ပေးသင့်ပါတယ်ဘုရား) ခင်ဗျားတို့ မိုက်ထားတာတွေကိုတော့ ဖြင့် ဂဏန်းရေတွက်ပြမယ် ဆိုလို့ရှိယင်ဖြင့် မျက်လုံးမှင့်လိုက်လဲ

တဏှာ ဥပါဒါန် ကံဆိုတာ မလာဘူးလား.... (လာပါတယ် ဘုရား) နားထောင်လိုက်လဲ တဏှာ ဥပါဒါန် ကံလာတာဘဲ စားလိုက်ပြန်လဲ တဏှာ ဥပါဒါန် ကံလာတာဘဲ၊ ကိုယ်ပေါ် ယားယံလို့ ဖျောက်လိုက်ပြန်လဲ ဒေါသ, သောက လာပြန်တာဘဲ (မှန်ပါ့)။

ကိုယ်ပေါ်မှာ လေညှင်းလေး ပန်းကာလေကလေး ဘာကလေး ခံနေတော့ပြန်လဲ တဏှာ ဥပါဒါန် ကံ လာပြန်တာဘဲ၊ စိတ်ထဲက တခါတည်း နေ့လယ်က လုပ်ထားတာတွေ ညစား မြို့ပြန်ပြီး ကြံလုံးတွေ ထုတ်နေပြန်လဲ တဏှာ ဥပါဒါန်ကံ မြောက်တာဘဲ....(မှန်ပါ့)ပြေစရာအကြောင်း မြင်ရဲ့လား(မမြင် ပါဘုရား) အဲဒါ မဂ်တည်းဟူသော ဆားတလျက်နဲ့ ဆရာ ဘုန်းကြီးက ဆယ်နိုင်တဲ့အခါ သိလဲသိနေတဲ့အခါမို့ ခင်ဗျားတို့ ဘာမှမပူနဲ့၊ ဒီမဂ်ပေါက်အောင် အလုပ်ကိုလဲ ဘုန်းကြီး နည်း ပေးမယ်။

ခင်ဗျားတို့ ကြွေးတွေလဲ ကြွေးဟောင်းရော၊ ကြွေးသစ်ရော အကုန်ပြေပါလိမ့်မယ်လို့ ဆိုလို့ရှိယင်ဖြင့် သခင်ဝတင်တို့ လုပ် ထိုက်တယ်.... (လုပ်ထိုက်ပါတယ်)နောက်က တကာတကာမတွေ ဘယ်လိုပါလိမ့်.... (လုပ်ထိုက်ပါတယ် ဘုရား) လုပ်ထိုက်တယ်ဆို တာ ကျေနပ်ပလား.... (မှန်ပါ ကျေနပ်ပါတယ်) ကောင်းပြီ ဒါဖြင့် တကာတကာမတို့ လုပ်ထိုက်တဲ့အလုပ်ကိုဖြင့် ဦးမြ-လုပ်မှ ကောင်းမယ်၊ ကြွေးရှိသလား၊ မရှိဘူးလား- တကာတကာမတွေ မှာ....(ရှိပါတယ်ဘုရား)။

အကုသိုလ်ကြွေးတွေပေါ့ဗျာ.... (မှန်ပါ့ဘုရား) ကိုင်း....မဂ် တည်းဟူသော ဆားတလျက်နဲ့ပြေမယ်ဆိုလို့ရှိယင်ဖြင့် ပြုံးပြီး

ဆပ်ဘိုကောင်းတယ်....(မှန်ပါ) တသံသရာလုံးဟာ တင်လာတဲ့ ကြွေးလဲပြတ်ပါလိမ့်မယ်၊ ယခုဘဝ မသိလို့ မိုက်မဲထားတဲ့ကြွေး တွေကော.... (ပြတ်ပါတယ်ဘုရား) ပြတ်ပါလိမ့်မယ် ဆိုတော့ ဩော်....ဒို့အရေးကို ကယ်တင်မည့်ဆရာသမားဟာ ရှိသေးတယ် ဆိုတာ မှတ်လိုက်စမ်းပါ။

ဒို့အရေး ကယ်တင်မည့် ဆရာသမား ရှိသေးတယ် ဆိုတာ သေသေချာချာ မှတ်ပါ၊ အဲဒီတော့ကို ခင်ဗျားတို့ အပေါင်း အသင်းကလေးမလွဲပါစေနဲ့ဆိုတာကလေးတော့သတိပေးရတယ်၊ ဘာ-သတိပေးမှာပါလိမ့်.... (အပေါင်းအသင်း မလွဲပါစေနဲ့) တဏှာ မပေါင်းပါနဲ့၊ သဒ္ဓါ၊ ပညာနဲ့သာပေါင်းပါလို့....

တဏှာကိုဖြင့်....(မပေါင်းပါနဲ့)။
သဒ္ဓါ ပညာကိုဖြင့်....(ပေါင်းပါ)။

ပေါင်းပါဆိုတော့ကို ဒါ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တဏှာပေါင်းယင် သံသရာရှည်မယ်၊ သဒ္ဓါ-ပညာ ပေါင်းလို့ ရှိယင် သံသရာပြတ်မယ်၊ ရိပ်မိကြပလား.... (မှန်ပါ)။

တဏှာပေါင်းယင်.... (သံသရာရှည်မယ်) တဏှာ ပေါင်းယင် သံသရာရှည်မယ်ဆိုတော့ တကာတကာမတွေ မြင်တဲ့အတိုင်းပါ ဘဲတဲ့ စက်ဝိုင်းက သေးနေတယ်၊ နေ့လယ်မှ ရမယ်ထင်တယ်.... (နေ့လယ်မှ ရပါ့မယ်ဘုရား) နေ့လယ်မှ ရယင်လဲ ပြီးတာဘဲ.... (မှန်ပါ) နောက်လာမှာဘာတော့ ၄-ပေ အဝိုင်းကြီး ဆိုတော့ အဝေးကပါ မြင်ရပါလိမ့်မယ်.... (မှန်ပါ့ဘုရား) တကာတကာမ တွေ...အဝေးကတော့ မှန်းကြည့်ပေါ့လေ၊ စာနဲ့မှန်းကြည့်ပေါ့- စာရွက်နဲ့။

တဏှာကို ပေါင်းမိတဲ့အတွက် ဒီဘက် လှည့်ပတ်သွားတယ်။ သံသရာရှည်–မရှည်.... (ရှည်ပါတယ်ဘုရား) တဏှာ, ဥပါဒါန် ကံ, ဇာတိ, ဇရာ, မရဏ, အဝိဇ္ဇာ, သင်္ခါရ-မရှည်ပေဘူးလား.... (ရှည်ပါတယ်ဘုရား) ဒါ ဘယ်နှယ် ဘာပေါင်းမိလို့ ပါလိမ့် (တဏှာပေါင်းမိလို့ ပါဘုရား)။

ဒီနေရာမှာ သဒ္ဓါ ပညာ ပေါင်းလိုက်လို့ ရှိယင်ဖြင့် တဏှာ တကာမတ်ို့ ဒီဘက်သွားသေးရဲ့လား....(မသွားပါဘုရား)။

ဒါဖြင့် အပေါင်းအသင်း မလွဲလို့ ရှိယင် ၃-နံပါတ်နှင့် ၄-နံပါတ် မလာတော့ပါဘူး....(မလာပါဘုရား)အပေါင်းအသင်းလွဲလို့ ရှိယင် သူ့ကို ပေါင်းမိလို့ ရှိယင် တဏှာ ပေါင်းမိလို့ ရှိယင် ဥပါဒါန်က အပေါ်လိုက်လာလိမ့်မယ်... (မှန်ပါ) ဥပါဒါန် အပေါ်လိုက်လာလို့ ရှိယင် ခင်ဗျားတို့ ကာယကံ-ဝစီကံ အကုသိုလ် တွေက မလာပေဘူးလား (လာမှာပါဘုရား) လာခဲ့သည်ရှိသော် စုတိမနေ သေလွန်သည်၏ အခြားမဲ့၌ ဒိစပ်ပြီး သကာလ ဇာတိ ဇရာမရဏဆိုတာ မလာပေဘူးလား၊ လာမလား(လာပါတယ်)။

လာလိမ့်မယ်ဆိုတာ သေချာကြပလား.... (သေချာပါတယ် ဘုရား) ဒါဖြင့် တကာတကာမတို့.... "အပေါင်းအသင်း မလွဲစေနဲ့" ဆိုတာက မူးတဲ့လူ, ရူးတဲ့လူ, ဘိန်းရှူတဲ့လူ, အရက် သောက်တဲ့လူ, ဒါကိုဆိုတာ မဟုတ်ပါဘူး.... (မှန်ပါ) သဒ္ဓါ ပညာပေါင်းပြီး သကာလ တဏှာနဲ့ မပေါင်းနဲ့ ပြောတာ.... (မှန်ပါ) မေးလာတာက တပည့်တော်တို့က တဏှာ အပေါ် လုပ်ပြီး မေးပါတယ်ဘုရား၊ အရှင်ဘုရားက မပေါင်းနဲ့ဆိုတော့ မခက်ဘူးလားဆိုတာလဲ ဆင်ခြေလဲမယ် ဆိုယင် လဲနိုင်တယ်.... (မှန်ပါ)မလဲနိုင်ဘူးလား....(လဲနိုင်မါယ်တဲဘုရား)။

လဲနိုင်တော့ကိုတဲ့ ပေါင်းသင်းနည်းကို ခင်ဗျားတို့ကို ဘုန်းကြီးက သင်ပေးလိုက်လို့ ရှိယင်ဖြင့် ငယ်ပေါင်းပင် ဖြစ်လင့်ကစား ငယ်ပေါင်းထက်ကောင်းတဲ့ မိတ်ဆွေတွေတဲ့အခါ သူ့ကိုလွှတ်ပစ်လိုက်-ပြီးတာဘဲ....(မှန်ပါ့)မပြီးဘူးလား.... (ပြီးပါတယ်ဘုရား) အဲဒါကြောင့် ဒီဘက်က တကာ့ဘကာမတို့ ဟိုဘက်က တကာ တကာမကြီးတို့ ကြပ်ကြပ်သတိထားပါ၊ အပေါင်းအသင်း လွဲတာသည် သံသရာ ရှည်တယ်၊ မရှည်ဘူးလား.... (ရှည်ပါတယ် ဘုရား)။

အပေါင်းအသင်း မှန်လို့ရှိယင် သံသရာ မပြတ်ဘူးလား.... (ပြတ်ပါတယ် ဘုရား) သဒ္ဓါပညာကလေး ဒီကနေ ထားပြီး သကာလ ပေါင်းကြမယ် ဆိုလို့ရှိယင် သဒ္ဓါပညာနဲ့ ခန္ဓာနဲ့ ပေါင်း၊ တဏှာနဲ့ခန္ဓာနဲ့ မပေါင်းပါနဲ့.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) တဏှာနဲ့ခန္ဓာနဲ့ဘော့ ... (မပေါင်းရပါဘုရား) သဒ္ဓါပညာနဲ့ ခန္ဓာနဲ့တော့.... (ပေါင်းရပါတယ်ဘုရား)။

ပေါင်းလိုက်သို့ရှိယင်ဖြင့်တဲ့ ဒီဘက်သံသရာကြီးဟာ လုံးလုံးပြတ်သွားပါမယ်(မှန်ပါ့) သဒ္ဓါပညာနဲ့သာ ပေါင်းပါ၊

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ သဒ္ဓါပညာနဲ့သာ ပေါင်းလို့ ခန္ဓာကို ယောကျ်ား မိန်းမရယ်လို့ မသိဘဲနဲ့ အနိစ္စရယ်လို့ သိပါတယ်၊ သဒ္ဓါပညာနဲ့ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာကို ဘယ်လိုသိပါလိမ့်.... (အနိစ္စရယ်လို့ သိပါတယ်) ဖြစ်ပြီး ပျက်တဲ့အနိစ္စရယ်လို့ သိပါတယ်.... (မှန်ပါ့) တဏှာနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ငါ့-လူပုံအလယ်မှာ လူတလုံး လုပ်နေတာဘဲဆိုပြီး တဏှာတွေ မာနတွေ အကုန် လာပစ်လိုက်တယ်၊ ပပဉ္စ မလာဘူးလား....(လာပါတယ်ဘုရား)။

ပပဉ္စလာတော့ သံသရာ ဘယ်နှယ်နေပါမလဲ-(ရှည်ပါတယ် ဘုရား) ရှည်သွားတယ်ဆိုတော့ တကာတကာမတွေ ငြင်းဆန်နေဘို့ လိုသေးသလား.... (မလိုပါဘုရား) အဲဒါကြောင့် အပေါင်းအသင်းလွဲမှာတဲ့ခုကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်ဧကနိပါတ်မှာ "တဏှာ ဒုတိယော ပုရိသော" ဆိုပြီး တဏှာနဲ့ ခုတော့မပေါင်းပါနဲ့ကွာ "တဏှာ ဒုတိယော ပုရိသော" ဆိုတဲ့ဥစ္စာ တဏှာတည်းဟူသော အဖော်နဲ့ မင်းနဲ့ သံသရာမှာ နေခဲ့လို့ အဝိုင်းပြေး-ပြေးနေရတယ်၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

တဏှာတည်းဟူသော အဖော်နဲ့ ပေါင်းတော့ ဒီဘက်လှည့်ပြီး တခါတည်း အကုန်ဝိုင်းတော့တာဘဲ၊တဏှာပေါင်းလိုက်တာ အဝိုင်းပြေး-ပြေးရတယ်၊ ရှင်းကြပလား.... (ရှင်းပါပြီ) တဏှာပေါင်းလိုက်တာကတော့.... (အဝိုင်းပြေး-ပြေးရပါဘယ်၊ အဝိုင်းပြေး-ပြေးရတယ်ဆိုတာ သဘောပါကြပလား....(မှန်ပါ) ကဲ... သဒ္ဓါပညာ ပေါင်းလိုက်တဲ့အခါကျတော့ တဏှာနဲ့ ကျုပ်တို့က မိတ် ဖြတ်ပစ်လိုက်တဲ့ အခါကျတော့ဖြင့်... တဲ့ သံသရာ ဒီဘက်ထွက်သွားပြီးသကာလ နိဗ္ဗာန်ဘက် ရောက်သွားဘယ် (မှန်ပါ)။

ဒါဖြင့် အပေါင်းအသင်း ဟာလဲ သိပ်-အရေးကြီးတာဘဲ.... (မှန်ပါ) မ ကြီး ဘူး လား.... (ကြီးပါတယ် ဘုရား) နောက်က တကာတကာမတွေ ကြားရရဲ့လား.... (ကြားရပါဘယ် ဘုရား) အေး....ကြားရလို့ ရှိယင်လဲ အဘိုးတန်ပြီ၊ မကြားရလို့ ရှိယင်လဲ ရှေ့သာတိုး တံခါးပိတ်ချင်ပိတ် ပိတ်ထား။

ကိုင်း.. ဒါဖြင့် တကာတကာမတို့'အညာသိ ကောဏ္ဍညော' ကောဏ္ဍညော=ကောဏ္ဍညသည်၊ အညာသိ=သဒ္ဓါပညာနဲ့ သိသွားပြီ။

သဒ္ဓါဆိုတာက ဘုရားဟောတာ ယုံကြည်ပါ၊ ရမ်းပြီးတော့လဲ မယုံကြည်လိုက်ပါနဲ့ ဘုရားက ဟောတော့ ဟောတာဘဲ ကိုယ်က ရမ်းယုံကြည်လို့ရှိယင်လဲ မဖြစ်သေးဘူး၊ ဘုရားဟောတာနဲ့ ခန္ဓာနဲ့ ကိုက်ပြီးတော့ ယုံပါ၊ သဘောကျကြပလား.... (မှန်ပါဘုရား) ဘုရားက ဟောတာနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်နဲ့ ကိုက်တာကို ယုံသို့ရှိယင် ဒါ·သဒ္ဓါလို့ မှတ်ပါ၊ သဒ္ဓါ ရှေ့ပြေးမှ ပညာနောက်က လိုက်နိုင်ပါတယ် ဆိုတာကိုလဲ သေသေချာချာ မှတ်ပါ....(မှန်ပါ)။

သဒ္ဓါက မယုံကြည်လို့ရှိယင် .... သူပြောတာ မယုံကြည်ဘူး ဆိုယင် ပညာက စူးစူးစိုက်စိုက် ရှုပါဦးမလား (မရှုပါဘုရား) အဲဒါကြောင့် ဘာပေါင်းကြရမယ် ဆိုတာလဲ တကာတကာမတွေ ရိပ်မိလောက်ပါပြီ...(မှန်ပါဘုရား) ဘယ်သူ့ကို ပေါင်းကြရမယ် (သဒ္ဓါနဲ့ ပညာကို ပေါင်းကြရမယ်) ဘယ်သူ့ကိုဖြင့် မပေါင်းဘဲနဲ့ ခွဲခွါနေရမယ်ဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဘာပေါ်တုံး....(တဏှာ မာနပါဘုရား) တဏှာ ပေါင်းလို့ရှိယင် ဒီဘက်လှည့်မယ် ... (မှန်ပါ) သဒ္ဓါပေါင်းလို့ ရှိယင်ဖြင့် တကာတကာမတို့ ဒါပစ္စုပ္ပန်ဘဝ ... (မှန်ပါ) ပစ္စုပ္ပန် ဘဝမှာဘဲ သဒ္ဓါ ပညာပေါင်းလိုက်တဲ့ အတွက်တဲ့ နိဗ္ဗာန်ဘက် ထွက်သွားတယ်၊ တဏှာ ပေါင်းလိုက်လို့ရှိယင် ဒီမြွားက·ပြဘာယ်၊ ဒီဘက် သံသရာဘက် လှည့်သွားတယ်၊ (ဤနေရာ၌စက်ဝိုင်းကို ပြသည်) တဏှာပေါင်းယင် သံသရာလှည့်ပါတယ်၊ ရိပ်မိကြပလား·(ရိပ်မိပါတယ်)။

သဒ္ဓါ ပညာပေါင်းယင် နိဗ္ဗာန်ဘက် လှည့်ပါတယ် (မှန်ပါ)

တကာတကာမတွေ သဘောပေါက်ကြပလား.... (ပါပါတယ်ဘုရား) သေသေချာချာ စဉ်းစားပါ၊ သေသေချာချာ စဉ်းစားပါ၊ ကဲ.... ဒါဖြင့် သခင်ဝတင်တို့ ကျေနပ်ပလား....၊ ဘာပေါင်းရမလဲ.... (သဒ္ဓါနဲ့ ပညာပါ ဘုရား) သဒ္ဓါနဲ့ ပညာပေါင်းပါ၊ တကာ တကာမအပေါင်းတို့ သဒ္ဓါနဲ့ပညာ ပေါင်းပါလို့ သတိပေး လိုက်ပါတယ်....(မှန်ပါ)။

တဏှာကို ပေါင်းလို့ရှိယင် ခင်ဗျားတို့ သူများပြော မဟုတ် ပါဘူး၊ ဒီဘက်လှည့်သွားဘယ်.... (မှန်လှပါ) မလှည့်ဘူးလား.... (လှည့်ပါတယ်ဘုရား) သဒ္ဓါနဲ့ပညာပေါင်းလိုက်တဲ့ အခါကျ တော့ ဟောဒီ အကျိုးကလေးကြည့်ပါ တကာတကာမတို့ နိဗ္ဗာန် ဘက် လှည့်သွားပါတယ်၊ တဏှာနိရောဓ နိဗ္ဗာန်ဘက်လှည့် သွားတယ်၊ ဒါ-အပေါင်းအသင်း လွဲမှုနှင့် အပေါင်းအသင်း မှန်မှုဟာ အတော်ခြားနားပါတယ်၊ မခြားနားဘူးလား.... (ခြား နားပါတယ်ဘုရား)

အဲဒါကြောင့် တကာတကာမတွေမှာ အပေါင်းအသင်း လွဲ လို့လဲ ဒုက္ခရောက်နေတာ သေချာပါတယ်၊ ဒါကြောင့်အပေါင်း အသင်း နှစ်ခုကို မူတည်ပြီး သကာလ အပေါင်း မလွဲဘဲနဲ့ အ ပေါင်းမှန်ဘို့ ဆရာဘုန်းကြီးက ကြုံတဲ့အခါ ဒီ-တစ်ခုရင်း ဆရာရင်းတွေကို ဆုံးမနေပါတယ်—(မှန်ပါ)ကိုင်း-ဒါဖြင့် သဒ္ဓါ ပညာပေါင်းတော့ ဘာဖြစ်မလဲဘုရားလို့ မေးတဲ့အခါကျတော့ အညာသိ ကောဏ္ဍညောလို ဖြစ်မယ်... (မှန်ပါဘုရား)။

ကောဏ္ဍညော=ကောဏ္ဍညသည်၊အညာသိ=သိသွားပြီကွ.... ဆိုတော့ အဲဒီအချိန်မှာ သူတယောက်တည်းဘဲ ကမ္ဘာလောက ကြီးထဲ သူ တယောက်တည်း သိတဲ့ ပုဂ္ဂိုလ် ရှိတယ်၊ လူ့ပြည်

နတ်ပြည်, ဗြဟ္မာ့ပြည်ရော, တိရစ္ဆာန်ပြည်တွေရော အညာသိ-ကောဋ္ဌာသညာဆိုတာ ထူးထူးချွန်ချွန်သိတာ သူတယောက် ရှိသေးတယ်ကွ-ဆိုတာ မပေါ်ဘူးလား.... (ပေါ်ပါတယ်) ကျန်တာတွေ မသိတဲ့ပုဂ္ဂိုလ်ချည်းဘဲဆိုတာကော .. တကာ တကာမတို့ စကားထဲ ပါမသွားသေးဘူးလား.... (ပါသွားပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ အခုကြုံကြိုက်တဲ့ တကာ တကာမတွေတော့ဖြင့်အညာသိကောဋ္ဌာသညာလိုဖြစ်လို့ ရှိယင်ဖြင့်သိသည်နဲ့ တပြိုင်နက်တည်း အပါယ်နဲ့ အိုးစားကွဲပါပြီမှတ်ပါ၊ ရှင်းပလား... (ရှင်းပါပြီ) အပါယ်နဲ့ .. (အိုးစားကွဲပါပြီ) အိုးစားကွဲပါပြီလို့ မှတ်တော့၊ ဩော် ဒို့မှာ အပါယ်ကြွေးတွေ ရှိနေတာကိုး၊ အသိနဲ့ဆပ်ရမှာပါကလားဆိုတာ .. (မှန်ပါ)။

ဒါနနဲ့ ဆပ်လို့မပြေဘူး ... (မှန်လှပါ တကာ တကာမတွေ (မှန်ပါ) ဒါနနဲ့ ဆပ်လို့... (မပြေပါဘုရား)ဒါနက သုဂတိပို့လိုက်တာဘဲ၊ ကြွေးကပါသွားတော့ ပြန်ပြီး အပါယ်ကျတယ်၊ (မှန်ပါ) သဘောကျပလား ... (မှန်ပါ) သီလနဲ့ ဆပ်လို့လဲ မရဘူးတဲ့....(မှန်ပါ) သီလ တန်ခိုးကြောင့် အသက်ရှည်ပြီး သကာလ အသက်တန်းကုန် ပြန်ကျတာဘဲ .. (မှန်ပါ)။

မဂ်နဲ့ ဆပ်မှရမယ်၊ သဘော ပါကြလား .. (ပါ-ပါတယ်ဘုရား)တကာတကာမတွေ....ဘာနဲ့ဆပ်မယ်....(မဂ်နဲ့ဆပ်ပါမယ်) မဂ်နဲ့ ဆပ်ရမယ်ဆိုဘာကော သေချာပလား- (သေချာပါတယ်ဘုရား)အဲဒါကြောင့် တကာ တကာမတွေက ဩော်....မဂ်ဆိုတာ သိလုံးကို ဆိုတာလို့သာ မှတ်လိုက်စမ်းပါ(မှန်ပါ)။

မဂ်ဆိုတာ ဘာပါလိမ့်....(သိလုံးကို ဆိုတာပါဘုရား) သိလုံးကို ဆိုတာ ဆိုသဖြင့် သိရမှာက ဒုက္ခသစ္စာ။

သိရမှာက ဘာပါလိမ့် .... (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာ ကိုဘဲ သိရမယ်ဆိုတာဖြင့် တကာတကာမတွေ သေသေချာချာမှတ်ပါ ဆိုတော့ ဧကြောင်.... ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးလို့ ခင်ဗျားတို့က မေးလုံးထုတ်မှာ စိုးတဲ့အတွက် ခင်ဗျားတို့ယခုဘဝ ဟာ ပစ္စုပ္ပန်ဘဝဟာ ၂-နံပါတ်ထဲမှာ နေပါတယ်.... (မှန်ပါ့) ၂-နံပါတ်ထဲက ပေါ်ချင်တာ ပေါ်-ဘာသစ္စာပေါ်မှာလဲ- (ဒုက္ခသစ္စာ ပေါ်ပါတယ်)၊ ၂-နံပါတ်ထဲက ပေါ်ချင်တာပေါ်-(ဒုက္ခသစ္စာပါဘုရား) ၂-နံပါတ်ထဲက ရုပ်ပေါ်ပေါ်၊ နာမ်ပေါ်ပေါ် စိတ်ပေါ်ပေါ်၊ ဖဿပေါ်ပေါ်၊ဝေဒနာပေါ်ပေါ် ဘာဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာက တကာတကာမတို့ ခွေးကိုက်လို့ နာတာ၊ ကျောက်ပေါက်လို့ ဝေဒနာရတာ၊ ခူနာ ဖြစ်တာကို ဆိုတာ မဟုတ်ပါဘူး။

ခန္ဓာထဲမှာ ခန္ဓာငါးပါး-တပါးပါး ထင်ထင်ရှားရှား ပေါ်တာကို ဆိုပါတယ် ရှင်းကြပလား....(ရှင်းပါပြီ)။

ဒုက္ခသစ္စာဆိုတာ ခန္ဓာငါးပါး ပေါ်တာ တပါးပါး ပေါ်တာကို ဘာဆိုကြမလဲ .... (ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခသစ္စာလို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့) အဲဒီတော့ ဒုက္ခသစ္စာကို ဘုန်းကြီးတို့ တကာတကာမတွေစာ ကျောပေးပြီး မနေဘဲနဲ့ သိ လုံးလေးနဲ့ နေလိုက်လို့ရှိယင်ဖြင့် ဒါက ဒုက္ခသစ္စာ-ဒီက သဒ္ဓါ ပညာနဲ့ သိပေးလိုက်တယ် ဆိုလို့ ရှိယင်ဖြင့် .... တဲ့ 'အညာသိ ကောဏ္ဍညော'လို့ဖြစ်မယ်....(မှန်ပါ့)။

ကောဏ္ဍညော—ကောဏ္ဍညသည်၊ အညာသိ - ဒုက္ခသစ္စာကို မဂ်နဲ့ သိပြီးဆိုတော့ ဒီဘက် သွားသေးသလား.... (မသွားပါ

ဘုရား) ဒါဖြင့် ဒီသိလုံးတခုဟာ ဘယ်လောက် အရေးကြီးနေသလဲ (အရေးကြီးပါတယ်ဘုရား) တကာတကာမတွေ (မှန်ပါ) ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့မှာ ကယ်မည့် ယူမည့်ဥစ္စာ အသိတလုံးဘဲရှိတယ်၊ ကယ်မည့် ယူမည့်ဟာ ဘာပါလိမ့်.... (အသိတလုံးဘဲရှိပါတယ်ဘုရား)။

အသိတလုံးဘဲရှိတယ်ဆိုတော့ တကာ တကာမတို့ ဒီအသိက လေးကလဲ ဆရာဘုန်းကြီးက ပြလိုက်တော့ကို "ဟော....မင်းဟာ မင်းတို့ ယခုဘဝခန္ဓာက၊ ၂-နံပါတ်ဟာဘာပါလိမ့်....(ယခုဘဝခန္ဓာပါဘုရား)ယခုဘဝ ခန္ဓာပေါ်တိုင်း ပေါ်တိုင်း သိပေးပါ၊ ခန္ဓာပေါ်တိုင်းပေါ်တိုင်း သိပေးတော့ ဝေဒနာ ပေါ်လဲသိ၊ စိတ်ပေါ်လဲသိ၊ သိတဲ့အခါ ကျလို့ရှိယင်ဖြင့် အသိခန္ဓာ ဘာသစ္စာတုံးမေးမှာစိုးတဲ့အတွက် ဒီမှာထောက်ကြည့် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ သိတာပေါ့ဗျ....(မှန်ပါ) တကာတကာမတွေ ဘာသိတာတုံး....(ဒုက္ခသစ္စာသိတာပါဘုရား) ဒုက္ခသစ္စာ ဒုက္ခသစ္စာသိတယ်၊ သိလုံးက မဖြတ်ဘူးလား .... (ဖြတ်ပါတယ်ဘုရား) ဒါက ခန္ဓာထဲက ပေါ်တာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

သိလုံးသည်ကား ဆိုယင်ဖြင့်=သိပါပြီ ဆိုလို့ရှိယင်ဖြင့် ဒါဝိပဿနာမဂ်သိလို့မှတ်လိုက်စမ်းပါ၊သဘောကျပလား(ကျပါပြီဘုရား)။

သူသိတာနဲ့ဘဲ ဒီက တကျော့အဖေါ်လုပ်သေးရဲ့လား(မလုပ်

ပါဘုရား) တဏှာအပေါ် မလုပ်ကတည်းက ပဋိသန္ဓေ နေခြင်း၊ အိုခြင်း၊ သေခြင်းဆိုတာ လာသေးရဲ့လား....(မလာပါဘုရား) မလာတော့ဘူးဆိုတာ ခင်ဗျားတို့ သူများပြောလား၊ မျက်မြင်လား၊ (မျက်မြင်ပါဘုရား) အဲ-သူများပြောကို မယုံပါနဲ့ ခင်ဗျားတို့ မျက်မြင်ကို ယုံပါဆိုတော့ "ဟာကွာ ကိုယ့်မျက်မြင်ထက် သူပြောတာသာယုံတယ်"ဆိုယင် အရူးမှ ဒီစကားသုံးမှာ (မှန်ပါ)။

အကောင်းဆိုယင် ဒီစကားကို....(မသုံးပါ) အဲဒါက အခုပြောတာက ခင်ဗျားတို့မျက်မြင်ကိုပြောပါတယ်၊မြင်တယ်ဆိုလို့ရှိယင် တဏှာတဏှာမတို့....စိတ္တာနုပဿနာကိုဟောနေလို့၊ဟောတော့ အကုန်ဟောမယ်၊ သို့သော် ခင်ဗျားတို့နှင့် အလျော်ဆုံးက ကိုယ့်စိတ်ကိုယ်ရှုတာက အလျော်ဆုံး ဖြစ်နေတယ်....(မှန်ပါ)သဘောကျရဲ့လား....(ကျပါတယ်ဘုရား)သူများစိတ် ရှုရမှာလား၊ ကိုယ့်စိတ်ရှုရမှာလား....(ကိုယ့်စိတ်ရှုရမှာပါဘုရား)။

ကိုယ့်စိတ်ကိုယ်ရှုတဲ့ပုဂ္ဂိုလ်သည်တဲ့ အမှန်ကိုသိသောကြောင့် ကိုယ့်စိတ်က ကိုယ်ပြန်သိလိုက်တဲ့အချိန်ကျတော့ တဏှာတဏှာမတို့ စိတ်ဆိုတာ ဖြစ်ပြီးပျက်သွားတဲ့စိတ်ကတမျိုး၊ သိတဲ့စိတ်ကတမျိုး သဘောကျပလား (ကျပါတယ်ဘုရား)ဖြစ်ပြီးပျက်သွားတဲ့စိတ်က....(တမျိုးပါဘုရား) သိတဲ့စိတ်က....(တမျိုးပါဘုရား) ဒါဖြင့် ဖြစ်ပျက်ကိုသိတယ် သဘောကျပလား.... (ကျပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်က အသေ....(မှန်ပါ)ဖြစ်ပြီး ပျက်သွားတာက....(အသေပါ)မဂ်ကအရှင်၊ သူကနောက်မှပေါ်ရတာကိုး (မှန်ပါ)။

ဒါဖြင့်အသေကို အရှင်နဲ့ သိပေးတယ် ဒါဝိပဿနာခေါ်

တယ်၊ အသေကို အရှင်နဲ့သိတာ(ဝိပဿနာ ခေါ်ပါတယ်ဘုရား) ဟော...ဝိပဿနာ အလွယ်ကလေးပါကလား တကာတကာမတို့ (မှန်ပါ့) အသေကို...(အရှင်နဲ့သိတာပါ) အသေကို အရှင်နဲ့ သိယင် ဒါ-ဝိပဿနာခေါ်တာဘဲ၊စာလိုသုံးနေလို့ ခင်ဗျားတို့က နားယောင်နေတာ၊ ကိုယ့်အသေကို ကိုယ့်အရှင်စိတ်နဲ့သိယင် ပြီးတာဘဲ....(မှန်ပါ့)။

အသေကို....(အရှင်စိတ်နဲ့သိယင် ပြီးတာပါ) ကြည့်ပါဒီထဲမှာ စိတ်ကလေးတခုပေါ်လာတယ်၊ စိတ်ဘက်က ၁-နှင့် ၂-ဘဲ ရှိတယ်၊ ၁-ဆိုယင်ဖြစ်တယ်၊ ၂-ဆိုယင်ပျက်တယ်(မှန်ပါ့) အဲဒါ ကလေးကို နောက်သိလုံးကလေးနဲ့ နောက်စိတ်နဲ့ သိပေးလိုက်တာပေါ့၊ နောက်စိတ်နဲ့ အသက်ရှင်နေတာ ဒီစိတ်ကသေသွားပြီ၊ လူတယောက်သေသွားပြီ၊ မောင်ဘအေးဖြင့် မောင်ဘအေး တယောက် သေသွားပြီ၊ ကိုသန်းမောင်ဖြင့် ကိုသန်းမောင် တယောက်သေသွားပြီ၊ ကိုယ့် အသေကိုဒီကနေကြည့်ပေး(မှန်ပါ့)။

အသေဟာ ဘာသစ္စာခေါ်ကြမလဲ (ဒုက္ခသစ္စာပါ)အသိက မဂ္ဂသစ္စာ.... (မှန်ပါ့) ကိုယ့်ဉာဏ်နဲ့ ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာခေါ်တယ်၊ ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ဒီလိုဆို တော့ ဝိပဿနာ ခက်သေးရဲ့လား (မခက်ပါဘုရား) မခက်တာကို ဘယ့်နှယ်ကြောင့်တုံး ဆိုတော့ ဆရာ နည်းပေး လိုနေလို့ (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်အသေကို လူဘယောက်မှာ စိတ်ဘခုနဲ့အသက်ရှင်နေ တယ်၊ ဒီစိတ်ပျက်သွားဘယ်ဆိုယင် လူတယောက်သေတယ်လို့ ဆုံးဖြတ်ချက်ချပါ.. (မှန်ပါ့) နောက်တခါ ဒီအသေကိုဘဲ ဆရာ ဘုန်းကြီးက ကြည့်ရမယ်လို့ ပြောထားတော့ ဉာဏ်ကလေးနဲ့

ကြည့်လိုက်တော့ ဒီအချိန်မှာ ဉာဏ်နဲ့ အသက်ရှင်နေတာ၊ သဘောကျပလား... (မှန်ပါ)။

သေတာက စိတ်တခုနဲ့သေသွားပြီ၊ အသက်ရှင်နေတဲ့ ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ သူများအသေ မြင်တာလား၊ ကိုယ့်အသေ ကိုယ်မြင်တာလား.... (ကိုယ့်အသေ ကိုယ်မြင်တာပါဘုရား) ဒါဖြင့် ကိုယ်သေတယ်ဆိုတော့ သေတာသည် ဒုက္ခမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) ဒီ....သောက်ကြည့်သေတာ ဒုက္ခသစ္စာ (မှန်ပါ့ ဒုက္ခသစ္စာပါ) မပါဘူးလား (ပါပါတယ်ဘုရား)သေတာဘာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သေတာကဒုက္ခသစ္စာ၊ ကိုယ့်အသေကိုယ်သိတာက မဂ်ဉာဏ်မို့သိတာ မဂ္ဂသစ္စာ (မှန်ပါ) လောကီမဂ္ဂသစ္စာဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာ၊ ကိုယ့်အသေ ကိုယ်သိတာ....(ဝိပဿနာပါ ဘုရား) ဝိပဿနာဆိုတာကကိုယ့်အသေက တကာတကာမတွေ့ ဒုက္ခသစ္စာအဖန်ဖန်သိနေတာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာ အဖန်ဖန်သိတာ ထောက်ပြီးတော့ ဝိပဿနာလို့နာမည်ပေးလိုက်ပါတယ်၊ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့်ကိုယ့်အသေကို ကိုယ်သိတယ်လို့ဆိုတော့ ခင်ဗျားတို့ ဘယ်တော့မှမသိဘူး၊ ကိုယ့်အသေ သူများကသာ မသာပို့သွားတယ်- (မှန်ပါ) ကိုယ်သေတာကိုဘယ်သူမှမသိဘူး၊ သေမှာထင်ပါရဲ့ဆိုတာတော့ လူတိုင်းပြောကြပါတယ်၊ သေတဲ့အချိန်သိသေးရဲ့လား-(မသိပါဘုရား)။

အဲဒါတွေ ခင်ဗျားတို့ခုနကပြောခဲ့တဲ့ သစ္စာဉာဏ်တွေ မရလို့ခုတော့ စောစောစီးစီးရထားတော့ အို .. သေတာ အထူးမဟုတ်

ပါဘူး၊ အစကတည်းကမသေနေတာ-(မှန်ပါ) မလာပေဘူးလား (လာပါတယ်ဘုရား) ဒါကြောင့် ဘုရားရဟန္တာများ ကျတော့ အစောကြီး က အသေတွေသိနေတာ အထူးအဆန်းလား၊ ဆရာ လက်လွှတ်တဲ့ ဝေဒနာ အထူးအဆန်းလားလို့ မေးတဲ့အခါကျ တော့ အထူးအဆန်းမဟုတ်ပါဘူး၊ အယင်သေဘူးနေပါပြီဆိုပြီး သကာလ တကာတကာမတို့ ဒီအသေ ခန္ဓာကြီးကို မတွေ့ရမည့် နေရာမြင်နေတော့ ဘုရား ရဟန္တာကျတော့ ပြုံးများနေလိုက် သေးတယ်....(မှန်လှပါ)။

ဒီတခါသာ သေရတော့မယ်ကွ၊ နောက်အသေဇာတ်သိမ်းပြီ ဆိုတော့ တကာတကာမတွေ မပြုံးပေဘူးလား.... (ပြုံးပါတယ် ဘုရား) အေး....တကာတကာမတွေ မပြုံးပေဘူးလား (ပြုံးပါ တယ် ဘုရား) ပြုံးမယ်ဆိုတာ တကာ တကာမတွေ ရိပ်မိကြပ လား.... (ရိပ်မိပါတယ်) ရိပ်မိကြပါဆိုဘာကို သတိပေးလိုက် ပါတယ်....(မှန်ပါ)။

ကိုင်း-ဒါဖြင့် ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ကြည့်တာ လို့မှတ်၊ ဝိပဿနာဆိုတာ . (အသေကို အရှင်နဲ့ ကြည့်တာပါ ဘုရား)အသေကိုအရှင်နဲ့ကြည့်တာကဲ ခင်ဗျား ကိုက ဝိပဿနာ ဆိုတာ ပွားတာ၊ တောကျောင်း တောင်ကျောင်း သွားပြီး ရှုရ တယ် မှတ်နေတာ ဟုတ်ကြရဲ့လား တကာတကာမတို့ တော ကျောင်း တောင်ကျောင်းသွားရှုရတာ....(မဟုတ်ပါ ဘုရား)။

ကိုယ့်အသေကဘယ်မှာရှိတုံး .. ကိုယ့်ခန္ဓာထဲမှာ၊ ကိုယ့်အ သိကကော(ခန္ဓာထဲမှာပါဘုရား) ဒါ-ကမ္မဋ္ဌာန်းကျောင်းပေါ့ဗျ (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ) ဘုန်းကြီးက တောမထွက်ချင် အောင် ဟောနေပြန်ပြီလို့ မဆိုကြနှင့်အုံး ထွက်မှာလဲမဟုတ်ပါ

ဘူး၊ ခင်ဗျားတို့လူစုတွေ ကိုယ့်အသေ ကိုယ်သိယင်ပြီးတာဘဲ.... (မှန်ပါ)။

တောထဲသွားနေပြီးသကာလ မြို့စိတ်ပေါက်နေလဲ ဦးမြကြီး ကိုယ့်အသေ ကိုယ်သိရဲ့လား....(မသိပါ ဘုရား) မသိပါဘူး၊ တောကျောင်း တောင်ကျောင်းဆိုတာကွာ-ရှင်းရှင်းပြောပါမယ် လေ့ကျင့်ခဲ့တာ တပေထွက်ယင် တောကျောင်းပါဘဲ အဘိဓမ္မာ နည်းက ဒီအိမ်က ဦးသံဒိုင်တို့.... လေ့ကျင့်နေပြီး ဒီဘက် တပေထွက်ပြီး နှလုံးသွင်းလိုက်ပါလား၊ ဒါဘာခေါ်ကြမလဲ.... (တောကျောင်းပါဘုရား) နို့-ဒီနားမှာ ဒီတိုက်ထဲတွင် သူရမှာ ပေါ့ဗျ....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

တောသွားမှ အန္တရာယ်တွေ မာန်စွယ်တွေ ရန်စွယ်တွေစိုးရိမ် နေရသေးတယ်၊ အခု စိုးရိမ်စရာ ရှိရဲ့လား.... (မရှိပါဘုရား) အဲ....တောကျောင်း တောင်ကျောင်း ဆိုတာက သမထကိုဟော တာ....(မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) တောကျောင်း တောင်ကျောင်းက.... (သမထကို ဟောတာ) ဝိပဿနာက လေ့ ကျင့်ခဲ့ဆင်းယင် တောကျောင်း ဖြစ်တယ်ကွ (မှန်ပါ)ဆိုတော့ အဘိဓမ္မာနည်းနှင့် သုတ္တန်နည်းဟာ တခြားစီ (မှန်ပါ) ပေါ်ကြ ပလား(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီး တို့ တကာ တကာမတွေ ဘုန်းကြီးက အခု ပြောနေတာက စက်ဝိုင်းကြီးပြောနေတယ်လို့ ခင်ဗျားတို့က မယူ ကြပါနဲ့.... (မှန်ပါ) ခန္ဓာထဲမှာ ဟောဒီ မျက်လုံးက မြင်တယ် ဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ) မျက်လုံး မြင်တာကဘယ်ကနေမြင်တုံး(ခန္ဓာထဲမှာပေါ်တဲ့)ခန္ဓာဟာ မျက် လုံးဘဲမဟုတ်လား....(မှန်ပါ)ဒါဖြင့် ဒီမျက်လုံးသည်ကား ဆိုယင်

မြင်စိတ်ကလေးသည်ကားလို့ဆိုလို့ရှိယင်ဖြင့်တဲ့ မြင်ပြီးသကာက တကာတကာမတို့ အကောင်းအဆိုးရွေးနိုင်ရဲ့လား(မရွေးနိုင်ပါ ဘုရား)။

အကောင်းအဆိုးရွေးတာက ဒီတဏှာကရွေးမှာ.... (မှန်ပါ့) ဒီ့ပြင်ဟာက ရွေးနိုင်ရဲ့လား....(မရွေးနိုင်ပါဘုရား) ကိုင်း....သူ မရွေးခင် ကျုပ်တို့က တဏှာမလာခင် ဒီ-မြင်စိတ်ကလေးသည် တားလို့ ဆိုလို့ရှိယင်ဖြင့် ကိုယ်ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကလေး သေသွားပြီဆိုပြီး ဗီကနေ သိပေးလိုက်တော့ တဏှာ ဆက်သေးရဲ့လား....(မဆက်ပါဘုရား)။

အဖေါ်ကော လုပ်ဖြစ်သေးရဲ့လား... (မလုပ်ဖြစ်ပါ) အို.... သဒ္ဓါပညာအဖေါ်လုပ်လိုက်တယ်(မှန်ပါ့) အပေါင်း တည့်သွားပြီ မတည့်သေးဘူးလား.... (တည့်သွားပါပြီ) တည့်သွားတော့ကို ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာဆိုတော့ ခင်ဗျားတို့ဟာတဲ့ အညာသိ ဥပမာ-တကာတကာမတွေ အညာသိ တကာတကာမတွေ ဆိုယင် လွဲမလား....(မလွဲပါဘုရား) တကာတကာမတွေ-တကာတကာမ တွေသည် အညာသိ ဒီ-သစ္စာကို သိသွားပြီ (မှန်ပါ့) သဘောကျ ပလား....(မှန်ပါ့)။

တကာတကာမတွေသည် ဖြစ်ပျက် ဒုက္ခသစ္စာကို သိသွားပြီ၊ သဘောပါလား.... (ပါ-ပါပြီ) တကာ တကာမတွေသည် ဖြစ်ပျက် ဒုက္ခသစ္စာကို....(သိသွားပြီ)သိသွားပြီ ဒါဖြင့် အသိခံရတာ က ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)သိတာကလေးက ဘာ ပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)ဒါဖြင့် ခင်ဗျားတို့ မဂ်ရဘို့အလုပ် ဟာ ဆုတောင်းအလုပ်လား၊ အသိအလုပ်လား.... (အသိအလုပ် ပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ရွှေတိဂုံဘုရားသွားပြီးသကာလမက်ဖိုလ်ရက်တိုတိုနဲ့ရ-ရပါလို၏ဆိုတော့ရွှေတိဂုံကလဲဓါတ်တော်မွေတော်တွေအဝိဇ္ဇာဏာက ဖြစ်နေတော့ ပေးနိုင်ပါ့မလား.... (မပေးနိုင်ပါ) ကိုယ့်ဥာဏ်နှင့်ကိုယ်သိပြီးသကာလနိဗ္ဗာန်သွားရမယ်(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)ဘုရားက ကြည်ညိုဘို့သက်သက်-(မှန်ပါ့) ပြောဘ်....ကျေးဇူးတော်ရင် ဒို့ဒီဘုရားတွေ ထားပစ်ခဲ့ ပေတယ်၊ သိအောင် ထားခဲ့ပေတယ်ဆိုပြီးသကာလ တကာတကာမတွေက ဘုရားကို ကျေးဇူးတင်တဲ့ သဘောနဲ့သာ ရှိခိုးရမယ်၊ ကိုးကွယ်ရမယ်....(မှန်ပါ့)။

သိအောင်လုပ်တာက ကိုယ့်ဥာဏ်နဲ့ ကိုယ်လုပ်ရမှာယ်(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဘုရားကိုတော့ ကျေးဇူးတော်ရင် အဖြစ်နဲ့ ကိုးကွယ်ရမယ်၊ သဘောကျပလား... (မှန်ပါ့) ခင်ဗျားတို့ နိဗ္ဗာန် သွားချင်တာက ကျေးဇူးတော်ရင် ပြောတဲ့ စကားအတိုင်း အသိလုပ်-လုပ်ပါတော့မယ်ဆိုမှ နိဗ္ဗာန် ရောက်မယ်၊ (မှန်ပါ့) ရှိခိုးလို့တော့ သုဂတိဘဲရောက်မယ်၊ ဘုရား ရှိခိုးလို့ရှိယင် တကာတကာမတို့....တိုတိုမှတ်လိုက်ပါ၊ သုဂတိရောက်ရုံဘဲတဲ့ (မှန်ပါ့)။

ဘုရားဟောတာကိုမှတ်ပြီး အသိနဲ့ သိနေကြလို့ရှိယင် နိဗ္ဗာန်ရောက်မယ်၊....(မှန်ပါ့)ဒါဖြင့် သုဂတိရောက်တာ ကြိုက်သလား၊ နိဗ္ဗာန်ရောက်တာ ကြိုက်သလား.... (နိဗ္ဗာန်ရောက်တာ ကြိုက်ပါတယ်) အဲဒါ ဘုရားကြည်ညိုယင် သုဂတိ၊ ရှင်းကြပလား(ရှင်းပါပြီဘုရား) ဘုရားကြည်ညိုယင်.... (သုဂတိပါဘုရား) ဘုရားပြောတဲ့ အတိုင်း မှတ်ပြီးလုပ်လို့ရှိယင်ဖြင့် နိဗ္ဗာန်.... ((မှန်ပါ့)။

သခင်တော်....ဘယ်ဟာကြိုက်သတုံး.... (နိဗ္ဗာန်ကြိုက်ပါတယ်

ဘုရား) နိဗ္ဗာန်ကြိုက်တယ်ဆိုတာ ဒုက္ခချုပ်သိမ်း ငြိမ်းတာ နိဗ္ဗာန် ဘဲ(မှန်ပါ)ကြည်ညိုတာက လူ့ ဒုက္ခနဲ့ နတ်ဒုက္ခလဲတာ၊ ကြည်ညိုတာက ဘာပါလိမ့်....(လူ့ ဒုက္ခနဲ့ နတ်ဒုက္ခလဲတာပါဘုရာ) ဒါဖြင့် သစ္စာဟောလိုက်တော့ လူ့ ဒုက္ခလဲ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)နတ်ဒုက္ခက ကော....(ဒုက္ခသစ္စာပါဘဲဘုရား)။

ဒါဖြင့် တယ်မထူးပါဘူး ခင်ဗျားတို့...(မှန်ပါ) သဘောကျ လေား၊ ဒီဘက်က တဆယ်သားထုပ်ပြီး ဟိုဘက်က ၁၀ ဆယ်သား ထုပ်ထားတော့ အလေးချိန်အတူတူဘဲ ရိပ်မိလား.... (ရိပ်မိပါပြီ)သို့သော် ဟိုတဆယ်သားက အရောင်ကလေးပါတယ်၊ ဝါဝါကလေး...(မှန်ပါ)ဒီဘက်တဆယ်သားကတော့ ကျောက်ခဲရိုးရိုး မို့ ဖြူဖြူကလေးဖြစ်နေတယ်။

ဖြူဖြူကလဲ ခုနက တဆယ်သား လေးတာဘဲ. (မှန်ပါ)ဝါဝါကကော(တဆယ်သားလေးတာပါဘဲ)ဘယ်ဟာ ထမ်းချင်သတုံး (ဘယ်ဟာမှ မထမ်းချင်ပါဘုရား)ဘယ်ဟာမှ မထမ်းချင်မှ ဘဝ တဏှာပြတ်ပါတယ်၊ ဘယ်ဟာမှမထမ်းချင်ယင် ဒီတဏှာ မလာတော့ဘူး၊ လာသေးရဲလား.... (မလာပါ) ထမ်းချင်ယင် တဏှာ အဖော်လုပ်တယ်....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား) လူ့ပြည် နတ်ပြည် ရောက်ချင်ယင် ဘာအဖော် လုပ်တာတုံး.... (တဏှာ အဖော်လုပ်တာပါဘုရား)။

လွဲပြီပေါ့ဗျ၊ ဘုရားက သေသေချာချာ ဟောတယ်၊ တဏှာ အဖော်မလုပ်နဲ့ပြောခဲ့သားဘဲ(မှန်ပါ) ခင်ဗျားတို့က ဘုရားရှေ့ သွားပြီးသကာလ တပည့်တော် တဏှာအဖော် လုပ်ပါရစေလို့ သွားတောင်းတော့ ဘုရားအကြိုက်လား၊ ခင်ဗျားတို့ အကြိုက် လား....(တပည့်တော်တို့ အကြိုက်ပါဘုရား) ဒါဖြင့် စုံလုံးကန်း

အကြိုက်ပေါ့.... (မှန်ပါ့) မြင်တဲ့ပုဂ္ဂိုလ်၏ အကြိုက်မဟုတ်ဘူး။ သဘောပါကြပလား....(ပါ·ပါပြီဘုရား)။

စုံလုံးကန်းဆိုလို့ မနာလိုက်ပါနဲ့ တကာတကာမတွေ....နော် (မှန်ပါ့) စုံလုံးကန်းဆိုလို့ မနာလိုက်ပါနဲ့ ကိုယ်ကန်းတာက များသေးတယ်၊ ဆရာပြောတာက နည်းသေးတယ်.... (မှန်ပါ့) သဘောကျပလား(ကျပပြီ) ကိုင်း....တကာ တကာမတို့ ခင်ဗျား တို့ ကိုယ့်စိတ်ကို ကိုယ်ရှုပါ၊ ဘာတဲ့တုံး....(ကိုယ့်စိတ်ကို ကိုယ်ရှု ရမယ်)ကိုယ့်စိတ်ကို ကိုယ်ရှုပါ၊သဘောကျပလား....(ကျပါပြီ) ကိုယ့်စိတ်....ကိုယ်ရှုပါ။

ဒါက ကိုယ့်စိတ်ကို အဲဒီတော့ ကိုယ့်စိတ် ကိုယ်ရှုပါဆို တော့ ဆရာဘုန်းကြီး ရှင်းစရာ အကွက်ပါလား၊ စိတ်-စိတ်ချင်း ရှုရမဲ့အကွက်ဟာ အတော် အရေးကြီးပါတယ်။ ဒါ့ကိုယ့်စိတ် လို့ဆိုသဖြင့် ကိုယ်သိပါဆိုတော့ သိတဲ့အချိန်မှာ ဒီစိတ် ရှိသေး ရဲ့လား....(မရှိပါဘုရား)နှစ်စိတ်နဲ့ အသက်မရှင်ကောင်းဘဲကိုး— (မှန်ပါ့)တစိတ်နဲ့သာ အသက်ရှင်ရမယ်။

အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်သိပါ ဆိုငြားသော်လဲ စိတ်ကို သိရတာမဟုတ် အပျက်ကိုသိရတာ ပေါ်ကြပလား(ပေါ်ပါပြီ) ကိုယ့်စိတ် ကိုယ်သိ ငြားသော်သည်း.... (အပျက်ကို သိရတာပါ ဘုရား) ဒါဖြင့် ဒီက အပျက်၊ ဒီက မင်္ဂဆိုတာ သွားကိုက်တယ် (မှန်ပါ့) ဒါကလေးတွေက အချက်ကလေးတွေလို့ မှတ်ပါ၊ တော်တော်အရေးကြီးတဲ့စကား(မှန်ပါ့) ခင်ဗျားတို့က ဘုရားက ဟောထားတာက စိတ္တာနုပဿနာရှု ဆိုတော့ စိတ်ကို အရှုခိုင်း တယ်လို့ ထင်လိမ့်မယ်....(မှန်ပါ့)။

စိတ်ကိုအရှုခိုင်းတာမဟုတ်ဘူး၊ စိတ်၏ပျက်မှုကိုရှုပါပြောတာ

(မှန်ပါ့) ဘာပြုလို့တုံး....ရှုတဲ့အချိန်မှာ ဒီစိတ် ရှိသေးရဲ့လား....(မရှိပါဘုရား) ဒါဖြင့် စိတ်ရှုရမှာလား၊ အပျက်ရှုရမှာလား(အပျက်ရှုရမှာပါ)အဲဒီမှာ ခင်ဗျားတို့က သာမည ဆရာသမားနဲ့ သာမညကိုယ့်ဉာဏ်ကလေးနဲ့ဆိုတော့ စိတ်အရှုခိုင်းတယ်ဟေ့....လို့ ခင်ဗျားတို့က မြို့ထဲ လည်ပြောလိမ့်မယ်၊ အခုလာတဲ့ တကာတကာမတွေက စိတ်အရှုခိုင်းတာ မဟုတ်ဘူးဟေ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

စိတ်၏ မရှိမှုကို ရှုခိုင်းတာ၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာ အရှုခိုင်းတာပါလိမ့်....(စိတ်၏မရှိမှုကို အရှုခိုင်းတာပါ)ရှိတာရှုနေလို့ရှိယင်ဖြင့် တကာတကာမတို့ခိုင်တာမြဲတာရှုသောကြောင့် သဿတဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့) မရှိတာရှုမှသာလျှင်....တဲ့သဿတဒိဋ္ဌိက လွတ်တယ်၊ ရိပ်မိကြပလား(ရိပ်မိပါပြီ)ဒါဖြင့် တကာတကာမတို့ အသေကို အရှင်နဲ့ ရှုပါဆိုတာ အမှန်ဆုံးဘဲ(မှန်ပါ့)သဘောပါကြရဲ့လား(ပါပါတယ်ဘုရား)၊

အသေကို....(အရှင်နဲ့ရှုပါ)အရှင်နဲ့ရှုပါဆိုတာမှ ဝိပဿနာ စိတ်ကိုရှုပါဆိုတော့ ဒီစိတ်ကလဲ ရှိသေးတယ်၊ ဒီရှုတဲ့ဉာဏ်ကလဲ ပေါ်နေပြီဆိုတော့ နှစ်ခုပြိုင်ပေါ်ဖြစ်နေဘယ်(မှန်ပါ့)ပြိုင်ပေါ်ဆိုယင် လွဲတယ်....(မှန်ပါ့) တကာတကာမတွေ လွဲတယ်၊ တခုသေပြီးမှ တခုဖြစ်ရမှာ(မှန်ပါ့ဘုရား)တကာတကာမတွေဘာတဲ့တုံး....(တခုသေပြီးမှ တခုဖြစ်ရမှာပါဘုရား တခုသေပြီးမှ တခုဖြစ်ရမှာကိုတကာတကာမတွေကစိတ်ကိုအရှုခိုင်းတယ်ဒါ့ကြောင့် ကျုပ်ကဖြင့် စိတ်လာတိုင်း ရှုနေတာဘဲဆိုယင် ဒါ ဝိပဿနာမဟုတ်ဘူး၊ ဝိပဿနာအပါးမဝသေးဘူး၊ ဆရာယင်လဲ လိုမယ်၊ ကိုယ်ယင်လဲ လိုမယ်....(မှန်ပါ့)။

စိတ်ဟာ နှစ်ခုပြိုင် ပေါ်ကောင်းရဲ့လား....(မပေါ်ကောင်း ပါဘုရား) ဒါဖြင့် ပဌမစိတ် ပျက်ပြီးတော့မှ ဒုတိယစိတ် ဖြစ်တယ်... (မှန်ပါ့)ဒုတိယရှုတဲ့စိတ်ဖြစ်တယ်၊ ဒါဖြင့် ပဌမစိတ်က အသေပါ၊ဒုတိယစိတ်က ရှင်ဆဲပါ၊အသေကို....(ရှင်တဲ့စိတ်နဲ့ရှု) အဲဒါမှ ဝိပဿနာအစစ် (မှန်ပါ့)စိတ်ကိုရှုယင် ဝိပဿနာအစစ် မဟုတ်ဘူး၊ ဝေဒနာရှုယင်....(ဝိပဿနာအစစ် မဟုတ်ပါဘုရား) ဝိပဿနာအစစ် မဟုတ်ဘူးဆိုတာ သေချာကြပလား....(သေချာ ပါပြီဘုရား) အဲဒါတမြို့လုံး ပြင်ပေးနေတယ် အောက်မေ့ပါ၊ အမှန်က သခင်ဝတင်ကြီးကို မင်း ဘာရှုနေတုံးဟေ့-ဒို့တကာ ဆရာတွေ ကြာပြီတွေ့နေကြတာ၊ ကိုသန်းမောင်တို့လဲ တွေ့နေ တာကြာပြီ။

တပည့်တော် ဘုန်းကြီးပြောတဲ့အတိုင်း စိတ်ရှုနေပါတယ်လို့ ဆိုတာ အပြောတော့ပြောတာပေါ့၊ စင်စစ်တော့ တပည့်တော် အသေ တပည့်တော်ရှုနေပါတယ်၊ ဒါမှ အမှန် ဦးညွန့် (မှန်ပါ့) ရိပ်မိကြပလား(ရိပ်မိပါပြီ)အေး....ကိုသန်းမောင်ကြီး နောက်က အိပ်နေသလားကွ....(မအိပ်ပါဘုရား) မအိပ်ပါဘူး၊ သေသေ ချာချာလုပ်ကွ၊ ကိုင်း ဒါဖြင့် တကာတကာမတွေ့ အသေကို ဘာနဲ့ကြည့်ရမယ်....(ဉာဏ်နဲ့ကြည့်ရမှာပါဘုရား)။

အသေကိုအရှင်နဲ့ ကြည့်ရမယ်၊ အရှင်နဲ့မကြည့်သဲ့မြင်ဘူး၊ အသေကို မတွေ့သေးလို့ ရှိယင်လဲ ဟသ်ာစာ ဦးမြကြီး အနိစ္စ မတွေ့သေးဘူး(မှန်ပါ့)တွေ့ပါ့မလား (မတွေ့ပါဘုရား)ဒါဖြင့် ဝိပဿနာဆိုတာ ဘာပါလိမ့်မလဲ....(အသေကို အရှင်နဲ့ကြည့် တာပါ) ဒါ မှတ်ထားပါ၊ စိတ္တာနုပဿနာလား၊ အသေကို အရှင်နဲ့ကြည့်တာလား....(အသေကို အရှင်နဲ့ ကြည့်တာပါ)။

ဝေဒနာနုပဿနာလား၊ အသောကို အရှင်နဲ့ ကြည့်တာလား (အသောကို အရှင်နဲ့ ကြည့်တာပါဘုရား)။

ဒါမှ လမ်းမှန်ကျတယ်၊ ဒါကတော့ဖြင့် တကာတကာမတို့ ဘယ်သူ့မှ စောဒနာမနေနဲ့၊ ဘုရားကလဲ....။

"သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ" သမုဒယနှင့် ဝယ၊ ဝယဆိုတာ အသေပေါ့.. (မှန်ပါ့) အဲဒီ အသေ ကြည့်ပါပြောတာ၊ ခင်ဗျားတို့က ရှေ့ပိုင်းကလေးသာ စာက ဘတ်ထားတယ်၊ နောက်ပိုင်း မဘတ်ဘဲ ဖြစ်နေတယ်၊

နောက်ပိုင်းဘတ်မိရဲ့လား....ကဲ....(မဘတ်မိပါဘူး) လို့နေ တယ်၊ ဒီချွင်းချက် ကျန်နေတယ်ဆိုတဲ့အဓိပ္ပါယ်ကော ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)ဒါဖြင့် တကာတကာမတို့ဝိပဿနာ ဆိုတာ ဘာပါလိမ့်....(အသောကို အရှင်နဲ့ကြည့်တာပါဘုရား) တကာတကာမတွေ ဒါ ထိပ် သိမ်မှိန်နှံစွဲသလိုမှတ်ပါ (မှန်ပါ့) အရှင် အရှင်ချင်းကြည့်လို့ဖြစ်-မဖြစ်(မဖြစ်ပါဘုရား) ဘယ်နည်းနှင့်မှ မဖြစ်ဘူးဆိုတော့ ဝိပဿနာ ဖြစ်သေးရဲ့လား....(မဖြစ်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဆိုတာ ဘာပါလိမ့်.... (အသောကို အရှင်နဲ့ကြည့်တာပါဘုရား) အသောကို အရှင်နဲ့ ကြည့်တာဆိုတော့ အင်း.. အခုသေတာ တခုကြည့်ခိုင်းတာ.... (မှန်ပါ့)ဒါကြောင့် ပစ္စုပ္ပန်တည့်တည့်ရှုဆိုတာ ဒါပြောနေတာ (မှန်လှပါ)ရိပ်မိပလား....(ရိပ်မိပါပြီ) အသောကို အရှင်နဲ့ ရှုတော့ ပစ္စုပ္ပန်ကောမတည့်သေးဘူးလား(တည့်ပါတယ်ဘုရား) ရှေးက သေတာလား....၊ အခုသေတာကြည့်ရတာလား (အခု သေတာ ကြည့်ရတာပါဘုရား)။

ဒါဖြင့် ယခုသေတာကတော့ ပစ္စုပ္ပန်ဆိုတော့ ဟောဒီ ပြထားတယ် ပစ္စုပ္ပန်(မှန်ပါ) မပါသေးဘူးလား....(ပါပါတယ်ဘုရား)ပစ္စုပ္ပန်အသေကို ဟောဒီအရှင်နဲ့ ကြည့်ပါလို့ ဆိုတော့ ပစ္စုပ္ပန်ကော လွဲသေးရဲ့လား....(မလွဲပါ) ဘာသစ္စာ ကြည့်တာတုံး မေးတော့ (ဒုက္ခသစ္စာကို ကြည့်တာပါ)ဒါခင်ဗျားတို့က ဒုက္ခသစ္စာဆိုတာ ကြားလား အောက်မေ့နေတယ် ဒီ အသေဟောနေတာ... (မှန်ပါ)။

ကိုယ့်စိတ်ကလေးသေတာကိုဟောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ)ပေါ်ကြပလား(ပေါ်ပါပြီ) ဒါဖြင့်အသေက ဒုက္ခသစ္စာ၊သိတာက (မဂ္ဂသစ္စာပါဘုရား)သေတာတာ အပေါ် မလိုပ်တာက သမုဒယသစ္စာ...(မှန်ပါဘုရား)နောက်ခန္ဓာ မလာတာက နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ....(မှန်ပါ) မရှင်းကြသေးဘူးလား....(ရှင်းပါပြီဘုရား)။

တော်တော် ရှင်းပါပြီ ဆိုတဲ့ဥစ္စာ သခင်ဝတင်တို့ ကျေနပ်ပလား(ကျေနပ်ပါတယ်)မောင်ဘအေး ကျေနပ်ပလား (ကျေနပ်ပါတယ်) ဝိပဿနာဆိုတာ ဘာပါလိမ့်၊ မေ့မှာစိုးလို့ ထပ်မေးတယ် (အသေကိုအရှင်နဲ့ ကြည့်တာပါဘုရား) အရှင်အရှင်ချင်း ကြည့်လို့ ဖြစ်-မဖြစ်....(မဖြစ်ပါဘုရား) ဖြစ်ကို မဖြစ်ဘူးဆိုတာ သေချာပလား... (သေချာပါပြီ) ကောင်းပြီ ဒါဖြင့် ဟုတ်ပါရဲ့လားသို့ မေးတဲ့အခါကျတော့ကိုတဲ့....တကာတကာမတို့ တနေ့ကလဲ ဟောခဲ့တယ်၊သို့သော်လဲ လူကမစုံတော့ ကို ခင်ဗျားတို့ မှတ်လိုက်စမ်းပါတဲ့။

ဟေိပဿိကောကို နောက်လူတွေ မကြားရလို့ ထပ်ပြောပါတယ်၊ ဟေိက လာပါ၊ ပဿက ရှုပါ၊ ဟေိပဿိကော-

ဟေ့ကိုဘာတုံး....(လာပါ)ပဿက....(ရှုပါ)ကျုပ်ဒီနေရာသေ နေတယ်၊ခင်ဗျားဒီနေရာကနေ ရှုပေးပါ၊ သဘောကျပလား.... (မှန်ပါ)ကျုပ်ကဒီနေရာ-စိတ်ကပေါ်တဲ့နေရာ မနေဘူးလား.... (နေပါတယ်ဘုရား)။

အဲဒါကို ပဿက ရှုပါဆိုတာ ဒီနေရာကနေရှုပါ....(မှန်ပါ) ဒီနေရာက ဟေ့=လာခဲ့၊ပဿ=ကျုပ်ကို ရှုပါ၊ဘာနဲ့ရှုရမှာတုံး.... ဆိုတော့ အရှင်နဲ့ရှုပေးပါ၊သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ဟေ့-ပဿိကော သဘောကျပလား ...(ကျပါပြီ ဘုရား) ဘာတဲ့တုံး....(လာလှည့်-ရှုပါ)လာပါ-ရှုပါ....(မှန်ပါ)လာလှည့် ဆိုယင် ရှေးသံပါနေတယ် မောင်ကိုရ ...(မှန်လှပါဘုရား)။

လာလှည့်ဆိုယင် မရဘူး၊ လာခဲ့ရှုပါ....(မှန်ပါ) သဘော ကျကြပလား ..(ကျပါပြီဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်ဆော မခေါ်ဘူးလား၊ ခေါ်သလား....(ခေါ်ပါတယ်ဘုရား)ဘာဖြစ် လို့ မသွားသတုံး၊နိဗ္ဗာန်ရောက်မှာစိုးလို့ မသွားတာ....(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီ) တဘာ တကာမတွေ့မခေါ်တဲ့အချိန် များရှိရဲ့လား (မရှိပါဘုရား) အချိန်တိုင်း မခေါ်ဘူးလား ... (ခေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ မသွားတာတုံး မေးတဲ့အခါကျတော့ တပည့် တော် နိဗ္ဗာန်ရောက်မှာစိုးလို့၊ ခင်ဗျားတို့က နိဗ္ဗာန်ကိုမရောက် ချင်ဘူး....(မှန်ပါ)ဟေ့=လာခဲ့ပါ၊ပဿ ရှုပါဆိုတာ မြင်စိတ်က လေးကလဲဖြစ်ပြီး ပျက်ပျက်နေရာကို ခင်ဗျားဉာဏ်နဲ့ လာခဲ့ပါ လို့ မပြောဘူးလား ...(ပြော ပါတယ် ဘုရား) ခင်ဗျားတို့က သွားရဲ့လား....(မသွားပါဘုရား) ဘာဖြစ်လို့ တုံး ဆိုတော့ ခင်ဗျားတို့မသွားချင်တာကဒီဘက်လှည့်ချင်လို့ မသွားချင်တာ၊

တဏှာ ဥပါဒါန် ကံ ဇာတိဇရာ မရဏဘက် လှည့်ချင်လို့ မသွားတာ....(မှန်ပါ့) တကာ တကာမတို့ အိုခြင်းဆိုး ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား) ခေါ်တဲ့ဆီ မသွားယင် အိုခြင်းဆိုးချည်းမှတ်....(မှန်ပါ့)သဘောပါကြလား(ပါပါတယ် ဘုရား)ခေါ်တဲ့ဆီမသွားယင်... (အိုခြင်းဆိုးပါဘုရား) အိုခြင်း ဆိုး....တဲ့၊နောက် သေခြင်းဆိုး လမ်းကို မျက်နှာ မူနေတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အင်မှတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ဟာ မသွားတာ လုံးလုံးဆို ယင်လဲ ဘုန်းကြီးက ကျေနပ်ပါတယ်။

သွားတော့သွားတယ်၊ တဏှာနဲ့သွားတယ်၊ ကျောမှာ ယား နေတယ်ဆိုတော့ ယားတဲ့ စိတ်ကလေးက ဒုက္ခသစ္စာ၊ အဲဒါ ကျတော့ မှောင်ကြီးထဲများတောင် လက်နဲ့ ထိုးပြီးသွားတယ် မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဒါကဘော့ ဘာဖြစ်လို့တုံးဆိုတော့ပျောက်ခြင်း အလိုရှိလို့ ဆိုတော့ တဏှာနဲ့ သွားတာ....(မှန်ပါ့) ဉာဏ်နဲ့တော့ သွား ရဲ့လား....(မသွားပါ) ဘာနဲ့တော့ သွားသတုံး....(တဏှာနဲ့ သွားပါတယ်) ဩြော်....အသွားက သိပ်လွဲနေပြီ၊ အင်း....ဟေ ပယသိကောခေါ်ရာ ယားတဲ့ဆီက မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား) ဘာနဲ့သွားသတုံး....(တဏှာနဲ့ သွားပါတယ် ဘုရား)။

ဉာဏ်နဲ့သွားလိုက်ပါလားဗျ၊ဒါသူကခေါ်နေတယ်၊ သူဟာ ဘာ ဖြစ်သတုံး၊ ခေါ်တဲ့တရား ဘာပါလိမ့်မတုံး ဆိုတော့ သိအောင် ဉာဏ်နဲ့ သွားလိုက်လို့ ရှိယင်ဖြင့် သူကခေါ်တာက ဟေပယသိကော၊ သဘောကျပလား....(မှန်ပါ့) ကိုယ်က တကာ

တကာမတွေ ဥာဏ်နဲ့-သွားလိုက်တော့ကိုတဲ့ ကိုယ့်အသေကိုယ်မြင်ပါတယ်၊ ဥာဏ်နဲ့သွားတော့....(ကိုယ့်အသေ ကိုယ်မြင်ပါတယ်)။

ယားတဲ့နေရာကလေးက ဝေဒနာမဟုတ်လား(မှန်ပါ့) ဒုက္ခစိတ်မဟုတ်လား....(မှန်ပါ့)အဲဒီ ဒုက္ခစိတ်ကလေးဆီကို ဥာဏ်နဲ့သွားလိုက်တဲ့အခါကျတော့ ပြောဘ်-ဘယ်သူသေတာမြင်ရပါလိမ့်(ကိုယ်သေတာ မြင်ရပါတယ်ဘုရား)။

အဲဒီလို ဥာဏ်နဲ့သွားလိုက်လို့ရှိယင်ဖြင့် အသေက ဒုက္ခသစ္စာ၊ သွားတဲ့အသိက မဂ္ဂသစ္စာ....(မှန်ပါ့) လက်နဲ့သွားတာကတော့ အယားပြေချင်လို့၊တဏှာနဲ့သွားတာ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ လုံးလုံးမသွားတာလား၊ သွားပြန်တော့ အလွဲသွားတာလား....(အလွဲသွားတာပါဘုရား)ပြော....ဒါဖြင့် ဒီဆရာသမားမှ ပြင်မပေးလို့ရှိယင် အလွဲသွားနေ့ဘဲ အချိန်ကုန်မှာဘဲ...(မှန်ပါ့)သဘော့ပါပလား(ပါ-ပါပြီ)ဒါဖြင့် တရားကမခေါ်လို့လား၊ အသွားက မတတ်လို့လား...(အသွားမတတ်လို့ပါဘုရား)ဒါဖြင့်လေးဘက်သွားသင်ရလိမ့်မယ်ခင်ဗျားတို့ကို (မှန်ပါ့)။

ရိပ်မိပလား....(ရိပ်မိပါပြီ) အခါလည်သမီးတွေ အခါလည်သားတွေ ဖြစ်နေတာ လေးဘက်သွား သင်ရဦးမလိုဖြစ်နေတယ်(မှန်လှပါ)ဘယ်လောက် ဆိုးဝါးနေသတုံး၊ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ကဲ....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ရပြီးသားဆိုယင် ခင်ဗျားတို့ မှတ်မိပြီနော်၊ဒီတရားကဖြစ်ပြီး ပျက်တဲ့တရားက ဟေ့ာသီကော-လာပါ၊ ရှုပ်လို့ခေါ်တာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဟေ့ပဿိကော-ဆိုတာ ဘာပါလိမ့်....(လာပါရှုပါ) လာပါ ရှုပါလို့ဆိုတာ ဘယ်သူကခေါ်တာတုံး(တရားကခေါ်တာပါ) တရားက... သဘောကျပလား....(ကျပါပြီ) ဘယ်သူကခေါ်သတုံး-(တရားကပါဘုရား)တရားကခေါ်လို့ရှိယင် ခင်ဗျားတို့က တဏှာနဲ့ လိုက်မလား၊ ဉာဏ်နဲ့ လိုက်မလား....(ဉာဏ်နဲ့ လိုက်ပါမယ်)။

အဲ... ဉာဏ်နဲ့လိုက်ပါလို့ ဘုရားက သန္ဒိဋ္ဌိကောလို့ဟောပြန်တယ်....(မှန်ပါ)ဘာလို့ဟောသတုံး....(သန္ဒိဋ္ဌိကောပါ) သန္ဒိဋ္ဌိကော-သာမံပဿိတဗ္ဗော၊ သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော=မြင်အောင်လိုက်-လိုက်စမ်းပါ။ မဟောဘူးလား ..(ဟောပါတယ်ဘုရား)ကိုယ်တိုင်မြင်အောင်လိုက်ပါ၊ ခေါ်ရာကိုသွားပါ၊ မြင်အောင်ဟာ ဘာတဲ့တုံး(လိုက်ပါ) လိုက်ပါ၊ သွားပါအသေရှိတဲ့ဆီကို ..(မှန်ပါ) သဘောကျပလား ...(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က သန္ဒိဋ္ဌိကောဆိုတဲ့ဥစ္စာသည် သာမညမှတ်နေတယ်၊ သခင်ဝဘင်တို့က ဘုရားရှိခိုးလုပ်တုံး....(မှန်ပါ) ဘယ်လိုသုံးကြပါလိမ့် (ဘုရားရှိခိုးသုံးပါတယ်) ဘုရားရှိခိုးရမှာလား၊ သူ့ပါဠိ သေသေချာချာကြည့်၊ အသေက ခေါ်တဲ့ဆီကို ကိုယ်တိုင်မြင်အောင် လိုက်ရမှာလား....(အသေကခေါ်တဲ့ဆီကို ကိုယ်တိုင်မြင်အောင် လိုက်ရမှာပါဘုရား)။

အဲ... ခင်ဗျားတို့က ဒါဘုရားရှိခိုး လုပ်ထားတော့ နိဗ္ဗာန်မရောက်တော့ဘူး....(မှန်ပါ) ဘုရားရှိခိုး လုပ်ထားတဲ့အတွက်.... (နိဗ္ဗာန်မရောက်တော့ပါ)မဗ္ဗာန်သတိ ကိုးဗျ....(မှန်ပါ) မဗ္ဗာန်သတိဆိုတော့ သမထ ဖြစ်မသွားဘူးလား....(ဖြစ်ပါတယ်) သမထ-နိဗ္ဗာန်ရောက်ကဲ့လား....(မရောက်ပါ) အဲဒီတော့ ခင်

ဗျားတို့ဟာက ဘုန်းကြီး အခုပြောနေကျအတိုင်း ပြောရလို့ရှိယင် သောက်ဆေးကို လိမ်းဆေး လုပ်နေကြတယ်....(မှန်ပါ့)။

ဘယ့်နှယ်ပါလိမ့်....(သောက်ဆေးကို လိမ်းဆေးလုပ်နေကြပါတယ်)ဘုရားက ဟောခဲ့တာက သောက်ဆေး(မှန်ပါ့)ခင်ဗျားတို့က ရှိခိုးတဲ့လိမ်းဆေး လုပ်နေတယ်(မှန်ပါ့)ပျောက်ပါ့မလား ရောဂါ....(မပျောက်ပါဘုရား)ကိုသေသာ ရောဂါ ပျောက်ပါ့မလား....(မပျောက်ပါဘုရား)။

အို့နာ့သေ ပျောက်ပါ့မလား(မပျောက်ပါ)အဲဒါဘာဖြစ်လို့တုံးလို့ဆိုတော့ဆေးတော့တွေ့ရဲ့ဗျာ၊အသုံးကမသုံးတတ်လို့(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ) အသုံးက ဘယ့်နှယ်ဖြစ်နေသလဲ(မသုံးတတ်လို့ပါဘုရား) သောက်ဆေးကို ဘာလုပ်နေသတုံး(လိမ်းဆေးလုပ်နေပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ ကန်းတယ်ဆိုတာမျှား မနာပါနဲ့ဆိုတာ ပြောသင့်....မပြောသင့်....(ပြောသင့်ပါတယ်ဘုရား)။

ဆေးတွေ့နေတာတောင်မှ ဘာဆေးရယ်လို့မသိဘူး (မှန်ပါ့) လိမ်းဆေးဆိုတာ ရောဂါရှင်းတာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)ငြိမ်ရုံဘဲရတယ်၊သောက်ဆေးဆိုယင်ဘာတုံး(ရောဂါရှင်းပါတယ်)ရောဂါပျောက်တယ်၊ပျောက်တဲ့ဆေးကို ခင်ဗျားတို့က ငြိမ်တဲ့ဆေးလောက် သုံးနေတော့ အပော် ခက်သွားတယ်....(မှန်ပါ့)။

ငြိမ်ရုံလောက် သုံးနေကြလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူး၊ ရှင်းပလား....(ရှင်းပါပြီ)ကောင်းပြီ တကာတကာမတို့.. ခေါ်တာက ဘာတဲ့....(ဟေ့ပသိကော) ဟေ့ပသိကော၊ လိုက်ရမှာက....(သန္ဒိဋ္ဌိကော) ကိုယ်တိုင် မြင်

အောင်လိုက်ပါ(မှန်ပါ့)ဟိပဿိကောကခေါ်ရာကိုသန္ဒိဋ္ဌိကော က....(မြင်အောင်လိုက်ရမယ်) သန္ဒိဋ္ဌိကောကလိုက်ပေး၊ အဲဒါ ဝိပဿနာစခေး....(မှန်ပါ့)။

ဦးမြ....(မှန်ပါ) ဟိပဿိကောခေါ်ရာကို (သန္ဒိဋ္ဌိကောနှင့် လိုက်ပေး)သန္ဒိဋ္ဌိကောနှင့် လိုက်လို့ရှိယင် အဲဒါ ဝိပဿနာခေး (မှန်ပါ့) ရှုနေတဲ့ ခင်ဗျားတို့ ရထားတာက ဒီလောက်မပေါ်ဘူး၊ ပေါ်ကြရဲ့လား....(မပေါ်ပါ) ဒါဖြင့် ဟိပဿိကော ဆိုတာက ဘာပါလိမ့်....ခေါ်တာ....(မှန်ပါ့)သဘောကျပလား (ကျပါတယ်) ရှုပါလို့ခေါ်တာ သန္ဒိဋ္ဌိကောက ဘာလုပ်ရမှာ တုံး....(ဝိပဿနာခေး) သူခေါ်တဲ့ဆီ လိုက်ရမယ်။

လိုက်တဲ့ အခါကျတော့ ဟိပဿိကောက် ခေါ်သည်၊ သန္ဒိဋ္ဌိကောကလိုက်သည်....ဆိုတော့ အနေသကိုအရှင်နဲ့သွားတွေ့ တယ်(မှန်ပါ့) အနေသကို (အရှင်နဲ့သွားတွေ့တယ်) ဟိပဿိ ကောက အနေသကိုး(မှန်ပါ့) သန္ဒိဋ္ဌိကော လိုက်-လိုက်တဲ့အခါ ကျတော့ သူက ေနှင့်ဖနေလို့ တကာတကာမတို့ အထည်တွေ့ သေးရဲ့လား...(မတွေ့ပါ) မတွေ့တော့ ကိုယ့်ခန္ဓာ အနိစ္စပါ လားဆိုတာ သူများပြောလား....ကိုယ်လိုက်လို့ တွေ့တာလား.... (ကိုယ်လိုက်လို့တွေ့တာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဟိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိ ကောနဲ့(လိုက်ရမယ်)လိုက်လို့ရှိရင် ဒါ-ဝိပဿနာအစစ်၊ ပေါ် ကြပလား(ပေါ်ပါပြီ) ဝိပဿနာစာအုပ်ကြီးရှည်နေအောင်ရေး ထားပေမဲ့ လိုရင်းက ဒါဘဲရှိတယ်(မှန်ပါ့) တကာဘကာမတို့ ဝိပဿနာ စာအုပ်ကြီးဟာ ရှည်သိုက်တာဘုရား၊ ဆရာတော်က ဥာဏ်ကျယ်လိုက်တာ။

ခင်ဗျားတို့ ဉာဏ်ကျယ်ရာ လိုက်နေယင် ငါးပါးမှောက်မယ်၊ (မှန်ပါ့) ဧဟိပဿိကော ခေါ်ရာကို....(သန္ဒိဋ္ဌိကောနဲ့ လိုက်) သန္ဒိဋ္ဌိကောနဲ့ လိုက်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမ တွေမှာ... တဲ့ ဆက်ရွတ်ပါ အကာလိကော၊ အကာလိကောဆိုတာ က အခုချက်ခြင်း အကျိုးပေးမယ်ကွ၊ အကာလိကော....ဆိုတာ ဘာပါလိမ့်...(အခုချက်ခြင်း အကျိုးပေးမယ်) ကဲ....ပေး-မပေး ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်ထောက်ပြမယ်၊ ကြည့်ကြ။

ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောဆိုတဲ့ သာမံပဿိဘဗ္ဗော ဆိုတော့ ကိုယ်တိုင် မြင်အောင် ကြည့်လိုက်တဲ့အခါကျတော့ ဒီ....တဏှာ, ဥပါဒါန်, ကံ, လာသေးရဲ့....(မလာပါဘုရား) မလာတာသည် အခါမလင့် တဏှာ ဥပါဒါန် သေသွားသော ကြောင့်တဲ့ အကာလိကော ဖြစ်ပါတယ်....(မှန်ပါ့)အခါမလင့် အကျိုးပေးပစ်လိုက်တယ်၊ ပေါ်ကြပလား..(ပေါ်ပါပြီ)အခါ များ လင့်သေးသလား...(မလင့်ပါ)ခေါ်ရာကိုလိုက်-လိုက်တာ နဲ့ ဒီတရားတွေ လာသေးရဲ့လား (မလာပါ)ရန်သူတွေ အကုန် မသေဘူးလား....(သေပါဘယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့... ဪ... ဒို့-ဘုရားရှိခိုးနေတာဒါဘဲ၊ (မှန်ပါ့) ဒီ....တကာတကာမတွေ....ဘုရားရှိခိုး နေတာ ဒါဘဲ မဟုတ်လား....(မှန်ပါ့)ဟ....ဘာဖြစ်လို့ ရှိခိုးနေကြပါလိမ့်မတုံး ဘုရားက အလုပ်ဟောတာလား၊ ရှိခိုးဘို့ဟောတာလား...(အ လုပ်ဟောတာပါ) ခင်ဗျားတို့က ဘာလုပ်နေသလဲ....(ရှိခိုးနေ ပါတယ်ဘုရား) သွားပြီ....သွားပြီ....သွားပြီ။

ဒို့ကွာ....ခု.. ဒီဘုန်းကြီးနဲ့ တွေ့လို့သာ၊ မတွေ့ယင် ငါးပါး မှောက်တယ်ဟေ့....ဆိုတာ သေချာပြီ....(မှန်ပါ့)မသေချာဘူး

လား… (သေချာပါတယ်ဘုရား) ဘာပြုလို့တုံး၊ သောက်ဆေး လိမ်းဆေး လုပ်နေလို့ ပျောက်ပါလား ရောဂါ….(မပျောက် ပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့သိပ်လွဲနေလို့ ဆရာဘုန်းကြီးက ပြင်ပြီးပြီ၊ တကာတကာမတွေ(မှန်ပါ့)ရိပ်မိပလား….(ရိပ်မိပါပြီ) ဒါဖြင့် ဟေိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်ရမယ်…. (သန္ဒိဋ္ဌိကောနဲ့ လိုက်) သန္ဒိကောဆိုတာ ကိုယ်တိုင် မြင်အောင် လိုက်တာ၊ (မှန်ပါ့) လိုက်-လိုက်တဲ့အခါကျလို့ ရှိယင် နောက်ပါဋ္ဌိတော် က ဘာတဲ့….(အကာလိကောပါဘုရား)။

ဒီတကျော့ ဥပါဒါန် ကံတွေလာသေးလား၊ဒီမဂ်ကဖြတ်လိုက်ပြီ (မလာပါဘုရား) မဂ်က ဖြတ်လိုက်တဲ့ အခါကျတော့ တဲ့ကျော ဥပါဒါန် ကံလာသေးရဲ့လား-(မလာပါဘုရား) ဒါဘာဖြစ်လို့ တုံးလို့ မေးကဲ့အခါကျတော့ တကာတကာမတို့ဖြေတတ်ပလား ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်လို့ အကာလိ ကောဖြစ်တာပါဘုရား၊ပေါ်ပလား(ပေါ်ပါပြီ)ဟေိ-ဿိကော ခေါ်ရာကို….(သန္ဒိဋ္ဌိကောနဲ့ လိုက်လို့) ဒါဖြင့် ဒီတရားတွေလာ သေးလား….(မလာပါဘုရား)။

မလာတာ ဘာဆိုရမလဲ….(အကာလိကော)အခါမလင့် အ ကျိုးပေးတယ်၊ ရန်သူတွေအကုန်သေ၊မသေဘူးလား….(သေပါ တယ်ဘုရား) ဒါဖြင့် သခင်ဝတင်ကြီးရေ… ရန်ကုန်ဘုရားသွားပြီး သကာလ ရွှေတိဂုံဘုရားသွားပြီး အရှင်ဘုရား ဟေိပဿိကော ဘုရားနော်….(မှန်ပါ့)ဘုရားသွား သတိပေးသလို ဖြစ်နေတယ်၊ ဟိုကရှုနေတာ၊ ရိပ်မိပလား… (ရိပ်မိပါပြီ) သန္ဒိဋ္ဌိကော ဘုရား၊

ကိုယ်တော်လဲ မြင်အောင်ကြည့်ပါဘုရားလို့ သွားလျှောက်တာနဲ့ ကော....(အတူတူပါဘဲဘုရား)။

ခက်ကောင်းခက်ရချီရဲ့....(မှန်လှပါဘုရား) အဘော်ဆိုးနေတာဗျ၊ ဒါမှ သန္ဒိဋ္ဌိကောကိုယ်တော်ဖြစ်မယ်ဘုရားဆိုတော့သွားရော၊ ခင်ဗျားတို့က ဘုရားဆရာ ဖြစ်နေတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ) အင်မတန် မဆိုးဘူးလား....(ဆိုးပါတယ်) အဲဒါကြောင့် ခင်ဗျားတို့ ဘုရားရှေ့သွားပြီးသကာလ ဆရာသွားလုပ်နေတာလောက် အရုပ်ဆိုးတာတော့ ရှာမှတွေ့ဘူးဗျ၊ အတော်ဆိုးနေတယ်။

အဲဒီတော့ကို တကာတကာမတို့ ဘုန်းကြီးပြောတာ မနာကြပါနဲ့ ခင်ဗျားတို့ သောက်ဆေးကို လိမ်းဆေးလုပ်နေတာ သေချာတယ်(မှန်ပါ)တကာတကာမတွေဘယ့်နှယ်ဆိုမယ်(သောက်ဆေးကိုလိမ်းဆေးလုပ်နေတယ်) နေခက်က တကာတကာမတွေဘာလုပ်နေတယ်....(သောက်ဆေးကို လိမ်းဆေးလုပ်နေပါတယ်ဘုရား) ဩော်....ရောဂါမှ ပျောက်ပါ့မလား..(မပျောက်ပါဘုရား) ဘယ်...အကာလကော လာစရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါ ရောဂါတွေ၊ ကိလေသာ ရောဂါတွေ ပျောက်နိုင်ပါ့မလား(မပျောက်နိုင်ပါဘုရား) ဒါဖြင့် ယနေ့ကစပြီး သကာလ ခင်ဗျားတို့ဘုရားရှိမခိုးနဲ့လို့ ဘော့ မဟောဘူး(မှန်ပါ) ရှိခိုးတော့ ရှိခိုးဆောင်းတယ်... (မှန်ပါ)သို့သော် အဲဒီရှိခိုးတဲ့တရားတွေက ဒို့အလုပ်ခိုင်းတဲ့ တရားတွေဘဲ ဆိုပြီးသကာလ ဟေယျသိကော လို့ ရွတ်မည့်ကြံယင်လဲ့ ခန္ဓာထဲမှာ တခုခုကြည့်လိုက်၊ စိတ်ပေါ်

စိတ်ကြည့်၊ ဝေဒနာပေါ်ယင်-(ဝေဒနာကြည့်ပါ) ဝေဒနာခေါ်ယင် လိုက်ဟာ... (မှန်ပါ)။

ခေါ်ယင် သန္ဒိဋ္ဌိကောနဲ့ လိုက်မယ်....(မှန်ပါ)ဉာဏ်နဲ့ လိုက်လိုက်တော့ ဖြစ်ပျက်ဉာဏ်မင်္ဂ၊ မရဘူးလား....(ရပါတယ်)ဒါဖြင့် သူခေါ်ရာလိုက်တော့ ငါ ဘာကျေးဇူးရှိသတုံးမေးတော့ အကာလိကောက္ခ၊ မဂ်က တဏှာဖြတ်လိုက်တော့ ဒီရန်သူတွေလာသေးရဲ့လား (မလာပါ) ရန်သူမှ မလာလို့ရှိယင် သမုဒယသစ္စာ မသေဘူးလား....(သေပါတယ်ဘုရား)စာကြည့်ပါ၊ဒါဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ဒီ ဒုက္ခသစ္စာပေါ်ပါဦးမလား....(မပေါ်ပါဘုရား) ဒါဖြင့်ဒုက္ခငြိမ်းတာဘာခေါ်ရမတုံး.. (နိဗ္ဗာန်လို့ခေါ်ပါတယ်) သမုဒယ သိမ်းတာ ဘာခေါ်မတုံး....(နိဗ္ဗာန်ခေါ်ပါတယ်) နိဗ္ဗာန်ဘဲဆိုတော့ ခေါ်ရာလိုက်ပေးယင် နိဗ္ဗာန်ရမယ်- (မှန်ပါ) ဧဟိပဿိကော ခေါ်ရာကို.. (သန္ဒိဋ္ဌိကောနဲ့လိုက်ပေးရပါမယ်) သန္ဒိဋ္ဌိကောနဲ့ လိုက်ယင် နိဗ္ဗာန်ကား တကာ တကာမတို့ ဆုတောင်းအလုပ်လားတဲ့၊ ခေါ်ရာလိုက်ရတဲ့အလုပ်လား--(ခေါ်ရာလိုက်ရတဲ့ အလုပ်ပါဘုရား)။

နို့... ခင်ဗျားတို့က ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန် မဂ်ဖိုလ်ရ-ရပါလို၏၊ ခင်ဗျားတို့ကတောင်းတယ်၊ လုပ်ယူရမှာကို တောင်းယူလိုက်တော့မရဘူး၊ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)လုပ်ယူရမှာကို (တောင်းယူလို့မရပါ) ရပါ့မလာ....(မရပါဘုရား) သို့သော် ခင်ဗျားတို့ကအမျိုးရိုးကိုက ဆိုးဝါးထင်ပါရဲ့တယ်တောင်းတယ် ရိပ်မိကြပလား....(ရိပ်မိပါပြီ)တောင်းလို့ရတာ ဟုတ်ရဲ့လား-(မဟုတ်ပါဘုရား)သဘောပါကြပလား(ပါပါပြီ)နောက်တော့

ကိုယ့်မျိုးရိုး ဖျက်ကြနော်၊ သွားတောင်းမနေနဲ့....(မှန်ပါ) ဦးမြကြီးကော တောင်းဘူးသေးလား....(တောင်းဘူးပါတယ်) ဟော....သွားပြီ....သွားပြီ....(မှန်ပါ) အင်မတန်ဆိုးနေတာ၊ ကိုင်း....တကာတကာမတို့ ပေါ်ကြလား....(ပေါ်ပါပြီ)။

ကိုင်း .. ခေါ်ရာကို လိုက်ရမယ်၊ ခေါ်ရာကိုလိုက်ယင် အခါ မလင့် အကျိုးပေးတယ်....(မှန်ပါ) ခေါ်ရာဆိုတာ ဘာပါလိမ့် (ဟေ်ပယိကောပါ) လိုက်ရမှာက...(ဩပနယိကောပါ) အခါ မလင့် အကျိုးပေးတာက....(အကာလိကောပါ)ဒါဖြင့် ခင်ဗျား တို့ဘုန်းကြီးက မန္တလေးက လာပြီးသဘာလ ပြောတရားတွေ့ သယ်လာပြီး ဒို့ဖေါက်သယ်ချနေတာ ဆိုလား၊ ဒို့ဆေးသုံး မှားလို့ ပြင်ပေးနေတာလို့ ဆိုမလား-(ဆေးသုံးမှားလို့ပြင်ပေး နေတာပါဘုရား)။

ဘုန်းကြီးက ဖေါက်သယ်ချနေတာ မဟုတ်ပါဘူး၊ ခင်ဗျား တို့ကို...(မှန်ပါ)မန္တလေးကဘုန်းကြီးမို့ ထူးထူးခြားခြား ပြော တာလို့ဟုတ်ကဲ့လား(မဟုတ်ပါ)ကိုယ်ရပြီးသားဆေးကို အသုံး မှားနေလို့ပြင်ပေးတာ....(မှန်ပါ) ဒါဘုရားဟောဆရာလို့ခင် ဗျားတို့က ထင်နေတယ်၊ တရားဟောဆရာမဟုတ်ဘူး၊ ဆေးကို ပြင်ပေးနေတာ၊ ဒီဆေးတော့ မလိမ်းပါနဲ့ သောက်ပါ(မှန်ပါ)။

ဒါလာပြင်ပေးတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်နှယ် ကြောင့် ဒီတမြို့လုံး ပြင်နေရပါလိမ့်မတုံးလို့ မေးတဲ့ အခါကျ တော့သဘောတူလိမ်းဆေးလုပ်နေလို့....(မှန်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ) သဘောတူ ဘာလုပ်နေကြတုံး....(လိမ်းဆေးလုပ် နေပါတယ်ဘုရား) ဒါဖြင့် သဘောတူဘဲ ပြင်လိုက် ပါဘော့ ဒီတရားတပွဲလုံး၊ သောက်ဆေးချည်းလုပ်ပါ....(မှန်ပါဘုရား)

ရိပ်မိပလား (ရိပ်မိပါပြီ) ဘာလုပ်ကြမယ်(သောက်ဆေးလုပ်ပါ မယ်ဘုရား)။

သောက်ဆေးချည်းလုပ်ပါဆိုလို့ရှိယင်ဖြင့် သောက်သည်နှင့် တပြိုင်နက်တည်း ကိလေသာရောဂါ အကာလိကောဆို အကုန် ပျောက်ပါတယ်....(မှန်ပါ)သောက်ယင်ဘာတုံး(အကာလိကော ဆိုအကုန်ပျောက်ပါတယ်) လိမ်းယင် ဖြဟ္မာ့ပြည်ရောက်မယ်.... (မှန်ပါ)သောက်ယင် နိဗ္ဗာန်ရောက်မယ်....(မှန်ပါ) လိမ်းယင် (ဖြဟ္မာ့ပြည်ရောက်မယ်)သမထကိုး....(မှန်ပါ)။

ဘုရားရှိခိုးတာက သမထ ..(မှန်ပါ) လိမ်းယင်ဘယ်ရောက် မယ် (ဖြဟ္မာ့ပြည်ရောက်မယ်) သောက်လိုက်လို့ရှိယင်(နိဗ္ဗာန် ရောက်မယ်)ဘယ်ဟာကြိုက်သတုံး-(နိဗ္ဗာန်ကြိုက်ပါတယ်ဘုရား) အို ကြိုက်တော့ကြိုက်တယ်၊ ဆေးက လွဲနေတယ်....(မှန်ပါ) တကာတကာမတွေ ဟောထိုက်၊ မဟောထိုက်၊ (ဟောထိုက်ပါ တယ်ဘုရား)။

ကောင်းတော့ ကောင်းပါတယ်၊ ခင်ဗျားတို့ သုံးနေတာက ဆေးထက်သလောက် ခရီးမပေါက်ဘူး... (မှန်ပါ) သောက်မှ ပျောက်မည့်ဆေးကို လိမ်းဆေး လုပ်နေတော့ အပေါ်ယံတွင် ပျောက်သွားတယ်....(မှန်ပါ) တကာတကာမတို့အတွင်း ကိလေ သာ ရန်သူတွေ ပျောက်ပါရဲ့လား-(မပျောက်ပါဘုရား) အင်မ တန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ကိုယ်တိုင်သိဆိုတာလဲ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်မှ ဒုက္ခသစ္စာကိုသိတယ်-(မှန်ပါ) သဘောကျပလား....(ကျပါတယ်) ဒုက္ခသစ္စာ သိတဲ့ အချိန်မှာ သမုဒယသစ္စာ သေ-မသေ....(သေပါတယ်ဘုရား)သမုဒယသစ္စာ

သေလို့ရှိယင် နိဗ္ဗာန်ရောက်ဗ ဒုက္ခနိဗ္ဗာန်ရောက်ဗ လာ·မလာ· (လာပါတယ်) သဘောပါကြလား (ပါပါတယ်) ကဲ.. ယခုနေ ဒီတွင် နားဦးစို့၊ နားရိခစေ့ပြီ။

သာဓု.. သာဓု....သာဓု

၁၀-၇-၆၂-ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

သစ္စာလေးပါးတရားတော်

တကာတကာမတို့ သင်တို့သည် မအို့မခေသာအမြဲနေတဲ့ နိဗ္ဗာန် ရောက်ချင်ပါတယ်လို့ ဆိုလို့ရှိယင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် ရောက်ချင်ပါတယ်ဆိုလို့ရှိယင် တခေသာင့်ငါးရာ ကိလေသာ အပူခတ်အလောင်ခတ်တို့ကို ငြိမ်းသတ်နိုင်တဲ့ နိဗ္ဗာန်ကို ရောက်ချင်လို့ရှိယင်ဖြင့် သစ္စာသိအောင်လုပ်။

သဘောပါကြလား....(ပါပါတယ်ဘုရား) ဘာလုပ်ရမလဲ.... (သစ္စာသိအောင် လုပ်ရပါမယ်) သစ္စာသိအောင် လုပ်မှုမှတပါး တကာတကာမတို့ တခြားလုပ်မှု မရှိဘူးဆိုဘာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသိဘို့အရေးဟာဖြင့်တကာတကာမတွေ အရေး အကြီးဆုံးအချက်လို့ မှတ်ပါ.... (မှန်လှပါဘုရား) သစ္စာသိဘို့

အရေးဟာ....(အရေးအကြီးဆုံးအချက်ပါဘုရား) အရေးအကြီးဆုံးအချက်လို့ မှတ်ကြစမ်းပါဆိုတာကို ဘုန်းကြီးများက ရင်းနှီးစွာနဲ့ သတိပေးတယ်လို့ အောက်မေ့ပါ...(မှန်ပါ့)။

ခင်ဗျားတို့ ထင်နေတာက ဒို့သည်ကာလို့ ဆိုယင် ဒါန ပြုနေတာဘဲ၊ သီလလဲ ဆောက်တည်နေတာဘဲ၊ သမထလဲ ထိုက်တန်သလောက်တော့ ကြိုးစားနေတာဘဲ၊ လက္ခဏာရေးသုံးပါးလဲ ဒို့ မပြတ် မလပ်ဘဲ ရိပ်သာတွေ ရှိတဲ့ဆီ သွားပြီး အားတဲ့ အချိန် ကြိုးစားကြတာဘဲ၊ ဒါတွေဟာ ဝေးသော အကြောင်းတွေလို့ မှတ်လိုက်စမ်းပါ၊ ဘယ်လို မှတ်ကြမလဲ....(ဝေးသောအကြောင်းတွေပါဘုရား) နီးသော အကြောင်းက ဘာပါလိမ့်မလဲ... လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (သစ္စာသိအောင် လုပ်ပေးရပါမယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ နီးသောအကြောင်းက ဘာပါလိမ့် (သစ္စာသိအောင်လုပ်ရပါမယ်) သဘောပါကြလား....(ပါပါတယ်) ဒါဖြင့် သစ္စာသိမှုထက် အရေးကြီးတာရှိသေးရဲ့လား.... (မရှိပ့ါဘုရား) မရှိတော့ဘူးဆိုတော့ ဘုန်းကြီးများက ဒါနတရားကိုလဲ ဟောတတ်ပါတယ်၊ သီလတရားကိုလဲ ပြောတတ်ပါတယ်၊ သမထတရားကိုလဲ နည်းပေးတတ်ပါတယ်၊ သို့သော်လဲတဲ့-ဒါတွေဟာ သစ္စာသိဘို့ ဒံခြံအရံတွေဖြစ်နေတော့ တကာတကာမတွေ လိုရင်းဘဲ ပေးပါရစေဆိုတာကို တရားပွဲ အစမှာ တကာတကာမတွေ ပြောလိုက်ပါတယ်၊ ဘာအရေးကြီးပါသလဲ- (သစ္စာသိဘို့ အရေးကြီးပါတယ်ဘုရား)။

သစ္စာသိဘို့ အရေးကြီးတယ် ဆိုတာ တကာ တကာမတွေ လေးစားစွာနဲ့ မှတ်ပါနော်....၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး

က သစ္စာသံယုတ်မှာ ဟောခဲ့တယ်၊ ငါသည်ကွာ....တဲ့....လူဘ ယောက်က ပြောတယ်၊ တိုင်တလုံးမှ မပါဘဲနဲ့ ဒိုင်းတွေ တင်ခဲ့ တယ်ကွာဆိုယင် ဒီတပွဲလုံးက ယုံကြမလား.... (မယုံပါဘုရား) တိုင်တလုံးမှ မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ်....လို့ အိမ်ဆောက်တဲ့ အခါမှာဆိုယင် ဘယ်သူ ယုံကြပါ့မယ်....(မယုံပါဘုရား)။

အဲ... တစုံတယောက်သော သူက ငါသည်ကားလို့ ဆိုလို့ရှိ ယင်ဖြင့် ငါဘုရားဟောမယ်တဲ့ သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ကို ဝင်ခဲ့ တယ်လို့ ပြောလို့ရှိသင်ဖြင့်....တဲ့ တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ် ပြောတဲ့ ပုဂ္ဂိုလ်နဲ့ အတူတူဘဲဟေ့တဲ့.... (မှန်ပါ့) ဆိုတော့ ကန့် ကွက်ချလိုက်တယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီ) သစ္စာ မသိ ဘဲနဲ့ နိဗ္ဗာန်ဝင်ခဲ့တယ်ဆိုယင် တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့ဘယ် ပြောတာ မယုံသလို-မယုံနဲ့တဲ့၊ အဲဒါကြောင့် တကာတကာမတို့ သစ္စာသိမှ နိဗ္ဗာန်ဝင်ရမယ် ဆိုတာ သေသေချာချာ မှတ်ပါ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာတကာမတို့ အခု ပြောလိုက်တဲ့ ဥပမာ-ဘယ်မှာလာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ မှတ် လိုက်စမ်းပါ၊ ဘယ်မှာလာပါလိမ့်... သစ္စာသံယုတ် ပါဠိတော်မှာ လာပါတယ်.... (သစ္စာသံယုတ်ပါဠိတော်မှာ လာပါတယ်)။

ပါဠိတော်ဆိုသဖြင့် သူများ ဟောတာလား....၊ ဘုရားကိုယ် တိုင်တော်သိပြီး ဘုရားကိုယ်တိုင်တော် ဟောတာလား....(ကိုယ် တိုင်တော် ဟောတာပါဘုရား) ကိုယ်တိုင်တော် ဟောတာဖြင့် ခင်ဗျားတို့က သူများပြောတာ ယုံဘို့လိုသေးသလား....(မလိုပါ ဘုရား)။

အဲဒါကြောင့် မြန်အောင် ဦးတင်တို့သေသေချာချာ ဆုံး

ဖြတ်ချက်ချပါ၊ငါဟိုသည်ကားလို့ဆိုလျှင် သစ္စာမသိသေးလို့ရှိ ယင်ဖြင့် ဘယ်တော့မှ နိဗ္ဗာန်မရသေးလို့မှတ်လိုက်ပါ-(မှန်ပါ) သစ္စာမသိသေးယင်.... (ဘယ်တော့မှနိဗ္ဗာန်မရသေးပါ) ဘယ်တော့မှ နိဗ္ဗာန် မရသေးဆိုတာ မှတ်လိုက်စမ်းပါ၊ ပေါ်ကြပသလား...(ပေါ်ပါပြီဘုရား)။

သစ္စာ မသိသေးယင်.... (ဘယ်တော့မှ နိဗ္ဗာန် မရသေးပါ) ဘယ်တော့မှ နိဗ္ဗာန်မရသေးဘူးဆိုတာ သေသေချာချာမှတ်ပါ-(မှန်ပါ) အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေကို ယခုလာပြီး ချီးမြှောက်တာ၊ ဦးသံဒိုင်နှင့်တကွ ဦးမြတို့ ဦးအောင်ဇော်ဝတို့ အားလုံးပေါ့သေ မောင်ကိုတို့ ပင့်ဆောင်ပြီးသကာလ (ကိစ္စတော့ ရှိတာနဲ့) လာခဲ့ပါတယ်၊ ဒီလာခြင်း အကြောင်းက ဒီကိစ္စ အရေးမကြီးပါဘူး၊ ဒီတကာတကာမတွေကို ကယ်တင်ဘို့ မေ့တွားရှိထားတာက အရေးအကြီးဆုံး အချက်လို့ မှတ်ပါ.... (မှန်ပါ)။

အဲဒါကြောင့် ဒီတရားကို ဩော်....ငါတို့သည် သစ္စာသိမှု တလုံး မိလို့ရှိယင်ဖြင့် ကိစ္စပြီးဘာဘဲလို့ မှတ်လိုက်ကြစမ်းပါ၊ သစ္စာ တချက်တည်း မိလိုက်ယင် ကိစ္စပြီးတယ်... (မှန်ပါဘုရား) နိဗ္ဗာန်ရောက်မှုကိစ္စသည် တကာတကာမတို့သစ္စာသိမှုပြီးနိုင်တယ်ဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) ဒါဖြင့် နိဗ္ဗာန်ရောက်ချင် ဘာသိအောင် လုပ်ရမလဲ....(သစ္စာသိအောင် လုပ်ရပါမယ်ဘုရား)။

တကာတကာမတွေရိပ်မိပြီလား....(မှန်ပါ)နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်....(သစ္စာသိအောင်လုပ်ရပါမယ်)သစ္စာသိအောင် လုပ်ရမယ်ဆိုတော့ ဩော်....ဒီသစ္စာ ဘယ်မှာရှိပါလိမ့်-မလဲလို့

မေးတဲ့အခါကျတော့ တကာတကာမတို့ သစ္စာသိမှ သစ္စဉာဏ်ရမှာကိုးဗျ.. (မှန်ပါ့) သစ္စဉာဏ်ရမှ ကိစ္စဉာဏ်တက်နိုင်မှာကိုး (မှန်ပါ့ဘုရား)ကိစ္စဉာဏ်ရမှ ကတဉာဏ်ဆိုတဲ့နိဗ္ဗာန်မျက်မှောက်ပြုနိုင်မယ်... (မှန်ပါ့)သဘောပါကြလား (ပါပါတယ်ဘုရား)။

သစ္စာသိမှ....ဘာဉာဏ်ရသတုံး... (သစ္စဉာဏ်ရပါတယ်) ထိုသစ္စာ၏ ကိစ္စကိုသိမှ ဘာဉာဏ်ရသတုံး....(ကိစ္စဉာဏ်ရပါတယ်) ထိုသစ္စာတွေကို တကာတကာမတွေသည်ကားလို့ဆိုယင် အကုန်အသိဆုံးတဲ့အခါကျတော့မှ ကတဉာဏ်ရမယ်(မှန်ပါ့) ပေါ်ကြပလား(ပေါ်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ယနေ့နံနက် ဟောရမှာက သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်ဘဲ ဟောရမှာကိုး(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီ) ဘာဟောမှာပါလိမ့်....(သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်ဟောပါမယ်)။

အရှင်ဘုရား....ဟောမှာက ဘယ်ကလာပါလိမ့်မလဲ၊ တပည့်တော်တို့ဖြင့် ဥဒယဗ္ဗယ, ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ, မုဉ္စိတုကမျတာ, ဉာဏ်များ လုပ်လိုက်ရတာ ဖါးနေပြီဘုရာ့၊ ဒီမှာအားလုံးဘဲ ရိပ်သာတွေမှာရှိနေတာ ဒီဉာဏ်စဉ်ဘဲ ပြနေတာဘဲ၊ အခုဘုန်းကြီးလာပြန်တော့ ဒီဉာဏ်စဉ်မပါပြန်ဘူး၊ သစ္စဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ်နဲ့ ဟောပြန်တယ်ဆိုတော့ တကာတကာမတွေမှာ ဗြုန်းကနဲဆိုတော့ အင်း.. ဉာဏ်ကတိုလှချည့်လား၊ ဒို့သိတားတဲ့ဉာဏ် က ဉာဏ်ရှည်ကြီးပါလားဆိုတာ တကာတကာမတွေ သံသယမရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

ရှိတော့ကို ဒါကိုလဲအကုန်ရှင်းပေးပါမယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ သိတဲ့ဉာဏ်တွေဟာ အဟောသိကံ မဖြစ်ပါဘူး၊ ကိုယ်ကသစ္စာမသိလို့သာလျှင် သစ္စာမဖြစ်ရရှာတာ၊ စင်စစ် ခင်ဗျားတို့

သိထားတာကို ဘုန်းကြီးက သစ္စာဆိုင်းဘုတ် ဆွဲပေးလိုက်လို့ ရှိယင် ဪ... ဒို့ သိတာ သစ္စာပါလားဆိုတာ အဖြေထွက်လာ လိမ့်မယ်၊ မထွက်ပေဘူးလား... (မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတို့... သစ္စာဘယ်မှာ ရှိသလဲလို့ မေးလို့ရှိယင် ခန္ဓာမှာရှိတယ်၊ သစ္စာဘယ်မှာရှိပါလိမ့်-(ခန္ဓာမှာ ရှိပါတယ်ဘုရား)ခန္ဓာမှာရှိတယ်၊ ဒါ့ကြောင့် သံယုတ်ပါဠိတော် ဘာသာပြန်မှာဘဲကြည့်ကြည့်, အင်္ဂုတ္တိုရ်ပါဠိတော် ဘာသာပြန် မှာဘဲကြည့်ကြည့် တကာတကာမတွေ တလံမျှ လောက်သော ခန္ဓာကိုယ်ထဲမှာ သစ္စာလေးပါးရှိတယ်လို့ ဟောလိမ့်မယ်။

ဘယ်မှာရှိပါလိမ့်.... (တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ သစ္စာရှိပါတယ်) သစ္စာရှိတယ်ဆိုတော့ ဪ... ဒါဖြင့် ဒို့လဲ ရှုနေတာ တလံလောက်မျှသော ခန္ဓာကိုယ်ထဲမှာဘဲ ရှုနေတာဘဲ ဆိုတာ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်) ပေါ်လာ တော့ ဒို့ရှုနေတာနဲ့ ဘုန်းကြီးဟောတဲ့သစ္စာနဲ့ဟာ ဒို့က ဆိုင်း ဘုတ်မဆွဲတာ တမယ်ကျန်တာကိုး(မှန်ပါ) ဆိုတော့ ထပ်မသွား သေးဘူးလား တကာတကာမတို့... (သွားပါတယ်) ထပ်သွားပြီ ဆိုတာ သဘောပါလား....(ပါ-ပါတယ်ဘုရား)။

သို့သော် ထပ်သာသွားတယ်၊ ခင်ဗျားတို့က ဒါကို သစ္စာလို့ မသိသေးဘူး၊ သိပြန်တော့လဲ အဝေါင်းသိဖြစ်နေတယ်၊ သိပြန် တော့လဲ တကာတကာမတွေ သိစရာကျန်နေတယ်....(မှန်ပါ့) ကျန်တော့ တကာတကာမတွေကို သေသေချာချာ ပြပါမယ်၊ ပြင်ဘက်က တကာတကာမတွေတော့ မြင်ရမယ်မဟုတ်ဘူး....၊ အတွင်းက တကာတကာမတွေတော့ ဂရုစိုက် ကြည့်ကြတာပေါ့ (မှန်ပါ့ဘုရား)။

အကယ်၍ မမြင်ရတဲ့အပြင်ဘက်က တကာတကာမတွေဖြစ်စေ အကွယ်အကာနဲ့နေတဲ့ တကာတကာမတွေဖြစ်စေ၊ ဘုန်းကြီးများ ကုသိုလ်ဖြစ် ဟသံတ ဦးမာဒင်က လှူဒါန်းထားတဲ့.... ပဋ္ဌိစ္စ သမုပ္ပါဒ် စက်ရဟတ်ကို ကြည့်ပါ၊ အရမ်း သင်နေတယ်လို့ - အောက်မေ့မနေကြပါနဲ့၊ သဘောပါကြလား... (ပါပါတယ် ဘုရား) အရမ်းသင်နေတာ မဟုတ်ပါဘူးဆိုတာ သေသေချာချာ မှတ်ပါ။

ကဲ....ဒါဖြင့်ခင်ဗျားတို့ ခင်ဗျားတို့ ဉာဏ်စဉ်ကိုဘုန်းကြီးရှေး ဦးစွာ စဉ်ပေးပါမယ်ဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ပါတော့။

တကာတကာမတွေ ဒီသစ္စာလေးပါး မသိတာဟာ အဝိဇ္ဇာ၊

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်... (သစ္စာလေးပါး မသိတာပါ ဘုရား) ဪ... ဒါဖြင့် တကာတကာမတွေ ဒီသစ္စာလေးပါး မသိတာ အဝိဇ္ဇာ ဆိုတော့ "ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ" ပါဠိရှိတ်နေလို့ မောရိုပါဘဲ၊ ခင်ဗျားတို့ သစ္စာလေး ပါး မသိတာ ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား) ရှင်းပြီနော်.... (မှန်ပါ)။

အဝိဇ္ဇာဟာ ဘာမသိဘာပါလိမ့်.... (သစ္စာလေးပါး မသိ တာပါဘုရား) ဒုက္ခသစ္စာလဲ သူ သိရဲ့လား....(မသိပါဘုရား) သမုဒယသစ္စာကော....(မသိပါဘုရား)နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန် ကော....(မသိပါဘုရား) မဂ္ဂသစ္စာဆိုတဲ့ နိဗ္ဗာန် သွားကြောင်း ကော....(မသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အတိတ်ဘဝက ဘာနဲ့နေခဲ့ပါလိမ့်မလဲ လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အဝိဇ္ဇာနဲ့ နေခဲ့ကြပါ

တယ်ဘုရား) ဒါဖြင့် သစ္စာမသိတာနဲ့ နေခဲ့တယ်.... (မှန်ပါ) တကာတကာမတွေ ဘာနဲ့ နေခဲ့ကြပါလိမ့်....(သစ္စာမသိတာနဲ့ နေခဲ့ပါတယ်) သစ္စာလေးပါးကို မသိတဲ့တရားနဲ့ ခင်ဗျားတို့ နေခဲ့တဲ့ အတွက်တဲ့ (တကာတကာမတွေ ရှေ့ဘဝက သစ္စာလေးပါး မသိတဲ့ တရားနဲ့ နေခဲ့တဲ့အတွက်) ခင်ဗျားတို့ ကုသိုလ်ပြုကြတယ်။

ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်တွေ ပြုကြပါ တယ်၊ မပြုကြဘူးလား....(ပြုကြပါတယ်ဘုရား) ပြုပြီးသကာလ ပြုတာက ကုသိုလ်၊ ဆုတောင်းတာက ဘဝတဏှာ ဖြစ်လေသော ကြောင့် အပုညာဘိသင်္ခါရ၊ ကုသိုလ်ပြုတာက သင်္ခါရ၊ ပုညာဘိ သင်္ခါရ စာလိုသုံးယင်(မှန်ပါ) စာလိုသုံးယင် ကုသိုလ်က ဘာတဲ့ (ပုညာဘိသင်္ခါရပါ) အကုသိုလ်နှင့် ဆုတောင်းတာက ဘာတဲ့ အပုညာဘိသင်္ခါရ၊ ရိပ်မိပလား....(မှန်ပါ)။

ဘာဖြစ်လို့ ဒီကုသိုလ်ပြုပြီး လူဖြစ်ချင်, နတ်ဖြစ်ချင် ဆု တောင်းပါလိမ့်မလဲလို့ မေးတို့ မလိုဘူးလား....(လိုပါတယ်) မသိလို့ တောင်းတာ... (မှန်ပါ) မသိလို့ ပြုတာ၊ မသိလို့ပြုပြီး သကာလ တောင်းတာ....(မှန်ပါ)။

သိလို့ ကုသိုလ်ပြုယင် ဘုန်းကြီးက ခန္ဓာကိုယ် ပေါင်လှူလို့ ပြောလိုက်တယ်၊ ဒါနပယ်တာ မဟုတ်ဘူး....(မှန်ပါ)မသိဘဲ ပြု ခဲ့သော တကာတကာမတို့ ခင်ဗျားတို့ ပြုတဲ့အတိုင်း....တဲ့ မသိ တဲ့ ပုဂ္ဂိုလ်ကုသိုလ်လုပ်လို့ ရှိယင်ဖြင့် သင်္ခါရဖြစ်တယ်....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် သင်္ခါရဖြစ်တုံး၊ ပုညာဘိသင်္ခါရ ဖြစ်ရ သတုံးလို့ သခင်ဝဘင်တို့က မေးလို့ ရှိယင် အို....မသိခဲ့လို့ လုပ် တာကွ....၊ ရှင်းပလား....(ရှင်းပါပြီ) အဝိဇ္ဇာပစ္စယာ....(သင်္ခါ

ရပါ) ဟော... သူ့အကြောင်း ကင်းသေးတယ်ဆိုသလား ....
အကြောင်းမကင်းဘူးဆိုသလား-(အကြောင်းမကင်းပါဘုရား)။
ဒါဖြင့် အဝိဇ္ဇာ အုပ်ချုပ်တဲ့ ကုသိုလ် ပေါ်ကြပလား....
(ပေါ်ပါတယ်ဘုရား) မသိတာ အုပ်ချုပ်တဲ့ .... (ကုသိုလ်ပါ
ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ) မသိဟာ.... (အုပ်ချုပ်တဲ့
ကုသိုလ်ပါ ဘုရား) မသိတာ အုပ်ချုပ်တဲ့ ကုသိုလ် ဆိုတော့
သစ္စာမှ မသိတဲ့ ကုသိုလ် ဖြစ်ပြီးသား လာနေတော့ နိဗ္ဗာန်ရောက်
ပါ့မလားလို့ မေးလိမ့်မယ်....(မရောက်ပါဘုရား)။
ဘာဖြစ်လို့ မရောက်သတုံးဆိုတော့ သစ္စာမသိတဲ့ကုသိုလ်က
နိဗ္ဗာန်ရောက်ကော သူသိရဲ့လား (မသိပါဘုရား)ဒါဖြင့် မသိ
တဲ့ ကုသိုလ်ဟာ မသိသလိုသာ ဖြစ်ရမယ် နိဗ္ဗာန် မရောက်ဘူး
ပေါ်ကြပလား... (ပေါ်ပါပြီဘုရား) မသိတဲ့ ကုသိုလ်ဟာ ....
(နိဗ္ဗာန်မရောက်ပါ) မသိသလိုသာ ဖြစ်ရမယ်၊ နိဗ္ဗာန်တော့ ....
(မရောက်နိုင်ပါဘုရား)။
ဒါ ဘုန်းကြီးက ရမ်းပြောတာလား၊ ခင်ဗျားတို့ အတိတ်
ဘဝက ဒီအတိုင်းလာခဲ့တာလားဆိုတာ မကြည့်ပါ....(အတိတ်
ဘဝက ဒီအတိုင်းလာခဲ့တာပါ) ဒီကြည့်ပါ...ဒီကြည့်ပါ၊ တကာ
တကာမတို့ အတိတ်အကြောင်းလို့ မပြောဘူးလား .. (ပြောပါတယ်)
တခါစဉ်းစား၊ဆြာ်....ဘုန်းကြီးကသဲ ဒို့ကို ပြောရက်လိုက်တာ
မသိတဲ့ပုဂ္ဂိုလ်ပြုတဲ့ကုသိုလ်၊ဘုံဘဝကို မသိလို့ ဆုတောင်းတယ်၊
ဘဝတဏှာ မပါသေးဘူးလား....(ပါပါတယ်ဘုရား)။
ဒါဖြင့် အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) ဒါဖြင့် မသိတာ
အုပ်ချုပ်တဲ့ ကုသိုလ်၊ မသိလို့တောင်းတဲ့ဆု၊ ဆိုထိုက်-မဆိုထိုက်
(ဆိုထိုက်ပါတယ်)ဒါဖြင့် တကာတကာမတွေ သူဘယ်လောက်

ထိုအောင်မသိသတ်ုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဒီထောက် ကြည့်ရမယ်... ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) နို့-လုပ် ကတည်းက သမုဒယသစ္စာ လုပ်ပေါ့ဟာ၊ ဒုက္ခသစ္စာရမှာပေါ့ (မှန်ပါ)။

ငြင်းဘို့ လိုသေးသလား... (မလိုပါဘုရား) သူ မသိလို့ လုပ်တာက ဘာသစ္စာတုံး၊ ဒီနှစ်ခုက... (သမုဒယသစ္စာပါဘုရား) ဒါဖြင့် သေသည်၏ အခြားမဲ့၌ ဟောဒီ အဆက်ကလေးက စပ်သွားလို့ရှိယင်ဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မြန်မာလိုပြန်ယင် ခန္ဓာငါးပါး၊ ဘာသစ္စာတုံး... (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်လုပ်တာ ဒုက္ခရောက်တယ်.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) သိတဲ့ ပုဂ္ဂိုလ် လုပ်ယင် ဒုက္ခလွတ်တယ်....(လွတ်ပါတယ်ဘုရား)ရှင်းပလား-(ရှင်းပါပြီ) မသိတဲ့ပုဂ္ဂိုလ် ပြုလုပ်လို့ရှိယင်....(ဒုက္ခရောက်ပါတယ်) သူများ ပြောလားလို့ဆိုတော့ မသိတဲ့နှစ်ခုဟာ ဘာသစ္စာတုံး (သမုဒယ နှင့် ဒုက္ခသစ္စာပါဘုရား) သမုဒယသစ္စာက နိရောဓသစ္စာတော့ မဖြစ်နိုင်ဘူးဗျ (မဖြစ်နိုင်ပါဘုရား) ကျေးဇူးကော... ပြုနိုင်ပါ့ မလား (မပြုနိုင်ပါဘုရား) သေချာပလား... (သေချာပါတယ်)။

ဘုန်းကြီးက တကားတကာမတွေ့ရှေ့မှာ သက်နိုးဝါဝါဝတ်ပြီး သူက စာသင်လာပြီး ဒို့အပေါ်ကြွားတာဆိုမလား၊ ခင်ဗျားတို့ ဖြစ်စဉ်လား....(ဖြစ်စဉ်ပါဘုရား) မကြွားပါဘူး ဘုန်းကြီးက ကြွားကို မကြွားတတ်ဘူး၊ အမှန်ကိုသာ သိစေချင်တယ်၊ ဒီထဲက ရန်ဖြစ်မှာလဲ စိုးတယ်၊ သဘောပါကြလား.... (ပါပါတယ်)။

ဒါဖြင့် မသိတာက ဘာတုံး.... (အဝိဇ္ဇာပါ) ပြုချင်တိုင်း

ပြုတာက....(သင်္ခါရပါ)ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား) ဒါဖြင့် သူ့အတိတ် ဘဝက ဘာသစ္စာလုပ်ခဲ့တုံး....(သမုဒယသစ္စာ လုပ်ခဲ့ပါတယ်) ဒါဖြင့် သေသည်၏ အခြားမဲ့၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ရ-မရ (ရပါတယ်) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဘယ်ကာလ ရတုံးဆိုတော့ ပစ္စုပ္ပန်အကျိုးတဲ့၊ ဒါ အတိတ် အကြောင်းဖြစ်လို့ ပစ္စုပ္ပန်အကျိုးလို့ မရေးထိုက်ဘူးလား.... (ရေးထိုက်ပါတယ်ဘုရား) ဒီအကျိုး ဘာသစ္စာလို့ ဆိုကြမယ်- (ဒုက္ခသစ္စာပါဘုရား) ကောင်းပြီ.. ခင်ဗျားတို့ သွားပြီ....မသိတဲ့ ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ်ဟာ ကြောက်စရာ ကောင်းလိုက်တာ .... (မှန်ပါ)တကာတကာမတို့ ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

သိတဲ့ပုဂ္ဂိုလ်လုပ်တာလား... မသိတဲ့ပုဂ္ဂိုလ် လုပ်တာလား.... (မသိတဲ့ပုဂ္ဂိုလ် လုပ်တာပါဘုရား) ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက....(သင်္ခါရပါဘုရား) ရတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဟော... ခန္ဓာငါးပါးရပြီ ... (မှန်ပါ) လူခန္ဓာငါးပါးရလဲ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) နတ်ခန္ဓာငါးပါးရတော....(ဒုက္ခသစ္စာပါဘုရား) ဗြဟ္မာခန္ဓာငါး ပါးရတော....(ဒုက္ခသစ္စာပါဘုရား)။

ဒါ သိတဲ့ပုဂ္ဂိုလ်မို့ ရတာလား။ မသိလို့ လုပ်လို့ ရတာလား-- (မသိလို့ လုပ်လို့ ရတာပါဘုရား)ပေါ်ကြပလား- (ပေါ်ပါပြီ) ဒါဖြင့် ဘုန်းကြီးတို့ ဒီအဓိပ္ပါယ်ကို လည်လည်မပြောလို့ ရှိယင် ဒီ တကာတကာမတွေဟာ မသိသလို လုပ်နေဦးမှာဘဲ--(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ) ဘယ်လိုလုပ်နေမယ်ထင်ကြသလဲ (မသိသလို လုပ်နေမှာပါဘုရား)။

မသိသလို လုပ်လို့ရှိယင်ဖြင့် ဥပမာပြောကြပါစို့၊မျက်လုံး ကန်း လမ်းသွားလို့ ချော်လဲတာကွ... ပေါ်ကြပလား....(ပေါ် ပါပြီ)ဒါ‌ဘာတုံး- (မျက်လုံးကန်းပါဘုရား) ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ ဆိုတာ ခြေထောက်နှစ်ချောင်း .... (မှန်ပါ) သူ လမ်းမသွားဘူးလား(သွားပါတယ်ဘုရား) လမ်းသွားတော့ ဇာတိ ပဋိသန္ဓေချောက်ထဲမှာ ကျသွားတယ်...(မှန်ပါ)မကျ ဘူးလား... (ကျပါတယ်ဘုရား)။

ဇာတိက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေ ဝိညာဏ်လို့မှတ်လိုက်ပါ(မှန်ပါ) ဒုက္ခသစ္စာ၊ဝိညာဏ် နာမ်ရုပ် ကာကော ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) သဠာယတန (ဒုက္ခသစ္စာပါဘုရား)ဖဿ....(ဒုက္ခသစ္စာပါ) ဝေဒနာ ... (ဒုက္ခ သစ္စာပါ)ဒါဖြင့် ပေါင်းလိုက်တော့ ခန္ဓာငါးပါ၊ဟုတ်-မဟုတ်- (ဟုတ်ပါတယ်)ဘာသစ္စာရတုံး....(ဒုက္ခသစ္စာရပါတယ်)။

ဪ....ဒါဖြင့် အခုရတာလား၊ ရှေးက မှားခဲ့လို့ ရတာ လားဆိုတော့ အခု ရတာလို့ဖြေ၊ ရှေးက မှားခဲ့လို့အခုရတာ (မှန်ပါ အခုရတာပါ) ပေါ်လား (ပေါ်ပါပြီဘုရား) ရှေးက အတိတ်ဘဝက မှားခဲ့လို့ဒီမှာ အတိတ် အကြောင်းလို့ မပါ ဘူးလား....(ပါ-ပါတယ်) အတိတ်က မှားခဲ့လို့ ပစ္စုပ္ပန်ဖြင့် တပည့်တော် လူခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာတွေ ရထားပါပြီ ဘုရားလို့ဆိုတာ လွဲသလား....(မလွဲပါဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အကန်း လမ်းသွားလို့ ဒုက္ခရောက်တာ.... (မှန်ပါ) ပေါ် ကြပလား... (ပေါ်ပါပြီ)ဘာတဲ့ဗျာ... (အကန်းလမ်းသွား လို့ ဒုက္ခရောက်တာပါဘုရား)ဒါဖြင့် ဘုန်းကြီးတို့လို ပုဂ္ဂိုလ်ကမှ

ဒီတကာတကာမတွေကို မျက်လုံး ဖွင့်မပေးတော့ပါဘူး ဆိုယင် ဒီ အကန်းချည်း လမ်းသွားနေဦးမှာဘဲ....(မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်) သွားယင် ဒုက္ခချည်းရောက်မယ်(မှန်ပါ့) မရောက်ပေဘူးလား၊ ရောက်မလား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေဟာ ဒီ တရားကို နာထိုက်၊ မနာထိုက် စဉ်းစားပါတော့(နာထိုက်ပါတယ်) ဘုန်းကြီးရှေ့မို့ ပြောရဘယ်လို့ ဒီလိုလဲမယူပါနဲ့၊ နာထိုက်-မနာထိုက် ကိုယ်ပိုင်ဉာဏ်နဲ့သာ ဝေဘန်ပြီး နာပါ၊ ဘုန်းကြီးကတော့ အခလွတ် ဟောနေတာ၊ သဘောကျပလား(ကျပါပြီ) ဘုန်းကြီးစေတနာကို ပြောရလို့ရှိယင် အရှင်သာရိပုတ္တရာနဲ့ အတူတူပါဘဲ။

အရှင်သာရိပုတ္တရာတို့ အရှင်မဟာကဿပတို့ ဟောတာက ပဌမရှေးဦးစွာ နာနိုင်ပါစေဆိုတဲ့ တကာတကာမတို့ကို စိတ်ထဲ ၁-နံပါတ်ထားတယ်၊သဘောကျလား.... (ကျပါတယ်ဘုရား) ၂-နံပါတ်က နာတဲ့အတိုင်း သိပါစေဆိုတဲ့ ၂-နံပါတ်စိတ်ထားနဲ့ ဘုန်းကြီး ဟောနေတယ်၊ နာနိုင်ပါစေက ၁- နံပါတ်၊ နာတဲ့အတိုင်း သိပါစေဆိုတာက....(၂-နံပါတ်ပါဘုရား)သိတဲ့အတိုင်း ကျင့်နိုင်ပါစေဆိုတာက... (၃-နံပါတ်ပါဘုရား)။

ဒါ ရည်ရွယ်ချက် သုံးခုနဲ့ ဟောနေတာ ခင်ဗျားတို့ကို .... (မှန်ပါ့)ဘာမှမပါဘူး၊ဒီပြင်တော့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ၁-နံပါတ်က ဘာတဲ့ .... (နာနိုင်ပါစေ) ၂-နံပါတ်က....(သိပါစေ)၃-နံပါတ်က သိပြီးတော့.... (ကျင့်နိုင်ပါစေ) ဒီရည်ရွယ်ချက် သုံးခုနဲ့ ဟောနေတာပါ....(မှန်ပါ့) ဒါ တရားဟောတဲ့ပုဂ္ဂိုလ်မှာ ဒီရည်ရွယ်ချက်သုံးခု မရှိလို့ရှိယင် မဖြစ်ဘူးကွတဲ့၊သဘောပါလား-ဦးညွန့်ကြီး....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီး ရည်ရွယ်ချက် ဒီနေ့ ဖော်လိုက်တဲ့တော့ သဘောပေါ်လား....(ပေါ်-ပေါ်တယ်) ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ပြောရတော့မယ်တဲ့၊ အတိတ် ဘဝက မသိတာက အဝိဇ္ဇာ၊ပြုလုပ်တာက သင်္ခါရ၊ ရဘာက ဒုက္ခသစ္စာ၊ မစပ်ဘူး လား....(စပ်ပါတယ်ဘုရား) ဒါဖြင့် ဒီအစပ်ကလေးဟာ တကာ တကာမတို့....သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာစပ်ပေးလို့ ပြောတာ။

ဒီမြွှားကလေးက သာမညမြွှား ထင်ကြသလား၊ တကာ တကာမတို့....(မထင်ပါဘုရား) (ဤနေရာ၌ စက်ဝိုင်းကို ပြသည်) ဒီနှစ်ခုက ဘာသစ္စာတုံး....(သမုဒယနဲ့ ဒုက္ခသစ္စာပေါ်) ဒီစပ်ပြတော့ ဘယ်သစ္စာနဲ့ သွားစပ်တုံး....(ဒုက္ခသစ္စာနဲ့ သွားစပ် ပါတယ်)ဟာ....ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ် လမ်းသွားလို့ ဒုက္ခ ရောက်တတ်သည်၊ပေါ်ပလား.... (ပေါ်ပါပြီ) စာတွေ မကြည့် ပါနဲ့၊ စာကြည့်ယင် ဒီလောက်မရှင်းဘူး၊ရှင်းပါ့မလား....(မရှင်း ပါဘုရား) ခင်ဗျားတို့မှာ ယခု စိတ် ဝိညာဏ် တော့ ရှိပါ ရဲ့လား....(ရှိပါတယ်ဘုရား)။

နာမ်နဲ့ ရုပ်ကော ရှိပါရဲ့လား.... (ရှိပါတယ်) မျက်စိ, နား, နှာခေါင်း ဇောစိတ်တွေကော ရှိပါရဲ့လား....(ရှိပါတယ်) ဖဿ ဆိုတဲ့ အာရုံ တွေ့ထိချင်တဲ့ သဘောကော....(ရှိပါတယ်)ဝေဒနာ ဆိုတဲ့ ခံစားမှု သုံးပါးကော.... (ရှိပါတယ်) ဒါဖြင့် ခင်ဗျားတို့ တကိုယ်လုံးမှာ ဒီငါးခုရှိတယ်.... (မှန်ပါ့ ရှိပါတယ်)သဘော ပေါ်လား....(ပေါ်ပါတယ်ဘုရား)။

ဒီငါးခု ဘာသစ္စာတုံး....(ဒုက္ခသစ္စာပေါ်) ပြော်....ဒုက္ခသစ္စာ သူများပေးလို့ ရတာလား၊မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလို့ ရတာ လား....(မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလို့ ရတာပါဘုရား) အေး....

မြန်အောင်ဦးတင်တို့... မျက်မှန်တပ်ပြီ၊ သေသေချာချာ ရှင်းရဲ့လား....(ရှင်းပါတယ်)ပေါ်ပလား....(ပေါ်ပါတယ်) နောက်က တကာ‌တကာမတွေကော ကြားကြရဲ့လား .... (ကြားပါတယ် ဘုရား)ဘုန်းကြီးကတော့ အော်ရပြီး မကြားမှာတော့ သိပ်စိုးရိမ်တယ်။

ကဲ....ဒါဖြင့် တကာတကာမတို့....အခု တကာ ကကာမတွေ နံပါတ် ၁-ထဲမှာလား၊နံပါတ် ၂-ထဲမှာလား၊အကဲခတ်စမ်း(၂-ထဲမှာပါဘုရား)ဩော်....ဘာတွေနဲ့ နေကြပါလိမ့်....(ဒုက္ခသစ္စာနဲ့ နေပါတယ်ဘုရား) ဩော်.... ဒီထဲ လူချမ်းသာများ ပါသေးသလား....(မပါ·ပါဘုရား)ဟ....အမွဲချည်းဘဲလား .... (မှန်ပါ) ဟုတ်ပါတယ် ဘုရားတဲ့၊ ဒုက္ခသစ္စာ အမွဲပါ.... (မှန်ပါ)ဒုက္ခ ရောက်နေတဲ့ပုဂ္ဂိုလ်ဟာ အမွဲချည်းဘဲ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အမွဲဆိုတာက ဘာမွဲတာတုံးဆိုတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊သစ္စာမသိတော့ သူတော်ကောင်း ရတနာ ၇-ပါး ကိုနိုးရဲ့လား....(မကိုန်းပါ)မကိုန်းယင် အမွဲတွေ ပေါ့ဗျ.... (မှန်ပါဘုရား) ဒါ အဖြေပေးတယ်လို့ အောက်မေ့လိုက်ပါ၊ သူတော်ကောင်း ရတနာ ၇-ပါးမရှိယင် တကာ တကာမတွေ ဘာတုံး....(အမွဲပါဘုရား)အမွဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အို... ဒီ သုပ္ပဗုဒ္ဓတို့ ထောက်ကြည့် သေချာတယ်၊ မသေချာဘူးလား...(သေချာပါတယ်ဘုရား)သုပ္ပဗုဒ္ဓကို သိကြားကဟော့ အင်မဘန်မွဲဘယ်ကွ သုပ္ပဗုဒ္ဓဆေးသောတာပန်တည်သွားပြီမင်းအိမ် ရွှေတွေငွေဘော့ လှည်းနဲ့ တိုက်ပို့မယ်ကွ၊ ဘုရားကို ဘုရားမဟုတ်

ဘူး၊တရားကို တရားမဟုတ်ဘူး၊ပဋိစ္စသမုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ် မဟုတ်ဘူးလို့ မင်းပြောလို့ရှိယင် ငါသည် ရွှေတွေ ငွေတွေ မင်း မွဲနေတဲ့အတွက် လှည်းနဲ့ တိုက်ပြီး ပို့မယ်လို့ သိကြားက မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အို....မင်းက ငါ့ကို လူမွဲထင်သလားတဲ့၊ ငါ လူချမ်းသာ၊ သူတော်ကောင်း ရတနာတွေ ငါ့မှာ အကုန်ရှိတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)ဒါဖြင့်ခင်ဗျားတို့မှာ သူတော်ကောင်း ရတနာက မဂ်မဆိုက်သေးတော့ မစုံသေးဘူး... (မှန်ပါ) ဒါဖြင့် ခင်ဗျားတို့ ဒီထဲလာတာ လူချမ်းသာတွေလား၊လူမွဲတွေလား....(အမွဲတွေပါ ဘုရား)တော်ပြီ၊မွဲမှန်းသိယင် တော်ပြီ၊ နို့မို့ယင်တယောက်နဲ့ တယောက် မာစီဒီတို့·ချက်ဘာလက်-ဘဲ(လ်)အဲယားတို့နဲ့ ကြွား နေဦးမှာ ခင်ဗျားတို့....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ အမွဲ-အမွဲချင်းဖြင့်နှုတ်ခမ်းပဲ့ချင်းမီးမမှုတ်ပါနဲ့ ဆိုတာကိုလဲ ဆုံးမပါတယ်....(မှန်ပါ) ဒုက္ခနဲ့နေရတာအမွဲချည်း ပေါ့ဗျာ....(မှန်ပါ)သဘောကျပလား.... (ကျပါပြီ) သူတော် ကောင်းရတနာကော ကိန်းပလား....(မကိန်းသေးပါ) နိယာမ မြဲသောအားဖြင့် ကိန်းပလား....(မကိန်းသေးပါ) မကိန်းသေး ဘူးတဲ့၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို အမွဲလို့ဟောတာ ဒီ သုပ္ပဗုဒ္ဓထောက် လိုက်ယင်လဲ အမွဲလို့ဆိုတာ မပေါ်ဘူးလား .... (ပေါ်လာ ပါတယ်)ပေါ်လာတော့ ပဋိသမ္ဘိဒါမဂ်ကလဲ အမွဲပါကွာတဲ့၊ သေသေချာချာဖွင့်တာဘဲ....(မှန်ပါ)ဒုက္ခသစ္စာဟာ သခင်ဝတင် မှာ ဖြစ်တဲ့ ဒုက္ခသစ္စာကို ကိုထွန်းအောင်က ကယ်နိုင်ရဲ့လား.... (မကယ်နိုင်ပါဘုရာ) ဒါဖြင့်တကိုယ်ရေ တကာယ ကူမည့်

ယူမည့်သူ မရှိတဲ့ သဘောနဲ့ နေရတာ သဘောကျရဲ့လား(မှန်ပါ့ ကျပါတယ်ဘုရား)ခင်ဗျားတို့ ဝေဒနာဖြစ်တယ်၊ အိုတယ်, နာတယ် ဘယ်သူက တားနိုင်သလဲ....(ဘယ်သူမှ မတားနိုင်ပါဘုရား)။

တယောက်တယောက် မေတ္တာတော့ ရှိပါရဲ့ဗျာ၊ မတားနိုင်လို့ဆိုတာ လူတိုင်းမပြောဘူးလား(ပြောပါတယ်)ဒါဖြင့် ဒုက္ခသစ္စာသမားဟာအမွဲဘဲ၊အကူအညီကင်းမဲ့တယ်(မှန်ပါ့)ဆေးနဲ့ကုလို့ကော ရကြရဲ့လား(မရပါဘုရား)အိုမှုကိုလေ...(မရပါ)။

နာမှုကော....(မရပါဘုရား)။

သေမှုကော....(မရပါဘုရား)။

ဒါဖြင့် တကာတကာမဖော့ ဥတာလုံး တကောင်ကြွက်,အမွဲဆိုတာ ပေါ်ပသား....(ပေါ်ပါပြီဘုရား)ဒါဖြင့် ဒုက္ခသစ္စာဆိုတာ အမွဲသစ္စာ ပေါ်ကြပလား....(ပေါ်ပါပြီ)ဒုက္ခသစ္စာဆိုတာ(အမွဲသစ္စာ)ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာက(ကပဏ ဇနသဒိသဒုက္ခဒဿနေန)လို့ ဖွင့်လိုက်တယ်၊ကပဏဇနသဒိသဒုက္ခဒဿနေန=အထီးကျန် လူဆင်းရဲ အမွဲနဲ့ တူသောကြောင့် ဒုက္ခသစ္စာ အထီးကျန် လူဆင်းရဲ အမွဲပါဘဲ(မှန်ပါ့)ဘယ်သူ ကူနိုင်ကြသတုံး—(မကူနိုင်ပါဘုရား)အမေကို ချစ်ပါသလေ၊ အမေအိုတာ, အမေနာတာ, အမေသေတာ သားသမီးက တတ်နိုင်ရဲ့လား....(မတတ်နိုင်ပါဘုရား)။

ဒါဖြင့် တကောင်ကြွက် အမွဲ(မှန်ပါ့) ပေါ်ပလား(ပေါ်ပါပြီ) အဖေကို ချစ်ပါသလေ၊ အဖေအိုတာ, နာတာ, သေတာကို သားသမီးက...(မတတ်နိုင်ပါဘုရား) သားသမီးကို ချစ်ပါသလေ၊ သားသမီး အိုတာ, နာတာ, သေတာကို အမေ့,အဖေက

(မတတ်နိုင်ပါဘုရား) ဒါဖြင့် အထီးကျန်၊ တကောင်ကြွက်၊ အမွဲ... (မှန်ပါ့)ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့လို ငွေစက္ကူမပေါလို့ ပြောတာ မဟုတ်ပါ ဘူး၊ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက အမွဲမို့ အမွဲပြောတာ(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ) သုပ္ပဗုဒ္ဓထောက်လဲ အမွဲဘဲနော်.... (မှန်ပါ့)သဘောကျပလား—(ကျပါပြီ)သူတော်ကောင်းရတနာ မရှိယင် ဘာတုံး....(အမွဲပါဘုရား)။

ခန္ဓာကိုယ်ရှိနေယင်ကော(အမွဲပါဘုရား) 'ကပဏ ဇနသဒိသ ဒုက္ခဒသနေန'လို့ သေသေချာချာဖွင့်ထားတယ်၊ ကိုင်း--ဒါဖြင့် တကာတကာမတို့ ယခု ဒီအထဲ လူချမ်းသာ ပါကြသလား... တဲ့ (မပါပါဘုရား)။

အို့ ဒီဘုန်းကြီးနဲ့ တွေ့ရတာ ကြက်သရေ ယုတ်ပါဘိလို့ အောက်မေ့ချင် အောက်မေ့နေမှာ မအောက်မေ့ပါနဲ့... တဲ့၊ ဦးညွန့်ကြီး အိုတာ ဘယ်သူ တတ်နိုင်သတုံး .... (မတတ်နိုင်ပါ ဘုရား) ခင်ဗျားပစ္စည်းက ကူညီနိုင်ရဲ့လား(မကူညီနိုင်ပါဘုရား) ဗိတာမင်များများသောက်ပါလားဗျ ရရဲ့လား အိုမှုကို(မရပါ ဘုရား)မရတော့ တပည့်တော်ဟာ လူဆင်းရဲ အမွဲပါဘုရား.... ဆိုထိုက် မဆိုထိုက်... (ဆိုထိုက်ပါဘယ်ဘုရား)။

ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကို ခင်ဗျား တို့က သုခသစ္စာလုပ်ချင်လို့ ဖြစ်ပါ့မလား....(မဖြစ်ပါ ဘုရား) သစ္စာဆိုတာသည် တကာတကာမတို့ မဖေါက်မပြန်မှန်တာကိုဆို ပါတယ်(မှန်ပါ့ဘုရား) ဘာကူလို့မှ မရဘူး၊ရပါ့မလား--(မရပါ ဘုရား) မဖေါက်မပြန် မှန်ဘာကို ဘာခေါ်ကြမလဲ—(သစ္စာလို့

ခေါ်ပါတယ်)သစ္စာဆိုတော့ ခင်ဗျားတို့ ယခု အတိတ်ဘဝက မသိဘဲနဲ့ မျက်စိကန်း လမ်းသွားလို့ ဒီမှာလဲတဲ့ ကိစ္စကြီးနဲ့နေတဲ့ ဥစ္စာ ဟောဒါက လဲတာ၊ သဘောကျပလား....(ကျပါတယ်)။

ဟောဒါက-အနာတွေ ပေါက်တာ....(မှန်ပါ)။

ဟောဒါက-ပြည်တွေ ထည့်နေတယ်....(မှန်ပါ)။

စောက ဆိုထားဘယ်၊ဒါက ပြည်ထည့်တာနော်(မှန်ပါ)ပြည်ထည့်နေတယ် အနာတွေကို၊ဟောဒါက ဆူးတွေဝိုင်းပြီးစူးဘာဖြစ်သလား (မှန်ပါ)။ ။(ဤနေရာ၌ စက်ဝိုင်းကို ပြ၍ ဟောသည်) အဲဒီမှာ ဝေဒနာသုံးပါး ပေါ်တယ်(မှန်ပါ)ကိုင်း-လူချမ်းသာသလား-လူဆင်းရဲလားပြောကြစမ်း(လူဆင်းရဲပါဘုရား) သေချာပသလား-(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ မသိတဲ့ ပုဂ္ဂိုလ် လမ်းသွားယင် ဆင်းရဲအတိ ကောန်ဖြစ်မှာကြောင့် ဒုက္ခသစ္စာပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါဘုရား)ရှင်းကြပလား(ရှင်းပါပြီ) ဖီးလိမ်းပြုပြင်ပြီးထားငြားသော်လဲ တကာတကာမတို့ အိုမှု-နာမှု-သေမှု ရပ်ကဲ့သလား(မရပ်ပါဘုရား) ဖီးရင်း မှတ်တတ်ဘဲ တခါတည်း ချွေးတွေ ထွက်လာတယ်.... (မှန်ပါ) လိမ်းရင်းမတ်ဘတ်နဲ့ဘဲ တကာတကာမတွေ တခါတည်း အိုဘတ်တာတွေ မလာဘူးလား....(လာပါတယ်ဘုရား) ။

အတွင်းက မီးလောင်တော့ တခါတည်း ချွေးတွေက ဆူထွက်လာတယ်(မှန်ပါ) ပြင်လို့ ဆင်လို့များ ပြီးကြသေးရဲ့လား.... (မပြီးပါဘုရား)ပြင်တိုင်း ဆင်တိုင်းကို မပျက်ဘူးလား....(ပျက်ပါတယ်ဘုရား) အဲဒီ ကတည်းကဲ့ နှိပ်စက်တဲ့ အနှိပ်စက်ခံရခြင်း ကြောင့် ဒုက္ခသစ္စာ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ

ဘုရား)ဒုက္ခသာ ပီဋနေတွေကို ဟောပြန်တယ်....(မှန်ပါ) သခ်
တတွေဘ-တဲ့ ခဏခဏပြုပြင်နေရသောကြောင့်လဲ ခင်ဗျားတို့ ယခု
၂-နံပါတ်ထဲမှာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)၊

ပြုပြင်ရတာ ဟော်ဘော်နေ ဟောင်းရပြန်ပြီ တကာတကာမ
တို့ တရားနာနေတာ ခဏကလေးထိုင်လိုက် ဟိုဘက်စောင်းလိုက်၊
ဘာဖြစ်လို့တုံး... (ဒုက္ခကြောင့်ပါ)ဒီဘက်လှည့်ပြန်တာက ဘာ
ဖြစ်တာတုံး.. (ဒုက္ခကြောင့်ပါဘုရား)ရေထ-သောက်ချင်တာက
ကော(ဒုက္ခကြောင့်ပါ)ကျင်ကြီး-ကျင်ငယ်စွန့်ချင်လို့ သွားနေ
ရတာကကော... (ဒုက္ခကြောင့်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့
ဘယ်အချိန်က သုခပါသတုံးမေးယင်....(မပါပါဘုရား)။

ဒါဖြင့် ယခု ၁-ထဲမှာ နေသလား ...၊၂-ထဲမှာနေသလား....
(၂ထဲမှာနေပါတယ်ဘုရား)ဘာသစ္စာနဲ့နေရသတုံး(ဒုက္ခသစ္စာ
နဲ့ နေရပါတယ်)ဘယ်ကာလလောက်ပါသိမ့်(ပစ္စုပ္ပန်ကာလပါ) ဟော
တရားနာတဲ့ ကာလကို ဒုက္ခသစ္စာ....(မှန်ပါ) ပေါ်ကြပလား....
(ပေါ်ပါပြီ) တရားနာနေရင်းခင်ဗျားတို့ခန္ဓာကြီးဘာသစ္စာတုံး
(ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် နေရာကျပြီတဲ့ သစ္စာသိပြီ....
ဒီထဲက စိတ်ပေါ်လဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အင်း-ဖဿဝေဒနာပေါ်လဲ....(ဒုက္ခသစ္စာပါ)မြင်စိတ်-ကြား
စိတ် မြင်ရုပ်-ကြားရုပ်တွေ ပေါ်ယင်ကော(ဒုက္ခသစ္စာပါဘုရား)

မြင်စိတ်တွေပေါ်ယင် .... (ဒုက္ခသစ္စာပါဘုရား)။

တွေ့တာတွေပေါ်ယင်ကော(ဒုက္ခသစ္စာပါဘုရား)။

ခံစားတာတွေပေါ်ယင်ကော(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ပြုလုပ်ချက်ကဖြင့် အ
တိတ်ဘဝကခင်ဗျားတို့၏ဆိုးဝါးမှုသည် ယခုတော့ ခံကြပေတော့

သဘောကျပလား၊ (ကျပါပြီ) အတိတ်ဘဝကခင်ဗျားတို့မသိဘဲနဲ့ လွမ်းသွားခဲ့ကြတယ်-(မှန်ပါ) သဘောကျပလား...(ကျပါပြီ)။

ယခုတော့ လဲမှု၊ အနာရမှု၊ ပြည်ထည့်မှု၊ ဆူးထိုးခံမှု၊ ဝေဒနာမျိုးစုံရမှုနှင့်ကြုံပြီ၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဒါဖြင့် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) လဲတာ လဲစမှာ ဒုက္ခသစ္စာ၊ အနာရတော့ကော...(ဒုက္ခသစ္စာ) ပြည်ထည့်တော့ကော.... (ဒုက္ခသစ္စာပါ) အနာပြည်ဆည့်နေတုန်းဖဿဘည်းဟူသော ဆူးတွေက ထိုးပြန်တော့....(ဒုက္ခသစ္စာပါဘုရား)။

ဆူးထိုးတော့ အနာတွေက ကြွပြီးရှလာပြန်တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဟော-ဝေဒနာတွေ ပေါ်လာတယ် (မှန်ပါ) သဘောကျပလား-(ကျပါပြီ) ခင်ဗျားတို့ ဝေဒနာဟာ လှည့်ခံမနေရဘူးလား ...(ခံနေရပါတယ်) ဆာတုန်းကော ဆာတဲ့ ဝေဒနာနဲ့ ခံနေရတယ်.... (မှန်ပါ) ဆာတုန်းတော့ ဘာတဲ့.... (ဆာတဲ့ဝေဒနာနဲ့ ခံနေရပါတယ်) ဝပြန်တော့ကော.... (ဝတဲ့ ဝေဒနာတွေခံနေရတယ်) ခက်ပြီကိုး- ခင်ဗျားတို့ဟာ ဆာပြန်တော့ ဆာနာပေါက်တယ်။

ဝပြန်တော့ကော.... (ဝနာပေါက်တယ်) ဘယ်မှာတုံး ခင်ဗျားတို့ ချမ်းသာတဲ့ အချိန် ပြောစမ်းပါဦး.... (မရှိပါဘုရား) အဲဒါ တကာတကာမတွေသည် ခဏခဏ ဆေးကုနေရတယ်ဆိုက တည်းက အဝတ်နဲ့ဆေးကုရတယ် (မှန်ပါ) သဘောကျပလား.... (ကျပါတယ်) အဝတ်တွေချုပ်ပြီးတော့ ဆေးမကုရဘူးလား.... (ကုရပါတယ်ဘုရား)။

ခင်ဗျားတို့ အခုဝတ်လာတာ ဘာထည်ဖြစ်ဖြစ် ပတ်တီးစီးလာတာမှတ်ပါ....(မှန်ပါ) ရိပ်မိလား....(ရိပ်မိပါပြီ) ဘာထည်

ဝတ်လာလာ ဘာတုံး....(ပတ်တီးစီးလာတာပါဘုရား) ဘာဖြစ်လို့စီးရတာတုံး....မစီးယင် ဒုက္ခရောက်မယ်.... (ရောက်ပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) ပတ်တီးစီးတော့ လေ့တိုက် နေတိုက်ကလေး မသက်သာဘူးလား.... (သက်သာပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ပင်ကိုယ်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာ ဘယ်သူကပြောသတုံးဆိုတော့ အဝတ်‌ဝတ်တာက ပြောတယ်....(မှန်ပါ) ပတ်တီးစီးတာက ပြောတယ်....(မှန်ပါ) သဘောကျပလား... (ကျပါတယ်) အကောင်းဖြစ်ယင် စီးဘို့လိုသေးသလား....(မလိုပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဒါဖြင့်ခင်ဗျားတို့အဝတ်တွေကလဲ ပတ်တီးစီးသောကြောင့် ဒုက္ခသစ္စာနော်... (မှန်ပါ) ဒီကျတော့ကို... တဲ့၊ ချိုချဉ်အစရှိသည် စားရပြန်တာကလဲ ခန္ဓာကိုယ်က ဆာတဲ့ အနာက မပေါက်လား (ပေါက်ပါတယ်ဘုရား)။

ပေါက်တဲ့အခါကျတော့ အဲဒီ ဆေးမတွေကော ဆောင်ခဲ့ရသလား....(ဆောင်ခဲ့ရပါတယ်) လျက်ဆားပုလင်းကလေး အစ, ချိုချဉ်ကလေးအစ,ဆောင်ခဲ့ရတယ်(မှန်ပါ)မဆောင်ရဘူးလား· ဆောင်ရသလား....(ဆောင်ရပါတယ်ဘုရား) ဘာဖြစ်လို့တုံး.... အနာက ရောက်ရာ ပေါက်မယ်ဘုရာ့.... (မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီ) အနာက ဘာတဲ့.... (ရောက်ရာ ပေါက်မှာပါဘုရား)။

ရောက်ရာပေါက်တို့ ဆေးနဲ့ကင်းပြီး လာခဲ့ရသလား၊ ဆေးကို လွယ်လာခဲ့ရသလား....(ဆေးကိုလွယ်လာရပါတယ်) ကိုယ့်ဆေးနဲ့ကိုယ်ပေါ့ဗျာ(မှန်ပါ) သဘောကျပလား(ကျပါတယ်)

နို့-ဆေးနဲ့ ကင်းလို့ကိုရတဲ့အချိန် ပြောစမ်း.... (မရှိပါဘုရား) တကာတကာမတွေ ဆေးနဲ့ကင်းလို့ ရတဲ့အချိန်.... (မရှိပါဘုရား) ဆာယင်အဆင်သင့်၊ ဆာနာပေါက်ယင် ကုဘို့အဆင်သင့်၊ ဂနာပေါက်ယင် အစာကြေဘို့ဆေးစားဘို့ အဆင်သင့် (မှန်ပါ့) မဟုတ်ဘူးလား... (မှန်ပါ့)။

ညောင်းယင် ဆန့်ဘို့ အဆင်သင့်ကော မလုပ်ရဘူးလား.... (လုပ်ရပါတယ်) ဒါဖြင့် ဆန့်နေရာက ညောင်းနာ ပေါက်လာယင် ကွေးဘို့ရာ အဆင်သင့်ကော ...(လုပ်ရပါတယ်)ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန် အနာကင်းသတုံး.... (မကင်းပါဘုရား) ဒါဖြင့် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)ပေါ်ပါပြီး တော်တော်ပေါ်လာပြီ...(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒီတိုက်ကြီးဟာ ဘာထင်ကြတုံး၊ ခင်ဗျားတို့ ပြောကြစမ်းပါဦး....ဆေးရုံကြီး၊ ဒီတိုက်ကြီးဟာ ဘာထင်ကြတုံး ...(ဆေးရုံကြီးပါဘုရား)ခင်ဗျားတို့က ဒီတိုက်ကြီးဟာ တော်တော် ကြီးကျယ်တယ်၊ ဒီလိုများ ဘယ်ဘော့နေရပါ့မတုံးဆိုဘာ ဒီဆေးရုံမှာ ဘယ်တော့ ငါကုရပါ့မတုံး ပြောတာနဲ့ အတူတူဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီသေတွေလုံအောင်ကာရတာက ဒီအိမ်သားတွေ ကျန်းမာဘို့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)လေလုံအောင် မကာလိုက်ယင် ဒီအိမ်သားတွေ ဘယ့်နှယ်နေမလဲ.... (မကျန်းမာပါဘုရား) ဒါဖြင့် ဒီဥစ္စာ ကျန်းမာမှုဆေးရုံ ဟုတ်ပါရဲ့လား.... ဒီမှာထားတဲ့ ဆန်အိတ် ဆီပုံးတွေက ဆေးတွေ၊ တကာတကာမတွေ ဒီအိမ်သားတွေ အကုန်ကုဘို့ထားတာ....(မှန်ပါ့) သဘော

ပါပလား....(ပါ-ပါပြီ)ဒါဖြင့် ဒီအိမ်ကြီးမှာ ဆေးရုံ၊ ဝယ်ချမ်းထားတာတွေက....(ဆေးတွေ)။

ဆေးတွေ-အထည်အလိပ်တွေက ပတ်တီးတွေ-(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) မောင်ဆွေတင်က ရယ်တယ်ကွ....ဒီအတိုင်းဖြစ်တာဘဲကွ ရှုပ်မနေနဲ့- သဘောပါပလား....(ပါပါပြီဘုရား) ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာမို့ အခြံအရံ ဘယ်လောက်လုပ်ရသတုံး....(လုပ်ရပါတယ်ဘုရား) ဒီအိမ်မှာရှိသ၍ အခြံအရံတွေဟာ ဘာတုံး တကာတကာမတို့....(စုံလို့ပါဘုရား)။

ဒီဟာတွေဆွဲထားတာ၊ဒါတွေဆွဲထားတာကလဲတကာတကာမတွေ မျက်လုံးကုရတာ....(မှန်ပါ့)မျက်လုံးတင့်တယ်အောင်လို့ ဟိုဘက်ကနေပြီးသကာလ အမှုန့်ဓါတ်တွေ မဝင်အောင်လို့ မျက်လုံးကုတဲ့ ဆေးတွေကော ပါကြရဲ့လား....(ပါ-ပါတယ်) နားကုတဲ့ဆေးတွေကော·(ပါပါတယ်) ခင်ဗျားတို့မျက်မှန်တပ်လာတာကြည့်၊ အနာပေါက်လို့ တပ်တာလား....၊ ရိုးရိုး အလှတပ်တာလား၊ ပြောကြစမ်းပါ.... (အနာပေါက်လို့ တပ်တာပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါကလား....ဒီအထဲမှာ မျက်မှန်သမားကလဲ မနည်းလှဘူး၊ ကိုင်း....ဒါဖြင့် တကာတကာမတို့ ကိုယ်စီကိုယ်ငှ အနာနဲ့ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဟေ့....မောင်ဆွဲတင် ကိုယ်စီကိုယ်ငှ အနာနဲ့ဆိုဘာ ပေါ်ပလား၊ မင်းတို့စောင်းပောနေတယ်လို့ အောက်မေ့မနေနဲ့ကွ-ကိုယ်စီကိုယ်ငှအနာနဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘာသစ္စာတွေစုပြီး ဒီနေရာ လာကြပါလိမ့်.... (ဒုက္ခ

သစ္စာတွေစုံပြီး လာတာပါဘုရား) ဩော်....ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေနဲ့ ဒီဆရာသမားနဲ့ လာတွေ့ပါလိမ့်မလဲလို့ ဆိုတော့ ဘုန်းကြီးကလဲ အကန်းလမ်းသွားလို့ ဒီခန္ဓာကြီးနဲ့ တွေ့နေရတယ်၊ ခင်ဗျားတို့ကလဲ အကန်းလမ်းသွားလို့ ဒီခန္ဓာ ငါးပါးကြီးနဲ့လာဆုံကြတယ်၊ ဒုက္ခသည်ချင်းကူနေတာ-(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးက အထွဋ်အထိပ်က မထားပါဘူး... (မှန်ပါ) ထားလို့ကော ဖြစ်ကဲ့လား....(မဖြစ်ပါဘုရား) ခင်ဗျားတို့ကလဲ အကန်း လမ်းသွားလို့ လဲကြကွဲကြတယ်၊ ဟုတ်လား....(မှန်ပါ) ဘုန်းကြီးကလဲ အကန်းလမ်းသွားလို့ ခန္ဓာကြီးက လဲတဲ့ကွဲတဲ့ ခန္ဓာကြီးဘဲ မရဘူးလား(ရပါသယ်) အဲဒီတော့ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေတာလို့မှတ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးကလဲ ဒုက္ခသစ္စာနဲ့ ပြောနေတာ.... (မှန်ပါ) ခင်ဗျားတို့ကကော(ဒုက္ခသစ္စာနဲ့နာနေတာပါ) ပေါ်ကြပလား (ပေါ်ပါပြီ) ဒါဖြင့် သမုဒယသစ္စာ ဒုက္ခ ဆိုဘာ ပေါ်ပြီ.... (မှန်ပါ) ခင်ဗျားတို့ ရထားတာ ဘာတဲ့... (သမုဒယ သစ္စာ ဒုက္ခ)မပေါ်သေးဘူးလား-(ပေါ်ပါပြီဘုရား) အလကားသာ ရှုတ်နေတာခင်ဗျားတို့... ကိုယ့်ကိုယ်ကို ကြည့်ပြီးတော့ ရှုတ်တာမှ မဟုတ်ဘဲ၊ ဒီကရှေ့ ဘယ်လိုရှုတ်ကြမလဲ (ကိုယ့်ကိုယ်ကို ကြည့်ပြီး တော့ ရှုတ်ပါမယ်ဘုရား)။

တကာတကာမတွေ ဘယ်လိုရှုတ်မလဲ... (ကိုယ့်ကိုယ်ကို ကြည့် ပြီးတော့ ရှုတ်ပါမယ်)ကိုယ့်ကိုယ်ကို ကြည့်ရှုတ်ရမယ်၊ ခင်ဗျား တို့က ဩော်.. လူတယောက်သေယင် အို... အနိစ္စကိုးကွ၊ကိုယ်က နိစ္စ လုပ်ထားတယ်၊ မလွဲဘူးလား-(လွဲပါတယ်) သူသေပြန်ပြီဆို

အို....အနိစ္စ ခန္ဓာကိုယ် ဘယ်လွတ်မလဲကွာ ဆိုတော့ ကိုယ့်ကိုယ်တော့ စဉ်းစားမိရဲ့လား....(မစဉ်းစားမိပါဘုရား)။

အင်း.... သူတော့ သေပဟေ့၊ ဒို့ကတော့ဖြင့် မသေသေးဘူး၊ ဒီလိုမလာဘူးလား .... (လာပါတယ်) ကိုယ့်ဒုက္ခသစ္စာကိုယ်မြင်ရဲ့လား....(မမြင်ပါဘုရား) ဒါကြောင့် ခင်ဗျားတို့ကို ရှင်းရှင်းဘဲ ပြောပါတယ်၊ အခု တရားနာနေကြတဲ့ တကာတကာ မတွေ့ဟာ လွတ်လွတ်လပ်လပ်ဘုရားနာနေတာလား၊ ဇရာဗျာဓိက နောက်က ရိုက်နှက်ပြီး သုသာန် ပို့နေရင်း နာရတာလွား.... (သုသာန်ပို့ရင်း နာရတာပါဘုရား)။

ဘုန်းကြီးကလဲ ဘယ်နေရာ တရားဟောနေပါလိမ့်၊ ဘုန်းကြီးကလဲ သုသာန်သွားရင်း ဟောနေတာ၊ရိပ်မိပလား (ရိပ်မိပါပြီ) ခင်ဗျားတို့က ဘယ်သွားရင်းနာနေတာလဲ.... (သုသာန်သွားရင်းနာနေတာပါ)အဲဒါသိမှ ဒုက္ခသည်မှန်း သိမှာ .... (မှန်ပါ) သဘောပါလား.... (ပါ-ပါတယ်) ဘုန်းကြီးက ဘယ်သွားရင်း တရားဟောနေတာပါလိမ့်.... (သုသာန် သွားရင်း တရားဟောပါတယ်)ခင်ဗျားတို့ ဘယ်အချိန် တရားနာကြလဲ.... (သုသာန်သွားရင်း နာပါတယ်ဘုရား)။

ရပ်လို့များ ရကြရဲ့လား....(မရပါဘုရား) တနာရီထက် တနာရီ သုသာန်နဲ့ မနီးဘူးလား.... (နီးပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဇရာ မရဏတွေက အမြဲ၊ ဇရာဗျာဓိက အမြဲရိုက်နှက်ထုတ်နေလို့ သုသာန်နဲ့နီးတာ.... (မှန်ပါ) မနီးဘူးလား....(နီးပါတယ်ဘုရား) ဒါဖြင့် အနှိပ်စက်ခံရသော ကြောင့်ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ပေါ်ပြီလား.... (ပေါ်ပါပြီဘုရား)တော်တော်ပေါ်လာပြီ....(မှန်ပါဘုရား)။

သခင်ဝတင် ပေါ်ပလား....(ပေါ်ပါပြီဘုရား) အနှိပ်စက်ခံရသောကြောင့်....(ဒုက္ခသစ္စာပါဘုရား) ကျုပ်တို့ ယခု ဒီထဲမှာနေကြတယ်၊ဇရာဗျာဓိက တကာတကာမတို့ မနှိပ်စက်ဘူးလား-နှိပ်စက်သလား....(နှိပ်စက်ပါတယ်ဘုရား) ဒါဖြင့် ဒီနှိပ်စက်ခံရင်း တရားနာနေရသောကြောင့် ဒီခန္ဓာကြီး ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ) ဘုန်းကြီးကလဲ အနှိပ်စက်ခံရင်း မတ်တက်နဲ့နည်းလမ်းပေးနေသောကြောင့် ဘုန်းကြီးခန္ဓာလဲ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသ ပိဋ္ဌနတ္တော ဆိုတာပေါ်လာဘာယ်.... (ပေါ်လာပါတယ်)မပေါ်သေးဘူးလား... (ပေါ်ပါတယ်ဘုရား) ဒုက္ခဿ=ဒုက္ခသစ္စာ၏၊ ပိဋ္ဌနတ္တော= သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်သော သဘောသည်လည်းကောင်း...ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါတယ်)ဘုရားကိုင်ရဲ့လား.... (မင်္ဂပါဘုရား) ဘုရားက နေပူစာ လှုံနေတော့ ဖရှင်အာနန္ဒာက .... "အရှင်ဘုရား တယ်ကြည်ညိုဘွယ်ကောင်းတဲ့ ခန္ဓာကြီးတောင် အရေတွေ တွန့်ကုန်ပြီဘုရာ့" ပြောတာ(မှန်ပါ) မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဲဒီပြောတဲ့ အချိန်ကျတော့မှ အာနန္ဒာ .... ဇရာ ဗျာဓိဒဏ်ဟာ ဘယ်သူမှ မလွန်ဆန်နိုင်ဘူးကွ၊ ဒုက္ခသစ္စာ ဒုက္ခသစ္စာ ပြောမှာဘဲကွ....(မှန်ပါ) မင်းဘာမှ တွေးတော မနေနဲ့လို့ ဘုရားက ပြန်မဟောဘူးလား.... (ဟောပါတယ်) ကဲ...ဒါဖြင့် ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)ဒါကြောင့် ဒီအထဲမှာ တကာတကာမတို့....အရိုက်အနှက်လွတ်လပ်နေတဲ့ တကာတကာမများ

ပါသေးသလား....(မပါ-ပါဘုရား) ရိုက်နှက်လျက်နဲ့ အရိုက်နှက်ခံရင်း တရားနာနေရတာ....(မှန်ပါ့ဘုရား)။

ဇရာက ရိုက်လျက်၊ ဇာတိကနေကာ.... (ရိုက်လျက်ပါဘုရား) မယုံလို့ရှိယင် ဘုန်းကြီး လက်တွေ့ပြမယ်၊ခင်ဗျားတို့ ခန္ဓာကို စမ်းကြည့်၊ ပူသေးတယ်(ပူပါတယ်) အဲဒါ မီးလောင်နေတာ.... (မှန်ပါ့ဘုရား) ဇရာမီးက လောင်ပြီး - ပြောင်အောင်လုပ်နေတာ သူနှိပ်စက်နေတာ ပေါ်ပလား....(ပေါ်ပါပြီ) မယုံသက်နဲ့ စမ်းပါ...(မှန်ပါ) တကာတကာမတွေ ကိုယ့်ကိုယ်ဘဲ ရင်ဘတ်စမ်းကြည့်စမ်း နွေးကြရဲ့လား နွေးပါတယ်ဘုရား)။

နွေးတယ်ဆိုတာသည် ကြာတော့ကို တကာတကာမတို့ ပြင်းထန်မလာဘူးလား.... (လာပါတယ်ဘုရား) ပြင်းထန်လာတော့ ဒီနွေးတဲ့ တေဇောဆိုတဲ့မီးသည် ဘယ်သူ့ လောင်သတုံးမေးယင် ဘယ့်နှယ်ပြောမလဲ .... (ခန္ဓာကိုယ်လောင်ပါတယ်ဘုရား) ဘယ်အချိန် ရပ်သတုံး .. (မရပ်ပါဘုရား) ဒါကြောင့် ဇရာဗျာဓိတွေက အမြဲ နှိပ်စက်ခံရသောကြောင့် ရထားတဲ့ ပစ္စုပ္ပန်ခန္ဓာကို ဘာသစ္စာဖွဲ့မလဲ.... (ဒုက္ခသစ္စာဖွဲ့ပါမယ်) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ပေါ်ပြီဆိုတာ ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဿ ပီဠနတ္ထော ဆိုတဲ့ အဓိပ္ပါယ်က ဒါကိုသိမှ ဖြစ်မှာကိုးဗျ....(မှန်ပါ)သဘောကျပလား(ကျပါပြီ)ကောင်းပြီ ဒါဖြင့် တကာတကာမတို့သင်္ခတတွေ လေးချက်ပြောလိုက်မယ်၊ ဒါ ကိစ္စဉာဏ်နော်(မှန်ပါ)အနှိပ်စက်ခံရတာ သိယင် အနှိပ်စက်ခံရတာက ခန္ဓာ၊သိတာက ဉာဏ် ... (မှန်ပါ) အနှိပ်စက်ခံရခြင်းကိစ္စကိုသိလို့ရှိယင် ဉာဏ်မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)

ဒါဖြင့် ခန္ဓာက အနှိပ်စက်ခံရတဲ့ကိစ္စ၊ နှိပ်စက်ခံရမှုကို သိတာက ဉာဏ်....(မှန်ပါ)။

ဒါဖြင့် ကိစ္စနဲ့ဉာဏ်နဲ့ ပေါင်းပါ....(ကိစ္စဉာဏ်ပါဘုရား) ခင်ဗျားတို့က ဘာဟောနေတယ်လို အစက မသိဘူး၊ ပျော်စရာ ပြောနေတယ် အောက်မေ့နေတယ်၊ ဘယ်ဟုတ်မလဲ၊ ကိစ္စဉာဏ် ဟောနေတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်ဉာဏ် ဟောနေသလဲ... (ကိစ္စဉာဏ်ဟောနေပါတယ် ဘုရား) ကိစ္စဉာဏ် ဟောနေတယ်ဆိုတာ သဘောကျပလား... (ကျပါပြီ) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးမှာ တကားတကာမတွေ့... ဇရာ ဗျာဓိက မနှိပ်စက်တဲ့ ပုဂ္ဂိုလ် ဘယ်အချိန် မနှိပ်စက်ဘူးလို့ ဒီအထဲမှာ ပြောနိုင်တဲ့ပုဂ္ဂိုလ်ပါရဲ့လား... (မပါ-ပါဘုရား)။

အမြဲတမ်းနှိပ်စက်ခြင်းမခံရဘူးလား .... (ခံရပါတယ်ဘုရား) ဒါဖြင့် အနှိပ်စက်ခံခြင်း ကိစ္စသည် ဒီခန္ဓာ ငါးပါးမှာ ရှိ-မရှိ (ရှိပါတယ်ဘုရား)ဒါဖြင့် ခန္ဓာငါးပါး၏ ကိစ္စဟာ ဘာကိစ္စတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အနှိပ်စက် ခံရတဲ့ ကိစ္စပါ) အနှိပ်စက် ခံရခြင်း ကိစ္စကို ဒီက ဉာဏ်က သိပေးပါ၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဉာဏ်က ဘာလုပ်ရမယ်....(သိပေးရပါမယ်) ဒီဒုက္ခ ကိစ္စကို သိပါ၊ သိတာက ဘာပါလိမ့်....(ဉာဏ်)ဒါဖြင့် ကိစ္စနဲ့ဉာဏ်နဲ့ ပေါင်းပါ....(ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်များခက်တယ် ထင်နေတယ် ခင်ဗျားတို့က၊ ခက်သေးရဲ့လား(မခက်ပါဘုရား) ဩော်... ကိစ္စဉာဏ် ဆိုတာဟော့ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်မှ သိတာ၊ ဒါဖြင့် ကျွတ်တမ်းမဝင်တဲ့ ပုဂ္ဂိုလ် ကျွတ်စရာကို မရှိ တော့ဘူး၊ ဒီအဓိပ္ပါယ်မရဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့် အခုသိပါသလား.... တဲ့၊ ဒီတရားကလေးတွေကလဲ ဇရာဗျာဓိ၊ ဖဿကလေးမှာလဲ တကာတကာမတို့ နာမ်၏ ဇရာ နာမ်၏မရဏမရှိဘူးလား... (ရှိပါတယ်ဘုရား စာသမားတွေမှာ မရှိဘူးလား.... (ရှိပါတယ်)အဲဒီတော့ သူ့မှာလဲဗျာဓိမရဏတွေ ဇရာ မရတွေ နှိပ်စက်-မနှိပ်စက်.... (နှိပ်စက်ပါတယ်)ဝေဒနာ ကလေးမှာလဲ....(နှိပ်စက်ပါတယ်)နှိပ်စက်ခြင်း မခံရဘူးလား.... (ခံရပါတယ်ဘုရား)။

ဘယ်အချိန် မခံရတဲ့အချိန်ရှိသလဲ...(မရှိပါဘုရား)ဒါဖြင့် ခန္ဓာထဲမှာ ဇရာ ဗျာဓိရှိတယ် .. (ရှိပါတယ်)မရှိဘူးလား (ရှိပါ တယ်ဘုရား) ဇရာမရဏကော.... (ရှိပါတယ်ဘုရား) ဒါဖြင့် အမြဲနှိပ်စက်ခံနေရသောကြောင့် ဒီခန္ဓာကြီးမှာ ဘာကိစ္စရှိသတုံး (အနှိပ်စက်ခံရတဲ့ ကိစ္စရှိပါတယ်) အနှိပ်စက်ခံရတဲ့ ကိစ္စရှိတယ်၊ အဲဒီ ကိစ္စကို သိတဲ့ဉာဏ်ကိုဘာဉာဏ်ခေါ်ကြမလဲ....(ကိစ္စဉာဏ် ပါဘုရား) ဟော.... ကိစ္စဉာဏ် ပေါ်ပလား .... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ပီဠနဋ္ဌော ဆိုတာဖြင့် ကျေနပ်လောက် ပါပြီ.... (မှန်ပါ့) သခ်ီတတ္ထော-ပြောပါဦးမယ်တဲ့၊ ကိစ္စဉာဏ်လေးချက် ပြောမယ်၊ သခ်ီတတ္ထောတဲ့၊တကာတကာမတို့ဘဏ္ဍာယော-ကျ်ား လက်သမားသည် ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရခါမသေ့ အမြဲ ခံနေရတဲ့ အနက်သဘောသည် လည်းကောင်း၊ ခင်ဗျားတို့ရဲ့ ခန္ဓာကြီးကို တဏှာက ပြုပြင်သလို ခံနေရတယ်.... (မှန်ပါ့) တဏှာကရုံးသွားလိုက်၊ မင်း ဒါမှ ငွေရမယ်ဆိုတော့ ခန္ဓာကြီးက ပြေးတယ်၊မပြေးရဘူးလား....(ပြေးရပါတယ်ဘုရား)။

ဒါမှ မင်း ငွေရမယ်၊ အစိုးရ အလုပ်သမားဆိုယင် ရုံးသွား

လိုက်ဆိုတော့ တဏှာက ခိုင်းတာ....(မှန်ပါ) တဏှာခိုင်းရာကို ရုပ်နာမ်က မပြေးရဘူးလား...(ပြေးရပါတယ်ဘုရား)ဒါဖြင့် တဏှာပြုပြင်ရာ ခံနေရသောကြောင့်လဲ ဒီခန္ဓာကြီးဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)သဘောကျပလား..(ကျပါပြီ) တဏှာက ငါ့ကို အဝတ်ဆင်ပေးဦးဆိုတော့ ဆင်မပေးရဘူးလား...(ပေးရပါတယ်ဘုရား)။

ဒါဖြင့် တဏှာပြုပြင်တိုင်း ကျုပ်တို့က လိုက်နာနေရသောကြောင့် ဒီခန္ဓာ ဘာသစ္စာ ဆိုမလဲ.... (ဒုက္ခသစ္စာပါဘုရား) တဏှာက ထမင်းဆာတယ်ကွဆိုတော့ ဆာတဲ့တဏှာ ပေါ်လာတယ်...(မှန်ပါ)ကဗျာကရာ ချက်ကျွေးတန်ကျွေး၊ ဝယ်ကျွေးတန် ကျွေးတာက တကာတကာမတွေ တဏှာနှိပ်စက်တဲ့အတိုင်း ခင်ဗျားတို့ မလိုက်နာရဘူးလား....(လိုက်နာရပါတယ်ဘုရား) ဒါဖြင့် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)ဒါဖြင့် တဏှာပြုပြင်ရာ ခံရသောကြောင့်လဲ ဒီခန္ဓာကြီး ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ကိုင်း.... တကာတကာမတွေ လွတ်လပ်ပါရဲ့လား .... (မလွတ်လပ်ပါဘုရား)။

သန္တာပတ္တာတဲ့....၊ သန္တာပတ္တာ = ဆင်းရဲမီးဖြင့် ငြီးငြီး တောက်ပြောင် အမြဲ လောင်နေတဲ့ အနက် သဘောသည်လည်း ကောင်း၊ တကာတကာမတို့ သန္တာပတ္တ ကူးလိုက်ပြီ၊ သန္တာပတ္တ ဆိုတော့ ဒီထဲမှာ စိတ်ကလေး ပေါ်လာလဲ ဇရာ မရဏ မီးလောင်တော့ မပြောင်ဘူးလား....(ပြောင်ပါတယ်ဘုရား) ဝေဒနာကလေး ပေါ်လာတော့....(ပြောင်ပါတယ်ဘုရား) ရုပ်ကလေး ပေါ်လာတော့....(ပြောင်ပါတယ်ဘုရား)ဒါဖြင့်

မီးလောင်လို့ ပြောင်တယ်....(မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်တဲ့ ကိစ္စသည် ရုပ်နာမ်မှာ ရှိ-မရှိ(ရှိပါတယ်ဘုရား) အဲဒီ ရုပ်နာမ်မှာ မီးလောင်လို့ ပြောင်မှန်း သိတဲ့ .... ဉာဏ်သည် ဘာဉာဏ်ဆိုကြမလဲ.... (ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်၊ သစ်တတ္တကိစ္စဉာဏ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ကိုင်း-ဒါဖြင့် ကိစ္စဉာဏ်လေးချက်ကို တကာတကာမတွေ့ရှင်းပြီး ပြောသွားမယ်၊ ဝိပရိဏာမတွော၊ ဝေဒနာကလေးကပေါ်တယ်၊ တကာတကာမတို့....(မှန်ပါ့)။

တော်တော်ကြာ.... ဗီ....ချမ်းသာသာလိုလိုနဲ့.... ချမ်းသာတာကလေးက ရှိသေးရဲ့လား.... (မရှိပါဘုရား) ဆင်းရဲသလိုလိုနဲ့ ဆင်းရဲတာကလေးကကော.... (မရှိပါဘုရား) အလတ်စားလိုလိုနဲ့ အလတ်စား ကလေးကကော ရှာတွေ့သေးရဲ့လား... (မတွေ့ပါ) ဒါဖြင့် ဖောက်ပြန် ပျက်စီးသွားတဲ့ သဘော မရှိဘူးသား....(ရှိပါတယ်ဘုရား) ဒါဖြင့် ဖေါက်ပြန်ပျက်စီးတာကဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား....(မှန်ပါ့)။

အဲဒီ ဖေါက်ပြန်ပျက်စီးတဲ့ ကိစ္စကို သိတဲ့ဉာဏ်ကဘာဉာဏ်ခေါ်မတုံး-(ကိစ္စဉာဏ်ပါဘုရား)အဲ... ကိစ္စဉာဏ်ဟာဝိပဿနာထဲ အကုန်ပါသွားတယ်.... (မှန်ပါ့) ရိပ်မိကြပလား(ရိပ်မိပါပြီ) ခင်ဗျားတို့ အနိစ္စလဲ ဒီအထဲမှာ ဘယ့်နှယ်တုံး....(ပါ-ပါတယ်ဘုရား) ဒုက္ခကော... (ပါ—ပါတယ်) အနတ္တကော (ပါ-ပါတယ်ဘုရား)အသုဘကော .... (ပါ-ပါတယ်ဘုရား) ဒါဖြင့် ဒီဉာဏ်နဲ့သာ တက်ပါ၊ ဟိုဉာဏ်စဉ်တွေ ရှည်နေတယ်၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

သမ္မသနကနေ တက်မနေနဲ့၊ ဥဒယဗ္ဗယကနေ တက်မနေနဲ့ (မှန်ပါ) သမ္မဉာဏ်ကစတက်၊ သစ္စဉာဏ်ပြီး ဘယ်ဉာဏ်တက်မယ်...(ကိစ္စဉာဏ်တက်ရပါမယ်) ကဘဉာဏ်ကျတော့ နိဗ္ဗာန်မရောက်သေးဘူးလား...(ရောက်ပါပြီဘုရား)ဒါဖြင့် ခင်ဗျားတို့အသက်တမ်း တိုတိုနဲ့ အရှည်လိုက်မလား၊ အတိုလိုက်မလား.... (အတိုလိုက်ပါမယ်ဘုရား) အတိုလိုက်မယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့... ခင်ဗျားတို့ကလဲ အသက်တမ်းတိုတယ်... နော်၊ ဆရာသခင်ကကာ....(တိုပါတယ် ဘုရား) အရှည် လိုက်နေယင်.... (မဖြစ်ပါဘုရား)မဖြစ်ဘူး ဆိုတာသေချာ ပလား .. (သေချာပါပြီ)ဒါဖြင့် တကာတကာမတို့....တို့ကိစ္စဉာဏ်နဲ့ သစ္စဉာဏ် ရှေးဦးစွာ ဩော်-ဒါတွေ ဒုက္ခသစ္စာသို့ သိတာက သစ္စဉာဏ်....(မှန်ပါ)ဒါနေတဲ့မှာ နှိပ်စက်တဲ့ကိစ္စ၊ပူပြင်ရတဲ့ကိစ္စ၊ ပူပန်ရတဲ့ကိစ္စ၊ ဖေါက်ပြန်ရတဲ့ကိစ္စ ရှိ-မရှိ .. (ရှိပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ) ဒီ ကိစ္စတွေကို ပျောက်ပျောက်သွားတာမြင်တိုင်း ဩော်-သူ့ကိစ္စနှိပ်စက်တာကိုး ဆိုတာမသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့်-ပျောက်ပျက်တဲ့ကိစ္စ သူ့မှာရှိ-မရှိ (ရှိပါတယ်ဘုရား) အဲဒါသိတဲ့ဉာဏ် ဘာဉာဏ်ခေါ်မယ် (ကိစ္စဉာဏ်ခေါ်ပါတယ်) ဒါဖြင့် ဒီ ကိစ္စကို သိတဲ့ဉာဏ်သည် တကာ တကာမတို့ တဏှာ ဥပါဒါန် ကံ တွေကို မဖြတ်ဘူးလား....(ဖြတ်ပါတယ်ဘုရား) တဏှာတွင် ဖြတ်သလား... (ဥပါဒါန်ပါဖြတ်ပါတယ်) ဥပါဒါန်ကော....(ဖြတ်ပါတယ်)ကံကော....(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယနေ့ ကံဖြတ်လာကြတာပေါ့....(မှန်ပါ

ဘုရား)သဘောကျပလား(ကျပါပြီ)ဒီ ကံကို မဖြတ်ယင် ဇာတိ လာမယ်....(မှန်ပါ့) ဒီကံကိုမဖြတ်ယင် ဘာလာမယ် ထင်သတုံး (ဇာတိလာပါမယ်) ဇာတိဘာသစ္စာတုံး - (ဒုက္ခသစ္စာပါဘုရား) ကိုင်းဒါဖြင့် ကံဖြတ်လိုက်တော့ တကာတကာမတို့ဇာတိလာသေး ရဲ့လား....(မလာပါဘုရား) ဒါဖြင့် ကံကို ဖြတ်ချင်လို့ရှိယင် ကံက ရှေ့ပိုင်းရောက်နေတော့ တဏှာဖြတ်လိုက်ယင် ဥပါဒါန် လာသေးရဲ့လား.. (မလာပါဘုရား) မလာယင် နောက်ကံ ကော....(မလာပါဘုရား)။

ဒါဖြင့် တဏှာသိမ်းနိဗ္ဗာန်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ ဘုရား) ဒီဘက်ကခန္ဓာသိမ်းနိဗ္ဗာန်ဆိုတာကော (ပေါ်ပါပြီ) ဒီ တဏှာသိမ်းလိုက်ယင် ဒီခန္ဓာကော-(မလာပါ) သိမ်းပြီးသွားဘဲ ဆိုတာပေါ်ကြပလား-(ပေါ်ပါပြီ)ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဪ-ကိုယ့်ခန္ဓာကြီးဟာဒီအတိုင်းဘဲဒီခန္ဓာကြီး၏ ကိစ္စကိုသိယင် ကိစ္စဉာဏ်ရယင်ပြီးတာဘဲ.. (မှန်ပါ့) သဘောကျ ပလား.. (ကျပါပြီ)။

ကိစ္စဉာဏ်သည် တကာတကာမတို့ သိရမည့်ဉာဏ်လား-ပွား များရမည့်ဉာဏ်လား-(ပွားများရမည့်ဉာဏ်ပါဘုရား)ပွားများ ရမည့်ဉာဏ်ဆိုတာ သေသေချာချာမှတ်ပါ-(မှန်ပါ့) ကိစ္စဉာဏ် ဆိုတာ ဘာပါလိမ့်... (ပွားများရမည့်ဉာဏ်ပါဘုရား) ဒီကကိစ္စ ပေါ်တိုင်းပေါ်တိုင်း ဒီက သိ-သိပေးရမယ် (မှန်ပါ့) ကိစ္စပေါ် တိုင်း-(သိ-သိပေးရပါမယ်) ဒါဖြင့်အသိပေါင်း ဘယ်လောက် ပါလိမ့်ဆိုတော့ အများကြီး... (မှန်ပါ့)။

ကိစ္စကိုသိတဲ့ အသိပေါင်းအများကြီး ဖြစ်လို့ရှိယင် ကတ ရောက်တော့မယ်....(မှန်ပါ့) မရောက်ပေဘူးလား....(ရောက်ပါ

တယ်ဘုရား) ဘာဖြစ်လို့တုံး သူ့ဘာဝေဘဗ္ဗကိစ္စက ဒီနေရာမှာ ကိုးဗျ....(မှန်ပါ)သဘောပါပလား....(ပါပါပြီဘုရား) ဒါဖြင့် ကိစ္စဉာဏ်သည် ဝိပဿနာဉာဏ်....(မှန်ပါ)ကဘာဉာဏ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်(မှန်ပါ)ဒီလိုခွဲယူပါ သဘောကျပလား....(ကျပါတယ်)ကိစ္စဉာဏ်သည်-(ဝိပဿနာဉာဏ်ပါ) ကတဉာဏ်သည် (မဂ်ဉာဏ်ဖိုလ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးပြတဲ့လမ်းက သာမနီးဘူးလား(နီးပါတယ်ဘုရား)ဒါဖြင့် ဒီလမ်းကိုလိုက်ပါလားဗျ၊ခင်ဗျားတို့ကရောဂါက များ၊အသက်ကတို၊ မင်းစိုးရာဇာကဲ ပူ၊ဥတုဆုသီက မကောင်း အရှည်ကြီးလိုက်နေ ဘယ်တော့နိဗ္ဗာန်ရမှာတုံး-(မရပါဘုရား) ရဘို့ကောမြင်သေးရဲ့လား-(မမြင်ပါဘုရား) အဲဒီတော့ မျက်စိလည်လို့ လိုက်နေတာ ဒီဉာဏ်သုံးခုနဲ့ အရှင်ကောဏ္ဍည ပြီးသွားတာ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

အရှင်ကောဏ္ဍညဒီ့ပြင်ဉာဏ်များပါသေးသလား (မပါပါ ဘုရား) သစ္စဉာဏ်ကို ဘုရားက ရှေးဦးစွာ ဟောလိုက်တယ်၊ ပြီးတော့ ဘာဟောတုံး-(ကိစ္စဉာဏ်ဟောပါတယ်)နောက် ဘာ ဉာဏ်ဟောသတုံး-(ကတဉာဏ်ပါဘုရား)အဲဒီတော့ ကောဏ္ဍည သိသွားပြီကွ... နိဗ္ဗာန် သိသွားပြီလို့ ဘုရားက ကြေငြာ မပေးဘူးလား....(ပေးပါတယ်ဘုရား)နို့-ပေးတဲ့ ဝတ္ထုသက်သေ သာဓက-ကလဲ တကာတကာမတို့ရှားသလား-တဲ့၊တရားဦးလား (တရားဦးပါဘုရား)၊

ခင်ဗျားတို့က တရားဦးမလိုက်ဘူး၊ တရားလယ် လိုက်နေလို့ ပိကျနေတာ၊ ရိပ်မိပလား(ရိပ်ပါပြီ) တရားဦးမှ ပုဂ္ဂိုလ်သတ္တဝါ မငဲ့တာ-(မှန်ပါ)တရားလယ်တွေကျတော့ ပုဂ္ဂိုလ်သတ္တဝါ ငဲ့

ဟောရတာ ပါလာတယ်၊ မပါဘူးလား....(ပါပါတယ်)ဒီပုဂ္ဂိုလ် ဟောတာတွေဟာ ဒီတရားဟောမှ ဟိုပုဂ္ဂိုလ် ဟိုတရားဟောမှ ဆိုတဲ့ အလယ်တရားတွေကပုဂ္ဂိုလ်လိုက်ဟောတာ၊ ရှေးဦးစွာ ဟောတဲ့ တရားက ပုဂ္ဂိုလ် လိုက်သေးရဲ့လား....(မလိုက်ပါဘူးရား)။

ဘာဟောတုံး(သစ္စဉာဏ်ဟောပါတယ်) သစ္စဉာဏ်ပြီးတော့ ဘာဟောတုံး(ကိစ္စဉာဏ်ဟောပါတယ်)ပြီးတော့ ဘာဟောတုံး (ကတဉာဏ်ဟောပါတယ်)အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါဝင်သေးရဲ့ လား....(မဝင်ပါဘူးရား) ပုဂ္ဂိုလ်သတ္တဝါ မဝင်တဲ့ တရားမှ ဓမ္မ ဓိဋ္ဌာန်လို့ မှတ်(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီ)ပုဂ္ဂိုလ်သတ္တဝါ ဝင်ဟောတဲ့တရားဟာ ငါ့ကိုဟောတာမဟုတ်ဘူးလို့မှတ်၊ သူ့အ တွက်သာယက်သက်.(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က ဘယ်ဟာတွေ လိုက်နေကြပါလိမ့်မတုံး လို့ ဒီတကာတကာမတွေ ဘုန်းကြီးက မေးစိစစ်လိုက်တဲ့အခါ ကျတော့ ဘယ်သူဟာ ဘာနဲ့ကျွတ်သွားတယ်၊ ဟာ့...သူကျွတ် တာကွ မနဲ့ မဆိုင်ဘူး....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဥပမာမယ်'ဒိဋ္ဌဓိဋ္ဌမတ္တ'လို့ဒါရုစိရိယကိုဟောတယ်၊ဒါရုစိရိယ ကိုဟောတာ ခင်ဗျားတို့က သွားမလုပ်နဲ့ ဒါရုစိရိယတယောက် တည်းရတာ(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ) ဒီ့ပြင်လူ ရမယ် ထင်သလား(မရပါဘူးရား) မရဘူး၊ သူက ခိပ္ပါဘိညာမို့ရတာ- (မှန်ပါ့)သဘောပေါလား....(ပေါပါပြီ)။

ဒါရုစိရိယဟောတဲ့တရားကို အရှင်စူဠပန်သွားဟောသယ်ရပါ့ မလား....(မရပါဘူးရား)ပေါ်ပလား....(ပေါ်ပါပြီ) ဒါဖြင့် အချားနဲ့ ဆက်ဆံတဲ့တရား လိုက်ပါ(မှန်ပါ့) ပုဂ္ဂိုလ်နဲ့ဟောတဲ့ တရားကို မလိုက်ပါနဲ့ဆိုတော့ သစ္စဉာဏ်,ကိစ္စဉာဏ်, ကတဉာဏ်

တကာတကာမတို့ ပုဂ္ဂိုလ် လိုက်သေးရဲ့လား .... (မလိုက်ပါဘုရား)ဘယ်ပုဂ္ဂိုလ်မဆို သစ္စာဟောရမှာကိုးဗျ....(မှန်ပါ့)သစ္စာမဟောဘဲနဲ့ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ် ရှိရဲ့လား... (မရှိပါဘုရား)။

ခုနက ပြောခဲ့ပါပြီ တကာတကာမတို့ တိုင်မပါဘဲနဲ့ဒိုင်းတင်ခဲ့တယ်ဆိုယင် ဘုရားက မယုံနဲ့တဲ့၊ ခင်ဗျားတို့ကော ယုံရဲ့လား (မယုံပါဘုရား) အဲ... သစ္စာကိစ္စ မပါဘဲနဲ့ နိဗ္ဗာန် ရတယ်ဆိုယင် ဘယ်သူမှ မယုံနဲ့ ဆိုတော့ ဒါက အများဟောတာ(မှန်ပါ့)ပေါ်ပလား .. (ပေါ်ပါပြီ)ဒါဖြင့် ခင်ဗျားတို့မှာ အခု တရားဟောရတယ်မရှိဘူး၊ဉာဏ်ချိန်ခွင်ပေးနေရတာနဲ့ အချိန်ကုန်နေတာ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) ဘာပေးနေရတာတုံး....(ဉာဏ်ချိန်ခွင် ပေးနေရတာပါဘုရား)။

ခင်ဗျားတို့က ဉာဏ်ချိန်ခွင်မရှိတော့အစိတ်သားထည့်လိုက်လဲ ဩြော်-တပိဿာဘဲ၊ ဉာဏ်ချိန်ခွင်မှ မပါဘဲကိုး(မှန်ပါ့)ဘယ်သူဟောသွားသတဲ့ ဘုန်းကြီးက သိပ်ကောင်းတာ မြင်ကာမတ္တနဲ့ရတယ် နိဗ္ဗာန်မရောက်သတဲ့၊ ဟာ ...အဲဒါ ဒါရုစိရိယ ဟောတာ၊ ခင်ဗျားဟောတာမဟုတ်ဘူး၊ ရိပ်မိရဲ့လား....(ရိပ်မိပါပြီ)ဒါရုစိရိယဟောတဲ့တရား ခင်ဗျားတို့နိဗ္ဗာန် ရောက်နိုင်ပါ့မလား(မရောက်နိုင်ပါဘုရား)မရောက်နိုင်ဘူးဗျ၊ စူဠပန် ဟောတဲ့တရား ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါ့မလား ...(မရောက်နိုင်ပါဘုရား)။

အရှင်သာရိပုတ္တရာ ဟောတဲ့တရား ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါ့မလား....(မရောက်ပါဘုရား) ဒါတွေက ပုဂ္ဂလဇ္ဈာသယတွေ ပုဂ္ဂိုလ်လိုက်ဟောတာ ...(မှန်ပါ့) သဘောကျပလား(ကျပါပြီ) ပုဂ္ဂိုလ်မလိုက်ဘဲနဲ့ ဟောရမည့်တရားက ဒီဉာဏ်သုံးချက်လို့မှတ်လိုက်... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)

ပုဂ္ဂိုလ်မလိုက်ဘဲနဲ့ ဟောရမည့်တရားက....(ဤဉာဏ်သုံးချက်ပါ ဘုရား)ဒါဖြင့် ခင်ဗျားတို့ ဘာအားကိုးထားကြမယ်-(ဒီ ဉာဏ် သုံးချက်ကို အားကိုးထားပါမယ်ဘုရား)။

သစ္စဉာဏ် ရှေးဦးစွာ အားထားပါ....(မှန်ပါ့)နောက်ဘယ် ဉာဏ် လိုက်ရမလဲ(ကိစ္စဉာဏ်ပါဘုရား) နောက် ကတဉာဏ်ကျ တော့ကို တကာတကာမတွေ နိဗ္ဗာန်မြင်တဲ့ဉာဏ်ဆိုတော့ မပြီး သေးဘူးလား.... (ပြီးပါတယ်) လေ့ကားသုံးထစ်နဲ့ နိဗ္ဗာန်ကို ရောက်တယ်(မှန်ပါ့) ခင်ဗျားတို့က ဆယ့်ခြောက်ထစ်မှ တပည့် တော်တို့က အညောင်းပြေချင်တယ်ဘုရား....၊ ဆယ့်ခြောက်ထစ် တက်ချင်တယ်ဆိုယင်တော့ ရောက်မှာ မဟုတ်ပါဘူး....(မှန်ပါ့) လမ်းတွင် အမောဆိုက်မယ်....(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)။

ခုဟာ လမ်းအမောဆိုက်ဘို့လား....၊ မြန်မြန်ရောက်ဘို့လား- (မြန်မြန်ရောက်ဘို့ပါဘုရား)ဆုတောင်းတော့ခင်ဗျားတို့ကဝဋ်ဘ ဝတိုတိုနဲ့တဲ့ ရှည်မှာတောင်ကြောက်နေတယ်(မှန်ပါ့)ဆုတောင်း တော့တိုတို လုပ်တော့ရှည်ရှည်(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ) ဆုတောင်းတော့- (တိုတိုပါ)လုပ်တော့... (ရှည်ရှည်)တော်တော် ဝကျတဲ့ လူတွေပါကလား အင်မတန် ဆိုးနေတယ်ဆိုတာ မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပြောကြပါစို့တဲ့ နာရီက လဲ စေ့တော့မယ်၊ ငွေမ ဒီ ဖြစ်ပျက်သည် တကာတကာမတို့ စိတ်ကလေးတခုဟာ ဖြစ်ပြီး ပျက်တာဘဲ.... (မှန်ပါ့) သဘော ကျပလား....(ကြပါပြီ)ဘယ်စိတ်မဆို ဘာတုံး...(ဖြစ်ပြီး ပျက်ပါတယ်)ဖြစ်ပြီး ပျက်တာဘဲဆိုတာ ခင်ဗျားတို့ သန္တာန် ဖြစ်တဲ့ စိတ်ကဖြင့် မဖြစ်ဘဲ မပျက်ဘဲနေတဲ့တရား တွေ့ပါရဲ့လား

(မတွေ့ပါဘုရား) မတွေ့တော့ ခင်ဗျားတို့ စိတ်ကိုရှု ...(မှန်ပါ) တဏှာတဏှာမတွေ့ ဘုန်းကြီး ဘာသင်ပါလိမ့်....(စိတ်ကိုရှုခိုင်းတာပါဘုရား)။

စိတ်ကိုရှုတာ သဘောကျပလား....(ကျပါပြီ)စိတ်ကို သစ္စဉာဏ်နဲ့ရှုပါ... (မှန်ပါ) စိတ်ကို ကိစ္စဉာဏ်နဲ့ ရှုပါ....(မှန်ပါ) သဘောပါပလား....(ပါပါတယ်ဘုရား) ဒါမှ နိဗ္ဗာန်ကို ကတဉာဏ်နဲ့ မြင်မယ်....(မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) စိတ်ကို သစ္စဉာဏ်နဲ့ ရှုပါ...(မှန်ပါ) စိတ်ကို သစ္စဉာဏ်နဲ့ ပွားများပါ....(မှန်ပါ) သဘောပါပလား.... (ပါပါပြီဘုရား) နောက်တော့ စိတ်ကို မရှုပါနဲ့တော့ ကတဉာဏ်ဆိုတာ နိဗ္ဗာန်ကို မြင်တဲ့ဉာဏ်ကို ဆိုပါတယ်၊ ပြီးပြီလို့ သိတဲ့ဉာဏ်ကိုးဗျ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ပြီးပြီလို့ သိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်မလဲ....(ကတဉာဏ်ပါဘုရား) အဲ....'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ'ဆိုတဲ့ပါဠိတော်တွေဟာ ပြီးပြီလို့ သိတဲ့ဉာဏ်တွေ၊ သဘောပါကြပလား....(ပါပါတယ်ဘုရား) ဒါဖြင့် တဏှာထကဲ့မှတို့ အလုပ်ကလေး ဒီနေ့ နည်းနည်းပေးချင်ပါတယ်။

အခုဟာ အဟောတော့ဖြင့် ခင်ဗျားတို့ ကျေကျေနပ်နပ် သဘောကျပြီ....(ကျပါပြီ) မကျသေးဘူးလား....(ကျပါပြီ) တပည့်တော်တို့ အလုပ်·လုပ်ဘို့ဘဲ အရေးကြီးတော့တယ်(မှန်ပါ) ဒီဉာဏ်သုံးချက်နဲ့ အလုပ်-လုပ်ဘို့ဘဲ တပည့်တော်တို့ အရေးကြီးတော့တယ်(မှန်ပါ) အဟောတော့ ကျေနပ်ပြီ မဟုတ်လား .... (ကျေနပ်ပါပြီ) တရား မှန်ကြောင်းကော .... (မှန်ပါတယ်ဘုရား) မှန်ကြောင်းလဲ့ သက်သေခံပလား .... (မှန်ပါတယ်

ဘုရား) ဒီဟာ ဘယ်သူ့ ခန္ဓာတွေပါလိမ့် .... (ကိုယ့်ခန္ဓာပါ ဘုရား)။

ခင်ဗျားတို့ ယခု ရှိထားတဲ့ ခန္ဓာ-(မှန်ပါ့ဘုရား) ဘာသစ္စာ တွေ ရသလဲ...(ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာ ရှေးဦးစွာ သိအောင် လုပ်နော်....(မှန်ပါ) ကဲ....ဒုက္ခသစ္စာတွေက ဟောဒီ မှာ ၁-လဲ ဒုက္ခသစ္စာ၊ ၂-ကော....(ဒုက္ခသစ္စာပါဘဲဘုရား) ၅-ကော...(ဒုက္ခသစ္စာ) များလိုက်တာဗျာ၊ မများဘူးလား.... (များပါတယ်)များတော့ ဘုန်းကြီးက တကာတကာမတို့ များ လွန်းတယ်၊ ဘုရားဉာဏ်နဲ့ ဟောထားတာ ကျယ်လွန်းတယ်.... (မှန်ပါ)။

ခင်ဗျားတို့က ဘုရားလဲ မဖြစ်သေးတော့၊ဘုရားဉာဏ်လဲ မရ သေးတော့ ပုထုဇန်တွေ၊ ပုထုဇန်မှ သောတာပန်လဲ ဖြစ်ရလား မေးတော့ မဖြစ်သေးဘူး၊ သဘောကျပလား....(ကျပါပြီ) ဒါဖြင့် ပုထုဇန် သိတဲ့ဉာဏ်နဲ့ ပုထုဇန်စိတ်ကို ရှု....(မှန်ပါ) မပေါ်သေးဘူးလား ...(ပေါ်ပါတယ်) ပုထုဇန်စိတ်က ခင်ဗျား တို့အားလုံးမှတ်ပါ၊ခင်ဗျားတို့မှာအများဆုံး(၄၅)စိတ်ဘဲ ရှိတယ် တကာတကာမတို့ခင်ဗျားတို့သန္တာန်မှာစိတ်ပေါင်းဘယ်လောက် ပေါ်နိုင်သတုံး....(၄၅-စိတ်ပါဘုရား)သင်္ခါရူပ်သမားမလာခဲ့နဲ့.... (မှန်ပါ)။

ဘာ့ကြောင့် သင်္ခါရူပ်သမား မလာခဲ့နဲ့လို့ ကန့်ကွက်ပါလိမ့် မတုံးလို့ သခင်ဝတင်က မေးလိမ့်မယ်၊ ခင်ဗျား စောင်းဟော တယ်လို့ ယူမနေနဲ့၊ခင်ဗျားက သင်္ခါရူပ်လုပ်နေတာ၊ ရိပ်မိပလား (ရိပ်မိပါပြီ) သင်္ခါရူပ်သမား မလာခဲ့နဲ့တဲ့၊ သင်္ခါရူပ်သမားက (၈၁) နားလည်ထားတယ်၊ မဟုတ်ဘူးလား၊အကျယ်(၁၂၁)

-ကို သူနားလည်ထားတယ်ဆိုပါတော့ ရတာလား၊ သူ့စိတ် ဖြစ်တာ သူ့သန္တာန်ဖြစ်တာ နားလည်တာလား...၊ ဘုရားရဟန္တာ ဖြစ်တာပါ၊ ပေါင်းယူထားတာလား.... (ပေါင်းယူထားတာပါ ဘုရား)။

ဒါဖြင့်ဘုရားရဟန္တာဖြစ်တဲ့စိတ် ခင်ဗျားတို့က ရှုလို့ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့သန္တာန် ဖြစ်ထိုက်တဲ့စိတ် ဘယ်လောက်ပါသိမ့်...(၅၅-ပါးပါဘုရား) ၅၅-ပေါ ကြပလား.... (ပေါပါပြီ) လောဘ....(၈)ခု၊ ဒေါသ...(၂)ခု၊ မောဟ....(၂) ခုဆိုတော့....(၁၂)ခု မငနတူးလား.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

လောဘက....(၈-ခုပါဘုရား)။

ဒေါသက....(၂-ခုပါဘုရား)။

မောဟက....(၂-ခုပါဘုရား)။

အဲဒါရှုရမှာ၊ အကုသိုလ်ရှုရမှာ၊ သဘောကျလား....(ကျပါပြီ)

ပြီးတော့မှ တခါ ဘာရှုရမတုံးဆိုတော့ မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်, စားတဲ့စိတ်, ကိုယ်ပေါ်မှာ ယားယံ နာတဲ့စိတ်-သဘောကျပလား....(ကျပါပြီဘုရား) အဲဒါရှုပါ၊ မျက်စိစိတ် နားစိတ်, နှာခေါင်းစိတ်, လျှာစိတ်, ကိုယ်စိတ်ပေါ့ဗျာ၊ သဘောကျပလား....(ကျပါပြီ) တခါ ဘာရှုရဦးမတုံးဆိုတော့ တကာတကာမတွေ့ ကုသိုလ်ပြုတဲ့စိတ်(မှန်ပါ) ကုသိုလ်ကိုဉာဏ်နဲ့ ယှဉ်ပြုလဲ ဖြစ်ပျက်ရှု..(မှန်ပါ)။

ဉာဏ်နဲ့မယှဉ်ဘဲပြုလဲ(ဖြစ်ပျက်ရှု) ခင်ဗျားတို့က ကုသိုလ်ဆိုလို့ ရှုယင်ဖြင့် အာစိဏ္ဏကံဖြစ်အောင် ပြောဒါ-ငါကုသိုလ်ဖြစ်နေပြီ၊ ငါကုသိုလ်ဖြစ်နေပြီလို့ ပွားနေမှာ ခင်ဗျားတို့လူစုက မပွားပေ

ဘူးလား....(ပွားပါတယ်)အဲဒါ သမထ....(မှန်ပါ့)သဘောစကျပလား....(ကျပါပြီ) စာဂါနုဿတိ ခေါ်တယ်(မှန်ပါ့)အနုဿတိ ဆယ်ပါးဟာ သမထလား၊ ဝိပဿနာလား.... (သမထပါဘုရား) သမထ· ဒါဖြင့် အခု ဟောနေတာက သစ္စဥာဏ်ဆိုတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောနေတာ.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘာ သတိပဋ္ဌာန် ဟောနေတယ်.... (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဟာလဲ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ လာပေါင်းရတယ်(မှန်ပါ့) ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကလဲ ဘယ်လာပေါင်းရသလဲ.... (ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ) သစ္စာမှာလာဆုံတာကိုး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) သစ္စာမှာလာဆုံတယ်ဆိုတော့ ဓမ္မာနုပဿနာမှာ လာလာဆုံတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ကျေနပ်တော့ ဘုန်းကြီး အခုဟောနေတာ ဘာပါလိမ့်မတုံးဆိုတော့ နောက်ဆုံးပိတ် တနေ့ကျတော့ တကာတကာမတို့ စိတ္တာနုပဿနာ အရှုခိုင်ငြားသော်လဲ ဓမ္မာနုပဿနာ ပြန်ရောက်တယ်.... (မှန်ပါ) ဒီစိတ်ဟာ ဘာသစ္စာတုံး....ပေါ်တဲ့စိတ်ကလေးဟာ....(ဒုက္ခသစ္စာပါ)လောဘစိတ်ကလေးပေါ်ယင် ဘာသစ္စာလဲ.... (ဒုက္ခသစ္စာ ပါဘုရား) ဒေါသစိတ် ပေါ်လာယင် (ဒုက္ခသစ္စာပါဘုရား) ဖြစ်ပျက်ကိုယူ.... (မှန်ပါ) လောဘကလေး သာယာတဲ့အချိန်ကို ယူလိုက်ယင် သမုဒယသစ္စာ(မှန်ပါ) ဖြစ်ပျက်ယူလိုက်ယင်....(ဒုက္ခသစ္စာ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါမှ သဗ္ဗေ သင်္ခါရာ ဒုက္ခာနဲ့ ကိုက်မှာပေါ့၊ ရှင်းပလား....

(ရှင်းပါပြီ) သင်္ဂြိုဟ်နဲ့ ခွဲယူနော်၊ သင်္ဂြိုဟ်က လောဘဟာ သမုဒယသစ္စာ၊ သဘောကျပလား....(ကျပါပြီ)ပေါ်နေတုန်းဆိုတာ သဘောကျပလား.... (ကျပါပြီ) ဖြစ်ပြီးပျက်တော့ ဘာသစ္စာသွားဖြစ်သတုံး... (ဒုက္ခသစ္စာ ဖြစ်ပါတယ်) ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စံ... (မှန်ပါ) သူ-ဖေါက်ပြန်သလား၊မဖေါက်ပြန်ဘူးလား(ဖေါက်ပြန်ပါတယ်ဘုရား) ပျက်စီးတယ်မဟုတ်လား(မှန်ပါ)သူ့ကို ဒါဖြင့် ဘာသစ္စာဖွဲ့မလဲ-(ဒုက္ခသစ္စာဖွဲ့ပါတယ်) အဲဒီလို မှတ်ထားရမယ်ဆိုတော့ ဒါ့ကြောင့် ဘုရားက လောဘစိတ်သာလဲ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" မဟုတ်ဘူးလား.... (မှန်ပါ) လောဘစိတ်လာလဲ လောဘကို ဖြစ်ပျက်ရှု မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

ဒေါသလာယင်ကော.... (ဒေါသဖြစ်ပျက်ရှု) မောဟ လာယင်ကော....(မောဟဖြစ်ပျက်ရှု) ကုသိုလ်စိတ်လာယင်ကော.... (ကုသိုလ်စိတ်ရှု) ကုသိုလ်စိတ်လို့ အထားမနေလိုက်ပါနဲ့ ဘာလုပ်ရမတုံး...(ဖြစ်ပျက်ရှု) ဖြစ်ပျက်ရှုပါ၊ ဖြစ်ပျက်မရှုလို့ရှိယင် ဓမ္မာနုပဿနာဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဒါ့ကြောင့် ဘုရားက ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိတဲ့၊လောဘကင်းတဲ့ ကုသိုလ်စိတ်လဲ ဖြစ်ပျက်သာရှုတဲ့ (မှန်ပါ) မဟောပေဘူးလား....(ဟောပါတယ်ဘုရား) ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား) ဒါဖြင့် ဖြစ်ပျက် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) သိတာက.... (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် ဘာဖြစ်လို့ ဖြစ်ပျက်ပါလိမ့်မတုံး....ဇရာ မရဏဒဏ်ချက်

ကြောင့် အသက်ထွက်သွားတာ-(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဇရာမရဏာဒဏ်ချက်ကြောင့် ဖြစ်ပျက်ဖြစ်ရတာ-(မှန်ပါ) မပျက်ဘူးလား...(မှန်ပါ)။

ဇရာ မရဏာ ဒဏ်ချက်ကြောင့် ဖြစ်ပြီး ပျက်သွားရတာ.... (မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဒါဖြင့် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဘာကိစ္စရှိတုံးဆိုတော့ အနှိပ်စက်ခံခြင်းကိစ္စရှိတယ်၊ အကာတကာမတို့ စိတ်ကလေးတခုမှာ ဘာကိစ္စရှိပါလိမ့်.... (အနှိပ်စက်ခံခြင်းကိစ္စ ရှိပါတယ်) အဲဒီကိစ္စကို ကိစ္စပေါ်တိုင်း-ပေါ်တိုင်း သိပေးပါ...(မှန်ပါ)။

ဘာဉာဏ်ခေါ်မယ်....(ကိစ္စဉာဏ်ခေါ်ပါတယ်) ကိစ္စဉာဏ်၊ ကိစ္စဉာဏ်တကြိမ်ဘည်းဖြစ်ရမှာလား၊ ပွားများရမှာလား(ပွားများရမှာပါ) ဒါဖြင့် ကိစ္စဉာဏ်ဟူသည် ဝိပဿနာလို့ မှတ်လိုက်(မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) ကိစ္စဉာဏ်ဟူသည်.... (ဝိပဿနာလို့မှတ်လိုက်)ဝိပဿနာလို့မှတ်လိုက်ပါဆိုတာ ကျေကျေနပ်နပ်သဘောကျပလား(ကျပါပြီ)ဒါဖြင့် တကာတကာမတို့ ကိစ္စဉာဏ်ဆိုတဲ့ဥစ္စာဖြင့် သိသွားပြီ၊ ကတဉာဏ်ကလေး နည်းနည်းစမယ်၊ ယနေ့ပြီးတော့ မပြီးဘူးပေါ့ဗျာ။

ရှုလိုက် ဖြစ်ပျက်မဂ်၊ဖြစ်ပျက်မဂ်နဲ့ရှုသာနေ၊ ဘယ်စိတ်ပေါ်ပေါ်ဗျာ၊ ၄၅-ထဲက ပေါ်ချင်တာပေါ်...(မှန်ပါ) ခင်ဗျားတို့ ပုထုဇန်တွေထဲမှာ ဘယ်နှစ်စိတ်ပေါ်နိုင်တုံး....(၄၅-စိတ်ပါ) ၄၅ စိတ်ဆိုတာ အကုသိုလ်က ၁၂၊ အဟိတ်စိတ်က ဟသိတုပ္ပါဒ်ကြဉ် ၁၇၊ မဟာကုသိုလ်စိတ်က ၈-ခု၊ မဟာဝိပါက်က ၈ခု၊ ဒါဘဲရှိတယ်(မှန်ပါ)ဒီ့ပြင်ဟာပေါ်သေးသလား (မပေါ်ပါဘုရား) မပေါ်တော့ ဒါကလေးကို မှတ်ပြီးသကာလနေတော့ သဂြိုဟ်

သရုပ်သမားတွေက ဒီအထဲမှာပြောလိုက်တော့အခုပြောတာတွေ လိုတယ်။

သင်္ခါရုဟ်သရုပ်မှ နားမသည်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရောက်ရတော့ဘူး-ဆိုရာရောက်နေတယ်(မှန်ပါ့) အင်မတန်မနာဘူးလား (နာပါတယ်ဘုရား)အင်မတန် နာတော့ အရှင်သာရိပုတ္တရာက ဒီပုဂ္ဂိုလ်တွေ နာလိမ့်မယ်တဲ့ သင်္ခါရုဟ် မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်အောင် ငါဟောဘို့ လိုသေးတယ်၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)အရှင်သာရိပုတ္တရာဟာ ကျေးဇူးရှင်ကြီးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) သင်္ခါရုဟ်မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်ရမယ် .... (မှန်ပါ့ဘုရား)။

စာသမားတွေနဲ့တော့ ကန့်လန့်ကြီး ဖြစ်လိမ့်မယ်ထင်တယ် နော်၊မဖြစ်ပါဘူး-မဖြစ်ပါဘူး၊ တကာတကာမတို့ ခန္ဓာကရှေ့၊ စာကနောက်ပါ၊ ဘယ့်နှယ်ဆိုကြမတုံး .... (ခန္ဓာကရှေ့ စာကနောက်ပါဘုရား)ဒါဖြင့် အရိုကရှေ့ .... (မှန်ပါ့) မှတ်တမ်းကနောက်(မှန်ပါ့)မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)မှင်းငွေ ဘယ်လောက် ပေးရမှာတုံးဆိုတော့မှ ဟိုက- ငွေယူလာတော့မှ တဆယ်ပေးမယ်ဆိုမှ တဆယ်နောက်ကို မှတ်တာ၊ ငွေကအရင်လား....မှတ်တာကအရင်လား....(ငွေက အရင်ပါဘုရား)။

ဒါဖြင့် ငွေကိုကြည့်၊မှတ်တမ်းမကြည့်နဲ့....(မှန်ပါ့)သဘောပါပလား(ပါပါတယ်) ကဲ .. ဒါဖြင့် တကာတကာမတို့ ကိုယ့်စိတ်ကိုယ်ရှု၊ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား) ဘယ်လိုပေါ်ပါလိမ့်…(ကိုယ့်စိတ် ကိုယ်ရှုရမှာပါဘုရား) ကိုယ့်စိတ်ထဲ လောဘပေါ်လဲ လောဘဖြစ်ပျက်ရှု... (မှန်ပါ့)ဒေါသလာယင်

(ဒေါ်သကိုဖြစ်ပျက်ရှုရမှာပါ) အိပ်ချင်တဲ့ သံခိတ္တစိတ်လာယင် (အိပ်ချင်တဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ပြန့်လွင့်တဲ့ ဝိက္ခိတ္တစိတ်လာယင် .... (ပြန့်လွင့်တဲ့စိတ်ကို ရှုရပါမယ်)ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဒါတွေအစုံ မပေါ်သေးဘူးလား....ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ပေါ်ခဲ့လို့ရှိယင် ကိုယ့်စိတ် ကိုယ်ရှုလို့ရှိယင် ကမ္မဋ္ဌာန်းရှာစရာ လိုသေးသလား (မလိုပါဘုရား) ခင်ဗျားတို့သန္တာန် အရိယာစိတ်များ ပေါ်ဦးမှာလား....(မပေါ်ပါဘုရား)။

မပေါ်လို့ရှိယင်ပေါ်တဲ့စိတ်သာရှုဘာ.... (မှန်ပါ)အိပ်ချင်ယင် အိပ်ချင်တဲ့စိတ် ဖြစ်ပျက်ရှု၊စားချင်ယင်.... (စားချင်တဲ့စိတ်ဖြစ်ပျက်ရှု)စိတ်မချမ်းသာယင်.... (စိတ်မချမ်းသာတဲ့စိတ်ဖြစ်ပျက်ရှု) မချမ်းသာတဲ့စိတ် ဖြစ်ပျက်ရှု၊ ကုသိုလ်လုပ်ချင်ယင်.... (ကုသိုလ်လုပ်ချင်တဲ့စိတ် ဖြစ်ပျက်ရှု) မလုပ်ချင်ပြန်ဘူး ဆိုယင်ကော....(မလုပ်ချင်တဲ့စိတ်ရှု) မလုပ်ချင်တဲ့စိတ်ကို ဖြစ်ပျက်ရှု. (မှန်ပါ) ဒီလိုဆိုတော့ဘုရားဟာ တကာတကာမတို့ ဘယ်မှာရှိပါလိမ့်မလဲဆိုတော့ ကိုယ့်သန္တာန်မှာ ကိုယ်နဲ့ ထိုက်တဲ့စိတ်ဟာ တရားချည်းလို့မှတ်လိုက်....(မှန်ပါ) သဘောပါလား.... (ပါပါပြီဘုရား)။

ကိုယ့်သန္တာန် ကိုယ်ရတဲ့စိတ်ဟာ ဘာပါလိမ့် .... (တရားချည်းပါဘုရား) အဲဒီတရား ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ) ဘာဖြစ်လို့ ဒုက္ခသစ္စာ ဖြစ်ရတုံးဆို ဖြစ်ပြီး ပျက်ချည်းနေလို့ (မှန်ပါ)ဘာသစ္စာဆိုကြမလဲ....(ဒုက္ခသစ္စာပါ) ဒါဖြင့်စိတ် ၄၅ ခုပေါ်လို့ရှိယင် ပေါ်ရာကို ဘာလုပ်ကြမလဲ·(ရှုရမှာပါ)စာလိုဖတ်ချင်ယင် ၄၅·ခုပေါ်လိမ့်မယ်....(မှန်ပါ)။

ဟာ....၄၅-ခု တပည့်တော်က အလာနည်းတယ်ဘုရား၊ပေါ်ရာရှုပါရစေဆိုလို့ရှိယင်ဖြင့် ပေါ်ရာသာ ရှုတော့....(မှန်ပါ့)သဘောပါလား....(ပါပါတယ်)ပေါ်ရာရှုဆိုတော့ စားချင်တဲ့စိတ်ပေါ်ယင်လဲ ဘာလုပ်ရမလဲ.... (ရှုရပါမယ်) ဖြစ်ပျက် ရှုပေး (မှန်ပါ့)အိပ်ချင်တဲ့ စိတ်လာယင် ... (ဖြစ်ပျက်ရှုရမှာပါဘုရား) သူတပါး မေးငေါ့ချင်တဲ့စိတ်ကလေးပေါ်လာယင် (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ရှုဖြစ်အောင်ရှု၊ မေးငေါ့တာ ရှည်နေနဲ့... ရိပ်မိပလား....(ရိပ်မိပါပြီ)မျက်စောင်းထိုးချင်တဲ့ စိတ်ကလေးလာယင်ရော-(ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုလိုက်တော့ကိုတဲ့-တကာတကာမှတို့ ဖြစ်ပျက် ရှုတာက မဂ်ဆိုတော့ ကိစ္စဥာဏ် မရဘူးလား ..(ရပါတယ်)ကဲ-ကိစ္စဥာဏ် ရသွားပြီးတဲ့၊ ကတဥာဏ်ကလေးနည်းနည်းတက်လိုက်....(မှန်ပါ့)ဘာတောပါလား (ပါပါတယ်) ရှုဖန်များလာတော့ တကာတကာ့တို့....ဒီအသောဟာ သူများအသေလား၊ကိုယ့်အသေလား....(ကိုယ့်အသေပါဘုရား)။

ကိုယ့်စိတ်သေတာကိုးဗျ.... (မှန်ပါ့) ကိုယ့်ဝိညာဏက္ခန္ဓာသေတာ(မှန်ပါ့)သူများသေတာလား၊ကိုယ့်ခန္ဓာ သေတာလား (ကိုယ့်ခန္ဓာသေတာပါဘုရား) ဒါဖြင့် အသေကို အရှင်နဲ့ကြည့် (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား) အသေကို .... (အရှင်နဲ့ကြည့်)အဲဒါဝိပဿနာခေါ်တယ်၊ အဲဒါ ကိစ္စဥာဏ်ခေါ်တယ်(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) အသေကို အရှင်နဲ့ကြည့်တာသည် ဘာဥာဏ်ခေါ်ကြမယ် .... (ကိစ္စဥာဏ်ခေါ်ပါတယ်ဘုရား)။

ဩော်-ကိစ္စဥာဏ်ဆိုတာ ဘုရားဟောတော့ ခက်လိုက်တာလို့

ထင်ကြတယ်၊ဘုန်းကြီးပြောတော့ အသေကိုအရှင်နဲ့ ကြည့်လိုက်ပြီးတာဘဲ....(မှန်ပါ)ဒါဟောတာဘဲ၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)အသေကို....(အရှင်နဲ့ကြည့်လိုက်တာပါ) အသေဆိုတာက စိတ်တခုနဲ့အသက်ရှင်တာကိုးဗျ ...(မှန်ပါ)စိတ်တခုသေသွားတော့ လူတယောက်မသေ သေးဘူးလား(သေပါတယ်ဘုရား)အဲဒီ မသေသေးတဲ့ ပုဂ္ဂိုလ်ကျတော့ တကာတကာမတို့ရဲ့စိတ်ချုပ်ပြီးနောက်စိတ်မပေါ်ဘူးလား....(ပေါ်ပါတယ်)။

နောက်စိတ်နဲ့ အသက်မရှင်ဘူးလား.... (ရှင်ပါတယ်ဘုရား) ဒါဖြင့် အသေကို....(ရှင်တဲ့စိတ်နဲ့ကြည့်ပါ)အဲဒါ ဝိပဿနာ (မှန်ပါ)အသေကို—(အရှင်နဲ့ကြည့်ပါ) ဝိပဿနာ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)ကောင်းပြီဒါဖြင့် ကိစ္စဉာဏ်မရသေးဘူးလား.... (ရပါတယ်ဘုရား) ကြာတော့ ကိုယ့်အသေတွေ ကိုယ်မြင်တော့ ခဏခဏသေတာမမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

စိတ်ကလေးတခု ပေါ်ပြန်ပြီ၊ ကိုယ်တယောက် သေပြန်ပြီ၊ စိတ်ကလေးတခုပေါ်ပြန်ပြီ၊ တယောက်သေပြန်ပြီ....(မှန်ပါ) သခင်ဝတင်·မသေသေးဘူးလား—(သေပါတယ်ဘုရား) ကိုယ့်အသေကိုယ်မြင်တော့မုန်းမလား-မမုန်းဘူးလား....(မုန်းပါတယ်ဘုရား)ဒါဖြင့် နိဗ္ဗိန္ဒာတက်တာဘဲ.... (မှန်ပါ) ဒီအသေကြီးမကြည့်ချင်တော့ပါဘူးဆိုတဲ့၊ဒီအသေမျိုး မလိုချင်တော့ပါဘူးဆိုတဲ့ဉာဏ်လာမလား-မလာဘူးလား.... (လာပါတယ်ဘုရား)

လာလို့ရှိယင် အသေပျောက်ပြီးသကာလတကာတကာမတို့မဂ်ပေါ်လာတယ်(မှန်ပါ)အသေကိုမလိုချင်တော့ပါဘူး ဆိုတဲ့အသေဟာ ဒုက္ခအစစ်မို့ မလိုချင်တော့ ပါဘူးလို့ လာလိုက်

သည်နှင့် တပြိုင်နက်ထဲ ဓိ ခန္ဓာ ငါးပါး အကုန်ပျောက်တယ်၊ (မှန်ပါ) ဘာသစ္စာပျောက်သွားတာတုံး....(ဒုက္ခသစ္စာ ပျောက်သွားတာပါ) ဒါဖြင့် ဒုက္ခတွေ ပျောက်တော့ ဒီနေရာမှာ ဒုက္ခမရှိတဲ့နေရာလို့ ဆိုနိုင် မဆိုနိုင်....(ဆိုနိုင်ပါတယ်)။

အဲ-ဒုက္ခမရှိတဲ့နေရာကို ဒီဉာဏ်က သိပြန်လို့ရှိယင်ကတဉာဏ် (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီ) ရိပ်မိပလား....(ရိပ်မိပါပြီ) ကဲ နက်ဖြန်မှ ရှည်ရှည်ဟောကြစို့-တော်ကြစို့....။

သာဓု....သာဓု....သာဓု....

၁၁-၇-၆၂-ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

သစ္စာနှင့် ကံလေးပါး တရားတော်

တကာ-တကာမတွေ... ကံကိုဘဲ အားကိုးကြတယ်၊ အားလုံး ဒီမှာ-မြန်မာပြည် တပြည်လုံးရှိတဲ့ တကာတကာမတွေက ကံအမိ၊ ကံအဖကိုသာ အားကိုးပြီးတော့ သေကြတော့တယ် ဆိုဘာဖြင့် မည်သူ၏ နှုတ်ဖျားမဆို တက်နေတယ်ဆိုတာ ငြင်းဘို့မလိုပါဘူး၊ (မှန်ပါ)၊ ဘာအားကိုးကြသတုံး....၊ (ကံအားကိုးကြပါတယ်)။

တပည့်တော်တို့ဘုရားကံအမိ ကံအဖဘဲဘုရား၊ ကံဘဲကိုးကွယ်ရာရှိတော့တာဘဲ အစရှိသည်ဖြင့် တကာတကာမတွေ ပြောကြ

ဆိုကြပါတယ်ဆိုတာလဲ အားလုံးလဲသိတယ်၊ တကယ်လဲ အားကိုးတယ်ဆိုတဲ့ ဥစ္စာဖြင့် ငြင်းဘို့မလိုပါဘူး၊ (မှန်ပါ့-မလိုပါဘူး)၊ သို့သော် ဘုန်းကြီးက အသိဉာဏ် ကျယ်ကျယ်နဲ့ တကာတကာမတွေ သတိပေးချင်တာကတော့· ဟော့ တကာတကာမတို့... ကံအမိ ကံအဖဆိုတော့ တကာတကာမတွေ သိတဲ့အတိုင်း ကုသိုလ်ကံဖြစ်စေ·အကုသိုလ်ကံဖြစ်စေ ကမ္မဘဝပစ္စယာ ဇာတိ၊ တွေ့ကြပလား....၊(တွေ့ပါပြီ)။ကမ္မဘဝပစ္စယာ (ဇာတိဘုရား)။

ဩော်....ဒါ ကံအမိ ကံအဖ အားကိုးယင် ဇာတိ ရမယ်၊ (မှန်ပါ့)၊ ဒါကြပ်ကြပ်စဉ်းစားကြပါ။ ကံအမိ ကံအဖအားကိုးယင်...၊ (ဇာတို-ရပါမယ်)၊ ဇာတိက ဗိုကြည့်လိုက် ဘာသစ္စာတုံး....၊ (ဒုက္ခသစ္စာပါဘုရား)၊ ဩော်....ခင်ဗျားတို့ ဒုက္ခရကြောင်းအားကိုးနေတာကိုး၊ ဒါတော်တော်ကြီးတဲ့ စကားလို့ မှတ်ပါ၊ (မှန်ပါ့)၊ ဘာ အား ကိုး နေ ကြ သ တုံး....၊ (ဒုက္ခရကြောင်း အားကိုးနေပါတယ်)။

ကြည့်လေ....သူက ဒုက္ခရောက်ကြောင်းဆိုတော့၊ သူက ဒုက္ခအကျိုးသစ္စာဆိုတာ သေချာသွားပြီ၊(မှန်ပါ့) ဒါဘာအားကိုးလို့....၊ (ကံအားကိုးလို့ပါဘုရား)၊ ကံ အားကိုးတဲ့အတွက် ဘာသစ္စာရတုံး....၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)၊ ကံက ကြည့်လိုက်ကမ္မဘဝက ဘာသစ္စာတုံး....၊(သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာ ကံအမိ, ကံအဖ အားကိုးတဲ့ အတွက်တဲ့ ဒုက္ခသစ္စာဆိုတဲ့ ဇာတိ ဇရာ မရဏ ရပါတယ်၊ (မှန်ပါ့) မရဘူးလား....(ရပါတယ်)၊ ဩော်....ဒါဖြင့် တကာတကာမတွေ အားကိုးတော့လွဲနေပြီလို့ ဘုန်းကြီးကစွဲချက်တင်လိုက်ပါတယ်၊

သဘောပါကြပလား....၊ ပါ-ပါတယ်ဘုရား) အားကိုးကဖြင့်.... (လွဲနေပါတယ်ဘုရား)။ နို့ဘုရား အရှင်ဘုရားက ပြောတော့လဲ ခုတော့လဲ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာ ပြန်တော့လဲ အရှင်းသားဘဲ၊ တပည့်တော်တို့ရိုးရာကလဲ ဒါဘဲအားကိုးနေတယ်-ဆိုတော့ ကိုထွန်းအောင်ကြီး....အဘော်ခက်နေပြီဗျ....(မှန်ပါ)။

နောက်စာ တကာတကာမတွေ နားကြိုကြိုးနဲ့ ထောင်လို့ရှိယင် ဒီဟာ-နောက်တော့ သဘောပါသွားပါလိမ့်မယ်.... နော်၊ (မှန်ပါဘုရား)၊ ကမ္မဘဝဆိုတာ ကံဘဲ တကာတကာမတို့ (မှန်ပါဘုရား)၊ ဒီကံကို အားမကိုးကြဘူးလားလို့ မေးတော့ ကုသိုလ်ကံဆိုယင် အားကိုးကြတယ်၊ မကိုးကြပေဘူးလား....၊ (အားကိုးကြပါတယ်ဘုရား)၊ အကုသိုလ်ကံဆိုတော့ မကိုးဘူးထားပါတော့၊ ကုသိုလ်ကံဆိုလို့ရှိယင် အားကိုးကြပါလိမ့်မယ် (မှန်ပါ)၊ မကိုးကြပေဘူးလား....၊ (အားကိုးပါတယ်ဘုရား)။

အဲဒီတော့ သူ့ပဋ္ဌိစ္စသမုပ္ပါဒ်ကြည့်တာပေါ့တဲ့၊ ကမ္မဘဝက ကံက ဘာသစ္စာတုံး....၊(သမုဒယသစ္စာပါဘုရား)၊ ဒါဖြင့် သူ့အားကိုးကြတာက ဘာကြောင့် အားကိုးကြသလဲလို့ တကာတကာမတွေ မေးလို့ရှိယင်....၊ ဘုရား-ကောင်းသော အကျိုးပေးအောင်လို့ အားကိုးရတယ်၊ မဆိုနိုင်ဘူးလား....၊ (ဆိုနိုင်ပါတယ်ဘုရား) ဘာကြောင့်ပါလိမ့်....၊ ကောင်းသောအကျိုးပေးအောင်လို့၊ ပေးပါတယ်တဲ့၊ လူဇာတိ, နတ်ဇာတိ, ဗြဟ္မာဇာတိပေးပါတယ်၊ (မှန်ပါ)၊ လူဇာတိ, နတ်ဇာတိတွေ သေသေချာချာပေးပါတယ်။

ပေးပင်ပေးငြားသော်လဲ သစ္စာဥာဏ်နဲ့ကြည့်လိုက်တော့ ဘာသစ္စာလဲ....၊(ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ကံအမိ

ကံအဖအားကိုးယင် ဒုက္ခသစ္စာရမယ်၊ (မှန်ပါ)ပေါ်ကြပလား၊ (ပေါ်ပါပြီ)၊ ကံအမိ ကံအဖ အားကိုးယင်........၊(ဒုက္ခသစ္စာ ရပါမယ်)၊ ဒါဖြင့် ခင်ဗျားတို့သည် ကိုယ်အားကိုးတဲ့ ကံသည် ကိုယ့်ချောက်တွန်းတယ်၊(မှန်ပါ)။

ကိုယ်အားကိုးတဲ့ ကံက....၊ (ကိုယ့်ချောက်တွန်း ပါတယ် ဘုရား)၊ သို့သော် တွန်းမှန်း မသိပါဘူး၊ ပဋိစ္စသမုပ္ပါဒ် နား မလည်တဲ့ ပုဂ္ဂိုလ်ဟာ တွန်းမှန်းကိုမသိဘူး၊ (မှန်ပါ)။ ဒါဘဲ အားကိုးနေတာဘဲ၊ သခင်ဝတင်-သာဓကာပါရဲ့လား....၊(မှန်ပါ) နောက်က တကာတကာမတွေ အမြင်နဲ့ကော သဘောကျရဲ့ လား...၊(ကျပါတယ်)၊ ကမ္မဘဝသစ္စယာ....၊ (ဇာတိပါဘုရား) ဟော....ကံအားကြီးလို့ဇာတိရတယ်၊(မှန်ပါ)၊ ကံက ဘာသစ္စာ (ဒုက္ခနဲ့-သမုဒယသစ္စာပါဘုရား)၊ အကျိုးပေးဒုက္ခ၊ အကျိုး ပေးက ဘာသစ္စာ....၊ (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း တကာတကာမတို့....ကံအားကိုးနေတဲ့ တကာတကာမ တွေတော့ ဒုက္ခရောက်ပါပြီ၊ ရှင်းကြပလား....၊ (ရှင်းပါပြီ)၊ ကံအားကိုးတဲ့ တကာတကာမတွေ ဘာဖြစ်နေတယ်....၊ (ဒုက္ခ ရောက်နေပါတယ်)၊ ဦးမာဒင် ခက်ပြီ (ခက်ပါပြီ၊) ခက်ပြီ့ ခက်ပြီ၊ (မှန်ပါ)၊ သေသေချာချာ ခက်ပဟော့ ဆရာထွန်းကြီး (ဘုရား) ခက်ပလား၊ မခက်သေးဘူးလား....၊ (ခက်ပါတယ် ဘုရား)။

သို့သော်လဲတဲ့ အားလုံး တကာတကာမတွေဟာ ခင်ဗျားတို့ ကလဲ သူများပါးစပ် လမ်းဆုံးနေတော့ ကံအမိ ကံအဖဘဲဘုရား၊ မေးလာကတည်းက ကံခေါင်းဆောင်းမေးလာတာ ဘုရား၊ သူ့ဘဲ ကိုးစားရာ-အားထားရာ ရှိတော့တယ် ဘုရား... လို့ဆိုပြီး တ

ထစ်ချ မှတ်ထားတာကိုး.... (မှန်ပါ့ဘုရား) မမှတ်ကြဘူးလား.... (မှတ်ကြပါတယ်ဘုရား) ဘာအားကိုးကြတယ်....(ကံအားကိုးကြပါတယ်) ကုသိုလ်ကံ အားကိုးကြတယ်ဆိုပါတော့ဗျာ၊ ကုသိုလ်ကံ အားကိုး ကြတော့ကို ကုသိုလ်ကံမှ အမိဘဲဘုရာ့၊ ကုသိုလ်ကံမှ အဖဘဲဘုရာ့၊ အဲဒါကြောင့်တပည့်တော်များတော့ ဒါနဲ့ ပင်သေရမှာဘဲဆိုတဲ့ဥစ္စာ လူတိုင်းက ဒုန်းဒုန်းချနေတဲ့ စိတ်ပါဘဲ၊ မနေကြဘူးလား....(နေကြပါတယ်ဘုရား)။

တကာတကာမတွေ....(နေပါတယ် ဘုရား) ခင်ဗျားတို့ ဒုန်းဒုန်းချတဲ့စိတ်ဟာ ဘာသစ္စာတုံးကြည့်ပါ.... (သမုဒယသစ္စာပါဘုရား)ကြော်...ဒါဖြင့် ခင်ဗျားတို့ သမုဒယသစ္စာ အားကိုးနေတယ်....(မှန်ပါ့) ဘာအားကိုးနေသလဲ .... (သမုဒယသစ္စာ အားကိုးပါတယ်ဘုရား) ဒါ သာမည ဆရာ သမားဆိုလို့ ရှိယင်ဖြင့်တဲ့ မင်းတို့ကွာ ကံ့တော့ယုံကြည်ကြကွ၊ ကံ့ကံ၏အ ကျိုး ဆို တာ ဘုရား ဟော ခဲ့ တယ် ကွ၊ ပြောနေတာဘဲ.... (မှန်ပါ့) သေသေချာချာ ပြောနေကြတာဘဲ၊ မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

မဟောဘူးလားဆိုတော့၊ အို....သေသေချာချာ ဟောတာပေါ့ တကာတကာမတို့ ....အဘိဓာသုတ်များမှာ"ကမ္မဗန္ဓူ ကမ္မပဋိသရဏာ"နဲ့ သေသေချာချာ ဆရာထွန်းကြီး... ဟောထားတာမရှိဘူးလား.... (ရှိပါတယ်ဘုရား) ဒါထွက်ရပ်သမ်း ဟောတာလား....၊ပစ္စုပ္ပန်နေမှု, ထိုင်မှု, ဟောတာလား .... ဆိုတာလဲ ဝေဘန် ရမယ်၊ တကာတကာမတို့ .... ထွက်ရပ်လမ်း ဟောတာလား....၊ ပစ္စုပ္ပန် နေမှု, ထိုင်မှု, သက်သာမှုဟောတာလား .... (ပစ္စုပ္ပန်နေမှု,ထိုင်မှု,သက်သာမှု ဟောတာပါဘုရား)။

ဒါ သေသေချာချာ စဉ်းစားမှ ပြောသြော် .... ဒါက ပစ္စုပ္ပန်မှာ သူမပါလို့ ရှိယင်လဲ အနေအထိုင် ချို့တဲ့တတ်တယ်ဆိုပြီး ဟောတဲ့တရားပါလား... (မှန်ပါ့)သေသေချာချာကျတော့ကိုတဲ့ ကမ္မဘဝပစ္စယာ ဇာတိပါ၊ ပေါ်ကြပလား.... (ပေါ်ပါပြီ)ဒါ-ဘုန်းကြီးက လိမ်ဟောနေတာလား- ခင်ဗျားတို့ ရထားတာကို သိအောင် ပြောတာလား .... (ရထားတာကို သိအောင်ပြောတာပါ) သို့သော်...ရထားတာက အားကိုးလွဲနေလို့ တကာ တကာမတွေရဲ့ ကမ္မဘဝဆိုတာ ကံကိုဆိုတာ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ကမ္မဘဝဆိုတာ....(ကံကိုဆိုတာပါဘုရား)ကဲ... ခင်ဗျားတို့ဘဲ ရှုတ်ကြည့်ပါ၊ နေ့တိုင်းဘုရားရှိခိုးတော့ ထည့်နေကြတာ.... ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ ဘုရား)ကမ္မဘဝက ဘာသစ္စာတုံး ..(သမုဒယသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ကျားကိုအားကိုးလို့ အကိုက်ခံရတာဘဲ....(မှန်လှပါ)ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ကျားအားကိုးတာနဲ့ .. (အကိုက်ခံရတာပါ) ကျေနပ်ပလား(ကျေနပ်ပါပြီဘုရား)။

ဒီလိုဘဲ အကိုက်ခံသွားကြတော့မလားလို့ မေးဘို့ရာ မလိုဘူးလား(လိုပါတယ်)ဆရာထွန်းကြီး-ခက်ပြီဗျ....နေဦး...(မှန်ပါ့) အင်မတန်ခက်နေပြီတဲ့၊ ဗုဒ္ဓဘာသာဝင်တွေမှာလဲ ဒီမှာ လမ်းဆုံးတာက သိပ်များတယ်၊တကာတကာမတို့ ဗုဒ္ဓဘာသာဝင်တွေမှာ ကံမှာ လမ်းမဆုံးဘူးလား....(ဆုံးပါတယ်ဘုရား) ဒီတွင် ဆုံးလို ရှိယင် သမုဒယသစ္စာလမ်းဆုံးပြီးသကာလဒုက္ခရောက်ဘို့မှတပါး ဘာမှလမ်းမမြင်ဘူးဆိုတာ သေသေချာချာ မှတ်ပါ(မှန်ပါ့)။

အတော်နားကြီးမှ ရတယ်နော်၊ နောက်သည်လာလိမ့်မယ်၊ ဒီတရားကို တကာတကာတွေ နားထဲမှာ ရှင်းပြီးလာလိမ့်မယ်၊ ဘြော်....ဒို့အားကိုးနေတာ ဒို့ ဘယ်အကျိုး ဘယ်အပြစ် သင့်တယ်ဆိုတဲ့ဥစ္စာ ပေါ်လာပါလိမ့်မယ်၊ အခုရှင်းကြပလား- (ရှင်းပါပြီ) ကမ္မဘဝပစ္စယာ....(ဇာတိပါ) ကြည့်ပါ-ကြည့်ပါ၊ တကာတကာမတို့ ခင်ဗျားတို့ တဏှာအုပ်ချုပ်တဲ့ကံ၊ သဘောကျပလား (ကျပါပြီ) ကမ္မဘဝပစ္စယာ.... (ဇာတိ) သူက ဘာသစ္စာတုံး— (သမုဒယသစ္စာပါ) ဒါဖြင့် ခင်ဗျားတို့က ဒီအမိ ဒီအဖကို အားကိုးနေကြတယ်....(မှန်ပါ) ဒီအမိ - ဒီအဖက ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာအားကိုးတော့ ငါဟာ-ဒုက္ခမှရောက်ပါ့မလား ဆိုတာ မေးဘို့မလိုဘူး.... (မလိုပါဘူးဘုရား) လိုသေးလား.... (မလိုပါဘုရား) ဘာသစ္စာရသလဲ .... (ဒုက္ခသစ္စာရပါတယ်ဘုရား) ကြည့်လေ ဇာတိပဲ ဘာတဲ့တုံး .... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

ဇရာပဲ....(ဒုက္ခသစ္စာပါ)။

မရဏမှ....(ဒုက္ခသစ္စာပါ)။

ကဲ....ခက်ကုန်ပြီ တကာတကာမတွေ ခက်ကုန်ပြီ၊ မခက်သေးဘူးလား....(ခက်ပါတယ်ဘုရား)။

ခင်ဗျားတို့အားကိုးထားတာက မှန်ပလား၊ တည့်သွားပလား (တည့်သွားပါပြီဘုရား) မတည့်ဘူး....(မတည့်ဘူး) ဒုက္ခရောက်တာ....(မှန်ပါ) ဒုက္ခဘဲပြန်ရတယ်.... (မှန်ပါ) ဒုက္ခလွတ်ချင်လို့ အားကိုးလိုက်တာ ဘာရသလဲ....(ဒုက္ခဘဲ ပြန်ရပါတယ်ဘုရား) အဲဒီတော့ အားကိုးတည့်တယ်ဆိုလို့ တော်ပါ့မလား....

(မတော်ပါဘုရား) နို့မို့ယင် ခင်ဗျားတို့ဒါနဲ့သေမှာဘဲ .... (မှန်ပါ့) မသေဘူးလား....(သေပါတယ်ဘုရား)။

ကံအမိ့ကံအဖ- အားကိုးပြီး သေလိုက်ကရော သေတော့ ဇီမှာ မဆက်ဘူးလား- ဆက်သလား....(ဆက်ပါတယ်ဘုရား) ဆက်တော့ ဘာနဲ့သွားဆက်သလဲ.... (ကံနဲ့ သွားဆက်ပါတယ်) ကဲ....သူ့အားကိုးတာ ကုသိုလ်ကံပါဘဲ၊ သူ့အားကိုးလိုက်တာ အခုဘာရသလဲ....(နံပါတ် ၁ - ရပါတယ်) ကဲ-မြန်အောင်ဦးတင် ကျေနပ်ပသား....(မှန်ပါ့)။

ဒီဘက်ကတကာတကာမတွေအားလုံးကျေနပ်လား(ကျေနပ်ပါတယ်ဘုရား) ကံကောင်းအောင်တော့ လုပ်ဦးမှာဘဲဘုရား.... ကံများက ဘာဖြစ်နေတယ် မသိဘူး၊ မလာဘူးလား .... လာသလား(လာပါတယ်)ကံကောင်းယင် ဇာတိရမယ် ....(မှန်ပါ့) ကံကောင်းယင်ဘာရမလဲ (ဇာတိရပါမယ်) သို့သော် ခင်ဗျားတို့ ဆာမည်နဲ့ ဆိုယင်တော့ ဒီဇာတိကို ကြိုက်ချင်လဲကြိုက်မှာဘဲ၊ လူဇာတိပေါ့ ဆိုယင်ဖြင့် ကြိုက်ပြီ.... (မှန်ပါ့ဘုရား)နတ်ဇာတိ- နတ်ပဋိသန္ဓေ ဆိုယင်ကော.... (ကြိုက်ပါတယ်) ဗြဟ္မာ ပဋိသန္ဓေ ဆိုယင်ကော....(ကြိုက်ပါတယ်ဘုရား)။

ကြိုက်တာက ဘာသစ္စာ ကြိုက်တာတုံး....(ဒုက္ခသစ္စာကြိုက်ပါတယ်)သွားပြီပေါ့ဗျ–မသွားသေးဘူးလား....(သွားပါတယ်ဘုရား)သွာပြီးတကာတကာမတို့....အဲဒါ သခင်မတင်တို့ ဆရာကောင်း သမားကောင်း သိပ်လိုတယ်ဆိုတာ အောက်တန်းတရားနဲ့အထက်တန်းတရားမခွဲလို့ရှိယင်ရကို-မရဘူး၊ရပါ့မလား (မရပါဘုရား)'ကမ္မံသဒ္တွေ ဝိဘဇ္ဇတိ' ဆိုတာက အောက်တန်းတရားကို ဘုရားကဟောတာ....(မှန်ပါ့ဘုရား)။

သတ္တဝါတို့ကိုသိနေတဲ့ ကိုယ်တော်ကြီးမို့ မသိမရှိရအောင်လို့ အကုသိုလ်ကံဖြင့် အကုသိုလ်အကျိုးပေးတယ်ကွ၊ ကုသိုလ်ကံဖြင့်လဲ လူ့နတ် ချမ်းသာ အကျိုးပေးတယ်ကွ၊ မဟောရပေဘူးလား.... ဟောရမှာလား... (ဟောရပါမယ်) ဟောရနေပမဲ့ ကိုယ်တော်ကြီး အလိုတော်ကျသွား.... ဖြစ်စဉ်ပြောတာလား ဆိုတာလဲ ပေဘာန် လိုက်ပါ....(ဖြစ်စဉ်ပါ) ဘာပြောတာပါလိမ့်.... (ဖြစ်စဉ် ပြော တာပါ)ဖြစ်စဉ်ဝေဘာန်တာကို ခင်ဗျားတို့က အဲဒါ... ဟုတ်ပြီလို့ ဆုံးဖြတ်ချက်ချတယ်... (မှန်ပါ) ဖြစ်စဉ်ပြောတာ ဟုတ်ပြီလို့ ဆုံးဖြတ်ချက်ချလိုက်တယ်၊ မလွဲသေးဘူးလား-လွဲသလား... (လွဲ ပါတယ်ဘုရား))

ဒါဟာလဲ ဘုရား မဟောခင်ကလဲ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ပါ..၊ ဘုရားက နာမည်ဘပ်ပေးတာဘဲရှိပါတယ်၊ သဘောကျပလား.... (ကျပါပြီ) ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘုရားမဟောလဲ ဒီကမ္မ ဘဝပစ္စယာ လုပ်ယင် ဇာတိ ရှိ-မရှိ.. (ရှိပါတယ်ဘုရား) အေး.... ဖြစ်လိမ့်မယ်လို့တော မဟောဘူးလား....(ဟောပါတယ်) အဲဒီ တော့ကို ခင်ဗျားတို့ အောက်တန်းတရားလောက်နဲ့ဆိုယင် ကမ္မ ဘဝပစ္စယာ ဇာတိကို သဘောကျပါလိမ့်မယ်....(မှန်ပါ) သခင် ဝတင် မကျပေဘူးလား... (ကျပါတယ်ဘုရား)။

နောက်က တကာတကာ်မတွေ ဒါနအကြီးကြီးနဲ့ထောင်မှု၊ ကံကို ခင်ဗျားတို့က အမေ့အဖေလုပ်ပြီးသကာလ ထားတော့.... အမေ့အဖေက ကျားဖြစ်နေတယ်၊ ကိုက်မည့်ကျား ဖြစ်နေတယ်၊ သဘောပါရဲ့လား.... (ပါပါတယ်) သူက ဇာတိဒုက္ခပေးမလို့ မဆိုနိုင်ဘူးလား .. (ဆိုနိုင်ပါတယ်) သဘောပါကြရဲ့လား (ပါ ပါတယ်) ဘယ်သူက ဟောသတုံး.... ဘုန်းကြီးက မန္တလေးက

ယူလာတာလား ဆိုတော့ ကမ္မဘဝပစ္စယာ ဇာတိ-ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) သူက ဘာသစ္စာတုံးလို့ ဝေဘန်လိုက်တော့မှ-(သမုဒယသစ္စာပါဘုရား) ဇာတိက(ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် ဒို့သည် သမုဒယဆိုတဲ့ သစ္စာ အားကိုးမိတဲ့အတွက် ဒုက္ခသစ္စာဖြင့် လူလုကြီးရပြီဆိုတော့ အခုတရားနာနေတာ ဇာတိ ဇရာထဲမှာနေကြတယ် (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)ဘာသစ္စာနဲ့ နေကြသလဲ (ဒုက္ခသစ္စာနဲ့နေကြပါတယ်ဘုရား)။

ဟ....ဘာအားကိုးမိလို့ပါလိမ့် (ကံအားကိုးမိလို့ပါဘုရား) တကာတကာမတွေ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ကိုင်း ကံအားကိုးမိတဲ့အတွက် ကိုယ်ကျိုးကောင်းသလား၊ကိုယ်ကျိုးနည်းသလား(ကိုယ်ကျိုးနည်းပါတယ်ဘုရား)ဒါဖြင့် အရှင်ဘုရားဟောနေတာ ဟာပည့်တော်တို့အကြိုက်နဲ့တော့တပည့်တော်တို့ သိထားတာနဲ့တော့ တကဲ့ကန့်လန့်ကြီးဖြစ်ပြီဘုရား၊ မဆိုနိုင်ဘူးလား၊ ဆိုနိုင်သလား(ဆိုနိုင်ပါတယ်) တပည့်တော်တို့ကသဲ ကံတောင် ဆက်နေတဲ့ ပုဂ္ဂိုလ်တွေဘုရား၊ သဘောကျပလား.... (မှန်ပါ-ကျပါပြီ)။

တကာတာမတွေ ဘာလုပ်နေကြတဲ့ တကာတကာမတွေလို့ ဆိုမဘုံး....(ကံဆက်နေတဲ့ တကာတကာမတွေပါဘုရား)။

ဆွမ်းကျွေးတာ ကံဆက်တယ်... (မှန်ပါ)။

အသက်ရှည်ခြင်း အဆင်းလှခြင်း ပဌမဇောက အကျိုးပေးပါစေတော့-(မှန်ပါ) တပည့်တော်တို့တအိမ်သားလုံး ပဌမဇောဆိုတာ ဒိဋ္ဌဓမ္မကိုးဗျ (မှန်ပါ) အဲဒါနဲ့ဘဲ အကျိုးပေးချင်

တာ အတိတ်ကံကလေးများ အားနည်းနေလို့ရှိယင် အာဟာရနဲ့ ဆက်ပါလားဟာ၊ ဘာလုပ်ပြန်တာတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ....(ကံဆက်တာပါဘုရား)။

ဒါဖြင့် ကမ္မဘဝဘဲ ပြန်လုပ်ပြန်တယ်-(မှန်ပါ) သဘောကျပါလား-(ကျပါပြီ) ဒါဖြင့် ဇရာ အသက်ရှည်ဘို့ပေါ့....(မှန်ပါဘုရား)ဇာတိကတော့ နောက်မှရမှာကိုးဗျ-(မှန်ပါ)ဒီပဋ္ဌမဇောက အကျိုးပေးတော့ ဇရာရှည်ဘို့ပေါ့-(မှန်ပါ) ဘာဆိုကြမလဲ (ဇရာရှည်ဘို့ပါ)ဒါကတော့ဆောင်းပြီး သိရတဲ့အဓိပ္ပါယ်၊ ပဋ္ဌမဇော အဓိပ္ပါယ်မဟုတ်ဘူး....နော်-(မှန်ပါ)။

ကိုင်း-တကာတကာမတို့ ဘယ့်နှယ်နေကြသတုံး ပြောပါဦး၊ ကန့်လန့်ကြီး ဘုရား- (မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီ) နားထဲ ဘယ့်နှယ်နေသတုံး- (ကန့်လန့်ကြီးပါဘုရား) ဘုန်းကြီးက ကန့်လန့်လား....၊ ခင်ဗျားတို့က ကန့်လန့်လုပ်ထားတာလား-(တပည့်တော်တို့က ကန့်လန့်လုပ်ထားတာပါဘုရား) ဟာ....လူပုံအလယ်မို့ ဘုန်းကြီးကလဲ ဘုန်းကြီးမို့ ဒို့ကအောက်ကျခံလိုက်ရတယ်လို့ ဒီလို ယူမလား.... (မယူဝံ့ပါဘုရား) ဒီလိုလဲမယူနဲ့ တဲ့ဖြစ်စဉ်အတိုင်း ဘုန်းကြီးဘက်လဲ မလိုက်နဲ့ ကိုယ့်ကိုယ်လဲမငဲ့နဲ့၊ အမှန်ပြောပါ.... (မှန်ပါ)။

ဘုန်းကြီးဘက်လဲမလိုက်ပါနဲ့၊ ကိုယ့်ကိုယ်လဲကောက်ကျစ်နေလို့ရှိယင်ကောက်ကျစ်တာသိအောင်လုပ်ပါ၊သို့သော်ခင်ဗျားတို့ဘာအားကိုးကြသတုံး-(ကံအားကိုးပါတယ်ဘုရား) ဘာသစ္စာလဲ....(သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာဆိုတာပယ်ရမှာ (မှန်လှပါ)ဘုရားကဘာတဲ့တုံး-(ပယ်ရမှာပါဘုရား) ခင်ဗျားတို့က ဘာလုပ်ထားတုံး(အားကိုးထားပါတယ်ဘုရား) ကျိုပ်တော့

မတတ်နိုင်တော့ဘူး ဒီတရားပွဲမှာ သေသေချာချာ ကန့်လန့်ကျ ပြီ၊ မကျဘူးလား၊ ကျသလား....(ကျပါတယ်ဘုရား)။

တကာတကာမတွေ့သေသေချာချာစဉ်းစား၊ဒီဥစ္စာဘုန်းကြီး က လိမ်ပြောနေတာလား၊ ဒါ သမုဒယသစ္စာကေန်ဘဲလား (သမု ဒယသစ္စာ ကေန်ပါဘုရား) အကြောင်းကိုး၊ အကြောင်း သမု ဒယလို့ခင်ဗျားတို့ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) ဒါဖြင့် ဘာသစ္စာတုံး (သမုဒယသစ္စာ)အကြောင်း သမုဒယသစ္စာ မကိုက်ဘူးလား(ကိုက်ပါတယ်) သူ့အားကိုးတဲ့ပုဂ္ဂိုလ်ဘာရမတုံး (ခန္ဓာရပါတယ်ဘုရား) ဘာသစ္စာရမတုံး (ဒုက္ခသစ္စာရပါတယ်) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးကမန္တလေးကယူလာတာလားတကာတကာ မတွေ့ကိုပြင်ပေးချင်လို့ စတာလားသာ မေးပေတော့(ပြင်ပေး ချင်လို့စတာပါဘုရား)ပြင်ပေးချင်လို့စတာဆိုတာရိပ်မိပလာ (ရိပ်မိပါပြီ) တပည့်တော်တို့ကလဲ မပြင်နိုင်ဘူးဘုရား မပြင်နိုင် ဘူး၊ ဘုန်းကြီးတို့နှင့် ရန်ဖြစ်ရ ဖြစ်ရ မပြင်နိုင်ဘူး ဘယ်နှယ် ကြောင့်တုံး၊ ဘယ်ဆရာတော်မဆို ဘယ်စာအုပ်ကြည့်လိုက် ကြည့် လိုက် ကံသ လျှင်အမိ ကံသာလျှင်အဖလို့ဟောထားတော့ တပည့် တော်တို့အရေးရှိလို့ရှိယင် ကံဘဲဆက်နေရတယ်မဆိုကြဘူးလား ဆိုကြသလား....(ဆိုပါတယ်ဘုရား)။

ငါးလွှတ်တဲ့အခါ ဘာလုပ်တာတုံးမေးယင် ဘယ့်နှယ်ဖြေကြ မလဲ-(ကံဆက်တာပါဘုရား) စာကလေးလွှတ်တော့ကော....(ကံ ဆက်ဘာပါဘုရား) ဒါဖြင့် ကံဆက်တော့ တကာတကာမတွေ့ ဒုက္ခရှည်မလား-မရှည်ဘူးလား (ရှည်ပါတယ်ဘုရား) ပြော်....

ဒါဖြင့် တကာတကာမတွေ ကံဆက်တာ ဘာဖြစ်ချင်လို့တုံး....(ဒုက္ခဖြစ်ချင်လို့ပါဘုရား)။

ဒုက္ခရှည်ချင်လို့ အမှန်ပြောတော့ ဒါဘဲ ပြောရမယ်(မှန်ပါ) ဒီ့ပြင် ပြောစရာရှိသေးရဲ့လား... (မရှိပါဘုရား)ဒါဖြင့် တကာတကာမတွေ အခု ဘုန်းကြီးပြောတဲ့အဓိပ္ပါယ်... (ဘုရားဟောတဲ့ အဓိပ္ပါယ်)ဟာ... ရမ်းပြောနေတာလား... ဖြစ်စဉ်ကိုက် ပြောတာလား....(ဖြစ်စဉ်ကိုက်ပြောတာပါဘုရား)ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့်ယနေ့ကံအမိကံအဖနဲ့တော့အိုးစားကွဲမှုကိုက်တော့မယ် ရိပ်မိပလား(ရိပ်မိပါပြီ)ကံအမိကံအဖနဲ့ဘာဖြစ်မှုကိုက်မတုံး(အိုးစားကွဲရပါမယ်ဘုရား) ဩော်....တပည့်တော်တို့ကလဲ ဒါဘဲ အမိ၊ ဒါဘဲ အဖလုပ်နေတာ အမိအဖနဲ့ခွဲရတော့မယ်ဆိုတာ ခင်ဗျားတို့ မျက်ရည်များကျဦးမှာလား....(မကျပါဘုရား) ဟင်....သခင်ဝတင် ဘယ့်နှယ်မျက်ရည်များ ကျဦးမှာလား(ကျကောင်း ကျမယ်)ကျကောင်း ကျမယ်....။

ဆရာထွန်းကြီးက ရိပ်မိပြီ....သူလဲ ကျကောင်းကျမယ် အဲဒါ တကာတကာမတို့ ဘုန်းကြီးများက ဦးသံဒိုင်တို့နှင့်တကွ အားလုံး တကာတကာမတွေကိုရင်းရင်းနှီးနှီးနဲ့ပြောတဲ့တရားအမှန်ကိုပြောတဲ့တရား ဒီလိုယူပြီး နားထောင်ကြပါ ရှင်းကြပလား--(ရှင်းပါပြီ)ဘယ်လိုပြောတဲ့ တရားပါလိမ့်(ရင်းရင်းနှီးနှီးနဲ့ ပြောတဲ့တရားပါဘုရား)ရင်းရင်းနှီးနှီးနဲ့ အမှန်ကိုပြောတဲ့တရား ပေါ်ပလား(ပေါ်ပါပြီ)စာဆိုကို ပြောနေတဲ့ တရား သူများ ရေးထားတာ အဓိပ္ပါယ်မသိဘဲနဲ့ စာကျက်ပြောနေတဲ့တရားလို့ ယူကို-မယူနဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

စာကျက်ပြီးရလို့ ပြောတာမဟုတ်ဘူး၊ခန္ဓာဖြစ်စဉ်ကိုရှောက်ပြောနေတယ်မှတ်ပါ....(မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)ဘာပြောတာပါလိမ့်(ခန္ဓာဖြစ်စဉ်ကိုရှောက်ပြောတာပါ ဘုရား)ခန္ဓာဖြစ်စဉ်ကို ခင်ဗျားတို့မသိလို့ ပေါ်ပြနေတာ(မှန်ပါ့) အခုခင်ဗျားတို့ခြေထောက်နဲ့မော်တော်ကားကဆင်းပြီး ကာယကံနဲ့ လာခဲ့ကြသလားလို့မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ-(ကာယကံနဲ့ လာပါတယ်ဘုရား)။

ကာယကံနဲ့ လာခဲ့ကြတယ်(မှန်ပါ့)အဲဒီကံသည် ခင်ဗျားတို့ဒို့ တရားနာသွားရအောင်ကွာ ခြေတလှမ်းတသန်းတန်တယ်ဆိုတဲ့ လူတိုင်းဟောနေတာ၊အနာထပိဏ် သူဌေးကြီးတို့ကို ဘုရားဟောပါတယ်(မှန်ပါ့ဘုရား) သို့သော်လဲ ဒီကံသည် ဘာတဲ့တုံးလို့မေးလို့ရှိယင်ဖြင့်အင်း ဓမ္မသဝနကုသိုလ်ကံဆိုတော့ပုညကြိယာဆယ်ပါးထဲကဘဲရှိနေသေးတယ် ဆရာထွန်းရ လူတို့၏တရားလွန်မြောက်သလား....(မလွန်မြောက်သေးပါဘုရား)။

မလွန်မြောက်သေးတော့ ဒီကံဟာလဲ ကာယကံနဲ့ ခြေထောက်လှမ်းလာကြတော့ ဝစီကံနဲ့လဲ တယောက် တယောက်သွားကြရအောင်ဟေ....၊လာပါကွ....၊ မင်းနားမထောင်ဘူးသေးတော့ ခက်တယ်ကွ....၊ လိုက်နားထောင်ဦးကွ...၊ တယောက် တယောက်ကော မခေါ်ကြဘူးလား.... (ခေါ်ပါတယ်ဘုရား) အဲဒါဟာ ဝစီကံတွေဗျ....(မှန်ပါ့ဘုရား) အဲဒီ ဝစီကံတွေက ဇီဝိတအကျိုးပေးလို့ ရှိယင်ဖြင့် အသက်ရှည်သွားမယ်၊ မရှည်သေးဘူးလား...(ရှည်ပါတယ်ဘုရား) ရှည်တာ ဇရာဘဲ....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရှည်တာ ဘာခေါ်ကြသလဲ....(ဇရာပါဘုရား) ဒါဖြင့်....

ကံမ္မဘာ့ဝပစ္စယာ ဇရာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) ကမ္မဘဝ ပစ္စယာ....(ဇရာပါဘုရား) ဇရာဘဲ ဟုတ်တာ၊ ပဌမဇောနဲ့ ထောက်တော့ ဇရာဘဲအကျိုးပေးရမယ်၊သတ္တမဇောနဲ့ ထောက်မှ ဇာတိကိုးဗျ (မှန်ပါ့) ဆရာထွန်းကြီး သေသေချာချာ ဝေဘန် တော့....(ဟုတ်ပါတယ်ဘုရား) ဒါက အင်မတန် နည်းနည်းက လေးလဲ ဗဟုသုတရှိလို့ ဒီအဓိပ္ပါယ်ပြောနိုင်တယ်လို့ မှတ်ကြပါ နော်....(မှန်ပါ့)။

နို့မို့လို့ရှိယင် ဇာတိကခုဘဲပေါနိုင်ဘာယ်၊ ဇရာပေါနိုင် ပါ့မလား .... (မပေါနိုင်ပါဘုရား) ပဌမဇောနဲ့ ထောက်တဲ့ အခါ ပဌမဇော ဒိဌဝ အကျိုးပေးမယ်ဆိုတော့ ဇရာဘဲ အ ကျိုးပေးရမယ်....(မှန်ပါ့ဘုရား)ဆရာထွန်းကြီး ဘယ်သူ့အကျိုး ပေးမလဲ....(ဇရာဘဲ အကျိုးပေးပါမယ်ဘုရား ဇာတိ လာနိုင်ပါ့ မလား.... (မလာနိုင်ပါဘုရား) သူက ဒိဌဝ အကျိုးပေးယင် ပေး·မပေးယင် အဟောသိကံကိုးဗျ၊နောက်လိုက်သေးရဲ့လား.... (မလိုက်ပါဘုရား)။

အဲဒါကြောင့် ဒါကလေးတွေကတော့ ပွါင့်ကလေးတွေ လို့ မှတ်ပါတဲ့၊ မကြားဘူးတဲ့စကား ခင်ဗျားတို့ မသိသေးတဲ့ အဓိပ္ပါယ်ထည့်ပေးဘယ်ဆိုတာ မှတ်လိုက်စမ်းပါ၊ ရှင်ပလား.... (ရှင်းပါပြီ)ဒါဖြင့် ယနေ့ တကာတကာမတွေ ကာယကံ ဝစီကံ တွေ လုပ်လာတော့ ကျုပ်တို့ တရားကတော့ ကယ်မှာပါဘဲ စီး ပွားရေးရော ကျန်းမာရေးရော....(မှန်ပါ့) သူပဌမဇော မျှော် ပြီ၊ မမျှော်သေးဘူးလား....(မျှော်ပါတယ်)မျှော်ပြီ။

ကမ္မဘဝပစ္စယာ .... (ဇရာ) အသက်ရှည်အောင် မဟုတ်ဘူး လား....(မှန်ပါ) အသက်ရှည်ဘော့ စီးပွား ရှာနိုင်တော့

ချမ်းသာတာပေါ့၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ဒါ အားကိုးပြီးသကာလ ကမ္မဘဝပစ္စယာ ဇရာ-ဘယ့်နှယ်ဆိုကြမလဲ (ဇရာပါ) ဇရာဘဲ ရမယ်၊ ဇာတိတော့ မရသေးပါဘူး နောက်မှ ရမှာ၊ကိုင်း....တကာတကာမတွေ နာရီက ကုန်သွားမှာလဲ စိုးတယ်၊ သိစရာတွေကလဲ နည်းဘာမဟုတ်ဘူး၊ သိစရာနည်းသလား....ကိုင်း....။

အခုဟာ ထူးထူးဆန်းဆန်း ပြောနေတာ၊ ခင်ဗျားတို့ နားထဲမှာ၊ ခင်ဗျားတို့ နားထဲမှာ ဘယ့်နှယ် ဖြစ်နေသတုံး....(ထူးထူးဆန်းဆန်း စကားပြောနေပါတယ်) ဖြစ်စဉ်ကတော့ ထူးဆန်းသလား....တဲ့....(မထူးဆန်းပါဘူး) ဒါဖြင့် ဖြစ်စဉ်မသိလို့ ထူးဆန်းဘယ် ထင်နေတာ.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ) ဖြစ်စဉ်မသိတာနဲ့....(ထူးဆန်းတယ် ထင်နေတာပါ) ဒါဖြင့် အထူးအဆန်း ဘုန်းကြီးက ဒီကျမှ တုတ်ပြနေတာလားတဲ့....၊ ကိုယ် အနာပေါက်နေတာ မသိတော့ဟု....နင့် အနာပေါက်နေတယ် ပြောရတာလား....(အနာပေါက်နေတာ သိအောင် ပြောရတာပါဘုရား)။

ဒါဖြင့် လူအ-လူပြိန်း ပြောနေရတာပါဘဲလို့....၊ သဘောပါကြရဲ့လား(ပါပါတယ်) ကဲ....ဒါဖြင့် ခင်ဗျားတို့ အားကိုးတဲ့ ကံအမိ့ကံအဖဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) သူ့အားကိုးယင် သူက သမုဒယသစ္စာဖြစ်လို့ ဇာတိဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာရမယ်....(မှန်ပါဘုရား)နိဂုံးချုပ်လိုက်ပါပြီ....၊ ကံအမိ့ကံအဖ အားကိုးတော့ ဘာသစ္စာရမတုံး....(ဒုက္ခသစ္စာရမယ်)ဒုက္ခသစ္စာဘဲ ရမယ်....(မှန်ပါ)ကဲ....တကာတကာမတို့....ကံဆက်ချင်သေးသလား....(မဆက်ချင်ပါ) ဟာ....ဒါဖြင့် ငါး

တွေ ဒုက္ခရောက်တော့မယ်၊ ဖမ်းထားတဲ့ လူတွေ အလကား ဖြစ်လိမ့်မယ်၊ ငါးလွှတ်ကြပါ၊ ငါးလွှတ်ကြပါ၊ ကံဆက်ကြပါ ဆိုတဲ့ အဓိပ္ပါယ် မောင်ကို မင်း လွှတ်ဘူးရဲ့လား....(လွှတ်ဘူးပါတယ်ဘုရား) လွှတ်ဘူးတယ်။ ဩော်... မင်းတို့ ဇရာ ကြိုက်ပါသဲလား....။

ကိုင်း-ဒါဖြင့် တကာဘကာမတို့ ဘုန်းကြီး အားကိုးကလေး ပြောင်းပေးခဲ့ပါမယ်၊ ဇာတိက ဒုက္ခသစ္စာ ဖြစ်နေမဘာ့ ကံကလဲ သမုဒယသစ္စာ ဖြစ်နေတော့ သမုဒယသစ္စာက ပယ်ရမည့်တရား၊ ဒုက္ခသစ္စာက ပိုင်ပိုင် နိုင်နိုင် သိပြီးဘော့ ထားခဲ့ရမည့်တရား....၊ သဘောပါကြလား .... (ပါပါတယ်) သမုဒယသစ္စာက....(ပယ်ရမည့် တရားပါဘုရား) ဒုက္ခသစ္စာက ပိုင်းခြားပြီး သိပြီးသကာလ သူ့ကို သိပြီး နိဗ္ဗာန်သွားရမည့် တရား (မှန်ပါ့)သူ သိရုံတွင် သိရမယ်၊ အဆုံးမှန်း သိရမယ်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ အဆိုးလဲကြိုက်၊ ဟင်... (မှန်ပါ့) ပယ်ရမည့်တရား သိမ်းပိုက်၊ ဘယ့်နှယ်တုံး ၊ အဆိုးတော့ ဘာတဲ့တုံး....(ကြိုက်ပါတယ်ဘုရား) ပယ်ရမည့် တရားတော့...(သိမ်းပိုက်ပါတယ်ဘုရား) ဒီ တရားပွဲ ဟောမဖြစ်ပါဘူး၊ ခင်ဗျားတို့ဟာ ကန့်လန့်ချည်း လုပ်ပြောတာကိုး၊ သဘောပါကြရဲ့လား.... (ပါပါတယ်ဘုရား)အဲဒါ တကာတကာမတို့ ခင်ဗျားတို့အတွက်ဟာ ဘုန်းကြီး ရင်လေးတယ်၊ ဘာ့ကြောင့် ရင်လေးတုံးဆိုတော့ မသိတာကဲ တန်းကို ကုန်နေတယ်.... (မှန်ပါဘုရား)။

တကာတကာမတွေ နာသလား....(မနာပါဘုရား) မနာနဲ့ဗျ....၊မသိတာက တန်းကိုကုန်နေတာ၊ တကယ့် ဒီ ပယ်ရမည့် တရားကျတော့ ဘာလုပ်သလဲ....(သိမ်းပိုက်ပါတယ်

ဘုရား)ထားပစ်ခဲ့၊ ပိုင်းခြားသိရမည့် တရားကျတော့ ခင်ဗျား တို့က အကြိုက်ဖြစ်နေတယ်....(မှန်ပါ့ဘုရား) ဒုက္ခသစ္စာကျတော့ (အကြိုက်ဖြစ်နေပါတယ်ဘုရား)။

သမုဒယသစ္စာ ကျတော့ကော အမေ့ အဖေလုပ်ပြီး ကိုးကွယ် တယ်....(မှန်ပါ့)သဘောပါရဲ့လား....(ပါပါတယ်) သမုဒယ သစ္စာကျတော့ ဘာတဲ့....(ကိုးကွယ်နေပါတယ် ဘုရား) အမေ့ အဖေလုပ်ကိုးကွယ်တာ.တာ'သာလျှင် အမိ့က'သာလျှင် အဖကိုး၊ သဘောကျပလား....(ကျပါပြီ) သမုဒယသစ္စာကျတော့ ကိုး ကွယ်တယ်၊ ဒုက္ခသစ္စာကျတော့ ခင်ဗျားတို့က အရယူတယ်.... (မှန်ပါ့)ဒါဖြင့် ဒီ သစ္စာနှစ်ပါးကလဲ ဘုရားက တကာတကာမ တို့ ပိုင်းခြားသိရမည့် တရား၊ပယ်စွန့်ရမည့် တရားဆိုတာလဲ သေ သေချာချာ ဟောတယ်၊ မဟောဘူးလား.... (ဟောပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားကို ကန့်လန့် လုပ်နေတာ ဟုတ် ကဲ့လား... (ဟုတ်ပါတယ်ဘုရား) ဘုရား ကန့်လန့် လုပ်နေတာဗျ၊ ဘယ်အရွယ်မှ ကန့်လန့်လုပ်တာတုံးဆို တပည့်တော်တို့က ဘုရား ကန့်လန့်ကို မိဘရိုးရာ ပျက်မှာစိုးလို့ သားသမီးတွေတောင် ဟောခဲ့သေးတယ်ဘုရာ့- ကန့်လန့်ဂိုဏ်းဖွဲ့ပြီးပေါ့၊သဘောပါကြ ရဲ့လား....(ပါပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သေသေချာချာ ပြောပါတော့မယ်၊ခင်ဗျားတို့ အားကိုးရာအစစ်ကို ပြပါတော့မယ်နော်....(မှန်ပါ့)။

တကာတကာမတို့ ဉာဏ်အမိ့ ဉာဏ်အဖ ဒီနေရာ ထည့်ပေး စမ်းပါ....(မှန်ပါ့)သဘောပါပလား... (ပါပါပြီ) ဒီနေရာမှာ ဘာထည့်ပေးရမယ်....(ဉာဏ်အမိ့,ဉာဏ်အဖ) ဉာဏ်အမိ့,ဉာဏ်အဖ ထည့်ပေးလို့ ရှိယင်ဖြင့် ဉာဏ်သည် သမုဒယသစ္စာ မငယ်

ဘူးလား... (ပယ်ပါတယ်ဘုရား) ဒီဘက်က ဒုက္ခသစ္စာ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဉာဏ်အမိ ဉာဏ်အဖ အားကိုးမှ ကိုက်မယ်(မှန်ပါ) ပေါ်ပလား(ပေါ်ပါပြီ)ဘာအားကိုးရမလဲ(ဉာဏ်အမိ ဉာဏ်အဖ အားကိုးရပါမယ်) ဒီနေရာ ဉာဏ်သွင်းလိုက်တော့ ဒီ တရားတွေဟာ ဒုက္ခသစ္စာ(မှန်ပါ)သိတဲ့ဉာဏ်က မဂ္ဂသစ္စာ(မှန်ပါ မဂ္ဂသစ္စာ) ကဲ....ဒီဉာဏ်ဘဲ အားကိုးတော့မယ် ဆိုတော့ ဒီ သမုဒယသစ္စာ သေ-မသေ....(သေပါတယ်ဘုရား)ပြတ်ထွက်သွားတယ်-(မှန်ပါ) မပြတ်ဘူးလား-ပြတ်သလား....(ပြတ်ပါတယ်ဘုရား)။

ဒီ ဒုက္ခသစ္စာ လာဦးမလား....(မလာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ယနေ့ အမေ့အဖေ ပြောင်းတဲ့နေ့-(မှန်လှပါဘုရား) ဘယ်လို မှတ်ကြမလဲ....(အမေ့ အဖေ ပြောင်းတဲ့ နေ့ပါဘုရား) အပေါင်းကြီး ပေါင်းလာတာ ကြာခဲ့ကြပြီ(ကြာပါပြီ) ယနေ့ ဒီဆရာနဲ့ ကျမှ ရန်တိုက်ပေးတာနဲ့ ခင်ဗျားတို့ မခွဲချင်ဘဲနဲ့ ခွဲရတာလား- အကျိုးအပြစ် သိဘာနဲ့ ခွဲရမှာလား....(အကျိုးအပြစ် သိတာနဲ့ ခွဲရမှာပါဘုရား) ဘော်တော်- တော်လာပြီဗျ၊ ဒါ နည်းတဲ့ အသိမဟုတ်ဘူးနော်....။

နည်းတဲ့အသိ မဟုတ်သေးဘူး ဆိုတာ တော်တော် အရေးကြီးတဲ့ အသိ၊ တကာတကာမတို့ ခင်ဗျားတို့ ဒီလောက် သိတယ်ဆိုယင် အများကြီးတော်သွားပြီ(မှန်ပါ)ဒီနေရာမှာ ဉာဏ်အမိ ဉာဏ်အဖကို ဒီက ဒုက္ခသစ္စာ ဖြစ်ပျက်ဘုရား၊ ဒီကနေ ဉာဏ်နဲ့ ရှုလိုက်တော့ကို ဖြစ်ပျက် မဂ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဲဒါ မဂ်ဉာဏ် အားကိုးလိုက်တဲ့ အတွက် သမုဒယသစ္စာကို

ပယ်တယ်၊ ဒုက္ခသစ္စာက မလာတော့ဘူး၊ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဘာအားကိုးလိုက်လို့ ဒီ ကိစ္စ ပြီးပါလိမ့်မတုံး ....(ဉာဏ်အမိ,ဉာဏ်အဖပါ)ဉာဏ်အမိ,ဉာဏ်အဖ အားကိုးလိုက်တဲ့အတွက် ဒို့ကိစ္စပြီးသွားတယ်၊က အမိ, က အဖတုန်းကတော့ ဒို့အဒေါင်ကို လည်နေတယ်၊ ဆိုနိုင်-မဆိုနိုင်-(ဆိုနိုင်ပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ဘာအားကိုးကြမလဲ(ဉာဏ်အမိ,ဉာဏ်အဖပါဘုရား) က အမိ,က အဖ အားကိုးခဲ့တာ ဘယ်လောက်ကြာပြီတုံး....(ကြာပါပြီဘုရား)။

ဟာ....ဘုရားအဆူဆူနဲ့ လွဲခဲ့ပြီဗျာ၊ရိပ်မိပလား-(ရိပ်မိပါပြီ) ဒါဖြင့် ယခု ဘာအားကိုးကြမယ်....(ဉာဏ်အမိ,ဉာဏ်အဖ အားကိုးရပါမယ်)ဉာဏ်အမိ,ဉာဏ်အဖ အားကိုးတော့မယ်ဆိုတဲ့ စိတ်ကိုဖြင့် ပြောင်းဖြစ်အောင် ပြောင်းရတော့မှာဘဲ၊ မပြောင်းသင့်ဘူးလား....(ပြောင်းသင့်ပါတယ်ဘုရား) ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီတရားသည် ဘား ဆိုလို့ရှိယင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး မဇ္ဈိမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိကသုတ်မှာ ပုဏ္ဏတို့ သေနိယတို့ကိုဟောတယ်(မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါဘုရား)။

ပုဏ္ဏတို့ သေနိယတို့ကို ဟောတယ်၊ သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား) ဘယ်သူ့ ဟောပါလိမ့်... (ပုဏ္ဏနဲ့ သေနိယကို ဟောပါတယ်ဘုရား) ပုဏ္ဏတို့ သေနိယတို့ဆိုတဲ့ တိတ္ထိ နှစ်ယောက်ကို ဟောတဲ့ တရား....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ က အမိ, က အဖကို

ဖြုတ်ပြီးသကာလ ဘာလုပ်ရမယ်.... (ဉာဏ်အမိ ဉာဏ်အဖကို ပြောင်းရပါမယ်ဘုရား)။

ဉာဏ်အမိ ဉာဏ်အဖ အားကိုးလိုက်လို့ ရှိယင်ဖြင့် ဒီနေရာမှာ ဒီတရားတွေက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာသိတဲ့ဉာဏ်ကို အားကိုး လိုက်....(မှန်ပါ့ဘုရား) ရှင်းပလား-(ရှင်းပါပြီဘုရား) အားကိုး လိုက်တော့ သမုဒယသစ္စာ မသေဘူးလား.... (သေပါတယ် ဘုရား) ဒုက္ခသစ္စာ လာသေးရဲ့လား (မလာပါဘုရား) ဒါ-ဘာအားကိုးလိုက်လို့ပါလိမ့်.... (ဉာဏ်အမိ ဉာဏ်အဖ အား ကိုးလိုက်လို့ပါဘုရား) ကဲ....သခင်ဝတင် ကျေနပ်ပလား-(မှန်ပါ့ ဘုရား) ဘာအားကိုးမလဲ... (ဉာဏ်အမိ ဉာဏ်အဖ အားကိုးပါ မယ်ဘုရား)။

နဂိုရ်က ဘာအားကိုးတယ်၊ ခင်ဗျားတို့ အမျိုးက ဘာပါ လိမ့်....(ကံအမိ ကံအဖပါဘုရား) ကံအမိ ကံအဖ အမျိုးကိုး.... ယနေ့တော့ ဘယ်လိုများပြောင်းကြပါလိမ့်.... (ဉာဏ်အမိ ဉာဏ် အဖ အားကိုးရပါမယ်) ဒါကလေးဟာ ကံနဲ့ဉာဏ် ခင်ဗျား တို့ စဉ်းစားကြည့်၊ ကံက ကိလေသာ ဖြတ်သလား၊ ဉာဏ်က ကိလေသာဖြတ်သလား....(ဉာဏ်က ကိလေသာဖြတ်ပါတယ်) ဒါဖြင့် ကိလေသာကြောင့် သံသရာလည်ဘာကို သူ ဖြတ်ပေး ဖေါ်ရတော့ သူ့ကို အားကိုးရမယ်၊ မကိုးထိုက်ဘူးလား.... ကိုး ထိုက်သလား.... (ကိုးထိုက်ပါတယ်ဘုရား) သဘောပါကြပ လား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့်.... တပည့်တော်တို့ ဒါနကံ သီလကံတွေ မလုပ်ရ တော့ဘူးလားလို့ တကာတကာမတွေက မေးလိမ့်မယ်နော်.... (မှန်ပါ့) လုပ်ပါလို့လဲ တိုက်တွန်းလိုက်တယ်၊ ဒါနတွေ သီလ

တွေ့ပြည့်လို့ မလုပ်ရတော့ဘူး၊ ဉာဏ်စခန်းချည်း လုပ်ရတော့ မလားလို့ တကာတကာမတွေက မေးတော့ မဟုတ်ပါဘူး၊ ခင် ဗျားတို့ ဉာဏ်လုပ်တဲ့အထဲမှာ ဒီအထဲမှာစေတနာဟာ မပါဘဲမရှိ ဘူး၊ ဆရာထွန်းကြီး ရှိပါ့မလား....(မပါ-မရှိပါဘုရား)။

အဲဒီ စေတနာပါနေတယ်၊ ရှုချင်တဲ့စေတနာ မပါဘူးလား.... (ပါ-ပါတယ်ဘုရား) သူ့ထဲလဲ ကံပါ-ပါတယ်၊ သဘောကျရဲ့ လား.... (ကျပါတယ်) ဝဋ်ပြတ်ဘဲ့ကံတော့ လုပ်သာလုပ်၊ လှူ သာလှူ၊ ပေးသာပေး၊ ကမ်းသာကမ်း.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သမုဒယမဆက်တဲ့ ကံမျိုးကို လုပ်ပါ.... (မှန်ပါ့ ဘုရား) သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

ကံပယ်တာလား.... မပယ်ဘူးလား.... (မပယ်ပါဘုရား) မပယ်ပါဘူး... တဲ့၊ ဉာဏ်နဲ့ တွဲတဲ့ ကံကို လုပ်ပါ.... (မှန်ပါ့) ဝိပဿနာဉာဏ်-မဂ်ဉာဏ်နဲ့ တွဲတဲ့ ကံကို လုပ်ပါ....(မှန်ပါ့ဘုရား) ခင်ဗျားတို့ အားကိုးတဲ့ကံက ကမ္မဿကတာ သမ္မာဒိဋ္ဌိ....လို့ခေါ် တယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ခင်ဗျားတို့ ကံအမိ၊ကံအဖ ဆိုတာက ဘာတဲ့.... (ကမ္မဿကတာ သမ္မာဒိဋ္ဌိ ပါဘုရား)။

အဲဒါက ဒိဋ္ဌိ ဘယ်တော့မှမပြုတ်ဘူး....(မှန်ပါ့) ဆရာထွန်း ကြီးပြုတ်ကဲ့လား.... (မပြုတ်ပါဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)ဒါဖြင့် ခင်ဗျားတို့ အားကိုးနေတာက ကံ ကို အားကိုးငြားသော်လဲတဲ့ ဒိဋ္ဌိက မပြုတ်တော့ကို အဲဒီကံက အကျိုးလဲ ပေးပါတယ်၊ ဒိဋ္ဌိက အပါယ် ဆွဲဆွဲချသေးတယ်.... (မှန်ပါ့) သဘောပါလား.... (ပါ-ပါပြီဘုရား) ဒီထဲမှာ ပါတဲ့ ကံကတော့ ဉာဏ်နဲ့ တွဲနေတဲ့ကံကတော့ သမုဒယသစ္စာဖြတ်

တယ်....(မှန်ပါ)ဒီကဖြစ်ပျက်ဆိုတော့ ဒီကမဂ်ပေါ့ဗျာ၊ သဘောကျပလား_(ကျပါပြီ)။

ဒီက ဒုက္ခသစ္စာဆိုတော့ ဒီကဘာတုံး....(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာထဲ ကံမပါဘူးလား·မဂ်ချည်းဖြစ်သလား- ကံပါသေးသလား- (ကံပါ-ပါဘယ်ဘုရား) သဟဇာတအဖြစ်နဲ့ ပါတာပေါ့၊ စေတနာဟာ စိတ်တခုယုတ်ကိုးဆယ်မှာ ယှဉ်တာဘဲ....(မှန်ပါ)မပါဘူးလား(ပါ-ပါတယ်ဘုရား) သို့သော်-သူပြဋ္ဌာန်းသလား- မပြဋ္ဌာန်းဘော့ဘူးလား....(မပြဋ္ဌာန်းပါဘုရား)။

သူ မပြဋ္ဌာန်းတော့ဘူး၊ ပါတော့ပါရဲ့ သူက မပြဋ္ဌာန်းတဲ့အတွက် ဇာတိ ဇရာ မရဏအကျိုးပေးသေးရဲ့လား.... (မပေးပါဘုရား) တဏှာဖြတ်တာပေါ့ဗျာ(မှန်ပါ)တဏှာ ဥပါဒါန် ကံတွေ မဖြတ်ဘူးလား.... (ဖြတ်ပါတယ်)ဒါဖြင့် တကာတကာမတို့ ဒီထဲမှာပါတဲ့ စေတနာ ဒီထဲမှာပါတဲ့ ပညာသည် ကံပြတ်....(မှန်ပါ) ပေါ်ကြပလား... (ပေါ်ပါပြီ) ကံဆက်ယင် ဘာဖြစ်မယ်(ဒုက္ခရောက်မယ်) ကံဆက်ယင် ဒုက္ခရောက်မယ်....(မှန်ပါ) ကံပြတ်လို့ရှိယင်ဖြင့် ဒုက္ခသိမ်းတယ်.... (မှန်ပါဒုက္ခသိမ်းတယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကံဆက်ယင်(ဒုက္ခရောက်ပါတယ်) ဒီကံကို ဖြတ်လိုက်လို့ရှိယင်(ဒုက္ခသိမ်းပါတယ်) ဒုက္ခသိမ်းတယ်ဆိုတာ ဘုန်းကြီးက ကြံဖန်ဟောတာလား-ခင်ဗျားတို့ခန္ဓာဖြစ်စဉ်ကဒီအတိုင်းလား(ခန္ဓာဖြစ်စဉ်ကဒီအတိုင်းပါဘုရား)ဒါဖြင့် ဘုန်းကြီးမယုံကြနဲ့ ခန္ဓာကပြောတာယုံ....(မှန်ပါဘုရား)သဘောပါပလား- (ပါ-ပါတယ်) ဘယ်သူ့ကို သက်သေထားပါလိမ့်....(ခန္ဓာကို သက်သေထားပါ

တယ်ဘုရား) အဲ....ခန္ဓာထက် အပြောကောင်း ဖြစ်စဉ်မှန်တာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါ....ဉာဏ်ကြီးကြီး နားကြီးကြီးနဲ့ ထောင်ပါလို့ နဂိုရ်က ပြောတဲ့စကားဟာ အားလုံးတရားနာလာကြတဲ့ တကာတကာမတွေ မမှန်ဘူးလား-မှန်သလား(မှန်ပါတယ်ဘုရား)ဒါဖြင့် ယနေ့ကစ၍ အမိအဖ ဘာလုပ်ရမယ်.... (ပြောင်းရပါမယ်) ဘုရားတောင် ဟောသေးတာ 'မာတရံ ပိတရံဟန္တွာ'လို့ ဓမ္မပဒမှာအမိအဖ သတ်ရမယ်ကွတဲ့-(မှန်ပါ့ဘုရား) မဟောဘူးလား- ဟောသလား-(ဟောပါတယ်ဘုရား) မထင်ရှားဘူးလား....(ထင်ရှားပါတယ်ဘုရား)။

အမိနဲ့တူတဲ့တဏှာ, အဖနဲ့တူတဲ့မာန(အဝိဇ္ဇာ)ကိုဘာလုပ်ရမလဲ(သေအောင်သတ်ရပါမယ်)သတ်ရမယ်ဆိုတော့သမုဒယသစ္စာအသတ်ခိုင်းတာ....(မှန်ပါ့)ပေါ်မလာဘူးလား ...(ပေါ်လာပါတယ်) ရှင်းပြီနော်....(မှန်ပါ့) ဒါဖြင့် ယနေ့ တကာတကာမတို့ ဘာတရားဟောတုံးလို့ ခင်ဗျားတို့ပြန်တော့ တိုးတိုးတိုးတိုးပြောသွားကြ(မှန်ပါ့) အမိ့အဖပြောင်းရသဟော့.... ဒို့ငယ်မိ့ငယ်ဖတွေကဒုက္ခပေးနေတာနဲ့ဟုတ်လား-ကြီးမှသိရတဲ့ အမိအဖကိုကိုးကွယ်နေရတယ်ဆိုဘာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် မဂ်ဉာဏ်က ကိုးကွယ်ထိုက်တာ(မှန်ပါ့) သဘောကျပလား(ကျပါပြီ) ခင်ဗျားတို့ ကံအမိ့ကံအဖက ကိုးကွယ်ထိုက်ကဲ့လား....(မကိုးကွယ်ထိုက်ပါဘုရား) ကဲ-မကွာဘူးလား- (ကွာပါတယ်ဘုရား)ဟိုကံက ကိုးကွယ်ထိုက်ကဲ့လား.... (မကိုးကွယ်ထိုက်ပါ) ဒီဉာဏ်နဲ့ တွဲနေတဲ့ ကံကျတော့ကို မဂ်တရား ဖိုလ်

တရား နိဗ္ဗာန်တရားကို ရှိခိုးပါ၏ဆိုတာ လာရမယ်၊ မလာရဘူး လား....(လာရပါတယ်ဘုရား)။

ဒါဖြင့် အင်မတန် ထူးခြားသွားပြီဆိုတဲ့ အခိပ္ပါယ် တကာ တကာမတို့ဉာဏ်ဝမှာ ရောက်ပါပလား (မှန်ပါ့ရောက်ပါပြီ)ကဲ- ဒါဖြင့် ဘယ်အမိ့အဖနဲ့ နေကြသတုံး (ဉာဏ်အမိ- ဉာဏ်အဖနဲ့ နေပါမယ်ဘုရား) သဘောပါပလား(ပါပါပြီ) သဘောပါပြီတဲ့ ကိုင်း....ဒါနဲ့ ဝတ္ထုတိုကလေး ထုတ်ကြပါစို့ တကာတကာမတို့ ဒါအရေးကြီးလို့ ပြောရပါတယ်နော်....(မှန်ပါ့)ကံဟာ ဝတ္ထုမ ထုတ်ခင် ကံလေးမျိုး မှတ်လိုက်စမ်း(မှန်ပါ့)ခင်ဗျားတို့က ကံဆို ယင် ကိုးကွယ်ရမည်ချည်းမှတ်နေတာ....(မှန်ပါ့ဘုရား) ကံဆိုလို့ ရှိယင်ဖြင့် ကံအမိ ကံအဖချည်း လုပ်နေယင် ခက်လိမ့်မယ်၊ မခက်ပေဘူးလား....(ခက်ပါတယ်ဘုရား)။

ကံလေးမျိုး တကာတကာမတွေ ကိုယ့်စာကလေးနဲ့ ကိုယ် ရေးလိုက်စမ်းပါ....နော်... ။

(၁) အမဲကံ အမဲအကျိုးပေးတာ တမျိုး၊ တကာတကာမ တွေ ရေးပြီးကြပလား....(ရေးပြီးပါပြီဘုရား) အမဲကံက အမဲ အကျိုးပေးတာက တမျိုး၊ မဲတဲ့ကံ မဲတဲ့ အကျိုးပေးတာက ၁-နံပါတ်။

(၂) ဖြူတဲ့ကံ ဖြူတဲ့အကျိုးပေးတာက ၂-နံပါတ်၊ အဖြူ ကံ- အဖြူအကျိုးပေးတာက....(၂-နံပါတ်ပါဘုရား)။

သေသေချာချာ မှတ်ပါ-သေသေချာချာမှတ်ပါ.... (မှန်ပါ့) ခင်ဗျားတို့က ကံဆိုလို့ရှိယင် အကောင်းချည်းဘဲ ယူနေမှာ သိပ်စိုးရိမ်လို့ ဘုရားက ကံလေးမျိုးခွဲဟောလို့ ဟောရပါတယ် ဆိုတာလဲ သေသေချာချာမှတ်ပါ၊ အဖြူကံ အဖြူအကျိုးပေး

တာကတမျိုး၊ ၂-နံပါတ်နေ့ဒါက ၂-တွင်ရှိသေးတယ် (မှန်ပါ့) အဖြူကံ အဖြူအကျိုးပေးတာက တမျိုး၊ နံပါတ် ဘယ်လောက်မှာပါလိမ့်(၂-မှာပါဘုရား) ပြန်ပြီး ဆက်လိုက်စမ်းပါဦး ၁-ကစပြီးတော့(အမဲကံ အမဲအကျိုးပေးတာက တမျိုး- အဖြူကံ အဖြူအကျိုးပေးတာက တမျိုး)။

နှစ်ခုရသွားပြီ လေးမျိုးဘဲပြောမှာပါနော်....(မှန်ပါ့) ဘုရားဟောတာက လေးမျိုးဘဲဟောပါတယ်။

(၃) အမဲအဖြူရောတဲ့ ကံသည် အမဲအဖြူကို အကျိုးပေးတယ်....(မှန်ပါ့) ၃-နံပါတ် အမဲအဖြူရောတဲ့ကံသည် အမဲအဖြူကို အကျိုးပေးတယ်၊ အမဲအဖြူ ရောတဲ့ကံသည် အမဲအဖြူကို အကျိုးပေးတယ်၊ ၃-နံပါတ် ပြီးကြပလား(ပြီးပါပြီဘုရား)။

(၄) နံပါတ်ပြောတော့မယ် အမဲအဖြူ မရောတဲ့ကံသည် အမဲအဖြူ မရောတဲ့အကျိုးကို ပေးပါတယ်၊ အမဲအဖြူမရောတဲ့ကံသည် အမဲအဖြူမရောတဲ့ အကျိုးပေးကို.... (ပေးပါတယ်) ၄-နံပါတ် နော်.... (မှန်ပါဘုရား) အမဲအဖြူ မရောတဲ့ကံသည် (အမဲအဖြူ မရောတဲ့အကျိုးကို ပေးပါတယ်ဘုရား)။

ကိုင်း ... တကာတကာမတွေ ကိုယ့်ဟာကိုယ် အစကစစ်ကြဦး၊ ဘာတဲ့တုံး....။

(အမဲကံသည် အမဲအကျိုးကို ပေးပါတယ်ဘုရားအဖြူကံသည် အဖြူအကျိုးကိုပေးပါတယ်၊ အမဲအဖြူရောတဲ့ကံသည် အမဲအဖြူရောတဲ့ အကျိုးကို ပေးပါတယ်။အမဲအဖြူ မရောတဲ့ကံသည် အမဲအဖြူမရောတဲ့ အကျိုးကိုပေးပါတယ်ဘုရား)။

အမဲအဖြူ မရောတဲ့ကံသည်အမဲအဖြူ မရောတဲ့အကျိုးပေးတာက လွန်ခဲ့တဲ့ သုံးကံကို ဖြတ်တတ်သောကြောင့် အကျိုးပေးတယ်...(မှန်ပါ့)လွန်ပြီးသား သုံးကံကိုဖြတ်တတ်သော ကြောင့် အကျိုးပေးတယ်....(မှန်ပါ့ဘုရား)။

အမဲကိုလဲဖြတ်တယ်....(မှန်ပါ့ဘုရား)အဖြူကိုကော.... (ဖြတ်ပါတယ်ဘုရား)အမဲအဖြူရောတာကိုကော(ဖြတ်ပါတယ်ဘုရား) အဲ ၄-ခု မြောက်ကံ အမဲအဖြူ မရောတဲ့ကံကတော့ဖြင့်....တဲ့ ကံဖြတ်တရားလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့) အမဲအဖြူမရောတဲ့ ကံက ဘာတဲ့....(ကံဖြတ်တရားပါဘုရား)။

ကံဖြတ်ဘုရား ဆိုတာ သေချာပလား .... (သေချာပါတယ်ဘုရား) ဒါ့ကြောင့် အမဲအဖြူမရောတဲ့အကျိုးပေးပါတယ်၊ သူ့ကိုမှတ်ချင်လို့ရှိယင်(မှန်ပါ့)တကာတကာမတို့ သေသေချာချာ နားထောင်ကြစမ်းပါနော် .... သေသေချာချာ နားထောင်စမ်းပါ ဒီဥစ္စာက ကြုံလဲကြုံခဲပါတယ်.... ကိုယ်လဲ့နေလို့ရှိယင်လဲ မြင်ကြဘို့။

ဟာ....မှန်နေပြီ ဆိုယင်လဲ ဒီဟာ ကြိုးစားကြဘို့.... (မှန်ပါ့) ဒါကိုဘဲတိုက်တွန်းပါတယ်နော်(မှန်ပါ့)ကဲ....တကာ တကာမတို့ ကံလေးမျိုးမှတ်မိကြပြီ....(မှတ်မိပါပြီဘုရား)။

ဒါက စာနဲ့မှတ်ထားတာ ရှိသေးတယ်၊ ခင်ဗျားတို့ဉာဏ်ထဲ မရောက်သေးဘူး... (မှန်ပါ့) ရှင်းပေးရဦးမယ်၊ ဉာဏ်ထဲရောက်အောင် ရှင်းပေးရဦးမယ်၊ ဒီစာအုပ်ကလေးကြည့်ပြီး အိမ်ရောက်သွားတော့ ဘုန်းကြီးက ကံလေးမျိုး ဟောလိုက်တယ်ဟေ့.... ကိုယ်လုပ်နေတဲ့ကံကျတော့ ဘာကံမှန်းမသိပြန်ဘူး။စာထဲတော့ မှတ်ထားတာဘဲ ကိုယ်ပြန်လုပ်တော့ မသိဘူးဆိုတော့ အလကား

စာဖြစ်သွားမယ် (မှန်ပါ့ဘုရား)မဟုတ်ပေဘူးလား.... (ဟုတ်ပါတယ်ဘုရား)ကိုင်း တကာတကာမတို့ ဗီပဋိစ္စသမုပ္ပါဒ်ကြည့်ပါတဲ့ ဟောဒီဘုံဘဝ လိုချင်ပြီးသကာလ ဒါနကံ သီလကံတွေလုပ်တော့ကို သင်္ခါရဟာ ကံပါဘဲ တကာတကာမတို့ သဘောကျပလား....(မှန်ပါ့ကျပါပြီ)။

သင်္ခါရ ကံ မဟုတ်ဘူး- ဟုတ်တယ် ဒီအကြောင်းကလေး ဆက်ကြည့် ကမ္မဘဝဘဲ၊ သဘောပါပလား (ပါပါပြီ) သင်္ခါရနဲ့ ကမ္မဘဝသည် အတိတ်နဲ့ပစ္စုပ္ပန်ဘဲကွာတယ်၊ အတူတူဘဲ ကံချည်းဘဲ....(မှန်ပါ့) ရှင်းကြပလား....(မှန်ပါ့ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ လွန်ခဲ့တဲ့ဘဝက တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ကုသိုလ်ကံတွေ မလုပ်ခဲ့ဘူးလား....(လုပ်ခဲ့ပါတယ်ဘုရား)။

ကုသိုလ်ကံဆိုတော့ တကာတကာမတို့ ၂-နံပါတ်အဖြူကံလို့မှတ်လိုက်စမ်းပါ(မှန်ပါ့ဘုရား) ကုသိုလ်ကံက ဘာတဲ့....(၂-နံပါတ်အဖြူကံပါဘုရား)အဖြူကံအဖြူကံဆိုတဲ့ဥစ္စာသေချာသွားတော့ကို တကာတကာမတွေသည် ဒီဘဝမှာ ဟောလူခန္ဓာကြီးရတယ်(မှန်ပါ့ဘုရား)မရဘူးလား (ရပါတယ်ဘုရား) အဖြူကံလုပ်ခဲ့ကြတာကိုး၊အဖြူအကျိုးမပေးဘူးလား- (ပေးပါတယ်ဘုရား) တိရစ္ဆာန်ထက် သာတယ်ဗျ ခင်ဗျားတို့က....(မှန်ပါ့) ငရဲထက်ကော(သာပါတယ်ဘုရား) ပြိတ္တာထက်ကော .... (သာပါတယ်ဘုရား)အသုရကာယ်ထက်ကော.... (သာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဖြူကံ လုပ်ခဲ့လို့....နော် .... (မှန်ပါ့) ကုသိုလ်ကံ ဖြူဖြူစင်စင်လုပ်ခဲ့လို့ ဒီဘဝ လူခန္ဓာဆိုတာကြီး မရဘူးလား....(ရပါတယ်ဘုရား)ဒါဖြင့် ခင်ဗျားတို့အခုအကျိုး ပေးနေတာဘယ်ကံကအကျိုးပေးထားတာပါလိမ့်(အဖြူကံက

အကျိုးပေးထားတာပါဘုရား)ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား)သေသေချာချာကြည့် ရမ်းမဖြေနဲ့.... (သမုဒယသစ္စာပါဘုရား)။

ကိုင်း....ခင်ဗျားတို့က ဒါတော့မသိဘူး၊ဖြူတာသာ သိတယ် သစ္စာနဲ့ ဝေဘန်လိုက်တော့ မသိဘဲဖြစ်သွားတယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီ)ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) ဒါဖြင့် ပယ်ရမည့်သစ္စာ ဖြစ်နေတယ် .... (မှန်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ) ဘာလုပ်ရမည့်သစ္စာ ဖြစ်နေတုံး.... (ပယ်ရမည့်သစ္စာဖြစ်ရပေါတယ်) သို့သော် ခင်ဗျားတို့ကတော့ ဖြူဖြူစင်စင်လုပ်ဟော့နော် မလာဘူးလား-လာမလား.... (လာပါတယ်ဘုရား) အဲဒါ ဖြူဖြူစင်စင်လုပ်ပါဆိုတော့ အဖြူခံတော့မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သေသည့်အခြားမဲ့ ဥပ္ပဟာဒါစပ်သွားပြီကွ-တဲ့-ခန္ဓာငါးပါးရပါပြီ၊ လူခန္ဓာငါးပါး၊ နတ်ခန္ဓာငါးပါး ရပါပြီတဲ့၊ သဘောမကျကြဘူးလား (ကျပါတယ်ဘုရား) လူ့ဘဝ,နတ်ဘဝ ရောက်မယ်ဆို ခင်ဗျားတို့ မကျေနပ်ဘူးလား....(ကျေနပ်ပါတယ်ဘုရား) မကျေနပ်ချင် ကျေနပ် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ကိုင်း....ဒုက္ခ ကျေနပ်နေတာကိုး သူ့ဟာပေါ်ပလား.... (ပေါ်ပါပြီ)ဘာကျေနပ်နေသတုံး.... (ဒုက္ခကျေနပ်နေပါတယ်)

ဒုက္ခကျေနပ်နေတယ်ဆိုတော့ ဩြဘ်-ဒို့ကျေနပ်မှုဟာတနေ့ကပြောသလိုဘဲ ခွေးသားရတာနဲ့ ငွေးတက ကျေနပ်သလိုဘဲ (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ)ဘာသားရလို့ ငွေးတ ကျေနပ်သလဲ....(ခွေးသားရလို့ ကျေနပ်ပါတယ်ဘုရား) ဘေးကနေ

ကြည့်ဘော့ ကျေနပ်ကြရဲ့လား.... (မကျေနပ်ပါဘုရား) အဖြစ်ဆိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သူ့ဟာသူတော့ဘုတ်တုံး... (ကျေနပ်ပါတယ်ဘုရား)။

ဦးသန်းမောင်ကံဘေးကနေတော့ ငွင်းတက ခွေးသားစားနေတာကြည့်တော့ ကျေနပ်ကဲ့လား-(မကျေနပ်ပါဘုရား) ဒီအဖြစ်မျိုးကြောက်လှချည့်ရဲ့နော်၊ မကြောက်ဘူးလား၊ ကြောက်မယ်လား....(ကြောက်ပါတယ်ဘုရား)။

သို့သော် ငွင်းတသွားမေးတော့ ခင်ဗျား ဒီဥစ္စာ ဘယ့်နှယ်တုံး.... ဒါ ကျုပ် ကံကောင်းတာ၊ ခွေးသေကောင် တကောင်လုံးရတာ မဆိုဘူးလား.... ဆိုမလား.... (ဆိုပါမယ်ဘုရား) ပေါကြပလား... (ပေါပါပြီ) ဒီဥပမာကိုလဲ သေသေချာချာမှတ်ရတယ်.... (မှန်ပါ့) အဲဒီတော့ အဖြူကံလုပ်ခဲ့လို့ အဖြူအကျိုးပေးတာ၊ အဖြူကံက ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) သဘောကျပလား.... (ကျပါပြီ) ရတာက.... (ဒုက္ခသစ္စာပါ) ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာနော်....(မှန်ပါ့)။

အဲဒီတော့ မနုဿတ္တဘာဝ ဒုလ္လဘဆိုတာနဲ့ ဟောလို့ရှိယင်တော့ဖြင့် တကာတကာမတို့ လူ့ဘဝ ရခဲတယ် ဟောရမှာဘဲ... (မှန်ပါ့ဘုရား) သစ္စာနဲ့ ဟောရမယ်ဆိုတော့ ခင်ဗျားတို့ နောက်ဘဝက သမုဒယသစ္စာ ကုသိုလ်လုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာဖြင့် ရပေါ့- (မှန်ပါ) သို့သော်- သစ္စာတရားသာလျှင် အမှန်ယူပါ.... (မှန်ပါ့)သဘောပါပလား(ပါ-ပါပြီ) ကျန်တဲ့တရားတွေက ပရိယာယ်ဝေဝူစ်ပါ·ပါတယ်(မှန်ပါ) သစ္စာက မတိမ်းမစောင်းဘူး (မှန်ပါ့) ရှင်းကြပလား-(ရှင်းပါပြီ) မတိမ်းမစောင်းတဲ့ တရား

တာ ဘယ်တရားပါလိမ့်-(သစ္စာတရားပါဘုရား) ဒါဖြင့် ခင်ဗျားတို့က ဘယ်ဟာ အမှန်ယူမယ်.. (သစ္စာတရားကိုအမှန်ယူရပါမယ်)။

သစ္စာတရား အမှန်ယူပါဆိုတာ ဆရာဘုန်းကြီးက သေသေချာချာ တိုက်တွန်းတယ်....(မှန်ပါ)ရှင်းပြီနော်... (ရှင်းပါပြီ) ဒါဖြင့် အားလုံး တကာတကာမတွေ ယခု ၁-ထဲမှာ ရောက်နေကြသလား၊ ၂-ထဲမှာ ရောက်နေကြသလား....(၂-ထဲမှာ ရောက်နေကြပါတယ်ဘုရား)(စက်ဝိုင်းကိုထောက်၍ဟောသည်) ဒြော်.... ဘယ်က အားထုတ်ခဲ့ပါလိမ့်... (၂-က အားထုတ်ခဲ့တယ်) ဖြူတဲ့ကုသိုလ်က အားထုတ်ခဲ့တယ်၊ သဘောကျပလား.... (မှန်ပါ) ဘာသစ္စာပါလိမ့်....(သမုဒယသစ္စာပါဘုရား) ဒါဖြင့် ယခုကိုယ့်ဘဝကလေး ကိုယ်တော့ မကျေနပ်ကြဘူးလား....(ကျေနပ်ပါတယ်ဘုရား)။

ဘာသစ္စာကို ကျေနပ်သလဲ-(ဒုက္ခသစ္စာကို ကျေနပ်ပါတယ်) ဒုက္ခရောက်တာ ကျေနပ်တာ ရှူးလို့ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒုက္ခရောက်တာ ကျေနပ်တာဖြင့်....(ရှူးလို့ပါဘုရား)ဒါက တော်တော် စကားကြီးသွားပြီ၊ သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဟာက မရစဘူး အရထူးပြီးသကာလ တော်-တော်သေးရဲ့ဘုရား၊ ဟော- ငွေငိုးတခွေးသားရပြီ၊တကာတကာမတို့ ဘာရပါလိမ့်-(ငွေငိုးတ ခွေးသားရပါတယ်ဘုရား)ငွေငိုးတ ခွေးသားရတယ်ဆိုတာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား) သစ္စာ မသိသေးလို့ ဖြစ်ရတဲ့ အဖြစ်ဗျ.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သစ္စာသိယင် ဒီအဖြစ် ဖြစ်နိုင်ပါမလား .... (မဖြစ်နိုင်ပါဘုရား)ကိုင်း-ဘကာတကာမတို့ ဒါဘုန်းကြီး အပြောကောင်းလို့

ဥပမာပေးကောင်းလို့လား၊ ခင်ဗျားတို့ဖြစ်စဉ်က ကိုက်ပလား ဆို တာ ဝေဘန်ပါ....(ဖြစ်စဉ်ကိုက်ပါတယ်ဘုရား) သဘောပါရဲ့ လား...(ပါပါတယ်)ဒါက တကာတကာမတို့ ဒီစာလိုရွတ်သွား လို့ရကို မရဘူး....(မှန်ပါ့ဘုရား)မြန်အောင် ဦးတင် ပြောပါ့မလား (မရပါဘုရား)။

တလုံး တလုံးကို သေသေချာချာလည်အောင်ပြောမှ ရတယ် (မှန်ပါ့) စာတွေ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ ဤ ကား အဘိဓမ္မာဆိုရုံနဲ့လဲ မဖြစ်ဘူး....(မဖြစ်ပါဘုရား)ဖြစ်ပါ့ မ လား...(မဖြစ်ပါဘုရား) ဘာမှတောင် နားလည်မှာ မဟုတ်ဘူး လိုရင်းတွေကလဲ ဒီမှာဘဲနေတယ်၊ လိုရင်းမှ နားမလည်လိုက်ဘဲနဲ့ သူများဖြစ်စဉ်တွေ သဘောကျနေယင် မိုးနဲ့ကြိုးပစ်တာထက်နာ သေးတယ်၊ ဘာမှအသုံးမကျဘူး.... (မှန်ပါ့) သဘောပါလား-- ပါပါပြီဘုရား) ကိုင်း-ဒါဖြင့် တကာတကာမတို့ အဖြူကံသည် ဘာအကျိုးပေးသတုံး....(အဖြူအကျိုးကိုပေးပါတယ်) အဖြူ အကျိုးပေးတယ်....(မှန်ပါ့)။

အဖြူကံက ဘာသစ္စာတုံး-(သမုဒယသစ္စာပါဘုရား) ရှင်း ပြီနော်....(မှန်ပါ့)အကျိုးပေးတော့....(ဒုက္ခသစ္စာအကျိုးပေးပါ တယ်ဘုရား)ဒါဖြင့် အဖြူကံလဲ ခင်ဗျားတို့ကြိုက်သင့်- မကြိုက် သင့်....(မကြိုက်သင့်ပါဘုရား)သစ္စာသိတော့မကြိုက်ဘူးတဲ့ .... (မှန်ပါ့ဘုရား) သစ္စာ မသိခင်တုန်းကတော့ ....(ကြိုက်ပါတယ် ဘုရား) ဒီလိုဝေဘန်မှရတယ်၊ ဒီလိုဝေဘန်မှရတယ်တဲ့၊ ဒါဖြင့် တပည့်တော်တို့အကြိုက်ဟာ နှစ်မျိုးပါလားဘုရား၊ ကလေးတုန်း ကတော့ ကိုယ့်စွန့်တဲ့ ကျင်ကြီးနဲ့ ကိုယ်ကစားချင်ကစားနေတယ် (မှန်ပါ့ဘုရား)။

လူကြီးတော့ကစားသေးရဲ့လား--(မကစားတော့ပါဘုရား) ဒါဖြင့်ခင်ဗျားတို့အခုဒီအချိန်မှာကစားတဲ့အချိန်လား၊ မကစားတဲ့အချိန်လား(မကစားတဲ့အချိန်ပါဘုရား) တော်လာပြီ၊ ဒါဖြင့် တော်တော်တော်လာပြီ၊ အဲဒီတော့ တကာတကာမတို့အဖြူကအဖြူအကျိုးပေးတယ် ဆိုပြောသော်လဲ သစ္စာနဲ့ တေနိုက်တော့ အဖြူကလဲ သမုဒယသစ္စာနော်-(မှန်ပါ) အကျိုးပေးတာကော.... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒီကကို ကြိုက်သိုက်မကြိုက်သိုက် (မကြိုက်သိုက်ပါဘုရား)။

မကြိုက်သိုက်ဘူး- (မှန်ပါ) အဖြူက နော်-(မှန်ပါ) ခင်ဗျားတို့လုပ်တဲ့ ဘဝကောင်းတတဲ့ ကုသိုလ်ကို ဆိုပါတယ်၊ နိဗ္ဗာန်ကောင်းတဲ့ ကုသိုလ်ကကို မဆိုပါဘူး-(မှန်ပါ) ဒါ... ရှင်းရှင်းမှတ်ပါပေါ်ကြပလား.... (မှန်ပါဘုရား) အဖြူကပေမဲ့ နိဗ္ဗာန်ကိုတောင်းတဲ့ကမျိုးကို ဘုန်းကြီးဟောမနေဘယ်သို့ မဆိုနဲ့၊ လူချမ်းသာနတ်ချမ်းသာ တောင်းတလုပ်တဲ့ အဖြူကကို ဆိုပါတယ်၊ ပေါ်ကြပလား...(မှန်ပါ)။

ခင်ဗျားတို့က ချမ်းသာချင်သယ်၊ ရတော့ဆင်းရဲ-(မှန်ပါ) အတိတ်ဘဝက ထင်တုန်းက ဘယ်နှယ်တုံး.... (ချမ်းသာချင်ပါတယ်) ရတော့.... (ဆင်းရဲပါ) ချမ်းသာချင်တာကလဲ ဥာဏ်နဲ့လား၊ သမုဒယနဲ့လား.... (သမုဒယနဲ့ပါဘုရား) ဟာ... ဒါဖြင့် မျက်လုံးမွှားကြီးနဲ့ ကြည့်ပြီးသကာလ ဆုတောင်းလို့ လုပ်သို့ မဟုတ်တာကြီး ရတာပါလား- (မှန်ပါဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

မျက်လုံးကလဲ သမုဒယမျက်လုံး ဥာဏ်မျက်လုံးဟုတ်ကဲလား (မဟုတ်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ) ခင်ဗျားတို့

ဘယ်ကစလှဲတာတုံးမေးလို့ရှိယင် မျက်လုံးကစလှဲတယ်(မှန်ပါ့) ဘယ်မျက်လုံးနဲ့ လုပ်ခဲ့ပါလိမ့်.... (သမုဒယမျက်လုံးနဲ့ လုပ်ခဲ့ပါ တယ်ဘုရား)။

သမုဒယမျက်လုံးနဲ့ လုပ်ခဲ့တော့ကို သမုဒယဆိုတာ တဏှာ (မှန်ပါ့) သူနဲ့သဟဇာတက အဝိဇ္ဇာ-(မှန်ပါ့)မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာနဲ့ လုပ်ခဲ့သောကြောင့် ဒီဘဝမှာ ဒုက္ခသစ္စာမှတပါး ဘာရသေးသလဲ.... (ဘာမှ မရပါဘုရား) အခုတော့ဖြင့် တကာတကာမတွေကပစ္စည်းကလဲအကြောင်းမညီ ညွတ်၊ ခန္ဓာကလဲ လိုရာမပါဆိုတော့ နည်းနည်းတော့ ရိပ်မိလာ တယ်၊ လူ့ဘဝ အကောင်းလားအောက်မေ့တယ်ဘုရား၊ အိုခြင်း ဆိုး၊နာခြင်းဆိုးကိုအဖေါ်လုပ်နေရတာပါလား၊မပေါ်ကြသေး ဘူးလား- (ပေါ်ပါပြီဘုရား) နေခက်ဘ တကာတကာမတွေ ခင်ဗျားတို့ နေ့တိုင်း အဖေါ်လုပ်နေရတာ ဘာပါလိမ့်-(အိုခြင်း ဆိုး၊ နာခြင်းဆိုးပါဘုရား)။

အဲဒါအဖေါ်လုပ်နေရတယ်(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ) အိုခြင်းဆိုး၊ နာခြင်းဆိုး အဖေါ်လုပ်ပြီးသကာလ ဆေးပြားတွေ သောက်နေရတယ်၊ မယုံယင်ဦးမာဒင်မေးကြည့်၊ခင်ဗျားတို့ ပန်း နာသမားကိုကျွေးထောက်နေ့ရတယ် ရိပ်မိလား (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ တကာတကာမတွေ ဘယ်သူနဲ့ အဖေါ် လုပ်နေရသတုံး... (အိုခြင်းဆိုး၊ နာခြင်းဆိုးနဲ့ အဖေါ်လုပ်နေရ ပါတယ်) အိုခြင်းဆိုး နာခြင်းဆိုးဆိုတော့ တနေ့တခြားကော မအိုဘူးလား- (အိုပါတယ်ဘုရား) အိုလေလေ ရောဂါများ လေလေကော မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့်နေ့တိုင်းဘာနဲ့အဖေါ်လုပ်နေရသလဲ(အိုခြင်းဆိုး၊ နာခြင်းဆိုးနဲ့ အဖေါ်လုပ်နေရပါတယ်) မယုံယင် လူလာတဲ့အခါ ညှော်ခံဘာကြည့်၊ဦးညွန့်ကြီးတို့ညှော်ခံတဲ့အခါ ဦးညွန့် နေကောင်းရဲ့လား၊ ကောင်းတလှည့်-မကောင်းတလှည့်ပါ ဒါနဲ့ ညှော်ခံနေတာ ရိပ်ပလား-(မှန်ပါဘုရား) ဘာနဲ့ ညှော်ခံသတုံး....(ကောင်းတလှည့်-မကောင်းတလှည့်ပါဘုရား) ကောင်းတလှည့်-မကောင်းတလှည့် ဒါတောင်သစ္စာမသိသေးလို့၊ မကောင်းချည့်နဲ့ ညှော်ခံရမှာ....(မှန်ပါ) ကောင်းဆိုတာမပါဘူး ...(ပါ-ပါဘုရား)။

သစ္စာမသိသေးတော့ မြို့သုံးကလေး သုံးလိုက်ရသေးတယ်၊ ဒါကလေးထည့်လိုက်ရသေးတယ်-(မှန်ပါဘုရား) ကိုင်း....တကာတကာမတို့ ခင်ဗျားတို့ ရွှေ့ကို ဘာနဲ့ ညှော်ခံကြမယ်ထင်သတုံး၊ ဒုက္ခသစ္စာနဲ့ညှော်ခံတော့မယ်-(မှန်ပါ) တနေ့ရွှေ-တနေ့ငွေပါဘဲ (မှန်ပါ) မသုံးကြပေဘူးလား... (သုံးပါတယ်ဘုရား) အသံကတော့ ရွှေငွေနော်(မှန်ပါဘုရား) ဖြစ်စဉ်သွားကြည့်တဲ့အခါ မဲနေတယ်၊ ရွှေလဲမဟုတ်ဘူး၊ ငွေလဲမဟုတ်ဘူး ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒါကြောင့် တကာတကာမတွေ ရှုထားတဲ့ခန္ဓာဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဘယ်က လုပ်ခဲ့ပါလိမ့်ဗျာ.... (သမုဒယသစ္စာ လုပ်ခဲ့တယ်) သမုဒယသစ္စာလုပ်ခဲ့တယ်၊ အဖြူအမဲနဲ့ရွေးတော့ .... (အဖြူက လုပ်ခဲ့ပါတယ်) အဖြူက.... (မှန်ပါ) သဘောပါပလား.... (ပါပါပြီ) အဖြူက,အဖြူ အကျိုးပေးတယ်ဆိုပြီး ခင်ဗျားတို့ လုပ်ကြတာဘဲတဲ့၊ သစ္စာမသိတော့ အကျိုးပေးကလဲ ဒုက္ခသစ္စာ အဖြူကလဲသမုဒယသစ္စာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဒီတလုံးနဲ့ဘဲ မနည်း သွားနေပြီ တကာတကာမတို့.... (မှန်ပါ)

ဒီလောကမှ မရှင်းယင်လဲ မောင်ဘအေး ရပါ့မလား.... (မရပါဘုရား) မရဘူးကွ ဒီလောကမှ မရှင်းယင်လဲ ရ,ကို-မရဘူး။

ကဲ... တကာတကာမတို့- အမဲကော်ကလေး စ,ကြဦးစို့နော်.... (မှန်ပါ) အမဲကော်ဆိုတာ ကခင်ဗျားတို့သားရေး၊ သားကလေးကြီးလာ၊ကျောင်းကလဲထားချင်၊စရိတ်ကလဲကုန်၊အသုံးအဖြုန်းကလဲ များဆိုတော့ အမေ့မိဘကရတဲ့နည်းနဲ့ ကုန်းရှာရတော့ အမဲကော်တွေ မဖြစ်ဘူးလား--ဖြစ်မလား-(ဖြစ်ပါတယ်ဘုရား) သဘောကျပလား...(ကျပါပြီ) အမဲကော်တွေဖြစ်ပြီး အကုသိုလ်ကော်တွေ ဖြစ်နေတော့ သေသည်၏အခြားမဲ့ ဥဘာအကျိုးပေးမလဲ....(အမဲအကျိုးပေးပါမယ်) အမဲအကျိုးပေးမယ် ဆိုတော့ ဟောဒါက အပါယ်လေးပါးခန္ဓာသို့ မှတ်လိုက်တော့(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါက ဘာခန္ဓာပါလိမ့်.... (အပါယ်လေးပါးခန္ဓာပါဘုရား) ဒီက အမဲကော် (မှန်ပါ) အမဲကော်က ဘာသစ္စာတုံး.... (သမုဒယသစ္စာပါ) အပါယ်လေးပါး ခန္ဓာက.... (ဒုက္ခသစ္စာပါဘုရား) ကဲ-အဖြူကော်နဲ့ အမဲကော်သည်တကာတကာမတို့ဘာထူးသေးသလဲ (မထူးပါဘူး) သစ္စာနဲ့ ဝေဘန်လိုက်တော့ ထူးသေးရဲ့လား၊ (မထူးပါဘုရား) ဒါကြောင့် ဘုရားက အဖြူကော်လဲ ငါစွန့်လိုက်တယ်၊အမဲကော်လဲငါစွန့်လိုက်တယ်။ ကုသလာကုသလံ ဇဟံဆိုပြီး ဟောချလိုက်တယ်....(မှန်ပါ) သဘောပါပလား....(ပါပါပြီ)။

ကုသိုလ် အကုသိုလ် မစွန့်ဘူးလား.... (စွန့်ပါတယ်ဘုရား) ဘယ်ကုသိုလ်စွန့်ဆိုတာလဲဆိုတော့ အဖြူကော်လဲစွန့်တယ်(မှန်ပါ) အမဲအကုသိုလ်ကော်ကော.... (စွန့်ပါတယ်ဘုရား) စွန့်မှာပေါ့ဗျ၊ သမုဒယသစ္စာ ချုပ်အောင်လုပ်ပစ်တာ (မှန်ပါဘုရား) မဟုတ်

ဘူးလား....(ဟုတ်ပါတယ်) သမုဒယသစ္စာချုပ်တော့ ဒုက္ခသစ္စာ
က လာသေးရဲ့လား....(မလာပါဘုရား)ဒါဖြင့် သမုဒယ ဒုက္ခ
သိမ်းတော့ ကိုယ်တော်ကြီး နိဗ္ဗာန် ရောက်တယ်လို့ ဟောထိုက်
မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘ နှစ်ခု ပယ်လို့ဘဲ....(မှန်ပါ့ဘုရား)ရှင်းပသလား--
(ရှင်းပါပြီဘုရား)ကံလေးမျိုး ဘယ်နှစ်မျိုး ပြီးသွားပါသိမ့်....
(နှစ်မျိုး ပြီးသွားပါပြီဘုရား) ဘယ်နှစ်မျိုး ကျန်သေးသလဲ....
(နှစ်မျိုးကျန်ပါသေးတယ်ဘုရား)နှစ်မျိုး အဲဒါက သာခက်သေး
တယ် ခင်ဗျားတို့ ကဲ ဒါဖြင့် တကာဘကာမတို့ ဖြူဘကိုလဲ
ဘုံဘဝ နတောင်းတတဲ့ ဘ စွန့်ကြပါ၊ ယနေ့ကစပြီး(မှန်ပါ့ဘုရား)
ဘုံဘဝတောင့်တပြီး မလှူပါနဲ့၊ မတန်းပါနဲ့ မပေးပါနဲ့ မကမ်းပါ
နဲ့၊ သဘောကျပသလား....(ကျပါပြီဘုရား)။

လာလတံ့ ဒုက္ခသစ္စာကြီးကို မလိုချင်လို့ ယခု ဒုက္ခသစ္စာ
ကြီးကိုလဲ မကြိုက်လို့ ဒုက္ခလွတ်ရာ ရည်မှန်း၍ လှူဒါန်းပါ
တယ် လုပ်ပါ....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)
ယခု လက်ရှိလဲ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ ဘုရား)
နောင် လူ့ဘဝ နတ်ဘဝကကော....(ဒုက္ခသစ္စာပါဘုရား)
အဲဒီ ဒုက္ခနှစ်ခု သိပြီး လက်ရှိဒုက္ခတွေ ရှုလွန်းလို့၊ သက်မဲ့ဒုက္ခ
လဲ မလိုချင်လို့ လှူပါတယ်၊ တမ်းပါတယ်၊ ပေးပါတယ်၊ ကမ်း
ပါတယ်လို့ လုပ်ပါ၊သဘောကျပလား....(မှန်ပါ့)။

ခန္ဓာရောင်းလှူပါ၊ ကျေနပ်ပါပြီ တိုက်တွန်းပေး အလှူ
ဘက်က မတိုက်တွန်းသင့်ဘူးလား .... (တိုက်တွန်းသင့်ပါတယ်)
နို့ မို့ လို့ ရှိယင်ဖြင့် နောက်ဘဝ ကောင်းစားရေး လုပ်လို့ ရှိယင်
သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်မယ်(မှန်ပါ့) မဖြစ်ဘူး

လား....(ဖြစ်ပါတယ်) ဒါဖြင့် အဖြူကဲ့ဟာ အဖြူ အကျိုးပေ မဲ့လဲ ကံက သမုဒယ၊ အကျိုးပေးက ဒုက္ခ(မှန်ပါ)ရှင်းပလား (ရှင်းပါပြီ) အမဲကံကတော့ ခင်ဗျားတို့ နားလည်ပြီးသားပါ တဲ့၊ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့၊ သားရေး၊ သမီး ရေး၊ စီးပွားရေး မလုပ်ကြပေဘူးလား....(လုပ်ပါတယ်) စေတ နာကံတွေလေ....(မှန်ပါ)။

သေသည်၏အခြားမဲ့၌ အပါယ်လေးပါးဆိုတဲ့ ခန္ဓာငါးပါး လာ-မလာ....(လာပါတယ်ဘုရား)ဒါဟာ အမဲကံကဘာတုံး.... (အမဲကိုအကျိုးပေးပါတယ်) အမဲကံဆိုတာ ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)အမဲ အကျိုးပေးတာကကော.... (ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် ခင်ဗျားတို့ သားရေး-သမီးရေး-စီး ပွားရေးကို တပည့်တော်ဟာ ဘုရား-မှုသားလဲ မပြောပါဘူး၊ ကောင်းသော ရှောင်းဝယ်ခြင်းနဲ့ ရှောင်းဝယ်ပါတယ်လို့တော့ တကာတကာမတို့က လိမ်ချင်လဲ လိမ်ကြဦးမှာဘဲ။

နို့....ဒီဥစ္စာမမှန်ဘူးလားဆိုတော့ သူ့စိတ်ထဲအင်မတန်မှန်ပါ တယ်၊ မလိမ်ပါဘူး၊ ကောင်းကောင်းမွန်မွန်ဘဲ ရှောင်းပါတယ်။ ကောင်းကောင်းမွန်မွန်ဝယ်ပါတယ်၊ သို့သော် သမုဒယနဲ့ လုပ် တာ ဟုတ်....မဟုတ်....(ဟုတ်ပါတယ်ဘုရား) ဒါဖြင့် သစ္စာ က ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) ရတော့ ဘာ သစ္စာ ရသတုံး... (ဒုက္ခသစ္စာရပါတယ်)အဲဒါ သူ သီလသာပြော တာ၊ ဝိပဿနာ ပွက်ပေါက်နေတာ မသိလို့....(မှန်ပါ ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သီလသာ သူသိတာကိုး(မှန်ပါ) ဝိပဿနာဝမ်းထဲက ဘွက် ပေါက်နေတာ သိသေးရဲ့လား....(မသိပါဘုရား) ဒါဖြင့် သီလ

ဏာ ဝိပဿနာကို ကန့်ကွက်နိုင်ရဲ့လား....(မကန့်ကွက်နိုင်ပါ) တကာတကာမတွေ သိလက် သူ့ဟာသူ ကာယကံ ဝစီကံ လုံရုံ ကိုးဗျ....(မှန်ပါဘုရား)မနောကံကို သိလက တတ်နိုင်ရဲ့လား.... (မတတ်နိုင်ပါဘုရား) မတတ်နိုင်တော့ မနောကံက သမုဒယ သစ္စာ ရောင်းဝယ်ဖေါက်ကားနေတာ(မှန်ပါ)သဘောကျပလား (ကျပါပြီ)အကျိုးပေးတော့....(ဒုက္ခသစ္စာပါဘုရား)ရှင်းပြီနော် (မှန်ပါ)။

ဒါဖြင့် တပည့်တော်တို့ အရောင်းအဝယ်လဲ မလုပ်နဲ့တော့ ဒီအတိုင်းဘဲနေတော့လို့ အရှင်ဘုရားဟောသလားလို့ အဓိပ္ပါယ် ဏ ဒီရောက်သွားတယ်....(မှန်ပါ)အရောင်းအဝယ်လုပ်လို့ရှိယင် သမုဒယသစ္စာလာမယ်....(မှန်ပါ)လာယင်လဲ နောက်ဘဝ ဘာ သစ္စာလာမလဲ....(ဒုက္ခသစ္စာပါဘုရား) တပည့်တော်တို့ကတော့ မလုပ်ရမနေနိုင်ဘူးဘုရား....ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ သမုဒယ သစ္စာမဖြစ်ရယင် ဒုက္ခရမှာမဟုတ်လို့ ကြိုးစားရဦးမယ်ဘုရား....၊ အဓိပ္ပါယ်က ဒီမရောက်ဘူးလား....(ရောက်ပါတယ်) အဲဒီတော့ ဘုန်းကြီးကလဲ အရောင်းအဝယ် မလုပ်ဘဲနဲ့ ချမ်းသာတဲ့ဆီကို ပို့မယ်၊ ခင်ဗျားတို့ကလဲ အရောင်းအဝယ်မလုပ်ရယင် ဘယ့် နှယ်လုပ်မတုံးလို့ ဆင်ခြေလဲတယ်။

ဘယ်သူက မှန်သတုံးခင်ဗျားတို့က အရောင်းအဝယ် မလုပ်ရ ဘယ့်နှယ်လုပ်မတုံးတဲ့....(မှန်ပါ)ဘုန်းကြီးကလဲ အရောင်း အ ဝယ်မလုပ်နဲ့ ချမ်းသာရစေ့မယ်၊ ဘယ်ဟာ ကြိုက်သတုံး ....၊ တရားတပွဲလုံးနဲ့ ဘုန်းကြီးတပါး ကျန်ရစ်တော့တယ်၊ ကန့်လန့် ဖြစ်နေပြီ။ အတော်ဆိုးနေပြီဆိုတာ ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား) အဲဒီတော့ ခင်ဗျားတို့က ဝါသနာအထုံ ဖြစ်နေပါ

တယ်တဲ့၊ တိရစ္ဆာန်ရုံထဲက မျောက်တွေဟာ အငြိမ်နေလို့ ရရဲ့လား....(မရပါဘုရား)။

အဲဒါ မှတ်ထားပေါ့ဗျ။ အငြိမ်နေလို့ မရလို့ဘုရား။ နိဗ္ဗာန်က ငြိမ်သက်တဲ့ မေမွကိုးဗျ(မှန်ပါ)မျောက်က မငြိမ်သက်တဲ့မေမွ။ ရိပ်မိပလား(ရိပ်မိပါပြီ)အဲဒီတော့ ခင်ဗျားတို့က ဘာစိတ်ပေါက်နေသတုံး....(မျောက်စိတ်ပေါက်နေပါတယ်)တော်....တော်သေးတယ်။ ဒါဖြင့် ဒီဟာကြီးဟာ တိရစ္ဆာန်ရုံဖြစ်သွားပြီ၊ အတော်ကြပ်နေပြီ။

ကိုင်း-ဒါဖြင့် တကာတကာမတို့ ကံနှစ်ကံ ပြီးသွားတာတော့ သေချာပြီမဟုတ်လား....(မှန်ပါ) အဓိပ္ပါယ်ကော ရှင်းရဲ့လား(ရှင်းပါတယ်)အမဲကံလဲ သမုဒယသစ္စာက ဒုက္ခသစ္စာအားကျေးဇူးပြုတယ်။ အဖြူကံကကော(သမုဒယသစ္စာအား ကျေးဇူးပြုပါတယ်) အမဲ အဖြူရောတဲ့ ကံတကံ ကျန်သေးတယ်။ အမဲအဖြူမရောတဲ့ကံကော ကျန်သေးတယ်(ကျန်ပါသေးတယ်) အဲဒါမနက်ဖြန်မှ နာ... (မှန်ပါ)နာရစေ့သွားပြီ....။

သာဓု....သာဓု...သာဓု

၁၂-၇-၆၂-ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

ကံလေးပါးအဆက် တရားတော်

ကိုင်း....အားလုံး တကာတကာမတွေ တရားဘဲနာလုံး သွင်းကြတာပေါ့ဆိုတဲ့ဥစ္စာ သတိပေးပါတယ်။ တရားတကာ့ တရားထဲမှာ ဘယ်တရားသည် ငါတို့အားသံသရာဝဋ်ကို ကျွတ်စေပါသလဲ ဆိုတဲ့မေးလုံးကိုမေးကြရမယ်။

ထိုကဲ့သို့မေးတဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ ငါဘုရား သခင် ကိုယ်တော်မြတ်ကြီး ကံဝေဘန်ပြီးမှ ဟောနိုင်မယ်ကွာ ဆိုပြီး ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကံ ဝေ ဘန် ပါ တယ်။ (မှန်ပါ့ဘုရား) ကံဝေဖန်တော့တကာတကာမတွေသုံးရက်ရှိပါပြီ စထားတာ၊မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဂဟပတိဝဂ်– ကုက္ကုရပတိကသုတ်မှာလာတယ်၊ သေနိယတို့ ပုဏ္ဏတို့ ဝတ္ထုကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူတို့က အမေးအလျှောက် ရှိတာနဲ့ ကံဝေဘန်ပြီး ဟောတဲ့သုတ်ကို ဟောပါလိမ့်မယ်ဆိုတာ တကာတကာမတွေ သေသေချာချာမှတ်ဘို့ပါ။

အဲဒီဟောလိုက်တဲ့ အခါကျတော့မှ ဩော်- ဒို့ဘယ်ကံဟာ အားကိုးထိုက်တယ်ဆိုတာ ပေါ်လာပါလိမ့်မယ်။ ကိုင်း....ဒါဖြင့် တကာတကာမတို့ ကံသည်...၊မနေ့က ရေးပြီးသား ပုဂ္ဂိုလ်များ ပြန်ပြီးတော့ ကြည့်တာပေါ့။မဲတဲ့ကံ မဲတဲ့အကျိုး ပေး တာ က

၁-နံပါတ်။ တကာတကာမတွေ ဘာပါလိမ့်.... (မဲတဲ့ကံ မဲတဲ့အကျိုးပေးတာက ၁-နံပါတ်ပါဘုရား)။

ဖြူတာဖြူတဲ့ကံသည် ဖြူတဲ့အကျိုးပေးတာက ၂-နံပါတ်- (ဖြူတာဖြူတဲ့ကံ ဖြူတဲ့ အကျိုးပေးတာက ၂- နံပါတ်ပါဘုရား) ၂-နံပါတ်နော်....(မှန်ပါ့) အမဲအဖြူရောက်တဲ့ကံသည် အမဲအဖြူအကျိုးပေးတာက ၃-နံပါတ်- (အမဲအဖြူရောတဲ့ကံ အမဲအဖြူအကျိုးပေးတာက ၃ နံပါတ်) ၃- နံပါတ်မှတ် ထားလိုက်တာပေါ့၊ အမဲအဖြူ မရောတဲ့ကံသည် ကံကိုဖြတ်၍ အမဲအဖြူမရောတဲ့အကျိုးကို ပေးတာက ၄- နံပါတ်လို့မှတ်ထားလိုက်တာပေါ့ဗျာ....(မှန်ပါ့)။

၄-နံပါတ်က ဘာပါလိမ့် .... (အမဲအဖြူမရောတဲ့ ကံသည် ကံဖြတ်ပြီး အမဲအဖြူမရောတဲ့အကျိုးကိုပေးတယ်) အမဲအဖြူမရောတာကိုအကျိုးပေးတယ်၊ ကံတော့ သူကဖြတ်တယ်နော်.... (မှန်ပါ့) အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာ ငါတို့ဘယ်ကံတွေ လုပ်နေလို့ ဘယ်လိုအကျိုးပေးမယ်ဆိုတဲ့ဥစ္စာ၊ ဘယ်အလုပ်—လုပ်မှသာလျှင် ကံဖြတ်ပြီး သကာလ နိဗ္ဗာန်ရောက်မယ်ဆိုတာကို ယနေ့ဖြင့် တကာတကာမတွေထူးထူးခြားခြားဘဲသိရတော့မယ်ဆိုတဲ့ ဥစ္စာ ဆုံးဖြတ်ချက် ချပြီးနားထောင်ပါ။

အတိတ်ဘဝက တကာတကာမတို့ သစ္စာလေးပါးမသိတာဘာ ခေါ်ကြမတုံး (အဝိဇ္ဇာပါဘုရား) သစ္စာလေးပါးမသိတဲ့အဝိဇ္ဇာရှိနေတဲ့ပုဂ္ဂိုလ်ဟာတဲ့ လူ့ပြည် နတ်ပြည် ရောက်ကြောင်းဖြစ်တဲ့ သင်္ခါရကံတွေကိုပြုပါတယ် (မှန်ပါ့) ပြုတဲ့အခါကျတော့ကိုတဲ့ သေသည်၏အခြားမဲ့ ဥဒ္ဒိနေရာမှာသေတော့ ဒီအကြောင်းအကျိုး

ဆက်ပြီးသကာလ ခန္ဓာငါးပါးပေါ်လာတယ် (မှန်ပါ) လူခန္ဓာ ပေါ်လာတယ်(မှန်ပါ) ဒါဖြင့် တကာတကာမတို့ အဖြူကံလို့ ကုသိုလ်ကံဆိုတာ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) သို့သော်အဝိဇ္ဇာအုပ်ချုပ်၊မအုပ်ချုပ် (အုပ်ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာအုပ်ချုပ်ပြီး အဖြူကံလုပ်တဲ့အတွက်တဲ့တကာတကာ မတို့ ခန္ဓာငါးပါးပေါ်လာပါတယ်။ လူခန္ဓာငါးပါး၊ နတ်ခန္ဓာ ငါးပါးပေါ်လာပါတယ်....(မှန်ပါ)ရှင်းကြပလား .... (ရှင်းပါ တယ်)သို့သော် တကာတကာမတွေသိဘို့ရာက ဒါအဖြူကံလုပ် တာဘာဘဲတဲ့။ဘာသစ္စာလုပ်မိရက်ကြသတုံး(သမုဒယသစ္စာလုပ် မိရက်ကြနေပါတယ်ဘုရား)ဒါဖြင့်ဒါလူခန္ဓာနတ်ခန္ဓာလို့ဆိုပြား သော်လဲ ဘာသစ္စာရသတုံး...(ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဩော် အဖြူကံလုပ်ငြားသော်လဲ ဖြူတဲ့ဒါနကံ သီလကံ သည် ဘုံဘဝတောင်းတပြီးသကာလလူခန္ဓာ, နတ်ခန္ဓာရချင်လို့ လုပ်တဲ့ကံတွေဟာတကာတကာမတို့ဒါလူခန္ဓာ,နတ်ခန္ဓာပါဘဲတဲ့ ပစ္စုပ္ပန်ကာလရတယ်။ ဒုက္ခသစ္စာပြန်ရတယ်... (မှန်ပါ)သဘော ပါကြလား....(ပါ-ပါတယ်ဘုရား) အဖြူကံသည် အဖြူတော့ အကျိုးမပေးဘူးလား (ပေးပါတယ်ဘုရား) လူခန္ဓာ, နတ်ခန္ဓာ တော့အကျိုးပေးတယ်။ဘာသစ္စာရသတုံး (ဒုက္ခသစ္စာရပါတယ် ဘုရား) ဩော်- သူလဲအကောင်းချည်း မဟုတ်သေးပါလားဆို တာ ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား) သစ္စာက ပြတယ် (မှန်ပါ)။

ဘာသစ္စာလုပ်ခဲ့ပါလိမ့် (သမုဒယသစ္စာလုပ်ခဲ့ပါတယ်ဘုရား) မသိတာက အဝိဇ္ဇာ၊လှူဒါန်းတာက(သင်္ခါရ) သင်္ခါရ။ ရတာ က ဘာသစ္စာတုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား) ဩော်....ဒါဖြင့်

အဖြူထားပေမဲ့လဲ ဒုက္ခသစ္စာဘဲရတယ်လို့ ဆုံးဖြတ်ချက်ချတာပေါ့(မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီ) ကဲ–ဒါဖြင့်အမဲကံပြောကြပါဦးစို့။ မသိတာက အဝိဇ္ဇာ၊ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်တဲ့ အကုသိုလ်ကံကအမဲသင်္ခါရ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အမဲကံကြောင့်ဒီဘဝမှာငရဲ၊ပြိတ္တာ၊တိရစ္ဆာန်၊အသူရကာယ်ဆိုတဲ့ အပါယ်ခန္ဓာငါးပါး မရဘူးလား.... (ရပါတယ်ဘုရား) ဒါဖြင့် အမဲကံကြောင့် အမဲအကျိုးပေးတယ်....(မှန်ပါ့) မပေးသေးဘူးလား.... (ပေးပါတယ်ဘုရား)အမဲကံက ဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား) အမဲအကျိုးပေးတာက.... (ဒုက္ခသစ္စာပါဘုရား) ဪ....ဒါဖြင့် အကုသိုလ်လုပ်လဲ မကောင်းဘူး၊ ဘုံဘဝတောင်းတလုပ်တဲ့ ကုသိုလ်လဲမကောင်းဘူး–(မှန်လှပါ) ပေါ်လာကြပလား....(ပေါ်ပါပြီ) သေသေချာချာမှတ်ကြပါ။ တကာတကာမတို့ ဒါဟာအင်မတန်အရေးကြီးပါတယ်။

တခါအမဲအဖြူရောတဲ့ ကံသည် အမဲအဖြူကို အကျိုးပေးမယ်ဆိုတာ သေနိယ,ပုဏ္ဏတို့ကို ဟောနေသောကြောင့် သစ္စာလေးပါးမသိဘဲနဲ့ ကုသိုလ်လုပ်ပြီးသကာလ ဘုံဘဝဆုတောင်းတယ်၊ သဘောကျပလား(ကျပါပြီ) သစ္စာလေးပါးမသိဘဲနဲ့ အမဲအဖြူရောတဲ့ကံဆိုတာဒါနကံ သီလကံ ဘုံဘဝလိုချင်တဲ့ကံ ၎င်းနောက်ကနေပြီး ဆုတောင်းဆိုတဲ့တဏှာက မလာဘူးလား (လာပါတယ်) အမဲအဖြူ မရောသေးဘူးလား....(ရောသွားပါတယ်ဘုရား)။

အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်... တဲ့။ ဒါဘာတုံးမေးတော့ ခန္ဓာပါဘဲ....(မှန်လှပါ) ခန္ဓာပေမဲ့ ဆင်ဖြူတော်ခန္ဓာလို့

မှတ်လိုက်....(မှန်ပါ) နဂါးမင်းကြီးခန္ဓာလို့မှတ်လိုက် (မှန်ပါ) သဘောပါလား(ပါ-ပါတယ်ဘုရား)သူကဘာလုပ်တုံးတဲ့၊ အမဲအဖြူရောလုပ်တဲ့အတွက် အမဲအဖြူအကျိုးပေးတယ်(မှန်ပါ) ဒါဖြင့်တကာတကာမတို့အမဲကံကြောင့်အမဲအကျိုးပေးတာကော ကြိုက်ကြရဲ့လား....(မကြိုက်ပါဘုရား)။

သေသေချာချာမှတ်ပါ၊ အမဲကံက သမုဒယသစ္စာ၊ အဖြူကံက(သမုဒယသစ္စာပါဘုရား)တခါမသိတဲ့ပုဂ္ဂိုလ်ကဒါနသီလတွေလုပ်ပြန်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကို မလုပ်ဘူး။ဘုံဘဝလိုချင်တဲ့ ကုသိုလ်လုပ်ပြန်တော့ မသိလို့ အဖြူကံ လုပ်ပြန်တယ်...(မှန်ပါ)ဒီတွင် လူခန္ဓာ, နတ်ခန္ဓာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)ဘာသစ္စာရမတုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာလုပ်ခဲ့လို့လဲ (သမုဒယသစ္စာ လုပ်ခဲ့လို့ပါဘုရား)ဒါဖြင့် အဖြူကံလဲဒုက္ခအကျိုးပေးတယ်... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မသိတဲ့ပုဂ္ဂိုလ် သစ္စာလေးပါး မသိတဲ့ပုဂ္ဂိုလ်က ကုသိုလ်ကံလဲ လုပ်တယ်၊ဘုံဘဝကို ဆုတောင်းတဲ့ တဏှာလဲ လာတယ်-(မှန်ပါ)ကုသိုလ်ရော-အကုသိုလ်ရော မရောဘူးလား.... (ရောပါတယ် ဘုရား)ဒီဘဝ ဆင်ဖြူ ရတနာတော်တို့၊ နဂါးမင်းကြီးတို့မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ဒါဖြင့်အမဲ-အဖြူရောတဲ့ ကံက ဘာသစ္စာလဲ....(သမုဒယ သစ္စာပါ ဘုရား) အမဲ-အဖြူ အကျိုးပေးတာက .... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒီကံသုံးခုကို တကာတကာမတို့ ဘယ်ကံကြိုက်သတုံး—(ဘယ်ကံမှ မကြိုက်ပါဘုရား)။

သေသေချာချာ နားထောင်ပါ ဘယ်ကမှ ကြိုက်စရာရှိရဲ့လား....(မရှိပါဘုရား) သုံးခုစလုံးက သမုဒယ သစ္စာကိုးဗျ....(မှန်ပါ) အကျိုးပေးတော့ ဒုက္ခသစ္စာမှ တပါး ဘာလာသေးသတုံး.... (ဘာမှ မလာပါဘုရား) သဘောပါကြလား .... (ပါပါတယ်ဘုရား) ဒါဖြင့် တဏှာ တဏှာမတွေ အားကိုးရမဲ့ကံ တကံဘဲ ကျန်တော့တယ်....(မှန်လှပါ)ဘယ်ကံပါလိမ့် တဏှာတဏှာမတွေ ရထားတာက....(အဖြူ–အမဲမရောတဲ့ကံ) အမဲ-အဖြူ မရောတဲ့ကံ သဘောကျပလား....(မှန်ပါ-ကျပါပြီ) ဒါဖြင့် အမဲ-အဖြူမရောတဲ့ ကံဖြင့် အမဲ အဖြူမရောတဲ့ အကျိုးပေးကို ပေးရမယ် ဆိုတော့ ဘုန်းကြီး ရှင်းပြပါမယ်။

တဏှာတဏှာမတွေ ဒါ လက်ရှိ ခန္ဓာငါးပါး....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါ ဘာပါလိမ့်....(လက်ရှိခန္ဓာငါးပါးပါဘုရား) လက်ရှိ ခန္ဓာငါးပါးကို ဩြော်.... ခဏ ခဏ ဖြစ်၊ ခဏခဏ ပျက်တဲ့ စိတ်ပါလား....၊ ခဏခဏဖြစ်၊ ခဏခဏ ပျက်တဲ့ ဝေဒနာပါလားလို့ ဉာဏ်ကလေးနဲ့ ဒီကနေ သိပေးစမ်းပါ၊ သဘောပါလား....(မှန်ပါ) ဉာဏ်ကလေးနဲ့ ဒီကနေ သိပေးတဲ့အခါကျတော့ ဒုက္ခသစ္စာကို သိတယ်၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဖြစ်ပျက်က ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သိတာက....(မဂ္ဂသစ္စာပါ ဘုရား) ဒီမဂ်ထဲတောတဲ့ စေတနာကံ မပါဘူးလား....(ပါပါတယ်ဘုရား) ပါပင် ပါပြောသော်လဲ သူက တဏှာတဏှာမတို့ မဂ်က ဟောဒီ အကျိုးပေးတွေကိုဖြတ်တယ်..(မှန်ပါဘုရား) သမုဒယသစ္စာကော....(ပြတ်ပါတယ်ဘုရား) ဒုက္ခ

သစ္စာကော.... (ပြတ်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမ တွေ အမဲအဖြူအဖြူ မရောတဲ့ကံဟာ ကံပြတ်–(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(အမဲ-အဖြူမရောတဲ့ကံဟာ ကံပြတ် ပါဘုရား) အမဲ-အဖြူမရောတဲ့ကံဘယ့်နှယ်ဆိုကြမယ်(ကံပြတ် ပါဘုရား)ဒါဖြင့် ကံပြတ်တော့ကို စဉ်းစားကြည့်တော့ ဒီက အကျိုးပေးမည့်ကံသည် မဂ်ဘနေ ဖြတ်လိုက်တဲ့အတွက် တကာ မာနဒိဋ္ဌိဆိုတဲ့ ပပဥ္စတွေကော မချုပ်ဘူးလား ... (ချုပ်ပါတယ် ဘုရား) ပပဥ္စချုပ်တဲ့အတွက် သံသရာခရီး မည့်ဒုက္ခသစ္စာတွေ လာ သေးရဲ့လား.... (မလာပါဘုရား) ဒါ....ဘယ်ကံ အားထုတ် လိုက်ပါလိမ့်.... (အမဲ-အဖြူ မရောတဲ့ကံ အားထုတ်ပါတယ် ဘုရား)။

ကြည့်...ဖြစ်ပျက်ကို ဒုက္ခသစ္စာ၊ ဖြစ်ပျက်က ဘာပါလိမ့်.... (ဒုက္ခသစ္စာပါ) သိတာက....(မဂ္ဂသစ္စာပါ) ဒီဟာ ကံလဲ မပါ ဘူးလား....၊ ပါသလား.... (ပါ-ပါတယ်ဘုရား) မဂ်ကော မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ဒီတရား-ကတော့ကို တဲ့ တကာတကာမတို့....ဒီကအကျိုးပေးချင်တဲ့ကံတွေကော သူ ဒီဘက် ဆက်ခွင့်ပေးသေးရဲ့လား.... (မပေးပါဘုရား) ဒါဖြင့် အမဲ-အဖြူမရောတဲ့ကံသည် ကံပြတ်တရားလို့ မှတ်လိုက်စမ်းပါ (မှန်ပါ) အမဲ-အဖြူ မရောတဲ့ကံသည်.... (ကံပြတ်တရားပါ ဘုရား)။

ကံပြတ်တရားက ဘယ်သွားသတုံး.... မေးတဲ့ အခါကျတော့ ပပဥ္စချုပ်တယ်....(မှန်ပါ) သဘောကျပလား ... (ကျပါတယ်) ဒုက္ခသိမ်းတယ်...(သိမ်းပါတယ်)။

ပပဥ္စကော....(ချုပ်ပါတယ်ဘုရား)။

ဒုက္ခကော... (သိမ်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ကံ အားကိုးရမှာပါလိမ့်.... (အမဲ-အဖြူမရောတဲ့ကံ အားကိုးရမှာပါ) အဲဒါ မဂ်လို့ မှတ်လိုက်၊ မဂ်ဟာ အမဲအဖြူ မရောတဲ့ကံဘဲ၊ မဂ်နှင့်ရောတဲ့စေတနာသည် အမဲအဖြူမရောတဲ့ကံဘဲ၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘုရားသည် ဘုရားဖြစ်အောင် ဘယ်ကံကြောင့် ဘုရားဖြစ်သွားပါလိမ့်မလဲ... မေးကြစမ်း ... (အမဲအဖြူ မရောတဲ့ကံကြောင့်ပါ) သောတာပန်ပုဂ္ဂိုလ်ဘယ်ကံကြောင့် ဒိဋ္ဌိဒိဋ္ဌုပါဒါန် ချုပ်ပါလိမ့်မလဲ....(အမဲအဖြူမရောတဲ့ကံကြောင့်ပါ သကဒါဂါမ်သည် ရုန့်ရင်းတဲ့ လောဘ ဒေါသတွေဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မလဲ....(အမဲအဖြူမရောတဲ့ကံကြောင့်ပါ)အမဲအဖြူ မရောတဲ့ကံသည် သစ္စာသိတဲ့ဉာဏ်တို့ ကံတို့ကို ဆိုပါတယ်။ ပေါ်ကြပလား....(ပေါ်ပါပြီ)သစ္စာသိတဲ့ဉာဏ်၊သူနဲ့ တွဲနေတဲ့ကံ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)ရဟန္တာ ပုဂ္ဂိုလ် ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာလဲ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ရှုလိုက်ပါတယ် .... (မှန်ပါ)။

ရှုလိုက်တော့ တကာတကာမတို့ ဒီကံတွေ ဘယ့်နှယ်နေမလဲ အကြောင်းတရားတွေ... (ပြတ်သွားပါတယ်ဘုရား) ဒီအကျိုးတရားတွေကော လာသေးရဲ့လား .... (မလာပါ ဘုရား) ဒါဖြင့် ဘယ်ကံကို ကျုပ်တို့သည် အားကိုးထိုက်ပါလိမ့် မလဲလို့ မေးတော့ တကာတကာမတို့ မဂ်ကံဟာ အားကိုးထိုက်တယ်-(မှန်ပါ) တကာတကာမတို့ ဘယ်ဟာအားကိုးကြမလဲ (မဂ်ကံ အားကိုးရမှာပါ)။

မဂ်ကံ ဘယ့်နှယ်ကြောင့် အားကိုးထိုက်ပါလိမ့်မလဲလို့ တဆစ

တကာမတွေကမေးလို့ရှိယင် အတိတ်ဘဝက ဒီကံတွေကိုလဲ ဖြစ်တယ်....(မှန်ပါ) ဒီကံတွေကိုကော .... (ဖြစ်ပါတယ်ဘုရား) (ဤနေရာ၌စက်ဝိုင်းကိုပြ၍ဟောသည်) ဒါဖြင့် ကံဖြစ်တရား (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) အတိတ်က မိုက်မှု-မဲမှုကံတွေ, ဘုံဘဝတောင်းတထားတဲ့ ကံတွေကော မဖြစ်ဘူးလား....(ဖြစ်ပါသယ်ဘုရား) ယခုဘဝမှာ မိုက်လတ္တံ့ ကံတွေကော (ဖြစ်ပါတယ်ဘုရား) ဒါက ဘယ်သူက ဖြစ်ပါလိမ့်မလဲ ယခုဘဝတကာမတို့....(မဂ်ကဖြစ်ပါတယ်ဘုရား)။

မဂ်ဟာ ဘာကံ ခေါ်ကြမလဲ .... (အမဲ အဖြူမရောတဲ့ကံ) အမဲအဖြူမရောတဲ့ကံသည်တဲ့...တကာတကာမတို့ နိဗ္ဗာန်အကျိုးပေးတယ်... (မှန်ပါ) အမဲဆိုတဲ့ အကုသိုလ်ကံသည် ဒုက္ခသစ္စာ အကျိုးပေးတယ်... (မှန်ပါ)အဖြူဆိုတဲ့ ဒါန, သီလ ကံသည် ဝဋ္ဋတောင့်တလုပ်ဘာကို ဆိုပါသည် (မှန်ပါ) ဒုက္ခသစ္စာတဲ့ အကျိုးမပေးဘူးလား ..(ပေးပါတယ်ဘုရား) အမဲအဖြူမရောတဲ့ကံသည် ဒုက္ခသစ္စာတဲ့ အကျိုးမပေးဘူးလား .... (ပေးပါတယ်ဘုရား) အမဲအဖြူမရောတဲ့ကံသည် သမုဒယသစ္စာ ချုပ်စေတယ်....(မှန်ပါ) မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) ဒုက္ခသစ္စာမသိမ်းဘူးလား....(သိမ်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ဟာအားကိုးကြမလဲ....(အမဲအဖြူမရောတဲ့ ကံကို အားကိုးရမှာပါ) ဩော်.. ဒါဖြင့် တကာတကာမတို့ ကံကောင်းတာ သဘောကျသလား...၊ ကံပြတ်တာ သဘောကျသလား....(ကံပြတ်တာ သဘောကျပါတယ်ဘုရား) ဘုန်းကြီးရှေ့မို့ ပြောလိုက်ရတာ ဘုရားနော်၊ တပည့်တော်တို့က ကံကောင်းစောင့်နေတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျား

တို့က ဘာစောင့်နေကြသတုံး .... (တံခါးစောင့်နေကြပါ တယ်) ဒီမှာ ဒါနကံ, သီလ ကံ ဆိုတဲ့ အဖြူကံတွေ ရှိပါ တယ်....(မှန်ပါ) ဘာသစ္စာ အကျိုးပေးသလဲ .... (ဒုက္ခသစ္စာ အကျိုးပေးပါတယ်ဘုရား)။

ဒါ လူခန္ဓာ,နတ်ခန္ဓာပါဘဲ တကာတကာမတို့ ကြိုက်ပလား (မကြိုက်ပါဘုရား) ဘယ်ကြိုက်လိမ့်မလဲ .... ကြည့်.... (ဒုက္ခ သစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတော့ ကြိုက်စရာပါရဲ့လား .... (မပါ-ပါဘုရား) အဲဒါ အဖြူကံက အကျိုးပေးတာ၊ သဘောကျပလား...(ကျပါပြီ) အမဲ အဖြူ ရောတဲ့ ကံဆို တော့ တဏှာလုပ်ပြီးသကာလ လျှုတယ်....၊အမဲအဖြူမရောဘူး လား...(ရောပါတယ်) တဏှာလုပ်တာတာ အကုသိုလ်၊ လျှုတာ က ကုသိုလ်ဆိုတော့ အမဲ အဖြူ မရောဘူးလား .... (ရောပါ တယ်ဘုရား)။

နောက်ဘဝကျတော့ ဆင်ဖြူတော်တို့ နဂါးမင်းကြီးတို့ ဖြစ်တော့ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် အမဲကံသည် အမဲအကျိုးပေးတာလဲ မကြိုက်ပါနဲ့....(မှန်ပါ) အဖြူကံ အဖြူ အကျိုးပေးတဲ့ နတ်,ဗြဟ္မာ ဖြစ်တာလဲ.... (မကြိုက်ပါနဲ့) ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) ဒါကြောင့် မကြိုက်ကောင်းဘူး .... (မှန်ပါ) သဘောပါပ လား.... (ပါ-ပါပြီ) အမဲ အဖြူရောတဲ့ကံသည် ခုနက ရွှေ နဂါးတို့ ဆင်ဖြူတော်တို့ အကျိုးပေးတဲ့အတွက် ကြိုက်သေး ရဲ့လား... (မကြိုက်ပါဘုရား)။

သူကဘာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဒါဖြင့်တကာတကာမတို့

အမဲအဖြူမရောတဲ့ကံကတော့သစ္စာသိတဲ့ကံ....(မှန်လှပါဘုရား) ပေါ်ကြပလား .. (ပေါ်ပါပြီ)အမဲအဖြူမရောတဲ့ကံကတော့.. (သစ္စာသိတဲ့ကံ)အဲ....သစ္စာသိတဲ့ဉာဏ်၊ အဲဒီဉာဏ်သည် ကံနဲ့ တွဲနေတယ်(မှန်ပါ့)မဂ်စိတ်မှာ စေတနာယှဉ်တာကိုး...(မှန်ပါ့) "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတာ အဲဒီအထဲလည်း စေတနာပါတာဘဲ....(မှန်ပါ့)။

ဒီ စေတနာကတော့ ဒီဘက် အကျိုးပေးသလား...ဒါတွေ ဖြတ်ချတာလား....(ဒါတွေဖြတ်ချတာပါဘုရား) ဒါဖြင့် တကာ တကာမတို့...အားကိုးရာ တွေ့ကြပလား...(တွေ့ပါပြီဘုရား) ဘယ်ကံကြိုးစားရမလဲ... (အမဲအဖြူမရောတဲ့ကံပါဘုရား) အမဲအဖြူမရောတဲ့ကံကိုကြိုးစားရမယ်၊ဘယ်နှယ်ကြောင့်တုံးဆိုလို့ ရှိယင်ဖြင့်....တဲ့ ဒီအကျိုးပေး ဒီကံတွေကို ဟောဒီသမုဒယသစ္စာ ဆိုတဲ့ကံတွေကောမဖြတ်ဘူးလား....(ဖြတ်ပါတယ်) ဟောဒီဒုက္ခ သစ္စာဆိုတဲ့အကျိုးပေးတွေကော....(ဖြတ်ပါတယ်ဘုရား)။

ဖြတ်တယ်ဆိုတော့သမုဒယနဲ့ ဒုက္ခဖြတ်တဲ့ကံဟာမဂ်ကံ (မှန်လှပါ)ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါဘယ်သူ့ကို ဟောပါလိမ့်မတုံးဆိုတော့ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ သေနိယနဲ့ ပုဏ္ဏတို့ကို ဟောပါတယ်....(မှန်ပါ့) အားလုံးကျေနပ်ကြရဲ့လား.... (ကျေနပ်ပါတယ်) ဒါဖြင့် ခင်ဗျားတို့အကြိုက်နဲ့ ဘုရားဟောစဉ်နဲ့ တခြားစီဖြစ်နေဘယ်....(မှန်ပါ့)ခင်ဗျားတို့က အဖြူကံကိုကြိုက်တယ်....(မှန်လှပါ)ဘာကြိုက်ကြသလဲ....(အဖြူကံကို ကြိုက်ပါတယ်ဘုရား) ဟော - စင်စင်ကြယ်ကြယ် ဖြူဖြူစင်စင် လုပ်ကွ၊ ဒါမှ ဖြူဖြူစင်စင် အကျိုးပေးမယ်၊ လူဖြူကလေး နတ်ဖြူကလေးပေါ့ဗျာ-ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ကြိုက်နေတာဘာကြိုက်တာပါလိမ့်(ဒုက္ခသစ္စာကြိုက်နေတာပါ ဘုရား)ကြိုက်ကောင်း-မကြိုက်ကောင်း....(မကြိုက်ကောင်းပါ ဘုရား)သဘောပါကြပလား...(ပါ-ပါတယ်) ဒါဖြင့် ဘယ်ကံ သာလျှင် ကျုပ်တို့ ခန္ဓာကိုယ်ကို ကယ်မည့် ယူမည့်ကံဆိုတာ တကာ တကာမတို့ သဘောကျကြပလား....(ကျပါပြီ)။

အမဲအဖြူမရောတဲ့ကံဟာ ကျုပ်တို့ကိုကယ်တဲ့ကံ၊ သမုဒယ သစ္စာကိုလဲဖြတ်တယ်၊မဖြတ်ကြဘူးလား....(ဖြတ်ပါတယ်ဘုရား) ဒုက္ခသစ္စာကိုကော....(ဖြတ်ပါတယ်ဘုရား) ဒါဖြင့် ဘယ်ကံကို ကြိုးစားကြမလဲ....(အမဲအဖြူမရောတဲ့ကံကို ကြိုးစားပါမယ်) ဒါကြောင့် ဒါနလုပ်တာတောင်မှ သစ္စာသိပြီး လုပ်ခဲ့သော်ကံ ပြတ်ပါတယ်....(ပြတ်ပါတယ်) သီလဆောက်တည်တာတောင်မှ သစ္စာသိပြီးလုပ်ခဲ့သော်....(ကံပြတ်ပါတယ်) မဂ်ကံချည်းသွား ဖြစ်တယ်....(မှန်ပါ)။

ဒါ့ကြောင့် ကုသိုလ်ကံလဲလုပ်ပါ၊ သစ္စာသိလုပ်ပါ၊ ရှင်း ပလား... (ရှင်းပါပြီ) ကုသိုလ်ကံလုပ်လဲ ဘာလုပ်ရမယ်....(သစ္စာ သိပြီးလုပ်ရပါမယ်) ဝိပဿနာပွားပြန်တော့ကော .... (သစ္စာ သိပြီး ပွားရမယ်) အဲဒီလိုဆိုတော့ အမဲ-အဖြူမရောတဲ့ ကံ သွားဖြစ်တယ် .... (မှန်ပါ) ဒါ့ကြောင့် ဒီအမဲကော လာသေး ရဲ့လား....(မလာပါဘုရား) ဒီဒုက္ခကော .... (မလာပါဘုရား) ဒါဖြင့် အမဲ-အဖြူမရောတဲ့ သစ္စာသိတဲ့ ဉာဏ်သည် ကံကို ဖြတ် သည်၊ သဘောကျပလား....(ကျပါပြီ)။

ဒီကိုလာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) ဒီအကျိုးပေးကော....(မပေးနိုင်ပါဘုရား) မပေးနိုင်ဘူးဆိုတာ သေချာပလား(သေချာပါတယ်)ဒါဖြင့် တကာတကာမတို့ ဒါနလုပ်လဲ သစ္စာသိပြီးလုပ်ပါ..(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) သီလဆောက်တည်တော့ကော (သစ္စာသိပြီး ဆောက်တည်ရပါမယ်) သစ္စာသိပြီး ပြောဘ်...ခန္ဓာကြီးဟာ ဒုက္ခသစ္စာဘဲ၊ ဒီဒုက္ခသစ္စာမှ လွတ်ချင်လို့ သီလဆောက်တည်ဦးမယ်....(မှန်ပါဘုရား)က ပြတ်သွားတယ်...(မှန်ပါ) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါနပေးလှူတော့လဲ ခန္ဓာကိုယ် ဒုက္ခသစ္စာကြီး ဒီဒုက္ခသစ္စာကြီးကို ကျွတ်ချင်လွတ်ချင်လို့ လုပ်ပါတယ်ဆိုဘဲ့ ဉာဏ်နဲ့ လုပ်လိုက်လို့ရှိယင်ဖြင့် ဒီဘက် ဆက်သေးရဲ့လား....(မဆက်ပါဘုရား)ဒါဖြင့် ဘုန်းကြီးက လာဟောနေတော့ ဟော့အမဲကလဲ လုံးဝကန့်ကွက်တယ်၊ မလုပ်နဲ့၊ အဖြူကိုလုပ်မည့်ကြံယင် သစ္စာသိလုပ်ပေး...(မှန်ပါ) ပေါ်ကြပလား ....(ပေါ်ပါပြီဘုရား) အဖြူကလုပ်မည့်ကြံယင် ....(သစ္စာသိ လုပ်ပေးရပါမယ်)။

သားရှင်ပြုတော့မယ်၊ သမီးမင်္ဂလာအခမ်းအနားမှာ ဆွဲမ်းကွမ်းကျွေးမယ်၊ သံဃာများ သင်္ကန်း ကပ်မည်ဆိုလို့ရှိယင်လဲ အမေမိဘကဒီဒုက္ခဝဋ်မှကျွတ်ချင်လို့ လုပ်ပါတယ်ဆိုပြီးလှူလိုက်လို့ရှိယင်ဖြင့် ဒုက္ခက ဒုက္ခသစ္စာ၊ ကျွတ်ချင်တာက မဂ္ဂသစ္စာ (မှန်ပါဘုရား) က ပြတ်မသာဘူးလား...(လာပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ သားရှင်ပြုဘတ်ပလားမေးယင် ဘယ့်နှယ်ဖြေပါမလဲ....(ပြုတတ်ပါပြီဘုရား)။

ဘာတုံး .... သင်္ကန်းဝါဝတ်မှာဘဲလား....(မဟုတ်ပါ ဘုရား) သင်္ကန်းဝါဝတ်ယင်တော့ အလှယ်ကလေးပေါ့ဗျာ...ဒါကို ဆိုလို

သည် မဟုတ်ပါဘူး၊တဲ့ကာတာလာမတို့နေ့ာ်....သစ္စာသိပြီးလုပ်ပါ သစ္စာသိတာ-သစ္စာ၏ သစ္စာ၊ သိတာက မဂ္ဂသစ္စာ....(မှန်ပါ့) သစ္စာကဒုက္ခ၊ သဘောကျပလား....(မှန်ပါ့ဘုရား) သိတာက မဂ္ဂ (မှန်ပါ့မဂ္ဂ)ဖြစ်ပျက်ကဘာတုံး....(ဒုက္ခပါဘုရား) သိဘာက (မဂ္ဂပါဘုရား၊ အဲ-ခန္ဓာကိုယ်ဖြစ်ပျက်ဒုက္ခသစ္စာ သိပြီးသကာလ လျှုပါ-တမ်းပါ-ပေးပါ ဇမ်းပါဆိုတော့ ဒီက သမုဒယသစ္စာ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ကံမပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ဒုက္ခကော (ပြတ်ပါတယ်) ဒါဖြင့် ခင်ဗျားတို့ ဒါန-ပေးလှူတတ်ပလားမေးယင် ဘယ့်နှယ်ဖြေမယ်...(လှူတတ်ပါတယ်ဘုရား) ဘာသိပြီးတော့ (သစ္စာသိပြီးတော့လှူပါမယ်)ဒုက္ခဝဋ်မှကျွတ်ရပါလို၏ လုပ်ပါ၊ (မှန်ပါ့)ဒါက ဒုက္ခသစ္စာ (မှန်ပါ့)ခန္ဓာဝန်က ဘာတုံး....(ဒုက္ခသစ္စာ)ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုတာက ဘာတုံး....(မဂ္ဂသစ္စာပါဘုရား) အဲ....ဒုက္ခဝဋ်မှကျွတ်ချင်လို့လုပ်ယင် ဒီဘက်ကဟာတွေ မလာတော့ဘူး....(မှန်ပါ့)။

ဒုက္ခကိုလိုချင်လို့လုပ်ယင် ဒါရမယ်... (မှန်ပါ့) သဘောပါကြလား... (ပါပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ဆရာဘုန်းကြီးက ဒါနမလုပ်နဲ့ ဟောသလား....သစ္စာသိပြီးမှ လုပ်လို့ ဟောသလား... (သစ္စာသိပြီးမှ လုပ်လို့ ဟောပါတယ်ဘုရား) ဒါဖြင့် သစ္စာသိလုပ်တာ ရန်ကုန်မြို့ပေါ်မှာ ဘယ်လောက်များများသတုံး....လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မရှိဘူးဖြေရပါမယ်) မရှိဘူး... မရှိသေးလို့ရှိယင် အဖြုကံ အဖြုအကျိုးပေးတော့ ဒုက္ခသစ္စာဘဲရမယ်....(မှန်ပါ့ဘုရား)။

အဖြုကံဟာ... (အဖြုအကျိုးပေးတော့ ဒုက္ခသစ္စာဘဲ ရ

ပါတယ်) အဖြူကံက ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) အကျိုးပေးတော့....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ အလှူပေးလို့ ဒုက္ခရောက်တာ (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) သိသဆောက်တည်လို့ (ဒုက္ခရောက်တယ်) ဒုက္ခရောက်တယ်ဆိုတော့ ဒါတော့ ဘုန်းကြီးများက မကြိုက်နိုင်ဘူး.. (မှန်ပါ့) ကြိုက်စရာကော ခင်ဗျားတို့ကော သေသေချာချာ သိလာတော့ ကြိုက်သေးရဲ့လား .... (မကြိုက်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာသိပြီး လှူပါ၊ သဘောကျပလား....(ကျပါပြီဘုရား)ဒုက္ခသစ္စာကို မလိုချင်လို့ လှူပါ၏ဆိုတဲ့ဉာဏ်နဲ့လှူတာမေ့ါဗျာ (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) ဒုက္ခသစ္စာ မရချင်လို့မလိုချင်လို့ လှူပါ၏၊မဂ်ဉာဏ်နဲ့ လှူတာ (မှန်ပါ့)သမ္မာဒိဋ္ဌိနဲ့လှူတယ်....(မှန်ပါ့)ဒီတော့ ဒီကံတွေ လာသေးရဲ့ လား....(မလာပါဘုရား)။

ဒီကံမလာဘူး၊ ဒီအကျိုးပေး .... (မလာပါဘုရား) ဒါဖြင့် သမုဒယချုပ်၍ ဒုက္ခသိမ်းတယ် (မှန်ပါ့ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ဘယ်ကံကို ခင်ဗျားတို့ကို တိုက်တွန်းပါလိမ့်....(အမဲအဖြူမရောတဲ့ကံကို တိုက်တွန်းပါတယ်) အမဲအဖြူ မရောတဲ့ကံဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ပါ၊ သစ္စာသိတဲ့ဉာဏ်ကိုဆိုသည် (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)ဘာတဲ့ဗျာ....(သစ္စာသိတဲ့ဉာဏ်ကို ဆိုပါသည်)။

ဒါဖြင့် ခင်ဗျားတို့ ဒီကံရှေ့ကို ဆရာ သမားကောင်းလဲ ရောက်လာတယ်၊ ခင်ဗျားတို့ကလဲ ကြည်ညိုလေးစား ကိုးကွယ်တော့ ဩော်....ဒို့ဖြင့် အမှန်သိသွားပြီ၊ ရှေ့ဖြင့် အမဲ-အဖြူ

မရောတဲ့အလုပ်ဘဲ လုပ်ပါတော့မယ်၊ ဒါနလုပ်လဲ အမဲ-အဖြူ မရောစေနဲ့(မှန်ပါ) သီလလုပ်တော့.... (အမဲအဖြူ မရောစေနဲ့) ကမ္မဋ္ဌာန်း အားထုတ်တော့....(အမဲအဖြူမရောစေနဲ့)ဝိပဿနာ အားထုတ်တော့....(အမဲအဖြူမရောစေနဲ့) အချို့က ယူထား သေးတယ်၊ တကာတကာမတို့.... ဝိပဿနာ အားထုတ်တော့ အနှစ်ရာယ်ကင်းသကွာဆိုတော့ ခန္ဓာကိုယ် အန္တရာယ်ကင်းတာ သဘောကျနေတယ်....(မှန်ပါ)။

သူ့အဖြူကံဖြစ်သွားပြန်တယ်....(မှန်ပါ) ဘယ့်နှယ်အဖြူကံ ဆိုလို့ရှိယင် အဖြူအကျိုးပေးတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာ ပါဘုရား) ကောင်းသေးရဲ့လား .... (မကောင်းပါဘုရား) ဒါဖြင့် တကာတကာမတို့ မနေ့က လေးချက်ဖြင့် သဘောကျ လောက်ပါပြီနော်....။

(၁) အမဲကံ အမဲအကျိုးပေးတယ်၊ သမုဒယသစ္စာ ကြောင့် ဒုက္ခသစ္စာဖြစ်တယ်....(မှန်ပါ)။

(၂) အဖြူကံ အဖြူအကျိုးပေးတယ်၊ သမုဒယ သစ္စာကြောင့်....(ဒုက္ခဖြစ်ပါတယ်ဘုရား)။

(၃) အမဲအဖြူရောတဲ့ကံသည် အမဲအဖြူ အကျိုး ပေးတယ်၊သမုဒယကြောင့် (ဒုက္ခသစ္စာဖြစ်ပါ တယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

(၄) ဒါဖြင့်အမဲအဖြူမရောတဲ့ကံ ဘယ်ကံတုံး မေး တော့ သစ္စာသိတဲ့ဉာဏ်၊သစ္စာသိတဲ့ကံ(မှန်ပါ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်ကံအားကိုးထိုက်ပါလိမ့် .... (သစ္စာသိတဲ့ဉာဏ် သစ္စာသိတဲ့ ကံပါဘုရား)။

ဒီကံက တဏှာတကာ့မတွေ့သေသေချာချာ မှတ်လိုက်စမ်းပါ၊ အမဲကံကိုလဲဖြစ်တယ်-(မှန်ပါ) အဖြူကံကော....(ဖြစ်တယ်) အမဲ·အဖြူရောတဲ့ ကံကော....(ဖြစ်ပါတယ်) ဒါဖြင့် သူက ကံဖြစ်....(မှန်ပါ) သဘောပါကြပလား... (ပါ-ပါတယ်ဘုရား) ဘာတဲ့တုံးဗျာ....(ကံဖြစ်ပါဘုရား) ခင်ဗျားတို့က ကံများ ဖြတ်သွားမယ်ဆိုယင် ကံကုန်သွားယင် ခက်ချိရဲ့(မှန်ပါ) ဟာကာ တကာမတွေ့....ဘယ်လိုများ ထင်ကြသတုံး... (ကံကုန်သွားယင် ခက်ချိရဲ့)။

ခက်ချိရဲ့လို့အောက်မေ့တယ်၊ဘုန်းကြီးများက အသိဉာဏ် ကျယ်ကျယ်နဲ့ ဘုရားဟောတာ ဟောရတော့ ကံကုန်ယင် နိဗ္ဗာန် ရောက်ပဟော့....(မှန်ပါ ရှင်းပလား....(ရှင်းပါပြီ ကံကုန်ယင်.... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား) အကုသိုလ်ကံကုန်လဲ .. (နိဗ္ဗာန် ရောက်တယ်)ကုသိုလ်ကံတွေ၊ ဘုံဘဝ၊ အကျိုးပေးတတ်တဲ့ကံတွေ ဖြတ်ယင်လဲ....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ကံကုန်မှ နိဗ္ဗာန်ရောက်မယ်ဆိုတာ ပေါ်ကြပလား· (ပေါ်ပါပြီ) ဒါဖြင့် တကာတကာမမေ့ ကံဆက်ချင်သေး သလား....(မဆက်ချင်ပါဘုရား) ရိုးရိုးပြောပါ ခင်ဗျားတို့.... တော်တော်ကြာကျလို့ရှိယင်ဖြင့် ဟိုရေကာန်နဂါးက ငါးလွှတ် ပါဦး....၊ ကံကလေးများ ဆက်ပါဦး....ဆိုတော့ ခင်ဗျားတို့က တကောင် ဘယ်လောက်တုံးဆိုပြီးသကာလ ငါ့ဘခါလွှတ် နင့် ဆယ်ခါလွှတ်...၊ နင့်တခါလွှတ်ယင် ငါဆယ်ခါလွှတ်ဆိုတော့ ငါလဲ ထောင်ကျဦးမယ်ဆိုတာ....ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေး နေတာ ရိပ်မိပလား....(ရိပ်မိပါ)။

လုပ်ကောင်းသလား၊ မလုပ်ကောင်းဘူးလား(မလုပ်ကောင်း

ပါဘုရား) မင်းတို့ကို ဒုက္ခဝဋ်မှ ကျွတ်အောင်... ငါလုပ်ရတဲ့ အတွက် ငါလဲ ခန္ဓာဝန် ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုပြီး လွှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)မင်းတို့ခန္ဓာဝန်ဒုက္ခဝဋ်မှ ကျဉ်းမြောင်းတဲ့နေရာ ဌာနမှ လွှတ်မြောက်တဲ့နေရာဌာန ငါတို့ပို့ရတဲ့အတွက် မင်းတို့ဒုက္ခ ကျွတ်သလို ငါလဲ ခန္ဓာဝန် ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုယင် တကာတာကာမတို့ ပင်လယ်ထဲက ငါးတွေအကုန်ဖမ်းပြီးလွှတ်ပါ ကျေးဇူးရှိတယ်။

နှင့်တခါလွှတ်၊ ငါ့-ဆယ်ခါလွှတ်ဆိုတော့ သူ့တခါထဲလွှတ် ရတယ်၊ ကိုယ်က ထောင်ဆယ်ခါကျမှာ- မကျဘူးလား-ကျမယ် လား..(ကျပါတယ်ဘုရား) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ခင်ဗျားတို့ ဘယ်သူက သင်ထားသလဲ....(မပြောတတ်ပါ ဘုရား) အဲဒီအနားကလူတွေကရောင်းကောင်းအောင်လုပ်နေတာ ထင်ပါရဲ့၊ကိုယ့်အဓိပ္ပါယ်လဲ ကိုယ်မသိဘူး၊သိရကော ရောက် သေးရဲ့လား....(မရောက်ပါဘုရား) နှင့် တခါလွှတ်ဆိုတော့ သူ့ကျတော့ တခါတည်းလွှတ်ရတယ်၊ ငါ့ကျတော့....(ဆယ်ခါ လွှတ်ရပါတယ်ဘုရား) ဒါဖြင့် ဘယ်နှစ်ခါ ကိုယ်ကထောင်ကျ ရသလဲ....(ဆယ်ခါကျရပါတယ်ဘုရား)။

လွှတ်လဲ လွှတ်ရသေး၊ ဆယ်ခါလည်း ထောင်ကျရပါလို၏၊ မပါဘူးလား-ပါသလား....(ပါ-ပါတယ်ဘုရား) အဲဒီလောက် ဆိုးဝါးနေတာ ခင်ဗျားတို့ သူများပါးစပ်လမ်းဆုံးနေတာ သိပ် ကြောက်စရာကောင်းတယ်၊သဘောကျပလား(ကျပါပြီ)ဘယ့် သူ့လမ်းဆုံးနေတာတုံး.... (သူများပါးစပ် လမ်းဆုံးနေပါတယ်

ဘုရား)ကိုင်း .. ကိုယ့်ဉာဏ် သုံးသေးရဲ့လား (မသုံးပါဘုရား) အဲ....ကိုယ့်ဉာဏ် ယနေ့ကစ၍ သုံးပါတဲ့၊ဟော-ရထားတဲ့ ခန္ဓာကြီးက သာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဗီ ဒုက္ခသစ္စာကို ဉာဏ်နဲ့ ကြည့်လိုက်တော့ ဒီဉာဏ်ကို ဘာသစ္စာ ခေါ်မလဲ-(မဂ္ဂသစ္စာခေါ်ပါတယ်ဘုရား)။

ဒီ မဂ္ဂသစ္စာသည် အကိုသိုလ်ကံတွေကော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) အမဲကာကံလဲဖြစ်တယ်....(မှန်ပါ့)အဖြူကံ.... (ဖြစ်ပါတယ်ဘုရား) အမဲအဖြူရောတဲ့ကံ.... (ဖြစ်ပါတယ်ဘုရား) တကျာက စဖြစ်ပေါ့· ဖြစ်ရတော့တာပေါ့၊ ဒါကြောင့်ဘုရားက ကမ္မက္ခယာ·ကဲ့၊အမဲ-အဖြူ မရောတဲ့ ကံသည် ကံကို ဖြစ်ဘယ်က္ခ၊ ငါကံဖြစ်လို့ နိဗ္ဗာန်ရောက်လာတယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီ) ကံမဖြစ်လို့ယင် ဒါမပေါ်ပေဘူးလား... (ပေါ်ပါတယ်)ပေါ်ယင် ဒုက္ခရောက်မလား....မရောက်ဘူးလား....(ရောက်ပါဘုရား)။

နိဗ္ဗာန်ရပါ့မလား(မရပါဘုရား)ဒါဖြင့် တကာတကာမတို့ ကံဖြစ်တတ်ပလား... (ဖြစ်တတ်ပါပြီ) သစ္စာကသိပြီး အလုပ်လုပ်ယင် ကံဖြစ်တာဘဲ....(မှန်လှပါဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ)သစ္စာသိပြီး အလုပ်·လုပ်ယင်....(ကံဖြစ်ပါတယ်) ဒါဖြင့် ဝိပဿနာအလုပ်သည် ကံဖြစ်အလုပ်မှ ဟုတ်ရဲ့လား.... (ဟုတ်ပါတယ်ဘုရား) ဖြစ်ပျက် ဝိပဿနာမဂ်ဆိုတော့ ဒီဘက်က ကံတွေ လာသေးရဲ့လား....(မလာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

တကာတကာမတို့ ကံကောင်းချင်သလား....တဲ့၊ ကံကိုဘဲခင်ဗျားတို့ အားကိုးချင်သလားမေးယင် ဘယ့်နှယ်ပြောကြမလဲ

(ကံအားမကိုးပါဘုရား) ဒါကြောင့် တနေ့က ဟောခဲ့တယ်.... ဘုန်းကြီးတို့တကာတကာမတွေ ကံအမိ ကံအဖကြောင့် ဟောဒီ ဒုက္ခရောက်နေတယ်..(မှန်ပါ) ဒါက ကံအမိ ကံအဖ မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား) ဒါက ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) သူပေးတာမှဟုတ်ကဲ့သား-(ဟုတ်ပါတယ်ဘုရား) ဒါဖြင့် ကံအမိကံအဖ အားကိုးလို့ ဒုက္ခရောက်တာ (မှန်ပါ) ဒီကရှုတဲ့ ဉာဏ်အမိ ဉာဏ်အဖ အားကိုးတဲ့အတွက် ဒုက္ခကျွတ်တယ်-(မှန်ပါ)ပေါ်ကြပလား-(ပေါ်ပါပြီ) ကံအမိ ကံအဖ အားကိုးယင် ဘာတုံး....(ဒုက္ခရောက်တယ်) ဒုက္ခရတယ်၊ တကာတကာမတို့....သူများပြောလား သေသေချာချာ ကြည့်....၊ ကမ္မဘဝပစ္စယာ....(ဇာတိပါ) ဒါက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)သူက ကံပဲမဟုတ်လား....(မှန်ပါဘုရား) ကံက သမုဒယသစ္စာ....၊ ဇာတိ ဇရာ မရဏက.. (ဒုက္ခသစ္စာပါဘုရား) ဘာအားကိုးလို့ ဇာတိ ဇရာ မရဏ ရပါလိမ့်မလဲ .... (ကံအမိကံအဖအားကိုးလို့ပါဘုရား)။

ကိုင်း.... ပြောင်းကြဦးစို့ဗျာ .... အမိအဖ ပြောင်းပေးပြန်တယ်၊ တကာတကာမတို့ ယနေ့ဘာပြောင်းပေးမှာပါလိမ့်(အမိအဖ ပြောင်းပေးမှာပါ) ကဲ-ဒါဖြင့် ဉာဏ်အမိဉာဏ်အဖပြောင်း (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ) ဝေဒနာကလေးကဖြစ်ပြီးပျက်တယ်လို့ဉာဏ်နဲ့ သိပေးလိုက်စမ်း၊ ဝေဒနာရှုမည့် ပုဂ္ဂိုလ်က ပေါ့ဗျာ....(မှန်ပါ၊ ဝေဒနာကလေးက ဖြစ်ပြီးပျက်တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သိတာက - (မဂ္ဂသစ္စာပါ) ဒီမဂ္ဂသစ္စာဟာ ဉာဏ်ဘဲ....(မှန်ပါ) ဉာဏ်အမိဉာဏ်အဖ အားကိုးလိုက်တော့ တဏှာ လာသေးရဲ့လား.... (မလာပါဘုရား)

ဥပါဒါန်....(မလာပါဘုရား) ကံကော.... (မလာပါဘုရား) ဒါဖြင့် ကံပြတ်-မပြတ်....(ပြတ်ပါတယ်ဘုရား) ကံပြတ်ယင်.... ဒုက္ခက....(ဒုက္ခ သိမ်းပါတယ်) ဘာ အားကိုးလိုက်ပါလိမ့်.... (ဉာဏ်အမိဉာဏ်အဖအားကိုးပါ) ဒါဖြင့် တကာတကာမတို့ ဘုန်းကြီးက မန္တလေးက လာပြီးတော့ ဦးသံဒိုင်တို့၊ ဦးမာဒင်တို့ ကျေးဇူးပြုပြီးသကာလ တရားထူးဟောတာလားတဲ့... ခင်ဗျားတို့ ဖြစ်စဉ်နေရာမကျလို့ အဖြတ်ခိုင်းတာလား .... (ဖြစ်စဉ်နေရာ မကျလို့ အဖြတ်ခိုင်းတာပါဘုရား)ပေါ်ကြပလား(ပေါ်ပါပြီ)၊

ဟဲ့ာ....ဒီဘုန်းကြီးက ကံဆိုယင် မလုပ်နဲ့ ပြောသလားတဲ့ ဒုက္ခသစ္စာသိတဲ့ကံမျိုးလုပ်ပါ(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ဘာတဲ့တုံး.... (ဒုက္ခသစ္စာ သိတဲ့ ကံမျိုး လုပ်ပါ) ဒါဖြင့် ဒုက္ခသစ္စာ၊ သိတာက မာသစ္စာ၊ ဒီဒုက္ခကျွတ်ချင်လို့ ဒီနေရာ လူဗျာ(မှန်ပါ) ဒီဒုက္ခကျွတ်ချင်လို့ ဒီနေရာသိလှဆောက်တည်ပါ....(မှန်ပါ)ဒီဒုက္ခကျွတ်ချင်လို့ ဒီနေရာ ဖြစ်ပျက် ရှုပေးပါ၊ မင်္ဂနဲ့ရှုပေးပါ....(မှန်ပါ) သဘော ပါကြပလား.... (ပါပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ရှေးကလွဲလာတာ နည်းနည်းလား၊ များများလား.... (များများပါဘုရား) ဒါဖြင့် ခင်ဗျားတို့ လောက် ကံကောင်းတဲ့ ပုဂ္ဂိုလ် ရှိသေးရဲ့လား....(မရှိပါဘုရား) ခင်ဗျားတို့လောက် အကျိုးပေးသန်တဲ့ ပုဂ္ဂိုလ်ရှိသေးရဲ့လား-(မရှိပါဘုရား) ရှေးက ခင်ဗျားတို့ ကံအမိ, ကံအဖကြောင့် ခုထက်တိုင်တိုင် ခန္ဓာကိုယ် အိုဘေး, နာဘေး, သေဘေးကင်းပလား....(မကင်းသေးပါဘုရား) ခန္ဓာကိုယ်ကြီး-ဘယ်သွားနေတုံး ဆိုယင် အိုရာသွားနေတယ်....(မှန်ပါ) နောက်အိုရာက ဘယ်

သွားမယ်ထင်သလဲ....(နာရာ သွားမှာပါ ဘုရား) နာရာသွားမယ်၊ နာရာကနေ ဘယ်သွားမယ်-(သေရာသွားပါမယ်ဘုရား)။

ဒါ ဘာအားကိုးခဲ့လို့လဲ....(ကံအမိ ကံအဖ အားကိုးလို့ပါဘုရား) ကြည့်လေ 'ကမ္မပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏံ”(မှန်ပါ့) ကံလုပ်တာဆိုတာ သေချာပလား....(သေချာပါတယ်) ဒီနေရာမှာ ဉာဏ်အလုပ်ကို ဉာဏ်အမိ ဉာဏ်အဖ အားကိုးလိုက်တဲ့အတွက် ဒုက္ခသစ္စာ သိတာက ဉာဏ်-မဂ္ဂသစ္စာ၊ ရှင်းပလား (ရှင်းပါပြီ) ကံအမိ ကံအဖတွေ ပြတ်ကုန်ပြီ (ပြတ်ပါတယ် ဘုရား) မပြတ်သေးဘူးလား.... (ပြတ်ပါတယ် ဘုရား)။

ဒါဖြင့် ကံအမိ ကံအဖပြတ်တော့ ဇာတိ ဇရာ မရဏကော (မလာပါဘုရား) ဒါဖြင့် ဘာ အားကိုးကြမလဲ .... (ဉာဏ်အမိ ဉာဏ်အဖ အားကိုးရပါမယ်) ရှင်းကြပလား (ရှင်းပါပြီ) ဒါဖြင့် ဒါနအလုပ်လဲ ဉာဏ်နဲ့လုပ် .. (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) သစ္စာသိတဲ့ ဉာဏ်နဲ့ လုပ်၊ ဒုက္ခသစ္စာ မရချင်လို့ လုပ်ပါ၏၊ သီလဆောက်တည်တော.... (ဒုက္ခသစ္စာ မရချင်လို့ ဆောက်တည်ပါ၏) ဒုက္ခသစ္စာ မရချင်လို့ ဒုက္ခသစ္စာ သိပြီး သကာလ ဟောဒီသိထားတဲ့ ဒုက္ခသစ္စာ မရချင်တဲ့ဉာဏ်နဲ့ သီလ ဆောက်တည်တယ်....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးက ဒါနပယ် သီလပယ်တာလား၊ အလုပ်ပြင်ပေးတာလား....(အလုပ်ပြင်ပေးတာပါဘုရား) အဲဒါ ပြင်ဘက်ကျမှ ဘုန်းကြီးက ကံတွေဖြတ်ရမတဲ့ဟေ့၊ တိုးတိုးတိုးတိုးနဲ့ လုပ်မနေနဲ့....တိုးတိုး-တိုးတိုးလုပ်မနေနဲ့ တကာ တကာမတို့ အကျိုးအကြောင်းကို စုံလင်အောင် နားထောင်ပါ....(မှန်ပါ့)

နားစွန် နားဖျားက နေပြီးသကာလ ဆရာသမားကို နာမည်ပျက်အောင်မလုပ်နဲ့....၊ရိပ်မိပလား... (ရိပ်မိပါပြီ) ကဲဒါဖြင့် ဘာအားကိုးရမယ်....(ဉာဏ်အမိ-ဉာဏ်အဖအားကိုးရပါမယ်)။

ဒီအထဲမှာ ကံမပါဘူးလား၊ ဉာဏ်နဲ့ တွဲတဲ့ စေတနာမပါဘူးလား....(ပါ-ပါတယ်ဘုရား) ဒီစေတနာကတော့ကိုမဲ့တဲ့ကံလဲ ဒီထဲမှာ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) ဖြူတဲ့ကံ... (ဖြစ်ပါတယ်ဘုရား)အမဲအဖြူရောတဲ့ကံ·(ဖြစ်ပါတယ်ဘုရား) ဒီကနေဖြစ်လိုက်တာ ဒီကံတွေ လာနိုင်သေးရဲ့လား... (မလာနိုင်ပါဘုရား)ဒါဖြင့်သူကအကျိုးပေးတော့ ဘယ်ဟာအကျိုးပေးမတုံး၊ မဂ်ကဘယ်ဟာအကျိုးပေးမလဲလို့ တကာတကာမတွေကမေးလို့ရှိယင် ဟောဒီအမဲကံကောအကျိုးပေးသေးရဲ့လား (မပေးပါဘုရား)အဖြူကံကော(မပေးပါ) အမဲအဖြူရောတဲ့က ကော.... (မပေးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သမုဒယနဲ့ ဒုက္ခချုပ်တယ်၊မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) ဘာချုပ်ပါလိမ့်...(သမုဒယနဲ့ ဒုက္ခချုပ်ပါတယ်ဘုရား) သမုဒယနဲ့ ဒုက္ခချုပ်တယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဒါဖြင့် ဘယ်ကံအားကိုးကြမယ်-(အမဲအဖြူမရောတဲ့ကံအားကိုးပါမယ်) အမဲအဖြူမရောတဲ့ကံသစ္စာသိတဲ့ဉာဏ်နဲ့ တွဲနေတဲ့ ကံကို အားကိုးပါ(မှန်လှပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် သစ္စာသိတော့ ဒီဘက်သံသရာ လာသေးရဲ့လား.... (မလာပါဘုရား) ဒီသံသရာကော....(မလာပါဘုရား) ဒါဖြင့် ဝိုင်းသေးရဲ့လား....(မဝိုင်းပါဘုရား) သစ္စာမသိဘဲနဲ့ လုပ်တော့ "ဝေဒနာပစ္စယာ တဏှာ ဖဿပစ္စယာတဏှာ"....(မှန်ပါ)။

ဝိညာဏပစ္စယာ....(တဏှာ)။

ရူပ........ပစ္စယာ... (တဏှာ)။

နာမ... ပစ္စယာ....(တဏှာ)။

ကဲ မလှည့်သေးဘူးလား....(လှည့်ပါတယ်) ဒါဘာကြောင့် လှည့်သွားပါလိမ့်...(မဂ်မရလို့ လှည့်တာပါ) သစ္စာမသိလို့.... (မှန်ပါ)။

တကာတကာမတို့သစ္စာမသိဘဲက ကိုကြိုးစားတဲ့အတွက်လှည့်သွားတယ်၊ အဝိုင်းပြေး-ပြေးရတယ်(မှန်ပါ) သဘောပါလား.... (ပါ-ပါတယ်ဘုရား)ဒါ့ကြောင့်ခင်ဗျားတို့ ဒီကဘကာကြီးဦးမှာ ဒင်တို့က ပဋိစ္စသမုပ္ပါဒ်ကပ်တွေ မဝေဘူးလား....(ဝေပါတယ်ဘုရား)ခင်ဗျားတို့ပူဇော်ဘို့လား၊ ကိုယ့်အဖြစ်ဆိုးကို ဒီနေ့ကစ ပြင်ဆိုတဲ့သတိပေးတာလား....(သတိပေးတာပါဘုရား)ပူဇော်ဘို့ ပေးတာလား....ပြင်ဆင်ဘို့ ပေးတာလား... (ပြင်ဆင်ဘို့ပေးတာ ပါဘုရား)။

အိမ်မှာ မှန်ဘောင်သွင်းပြီး ဘုရားခန်းသွားပြီး မချိပ်ပါနဲ့ ရိပ်မိပလား(မှန်ပါ့ရိပ်မိပါပြီ)အိမ်မှာ မှန်ဘောင်သွင်းပြီး ဘုရား ခန်းကို....(သွားမချိပ်ပါနဲ့) ကိုယ့်မျက်စိအောက်မှာ ထားပါ (မှန်ပါ့) ငါဒီမနေ့ ဒီဘက်က ဒီဘက်ကူးယင်တော့ဖြင့် ငါသည့် မှားပြီ သဘောကျပလား... (မှန်ပါ့) ၂က-၃-ကူးယင်....(မှားပြီ) ၂-နှင့်၃-ကိုဖြတ်နိုင်ယင်....(အမှန်ရောက်ပြီ)။

အမှန်ရောက်ပြီ၊ အဲဒါကို ရေတွက်နေရမှာ....ရှင်းပလား.... (ရှင်းပါပြီဘုရား)။

၂=က ၃-ကူးယင်....(မှားပြီ)။

၂-ကဲ ၃-မကူးဘူး၊ ဥဒါန်းကလေး ဒီကြား သွင်းလိုက်ယင်.... (အမှန်ရောက်ပြီ) ဒါဖြင့် မှန်တယ်...မှားတယ် ဒီ စာရွက်က ချိန်ခွင်ပါ(မှန်ပါ့) သဘောပါကြလား... (ပါပါတယ်ဘုရား) ဒါဖြင့် မှန်အောင်သွင်းကြမလား၊ ကိုယ့်ချိန်ခွင်လို့ မှတ်ကြမလား....(ကိုယ့်ချိန်ခွင့်လို့ မှတ်ရပါမယ် ဘုရား)။

ကိုယ့်ချိန်ခွင်ဖြင့် ချိန်ခွင်ဟာ ဈေးသည်၏ ရှေ့မှာ ထားရတယ်...(မှန်ပါ့) ချိန်ခွင်ဟာ ဘယ်သူ့ ရှေ့မှာ ထားရသလဲ (ဈေးသည်ရှေ့မှာ ထားရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က သံသရာဈေးသည်တွေ ဖြစ်နေတော့ မရောင်းဘတ် မဝယ်တတ်ဟော့ ဖြစ်နေတော့ ဒီချိန်ခွင်ကို ရှေ့က ထား...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ) ဒါဖြင့် ဘုရားခန်း ထားမလား၊ ကိုယ့်ရှေ့ ထားမလား....(ကိုယ့်ရှေ့ထားရမှာပါ ဘုရား)ရှုပ်တယ်လို့လဲ လွင့်မပစ်ကြနဲ့နော်၊ဒါဘယ်သူ့ကိုဟော ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ သေနိယနဲ့ ပုဏ္ဏကို ဟောတယ်... (မှန်ပါ့)။

သေနိယက အိန္ဒိယမှာ ရှိပါတယ် တဘာတကာမတို့ ဒီ အယူဝါဒတွေ(မှန်ပါ့)လူလိုကျင့်ရတာ တယ်အကုသိုလ်များပါတယ်။ ခွေးလိုနေရတာ ကောင်းတယ်၊ ခွေးဆိုတာ မြေပေါ်မှာ သူ့ကျွေးတာကလေးစားလိုက်၊အဲဒီခွေးလို ကျင့်ရလို့ရှိယင်ဖြင့် အကုသိုလ် နည်းတယ်ဆိုပြီး သူက ခွေလို တသက်လုံး.ကျင့်တယ်-- (မှန်ပါ့) လူလာယင် အမြီးနန့်တယ်၊ ခြေသလုံးများ သွားပွတ်တယ်....(မှန်ပါ့) လေးဘက်သွားတယ်၊ ဒီအကျင့်ဟာ နိဗ္ဗာန် ရောက်တယ်လို့ ယူထားတာကိုး....(မှန်ပါ့)။

ပုဏ္ဏကတော့ နွားလိုကျင့်တယ်(မှန်ပါ့) ခေါင်းမှာ ချိတ်ပ်

ထားတယ်၊ နောက်က အမြီးတတ်တယ်...(မှန်ပါ)နွားချင်းတွေ လို့ရှိယင် သူက တွန်ပြတယ်၊ ဒါနဲ့ ဘုရားနဲ့ သွားတွေ့တယ်....၊ သာဝတ္ထိပြည်မှာ ဆွမ်းခံရင်း အရှင်ဘုရားတဲ့၊တပည့်တော် သူငယ်ချင်းက ခွေးလိုကျင့်တယ်၊ တပည့်တော်က နွားလိုကျင့်တယ်၊ ဒါ တပည့်တော်တို့ဆရာတွေက ထွက်ရပ်လမ်းလို့ ဟောထားပါတယ်၊ အဲဒီတော့ ဒီအကျင့်ဟာ ဘယ်များ ရောက်မတုံး၊ ဟာ.... သေနိယတို့ - ပုဏ္ဏတို့ မမေးပါနဲ့ကွာ....ဘုရားက ပြောရှာတယ်.... (မှန်ပါ)မမေးပါနဲ့လို့ တောင်းပန်တယ်....(မှန်ပါ)။

မရဘူး၊သူက ဒုတိယအကြိမ် ဆက်မေးပြန်တယ်၊မေးတဲ့အခါ လဲ မမေးပါနဲ့ကွာ၊ ဘုရားကလဲ ငြင်းနေတယ်၊ ဘယ်နှစ်ခါ ရှိပြီလဲ... (နှစ်ခါရှိပြီ)နောက် သုံးခါတိတိ အရှင်ဘုရား ဖြေသာ ဖြေပါဘုရား တပည့်တော်တို့မေးတာ သိချင်လို့မေးတာ ဖြေပါ ဆိုတော့ ခွေးလိုကျင့်တဲ့အကျင့်သည် ဒီအယူဝါဒအတိုင်း၊မစွန့်ဘဲ နဲ့ခွေးအယူဟာ ကောင်းတယ်လို့ ယူသို့ရှိယင် သေယင် ခွေး ဖြစ်တယ်ကွ(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)ဒီအယူနဲ့နတ် ရွာသုဂတိ နိဗ္ဗာန်ရောက်တယ်လို့ ယူလိုက်လို့ရှိယင်ဖြင့် ငရဲနဲ့ တိရစ္ဆာန် ဖြစ်ရတယ်၊ ကောင်းသေးရဲ့လား .... (မကောင်းပါ ဘုရား)။

ဒီတွင်မှ တယောက်က ငိုတာပေါ့ဗျ၊ဪ....ဒီလောက်ကျင့် ရပြီးသကာလ တိရစ္ဆာန်လဲ ဖြစ်ရဦးမယ်၊ အပါယ်လဲကျဦးမယ် ဆိုတာကိုယ်ကျိုးနည်းပြီ တကာတကားမတ်ငိုပြီး သူတို့ မင်းတို့ကို ပြောသွားဘဲ ငါ့ကို မမေးနဲ့ သုံးခါတောင်တောင်းပန်တာမင်းတို့ က ဆင့်ဆင့်မေးလို့ မပြောမဖြစ်လို့ ပြောရပါတယ်ကွာ၊ နွား

လိုကျင့်တဲ့ ပုဂ္ဂိုလ်က မေးတော့လဲ ဒီအတိုင်းပြောတာဘဲ၊ နွားအကျင့်ကို ကောင်းတယ် ထင်လို့ရှိယင် သေတော့ နွားဖြစ်မယ်။

နွားလိုကျင့်လို့ လူကောင်း နတ်ကောင်း ဖြစ်လိမ့်မယ်လို့ အယူမှားနဲ့ ယူလိုက်လို့ရှိယင်ဖြင့်တဲ့၊ ငရဲနဲ့ တိရစ္ဆာန်ဘုံ သွားရမယ်ကွ၊ တယောက်က ငိုပြန်တာဘဲ....(မှန်ပါ့)ဟာကာတဏှာမတို့ အကျင့်မှားတော့ နှစ်ယောက်စလုံး ဘာဖြစ်ရမလဲ (ငိုရပါတယ် ဘုရား)ငိုပွဲဆင်ရတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကတော့ သူတို့က အယုတ်တရားတွေမို့ ခင်ဗျားတို့ ကျင့်တာတွေလဲ ဒုက္ခရောက်အောင်ကျင့်တဲ့ အကျင့်က မနည်းလှဘူး....(မှန်ပါ့) ဒါနပြုလိုက်တယ်ဆိုတော့ ဖြူတဲ့ကံ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ဒါနဟာ ဖြူဖြူစင်စင်ဘဲ မဟုတ်လား(မှန်ပါ့)ဖြူတဲ့ကံ လုပ်သိုက်ပြန်တော့ ဤဒါနကုသိုလ်စေတနာကြောင့် ခင်ဗျားတို့က သစ္စာမသိဘဲနဲ့ လုပ်လိုက်တော့ လူနတ် ပြဟ္မာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဘာသစ္စာတုံး....(ဒုက္ခသစ္စာဖြစ်ပါတယ်)ခင်ဗျားတို့ အားကိုးတဲ့ အဖြူကံတွေလဲ ဒုက္ခပေးတယ်.. (မှန်ပါ့)သဘောကျပလား (မှန်ပါ့·သဘောကျပါတယ်ဘုရား)။

အမဲကံဆိုတဲ့ အကုသိုလ်ကံကလဲ တိရစ္ဆာန်ပြိတ္တာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ဘာသစ္စာပေးသတုံး....(ဒုက္ခသစ္စာပေးပါတယ်) အမဲ အဖြူရောတဲ့ကံ ခင်ဗျားတို့က လိမ်လည်ကောက်ကျစ်ပြီး ရတဲ့ပစ္စည်းလေးနဲ့ သားကလေးကြီးဘော့ ရှင်ပြုလိုက်တယ်၊ လိမ်လည်ကောက်ကျစ်တာက အကုသိုလ်၊ ရှင်ပြုတာက ကုသိုလ်ဆိုတော့အမဲအဖြူမရောဘူးလား....(ရောပါတယ်

ဘုရား)အဲဒါနဲ့ ပြုလိုက်တော့ ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ရွှေနဂါးကြီးတို့ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)ပြိတ္တာမင်းကြီးတို့(ဖြစ်ပါတယ်)ငရဲမင်းကြီးတို့....(ဖြစ်ပါတယ်)နေ့စံ....ညဥ့်ခံပေါ့ဗျာ...(မှန်ပါ)ဖြစ်ချင်ကြရဲ့လား....(မဖြစ်ချင်ပါဘုရား) အဟုတ်ကို မဖြစ်ချင်တာ ဟုတ်ကဲ့လား....(မဖြစ်ချင်ပါဘုရား)ဒါဖြင့် အမဲအဖြူ မရောတာနဲ့....(မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီ) အဖြူချည်း သက်သက်လဲ ကောင်းရဲ့လား.... (မကောင်းပါဘုရား)အမဲချည်းသက်သက်လဲ-(မကောင်းပါဘုရား)။

အမဲအဖြူ ရောတော့ကော....(မကောင်းပါဘုရား) ဒါဖြင့် ဘာလုပ်ကြမလဲ....(အမဲအဖြူမရောတဲ့ကံ လုပ်ကြရပါမယ်)အမဲအဖြူမရောတဲ့ကံသည် ကံပြတ်တရား(မှန်လှပါ) ကျန်သုံးပါးကို ဖြတ်တယ်(မှန်ပါ) အမဲကံကိုလဲ ဖြတ်တယ်(မှန်ပါ) အဖြူကံကော...(ဖြတ်ပါတယ်ဘုရား)။

အမဲအဖြူရောတဲ့ကံကော(ဖြတ်ပါတယ်)ဒါဖြင့် ဘယ်ဟာကြိုက်သတုံး....(အမဲအဖြူမရောတဲ့ကံ ကြိုက်ပါတယ်ဘုရား)ခင်ဗျားတို့ကလဲ စက္ကူကလေး ကြည့်တာတောင်မှ ဖြူဖြူကလေးဆိုယင် မကြည့်ချင်ဘူး၊ ဒီနေရာ ဆေးစက်ကလေး ထည့်လိုက်ပါဦးလားကွ၊ ဒါမှ ကြည့်လှတော့မပေါ့....(မှန်ပါ)။

ခင်ဗျားတို့က မရောရယင် ကျေနပ်တဲ့လူတွေ မဟုတ်ဘူး၊သဘောကျပလား....(ကျပါပြီ)ဘယ်လောက်ထိအောင် ရောဘယ်ဆိုတာ ခင်ဗျားတို့ ဆွမ်းတော်တင်တဲ့အခါကျမှ သိသာတယ် လင်မယားနှစ်ယောက် ဆွမ်းတော်ပွဲကလေး ကိုင်သွားကြတယ်။

ယောကျ်ားက အရင်တင်လိုက်တယ်၊မင်းနဲ့ ငါနဲ့ဟာ အကျိုးပေးတူတယ်၊မင်းလဲ ကိုင်ဦး၊ ရောရမှာကိုးဗျ၊ အတော်ဆိုးနေတာ-။

ဒါဟာ တကျာနဲ့ သွားရောသာကိုး (မှန်ပါ) ဆွမ်းတော်တင်တာကတော့ အဖြူဘဲ…(မှန်ပါ)မင်းလဲ ပါဦးမှ တော်ဦးမယ်ဆိုတော့ ဘယ်နှယ်ဆိုမယ် (တကျာဆိုပါတယ်)ဘာရောသွားသလဲ-(တကျာရောသွားပါတယ်)အမဲနဲ့ အဖြူ ဘာဖြစ်သွားသတုံး(ရောသွားပါတယ်)ရောသွားတော့ ရွှေနဂါးကြီး သွားဖြစ်လိမ့်မယ်…. ဆင်ဖြူတော်ကြီး သွားဖြစ်လိမ့်မယ်၊ တော်တော်ကြာ တိရစ္ဆာန်ရှိထဲ ရောက်နေ ခက်လိမ့်မယ်၊ ရိပ်မိပလား…(ရိပ်မိပါပြီ) ဒါဖြင့် မရောက်ဘဲကော လုပ်ရဲကြပါ့မလား…. (လုပ်ရဲပါတယ်ဘုရား) ဟုတ်ကဲ့လား…။

မင်းတို့က ပိုက်ဆံတောင်း ငွေတကျပ် လှူချင်တာနဲ့ မိန်းမသဲ အနားရှိဘာနဲ့ နှစ်ကျပ်ဖြစ်ဘာရိပ်မိရဲ့လား(မှန်ပါ)သူ့ကျပ် ငါ့ကျပ် ရောပလား-မရောသေးဘူးလား (ရောပါတယ်ဘုရား) ပန်းတခိုင်တည်း လှူသလား၊ နှစ်ခိုင်လှူနိုင်သလား….(နှစ်ခိုင်လှူပါတယ်ဘုရား)ရောပလား (ရောပါတယ်ဘုရား)ဘာနဲ့ လာရောတာပါလိမ့်….(အမဲနဲ့ အဖြူနဲ့ ရောတာပါဘုရား)ပန်းချည့်သက်သက်က ကိုယ်တယောက်တည်း လှူချင်တုန်းက အဖြူ-(အဖြူပါဘုရား)။

မိန်းမပါ ရောက်ရာဘဝ အတူတူဖြစ်ချင်တော့-အမဲ(အမဲပါ) အမဲနဲ့ အဖြူနဲ့ ဘာဖြစ်သွားတုံး -(ရောသွားပါတယ် ဘုရား) ရောသွားတော့ ဘယ်လိုအကျိုးပေးမတုံးဆို ဆင်ဖြူတော် သဘောကျပလား….(မှန်ပါဘုရား)။

ဆင်ဖြူတော်ဆိုတော့ သူများဆင်နဲ့တော့ မတူးဘူးလား….

(ထူးပါတယ်ဘုရား) ရွှေဇလုံကြီးတွေနဲ့ စားရတာ .... နန်းတော်ထဲမှာ မစားချင်ဘူးလား.... (မစားချင်ပါဘုရား) ဒါဖြင့် ဇကာတဂ ဘဝတို့ မရောမှုတော်မယ်ဆိုတာပေါ်ကြပလား(ပေါ်ပါတယ်ဘုရား)တခါ ခင်ဗျားတို့က ဆွမ်းကျွေးပြန်တယ် ဆိုတော့လဲ ခင်ဗျားတို့က မရောရ မပြီးဘူး....(မှန်ပါဘုရား)။

ဆွမ်းကျွေးလို့ ရှိယင် ဆွမ်းခံကြွလာတဲ့သံဃာ ကျွေးလိုက်လို့ ရှိယင်ဖြင့် မပြီးဘူးလား... (ပြီးပါတယ်ဘုရား) မဟုတ်သေးဘူးကွ၊ ဒို့ ကျေးဇူးများတဲ့ကိုယ်တော်ကရှိသေးတယ်၊ ဒို့နဲ့ သိပ်ခင်တာ၊ ရောပြီ၊ မရောသေးဘူးလား....(ရောပါတယ်ဘုရား)ရောတော့ အဲဒါ တဏှာက သွားခင်တာကိုးဗျ....(မှန်ပါ)။

ဟ.... ဒီကိုယ်တော်လဲ ပါပေစေဦးကွ....(မှန်ပါ) ဒီ့ပြင်သံဃာလဲ ပင့်တာပေါ့ကွာ၊ ဒီ့ပြင်သံဃာပင့်တာက အဖြူ ဒီကိုယ်တော်ပါလာတာက(ရောတာပါ)အမဲ့ရောပြီ၊ အဲဒီတော့ ခင်ဗျားတို့ဟာ ဖြူဖြူစင်စင်ရှိရဲ့လား (မရှိပါဘုရား)ဒါဖြင့် ဘာအကျိုးပေးမှတုံး၊ဆင်ဖြူတော်, ရွှေနဂါးဖြစ်ချင်ကြရဲ့လား (မဖြစ်ချင်ပါဘုရား)ဒါဖြင့် မရောဘဲနဲ့ လုပ်ပါ....(မှန်ပါ) သဘောပါကြလား....(ပါ-ပါတယ်ဘုရား) ဘယ်လိုလုပ်ရမလဲ .... (မရောဘဲနဲ့လုပ်ရပါမယ်ဘုရား)။

တဏှာနဲ့ မရောစေနဲ့၊ တဏှာနဲ့ ရောလို့ ရှိယင် ကုသိုလ်ကံက အဖြူ၊ ရောတာကအမဲ၊အမဲနဲ့ အဖြူ ရောပြီးလုပ်တဲ့ ကံသည် ဒုက္ခသစ္စာ....(မှန်ပါ)ဆင်ဖြူတော်,ရွှေနဂါး, ငရဲမင်းကြီး မဖြစ်ပေဘူးလား .... (ဖြစ်ပါတယ်ဘုရား) ငရဲမင်းကြီးက နေ့တော့စံရတယ်ဆိုတော့ကုသိုလ်ကံကြောင့်၊ညဉ့်ခံရတယ်ဆိုတာ အကုသိုလ်ကံကြောင့်... (မှန်ပါ)ရိပ်မိပလား (ရိပ်မိပါပြီ) တကာတကာမ

တွေ....ခင်ဗျားတို့က ကြိုက်လိုက်တာကလဲ ကျုပ်ကလေ နွားနို့တောင် ရေရောမသောက်ချင်ဘူး (မှန်ပါ) ကုလားများ သွားမေးယင် နင့်ဟာ ရေတွေပါကလား၊ ရောယင်မကြိုက်ဘူး။

အလုပ်ကျတော့ ရောလုပ်ကုန်ပြီ၊ ရိပ်မိပလား (ရိပ်မိပါတယ်) နွားနို့ကျတော့ ရေရောယင်.... (မကြိုက်ပါဘုရား) အလုပ်ကျတော့ (ရောပါတယ်) မင်းနဲ့ငါနဲ့ ဟာကွာ ဘဝက အကြောင်းဆက် ပေါင်းဖက်လာကြတော့ကို နိဗ္ဗာန်သွားတော့လဲကွာ တယောက်တည်းသွားလို့ တော်ပါ့မလား၊ မရောက်ချင်တာ သွားပြီး မလိုက်နိုင်တဲ့လူ ဆွဲပြန်တယ်၊ ဒါဖြင့် ငါပါမသွားတော့ဘူး ပြောတာ ...။

ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီသောက်ဆိုးဝါးတဲ့ အနေရာဥာဏ်က ခင်ဗျားတို့ ပေါကိုပေါတယ်၊ မနေပါဘူးလား... (ပေါပါတယ်ဘုရား) ဦးမာဒင်ကြီး....ခင်ဗျား ဘယ်ဉာဏ်ပေါသတုံး....(အနေရာဉာဏ်ပေါပါတယ်) အရောဉာဏ်ဘဲ ပေါတယ်ဆိုတာ ရိပ်မိပလား....(မှန်ပါ ရိပ်မိပါပြီ) ရောသ၍ ကာလပတ်လုံးဟာ အမဲနဲ့အဖြူရောယင် ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာရပါတယ်) အဖြူသက်သက်ဆိုလို့ ရှိယင်လဲ ဒုက္ခသစ္စာရမှာဘဲ(မှန်ပါ) အမဲအဖြူကိုမရောမှ ရှင်းပလား....(ရှင်းပါပြီ) အမဲအဖြူမရောတဲ့ကံသည် သစ္စာသိပြီး ဒါနပြုတယ်(မှန်ပါဘုရား) သစ္စာသိပြီးတော့ သီလဆောက်တည်တယ်(မှန်ပါ) သစ္စာသိပြီးတော့ ဝိပဿနာရှုတယ် (မှန်ပါ)အမဲအဖြူရောသေးရဲ့လား....(မရောပါဘုရား)။

ဉာဏ်သက်သက်မနေဘူးလား....(နေပါတယ်) ဒါဖြင့် ဒီကံတွေ မဖြတ်ဘူးလား(ဖြတ်ပါတယ်)အမဲကံလဲ (ဖြတ်ပါတယ်)။

အဖြူကံ....(ဖြတ်ပါတယ်ဘုရား)။

အမဲအဖြူရောတဲ့ကံ (ဖြတ်ပါတယ်) ဒါဖြင့် တကာတကာမ တို့ သစ္စာသိမှ သံသရာပြတ်တယ်ဆိုတော့ ၂-က ၃-ကူးသေးရဲ့လား (မကူးပါဘုရား) ၃-မှ မရှိဘဲနဲ့ ၄-ဖြစ်ချင်လို့....(မဖြစ်ပါ)။

ဒါဖြင့်ဘယ်ကံအားကိုးကြမယ် (အမဲအဖြူမရောတဲ့ကံအားကိုးပါမယ်) ဒို့ဖြင့် သေသေချာချာ မှာလိုက်တာဘဲဟေ့၊ အိမ်ကျမှ ရောယင်တော့ မတတ်နိုင်တော့ဘူး၊ ဒီကတော့ သေသေချာချာမှာလိုက်တာဘဲ၊ တကာတကာမတို့ အိမ်ကျမှရောယင်တော်ပါ့မလား-(မတော်ပါဘုရား) ဒါဖြင့် တကာတကာမတွေ .... သတိထားနော်၊ ငါမရောဘူး၊ ငါမရောဘူး၊ လမ်းကျ ပုတီးစိပ်သွားနော်....။

ရိပ်မိပလား....(ရိပ်မိပါပြီ) နောက်က တကာတကာမတွေငါမရောဘူး၊ ငါမရောဘူးလို့ လမ်းမှာ ပုတီးစိပ်သွားကြနော်.... အိမ်ကျလို့ ရှိယင် ခလေးက အမေလာပလားဆိုယင် သွားရောလိမ့်ဦးမယ်၊ နင်တို့ကြောင့် ခက်နေတာဆိုယင် ရောပြီ (မှန်ပါ့) မရောဘူးလား (ရောပါတယ်ဘုရား) အဲဒါတကာတကာမတို့ ဒီက ဖြူတာကလေးဟာ အိမ်ကျတော့ မဲလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒီက ဖြူတာကလေးဟာ.... (အိမ်ကျတော့ မဲလိမ့်မယ်ဘုရား)။

အိမ်ကျတော့ ဘာဖြစ်သွားတုံး....(မဲသွားပါတယ်) ရောသွားတယ်၊ ရောသွားတော့ ရွှေနဂါးဇာတ်ထုပ်ခင်းပြီ... (မှန်ပါ့) ငရဲမင်းကြီးဇာတ်ထုပ်.... (ခင်းပါပြီ) ကောင်းပါဦးမလား.... (မကောင်းပါဘုရား) ဒါဖြင့် ဒီကစိတ်ကို တင်းတင်းထားပါ....၊ ဟိုက တကာတကာမတွေကလဲ အောက်မေ့လိမ့်မယ်၊ ဒီမလာတဲ့ ပုဂ္ဂိုလ်တွေက ဘာများဖြစ်လာပါလိမ့်လို့....။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အမဲအဖြူ မရောဘိုကို ဘုန်းကြီးသည် ဘုရားဟောတဲ့အတွက် ဟောရတာကို အလွန် အရေးကြီးကြောင်းကို ထင်ရှားစေပါတယ် (ထင်ရှားပါတယ်)။

အမဲကလဲ ဒုက္ခသစ္စာ....(မှန်ပါ့)။

အဖြူသက်သက်ကကော....(ဒုက္ခသစ္စာပါဘုရား)။

အမဲ အဖြူရောတော့....(ဒုက္ခသစ္စာပါဘုရား)။

အမဲ-အဖြူမရောတဲ့ကကော သမုဒယချုပ်,ဒုက္ခကော....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယ, ဒုက္ခချုပ်ယင်နိဗ္ဗာန်ပေါ့.. (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) အမဲအဖြူ မရောတဲ့ ဉာဏ်,ကကော သည် ဘာအကျိုးပေးသတုံး.. (နိဗ္ဗာန် အကျိုးပေးပါတယ်) နိဗ္ဗာန်အကျိုးပေးတယ်(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) တကယ်လို့ ဒီမဂ်ဉာဏ်သည် အမဲအဖြူ မရောယှဉ် မဂ်ဉာဏ်လို့ ခင်ဗျားတို့က မဆိုချင်လို့ရှိယင် အပါယ်သဲ အကျိုးပေးမှာဘဲ (မှန်ပါ့)မဟုတ်ဘူးလား(မှန်ပါ့) အခင်း....နတ်ရွာ သုဂတိကော (ပေးမှာဘဲ)အခုဘော့ အပါယ်ကော အကျိုးပေးသေးရဲ့လား (မပေးပါဘုရား) နတ်ရွာသုဂတိကော...(မပေးပါ ဘုရား) အရောကော....(မပေးပါဘုရား) မပေးတော့ သူ-က ဖြတ်တယ် ဆိုတာ မပေါ်လာသေးဘူးလား.... (ပေါ်ပါတယ်) ရှင်းကြပလား... (ရှင်းပါပြီ)။

ဒီအရေးဟာ တကာတကာမတို့ သာမညကြီးတယ်လို့ ခင်ဗျားတို့ မယူလိုက်ပါနဲ့ ခင်ဗျားတို့ဟာ အဝိဇ္ဇာန် ဆိုးဝါးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ နဂိုရ်က ကြီးလာခဲ့ရတာကလဲ အမေ့ လက်ထဲမှာ ကြီးလာခဲ့ရတယ်၊ အဖေ့လက်ထဲမှာ ကြီးလာခဲ့

ရတော့ ဟာ....နင်ဟာ ဆွမ်းတော်တင်ဘို့ပုဂံ အဆေးခိုင်းတာ ဖြူဖြူစင်စင်လုပ်တာ မဟုတ်ဘူး၊ အမေက မြည်လိုက်တယ်၊ ခလေးက ကော်အောင် ရော်အောင် ဆေးလာလို့ရှိယင် နင် နောက်ဘဝကျ ဒီ့ထက် အရုပ်ဆိုးမှာပေါ့....(မှန်ပါ့) ဒါဘဲ ပြောလိုက်တယ်(မှန်ပါ့)ဖြူဖြူလုပ်ဘို့တော့ က ဖြူလိုက် ဒါမှ နင် ဒုက္ခရောက်မယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ) သို့သော် အမေ ကလဲ သူ့သိသလောက် သင်ရတာ၊ သူ့သိသလောက်သင်ရတော့ အမေကို အပြစ်မတင်ပါနဲ့၊ ရှင်းပလား.... (မှန်ပါ့ ရှင်းပါပြီ)။

သူက သစ္စာသိလား....(မသိသေးပါဘုရား) မသိသေးလို့ နောက်ဘဝ ဒုက္ခသစ္စာကို မသိတော့ နင့်-နောက်ဘဝ ဖြူဖြူ ဖြစ်မယ်ပြောတာ(မှန်လှပါ) ဖြူဖြူလား .... ဒုက္ခသစ္စာလား.... (ဒုက္ခသစ္စာပါဘုရား)ရှင်းပလား... (ရှင်းပါပြီ)။

ဒီ ကောင်ကလေးဟာ တယ်ဆိုးတယ် ...., မောင်နဲ့ နှမ တောင် မသနားဘူး၊လက်သီးနဲ့ထိုး ဒုတ်နဲ့ရိုက်နဲ့ နင်လား— နောက်ဘဝကျလို့ရှိယင် သူ့ နောက်ဘဝ ထည့်ထည့်ပြောတယ်၊ မပြောဘူးလား(ပြောပါတယ်)ဒါက ရှေ့ဘဝ ဒါက နောက် ဘဝ၊နောက်ဘဝ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) နောက် ဘဝကို မထည့်ရယင် အမေကလဲ စိတ်ကိုမကျေဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဒီကောင်ကလေး ကြည့်ရတာ တခါ တလေလဲ ကောင်းတယ် .. တခါတလေလဲ မကောင်းဘူး၊ နင့်အကျိုးပေး ကတော့ဟာ နောက်ဘဝ ခက်ပါသေးရဲ့။

အကျိုးပေးလိုက်၊ စီးပွားရေး အကျိုးပေးလိုက်၊ ပျက်သွား လိုက်၊ စီးပွားရေး အကျိုးပေးလိုက်- ပျက်သွားလိုက်၊ မင်းတို့က တသမတ်တည်း မသွားဘူး၊ အဲဒီတော့ နင်-နောက်ဘဝခက်လိမ့်

မယ်၊ နောက်ဘဝဘဲလာဘယ်... (မှန်ပါ့) အမဲအဖြူရောတဲ့ကံ ဟောပြန်တော့လဲ နောက်ဘဝဘဲ-(မှန်ပါ့)ဟ....ဒီကံဖြတ်ရတယ် လို့ ဟောတဲ့ အမေမိဘများ ပါလာရဲ့လား.... (မပါလာပါ ဘုရား)ပေါ်ကြပလား-(ပေါ်ပါပြီ)အမဲကံလဲဖြတ်ဟော့-လာ ရဲ့လား....(မလာပါ) အဖြူကံကော-(မလာပါဘုရား)။

အမဲအဖြူ ရောတဲ့ကံကော.... (မလာပါ) မလာတော့ ခင် ဗျားတို့မှာ... တဲ့ သူသိသလောက်သင်တဲ့ အမေမိဘနဲ့ သွားတွေ့ ရတယ် (မှန်ပါ့) အဲဒါကြောင့် အာစရိယဂုဏာအနုဿာ ဆို တာ ပေါ်ပြီလား- (ပေါ်ပါပြီ) ခင်ဗျားတို့ မလုပ်ဘူးတာလုပ် ပါပြောတာ (မှန်လှပါ)လုပ်ဘူးတာဟူသ၍ဟာ အလွဲချည်းဘဲ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ- (လုပ်ဘူးတာဟူသ၍ဟာ အလွဲချည်း ပါဘုရား) လုပ်ဘူးတာဟူသ၍ ဘယ့်နှယ်ဆိုကြမယ်.... (အလွဲ ချည်းပါ) အမဲသော်ရင်း သင်လိမ့်မယ်(မှန်ပါ့)နင်ဟာ လောဘ တယ်နည်းတာ...၊ နင်-ရှေ့လူလုပ်စရာ အများကြီး ကျန်သေး တယ်၊ တကာတကာမတို့ သင်ပုံလေ၊ ဒီအတိုင်းမသင်ဘူးလား- (သင်ပါတယ်) ဒီလိုဆို ဘုန်းကြီးကျောင်း သွားနေပါလား.... လူပုံအလယ်မနေနဲ့တော့-(မှန်ပါ့) နင့်အတွက် ငါဖြင့် ခက်ပါ သေးရဲ့ အရှည်မျှော်လေ-ခက်လေဘဲ... (မှန်ပါ့) အဲမှာ....သူက အရှည်မျှော်သေးတယ်။

တကာတကာမတို့ သိပ်ကြောက်စရာကောင်းတယ်၊ အရှည် မျှော်တော့ အပါယ်ရောက်အောင်သွားမယ်ဗျ၊ မသွားဘူးလား (သွားပါတယ်)အဲဒါကြောင့် တကာတကာမတို့ဒီဘဝစုတေလို့ ရှိယင် ခင်ဗျားတို့ အမေမှား အဖေမှားနဲ့ သေသေချာချာတွေ့

မယ် (မှန်ပါ) မတွေ့ပေဘူးလား.... (တွေ့ပါတယ်) သူ တတ်သ သောက် သင်မှာကိုးဗျ....(မှန်ပါ)။

တတ်သလောက် သင်တော့ အမဲကော ယင်လဲ သင်လွှတ်လိုက် မှယ်၊ ဒီလိုပြောရတယ်၊ ဒီလိုဆိုရတယ်၊ လူဆိုတာ ပရိယာယ်နဲ့ ကင်း၍ ချမ်းသာလာတာ တယောက်မှမရှိဘူး၊ ပရိယာယ်မာယာ ဆိုတာ လုပ်ရတယ်ဟ၊ ဒါ-ခင်ဗျားတို့မိဘဝတ္တရားပေါ့ဗျ၊ ကောင် ကလေးကို ချောက်တွန်းနေတာ အင်မတန် မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

ဟခါ နင်ဟာကျောင်းကန်ဘုရားနဲ့ သိပ်ဝေးတာဘဲ၊ နင်ဟာ ကျောင်းကန်ဘုရားလဲ သွားရတယ်၊ ဒါမှ နင်နောင်ဘဝ ကောင်း စားမှာပေါ့ဆိုတော့ ဒုက္ခသစ္စာထဲ တွန်းချတယ်၊ အကောင်း ပြောနေပြန်တော့လဲ ဒုက္ခထဲတွန်းချတယ်၊သဘောကျပလား(ကျ ပါပြီ) အဲဒီတော့ကွာ လူဆိုတာ ကုသိုလ် အကုသိုလ်မကင်းနိုင် ဘူးကွ၊ သိပ်လဲ ကြောက်မနေနဲ့ သူဟောပြန်ပြီ။

ဒါကျတော့ အမဲကော်နဲ့ ဤကော် ရောလုပ်ပေးတယ်(မှန်ပါ) အမဲကော်နဲ့ အဖြူကော်ကို(ရောခိုင်းပါတယ်) ရောမလုပ်ဘဲ စင်စင် ဆိုတာ ဘုန်းကြီးရဟန်းတောင် ဖြစ်ဘို့မလွယ်ဘူး၊ ဒီတော့.... ဘုန်းကြီးနဲ့ ကိုင်ပေါက်ပြန်တယ်၊ အတော်ဆိုးနေပါပေါ့လား.... တကာတကာမတို့ ခင်ဗျားတို့ သင်ပုံပြင်ပုံတွေက အဲဒါအမေမှား အဖေမှားဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူ့ကော်ဘယ်နှစ်မျိုး သင်တတ်သတုံး....(သုံးမျိုးသင်တတ်ပါ တယ်ဘုရား)။

အမဲကော် သင်တတ်တယ်....(မှန်ပါ)။

အဖြူကော်ကိုလဲ....(သင်တတ်ပါတယ်ဘုရား)။

အမဲအဖြူရောတဲ့ကကောလ(သင်တတ်ပါတယ်) မရောတဲ့ကပြတ်ကျတော့....(မသင်တတ်ပါဘုရား)။

ဒါ့ကြောင့် အာစရိယဂုဏော အနန္တော၊ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ဆရာသာလျှင် ပြောတတ်တယ်၊ ဒါလဲဆရာတိုင်း မယူနဲ့ဦး-(မှန်ပါ) အင်မတန် သစ္စာသိတဲ့ ဆရာမှ ပြောတတ်တယ်....(မှန်ပါ)။

သစ္စာမသိတဲ့ ဆရာဆိုယင်....(မပြောတတ်ပါ) မပြောတတ်ဘူးဆိုတာ ကောင်းကောင်းသဘောပေါ်ပလား...(ပါ်ပါပြီ) အဲ-သစ္စာမသိသေးတဲ့ဆရာနဲ့ပေါင်းလို့ရှိယင်ဖြင့် ခင်ဗျားတို့ ခုနကကသုံးမျိုးနဲ့ အချိန်ကုန်မယ်....(မှန်လှပါဘုရား) မကုန်ပေဘူးလား....(ကုန်ပါတယ်ဘုရား)။

အမဲကကလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဖြူကလုပ်ပြန်တော့လဲ....(ဒုက္ခသစ္စာပါဘုရား)။

အမဲအဖြူရောတဲ့က လုပ်ပြန်တော့လဲ (ဒုက္ခသစ္စာပါ)။

အမဲအဖြူမရောတဲ့ကဆိုတော့ သိကိုမသိဘူး(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒါဖြင့် ဒီက ရှေ့တော့ဖြင့်....တဲ့ အားလုံး တကဲ့တကာမတွေ့ ပြင်ကြပါတော့....(မှန်ပါ) ဒါန လုပ်လဲ ဟောဒီ ခန္ဓာဒုက္ခသစ္စာကြီးကို ကျွတ်ချင်, လွတ်ချင်လို့ ဒါန လုပ်ပါတယ်ဆိုတော့ သစ္စာသိတဲ့ ဉာဏ်နဲ့လုပ်... (မှန်ပါ) အမဲအဖြူ ရောသေးလား.... (မရောပါဘုရား) သီလဆောက်တည်ပြန်တော့ ဟောဒီ ဒုက္ခသစ္စာကြီးမှ ကျွတ်ချင်,လွတ်ချင်လို့ ဆောက်တည်ပါတယ်၊ အမဲအဖြူရောသေးသလား....(မရောပါဘုရား)။

သမထ,ဝိပဿနာ အားထုတ်ပြန်လဲ ဒုက္ခသစ္စာကြီးကို ကျွတ်

ချင် လွှတ်ချင်လို့ သမထ,ဝိပဿနာ အားထုတ်ပါတယ် ဆိုတော့ အမဲ အဖြူ ရောသေးလား.... (မရောပါဘုရား) အမဲ အဖြူ မရောတော့ အမဲကံ ကိုလဲ သိတဲ့ဉာဏ်ကဖြစ်တယ်....(မှန်လှပါ) အဖြူကံကော(သိတဲ့ဉာဏ်က ဖြစ်ပါတယ်ဘုရား) အမဲအဖြူ ရောတဲ့ကံကော....(သိတဲ့ဉာဏ်က ဖြစ်ပါတယ်ဘုရား)။

အဲဒီတွင်မှတကာတကာမတို့ သေနိယ,က အရှင်ဘုရားတပည့်တော် ကံဖြစ်ချင်ပါပြီ။ခုနကခွေးလိုကျင့်တဲ့လူဟွေက ကံဖြစ်ချင်ပြီ၊ သဘောပါကြပလား(ပါပါတယ်)ခွေးလိုကျင့်တဲ့ လူက ဘယ်စိတ်ပေါ်လာပါလိမ့်....(ကံဖြစ်ချင်ပါသတဲ့ဘုရား) အဲ.... ကံဖြစ်ချင်လို့ ရှိယင်ကွာ မင်း သစ္စာသိအောင်လုပ်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကံဖြစ်ချင်ယင်....(သစ္စာသိအောင်လုပ်) ဒါဖြင့် သစ္စာက သစ္စာ၊ သိတာက ကံဖြစ်... (မှန်ပါ) သစ္စာက.... (သစ္စာပါဘုရား) သိတာက...(ကံဖြစ်) ဒီကံဖြစ်တော့ ဒီဘက် လာသေးရဲ့လား... (မလာပါဘုရား) ဒါဖြင့် တကာတကာမတို့ သံသရာမလည်ချင်ယင် သစ္စာသိတဲ့ကံ လုပ်ပါ.... (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) သံသရာမလည်ချင်ယင်.... (သစ္စာသိတဲ့ကံ လုပ်ရပါမယ်ဘုရား)။

ကံဟာ ကံချည်းသက်သက် သိသလား.... ဉာဏ်နဲ့ တွဲမှ သိသလား... (ဉာဏ်နဲ့ တွဲမှ သိပါတယ်ဘုရာ) ဒါဖြင့် သစ္စာ သိတဲ့ဉာဏ်သည် ကံဖြစ်၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)

သစ္စာသိတဲ့ ဉာဏ်သည် ...(ကံဖြစ်)။

သစ္စာသိတဲ့ ဉာဏ်သည်....(ကံဖြစ်ပါဘုရား)။

တကာတကာမတွေ ကံများပြတ်သွားယင်ဖြင့် ကျုပ်ကံကုန်

ပြီထင်တယ်၊ စီးပွားရေးလဲ မဖြောင့်ဘူး၊ လူလဲ ဝေဒနာတွေက သိပ်များတယ်၊ ကဲကွာ ဘယ်သူဟာ တယ်တော်သတဲ့ ယတြာဆင် ရယင်ဖြင့် မဖြစ်ပေဘူးလား ..၊ ငွေကုန်လမ်း ရှာပြီ၊ ငွေကုန် လမ်းရှာပြီး ဒုက္ခရောက်အောင် လုပ်ဦးတော့မယ်၊ မလုပ်ပေဘူး လား၊ ကံဆက်တာကိုးဗျ....(မှန်ပါ့)။

ကံဆက်ယင် ဒုက္ခရောက်၊ မရောက်.... (ရောက်ပါတယ် ဘုရား) သို့သော်လဲ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်က ဒီအထဲသေ မှာ စိုးယင် အင်အိုင်ခလဲ့ လက်ဖွဲ့ ယတြာတွေ ဝါသနာပါမယ် ဆို သူဆက်ချင်မှာဘဲ(မှန်ပါ့) မဆက်ချင်ဘူးလား... (ဆက်ချင် ပါတယ်) ဖယောင်းတိုင် ကျိုးသွားတာတောင် ကျေနပ်ကဲ့သား (မကျေနပ်ပါဘုရား)။

ဟ....ဒီအကျိုးကြီးမထွန်းပါနဲ့ကွာ....။မလာဘူးလား... (လာ ပါတယ်)ဖယောင်းတိုင် ကျိုးတဲ့အခါကျလို့ ရှိယင် တကာတကာ မတို့ မြန်မြန်မီးကုန်တယ်။ မကျိုးတော့ကို မြန်မြန် မီးသက်ရှည် တယ်၊မီးသက်ရှည် သဘောကျသကိုး၊ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်လောက် ဆိုးဝါးသလဲ ခင်ဗျားတို့စိတ်ထဲမှာ ပေါ်နေတာ တွေဟာ ကောင်းသေးရဲ့လား .... (မကောင်ပါဘုရား) ဒါဖြင့် ဘယ်ဟာ အားကိုးကြမလဲ.... (ကံပြတ်ကို အားကိုးပါ မယ်ဘုရား)။

ကံပြတ်အားကိုးတဲ့အခါကျတော့ သမုဒယသစ္စာ ချုပ်ပါ တယ်....(မှန်ပါ့) ဒုက္ခသစ္စာ.... (ချုပ်ပါတယ်) ချုပ်ပါတယ်ဆို တော့ မီးလဲ တကာတကာမတို့ မနေ့ညက ပြောသလို သိမ်းပါ တယ်၊ထင်းလဲ ကုန်ပါတယ်....(မှန်ပါ့) မီးနဲ့ ထင်း ကုန်ယင် လောင်ဘို့ရာ အတွက် မြင်သေးရဲ လား .... (မမြင်တော့ပါ

ဘုရား)ဒါဖြင့် မီးလဲသိမ်း ထင်းလဲကုန်အောင် က ဖြတ်ကလုပ်....(မှန်ပါ)မဂ်ဘဲ အားကိုးရာရှိတယ်.... (မှန်ပါ) သစ္စာသိပြီး ဒါနလုပ်တဲ့မဂ်....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီ)။

သစ္စာသိပြီး သကာလ သီလဆောက်တည်တဲ့မဂ်.... (မှန်ပါ) သစ္စာသိပြီးသကာလ အားထုတ်တဲ့ ဝိပဿနာမဂ်....(မှန်ပါ) ဒါသည် ဒီအဆက်ကလေးကို မဖြတ်ဘူးလား.... (ဖြတ်ပါတယ်ဘုရား)ဖြတ်တော့ ဒီဘက်သွားပါတယ် တဲ့၊ ဝေဒနာနိရောဓာ တဏှာနိရောဓော-ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

ကဲ-စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ'စိတ္တနိရောဓာ တဏှာနိရောဓော'ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း.... (မှန်ပါ) သဘောကျပလား.... (မှန်ပါ) ဖဿရှုတဲ့ပုဂ္ဂိုလ်ဟာ "ဖဿနိရောဓာ တဏှာနိရောဓော" ပဋိစ္စသမုပ္ပါဒ်ဘာတုံး....(ထွက်လမ်းပါဘုရား)။

ဒါဖြင့် ရှုမှထွက်မယ်.... (မှန်ပါ) မရှုယင်....(မထွက်ပါဘုရား)မထွက်ယင် ဒီလည်မယ်....(မှန်ပါ) ထွက်ယင် ဒီဘက်ပြန်သွားတော့ မလွတ်လပ်ဘူးလား....(လွတ်လပ်ပါတယ်) ဒါဖြင့် အဝိုင်းပြေးမှ ထွက်ချင်လို့ရှိယင်ဖြင့် သစ္စာသိပြီးတော့ လုပ်ပါ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု... သာဓု... သာဓု....

၁၄-၇-၆၂- ရက်နေ့နံနက် ကျေးဇူးရှင် အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
ရန်ကုန်မြို့၌ ဟောကြားဆုံးမအပ်သော

ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး
တရားတော်

တိုတို့နဲ့ အလုပ်စခန်းဆိုတာလဲ တကာတကာမတွေ့ရပြီးသား၊ ပါဠိကို ဘုန်းကြီးများက ဆက်သွယ်ပြီးသကာလ ရှင်းအောင် ပြောလို့ရှိယင် ဩော် .... ဒါအလုပ်စခန်းပါလားဆိုတာ ပေါ် လာပါလိမ့်မယ်.... (မှန်ပါ့)။

အဲဒီတော့ အလုပ်စခန်းမဟောမီ ရှေ့အတွက် ကာလဠ်သင်္ခါရ သိဘို့ ဟောရဦးမယ်....(မှန်ပါ့)အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ မသိတဲ့ပုဂ္ဂိုလ် ပြုလုပ်တာသည် သင်္ခါရဖြစ်ပါတယ်၊ ဒီသင်္ခါရ ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ပြုပြင်တတ်တဲ့ တရားကိုသင်္ခါရလို့ခေါ်ပါတယ်....(မှန်ပါ့) ပြုပြင်တတ်တဲ့တရား ဘာခေါ်ကြမယ်....(သင်္ခါရ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူကပြုပြင်လိုက်တော့ ဒီ.... ဘဝက်မှာ ပစ္စုပ္ပန်ဘဝ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်တွေ ပေါ်ပါတယ်.... (မှန်ပါ့) ပေါ်တော့ဒီတရားလဲ တကာတကာမတို့ သူက နာမ်ရုပ်ကိုပြုပြင် မှာ ဖြစ်သောကြောင့် သူ့ကို သင်္ခါရဆိုယင်ကော လွဲပါ့မလား (မလွဲပါဘုရား) ဒါဖြင့် သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ ဆိုတော့ ဝိညာဏ်ကတခါပြုပြင်တာနဲ့ နာမ်ရုပ်

မဖြစ်ဘူးလား....(ဖြစ်ပါတယ်)နာမ်ရုပ်က ပြုပြင်တော့ သင်္ခါယ တန....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် သင်္ခါယတနဆိုတဲ့ တရားသည် ပြုပြင်လို့ ပေါ်တဲ့ တရား၊ဒါကြောင့်သူ့ကိုလဲ သင်္ခါရတရားလို့ မှတ်လိုက်စမ်းပါ၊ ပြုပြင်လို့ ပေါ်တဲ့တရား ဘာမှတ်ကြမယ် .... (သင်္ခါရတရားပါ ဘုရား) ပြုပြင်လို့ ပေါ်တဲ့တရား ဘာမှတ်ကြမယ်....(သင်္ခါရပါ) ကြည့်....ဒါဖြင့် သဗ္ဗေသင်္ခါရာဆိုတာဟာ ပြုပြင်လို့ ပေါ်လာတဲ့ တရားဘဲလို့ မှတ်ရမယ်၊ ပြုပြင်လို့ ပေါ်လာတဲ့တရားဘာခေါ် ကြမယ်....(သင်္ခါရပါဘုရား)။

ဒါဖြင့် အနိစ္စာဝတ သင်္ခါရာဆိုတာ ကြည့်....ဒီတရားဟာ သင်္ခါရတရား၊ စိတ်တရားဟာ သင်္ခါရတရားလို့ မှတ်ထားလိုက် စမ်းပါ၊စိတ်တွေဟာသင်္ခါ ဘာခေါ်ကြမယ်....(သင်္ခါရပါဘုရား)။

အနိစ္စာဝတသင်္ခါရာဆိုတော့သင်္ခါရာ = သင်္ခါရတရားတို့သည်၊ ဝတ = စင်စစ်၊ အနိစ္စာ = အမြဲမရှိကုန်၊ ပြုပြင်လို့ ပေါ်လာတဲ့ တရားသည် ပေါ်ပြီးသည့်အခြားမဲ့၌ အနိစ္စ အမြဲမရှိဆိုတော့ ဖြစ်ပြီးပျက်တယ်ဆိုတဲ့အဓိပ္ပါယ်မရဘူးလား (ရပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ စိတ်ကလေးတွေ ဘယ် စိတ်ပေါ်ပေါ် ခင်ဗျားတို့ သန္တာန်၌ သင်္ခါရတရား မှတ်ပါ... (မှန်ပါ) ဘယ်စိတ် ပေါ်ပေါ် ဘယ်နှယ်ဆိုကြမယ်....(သင်္ခါရ တရားပါ) ဘယ်စိတ်ပေါ်ပေါ် သင်္ခါရတရားလို့ မှတ်လိုက် တော့ကို တကာတကာမတို့ ရ-ထား့တဲ့ ဂါထာက မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်က အနိစ္စာဝတသင်္ခါရာ၊ဝတ = စင်စစ်၊ သင်္ခါရာ = ဒီအကြောင်း တရားက ပြုပြင်လို့ ပေါ်လာတဲ့... သင်္ခါရတရားတို့သည်၊ အနိစ္စာ = အမြဲမရှိကုန်။

ဒါဖြင့် ဒီသင်္ခါရဟာ အမြဲရှိပါရဲ့လား.... (မရှိပါဘုရား)။ ဒါဖြင့် သင်္ခါရဟာ အနိစ္စလမ်းဆုံးတယ်.... (မှန်ပါ)ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ ဘယ်လမ်းဆုံးသလဲ.... (အနိစ္စ လမ်းဆုံးတယ်) ဒီက နာမ်ရုပ်က ပြုပြင်လို့ သူပေါ်လာတာကိုး.... (မှန်ပါ)သဌာယတန ဆိုတဲ့ စိတ် မပေါ်ဘူးလား.... (ပေါ်ပါတယ်) အဲ....ပေါ်လာတဲ့တရားဟာ ဘယ်မှာ လမ်းဆုံးသဘုံး.... (အနိစ္စမှာ ဆုံးပါတယ်ဘုရား)။

ဒါဖြင့်.... ပေါ်လာတာ သင်္ခါရ၊ ပျက်တာသည် အနိစ္စ.... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ပေါ်လာတာသည်....(သင်္ခါရပါဘုရား)။

ပျက်တာသည်....(အနိစ္စပါဘုရား)။

ပေါ်လာတာသည်...(သင်္ခါရပါဘုရား)။

ပျက်သွားလို့ရှိယင်....(အနိစ္စပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ်သင်္ခါရ၊ ပျက်သွားယင် အနိစ္စ။

ဘယ်စိတ်ပေါ်လာလာ....(သင်္ခါရပါ)။

ပျက်သွားယင်....(အနိစ္စပါ)။

ဒါဖြင့် တကာတကာမတို့ သန္တာန်မှာ စားချင်တဲ့စိတ်ပေါ်လာတုန်း ဘာ့ခေါ်မယ် (သင်္ခါရပါဘုရား)စားချင်စိတ်ကလေး ပျက်သွားယင်... (အနိစ္စပါဘုရား)ပြော်... ဒါဖြင့် နေရာကျပြီ၊ တကာတကာမတို့ ခင်ဗျားတို့ သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် အနိစ္စနဲ့ သင်္ခါရသာရှိရမယ်.... (မှန်ပါ) ရှင်းကြပလား ...(ရှင်းပါပြီ)ဘယ်စိတ်ပေါ်ပေါ်ဘာရှိရမလဲ (အနိစ္စနဲ့သင်္ခါရသာရှိရပါမယ်) ဒါဖြင့် ဘယ်ပါဠိတော်က လာသတုံးဆိုတော့ သံယုတ်

ပါဠိတော် ပရိနိဗ္ဗာန သုတ်တွေမှာလဲ ဘုရားဟောခဲ့ပါတယ်၊
အနိစ္စာဝတ သင်္ခါရာဆိုတာကလေးက ဝတဆိုတာ စင်စစ်ကွ၊
သင်္ခါရာ=ပြုပြင်လို့ပေါ်လာတဲ့တရားသည်အနိစ္စာ=ပျက်၏
စိတ်ဆိုတာ ပြုပြင်လို့ပေါ်လာတာ၊ ပြုပြင်လို့ ပေါ်လာတဲ့
တရားကို ဘာခေါ်ကြမတုံး (သင်္ခါရပါဘုရား) ပျက်သွားတော့
(အနိစ္စပါ) ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ....(သင်္ခါရပါ)
ပျက်သွားလို့ရှိယင်.... (အနိစ္စပါ) ဒါဖြင့် တကာတကာမတို့
သန္တာန်၌ အာရုံဒွါရက ပြုပြင်လို့ ပေါ်လာတဲ့စိတ်၊ အဲဒီစိတ်
ပေါ်နေတုန်းကို သင်္ခါရလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ပျက်
သွားယင် ဘယ်နှယ်ခေါ်မယ်... (အနိစ္စပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဖြစ်တဲ့စိတ်သည် ဘယ်စိတ်မဆို
အာရုံဒွါရက ဖြစ်စေသောကြောင့် ပေါ်လာတဲ့ သင်္ခါရလို့
မှတ်လိုက်စမ်းပါ.... (မှန်ပါ) သဘောပါပလား.... (ပါပါပြီ)
အာရုံ ဒွါရက ပြုပြင်လို့ ပေါ်လာတဲ့စိတ်ဟူသ၍ ဘာခေါ်ကြ
မလဲ.... (သင်္ခါရပါဘုရား) ဒါဖြင့် ပေါ်ဆဲသင်္ခါရ၊ ရှင်းကြ
ပလား... (ရှင်းပါပြီ) ပျက်သွားယင်....(အနိစ္စပါဘုရား)။

ပေါ်လာယင်....(သင်္ခါရပါဘုရား)။

ပျက်သွားယင်....(အနိစ္စပါဘုရား)။

ဒါဖြင့် တကာတကာမတို့သန္တာန်၌ ဘယ်တရားသာရှိပါလိမ့်
မတုံးဆိုတော့ သင်္ခါရနဲ့ အနိစ္စဘဲရှိတယ်၊ ဦးမြ—ဘာရှိပါလိမ့်-
(သင်္ခါရနဲ့ အနိစ္စဘဲ ရှိပါတယ်ဘုရား) စိတ်ကလေးတခု ပေါ်
လာတယ်၊ ဘာဆိုကြမယ်....(သင်္ခါရပါ) ပျက်သွားယင် (အနိစ္စ
ပါဘုရား) ရှင်းကြပလား....(မှန်ပါ-ရှင်းပါပြီ)။

ဒါဖြင့် ပေါ်လာတာ သင်္ခါရ၊ ပျက်တာ အနိစ္စ ဆိုတော့

ကြားစိတ်ကလေး ပေါ်လာယင်လဲ ဩော်.... သင်္ခါရကလေး ပေါ်လာတယ်၊ ပျက်သွားယင်လဲ အနိစ္စရောက်သွားပြီ၊ စားစိတ်ကလေး လျှာအလယ်မှာ ပေါ်လို့ရှိယင်လဲ ဩော်...ပေါ်လာပြန်ပြီ သင်္ခါရတရားကလေး၊ ပျက်သွားပြန်ပြီဆိုတော့ ဩော်.... သင်္ခါရဟာ အနိစ္စ လမ်းဆုံးပါကလား... ဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား) ဒါ... သေသေချာချာ မှတ်ပါ၊ တကာတကာမတို့ အရေးတကြီးပြောနေတယ်၊ ဝိပဿနာ အလုပ်ချည်း ယနေ့ပြောရမှာ ဖြစ်နေလို့....(မှန်ပါ့)။

တကာ တကာမတွေ အလုပ် ကျန်ရစ်မှသာ လျှင် ထွက်ရပ်လမ်းပေါက်မှာပါ၊ ငါကောင်းလို့ ထွက်ရပ်လမ်းမပေါက်ပါဘူး (မှန်ပါ့) အဲဒါကြောင့် အလုပ်ကိုသာ၊ ယခု နာရီက နာရီဝက် နောက်ကျတယ်၊ နာရီဝက်ဘဲ ဖြည့်ဟောပေးပါမယ်... (မှန်ပါ့) ဒီတရားကလေးဟာ....တဲ့ စိတ်ကလေးအခု တကာတကာမတွေ သန္တာန်မှာ ပေါ်လာတယ်၊ သူများပြုပြင်လို့ ပေါ်လာသော ကြောင့် ဘာဆိုကြမယ်... (သင်္ခါရပါ) သင်္ခါရနော်... (မှန်ပါ့) ပျက်သွားတဲ့အခါကျတော့... (အနိစ္စပါဘုရား)။

ဒါဖြင့် အနိစ္စာဝတ သင်္ခါရာဆိုတာ သဘောကျရောပေါ့.... (ကျပါပြီဘုရား) ဝတ = စင်စစ်၊ သင်္ခါရာ = ပြုပြင်လို့ ပေါ်လာတဲ့ တရားတို့သည်၊ အနိစ္စာ = ပျက်ကုန်၏ ဆိုတော့ ခင်ဗျားတို့ ကျုပ်တို့၏ သန္တာန်မှာ ပေါ်လေသမျှ သင်္ခါရ။

ပျက်လေသမျှ....(အနိစ္စပါ) ပေါ်လေသမျှ.... (သင်္ခါရပါ) ပျက်လေသမျှ.... (အနိစ္စပါ) ဒါဖြင့် ဒီတရားနာ လာကြတာ တွေဟာ မည်သူမည်ဝါတွေလဲလို့ မေးလို့ရှိယင်ဖြင့် သင်္ခါရတရား တွေ၊ အနိစ္စတရားတွေဘဲဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)

ဗီအထဲမှာ ယောကျ်ားတွေ မိန်းမတွေ ပါသေးသလား....၊ သင်္ခါရ အနိစ္စချည်းဘဲလား.... (သင်္ခါရ အနိစ္စချည်းပါဘုရား)။

ဒါဖြင့် တကိုယ်လုံး ရုပ်ရော နာမ်ရောဟာ ပေါ်လာတာ သင်္ခါရ၊ ပျက်တာ အနိစ္စ၊ မှတ်ထားလိုက်တာပေါ့.... (မှန်ပါ့)။

ပေါ်လာတာ........(သင်္ခါရပါ)။

ပျက်တာ... (အနိစ္စပါဘုရား)။

ရှင်းပြီနော်....(မှန်ပါ့) ဒါဖြင့်အနိစ္စာဝတ သင်္ခါရာကို ဘုရားက မသိမှာစိုးတဲ့အတွက် ဩြ်....ပေါ်လာတာသင်္ခါရ၊ ပျက်တာအနိစ္စ မသိမှာစိုးတဲ့အတွက်....ကွာ မင်းတို့လျှာရှည်မနေပါနဲ့ဘော့ ဥပ္ပါဒနဲ့ ဝယ ပါဘဲ.... (မှန်ပါ့) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဥပ္ပါဒဝယဓမ္မိနော....လို့ မလာဘူးလား.... (လာပါတယ်) ဓမ္မိနော=ဗီတရားသဘောကို ပြောရမှာဖြင့် ဥပ္ပါဒဝယော=ဖြစ်မှု-ပျက်မှုသာရှိတယ်၊ တကာတကာမတွေ သန္တာန်မှာ ဘာရှိပါလိမ့်.... (ဖြစ်မှု-ပျက်မှုသာရှိပါတယ်ဘုရား) စိတ်ကလေးပေါ်လဲ ဖြစ်မှုပျက်မှုဘဲ၊ ဝေဒနာကလေး ပေါ်ကော.... (ဖြစ်မှု ပျက်မှုပါ) အင်း...ဟင်.... ဖဿကလေး ပေါ်ယင်ကော.... (ဖြစ်မှုပျက်မှုပါဘုရား) ဖြစ်မှုပျက်မှုချည်းရှိတယ်ဆိုတော့ ဘုန်းကြီးတာ စိတ္တာ နုပဿနာ အဓိကထား ဟောနေတော့ တကာတကာမတို့ သန္တာန် ဘယ်စိတ်ပေါ်ပေါ် ဘာရှိတုံး.... (ဖြစ်မှုပျက်မှုဘဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သာ ရှိတယ်ဆိုတာ ဒီပါဠိတော်က လာတာ (မှန်ပါ့)သဘောပါကြလား ...(ပါ-ပါတယ်ဘုရား) ခင်ဗျားတို့ တကိုယ်လုံးမှာ ဘာရှိတုံး....(ဖြစ်ပျက်ဘဲ ရှိပါတယ်) ရုပ်ကြည့်

လိုက်ယင်.... (ဖြစ်ပျက်ပါဘုရား) အင်း... ဟင်.... နာမ်ကြည့် လိုက်လဲ.... (ဖြစ်ပျက်ပါဘုရား) နာမ်ထဲက အသေးစိတ်ပြီး စိတ် ကြည့်လိုက်ပြန်တော့.... (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်သာရှိတယ် ဆိုတာ မရှင်းသေးဘူးလား.... (ရှင်းပါပြီ)။

ကဲ... ဒါဖြင့် အနိစ္စာဝဘ သင်္ခါရကို မလုံးသာက်ဘာနဲ့ နား ရှုပ်နေမှာ စိုးတာနဲ့ ဘုရားက ဥပ္ပါဒဝယ ဓမ္မ°နော = ဖြစ်ခြင်း ပျက်ခြင်း သဘောသာရှိတယ် ..၊ မပေါ်ကြသေးဘူးလား.... (ပေါ်ပါတယ်ဘုရား) ကောင်းပြီ၊ ဒါဖြင့် စိတ်ကလေးသည် သူ့ဘယ်သဘော သတ္တိရှိပါလိမ့်.... (ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိပါတယ်) စိတ်ကလေးတခု ပေါ်လာတိုင်း ပေါ်လာတိုင်း ဘာရှိပါလိမ့်.... (ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိပါတယ်ဘုရား) ပေါ်ခြင်း ပျောက်ခြင်းသာ ရှိတယ်ဆိုတာ မရှင်းကြသေးဘူး လား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဥပ္ပါဒဝယ ဓမ္မ°နော၊ ဓမ္မ°နော=တရားသဘော အ တိုင်းပြောရမှာဖြင့်တဲ့၊ ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်ကွ၊ တကာတကာမ တွေ ခန္ဓာကိုယ်ထဲမှာ ဘာသာရှိပါလိမ့်.... (ဥပ္ပါဒနဲ့ ဝယဘဲ ရှိ ပါတယ်) ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်၊ တနည်းအားဖြင့် ဖြစ်ပျက် သာရှိတယ်၊ သဘောပါလား.... (ပါပါပြီဘုရား) ခန္ဓာကိုယ်ထဲ ဘာရှိပါလိမ့်....(ဖြစ်ပျက်သာ ရှိပါတယ်ဘုရား) ဖြစ်ပျက်သာရှိ တယ်ဆိုတာ သေချာကြပလား... (သေချာပါတယ်)။

ကောင်းပြီ ဒါဖြင့် သင်္ခါရတရား ပျက်တတ်သည်ဆိုတာ သ ဘောပါပလား-(ပါပါတယ်) ဖြစ်တတ်တဲ့တရား ပျက်သည်ဆို တာကော- (ပါပါတယ်ဘုရား) ဒီ-ပါဠိနှစ်ခုစာ အတူတူဘဲလို့ မှတ်လိုက်စမ်းပါ၊အနိစ္စာဝတ သင်္ခါရာနဲ့ ဥပ္ပါဒဝယဓမ္မ°နောဟာ

ထပ်ပြီး ထင်ရှားအောင် ဟောတော်မူတာလို့ တကာတကာမတွေက မှတ်လိုက်တာပေါ့။

နောက်တခါ လာပြန်တော့ ခင်ဗျားတို့ ရ‌ထားတာတာဥပ္ပဇ္ဇံတွာ နိရုဇ္ဈန္တိ မလာဘူးလား....(လာပါတယ် ဘုရား) ဥပ္ပဇ္ဇိတွာ=ဒီစိတ်ကလေးဖြစ်ပေါ်လာပြီး၍၊ နိရုဇ္ဈန္တိ=ချုပ်ကုန်၏ဆိုတဲ့ဥစ္စာလဲ တကာတကာမတို့ ဖြစ်ပျက်ဘဲ ထပ်ဟောတာ.... (မှန်ပါ)သဘောပါကြပလား .. (ပါပါတယ်ဘုရား) ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိဆိုတာ ဘာပါလိမ့်.... (ဖြစ်ပျက်ကို ထပ်ဟောတာပါ ဘုရား)ကောင်းပြီ .. ဒါဖြင့်အနိစ္စာဝတသင်္ခါရာကလဲဖြစ်ပျက်ဘဲ၊ ဥပ္ပါဒဝယဓမ္မိနောကကော (ဖြစ်ပျက်ပါဘဲဘုရား) ဥပ္ပဇ္ဇိတွာ-နိရုဇ္ဈန္တိကကော... (ဖြစ်ပျက်ပါဘဲဘုရား)။

သြော်...ဖြစ်ပျက်ကို မင်းတို့ အရေးကြီးတယ်လို့ သုံးခါ ထပ်ပြောတယ်၊ တကာဘကာမတို့ ဖြစ်ပျက် အရေးကြီးတယ်လို့ ဘယ်နှစ်ခါ ထပ်ပြောသလဲ... (သုံးခါးထပ်ပြောပါတယ်) ဒီပါဠိဟာ များသောအားဖြင့် လူတိုင်းရပါတယ်၊ အနိစ္စာဝတသင်္ခါရာဆိုတာ မရကြဘူးလား....(ရပါတယ်) ဥပ္ပါဒဝယဓမ္မိနော-ဆိုတာကော...(ရပါတယ်)ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဆိုဘာကကော.... (ရပါတယ်) ရကြဘယ်တဲ့ အဲဒါ တကာဘကာမတွေက ဘယ့်နှယ်ကြောင့် ဘုရား ဟောထားပါလိမ့်မလဲလို့.... မေးတဲ့အခါကျတော့ အလုပ်လုပ်ဘို့ ဟောထားတယ်။

ဦးမြ.... ဘယ်အကျိုးငှါလဲ.... (အလုပ်-လုပ်ဘို့ ဟောထားပါတယ်) အလုပ်—လုပ်ဘို့ ဟောထားတယ်ဆိုတာ တကာတကာမတွေက မှတ်လိုက်စမ်းပါ၊ မင်းတို့ သန္တာန်မှာ စိတ်ကလေးပေါ်လဲ ဖြစ်ပျက်ဘဲ ရှိသဟေ့... ရုပ်ကလေး ပေါ်ကော ...(ဖြစ်

ပျက်ဘဲရှိပါတယ်) ဝေဒနာကလေး ပေါ်တော့.... (ဖြစ်ပျက်ဘဲ ရှိပါတယ်)။

ဖြစ်ပျက်ဘဲရှိတယ်ဆိုတော့တကာတကာမတွေ့ကာဒီဖြစ်ပျက်ကို ဘုန်းကြီးပေးထားတဲ့ "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဆိုတဲ့မဂ်နဲ့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်လုပ်ပါ၊ သဘောကျပလား .... (ကျပါပြီ)ဘာနဲ့ဘာ ကိုက်အောင်လုပ်ရမလဲ....(ဖြစ်ပျက်နဲ့- မဂ်နဲ့ကိုက်အောင် လုပ်ရမှာပါ) ဒါဖြင့် စိတ်ကဖြစ်ပျက်၊မဂ္ဂင်ငါးပါးကမဂ်။

စိတ်က....(ဖြစ်ပျက်ပါဘုရား)။

မဂ္ဂင်ငါးပါးက....(မဂ်ပါဘုရား)။

ဒီလိုချည်းတကာတကာမှတွေကမိအောင်ရှုနေလို့ရှိယင်....တဲ့ ဝိဘက်က(၃)နံပါတ်ဆိုတဲ့ တဏှာ, ဥပါဒါန်,ကံတွေဟာ မပြတ်ဘူးလား....ပြတ်သလား....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စချုပ်တယ်၊ သဘောပါကြပလား....(ပါပါပြီ) ဘာချုပ်သလဲ.... (ပပဉ္စချုပ်ပါတယ်ဘုရား) ပပဉ္စနိရောဓေါ နိဗ္ဗာနံကိုး၊ ပပဉ္စချုပ်ဘာလဲ နိဗ္ဗာန်ဘဲကွ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)ခွဲခြည့်တရားမှ မရှိတော့ဘဲ တကာတကာ မတို့ ခွဲတဲ့တရား ခန္ဓာ ပေါ်ဦးမလား....(မပေါ်ပါဘုရား) မပေါ်ယင် ဘာပေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ပပဉ္စနိရောဓေါ နိဗ္ဗာနံဆိုတာမပေါ်သေးဘူးလား.... (ပေါ်ပါပြီ)ပပဉ္စချုပ်လို့ ဘာတုံး....(နိဗ္ဗာန်ပါ) နိဗ္ဗာန် ပေါ်လာတယ်ဆိုတာ သေချာပလား .... (သေချာပါတယ် ပပဉ္စဆိုတာ ပပဉ္စတခုလုံးကို ဖွဲလိုက်ယင် သမုဒယသစ္စာပါဘဲ...) (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ပပဉ္စနိရောဓေါ

နိဗ္ဗာန်ဆိုတာ မှတ်လိုက် စမ်းပါ၊ သဘောပါကြရဲ့လား .... (ပါ-ပါတယ်)ပပဉ္စချုပ်လဲ.... (နိဗ္ဗာန်ပါ) နိဗ္ဗာန်ဘဲဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အခုဟာဏဇီဘက်ကချုပ်တာ ပြောဘာနော် (မှန်ပါ့) ဒီက မဂ်နဲ့လာတဲ့အခါကျတော့ ၂-နှင့်၃-အစပ်မှာ မဂ်လာတဲ့အတွက်(၃) နံပါတ်ချုပ်တယ်လို့ပြောတယ်၊ ဒါက တကာတကာမတွေ မှတ်ပါတဲ့ အနာဂတ်မှ ရမည့်နိဗ္ဗာန်၊ အခု ချက်ခြင်း ရချင်တဲ့နိဗ္ဗာန်က ရှိသေးတယ်.... (မှန်ပါ့) တကာ တကာမတို့ အခုချက်ခြင်း ဉာဏ်အောက်မှာ ရောက်လာတဲ့နိဗ္ဗာန် က အရေးကြီးတယ်-(မှန်ပါ့)နောက်မှရမည့်နိဗ္ဗာန်က ခန္ဓာဆုံးမှ ရမည့် နိဗ္ဗာန်ကိုအသာထားလိုက်။

ယနေ့ဟောမှာက ယနေ့ပစ္စုပ္ပန်ဘဝတွင် ယနေ့ရမည့်နိဗ္ဗာန် ကို ဟောပါလိမ့်မယ်၊ တကာတကာမတွေ မှတ်ထားစမ်းပါ.... (မှန်ပါ့) ယနေ့ရမည့်နိဗ္ဗာန်ကို ယနေ့ ဟောပါလိမ့်မယ် .... နောက်မှ ခန္ဓာဆုံးရမည့် နိဗ္ဗာန်ကို မဟောပါဘူး .... ဒါဖြင့် သဥပါဒိသေသ နိဗ္ဗာန်ကို ဟောမယ်၊ အနုပါဒိသေသ နိဗ္ဗာန် မဟောသေးဘူး၊ စာသမားတွေ အတွက်မှာနော်.... (မှန်ပါ့) ဒီပါဠိတော်က ဘာဟောတုံးဆိုတော့ သဥပါဒိသေသနိဗ္ဗာန်ကို ဟောထားတယ်၊တကာတကာမတို့ စိတ်ကလေးပေါ်တိုင်းပေါ် တိုင်း ဘယ်လိုရှုကြမယ်(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပြီး ပျက်တယ် လို့ ဒီမဂ်နဲ့ မရှုနိုင်ဘူးလား....(ရှုနိုင်ပါတယ်ဘုရား ။

မဂ်နဲ့ရှုနိုင်တဲ့အခါကျတော့ကိုတဲ့ ခုနကပါဠိ ပြန်ကြည့်ပါ၊ အနိစ္စာဝတသင်္ခါရာ- ဖြစ်ပျက်၊ဥပ္ပါဒဝယဓမ္မိနော ဆိုတာကော (ဖြစ်ပျက်ပါဘဲ)'ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ' ဆိုတာကော .... (ဖြစ်

ပျက်ပါဘဲ)ပြောင်ခန္ဓာကိုယ်ထဲမှာဖြင့် ဒါဘဲရှိတယ်ဆိုတာ သေချာပြီ....(မှန်ပါ့ဘုရား) မသေချာ ဘူးလား .... (သေချာပါတယ်)ယောကျ်ားတွေ မိန်းမတွေရှိသေးသလား....၊ဖြစ်ပျက်ဘဲရှိသလား....(ဖြစ်ပျက်ဘဲရှိပါတယ်ဘုရား)။

ဘယ်နှစ်ခါ ထပ်ဟောသတုံးဘုရားက .... (သုံးခါထပ်ဟောပါတယ်ဘုရား)သုံးခါထပ်ဟောတာဘော့ ခင်ဗျားတို့ကဆင်ခြေလဲမနေနဲ့တော့- ယောကျ်ားရှိတယ်, မိန်းမရှိတယ်, နာမ်ရှိတယ်, ရုပ်ရှိတယ်, လုပ်မနေနဲ့၊ သဘောကျပလား....(ကျပါပြီ)အခေါ်သာရှိတယ် သေသေချာချာကြည့်တော့ ဖြစ်ပျက်ဘဲရှိတယ် ရုပ်ရှိတယ်ဆိုတာလဲ အခေါ်ဘဲ၊ သေသေချာချာ ဉာဏ်နဲ့ကြည့်တော့ ဘာတွေသလဲ....(ဖြစ်ပျက်ဘဲတွေပါတယ်ဘုရား) ဝေဒနာရှိတယ်ဆိုတာလဲ အခေါ်ဘဲ တကာတကာမတို့ သေသေချာချာကြည့်တော့....(ဖြစ်ပျက်ဘဲရှိပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဖြစ်ပျက်ဟာအင်မတန်အရေးကြီးကြောင်းကို ဘယ်နှစ်ခါထပ်ပြောပါလိမ့်.... (သုံးခါထပ်ပြောပါတယ်) သုံးခါ ထပ်ပြောတယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)ကိုင်း .. ဒါဖြင့် အားလုံးတကာတကာမတွေ အနိစ္စာဝတသင်္ခါရာ ဘာဟောသတုံး....(ဖြစ်ပျက်ဟောပါတယ်)'ဉပ္ပါဒဝယ ဓမ္မိနော'ဆိုတာ ဘာဟောသတုံး-(ဖြစ်ပျက်ဘဲဟောပါတယ်) ဉပ္ပဇ္ဇိတ္တာ နိရုဇ္ဈန္တိ ဆိုတာလဲ...၊ (ဖြစ်ပျက်ဘဲ ဟောပါတယ်) ဖြစ်ပျက်ဘဲ ဟောနေတယ်နော်....(မှန်ပါ)။

ကိုင်း-ဒါဖြင့် ၄-နံပါတ်ပြောတော့မယ်၊ 'တေသံဝူပသမော သုခေါ,ရွတ်ကြစမ်းပါ...(တေသံ ဝူပသမော သုခေါပါဘုရား)

ပြန်ရွတ်ပါဦး....(တေသံ ဝူပသမော သုခေါပါဘုရား) ပြန်ရွတ်ပါဦး....(တေသံ ဝူပသမော သုခေါပါဘုရား) တေသံ=ဆိုတာ တေသံ=ထိုဖြစ်ပျက်တို့၏၊ သဘောကျပလား....(မှန်ပါ) တေသံဆိုတာ ဘာတုံး....(ဖြစ်ပျက်တို့၏) ဘော့ သံ= ထိုဖြစ်ပျက်တို့၏၊ ဝူပသမော=ချုပ်ခြင်းသည်၊ သုခေါ=နိဗ္ဗာန်ဘဲ ဆိုတော့ ဒီဘက်မှာ နိဗ္ဗာန်နေတယ် .... (မှန်ပါ) သုခေါ=ချမ်းသာ၏၊ နိဗ္ဗာန်ဆိုတာဘာလဲ.... ဖြစ်မှု-ပျက်မှု သိမ်းတာကို နိဗ္ဗာန်ခေါ်တယ်....(မှန်ပါ)နိဗ္ဗာန်ဆိုတာ ပါပါလိမ့်....(ဖြစ်မှု-ပျက်မှုသိမ်းတာပါဘုရား) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် .... (ဖြစ်မှု-ပျက်မှုသိမ်းတာ နိဗ္ဗာန်ခေါ်ပါတယ်) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် .... (ဖြစ်မှု-ပျက်မှုသိမ်းတာ နိဗ္ဗာန်ပါ) ဖြစ်မှု—ပျက်မှု သိမ်းတာကို နိဗ္ဗာန်လို့ ဆိုပါတယ်ဆိုတာ ကျေနပ်ပလား .... (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ ဖြစ်မှု-ပျက်မှုလာတိုင်း လာတိုင်းဝိပဿနာမဂ်နဲ့ရှုပေးပါ၊သဘောကျပလား .... (ကျပါပြီ) ဒီဝိပဿနာမဂ်ဆိုတာ မဂ္ဂင် ဘယ်နှစ်ပါး ပါလိမ့် .... (ငါးပါး-ပါဘုရား) ငါးပါးနော်...(မှန်ပါ) ငါးပါးကို ဟောပြီးပါပြီ၊ ဒါဖြင့် ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက်-မဂ် ကိုက်အောင် လုပ်လေ...(မှန်ပါ) တကာတကာမတို့ ဘာနဲ့ ဘာကိုက်အောင်လုပ်မယ်....(ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်မယ်) ခင်ဗျားတို့ သန္တာန်မှာ- ငမ်းထဲမှာ ပေါ်တဲ့စိတ်ကဖြစ်ပျက်။

မျက်လုံးမှာပေါ်တဲ့စိတ်က- (ဖြစ်ပျက်ပါဘုရား)ဟဒယတွေ ပေါ်ကနေပြီးသကာလ ဉာဏ်မဂ်နဲ့ ရှုပါ၊ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်....(မဂ်)။
ဖြစ်-ပျက် .... (မဂ်)။
ဖြစ်-ပျက် .... (မဂ်)။

ဒီလိုချည်း ကိုက်အောင်လုပ်ပါ။

အဲဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်၊ ဒီက ဖြစ်ပျက်၊ ဒီက မဂ်ဖြစ်တော့ ကြားထည်းမှာ လောဘ ဒေါသ မောဟ ပါသေးသလား....(မပါပါဘုရား) ဒီအတိုင်း ဖြစ်ပျက်နဲ့မဂ်နဲ့ မဂ်နဲ့ကိုက်အောင် လောဘ ဒေါသ မောဟ ကြားမခိုဘဲနဲ့ ရှုကြမယ်ဆိုယင် ညနေအားထုတ်ယင် နံနက်ကို သောတာပန်ဘည်မယ်၊ သဘော ကျပလား....(ကျပါပြီ) နံနက်အားထုတ်လို့ ရှိယင် ညနေ သောတာပန် တည်မယ်၊ တိဟိတ်ဖြစ်ခဲ့လို့ ရှိယင် မမြန်ဘူးလား .... (မြန်ပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ တိဟိတ် ဒွိဟိတ်ကို ကိုယ်ကိုယ်တိုင် စမ်းကြည့်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် သာလုပ်နေ၊ မှချ ခင်ဗျားတို့ ဒွိဟိတ် ဖြစ်ခဲ့လို့ ရှိယင်လဲ နောင် ဘဝ တိဟိတ်ဖြစ်မယ်၊ တိဟိတ်ဖြစ်ခဲ့လို့ ရှိယင်လဲ ဒီဘဝ မဂ်ရမယ်၊ သဘောပါကြပလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဘာနဲ့ဘာကိုက်အောင် လုပ်ရမလဲ .... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ရပါမယ် ဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ တပါးသော ကိလေသာ မခြားစေနဲ့ (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား) လောဘ ဒေါသ မောဟ ဘာလုပ်ရမတုံး... ကြား မခြားစေနဲ့ နော်....(မှန်ပါဘုရား) ဖြစ်ပျက်နဲ့မဂ်နဲ့ ကြားထဲမှာ လောဘ ဒေါသ မောဟ ကြားမခိုစေနဲ့၊ ပေါ်ကြပလား....(ပေါ်ပါပြီ) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ....(လောဘ ဒေါသ မောဟ ကြားမခိုရပါဘုရား) လောဘ ဒေါသ မောဟ

ဣဿာ မစ္ဆရိယ မာနဆိုတဲ့ အကုသိုလ်တရားတွေ တကာတကာမ တွေ ကြားမခိုစေနဲ့။

ထိုကဲ့သို့ ကြားမခိုခဲ့သည်ရှိသော်.. နံနက် အားထုတ် ညနေ ရမယ်၊ ညနေအားထုတ် နံနက်ရမယ်လို့ ဘုရားက ပဏ္ဏာသမှာလဲ သေသေချာချာ ဟောပါတယ်၊သတိပဋ္ဌာန် ပါဠိတော်ကြီးမှာလဲ သေသေချာချာ ဟောပါတယ်၊ ခင်ဗျားတို့အတွက် စိုးရိမ်လို့ ရှုနည်းကို ဘုန်းကြီး အစုံအလင်ပေးပါတယ်။ဖြစ်ပျက်မဂ် ကိုက် အောင်လုပ် သဘောကျပလား....(ကျပါပြီဘုရား)ဒါ ဝိပဿနာစ လို့ မှတ်ပါ၊ ဖြစ်ပျက် နောက်က ဘာလိုက်ရမလဲ....ရှုတဲ့ မဂ် လိုက်ရမယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက် ရှုတဲ့ မဂ် (မှန်ပါ)။

ဖြစ်ပျက်.... (ရှုတဲ့မဂ်)။

ဒီလို လိုက်တော့ ဒီကြားထဲ ကိလေသာ ပါသေးသလား .... (မပါပါ) မပါဘူး၊ ဒီ ဖဿကလဲ စိတ်နဲ့ တွဲလျက်ဘဲ၊ ဝေဒနာ ကလဲ စိတ်နဲ့ တွဲလျက်ဘဲဆိုတော့ ဒီသုံးခု ပေါင်းလိုက်တော့ ဒီကြားထဲမှာ လောဘ-ဒေါသ-မောဟ မလာ၊ ဣဿာမစ္ဆရိယ မလာလို့ရှိယင်ဖြင့် ညနေအားထုတ် နံနက်မဂ်ရပါတယ်ဆိုတော့ နိဗ္ဗာန်သည် တကာတကာမတို့ အနီးကလေးဆိုတာ ပေါ်လာ ပလား....(ပေါ်ပါပြီဘုရား) တေသံ=ထိုဖြစ်ပျက် နှစ်ပါးတို့၏ ဝူပသမော=မရှိသော နိဗ္ဗာန်သည်ဆိုတော့ ဒီ ဖြစ်ပျက် ချုပ်တဲ့ နေရာ နိဗ္ဗာန်ပေါ်တာဘဲ... (မှန်ပါ)။

တကာတကာမတို့ ဘာတဲ့တုံး(ဖြစ်ပျက်ချုပ်တဲ့နေရာ နိဗ္ဗာန် ပေါ်ပါတယ်ဘုရား)ကြည့်... ပဌမကတော့ သင်္ခါရ တရားတွေ ဖြစ်ပြီး ပျက်နေတယ်၊ နောက်ကျတော့ သင်္ခါရ တရားတွေဟာ

ဖြစ်မှု ပျက်မှုတွေဘဲ၊ ရှုဖန်များလာတဲ့အခါကျတော့ လိုချင်တဲ့ စိတ် လာသေးသလား....(မလာပါဘုရား)လိုချင်တဲ့စိတ်လဲ မလာ တော့ဘူးဆိုတော့ ဖြစ်ပျက်တွေဟာ ချုပ်သွားတယ်။ တကာ တကာမတို့ ဘယ်သူ ချုပ်သွားသလဲ....(ဖြစ်ပျက်တွေ ချုပ်သွား ပါတယ်ဘုရား)။

တေသံ=ထိုဖြစ်ပျက်တို့၏၊ဝူပသမော=ချုပ်သော နိဗ္ဗာန်သည် ချုပ်တာ နိဗ္ဗာန်ဘဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) သုခေါ=ချမ်းသာ၏၊ မဆိုဘူးလား... (ဆိုပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဒီနားမှာရှိတယ်။မရှိဘူးလား(ရှိပါတယ်) ဖြစ်ပျက်မပေါ်ယင်... (နိဗ္ဗာန်ပါ)သဘောကျပလား (ကျပါပြီ) ဒါဖြင့် ဒီက ဉာဏ်၊ ဒီက ဘာခေါ်မယ်....(နိဗ္ဗာန်) ဖြစ်ပျက် ချုပ်သွားယင် ဒီနေရာက ဘာ့ပါလိမ့်....(နိဗ္ဗာန်ပါ) ဒီက ဘာ ပါလိမ့်....(ဉာဏ်ပါဘုရား) ဒီကာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စ ဝေက္ခဏာဉာဏ်၊ ဒီနေရာမှာဘဲ ပေါ်ရမယ်၊ သဘောကျကြ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆုံးတာ ဘာခေါ်မယ်....(နိဗ္ဗာန်ပါဘုရား) သိနေတဲ့ဉာဏ် ဘာခေါ်မယ်....(မဂ်ဉာဏ်ပါ ဘုရား) အဲ.... မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ)သဘောပါကြပလား....(ပါပါပြီ)မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်လို့ မှတ်လိုက်စမ်းပါ ဆိုတော့ နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာ ရှိတယ်။

တကာတကာမတို့ နိဗ္ဗာန် ဘယ်မှာရှိသလဲ(ဖြစ်ပျက်အဆုံးမှာ ရှိပါတယ်ဘုရား) ဖြစ်ပျက်အဆုံးမှာ ရှိတယ်ဆိုတာ ကောင်း ကောင်း ကျေနပ်ပလား....(ကျေနပ်ပါတယ်) ဒါဖြင့် ခင်ဗျားတို့

ရှုတဲ့ ခန္ဓာ ရှိတုန်းဘဲ။ ရှုတဲ့ဉာဏ် ရှိတုန်းဘဲ တွေ့ရခြင်းကြောင့်တဲ့ ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန် သဘောပါပလား... (ပါပါပြီ) ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန်(မှန်ပါ့) ဒီနေရာ ဖြစ်ပျက်ဆုံးတော့ ဘာခေါ်မယ် (နိဗ္ဗာန်လို့ဘဲ ခေါ်ပါတယ်) ဒီက ဉာဏ်ကကော ရှိမနေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါဖြင့် နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ သွားတွေ့တော့ကိုတဲ့ ဒီဉာဏ် ရှိတဲ့ ဘုရားဖြစ်စေ၊ သောတာပန်ဖြစ်စေ ရနိဗ္ဗာန် စံပလား.... (မစံသေးပါဘုရား) မစံခင် တွေ့ရသောကြောင့် ခန္ဓာရှိတုန်း ရတဲ့ နိဗ္ဗာန် ပေါ်ပလား... (ပေါ်ပါပြီ)အာတဲ့တုံး ခန္ဓာရှိတုန်း ရတဲ့နိဗ္ဗာန်) ခန္ဓာရှိတုန်း ရတဲ့ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ စာဆို မှာသာ တွေ့ဘူးတယ်၊ ယောက်တွေ့ဆိုလို့ရှိယင်ဖြင့် ဖြစ်ပျက်ဆုံး အောင်သာ လိုက်·လိုက် တကာတကာမတို့....(မှန်ပါ့)။

ဉာဏ်က ဆုံးတာကို မြင်သည်နဲ့တပြိုင်နက်တည်း ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကလဲ မသေသေးလို့ ဆုံးတာကို တွေ့ရတယ်။

ဒါဖြင့် ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန် ပေါ်ကြပလား... (ပေါ် ပါပြီ) ဒီဘက်က ခန္ဓာမရှိမှ တွေ့ရတဲ့ နိဗ္ဗာန် ပေါ်ပလား.... (ပေါ်ပါပြီ) ဒီဘက်နှစ်ခုကတော့ ဘာတဲ့.... (ခန္ဓာ မရှိမှ တွေ့ ရတဲ့ နိဗ္ဗာန်ပါ) ဒါကဲ သမုဒယ ချုပ်တာ၊ ဒုက္ခချုပ်တာဆိုတာ ကတော့ ခန္ဓာရှိမှ တွေ့ရတာ၊ ဒီဘက်က ချုပ်တာကို ဒီက မြင် လိုက်လို့ရှိယင်တော့ ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန်၊ သဘောပါ ပလား....(ပါပါတယ်ဘုရား)။

ဒီဉစ္စာ မလွယ်ဘူးနော်...၊ စာမှာ သွားကြည့်ယင် ခင်ဗျား တို့ကဲ ခန္ဓာရှိတုန်း သဉပါဒိသေသ နိဗ္ဗာန်ပေါ့၊ ခန္ဓာမရှိတော့မှ အနုပါဒိသေသနိဗ္ဗာန်ပေါ့ဆိုတာ စာမှာလာပါတယ်၊ ဥဒါန်းတို့

ဣတိဝုတ်တို့မှာ လာပါတယ်၊ လာပင် လာငြားသော်လဲ စာက ဆိုနေတာ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှင်းကို မရှင်းဘူး၊ အခု ရှင်း ပလား....(ရှင်းပါပြီဘုရား) ကိုင်း....ဒါဖြင့် ခင်ဗျားတို့က စိတ် လာတိုင်းလာတိုင်း ဖြစ်ပျက်ရှု၊ ဟုတ်လား....(မှန်ပါ့)။

ဖြစ်ပျက်ရှုတော့ ဒါက မဂ်၊ ရှုတာက မဂ်၊ ဖြစ်ပျက်က ဖြစ် ပျက် သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ရှုနေပါကြာတော့ ဖြစ်ပျက် တွေကို မြင်တာ ရှင်းမလာပေဘူးလား....(ရှင်းလာပါတယ်)။

ရှင်းလာယင်... ယထာဘူတဉာဏ်ပါ။

ရှင်းလာယင်....(ယထာဘူတဉာဏ်ပါဘုရား)။

ရှင်းတဲ့အပြင်မှာ တပည့်တော် ကိုယ့်အဖြစ် အပျက် - ကိုယ့် အသေကြီး ကိုယ်မြင်ရတဲ့အတွက် မမှန်းဘူးလား....မှန်းမလား.... (မှန်းပါတယ်)ဉာဏ်လာယင်....(မှန်ပါ့)။

ဒါဖြင့် ဒီဉာဏ်သည် တကာ့တကာမှတို့ ယထာဘူတဉာဏ် မဟုတ်တော့ဘူး မှန်းတဲ့နိဗ္ဗိန္ဒဉာဏ်လာဖြစ်တယ်၊ ရှုပါများလို့ (မှန်ပါ့) ဒါ ဘုရားဟောတဲ့ သုံးဉာဏ်၊ သဘောကျပလား... (ကျပါပြီ)နောက်ကျတော့ ဒီ ဖြစ်ပျက်တွေကို တကာ့တကာမှ တွေက ရှုရတာကလဲ များ၊ မှန်းကလဲ မှန်းတော့ လိုချင်သေးရဲ့ လား...(မလိုချင်ပါဘုရား) ကိုယ့်အသေတွေ ကိုမြင်ရတော့... လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား) မလိုချင်တော့ ပျူဆိုး သွားတယ်....(မှန်ပါ့)။

မလိုချင်တဲ့အခါကျတော့ ဖြစ်ပျက်တွေ ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)ဒါဖြင့် ဖြစ်ပျက်ဆုံးတာက ဘာခေါ်မယ်.... (နိဗ္ဗာန်ပါဘုရား)။

အဆုံးကို မြင်တာက.... (မဂ်ဉာဏ်ပါဘုရား) ဖြစ်ပျက် ဆုံးသွားတာက....(နိဗ္ဗာန်ပါဘုရား)အဆုံးကို မြင်တာက-(မဂ်ဉာဏ်ပါဘုရား) ကြည့်-ဒါဖြင့် ဦးမြရေ ခင်ဗျားမသေခင် မြင်ရအောင်ကြိုးစားလိုက်စမ်းပါ(မှန်ပါ)မြန်အောင်-ဦးတင် ခင်ဗျား မသေခင် မြင်ရအောင် ကြိုးစားယင်ကော မရဘူးလား....(ရပါတယ်ဘုရား) ဒီက တကာတကာမတွေ့ကော မရဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ မသေခင်က တွေ့ထားမှ သေတော့ စိတ်ချရတာ.... (မှန်ပါဘုရား)သဘောပါပလား....(ပါပါပြီ) မသေခင်က တွေ့ထားမှ (သေတော့ စိတ်ချရပါတယ်)သေတော့စိတ်ချရတယ်ဆိုတော့ ခင်ဗျားတို့ ကျုပ်တို့ဖြင့် နိဗ္ဗာန် ဆုတောင်းပြီးသေလိုက်ဦးဆိုလို့ ရှိယင်ဖြင့် တကာတကာတို့ ဒီအသေသည်မမြဲသေးပါဘူး၊ဆုတောင်းပြီး သေတာကိုးဗျ(မှန်ပါ)မြင်ပြီး သေမှမြဲတယ်၊ သဘောကျပလား....(ကျပါပြီ) မြင်ပြီး သေလို့ရှိယင်တော့ တကာတကာတို့ အပါယ်လေးပါး သွားသေးရဲ့လား....(မသွားပါဘုရား)။

ဒါကြောင့်"စတူဟာပါယေဟိစ ဝိပ္ပမုတ္တော"ဆိုတာ မြင်ပြီးသေတဲ့ ပုဂ္ဂိုလ်ဆိုတာ 'ဆစ္စာဘိဌာနာနိအဘဗ္ဗ ကာတုံ'ဆိုတော့ခင်ဗျားတို့ ပရိတ်ကြီးမှာ သဟာဝဿ ဒဿနသမ္ပဒါယ၊ ဒဿနသမ္ပဒါယ=-မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်ခြင်း ပြည့်စုံသောအခါ၌၊ဒီ မဂ်ဉာဏ်နဲ့ ဒီ ဖြစ်ပျက် အဆုံးမြင်တဲ့ အခါမှ သဟာဝဿဒဿနသမ္ပဒါယဆိုတာ သဘောကျပလား....(မှန်ပါ)သဟာဝ=တကွသာလျှင်၊ ဒဿနသမ္ပဒါယ=သောတာပတ္တိမဂ် အမြင်နဲ့၊သောတာပတ္တိမဂ်က-နေပြီးဖြစ်ပျက်အဆုံးမမြင်ဘူးလား (မြင်ပါ

တယ်ဘုရား) ကာယဿ ဒမ္မာတဲ့ တကာတကာမတို့ ကာယဿ ဒမ္မာ ဆိုတာ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးခုပယ်ချလိုက်တယ် ဒါဟာဖြစ်ပျက်အဆုံးမြင်လို့ ရှိယင်ဖြင့်သောတာပတ္တိမဂ်မရသေး ဘူးလား....(ရပါတယ်ဘုရား)သုံးပါးသော တရားတော မပယ် ဘူးလား .... (ပယ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဥလို့ မလာဘူးလား....(လာပါတယ်) အဲဒါ ပယ်ချလိုက်တာ...(မှန်ပါ)သဘောပါပလား....(ပါပါတယ် ဘုရား) ဆစ္စာဘိဋ္ဌာနာနိ အဘဗ္ဗကာတုံ တဲ့ တကာတကာမတို့ ပစ္စန္တရာဇ်တို့ ဇနပုဒ်တို့ အဆွံ့တို့ အ အတို့ ဖြစ်သေးရဲ့လား .... (မဖြစ်ပါဘုရား)။

အဲဒါ သောတာပတ္တိမဂ်က နိဗ္ဗာန်မြင်လို့ —လို့ မှတ် ပိုက် စမ်းပါ....(မှန်ပါ) ဖြစ်ပျက်အဆုံးကို မြင်လို့ ပေါ်ပြီနော်.... (ပေါ်ပါပြီဘုရား) ဣဒမ္ပိ သံဃေ ဆိုတော့ အဲဒီကျမှ အရိယာ သံဃာဖြစ်တယ်၊ ပဌမသံဃာဖြစ်တယ် (မှန်ပါ)ဒီ အရင်တုန်းက သမုတိ သံဃာသာ ဖြစ်တယ်၊ အရိယာသံဃာ ဖြစ်ရဲ့လား.... (မဖြစ်ပါဘုရား)သေချာပလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဣဒမ္ပိ သံဃေ ရတနံပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတုလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သုတ္တနိပါတ်ပါဠိ တော် ရတနသုတ်မှာ ဟောခဲ့တာသည် မင်းတို့ကွာတဲ့ ဖြစ်ပျက် အဆုံးနိဗ္ဗာန်ကိုမြင်အောင်ကြည့်ပါလို့ ဟောခဲ့ပါတယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ဖြစ်ပျက်အဆုံး ....(နိဗ္ဗာန်ကို မြင်အောင်ကြည့်ပါ) ဖြစ်ပျက်အဆုံးဟာ ဘာပါလိမ့်....(နိဗ္ဗာန် ပါဘုရား) အဲဒီတော့ နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မြင်အောင်လုပ်ပါ

(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီ)ဒါဖြင့် သူ့ ပါဠိတော်ထဲ လေး အဆုံးကို ပြန်ကောက်ကြဦးစို့ နော်....။

ဝေဒနာသံယုတ်ဝေဒနာသုတ်ခေါ် = ရွှင်ကြစမ်းပါဦး .... (ဝေဒနာ သံယုတ် ဝေဒနာသုတ်ခေါ်ပါဘုရား) သုံးခါလောက် ရွတ်စမ်း....(ဝေဒနာ သံယုတ် ဝေဒနာသုတ်ခေါ်ပါဘုရား) ဝေဒနာ ထို-ခုနကတုန်းကလဲဖြစ်ပျက်ချည်း သုံးခါ ပြောခဲ့ဘူးလား...(ပြောခဲ့ပါတယ်) အဲဒီဥစ္စာကို ဝေဒနာက ထပ်စွဲ တယ်(မှန်ပါ)ဝေဒနာ=ထိုဖြစ်ပျက်တို့၏၊ သဘောကျပလား (မှန်ပါ-သဘောကျပါပြီဘုရား)။

ဝုပသမော=ရှိသော နိဗ္ဗာန်သည်၊ ဝုပသမောဆိုတာ ချုပ် သွားတာ(မှန်ပါ) ဝုပသမော=မရှိသော နိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာအစစ်ဘဲ...(မှန်ပါ)။

ဖြစ်ပျက်ဆုံးမှ နိဗ္ဗာန်(မှန်ပါ)အဲဒါမှ ချမ်းသာအစစ်၊ကိုယ့် အနေသာ ကိုယ်တွေ့ရသေးရဲ့လား... (မတွေ့ပါဘုရား) သင်္ခါရ ဒုက္ခတွေ ရှိသေးရဲ့လား....(မရှိပါဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ဒီနေရာ ဝိပဿနာနဲ့ မဂ်ဥာဏ် ကူးပုံကလေး ဟာ ပြောတို့ အချိန်ရောက်လာပြီ၊ ဘာဖြစ်တာမတို့ ပဋ္ဌမ ရှုတဲ့အခါ ကျောသို့ ရှိယင် မြင်စိတ်ကလေးလာလဲ ဖြစ်ပျက်ရှုသာမဂ် လာ... (ကျပါပြီ ကြားစိတ်ကလေး လာလဲ.... (ဖြစ်ပျက်) ရှုတာက....(မဂ်ပါဘုရား)ဒါဖြင့် ဒီမဂ်သည်ဝိပဿနာ မဂ်သည် ဘယ်သူ့ကို အာရုံပြုနေသတုံးဆိုတဲ့ မေးခွန်း ထွက်လာ တယ်....(မှန်ပါ)။

ဖြစ်ပျက်ကို အာရုံပြုနေတယ်၊ သဘောပါပသား(ပါပါပြီ) မဂ်သည် ဘာကိုအာရုံပြုသတုံး....(ဖြစ်ပျက်ကိုအာရုံပြုပါတယ်) အာရုံပြုတယ်ဆိုတော့ စာသံပါနေတယ်၊ ဖြစ်ပျက်ကို ဘယ်သူ

မြင်သတုံးမေးယင် ဘယ့်နှယ်ပြောကြမယ် (မဂ်ကမြင်ပါတယ်) အဲ-မဂ်ကမြင်တာဂို အာရုံပြုတယ်ဆိုတာဘဲ၊ သဘောပါပလား (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီမဂ်သည် နိဗ္ဗာန်ကို မြင်သလား၊ ဖြစ်ပျက်ကို မြင်သလား....(ဖြစ်ပျက်ကိုမြင်ပါတယ်ဘုရား) အဲ-ဖြစ်ပျက်မြင်ယင် ဝိပဿနာမဂ်၊ ရှင်းကြပလား.... (ရှင်းပါပြီ) ဖြစ်ပျက် မြင်ယင် (ဝိပဿနာမဂ်ပါ) သေသေချာချာ ဒီနေ့ နောက်ဆုံးပိတ် ဘုန်းကြီးကလဲပြန်မှာမို့ တကာတကာမတွေကိုသနားသဖြင့် သြော်-ဒီအလုပ်-လုပ်ရစ်ပါစေတော့ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးရောက်ပါစေတော့ဆိုပြီး ဟောနေခြင်းဖြစ်ပါတယ်--(မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ပျက် မဂ် ဆိုလို့ရှိယင်ဖြင့် ဘာမဂ်လို့ ခေါ်ကြမလဲ (ဝိပဿနာမဂ်ပါဘုရား) ဝိပဿနာမဂ်ပေါ့ဘဲ့ဘာကာတကာမတို့ ဖြစ်ပျက်တွေက ခဏခဏတွေ့တော့ ခဏခဏမရှုရဘူးလား (ရှုရပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်ဆိုဘာ အကြိမ်ကြိမ်ရှုရဘာ ဝိပဿနာမဂ်(မှန်ပါ့)တကြိမ်တည်းရှုရတာက လောကုတ္တရာမဂ် (မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီ၊ ဝိပဿနာမဂ်ကတော့....(အကြိမ်ကြိမ် ရှုရပါဘယ်ဘုရား) အကြိမ်ကြိမ် သင်္ခါရတရားကို ရှုရပါတယ်.... (မှန်ပါ့) ဝိပဿနာက ဘာတဲ့.... (အကြိမ်ကြိမ် သင်္ခါရဘရားကို ရှုရပါတယ်ဘုရား) အနိစ္စာဝတ သင်္ခါရာကိုးဗျ၊ ဒီအကြိမ်ကြိမ် သင်္ခါရတွေမြင်တာ ဘာခေါ်မယ် ... (ဝိပဿနာမဂ်ပါဘုရား)။

အကြိမ်ကြိမ် သင်္ခါရတွေ ရှုတဲ့မဂ် ဘာမဂ် ခေါ်ကြမယ်.... (ဝိပဿနာမဂ်ပါဘုရား) သဘောပါပလား.... (ပါပါပြီဘုရား)

ဒါဖြင့် တေသံ=ထိုအကြိမ်ကြိမ် ရှုရတဲ့ ဖြစ်ပျက်တို့၏၊ ဝါ-

သင်္ခါရတရားတို့၏ ဝူပသမော=ချုပ်သွားခြင်းသည်၊ ဝါ=ငြိမ်း သွားခြင်းသည်၊ ဝါ ငြိမ်းသော နိဗ္ဗာန်သည်၊ သုခေါ= ချမ်း သာ၏၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ဒါ....ဘုန်း ကြီးက မန္တလေးက ယူလာတဲ့ ပါဠိတော်သား၊ ခင်ဗျားတို့ရပြီး သားလား. (ရပြီးသားပါဘုရား) ရပြီးသား ဖြစ်နေတော့ အဲဒီ ဟာ နိဗ္ဗာန်ဟောနေတာ....(မှန်ပါ)။

ပဌမရှေးဦးစွာ ဝိပဿနာဉာဏ်ဟောပါတယ်၊ သဘောကျ ပလား... (ကျပါပြီ) ဒုတိယနိဗ္ဗာန်ကို ဟောပါတယ်၊ တကာ တကာမတို့ ဒုတိယ ဘာဟောပါလိမ့်.... (နိဗ္ဗာန်ကို ဟောပါ တယ်) တေသံ= ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော= ချုပ် ဆုံးသော နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏၊ သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဒါ-အဆုံးကို မြင်လို့ရှိယင် ဒါ-ဝိပဿနာမဂ်လား၊ လောကုတ္တရာမဂ်လား- (လောကုတ္တရာမဂ်ပါဘုရား) အဆုံးမြင် လို့ရှိယင်- (လောကုတ္တရာမဂ်ပါဘုရား) ဖြစ်ပျက် သင်္ခါရမြင် နေယင်- (ဝိပဿနာမဂ်ပါဘုရား) သင်္ခါရ အဆုံးမြင်လို့ရှိယင် (လောကုတ္တရာမဂ်ပါဘုရား) ဒါကလေးထပ်မေးယင် နောက် ကျတော့ ဒါထက်ပိုရှင်းမယ်.... (မှန်ပါ) ဖြစ်ပျက်တွေမြင်ယင် ဘာမဂ်ပါလိမ့်.... (ဝိပဿနာမဂ်ပါဘုရား) ဖြစ်ပျက်တွေမရှိတာ မြင်ယင်.... (လောကုတ္တရာမဂ်ပါဘုရား)။

ဖြစ်ပျက်တွေမြင်နေယင်... (ဝိပဿနာမဂ်ပါဘုရား)ဖြစ်ပျက် တွေမရှိတာ မြင်နေယင်....(လောကုတ္တရာမဂ်ပါဘုရား) ဩော်- လောကုတ္တရာမဂ်နဲ့ ဝိပဿနာဆိုတဲ့လောကီမဂ်နဲ့ဟာ အခြားနား ကြီးဘဲ၊ မခြားနားဘူးလား.... (ခြားနားပါတယ်ဘုရား)) ဖြစ်

ပျက်တွေမြင်တာက ဘာပါလိမ့်....(ဝိပဿနာမဂ်ပါဘုရား) ဖြစ်ပျက်တွေမရှိတာ မြင်တာက(လောကုတ္တရာမဂ်ပါဘုရား)သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ကဲ....ဖြစ်ပျက်တွေမရှိဘူး၊ ဘာသစ္စာတုံး(နိရောဓသစ္စာပါဘုရား) ဟောဒီမှာ နိဗ္ဗာန်လာပေါ်တယ်... (မှန်ပါ) သေချာချာ နားထောင်စမ်း၊ ဒါကလေးက သေးတာမဟုတ်ဘူး- ဖြစ်ပျက်တွေဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ခြေ....ဒုက္ခတွေလို့ ဒါဖြင့် ဒီမဂ်သည် ဒုက္ခသစ္စာကို မြင်တဲ့မဂ်... (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ပဌမ ဖြစ်ပျက်မြင်တဲ့ မဂ်သည် ဘာမဂ်ပါလိမ့်....(ဒုက္ခသစ္စာမြင်တဲ့မဂ်ပါဘုရား)။

ဒါဖြင့် ဝိပဿနာမဂ် ရှိသေးတယ်.... (မှန်ပါ) တကာတကာ မတွေ့ ဘာမဂ်ပါလိမ့်.... (ဝိပဿနာမဂ်ပါဘုရား) ဒုက္ခသစ္စာမြင်တာကိုးဗျ၊ ဒီဒုက္ခသစ္စာထဲကဟာ သူမြင်နေတာကိုး (မှန်ပါ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ကဲ....ဒါဖြင့် ဒီဖြစ်ပျက်တွေကို တကာတကာမတွေ့ကာ မလိုချင်တော့ပါဘူးဆိုတော့ ဆုံးမသွားဘူးလား....(ဆုံးသွားပါတယ်) ဖြစ်ပျက် ဆုံးသွားတာက ဒုက္ခဆုံးတာ၊သဘောကျပလား (မှန်ပါ) ဖြစ်ပျက်ဆုံးတာသည် (ဒုက္ခဆုံးတာပါဘုရား) ဒုက္ခဆုံးတာဘာခေါ်ကြမလဲ... (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်အဆုံး မြင်လို့ရှိယင်ဖြင့် ဒီဉာဏ် ဘာဉာဏ် ခေါ်ကြမယ်...(မဂ်ဉာဏ်ခေါ်ပါတယ်)လောကုတ္တရာမဂ်ဉာဏ်၊ သဘောကျပလား-(ကျပါပြီ) ဒါဖြင့် ဖြစ်ပျက်ဆုံးတာနိဗ္ဗာန်၊ မြင်တာက လောကုတ္တရာမဂ်ဉာဏ်.... (မှန်ပါ) မရှင်းသေး

ဘူးလား....(ရှင်းပါပြီ)ဖြစ်ပျက်အဆုံးက.... (နိဗ္ဗာန်ပါ) လောကုတ္တရာမဂ်က.... (မြင်တာ) မြင်တာကို မဂ်ဉာဏ်- ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။

ဒီမနေရာမှာ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ခွဲပြီးတယ်.... (မှန်ပါ) တကာတကာမတို့ ဘာနဲ့ဘာ ခွဲပြီးပါလိမ့်- (ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ခွဲပြီးပါတယ်ဘုရား) ပြန်ရှင်းလိုက်ပါဦးမယ်၊ ပြန်ရှင်းပါဦးမယ် တကာတကာမတို့.... ဒီဥစ္စာ အင်မတန် အရေးကြီးပါတယ်၊ ဖြစ်ပျက် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) မြင်တော့ကို ဘာသစ္စာနဲ့ မြင်သတုံး.... (မဂ္ဂသစ္စာနဲ့မြင်ပါတယ်)။

ဒါဖြင့် ဖြစ်ပျက်မဂ်ဆိုတော့ကို တကာတကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက.... (မဂ္ဂသစ္စာပါဘုရား) ဖြစ်ပျက်ဆုံးသွားတဲ့အခါကျတော့ကို....တဲ့ ဘာသစ္စာလို့ ဒါပြင်ရေးမလဲ (နိရောဓသစ္စာပါဘုရား) ပေါ့....ပြင်လိုက်ရပြီ(မှန်ပါ) တကာတကာမတို့ ရှေ့တွင် ပြင်လိုက်ရတာ ဒီဖြစ်ပျက် ဆုံးသွားတော့ ဘာသစ္စာလို့ရေးမလဲ.... (နိရောဓသစ္စာပါဘုရား) အဲဒီ နိရောဓသစ္စာကို မြင်တာက လောကုတ္တရာမဂ်.... (မှန်ပါဘုရား) မဂ်ကတော့ ဒီနေရာဘဲပေါ်ရမယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တော်တော် အရေးကြီးတဲ့နေ့ပို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ) ဒါဖြင့် ဝိပဿနာမဂ်နောက်ကမှ လောကုတ္တရာမဂ် လိုက်သည်၊ (မှန်ပါ) အာရမ္မဏိကဘက်က....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ) ဒီအာရုံပြုတဲ့ဘက်ကပေါ့ဗျာ၊ မြင်တဲ့ဘက်က ရှေးဦးစွာ ဝိပဿနာမဂ်က ဖြစ်ပျက်မြင်တယ်....(မှန်ပါ) လောကုတ္တရာမဂ်ကျတော့ နိဗ္ဗာန်မြင်တယ်၊ ပေါ်ကြပလား .... (ပေါ်ပါပြီ)

ဝိပဿနာမဂ်ကတော့ ဘာမြင်သတုံး .... ဖြစ်ပျက်မြင်ပါတယ်ဘုရား)လောကုတ္တရာမဂ် ဖြစ်သွားတော့ ဘာမြင်သတုံး (နိဗ္ဗာန်မြင်ပါတယ်ဘုရား) ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို မမြင်သေးဘူးလား (မြင်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တဟာတာတာတာမှတို့ ဖြစ်ပျက်ဟာ ဘာတရားတုံးလို့ မေးတော့ ဟာလာလာကာမတွေ မှတ်လိုက်စမ်းပါ 'အနိစ္စာ ဝတ သင်္ခါရာ'လို့ မဟောဘူးလား....(ဟောပါတယ်) ဒါဖြင့် သင်္ခါရတရားကို ဝိပဿနာမဂ်က အာရုံပြုတယ်(မှန်ပါ) ရှင်းပလား ..(ရှင်းပါပြီ) သင်္ခါရတရားကို .... (ဝိပဿနာမဂ်က အာရုံပြုပါတယ်ဘုရား)။

ဝိပဿနာမဂ်က မြင်တာပေါ့ဗျာ... (မှန်ပါ)။

ဒါဖြင့် ဝိပဿနာမဂ်သည် ဘယ်ဟာရေးကို ရှုတုံးဆိုတော့ သင်္ခါရတရားကိုရှုသည်၊ သဘောပေါ်ပလား.... (ပေါ်-ပေါ်ပါတယ်) ဝိပဿနာမဂ်သည်....(သင်္ခါရတရားကိုရှုပါတယ်) ဒီသင်္ခါရတွေ ဆုံးသွားတော့ ခင်ဗျားတို့က သူ့ကိုအသင်္ခါရလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ဒါဖြင့် အသင်္ခတ ဆိုတော့ကို ရုပ်လား- နာမ်လား-နိဗ္ဗာန်လား... (နိဗ္ဗာန်ပါဘုရား) ဒါဖြင့် သင်္ခါရတရား ဆုံးတော့ အသင်္ခတဘက် အသင်္ခတ တရားဖြစ်သွားတော့ကိုတဲ့ သူရှုတဲ့ဉာဏ်တော့ လောကုတ္တရာမဂ်ဉာဏ် ပေါ်ကြပလား(ပေါ်ပါပြီ)ဘာဉာဏ်တဲ့....(လောကုတ္တရာမဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် သင်္ခါရ အနိစ္စ၊နိဗ္ဗာန မဂ္ဂ၊ ပေါ်ကြပလား... (ပေါ်ပါပြီ) ရှေ့ပိုင်းအလုပ်- လုပ်ရမှာကတော့ သင်္ခါရနဲ့ မဂ္ဂ တွဲပေးပါ၊သဘောပေါ်ပလား....(ပေါ်-ပေါ်ပြီ) သင်္ခါရနဲ့ (မဂ္ဂတွဲပေးပါ) သင်္ခါရအနိစ္စနဲ့ မဂ္ဂနဲ့တွဲလိုက် .... (မှန်ပါ) နောက်ကျတော့

အသင်္ခတနဲ့ လောကုတ္တရာမဂ္ဂနဲ့ တွဲလိုက်၊ ပဌမဟာ လောကီမဂ္ဂ ပေါ်ကြပလား....(ပေါ်ပါပြီ)။

နောက်ကျတော့ ဒီကဖြစ်ပျက်တွေ ဆုံးသွားတော့ အသင်္ခတ မဖြစ်ဘူးလား ...(ဖြစ်ပါတယ်)အသင်္ခတနဲ့ လောကုတ္တရာမဂ္ဂနဲ့ မတွဲဘူးလား....(တွဲပါတယ်)ဒါဖြင့် ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန် (မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ) ဘယ်အချိန်တွေ့ရပါ လိမ့်(ခန္ဓာရှိတုန်းတွေ့ရတဲ့နိဗ္ဗာန်ပါ) ခန္ဓာရှိတုန်းတွေ့ရတဲ့နိဗ္ဗာန် ဆိုတော့ ကိုယ့်စိတ်ချရတဲ့နိဗ္ဗာန်၊ နိဗ္ဗာန်မျက်မှောက်ပြုပြီ၊ မျက် မှောက်ဆိုတာ ဟောဒီဉာဏ်နဲ့ ဒါကိုမြင်တာ၊ သဘောပါကြပ လား...(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်ဟာယနေ့ဟောတဲ့ ပါဠိတော်အတိုင်းဆိုယင် နှစ်ဆင့်နဲ့ တက်တယ်....(မှန်ပါ)ဦးမြ.... (မှန်ပါ) နှစ်ဆင့်နဲ့တက်တယ်...(မှန်ပါဘုရား) သင်္ခါရအနိစ္စနဲ့ ဝိပဿနာမဂ္ဂနဲ့ တွဲလိုက်တယ်၊ အသင်္ခတနိစ္စနဲ့ လောကုတ္တရာမဂ္ဂ နဲ့တွဲလိုက်တယ်- တချို့နေရာကျတော့သူသိမတို့ ကျတော့ဒီလို ဟောလိုက်တယ်၊ ဟော့ သူသိမ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်း မဂ်ဉာဏ်သာ မှတ်ကွာ၊ မင်းရှုပ်မနေနဲ့၊ မဟောဘူး ဘူးလား....(ဟောပါတယ်ဘုရား)။

ရှေ့ပိုင်းကဘာတဲ့ ...(ဝိပဿနာဉာဏ်ပါ) နောက်ပိုင်းက(မဂ် ဉာဏ်ပါဘုရား)အဲဒါနဲ့ သွားကိုက်တယ်၊ ဒီပါဠိတော်နဲ့ (မှန်ပါ ဘုရား) သဘောပါကြပလား.... (ပါ-ပါတယ်ဘုရား)ဒါဖြင့် တကာတကာမတို့ ရှေ့ပိုင်းက သင်္ခါရဖြစ်ပျက်ကိုရှုပါ၊ ဒါဆို သင်္ခါရဖြစ်ပျက်မနေဘူးလား..(နေပါတယ်) စိတ်တွေဟာသင်္ခါ ဘာပါလိမ့်(သင်္ခါရပါဘုရား)အဲဒါရှုလိုက်တော့ ဘာမဂ်ဖြစ်သ

တုံး....(ဝိပဿနာမဂ်ပါ) ဝိပဿနာမဂ်ဖြစ်နေတယ်၊ ဒါပေမဲ့ ဝိပဿနာမဂ် ရှေ့သွားမရှိဘဲနဲ့ လောကုတ္တရာမဂ်မလာနိုင်ဘူး .... (မှန်ပါ)။

ဒါကြောင့် ခင်ဗျားတို့ ဆုပေးတော့ နားထောင်မိကြပါလိမ့်မယ်၊ "မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ကျေးဇူးပြု၍" မပါဘူးလား... (ပါ-ပါတယ်ဘုရား) အဲ... ဝိပဿနာဉာဏ်ကမှမဂ်ဉာဏ်ကျေးဇူးပြုတယ်၊ ဝိပဿနာဉာဏ်မပါဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ထုံးစံရှိရဲ့လား(မရှိပါဘုရား) ဒါကြောင့် ခင်ဗျားတို့ဆုပေးတာ ခင်ဗျားတို့က ဘုန်းကြီးက ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏လို့ ခင်ဗျားတို့က ဘာမှ အခိပ္ပါယ်မစဉ်းစားဘဲနဲ့ ရမ်းပြီးလိုက်နေမှာ ဘုန်းကြီးက သိပ်စိုးရိမ်တယ်၊ မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ပေးတဲ့ဆုက သေသေချာချာ နားထောင်ဦး၊ မိမိတို့သည် ဘုရားရတနာ၊ တရားရတနာကစပြီးသကာလ မိမိတို့မအိုမသေအမြဲနေသော နိဗ္ဗာန်သို့ရင်း ဆိုတာ ဒါကိုဆိုတာ ဖြစ်ပျက်ဆုံးတာကို ဆိုတာ(မှန်ပါ) သဘောကျပလား... (ကျပါပြီ) ဒိဒ္ဓက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရင်ဆိုတော့ ဒိဒုက္ခသစ္စာဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) ဒါ နိဗ္ဗေမဖြစ်သေးဘူးလား....(ဖြစ်ပါတယ်)ဖြစ်ပျက်ဆုံးသွားပြီလော... မှန်လှပါ)။

ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရင်းဆိုတော့ ဒီဘက်ကကိလေသာတွေလာသေးရဲ့လား (မလာတော့ပါဘုရား) ဒီမှာ ဖြစ်ပျက်ရှုလိုက်တော့လေ (မလာပါဘုရား) ပြီးတော့မှ မိမိတို့အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် ဆိုတာ ဖြစ်ပျက်နဲ့ မဂ်ဟာ ကိုက်အောင်လုပ်နေတဲ့

ဉာဏ်ကိုဆိုတယ်(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် ဆိုတာ ဘာဆိုတာပါလိမ့်....(ဖြစ်ပျက်နဲ့ မဂ်နဲ့)ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် အားထုတ်ပါလို့ ဆုပေးတဲ့အထဲမှာအလုပ်စဉ်ပါသွားတယ်၊ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

တကာတကာမတွေ့ဆုပေးတဲ့အထဲမှာ-(အလုပ်စဉ်ပါသွားပါတယ်) အလုပ်စဉ်ပါသွားတယ်ဆိုတာ သေချာပလား- (သေချာပါပြီ)လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ ဆိုတော့ ဝိပဿနာဉာဏ်က မဂ်ဉာဏ်ဖြစ်ပြီးသကာလ ဟောဒီ သခါရချုပ်တဲ့ နိဗ္ဗာန်ကို အရှိပြုနိုင်ပါစေသတည်းဆိုပြီး ဆုပေးတာ(မှန်ပါ့) ဆုပေးတာက တခြားသော ပုဂ္ဂိုလ်တို့နဲ့ ကို မတူဘူး၊ အလုပ်စဉ်နဲ့ပေးတဲ့ ဆုပေး ...(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာနဲ့ပေးတာပါလိမ့်.... (အလုပ်စဉ်နဲ့ပေးတဲ့ဆုပေးပါ)ဆုပေးလိုက်ယင် အလုပ်စဉ်ပါသွားပြီ....(မှန်ပါ့) ဆုပေးယင်(အလုပ်စဉ်ပါသွားပြီ) သို့သော် ခင်ဗျားတို့ကတော့ ဆုပေးတယ် ဆိုလို့ရှိယင် ဆုဘဲပေးတာဘဲ၊ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ဆိုတော့ ဘုန်းကြီးက ဒီလိုပေးတာမှ မဟုတ်ဘဲ ခင်ဗျားတို့က ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ ဆိုတော့ ကျုပ်ပေးတဲ့ဆုကို ခင်ဗျားတို့က အလကားယူလိုက်တာ (မှန်ပါ့) ဒီကပေးတာက ဒီလိုကွ မင်းတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် မင်းတို့ဟာမင်းတို့ယူလို့ ပေးလိုက်တာ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတော့ ဘုန်းကြီးကပေးတာလား၊ ခင်ဗျားတို့က အားထုတ်ရမှာလား(အား

ထုတ်ရမှာပါဘုရား)အဲဒီခင်ဗျားတို့အားထုတ်ဆဲဖြစ်သောဝိပဿနာဉာဏ်သည်လျင်မြန်စွာမဂ်ဉာဏ်သို့ကျေးဇူးပြုရ၍ဆိုတော့ဝိပဿနာဉာဏ်က မဂ်ဉာဏ်သို့ သူ့ဟာသူ ကျေးဇူးပြုရမှာ၊ ပြီးတော့မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည် ဖြစ်စေဆိုတော့ မင်းတို့ဟာ မင်းတို့လုပ်ပြီး နိဗ္ဗာန်ကိုယူကြလို့ ပေးတာ.. (မှန်ပါ့)အဲဒါ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ဆိုတော့ လွဲကုန်တာပေါ့ဗျ။ ကိုယ့်ဟာကိုယ် လုပ်ယူရမှာ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ ဆိုတော့ ကိုက်သေးရဲ့လား .... (မကိုက်ပါဘုရား) ပေးတဲ့အလုပ်စဉ်အတိုင်း လုပ်ပါ့မယ်ဘုရားဆိုမှ ကိုက်တာ. . (မှန်ပါ့) သဘောပါလား....(ပါ-ပါပြီ)ပေးတဲ့ဆုအတိုင်း....(လုပ်ပါ့မယ်ဘုရား) လုပ်ပါမယ်ဘုရားလို့ ခင်ဗျားတို့က လိုက်ရမှာ အခုတော့ လိုက်ပုံက အလွဲဖြစ်နေတယ်- (မှန်ပါ့)ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ ဆိုတော့ ကျုပ်က အလကားပေးလိုက်တာနဲ့ ခင်ဗျားတို့က အလကားရသလိုဖြစ်နေတယ်၊သဘောပါပလား.... (ပါပါပြီဘုရား)။

ဒီကဲ့,အလကားပေးတာလား၊ မင်းတို့ဟာမင်းတို့ လုပ်ယူကြလို့ပြောတာလား....(လုပ်ယူကြလို့ ပြောတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ကလိုက်ယင် ဆုပေးအဆုံးမှာ "အရှင်ဘုရားပေးတဲ့ဆုအတိုင်း လုပ်ပါ့မယ်ဘုရား"လို့ လိုက်ရမှာ....(မှန်ပါ့) ဒီလိုလိုက်တဲ့ တကာတကာမတွေ့ယောက်မှမပါဘူး၊ပါရဲ့လား....(မပါ-ပါဘုရား)အဲဒါ ခင်ဗျားတို့ ရှေ့ထုံးဖျက်နေတာ၊ သဘောကျပလား(ကျပါပြီဘုရား)သေသေချာချာ သခင်ဝတင်...အမိပွဲယ်တွေးမှ ဘုန်းကြီးပေးတဲ့ဆုဟာ ရှင်းတယ်နော်....(မှန်ပါ့)။

ကြည့်လေ ခင်ဗျားတို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ရင်းဆိုတော့ ဖြစ်ပျက် မရှိတာကိုဆိုတာ(မှန်ပါ့ဘုရား)

သဘောကျပလား(ကျပါပြီ) တထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရင်းဆိုတာလဲ နိဗ္ဗာန်ကိုမြင်နေရတဲ့မဂ်သည်လာသေးရဲ့လား(မလာပါဘုရား) ကိလေသာတွေ မချုပ်သေးဘူးလား... (ချုပ်ပါပြီ)အဲဒီ ချုပ်လတ္တံ့ဖြစ်သော နိဗ္ဗာန်ကို မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတော့ ဒီ ဖြစ်ပျက်နဲ့ မင်နဲ့ ကိုက်အောင် လုပ်နေတဲ့ ဉာဏ်သည် သူမျှားဉာဏ်လား၊ ဘုန်းကြီးဉာဏ်လား၊ခင်ဗျားတို့ ဉာဏ်လား... (တပည့်တော်တို့ ဉာဏ်ပါဘုရား)။

မှတ်ထား၊ မှတ်ထား၊ နောက်ကျတော့ ပေးတဲ့ ဆုအတိုင်း ပြည့်ရပါလို၏လို့ လိုက်မနေနဲ့ဦး။

အလုပ်စဉ်အတိုင်း တပည့်တော်တို့ လုပ်ပါမယ် ဘုရားလို့-လိုက်ရမယ်....(မှန်ပါ့)သဘောပါပလား....(ပါပါတယ်) ပေးတဲ့ အလုပ်စဉ်အတိုင်း.. (တပည့်တော်တို့ လုပ်ပါမယ်ဘုရား)လုပ်ပါမယ်ဘုရားလို့ လိုက်ရမှာ ခင်ဗျားတို့က ဘယ်လို ခံယူကြသတုံး-(ပေးတဲ့ ဆု အတိုင်း ပြည့်စုံရပါလို၏)ပြည့်စုံရပါလို၏ ဘုရား ဆိုတော့ ဘုန်းကြီးကဘဲ မင်ပေးလိုက်သလိုလို-ဖိုလ်ပေးလိုက်သလိုလိုမှကျဘူးလား... (ကျပါတယ်ဘုရား)။

ဘုန်းကြီးက မင်ဖိုလ်ပေးနိုင်ရဲ့လား....(မပေးနိုင်ပါဘုရား) ကိုယ့်ဟာကိုယ်လုပ်ယူရမှာမဟုတ်လား....(မှန်ပါ့-လုပ်ယူရပါမယ်ဘုရား)ရှင်းကြပလား(ရှင်းပါပြီ)ကိုင်း-ဒါဖြင့်တကာတကာမတို့ ဖြစ်ပျက်ဆိုတာ သင်္ခါရဘရား၊ သဘောကျပလား....(မှန်ပါ့-ကျပါပြီ)ဖြစ်ပျက်ဆိုတာ... (သင်္ခါရတရားပါဘုရား) သင်္ခါရတရားမို့ ပျက်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဖြစ်တာ သင်္ခါရ ပျက်တာအနိစ္စ၊သင်္ခါရတရားဟာ ဘာဖြစ်

သတုံး- (အနိစ္စပါဘုရား) အနိစ္စရောက်တယ်ဆိုတော့ ဪ... ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုတော့ သင်္ခါရကို မြင်အောင်ကြည့်ပါ၊ သဘောကျပလား(ကျပါပြီ) ဘာမြင်အောင်ကြည့်ရမလဲ- (သင်္ခါရကိုမြင်အောင်ကြည့်ရမှာပါ) သင်္ခါရ မြင်အောင်ကြည့်လိုက်တော့ကို ဘာမဂ်ဖြစ်သွားသတုံး.... (ဝိပဿနာမဂ် ဖြစ်သွားပါတယ်)ဘာပြုလို့တုံး၊ သင်္ခါရမြင်တာကို မြင်ကိုရ၊ ဝိပဿနာမဂ်ပေါ့....(မှန်ပါ)။

ကိုင်း-သင်္ခါရပျောက်ဆုံးသွားပြီဆိုတော့ ဒီနေရာမှာအသင်္ခတမလာဘူးလား-(လာပါတယ်ဘုရား) အဲဒီ အသင်္ခတကို မြင်တာကတော့ကို...(လောကုတ္တရာမဂ်ပါဘုရား) သင်္ခါရကိုမြင်တာက (ဝိပဿနာမဂ်ပါဘုရား)လောကီမဂ်ဆိုလိုက်ပါတော့-(မှန်ပါ) တဲ့လိုက်ကြစို့၊ လောကီနဲ့ လောကုတ်တဲ့နော်....(မှန်ပါ) သင်္ခါရကိုမြင်တာက-(လောကီမဂ်ပါဘုရား) သင်္ခါရမရှိတာမြင်တာက (လောကုတ္တရာမဂ်ပါဘုရား) ဒါဖြင့် သင်္ခတာ အသင်္ခတကူးတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

၂-နံပါတ်ထဲမှာ ပဌမ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်ဟာ သင်္ခတချည်းမြင်နေတာဘဲ(မှန်ပါ)နောက် ရှုဖန်များတော့ သင်္ခတတွေကွယ်သွားတယ်၊ မကွယ်ဘူးလား-(ကွယ်ပါတယ်ဘုရား)ဒီနေရာဘာလာပါလိမ့်(အသင်္ခတလာပါတယ်ဘုရား) ဒါဖြင့် အသင်္ခတလာလို့ရှိယင် အသင်္ခတမဂ်ဉာဏ်၊ ခုနကသင်္ခတမဂ်ဉာဏ်၊ အသင်္ခတမဂ်ဉာဏ်၊ မကွာဘူးလား(ကွာပါတယ်)သင်္ခတမဂ်ဉာဏ်သည် ဝိပဿနာ၊ အသင်္ခမဂ်ဉာဏ်သည် လောကုတ္တရာ.... (မှန်ပါ)။ မကွာဘူးလား(ကွာပါတယ်ဘုရား) ရှင်းကြပလား(ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့-တဲ့၊ တကာတကာမတို့ ဒီနေရာမှာ

ဘာပေါ်ပေါ် ဖြစ်ပျက် ရှင်းပလား (ရှင်းပါပြီ) သုံးပေါက်ရေး ခင်ဗျားတို့ အာလုံး ရေးကြ၊ မရတဲ့ပုဂ္ဂိုလ်လဲ ရအောင်ယူသွား ပေါ့ဗျာ....(မှန်ပါ့)

ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခသစ္စာမှတ်။

(ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခသစ္စာမှတ်)။

ဒါကဲလေးက ဖြစ်ပျက်ဘဲ မဟုတ်လား-(မှန်ပါ့) ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခ သစ္စာမှတ် (ဖြစ်ပျက်သမျှ၊သခ်ါရ ဒုက္ခသစ္စာမှတ်)။

ဖြစ်သမျှ–သခ်ါရ.. (ဒုက္ခသစ္စာမှတ်) ဒုက္ခသစ္စာမှတ်။ သုံးခေါက်ဆိုကြစမ်း၊ သုံးခေါက်... သုံးခေါက်။

(၁) ဖြစ်ပျက်သမျှ၊ သခ်ါရ၊ဒုက္ခသစ္စာမှတ်။

(၂) ဖြစ်ပျက်သမျှ၊ သခ်ါရ ဒုက္ခသစ္စာမှတ်။

(၃) ဖြစ်ပျက်သမျှ၊ သခ်ါရ၊ဒုက္ခသစ္စာမှတ်။

အဲဒီတော့ ခင်ဗျားတို့ ဒုက္ခသစ္စာ မြင်တယ်ဆိုတာ ဖြစ်ပျက် မြင်ယင် ဒုက္ခသစ္စာ ငါတို့မြင်ပြီသာ အောက်မေ့....(မှန်ပါ့)ဖြစ် ပျက်မြင်ယင် (ဒုက္ခသစ္စာ မြင်ပြီ) ဒုက္ခသစ္စာဟေ့....ဘုန်းကြီး တွေဆီမေးရဦးမယ်၊ စာအုပ်တွေလှန်ကြည့်ရဦးမယ်လို့ လုပ်မနေ နဲ့(မှန်ပါ့) ဖြစ်ပျက်မြင်ယင် ဒုက္ခသစ္စာ မြင်ပြီလို့မှတ်ပါ၊ ဦးမြ ကြီး ပေါ်ပလား....(ပေါ်ပါပြီဘုရား)ဖြစ်ပျက်မြင်ယင်....(ဒုက္ခ သစ္စာမြင်ပါတယ်ဘုရား)။

ကြည့်လေ ဒီထဲမှာ ပေါ်တာတွေက သခ်ါရတရားတွေ ဖြစ် ပျက်ဘဲ မဟုတ်လား....(မှန်ပါ့) ဘာသစ္စာတုံး .... (ဒုက္ခသစ္စာ ပါဘုရား) သူများပြောလား ....၊ ခင်ဗျားတို့ဖြစ်စဉ်ကိုက်လား....၊ (ဖြစ်စဉ်ကိုက်ပါဘုရား) ဒါကြောင့် ဖြစ်ပျက်သမျှ၊ သခ်ါရ

ဒုက္ခသစ္စာမှတ်၊ ပေါ်ပလား....(ပေါ်ပါပြီ) ဖြစ်ပျက်သမ္မသင်္ခါရ... (ဒုက္ခသစ္စာမှတ်)ရှင်းပလား .... (ရှင်းပါပြီ) ရေးပြီးကြပလား....(ရေးပြီးပါပြီဘုရား) ရေးပြီးပြီ၊ တခေါက်ပြန်ရွတ်လိုက်ကြစမ်းပါ.... (ဖြစ်ပျက်သမ္မ-သင်္ခါရ–ဒုက္ခသစ္စာမှတ်) သုံးခါ။

ဟြော်....ဒါဖြင့် ဖြစ်တာ ပျက်တာ မြင်ယင်ဖြင့် ငါတို့သည် သစ္စာတော့ဖြင့်ရပြီ... (မှန်ပါ့) သစ္စာသိတဲ့ ပုဂ္ဂိုလ်ထဲ ပါသွားပြီ၊ မပါသေးဘူးလား(ပါပါပြီ) ပါသွားပြီဆိုတာသေချာကြပလား (သေချာပါပြီဘုရား)ကောင်းပြီ... ဒါဖြင့် ဒီဥစ္စာ လေးချက်ရှိပါတယ် :လေးချက်စလုံး ဟောရမယ် တကာ တကာမတို့ကြည့်နော်... နံပါတ်(၂) ထဲမှာ ရှုနေမယ်ဆိုတာ သေချာတယ် နံပါတ်(၂)ဘယ်ကာလတဲ့တုံး....(ပစ္စုပ္ပန်ကာလပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဘယ်ကာလပါလိမ့်....(ယခု ပစ္စုပ္ပန်ကာလပါ ဘုရား) ရှုတဲ့မဂ်ကကော....(ပစ္စုပ္ပန်ကာလပါ) ပစ္စုပန်ကာလဘဲ ဒီထဲလာပြီး ဟောဒီပစ္စုပ္ပန်နဲ့ကို တည့်နေတယ်-- (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဖြစ်ပျက်ကလဲ ဘယ်ကာလ.... (ပစ္စုပ္ပန်ကာလပါဘုရား)ရှုတဲ့မဂ်ကလဲ ဘယ်ကာလ.... (ပစ္စုပ္ပန်ကာလ) ပစ္စုပ္ပန်-ပစ္စုပ္ပန်ချင်း တည့်ပါတယ်တဲ့၊ ဒါက အလုပ်က-ပြတာ၊ ဟိုတခြားမှာ ပြောနေကြတာကတော့ ဟော့-ပစ္စုပ္ပန်တည့်အောင် ရှုလို့သာ ပြောတယ်၊ ပုံစံနဲ့ မပါဘူး ပါရဲ့လား....(မပါပါဘုရား)။

ဒီကြည့်.... ဒီစိတ်ကလေးတွေ ဖြစ်ပျက်က ဘယ်ကာလပါလိမ့် (ပစ္စုပ္ပန်ကာလပါ) ဟောဒီနေရာကနေ ရှုလို့ မဆိုဘူးလား .... (ဆိုပါတယ်) ရှုတော့ ဒီ ပစ္စုပ္ပန်ကာလမှာဘဲ ရှုတာလဲ မဂ်က

မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဒါဖြင့် ပစ္စုပ္ပန်-ပစ္စုပ္ပန် ချင်း မတည့်ဘူးလား.... (တည့်ပါတယ်) သဘောပါပလား.... (ပါပါပြီ) စခဆိုပစ္စုပ္ပန်လား၊ အမြင်ပစ္စုပ္ပန်လား....(အမြင် ပစ္စုပ္ပန်ပါဘုရား) အဲ....ခင်ဗျားတို့သန္တာန် ခင်ဗျားတို့မြင်ယင်လဲ အမြင်ပစ္စုပ္ပန်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘော်တော် ရှင်းသွားပြီ-(မှန်ပါ့)တကာတကာမတွေ တော် တော် မရှင်းသေးဘူးလား.... (ရှင်းပါတယ်ဘုရား) တော် တော်ရှင်းသွားပြီတဲ့၊သြော်....ဒါဖြင့် ဖြစ်ပျက်သမျှ, သင်္ခါရဒုက္ခ သစ္စာမှတ်လို့ဆိုတော့ ဒီဖြစ်ပျက်ဟူသမျှကို ကိုယ့်ဉာဏ်က ဒုက္ခ သစ္စာချည်း ရှုနေပါပြောတာ(မှန်ပါ့)ဒုက္ခသစ္စာလို့ မှတ် ရှုနေ ပါတဲ့....၊ ရိပ်မိပလား....(ရိပ်မိပါပြီ) အနိစ္စလို့ မရှုနဲ့တဲ့....၊ဒုက္ခ လို့ကော....(မရှုနဲ့) အနတ္တလို့ကော....(မရှုရပါ) အသုဘလို့ ကော....(မရှုရပါ) ဒုက္ခသစ္စာ ပေါ်တိုင်း-ဒုက္ခသစ္စာ ပေါ်တိုင်း ဒုက္ခသစ္စာလို့ ဒီက မှတ်ရှုနေပါတဲ့....၊ သဘောပါပလား....(ပါ ပါပြီဘုရား)။

ဒါဓမ္မနုပဿနာ ဖြစ်သွားပါတယ်၊ စိတ္တာနုပဿနာ ရှုရင်း ဓမ္မာနုပဿနာ ဖြစ်ပါတယ်၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား) စိတ္တာနုပဿနာ ရှုရင်း...(ဓမ္မာနုပဿနာ ဖြစ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး....၊ ဒုက္ခသစ္စာဖြစ်သွားတာကိုးဗျ...(မှန်ပါ့) ဒုက္ခသစ္စာကို မြင်တဲ့ဉာဏ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား ကိုင်း.. ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဝေးသလား.... နီးသလားဗျာ(နီးပါတယ်ဘုရား) ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်၊ အ ဆုံးမြင်တာက....(မဂ်ဉာဏ်)မဂ်ဉာဏ် ဖြစ်ပျက် ဆုံးသွားတာက (နိဗ္ဗာန်) ရှုဖန်များလို့ ဆုံးသွားတာ နိဗ္ဗာန်၊ မြင်တာက-

(မဂ်ဉာဏ်)မဂ်ဉာဏ်ဆိုတော့ ယခု ပစ္စုပ္ပန်ဘဝမှာ ရပါတယ်၊ ခင်ဗျားတို့ မဂ်ဉာဏ်ကသဲ ပစ္စုပ္ပန်ကာလ၊နိဗ္ဗာန်ကလဲ ခင်ဗျားတို့ ရှုနေဆဲမှာဘဲ ရပါတယ်....(မှန်ပါ့)နို့....ပစ္စုပ္ပန်ကာလထဲမှာ နိဗ္ဗာန်ရသလားလို့မေးတော့ ရှုတဲ့ပုဂ္ဂိုလ်အတွက် ဟုတ်ပါတယ်၊ မရှုတဲ့ပုဂ္ဂိုလ် ဘယ်ကာလမှ နိဗ္ဗာန်မရှိဘူး....(မှန်ပါ့)။

သဘောပါပလား... (ပါပါပြီ) မရှုတဲ့ပုဂ္ဂိုလ်မှာ.... (ဘယ်ကာလမှ နိဗ္ဗာန်မရှိပါ) ရှုတဲ့ ပုဂ္ဂိုလ်တော့ ရှုဆဲ အခိုက် အတန့်မှာဘဲ ဆုံးသွားယင် နိဗ္ဗာန်ပေါ်လာတာဘဲ၊ ရှုတဲ့ ပုဂ္ဂိုလ် အတွက်ဖြင့် ပစ္စုပ္ပန် နိဗ္ဗာန်လို့ မှတ်....(မှန်ပါ့) မရှုတဲ့ ပုဂ္ဂိုလ်မှာ ကာလသုံးပါး လွတ်တယ်၊ နိဗ္ဗာန်မရှိဘူး သူတို့မှာ၊ သဘော ပါပလား....(ပါပါပြီဘုရား) နေရာကျပြီနော် .... (မှန်လှပါ) ဒါ ဘယ်ပါဠိတော်ကို ပြရပါလိမ့်မတုံး၊ တခြားသော ပုဂ္ဂိုလ် တွေက ဟောနေတာ နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်တယ် လို့ ဟောနေကြတယ်ဆိုတော့ ဘုရားက“နိဗ္ဗာနံ မဂ္ဂသစ္စာရမ္မဏ ပစ္စယေန ပစ္စယော”လို့ ဟောတယ်၊ နိဗ္ဗာန်နဲ့မဂ် ကိုက်ပေစေကွ- အာရုံ အာရမ္မဏကပါ၊ ပစ္စုပ္ပန်ချည်းပါတဲ့.... (မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဒီ အာရုံပြုနိုင်တယ်ဆိုကတည်းက စဉ်းစားကြည့်ပါလားတဲ့၊ ယခု မြင်ရဘာ မဟုတ်လား....(မှန်ပါ့) နောက်မှ မြင်ရတာ လား....(မဟုတ်ပါဘုရား)အဲဒီတော့ ဒီနိဗ္ဗာန်သည် အခု မြင်ရ တဲ့ နိဗ္ဗာန်ဖြစ်သောကြောင့် ပစ္စုပ္ပန် အကွက်ထဲ ဝင်လာတယ်၊ မဝင်လာဘူးလား....(ဝင်လှာပါတယ်ဘုရား) မဂ်ဏကော .... ဘယ်အကွက်ထဲ ဝင်လာသလဲ....(ပစ္စုပ္ပန်အကွက်ထဲ ဝင်လာပါ တယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန် - ပစ္စုပ္ပန်ချင်း နဂိုရှိ ရှုနေတဲ့ အတွက် ပစ္စုပ္ပန်-ပစ္စုပ္ပန်ချင်းဘဲ စဂ်နဲ့ သွားတွေ့တယ်၊ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)ဒတာ်တော် အရေးကြီးတဲ့ စကားအမြင်ကို မပြယင် ကာလသုံးပါး လွတ်တယ် ဟောနေမှာဘဲ၊ မဟောရ ပေဘူးလား. (ဟောရပါတယ်)ဟုတ်လဲ ဟုတ်ပါတယ်၊ မလုပ်တဲ့ ပုဂ္ဂိုလ် ကာလသုံးပါးကိုလွတ်နေတယ်၊မလုပ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန် ဘယ်ကာလမှာ ရှိသတုံး....(ဘယ်ကာလမှာမှ မရှိပါဘုရား) လုပ်တဲ့ပုဂ္ဂိုလ် ဘယ်ကာလမှာ ရှိသတုံး....(ပစ္စုပ္ပန်ကာလမှာ ရှိပါတယ်)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ကာလသာ ဆိုတာပါတဲ့၊ နိဗ္ဗာန်က ပစ္စုပ္ပန်ကာလ ရှိတယ်လို့ ခင်ဗျားတို တထစ်ချမယူလိုက်ပါနဲ့ ၊လုပ်တဲ့ပုဂ္ဂိုလ်မှာ ယခု တွေ့ရတယ် ပြောတာ၊ အားလုံးနဲ့ ခြုံပြောတော့ ပစ္စုပ္ပန် ကာလကလဲ နိဗ္ဗာန် မရှိပါဘူး....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ) လုပ်တဲ့ ပုဂ္ဂိုလ် တဦး–တယောက် အတွက်မှာဖြင့် သူ့ရှေ့ ရောက်သတဲ့၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)လုပ်တဲ့ ပုဂ္ဂိုလ်တဦး-တယောက်အတွက်မှာ-(သူ့ရှေ့မှာရောက်ပါတယ်) အဲဒါ ပစ္စုပ္ပန်ဆိုပါတယ်။

နိဗ္ဗာန် မျက်မှောက်ပြုတယ်ဆိုတာ ဦးမြ... ရှင်းပလား .... (ရှင်းပါပြီ) မလုပ်တဲ့ ပုဂ္ဂိုလ် ကာလသုံးပါး လွတ်တယ်(မှန်ပါ) မလွတ်ဘူးလား(လွတ်ပါတယ်)ကိုင်း-ဒါဖြင့် ခင်ဗျားတို့ဖြစ်ပျက် သမ္မ သင်္ခါရဆိုတာ ရှင်းပလား....(ရှင်းပါပြီ)သင်္ခါရမို့ပျက်တာ ကုံးဗျ .. (မှန်ပါ)ဖြစ်ပျက်သမျှ-သင်္ခါရ ဘာလို့မှတ်မသဲ... (ဒုက္ခသစ္စာ မှတ်ရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သမျှ သင်္ခါရကို-(ဒုက္ခသစ္စာမှတ်ရမယ်)သူ့

အကွက်နဲ့ သူနဲ့ကော ကိုက်ပါရဲ့လား.... (ကိုက်ပါတယ်ဘုရား) အေး--တကာတကာမတို့ သေသေချာချာကြည့်ထားနော်၊ နိဗ္ဗာန် ရှုပ်နေမယ်၊ အခုရှုပ်စရာရှိသေးရဲ့လား....(မရှိပါ) ဦးမြ ရှုပ်သေး လား....(မရှုပ်ပါဘုရား) ဖြစ်ပျက်သမျှ ဘာတဲ့.... (သင်္ခါရပါ) ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ) ရေးပြီးကြပလား....(ရေးပြီးပါပြီ ဘုရား) သုံးခုရေးရလိမ့်ဦးမယ်တဲ့၊ ဒီနေ့တော့ နိဂုံးချုပ်မို့ အကုန် ပေးရမည့်နေ့ဖြစ်နေလို့ ဒီအထဲမိုက်(မိုက်ကရိုဖုန်း)တွေက မကူး ဘဲ ဖြစ်နေလို့ နာရီက ကုန်သွားတယ်။

ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊ ဒီ ဖြစ် ပျက်နေတာကို ဒါ-ယောကျ်ားဘဲ၊ မိန်းမဘဲ၊ ငါဘဲ၊ သူဘဲ ထင် နေယင် ဒါ....သမုဒယသစ္စာ ပေါ်တာဘဲ ဖြစ်ပျက်ကို ငါ ကောင်၊ သူကောင်ထင်ယင် ဘာသစ္စာပေါ်သတုံး.... (သမုဒယ သစ္စာပေါ်ပါတယ်ဘုရား) ဩော်-ဒါကြောင့် ဒီဘက် ဒီဖြစ်ပျက် တွေကို မမြင်ဘဲနဲ့ ဒါ-ယောကျ်ားဘဲ၊ မိန်းမဘဲဆိုယင် ဟောဒီ သမုဒယသစ္စာ လာဖြစ်တယ်၊ ဒါကြောင့် ဒါနဲ့ဒါ ကူးတယ်၊ သဘောပေါ်ပလား....(ပေါ်ပါတယ်ဘုရား)။

ဒီ ဖြစ်ပျက်တွေ ငါ သူဘဲပါး ယောကျ်ား- မိန်းမ ထင်ယင် ဒီသစ္စာဖြစ်မယ်ကွ၊ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ဒီဖြစ် ပျက်တွေကို ဖြစ်ပျက်မသိဘဲနဲ့ ငါကောင်၊ သူကောင် ထင်ယင် ဘာသစ္စာဖြစ်မှလဲ.... (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား) ကြည့် ဝေဒနာပစ္စယာ တဏှာ မလာဘူးလား .. (လာပါတယ်ဘုရား)။

ဖဿပစ္စယာ....(တဏှာပါဘုရား)။

ဝိညာဏပစ္စယာ... (တဏှာပါဘုရား)။

နာမရူပပစ္စယာ....(တဏှာပါဘုရား)။

သူကောင် ငါကောင် ဒိဋ္ဌိက ငါကောင်ထင်နေတာ(မှန်ပါ့) သဘောကြပလား(ကျပါပြီ)ဒိဋ္ဌိ တဏှာက ငါကောင် ငါ့ဟာ ထင်နေတော့ သူက တဏှာဘဏှာမတို့ သမုဒယသစ္စာဖြစ်အောင် ကျေးဇူးပြုပါတယ်(မှန်ပါ့)ကဲ-ဒါဖြင့် လိုက်ဆိုကြဦးတဲ့၊ ဖြစ်ပျက် မှုပင်၊ ငါကောင်ထင်၊ ခင်မင် သမုဒယမှတ်.... (ဖြစ်ပျက်မှုပင် ငါကောင်ထင် ခင်မင် သမုဒယမှတ်) သုံးခေါက်ဆို ရေးကြပါ၊ ရေးကြပါ၊ ရေးကြ၊ ဒီဖြစ်ပျက်ကို မမြင်ဘဲနဲ့ ဒီ တရားတွေ ငါထင်နေယင် ဟောဒီ သမုဒယသစ္စာ ကူးပါတယ်၊ ၂-က ၃-ကူး တယ်လို့ မှတ်လိုက်ခမ်းပါ....(မှန်ပါ့)။

ဖြစ်ပျက်တွေ ငါကောင်ထင်နေယင် ဘာတဲ့....(၂-က ၃-ကူး ပါတယ်ဘုရား) ၂-က ၃-ကူးတော့ သမုဒယသစ္စာ မဖြစ် ဘူးလား....(ဖြစ်ပါတယ်ဘုရား)ဒါဟာ ပဋိစ္စသမုပ္ပါဒ်ထဲ ဝင်တဲ့ တရားချည်းဘဲဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့) မဝင် လာဘူးလား(ဝင်လာပါတယ်)အေး-ဒါက ဖြစ်ပျက်ကို ခင်ဗျား တို့က ငါ သူတပါး ယောကျ်ား မိန်းမ ထင်ယင် ဘယ်သစ္စာ ဖြစ်တုံး....(သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)ဖြစ်မှု ဖြစ်ကဲ့လား-ဆိုတော့ ဒီကြည့် ဒီမှာ သမုဒယသစ္စာလာတယ်။

ဝေဒနာပစ္စယာ....(တဏှာပါ)။

ဖဿပစ္စယာ....(တဏှာ)။

ဝိညာဏပစ္စယာ....(တဏှာ)။

နာမရူပပစ္စယာ... (တဏှာ)။

ဟော-သမုဒယသစ္စာဘက်ချည်းကူးတယ်၊ဒါတွေယောကျ်ား မိန်းမ ငါကောင် သူကောင် ထင်လိုက်တဲ့အတွက် သမုဒယသစ္စာ ဘက် ကူးသွားတယ်၊ မကူးဘူးလား.... (ကူးပါတယ်ဘုရား)

ရှင်းပလား(ရှင်းပါတယ်ဘုရား)ကဲ....ဆိုကြစမ်းပါဦး၊ ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ် ...(ဖြစ်ပျက်မှုပင်(လ) သမုဒယမှတ်) သုံးခါဆို၊ ကဲ ...ပဋိစ္စသမုပ္ပါဒ်အဝိုင်းနဲ့ကောက်ကိုက်ကဲ့သွား....(ကိုက်ပါတယ်ဘုရား)။

ဒီဟာတွေဖြစ်ပျက်မထင်ဘဲနဲ့ ဒါတွေသူဘဲ-ငါဘဲယောကျ်ားဘဲ မိန်းမဘဲ ထင်ယင် ဘာသစ္စာဖြစ်သတဲ့တုံး.... (သမုဒယသစ္စာဖြစ်ပါဘယ်ဘုရား)ကိုင်း....မဆိုးဝါးဘူးလား-(ဆိုးဝါးပါတယ်) သမုဒယသစ္စာဖြစ်တော့ ဒီဒုက္ခသစ္စာ နေပါဦးမလား- (မနေပါဘုရား)ဒီဘက်က သမုဒယပြန်မပွားပေဘူးလား(ပွားပါတယ်)။

ဒါဖြင့် ဒီဘက်က ဒုက္ခပြန်မရပေဘူးလား (ရပါတယ်ဘုရား) ပြန်ရတာ ငါကောင်ထင်ပြန်တော့ သမုဒယက.... (ပြန်ရတယ်) ပြန်ဖြစ်မယ်၊ သမုဒယဖြစ်ယင် ဒီဒုက္ခက.... (ဖြစ်ပါတယ်ဘုရား) ဒီဒုက္ခဖြစ်လို့ရှိယင် ဒုက္ခထဲက သမုဒယ ပြန်ပွားမလား-မပွားဘူးလား(ပွားပါတယ်) ပွားယင် ဘာသစ္စာရဦးမလဲ.... (ဒုက္ခသစ္စာရပါဦးမယ်) အဲဒီ ဒုက္ခသစ္စာ ငါကောင်ထင်ပြန်တော့ ဘာလုပ်ဦးမတုံး....(သမုဒယသစ္စာ ရပါတယ်ဘုရား)။

အို....မီးခိုးမဆုံး မိုးမဆုံးပါကလား ခင်ဗျားတို့ဟာ (မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား) ပေါ်ပြီ....ပေါ်ပြီ၊ ဒါဖြင့် သမုဒယသစ္စာလဲ ခုနကတုန်းက ဒုက္ခသစ္စာ ဟောခဲ့တဲ့ ပါဠိ၊ အနဟာက တကာတကာမတို့ သမုဒယသစ္စာဟောတဲ့သံပေါက် (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) ဟောဒီက ဒီထဲမှာ နာမ်ဆုံးယင် ရုပ်မဆုံးဘူးလား-တကာတကာမတို့ (ဆုံးပါတယ်ဘုရား)။

နာမ်နဲ့ရုပ်ဟာ ကျူစည်းပမာလို့ ပြောပြီးပါပြီ....(မှန်ပါ့) ကျူစည်း စုထောင်တော့ တကာတကာမတို့ တခုဆွဲလိုက်ယင်

တခုကမလဲပေဘူးလား (လဲပါတယ်)ဝါးကလေးနှစ်ခုအဖျားချင်း တေ့ထောင်ယင် တခုဆွဲယင်... (တခုလဲပါတယ်) အဲဒါကြောင့် ရုပ်တွေ နာမ်တွေဟာ ရုပ်ကို အပျက်ရှုလို့ ရှိယင်လဲ နာမ်ပျက်ပါ တယ်... (မှန်ပါ့ဘုရား) နာမ်ပျက်ကိုရှုယင်လဲ ရုပ်ပျက်တာဘဲ.... (မှန်ပါ့)။

ဒါကြောင့် ဘုရားက သတိပဋ္ဌာန်ကို တပါးစီခွဲဟောခဲ့တယ်- (မှန်ပါ့ဘုရား) တခါတလေ နာမ်ချည်း ဟောလိုက်တယ်၊ ပါ သွားတာပါဘဲကွာ... တခါတလေ ဝေဒနာချည်း ဟောလိုက် တယ်ဆိုတော့ နာမ်ချည်း မဟောဘူးလား.... (ဟောပါတယ်) ဝေဒနာနုပဿနာလဲနိဗ္ဗာန်ရောက်တာပါဘဲဆိုတော့ ရောက်မှာဘဲ တကာတကာမတို့ နာမ်လဲယင် ရုပ်လဲလို့....(မှန်ပါ့) ရှင်းပလား- (ရှင်းပါပြီ) နာမ်ပျက်ယင်... (ရုပ်လဲပျက်ပါတယ်)တခါတလေ ကျတော့ ဘုရားက ငါစိတ္တာနုပဿနာနဲ့ ဟောပါမယ်ကွာဆိုပြီး ဟောလိုက်တော့ နာမ်သက်သက် ဟောပြောသော်လဲ စိတ်ပျက် တော့ ဘယ့်နှယ်နေမလဲ.... (ရုပ်လဲပျက်ပါတယ်ဘုရား) စိတ်လဲ တော့ ရုပ်မလဲဘူးလား....(လဲပါတယ်ဘုရား)။

အဲဒါကြောင့် နောက်ဆုံးပိတ် တနေ့ကျတော့ ဖြစ်ပျက်သွား ဆုံးတဲ့အတွက် ဓမ္မာနုပဿနာ သွားဝင်တယ်....(မှန်ပါ့) သစ္စာ သွားဝင်တယ်၊ ဝေဒနာနုပဿနာလဲ ဘယ်သွားဝင်တုံး.... (သစ္စာ သွားဝင်ပါတယ်ဘုရား)။

သစ္စာဆိုတော့ ဓမ္မာနုပဿနာပေါ့ဗျာ(မှန်ပါ့ဘုရား) စိတ္တာ နုပဿနာ ဘယ်သွားဝင်တုံး.... (ဓမ္မာနုပဿနာသွားဝင်ပါတယ်) ကာယနုပဿနာဘဲကရှုမှုရှိုက်မှုတွေကကော...(ဓမ္မာနုပဿနာ ဝင်ပါတယ်) ဖြစ်ပျက်သွားဆုံးမှ ရှုရှိုက်နေလို့လဲ နိဗ္ဗာန် မ

ရောက်သေးဘူး၊ ဖြစ်ပျက်ဆုံးမှ...(မှန်ပါ့) သဘောကျပ်လား.... (ကျပါပြီ)ဒါဖြင့် သတိပဋ္ဌာန်လေးပါး ဘယ်ထဲသွားဝင်ကြပါ လိမ့်(ဓမ္မာနုပဿနာထဲဝင်သွားကြပါတယ်) ကျန်သတိပဋ္ဌာန်သုံး ပါးသည် ဓမ္မာနုပဿနာထဲ သွားဝင်ပါတယ်၊ ဓမ္မာနုပဿနာဆို တာ ဘာပါလိမ့်၊ ဖြစ်ပျက်ဒုက္ခသစ္စာကိုဆိုသည်။

ဒီလိုဆိုတော့ မလုံးမိသေးဘူးလား... (လုံးမိပါတယ်) ကဲ.... ဒါဖြင့် တကာတကာမတွေ ရှေ့တခုဆက်ကြစို့နော်....။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊
ချုပ်ဆုံးနိဗ္ဗာန်မှတ်။

ရုပ်နာမ်အားလုံး၊ လိုက်ကြစမ်း .... (ရုပ်နာမ်အားလုံး၊ ဖြစ် ပျက်သည်း၊ချုပ်ဆုံးနိဗ္ဗာန်မှတ်)သုံးခေါက်ဆို... အေးနားထောင်၊ နားထောင် ဘုန်းကြီးဘာခေါက်တည်း ရွတ်မယ်၊ ဟောဒီဥစ္စာရုပ် တွေ,နာမ်တွေ၊ ဒီတကွက်လုံးဟာ ရုပ်နာမ်ဘဲရှိတယ်၊ တခုရှုလိုက် တော့ အကုန်ဆုံးသွားတဲ့ အဓိပ္ပါယ်ပေလာဘူးလား .... (လာပါ တယ်ဘုရား)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ဖြစ်မှု ပျက်မှုကို မရှိရဘူး ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်၊ သဘော ကျပလား၊ ရေးတာတွေ မှားမှာစိုးလို့...(သဘောကျပါပြီ) ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ချုပ်ဆုံးနိဗ္ဗာန်မှတ်...၊ ရကြပ လား...(ရပါပြီ) ရှုတာနဲ့ ကိုက်ပြလိုက်ဦးမယ်....၊ တော်တော် ကြာကျတော့ ဒီဖြစ်ပျက်ကလေးကို ဝိပဿနာမဂ်က မမြင်ဘူး လား....(မြင်ပါတယ်ဘုရား)။

ဒီဖြစ်ပျက်ကလေးတွေက ကိုယ့်အသေ ကိုယ်မြင်ရလာတော့ မမုန်းဘူးလား....(မုန်းပါတယ်)မုန်းလာတော့ ကြာတော့လိုချင်

သေးရဲ့လား။(မလိုချင်တော့ပါဘုရား)မလိုချင်တော့ ဒီဖြစ်ပျက်တွေဟာ မဆုံးဘူးလား(ဆုံးပါတယ်ဘုရား)ဒါဖြင့် စိတ်ကိုရှုပြောသော်လဲ စိတ်သာဆုံးသလား....၊ သူနဲ့တွဲဘက်ရုပ်တွေပါ ဆုံးသလား... ရုပ်ဆုံးပါတယ်ဘုရား)စေတသိတ်တွေပါကော.... (ဆုံးပါတယ်ဘုရား)။

ဒါဖြင့် ရုပ်နာမ်အားလုံး၊ဖြစ်ပျက်သဉ်း၊ဖြစ်ပျက်ကို မရှိရဘူး-(မှန်ပါ)ချုပ်ဆုံးနိဗ္ဗာန်မှတ်တဲ့၊ဒီအကွက်ဟာ နိဗ္ဗာန်လို့ဖြစ်နိုင်ပါတယ်၊သဉပါဒိသေသနိဗ္ဗာန်ပါဘဲ....(မှန်ပါ)မေ့ကြပလား-(ပေါ်ပါပြီ) တော်တော် အရေးမကြီးဘူးလား ....ဒါ....(ကြီးပါတယ်)တကာတကာမတို့ ဒါဘာသစ္စာဆိုမယ်၊သဉ်း-သွားယင်ဘာသစ္စာတုံး(မဂ္ဂသစ္စာပါ)ဟော.... ဒုက္ခသစ္စာက နိရောဓသစ္စာဖုံးနေလို့ ဝိပဿနာရှုရတာ ဒုက္ခသစ္စာဖယ်နေတာ(မှန်ပါ)သေသေချာချာ မှတ်စမ်း ဒီစကားဟာ....(မှန်ပါဘုရား)။

တကာတကာမတို့ ဖြစ်ပျက်-ဖြစ်ပျက် ရှုစမ်းပါဆိုတာ ဖြစ်ပျက်တွေက ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာက နိရောဓသစ္စာလာကွယ်နေတယ် မကွယ်ဘူးလား....(ကွယ်ပါတယ်ဘုရား)နောက်တော့ ဒုက္ခသစ္စာလဲ ဆုံးသွားရော ဒုက္ခအောက်က နိရောဓသစ္စာ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား) ဒါဖြင့် ဝိပဿနာရှုရတာ ဘယ်အကျိုးငှာတုံးဆိုတော့ ဒုက္ခဖယ်တာ၊ သဘောပါကြပလား....(ပါပါပြီ) ဒုက္ခတွေဖုံးနေတဲ့ နိရောဓဒုက္ခဖုံးနေလို့ ဖယ်တာပါ....(မှန်ပါ) နောက်ကျတော့ ဖြစ်ပျက်တွေကျုပ်တို့က မလိုချင်လို့ ဆုံးသွားတော့ နိရောဓကော ဒီအောက်က ပေါ်လာတယ်....(မှန်ပါဘုရား)သဘောကျပလား....(မှန်ပါ)။

ဒါဖြင့် ဝိပဿနာ အားထုတ်ရတာဘာဖယ်တာပါလိမ့်(ဒုက္ခ

ဖယ်တာပါဘုရား) ဖယ်လို့ ကုန်တဲ့အခါကျတော့ ဘာတွေသတုံး....(နိရောဓတွေပါတယ်)သဘောပါပလား....(ပါပါပြီ) ဒါဖြင့် ဝိပဿနာ ဉာဏ်နောက်က မဂ်ဉာဏ်ရှိတယ် ဆိုတာကောခင်ဗျားတို့ သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား)ကိုင်းနေရာကျပြီ တကာတကာမတို့ သံပေါက်တခုဘဲ ကျန်တော့တယ်နော်....။

အလုပ်စခန်းလို့ သေသေချာချာမှတ်ပါ....၊ ဒီ သံပေါက်ဟာ (မှန်ပါ့)ဒီသံပေါက်ဟာ ဘာပါလိမ့်.... (အလုပ်စခန်းပါဘုရား)

အလုပ်စခန်းဆိုတာ သဘောကျပလား(မှန်ပါ့)ဟောဒီချုပ်ဆုံးမှု ဒီနေရာကမလိုချင်လို့ ချုပ်ဆုံးသွားတဲ့အခါကော မရှိပေဘူးလား....(ရှိပါတယ်)ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်။

ချုပ်ဆုံးမှုကို ဟောဒီဉာဏ်က သက်ဝင်ရမယ်(မှန်ပါ့) သိမြင်မဂ်ဟုမှတ်။

ချုပ်ဆုံးမှုတွင်၊ဉာဏ်သက်ဝင်၊
သိမြင်မဂ်ဟုမှတ်။

တကာတကာမတို့ ချုပ်ဆုံးမှုတွင်-(ဉာဏ်သက်ဝင်- သိမြင်မဂ်ဟုမှတ်) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်၊ ဒါမဂ်စစ်၊သူများမမေးနေနဲ့ ချုပ်ဆုံးမှုထဲကိုသာ ဒီဉာဏ်ကရောက်သွားလို့ အာရုံပြုနိုင်လို့ ရှိယင်မဂ်ဘဲ၊ ဒီဉာဏ်ဟာမဂ်ဉာဏ်ဘဲ၊ သဘောကျပသား- (ကျပါပြီ)ကဲ-လိုက်ဆိုကြ၊ချုပ်ဆုံးမှုတွင်၊ဉာဏ်သက်ဝင်၊သိမြင်မဂ်ဟုမှတ်၊ကဲ....ဆိုကြစမ်းပါ၊ သုံးခေါက်....

(၁) ချုပ်ဆုံးမှုတွင်၊ဉာဏ်သက်ဝင်၊သိမြင်မဂ်ဟုမှတ်။
(၂) ချုပ်ဆုံးမှုတွင်၊ဉာဏ်သက်ဝင်၊သိမြင်မဂ်ဟုမှတ်။
(၃) ချုပ်ဆုံးမှုတွင်၊ဉာဏ်သက်ဝင်၊သိမြင်မဂ်ဟုမှတ်။

တယ်အတိုးတန်ပါကလား တကာတကာမတို့၊ ကိုယ်မဂ်ဥာဏ် ရတယ်၊မရတယ် သူများမေးရမှာလား....၊ ချုပ်ဆိုးမှုထဲ ဥာဏ် ရောက်သွားယင် ပြီးတာဘဲ....(မှန်ပါ)သဘောကျပလား(ကျပါ ပြီ)ပဌမတော့ ချုပ်ဆိုးမှုတွေ ချုပ်တာ ပျက်တာကလေးတွေ တွေ့နေရဦးမယ်....(မှန်ပါ) နောက်ကျတော့ ရုပ်နာမ်များတော့ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

မတွေ့မှမဂ်ဥာဏ်.... (မှန်ပါ)။
တွေ့နေသေးလို့ရှိယင် ဝိပဿနာမဂ်....(မှန်ပါ))။

ချုပ်ဆိုးတာတွေတခါတည်း တကာတကာမတို့ချုပ်ပြီး ဆိုး သွားတဲ့အခါ ဒုက္ခသစ္စာ မပေါ်လာတော့ဘူးဆိုယင်လောကုတ္တ ရာမဂ်၊ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် ပဌမ တကာ တကာမတို့ ဖြစ်ပျက်သမျှသခ်ါရ ဒုက္ခသစ္စာမှတ်၊ ပေါ်ကြပလား (ပေါ်ပါပြီ)ဖြစ်ပျက်မှုပင်ငါကောင်ထင်၊ ခင်မင် သမုဒယမှတ်၊ မကိုက်ဘူးလား....(ကိုက်ပါတယ်) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နဲ့ ကိုက်ရဲ့လား....(ကိုက်ပါတယ်ဘုရား)။

'ရုပ်နာမ်အားလုံး....ဖြစ်ပျက်သည်း... ချုပ်ဆိုးနိဗ္ဗာန်မှတ်' ဆို တော့ သူသည်နိဗ္ဗာန်မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်)ဒါဖြင့် ဒါနိဗ္ဗာန်လို့ ပြင်ရေးပေါ့ဗျာ....(မှန်ပါ) ဒါဖြင့် ခန္ဓာရှိတုန်း တွေ့ရတာလား၊ ခန္ဓာမရှိမှတွေ့ရတာလား .... (ခန္ဓာရှိတုန်းတွေ့ရ တာပါဘုရား)ဒါဖြင့် ပစ္စုပ္ပန်ပေါ့ဗျာ၊ လုပ်တဲ့ ပုဂ္ဂိုလ် ပစ္စုပ္ပန် မှာ လာတွေ့တယ်၊မတွေ့ဘူးလား....(တွေ့ပါတယ်) ဥာဏ်ကလဲ သယ်ကာလပါလိမ့်....(ပစ္စုပ္ပန်ကာလပါ)ပေါ်ပလား.... (ပေါ် ပါပြီဘုရား)။

ဒါဖြင့် ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင် မဂ်ဟုမှတ် ဆိုတော့ တကာတကာမတို့ ချုပ်ဆုံးမှုထဲကို ဒီဉာဏ်ကလေးက မြင်မြင်နေလို့ ရှိယင်ဖြင့် ဒါဝိပဿနာမဂ်မဟုတ်တော့ဘူး၊ လောကုတ္တရာမဂ်အစစ်ဖြစ်ပါပြီဆိုတာ သေသေချာချာမှတ်ပါ၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အကျယ်ဟောမယ်ဆို အများကြီးပေါ့ဗျာ၊ ပါဠိတော်တွေလဲရှိတယ်၊ သို့သော်အချိန်ကမရဘူး၊ ယနေ့ဒီတွင်တော်ကြစို့....။

သာဓု...သာဓု...သာဓု....

ဤတွင်အမှတ်စဉ်(၂)ပြီးပါပြီ။

ရနိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသတ္တံ့သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း
(၂) ဗုဒ္ဓမမ္မလောက စာစောင်- ရွှေတိဂုံဘုရားလမ်း
(၃) ဦးချစ်ထွံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း
(၆) တင်ဆွေအေး-စာအုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
(၇) သစ်ဘုရားသားအယ်(လ်)ရုံ ဈေးချိုတော်မန္တလေး
(၈) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းဈေးချို ၄င်း
(၉) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့
(၁၀) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၁၁) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့
(၁၂) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ာတမြို့
(၁၃) ဦး မောင် ရှန်၊ ၁-စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၄) ဦးတင်အောင် ဒေါ်ခင်ကြည်၊ဈေးအနီးဆင်ဖြူကျွန်း
(၁၅) ဦးအုန်းမောင် မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၆) ဦးတင်၊ ဇမ္ဗူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၇) ဦးထွန်းလူ၊ အနော်မာလမ်းဒေါင့်၊ ဖျာပုံမြို့။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။